http://www.dhammadownload.com

ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရ နိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

ဧကက-ဒုက-တိက-စတုက္ကနိပါတ်

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ၂၀၀၀

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရ နိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

ဧကက-ဒုက-တိက-စတုက္ကနိပါတ်

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ၂၀၀၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရနိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ဧကက-ဒုက-တိက-စတုက္ကနိပါတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ၂၀၀၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇) –၃ | (၁၂) –၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈) –၄ | (၁၁) –၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) –၇ | (၄၀) –၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က – ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀ ၃၄ သုတ်
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

---

## ခ – မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ” [အလယ်သုတ် ၅၀ ” ] ၁၅၂ သုတ်
၆. ခ. ၃/၃ - ၃ ဥပရိ ” [နောက်ဆုံးသုတ် ၅၂ ” ]

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ – သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု) ၇၇၆၂ သုတ်
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)

---

## ဃ – အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ” သတ္တက ” (၃) ကျမ်း ၉၅၅၇ သုတ်
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ” ဧကာဒသက ” (၄) ကျမ်း

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄-၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄-၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကဏ်) |
| ၁၄.၄-၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄-၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄-၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄-၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄-၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄-၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄-၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| — | | ၃ ဓါတုကထာ | x |
| ၂၀.၄-၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄-၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄-၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (၈-၃) ခုဒ္ဒကနိကာယ် **သုတ္တန္တ** ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | | |
|---|---|---|---|---|
| ၂၃. ၈-၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ၈-၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ၈-၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ၈-၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | | ၁ |
| ၂၇. ၈-၃ ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. ၈-၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. ၈-၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| (၁)ဝိမုတ္တိရသ | (၁) | (၄)ပိဋက | (၃) |
| (၂)ဓမ္မဝိနယ | (၂) | (၅)နိကာယ် | (၅) |
| (၃)ဝစန | (၃) | (၆)ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

# ပိဋကတ်တော်မြန်မာပြန်
# နိဒါန်း

ဘုန်းဘော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏ သာမုက္ကံသိက ဒေသနာ ဓမ္မက္ခန္ဓာပါဠိတော်သည်—

ပါဠိ၏ နက်နဲခြင်း 'ဓမ္မဂမ္ဘီရ'

အနက်အဓိပ္ပါယ်၏ နက်နဲခြင်း 'အတ္ထဂမ္ဘီရ'

ဝေါဟာရအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ဟောကြားပုံ၏ နက်နဲခြင်း 'ဒေသနာဂမ္ဘီရ'

ထိုးထွင်း၍ သိအပ်သောသဘော ထိုးထွင်း၍သိသောဉာဏ်၏ နက်နဲခြင်း 'ပဋိဝေဓဂမ္ဘီရ'

ဟူသော နက်နဲခြင်းလေးဝတို့ကြောင့် အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ယင်းသို့လျှင် အစိန္တေယျမြတ်စွာဘုရား၏ ဒေသေတဗ္ဗဓမ္မဖြစ်၍ အစိန္တေယျဂုဏ်နှင့် ကုံလုံပြည့်ဝသဖြင့် နာနာနယဝိစိတြဖြစ်သော ဓမ္မက္ခန္ဓာပါဠိတော်ကို ဟောဖော်ညွှန်ပြတော်မူသော ဒေသကဘုရားရှင်၏ အလိုတော်ကျအောင် လှုလှုပိုင်ပိုင် သိနိုင်ရန်ကား လွန်စွာခဲယဉ်းလှပေသည်။

ထို့ကြောင့်လည်း ရှေးရှေးဆရာမြတ်တို့သည် ထိုဓမ္မက္ခန္ဓာပါဠိတော်များကို ခွဲခြားဝေဖန် အမှန်သိစေခြင်းငှါ အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ အဖြာဖြာသော ကျမ်းတို့ဖြင့် ဆင့်ကာဆင့်ကာ ဖွင့်ပြရေးသားတော်မူခဲ့ကြလေသည်။

သို့စေကာမူ ထိုထိုသော အဖွင့်ကျမ်းစာတို့မှာ ပါဠိဘာသာဖြင့်သာ ဘည်ရှိနေကြသဖြင့် ပါဠိဘာသာကို မတတ်ကျွမ်းကုန်သော ပြည်ထောင်စု သမတမြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့မှာ ယထာဓမ္မ သဘာဝကျအောင် သိနိုင်ရေးမှ ဝေးကွာလျက်ပင် ရှိနေကြရပေသည်။

နိကာယဏ္ဏဝပါရဂူ ပါဠိဝိဒူ ဖြစ်ကြကုန်သော ဆရာတော် သံဃာတော် အရှင်မြတ်များကရေးသားဝေငှ ပြသဟောကြား ကြလင့်ကစား ကြီးမားသော သာဂရပြင်ကျယ် ရေပင်လယ်မှ အနည်းငယ်မျှသော ရေကလေးကို ကွမ်းစားခွက်ငယ်ဖြင့် ခပ်သယ်၍ပေးသကဲ့သို့ နက်လေးကြီးကျယ်သော နိကာယ်ငါးဖြာ အဏ္ဏဝါဝယ် မဟာမုနိ ထားခဲ့ဘိသည့် ဝိမုတ္တိနှင့် ဝိမုတ္တိဉာဏဒဿန အနုပါဒိသေသ အမတနိဗ္ဗာန်သို့ ကေန်ဆိုက်ရောက်ကြောင်း တရားပေါင်းများစွာတို့မှ မကြွေးနာရဘူးသေးသော လေးနက်သည့် ဓမ္မက္ခန်တို့မှာ ကြွင်းကျန်၍သာ နေသဖြင့် မပြေအာသာ တောင့်တစွာဖြင့်ပင် "ကိုယ်တိုင်သာ တတ်နိုင်က ပိုင်ပိုင်ကြီး ဖတ်ရှုလိုက်ချင်စမ်းလှသည်"ဟု မြွက်ဟ ညည်းညူကြရကုန်၏။

ထိုသို့ ပါဠိမာဂဓကို မတတ်ကျွမ်းကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏အကျိုးကို မျှော်ကိုးထောက်ထား၍ "ပါဠိတော်များကို ကောင်းစွာသုတ်သင် သံဂါယနာတင်ရာဖြစ်သည့် ဤခေတ်

http://www.dhammadownload.com



ဤအခါတွင် ပါဠိကျမ်းစာများအလား ဘုရားဟောကျမ်းစာများကို မြန်မာဘာသာ သန့်သန့်ဖြင့် ခန့်ခန့်ညားညား ရေးသားထုတ်ဝေရပါမူ ထိုပါဠိဘာသာ၌ ကောင်းစွာ မသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အမှန်ပင် အကျိုးများဖွယ် ရှိလေရာ၏” ဟု နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ဦးစီးနာယက ပုဂ္ဂိုလ်ကြီးများက စဉ်းစားတွေးခေါ်မိသဖြင့် ပါဠိတော်ကျမ်းစာများကို မြန်မာဘာသာ ပြန်ဆိုရန် အဖွဲ့အသီးသီးတို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။

သို့လျှင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဘာသာပြန်ရေးဆိုင်ရာ ပညာရှိအဖွဲ့အစည်း အသီးသီးတို့က မိမိတို့ဆိုင်ရာ တာဝန်ရှိသည့်အတိုင်း အဆင့်ဆင့်တာဝန်ယူ ထမ်းဆောင်ကြပြီးလျှင် ရှေးရှေးက ရှိခဲ့ဘူးသော နိဿယအဖြာဖြာနှင့် ဘာသာပြန်ကျမ်းစာများကို အားထားကြည့်ရှု အခြေပြုလျက်—

(၁) ပါဠိတော်၏ သဘောအဓိပ္ပါယ်ကို ထိရောက်စေခြင်း

(၂) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ်ပေါ်လွင်စေခြင်း

(၄) စကားအသုံးအနှုန်း ထယ်ဝါ ခန့်ညားစေခြင်း

ဟူသောအချက်လေးချက်ကို လေးလေးနက်နက် အဓိကထား၍ ပြန်ဆိုသုတ်သင် အဆင့်ဆင့် ပြင်ဆင်ခဲ့ကြပြီးလျှင် ဘာသာပြန် စာမူတွင် သွင်းယူရေးသားထားသည့် စကား ဝါကျ အစီအကုံး ဝေါဟာရ အသုံးအနှုန်းတို့ကိုလည်း နောက်ဆုံးပြုပြင် ပြင်ဆင်တည်းဖြတ်တော်မူကြသော ဩဝါဒါစရိယ သောဓေယျဆရာတော်တို့က—

(၁) အသိလွယ်ကူခြင်း

(၂) အများသုံးဖြစ်ခြင်း

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း

ဟူသော မှတ်ကျောက်သုံးခုတို့ဖြင့် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်၍ ပြင်ဆင်သုံးသပ် တည်းဖြတ်တော်မူကြပြီးလျှင် လိုအပ်သော မြန်မာဘာသာ သတ်ပုံသတ်ညွှန်း ဆိုင်ရာတို့တွင်လည်း အမှန်ကန်ဆုံး အတိကျဆုံး ဖြစ်စေပြီးသည့်နောက်တွင်ကား....ပိဋကတ်ပါဠိတော်များနည်းတူ ဤမြန်မာပြန်စာမူများကိုလည်း အထပ်ထပ်ပြင်ဆင်၍ စက်တင်ပုံနှိပ်ခြင်း ပြုလုပ်ခဲ့လေသည်။

**သို့ဖြစ်ရကား—**

ပန်းဝတ်ရည်ကို စားသုံးကြမည့် ပျားပိတုံးတို့အလား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် တရားဒေသနာတည်းဟူသော ပိဋကတ်တော်အရသာကို မြိန်ရှက်စွာစားသုံးလိုကြသည့် မာဂဓဘာသာပါဠိစကား၌ ကျွမ်းကျင် သက်ဝင်နိုင်စွမ်း မရှိကြသော ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့သည် ကံအားလျော်စွာ အနှစ်တထောင်ကြာမှ တကြိမ်သာပွင့်သော အာသာဝတီ နွယ်နီနတ်ပန်းကဲ့သို့ရင်း ကမ္ဘာဦးအခါက ကမ္ဘာသူကမ္ဘာသားတို့၏ အာသာဆန္ဒအားလျော်စွာ ဖြစ်ထွန်းပေါ်ပေါက်လာသော နေ လ နက္ခတ်တာရာတို့ကဲ့သို့ရင်း နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့် အာသာဆန္ဒ အားလျော်စွာ

http://www.dhammadownload.com



အကြမ်ကြိမ် အဖန်ဖန် ကြံစည်ကြိုးကုတ် အားထုတ်တီထွင် စီစဉ်ရေးသားလျက် လေးစားစွာ ပြန်ဆိုသဖြင့် အလွန်အလွန် ခဲယဉ်းငြိုငြင်စွာ ဖြစ်ထွန်းပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာရသော ဤပိဋကတ်တော် မြန်မာပြန်တို့ကို ဆန္ဒအားသာ ထန်ပြင်းစွာ ကြည့်ရှုလေ့လာသွားခြင်းဖြင့် ပိဋကတ်တော် အရသာများကို လွယ်လွယ်ကူကူ မပင်မပန်း ချမ်းချမ်းသာသာ အားပါးတရ သုံးဆောင်ခံစားနိုင်ကြ၍ သဗ္ဗညုမြတ်စွာဘုရား ရည်ရွယ်တော်မူရင်းဖြစ်သော ဝိမုတ္တိသုခ အ တကြွင်းနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

## အင်္ဂုတ္တရနိကာယ် မြန်မာပြန် ပဋိဝိသောဓက ဆရာတော်များ

| | | | | |
|---|---|---|---|---|
| ၁-ဆရာတော် | ဦးနန္ဒိယ | အဂ္ဂမဟာပဏ္ဍိတ | | ဟင်္သာတမြို့ |
| ၂-ဆရာတော် | ဦးဉာဏုတ္တရ | ။ | သာသနဝရိပ်သာ | ပဲခူးမြို့ |
| ၃- ။ | ဦးဥတ္တမဗုဒ္ဓိ | ဇေတဝန်ဆရာတော် | | မုံရွေးမြို့ |
| ၄- ။ | ဦးပါလိတ | မင်းကျောင်းဆရာတော် | | မြစ်သား |
| ၅ ။ | အရှင်စန္ဒဇောတိ | သိရီသောမာရုံကျောင်း | ကံကြီး | မလှိုင်မြို့ |
| ၆- ။ | ဦးဓမ္မာလောက | မြတောင်ချောင်ဆရာတော် | | စစ်ကိုင်း တောင်ရိုး |
| ၇- ။ | ဦးဇလန္ဒာစာရ | သာသနောဒယကျောင်း | သရက်တောတိုက် | ရန်ကုန် |
| ၈- ။ | ဦးဝိသုတ | ခေမာသီဝံတိုက် | နတ်တလင်းမြို့ | သာယာဝတီခရိုင် |
| ၉- ။ | အရှင်တိလောကသာရ | ရွှေစာရံကျောင်း | ပေါင်းတလည်မြို့ | ပြည်ခရိုင် |

## အင်္ဂုတ္တရနိကာယ် မြန်မာပြန် ဩဿာနသောဓေယျပတ္တာပါဌကအဖွဲ့ဝင် ဆရာတော်များ

| | | | |
|---|---|---|---|
| ၁-ဆရာတော် ဦးနန္ဒိယ | အဂ္ဂမဟာပဏ္ဍိတ | | ဟင်္သာတမြို့ |
| ၂-ဆရာတော် ဦးဇောတိက | ဇမ္ဗူမိတ်ဆွေကျောင်း | အရှေ့ပိန္နဲကုန်းတိုက် | ရန်ကုန်မြို့ |
| ၃-အရှင်တိလောကသာရ | ရွှေစာရံကျောင်း | ပေါင်းတလည်မြို့ | ပြည်ခရိုင် |
| ၄-ဦးဓမ္မာနန္ဒ | ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော် | မြောင်းမြကျောင်း | ပုသိမ်မြို့ |
| ၅-ဦးဝိသုဒ္ဓ | ပဋ္ဌာန်းဆရာတော် ပါဠိကျောင်း | မစိုးရိမ်တိုက် | မန္တလေးမြို့ |
| ၆-ဦးသုဇာတာလင်္ကာရ | စံဝတီတိုက်ကျောင်း | ဥယျာဉ်တိုက် | ကြည့်မြင်တိုင် |

---

(ပိဋကတ်တော်ဘာသာပြန် အဋ္ဌုပ္ပတ် နိဒါန်း အကျယ်နှင့် မြန်မာပြန်အဖွဲ့အသီးသီးတို့၏ အမည်များကို ဝိနည်းပါရာဇိကဏ်ဘာသာပြန်တွင်ရင်း ဒီဃနိကာယ် သီလက္ခန်ဘာသာပြန်တွင်ရင်း ကြည့်ရှုကြပါကုန်)။

http://www.dhammadownload.com

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# ကေကနိပါတ် မာတိကာ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁-ရူပါဒိဝဂ် .... ၁
၂-နီဝရဏပ္ပဟာနဝဂ် .... ၃
၃-အကမ္မနိယဝဂ် .... ၆
၄-အဒန္တဝဂ် .... ၇
၅-ပဏိဟိတအစ္ဆဝဂ် .... ၉
၆-အစ္ဆရာသင်္ဃာတဝဂ် .... ၁၂
၇-ဝီရိယာရမ္ဘာဒိဝဂ် .... ၁၄
၈-ကလျာဏမိတ္တာဒိဝဂ် .... ၁၇
၉-ပမာဒါဒိဝဂ် .... ၁၉
၁၀-ဒုတိယ ပမာဒါဒိဝဂ် .... ၂၂
၁၁-အဓမ္မဝဂ် .... ၂၆
၁၂-အနာပတ္တိဝဂ် .... ၂၇
၁၃-ဧကပုဂ္ဂလဝဂ် .... ၂၉
၁၄-ဧတဒဂ္ဂဝဂ် ၁-ပဌမဝဂ် .... ၃၀
။ ဧတဒဂ္ဂဝဂ် ၂-ဒုတိယဝဂ် .... ၃၁
။ ဧတဒဂ္ဂဝဂ် ၃-တတိယဝဂ် .... ၃၂
။ ဧတဒဂ္ဂဝဂ် ၄-စတုတ္ထဝဂ် .... ၃၃
။ ဧတဒဂ္ဂဝဂ် ၅-ပဉ္စမဝဂ် .... ၃၄
။ ဧတဒဂ္ဂဝဂ် ၆-ဆဋ္ဌဝဂ် .... ၃၅
။ ဧတဒဂ္ဂဝဂ် ၇-သတ္တမဝဂ် .... ၃၆
၁၅-အဋ္ဌာနပါဠိ ၁-ပဌမဝဂ် .... ၃၇
။ အဋ္ဌာနပါဠိ ၂-ဒုတိယဝဂ် .... ၃၈
။ အဋ္ဌာနပါဠိ ၃-တတိယဝဂ် .... ၃၉
၁၆-ဧကဓမ္မပါဠိ ၁-ပဌမဝဂ် .... ၄၀
။ ဧကဓမ္မပါဠိ ၂-ဒုတိယဝဂ် .... ၄၁
။ ဧကဓမ္မပါဠိ ၃-တတိယဝဂ် .... ၄၄
။ ဧကဓမ္မပါဠိ ၄-စတုတ္ထဝဂ် .... ၄၆
၁၇-ပသာဒကရဓမ္မဝဂ် .... ၄၉

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁၈-အပရအစ္ဆရာသင်္ဃာတဝဂ် | .... .... .... .... .... .... | ၅၀ |
| ၁၉-ကာယဂတာသတိဝဂ် | .... .... .... .... .... .... | ၅၄ |
| ၂၀-အမတဝဂ် | .... .... .... .... .... .... | ၅၇ |


ကေကနိပါတ် မာတိကာ ပြီး၏။

---

## ဒုကနိပါတ် မာတိကာ

### ၁-ပဌမပဏ္ဏာသက-ပဌမသုတ်ငါးဆယ်

#### ၁-ကမ္မကရဏဝဂ်


| | | |
|---|---|---|
| ၁-ဝဇ္ဇသုတ် | .... .... .... .... .... .... | ၅၉ |
| ၂-ပဓာနသုတ် | .... .... .... .... .... .... | ၆၂ |
| ၃-တပနီယသုတ် | .... .... .... .... .... | ၆၃ |
| ၄-အတပနီယသုတ် | .... .... .... .... .... .... | ၆၃ |
| ၅-ဥပညာသသုတ် | .... .... .... .... .... .... | ၆၄ |
| ၆-သညောဇနသုတ် | .... .... .... .... .... .... | ၆၄ |
| ၇-ကဏှသုတ် | .... .... .... .... .... .... | ၆၅ |
| ၈-သုက္ကသုတ် | .... .... .... .... .... .... | ၆၅ |
| ၉-စရိယသုတ် | .... .... .... .... .... .... | ၆၅ |
| ၁၀-ဝဿူပနာယိကသုတ် | .... .... .... .... .... .... | ၆၆ |
| ၂-အဓိကရဏဝဂ် | .... .... .... | ၆၆ |
| ၃-ဗာလဝဂ် | .... .... .. | ၇၃ |
| ၄-သမစိတ္တဝဂ် | .... .... .... | ၇၅ |
| ၅-ပရိသဝဂ် | .... .... .... | ၈၃ |


### ၂-ဒုတိယပဏ္ဏာသက-ဒုတိယသုတ်ငါးဆယ်


| | | |
|---|---|---|
| (၆) ၁-ပုဂ္ဂလဝဂ် | .... .... .... | ၉၀ |
| (၇) ၂-သုခဝဂ် | .... .... .... | ၉၃ |
| (၈) ၃-သနိမိတ္တဝဂ် | .... .... .... | ၉၅ |
| (၉) ၄-ဓမ္မဝဂ် | .... .... .... | ၉၆ |
| (၁၀) ၅-ဗာလဝဂ် | .... .... .... | ၉၈ |

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၃-တတိယပဏ္ဏာသက-တတိယသုတ်ငါးဆယ်


(၁၁) ၁-အာသာဒုပ္ပဇဟဝဂ် .... .... .... ၁ဝ၁
(၁၂) ၂-အာယာစနဝဂ် .... .... .... ၁ဝ၂
(၁၃) ၃-ဒါနဝဂ် .... .... .... ၁ဝ၅
(၁၄) ၄-သန္ထာရဝဂ် .... .... .... ၁ဝ၇
(၁၅) ၅-သမာပတ္တိဝဂ် .... .... .... ၁ဝ၉
၁-ကောဓပေယျာလ .... .... .... ၁၁၁
၂-အကုသလပေယျာလ .... .... .... ၁၁၃
၃-ဝိနယပေယျာလ .... .... .... ၁၁၃
၄-ရာဂပေယျာလ .... .... .... ၁၁၅


ဒုကနိပါတ် မာတိကာ ပြီး၏။

---

## တိကနိပါတ် မာတိကာ

## ၁-ပဌမပဏ္ဏာသက-ပဌမသုတ်ငါးဆယ်

### ၁-ဗာလဝဂ်


၁-ဘယသုတ် .... .... .... .... .... .... ၁၁၇
၂-လက္ခဏသုတ် .... .... .... .... .... .... ၁၁၈
၃-စိန္တီသုတ် .... .... .... .... .... .... ၁၁၉
၄-အစ္စယသုတ် .... .... .... .... .... .... ၁၁၉
၅-အယောနိသောသုတ် .... .... .... .... .... .... ၁၂ဝ
၆-အကုသလသုတ် .... .... .... .... .... .... ၁၂ဝ
၇-သာဝဇ္ဇသုတ် .... .... .... .... .... .... ၁၂ဝ
၈-သဗျာဗဇ္ဈသုတ် .... .... .... .... .... .... ၁၂၁
၉-ခတသုတ် .... .... .... .... .... .... ၁၂၁
၁ဝ-မလသုတ် .... .... .... .... .... .... ၁၂၁


### ၂-ရထကာရဝဂ်


၁-ဉာတသုတ် .... .... .... .... .... .... ၁၂၂
၂-သာရဏီယသုတ် .... .... .... .... .... .... ၁၂၃
၃-အာသံသသုတ် .... .... .... .... .... .... ၁၂၄

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၂-ရထကာရဝဂ်


၄-စက္ကဝတ္တိသုတ် .... .... .... .... .... .... ၁၂၆
၅-သစေတနသုတ် .... .... .... .... .... .... ၁၂၇
၆-အပဏ္ဏကသုတ် .... .... .... .... .... .... ၁၂၉
၇-အတ္တဗျာဗာဓသုတ် .... .... .... .... .... .... ၁၃၁
၈-ဒေဝလောကသုတ် .... .... .... .... .... .... ၁၃၁
၉-ပဌမ ပါပဏိကသုတ် .... .... .... .... .... .... ၁၃၂
၁၀-ဒုတိယ ပါပဏိကသုတ် .... .... .... .... .... .... ၁၃၂


## ၃-ပုဂ္ဂလဝဂ်


၁-သမိဒ္ဓသုတ် .... .... .... .... .... .... ၁၃၄
၂-ဂိလာနသုတ် .... .... .... .... .... .... ၁၃၆
၃-သင်္ခါရသုတ် .... .... .... .... .... .... ၁၃၈
၄-ဗဟုကာရသုတ် .... .... .... .... .... .... ၁၃၉
၅-ဝဇိရူပမသုတ် .... .... .... .... .... .... ၁၄၀
၆-သေဝိတဗ္ဗသုတ် .... .... .... .... .... .... ၁၄၁
၇-ဇိဂုစ္ဆိတဗ္ဗသုတ် .... .... .... .... .... .... ၁၄၂
၈-ဂူထဘာဏီသုတ် .... .... .... .... .... .... ၁၄၃
၉-အန္ဓသုတ် .... .... .... .... .... .... ၁၄၄
၁၀-အဝကုဇ္ဇသုတ် .... .... .... .... .... .... ၁၄၅


## ၄-ဒေဝဒူတဝဂ်


၁-သဗြဟ္မကသုတ် .... .... .... .... .... .... ၁၄၇
၂-အာနန္ဒသုတ် .... .... .... .... .... .... ၁၄၈
၃-သာရိပုတ္တသုတ် .... .... ... .... .... .... ၁၅၀
၄-နိဒါနသုတ် .... .... .... .... .... .... ၁၅၁
၅-ဟတ္ထကသုတ် .... .... .... .... .... .... ၁၅၃
၆-ဒေဝဒူတသုတ် . .. .... .... .... .... .... ၁၅၅
၇-ယမရာဇသုတ် .... .... .... .... .... .... ၁၅၈
၈-စတုမဟာရာဇသုတ် .... .... .... .... .... .... ၁၅၉
၉-သုခုမာလသုတ် .... .... .... .... .... ... ၁၆၂
၁၀-အာဓိပတေယျသုတ် .... .... .... .... .... .... ၁၆၄

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၅-စူဠဝဂ်


| | |
|---|---|
| ၁-သမ္မုခီဘာဝသုတ် | ၁၆၇ |
| ၂-တိဌာနသုတ် | ၁၆၇ |
| ၃-အတ္ထဝသသုတ် | ၁၆၈ |
| ၄-ကထာပဝတ္တိသုတ် | ၁၆၈ |
| ၅-ပဏ္ဍိတသုတ် | ၁၆၈ |
| ၆-သီလဝန္တသုတ် | ၁၆၉ |
| ၇-သင်္ခတလက္ခဏသုတ် | ၁၆၉ |
| ၈-အသင်္ခတလက္ခဏသုတ် | ၁၆၉ |
| ၉-ပဗ္ဗတရာဇသုတ် | ၁၆၉ |
| ၁၀-အာတပ္ပကရဏီယသုတ် | ၁၇၀ |
| ၁၁-မဟာစောရသုတ် | ၁၇၁ |


## ၂-ဒုတိယပဏ္ဏာသက-ဒုတိယသုတ်ငါးဆယ်

### (၆) ၁-ဗြာဟ္မဏဝဂ်


| | |
|---|---|
| ၁-ပဌမ ဒွေဗြာဟ္မဏသုတ် | ၁၇၃ |
| ၂-ဒုတိယ ဒွေဗြာဟ္မဏသုတ် | ၁၇၄ |
| ၃-အညတရဗြာဟ္မဏသုတ် | ၁၇၄ |
| ၄-ပရိဗ္ဗာဇကသုတ် | ၁၇၆ |
| ၅-နိဗ္ဗုတသုတ် | ၁၇၇ |
| ၆-ပလောကသုတ် | ၁၇၈ |
| ၇-ဝစ္ဆဂေါတ္တသုတ် | ၁၇၉ |
| ၈-တိကဏ္ဏသုတ် | ၁၈၁ |
| ၉-ဇာဏုဿောဏိသုတ် | ၁၈၅ |
| ၁၀-သင်္ဂါရဝသုတ် | ၁၈၇ |


### (၇) ၂-မဟာဝဂ်


| | |
|---|---|
| ၁-တိတ္ထာယတနသုတ် | ၁၉၂ |
| ၂-ဘယသုတ် | ၁၉၇ |
| ၃-ဝေနာဂပုရသုတ် | ၁၉၉ |
| ၄-သရဘသုတ် | ၂၀၃ |
| ၅-ကေသမုတ္တိသုတ် | ၂၀၆ |
| ၆-သာဠှသုတ် | ၂၁၁ |

http://www.dhammadownload.com



# အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၇) ၂-မဟာဝဂ်** | |
| ၇-ကထာဝတ္ထုသုတ် | .... | ၂၁၅ |
| ၈-အညတိတ္ထိယသုတ် | .... | ၂၁၈ |
| ၉-အကုသလမူလသုတ် | .... | ၂၂၀ |
| ၁၀-ဥပေါသထသုတ် | .... | ၂၂၄ |
| | **(၈) ၃-အာနန္ဒဝဂ်** | |
| ၁-ဆန္နသုတ် | .... | ၂၃၃ |
| ၂-အာဇီဝကသုတ် | .... | ၂၃၅ |
| ၃-မဟာနာမသက္ကသုတ် | .... | ၂၃၇ |
| ၄-နိဂဏ္ဌသုတ် | .... | ၂၃၈ |
| ၅-နိဝေသကသုတ် | .... | ၂၄၀ |
| ၆-ပဌမ ဘဝသုတ် | .... | ၂၄၁ |
| ၇-ဒုတိယ ဘဝသုတ် | .... | ၂၄၂ |
| ၈-သီလဗ္ဗတသုတ် | .... | ၂၄၃ |
| ၉-ဂန္ဓဇာတသုတ် | .... | ၂၄၄ |
| ၁၀-စူဠနိကာသုတ် | .... | ၂၄၅ |
| | **(၉) ၄-သမဏဝဂ်** | |
| ၁-သမဏသုတ် | .... | ၂၄၇ |
| ၂-ဂဒြဘသုတ် | .... | ၂၄၇ |
| ၃-ခေတ္တသုတ် | .... | ၂၄၈ |
| ၄-ဝဇ္ဇိပုတ္တသုတ် | .... | ၂၄၉ |
| ၅-သေက္ခသုတ် | .... | ၂၄၉ |
| ၆-ပဌမ သိက္ခာသုတ် | .... | ၂၅၀ |
| ၇-ဒုတိယ သိက္ခာသုတ် | .... | ၂၅၁ |
| ၈-တတိယ သိက္ခာသုတ် | .... | ၂၅၃ |
| ၉-ပဌမ သိက္ခတ္တယသုတ် | .... | ၂၅၅ |
| ၁၀-ဒုတိယ သိက္ခတ္တယသုတ် | .... | ၂၅၅ |
| ၁၁-သင်္ကဝါသုတ် | .... | ၂၅၆ |
| | **(၁၀) ၅-လောဏကပလ္လဝဂ်** | |
| ၁-အစ္စာယိကသုတ် | .... | ၂၆၀ |
| ၂-ပဝိဝေကသုတ် | .... | ၂၆၀ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၃-သရဒသုတ် | .... .... .... .... .... .... | ၂၆၂ |
| ၄-ပရိသာသုတ် | .... .... .... .... .... .... | ၂၆၃ |
| ၅-ပဌမ အာဇာနီယသုတ် | .... .... .... .... .... | ၂၆၄ |
| ၆-ဒုတိယ အာဇာနီယသုတ် | .... .... .... .... .... | ၂၆၅ |
| ၇-တတိယ အာဇာနီယသုတ် | .... .... .... .... .... | ၂၆၆ |
| ၈-ပေါတ္ထကသုတ် | .... .... .... .... .... .... | ၂၆၇ |
| ၉-လောဏကပလ္လသုတ် | .... .... .... .... .... .... | ၂၆၈ |
| ၁၀-ပံသုဓောဝကသုတ် | .... .... .... .... .... .... | ၂၇၃ |
| ၁၁-နိမိတ္တသုတ် | .... .... .... .... .... .... | ၂၇၇ |


## ၃-တတိယပဏ္ဏာသက-တတိယသုတ်ငါးဆယ်

### (၁၁) ၁-သမ္ဗောဓဝဂ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁-ပုဗ္ဗေဝသမ္ဗောဓသုတ် | .... .... .... .... .... .... | ၂၇၉ |
| ၂-ပဌမ အဿာဒသုတ် | .... .... .... .... .... .... | ၂၇၉ |
| ၃-ဒုတိယ အဿာဒသုတ် | .... .... .... .... .... .... | ၂၈၀ |
| ၄-သမဏဗြာဟ္မဏသုတ် | .... .... .... .... .... .... | ၂၈၀ |
| ၅-ရုဏ္ဏသုတ် | .... .... .... .... .... .... | ၂၈၁ |
| ၆-အတိတ္တိသုတ် | .... .... .... .... .... .... | ၂၈၁ |
| ၇-အရက္ခိတသုတ် | .... .... .... .... .... .... | ၂၈၁ |
| ၈-ဗျာပန္နသုတ် | .... .... .... .... .... .... | ၂၈၃ |
| ၉-ပဌမ နိဒါနသုတ် | .... .... .... .... .... .... | ၂၈၃ |
| ၁၀-ဒုတိယ နိဒါနသုတ် | .... .... .... .... .... .... | ၂၈၄ |


### (၁၂) ၂-အာပါယိကဝဂ်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁-အာပါယိကသုတ် | .... .... .... .... .... .... | ၂၈၆ |
| ၂-ဒုလ္လဘသုတ် | .... .... .... .... .... .... | ၂၈၆ |
| ၃-အပ္ပမေယျသုတ် | .... .... .... .... .... .... | ၂၈၇ |
| ၄-အာနေဉ္ဇသုတ် | .... .... .... .... .... .... | ၂၈၇ |
| ၅-ဝိပတ္တိသမ္ပဒါသုတ် | .... .... .... .... .... .... | ၂၈၉ |
| ၆-အပဏ္ဏကသုတ် | .... .... .... .... .... .... | ၂၉၁ |
| ၇-ကမ္မန္တသုတ် | .... .... .... .... .... .... | ၂၉၂ |
| ၈-ပဌမ သောစေယျသုတ် | .... .... .... .... .... | ၂၉၃ |
| ၉-ဒုတိယ သောစေယျသုတ် | .... .... .... .... .... | ၂၉၃ |
| ၁၀-မောနေယျသုတ် | .... .... .... .... .... .... | ၂၉၅ |

http://www.dhammadownload.com



# အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၁၃) ၃-ကုသိနာရဝဂ်** | |
| ၁ | ကုသိနာရသုတ် | ၂၉၅ |
| ၂ | ဘဏ္ဍနသုတ် | ၂၉၇ |
| ၃ | ဂေါတမကစေတိယသုတ် | ၂၉၈ |
| ၄ | ဘရဏ္ဍုကာလာမသုတ် | ၂၉၈ |
| ၅ | ဟတ္ထကသုတ် | ၃၀၀ |
| ၆ | ကဋုဝိယသုတ် | ၃၀၁ |
| ၇ | ပဌမ အနုရုဒ္ဓသုတ် | ၃၀၂ |
| ၈ | ဒုတိယ အနုရုဒ္ဓသုတ် | ၃၀၃ |
| ၉ | ပဋိစ္ဆန္နသုတ် | ၃၀၃ |
| ၁၀ | လေခသုတ် | ၃၀၄ |
| | **(၁၄) ၄-ယောဓာဇီဝဝဂ်** | |
| ၁ | ယောဓာဇီဝသုတ် | ၃၀၅ |
| ၂ | ပရိသာသုတ် | ၃၀၆ |
| ၃ | မိတ္တသုတ် | ၃၀၆ |
| ၄ | ဥပ္ပါဒါသုတ် | ၃၀၇ |
| ၅ | ကေသကမ္ဗလသုတ် | ၃၀၇ |
| ၆ | သမ္ပဒါသုတ် | ၃၀၈ |
| ၇ | ဝုဒ္ဓိသုတ် | ၃၀၈ |
| ၈ | အဿခဠုင်္ကသုတ် | ၃၀၉ |
| ၉ | အဿပရဿသုတ် | ၃၁၀ |
| ၁၀ | အဿာဇာနီယသုတ် | ၃၁၁ |
| ၁၁ | ပဌမ မောရနိဝါပသုတ် | ၃၁၂ |
| ၁၂ | ဒုတိယ မောရနိဝါပသုတ် | ၃၁၃ |
| ၁၃ | တတိယ မောရနိဝါပသုတ် | ၃၁၃ |
| | **(၁၅) ၅-မင်္ဂလဝဂ်** | |
| ၁ | အကုသလသုတ် | ၃၁၃ |
| ၂ | သာဝဇ္ဇသုတ် | ၃၁၄ |
| ၃ | ဝိသမသုတ် | ၃၁၄ |
| ၄ | အသုစိသုတ် | ၃၁၄ |
| ၅ | ပဌမ ခတသုတ် | ၃၁၅ |
| ၆ | ဒုတိယ ခတသုတ် | ၃၁၅ |

http://www.dhammadownload.com



ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

## (၁၅) ၅-မဂ်လဝဂ်


၇-တတိယ ခတသုတ် .... .... .... .... .... .... ၃၁၅
၈-စတုတ္ထ ခတသုတ် .... .... .... .... .... .... ၃၁၅
၉-ဝန္ဒနာသုတ် .... .... .... .... .... .... ၃၁၆
၁၀-ပုဗ္ဗဏှသုတ် .... .... .... .... .... .... ၃၁၆

(၁၆) ၆-အာစေလကဝဂ် .... .... .... .... ၃၁၇
(၁၇) ၇-ကမ္မပထပေယျာလ .... .... .... ၃၁၉
(၁၈) ၈-ရာဂပေယျာလ .... .... .... .... ၃၂၁


တိကနိပါတ် မာတိကာ ပြီး၏။

---

## စတုက္ကနိပါတ် မာတိကာ

### ၁-ပဌမပဏ္ဏာသက-ပဌမသုတ်ငါးဆယ်

### ၁-ဘဏ္ဍဂါမဝဂ်


၁-အနုဗုဒ္ဓသုတ် .... .... .... .... .... .... ၃၂၃
၂-ပပတိတသုတ် .... .... .... .... .... .... ၃၂၄
၃-ပဌမ ခတသုတ် .... .... .... .... .... .... ၃၂၅
၄-ဒုတိယ ခတသုတ် .... .... .... .... .... .... ၃၂၆
၅-အနုသောတသုတ် .... .... .... .... .... .... ၃၂၇
၆-အပ္ပဿုတသုတ် .... .... .... .... .... .... ၃၂၈
၇-သောဘနသုတ် .... .... .... .... .... .... ၃၃၀
၈-ဝေသာရဇ္ဇသုတ် .... .... .... .... .... .... ၃၃၁
၉-တဏှုပ္ပါဒသုတ် .... .... .... .... .... .... ၃၃၂
၁၀-ယောဂသုတ် .... .... .... .... .... .... ၃၃၂


### ၂-စရဝဂ်


၁-စရသုတ် .... .... .... .... .... ... ၃၃၅
၂-သီလသုတ် .... .... .... .... .... .... ၃၃၆
၃-ပဓာနသုတ် .... .... .... .... .... .... ၃၃၈
၄-သံဝရသုတ် .... .... .... .... .... .... ၃၃၈
၅-ပညတ္တိသုတ် .... .... .... .... .... .... ၃၄၀

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၂-စရဝဂ်


| | | |
|---|---|---|
| ၆-သောခုမ္ပသုတ် | .... | ၃၄၀ |
| ၇-ပဌမ အဂတိဂမနသုတ် | .... | ၃၄၁ |
| ၈-ဒုတိယ အဂတိဂမနသုတ် | .... | ၃၄၁ |
| ၉-တတိယ အဂတိဂမနသုတ် | .... | ၃၄၂ |
| ၁၀-ဘတ္တုဒ္ဒေသကသုတ် | .... | ၃၄၂ |


## ၃-ဥရုဝေလဝဂ်


| | | |
|---|---|---|
| ၁-ပဌမ ဥရုဝေလသုတ် | .... | ၃၄၃ |
| ၂-ဒုတိယ ဥရုဝေလသုတ် | .... | ၃၄၅ |
| ၃-လောကသုတ် | .... | ၃၄၇ |
| ၄-ကာဠကာရာမသုတ် | .... | ၃၄၈ |
| ၅-ဗြဟ္မစရိယသုတ် | .... | ၃၄၉ |
| ၆-ကုဟသုတ် | .... | ၃၅၀ |
| ၇-သန္တုဋ္ဌိသုတ် | .... | ၃၅၀ |
| ၈-အရိယဝံသသုတ် | .... | ၃၅၁ |
| ၉-ဓမ္မပဒသုတ် | .... | ၃၅၃ |
| ၁၀-ပရိဗ္ဗာဇကသုတ် | .... | ၃၅၄ |


## ၄-စက္ကဝဂ်


| | | |
|---|---|---|
| ၁-စက္ကသုတ် | .... | ၃၅၆ |
| ၂-သင်္ဂဟသုတ် | .... | ၃၅၆ |
| ၃-သီဟသုတ် | .... | ၃၅၇ |
| ၄-ပသာဒသုတ် | .... | ၃၅၈ |
| ၅-ဝဿကာရသုတ် | .... | ၃၆၀ |
| ၆-ဒေါဏသုတ် | .... | ၃၆၀ |
| ၇-အပရိဟာနိယသုတ် | .... | ၃၆၃ |
| ၈-ပတိလီနသုတ် | .... | ၃၆၄ |
| ၉-ဥဇ္ဇယသုတ် | .... | ၃၆၅ |
| ၁၀-ဥဒါယီသုတ် | .... | ၃၆၆ |


## ၅-ရောဟိတဿဝဂ်


| | | |
|---|---|---|
| ၁-သမာဓိဘာဝနသုတ် | .... | ၃၆၇ |
| ၂-ပဉ္စျာကရဏသုတ် | .... | ၃၆၉ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

### ၅-ရောဟိတဿဝဂ်


၃-ပဌမ ကောဝဂရသုတ် .... ၃၆၉
၄-ဒုတိယ ကောဝဂရသုတ် .... ၃၇၀
၅-ရောဟိတဿသုတ် .... ၃၇၁
၆-ဒုတိယ ရောဟိတဿသုတ် .... ၃၇၂
၇-သုဝိဒူရသုတ် .... ၃၇၄
၈-ဝိသာခသုတ် .... ၃၇၄
၉-ဝိပလ္လာသသုတ် .... ၃၇၅
၁၀-ဥပက္ကိလေသသုတ် .... ၃၇၆


## ၂-ဒုတိယပဏ္ဏာသက-ဒုတိယသုတ်ငါးဆယ်

### (၆) ၁-ပုညာဘိသန္ဒဝဂ်


၁-ပဌမ ပုညာဘိသန္ဒသုတ် .... ၃၇၉
၂-ဒုတိယ ပုညာဘိသန္ဒသုတ် .... ၃၈၀
၃-ပဌမ သံဝါသသုတ် .... ၃၈၂
၄-ဒုတိယ သံဝါသသုတ် .... ၃၈၄
၅-ပဌမ သမဇီဝီသုတ် .... ၃၈၆
၆-ဒုတိယ သမဇီဝီသုတ် .... ၃၈၇
၇-သုပ္ပဝါသာသုတ် .... ၃၈၈
၈-သုဒတ္တသုတ် .... ၃၈၉
၉-ဘောဇနသုတ် .... ၃၈၉
၁၀-ဂိဟိသာမီစိသုတ် .... ၃၉၀


### (၇) ၂-ပတ္တကမ္မဝဂ်


၁-ပတ္တကမ္မသုတ် .... ၃၉၁
၂-အာနဏျသုတ် .... ၃၉၅
၃-ဗြဟ္မသုတ် .... ၃၉၆
၄-နိရယသုတ် .... ၃၉၇
၅-ရူပသုတ် .... ၃၉၇
၆-သရာဂသုတ် .... ၃၉၈
၇-အဟိရာဇသုတ် .... ၃၉၈
၈-ဒေဝဒတ္တသုတ် .... ၃၉၉
၉-ပဓာနသုတ် .... ၄၀၀
၁၀-အဓမ္မိကသုတ် .... ၄၀၁

http://www.dhammadownload.com



ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

## (၈) ၃-အပဏ္ဏကဝဂ်


၁-ပဓာနသုတ် .... ၄၀၂
၂-သမ္မာဒိဋ္ဌိသုတ် .... ၄၀၂
၃-သပ္ပုရိသသုတ် .... ၄၀၃
၄-ပဌမ အဂ္ဂသုတ် .... ၄၀၄
၅-ဒုတိယ အဂ္ဂသုတ် .... ၄၀၅
၆-ကုသိနာရသုတ် .... ၄၀၅
၇-အစိန္တေယျသုတ် .... ၄၀၆
၈-ဒက္ခိဏာသုတ် .... ၄၀၆
၉-ဝဏိဇ္ဇသုတ် .... ၄၀၇
၁၀-ကမ္ဗောဇသုတ် .... ၄၀၉


## (၉) ၄-မစလဝဂ်


၁-ပါဏာတိပါတသုတ် .... ၄၀၉
၂-မုသာဝါဒသုတ် .... ၄၁၀
၃-အဝဏ္ဏာရဟသုတ် .... ၄၁၀
၄-ကောဓဂရုသုတ် .... ၄၁၀
၅-တမောတမသုတ် .... ၄၁၁
၆-ဩဏတောဏတသုတ် .... ၄၁၃
၇-ပုတ္တသုတ် .... ၄၁၃
၈-သံယောဇနသုတ် .... ၄၁၅
၉-သမ္မာဒိဋ္ဌိသုတ် .... ၄၁၆
၁၀-ခန္ဓသုတ် .... ၄၁၇


## (၁၀) ၅-အသုရဝဂ်


၁-အသုရသုတ် .... ၄၁၇
၂-ပဌမ သမာဓိသုတ် .... ၄၁၈
၃-ဒုတိယ သမာဓိသုတ် .... ၄၁၈
၄-တတိယ သမာဓိသုတ် .... ၄၂၀
၅-ဆဝါလာတသုတ် .... ၄၂၁
၆-ရာဂဝိနယသုတ် .... ၄၂၂
၇-ခိပ္ပနိသန္တိသုတ် .... ၄၂၃
၈-အတ္တဟိတသုတ် .... ၄၂၄
၉-သိက္ခာပဒသုတ် .... ၄၂၅
၁၀-ပေါတလိယသုတ် .... ၄၂၆

http://www.dhammadownload.com



ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

## ၃-တတိယပဏ္ဏာသက=တတိယသုတ်ငါးဆယ်

### (၁၁) ၁-ဝလာဟကဝဂ်


၁-ပဌမ ဝလာဟကသုတ် .... ၄၂၉
၂-ဒုတိယ ဝလာဟကသုတ် .... ၄၃၀
၃-ကုမ္ဘသုတ် .... ၄၃၁
၄-ဥဒကရဟဒသုတ် .... ၄၃၂
၅-အမ္ဗသုတ် .... ၄၃၃
၆-ဒုတိယ အမ္ဗူပမသုတ် .... ၄၃၅
၇-မူသိကသုတ် .... ၄၃၅
၈-ဗလီဗဒ္ဒသုတ် .... ၄၃၆
၉-ရုက္ခသုတ် .... ၄၃၇
၁၀-အာသီဝိသသုတ် .... ၄၃၈


### (၁၂) ၂-ကေသိဝဂ်


၁-ကေသိသုတ် .... ၄၃၉
၂-ဇဝသုတ် .... ၄၄၁
၄-ပတောဒသုတ် .... ၄၄၂
၄-နာဂသုတ် .... ၄၄၄
၅-ဌာနသုတ် .... ၄၄၆
၆-အပ္ပမာဒသုတ် .... ၄၄၇
၇-အာရက္ခသုတ် .... ၄၄၇
၈-သံဝေဇနီယသုတ် .... ၄၄၈
၉-ပဌမ ဘယသုတ် .... ၄၄၉
၁၀-ဒုတိယ ဘယသုတ် .... ၄၄၉


### (၁၃) ၃-ဘယဝဂ်


၁-အတ္တာနုဝါဒသုတ် .... ၄၄၉
၂-ဦမိဘယသုတ် .... ၄၅၁
၃-ပဌမ နာနာကရဏသုတ် .... ၄၅၃
၄-ဒုတိယ နာနာကရဏသုတ် .... ၄၅၅
၅-ပဌမ မေတ္တာသုတ် .... ၄၅၆
၆-ဒုတိယ မေတ္တာသုတ် .... ၄၅၇
၇-ပဌမ တထာဂတအစ္ဆရိယသုတ် .... ၄၅၈
၈-ဒုတိယ တထာဂတအစ္ဆရိယသုတ် .... ၄၆၀

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## (၁၃) ၃-ဘယဝဂ်


၉-အာနန္ဒအစ္ဆရိယသုတ် .... .... .... .... .... ၄၆၃
၁၀-စက္ကဝတ္တိအစ္ဆရိယသုတ် .... .... .... .... .... ၄၆၂


## (၁၄) ၄-ပုဂ္ဂလဝဂ်


၁-သံယောဇနသုတ် .... .... .... .... .... ၄၆၃
၂-ပဋိဘာနသုတ် .... .... .... .... .... .... ၄၆၄
၃-ဥဂ္ဃဋိတညုသုတ် .... .... .... .... .... ၄၆၄
၄-ဥဋ္ဌာနဖလသုတ် .... .... .... .... .... .... ၄၆၅
၅-သာဝဇ္ဇသုတ် .... .... .... .... .... .... ၄၆၅
၆-ပဌမ သီလသုတ် .... .... .... .... .... .... ၄၆၆
၇-ဒုတိယ သီလသုတ် .... .... .... .... .... .... ၄၆၆
၈-နိကဋ္ဌသုတ် .... .... .... .... .... .... ၄၆၆
၉-ဓမ္မကထိကသုတ် .... .... .... .... .... .... ၄၆၇
၁၀-ဝါဒီသုတ် .... .... .... .... .... .... ၄၆၈


## (၁၅) ၅-အာဘာဝဂ်


၁-အာဘာသုတ် .... .... .... .... .... .... ၄၆၈
၂-ပဘာသုတ် .... .... .... .... .... .... ၄၆၈
၃-အာလောကသုတ် .... .... .... .... .... .... ၄၆၉
၄-ဩဘာသသုတ် .... .... .... .... .... .... ၄၆၉
၅-ပဇ္ဇောတသုတ် .... .... .... .... .... .... ၄၆၉
၆-ပဌမ ကာလသုတ် .... .... .... .... .... .... ၄၆၉
၇-ဒုတိယ ကာလသုတ် .... .... .... .... .... .... ၄၇၀
၈-ဒုစ္စရိတသုတ် .... .... .... .... .... .... ၄၇၀
၉-သုစရိတသုတ် .... .... .... .... .... .... ၄၇၀
၁၀-သာရသုတ် .... .... .... .... .... .... ၄၇၁


## ၄-စတုတ္ထပဏ္ဏာသက-စတုတ္ထသုတ်ငါးဆယ်

## (၁၆) ၁-ဣန္ဒြိယဝဂ်


၁-ဣန္ဒြိယသုတ် .... .... .... .... .... .... ၄၇၂
၂-သဒ္ဓါဗလသုတ် .... .... .... .... .... .... ၄၇၂
၃-ပညာဗလသုတ် .... .... .... .... .... .... ၄၇၂

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၁၆) ၁-ဣန္ဒြိယဝဂ်

| | |
|---|---|
| ၄-သတိဗလသုတ် .... .... .... .... .... .... | ၄၇၂ |
| ၅-ပဋိသင်္ခါနဗလသုတ် .... .... .... .... .... | ၄၇၂ |
| ၆-ကပ္ပသုတ် .... .... .... .... .... .... | ၄၇၃ |
| ၇-ရောဂသုတ် .... .... .... .... .... .... | ၄၇၃ |
| ၈-ပရိဟာနိသုတ် .... .... .... .... .... .... | ၄၇၄ |
| ၉-ဘိက္ခုနီသုတ် .... .... .... .... .... .... | ၄၇၅ |
| ၁၁-သုဂတဝိနယသုတ် .... .... .... .... .... .... | ၄၇၇ |

## (၁၇) ၂-ပဋိပဒါဝဂ်

| | |
|---|---|
| ၁-သံခိတ္တသုတ် .... .... .... .... .... .... | ၄၇၉ |
| ၂-ဝိတ္ထာရသုတ် .... .... .... .... .... .... | ၄၇၉ |
| ၃-အသုဘသုတ် .... .... .... .... .... .... | ၄၈၁ |
| ၄-ပဌမ ခမသုတ် .... .... .... .... .... .... | ၄၈၃ |
| ၅-ဒုတိယ ခမသုဘ် .... .... .... .... .... .... | ၄၈၄ |
| ၆-ဥဘယသုဘ် .... .... .... .... .... .... | ၄၈၅ |
| ၇-မဟာမောဂ္ဂလာနသုတ် .... .... .... .... .... | ၄၈၆ |
| ၈-သာရိပုတ္တသုတ် .... .... .... .... .... .... | ၄၈၆ |
| ၉-သသင်္ခါရသုတ် .... .... .... .... .... .... | ၄၈၇ |
| ၁၀-ယုဂနဒ္ဓသုတ် .... .... .... .... .... | ၄၈၉ |

## (၁၈) ၃-သဉ္စေတနိယဝဂ်

| | |
|---|---|
| ၁-စေတနာသုတ် .... .... .... .... .... .... | ၄၉၀ |
| ၂-ဝိဘတ္တိသုတ် .... .... .... .... .... .... | ၄၉၃ |
| ၃-မဟာကောဋ္ဌိကသုတ်.... .... .... .... .... .... | ၄၉၄ |
| ၄ အာနန္ဒသုတ် .... .... .... .... .... .... | ၄၉၅ |
| ၅-ဥပဝါဏသုတ် .... .... .... .... .... .... | ၄၉၆ |
| ၆-အာယာစနသုတ် .... .... .... .... .... .... | ၄၉၇ |
| ၇-ရာဟုလသုတ် .... .... .... .... .... .... | ၄၉၈ |
| ၈-ဇမ္ဗာလီသုတ် .... .... .... .... .... .... | ၄၉၉ |
| ၉-နိဗ္ဗာနသုတ် .... .... .... .... .... .... | ၅၀၁ |
| ၁၀-မဟာပဒေသသုတ် .... .... .... .... .... .... | ၅၀၁ |

http://www.dhammadownload.com



## အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

### (၁၉) ၄-ဗြာဟ္မဏဝဂ်


၁-ယောဓာဇီဝသုတ် .... .... .... .... .... .... ၅၀၅
၂-ပါဋိဘောဂသုတ် .... .... .... .... .... .... ၅၀၆
၃-သုတသုတ် .... .... .... .... .... .... ၅၀၆
၄-အဘယသုတ် .... .... .... .... .... .... ၅၀၇
၅-သမဏသစ္စသုတ် .... .... .... .... .... .... ၅၁၀
၆-ဥမ္မဂ္ဂသုတ် .... .... .... .... .... .... ၅၁၁
၇-ဝဿကာရဗြာဟ္မဏသုတ် .... .... .... .... .... ၅၁၃
၈-ဥပကသုတ် .... .... .... .... .... .... ၅၁၆
၉ သစ္ဆိကရဏီယသုတ် .... .... .... .... .... .... ၅၁၇
၁၀-ဥပေါသထသုတ် .... .... .... .... .... .... ၅၁၇


### (၂၀) ၅-မဟာဝဂ်


၁-သောတာနုဂတသုတ် .... .... .... .... .... .... ၅၁၉
၂-ဌာနသုတ် .... .... .... .... .... .... ၅၂၂
၃ ဘဒ္ဒိယသုတ် .... .... .... .... .... .... ၅၂၅
၄-သာမုဂိယာသုတ် .... .... .... .... .... .... ၅၃၀
၅-ဝပ္ပသုတ် .... .... .... .... .... .... ၅၃၂
၆-သာဠှသုတ် .... .... .... .... .... .... ၅၃၆
၇-မလ္လိကာဒေဝီသုတ် .... .... .... .... .... .... ၅၃၈
၈-အတ္တန္တပသုတ် .... .... .... .... .... .... ၅၄၂
၉-တဏှာသုတ် .... .... .... .... .... .... ၅၄၈
၁၀-ပေမသုတ် .... .... .... .... .... .... ၅၅၀


### ၅-ပဉ္စမပဏ္ဏာသက-ပဉ္စမသုတ်ငါးဆယ်

### (၂၁) ၁-သပ္ပုရိသဝဂ်


၁-သိက္ခာပဒသုတ် .... .... .... .... .... .... ၅၅၅
၂-အဿဒ္ဓသုတ် .... .... .... .... .... .... ၅၅၆
၃-သတ္တကမ္မသုတ် .... .... .... .... .... .... ၅၅၇
၄-ဒသကမ္မသုတ် .... .... .... .... .... .... ၅၅၈
၅-အဋ္ဌင်္ဂိကသုတ် .... .... .... .... .... .... ၅၅၉
၆-ဒသမဂ္ဂသုတ် .... .... .... .... .... .... ၅၆၀
၇-ပဌမ ပါပဓမ္မသုတ် .... .... .... .... .... .... ၅၆၀

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၂၁) ၁-သပ္ပုရိသဝဂ်** | |
| ၈ | ဒုတိယ ပါပဓမ္မသုတ် | ၅၆၁ |
| ၉ | တတိယ ပါပဓမ္မသုတ် | ၅၆၁ |
| ၁၀ | စတုတ္ထ ပါပဓမ္မသုတ် | ၅၆၂ |
| | **(၂၂) ၂-ပရိသာဝဂ်** | |
| ၁ | ပရိသာသုတ် | ၅၆၃ |
| ၂ | ဒိဋ္ဌိသုတ် | ၅၆၃ |
| ၃ | အကတညုတာသုတ် | ၅၆၄ |
| ၄ | ပါဏာတိပါတီသုတ် | ၅၆၄ |
| ၅ | ပဌမ မဂ္ဂသုတ် | ၅၆၄ |
| ၆ | ဒုတိယ မဂ္ဂသုတ် | ၅၆၅ |
| ၇ | ပဌမ ဝေါဟာရပထသုတ် | ၅၆၅ |
| ၈ | ဒုတိယ ဝေါဟာရပထသုတ် | ၅၆၅ |
| ၉ | အဟိရိကသုတ် | ၅၆၅ |
| ၁၀ | ဒုဿီလသုတ် | ၅၆၅ |
| | **(၂၃) ၃-ဒုစ္စရိတဝဂ်** | |
| ၁ | ဒုစ္စရိတသုတ် | ၅၆၆ |
| ၂ | ဒိဋ္ဌိသုတ် | ၅၆၆ |
| ၃ | အကတညုတာသုတ် | ၅၆၆ |
| ၄ | ပါဏာတိပါတီသုတ် | ၅၆၇ |
| ၅ | ပဌမ မဂ္ဂသုတ် | ၅၆၇ |
| ၆ | ဒုတိယ မဂ္ဂသုတ် | ၅၆၇ |
| ၇ | ပဌမ ဝေါဟာရပထသုတ် | ၅၆၇ |
| ၈ | ဒုတိယ ဝေါဟာရပထသုတ် | ၅၆၇ |
| ၉ | အဟိရိကသုတ် | ၅၆၈ |
| ၁၀ | ဒုပ္ပညသုတ် | ၆၅၈ |
| ၁၁ | ကဝိသုတ် | ၅၆၈ |
| | **(၂၄) ၄-ကမ္မဝဂ်** | |
| ၁ | သံခိတ္တသုတ် | ၅၆၈ |
| ၂ | ဝိတ္ထာရသုတ် | ၅၆၉ |

http://www.dhammadownload.com



ဦးရေ — အကြောင်းအရာ — မျက်နှာအမှတ်

### (၂၄) ၄-ကမ္မဝဂ်


၃-သောဏကာဠယနသုတ် .... ၅၇၀
၄-ပဌမ သိက္ခာပဒသုတ် .... ၅၇၁
၅-ဒုတိယ သိက္ခာပဒသုတ် .... ၅၇၂
၆-အရိယမဂ္ဂသုတ် .... ၅၇၃
၇-ဗောဇ္ဈင်္ဂသုတ် .... ၅၇၄
၈-သာဝဇ္ဇသုတ် .... ၅၇၄
၉-အဗျာဗဇ္ဈသုတ် .... ၅၇၅
၁၀-သမဏသုတ် .... ၅၇၅
၁၁-သပ္ပုရိသာနိသံသသုတ် .... ၅၇၆


### (၂၅) ၅-အာပတ္တိဘယဝဂ်


၁-သံဃဘေဒကသုတ် .... ၅၇၆
၂-အာပတ္တိဘယသုတ် .... ၅၇၈
၃-သိက္ခာနိသံသသုတ် .... ၅၈၀
၄-သေယျာသုတ် .... ၅၈၁
၅-ထူပါရဟသုတ် .... ၅၈၂
၅-ပညာဝုဒ္ဓိသုတ် .... ၅၈၂
၇-ဗဟုကာရသုတ် .... ၅၈၂
၈-ပဌမ ဝေါဟာရသုတ် .... ၅၈၂
၉-ဒုတိယ ဝေါဟာရသုတ် .... ၅၈၂
၁၀-တတိယ ဝေါဟာရသုတ် .... ၅၈၃
၁၁-စတုတ္ထ ဝေါဟာရသုတ် .... ၅၈၃


### (၂၆) ၆-အဘိညာဝဂ်


၁-အဘိညာသုတ် .... ၅၈၃
၂-ပရိယေသနာသုတ် .... ၅၈၄
၃-သင်္ဂဟဝတ္ထုသုတ် .... ၅၈၄
၄-မာလုကျပုတ္တသုတ် .... ၅၈၅
၅-ကုလသုတ် .... ၅၈၆
၆-ပဌမ အာဇာနီယသုတ် .... ၅၈၆
၇-ဒုတိယ အာဇာနီယသုတ် .... ၅၈၇
၈-ဗလသုတ် .... ၅၈၈
၉-အရညသုတ် .... ၅၈၈
၁၀-ကမ္မသုတ် .... ၅၈၉

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## (၂၄) ၄-ကမ္မပထဝဂ်


၁-ပါဏာတိပါတီသုတ် .... .... .... .... .... .... ၅၈၉
၂-အဒိန္နာဒါယီသုတ် .... .... .... .... .... .... ၅၉၀
၃-မိစ္ဆာစာရီသုတ် .... .... .... .... .... .... ၅၉၀
၄-မုသာဝါဒီသုတ် .... .... .... .... .... .... ၅၉၀
၅-ပိသုဏာဝါစာသုတ် .... .... .... .... .... .... ၅၉၁
၆-ဖရုသဝါစာသုတ် .... .... .... .... .... .... ၅၉၁
၇-သမ္ဖပ္ပလာပသုတ် .... .... .... .... .... .... ၅၉၁
၈-အဘိဇ္ဈာလုသုတ် .... .... .... .... .... .... ၅၉၂
၉-ဗျာပန္နစိတ္တသုတ် .... .... .... .... .... .... ၅၉၂
၁၀-မိစ္ဆာဒိဋ္ဌိသုတ် .... .... .... .... .... .... ၅၉၂


## (၂၈) ၈-ရာဂပေယျာလ


၁-သတိပဋ္ဌာနသုတ် .... .... .... .... .... .... ၅၉၃
၂-သမ္မပ္ပဓာနသုတ် .... .... .... .... .... .... ၅၉၃
၃-ဣဒ္ဓိပါဒသုတ် .... .... .... .... .... .... ၅၉၃
၄-၃၀-ပရိညာဒိသုတ် .... .... .... .... .... .... ၅၉၄
၃၁-၅၁၀-ဒေါသအဘိညာဒိသုတ် .... .... .... .... .... ၅၉၄


စတုက္ကနိပါတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

" " ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ 'အာကာရ' ဟု သိမှတ်ရန်။

' ' ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

" ' ' " ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန်(ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

* ဤကဲ့သို့ ချရားပွင့်ကိုပြလျှင် ၎င်းချရားပွင့်ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ် ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဖော်ပြထားသည်ဟု သိမှတ်ရန်။ အချို့နေရာ၌ ချရားပွင့်အစား ဂဏန်းဖြင့် ပြထားသည်—အဓိပ္ပါယ်အတူပင် ဖြစ်၏။

http://www.dhammadownload.com

# အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ဧကကနိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁–ရူပါဒိဝဂ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏၊ ရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ဤ မိန်းမ၏အဆင်းသည် ယောကျာ်း၏ စိတ်ကို သိမ်းကျုံး ယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျာ်း၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသော အဆင်းကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မိန်းမ၏ အဆင်းသည် ယောကျာ်း၏ စိတ်ကို သိမ်းကျုံးယူငင်၍ တည်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၂။ ရဟန်းတို့ ဤ မိန်းမ၏အသံသည် ယောကျာ်း၏ စိတ်ကို သိမ်းကျုံး ယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျာ်း၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသော အသံကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မိန်းမ၏ အသံသည် ယောကျာ်း၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်၊

http://www.dhammadownload.com



၃။ ရဟန်းတို့ ဤ မိန်းမ၏အနံ့သည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသော အနံ့ကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မိန်းမ၏အနံ့သည် ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု(မိန့်တော်မူ၏) ။

တတိယသုတ်။

၄။ ရဟန်းတို့ ဤ မိန်းမ၏အရသာသည် ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသော အရသာကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မိန်းမ၏ အရသာသည် ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏) ။

စတုတ္ထသုတ်။

၅။ ရဟန်းတို့ ဤ မိန်းမ၏အတွေ့သည် ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ ယောကျ်ား၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြားတခုသော အတွေ့ကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မိန်းမ၏ အတွေ့သည် ယောကျ်ား၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏) ။

ပဉ္စမသုတ်။

၆။ ရဟန်းတို့ ဤ ယောကျ်ား၏အဆင်းသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသော အဆင်းကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ယောကျ်ား၏အဆင်းသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏) ။

ဆဋ္ဌသုတ်။

၇။ ရဟန်းတို့ ဤ ယောကျ်ား၏အသံသည် မိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသော အသံကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ယောကျ်ား၏အသံသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏) ။

သတ္တမသုတ်။

၈။ ရဟန်းတို့ ဤ ယောကျ်ား၏အနံ့သည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသောအနံ့ကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ယောကျ်ား၏ အနံ့သည် မိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏) ။

အဋ္ဌမသုတ်။

၉။ ရဟန်းတို့ ဤ ယောကျ်ား၏အရသာသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသောအရသာကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ယောကျ်ား၏အရသာသည် မိန်းမ၏စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏) ။

နဝမသုတ်။

http://www.dhammadownload.com



၁၀။ ရဟန်းတို့ ဤ ယောက်ျား၏အတွေ့သည် မိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သကဲ့သို့ ဤအတူ မိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်သော အခြား တခုသော အတွေ့ကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ယောက်ျား၏ အတွေ့သည် မိန်းမ၏ စိတ်ကို သိမ်းကျုံးယူငင်၍တည်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ရူပါဒိဝဂ် ပြီး၏။

---

## ၂-နီဝရဏပ္ပဟာနဝဂ်

၁၁။ ရဟန်းတို့ ဤသုဘနိမိတ် [၁] သည် မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ [၂] ၏ ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ သုဘနိမိတ်ကို မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒသည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၁၂။ ရဟန်းတို့ ဤပဋိဃနိမိတ် [၃] သည် မဖြစ်ပေါ်သေးသော ဗျာပါဒ၏ [၄] လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဗျာပါဒ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပဋိဃနိမိတ်ကို မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗျာပါဒသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော ဗျာပါဒသည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၁၃။ ရဟန်းတို့ ဤ မမွေ့လျော်ခြင်း ပျင်းရိခြင်း ကိုယ်လက် ဆန့်ငင်ခြင်း ထမင်းဆီယစ်ခြင်း စိတ်၏ ဆုတ်နစ်ခြင်းသည် မဖြစ်ပေါ်သေးသော ထိန [၅] မိဒ္ဓ [၆] ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ထိန မိဒ္ဓ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ဆုတ်နစ်

---

၁· ရာဂဖြစ်ကြောင်း နှစ်သက်ဖွယ်အာရုံ။
၂· ကာမဂုဏ်တို့၌ ဖြစ်ပေါ်သော လိုလားတောင့်တခြင်း။
၃· ဒေါသဖြစ်ကြောင်း မနှစ်သက်ဖွယ် အာရုံ။
၄· သူတပါးကို ပျက်စီးစေလိုခြင်း။
၅· စိတ်၏ မခန့်ကျန်းခြင်း လေးလံထိုင်းမှိုင်းခြင်း။
၆· ကိုယ်၏ မခန့်ကျန်းခြင်း လေးလံထိုင်းမှိုင်းခြင်း။

http://www.dhammadownload.com



သော စိတ်ရှိသူအား မဖြစ်ပေါ်သေးသော ထိနမိဒ္ဓသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓသည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

၁၄။ ရဟန်းတို့ ဤ စိတ်၏မငြိမ်းအေး[၁] ခြင်းသည် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ[၂] ကုက္ကုစ္စ[၃] ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏လည်း အဖန်ဖန် ပြန့်ပြောစွာဖြစ်ကြောင်း ဖြစ်သော အခြား တခုသောတရားကို မျှလည်း ငါမမြင်။ ရဟန်းတို့ စိတ် မငြိမ်းအေးသောသူအား မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စသည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

၁၅။ ရဟန်းတို့ ဤ မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည်[၄] မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ[၅] ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာသည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

၁၆။ ရဟန်းတို့ ဤ အသုဘနိမိတ်[၆] သည် မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အသုဘနိမိတ်ကို သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒသည်လည်း ကင်းပျောက်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

၁· ဈာန်ဖြင့်သော်၎င်း ဝိပဿနာဖြင့်သော်၎င်း မငြိမ်းအေးစေအပ်သေးသော စိတ်။
၂· စိတ်၏ ပျံ့လွင့်ခြင်း။
၃ ပြုလိုက်မိသော မကောင်းမှု မပြုလိုက်မိသော ကောင်းမှုကြောင့် ဖြစ်ပေါ်သော နှလုံးမသာခြင်း။
၄· အနိစ္စ၌ နိစ္စဟု ဒုက္ခ၌ သုခဟု အနတ္တ၌ အတ္တဟု အသုဘ၌ သုဘဟု မှားသော နည်းလမ်းဖြင့် စိတ်၌ ထားခြင်း။
၅· ဘုရား တရား သံဃာ သိက္ခာ စသည်တို့၌ သို့လော သို့လော တွေးတော ယုံမှားခြင်း။
၆. ဥဒ္ဓုမာတက စသည့် အသုဘ ဆယ်ပါး၌ ဖြစ်သော အာရုံနှင့် တကွသော ပဌမဈာန်။

http://www.dhammadownload.com



၁၇။ ရဟန်းတို့ ဤမေတ္တာစေတောဝိမုတ္တိ [၁] သည် မဖြစ်ပေါ်သေးသော ဗျာပါဒ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဗျာပါဒ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏လည်း ကင်းပျောက်ကြောင်းဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ စေတောဝိမုတ္တိကို သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗျာပါဒသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ဗျာပါဒသည်လည်း ကင်းပျောက်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၁၈။ ရဟန်းတို့ ဤ အာရဗ္ဘဓာတ် [၂] နိက္ကမဓာတ် [၃] ပရက္ကမဓာတ် [၄] သည် မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ထက်သန်သော လုံ့လရှိသောသူအား မဖြစ်ပေါ်သေးသော ထိနမိဒ္ဓသည်လည်း မဖြစ်ပေါ် ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓသည်လည်း ကင်းပျောက်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

၁၉။ ရဟန်းတို့ ဤ စိတ်၏ငြိမ်းအေးခြင်းသည် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ငြိမ်းအေးသော စိတ်ရှိသောသူအား မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စသည်လည်း ကင်းပျောက်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

၂၀။ ရဟန်းတို့ ဤ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း [၅] သည် မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း ကင်းပျောက်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာ၏လည်း ကင်းပျောက်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာသည်လည်း ကင်းပျောက်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

**နှစ်ခုမြောက် နီဝရဏပ္ပဟာနဝဂ် ပြီး၏။**

---

၁· ဗျာပါဒမှ လွတ်သော စိတ်နှင့် ယှဉ်သော မေတ္တာချာန်။ ၃· ပျင်းရိမှုမှ လွတ်မြောက်အောင် အားထုတ်ခြင်း။

၂· ဦးစွာ အစ အားထုတ်ခြင်း။ ၄· နိက္ကမဓာတ်ထက် လွန်ကဲအောင် အားထုတ်ခြင်း။

၅· အနိစ္စ၌ အနိစ္စဟု ဒုက္ခ၌ ဒုက္ခဟု အနတ္တ၌ အနတ္တဟု အသုဘ၌ အသုဘဟု မှန်သော နည်းလမ်းဖြင့် စိတ်၌ ထားခြင်း။

http://www.dhammadownload.com



## ၃-အကမ္မနိယဝဂ်

၂၁။ ရဟန်းတို့ မပွါးများအပ်သေးသော [1] ဤစိတ် [2] သည် ပြုခြင်းငှါ မသင့်လျော် မလွယ်ကူ [3] သကဲ့သို့ ဤအတူ ပြုခြင်းငှါ မသင့်လျော် မလွယ်ကူသော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မပွါးများအပ်သေးသော စိတ်သည် ပြုခြင်းငှါ မသင့်လျော် မလွယ်ကူ ဟု (မိန့်တော်မူ၏) ။

ပဌမသုတ်။

၂၂။ ရဟန်းတို့ ပွါးများအပ်ပြီးသော [4] ဤစိတ် [5] သည် ပြုခြင်းငှါ သင့်လျော် လွယ်ကူသကဲ့သို့ ဤအတူ ပြုခြင်းငှါ သင့်လျော်လွယ်ကူသော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပွါးများအပ်ပြီးသော စိတ်သည် ပြုခြင်းငှါ သင့်လျော် လွယ်ကူ၏ ဟု (မိန့်တော်မူ၏) ။

ဒုတိယသုတ်။

၂၃။ ရဟန်းတို့ မပွါးများအပ်သေးသော ဤ စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မပွါးများအပ်သေးသော စိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏) ။

တတိယသုတ်။

၂၄။ ရဟန်းတို့ ပွါးများအပ်ပြီးသော ဤ စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပွါးများအပ်ပြီးသော စိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ ဟု(မိန့်တော်မူ၏) ။

စတုတ္ထသုတ်။

၂၅။ ရဟန်းတို့ မပွါးများအပ်သေးသော ထင်ရှား မဖြစ်ပေါ်သေးသော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးမဲ့ခြင်းငှါဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မပွါးများအပ်သေးသော ထင်ရှားမဖြစ်ပေါ်သေးသော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏) ။

ပဉ္စမသုတ်။

၂၆။ ရဟန်းတို့ ပွါးများအပ်ပြီးသော ထင်ရှားဖြစ်ပေါ်ပြီးသော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း

---

၁-ဘာဝနာ၏ အစွမ်းဖြင့် မပွါးများအပ်သေး မဖြစ်စေအပ်သေးသော။
၂-ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော လောကီစိတ်။
၃-ဂါဒကစျာန် ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်တို့သို့ ရောက်အောင် ပြုခြင်းငှါ မသင့်လျော် မလွယ်ကူ။
၄-ဘာဝနာအစွမ်းဖြင့် ပွါးများအပ်ပြီး ဖြစ်စေအပ်ပြီးသော။
၅-ဝဋ်ဆင်းရဲမှ ကင်းလွတ်သော လောကုတ္တရာစိတ်။

http://www.dhammadownload.com



ငါမမြင်။ ရဟန်းတို့ ပွါးများအပ်ပြီးသော ထင်ရှား ဖြစ်ပေါ်ပြီးသော စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

၂၇။ ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန် အလေ့အလာ မပြုအပ်သေးသော ဤ စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန် အလေ့အလာ မပြုအပ်သေးသော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၂၈။ ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန် အလေ့အလာ ပြုအပ်ပြီးသော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန် အလေ့အလာ ပြုအပ်ပြီးသော စိတ်သည် များစွာအကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

၂၉။ ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန် အလေ့အလာ မပြုအပ်သေးသော ဤ စိတ်သည် ဆင်းရဲဒုက္ခကို ဆောင်သကဲ့သို့ ဤအတူ ဆင်းရဲဒုက္ခကို ဆောင်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မပွါးများအပ်သေးသော အဖန်ဖန် အလေ့အလာ မပြုအပ်သေးသော စိတ်သည် ဆင်းရဲဒုက္ခကို ဆောင်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

၃၀။ ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန် အလေ့အလာ ပြုအပ်ပြီးသော ဤစိတ်သည် ချမ်းသာသုခကို ဆောင်သကဲ့သို့ ဤအတူ ချမ်းသာသုခကို ဆောင်သော အခြား တခုသော တရားကို မျှလည်း ငါမမြင်။ ရဟန်းတို့ ပွါးများအပ်ပြီးသော အဖန်ဖန် အလေ့အလာ ပြုအပ်ပြီးသော စိတ်သည် ချမ်းသာသုခကို ဆောင်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် အကမ္မနိယဝဂ် ပြီး၏။

---

## ၄-အဒန္တဝဂ်

၃၁။ ရဟန်းတို့ မဆုံးမ အပ်သော ဤစိတ်သည် များစွာအကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မဆုံးမအပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



၃၂။ ရဟန်းတို့ ဆုံးမအပ်သော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ဆုံးမအပ်သော စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၃၃။ ရဟန်းတို့ မလုံခြုံစေအပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤ အတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မလုံခြုံစေအပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

၃၄။ ရဟန်းတို့ လုံခြုံစေအပ်သော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ လုံခြုံစေအပ်သော စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

၃၅။ ရဟန်းတို့ မစောင့်ရှောက်အပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မစောင့်ရှောက်အပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

၃၆။ ရဟန်းတို့ စောင့်ရှောက်အပ်သော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ စောင့်ရှောက်အပ်သော စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

၃၇။ ရဟန်းတို့ မဆိုပိတ်အပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မဆိုပိတ်အပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၃၈။ ရဟန်းတို့ ဆိုပိတ်အပ်သော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ဆိုပိတ်အပ်သော စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

၃၉။ ရဟန်းတို့ မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မဆိုပိတ်အပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား

http://www.dhammadownload.com



တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မဆုံးမအပ် မလုံခြုံစေအပ် မစောင့်ရှောက်အပ် မဆိုပိတ်အပ်သော စိတ်သည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

၄၀။ ရဟန်းတို့ ဆုံးမအပ် လုံခြုံစေအပ် စောင့်ရှောက်အပ် ဆိုပိတ်အပ်သော ဤစိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ဆုံးမအပ် လုံခြုံစေအပ် စောင့်ရှောက်အပ် ဆိုပိတ်အပ်သော စိတ်သည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် အဒန္တဝဂ် ပြီး၏။

---

## ၅-ပဏိဟိတအစ္ဆဝဂ်

၄၁။ ရဟန်းတို့ ဥပမာသော်ကား မကောင်းသဖြင့် ထားအပ်သော[၁] သလေးစပါးဆူးကို ဖြစ်စေ မုယောစပါးဆူးကို ဖြစ်စေ လက်ဖြင့်နှိပ်သော်၎င်း ခြေဖြင့် နင်းသော်၎င်း လက်ကိုသော်၎င်း ခြေကို သော်၎င်း စူးမူလည်း စူးလတ္တံ့၊ သွေးကို ဖြစ်စေမူလည်း ဖြစ်စေလတ္တံ့ ဟူသော ဤအကြောင်းသည် မရှိ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဆူးကို မကောင်းသဖြင့် ထားအပ်သောကြောင့်ပေတည်း။ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် မကောင်းသဖြင့် ထားအပ်သော စိတ်ဖြင့် အဝိဇ္ဇာ[၂] ကို စင်စစ် ခွဲဖျက်လတ္တံ့၊ ဝိဇ္ဇာ[၃] ကို ဖြစ်စေလတ္တံ့၊ နိဗ္ဗာန်ကို မျက်မှောက် ပြုလတ္တံ့ဟူသော ဤအကြောင်းသည် မရှိ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်ကို မကောင်းသဖြင့် ထားအပ်သောကြောင့်ပေတည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၄၂။ ရဟန်းတို့ ဥပမာသော်ကား ကောင်းစွာ ထားအပ်သော သလေးစပါးဆူးကို ဖြစ်စေ မုယောစပါးဆူးကို ဖြစ်စေ လက်ဖြင့်နှိပ်သော်၎င်း ခြေဖြင့်နင်းသော်၎င်း လက်ကိုသော်၎င်း ခြေကို သော်၎င်း စူးမူလည်း စူးလတ္တံ့၊ သွေးကို ဖြစ်စေမူလည်း ဖြစ်စေလတ္တံ့ဟူသော ဤအကြောင်းသည် ရှိ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဆူးကို ကောင်းစွာ ထားအပ်သော ကြောင့် ပေတည်း။ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် ကောင်းစွာ ထားအပ်သော စိတ်ဖြင့် အဝိဇ္ဇာကို စင်စစ် ခွဲဖျက်လတ္တံ့၊ ဝိဇ္ဇာကို ဖြစ်စေလတ္တံ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည် ရှိ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်ကို ကောင်းစွာ ထားအပ်သောကြောင့် ပေတည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

၁· စူးလတ္တံ့သော အခြင်းအရာဖြင့် ဆူးအဖျားကို အထက်သို့ ထောင် မထားခြင်းကို ဆိုသည်။
၂· သစ္စာလေးပါးကို မသိမြင်အောင် ဖုံးလွှမ်းသော မောဟ မှောင်ထိုက်။
၃· မောဟမှောင်ထိုက်ကို ဖောက်ခွဲ၍ သိမြင်သော အရဟတ္တမဂ်ဉာဏ်။

http://www.dhammadownload.com



၄၃။ ရဟန်းတို့ ဤလောက၌ (ဒေါသကြောင့်)ပျက်စီးသော စိတ်ရှိနေသော အချို့ပုဂ္ဂိုလ်ကို (ငါ၏)စိတ်ဖြင့် (ထိုသူ၏) စိတ်ကို ဤသို့ ပိုင်းခြား၍ သိ၏၊ ဤပုဂ္ဂိုလ်သည် ဤအခါ၌ အကယ်၍ သေငြားအံ့၊ ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရမည်သာလျှင် ဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ ထိုပုဂ္ဂိုလ်၏ စိတ်သည် ပျက်စီးသောကြောင့်တည်း။ ရဟန်းတို့ ဤသို့ စိတ်၏ ပျက်စီးခြင်း ဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

၄၄။ ရဟန်းတို့ ဤလောက၌ (သဒ္ဓါတရားကြောင့်) ကြည်လင်သော စိတ်ရှိနေသော အချို့ပုဂ္ဂိုလ်ကို (ငါ၏)စိတ်ဖြင့် (ထိုသူ၏)စိတ်ကို ဤသို့ ပိုင်းခြား၍ သိ၏၊ ဤပုဂ္ဂိုလ်သည် ဤအခါ၌ အကယ်၍ သေငြားအံ့၊ ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရမည်သာလျှင် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ ထိုပုဂ္ဂိုလ်၏ စိတ်သည် ကြည်လင်သောကြောင့်တည်း။ ရဟန်းတို့ ဤသို့ စိတ်၏ ကြည်လင်ခြင်း ဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သတ္တဝါ တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

၄၅။ ရဟန်းတို့ ဥပမာသော်ကား ရေအိုင်သည် နောက်ကျု၏၊ ပေါက်ပက်ခတ်၏၊ ညွန်အနည်ထ၏၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် ကမ်းနား၌ ရပ်၍ ထိုရေအိုင်၌ သွားနေသည်လည်း ဖြစ်သော ရပ်တည်နေသည်လည်း ဖြစ်သော ယောက်သွား ခရုကိုရင်း ကျောက်စရစ် အိုးခြမ်းကွဲကိုရင်း ငါးအပေါင်းကိုရင်း မမြင်နိုင်ရာ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ ရေ၏ နောက်ကျုနေခြင်းကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် နောက်ကျုသော စိတ်ဖြင့် စင်စစ် မိမိအကျိုးကိုလည်း သိလတ္တံ့၊ သူတပါး အကျိုးကိုလည်း သိလတ္တံ့၊ နှစ်ပါးစုံ အကျိုးကိုလည်း သိလတ္တံ့၊ အရိယာတို့အား လျောက်ပတ်သော ဉာဏ်အမြင်အထူးဖြစ်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော (ဈာန် မဂ် ဖိုလ်) တရားကိုလည်း မျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည် မရှိ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ စိတ်၏ နောက်ကျုနေခြင်းကြောင့်တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

၄၆။ ရဟန်းတို့ ဥပမာသော်ကား ရေအိုင်သည် ကြည်လင်၏၊ သန့်ရှင်း၏၊ နောက်ကျုခြင်းကင်း၏၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် ကမ်းနား၌ ရပ်၍ ဤရေအိုင်၌ သွားနေသည်လည်း ဖြစ်သော ရပ်တည်နေသည်လည်း ဖြစ်သော ယောက်သွား ခရုကိုရင်း ကျောက်စရစ် အိုးခြမ်းကွဲကိုရင်း ငါးအပေါင်းကိုရင်း မြင်နိုင်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း

http://www.dhammadownload.com



ဟူမူ—ရဟန်းတို့ ရေ၏ မနောက်ကျူခြင်းကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် မနောက်ကျူသော စိတ်ဖြင့် စင်စစ် မိမိအကျိုးကိုလည်း သိလတ္တံ့၊ သူတပါး အကျိုးကိုလည်း သိလတ္တံ့၊ နှစ်ပါးစုံ အကျိုးကိုလည်း သိလတ္တံ့၊ အရိယာပုဂ္ဂိုလ်တို့အား လျောက်ပတ်သော ဉာဏ်အမြင် အထူးဖြစ်သော လူတို့၏ ကုသိုလ် ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော (ဈာန် မဂ် ဖိုလ်) တရားကိုလည်း မျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည် ရှိ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ စိတ်၏ မနောက်ကျူခြင်းကြောင့်တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

၄၇။ ရဟန်းတို့ ဥပမာသော်ကား အမှတ်မရှိကုန်သော သစ်ပင်မျိုးတို့သည် ရှိကြကုန်၏၊ ထိုသစ်ပင်မျိုးတို့တွင် ကြို့ပင်ကို နူးညံ့သည်၏ အဖြစ်ကြောင့်ရင်း ပြုခြင်းငှါ သင့်လျော်လွယ်ကူသည့် အဖြစ်ကြောင့်ရင်း အကောင်းဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ဤအတူပင် ပွါးများအပ်ပြီးသော အဖန်ဖန် အလေ့အလာ ပြုအပ်ပြီးသော ဤစိတ်သည် နူးညံ့သည်လည်း ဖြစ်သကဲ့သို့ ပြုခြင်းငှါ သင့်လျော်လွယ်ကူသည်လည်း ဖြစ်သကဲ့သို့ ဤအတူ နူးညံ့သည်လည်း ဖြစ်သော ပြုခြင်းငှါ သင့်လျော် လွယ်ကူသည်လည်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပွါးများအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော စိတ်သည် နူးညံ့သည်လည်း ဖြစ်၏၊ ပြုခြင်းငှါ သင့်လျော် လွယ်ကူသည်လည်း ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၄၈။ ရဟန်းတို့ ဤစိတ်သည် လျင်မြန်စွာ ပြောင်းလဲသကဲ့သို့ ဤအတူ လျင်မြန်စွာ ပြောင်းလဲသော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ စိတ်သည် အလွန်လျင်မြန်စွာ ပြောင်းလဲ၏၊ ဥပမာပြုရန် မလွယ် ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

၄၉။ ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏၊ ထိုစိတ်သည် ပင် (အကုသိုလ် ဇော ခဏ၌) ဧည့်သည်သဖွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့ကြောင့် ညစ်ညူးရ၏ ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

၅၀။ ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏၊ထိုစိတ်သည်ပင် (ကုသိုလ် ဇော ခဏ၌) ဧည့်သည် သဖွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့မှ ကင်းလွတ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ပဏိဟိတအစ္ဆဝဂ် ပြီး၏။

http://www.dhammadownload.com



## ၆-အစ္ဆရာသင်္ဃာတဝဂ်

၅၁။ ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏၊ထိုစိတ်သည်ပင် (အကုသိုလ်ဇော ခဏ၌) ညှိုးသည်သဖွယ် ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့ကြောင့် ညစ်ညူးရ၏၊ ထို(အခြင်းအရာ)ကို အကြားအမြင် မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဟုတ်တိုင်းမှန်စွာ မသိ၊ ထို့ကြောင့် "အကြားအမြင် မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်[၁] အား စိတ်ကို ပွါးများခြင်း မရှိ" ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၅၂။ ရဟန်းတို့ ဤ(ဘဝင်)စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏၊ထိုစိတ်သည်ပင်(ကုသိုလ် ဇောခဏ၌)ညှိုးသည်သဖွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့မှ ကင်းလွတ်၏၊ ထို(အခြင်းအရာ)ကို အကြားအမြင်ရှိသော အရိယာသာဝက[၂] သည် ဟုတ်တိုင်းမှန်စွာ သိ၏၊ ထို့ကြောင့် "အကြားအမြင်ရှိသော အရိယာသာဝကအား စိတ်ကို ပွါးများခြင်း ရှိ၏" ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၅၃။ ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတွက်ခန့်မျှလည်း မေတ္တာနှင့် ယှဉ်သော စိတ်ကို အကယ်၍ မှီဝဲအံ့၊ ရဟန်းတို့ ဤရဟန်းသည် ဈာန်မှ ဆိတ်သုဉ်းခြင်းမရှိမူ၍နေသူ မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍နေသူ အဆုံးအမကို လိုက်နာ၍နေသူ တိုင်းသူပြည်သားတို့ ပေးလှူသော ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟု ဆိုထိုက်၏။ ထိုမေတ္တာနှင့် ယှဉ်သော စိတ်ကို အဖန်ဖန် အလေ့အလာပြုကုန်သော ရဟန်းတို့ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

၅၄။ ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတွက်ခန့်မျှလည်း မေတ္တာနှင့်ယှဉ်သော စိတ်ကို အကယ်၍ ပွါးများအံ့၊ ရဟန်းတို့ ဤရဟန်းသည် ဈာန်မှဆိတ်သုဉ်းခြင်း မရှိမူ၍နေသူ မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍နေသူ အဆုံးအမကို လိုက်နာ၍နေသူ တိုင်းသူပြည်သားတို့ ပေးလှူသော ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟု ဆိုထိုက်၏။ ထိုမေတ္တာနှင့်ယှဉ်သော စိတ်ကို အဖန်ဖန် အလေ့အလာ ပြုကုန်သော ရဟန်းတို့ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

၅၅။ ရဟန်းတို့ လက်ဖျစ်တတွက်ခန့်မျှလည်း မေတ္တာနှင့်ယှဉ်သော စိတ်ကို အကယ်၍ နှလုံးသွင်းအံ့၊ရဟန်းတို့ ဤရဟန်းသည် ဈာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍နေသူ မြတ်စွာဘုရား၏ သွန်သင်မှုကို

---

၁. ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာတို့ဖြင့် ရစ်ပတ် ဖုံးလွှမ်းနေသော ပုဂ္ဂိုလ်။

၂. ရဟန်းဖြစ်စေ လူဖြစ်စေ မဂ် ဖိုလ် ဆိုက်ရောက်ပြီးသော မြတ်စွာဘုရား၏ တပည့်သားအပေါင်း။

http://www.dhammadownload.com



လိုက်နာ၍ နေသူ အဆုံးအမကို လိုက်နာ၍ နေသူ တိုင်းသူပြည်သားတို့ ပေးလှူသော ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူဟု ဆိုထိုက်၏။ ထိုမေတ္တာနှင့်ယှဉ်သော စိတ်ကို အဖန်ဖန် အလေ့အလာပြုကုန်သော ရဟန်းတို့ကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

၅၆။ ရဟန်းတို့ အကုသိုလ်ကို မှီ၍ ဖြစ်ကုန်သော အကုသိုလ် အသင်းဝင်ဖြစ်ကုန်သော အကုသိုလ်ဟူသမျှ အားလုံးတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ ထိုတရားတို့တွင် စိတ်သည် ရှေးဦးစွာဖြစ်၏၊ အကုသိုလ်တရားတို့သည် အတူတကွ လိုက်၍ သာလျှင် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

၅၇။ ရဟန်းတို့ ကုသိုလ်ကို မှီ၍ ဖြစ်ကုန်သော ကုသိုလ်အသင်းဝင် ဖြစ်ကုန်သော ကုသိုလ်ဟူသမျှအားလုံးတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ ထိုတရားတို့တွင် စိတ်သည် ရှေးဦးစွာ ဖြစ်၏၊ ကုသိုလ်တရားတို့သည် အတူတကွ လိုက်၍သာလျှင် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၅၈။ ရဟန်းတို့ ဤမေ့လျော့ခြင်း 'ပမာဒ'တရား[၁]သည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ် တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မေ့လျော့သောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

၅၉။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မမေ့မလျော့သောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

၁-ဒုစရိုက်တရားတို့၌ရှင်း ကာမဂုဏ်ငါးပါးတို့၌ရှင်း စိတ်ကို စွန့်လွှတ်၍ ထားခြင်း ကုသိုလ်တို့၏ ဖြစ်ပေါ်သွားခြင်း၌ ဆန္ဒမရှိခြင်း ဆုတ်နစ်ခြင်း မေ့လျော့ခြင်း။

http://www.dhammadownload.com



၆၀။ ရဟန်းတို့ ဤပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပျင်းရိသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

ခြောက်ခုမြောက် အစ္စရာသင်္ဃာတဝဂ် ပြီး၏။

---

## ၇-ဝီရိယာရမ္ဘာဒိဝဂ်

၆၁။ ရဟန်းတို့ ဤထက်သန်သောလုံ့လ'ဝီရိယာရမ္ဘ'[1]တရားသည်မဖြစ်ပေါ်သေးသောကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ထက်သန်သော လုံ့လရှိသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၆၂။ ရဟန်းတို့ ဤ အလိုကြီးခြင်း 'မဟိစ္ဆတာ'တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်းဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အလိုကြီးသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၆၃။ ရဟန်းတို့ ဤ အလိုနည်းခြင်း 'အပ္ပိစ္ဆတာ' တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော

---

၁-ထက်ကြွ ပြည့်စုံသော သမ္မပ္ပဓာန် ဝီရိယ။

http://www.dhammadownload.com



တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အလိုနည်းသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

၆၄။ ရဟန်းတို့ ဤ မရောင့်ရဲခြင်း'အသန္တုဋ္ဌိတာ'တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မရောင့်ရဲသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

၆၅။ ရဟန်းတို့ ဤရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ'တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ရောင့်ရဲသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

၆၆။ ရဟန်းတို့ ဤ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသောမနသိကာရ' တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

၆၇။ ရဟန်းတို့ ဤ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသောမနသိကာရ'တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်

http://www.dhammadownload.com



ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၆၈။ ရဟန်းတို့ ဤ မဆင်ခြင်ခြင်း 'အသမ္ပဇည' တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မဆင်ခြင်သောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

၆၉။ ရဟန်းတို့ ဤ ဆင်ခြင်ခြင်း 'သမ္ပဇည'တရားသည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ဆင်ခြင်သောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

၇၀။ ရဟန်းတို့ ဤအဆွေခင်ပွန်းယုတ်[၁] ရှိခြင်း 'ပါပမိတ္တတာ' တရားသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အဆွေခင်ပွန်းယုတ်ရှိသောသူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

**ခုနစ်ခုမြောက် ဝီရိယာရမ္ဘာဒိဝဂ် ပြီး၏။**

---

၁-သဒ္ဓါမရှိသော သီလမရှိသော အကြားအမြင်နည်းသော နှမြောဝန်တိုသော ပညာမဲ့သော အဆွေခင်ပွန်း။

http://www.dhammadownload.com



## ၈-ကလျာဏမိတ္တာဒိဝဂ်

၇၁။ ရဟန်းတို့ ဤ အဆွေခင်ပွန်းကောင်း [၁] ရှိခြင်း 'ကလျာဏမိတ္တတာ' တရားသည် မဖြစ်ပေါ် သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ် တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အဆွေခင်ပွန်းကောင်းရှိသောသူအား မဖြစ်ပေါ် သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရား တို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏) ။

ပဌမသုတ်။

၇၂။ ရဟန်းတို့ ဤ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်း သည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ် တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ် တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းကြောင့် မဖြစ်ပေါ်သေးသော အကုသိုလ်တရား တို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏) ။

ဒုတိယ သုတ်။

၇၃။ ရဟန်းတို့ ဤ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်း သည် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ကုသိုလ် တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းကြောင့် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ် တရားတို့သည်လည်း ဆုတ်သုတ်ကုန်၏ ဟု (မိန့်တော်မူ၏) ။

တတိယသုတ်။

၇၄။ ရဟန်းတို့ ဤ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် မဖြစ်ပေါ် သေးသော ဗောဇ္ဈင် [၂] တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့၏ လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ မရောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော

---

၁-သဒ္ဓါရှိသော သီလရှိသော အကြားအမြင်များသော ပေးလှူစွန့်ကြဲဘက်သော ပညာရှိသော အဆွေခင်ပွန်း။
၂-ဗောဓိဉာဏ်၏ အစိတ်အပိုင်း ဗုဒ္ဓဖြစ်ကြောင်းအင်္ဂါ သစ္စာလေးပါးကို သိစေတတ်သော တရား။

http://www.dhammadownload.com



ဗောဇ္ဈင်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင် တရားတို့၏လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ မရောက်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့သည်လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ မရောက်ကုန် ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

၇၅။ ရဟန်းတို့ ဤ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရား၏တို့လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကြောင်းဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့၏လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကြောင်းဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ဗောဇ္ဈင်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ဗောဇ္ဈင်တရားတို့သည်လည်း ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

၇၆။ ရဟန်းတို့ အကြင် ဆွေမျိုးတို့၏ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤ ဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာဖြစ်၏။ ရဟန်းတို့ အကြင် ပညာ၏ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤ ဆုတ်ယုတ်ခြင်းသည် ဆုတ်ယုတ်ခြင်းတကာတို့တွင် အယုတ်ဆုံးတည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

၇၇။ ရဟန်းတို့ အကြင် ဆွေမျိုးတို့၏ကြီးပွါးခြင်းသည် ရှိ၏၊ ဤ ကြီးပွါးခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ ရဟန်းတို့ အကြင် ပညာ၏ ကြီးပွါးခြင်းသည် ရှိ၏၊ ဤ ကြီးပွါးခြင်းသည် ကြီးပွါးခြင်းတကာတို့တွင် အမြတ်ဆုံးတည်း။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ပညာ၏ ကြီးပွါးခြင်းဖြင့် ကြီးပွါးကုန်အံ့" ဟု နှလုံးသွင်း၍ ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤအတိုင်း သာလျှင် ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၇၈။ ရဟန်းတို့ အကြင် စည်းစိမ်ဥစ္စာ၏ ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ ရဟန်းတို့ အကြင် ပညာ၏ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤပညာ၏ ဆုတ်ယုတ်ခြင်းသည် ဆုတ်ယုတ်ခြင်းတကာတို့တွင် အယုတ်ဆုံးတည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



၇၉။ ရဟန်းတို့ အကြင် စည်းစိမ်ဥစ္စာ၏ကြီးပွါးခြင်းသည် ရှိ၏၊ ဤကြီးပွါးခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ ရဟန်းတို့ အကြင် ပညာ၏ ကြီးပွါးခြင်းသည် ရှိ၏၊ ဤ ကြီးပွါးခြင်းသည် ကြီးပွါးခြင်းတကာတို့တွင် အမြတ်ဆုံးတည်း။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ပညာ၏ ကြီးပွါးခြင်းဖြင့် ကြီးပွါးကုန်အံ့" ဟု နှလုံးသွင်း၍ ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤအတိုင်းသာ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

၈၀။ ရဟန်းတို့ အကြင် အခြံအရံ၏ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ဤ ဆုတ်ယုတ်ခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ ရဟန်းတို့ အကြင်ပညာ၏ ဆုတ်ယုတ်ခြင်းသည် ရှိ၏၊ ဤဆုတ်ယုတ်ခြင်းသည် ဆုတ်ယုတ်ခြင်းတကာတို့တွင် အယုတ်ဆုံးတည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှစ်ခုမြောက် ကလျာဏမိတ္တာဒိဝဂ် ပြီး၏။

---

## ၉-ပမာဒါဒိဝဂ်

၈၁။ ရဟန်းတို့ အကြင် အခြံအရံ၏ ကြီးပွါးခြင်းသည် ရှိ၏၊ ဤကြီးပွါးခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ရဟန်းတို့ အကြင် ပညာ၏ကြီးပွါးခြင်းသည် ရှိ၏၊ ဤ ကြီးပွါးခြင်းသည် ကြီးပွါးခြင်းတကာတို့တွင် အမြတ်ဆုံးတည်း။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ပညာ၏ကြီးပွါးခြင်းဖြင့် ကြီးပွါးကုန်အံ့" ဟု နှလုံးသွင်း၍ ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤအတိုင်းသာ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၈၂။ ရဟန်းတို့ ဤ မေ့လျော့ခြင်း 'ပမာဒ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မေ့လျော့ခြင်း 'ပမာဒ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၈၃။ ရဟန်းတို့ ဤ မမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



၇၄။ ရဟန်းတို့ ဤ ပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

၇၅။ ရဟန်းတို့ ဤထက်သန်သော လုံ့လ 'ဝီရိယာရမ္ဘ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ထက်သန်သော လုံ့လ'ဝီရိယာရမ္ဘ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

၇၆။ ရဟန်းတို့ ဤအလိုကြီးခြင်း'မဟိစ္ဆတာ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ရဟန်းတို့ အလိုကြီးခြင်း 'မဟိစ္ဆတာ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

၇၇။ ရဟန်းတို့ ဤ အလိုနည်းခြင်း 'အပ္ပိစ္ဆတာ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အလိုနည်းခြင်း 'အပ္ပိစ္ဆတာ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

၇၈။ ရဟန်းတို့ ဤမရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ' တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

၇၉။ ရဟန်းတို့ ဤရောင့်ရဲခြင်း'သန္တုဋ္ဌိတာ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

၈၀။ ရဟန်းတို့ ဤ မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မသင့်လျော်သောအကြောင်း အားဖြင့် နှလုံးသွင်းခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

http://www.dhammadownload.com



၉၁။ ရဟန်းတို့ ဤ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

**ကောဒသမသုတ်။**

၉၂။ ရဟန်းတို့ ဤမဆင်ခြင်ခြင်း 'အသမ္ပဇည'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်းငါမမြင်။ ရဟန်းတို့ မဆင်ခြင်ခြင်း'အသမ္ပဇည'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါဖြစ်၏ ဟု (မိန့်တော်မူ၏)။

**ဒွါဒသမသုတ်။**

၉၃။ ရဟန်းတို့ ဤဆင်ခြင်ခြင်း 'သမ္ပဇည'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ဆင်ခြင်ခြင်း 'သမ္ပဇည'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

**တေရသမသုတ်။**

၉၄။ ရဟန်းတို့ ဤအဆွေခင်ပွန်းယုတ်ရှိခြင်း 'ပါပမိတ္တတာ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အဆွေခင်ပွန်းယုတ် ရှိခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

**စုဒ္ဒသမသုတ်။**

၉၅။ ရဟန်းတို့ ဤအဆွေခင်ပွန်းကောင်းရှိခြင်း 'ကလျာဏမိတ္တတာ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အဆွေခင်ပွန်းကောင်းရှိခြင်းသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

**ပန္နရသမသုတ်။**

၉၆။ ရဟန်းတို့ ဤ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

**သောဠသမသုတ်။**

၉၇။ ရဟန်းတို့ ဤ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား

http://www.dhammadownload.com



တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တရသမသုတ်။

ကိုးခုမြောက် ပမာဒါဒိဝဂ် ပြီး၏။

---

## ၁၀-ဒုတိယ ပမာဒါဒိဝဂ်

၉၈။ ရဟန်းတို့ ဤမေ့လျော့ခြင်း 'ပမာဒ'တရားသည် မိမိ၏ အတွင်း သန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏ အတွင်း သန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသော အကြောင်းကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မေ့လျော့ခြင်း 'ပမာဒ'တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၉၉။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏ အတွင်း သန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၁၀၀။ ရဟန်းတို့ ဤပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပျင်းရိခြင်း 'ကောသဇ္ဇ' တရားသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

၁၀၁။ ရဟန်းတို့ ထက်သန်သောလုံ့လ 'ဝီရိယာရမ္ဘ'တရားသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏ အတွင်း သန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ထက်သန်သောလုံ့လ 'ဝီရိယာရမ္ဘ'တရားသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



၁၀၂-၁၀၉။ ရဟန်းတို့ ဤ အလိုကြီးခြင်း 'မဟိစ္ဆတာ'တရားသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ပ။အလိုနည်းခြင်း'အပ္ပိစ္ဆတာ'တရားသည်။ မရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ' တရားသည်။ ရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ'တရားသည်။ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ'တရားသည်။ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ'တရားသည်။ မဆင်ခြင်ခြင်း 'အသမ္ပဇညတရား'သည်။ ဆင်ခြင်ခြင်း 'သမ္ပဇည'တရားသည်။

ဒွါဒသမသုတ်။

၁၁၀။ ရဟန်းတို့ ဤ အဆွေခင်ပွန်းယုတ်ရှိခြင်း 'ပါပမိတ္တတာ'တရားသည် အပသန္တာန်၌ ဖြစ်သော အကြောင်းဟု ပြု၍ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ အပသန္တာန်၌ ဖြစ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါ မမြင်။ ရဟန်းတို့ အဆွေခင်ပွန်းယုတ် ရှိခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

၁၁၁။ ရဟန်းတို့ ဤ အဆွေခင်ပွန်းကောင်းရှိခြင်း 'ကလျာဏမိတ္တတာ' တရားသည် အပသန္တာန်၌ ဖြစ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ အပသန္တာန်၌ ဖြစ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အဆွေခင်ပွန်းကောင်းရှိခြင်းသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

စုဒ္ဒသမသုတ်။

၁၁၂။ ရဟန်းတို့ ဤ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ အကုသိုလ် တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးမဲ့ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပန္နရသမသုတ်။

၁၁၃။ ရဟန်းတို့ ဤ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်း ဟု ပြု၍ များစွာအကျိုး ရှိခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာ အကျိုးရှိခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သောဠသမသုတ်။

http://www.dhammadownload.com



၁၁၄။ ရဟန်းတို့ ဤမေ့လျော့ခြင်း 'ပမာဒ'တရားသည် သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မေ့လျော့ခြင်း 'ပမာဒ' တရားသည် သာသနာတော်၏ ပျက်စီးခြင်းကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တရသမသုတ်။

၁၁၅။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း 'အပ္ပမာဒ'တရားသည် သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှ လည်း ငါမမြင်။ ရဟန်းတို့ မမေ့မလျော့ခြင်း 'အပ္ပမာဒ' တရားသည် သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌာရသမသုတ်။

၁၁၆။ ရဟန်းတို့ ဤပျင်းရိခြင်း 'ကောသဇ္ဇ'တရားသည် သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ပျင်းရိခြင်း 'ကောသဇ္ဇ' တရားသည် သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဧကူနဝီသတိမသုတ်။

၁၁၇။ ရဟန်းတို့ ဤ ထက်သန်သောလုံ့လ 'ဝီရိယာရမ္ဘ'တရားသည် သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှ လည်း ငါမမြင်။ ရဟန်းတို့ ထက်သန်သော လုံ့လ 'ဝီရိယာရမ္ဘ' တရားသည် သာသနာတော်၏ ကြာမြင့်စွာတည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဝီသတိမသုတ်။

၁၁၈-၁၂၀။ ရဟန်းတို့ ဤအလိုကြီးခြင်း 'မဟိစ္ဆတာ'တရားသည် သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ပ။အလိုနည်းခြင်း 'အပ္ပိစ္ဆတာ'တရားသည်။ မရောင့်ရဲခြင်း 'အသန္တုဋ္ဌိတာ'တရားသည်။ ရောင့်ရဲခြင်း 'သန္တုဋ္ဌိတာ' တရားသည်။ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ'တရားသည်။ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ'တရားသည်။ မဆင်ခြင်ခြင်း 'အသမ္ပဇည'တရားသည်။ ဆင်ခြင်ခြင်း 'သမ္ပဇည'တရားသည်။ အဆွေခင်ပွန်းယုတ်ရှိခြင်း 'ပါပမိတ္တတာ'တရားသည်။ အဆွေခင်ပွန်းကောင်းရှိခြင်း 'ကလျာဏမိတ္တတာ'တရားသည်။ အကုသိုလ်တရားတို့ကို အား

http://www.dhammadownload.com



ထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည်။ ရဟန်းတို့ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် သာသနာတော်၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

### ကောဋ္ဌိသတိမသုတ်။

၁၂၉။ ရဟန်းတို့ ဤ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် သာသနာတော်၏ ကြာမြင့်စွာ တည်တံ့ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သကဲ့သို့ ဤအတူ သာသနာတော်၏ ကြာမြင့်စွာ တည်တံ့ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် သာသနာတော်၏ ကြာမြင့်စွာ တည်တံ့ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

### ဗာတ္တိံသတိမသုတ်။

### စတုက္ကောဋိကပြီး၏။

၁၃၀။ ရဟန်းတို့ အကြင်ရဟန်းတို့သည် အဓမ္မ[၁] ကို "ဓမ္မ" [၂] ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤ သာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

### တေတ္တိံသတိမသုတ်။

၁၃၁။ ရဟန်းတို့ အကြင် ရဟန်းတို့သည် ဓမ္မကို "အဓမ္မ"ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)၊

### စတုတ္တိံသတိမသုတ်။

၁၃၂-၁၃၉။ ရဟန်းတို့ အကြင် ရဟန်းတို့သည် အဝိနယ[၃]ကို "ဝိနယ" [၄] ဟု ပြကုန်၏။ပ။ ဝိနယကို "အဝိနယ"ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို "မြတ်စွာ

---

၁- သုတ္တန် ပရိယာယ်အားဖြင့် အကုသလကမ္မပထတရားဆယ်ပါး ဝိနည်းပရိယာယ်အားဖြင့် မဟုတ်မမှန်သောဝတ္ထုဖြင့် စောဒနာခြင်းစသည်။

၂- သုတ္တန်ပရိယာယ်အားဖြင့် ကုသလကမ္မပထတရားဆယ်ပါး ဝိနည်းပရိယာယ်အားဖြင့် ဟုတ်မှန်သော ဝတ္ထုဖြင့် စောဒနာခြင်းစသည်။

၃- သုတ္တန်ပရိယာယ်အားဖြင့် ရာဂစသည်တို့ကို မပယ်ခြင်း ပညာဖြင့် မဆင်ခြင်ခြင်း၊ ဝိနည်းပရိယာယ်အားဖြင့် ဝတ္ထုဝိပတ္တိ သိမာဝိပတ္တိစသည်။

၄- သုတ္တန်ပရိယာယ်အားဖြင့် ရာဂစသည်တို့ကို ပယ်ခြင်း ပညာဖြင့် ဆင်ခြင်ခြင်း၊ ဝိနည်းပရိယာယ်အားဖြင့် ဝတ္ထုသမ္ပတ္တိ သိမာသမ္ပတ္တိ စသည်။

http://www.dhammadownload.com



ဘုရား ဟောအပ် ပြောအပ်၏”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို “မြတ်စွာဘုရား မဟောအပ် မပြောအပ်”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်သည်ကို “မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်၏”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်သည်ကို “မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား မပညတ် အပ်သည်ကို “မြတ်စွာဘုရား ပညတ်အပ်၏” ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား ပညတ်အပ်သည်ကို “မြတ်စွာဘုရား မပညတ်အပ်” ဟု ပြကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။ ဒုတိယပမာဒါဒိဝဂ်ပြီး၏။

ဆယ်ခုမြောက် ဒုတိယ ပမာဒါဒိဝဂ် ပြီး၏။

---

## ၁၁-အဓမ္မဝဂ်

၁၄၀။ ရဟန်းတို့ အကြင် ရဟန်းတို့သည် အဓမ္မကို “အဓမ္မ”ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုး ဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါး ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၁၄၁။ ရဟန်းတို့ အကြင်ရဟန်းတို့သည် ဓမ္မကို “ဓမ္မ” ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါး ဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါး ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၁၄၂-၁၄၉။ ရဟန်းတို့ အကြင်ရဟန်းတို့သည် အဝိနယကို “အဝိနယ”ဟု ပြကုန်၏။ပ။ ဝိနယကို “ဝိနယ”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို “မြတ်စွာဘုရား မဟောအပ် မပြောအပ်”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို “မြတ်စွာဘုရား ဟောအပ် ပြောအပ်၏”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်သည်ကို “မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်သည်ကို “မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်၏”ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား မပညတ်အပ်

http://www.dhammadownload.com



သည်ကို "မြတ်စွာဘုရား မဟောတော်မူ"ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏"ဟု ပြကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါး ဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီး အပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ထိုရဟန်းတို့သည် ဤသာသနာတော်ကို လည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

တဆယ့်တခုမြောက် အဓမ္မဝဂ် ပြီး၏။

---

## ၁၂-အနာပတ္တိဝဂ်

၁၅၀။ ရဟန်းတို့ အကြင်ရဟန်းတို့သည် အာပတ်မဟုတ်သည်ကို "အာပတ်"ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူ အများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

၁၅၁။ ရဟန်းတို့ အကြင်ရဟန်းတို့သည် အာပတ်ကို "အာပတ် မဟုတ်"ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်း တို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

၁၅၂-၁၅၉။ ရဟန်းတို့ အကြင်ရဟန်းတို့သည် ပေါ့သော အာပတ်ကို "လေးသော အာပတ်" ဟု ပြကုန်၏။ပ။ လေးသောအာပတ်ကို "ပေါ့သော အာပတ်" ဟု ပြကုန်၏။ပ။ ရှုန့်ရင်းသော အာပတ်ကို "ရှုန့်ရင်းသော အာပတ် မဟုတ်" ဟု ပြကုန်၏။ပ။ ရှုန့်ရင်းသော အာပတ်မဟုတ်သည် ကို "ရှုန့်ရင်းသော အာပတ်" ဟု ပြကုန်၏ ။ပ။ ကုစားခြင်း အကြွင်းရှိသော အာပတ်ကို "ကုစားခြင်း အကြွင်းမရှိသော အာပတ်" ဟု ပြကုန်၏။ပ။ကုစားခြင်း အကြွင်းမရှိသော အာပတ်ကို "ကုစားခြင်း အကြွင်းရှိသော အာပတ်" ဟု ပြကုန်၏။ပ။ ကုစားကောင်းသောအာပတ်ကို "မကုစားကောင်း သော အာပတ်"ဟု ပြကုန်၏။ပ။မကုစားကောင်းသော အာပတ်ကို"ကုစားကောင်းသော အာပတ်" ဟု ပြကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာ မဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည်

http://www.dhammadownload.com



မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

၁၆၀။ ရဟန်းတို့ အကြင်ရဟန်းတို့သည် အာပတ် မဟုတ်သည်ကို "အာပတ် မဟုတ်"ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

၁၆၁။ ရဟန်းတို့ အကြင်ရဟန်းတို့သည် အာပတ်ကို "အာပတ်"ဟု ပြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါး ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

၁၆၂-၁၆၉။ ရဟန်းတို့ အကြင်ရဟန်းတို့သည် ပေါ့သော အာပတ်ကို "ပေါ့သော အာပတ်"ဟု ပြကုန်၏။ လေးသောအာပတ်ကို "လေးသော အာပတ်"ဟု ပြကုန်၏။ ရှုန့်ရင်းသော အာပတ်ကို "ရှုန့်ရင်းသော အာပတ်"ဟု ပြကုန်၏။ရှုန့်ရင်းသော အာပတ် မဟုတ်သည်ကို "ရှုန့်ရင်းသော အာပတ် မဟုတ်"ဟု ပြကုန်၏။ ကုစားခွင့် အကြွင်းရှိသော အာပတ်ကို "ကုစားခွင့်အကြွင်းရှိသော အာပတ်" ဟု ပြကုန်၏။ကုစားခွင့် အကြွင်းမရှိသော အာပတ်ကို "ကုစားခွင့် အကြွင်းမရှိသော အာပတ်"ဟု ပြကုန်၏။ကုစားကောင်းသော အာပတ်ကို "ကုစားကောင်းသော အာပတ်" ဟု ပြကုန်၏။ မကုစားကောင်းသော အာပတ်ကို "မကုစားကောင်းသော အာပတ်" ဟု ပြကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါး ဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏ အစီးအပွါး ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဝီသတိမသုတ်။

တဆယ့်နှစ်ခုမြောက် အနာပတ္တိဝဂ် ပြီး၏။

http://www.dhammadownload.com



## ၁၃-ကေပုဂ္ဂလဝဂ်

၁၇၀။ ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်သည် [1] လောက၌ ဖြစ်ပေါ်သည်ရှိသော် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ သတ္တလောကကို အစဉ်သနားခြင်းငှါ နတ်လူတို့၏ အကျိုးဖြစ်ခြင်းငှါ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏။ တဦးတည်းသော ပုဂ္ဂိုလ်သည် အဘယ်နည်း ဟူမူ— ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားတည်း။ ရဟန်းတို့ ဤ တဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လူအများ၏ အစီးအပွါးဖြစ်ခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ သတ္တလောကကို အစဉ်သနားခြင်းငှါ နတ်လူတို့၏ အကျိုးဖြစ်ခြင်းငှါ အစီးအပွါး ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁)

၁၇၁။ ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏။ အဘယ် တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်ခြင်းနည်း ဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်ခြင်းတည်း။ ရဟန်းတို့ ဤ ဘဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှား ဖြစ်ပေါ်ခြင်းကို လောက၌ ရခဲ၏ ဟု (မိန့်တော်မူ၏)။ (၂)

၁၇၂။ ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လက်ဖျစ်တီး၍ အံ့ချီးလောက်သောသူ ဖြစ်၏။ တဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း ဟူမူ—ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားတည်း။ ရဟန်းတို့ ဤတဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည် ရှိသော် လက်ဖျစ်တီး၍ အံ့ချီးလောက်သူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၃)

၁၇၃။ ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ကွယ်လွန်ခြင်းသည် လူအများအား ပူပန်ခြင်းကို ဖြစ်စေ၏။ အဘယ်တဦးတည်းသော ပုဂ္ဂိုလ်၏ ကွယ်လွန်ခြင်း နည်း ဟူမူ—ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ ကွယ်လွန်ခြင်းတည်း။ရဟန်းတို့ ဤ တဦးတည်းသော ပုဂ္ဂိုလ်၏ ကွယ်လွန်ခြင်းသည် လူအများအား ပူပန်ခြင်းကို ဖြစ်စေ၏ ဟု (မိန့်တော်မူ၏)။ (၄)

၁၇၄။ ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်သည် ဖြစ်ပေါ်သည်ရှိသော် လောက၌ နှစ်ဦးမြောက် 'ဒုတိယ' ပုဂ္ဂိုလ်မရှိသူ ဂုဏ်ရည်တူမရှိသူ ပုံတူရုပ်ပွါး မရှိသူ ပုံတူပုဂ္ဂိုလ်မရှိသူ ပြိုင်နိုင်သည့်ပုဂ္ဂိုလ် မရှိသူ တုနိုင်သည့် ပုဂ္ဂိုလ်မရှိသူ ခပ်သိမ်းသော သတ္တဝါတို့နှင့် မတူသူ ခပ်သိမ်းသော သတ္တဝါ တို့နှင့်မတူသည့် ရှေးဘုရားတို့နှင့်သာ တူသူ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် အမြတ်ဆုံးသော သူ ဖြစ်၏။ တဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း ဟူမူ––ပူဇော်အထူးကို ခံတော်မူထိုက် သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားတည်း။ ရဟန်းတို့ ဤ တဦးတည်းသော ပုဂ္ဂိုလ်သည် ဖြစ်ပေါ်သည်ရှိသော် လောက၌ နှစ်ဦးမြောက်

---

၁-ပါရမီဂုဏ်· ဘုန်းဂုဏ်တို့ကြောင့် ကြွင်းသော သတ္တဝါတို့နှင့် မတူမူ၍ ခပ်သိမ်းသော သတ္တဝါတို့နှင့် မတူသည့် ရှေးဘုရားတို့နှင့်သာ တူသဖြင့် နှစ်ဦးမြောက် ဒုတိယပုဂ္ဂိုလ်မရှိသောကြောင့် တဦးတည်းသော ပုဂ္ဂိုလ်ဟု ဆိုသည်။

http://www.dhammadownload.com



'ဒုတိယ' ပုဂ္ဂိုလ်မရှိသူ ဂုဏ်ရည်တူမရှိသူ ပုံတူရုပ်ပွါးမရှိသူ ပုံတူပုဂ္ဂိုလ်မရှိသူ ပြိုင်နိုင်သည့်ပုဂ္ဂိုလ် မရှိသူ တုနိုင်သည့် ပုဂ္ဂိုလ်မရှိသူ ခပ်သိမ်းသော သတ္တဝါတို့နှင့် မတူသူ ခပ်သိမ်းသော သတ္တဝါတို့နှင့် မတူသည့် ရှေးဘုရားတို့နှင့်သာ တူသူ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင်အမြတ်ဆုံးသောသူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၅)

၁၇၅-၁၈၆။ ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် မြတ်သော (ပညာ)မျက်စိ၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ မြတ်သော(ပညာ)အလင်း၏ ထင်ရှား ဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ မြတ်သော (ပညာ)အရောင်၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ ခြောက်ပါးသော (ဒဿနာနုတ္တရိယစသည့်)အတုမရှိ မြတ်သော တရားတို့၏ ထင်ရှား ဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ လေးပါးသော ပဋိသမ္ဘိဒါဉာဏ်တို့ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊ များစွာသော ဓာတ်တို့ကို ထိုးထွင်း၍ သိရခြင်းသည် ဖြစ်၏၊ အမျိုးမျိုးသော ဓာတ်တို့ကို ထိုးထွင်း၍ သိရခြင်းသည် ဖြစ်၏၊ ဝိဇ္ဇာ[၁] ဝိမုတ္တိဖိုလ်[၂] ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏၊ သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုရခြင်းသည် ဖြစ်၏၊ အနာဂါမိဖိုလ်ကို မျက်မှောက် ပြုရခြင်းသည် ဖြစ်၏၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏။ အဘယ်တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်နည်း ဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်တည်း။ရဟန်းတို့ တဦးတည်းသော ပုဂ္ဂိုလ်၏ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့် မြတ်သော(ပညာ) မျက်စိ၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၆-၁၇)

၁၈၇။ ရဟန်းတို့ ဤသာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သကဲ့သို့ ဤအတူ မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သော အခြားတဦးသော ပုဂ္ဂိုလ်ကိုမျှလည်း ငါမမြင်။ရဟန်းတို့ သာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာ သာလျှင် အတုလိုက်၍ လည်စေနိုင်၏ ဟု (မိန့်တော်မူ၏)။ (၁၈)

တဆယ့်သုံးခုမြောက် ကေပုဂ္ဂလဝဂ် ပြီး၏။

---

## ၁၄-ဧတဒဂ္ဂဝဂ် ၁-ပဌမဝဂ်

၁၈၈။ ရဟန်းတို့ ညဉ့်တို့ကို သိကုန် [၃] 'ရဟန်းဝါရင့်ကုန်'သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်အညာသိကောဏ္ဍညသည် ရှိ၏၊ ထိုအညာသိကောဏ္ဍညသည် အမြတ်ဆုံးပေတည်း။ (၁)

၁၈၉။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်သာရိပုတြာသည် ရှိ၏၊ ထို သာရိပုတြာသည် အမြတ်ဆုံးပေတည်း။ (၂)

---

၁-ဖိုလ်စိတ်နှင့်ယှဉ်သောဉာဏ် ဖိုလ်ဉာဏ်။ ၂-ဖိုလ်ဉာဏ်မှ ကြွင်းသော သမ္ပယုတ်တရားများ။

၃-ရဟန်းအဖြစ်ဖြင့် နေခဲ့သောညဉ့် တရားရပြီး သေက္ခအဖြစ် ရဟန္တာအဖြစ်နေခဲ့သောညဉ့်တို့ကို သိကုန် ရေတွက်မှတ်သားမိကုန်သောဟု ဆိုလိုသည်။

http://www.dhammadownload.com



၁၉၀။ တန်ခိုးနှင့်ပြည့်စုံကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်မဟာမောဂ္ဂလာန်သည် ရှိ၏၊ထိုမဟာမောဂ္ဂလာန်သည် အမြတ်ဆုံး ပေတည်း။ (၃)

၁၉၁။ ဓုတဂုဏ် [၁] ဓုတဝါဒ [၂] ဂုဏ်နှင့် ပြည့်စုံသော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်မဟာကဿပသည် ရှိ၏၊ ထိုမဟာကဿပသည် အမြတ်ဆုံးပေတည်း။ (၄)

၁၉၂။ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်အနုရုဒ္ဓါသည် ရှိ၏၊ ထိုအနုရုဒ္ဓါသည် အမြတ်ဆုံးပေတည်း။ (၅)

၁၉၃။ မြတ်သောအမျိုး၌ ဖြစ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကာဠိဂေါဓာ အမည်ရှိသော သာကီဝင်မင်းသမီး၏သား အကြင် ဘဒ္ဒိယသည် ရှိ၏၊ ထိုဘဒ္ဒိယသည် အမြတ်ဆုံးပေတည်း။ (၆)

၁၉၄။ သာယာသော အသံရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် လကုဏ္ဍကဘဒ္ဒိယသည် ရှိ၏၊ ထိုလကုဏ္ဍကဘဒ္ဒိယသည် အမြတ်ဆုံးပေတည်း။ (၇)

၁၉၅။ ခြင်္သေ့ကဲ့သို့ ရဲရင့်စွာ ကျူးဝါး မြွက်ဆိုနိုင်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင် ပိဏ္ဍောလဘာရဒွါဇသည် ရှိ၏၊ ထိုပိဏ္ဍောလဘာရဒွါဇသည် အမြတ်ဆုံးပေတည်း။ (၈)

၁၉၆။ တရားဟောတတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် မန္တာဏိပုဏ္ဏေးမ၏သား အကြင် ပုဏ္ဏသည် ရှိ၏၊ ထိုပုဏ္ဏသည် အမြတ်ဆုံးပေတည်း။ (၉)

၁၉၇။ အကျဉ်းအားဖြင့် ဟောအပ်သော တရားတော်၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်တတ်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် မဟာကစ္စာနသည် ရှိ၏၊ ထိုမဟာကစ္စာနသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

ပဌမဝဂ် ပြီး၏။

## ၁၄-တေဒဂ္ဂဝဂ် ၂-ဒုတိယဝဂ်

၁၉၈။ ရဟန်းတို့ စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းတတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်စူဠပန္ထကသည် ရှိ၏၊ ထိုစူဠပန္ထကသည် အမြတ်ဆုံးပေတည်း။ (၁)

၁၉၉။ ရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် စူဠပန္ထကသည် ရှိ၏၊ ထိုစူဠပန္ထကသည် အမြတ်ဆုံးပေတည်း။ (၂)

၂၀၀။ အရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် မဟာပန္ထကသည် ရှိ၏၊ ထိုမဟာပန္ထကသည် အမြတ်ဆုံးပေတည်း။ (၃)

၂၀၁။ ကိလေသာကင်းသော နေခြင်းရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် သုဘူတိသည် ရှိ၏၊ ထိုသုဘူတိသည် အမြတ်ဆုံးပေတည်း။ (၄)

၂၀၂။ မြတ်သော အလှူကို ခံထိုက်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် သုဘူတိသည်ရှိ၏၊ ထိုသုဘူတိသည် အမြတ်ဆုံးပေဘည်း။ (၅)

---

၁-ဓုတင်အကျင့်ဖြင့် ကိလေသာကို ခါထုတ်ခြင်းသည် ဓုတဂုဏ်။
၂-ဓုတင်အကျင့်ဖြင့် ကိလေသာကို ခါထုတ်ဖျက်ဆီးရန် ဟောပြောခြင်းသည် ဓုတဝါဒမည်၏။

http://www.dhammadownload.com



၂၀၃။ တောကျောင်းနေကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင် ခဒိရ ဝနိယ ရေဝတ သည် ရှိ၏၊ ထိုခဒိရ ဝနိယ ရေဝတသည် အမြတ်ဆုံးပေတည်း။ (၆)

၂၀၄။ ဈာန်၌ မွေ့လျော်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ကင်္ခါရေဝတသည် ရှိ၏၊ ထိုကင်္ခါရေဝတသည် အမြတ်ဆုံးပေတည်း၊ (၇)။

၂၀၅။ ထက်သန်သော လုံ့လ ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကောဠိဝိသ အနွယ်၌ ဖြစ်သော အကြင် သောဏသည် ရှိ၏၊ ထိုသောဏသည် အမြတ်ဆုံးပေတည်း။ (၈)

၂၀၆။ ချိုသာသော စကားကို ပြောဆိုတတ်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် ကုဋိကဏ္ဏ အမည်ရသော¹ အကြင် သောဏသည် ရှိ၏၊ ထိုသောဏသည် အမြတ်ဆုံးပေတည်း။ (၉)

၂၀၇။ လာဘ်များခြင်းရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်သီဝလိသည် ရှိ၏၊ ထိုသီဝလိသည် အမြတ်ဆုံးပေတည်း။ (၁၀)

၂၀၈။ သဒ္ဓါတရား အားကြီးကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ဝက္ကလိသည် ရှိ၏၊ ထိုဝက္ကလိသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

ဒုတိယဝဂ် ပြီး၏။

## ၁၄-ဧတဒဂ္ဂဝဂ် ၃-တတိယဝဂ်

၂၀၉။ ရဟန်းတို့ အကျင့်သိက္ခာကို လိုလားကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ရာဟုလာသည် ရှိ၏၊ ထိုရာဟုလာသည် အမြတ်ဆုံးပေတည်း။ (၁)

၂၁၀။ သဒ္ဓါတရားဖြင့်ရဟန်းပြုကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ရဋ္ဌပါလသည်ရှိ၏၊ ထိုရဋ္ဌပါလသည် အမြတ်ဆုံးပေတည်း။ (၂)

၂၁၁။ စာရေးတံမဲကို ပဌမ ရယူတတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ကုဏ္ဍဓာန သည် ရှိ၏၊ထိုကုဏ္ဍဓာနသည် အမြတ်ဆုံးပေတည်း။ (၃)

၂၁၂။ ဆန်းကြယ်သောဉာဏ်'ပဋိဘာန်'ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ဝင်္ဂီသ သည် ရှိ၏၊ ထိုဝင်္ဂီသသည် အမြတ်ဆုံးပေတည်း။ (၄)

၂၁၃။ ထက်ဝန်းကျင်ကြည်ညိုဖွယ်ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ဝင်္ဂန္တပုဏ္ဏား၏သား အကြင်ဥပသေနသည် ရှိ၏၊ ထိုဥပသေနသည် အမြတ်ဆုံးပေတည်း။ (၅)

၂၁၄။ ကျောင်း အိပ်ရာ နေရာ ခင်းကျင်းစီမံတတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် မလ္လာ မင်း၏သား အကြင်ဒဗ္ဗသည် ရှိ၏ ၊ ထိုဒဗ္ဗသည် အမြတ်ဆုံးပေတည်း။ (၆)

၂၁၅၊ နတ်တို့ ချစ်ခင်မြတ်နိုးအပ်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် ပိလိန္ဒဝစ္ဆသည် ရှိ၏၊ ထိုပိလိန္ဒဝစ္ဆသည် အမြတ်ဆုံးပေတည်း။ (၇)

၂၁၆။ လျင်မြန်စွာရသော မဂ်ဖိုလ်အသိဉာဏ်ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ဗာဟိယ တိုင်းသား အကြင် ဒါရုစီရိယသည် ရှိ၏၊ ထိုဒါရုစီရိယသည် အမြတ်ဆုံးပေတည်း။ (၈)

---

၁-လဖြစ်စဉ်က တကုဋေတန်သောနားတန်ဆာကို ဝတ်ဆင်သောကြောင့် ဤအမည်ကို ရသည်။

http://www.dhammadownload.com



၂၁၇။ ဆန်းကြယ်စွာ တရားဟောပြောတတ်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်ကုမာရကဿပသည် ရှိ၏၊ ထိုကုမာရကဿပသည် အမြတ်ဆုံးပေတည်း။ (၉)

၂၁၈။ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်မဟာကောဋ္ဌိကသည် ရှိ၏၊ ထိုမဟာကောဋ္ဌိကသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

တတိယဝဂ် ပြီး၏။

---

## ၁၄-ဧတဒဂ္ဂဝဂ် ၄-စတုတ္ထဝဂ်

၂၁၉။ ရဟန်းတို့ အကြားအမြင်များခြင်း ရှိကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်**အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၁)

၂၂၀။ (ငါ၏စကားတော်ကို ကြာမြင့်စွာ ဆောင်စွမ်းနိုင်သည့်) သတိရှိကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၂)

၂၂၁။ (ငါဟောအပ်သည့် အတိုင်း အလုံးစုံသော ပုဒ်တို့ကို) သိစွမ်းနိုင်သည့် ပညာရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၃)

၂၂၂။ (ငါ၏ စကားတော်ကို သင်ခြင်း ဆောင်ခြင်း သရဇ္ဈာယ်ခြင်းနှင့် ငါ့ကို ဆည်းကပ်လုပ်ကျွေးခြင်းတို့၌) လုံ့လရှိကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၄)

၂၂၃။ (ငါ့အား) လုပ်ကျွေးသော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏၊ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၅)

၂၂၄။ များသော ပရိသတ်ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်ဥရုဝေလကဿပသည် ရှိ၏၊ ထိုဥရုဝေလကဿပသည် အမြတ်ဆုံးပေတည်း။ (၆)

၂၂၅။ ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေတတ်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်ကာဠုဒါယီသည် ရှိ၏၊ ထိုကာဠုဒါယီသည် အမြတ်ဆုံးပေတည်း။ (၇)

၂၂၆။ အနာရောဂါကင်းကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်ဗာကုလသည် ရှိ၏၊ ထိုဗာကုလသည် အမြတ်ဆုံးပေတည်း။ (၈)

၂၂၇။ ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်သောဘိတသည် ရှိ၏၊ ထိုသောဘိတသည် အမြတ်ဆုံးပေတည်း။ (၉)

၂၂၈။ ဝိနည်းကိုဆောင်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် ဥပါလိသည် ရှိ၏၊ ထိုဥပါလိသည် အမြတ်ဆုံးပေတည်း။ (၁၀)

၂၂၉။ ဘိက္ခုနီမတို့ကို ဆုံးမကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင်နန္ဒကသည် ရှိ၏၊ ထိုနန္ဒကသည် အမြတ်ဆုံးပေတည်း။ (၁၁)

http://www.dhammadownload.com



၂၁၀။ ဣန္ဒြေကို စောင့်စည်းကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်နန္ဒသည် ရှိ၏၊ ထို နန္ဒသည် အမြတ်ဆုံးပေတည်း။ (၁၂)

၂၁၁။ ရဟန်းယောကျ်ားတို့ကို ဆုံးမတတ်ကုန်သောငါ၏တပည့် ရဟန်းတို့တွင် အကြင် မဟာ ကပ္ပိနသည် ရှိ၏၊ ထိုမဟာကပ္ပိနသည် အမြတ်ဆုံးပေတည်း။ (၁၃)

၂၁၂။ တေဇောဓာတ် ဝင်စားရာ၌ ကျွမ်းကျင်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင် သာဂတသည် ရှိ၏၊ ထိုသာဂတသည် အမြတ်ဆုံးပေတည်း။ (၁၄)

၂၁၃။ တရားကို ထင်မြင်လွယ်သော ဉာဏ်'ပဋိဘာန်' [၁] နှင့် ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အကြင်ရာဓသည် ရှိ၏၊ ထိုရာဓသည် အမြတ်ဆုံးပေတည်း။ (၁၅)

၂၁၄။ ခေါင်းပါးသော [၂] သင်္ကန်းကို ဆောင်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် မောဃရာဇသည် ရှိ၏၊ ထိုမောဃရာဇသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၆)

စတုတ္ထဝဂ် ပြီး၏။

---

## ၁၄-ဧတဒဂ္ဂဝဂ် ၅-ပဉ္စမဝဂ်

၂၁၅။ ရဟန်းတို့ ညဥ့်တို့ကို သိကုန် ရဟန်းဝါရင့်ကုန်သော ငါ၏ တပည့်ရဟန်းမိန်းမတို့တွင် အကြင် မဟာပဇာပတိဂေါတမီသည် ရှိ၏၊ ထိုမဟာပဇာပတိ ဂေါတမီသည် အမြတ်ဆုံး ပေတည်း။ (၁)

၂၁၆။ ကြီးမြတ်သော ပညာနှင့် ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ခေမာသည် ရှိ၏၊ ထိုခေမာသည် အမြတ်ဆုံးပေတည်း။ (၂)

၂၁၇။ တန်ခိုးနှင့် ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင်ဥပ္ပလဝဏ်သည် ရှိ၏၊ ထိုဥပ္ပလဝဏ်သည် အမြတ်ဆုံးပေတည်း။ (၃)

၂၁၈။ ဝိနည်းကို ဆောင်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင်ပဋာစာရီသည် ရှိ၏၊ ထိုပဋာစာရီသည် အမြတ်ဆုံးပေတည်း။ (၄)

၂၁၉။ တရားဟောတတ်ကုန်သော ငါ၏တပည့်ရဟန်းမိန်းမတို့တွင် အကြင်ဓမ္မဒိန္နာသည် ရှိ၏၊ ထိုဓမ္မဒိန္နာသည် အမြတ်ဆုံးပေတည်း။ (၅)

၂၂၀။ ဈာန်ဝင်စားခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင်နန္ဒာ [၃] သည် ရှိ၏၊ ထိုနန္ဒာသည် အမြတ်ဆုံးပေတည်း။ (၆)

၂၂၁။ ထက်သန်သော လုံ့လရှိကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် သောဏာ သည် ရှိ၏၊ ထိုသောဏာသည် အမြတ်ဆုံးပေတည်း။ (၇)

---

၁-ပဋိဝေဓပေဋိဘာန်ကို ဆိုသည်။ ၂-ချည့် အထည် ဆိုးရည်အားဖြင့် သုံးမျိုးလုံးညံ့သော ဟု ဆိုလိုသည်။
၃-မိထွေးတော်ဂေါတမီ၏သမီး ဇနပဒကလျာဏီပင် ဖြစ်သည်။

http://www.dhammadownload.com



၂၄၂။ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ဗကုလာသည် ရှိ၏၊ ထိုဗကုလာသည် အမြတ်ဆုံးပေတည်း။ (၈)

၂၄၃။ လျှင်မြန်ဖွာရအပ်သော မဂ်ဖိုလ်အသိဉာဏ် ရှိကုန်သော ငါ၏တပည့်ရဟန်းမိန်းမတို့တွင် အကြင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် ရှိ၏၊ ထိုဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် အမြတ်ဆုံး ပေတည်း။ (၉)

၂၄၄။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ဘဒ္ဒါကာပိလာနီသည် ရှိ၏၊ ထို ဘဒ္ဒါကာပိလာနီသည် အမြတ်ဆုံးပေတည်း။ (၁၀)

၂၄၅။ မြတ်သော အဘိညာဉ်သို့ရောက်ကုန်သော ငါ၏တပည့်ရဟန်းမိန်းမတို့တွင် အကြင် ဘဒ္ဒ ကစ္စာနာသည် [၁] ရှိ၏၊ ထို ဘဒ္ဒ ကစ္စာနာသည် အမြတ်ဆုံးပေတည်း။ (၁၁)

၂၄၆။ ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ကိသာ ဂေါတမီသည် ရှိ၏၊ ထို ကိသာ ဂေါတမီသည် အမြတ်ဆုံးပေတည်း။ (၁၂)

၂၄၇။ သဒ္ဓါတရားအားကြီးကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် သိင်္ဂါလကမာတာသည် ရှိ၏၊ ထို သိင်္ဂါလကမာတာသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၃)

ပဉ္စမဝဂ် ပြီး၏။

---

## ၁၄-တေဒဂ္ဂဝဂ် ၆-ဆဋ္ဌဝဂ်

၂၄၈။ ရဟန်းတို့ ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ'သို့ ရောက်ကုန်သော ငါ၏ တပည့်ဥပါသကာတို့တွင် အကြင် တပုဿနှင့်ဘလ္လိကကုန်သည်တို့သည် ရှိကုန်၏၊ ထိုတပုဿနှင့်ဘလ္လိက တို့သည် အမြတ်ဆုံးပေတည်း။ (၁)

၂၄၉။ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် သုဒတ္တမည်သော အကြင်အနာထပိဏ်သူကြွယ်သည် ရှိ၏၊ ထိုအနာထပိဏ်သူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၂)

၂၅၀။ တရား ဟောတတ်ကုန်သော ငါ၏ တပည့် ဥပါသကာတို့တွင် မစ္ဆိကာသဏ္ဍမြို့သား အကြင် စိတ္တသူကြွယ်သည် ရှိ၏၊ ထိုစိတ္တသူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၃)

၂၅၁။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက်ထောက်ပံ့ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် အကြင် ဟတ္ထက အာဠဝကသည် ရှိ၏၊ ထိုဟတ္ထက အာဠဝကသည် အမြတ်ဆုံး ပေတည်း။ (၄)

၂၅၂။ မွန်မြတ်သောဝတ္ထုကို ပေးလှူတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် သာကီဝင် မင်းမျိုး ဖြစ်သော အကြင် မဟာနာမ်သည် ရှိ၏၊ ထိုမဟာနာမ်သည် အမြတ်ဆုံးပေတည်း။ (၅)

---

၁-ရာဟုလာ၏ မယ်တော် ယသော်ဓရာတည်း။

http://www.dhammadownload.com



၂၅၃။ နှစ်သက်ဖွယ် ဝတ္ထုကို လှူတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် ဝေသာလီ ပြည်သား အကြောင် ဥဂ္ဂသူကြွယ်သည် ရှိ၏၊ ထိုဥဂ္ဂသူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၆)

၂၅၄။ သံဃာကို လုပ်ကျွေးတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် ဟတ္ထိဂ္ဂါမသား အကြောင် ဥဂ္ဂတသူကြွယ်သည် ရှိ၏၊ ထိုဥဂ္ဂတသူကြွယ်သည် အမြတ်ဆုံးပေတည်း။ (၇)

၂၅၅။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် အကြောင် သုရမ္ဗဋ္ဌသည်[၁] ရှိ၏၊ ထိုသုရမ္ဗဋ္ဌသည် အမြတ်ဆုံးပေတည်း။ (၈)

၂၅၆။ ပုဂ္ဂိုလ်ကို ကြည်ညိုကုန်သော ငါ၏တပည့်ဥပါသကာတို့တွင် အဘယမင်းသား မွေးစား အပ်သော အကြောင်ဇီဝကသည် ရှိ၏၊ ထိုဇီဝကသည် အမြတ်ဆုံးပေတည်း။ (၉)

၂၅၇။ ငါနှင့် အကျွမ်းဝင်သော စကားကို ဆိုကုန်သော ငါ၏ တပည့်ဥပါသကာတို့တွင် အကြောင် နကုလ ပိတာ သူကြွယ်သည် ရှိ၏၊ ထိုနကုလ ပိတာ သူကြွယ်သည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

ဆဋ္ဌဝဂ် ပြီး၏။

---

## ၁၄-ဧတဒဂ္ဂဝဂ် ၇-သတ္တမဝဂ်

၂၅၈။ ရဟန်းတို့ ရှေးဦးစွာ ကိုးကွယ် ဆည်းကပ်ခြင်း 'သရဏဂုံ'သို့ ရောက်ကုန်သော ငါ၏ တပည့် ဥပါသိကာမတို့တွင် သေနိယသူဌေး၏သမီး အကြောင်သုဇာတာသည် ရှိ၏၊ ထိုသူဌေးသမီး သုဇာတာသည် အမြတ်ဆုံးပေတည်း။ (၁)

၂၅၉။ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် မိဂါရသူဌေး၏ အမိအရာ၌ တည်သော အကြောင်ဝိသာခါသည် ရှိ၏၊ ထိုဝိသာခါသည် အမြတ်ဆုံးပေတည်း။ (၂)

၂၆၀။ အကြားအမြင် များကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြောင် ခုဇ္ဇုတ္တရာ သည် ရှိ၏၊ ထိုခုဇ္ဇုတ္တရာသည် အမြတ်ဆုံးပေတည်း။ (၃)

၂၆၁။ မေတ္တာစိတ်ဖြင့် နေလေ့ရှိကုန်သော ငါ၏ တပည့် ဥပါသိကာမတို့တွင် အကြောင် သာမာ ဝတီသည် ရှိ၏၊ ထို သာမာဝတီသည် အမြတ်ဆုံးပေတည်း။ (၄)

၂၆၂။ ဈာန်၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် နန္ဒသတို့သား၏ မိခင် အကြောင် ဥတ္တရာသည် ရှိ၏၊ ထိုဥတ္တရာသည် အမြတ်ဆုံးပေတည်း။ (၅)

၂၆၃။ မွန်မြတ်သော ဝတ္ထုကို ပေးလှူကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ကောလိယ မင်း၏သမီး အကြောင် သုပ္ပဝါသာသည် ရှိ၏၊ ထိုသုပ္ပဝါသာသည် အမြတ်ဆုံးပေတည်း။ (၆)

၂၆၄။ သူနာကို လုပ်ကျွေးပြုစုတတ်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြောင် သုပ္ပိယာ ဥပါသိကာမသည် ရှိ၏၊ ထိုသုပ္ပိယာ ဥပါသိကာမသည် အမြတ်ဆုံးပေတည်း။ (၇)

၂၆၅။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြောင် ကာတိယာနီသည် ရှိ၏၊ ထိုကာတိယာနီသည် အမြတ်ဆုံးပေတည်း။ (၈)

---

၁-သုရမ္ဗဋ္ဌ-ဟု အဋ္ဌကထာ၌ ရှိ၏။

http://www.dhammadownload.com



၂၆၆။ ငါနှင့် အကျွမ်းဝင်သော စကားကို ဆိုတတ်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် အကြင်နကုလမာတာ သူကြွယ်မသည် ရှိ၏၊ ထိုနကုလမာတာသူကြွယ်မသည် အမြတ်ဆုံးပေတည်း။ (၉)

၂၆၇။ တဆင့်စကားဖြင့် ကြည်ညိုခြင်း ရှိကုန်သော ငါ၏ တပည့် ဥပါသိကာမတို့တွင် ကုလဃရ မြို့သူ အကြင် ကာဠီဥပါသိကာမသည် ရှိ၏၊ ထို ကာဠီဥပါသိကာမသည် အမြတ်ဆုံးပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

သတ္တမဝဂ် ပြီး၏။

ဧတဒဂ္ဂဝဂ် ပြီး၏။

---

## ၁၅-အဋ္ဌာနပါဠိ ၁-ပဌမဝဂ်

၂၆၈။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရ တရားကို နိစ္စဟု ယူရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို နိစ္စဟု ယူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၆၉။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရ တရားကို သုခဟု ယူရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တစုံတခု သော သင်္ခါရတရားကို သုခဟု ယူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၂)

၂၇၀။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော တရားကို အတ္တဟု ယူရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် တစုံတခုသော တရားကို အတ္တဟု ယူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၃)

၂၇၁။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အမိကို သတ်ရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် အမိကို သတ်ရာသော အကြောင်းအခွင့် ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၄)

၂၇၂။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဖကို သတ်ရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် အဖကို သတ်ရာသော အကြောင်းအခွင့် ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၅)

၂၇၃။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်ကို သတ်ရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်ကို သတ် ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၆)

၂၇၄။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးစိမ်းတည်စေရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ် ပုဂ္ဂိုလ်သည် မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးစိမ်းတည်စေရာသော အကြောင်း အခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၇)

http://www.dhammadownload.com



၂၇၅။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သံဃာကို သင်းကွဲစေရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် သံဃာကို သင်းကွဲစေရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၈)

၂၇၆။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှတပါးသော သူကို ဆရာဟု ညွှန်ပြရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ပုထုဇဉ်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှ တပါးသော သူကို ဆရာဟု ညွှန်ပြရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၉)

၂၇၇။ ရဟန်းတို့ (ဇာတိခေတ်ဟုဆိုအပ်သော) တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားနှစ်ဆူတို့သည် မရှေး မနှောင်း ပွင့်တော်မူရာသော အကြောင်းအခွင့်သည်[၁] မရှိ။ ရဟန်းတို့ (ဇာတိခေတ်ဟုဆိုအပ်သော) တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားတဆူတည်းသာ ပွင့်တော်မူရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁၀)

ပဉ္စမဝဂ် ပြီး၏။

---

## ၁၅-အဋ္ဌာနပါဠိ ၂-ဒုတိယဝဂ်

၂၇၈။ ရဟန်းတို့ တခုသော လောကဓာတ်၌ စကြဝတေးမင်း နှစ်ပါးတို့ မရှေးမနှောင်း ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ တခုသော လောကဓာတ်၌ စကြဝတေးမင်း တပါးတည်းသာ ဖြစ်ပေါ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၇၉။ ရဟန်းတို့ မိန်းမသည် ပူဇော်အထူးကို ခံတော်မူသော ဘုရားဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ယောကျ်ားသည် ပူဇော်အထူးကိုခံတော်မူထိုက်သော ဘုရားဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၂)

၂၈၀။ ရဟန်းတို့ မိန်းမသည် စကြဝတေးမင်း ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။ရဟန်းတို့ ယောကျ်ားသည် စကြဝတေးမင်း ဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၃)

၂၈၁-၂၈၃။ ရဟန်းတို့ မိန်းမသည် သိကြားမင်း ဖြစ်ရာသော။ပ။ မာရ်မင်း ဖြစ်ရာသော။ပ။ ဗြဟ္မာကြီး ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ယောကျ်ားသည် သိကြားမင်း ဖြစ်ရာသော။ပ။ မာရ်မင်း ဖြစ်ရာသော။ပ။ ဗြဟ္မာကြီး ဖြစ်ရာသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၄-၆)

၂၈၄။ ရဟန်းတို့ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အမှု'ကာယဒုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့

---

၁-သဗ္ဗညုမြတ်စွာဘုရားတို့၏ ဂုဏ်တန်ခိုးတော် ကြီးကျယ်သောကြောင့်တည်း။

http://www.dhammadownload.com



ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအမှု 'ကာယဒုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးသာ ဖြစ်ရသော အကြောင်းအခွင့်ကား ရှိ၏ ဟု(မိန့်တော်မူ၏)။(၇)

၂၀၅-၂၀၆။ ရဟန်းတို့ နှုတ်ဖြင့် ပြုအပ်သော မကောင်းသောအမှု 'ဝစီဒုစရိုက်'၏။ပ။ စိတ်ဖြင့် ပြုအပ်သော မကောင်းသောအမှု 'မနောဒုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးဖြစ်ရသော အကြောင်းအခွင့်သည် မရှိ၊ ရဟန်းတို့ စိတ်ဖြင့် ပြုအပ်သော မကောင်းသောအမှု 'မနောဒုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးဖြစ်ရသော အကြောင်းအခွင့်ကားရှိ၏ ဟု (မိန့်တော်မူ၏)။ (၈-၉)

ဒုတိယဝဂ် ပြီး၏။

---

## ၁၅-အဋ္ဌာနပါဠိ ၃-တတိယဝဂ်

၂၀၇။ ရဟန်းတို့ ကိုယ်ဖြင့် ပြုအပ်သော ကောင်းသော အမှု 'ကာယသုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးဖြစ်ရသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ကိုယ်ဖြင့် ပြုအပ်သော ကောင်းသောအမှု 'ကာယသုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးဖြစ်ရသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၀၈-၂၀၉။ ရဟန်းတို့ နှုတ်ဖြင့်ပြုအပ်သော ကောင်းသောအမှု 'ဝစီသုစရိုက်'၏။ပ။ စိတ်ဖြင့် ပြုအပ်သော ကောင်းသော အမှု 'မနောသုစရိုက်'၏ အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကိုမပွါးစေတတ်သော အကျိုးဖြစ်ရသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ စိတ်ဖြင့် ပြုအပ်သော ကောင်းသောအမှု 'မနောသုစရိုက်'၏ အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေတတ်သော အကျိုးဖြစ်ရသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၂-၃)

၂၁၀။ ရဟန်းတို့ ကာယဒုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(ကာယဒုစရိုက်)ဟူသော အကြောင်းကြောင့် ထို(ကာယဒုစရိုက် ဟူသော)အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ကာယဒုစရိုက်နှင့် ပြည့်စုံသော သူသည် ထို (ကာယဒုစရိုက်) ဟူသော အကြောင်းကြောင့် ထို(ကာယဒုစရိုက် ဟူသော)အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၄)

၂၁၁-၂၁၂။ ရဟန်းတို့ ဝစီဒုစရိုက်နှင့်ပြည့်စုံသော သူသည်။ပ။ မနောဒုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(မနောဒုစရိုက်)ဟူသော အကြောင်းကြောင့် ထို(မနောဒုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ မနောဒုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(မနောဒုစရိုက်)ဟူသော အကြောင်းကြောင့် ထို(မနောဒုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော

---

၁-ချိုသော မျိုးစေ့မှ ခါးသောအသီး ဖြစ်ရိုး မရှိသကဲ့သို့ပင်တည်း။

http://www.dhammadownload.com



လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သောငရဲသို့ ရောက်ရသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၅-၆)

၂၉၃။ ရဟန်းတို့ ကာယသုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(ကာယသုစရိုက်)ဟူသော အကြောင်းကြောင့် ထို(ကာယသုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ ကာယသုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(ကာယသုစရိုက်)ဟူသော အကြောင်းကြောင့် ထို (ကာယသုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၇)

၂၉၄-၂၉၅။ ရဟန်းတို့ ဝစီသုစရိုက်နှင့် ပြည့်စုံသော သူသည်။ပ။ မနောသုစရိုက်နှင့် ပြည့်စုံသော သူသည် ထို(မနောသုစရိုက်)ဟူသော အကြောင်းကြောင့် ထို(မနောသုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့ မနောသုစရိုက်နှင့် ပြည့်စုံသော သူသည် (ထို မနောသုစရိုက်) ဟူသော အကြောင်းကြောင့် ထို(မနောသုစရိုက်)ဟူသော အထောက်အပံ့ကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရသော အကြောင်းအခွင့်ကား ရှိ၏ ဟု (မိန့်တော်မူ၏)။ (၈-၉)

**တတိယဝဂ် ပြီး၏။**

**အဋ္ဌာနပါဠိ ပြီး၏။**

---

## ၁၆-ဧကဓမ္မပါဠိ ၁-ပဌမဝဂ်

၂၉၆။ ရဟန်းတို့ ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သော တခုသော တရားသည် စင်စစ်အားဖြင့် (ဝဋ်ဆင်းရဲ၌) ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ရာဂစသည်တို့ ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ (လက္ခဏာ ယာဉ်သို့တင်၍) အထူးသိခြင်းငှါ (သစ္စာလေးပါးကို) ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ တခုသော တရားဟူသည် အဘယ်နည်း ဟူမူ—မြတ်စွာဘုရား၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိတရားတည်း။ ရဟန်းတို့ ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သော ဤတခုသော (ဗုဒ္ဓါနုဿတိ) တရားသည် စင်စစ်အားဖြင့် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ တပ်မက်မှု ကင်းခြင်းငှါ ရာဂစသည်တို့ ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ (လက္ခဏာယာဉ်သို့ တင်၍) အထူးသိခြင်းငှါ (သစ္စာလေးပါးကို) ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၉၇။ ရဟန်းတို့ ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သော တခုသော တရားသည် စင်စစ်အားဖြင့် (ဝဋ်ဆင်းရဲ၌) ငြီးငွေ့ခြင်းငှါ တပ်မက်မှု ကင်းခြင်းငှါ ရာဂစသည်တို့ ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ (လက္ခဏာယာဉ်သို့ တင်၍) အထူးသိခြင်းငှါ သစ္စာလေးပါးကို ထိုး

http://www.dhammadownload.com



ထွင်း၍ သိခြင်းငှါ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ တခုသော တရားဟူသည် အဘယ်နည်း ဟူမူ—တရား၏ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ခြင်း ဓမ္မာနုဿတိ တရားတည်း။ပ။ သံဃာ၏ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ခြင်း သံဃာနုဿတိ တရားတည်း။ မိမိ၏ သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း သီလာနုဿတိတရားတည်း။ မိမိ၏ စွန့်ကြဲခြင်း ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း စာဂါနုဿတိတရားတည်း။ နတ်တို့၏ သဒ္ဓါအစရှိသော ဂုဏ်နှင့် တူသော မိမိ၏ သဒ္ဓါအစရှိသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း ဒေဝတာနုဿတိတရားတည်း။ ထွက်သက် ဝင်သက်ကို အောက်မေ့ခြင်း အာနာပါနဿတိ တရားတည်း။ သေခြင်းကို အဖန်ဖန် အောက်မေ့ခြင်း မရဏဿတိ တရားတည်း။ ဆံ အစရှိသော ရုပ်အစုကို အောက်မေ့ခြင်း ကာယဂတာသတိတရားတည်း။ နိဗ္ဗာန်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း ဥပသမာနုဿတိတရားတည်း။ ရဟန်းတို့ ပွါးများအပ် အဖန်ဖန် အလေ့အလာ ပြုအပ်သော ဤတခုသော တရားသည် စင်စစ်အားဖြင့် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ တပ်မက်မှု ကင်းခြင်းငှါ ရာဂစသည်တို့ ချုပ်ခြင်းငှါ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ (လက္ခဏာ ယာဥ်သို့ တင်၍) အထူးသိခြင်းငှါ(သစ္စာလေးပါးကို) ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

ပဥ္စမဝဂ် ပြီး၏။

---

## ၁၆-ဧကဓမ္မပါဠိ ၂-ဒုတိယဝဂ်

၂၉၈။ ရဟန်းတို့ဤ မှားသော မြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ'တရားသည်မဖြစ်ပေါ် သေးသော အကုသိုလ် တရားတို့၏လည်း ဖြစ်ပေါ် ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း အဖန်ဖန် ပြန့် ပြောစွာဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ် သေးသော အကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ် ကြောင်း ဖြစ်ပေါ် ပြီးသော အကုသိုလ်တရားတို့၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မှားသော မြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ'အယူရှိသော သူအား မဖြစ်ပေါ် သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ် ကုန်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁)

၂၉၉။ ရဟန်းတို့ ဤ မှန်သောမြင်ခြင်း သမ္မာဒိဋ္ဌိတရားသည် မဖြစ်ပေါ် သေးသော ကုသိုလ် တရားတို့၏လည်း ဖြစ်ပေါ် ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း အဖန်ဖန် ပြန့်ပြော စွာ ဖြစ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ် သေးသော ကုသိုလ်တရားတို့၏လည်း ဖြစ်ပေါ် ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မှန်သော မြင်ခြင်း သမ္မာဒိဋ္ဌိ အယူရှိသောသူအား မဖြစ်ပေါ် သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ် ကုန်၏၊ ဖြစ်ပေါ် ပြီးသော ကုသိုလ် တရားတို့သည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟု(မိန့်တော် မူ၏)။(၂)

၃၀၀။ ရဟန်းတို့ ဤ မှားသောမြင်ခြင်း'မိစ္ဆာဒိဋ္ဌိ'တရားသည် မဖြစ်ပေါ် သေးသော ကုသိုလ် တရားတို့၏လည်း မဖြစ်ပေါ် ကြောင်း ဖြစ်ပေါ် ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း

http://www.dhammadownload.com



ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မှားသော မြင်ခြင်း'မိစ္ဆာဒိဋ္ဌိ' အယူရှိသော သူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၃)

၃၀၁။ ရဟန်းတို့ ဤ မှန်သောမြင်ခြင်း'သမ္မာဒိဋ္ဌိ' တရားသည်မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့၏လည်း မဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့၏လည်း ဆုတ်ယုတ်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မှန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ' အယူရှိသော သူအား မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၄)

၃၀၂။ ရဟန်းတို့ ဤမသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း'အယောနိသော မနသိကာရ'တရားသည် မဖြစ်ပေါ်သေးသော မိစ္ဆာဒိဋ္ဌိတရား၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော မိစ္ဆာဒိဋ္ဌိတရား၏လည်း တိုးပွါးကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော မိစ္ဆာဒိဋ္ဌိ တရား၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော မိစ္ဆာဒိဋ္ဌိတရား၏လည်း တိုးပွါးကြောင်း ဖြစ်သော အခြား တခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော မိစ္ဆာဒိဋ္ဌိ တရားသည်လည်း ဖြစ်ပေါ်၏၊ဖြစ်ပေါ်ပြီးသော မိစ္ဆာဒိဋ္ဌိတရားသည်လည်း တိုးပွါး၏ ဟု (မိန့်တော်မူ၏)။ (၅)

၃၀၃။ ရဟန်းတို့ ဤ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း 'ယောနိသော မနသိကာရ' တရားသည် မဖြစ်ပေါ်သေးသော သမ္မာဒိဋ္ဌိတရား၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော သမ္မာဒိဋ္ဌိတရား၏လည်း တိုးပွါးကြောင်း ဖြစ်သကဲ့သို့ ဤအတူ မဖြစ်ပေါ်သေးသော သမ္မာဒိဋ္ဌိတရား၏လည်း ဖြစ်ပေါ်ကြောင်း ဖြစ်ပေါ်ပြီးသော သမ္မာဒိဋ္ဌိတရား၏လည်း တိုးပွါးကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော သမ္မာဒိဋ္ဌိ တရားသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော သမ္မာဒိဋ္ဌိတရားသည်လည်း တိုးပွါး၏ ဟု(မိန့်တော်မူ၏)။ (၆)

၃၀၄။ ရဟန်းတို့ ဤ မှားသောမြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ'တရားသည် သတ္တဝါတို့ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ သတ္တဝါတို့ ငရဲသို့ ရောက်ကြောင်း ဖြစ်သော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ မှားသော မြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ' အယူရှိကုန်သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ရကုန်၏ ဟု (မိန့်တော်မူ၏)။ (၇)

၃၀၅။ ရဟန်းတို့ ဤမှန်သော မြင်ခြင်း'သမ္မာဒိဋ္ဌိ'တရားသည် သတ္တဝါတို့ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ သတ္တဝါတို့ နတ်ပြည်သို့ ရောက်ကြောင်း ဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။

http://www.dhammadownload.com



ရဟန်းတို့ မှန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ' အယူရှိကုန်သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ ဟု (မိန့်တော်မူ၏)။ (၈)

၁၀၆။ ရဟန်းတို့ မှားသော မြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ' အယူရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကိုယ်ဖြင့်ပြုအပ်သော အကြင်ကာယကံသည်၎င်း နှုတ်ဖြင့်ပြောဆိုအပ်သော အကြင် ဝစီကံသည်၎င်း။ပ။အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော စိတ်ဖြင့် ကြံစည်အပ်သော အကြင်မနောကံသည်၎င်း အကြင်စေ့ဆော်ခြင်း 'စေတနာ'သည်၎င်း အကြင်တောင့်တခြင်း'ပတ္ထနာ'သည်၎င်း အကြင်စိတ်ကို ဆောက်တည်ခြင်း'ပဏိဓိ'သည်၎င်း အကြင် ပြုပြင်ခြင်း'သင်္ခါရ'တို့သည်၎င်း ရှိကုန်၏၊ အလုံးစုံသော ထိုတရားတို့သည် မလိုလားခြင်းငှါ မနှစ်သက်ခြင်းငှါ နှလုံးကိုမပွါးစေခြင်းငှါ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ထိုသူ၏ မိစ္ဆာဒိဋ္ဌိအယူသည် ယုတ်ညံ့သည်သာ ဖြစ်သောကြောင့်တည်း။ ရဟန်းတို့ ဥပမာသော်ကား စိုစွတ်သောမြေ၌ စိုက်ပျိုးအပ်သော တမာမျိုးစေ့သည်၎င်း သပွတ်ခါးမျိုးစေ့သည်၎င်း ဗူးခါးမျိုးစေ့သည်၎င်း အကြင် မြေဩဇာကိုလည်း ယူ၏၊ အကြင်ရေဩဇာကိုလည်း ယူ၏၊ ထိုအလုံးစုံသော မြေဩဇာ ရေဩဇာသည် ခါးခြင်း သက်ခြင်း မချိုခြင်းငှါဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ မျိုးစေ့သည် ယုတ်ညံ့သည်သာ ဖြစ်သောကြောင့်တည်း။ ရဟန်းတို့ ဤအတူသာလျှင် မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကိုယ်ဖြင့် ပြုလုပ်အပ်သော အကြင်ကာယကံသည်၎င်း။ နှုတ်ဖြင့် ပြောဆိုအပ်သော အကြင်ဝစီကံသည်၎င်း ။ပ။ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော စိတ်ဖြင့် ကြံစည်အပ်သောအကြင်မနောကံသည်၎င်း အကြင်စေ့ဆော်ခြင်း'စေတနာ'သည်၎င်း အကြင်တောင့်တခြင်း 'ပတ္ထနာ' သည်၎င်း အကြင်စိတ်ကို ဆောက်တည်ခြင်း 'ပဏိဓိ'သည်၎င်း အကြင် ပြုပြင်ခြင်း 'သင်္ခါရ'တို့သည်၎င်း ရှိကုန်၏၊ အလုံးစုံသော ထိုတရားတို့သည် မလိုလားခြင်းငှါ မနှစ်သက်ခြင်းငှါ နှလုံးကိုမပွါးစေခြင်းငှါ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ ထိုသူ၏ မိစ္ဆာဒိဋ္ဌိအယူသည် ယုတ်ညံ့သည်သာ ဖြစ်သော ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၉)

၁၀၇။ ရဟန်းတို့ မှန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိအယူ'ရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကိုယ်ဖြင့်ပြုလုပ်အပ်သော အကြင်ကာယကံသည်၎င်း။ နှုတ်ဖြင့်ပြောဆိုအပ်သော အကြင်ဝစီကံသည်၎င်း။ပ။ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော စိတ်ဖြင့် ကြံစည်အပ်သော အကြင်မနောကံသည်၎င်း အကြင်စေ့ဆော်ခြင်း 'စေတနာ' သည်၎င်း အကြင်တော[illegible]တခြင်း 'ပတ္ထနာ'သည်၎င်း အကြင်စိတ်ကိုဆောက်တည်ခြင်း 'ပဏိဓိ'သည်၎င်း အကြင်ပြုပြင်ခြင်း [illegible]ခါရ'တို့သည်၎င်း ရှိကုန်၏၊ အလုံးစုံသော ထိုတရားတို့သည် လိုလားခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကိုပွါးစေခြင်းငှါ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည်အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ထိုသူ၏ သမ္မာဒိဋ္ဌိအယူသည် ကောင်းမြတ်သည်သာ ဖြစ်သောကြောင့်တည်း။ ရဟန်းတို့ ဥပမာသော်ကား စိုစွတ်သော မြေ၌ စိုက်ပျိုးအပ်သော ကြံမျိုးစေ့သည်၎င်း သလေးမျိုးစေ့သည်၎င်း သပြက်မျိုးစေ့သည်၎င်း အကြင် မြေဩဇာကိုလည်း ယူ၏၊ အကြင် ရေဩဇာကိုလည်း ယူ၏၊ ထိုအလုံးစုံသော မြေဩဇာ ရေဩဇာသည် သာယာခြင်းငှါ ချိုမြိန်ခြင်းငှါ (အခြား) သွန်းလောင်းဘွယ် ရှိခြင်းငှါ ဖြစ်၏။ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်

http://www.dhammadownload.com



နည်း ဟူမူ—ရဟန်းတို့ မျိုးစေ့သည် ကောင်းသည်သာ ဖြစ်သောကြောင့်တည်း။ ရဟန်းတို့ ဤအတူသာလျှင် မှန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ'အယူရှိသော ပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကိုယ်ဖြင့် ပြုလုပ်အပ်သော အကြင်ကာယကံသည်ငှင်း။ပ။ နှုတ်ဖြင့်ပြောဆိုအပ်သော အကြင်ဝစီကံသည်ငှင်း။ပ။ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော စိတ်ဖြင့် ကြံစည်အပ်သော အကြင်မနောကံသည်ငှင်းအကြင်စေ့ဆော်ခြင်း 'စေတနာ'သည်ငှင်း အကြင်တောင့်တခြင်း 'ပတ္ထနာ'သည်ငှင်း အကြင်စိတ်ကိုဆောက်တည်ခြင်း 'ပဏိဓိ'သည်ငှင်း အကြင်ပြုပြင်ခြင်း'သင်္ခါရ'တို့သည်ငှင်း ရှိကုန်၏၊အလုံးစုံကုန်သော ထိုတရားတို့သည် လိုလားခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကိုပွါးစေခြင်းငှါ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ ထိုသူ၏ သမ္မာဒိဋ္ဌိအယူသည် ကောင်းမြတ်သည်သာ ဖြစ်သောကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၁၀)

ဒုတိယဝဂ် ပြီး၏။

---

## ၁၆-ဧကဓမ္မပါဠိ ၃-တတိယဝဂ်

၃၀၇။ ရဟန်းတို့ တယောက်သောပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပေါ်လာ၏။ ထို တယောက်သောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း ဟူမူ—ဖောက်ပြန်သောအားဖြင့် မြင်တတ်သော မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တည်း၊ ထိုပုဂ္ဂိုလ်သည် လူအများကို သူတော်ကောင်းတရားမှ ကင်းကွာစေ၍ မသူတော်တရား၌ တည်စေ၏။ ရဟန်းတို့ မိစ္ဆာဒိဋ္ဌိ အယူရှိသော ဤပုဂ္ဂိုလ်တယောက် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁)

၃၀၉။ ရဟန်းတို့တယောက်သော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွါးရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပေါ်လာ၏။ ထို တယောက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း ဟူမူ—မဖောက်ပြန်သောအားဖြင့် မြင်တတ်သော သမ္မာဒိဋ္ဌိ အယူရှိသော ပုဂ္ဂိုလ်တည်း၊ ထိုပုဂ္ဂိုလ်သည် လူအများကို မသူတော်တရားမှ ကင်းကွာစေ၍ သူတော်ကောင်းတရား၌ တည်စေ၏။ ရဟန်းတို့ သမ္မာဒိဋ္ဌိ အယူရှိသော ဤပုဂ္ဂိုလ်တယောက် လောက၌ ဖြစ်ပေါ်လာသော် လူအများ၏ အစီးအပွါး ရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါး ရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၂)

၃၁၀။ ရဟန်းတို့ ဤမှားသော မြင်ခြင်း 'မိစ္ဆာဒိဋ္ဌိ'သည် ကြီးလေးသော အပြစ်ရှိသကဲ့သို့ ဤအတူ ကြီးလေးသော အပြစ်ရှိသော အခြား တခုသော တရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ကြီးလေးသော အပြစ်ရှိသော အကုသိုလ်ကံတို့သည် မိစ္ဆာဒိဋ္ဌိသာလျှင် လွန်ကဲခြင်း ရှိကုန်၏ ဟု (မိန့်တော်မူ၏)။ (၃)

http://www.dhammadownload.com



၃၁၁။ ရဟန်းတို့ ဤ(မင်ဖိုလ်မှ)အချည်းနှီးသော ယောကျာ်းဖြစ်သော မက္ခလိ ဂေါသာလသည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ ချမ်းသာမဲ့ခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သကဲ့သို့ ဤအတူ ကျင့်သော အခြား တစုံတယောက်သော ပုဂ္ဂိုလ်ကိုမျှလည်း ငါမမြင်။ ရဟန်းတို့ များစွာသော ငါးတို့၏ အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ အကျိုးမဲ့ခြင်းငှါ ပျက်စီးခြင်းငှါ မြစ်ဆုံ မြစ်ဝ၌ မြှုံးကို ဖွဲ့နှောင်၍ ထားသကဲ့သို့ ဤအတူသာလျှင် များစွာသော သတ္တဝါတို့၏ အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ အကျိုးမဲ့ခြင်းငှါ ပျက်စီးခြင်းငှါ (မင်ဖိုလ်မှ) အချည်းနှီးသော မက္ခလိဂေါသာလသည် လောက၌ ဖြစ်ပေါ်လာ၏ ဟု (မိန့်တော်မူ၏)။ (၄)

၃၁၂။ ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သော သာသနာ၌ အကြင် ဆရာဖြစ်သူသည်လည်း ဆောက်တည်စေ၏၊ အကြင်တပည့် ဖြစ်သူကိုလည်း ဆောက်တည်စေ၏၊ ဆောက်တည်စေအပ်သော အကြင်တပည့်သည်လည်း ထိုအဆုံးအမအတိုင်း ဖြစ်ခြင်းငှါ ကျင့်၏၊ ထိုအလုံးစုံသော ဆရာတပည့်တို့သည် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်းဟူမူ—ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၅)

၃၁၃။ ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အကြင် ဆရာဖြစ်သူသည်လည်း ဆောက်တည်စေ၏၊ အကြင် တပည့်ဖြစ်သူကိုလည်း ဆောက်တည်စေအပ်၏၊ ဆောက်တည်စေအပ်သော အကြင်တပည့်သည်လည်း ထိုအဆုံးအမအတိုင်း ဖြစ်ခြင်းငှါ ကျင့်၏၊ ထိုအလုံးစုံသော ဆရာတပည့်တို့သည် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်းဟူမူ—ရဟန်းတို့ တရားကို ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၆)

၃၁၄။ ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သော သာသနာ၌ အလှူပေးပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရမည်၊ အလှူခံပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရန် မလိုပေ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်းဟူမူ—ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၇)

၃၁၅။ ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အလှူခံပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရမည်၊ အလှူပေးပုဂ္ဂိုလ်သည် အတိုင်းအရှည်ကို သိရန် မလိုပေ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်းဟူမူ—ရဟန်းတို့ တရားကို ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၈)

၃၁၆။ ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သော သာသနာ၌ အကြင်သူသည် ထက်သန်သော လုံ့လရှိ၏၊ ထိုသူသည် ဆင်းရဲစွာ နေရ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု(မိန့်တော်မူ၏)။ (၉)

၃၁၇။ ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အကြင်သူသည် ပျင်းရိ၏၊ ထိုသူသည် ဆင်းရဲစွာ နေရ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်းဟူမူ—ရဟန်းတို့ တရားကို ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု(မိန့်တော်မူ၏)။ (၁၀)

http://www.dhammadownload.com



၃၁၇။ ရဟန်းတို့ မကောင်းသဖြင့် ဟောအပ်သော သာသနာ၌ အကြင်သူသည် ပျင်းရိ၏၊ ထိုသူသည် ချမ်းသာစွာနေရ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ တရားကို မကောင်းသဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု (မိန့်တော်မူ၏)။ (၁၁)

၃၁၈။ ရဟန်းတို့ ကောင်းစွာ ဟောအပ်သော သာသနာ၌ အကြင်သူသည် ထက်သန်သော လုံ့လရှိ၏၊ ထိုသူသည် ချမ်းသာစွာနေရ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ တရားကို ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကြောင့်တည်း ဟု(မိန့်တော်မူ၏)။ (၁၂)

၃၂၀။ ရဟန်းတို့ အနည်းငယ်မျှသော မစင်သည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့ ရဟန်းတို့ ဤအတူပင် ငါသည် အနည်းငယ်မျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တတီး ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ ဟု (မိန့်တော်မူ၏)။ (၁၃)

၃၂၁။ ရဟန်းတို့ အနည်းငယ်မျှသော ကျင်ငယ်သည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့။ အနည်းငယ်မျှသော တံတွေးသည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့။ အနည်းငယ်မျှသော ပြည်သည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့။ အနည်းငယ်မျှသော သွေးသည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့ ရဟန်းတို့ ဤအတူပင်လျှင် ငါသည် အနည်းငယ်မျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တတီး ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ ဟု (မိန့်တော်မူ၏)။ (၁၄)

တတိယဝဂ် ပြီး၏။

---

## ၁၆-ဧကဓမ္မပါဠိ ၄-စတုတ္ထဝဂ်

၃၂၂။ ရဟန်းတို့ ဤ ဇမ္ဗူဒိပ်၌ မွေ့လျော်ဖွယ် ကောင်းသောအရံ မွေ့လျော်ဖွယ်ကောင်းသောတော မွေ့လျော်ဖွယ်ကောင်းသောမြေအရပ် မွေ့လျော်ဖွယ်ကောင်းသော ရေကန်သည် အနည်းငယ်မျှသာရှိ၏၊ စင်စစ်သော်ကား ချိုင့်ဝှမ်း မြင့်မောက်သောမြေ သွားလာကူးခက်သော မြစ် သစ်ငုတ် ဆူးငြောင့်ရှိသောအရပ် မညီညွတ်သော တောင်တို့သာ များသကဲ့သို့ ရဟန်းတို့ ဤအတူပင်လျှင် ကြည်းကုန်း၌ ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား ရေ၌ဖြစ်သော သတ္တဝါတို့သာ များကုန်၏။ (၁)

၃၂၃။ ရဟန်းတို့ ဤအတူပင်လျှင် လူ့ပြည်၌ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား လူ့ပြည်မှ တပါးသော အပါယ်ဘုံ၌ ဖြစ်သော သတ္တဝါတို့သာ များကုန်၏။ ရဟန်းတို့ ဤအတူပင်လျှင် မဇ္ဈိမတိုင်း ဇနပုဒ်တို့၌ ဖြစ်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား တိုင်းစွန်ပြည်နား ဇနပုဒ်အရပ် သစ္စာလေးပါးကို မသိနိုင်ကုန်သော လူရိုင်း မိလက္ခုတို့၌ ဖြစ်သော သတ္တဝါတို့သာ များကုန်၏။ (၂)

၃၂၄။ ရဟန်းတို့ ဤအတူပင်လျှင် မထိုင်းမှိုင်းကုန် မဆွံ့မအကုန်သော ကောင်းစွာ ဆိုအပ်သောစကား မကောင်းသဖြင့်ဆိုအပ်သောစကား၏အနက်ကို သိနိုင်ကုန်သော ပညာရှိ ပုဂ္ဂိုလ်တို့

http://www.dhammadownload.com



သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား ထိုင်းမှိုင်းကုန် ဆွံ့အကုန်သော ကောင်းစွာ ဆိုအပ်သောစကား မကောင်းသဖြင့် ဆိုအပ်သော စကား၏ အနက်ကို မသိနိုင်ကုန်သော ပညာမဲ့ ပုဂ္ဂိုလ်တို့သာ များကုန်၏။ (၃)

၃၂၅။ ရဟန်းတို့ ဤအတူပင်လျှင် မြတ်သော ပညာမျက်စိနှင့် ပြည့်စုံကုန်သော သတ္တဝါတို့ သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား အဝိဇ္ဇာအမိုက်တိုက်သို့ ရောက်ကုန်၍ တွေဝေ ကုန်သော သတ္တဝါတို့သာ များကုန်၏။ (၄)

၃၂၆။ ရဟန်းတို့ ဤအတူပင်လျှင် မြတ်စွာဘုရားကို ဖူးမျှော်ရကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာဖြစ်ကုန်၏၊စင်စစ်သော်ကား မြတ်စွာဘုရားကို မဖူးမျှော်ရကုန်သော သတ္တဝါတို့သာ များကုန်၏။ (၅)

၃၂၇။ ရဟန်းတို့ ဤအတူပင်လျှင် မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယကို ကြား နာရကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာဖြစ်ကုန်၏၊ စင်စစ်သော်ကား မြတ်စွာဘုရား ဟော ကြားအပ်သော ဓမ္မဝိနယကို မကြားနာရကုန်သော သတ္တဝါတို့သာ များကုန်၏။ (၆)

၃၂၈။ ရဟန်းတို့ ဤအတူပင်လျှင် ကြားနာရ၍ တရားကို ဆောင်ထားကြကုန်သော သတ္တဝါ တို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊စင်စစ်သော်ကားကြားနာရ၍ တရားကို ဆောင်မထားကြကုန် သော သတ္တဝါတို့သာ များကုန်၏။ (၇)

၃၂၉။ ရဟန်းတို့ ဤအတူပင်လျှင် ဆောင်ထားသော တရားတို့၏ အနက်ကို စုံစမ်း စိစစ်ကြ ကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား ဆောင်ထားသော တရားတို့၏ အနက်ကို မစုံစမ်း မစိစစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၈)

၃၃၀။ ရဟန်းတို့ ဤအတူပင်လျှင် ပါဠိတော်နှင့် အဋ္ဌကထာကိုသိ၍ တရားနှင့် လျော်သော အကျင့်ကို ကျင့်ကြကုန်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ စင်စစ်သော်ကား ပါဠိတော်နှင့် အဋ္ဌကထာကို သိ၍ တရားနှင့်လျော်သော အကျင့်ကို မကျင့်ကြကုန်သော သတ္တဝါ တို့သာ များကုန်၏။ (၉)

၃၃၁။ ရဟန်းတို့ ဤအတူပင်လျှင် ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သည့် ဇာတိစသော အကြောင်းတို့၌ ထိတ်လန့်ကြကုန်သော သတ္တဝါတို့သည် နည်းကုန်၏၊ စင်စစ်သော်ကား ထိတ်လန့် ခြင်းကို ဖြစ်စေတတ်သည့် ဇာတိစသော အကြောင်းတို့၌ မထိတ်လန့်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၀)

၃၃၂။ ရဟန်းတို့ ဤအတူပင်လျှင် ထိတ်လန့်ကုန်သည် ဖြစ်၍ သင့်လျော်သော အကြောင်း အားဖြင့် အားထုတ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား ထိတ်လန့်ကုန် သည်ဖြစ်၍ သင့်လျော်သော အကြောင်းအားနှင့် အားမထုတ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၁)

၃၃၃။ ရဟန်းတို့ ဤအတူပင်လျှင် နိဗ္ဗာန်ကို အာရုံပြု၍ မဂ် ဖိုလ် သမာဓိကို ရကြကုန် စိတ်၏ တည်ကြည်ခြင်းကို ရကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား နိဗ္ဗာန်ကို အာရုံပြု၍ မဂ် ဖိုလ် သမာဓိကိုမရကြကုန် စိတ်၏တည်ကြည်ခြင်းကို မရကြကုန်သော သတ္တဝါ တို့သာ များကုန်၏။ (၁၂)

http://www.dhammadownload.com



၃၃၄။ ရဟန်းတို့ ဤအတူပင်လျှင် မွန်မြတ်သောထမင်း မွန်မြတ်သောအရသာတို့ကို ရကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား မွန်မြတ်သောထမင်း မွန်မြတ်သောအရသာတို့ကို မရကြကုန်မူ၍ ခွက်လက်စွဲကာ တောင်း၍ရသော ထမင်းဖြင့်ရင်း သစ်သီးကြီးငယ်ဖြင့်ရင်း မျှတကြရကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၃)

၃၃၅။ ရဟန်းတို့ ဤအတူပင်လျှင် ဖိုလ်တည်းဟူသောအရသာ မဂ်တည်းဟူသောအရသာ နိဗ္ဗာန်တည်းဟူသောအရသာကို ရကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား ဖိုလ်တည်းဟူသော အရသာ မဂ်တည်းဟူသော အရသာ နိဗ္ဗာန်တည်းဟူသောအရသာကို မရကြကုန်သော သတ္တဝါတို့သာ များကုန်၏။ ရဟန်းတို့ ထိုသို့ ဖြစ်သောကြောင့် ဤသာသနာတော်၌ ဤသို့လျှင် "ဖိုလ်တည်းဟူသောအရသာ မဂ်တည်းဟူသောအရသာ နိဗ္ဗာန်တည်းဟူသော အရသာကို ရရှိသူတို့ ဖြစ်ကြကုန်အံ့"ဟု ကျင့်ရမည်။ရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်ရမည် ဟု (မိန့်တော်မူ၏)။ (၁၄)

၃၃၆-၃၃၈။ ရဟန်းတို့ ဤဇမ္ဗူဒိပ်၌ မွေ့လျော်ဖွယ်ကောင်းသောအရံ မွေ့လျော်ဖွယ်ကောင်းသောတော မွေ့လျော်ဖွယ်ကောင်းသောမြေအရပ် မွေ့လျော်ဖွယ်ကောင်းသောရေကန်သည် အနည်းငယ်မျှသာ ရှိ၏။ စင်စစ်သော်ကား ချိုင့်ဝှမ်း မြင့်မောက်သောမြေ သွားလာကူးခက်သော မြစ် သစ်ငုတ် ဆူးငြောင့်ရှိသောအရပ် မညီညွတ်သော တောင်တို့သာ များသကဲ့သို့ ရဟန်းတို့ ဤအတူပင်လျှင် လူ့ပြည်မှ စုတေ၍ လူ့ပြည်၌ပင် တဖန် ပြန်ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား လူ့ပြည်မှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ပ။တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ပ။ ပြိတ္တာဘုံ၌ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၅-၁၇)

၃၃၉-၃၄၁။ ရဟန်းတို့ ဤအတူပင်လျှင် လူ့ပြည်မှ စုတေ၍ နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား လူ့ပြည်မှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၁၈-၂၀)

၃၄၂-၃၄၄။ ရဟန်းတို့ ဤအတူပင်လျှင် နတ်ပြည်မှ စုတေ၍ နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား နတ်ပြည်မှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၂၁-၂၃)

၃၄၅-၃၄၇။ ရဟန်းတို့ ဤအတူပင်လျှင် နတ်ပြည်မှ စုတေ၍ လူ့ပြည်တို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား နတ်ပြည်မှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ပြိတ္တာဘုံ၌ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၂၄-၂၆)

၃၄၈-၃၅၀။ ရဟန်းတို့ ဤအတူပင်လျှင် ငရဲဘုံမှ စုတေ၍ လူ့ဘုံတို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား ငရဲဘုံမှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၂၇-၂၉)

၃၅၁-၃၅၃။ ရဟန်းတို့ ဤအတူပင်လျှင် ငရဲဘုံမှ စုတေ၍ နတ်ပြည်၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား ငရဲဘုံမှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၃၀-၃၂)

http://www.dhammadownload.com



၃၅၄-၃၅၆။ ရဟန်းတို့ ဤအတူပင်လျှင် တိရစ္ဆာန်မျိုးမှ စုတေ၍ လူ့ပြည်၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊စင်စစ်သော်ကား တိရစ္ဆာန်မျိုးမှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၃၃-၃၅)

၃၅၇-၃၅၉။ ရဟန်းတို့ ဤအတူပင်လျှင် တိရစ္ဆာန်မျိုးမှ စုတေ၍ နတ်ပြည်၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား တိရစ္ဆာန်မျိုးမှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၃၆-၃၈)

၃၆၀-၃၆၂။ ရဟန်းတို့ ဤအတူပင်လျှင် ပြိတ္တာဘုံမှ စုတေ၍ လူ့ပြည်၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား ပြိတ္တာဘုံမှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏။ (၃၉-၄၁)

၃၆၃-၃၆၅။ ရဟန်းတို့ ဤအတူပင်လျှင် ပြိတ္တာဘုံမှ စုတေ၍ နတ်ပြည်၌ ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်သော်ကား ပြိတ္တာဘုံမှ စုတေ၍ ငရဲဘုံ၌ ဖြစ်ကြကုန်သော။ တိရစ္ဆာန်မျိုး၌ ဖြစ်ကြကုန်သော။ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သတ္တဝါတို့သာ များကုန်၏ ဟု (မိန့်တော်မူ၏)။ (၄၂-၄၄)

စတုတ္ထဝဂ် ပြီး၏။

(ဇမ္ဗုဒီပ ပေယျာလ ပြီး၏။)

---

## ၁၇-ပသာဒကရဓမ္မဝဂ်

၃၆၆-၃၇၀။ ရဟန်းတို့ တောဌ၌နေသော ရဟန်း၏ အဖြစ်သည် လာဘ်ရခြင်းတို့၏ မုချ အကြောင်းဖြစ်၏။ပ။ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ရဟန်း၏ အဖြစ်သည်။ ပံသုကူသင်္ကန်းကို ဆောင်သော ရဟန်း၏ အဖြစ်သည်။တိစီဝရိက်သင်္ကန်းကို ဆောင်သော ရဟန်း၏ အဖြစ်သည်။ တရားဟောသော ရဟန်း၏ အဖြစ်သည်။ ဝိနည်းကို ဆောင်သော ရဟန်း၏ အဖြစ်သည်။ အကြားအမြင် များသော ရဟန်း၏ အဖြစ်သည်။ (သိက္ခာဝါရင့်၍) ထာဝရတည်မြဲခြင်းသို့ ရောက်သော ရဟန်း၏ အဖြစ်သည်။ (ရဟန်းတို့၏) ကြည်ညိုဖွယ် အသွင်အပြင်နှင့် ပြည့်စုံသော ရဟန်း၏ အဖြစ်သည်။ စင်ကြယ်သော အခြံအရံနှင့်ပြည့်စုံသော ရဟန်း၏ အဖြစ်သည်။ များမြတ်သော အခြံအရံနှင့်ပြည့်စုံသော ရဟန်း၏ အဖြစ်သည်။ အမျိုးကောင်းသား ရဟန်း၏အဖြစ်သည်။ ကိုယ်အဆင်းနှင့်ပြည့်စုံသော ရဟန်း၏ အဖြစ်သည်။ ချိုသာသော စကားရှိသော ရဟန်း၏ အဖြစ်သည်၊ အလိုနည်းသော ရဟန်း၏ အဖြစ်သည်။ ကျန်းမာခြင်းနှင့် ပြည့်စုံသော ရဟန်း၏ အဖြစ်သည် လာဘ်ရခြင်းတို့၏ မုချအကြောင်းဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁-၁၆)

ကြည်ညိုခြင်းကို ပြုတတ်သောတရားများ ပြီး၏။

http://www.dhammadownload.com



## ၁၈-အပရအစ္ဆရာသင်္ဃာတဝဂ်

၃၈၂။ ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတီးကာလမျှလည်း အကယ်၍ ပဌမစျာန်ကို ပွါးများ ငြားအံ့၊ ရဟန်းတို့ ဤရဟန်းကို စျာန်မှ ဆိတ်သဉ်းခြင်း မရှိမူ၍ နေသော ရဟန်းဟူ၍ငင်း မြတ်စွာ ဘုရား၏ သွန်သင်မှုကို လိုက်နာ၍ နေသော ရဟန်းဟူ၍ငင်း မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ၍ နေသော ရဟန်းဟူ၍ငင်း ပြည်သူတို့ဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ စားသုံးသော ရဟန်းဟူ၍ငင်း ဆိုထိုက်၏၊ ထိုစျာန်ကို အဖန်ဖန် အဇလေ့အလာပြုကုန်သော ရဟန်းတို့၌ကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း ဟု (မိန့်တော်မူ၏)။ (၁)

၃၈၃-၃၈၉။ ရဟန်းတို့ ရဟန်းသည် လက်ဖျစ်တတီးကာလမျှလည်း ဒုတိယစျာန်ကို ပွါးများ ငြားအံ့။ပ။ တတိယစျာန်ကို ပွါးများငြားအံ့။ပ။ စတုတ္ထစျာန်ကို ပွါးများငြားအံ့။ပ။ ပျက်စီးစေလို ခြင်း 'ဗျာပါဒ'မှ စိတ်၏ လွတ်မြောက်ကြောင်း ဖြစ်သော စေတောဝိမုတ္တိမေတ္တာကို ပွါးများငြား အံ့။ပ။ ညှဉ်းဆဲလိုခြင်း 'ဝိဟိံသ'မှ စိတ်၏ လွတ်မြောက်ကြောင်း ဖြစ်သော စေတောဝိမုတ္တိ ကရုဏာကို ပွါးများငြားအံ့။ပ။ မမွေ့လျော်ခြင်း 'အရတိ'မှ စိတ်၏ လွတ်မြောက်ကြောင်းဖြစ်သော စေတောဝိမုတ္တိမုဒိတာကို ပွါးများငြားအံ့။ပ။ တပ်မက်ခြင်း'ရာဂ'မှ လွတ်မြောက်ကြောင်းဖြစ်သော စေတောဝိမုတ္တိဥပေက္ခာကို ပွါးများငြားအံ့။ပ။ (၂-၈)

၃၉၀-၃၉၃။ ပြင်းစွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိလျက် လောက၌ အဘိဇ္ဈာဒေါမနဿတို့ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဖန်ဖန်ရှုလျက် နေငြားအံ့။ပ။ ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုလျက် နေငြား အံ့။ပ။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက် နေငြားအံ့။ပ။ ပြင်းစွာအားထုတ်အပ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်လျက် ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိလျက် လောက၌ အဘိဇ္ဈာ ဒေါမနဿ ကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် နေငြားအံ့။ (၉-၁၂)

၃၉၄-၃၉၇။ မဖြစ်ပေါ်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ပြုလိုသော ဆန္ဒကို ဖြစ်စေငြားအံ့၊ လုံ့လပြုငြားအံ့၊ ဝီရိယကို အားထုတ်ငြားအံ့၊ စိတ်ကို မြှင့်တင်ငြား အံ့။ အားစိုက်ငြားအံ့။ ဖြစ်ပေါ်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ဖျောက်ရန် ပြုလိုသောဆန္ဒကို ဖြစ်စေငြားအံ့၊ လုံ့လပြုငြားအံ့၊ ဝီရိယကို အားထုတ်ငြားအံ့၊ စိတ်ကို မြှင့်တင် ငြားအံ့၊ အားစိုက်ငြားအံ့။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ပြုလိုသော ဆန္ဒကို ဖြစ်စေငြားအံ့၊ လုံ့လပြုငြားအံ့၊ ဝီရိယကို အားထုတ်ငြားအံ့၊ စိတ်ကို မြှင့်တင်ငြားအံ့၊ အားစိုက်ငြားအံ့။ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန် မပျောက်ပျက်စေရန် အဖန်ဖန်ဖြစ်စေရန် ပြန့်ပြောစွာဖြစ်စေရန် ပွါးများစေရန် ပြည့်စုံစေရန် ပြုလိုသော ဆန္ဒကို ဖြစ်စေ ငြားအံ့၊ လုံ့လပြုငြားအံ့၊ ဝီရိယကို အားထုတ်ငြားအံ့၊ စိတ်ကို မြှင့်တင်ငြားအံ့၊ အားစိုက် ငြားအံ့။ (၁၃-၁၆)

၃၉၈-၄၀၁။ ဆန္ဒကို မှီ၍ ဖြစ်သော သမာဓိနှင့်ငင်း သမ္ပဓာနဝီရိယနှင့်ငင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးများငြားအံ့။ဝီရိယကို မှီ၍ ဖြစ်သော သမာဓိနှင့်ငင်း သမ္ပဓာန် ဝီရိယနှင့်ငင်း ပြည့်စုံ သော ဣဒ္ဓိပါဒ်ကို ပွါးများငြားအံ့။ စိတ်ကိုမှီ၍ဖြစ်သော သမာဓိနှင့်ငင်း သမ္ပဓာန်ဝီရိယနှင့်

http://www.dhammadownload.com



ငှင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများငြားအံ့။ ပညာကို မှီ၍ ဖြစ်သောသမာဓိနှင့်ငှင်း သမ္မပ္ပဓာန် ဝီရိယနှင့်ငှင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများငြားအံ့။ (၁၇ - ၂၁)

၄၀၂-၄၀၆။ သဒ္ဓိန္ဒြေကို ပွါးများငြားအံ့။ဝီရိယိန္ဒြေကို ပွါးများငြားအံ့။ သတိန္ဒြေကို ပွါးများငြားအံ့။ သမာဓိန္ဒြေကို ပွါးများငြားအံ့။ ပညိန္ဒြေကို ပွါးများငြားအံ့။ (၂၁ - ၂၅)

၄၀၇-၄၁၁။ သဒ္ဓါဗိုလ်ကို ပွါးများငြားအံ့၊ ဝီရိယဗိုလ်ကို ပွါးများငြားအံ့၊ သတိဗိုလ်ကို ပွါးများငြားအံ့၊ သမာဓိဗိုလ်ကို ပွါးများငြားအံ့၊ ပညာဗိုလ်ကို ပွါးများငြားအံ့။ (၂၆ - ၃၀)

၄၁၂-၄၁၈။ သတိသမ္ဗောဇ္ဈင်ကို ပွါးများငြားအံ့။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများငြားအံ့။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများငြားအံ့၊ပီတိသမ္ဗောဇ္ဈင်ကို ပွါးများငြားအံ့၊ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများငြားအံ့။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများငြားအံ့။ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများငြားအံ့။ (၃၁ - ၃၇)

၄၁၉-၄၂၆။ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွါးများငြားအံ့။ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ပွါးများငြားအံ့။ သမ္မာဝါစာမဂ္ဂင်ကို ပွါးများငြားအံ့။ သမ္မာကမ္မန္တမဂ္ဂင်ကို ပွါးများငြားအံ့၊ သမ္မာအာဇီဝမဂ္ဂင်ကို ပွါးများငြားအံ့။ သမ္မာဝါယာမမဂ္ဂင်ကို ပွါးများငြားအံ့။သမ္မာသတိမဂ္ဂင်ကို ပွါးများငြားအံ့။ သမ္မာသမာဓိမဂ္ဂင်ကို ပွါးများငြားအံ့။ (၃၈ - ၄၅)

၄၂၇-၄၃၄။ မိမိသန္တာန်၌ ဖြစ်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော သေးငယ်ကုန်သော ကောင်းသောအဆင်း မကောင်းသောအဆင်းဟု ဆိုအပ်သော ရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည် ဖြစ်ငြားအံ့။မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကိုရှုမှတ်ခြင်းသညာရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော အတိုင်းအရှည် မရှိ ကြီးမားကုန်သော ကောင်းသောအဆင်း မကောင်းသောအဆင်း ဟု ဆိုအပ်ကုန်သော ရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည် ဖြစ်ငြားအံ့။ မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာ မရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော သေးငယ်သော ကောင်းသောအဆင်း မကောင်းသောအဆင်း ဟု ဆိုအပ်ကုန်သော ရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့ မြင်အံ့" ဟု အကယ်၍ အမှတ်သညာရှိသည်ဖြစ်ငြားအံ့။ မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာ မရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော အတိုင်း အရှည် မရှိ ကြီးမားကုန်သော ကောင်းသော အဆင်း မကောင်းသောအဆင်းဟု ဆိုအပ်ကုန်သော ကသိုဏ်းရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည် ဖြစ်ငြားအံ့။ မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာ မရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော ညိုကုန်သော ညိုသောအဆင်း ရှိကုန်သော တခဲနက်ညိုကုန်သော အညိုရောင်ရှိကုန်သော ရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟုအကယ်၍ အမှတ်သညာရှိသည်ဖြစ်ငြားအံ့။ မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်းသညာမရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော ဝါရွှေကုန်သော ဝါရွှေသော အဆင်းရှိကုန်သော တခဲနက်ဝါရွှေကုန်သော ဝါရွှေသော အရောင်ရှိကုန်သော ရုပ်တို့ကို ရှုငြားအံ့၊ထိုရုပ်တို့ လွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည်ဖြစ်ငြားအံ့။မိမိသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာ မရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော နီကုန်သော နီသောအဆင်းရှိကုန်သော တခဲနက်နီကုန်သော အနီရောင်ရှိကုန်သော ရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည် ဖြစ်ငြားအံ့။ မိမိသန္တာန်၌

http://www.dhammadownload.com



ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိသည်ဖြစ်၍ အပသန္တာန်၌ ဖြစ်ကုန်သော ဖြူကုန်သော ဖြူသော အဆင်းရှိကုန်သော တခဲနက်ဖြူကုန်သော အဖြူရောင်ရှိကုန်သော ရုပ်တို့ကို ရှုငြားအံ့၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "သိအံ့ မြင်အံ့"ဟု အကယ်၍ အမှတ်သညာရှိသည် ဖြစ်ငြားအံ့။ (၄၆-၅၃)

၄၃၅-၄၄၂။ ရူပဈာန်ရှိသော ပုဂ္ဂိုလ်သည် ရုပ်တို့ကို ရှုငြားအံ့။ အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုမှတ်ခြင်း သညာမရှိမူ၍ အပသန္တာန်၌ ဖြစ်ကုန်သော ရုပ်တို့ကို ရှုငြားအံ့။ "တင့်တယ်၏" ဟူ၍ သာလျှင် နှလုံးသွင်းငြားအံ့။ ရူပါဝစရဈာန်နှင့်စပ်လျဉ်းသော ရှုမှတ်ခြင်း ရူပသညာတို့ကို အလုံးစုံသော အခြင်းအရာဖြင့် လွန်မြောက်ခြင်းကြောင့် ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်သော ပဋိဃသညာတို့၏ချုပ်ခြင်းကြောင့် အမျိုးမျိုးသော အာရုံ၌ ဖြစ်သော အမှတ်သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်ပညတ်သည် အဆုံးအပိုင်းအခြားမရှိ"ဟု စီးဖြန်းပြီးလျှင်အာကာသာနဉ္စာယတနဈာန်သို့ရောက်၍ နေငြားအံ့။အာကာသာနဉ္စာယတနဈာန်ကို လွန်မြောက်၍ ပဌမာရုပ္ပဝိညာဏ်သည် အပိုင်းအခြားမရှိ" ဟု စီးဖြန်းပြီးလျှင် ဝိညာဏဉ္စာယတန ဈာန်သို့ ရောက်၍ နေငြားအံ့။ ဝိညာဏဉ္စာယတနဈာန်ကို အလုံးစုံသော အခြင်းအရာဖြင့် လွန်မြောက်၍ "ပဌမာရုပ္ပဝိညာဏ်သည် တစုံတခုမျှ မရှိ" ဟု စီးဖြန်းပြီးလျှင် အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေငြားအံ့။အာကိဉ္စညာယတနဈာန်ကို အလုံးစုံသော အခြင်းအရာဖြင့် လွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေငြားအံ့။ နေဝသညာနာသညာယတနဈာန်ကို အလုံးစုံသော အခြင်းအရာဖြင့် လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ခြင်းဟု ဆိုအပ်သော နိရောဓသမာပတ်သို့ ရောက်၍ နေငြားအံ့။ (၅၄-၆၁)

၄၄၃-၄၅၂။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ပွါးများငြားအံ့။ အာပေါ။ တေဇော။ ဝါယော။ နီလ။ ပီတ။လောဟိတ။ ဩဒါတ။ အာကာသ။ ဝိညာဏကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ပွါးများငြားအံ့။ (၆၂-၇၁)

၄၅၃-၄၆၂။ မတင့်တယ်သော အာရုံ၌ ဖြစ်သော အသုဘသညာကို ပွါးများငြားအံ့။ သေခြင်းကို အာရုံပြု၍ ဖြစ်သော မရဏသညာကို ပွါးများငြားအံ့။ အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု ဆင်ခြင်သော အာဟာရေပဋိကူလသညာကို ပွါးများငြားအံ့။ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု ရှုမှတ်သော သဗ္ဗလောကေ အနဘိရတိသညာကို ပွါးများငြားအံ့။ ခန္ဓာငါးပါးတို့၌ အမြဲမရှိဟု ရှုမှတ်သော အနိစ္စသညာကို ပွါးများငြားအံ့။ အမြဲမရှိသော ခန္ဓာငါးပါး၌ ဆင်းရဲ၏ဟု ရှုမှတ်သော ဒုက္ခသညာကို ပွါးများငြားအံ့ ။ ဆင်းရဲသောခန္ဓာငါးပါး၌ အလိုသို့လိုက်သော အတ္တမဟုတ်ဟု ရှုမှတ်သော အနတ္တသညာကို ပွါးများငြားအံ့ ။ ကိလေသာပယ်ခြင်းကို အာရုံပြု၍ ဖြစ်သော ပဟာနသညာကို ပွါးများငြားအံ့။ ရာဂကင်းခြင်းကို အာရုံပြု၍ ဖြစ်သော ဝိရာဂသညာကို ပွါးများငြားအံ့။ သင်္ခါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော နိရောဓသညာကိုပွါးများငြားအံ့။(၇၂-၈၀)

၄၆၃-၄၇၂။ ခန္ဓာငါးပါးတို့၌ အမြဲမရှိဟု ရှုမှတ်သော အနိစ္စသညာကို ပွါးများငြားအံ့။ ခန္ဓာငါးပါးတို့၌ အလိုမလိုက်ဟု ရှုမှတ်သော အနတ္တသညာကို ပွါးများငြားအံ့။ သေခြင်းကိုအာရုံပြု၍ ဖြစ်သော မရဏသညာကို ပွါးများငြားအံ့။ အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု ဆင်ခြင်သော အာဟာရေပဋိကူလသညာကို ပွါးများငြားအံ့။ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု ရှုမှတ်သော သဗ္ဗလောကေ အနဘိရတိသညာကို ပွါးများငြားအံ့။ အရိုးစုကို အာရုံပြု၍

http://www.dhammadownload.com



ဖြစ်သော အင်္ဂကသညာကို ပွါးများပြောအံ့။ ပိုးလောက်ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ ဖြစ်လော ပုဠုဝကသညာကို ပွါးများပြောအံ့။ အဖြူအနီစသည် ရောလျက် များသော အားဖြင့် ညိုသောအဆင်း ရှိသည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ ဖြစ်သော ဝိနီလက သညာကို ပွါးများပြောအံ့။ အလယ်၌ နှစ်ပိုင်းပြတ်လျက် စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ ဖြစ်သော ဝိစ္ဆိဒ္ဒကသညာကို ပွါးများပြောအံ့။ သေသည်မှအထက် နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေ အိတ်ကဲ့သို့ ဖူးဖူးရောင်၍ စက်ဆုပ်ရွံရှာဖွယ်ကို အာရုံပြု၍ ဖြစ်သော ဥဒ္ဓုမာတကသညာကို ပွါးများ ပြောအံ့။ (၈၂ - ၉၁)

၄၇၃-၄၈၂။ ဘုရားဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိကို ပွါးများပြောအံ့။ တရားဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း ဓမ္မာနုဿတိကိုပွါးများ ပြောအံ့။ သံဃာဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း သံဃာနုဿတိကို ပွါးများ ပြောအံ့။ မိမိသီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း သီလာနုဿတိကို ပွါးများပြောအံ့။ စွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း စာဂါနုဿတိကို ပွါးများပြောအံ့။ နတ်တို့၏ သဒ္ဓါစသော ဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါစသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဒေဝတာ နုဿတိကို ပွါးများပြောအံ့၊ ထွက်သက်ဝင်သက်လေကို အဖန်တလဲလဲ အောက်မေ့ခြင်း အာနာ ပါနဿတိကို ပွါးများပြောအံ့။ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်း မရဏဿတိကို ပွါးများ ပြောအံ့။ ဆံစသော ရုပ်အပေါင်း၌ အဖန်တလဲလဲ အောက်မေ့ခြင်း ကာယဂတာသတိကို ပွါးများပြောအံ့။ နိဗ္ဗာန်ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဥပသမာနုဿတိကို ပွါးများ ပြောအံ့။ (၉၂ - ၁၀၁)

၄၈၃ -၄၉၂။ ပဌမစျာန်နှင့်တကွဖြစ်သော သဒ္ဓိန္ဒြေကို ပွါးများပြောအံ့။ ဝီရိယိန္ဒြေကို ပွါးများ ပြောအံ့။ သတိန္ဒြေကို ပွါးများပြောအံ့။ သမာဓိန္ဒြေကို ပွါးများပြောအံ့။ ပညိန္ဒြေကို ပွါးများပြောအံ့။ သဒ္ဓါဗိုလ်ကို ပွါးများပြောအံ့။ ဝီရိယဗိုလ်ကို ပွါးများပြောအံ့။ သတိဗိုလ်ကို ပွါးများပြောအံ့။ သမာဓိ ဗိုလ်ကို ပွါးများပြောအံ့။ ပညာဗိုလ်ကို ပွါးများပြောအံ့။ (၁၀၂ - ၁၁၁)

၄၉၃-၅၆၂။ ဒုတိယစျာန်နှင့်တကွဖြစ်သော။ပ။ တတိယစျာန်နှင့်တကွဖြစ်သော။ပ။ စတုတ္ထ စျာန်နှင့်တကွ ဖြစ်သော ။ပ။ မေတ္တာစျာန်နှင့်တကွဖြစ်သော ။ပ။ ကရုဏာစျာန်နှင့်တကွဖြစ်သော ။ပ။ မုဒိတာစျာန်နှင့်တကွဖြစ်သော ။ပ။ ဥပေက္ခာစျာန်နှင့်တကွဖြစ်သော သဒ္ဓိန္ဒြေကို ပွါးများ ပြောအံ့။ ဝီရိယိန္ဒြေကို ပွါးများပြောအံ့။ သတိန္ဒြေကိုပွါးများပြောအံ့။ သမာဓိန္ဒြေကို ပွါးများပြောအံ့။ ပညိန္ဒြေကို ပွါးများပြောအံ့။ သဒ္ဓါဗိုလ်ကို ပွါးများပြောအံ့။ ဝီရိယဗိုလ်ကို ပွါးများပြောအံ့၊ သတိဗိုလ်ကို ပွါးများပြောအံ့။ သမာဓိဗိုလ်ကို ပွါးများပြောအံ့။ ပညာဗိုလ်ကို ပွါးများပြောအံ့။ ရဟန်းတို့ ဤ ရဟန်းကို စျာန်မှ ဆိတ်သုဉ်းခြင်း မရှိမူ၍ နေသော ရဟန်းဟူ၍ရင်း မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍ နေသော ရဟန်းဟူ၍ရင်း မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ၍ နေသော ရဟန်းဟူ၍ရင်း ပြည်သူတို့ ဆွမ်းကို အချည်းနှီး မဖြစ်စေပဲ စားသုံးသော ရဟန်းဟူ၍ရင်း ဆိုထိုက်၏။ ထိုဥပေက္ခာစျာန်နှင့်တကွဖြစ်သော ပညာဗိုလ်ကို အဖန်ဖန် အလေ့အလာ ပြုကုန်သော ရဟန်းတို့၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း ဟု (မိန့်တော်မူ၏)။(၁၁၂ - ၁၈၁) .

(အပရအစ္ဆရာသင်္ဃာတဝဂ် ပြီး၏။)

http://www.dhammadownload.com



## ၁၉-ကာယဂတာသတိဝဂ်

၅၆၃။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို မဟာသမုဒ္ဒရာကို စိတ်[၁] ဖြင့် ပျံ့နှံ့အောင် ရှုနိုင်ငြားအံ့၊ သမုဒ္ဒရာသို့ သက်ဆင်းကုန်သော မြစ်ငယ်ဟူသမျှတို့သည် ထိုသူ၏(စိတ်၌) အတွင်းဝင်ပြီး ဖြစ်ကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင်လျှင် မည်သည့်ပုဂ္ဂိုလ်မဆို ဆံစသော ရုပ်အပေါင်း၌ ဖြစ်သော ကာယဂတာသတိကို ပွါးများနိုင်ငြားအံ့၊ အဖန်ဖန် အလေ့အလာပြုနိုင်ငြားအံ့၊ ဝိဇ္ဇာ[၂] အဖို့အစု၌ ဖြစ်ကုန်သော ကုသိုလ်တရားဟူသမျှတို့သည် ထိုသူ၏(ဘာဝနာစိတ်၌) အတွင်းဝင်ပြီး ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁)

၅၆၄-၅၇၀။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် ကြီးစွာသော ထိတ်လန့်ခြင်း သံဝေဂ ဉာဏ်[၃] အလို့ငှါ ဖြစ်၏။ ကြီးစွာသော အကျိုး[၄] ကို ရရှိခြင်းငှါ ဖြစ်၏။ ကြီးစွာသော ယောဂလေးပါးကုန်ရာ[၅] သို့ ရောက်ခြင်းငှါ ဖြစ်၏။ သတိသမ္ပဇဉ် အလို့ငှါ ဖြစ်၏။ ဉာဏ်အမြင်[၆] ကို ရခြင်းငှါ ဖြစ်၏။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းငှါ ဖြစ်၏။ ဝိဇ္ဇာ[၇] ဝိမုတ္တိ[၈] ဖိုလ်[၉] တို့ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ တခုသောတရားဟူသည် အဘယ် နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိပေ တည်း။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် ကြီးစွာသော ထိတ်လန့်ခြင်း သံဝေဂဉာဏ်အလို့ငှါ ဖြစ်၏။ ကြီးစွာသော အကျိုးကို ရရှိခြင်းငှါ ဖြစ်၏။ ကြီးစွာသော ယောဂလေးပါးကုန်ရာသို့ ရောက်ခြင်းငှါ ဖြစ်၏။ သတိသမ္ပဇဉ်အလို့ငှါ ဖြစ်၏။ ဉာဏ်အမြင်ကို ရခြင်းငှါ ဖြစ်၏။မျက်မှောက် ဘဝ၌ ချမ်းသာစွာနေခြင်းငှါ ဖြစ်၏။ ဝိဇ္ဇာ ဝိမုတ္တိ ဖိုလ်တို့ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၂-၈)

၅၇၁။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန်အလေ့အလာပြုအပ်သည် ရှိသော် နာမကာယ ရူပကာယသည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏၊ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'တို့သည်လည်း ငြိမ်းအေးကုန်၏၊ အလုံးစုံသော ဝိဇ္ဇာ အဖို့အစု၌ ဖြစ်ကုန်သော တရားတို့သည်လည်း ပွါးများခြင်း ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ထိုတခုသော တရားဟူသည် အဘယ်နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိတည်း။ ရဟန်းတို့ ဤ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် နာမကာယ ရူပကာယသည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏၊ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'တို့သည်လည်း ငြိမ်းအေးကုန်၏၊ အလုံးခုံသော ဝိဇ္ဇာ အဖို့အစု၌ ဖြစ်ကုန်သော တရားတို့သည်လည်း ပွါးများခြင်း ပြည့်စုံခြင်းသို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၉)

၅၇၂။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီးသော အကုသိုလ် တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏၊ ထိုတခုသော တရားဟူသည် အဘယ်နည်း ဟူမူ—ဆံအစ

---

၁- အာပေါကသိုဏ်းစီးဖြန်းသော ဘာဝနာစိတ်နှင့် ဒိဗ္ဗစက္ခုအဘိညာဉ်စိတ်။
၂- ဝိပဿနာဉာဏ် မနောမယိဒ္ဓိဉာဏ်နှင့် အဘိညာဉ်ခြောက်ပါးအားဖြင့် ဝိဇ္ဇာရှစ်ပါး။
၃- ဝိပဿနာဉာဏ် မဂ်ဉာဏ်။ ၄- ဖိုလ်ဉာဏ်လေးပါး။ ၅- နိဗ္ဗာန်။ ၆- ဒိဗ္ဗစက္ခုဖအဘိညာဉ်။
၇- မဂ်ဉာဏ်။ ၈- မဂ်နှင့်ယှဉ်သော တရား။ ၉- အရဟတ္တဖိုလ်။

http://www.dhammadownload.com



ရှိသော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိတည်း။ ရဟန်းတို့ ဤ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

၅၇၃။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏။ ထို တခုသော တရားဟူသည် အဘယ်နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိတည်း။ ရဟန်းတို့ ဤ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့သည်လည်း အဖန်ဖန် ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၁)

၅၇၄။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် အဝိဇ္ဇာသည် [၁] ကင်းပျောက်၏၊ ဝိဇ္ဇာ [၂] သည် ဖြစ်ပေါ်၏၊ အသ္မိမာန [၃] သည် ကင်းပျောက်၏၊ အနုသယ [၄] တို့သည် အကြွင်းမဲ့ ကင်းကွာခြင်းသို့ ရောက်ကုန်၏၊ သံယောဇဉ် [၅] တို့ ကင်းပျောက်ကုန်၏။ ထိုတခုသော တရား ဟူသည် အဘယ်နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ ဖြစ်သော အောက်မေ့ခြင်း ကာယဂတာသတိတည်း။ ရဟန်းတို့ ဤတခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် အဝိဇ္ဇာသည် ကင်းပျောက်၏၊ ဝိဇ္ဇာသည် ဖြစ်ပေါ်၏၊ အသ္မိမာနသည် ကင်းပျောက်၏၊ အနုသယတို့သည် အကြွင်းမဲ့ ကင်းကွာခြင်းသို့ ရောက်ကုန်၏။ သံယောဇဉ်တို့သည် ကင်းပျောက်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၂)

၅၇၅-၅၇၆။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် ပညာဖြင့် ခွဲဖောက်သိမြင်ခြင်းသို့ ရောက်ခြင်းငှါ ဖြစ်၏။ အကြောင်းကင်းသော ပရိနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ တခုသော တရားဟူသည် အဘယ်နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိတည်း။ ရဟန်းတို့ ဤ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် ပညာဖြင့် ခွဲဖောက်သိမြင်ခြင်းသို့ ရောက်ခြင်းငှါ ဖြစ်၏၊ အကြောင်းကင်းသော ပရိနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁၃-၁၄)

၅၇၇-၅၇၉။ ရဟန်းတို့ တခုသော.တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် များစွာသော ဓာတ် [၆] တို့ကို ထိုးထွင်း၍ သိနိုင်၏။အမျိုးမျိုးသော ဓာတ် [၇] တို့ကို ထိုးထွင်း၍

၁- သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းသော မောဟမှောင်တိုက်ကို ဆိုသည်။
၂- မောဟမှောင်တိုက်ကို ထွင်းဖောက်သိမြင်နိုင်သော အရဟတ္တဖိုလ်ဉာဏ်ကို ဆိုသည်။
၃- ငါ မြတ်သည် ငါ ယုတ်သည် စသည်ဖြင့် ဖြစ်သော ကိုးမျိုးသော ထောင်လွှားမှုကို ဆိုသည်။
၄- ကာမရာဂစသည် ခုနစ်မျိုးသော အခြေခံ အငုတ်ဓာတ်များ။
၅- ကာမရာဂစသည့် ဆယ်မျိုးသော အနှောင်အဖွဲ့ ဓာတ်များ။
၆- စက္ခုစသော ၁၈ ပါးသောဓာတ်တို့၏လက္ခဏာကိုသိခြင်း။
၇- ယင်းတဆယ့်ရှစ်ပါးသော ဓာတ်တို့၏ အမျိုးမျိုးသော လက္ခဏာကို သိခြင်း။

http://www.dhammadownload.com



သိနိုင်၏။ များစွာသော ခေတ်တို့ကို ခွဲခြမ်း၍ [၁] သိနိုင်၏။ တခုသော တရားဟူသည် အဘယ်နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိတည်း။ ရဟန်းတို့ ဤတခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည်ရှိသော် များစွာသော ခေတ်တို့ကို ထိုးထွင်း၍ သိနိုင်၏။ အမျိုးမျိုးသော ခေတ်တို့ကို ထိုးထွင်း၍ သိနိုင်၏။ များစွာသော ခေတ်တို့ကို ခွဲခြမ်း၍ သိနိုင်၏ ဟု (မိန့်တော်မူ၏)။ (၁၅-၁၇)

၅၇၀-၅၇၃။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ တခုသော တရားဟူသည် အဘယ်နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိပင်တည်း။ ရဟန်းတို့ ဤ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁၈-၂၁)

၅၇၄-၅၉၉။ ရဟန်းတို့ တခုသော တရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် ပညာ [၂] ကို ရခြင်းငှါ ဖြစ်၏။ ပညာ၏တိုးပွါးခြင်းငှါ ဖြစ်၏။ ပညာ၏ပြန့်ပြောခြင်းငှါ ဖြစ်၏။ မြတ်သော ပညာအလို့ငှါ ဖြစ်၏။ ကြီးကျယ်သော ပညာအလို့ငှါ ဖြစ်၏။ ပြန့်ပြောသော ပညာ အလို့ငှါ ဖြစ်၏။ နက်နဲသော ပညာအလို့ငှါ ဖြစ်၏။ မည်သည့်ပုဂ္ဂိုလ်၏ ပညာနှင့်မျှ မနီးကပ် (မယှဉ်သာ)သော ပညာအလို့ငှါ ဖြစ်၏။ မြေကြီးအထုနှင့် တူသော ပညာအလို့ငှါ ဖြစ်၏။ ပညာ၏ များခြင်းအလို့ငှါ ဖြစ်၏။ လျင်သော ပညာအလို့ငှါ ဖြစ်၏။ ပေါ့ပါးသော ပညာ အလို့ငှါ ဖြစ်၏။ ရွှင်သော ပညာအလို့ငှါ ဖြစ်၏။ မြန်သော ပညာအလို့ငှါ ဖြစ်၏။ ထက်သော ပညာအလို့ငှါ ဖြစ်၏။ (ကိလေသာအထုကို) ဖောက်ခွဲနိုင်သော ပညာအလို့ငှါ ဖြစ်၏။ ထိုတခုသော တရားဟူသည် အဘယ်နည်း ဟူမူ—ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိတည်း။ ရဟန်းတို့ ဤ တခုသောတရားကို ပွါးများအပ် အဖန်ဖန် အလေ့အလာပြုအပ်သည် ရှိသော် ပညာကို ရခြင်းငှါ ဖြစ်၏။ ပညာ၏ တိုးပွါးခြင်းငှါ ဖြစ်၏။ ပညာ၏ပြန့်ပြောခြင်းငှါ ဖြစ်၏။ မြတ်သော ပညာအလို့ငှါ ဖြစ်၏။ ကြီးကျယ်သော ပညာအလို့ငှါ ဖြစ်၏။ ပြန့်ပြောသော ပညာအလို့ငှါဖြစ်၏။ နက်နဲသော ပညာအလို့ငှါ ဖြစ်၏။ မည်သည့် ပုဂ္ဂိုလ်၏ ပညာနှင့်မျှ မနီးကပ် (မယှဉ်သာ)သော ပညာအလို့ငှါ ဖြစ်၏။ မြေကြီး အထုနှင့် တူသော ပညာအလို့ငှါ ဖြစ်၏၊ ပညာ၏ များခြင်းအလို့ငှါ ဖြစ်၏။ လျင်သော ပညာအလို့ငှါ ဖြစ်၏။ ပေါ့ပါးသော ပညာအလို့ငှါ ဖြစ်၏။ ရွှင်သော ပညာအလို့ငှါ ဖြစ်၏။ မြန်သော ပညာအလို့ငှါ ဖြစ်၏။ ထက်သော ပညာအလို့ငှါ ဖြစ်၏။ (ကိလေသာအထုကို) ဖောက်ခွဲနိုင်သော ပညာအလို့ငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၂၂-၃၇)

ကာယဂတာသတိဝဂ် ပြီး၏။

---

၁။ ဤခေတ် ပြန့်ပြောလျှင် ဤအကျိုး ဖြစ်၏ဟု ခွဲခြမ်း၍ သိခြင်း။
၂။ ဤမှစ၍ ၁၅-သုတ်တို့၌ လာသော ပညာဟူသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် စသည်ကို ဆိုသည်။

http://www.dhammadownload.com



## ၂၀-အမတဝဂ်

၆၀၀။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မသုံးဆောင်ကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရသည် မည်ကုန်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို သုံးဆောင်ကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁)

၆၀၁။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မသုံးဆောင်အပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်အပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို သုံးဆောင်အပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်အပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၂)

၆၀၂။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ဆုတ်ယုတ်စေအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ဆုတ်ယုတ်စေအပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မဆုတ်ယုတ်စေအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မဆုတ်ယုတ်စေအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၃)

၆၀၃။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ချွတ်ယွင်းစေအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ချွတ်ယွင်းစေအပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မချွတ်ယွင်းစေအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မချွတ်ယွင်းစေအပ်သည်မည်၏ ဟု (မိန့်တော်မူ၏)။ (၄)

၆၀၄။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မေ့လျော့ကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မေ့လျော့သည် မည်ကုန်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မမေ့မလျော့ကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မမေ့မလျော့သည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၅)

၆၀၅။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ပျောက်ပျက်စေအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပျောက်ပျက်စေအပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မပျောက်ပျက်စေအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မပျောက်ပျက်စေအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၆)

၆၀၆။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မမှီဝဲအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မမှီဝဲအပ်သည် မည်၏။ ရဟန်းတို့

http://www.dhammadownload.com



အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မှီဝဲအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မှီဝဲအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၇)

၆၀၇။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မပွါးများအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မပွါးများအပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ပွါးများအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပွါးများအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၈)

၆၀၈။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို အဖန်ဖန် အလေ့အလာ မပြုအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို အဖန်ဖန် အလေ့အလာ မပြုအပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို အဖန်ဖန် အလေ့အလာပြုအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို အဖန်ဖန် အလေ့အလာ ပြုအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၉)

၆၀၉။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ထူးသောဉာဏ်ဖြင့် မသိအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် မသိအပ်သည်မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်းကာယဂတာသတိကို ထူးသောဉာဏ်ဖြင့် သိအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် သိအပ်သည် မည်၏ ဟု (မိန့်တော်မူ၏)။ (၁၀)။

၆၁၀။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ပိုင်းခြား၍ မသိအပ်၊ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပိုင်းခြား၍မသိအပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို ပိုင်းခြား၍ သိအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို ပိုင်းခြား၍ သိအပ်သည်မည်၏ ဟု (မိန့်တော်မူ၏)။ (၁၁)

၆၁၁။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မျက်မှောက် မပြုအပ်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မျက်မှောက် မပြုအပ်သည် မည်၏။ ရဟန်းတို့ အကြင်သူတို့သည် ဆံအစရှိသော ရုပ်အပေါင်း၌ အောက်မေ့ခြင်း ကာယဂတာသတိကို မျက်မှောက် ပြုအပ်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မျက်မှောက် ပြုအပ်သည် မည်၏ ဟု(မိန့်တော်မူ၏)။ (၁၂)

(မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း)။

အမတဝဂ် ပြီး၏။

# ဧကကနိပါတ် ပြီး၏။

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

ဒုကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဌမပဏ္ဏာသက

### ၁-ပဌမ သုတ်ငါးဆယ်

### ၁-ကမ္မကရဏဝဂ် ၁-ဝဇ္ဇသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ထိုရဟန်းတို့သည်"အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အပြစ်တို့သည် ဤနှစ်မျိုးတို့တည်း။အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ် တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်တို့တည်း။ မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မင်းတို့က မကောင်းမှု ပြုကျင့်သော ခိုးသူကို ဖမ်းဆီး၍ အမျိုးမျိုးသော နှိပ်စက် ညှဉ်းပန်းခြင်းပြုစေသည် တို့ကို တွေ့မြင်၏။ နှင်တံတို့ဖြင့် ရိုက်နှက်စေသည်တို့ကိုရင်း။ ကြိမ်လုံးတို့ဖြင့် ရိုက်နှက်စေသည်တို့ကိုရင်း။ တုတ်တိုတို့ဖြင့် ရိုက်နှက်စေသည်တို့ကိုရင်း။ လက်ကိုဖြတ်စေသည်တို့ကိုရင်း ခြေကိုဖြတ်စေသည်တို့ကိုရင်း။ လက်ခြေ

http://www.dhammadownload.com



တို့ကို ဖြတ်စေသည်တို့ကိုရင်း။ နားကို ဖြတ်စေသည်တို့ကိုရင်း။ နှာခေါင်းကို ဖြတ်စေသည်တို့ကိုရင်း။ နားနှာခေါင်းတို့ကို ဖြတ်စေသည်တို့ကိုရင်း။ ဦးထိပ်ကို ဖောက်ခွဲပြီးလျှင် ရဲရဲတောက်ပူသော သံတွေခဲကို ညှပ်ဖြင့်ယူ၍ ဦးခေါင်းထဲသို့ ထည့်လျက် ဦးနှောက်ကို ပအုန်းရည်ကဲ့သို့ ကျိုက်ကျိုက်ဆူ၍ ကျအောင် နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ အထက်နှုတ်ခမ်း နားရင်းနှစ်ဖက်နှင့် လည်ပင်းတိုင်အောင် အရေကို လှီးဖြတ်ထားပြီးလျှင် ဆံပင်ကို တပေါင်းတည်း တုတ်ဖြင့် ရစ်ပတ်၍ ဆံပင်နှင့် တကွ ဦးရေကို ဆွဲဆောင့်ဆုတ်ခွါ၍ ကျောက်စရစ်ခဲများဖြင့် ပွတ်တိုက်ဆေးကြောကာ ဦးပြည်းခေါင်းကို ခရုသင်း အဆင်းကဲ့သို့ ဖြစ်အောင်ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ ပါးစပ်ကို သံချွန်ဖြင့် ဖွင့်ထောက်၍ အတွင်း၌ မီးထွန်းကာ နေ လကို ငုံထားသော ရာဟု ခံတွင်းကဲ့သို့ ဖြစ်အောင်ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ တကိုယ်လုံး အဝတ်ပတ်ပြီးလျှင် ဆီလောင်း၍ မီးရှို့လျက် မီးပန်းကုံးကဲ့သို့ ဖြစ်အောင်ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။လက်တို့ကို အဝတ်ပတ်ပြီးလျှင် ဆီလောင်း၍ မီးရှို့လျက် လက်ဆီမီးတိုင်ကဲ့သို့ ဖြစ်အောင်ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။လည်ပင်းမှစ၍ အရေကို ခွါပြီးလျှင် ခြေကျင်းဝတ် ခြေမျက်စိပေါ်၌ ပုံထားလျက် လူကို လွန်ကြိုးနှင့် ဆွဲသဖြင့် မိမိအရေကို မိမိ နင်းမိတိုင်း နင်းမိတိုင်း လဲ၍ လဲ၍ သွားအောင်ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ လည်ပင်းမှ စ၍ အရေကို ခွါပြီးလျှင် ခါးပေါ်၌ ထား၍ရင်း ခါးမှစ၍ အရေကို ခွါပြီးလျှင် ခြေကျင်းဝတ် ခြေမျက်စိပေါ်၌ ထား၍ရင်း အထက်ပိုင်း အရေဖြင့် အောက်ပိုင်း ကိုယ်ကို လျှော်တေ အဝတ် ဝတ်သကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက် ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ တံတောင်နှစ်ဖက်ဒူးနှစ်ဖက်တို့၌ သံထိတ် သံထုံးခတ်၍ သံချွန်လေးခုစိုက်လျက် မြေ၌တည်စေပြီးလျှင် သားကောင်ကို ဖုတ်ကင်သကဲ့သို့ ထက်ဝန်းကျင်မှ မီးဖြင့် ရှို့မြိုက်ကာ နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ နှစ်ဖက်အသွားရှိသော သံချိတ်တို့ဖြင့် အရေ အကြော အသားတို့ကို ခြစ်ခွါလျက် နှိပ်စက်ညှဉ်းပန်းခြင်းပြုစေသည်တို့ကိုရင်း။ ကျပ်ပြားမျှ ကျပ်ပြားမျှ အရေအကြော အသားများ အတုံးအတစ်ပြတ်ကျအောင် ခါးမှစ၍ တကိုယ်လုံးကို ထက်စွာသော ပဲခွပ်တို့ဖြင့် ခုတ်ရွေလျက် နှိပ်စက် ညှဉ်းပန်းခြင်းပြုစေသည်တို့ကိုရင်း။ ကိုယ်ကို တုတ်လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ပြီးလျှင် သဲဆပ်ပြာ ရေပက်ကာ ဆတ်သွားသီးဖြင့် ပွတ်တိုက်၍ အရေအကြော အသားတို့ကို အရည်ပျော်ကျစေလျက် အရိုးချည်းသာ ကျန်သည့်တိုင်အောင် ပြုလျက် နှိပ်စက် ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ မြေ၌ နံပါးတဖက်ဖြင့် အိပ်စေ၍ နား တဖက်မှ တဖက်သို့ ပေါက်အောင် သံတံကျင်လျှိုကာ မြေကြီးနှင့် တဆပ်တည်း ရှိစေပြီးလျှင် ခြေထောက်မှ ကိုင်၍ ဟံခါးကျင်ကဲ့သို့ လှည့်လျက် နှိပ်စက်ညှဉ်းပန်းခြင်း ပြုစေသည်တို့ကိုရင်း။ အရေအသားတို့ကို မပြတ်စေမူ၍ တင်းပုတ်တို့ဖြင့် အရိုးတို့ကို ထုချိုက်ကာ ဆံပင်တို့ကို ဆွဲကိုင် မြှောက်ပစ်လိုက်လျက် အသားစုချည်းသာ ဖြစ်သောအခါ ဆံပင်တို့ဖြင့်ပင် ချည်နှောင်ပြီးလျှင် ကောက်ရိုးထုံးကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကို ပြုစေသည်တို့ကိုရင်း။ ကျိုက်ကျိုက်ဆူသော ဆီပူဖြင့် သွန်းလောင်းစေသည်တို့ကိုရင်း။ နှစ်ရက် သုံးရက် အစာငတ်ထား၍ အလွန်ဆာလောင်မွတ်သိပ်နေသော ခွေးတို့ကို ကိုက်စားစေသည်တို့ကိုရင်း။ အရှင်လတ်လတ် သံတံကျင်လျှိုစေသည်တို့ကိုရင်း။ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်စေသည်တို့ကိုရင်း (တွေ့မြင်ရ၏)။

ထိုသူအား ဤသို့သော ဆင်ခြင်ခြင်းသည် ဖြစ်၏“အကြင်သို့ သဘောရှိကုန်သော မကောင်းမှုကံတို့၏ အကြောင်းကြောင့် မကောင်းမှုကို ပြုကျင့်သော ခိုးသူကို မင်းတို့သည် ဖမ်းဆီး၍

http://www.dhammadownload.com



အမျိုးမျိုးသော နှိပ်စက် ညှဉ်းပန်းခြင်းတို့ကို ပြုစေကုန်၏။ နှင်တံတို့ဖြင့်လည်း ရိုက်နှက်စေကုန်၏။ ကြိမ်လုံးတို့ဖြင့်လည်း ရိုက်နှက်စေကုန်၏၊တုတ်တိုတို့ဖြင့်လည်း ရိုက်နှက်စေကုန်၏။လက်ကိုလည်း ဖြတ်စေကုန်၏။ ခြေကိုလည်း ဖြတ်စေကုန်၏။လက်ခြေတို့ကိုလည်း ဖြတ်စေကုန်၏။ နားကိုလည်း ဖြတ်စေကုန်၏။ နှာခေါင်းကိုလည်း ဖြတ်စေကုန်၏။ နားနှာခေါင်းတို့ကိုလည်း ဖြတ်စေကုန်၏။ ဦးထိပ်ကို ဖောက်ခွဲပြီးလျှင် ရဲရဲတောက်ပူသော သံတွေခဲကို ညှပ်ဖြင့်ယူ၍ ဦးခေါင်းထဲသို့ ထည့်လျက် ဦးနှောက်ကို ပအုန်းရည်ကဲ့သို့ ကျိုက်ကျိုက်ဆူ၍ ကျအောင် နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ အထက်နှုတ်ခမ်း နားရင်းနှစ်ဖက်နှင့် လည်ပင်းတိုင်အောင် အရေကို လှီးဖြတ်ထားပြီးလျှင် ဆံပင်ကို တပေါင်းတည်း တုတ်ဖြင့် ရစပတ်၍ ဆံပင်နှင့်တကွ ဦးရေကို ဆွဲဆောင့် ဆုတ်ခွါ၍ ကျောက်စရစ်ခဲများဖြင့် ပွတ်တိုက်ဆေးကြောကာ ဦးပြည်းခေါင်းကို ခရုသင်းအဆင်းကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ ပါးစပ်ကို သံချွန်ဖြင့် ဖွင့်ထောက်၍ အတွင်း၌ မီးထွန်းလျက် နေ လကို ငုံထားသော ရာဟုခံတွင်းကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ တကိုယ်လုံး အဝတ်ပတ်ပြီးလျှင် ဆီလောင်း၍ မီးရှို့လျက် မီးပန်းကုံးကဲ့သို့ ဖြစ်အောင်ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ လက်တို့ကို အဝတ်ပတ်ပြီးလျှင် ဆီလောင်း၍ မီးရှို့လျက် လက်ဆီမီးတိုင်ကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ လည်းပင်းမှစ၍ အရေကိုခွါပြီးလျှင် ခြေကျင်းဝတ် ခြေမျက်စိပေါ်၌ ပုံထားလျက် လူကိုလွန်ကြိုးနှင့် ဆွဲသဖြင့် မိမိအရေကိုမိမိ နင်းမိတိုင်း နင်းမိတိုင်း လဲ၍ လဲ၍ သွားအောင် ပြုလျက် နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ လည်ပင်းမှစ၍ အရေကိုခွါပြီးလျှင် ခါးပေါ်၌ ထား၍ငင်း ခါးမှစ၍ အရေကို ခွါပြီးလျှင် ခြေကျင်းဝတ် ခြေမျက်စိပေါ်၌ထား၍ ငင်း အထက်ပိုင်းအရေဖြင့် အောက်ပိုင်းကိုယ်ကို လျှော်တေအဝတ်ဝတ်သကဲ့သို့ ဖြစ်အောင် ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ တံတောင်နှစ်ဖက် ဒူးနှစ်ဖက်တို့၌ သံထိတ် သံထူးခတ်၍ သံချွန်လေးခုစိုက်လျက် မြေ၌ တည်စေပြီးလျှင် သားကောင်ကို ဖုတ်ကင်သကဲ့သို့ထက်ဝန်းကျင်မှမီးဖြင့် ရှို့မြိုက်ကာ နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ နှစ်ဖက်အသွားရှိသော သံချိတ်တို့ဖြင့် အရေအကြေ အသားတို့ကို ခြစ်ခွါလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ ကျပ်ပြားမျှ ကျပ်ပြားမျှ အရေအကြေ အသားများ အတုံးအတစ်ပြတ်ကျအောင် ခါးမှစ၍ တကိုယ်လုံးကို ထက်စွာသော ပဲခွပ်တို့ဖြင့် ခုတ်ရွေလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုကုန်၏။ကိုယ်ကို တုတ်လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ပြီးလျှင် သဲဆပ်ပြာရည်ပက်ကာ ဆတ်သွားသီးဖြင့် ပွတ်တိုက်၍ အရေအကြေ အသားတို့ကို အရည်ပျော်ကျစေလျက် အရိုးချည်းသာ ကျန်သည့် တိုင်အောင် ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ မြေ၌ နံပါးတဖက် ဖြင့် အိပ်စေ၍ နားတဖက်မှ တဖက်သို့ပေါက်အောင် သံတံကျင်လျှိုကာ မြေကြီးနှင့် တစပ်တည်း ရှိစေပြီးလျှင် ခြေထောက်မှကိုင်၍ တံခါးကျင်ကဲ့သို့ လှည့်လျက်နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ အရေအသားတို့ကို မပြတ်စေမူ၍ တင်းပုတ်တို့ဖြင့် အရိုးတို့ကို ထုရိုက်ကာ ဆံပင်တို့ကို ဆွဲကိုင် မြှောက်ပစ်လိုက်လျက် အသားစုချည်းသာဖြစ်သောအခါ ဆံပင်တို့ဖြင့်ပင် ချည်နှောင်ပြီးလျှင် ကောက်ရိုးထုံးကဲ့သို့ ဖြစ်အောင်ပြုလျက် နှိပ်စက်ညှဉ်းပန်းခြင်းကိုလည်း ပြုစေကုန်၏။ ကျိုက်ကျိုက် ဆူသော ဆီပူဖြင့်လည်း သွန်းလောင်းစေကုန်၏။ နှစ်ရက် သုံးရက် အစာငတ်ထား၍ အလွန် ဆာလောင်မွတ်သိပ်နေသော ခွေးတို့ကိုလည်း ကိုက်စား စေကုန်၏။ အရှင်လတ်လတ် သံတံကျင်လည်း လျှိုစေကုန်၏။ သန်လျက်တို့ဖြင့်လည်း ဦးခေါင်းကို ဖြတ်စေကုန်၏။ ငါသည်လည်း ဤသို့သဘော ရှိသော မကောင်းမှုကို ပြုငြားအံ့၊ ငါ့ကိုလည်း မင်းတို့သည် ဖမ်းဆီး၍ ဤသို့ သဘောရှိသော

http://www.dhammadownload.com



အမျိုးမျိုးသော နှိပ်စက်ညှဉ်းပန်းခြင်းတို့ကို ပြုစေကုန်ရာ၏၊ နှင်တံတို့ဖြင့်လည်း ရိုက်နှက်စေကုန်ရာ၏။ပ။ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်စေကုန်ရာ၏"ဟု (ဆင်ခြင်၏)။ ထိုသူသည် မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်မှ ကြောက်သည်ဖြစ်၍ သူတပါးတို့၏ ပစ္စည်းဥစ္စာထုပ်ကို လုယက်ခိုးယူ၍ မသွား။ ရဟန်းတို့ ဤအပြစ်ကို မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်ဟု ဆိုအပ်၏။

ရဟန်းတို့ တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်သည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဤသို့ ဆင်ခြင်၏။ "ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်၏ အကျိုးသည် တမလွန် ဘဝ၌ ဆင်းရဲသော ယုတ်ညံ့သော အကျိုးဖြစ်၏၊ နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့်၏ အကျိုးသည် တမလွန်ဘဝ၌ ဆင်းရဲသော ယုတ်ညံ့သော အကျိုးဖြစ်၏၊ စိတ်ဖြင့် ကြံစည်အပ်သော မကောင်းသော အကျင့်၏ အကျိုးသည် တမလွန်ဘဝ၌ ဆင်းရဲသော ယုတ်ညံ့သော အကျိုးဖြစ်၏။ ငါသည်လည်း ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်ငြားအံ့၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်ငြားအံ့၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်ငြားအံ့၊ ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲသို့ မရောက်ရာ သော အကြောင်းသည် အဘယ်မှာ ရှိပါအံ့နည်း" ဟု(ဆင်ခြင်၏)။ ထိုသူသည် တမလွန်ဘဝ၌ ဖြစ်လတ္တံ့သောဘေးကို ကြောက်သည်ဖြစ်၍ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်ကို ပယ်စွန့်၍ ကိုယ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်ကို ဖြစ်စေ၏၊ နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့်ကို ပယ်စွန့်၍ နှုတ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့်ကို ဖြစ်စေ၏၊ စိတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့်ကို ပယ်စွန့်၍ စိတ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့်ကို ဖြစ်စေ၏၊ မိမိကိုယ်ကို စင်ကြယ်စွာ စောင့်ရှောက်၏။ ရဟန်းတို့ ဤအပြစ်ကို တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ အပြစ်တို့သည် ဤနှစ်မျိုးတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "မျက်မှောက်ဘဝ၌ ဖြစ်သောအပြစ်ကို ကြောက်ကုန်အံ့၊ တမလွန် ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်ကို ကြောက်ကုန်အံ့၊ အပြစ်ကို ကြောက်သောသူ ဘေးကို မြင်သောသူတို့ ဖြစ်ကုန်အံ့"ဟု (ကျင့်ရမည်)။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်။ ရဟန်းတို့ အပြစ်ကိုကြောက်သူ ဘေးကိုမြင်သောသူသည် အလုံးစုံသော အပြစ်တို့မှ လွတ်အံ့သော အကျိုးကိုသာ မချွတ်ရလိမ့်မည်ဟု (မြွက်လင့်အပ်)၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဓာနသုတ်

၂။ ရဟန်းတို့ လောက၌ ဖြစ်စေနိုင်ခဲကုန်သော အားထုတ်ခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ **အဘယ်နှစ်မျိုးတို့နည်း** ဟူမူ—အိမ်၌နေကုန်သော လူတို့၏ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ **အထောက်အပံ့** ဖြစ်သော ဆေး အသုံး အဆောင်တို့ကို ထောက်ပံ့ခြင်းငှါ အားထုတ်ခြင်း

http://www.dhammadownload.com



လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ 'ရဟန်းပြု'ကုန်သော ရှင်ရဟန်းတို့၏ အလုံးစုံသော ဥပဓိတို့မှ ကင်းလွတ်ရာ နိဗ္ဗာန် အကျိုးငှါ အားထုတ်ခြင်းတို့တည်း။ ရဟန်းတို့ ဖြစ်စေနိုင်ခဲ ကုန်သော အားထုတ်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ လောက၌ ဤအားထုတ်ခြင်း နှစ်မျိုးတို့တွင် အလုံးစုံသော ဥပဓိတို့ကို စွန့်ရာဖြစ်သော နိဗ္ဗာန်အလို့ငှါ အားထုတ်ခြင်းသည် အမြတ်ဆုံးပေတည်း။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "အလုံးစုံသော ဥပဓိတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်အကျိုးငှါ အားထုတ်ခြင်းကို အားထုတ်ကြကုန်အံ့" ဟု ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-တပနီယသုတ်

၃။ ရဟန်းတို့ ပူပန်စေတတ်ကုန်သော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကာယဒုစရိုက်ကို ပြုကျင့်၏၊ ကာယသုစရိုက်ကို မပြုကျင့်။ ဝစီဒုစရိုက်ကို ပြုကျင့်၏၊ ဝစီသုစရိုက်ကို မပြုကျင့်။ မနောဒုစရိုက်ကို ပြုကျင့်၏၊ မနောသုစရိုက်ကို မပြုကျင့်။ ထိုသူသည် "ငါသည် ကာယဒုစရိုက်ကို ပြုကျင့်မိပြီ" ဟု ပူပန်၏။ "ငါသည် ကာယသုစရိုက်ကို မပြုကျင့်မိ"ဟု ပူပန်၏။ "ငါသည် ဝစီဒုစရိုက်ကို ပြုကျင့်မိပြီ"ဟု ပူပန်၏၊ "ငါသည် ဝစီသုစရိုက်ကို မပြုကျင့်မိ"ဟု ပူပန်၏။ "ငါသည် မနောဒုစရိုက်ကို ပြုကျင့်မိပြီ"ဟု ပူပန်၏၊ "ငါသည် မနောသုစရိုက်ကို မပြုကျင့်မိ"ဟု ပူပန်၏။ ရဟန်းတို့ ပူပန်စေတတ်သော တရားတို့သည် ဤနှစ်မျိုးတည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အတပနီယသုတ်

၄။ ရဟန်းတို့ မပူပန်စေတတ်ကုန်သော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကာယသုစရိုက်ကို ပြုကျင့်၏၊ ကာယဒုစရိုက်ကို မပြုကျင့်။ ဝစီသုစရိုက်ကို ပြုကျင့်၏၊ ဝစီဒုစရိုက်ကို မပြုကျင့်၊ မနောသုစရိုက်ကို ပြုကျင့်၏၊ မနောဒုစရိုက်ကို မပြုကျင့်။ ထိုသူသည် "ငါသည် ကာယသုစရိုက်ကို ပြုကျင့်မိပြီ"ဟု မပူပန်။ "ငါသည် ကာယဒုစရိုက်ကို မပြုကျင့်မိ"ဟု မပူပန်။ "ငါသည် ဝစီသုစရိုက်ကို ပြုကျင့်မိပြီ"ဟု မပူပန်၊ "ငါသည် ဝစီဒုစရိုက်ကို မပြုကျင့်မိ"ဟု မပူပန်၊ "ငါသည် မနောသုစရိုက်ကို ပြုကျင့်မိပြီ"ဟု မပူပန်။ "ငါသည် မနောဒုစရိုက်ကို မပြုကျင့်မိ"ဟု မပူပန်။ ရဟန်းတို့ မပူပန်စေတတ်ကုန်သော တရားတို့သည် ဤနှစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဥပညာသသုတ်

၅။ ရဟန်းတို့ (ဈာန်ဩဘာသနိမိတ်မျှလောက်သော) ကုသိုလ်တရားတို့၌ မရောင့်ရဲခြင်းနှင့် (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် နိဗ္ဗာန်ရောက်အောင်) အားထုတ် လုံ့လပြုရာ၌ မဆုတ်နစ်ခြင်း ဟူသော ဤတရားနှစ်မျိုးတို့၏ ဂုဏ်ကို ငါသည် ကပ်ရောက်၍ သိပြီ။ ရဟန်းတို့ ငါသည် "ခန္ဓာကိုယ်၌ အရေ အကြော အရိုးသာ ကြွင်းလိုလျှင် ကြွင်းစေတော့၊ အသားအသွေးသည် ခန်းခြောက်လိုလျှင် ခန်းခြောက်စေတော့၊ ယောကျ်ားတို့၏စွမ်းအား ယောကျ်ားတို့၏လုံ့လ ယောကျ်ားတို့၏ ဉဿာဟဖြင့် ရောက်အပ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် နိဗ္ဗာန်သို့ မရောက်သေးသမျှ အားထုတ်အပ်သော ဝီရိယ၏ ဆုတ်နစ်ခြင်းသည် မဖြစ်လတ္တံ့"ဟု ဆုတ်နစ်ခြင်းမရှိမူ၍ အားထုတ်၏။ ရဟန်းတို့ ထိုငါသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို မမေ့မလျော့ အားထုတ်ခြင်းဖြင့် ရောက်အပ်ပြီ၊ အတုမရှိသော ယောဂတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်ကို မမေ့ မလျော့ အားထုတ်ခြင်းဖြင့် ရောက်အပ်ပြီ။ ရဟန်းတို့ သင်တို့သည်လည်း "ခန္ဓာကိုယ်၌ အရေ အကြော အရိုးသာ ကြွင်းလိုလျှင် ကြွင်းစေတော့၊ အသားအသွေးသည် ခန်းခြောက်လိုလျှင် ခန်းခြောက်စေတော့၊ ယောကျ်ားတို့၏ စွမ်းအား ယောကျ်ားတို့၏ လုံ့လ ယောကျ်ားတို့၏ ဉဿာဟဖြင့် ရောက်အပ်သော ဈာန် မဂ် ဖိုလ် နိဗ္ဗာန်သို့ မရောက် သေးသမျှ အားထုတ်အပ်သော ဝီရိယ၏ ဆုတ်နစ်ခြင်းသည် မဖြစ်လတ္တံ့"ဟု ဆုတ်နစ်ခြင်း မရှိမူ၍ အားထုတ်ကြကုန်လော့။ ရဟန်းတို့ သင်တို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်သော အမျိုးသားတို့ လိုလားအပ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့။ ရဟန်းတို့ ထို့ကြောင့် ခန္ဓာကိုယ်၌ "အရေ အကြော အရိုးသာ ကြွင်းလိုလျှင် ကြွင်းစေတော့၊ အသားအသွေးသည် ခန်းခြောက်လိုလျှင် ခန်းခြောက်စေတော့၊ ယောကျ်ားတို့၏ စွမ်းအား ယောကျ်ားတို့၏ လုံ့လ ယောကျ်ားတို့၏ ဉဿာဟဖြင့် ရောက်အပ်သော ဈာန် မဂ် ဖိုလ် နိဗ္ဗာန်သို့ မရောက်သေးသမျှ အားထုတ်ခြင်း ဝီရိယ၏ ဆုတ်နစ်ခြင်းသည် မဖြစ်လတ္တံ့"ဟု ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သညောဇနသုတ်

၆။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—သံယောဇဉ်၏ အကြောင်း ဖြစ်ကုန်သော တရားတို့၌ သာယာသော အားဖြင့် အဖန်ဖန်ရှုခြင်းရင်း၊ သံယောဇဉ်တို့၏ အကြောင်းဖြစ်ကုန်သော တရားတို့၌ ငြီးငွေ့သောအားဖြင့် အဖန်ဖန်ရှုခြင်းရင်း၊ ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ သံယောဇဉ်တို့၏ အကြောင်းဖြစ်ကုန်သော တရားတို့၌ သာယာသော အားဖြင့် ရှုသည်ဖြစ်၍ နေသောသူသည် တပ်မက်ခြင်း 'ရာဂ'ကို မပယ်ဖျောက်နိုင်၊ ပြစ်မှားခြင်း 'ဒေါသ'ကို မပယ်ဖျောက်နိုင်၊ တွေဝေခြင်း 'မောဟ'ကို မပယ်ဖျောက်နိုင်၊ ရာဂ ဒေါသ မောဟကို မပယ်ဖျောက်နိုင်သည်ရှိသော် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးမြည်တမ်းခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ မလွတ်ကင်းနိုင်၊ ဝဋ်ဆင်းရဲမှ မလွတ်

http://www.dhammadownload.com



မြောက်နိုင်ဟု ငါဆို၏။ ရဟန်းတို့ သံယောဇဉ်တို့၏ အကြောင်းဖြစ်ကုန်သော တရားတို့၌ ငြီးငွေ့သော အားဖြင့် အဖန်ဖန်ရှုသည် ဖြစ်၍ နေသောသူသည် တပ်မက်ခြင်း 'ရာဂ' ကို ပယ်စွန့်နိုင်၏၊ ပြစ်မှားခြင်း 'ဒေါသ'ကို ပယ်စွန့်နိုင်၏၊ တွေဝေခြင်း 'မောဟ'ကို ပယ်စွန့်နိုင်၏၊ ရာဂ ဒေါသ မောဟကို ပယ်စွန့်နိုင်သည်ရှိသော် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးမြည်တမ်းခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်ကင်းနိုင်၏၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်၏ဟု ငါဆို၏။ ရဟန်းတို့ တရားတို့ကား ဤနှစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ကဏှသုတ်

၇။ ရဟန်းတို့ မည်းညစ်သော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မကောင်းမှုမှ မရှက်ခြင်း 'အဟိရိက'ဋ်င်း မကောင်းမှုမှ မထိတ်လန့်ခြင်း 'အနောတ္တပ္ပ'ဋ်င်း တို့တည်း။ ရဟန်းတို့ မည်းညစ်ကုန်သော တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်

## ၈-သုက္ကသုတ်

၈။ ရဟန်းတို့ ဖြူစင်သော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မကောင်းမှုမှ ရှက်ခြင်း 'ဟိရီ'ဋ်င်း မကောင်းမှုမှ ထိတ်လန့်ခြင်း 'ဩတ္တပ္ပ' ဋ်င်းတို့တည်း။ ရဟန်းတို့ ဖြူစင်ကုန်သော တရားတို့သည် ဤနှစ်မျိုးတို့ ပေတည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်

## ၉-စရိယသုတ်

၉။ ရဟန်းတို့ ဖြူစင်သော ဤတရားနှစ်မျိုးတို့သည် လောကကို စောင့်ရှောက်ကုန်၏၊ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မကောင်းမှုမှ ရှက်ခြင်း 'ဟိရီ'ဋ်င်း မကောင်းမှုမှ ထိတ်လန့်ခြင်း 'ဩတ္တပ္ပ' ဋ်င်းတို့တည်း။ ရဟန်းတို့ ဖြူစင်သော ဤတရားနှစ်မျိုးတို့သည် လောကကို မစောင့်ရှောက်ကုန်ငြားအံ့၊ (ယင်းသို့ မစောင့်ရှောက်သော်) ဤလောက၌ "အမိ"ဟူ၍ဋ်င်း "မိကြီး မိထွေး"ဟူ၍ဋ်င်း "ဦးရီး၏ မယား"ဟူ၍ဋ်င်း "ဆရာ၏ မယား"ဟူ၍ဋ်င်း "ရိုသေလေးစားအပ်သူတို့၏ မယား"ဟူ၍ဋ်င်း မထင်ရှား မသိသာကုန်ရာ။ (ယင်းသို့ မထင်ရှား မသိသာကုန်သော်) လောကသည် ဆိတ်များ သိုးများကဲ့သို့ဋ်င်း ကြက် ဝက်တို့ကဲ့သို့ဋ်င်း အိမ်ခွေး တောခွေးတို့ကဲ့သို့ဋ်င်း ရောရှက်ခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ဖြူစင်သော ဤတရားနှစ်မျိုးတို့သည် လောကကို စောင့်ရှောက်ကုန်သောကြောင့်

"အမိ"ဟူ၍ရင်း "မိကြီး မိထွေး"ဟူ၍ရင်း ဦးရီး၏"မယား" ဟူ၍ရင်း "ဆရာ၏ မယား"ဟူ၍ရင်း "ရိုသေလေးစားအပ်သူတို့၏ မယား" ဟူ၍ရင်း ထင်ရှားသိသာကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဝဿူပနာယိကသုတ်

၁၀။ ရဟန်းတို့ ဝါကပ်ခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ပုရိမဝါကပ်ခြင်းရင်း ပစ္ဆိမဝါကပ်ခြင်း ရင်းတို့တည်း။ ရဟန်းတို့ ဝါကပ်ခြင်းတို့သည် ဤနှစ်မျိုးတို့ ပေတည်း ဟု (မိန့်တော်မူ၏။)

ဒသမသုတ်

ရှေးဦးစွာသော ကမ္မကရဏဝဂ် ပြီး၏။

---

## ၂-အဓိကရဏဝဂ်

၁၁။ ရဟန်းတို့ အားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဆင်ခြင်ခြင်းအား 'ပဋိသင်္ခါနဗလ' ရင်း ပွါးများခြင်းအား 'ဘာဝနာဗလ'ရင်း တို့တည်း။ ရဟန်းတို့ ဆင်ခြင်ခြင်းအား 'ပဋိသင်္ခါနဗလ'ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သောသူသည် "ကာယဒုစရိုက်၏ အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန် ဘဝ၌ရင်း ယုတ်ညံ့ဆိုးဝါး၏၊ ဝစီဒုစရိုက်၏ အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ ဆိုးဝါး၏၊ မနောဒုစရိုက်၏ အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ ဆိုးဝါး၏" ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီးလျှင် ကာယဒုစရိုက်ကို ပယ်၍ ကာယသုစရိုက်ကို ပွါးများ၏၊ ဝစီဒုစရိုက်ကို ပယ်၍ ဝစီသုစရိုက်ကို ပွါးများ၏၊ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွါးများ၏၊ သီလက္ခန္ဓစသည်ဖြင့် မိမိကိုယ်ကို စင်ကြယ်စွာ စောင့်ရှောက်၏။ ရဟန်းတို့ ဤအားကို ဆင်ခြင်ခြင်းအား'ပဋိသင်္ခါနဗလ'ဟု ဆိုအပ်၏။ရဟန်းတို့ ပွါးများခြင်းအား'ဘာဝနာဗလ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အကြင်ပွါးများခြင်းအား 'ဘာဝနာဗလ'သည် ရှိ၏၊ ဤဘာဝနာဗလသည် သေက္ခပုဂ္ဂိုလ်တို့၏ အားတည်း။ ထိုစကားသည် မှန်၏၊ ရဟန်းတို့ ထိုသူသည် သေက္ခပုဂ္ဂိုလ်တို့၏ အားကို စွဲ၍ တပ်မက်ခြင်း'ရာဂ' ကို ပယ်စွန့်၏၊ ပြစ်မှားခြင်း 'ဒေါသ'ကို ပယ်စွန့်၏၊ တွေဝေခြင်း 'မောဟ'ကို ပယ်စွန့်၏၊ ရာဂ ဒေါသ မောဟကို ပယ်စွန့်ခြင်းကြောင့် အကုသိုလ်ကို မပြုကျင့်၊ မကောင်းမှုကို မမှီဝဲ။ ရဟန်းတို့ ဤသို့သော အားကို ဘာဝနာဗလဟု ဆိုအပ်၏။ ရဟန်းတို့ အားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁)

၁၂။ ရဟန်းတို့ အားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဆင်ခြင်ခြင်းအား 'ပဋိသင်္ခါန ဗလ'ရင်း ပွါးများခြင်းအား 'ဘာဝနာဗလ'ရင်း တို့တည်း။ ရဟန်းတို့

http://www.dhammadownload.com



ဆင်ခြင်ခြင်းအား 'ပဋိသင်္ခါနဗလ'ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် "ကာယဒုစရိုက်၏ အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ ဆိုးဝါး၏၊ ဝစီဒုစရိုက်၏ အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ ဆိုးဝါး၏၊ မနောဒုစရိုက်၏အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ ဆိုးဝါး၏" ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီးလျှင် ကာယဒုစရိုက်ကို ပယ်၍ ကာယသုစရိုက်ကို ပွါးများ၏၊ ဝစီဒုစရိုက်ကို ပယ်၍ ဝစီသုစရိုက်ကို ပွါးများ၏၊ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွါးများ၏၊ သီလက္ခန္ဓ စသည်ဖြင့် မိမိကိုယ်ကို စင်ကြယ်စွာ စောင့်ရှောက်၏။ ရဟန်းတို့ ဤအားကို ဆင်ခြင်ခြင်းအား 'ပဋိသင်္ခါနဗလ'ဟု ဆိုအပ်၏။ ရဟန်းတို့ ပွါးများခြင်းအား 'ဘာဝနာဗလ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်ခြင်းကို မှီသော ဝဋ်သုံးပါး၌ တပ်မက်မှု ကင်းခြင်းကို မှီသော ကိလေသာတို့၏ ချုပ်ခြင်းကို မှီသော ကိလေသာပယ်စွန့်မှု နိဗ္ဗာန်သို့ သက်ဝင်မှုကို ရင့်ကျက်စေတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ကာမတို့မှ ဆိတ်ခြင်းကို မှီသော ဝဋ်သုံးပါး၌ တပ်မက်မှု ကင်းခြင်းကိုမှီသော ကိလေသာတို့၏ ချုပ်ခြင်းကို မှီသော ကိလေသာပယ်စွန့်မှု နိဗ္ဗာန်သို့ သက်ဝင်မှုကို ရင့်ကျက်စေတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤအားကို ပွါးများခြင်းအား 'ဘာဝနာဗလ'ဟု ဆိုအပ်၏။ ရဟန်းတို့ အားတို့သည် ဤနှစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။ (၂)

၁၃။ ရဟန်းတို့ အားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဆင်ခြင်ခြင်းအား 'ပဋိသင်္ခါနဗလ'ရင်း ပွါးများခြင်းအား 'ဘာဝနာဗလ'ရင်း တို့တည်း။ ရဟန်းတို့ ဆင်ခြင်ခြင်းအား ပဋိသင်္ခါနဗလဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် "ကာယဒုစရိုက်၏ အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ဆိုးဝါး၏၊ ဝစီဒုစရိုက်၏အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ ဆိုးဝါး၏၊ မနောဒုစရိုက်၏အကျိုးသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ယုတ်ညံ့ ဆိုးဝါး၏" ဟု ဆင်ခြင်၏။ ထိုသူသည် ဤ သို့ဆင်ခြင်ပြီးလျှင် ကာယဒုစရိုက်ကို ပယ်၍ ကာယသုစရိုက်ကို ပွါးများ၏၊ ဝစီဒုစရိုက်ကို ပယ်၍ ဝစီသုစရိုက်ကို ပွါးများ၏၊ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွါးများ၏၊ သီလက္ခန္ဓစသည်ဖြင့် မိမိကိုယ်ကို စင်ကြယ်စွာ စောင့်ရှောက်၏။ ရဟန်းတို့ ဤအားကို ဆင်ခြင်ခြင်းအား 'ပဋိသင်္ခါနဗလ'ဟု ဆိုအပ်၏။ ရဟန်းတို့ ပွါးများခြင်းအား 'ဘာဝနာဗလ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ'ချမ်းသာခြင်း'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း'ဝိစာရ' ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် (တတိယစျာန်)ကြောင့် ထိုသူကို

http://www.dhammadownload.com



''လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ''ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍နေ၏။ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ချမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤအားကို ပွါးများခြင်းအား 'ဘာဝနာဗလ'ဟု ဆိုအပ်၏။ ရဟန်းတို့ အားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၃)

၁၄။ ရဟန်းတို့ မြတ်စွာဘုရား၏ တရားဟောခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—အကျဉ်းအားဖြင့် တရားဟောခြင်း၎င်း အကျယ်အားဖြင့် တရားဟောခြင်း၎င်း တို့တည်း။ ရဟန်းတို့ မြတ်စွာဘုရား၏ တရားဟောခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၄)

၁၅။ ရဟန်းတို့ အကြင်အဓိကရုဏ်း၌ အာပတ်သို့ ရောက်သော ရဟန်းသည်၎င်း စောဒနာသော ရဟန်းသည်၎င်း မိမိသည်ပင် မိမိကိုယ်ကို ကောင်းစွာ မဆင်ခြင်။ ရဟန်းတို့ ထိုအဓိကရုဏ်း၌ ဤငြင်းခုံခြင်းသည် ''ရှည်မြင့်စွာ တည်ခြင်းငှါ နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်းငှါ ခဲ တုတ် စသည်ဖြင့် ရုန့်ရင်းစွာ ပြုလုပ်ခြင်းငှါ ဖြစ်လတ္တံ့၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ မနေရကုန်လတ္တံ့'' ဟူသော ထိုအကြောင်းမျိုးကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏။ ရဟန်းတို့ အကြင်အဓိကရုဏ်း၌ကား အာပတ်သို့ရောက်သော ရဟန်းသည်၎င်း စောဒနာသောရဟန်းသည်၎င်း မိမိသည်ပင် မိမိကိုယ်ကို ကောင်းစွာ ဆင်ခြင်၏၊ ရဟန်းတို့ ထိုအဓိကရုဏ်း၌ ဤငြင်းခုံခြင်းသည် ''ရှည်မြင့်စွာ တည်ခြင်းငှါ နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်းငှါ ခဲ တုတ် စသည်ဖြင့် ရုန့်ရင်းစွာ ပြုလုပ်ခြင်းငှါ မဖြစ်လတ္တံ့၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ နေရကုန်လတ္တံ့''ဟူသော ထိုအကြောင်းမျိုးကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် အာပတ်သို့ ရောက်သော ရဟန်းသည် မိမိသည်ပင်လျှင် မိမိကိုယ်ကို ကောင်းစွာ ဆင်ခြင်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ အာပတ်သို့ ရောက်သော ရဟန်းသည် ဤသို့ ဆင်ခြင်၏၊ ''ငါသည် ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်၏၊ ထိုရဟန်းသည် ငါ့ကို ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသောအာပတ်သို့ ရောက်သည်ကို မြင်၏၊ ငါသည် ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ အကယ်၍ မရောက်သည်ဖြစ်အံ့၊ ထိုရဟန်းသည် ငါ့ကို ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်သည်ကို မမြင်ရာ။ ငါသည် ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ရောက်သောကြောင့် ထိုရဟန်းသည် ငါ့ကို ကိုယ်ဖြင့်ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်သည်ကို မြင်၏။ ထိုရဟန်းသည် ငါ့ကို ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်သည်ကို မြင်သောကြောင့်သာလျှင် မနှစ်ခြိုက်၊ ထိုရဟန်းသည် ငါ့ကို မနှစ်ခြိုက်သည်ဖြစ်၍ မနှစ်ခြိုက်သော စကားကို ဆို၏။ ထိုရဟန်းသည် မနှစ်ခြိုက်သော စကားကို ဆိုအပ်သည်ရှိသော် ငါသည် မနှစ်ခြိုက်၊ ငါသည် မနှစ်ခြိုက်သည်ဖြစ်၍ သူတပါးတို့အား ပြောကြား၏၊ ထို့ကြောင့် ထိုအကြောင်း၌ ကင်းထားရာအရပ်ကို ရှောင်လွှဲ၍ ဆောင်သော ဥစ္စာကြောင့် ကင်းခွန်ပေးရန်ရှိသော သူသို့ အပြစ်သည် ကျရောက်သကဲ့သို့ ဤအတူ ငါ့သို့သာလျှင် အပြစ်သည် ကျရောက်၏''ဟု ဆင်ခြင်၏။ ရဟန်းတို့ ဤသို့လျှင် အာပတ်သို့ရောက်သော ရဟန်းသည် မိမိသည်ပင် မိမိကိုယ်ကို ကောင်းစွာ ဆင်ခြင်၏။

http://www.dhammadownload.com



ရဟန်းတို့ စောဒနာတတ်သော ရဟန်းသည် အဘယ်သို့လျှင် မိမိသည်ပင် မိမိကိုယ်ကို ကောင်းစွာ ဆင်ခြင်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ စောဒနာတတ်သောရဟန်းသည် ဤသို့ ဆင်ခြင်၏—"ဤရဟန်းသည် ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်၏၊ ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ရောက်သော ဤရဟန်းကို ငါမြင်၏။ ဤရဟန်းသည် ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ အကယ်၍ မရောက်သည်ဖြစ်အံ့၊ ငါသည် ဤရဟန်းကို ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်သည်ကို မမြင်ရာ။ ဤရဟန်းသည် ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်သောကြောင့် ငါသည် ဤရဟန်းကို ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်သည်ကို မြင်ရ၏၊ ဤရဟန်းကို ကိုယ်ဖြင့် ပြုအပ်သော တစုံတခုသော အာပတ်သို့ ရောက်သည်ကို မြင်သောကြောင့်သာလျှင် ငါသည် မနှစ်ခြိုက်၊ မနှစ်ခြိုက်သည်ဖြစ်၍ ငါသည် မနှစ်ခြိုက်သော စကားကို ဤရဟန်းအား ဆိုမိ၏၊ ငါသည် ဤရဟန်းအား မနှစ်ခြိုက်သော စကားကို ဆိုအပ်သည် ဖြစ်၍ ဤရဟန်းသည် မနှစ်ခြိုက်၊ မနှစ်ခြိုက်သည် ဖြစ်၍ သူတပါးတို့အား ပြောကြား၏။ ထို့ကြောင့် ထိုအကြောင်း၌ ကင်းထားရာအရပ်ကို ရှောင်လွှဲ၍ ဆောင်သော ဥစ္စာကြောင့် ကင်းခွန်ပေးရန်ရှိသော သူသို့ အပြစ်သည် ကျရောက်သကဲ့သို့ ဤအတူ ငါ့သို့သာလျှင် အပြစ်သည် ကျရောက်၏"ဟု ဆင်ခြင်၏။ ရဟန်းတို့ ဤသို့လျှင် စောဒနာတတ်သော ရဟန်းသည် မိမိသည်ပင် မိမိကိုယ်ကို ကောင်းစွာဆင်ခြင်၏။

ရဟန်းတို့ အကြင်အဓိကရုဏ်း၌ အာပတ်သို့ ရောက်သော ရဟန်းသည်၎င်း စောဒနာတတ်သော ရဟန်းသည်၎င်း မိမိသည်ပင် မိမိကိုယ်ကို ကောင်းစွာ မဆင်ခြင်အံ့၊ ရဟန်းတို့ ထိုအဓိကရုဏ်း၌ ဤငြင်းခုံခြင်းသည် "ရှည်မြင့်စွာ တည်ခြင်းငှါ နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်းငှါ ခဲ တုတ် စသည်ဖြင့် ရုန့်ရင်းစွာ ပြုလုပ်ခြင်းငှါ ဖြစ်လတ္တံ့၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ မနေရကုန်လတ္တံ့" ဟူသော ထိုအကြောင်းမျိုးကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏။ ရဟန်းတို့ အကြင်အဓိကရုဏ်း၌ အာပတ်သို့ရောက်သော ရဟန်းသည်၎င်း စောဒနာတတ်သော ရဟန်းသည်၎င်း မိမိသည်ပင် မိမိကိုယ်ကို ကောင်းစွာ ဆင်ခြင်၏၊ ရဟန်းတို့ ထိုအဓိကရုဏ်း၌ ဤငြင်းခုံခြင်းသည် "ရှည်မြင့်စွာ တည်ခြင်းငှါ နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်းငှါ ခဲ တုတ် စသည်ဖြင့် ရုန့်ရင်းစွာ ပြုလုပ်ခြင်းငှါ မဖြစ်လတ္တံ့၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ နေရကုန်လတ္တံ့" ဟူသော ထိုအကြောင်းမျိုးကို မချွတ်ရလိမ့်မည် ဟု မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။ (၅)

၁၆။ ထိုအခါ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားအထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်ပြီးသော် ထိုပုဏ္ဏားသည် မြတ်စွာဘုရားအား—"အသျှင်ဂေါတမ အကြင် အကြောင်း အထောက်အပံ့ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းရာ မကောင်းသဖြင့် လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ကျရောက်ကုန်၏၊ ထိုအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။ ပုဏ္ဏား မတရားသော အကျင့်နှင့် မညီညွတ်သော အကျင့်ဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသဖြင့် လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရကုန်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ အကြင် အကြောင်းအထောက်အပံ့ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထို အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။ ပုဏ္ဏား တရားသော အကျင့်နှင့်ညီညွတ်သော အကျင့်ဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အလွန် နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ ဥပမာအားဖြင့် မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့လည်းကောင်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ပြဘိသကဲ့သို့လည်းကောင်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့လည်းကောင်း "မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်းကောင်း ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်း အမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏။ အသျှင်ဂေါတမ ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်းကောင်း ရဟန်းသံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

၁၇။ ထိုအခါ ဇာဏုဿောဏိအမည်ရှိသောပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား— "အသျှင်ဂေါတမ အကြင် အကြောင်း အထောက်အပံ့ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသဖြင့်လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရကုန်၏၊ ထိုအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်၏။ ပုဏ္ဏား ပြုခြင်းကြောင့်လည်း မပြုခြင်းကြောင့်လည်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသဖြင့် လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အကြင် အကြောင်းအထောက်အပံ့ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏၊ ထိုအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း ဟု (လျှောက်၏)။ ပုဏ္ဏား ပြုခြင်းကြောင့်လည်း မပြုခြင်းကြောင့်လည်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမသည် အကျဉ်းအားဖြင့် ဟောအပ်သော အကျယ်အားဖြင့် မဝေဖန်အပ်သေးသော ဤတရားတော်၏အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အကျွန်ုပ် မသိနိုင်ပါ၊ တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် အကျဉ်းအားဖြင့် ဟောအပ်သော အကျယ်အားဖြင့် မဝေဖန်အပ်သေးသော ဤတရားတော်၏ အနက်ကို အကျယ်အားဖြင့် အကျွန်ုပ်သိနိုင်သော နည်းအားဖြင့် အကျွန်ုပ်အား တရားဟောတော်မူပါ ဟု (လျှောက်၏)။ ပုဏ္ဏား သို့ဖြစ်လျှင် နာကြားလော့၊

http://www.dhammadownload.com



ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ဓာဏုသောဏကိပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို ပြန်ကြား လျှောက်ထား၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ပုဏ္ဏား ဤလောက၌ အချို့သော သူသည် ကာယဒုစရိုက်ကို ပြု၏၊ ကာယသုစရိုက်ကို မပြု။ ဝစီဒုစရိုက်ကို ပြု၏၊ ဝစီသုစရိုက်ကို မပြု။ မနောဒုစရိုက်ကို ပြု၏၊ မနောသုစရိုက်ကို မပြု။ ပုဏ္ဏား ဤသို့လျှင် ပြုခြင်းကြောင့်၎င်း မပြုခြင်းကြောင့်၎င်း ဤလောက၌ အချို့သောသတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရာပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရကုန်၏။ ပုဏ္ဏား ဤလောက၌ အချို့သော သူသည်ကား ကာယသုစရိုက်ကိုပြု၏၊ ကာယဒုစရိုက်ကို မပြု။ ဝစီသုစရိုက်ကို ပြု၏၊ ဝစီဒုစရိုက်ကို မပြု၊ မနောသုစရိုက်ကို ပြု၏၊မနောဒုစရိုက်ကို မပြု။ ပုဏ္ဏား ဤသို့လျှင် ပြုခြင်းကြောင့်၎င်း မပြုခြင်းကြောင့်၎င်း ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရကုန်၏ဟု (မိန့်တော်မူ၏)၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ ဟု (လျှောက်၏)။ (၇)

၁၈။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာကို မြတ်စွာဘုရားသည်– "အာနန္ဒာ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို စင်စစ်အားဖြင့် မပြုအပ်" ဟု ငါဟော၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကြင်ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို စင်စစ် မပြုအပ်ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောတော်မူ၏၊ ထိုမပြုအပ်သော ဒုစရိုက်ကို ပြုသည်ရှိသော် အဘယ်အပြစ်ကို မချွတ်ရလိမ့်မည် ဟု မြှော်လင့်အပ်ပါသနည်း ဟု (လျှောက်၏)။ အာနန္ဒာ အကြင် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို စင်စစ်အားဖြင့် မပြုကျင့်အပ် ဟု ငါဟော၏၊ ထိုမပြုအပ်သော ဒုစရိုက်ကို ပြုသည်ရှိသော် ဤအပြစ်ကို မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏။ မိမိကိုယ်ကို မိမိစွပ်စွဲ၏။ ပညာရှိတို့ သိမြင်လတ်သော် ကဲ့ရဲ့ကုန်၏။ မကောင်းသော ကျော်စောခြင်းသည် ပြန့်နှံ့၍ ထွက်၏။ တွေဝေ၍ သေရ၏။ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသဖြင့် လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရ၏။ အာနန္ဒာ အကြင်ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ကို စင်စစ်အားဖြင့် မပြုအပ်ဟု ငါဟော၏၊ ထိုမပြုကျင့်အပ်သော ဒုစရိုက်ကို ပြုသည်ရှိသော် ဤ(ဆိုခဲ့ပြီး) အပြစ် (ငါးမျိုး)ကို မချွတ်ရလိမ့်မည် ဟု မြှော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။

အာနန္ဒာ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို စင်စစ်အားဖြင့်ပြုအပ်၏ ဟု ငါဟော၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကြင်ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို စင်စစ်အားဖြင့် ပြုအပ်၏ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောတော်မူ၏၊ ထိုပြုအပ်သော သုစရိုက်ကို ပြုသည်ရှိသော် အဘယ်အကျိုးကို မချွတ်ရလိမ့်မည် ဟု မြှော်လင့်အပ်ပါသနည်း ဟု (လျှောက်၏)။ အာနန္ဒာ အကြင် ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို စင်စစ်အားဖြင့် ပြုအပ်၏ဟူ၍ ငါဟော၏၊ ထိုပြုအပ်သော သုစရိုက်ကို ပြုသည်ရှိသော် ဤအကျိုးကို မချွတ်ရလိမ့်မည်ဟု မြှော်လင့်အပ်၏။ မိမိကိုယ်ကို မိမိလည်း မစွပ်စွဲ။ ပညာရှိတို့ သိမြင်လတ်သော် ချီးမွမ်းကုန်၏။ ကောင်းသော ကျော်စောခြင်းသည် ပြန့်နှံ့၍ ထွက်၏။ မတွေဝေပဲ သေရ၏။ ကိုယ်ခန္ဓာ ပျက်စီး၍

http://www.dhammadownload.com



သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရ၏။ အာနန္ဒာ အကြင်ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ကို စင်စစ်အားဖြင့် ပြုအပ်၏ဟု ငါဟော၏၊ ထိုပြုအပ်သော သုစရိုက်ကို ပြုသည်ရှိသော် ဤ (ဆိုခဲ့ပြီး) အကျိုး (ငါးမျိုး)ကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။ (၈)

၁၉။ ရဟန်းတို့ အကုသိုလ်ကို ပယ်ကြကုန်လော့၊ ရဟန်းတို့ (သင်တို့သည်)အကုသိုလ်ကို ပယ်ခြင်းငှါ စွမ်းနိုင်ကြကုန်၏။ ရဟန်းတို့ (သင်တို့သည်)ဤအကုသိုလ်ကို ပယ်ခြင်းငှါ အကယ်၍ မစွမ်းနိုင်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် "ရဟန်းတို့ အကုသိုလ်ကို ပယ်ကြကုန်လော့"ဟု ငါမဟောရာ။ ရဟန်းတို့ အကြင်ကြောင့် (သင်တို့သည်) အကုသိုလ်ကို ပယ်ခြင်းငှါ စွမ်းနိုင်ကုန်၏၊ ထို့ကြောင့် "ရဟန်းတို့ အကုသိုလ်ကို ပယ်ကြ ကုန်လော့"ဟု ငါဟော၏။ ရဟန်းတို့ အကုသိုလ်ကို ပယ်ခြင်းသည် အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်သည်ရှိသော် "ရဟန်းတို့ အကုသိုလ်ကို ပယ်ကြကုန်လော့" ဟု ငါမဟောရာ။ ရဟန်းတို့ အကြင်ကြောင့် အကုသိုလ်ကို ပယ်ခြင်းသည် အစီးအပွါး ရှိခြင်းငှါ ချမ်းသာခြင်းငှါဖြစ်၏၊ ထို့ကြောင့် "ရဟန်းတို့ အကုသိုလ်ကို ပယ်ကြကုန်လော့"ဟု ငါဟော၏။

ရဟန်းတို့ ကုသိုလ်ကို ပွါးများကြကုန်လော့၊ ရဟန်းတို့ (သင်တို့သည်)ကုသိုလ်တရားကို ပွါးများခြင်းငှါ စွမ်းနိုင်ကြကုန်၏။ ရဟန်းတို့ (သင်တို့သည်)ဤကုသိုလ်ကို ပွါးများခြင်းငှါ အကယ်၍ မစွမ်းနိုင်ငြားအံ့၊ ဤသို့ ဖြစ်သည်ရှိသော် "ရဟန်းတို့ ကုသိုလ်ကို ပွါးများကြကုန်လော့"ဟု ငါမဟောရာ။ ရဟန်းတို့ အကြင်ကြောင့် (သင်တို့သည်)ကုသိုလ်ကို ပွါးများခြင်းငှါ စွမ်းနိုင်ကုန်၏၊ ထို့ကြောင့် "ရဟန်းတို့ ကုသိုလ်ကို ပွါးများကြကုန်လော့"ဟု ငါဟော၏။ ရဟန်းတို့ ကုသိုလ်ကို ပွါးများခြင်းသည် အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်သည်ရှိသော် "ရဟန်းတို့ ကုသိုလ်ကို ပွါးများကြကုန်လော့" ဟု ငါမဟောရာ။ ရဟန်းတို့ အကြင်ကြောင့် ကုသိုလ်ကို ပွါးများခြင်းသည် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏၊ ထို့ကြောင့် "ရဟန်းတို့ ကုသိုလ်ကို ပွါးများကြကုန်လော့" ဟု ငါဟော၏ ဟု (မိန့်တော်မူ၏)။ (၉)

၂၀။ ရဟန်းတို့ တရားနှစ်မျိုးတို့သည် သာသနာတော်၏ ပျက်စီးခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်း[၁] ၎င်း မကောင်းသဖြင့် သိအပ်သော အနက်[၂] ၎င်း တို့တည်း။ ရဟန်းတို့ မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်း၏အနက်ကို မကောင်းသဖြင့် သိအပ်ရ၏။ ရဟန်းတို့ ဤ တရားနှစ်မျိုးတို့သည် သာသနာတော်၏ ပျက်စီးခြင်းငှါ ကွယ်ပျောက် ခြင်းငှါ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

၂၁။ ရဟန်းတို့ ဤ တရားနှစ်မျိုးတို့သည် သာသနာတော်၏ တည်ခြင်းငှါ မပျက်စီးခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ကောင်းစွာ ထားအပ်သော ပုဒ်ဗျည်း၎င်း ကောင်းစွာ သိအပ်သော အနက်၎င်းတို့တည်း။ ရဟန်းတို့ ကောင်းစွာ ထားအပ်သော ပုဒ်ဗျည်း၏ အနက်ကို ကောင်းစွာ သိအပ်ရ၏။ ရဟန်းတို့ ဤ တရားနှစ်မျိုးတို့သည် သာသနာတော်၏ တည်ခြင်းငှါ မပျက်စီးခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၁၁)

နှစ်ခုမြောက် အဓိကရဏဝဂ် ပြီး၏။

---

၁-ပါဠိတော်ကို ဆိုသည်။ ၂-အဋ္ဌကထာကို ဆိုသည်။

http://www.dhammadownload.com



## ၃-ဗာလဝဂ်

၂၂။ ရဟန်းတို့ လူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မိမိ၏ အပြစ်ကို အပြစ်ဟု မရှုသောသူရင်း တောင်းပန် ဝန်ချသူ၏ အပြစ်ကို တရားသဘောအတိုင်း လက်မခံသောသူရင်း တို့တည်း။ ရဟန်းတို့ လူမိုက်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မိမိအပြစ်ကို အပြစ်ဟု ရှုသော သူရင်း တောင်းပန်ဝန်ချသူ၏ အပြစ်ကို တရားသဘောအတိုင်း လက်ခံသောသူရင်းတို့တည်း။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁)

၂၃။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆို စွပ်စွဲတတ်ကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အတွင်း၌ ဒေါသကိန်း၍ ဒေါသသည် ဖျက်ဆီးအပ်သောသူရင်း မကောင်းသော ယူခြင်းဖြင့် ယူသော သဒ္ဓါလွန်ကဲသူ ရင်းတို့တည်း။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆို စွပ်စွဲတတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၂)

၂၄။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆို စွပ်စွဲတတ်ကုန်၏။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို "မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်"ဟု ပြသောသူရင်း မြတ်စွာဘုရား ဟောအပ် ပြောအပ် သည်ကို "မြတ်စွာဘုရား မဟောအပ် မပြောအပ်" ဟု ပြသောသူရင်း တို့တည်း။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆို စွပ်စွဲတတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် မပြောဆို မစွပ်စွဲတတ်ကုန်။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မပြောအပ်"ဟု ပြသောသူရင်း မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို "မြတ်စွာဘုရားဟောအပ် ပြောအပ်သည်"ဟု ပြသောသူ ရင်းတို့တည်း။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် မပြောဆို မစွပ်စွဲတတ်ကုန် ဟု (မိန့်တော်မူ၏)။ (၃)

၂၅။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆို စွပ်စွဲတတ်ကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဆောင်၍ သိအပ်သော အနက်ရှိသော 'နေယျတ္ထ'သုတ်ကို "တိုက်ရိုက် သိအပ်သော အနက်ရှိသော 'နီတတ္ထ' သုတ်" ဟု ပြသောသူရင်း တိုက်ရိုက် သိအပ်သော အနက် ရှိသော 'နီတတ္ထ' သုတ်ကို "ဆောင်၍ သိအပ်သော အနက်ရှိသော 'နေယျတ္ထ' သုတ်"ဟု ပြသော သူ ရင်းတို့တည်း။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆို စွပ်စွဲ တတ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၄)

၂၆။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် မပြောဆို မစွပ်စွဲတတ်ကုန်။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဆောင်၍ သိအပ်သော အနက်ရှိသော 'နေယျတ္ထ'သုတ်ကို "ဆောင်၍ သိအပ်သော အနက်ရှိသော 'နေယျတ္ထ' သုတ်" ဟု ပြသောသူရင်း တိုက်ရိုက် သိအပ်သော အနက် ရှိသော 'နီတတ္ထ' သုတ်ကို "တိုက်ရိုက် သိအပ်သော အနက်ရှိသော 'နီတတ္ထ' သုတ်" ဟု ပြသောသူ ရင်းတို့တည်း။ ရဟန်းတို့ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် မပြောဆို မစွပ်စွဲ တတ်ကုန် ဟု (မိန့်တော်မူ၏)။ (၅)

http://www.dhammadownload.com



၂၇။ ရဟန်းတို့ ဖုံးလွှမ်းအပ်သော မကောင်းမှုရှိသောသူသည် ငရဲဘုံ 'နိရယဂတိ' ငင်း တိရစ္ဆာန်မျိုး 'တိရစ္ဆာနဂတိ' ငင်း ဤလားရာ 'ဂတိ' နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ'ဂတိ' ကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။ ရဟန်းတို့ ဖုံးလွှမ်းအပ်သော မကောင်းမှု မရှိသူသည် နတ်ဘုံ 'ဒေဝဂတိ' ငင်း လူ့ဘုံ 'မနုဿဂတိ' ငင်း ဤလားရာ 'ဂတိ' နှစ်မျိုး တို့တွင် တမျိုးမျိုးသော လားရာ'ဂတိ'ကို မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏ ဟု (မိန့်တော် မူ၏)။ (၆)

၂၈။ ရဟန်းတို့ မကောင်းသော မြင်ခြင်း 'မိစ္ဆာဒိဋ္ဌိအယူ' ရှိသောသူအား ငရဲဘုံ 'နိရယဂတိ' ငင်း တိရစ္ဆာန်မျိုး 'တိရစ္ဆာနဂတိ' ငင်း ဤလားရာ'ဂတိ' နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ 'ဂတိ'ကို မချွတ်ရလိမ့်မည် ဟု မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။ (၇)

၂၉။ ရဟန်းတို့ ကောင်းသော မြင်ခြင်း 'သမ္မာဒိဋ္ဌိအယူ' ရှိသောသူအား နတ်ဘုံ'ဒေဝဂတိ'ငင်း လူ့ဘုံ 'မနုဿဂတိ'ငင်း ဤလားရာ 'ဂတိ'နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ ဂတိ"ကို မချွတ် ရလိမ့်မည် ဟု မြော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။ (၈)

၃၀။ ရဟန်းတို့ သီလမရှိသောသူအား ငရဲဘုံ'နိရယဂတိ'ငင်း တိရစ္ဆာန်မျိုး 'တိရစ္ဆာနဂတိ' ငင်း ဤလားရာ 'ဂတိ'နှစ်မျိုးတို့ကို ခံယူအပ်ကုန်၏။ ရဟန်းတို့ သီလရှိသော သူအား နတ်ဘုံ 'ဒေဝဂတိ' ငင်း လူ့ဘုံ' မနုဿဂတိ'ငင်း ဤလားရာ' ဂတိ နှစ်မျိုးတို့ကို ခံယူအပ်ကုန်၏ ဟု(မိန့်တော် မူ၏)။ (၉)

၃၁။ ရဟန်းတို့ အကြောင်းထူး နှစ်မျိုးတို့ကို ကောင်းစွာ ရှုဆင်ခြင်လျက် အာရညကင် ဓုတင်ကို ပြီးစေနိုင်သော တောကျောင်း လူတို့ကျက်စားရာ မဟုတ်သော တောကျောင်း အစွန်အဖျားကျ၍ အလွန်ဝေးကွာသော တောကျောင်းတို့ကို ငါမှီဝဲ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မိမိ၏ မျက်မှောက်ဘဝ၌ (စျာနသမာပတ် ဖလသမာပတ်ဖြင့်) ချမ်းသာစွာနေခြင်းကို ကောင်းစွာ ရှုဆင်ခြင်ခြင်းငင်း နောင်လာသူများကို အစဉ်သနားခြင်းငင်း တို့တည်း။ ရဟန်းတို့ ဤအကြောင်း ထူး နှစ်မျိုးတို့ကို ကောင်းစွာ ရှုဆင်ခြင်လျက် ငါသည် အာရညကင်ဓုတင်ကို ပြီးစေနိုင်သော တောကျောင်း လူတို့ကျက်စားရာ မဟုတ်သော တောကျောင်း အစွန်အဖျားကျ၍ အလွန်ဝေးကွာ သော တောကျောင်းတို့ကို မှီဝဲ၏ ဟု (မိန့်တော်မူ၏)။ (၁၀)

၃၂။ ရဟန်းတို့ ဝိဇ္ဇာအဘို့အစု၌ ဖြစ်ကုန်သော ဤတရားတို့သည် ဤနှစ်မျိုးတည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—စိတ်၏တည်ကြည်ခြင်း သမထငင်း သင်္ခါရတရားတို့ကို ရှုဆင်ခြင်ခြင်း ဝိပဿနာငင်း တို့တည်း။ ရဟန်းတို့ သမထကို ပွါးများအပ်သော် အဘယ်အကျိုးကို ရရှိခံစားရ သနည်း၊ စိတ်ကို ပွါးများစေအပ်၏။ စိတ်ကို ပွါးများစေအပ်သော် အဘယ်အကျိုးကို ခံစားရ သနည်း၊တပ်မက်ခြင်း 'ရာဂ'ကို ပယ်နိုင်၏။ ရဟန်းတို့ သင်္ခါရတရားတို့ကို ရှုဆင်ခြင်ခြင်း ဝိပဿနာ' ကို ပွါးများအပ်သော် အဘယ်အကျိုးကို ခံစားရသနည်း၊ ပညာကို ပွါးများစေအပ်၏။ ပညာကို ပွါးများစေအပ်သော် အဘယ်အကျိုးကို ခံစားရသနည်း၊ မသိခြင်း 'အဝိဇ္ဇာ'ကို ပယ်နိုင်၏။ ရဟန်းတို့ တပ်မက်ခြင်း 'ရာဂ' ဖြင့် ညစ်ညူးသော် စိတ်သည် ကိလေသာမှ မလွတ်မြောက်၊ မသိခြင်း'အဝိဇ္ဇာ'ဖြင့် ညစ်ညူးသော် ပညာကို မပွါးများစေအပ်။ ရဟန်းတို့ ဤသို့လျှင် တပ်မက်

http://www.dhammadownload.com



ခြင်း 'ရာဂ'၏ ကုန်ခန်းခြင်းကြောင့် စိတ်၏ ကိလေသာတို့မှလွတ်မြောက်ခြင်း 'စေတောဝိမုတ္တိ' သည် ဖြစ်၏၊ မသိမှု 'အဝိဇ္ဇာ'၏ ကုန်ခန်းခြင်းကြောင့် ပညာ၏ ကိလေသာတို့မှ လွတ်မြောက်ခြင်း 'ပညာဝိမုတ္တိ'သည် ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၁၁)

သုံးခုမြောက် ဗာလဝဂ် ပြီး၏။

---

## ၄-သမစိတ္တဝဂ်

၃၃။ ရဟန်းတို့ သူယုတ်မာတို့၏အခြေခံ သဘောကိုငင်း သူတော်ကောင်းတို့၏အခြေခံသဘောကိုငင်း ဟောကြားအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ ဟု" ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏— "ရဟန်းတို့ သူယုတ်မာတို့၏ အခြေခံသဘောသည် အဘယ်နည်း၊ ရဟန်းတို့ သူယုတ်မာသည် ပြုဘူးသော သူ့ကျေးဇူးကို မသိ၊ ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ မသိ။ ရဟန်းတို့ ပြုဘူးသော သူ့ကျေးဇူးကို မသိခြင်း ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ မသိခြင်းကို သူယုတ်မာတို့သည် ချီးမွမ်းကုန်၏။ ရဟန်းတို့ ပြုဘူးသော သူ့ကျေးဇူးကို မသိခြင်း ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ မသိခြင်းဟူသော ဤအလုံးစုံသည် သူယုတ်မာတို့၏ အခြေခံ သဘောပေတည်း။ ရဟန်းတို့ သူတော်ကောင်းတို့သည်ကား ပြုဘူးသော သူ့ကျေးဇူးကို သိ၏၊ ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ သိ၏။ ရဟန်းတို့ ပြုဘူးသော သူ့ကျေးဇူးကို သိခြင်း ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ သိခြင်းကို သူတော်ကောင်းတို့သည် ချီးမွမ်းကုန်၏။ ရဟန်းတို့ ပြုဘူးသော သူ့ကျေးဇူးကို သိခြင်း ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ သိခြင်းဟူသော ဤအလုံးစုံသည် သူတော်ကောင်းတို့၏ အခြေခံ သဘောပေတည်း"ဟု (မိန့်တော်မူ၏)။ (၁)

၃၄။ ရဟန်းတို့ နှစ်ဦးသော သူတို့ကို လွယ်ကူစွာ ကျေးဇူးတုံ့ပြုနိုင်သည် ဟု ငါမဟော။ အဘယ်နှစ်ဦးတို့နည်း ဟူမူ—မိခင်ငင်း ဖခင်ငင်းတို့တည်း။ ရဟန်းတို့ သားသမီးဖြစ်သောသူသည် အသက်တရာတန်း၌ဖြစ်၍ အနှစ်တရာပတ်လုံး အသက်ရှည်ကာ ပခုံးတဖက်ဖြင့် အမိကို ဆောင်ယူ၍ လုပ်ကျွေးပြုစုရာ၏၊ ပခုံးတဖက်ဖြင့် အဖကို ဆောင်ယူ၍ လုပ်ကျွေးပြုစုရာ၏။ ထိုသားသမီးဖြစ်သူသည် ထိုအမိအဖတို့အား အနံ့အသက်ကင်းအောင် အမွှေးအကြိုင်လိမ်းပေးခြင်း အညောင်းအညာပြေအောင် နှိပ်နယ်ပေးခြင်း ရေပူ ရေအေး ချိုးပေးခြင်း ခြေဆုပ် လက်နယ်ပြုခြင်းဖြင့် လုပ်ကျွေးပြုစုရာ၏၊ ထိုအမိ အဖတို့သည်လည်း ထိုသားသမီ ပခုံးပေါ်၌ပင်လျှင် ကျင်ကြီး ကျင်ငယ်ကို စွန့်ကုန်ရာ၏။ ရဟန်းတို့ ဤသို့ပင် ပြုစုပါသော်လည်း အမိအဖတို့အား ကျေးဇူးပြုခြင်းသည်ငင်း ကျေးဇူးတုံ့ပြုခြင်းသည်ငင်း မဖြစ်နိုင်သေးသည်သာတည်း။ ရဟန်းတို့ (အကြင်သူသည်ကား) များစွာသော ရတနာရှိသော ဤမဟာပထဝီမြေကြီးကို အုပ်ချုပ်စိုးပိုင်သော မင်းစည်းစိမ်၌ အမိ အဖတို့ကို တည်နေစေရာ၏။ ရဟန်းတို့ ဤသို့ပင် ပြုစုပါသော်လည်း အမိအဖတို့အား ကျေးဇူးပြုခြင်းသည်ငင်း ကျေးဇူးတုံ့ပြုခြင်းသည်ငင်း မဖြစ်နိုင်သေးသည်သာတည်း။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ အမိအဖတို့သည် သားသမီးတို့အား များသောကျေးဇူးကို ပြုကြသူ ကြီးပွါးလာအောင် စောင့်ရှောက်ကြသူ၊ မွေးကျွေးကြသူ၊ ဤလောကကို ပြသကြသူ ဖြစ်ကြသောကြောင့်

http://www.dhammadownload.com



တည်း။ ရဟန်းတို့ အကြင်သူသည်ကား သဒ္ဓါတရားမရှိသော အမိအဖတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏။ သီလ မရှိသော အမိအဖတို့ကို သီလနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏၊ သက်ဝင်စေ၏။ တည်စေ၏၊ ဝန်တိုခြင်း မစ္ဆရိယရှိကုန်သော အမိအဖတို့ကို စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏၊ ပညာမဲ့သော အမိအဖတို့ကို ပညာနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏။ ရဟန်းတို့ ဤသို့သော ပြုစုခြင်းဖြင့်သာလျှင် အမိအဖတို့အား ကျေးဇူးပြုခြင်းသည်ငှင်း ကျေးဇူးတုံ့ပြုခြင်းသည်ငှင်း ဖြစ်နိုင်၏ ဟု (မိန့်တော်မူ၏)။ (၂)

၃၅။ ထိုအခါ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာပြောဆို၏၊ ဝမ်းမြောက်ဖွယ်စကားကို။ပ။ တခုသောနေရာ၌ ထိုင်နေပြီးလျှင် ထိုပုဏ္ဏားသည် မြတ်စွာဘုရားအား "အသျှင်ဂေါတမသည် အဘယ်အယူဝါဒ ရှိပါသနည်း အဘယ်အကျင့်ကို ဟောကြားလေ့ ရှိပါသနည်း" ဟု လျှောက်၏။ ပုဏ္ဏား ငါသည် ပြုအပ်၏ဟူသော ကိရိယဝါဒလည်း ရှိ၏၊ မပြုအပ်ဟူသော အကိရိယဝါဒလည်း ရှိ၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမသည် အဘယ်သို့လျှင် ပြုအပ်၏ဟူသော ကိရိယဝါဒရှိပါသနည်း၊ အဘယ်သို့လျှင် မပြုအပ်ဟူသော အကိရိယဝါဒ ရှိပါသနည်း ဟု (လျှောက်၏)။ ပုဏ္ဏား ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်'ကိုငှင်း နှုတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' ကိုငှင်း စိတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့်'မနောဒုစရိုက်'ကိုငှင်း မပြုအပ်ဟု ငါဟော၏။ များစွာကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို မပြုအပ်ဟု ငါဟော၏။ ပုဏ္ဏား ကိုယ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'ကာယသုစရိုက်' ကိုငှင်း နှုတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'ဝစီသုစရိုက်'ကိုငှင်း စိတ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့် 'မနောသုစရိုက်' ကိုငှင်း ပြုအပ်၏ဟု ငါဟော၏၊ များစွာကုန်သော ကုသိုလ်တရားတို့ကို ပြုအပ်၏ဟု ငါဟော၏။ ပုဏ္ဏား ငါသည် ဤသို့လျှင် ပြုအပ်၏ဟူသော ကိရိယဝါဒလည်း ရှိ၏၊ မပြုအပ်ဟူသော အကိရိယဝါဒလည်း ရှိ၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ ဟု (လျှောက်၏)။ (၃)

၃၆။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးသော် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား လောက၌ အလှူခံပုဂ္ဂိုလ်တို့သည် အဘယ်နှစ်မျိုးရှိပါကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်၌ အလှူကို ပေးလှူထိုက်ပါသနည်း" ဟု (လျှောက်၏)။ သူကြွယ် လောက၌ အလှူခံပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ်ငှင်း အသေက္ခပုဂ္ဂိုလ်ငှင်း တို့တည်း။ သူကြွယ် လောက၌ အလှူခံပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း၊ ဤပုဂ္ဂိုလ်နှစ်မျိုးတို့၌ အလှူကို ပေးလှူထိုက်၏ ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏၊ ဤစကားကို ဟောပြီးနောက် ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ထိုမှတပါးသော ဤဂါထာကို ဟောတော်မူ၏။

"ဤလောက၌ ပေးလှူပူဇော်တတ်ကုန်သော ပုဂ္ဂိုလ်တို့၏ အလှူကို ခံထိုက်ကုန်သော ပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။ ထိုအလှူခံထိုက်သော ပုဂ္ဂိုလ်

http://www.dhammadownload.com



တို့သည် ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း ထိုမှတပါး စိတ်ဖြင့်၎င်း ဖြောင့်မတ်ကုန်၏၊ ပေးလှူပူဇော်တတ်သော အလှူရှင်တို့၏ ကောင်းမှုမျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ် ဖြစ်၏၊ ဤအလှူခံပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သော အလှူသည် များမြတ်သော အကျိုး ရှိ၏" ဟု (မိန့်တော်မူ၏)။ (၄)

၃၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတာ 'ဝိသာခါ'၏ ပြာသာဒ်၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထို ရဟန်းတို့သည် "ငါ့သျှင်" ဟု အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် "ငါ့သျှင်တို့ အဇ္ဈတ္တသံယောဇဉ်[၁] ရှိသော ပုဂ္ဂိုလ်ကို၎င်း ဗဟိဒ္ဓသံယောဇဉ်[၂] ရှိသော ပုဂ္ဂိုလ်ကို၎င်း ဟောကြားအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့ ဟောကြားပေအံ့"ဟု မိန့်တော်မူ၏။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကုန်၏။အသျှင်သာရိပုတြာသည် ဤတရားကို ဟောကြား၏။ "ငါ့သျှင်တို့ အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက် နေ၏၊ အကျင့်'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံသည် ဖြစ်၍ အဏုမြူမျှလောက်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည့်မှ နောက်၌ (ကာမာဝစရ နတ်ခြောက်ဘုံတို့တွင်) တပါးပါးသော နတ်ဘုံသို့ ရောက်၏၊ ထိုရဟန်းသည် ထိုနတ်ပြည်မှ စုတေသော် ပဋိသန္ဓေအားဖြင့် ဤလူ့ဘုံသို့ လာသောကြောင့် ဤအောက်ဘုံသို့ ပြန်လာသော အာဂါမိပုဂ္ဂိုလ်မည်၏။ ငါ့သျှင်တို့ ဤပုဂ္ဂိုလ်ကို ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ပြန်လာသောကြောင့် အောက်ဘုံသို့ ပြန်လာသော အာဂါမိမည်သော အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

ငါ့သျှင်တို့ ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ'ဂေါစရ'နှင့် ပြည့်စုံသည်ဖြစ်၍ အဏုမြူမျှလောက်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ထိုရဟန်းသည် သမာပတ် ရှစ်ပါးတို့တွင် တပါးပါးဖြစ်သော ကိလေသာတို့၏ ငြိမ်းအေးရာဖြစ်သော ကိလေသာတို့မှ စိတ်၏ လွတ်မြောက်ရာဖြစ်သော စတုတ္ထစျာန် သမာပတ်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည့်မှနောက်၌ (သုဒ္ဓါဝါသ ငါးဘုံတို့တွင်) တပါးပါးသော ဗြဟ္မာ့ဘုံသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ထိုဘုံမှ စုတေသော် ပဋိသန္ဓေအားဖြင့် ဤလူ့ဘုံသို့ မလာသောကြောင့် အနာဂါမိပုဂ္ဂိုလ်မည်၏။ ငါ့သျှင်တို့ ဤပုဂ္ဂိုလ်ကို ဤလူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသောကြောင့် အနာဂါမိမည်သော ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်

---

၁-အဇ္ဈတ္တသံယောဇဉ် ကာမဘဝ၌ တပ်မက်သော ဆန္ဒရာဂ၊ တနည်း ဩရမ္ဘာဂိယသံယောဇဉ်။
၂-ဗဟိဒ္ဓသံယောဇဉ် ရူပ အရူပဘဝတို့၌ တပ်မက်သောဆန္ဒရာဂ၊ တနည်း ဥဒ္ဓံဘာဂိယသံယောဇဉ်။

http://www.dhammadownload.com



တည်၍ ကျင့်၏၊ ထိုရဟန်းသည် ကာမတို့ကို ပင်လျှင် ငြီးငွေ့ခြင်းငှါ ကာမတဏှာ ကင်းခြင်းငှါ ကာမတဏှာ ချုပ်ခြင်းငှါ ကျင့်၏၊ ထိုရဟန်းသည် သုံးပါးသော ဘဝတို့ကိုပင်လျှင် ငြီးငွေ့ခြင်းငှါ ဘဝတဏှာ ကင်းခြင်းငှါ ဘဝတဏှာချုပ်ခြင်းငှါ ကျင့်၏။ ထိုရဟန်းသည် ကာမတဏှာကုန်ခန်းခြင်းငှါ ကျင့်၏၊ ထိုရဟန်းသည် ဘဝလောဘ၏ ကုန်ခန်းခြင်းငှါ ကျင့်၏။ ထိုရဟန်းသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌(သုဒ္ဓါဝါသ ငါးဘုံတွင်) တပါးပါးသော ဗြဟ္မာ့ဘုံ၌ ဖြစ်၏။ ထိုရဟန်းသည် ထိုဘုံမှ စုတေသော် ဤလူ့ဘုံသို့ မလာသောကြောင့် အနာဂါမိ ပုဂ္ဂိုလ်မည်၏။ ငါ့သျှင်တို့ ဤပုဂ္ဂိုလ်ကို ဤလူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာသောကြောင့် အနာဂါမိမည်သော ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏ ဟု (ဟောကြား၏)။

ထိုအခါ တူမျှသော စိတ်ရှိကုန်သော များစွာကုန်သော နတ်တို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကုန်ပြီး၍ တခုသော နေရာ၌ ရပ်တည်ကုန်၏၊ တခုသောနေရာ၌ ရပ်တည်ပြီးသော ထိုနတ်တို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤအသျှင်သာရိပုတြာသည် ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတာ 'ဝိသာခါ'၏ပြာသာဒ်၌ ရဟန်းတို့အား အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုရင်း ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုရင်း ဟောပါ၏၊ ပရိသတ်တို့ကလည်း ရွှင်လန်း နှစ်သက်ပါကုန်၏။ အသျှင်ဘုရား တောင်းပန်ပါကုန်၏၊ မြတ်စွာဘုရားသည် အစဉ်သနားခြင်းကို အကြောင်းပြု၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ် ကြွရောက်တော်မူပါ"ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အားရှိသော ယောကျာ်းသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ထိုအတူ ဇေတဝန်ကျောင်းတော်မှ ကွယ်တော်မူခဲ့ပြီးလျှင် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ'ဝိသာခါ'၏ ပြာသာဒ် အသျှင်သာရိပုတြာ၏ မျက်မှောက်၌ ထင်ရှား ဖြစ်တော်မူ၏။ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏၊ အသျှင်သာရိပုတြာ မထေရ်သည်လည်း မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ထိုင်သော အသျှင်သာရိပုတြာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— သာရိပုတြာ တူမျှသော စိတ်ရှိကုန်သော များစွာသော နတ်တို့သည် ငါ၏ထံသို့ ချဉ်းကပ်ကြကုန်၍ ငါ့ကို ရှိခိုးကြပြီးလျှင် တခုသောနေရာ၌ ရပ်တည်ကုန်၏။ သာရိပုတြာ တခုသော နေရာ၌ ရပ်တည်ကြပြီးသော ထိုနတ်တို့သည် ငါ့အား "အသျှင်ဘုရား ဤအသျှင်သာရိပုတြာသည် ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတာ'ဝိသာခါ'၏ ပြာသာဒ်၌ ရဟန်းတို့အား အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုရင်း ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုရင်း ဟောပါ၏၊ ပရိသတ်တို့ကလည်း ရွှင်လန်း နှစ်သက်ပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါကုန်၏၊ မြတ်စွာဘုရားသည် အစဉ်သနားခြင်းကို အကြောင်းပြု၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ကြွရောက်တော်မူပါ" ဟု လျှောက်ကုန်၏။ သာရိပုတြာ ထို နတ် ဗြဟ္မာတို့သည် ပွတ်ဆောက်ဖျားရာမျှလောက်သော နေရာ၌လည်း တကျိပ်တို့လည်း ဖြစ်ကုန်၍ နှစ်ကျိပ်တို့လည်း ဖြစ်ကုန်၍ သုံးကျိပ်တို့လည်း ဖြစ်ကုန်၍ လေးကျိပ်တို့လည်း ဖြစ်ကုန်၍ ငါးကျိပ်တို့လည်း ဖြစ်ကုန်၍ ခြောက်ကျိပ်တို့လည်း ဖြစ်ကုန်၍ တည်နေကုန်၏၊ အချင်းချင်း ထိပါးခြင်းလည်း မရှိကုန်။ သာရိပုတြာ ဤသို့သော အကြံသည် ဖြစ်ရာ၏၊ "ထိုနတ်ဗြဟ္မာတို့သည် အကြင်သို့သောအခြင်းအရာအားဖြင့် ဖန်ဆင်းနိုင်သော စိတ်ဖြင့် ပွတ်ဆောက်ဖျားရာမျှလောက်သော နေရာ၌လည်း တကျိပ်တို့လည်း ဖြစ်ကုန်၍ နှစ်ကျိပ်တို့လည်း ဖြစ်ကုန်၍ သုံးကျိပ်တို့လည်း ဖြစ်ကုန်၍ လေးကျိပ်တို့လည်း ဖြစ်ကုန်၍ ငါးကျိပ်တို့လည်း ဖြစ်ကုန်၍ ခြောက်ကျိပ်တို့လည်း

http://www.dhammadownload.com



ဖြစ်ကုန်၍ တည်နေကုန်၏၊ အချင်းချင်း ထိပါးခြင်းလည်း မရှိကုန်၊ ထိုနတ်ဗြဟ္မာတို့သည် ထိုသို့သော အခြင်းအရာအားဖြင့် ဖန်ဆင်းနိုင်သော စိတ်ကို ထိုနတ်ဗြဟ္မာပြည်တို့၌ ပွါးများအပ်လေသလော”ဟု (အကြံဖြစ်ရာ၏)။ သာရိပုတြာ ဤအကြောင်းကို ဤသို့ မမှတ်အပ်။ သာရိပုတြာ ထိုနတ်ဗြဟ္မာတို့သည် အကြင်သို့သော အခြင်းအရာအားဖြင့် ဖန်ဆင်းနိုင်သော စိတ်ဖြင့် တကျိပ်တို့လည်း ဖြစ်ကုန်၏။ပ။အချင်းချင်း ထိပါးခြင်းလည်း မရှိကုန်။ထို နတ် ဗြဟ္မာတို့သည် ထိုသို့သော အခြင်းအရာအားဖြင့် ဖန်ဆင်းနိုင်သော စိတ်ကို ဤလူ့ပြည် ဤသာသနာတော်၌သာလျှင် ပွါးများအပ်၏ဟု မှတ်အပ်၏။ သာရိပုတြာ ထိုသို့ ဖြစ်သောကြောင့် ဤသာသနာတော်၌ ငြိမ်သက်သော ဣန္ဒြေ ရှိကုန်အံ့၊ ငြိမ်သက်သောစိတ်ရှိကုန်အံ့ ဟု ကျင့်ရမည်။ သာရိပုတြာ သင်တို့သည် ဤသို့သာလျှင် ကျင့်ရမည်။ သာရိပုတြာ ငြိမ်သက်သော ဣန္ဒြေရှိကုန်သော ငြိမ်သက်သော စိတ်ရှိကြကုန်သော သင်တို့အား ငြိမ်သက်သည်သာလျှင် ဖြစ်သော ကာယကံ ငြိမ်သက်သည်လျှင် ဖြစ်သော ဝစီကံ ငြိမ်သက်သည်သာလျှင် ဖြစ်သော မနောကံသည် ဖြစ်လတ္တံ့၊ ငါတို့သည် သီတင်းသုံးဖော်တို့အား ငြိမ်သက်သည် သာလျှင် ဖြစ်သော ကိုယ် နှုတ် စိတ်ဟူသော ပူဇော်ခြင်းဖြင့် ပူဇော်ကုန်အံ့ ဟု ကျင့်ရမည်၊ သာရိပုတြာ သင်တို့သည် ဤသို့လျှင် ကျင့်ရမည်။ သာရိပုတြာ သာသနာတော်မှ တပါးသော အယူရှိကုန်သော အကြင်ပရိဗိုဇ်တို့သည် ဤတရားတော်ကို မနာကြားရကုန်၊ ထိုပရိဗိုဇ်တို့သည် ပျက်စီး ဆုံးရှုံးကုန်၏ ဟု (မိန့်တော်မူ၏)။ (၅)

၃၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်မဟာကစ္စည်းသည် ဝရဏမြို့ ဘဒ္ဒသာရိမြစ်ကမ်းနား၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အာရာမဒဏ္ဍပုဏ္ဏားသည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာကစ္စည်းနှင့် အတူ ဝမ်းမြောက် ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေပြီးလျှင် အာရာမဒဏ္ဍပုဏ္ဏားသည် အသျှင်မဟာကစ္စည်းအား “အသျှင်ကစ္စာန အကြင်အကြောင်း အထောက်အပံ့ကြောင့် မင်းတို့သည်လည်း မင်းတို့နှင့် ငြင်းခုံကြကုန်၏၊ ပုဏ္ဏားတို့သည်လည်း ပုဏ္ဏားတို့နှင့် ငြင်းခုံကြကုန်၏၊ သူကြွယ်တို့သည်လည်း သူကြွယ်တို့နှင့် ငြင်းခုံကြကုန်၏၊ ထိုသို့ ငြင်းခုံခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း”ဟု လျှောက်၏။ပုဏ္ဏား ကာမရာဂ[1] သည် သက်ဝင်အပ် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ကာမရာဂ၌ ကျွံနစ်ကာ ကာမရာဂသည် ဖမ်းစားအပ် မျိုထားအပ်သောကြောင့် မင်းတို့သည်လည်း မင်းတို့နှင့် ငြင်းခုံကြကုန်၏၊ ပုဏ္ဏားတို့သည်လည်း ပုဏ္ဏားတို့နှင့် ငြင်းခုံကြကုန်၏၊ သူကြွယ်တို့သည်လည်း သူကြွယ်တို့နှင့် ငြင်းခုံကြကုန်၏ ဟု (မိန့်၏)။

အသျှင်ကစ္စာန အကြင်အကြောင်းအထောက်အပံ့ကြောင့် ရဟန်းတို့သည် ရဟန်းတို့နှင့် ငြင်းခုံကြကုန်၏၊ထိုငြင်းခုံခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။ ပုဏ္ဏား ဒိဋ္ဌိရာဂ[2] သည် သက်ဝင်အပ် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ဒိဋ္ဌိရာဂ၌ ကျွံနစ်ကာ ဒိဋ္ဌိရာဂသည် ဖမ်းစားအပ် မျိုထားအပ်သောကြောင့် ရဟန်းတို့သည်လည်း ရဟန်းတို့နှင့် ငြင်းခုံကြကုန်၏ဟု (မိန့်၏)။ အသျှင်ကစ္စာန ဤကာမရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ကာမရာဂ၌ ကျွံနစ်ခြင်း ကာမရာဂဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်သော ဤဒိဋ္ဌိရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့

---

၁-ကာမဂုဏ်ငါးပါးကို အကြောင်းပြု၍ ဖြစ်သော တပ်မက်ခြင်းရာဂ။
၂-ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိကို အကြောင်းပြု၍ ဖြစ်သော တပ်မက်ခြင်းရာဂ။

http://www.dhammadownload.com



ခြင်း ဒိဋ္ဌိရာဂ၌ ကျုံးနစ်ခြင်း ဒိဋ္ဌိရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်သော တစုံတယောက်သော သူသည် လောက၌ ရှိပါသလော ဟု (လျှောက်၏)။ ပုဏ္ဏား ဤကာမရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ကာမရာဂ၌ ကျုံးနစ်ခြင်း ကာမရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်သော ဤဒိဋ္ဌိရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ဒိဋ္ဌိရာဂ၌ ကျုံးနစ်ခြင်း ဒိဋ္ဌိရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်း ကိုလည်း လွန်မြောက်သောသူသည် လောက၌ ရှိ၏ ဟု (မိန့်၏)။

အသျှင်ကစ္စာန ဤကာမရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ကာမရာဂ၌ ကျုံးနစ်ခြင်း ကာမရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်သော ဤဒိဋ္ဌိရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ဒိဋ္ဌိရာဂ၌ ကျုံးနစ်ခြင်း ဒိဋ္ဌိရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်သော သူသည် လောက၌ အဘယ်သူပါနည်း ဟု (လျှောက်၏)။ ပုဏ္ဏား အရှေ့တိုင်းတို့၌ သာဝတ္ထိအမည်ရှိသော မြို့[၁] သည် ရှိ၏၊ ယခုအခါ သာဝတ္ထိမြို့၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် (သီတင်းသုံး) နေတော်မူ၏။ ပုဏ္ဏား ထိုမြတ်စွာဘုရားသည် ဤကာမရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ကာမရာဂ၌ ကျုံးနစ်ခြင်း ကာမရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်တော်မူ၏၊ ဤ ဒိဋ္ဌိရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ဒိဋ္ဌိရာဂ၌ ကျုံးနစ်ခြင်း ဒိဋ္ဌိရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်တော်မူ၏ ဟု (မိန့်ဆို၏)။

ဤသို့ မိန့်တော်မူသော် အာရာမဒဏ္ဍပုဏ္ဏားသည် နေရာမှ ထလျက် လက်ဝဲ တဖက် ပခုံးထက်၌ အပေါ်ရုံကို တင်လျက် လက်ျာပုဆစ်ဒူးဝန်းကို မြေကြီး၌ ထောက်၍ ဘုရားရှိတော်မူရာ အရပ်သို့ လက်အုပ်ချီပြီးလျှင် သုံးကြိမ် ဥဒါန်းကျူးလေ၏— "အကြင် မြတ်စွာဘုရားသည် ဤကာမရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ကာမရာဂ၌ ကျုံးနစ်ခြင်း ကာမရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်တော်မူ၏။ ဤဒိဋ္ဌိရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ဒိဋ္ဌိရာဂ၌ ကျုံးနစ်ခြင်း ဒိဋ္ဌိရာဂ၏ ဖမ်းစားခြင်း မျိုထားခြင်းကိုလည်း လွန်မြောက်တော်မူ၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။ပ။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏" ဟု (ဥဒါန်းကျူးလေ၏)။

အသျှင်ကစ္စာန (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ကစ္စာန (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့ရှင်း ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ရှင်း မျက်စိလည်သော သူအား ပ မ်းမှန်ကို ပြောကြားဘိသကဲ့သို့ရှင်း "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရှင်း အသျှင်ဘုရား ဤအတူသာလျှင် အသျှင်ကစ္စာနသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊တရားတော်

---

၁- သာဝတ္ထိနာမနဂရံ-ဟု ပါဠိတော်ရှိသည်။ မြို့တော်ဖြစ်သော်လည်း မင်းနေပြည်ဖြစ်၍ သာဝတ္ထိပြည်ဟု နေရာအများမှာ သုံးသည်။

http://www.dhammadownload.com



ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ကစ္စာနသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ ဟု (လျှောက်၏)။ (၆)

၃၉။ အခါတပါး၌ အသျှင်မဟာကစ္စည်းသည် မဓုရာပြည် ဂုန္ဒာတော၌ ^ နေတော်မူ၏၊ ထိုအခါ ကန္ဒရာယနပုဏ္ဏားသည် အသျှင်မဟာကစ္စည်းထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာကစ္စည်းနှင့် အတူ။ပ။ တခုသောနေရာ၌ ထိုင်နေပြီးလျှင် အသျှင်မဟာကစ္စည်းအား— "အသျှင်ကစ္စာန ရဟန်းကစ္စာနသည် အိုကုန်သော ကြီးကုန်သော ရင့်ကုန်သော ရှေးမှီကုန်သော အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်း မခိုး ခရီးဦးလည်း မကြို ထိုင်ရန်နေရာဖြင့်လည်း မဖိတ်" ဟု အကျွန်ုပ် ကြားဘူးပါသည်။ အသျှင်ကစ္စာန ထို (အကျွန်ုပ် ကြားဘူးသော စကား)သည် ထို (ကြားဘူးသည့်) အတိုင်း မှန်သည်သာတည်း။ အဘယ့်ကြောင့် ဆိုသော် အသျှင်ကစ္စာနသည် အိုကုန်သော ကြီးကုန်သော ရင့်ကုန်သော ရှေးမှီကုန်သော အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်း မခိုး ခရီးဦးလည်း မကြို ထိုင်ရန် နေရာဖြင့်လည်း မဖိတ်ပါ။ အသျှင်ကစ္စာန ထိုသို့ (ရှိခိုးခြင်း စသည်ကို မပြုခြင်း) သည် မသင့်လျော်သည်သာလျှင်တည်း ဟု (လျှောက်၏)။ ပုဏ္ဏား (တရားမှန်သမျှကို) သိတော်မူသော မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောတော်မူအပ်သော လူကြီးအဆင့်အတန်း 'ဝုဒ္ဓဘူမိ' သည်၎င်း လူငယ်အဆင့်အတန်း 'ဒဟရဘူမိ' သည်၎င်း ရှိ၏။ ပုဏ္ဏား ပဋိသန္ဓေအားဖြင့် ကြီးသော အကြင်သူသည် အရွယ်အားဖြင့် အနှစ်ရှစ်ဆယ်သော်၎င်း အနှစ်ကိုးဆယ်သော်၎င်း အနှစ်တရာသော်၎င်း အကာယ်၍ပင် ဖြစ်စေကာမူ ထိုသူသည် ကာမဂုဏ်တို့ကို သုံးဆောင် ခံစားသူ ကာမဂုဏ်တည်းဟူသော အိမ်၌ အုပ်စိုး၍နေသူ ကာမဂုဏ်တည်းဟူသော အပူ ပူလောင်ခံရသူ ကာမဂုဏ်တို့၌ ကြံစည်ခြင်း 'ကာမဝိတက်' တို့ ကိုက်ခဲခံရသူ ကာမဂုဏ်ကို ရှာမှီးခြင်း၌ လုံ့လပြု နေသူဖြစ်ခဲ့မူ ထိုသူသည် လူမိုက် လူငယ်ဟူသော ရေတွက်ခြင်းသို့သာလျှင် ရောက်၏။ ပုဏ္ဏား အကြင်သူသည် ပျိုမျစ်သော ကောင်းစွာနက်သော ဆံပင်ရှိသော ကောင်းသော အရွယ်နှင့် ပြည့်စုံသော ပဌမအရွယ်နှင့် ပြည့်စုံသော သူငယ်ပင် ဖြစ်စေကာမူ ထိုသူသည် ကာမဂုဏ်တို့ကို မသုံးဆောင် မခံစားသူ ကာမဂုဏ်တည်းဟူသော အိမ်၌ အုပ်စိုး၍ မနေသူ ကာမဂုဏ်တည်းဟူသော အပူသည် အပူလောင်မခံရသူ ကာမဂုဏ်တို့၌ ကြံစည်ခြင်း 'ကာမဝိတက်' တို့ အကိုက်မခံရသူ ကာမဂုဏ်တို့ကို ရှာမှီးခြင်း၌ လုံ့လမပြုသူ ဖြစ်ခဲ့မူ ထိုသူသည် ပညာရှိ လူကြီးဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏ဟု မိန့်ဆို၏။ ဤသို့ မိန့်ဆိုလေလျှင် ကန္ဒရာယနပုဏ္ဏားသည် နေရာမှ ထ၍ ပခုံးတဖက်၌ အပေါ်ရုံကို တင်လျက် "အသျှင်တို့သည် ကြီးပါကုန်၏၊ လူကြီး အဆင့်အတန်း၌ တည်ပါကုန်၏၊ အကျွန်ုပ်တို့သည် ငယ်ပါကုန်၏၊ လူငယ် အဆင့်အတန်း၌ တည်ပါကုန်၏" ဟု ဆို၍ ရဟန်းငယ်တရာတို့၏ ခြေတို့ကို ဦးတိုက်လျက် ရှိခိုး၏။ အသျှင်ကစ္စာန (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ကစ္စာနသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟု မှတ်တော်မူပါ ဟု (လျှောက်၏)။ (၇)

၄၀။ ရဟန်းတို့ ခိုးသူတို့ အင်အား ကြီးမားသော အခါ မင်းတို့သည် အင်အား နည်းပါးကုန်၏၊ ရဟန်းတို့ ထိုအခါ၌ မင်းအား မြို့တွင်းသို့ ဝင်ခြင်းငှါ၎င်း မြို့ပြင်သို့ ထွက်ခြင်းငှါ၎င်း တိုင်းစွန်ပြည်နား ဇနပုဒ်များသို့ လှည့်လည်ခြင်းငှါ၎င်း မလွယ်ကူ။ ထိုအခါ၌ ပုဏ္ဏားသူကြွယ်တို့အားလည်း မြို့တွင်းသို့

http://www.dhammadownload.com



ဝင်ခြင်းငှါရင်း မြို့ပြင်သို့ ထွက်ခြင်းငှါရင်း ပြင်ပအလုပ်ကိစ္စတို့ကို ကြည့်ရှုခြင်းငှါရင်း မလွယ်ကူ။ ရဟန်းတို့ ဤအတူသာလျှင် ရဟန်းယုတ်တို့ အင်အား ကြီးမားသော အခါ၌ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့သည် အင်အား နည်းပါးကုန်၏။ ရဟန်းတို့ ထိုအခါ၌ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့သည် သံဃာ အလယ်၌ ဆိတ်ဆိတ်ဖြစ်ကုန်၍ သာလျှင် ငြိမ်သက်စွာနေရကုန်၏၊ တိုင်းစွန်ပြည်နား ဇနပုဒ်၌သော်လည်း နေထိုင်ရကုန်၏။ ရဟန်းတို့ ထိုသို့ဖြစ်ခြင်းသည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ မချမ်းသာခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။ ရဟန်းတို့ မင်းတို့ အင်အားကြီးမားသောအခါ၌ ခိုးသူတို့သည် အင်အားနည်းပါးကုန်၏၊ ရဟန်းတို့ ထိုအခါ၌ မင်းအား မြို့တွင်းသို့ ဝင်ခြင်းငှါရင်း မြို့ပြင်သို့ ထွက်ခြင်းငှါရင်း တိုင်းစွန်ပြည်နား ဇနပုဒ်များသို့ လှည့်လည်ခြင်းငှါရင်း လွယ်ကူ၏။ ထိုအခါ၌ ပုဏ္ဏားသူကြွယ်တို့အားလည်း မြို့တွင်းသို့ ဝင်ခြင်းငှါရင်း မြို့ပြင်သို့ ထွက်ခြင်းငှါရင်း ပြင်ပအလုပ်ကိစ္စတို့ကို ကြည့်ရှုခြင်းငှါရင်း လွယ်ကူ၏။ရဟန်းတို့ ဤအတူသာလျှင် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ အင်အား ကြီးမားသောအခါ ရဟန်းယုတ်တို့သည် အင်အားနည်းပါးကုန်၏။ ရဟန်းတို့ ထိုအခါ ရဟန်းယုတ်တို့သည် သံဃာအလယ်၌ ဆိတ်ဆိတ်ဖြစ်ကုန်၍သာလျှင် ငြိမ်သက်စွာ နေရကုန်၏၊ ထိုထိုအရပ်မျက်နှာသို့မူလည်း ထွက်သွားကြ ကုန်၏။ ရဟန်းတို့ ထိုသို့ ဖြစ်ခြင်းသည် လူအများ၏ အစီးအပွါးရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၈)

၄၁။ ရဟန်းတို့ လူ၏သော်ငြင်း ရဟန်း၏သော်ငြင်း နှစ်ဦးသောသူတို့၏ မှားသောအကျင့်ကို ငါသည် မချီးမွမ်း။ ရဟန်းတို့ လူသော်ငြင်း ရဟန်းသော်ငြင်း မှားသော အကျင့်ကို ကျင့်သည် ဖြစ်အံ့၊ မှားသော အကျင့်ကို ကျင့်ခြင်းကြောင့် ဝိပဿနာနှင့် တကွ မဂ်ဟူသော ကုသိုလ်တရားကို မပြည့်စုံစေနိုင်။ ရဟန်းတို့ လူ၏သော်ငြင်း ရဟန်း၏သော်ငြင်း နှစ်ဦးသော သူတို့၏ မှန်သော အကျင့်ကို ငါချီးမွမ်း၏။ ရဟန်းတို့ လူသော်ငြင်း ရဟန်းသော်ငြင်း မှန်သော အကျင့်ကို ကျင့်အံ့၊ မှန်သောအကျင့်ကို ကျင့်ခြင်းကြောင့် ဝိပဿနာနှင့်တကွ မဂ်ဟူသော ကုသိုလ်တရားကို ပြည့်စုံစေနိုင်၏ ဟု(မိန့်တော်မူ၏)။ (၉)

၄၂။ ရဟန်းတို့ အကြင်ရဟန်းတို့သည် မကောင်းသဖြင့် သင်ယူအပ်ကုန်သော သဒ္ဒါအား လျော်စွာ ရအပ်ကုန်သော သုတ္တန်တို့ဖြင့် ပါဠိကိုရင်း အနက်ကိုရင်း တားမြစ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါးမဲ့ခြင်းငှါ လူအများ၏ မချမ်းသာခြင်းငှါ လူအများ၏ အကျိုးမဲ့ခြင်းငှါ နတ်လူတို့၏ အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော မကောင်းမှုကိုလည်း ဖြစ်စေကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏။ ရဟန်းတို့ အကြင်ရဟန်းတို့သည် ကောင်းသောအားဖြင့် သင်ယူအပ်ကုန်သော သဒ္ဒါအားလျော်စွာ ရအပ်ကုန်သော သုတ္တန်တို့ဖြင့် ပါဠိကိုရင်း အနက်ကိုရင်း လျော်စေကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ၏ အစီးအပွါး ရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ် ကောင်းမှုကိုလည်း ပွါးစေကုန်၏၊ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်စေသည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

လေးခုမြောက် သမစိတ္တဝဂ် ပြီး၏။

http://www.dhammadownload.com



# ၅-ပရိသဝဂ်

၄၃။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— တိမ်သော ပရိသတ်ရင်း နက်သော ပရိသတ်ရင်း တို့တည်း။ ရဟန်းတို့ တိမ်သော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် တုန်လှုပ်ပျံ့လွင့်ကုန်၏၊အချည်းနှီး တက်ကြွသောမာန်ရှိကုန်၏၊ လျှပ်ပေါ်ကုန်၏၊ နှုတ်ကြမ်းကုန်၏၊ ရောက်တတ်ရာရာ အကျိုးမဲ့သော စကားကို ပြောလေ့ရှိကုန်၏၊ သတိကင်းလွတ်ကုန်၏၊ ဆင်ခြင်ဉာဏ် မရှိကုန်၊ မတည်ကြည်ကုန်၊ လှည့်လည်လှုပ်ရှားသော စိတ်ရှိကုန်၏၊ ပကတိပေါ် လွင်သော ဣန္ဒြေရှိကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို တိမ်သော ပရိသတ် ဟု ဆိုအပ်၏။ရဟန်းတို့ နက်သော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် မတုန်လှုပ် မပျံ့လွင့်ကုန်၊ အချည်းနှီး တက်ကြွသောမာန် မရှိကုန်၊ မလျှပ်ပေါ်ကုန်၊ နှုတ်မကြမ်းကုန်၊ ရောက်တတ်ရာရာ အကျိုးမဲ့စကားကို ပြောလေ့ မရှိကုန်၊ ထင်သော သတိ ရှိကုန်၏၊ ဆင်ခြင်ဉာဏ် ရှိကုန်၏၊ တည်ကြည်ကုန်၏၊ တည်ကြည်သော စိတ်ရှိကုန်၏၊ စောင့်စည်းသော ဣန္ဒြေရှိကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို နက်သော ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤပရိသတ် နှစ်မျိုးတို့တွင် နက်သော ပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁)

၄၄။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မညီညွတ်သော'ဝဂ္ဂ' ပရိသတ်ရင်း ညီညွတ်သော 'သမဂ္ဂ' ပရိသတ်ရင်း တို့တည်း။ ရဟန်းတို့ မညီညွတ်သော 'ဝဂ္ဂ' ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင် ပရိသတ်၌ ရဟန်းတို့သည် ခိုက်ရန်ဖြစ်ကုန် ငြင်းခုံကုန် ဆန့်ကျင်ဖက်စကားကို ပြောဆိုကုန်သည်ဖြစ်၍ အချင်းချင်း နှုတ်လှံ ထိုးလျက် နေကြကုန်၏၊ ရဟန်းတို့ ဤပရိသတ်ကို မညီညွတ်သော 'ဝဂ္ဂ' ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ညီညွတ်သော 'သမဂ္ဂ' ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် ညီညွတ်ကုန် ဝမ်းမြောက်ကုန် ဆန့်ကျင်ဖက်စကားကို မပြောဆိုကုန် နို့နှင့်ရေကဲ့သို့ ဖြစ်ကုန် အချင်းချင်း ချစ်မြတ်နိုးသော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ရှုလျက် နေကြကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို ညီညွတ်သော 'သမဂ္ဂ' ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် ညီညွတ်သော 'သမဂ္ဂ'ပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၂)

၄၅။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ကောင်းမြတ်သော ပဋိပတ်အကျင့်နှင့် မပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်ရင်း ကောင်းမြတ်သော ပဋိပတ်အကျင့်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်ရင်း ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ကောင်းမြတ်သော ပဋိပတ်အကျင့်နှင့် မပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ သီတင်းကြီးရဟန်းတို့သည် ပစ္စည်းပရိက္ခရာ များခြင်းငှါ ကျင့်ကုန်၏၊ ဘုရား အဆုံးအမတော်ကို ပေါ့လျော့စွာ ယူကုန်၏၊ အောက်သို့ သက်စေတတ်သည့် နီဝရဏတရားကို ပွါးစေခြင်း၌ ရှေ့သွား ပြုကုန်၏၊ ဝိဝေက [၁] ရမှု၌ ဟာဝန်ကို ပစ်ချထားကြကုန်၏၊ မရောက်သေးသော တရား [၂] သို့ ရောက်ခြင်းငှါ မရသေးသောတရားကို ရခြင်းငှါ

---

၁-ကိလေသာတို့မှ ကင်းဝေးဆိတ်ညံမှုကို ဆိုသည်။ ၂-ဈာန် ဝိပဿနာ မဂ် ဖိုလ်တို့ကို ဆိုသည်။

http://www.dhammadownload.com



မျက်မှောက် မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှါ လုံ့လ မပြုကြကုန်။ ထိုသီတင်းကြီး ရဟန်းတို့၏ နောင်လာတပည့်သား အပေါင်းသည် မိမိတို့မြင်ရသော ဆရာ့အပြုအမူကို အတုလိုက်ခြင်းသို့ ရောက်ကုန်၏၊ ထို နောင်လာ တပည့်သားအပေါင်းသည်လည်း ပစ္စည်းပရိက္ခရာများခြင်းငှါ ကျင့်ကုန်၏၊ ဘုရားအဆုံးအမကို ပေါ့လျော့စွာ ယူကုန်၏၊ အောက်သို့သက်စေတတ်သည့် နီဝရဏတရားကို ပွါးစေခြင်း၌ ရှေ့သွားပြုကုန်၏၊ ဝိဝေကရမှု၌ တာဝန်ကို ပစ်ချထားကုန်၏၊ မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှါ လုံ့လမပြုကုန်။ ရဟန်းတို့ ဤပရိသတ်ကို ကောင်းမြတ်သော ပဋိပတ် အကျင့်နှင့် မပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်ဟု ဆို၏။

ရဟန်းတို့ ကောင်းမြတ်သော ပဋိပတ်အကျင့်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ သီတင်းကြီးရဟန်းတို့သည် ပစ္စည်းပရိက္ခရာများခြင်းငှါ မကျင့်ကုန်၊ ဘုရားအဆုံးအမကို ပေါ့လျော့စွာ မယူကုန်၊ အောက်သို့ သက်စေတတ်သည့် နီဝရဏတရားကို ပွါးစေခြင်း၌ တာဝန်ကို ပစ်ချထားကြကုန်၏၊ ဝိဝေကရမှု၌ ရှေ့သွား ပြုကုန်၏၊ မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှါ လုံ့လပြုကုန်၏။ ထိုသီတင်းကြီး ရဟန်းတို့၏ နောင်လာတပည့်သား အပေါင်းသည်လည်း မိမိတို့မြင်ရသော ဆရာ့အပြုအမူကို အတုလိုက်ခြင်းသို့ ရောက်ကုန်၏၊ ထို နောင်လာ တပည့်သားအပေါင်းသည်လည်း ပစ္စည်းပရိက္ခရာများခြင်းငှါ မကျင့်ကုန်၊ ဘုရားအဆုံးအမကို ပေါ့လျော့စွာ မယူကုန်၊ အောက်သို့ သက်စေတတ်သည့် နီဝရဏတရားကို ပွါးစေခြင်း၌ တာဝန်ကို ပစ်ချထားကုန်၏၊ ဝိဝေကရမှု၌ ရှေ့သွားပြုကုန်၏၊ မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက် မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှါ လုံ့လပြုကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို ကောင်းမြတ်သော ပဋိပတ် အကျင့်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုး တို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် ကောင်းမြတ်သော ပဋိပတ် အကျင့်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရှိသော အကြင် ပရိသတ်သည် ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၃)

၄၆။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပုထုဇဉ် ပရိသတ်ငှင်း အရိယာပရိသတ်ငှင်း တို့တည်း။ ရဟန်းတို့ ပုထုဇဉ်ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင် ပရိသတ်၌ ရဟန်းတို့သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်မှန်သည့်အတိုင်း မသိကုန်၊ "ဤကား ဆင်းရဲဖြစ်ခြင်း၏ အကြောင်းတည်း" ဟု ဟုတ်မှန်သည့် အတိုင်း မသိကုန်၊ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်း" ဟု ဟုတ်မှန်သည့်အတိုင်း မသိကုန်၊ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်မှန်သည့်အတိုင်း မသိကုန်။ ရဟန်းတို့ ဤပရိသတ်ကို ပုထုဇဉ်ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ အရိယာပရိသတ် ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိကုန်၏၊ "ဤကား ဆင်းရဲဖြစ်ခြင်း၏ အကြောင်းတည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိကုန်၏၊ "ဤကား ဆင်းရဲချုပ်ရာနိဗ္ဗာန်တည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိကုန်၏။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တည်း"

http://www.dhammadownload.com



ဟု ဟုတ်မှန်သည့် အတိုင်း သိကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို အရိယာပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် အကြင် အရိယာပရိသတ်သည် ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု(မိန့်တော်မူ၏)။ (၄)

၄၇။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရှုပ်ထွေး ပွေလိမ် ဖျင်းသိမ်သော ပရိသတ်ငှင်း သန့်ရှင်းကြည်လင် အနှစ်ထင်သော ပရိသတ်ငှင်း တို့တည်း။ ရဟန်းတို့ ရှုပ်ထွေး ပွေလိမ် ဖျင်းသိမ်သော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် ချစ်သဖြင့် မလားအပ်သော ဆန္ဒာဂတိသို့ လိုက်ကုန်၏၊ မုန်းသဖြင့် မလားအပ်သော ဒေါသာဂတိသို့ လိုက်ကုန်၏၊ မသိသဖြင့် မလားအပ်သော မောဟာဂတိသို့ လိုက်ကုန်၏၊ ကြောက်သဖြင့် မလားအပ်သော ဘယာဂတိသို့ လိုက်ကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို ရှုတ်ထွေး ပွေလိမ် ဖျင်းသိမ်သော ပရိသတ် ဟု ဆိုအပ်၏။ ရဟန်းတို့ သန့်ရှင်း ကြည်လင် အနှစ်ထင်သော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် ချစ်သဖြင့် မလားအပ်သော ဆန္ဒာဂတိသို့ မလိုက်ကုန်၊ မုန်းသဖြင့် မလားအပ်သော ဒေါသာဂတိသို့ မလိုက်ကုန်၊ မသိသဖြင့် မလားအပ်သော မောဟာဂတိသို့ မလိုက်ကုန်၊ ကြောက်သဖြင့် မလားအပ်သော ဘယာဂတိသို့ မလိုက်ကုန်။ ရဟန်းတို့ ဤပရိသတ်ကို သန့်ရှင်း ကြည်လင်အနှစ်ထင်သော ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် အကြင် သန့်ရှင်းကြည်လင် အနှစ်ထင်သော ပရိသတ်သည်ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၅)

၄၈။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အဆုံး အမခံက်သော မေးမြန်း၍ မဆုံးမအပ်သော ပရိသတ်ငှင်း မေးမြန်း၍ ဆုံးမအပ်သော အဆုံးအမ မခက်သော ပရိသတ်ငှင်း တို့တည်း။ ရဟန်းတို့ ဆုံးမခက်သော မေးမြန်း၍ မဆုံးမအပ်သော ပရိသတ် ဟူသည် အဘယ်နည်း၊ ဤသာသနာတော်ဝယ် အကြင် ပရိသတ်၌ ရဟန်းတို့သည် ဘုရားဟော ဖြစ်ကုန် နက်နဲကုန် နက်နဲသော အနက်ရှိကုန် လောကသက်လွန်မြတ်သော အနက်ကို ပြတတ်ကုန် သတ္တမှ ဆိတ်သုဉ်းခြင်းနှင့် ယှဉ်ကုန်သော သုတ်တို့ကို ဟောကြားအပ်ကုန်သည် ရှိသော် ကောင်းစွာ မနာယူကုန်၊ နားမစိုက်ကုန်၊ သိရန် စိတ် မဝင်စားကုန်၊ ထိုတရားတို့ကို နာယူအပ် သင်ကြားအပ်၏ ဟုလည်း မထင်မှတ်ကုန်၊ ကဗျာဆရာတို့ ပြုအပ်ကုန်၊ ကဗျာဆရာတို့ ဖွဲ့နွဲ့သီကုံးအပ်ကုန်၊ ဆန်းကြယ် သော အက္ခရာရှိကုန်၊ ဆန်းကြယ်သော သဒ္ဒါရှိကုန်၊သာသနာတော်မှ အပဖြစ်ကုန် သာသနာတော်မှ အပဖြစ်သူတို့၏ တပည့်တို့ ဟောကြားအပ်ကုန်သော သုတ်တို့ကို ဟောကြားအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကြကုန်၏၊ ကောင်းစွာ နားစိုက်ကုန်၏၊ သိရန် စိတ် ဝင်စားကြကုန်၏၊ ထိုသုတ်တို့ ကို နာယူအပ် သင်ကြားအပ်၏ဟု မှတ်ထင်ကုန်၏။ ထိုရဟန်းတို့သည် ထိုသုတ်တရားတို့ကို သင်ကြား ၍ အချင်းချင်း မေးလည်း မမေးမြန်းကြကုန်၊ "ဤသုတ်ကား အဘယ်သို့နည်း၊ ဤသုတ်၏ အနက် အဓိပ္ပါယ်ကား အဘယ်သို့နည်း"ဟု မေးမြန်းခြင်းငှါ (ပညာရှိများ ရှိရာ အရပ်သို့)မလှည့်လည်ကုန်၊ ထိုရဟန်းတို့သည် မပွင့်လင်းသည်ကိုလည်း ပွင့်လင်းအောင် မပြုကုန်၊ မပေါ်လွင်သည်ကိုလည်း ပေါ်လွင်အောင် မပြုကုန်၊ များစွာသော ယုံမှားကြောင်း တရားတို့၌လည်း ယုံမှားခြင်းကို မပယ် ဖျောက်ကုန်။ ရဟန်းတို့ ဤပရိသတ်ကို ဆုံးမခက်သော မေးမြန်း၍ မဆုံးမအပ်သော ပရိသတ် ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ မေးမြန်း၍ ဆုံးမအပ်သော အဆုံးအမ မခက်သော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင် ပရိသတ်၌ ရဟန်းတို့သည် ကဗျာဆရာတို့ ပြုအပ်ကုန် ကဗျာဆရာတို့ ဖွဲ့နွဲ့သီကုံးအပ်ကုန် ဆန်းကြယ်သော အက္ခရာရှိကုန် ဆန်းကြယ်သော သဒ္ဒါရှိကုန် သာသနာတော်မှ အပဖြစ်ကုန် သာသနာတော်မှ အပဖြစ်ကုန်သော သူတို့၏ တပည့်သာဝကတို့ ဟောကြားအပ်ကုန်သော သုတ်တို့ကို ဟောကြားအပ်ကုန်သည်ရှိသော် မနာယူကုန်၊ နားမစိုက်ကုန်၊ သိရန် စိတ် မဝင်စားကုန်၊ ထိုတရားတို့ကို နာယူအပ် သင်ကြားအပ်၏ ဟု မထင်မှတ်ကုန်၊ ဘုရားဟော ဖြစ်ကုန် နက်နဲကုန် နက်နဲသော အနက်ရှိကုန် လောကထက် လွန်မြတ်သော အနက်ကို ပြတတ်ကုန် သုတ္တမှ ဆိတ်သုဉ်းခြင်းနှင့် ယှဉ်ကုန်သော တရားတို့ကို ဟောကြားအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကုန်၏၊ ကောင်းစွာ နားစိုက်ကုန်၏၊ သိရန် စိတ် ဝင်စားကုန်၏၊ ထိုတရားတို့ကိုလည်း နာယူအပ်၏ဟု မှတ်ထင်ကုန်၏။ ထိုရဟန်းတို့သည် ထိုတရားတို့ကို သင်ကြား၍ အချင်းချင်း မေးမြန်းကြကုန်၏၊ "ဤသုတ်ကား အဘယ်သို့နည်း၊ ဤသုတ်၏ အနက်အဓိပ္ပါယ်ကား အဘယ်သို့နည်း"ဟု မေးမြန်းခြင်းငှါ (ပညာရှိများ ရှိရာ အရပ်သို့)လှည့်လည်ကုန်၏၊ ထိုရဟန်းတို့သည် မပွင့်လင်းသည်ကိုလည်း ပွင့်လင်းအောင် ပြုကုန်၏၊ မပေါ်လွင်သည်ကိုလည်း ပေါ်လွင်အောင်ပြုကုန်၏၊ များစွာသော ယုံမှားကြောင်း တရားတို့၌လည်း ယုံမှားခြင်းကို ပယ်ဖျောက်ကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို မေးမြန်း၍ ဆုံးမအပ်သော အဆုံးအမ မခက်သော ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် အကြင် မေးမြန်း၍ ဆုံးမအပ်သော အဆုံးအမ မခက်သော ပရိသတ်သည် ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၆)

၄၉။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်း 'အာမိသ'ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပရိသတ်ပင်း သူတော်ကောင်းတရားကို အလေးပြု၍ ပစ္စည်း 'အာမိသ'ကို အလေးမပြုသော ပရိသတ်ငင်း တို့တည်း။ ရဟန်းတို့ ပစ္စည်း 'အာမိသ'ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် လူဝတ်ကြောင်တို့၏ မျက်မှောက်၌ အချင်းချင်း၏ ဂုဏ်ကို ပြောကြကုန်၏၊ "ဤမည်သော ရဟန်းသည် ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်[၁] ဖြစ်၏၊ ဤမည်သော ရဟန်းသည် ပညာဝိမုတ္တပုဂ္ဂိုလ်[၂] ဖြစ်၏၊ ဤမည်သော ရဟန်းသည် ကာယသက္ခိပုဂ္ဂိုလ်[၃] ဖြစ်၏၊ ဤ မည်သော ရဟန်းသည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်[၄] ဖြစ်၏၊ ဤမည်သော ရဟန်းသည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်[၅] ဖြစ်၏၊ ဤမည်သော ရဟန်းသည် ဓမ္မာနုသာရီ

---

၁-ရှစ်ပါးသော သမာပတ်တို့ဖြင့် ဝိက္ခမ္ဘနဝိမုတ္တိအားဖြင့်ရင်း မဂ်ဖြင့် သမုစ္ဆေဒဝိမုတ္တိအားဖြင့်ရင်း နှစ်ကြိမ် သို့မဟုတ် နှစ်ပါးသော အဖို့တို့မှ လွတ်မြောက်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

၂-ပညာရှေ့ဆောင်ခြင်းဖြင့် ဖြစ်စေ သဒ္ဓါရှေ့ဆောင်ခြင်းဖြင့် ဖြစ်စေ သမာပတ်ရှစ်ပါးကို မရမူ၍ ကိလေသာမှ လွတ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

၃-ပညာရှေ့ဆောင်ခြင်းဖြင့်ဖြစ်စေ သဒ္ဓါရှေ့ဆောင်ခြင်းဖြင့်ဖြစ်စေ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံခဲ့၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်မှ စ၍ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အထိ သေက္ခပုဂ္ဂိုလ် ခြောက်ဦးတို့တွင် တဦးသောပုဂ္ဂိုလ်။

၄-ပညာရှေ့ဆောင်ခြင်းဖြင့် သမာပတ်ရှစ်ပါးကို မရမူ၍ မဂ်ဖိုလ်ဉာဏ်အမြင်သို့ ဆိုက်ရောက်သော သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်မှစ၍ အရဟတ္တမဂ္ဂဋ္ဌာန်အထိ သေက္ခပုဂ္ဂိုလ်ခြောက်ဦးတို့တွင် တဦးသော ပုဂ္ဂိုလ်။

၅-သဒ္ဓါရှေ့ဆောင်ခြင်းဖြင့် သမာပတ်ရှစ်ပါးကို မရမူ၍ ကိလေသာမှ လွတ်သော သောတာပတ္တိဖလဋ္ဌာန်မှ အရဟတ္တမဂ္ဂဋ္ဌာန်အထိ သေက္ခပုဂ္ဂိုလ်ခြောက်ဦးတို့တွင် တဦးသော ပုဂ္ဂိုလ်။

http://www.dhammadownload.com



ပုဂ္ဂိုလ် [၁] ဖြစ်၏၊ ဤမည်သော ရဟန်းသည် သဒ္ဓါနုသာရီပုဂ္ဂိုလ် [၂] ဖြစ်၏၊ ဤမည်သော ရဟန်းသည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ဤမည်သော ရဟန်းကား သီလမရှိ ယုတ်သော သဘောရှိ၏" ဟု ပြောကြကုန်၏။ ထိုရဟန်းတို့သည် ထိုသို့ပြောသောကြောင့် လာဘ်ရကုန်၏၊ ထိုရဟန်းတို့သည် ထိုလာဘ်ကို ရသောကြောင့် မက်မောကုန်သည် တွေဝေကုန်သည် တဏှာဖြင့် လွှမ်းမိုးအပ်ကုန်သည် ဖြစ်၍ အပြစ်ဟု ရှုလေ့မရှိကြကုန်ပဲ ထွက်မြောက်ကြောင်း ဖြစ်သော ပညာမှ ကင်းကုန်လျက် သုံးဆောင်ကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို ပစ္စည်း 'အာမိသ'ကို အလေးပြု၍ သူတော်ကောင်း တရားကို အလေးမပြုသော ပရိသတ်ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းတရားကို အလေးပြု၍ ပစ္စည်း 'အာမိသ'ကို အလေးမပြုသော ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် လူဝတ်ကြောင်တို့၏ မျက်မှောက်၌ အချင်းချင်း၏ ဂုဏ်ကို မပြောကြကုန်။ "ဤမည်သော ရဟန်းသည် ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်ဖြစ်၏၊ ဤမည်သော ရဟန်းသည် ပညာဝိမုတ္တပုဂ္ဂိုလ်ဖြစ်၏၊ ဤမည်သော ရဟန်းသည် ကာယသက္ခိပုဂ္ဂိုလ်ဖြစ်၏၊ ဤမည်သော ရဟန်းသည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ဖြစ်၏၊ ဤမည်သော ရဟန်းသည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဖြစ်၏၊ ဤမည်သော ရဟန်းသည် ဓမ္မာနုသာရီပုဂ္ဂိုလ်ဖြစ်၏၊ ဤမည်သော ရဟန်းသည် သဒ္ဓါနုသာရီပုဂ္ဂိုလ်ဖြစ်၏၊ ဤမည်သော ရဟန်းသည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဤမည်သောရဟန်းကား သီလမရှိ၊ယုတ်သော သဘောရှိ၏" ဟု မပြောကြကုန်။ ထိုရဟန်းတို့သည် ထိုသို့ မပြောသောကြောင့် လာဘ်ရကုန်၏၊ ထိုရဟန်းတို့သည် ထိုလာဘ်ကို ရသောကြောင့် မမက်မောကုန်သည် မတွေဝေကုန်သည် တဏှာဖြင့် မလွှမ်းမိုးကုန်သည် အပြစ်ဟု ရှုလေ့ရှိကုန်သည် ထွက်မြောက်ကြောင်းဖြစ်သော ပညာရှိကုန်သည် ဖြစ်၍ သုံးဆောင်ကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို သူတော်ကောင်းတရားကို အလေးပြု၍ ပစ္စည်း 'အာမိသ'ကို အလေးမပြုသော ပရိသတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ ပေတည်း။ ရဟန်းတို့ ဤပရိသတ် နှစ်မျိုးတို့တွင် သူတော်ကောင်းတရားကို အလေးပြု၍ ပစ္စည်း 'အာမိသ'ကို အလေးမပြုသော အကြင်ပရိသတ်သည် ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၇)

၅၀။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— တရားနှင့်မညီသော 'ကောက်ကျစ်သော' ပရိသတ်ရင်း တရားနှင့်ညီသော 'ဖြောင့်မတ်သော' ပရိသတ်ရင်း တို့တည်း။ ရဟန်းတို့ တရားနှင့် မညီသော 'ကောက်ကျစ်သော' ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိသတ်၌ တရားနှင့် မညီသော အမှု 'အဓမ္မကံ' တို့သည် ဖြစ်ကုန်၏၊ တရားနှင့် ညီသော အမှု 'ဓမ္မကံ'တို့သည် မဖြစ်ကုန်၊ ဝိနည်းနှင့် မညီသော အမှု 'ဥဗ္ဗိနယကံ'တို့သည် ဖြစ်ကုန်၏၊ ဝိနည်းနှင့်ညီသောအမှု 'ဝိနယကံ'တို့သည် မဖြစ်ကုန်၊ တရားနှင့် မညီသောအမှု 'အဓမ္မကံ'တို့သည် ထွန်းပကုန်၏၊ တရားနှင့် ညီသောအမှု 'ဓမ္မကံ'တို့သည် မထွန်းပကုန်၊ ဝိနည်းနှင့် မညီသောအမှု 'ဥဗ္ဗိနယ'တို့သည်ထွန်းပကုန်၏၊ ဝိနည်းနှင့် ညီသောအမှု 'ဝိနယ' တို့သည် မထွန်းပကုန်။ ရဟန်းတို့ ဤပရိသတ်ကို တရားနှင့်မညီသော 'ကောက်ကျစ်သော' ပရိသတ်ဟု

---

၁-ပညာရှေ့ဆောင်ခြင်းဖြင့် သမာပတ်ရှစ်ပါးနှင့် ပြည့်စုံခဲ့၍ သောတာပတ္တိမဂ်သို့ ရောက်ပြီးလျှင် တရားကို အောက်မေ့လေ့ ရှိသော ပုဂ္ဂိုလ်။

၂-သဒ္ဓါရှေ့ဆောင်ခြင်းဖြင့် သမာပတ်ရှစ်ပါးကို မရမူ၍ သောတာပတ္တိမဂ်သို့ ရောက်ပြီးလျှင် သဒ္ဓါကို အောက်မေ့ခြင်း ရှိသော ပုဂ္ဂိုလ်။

http://www.dhammadownload.com



ဆိုအပ်၏။ရဟန်းတို့ တရားနှင့်ညီသော'ဖြောင့်မတ်သော' ပရိသတ်ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ အကြင်ပရိသတ်၌ တရားနှင့်ညီသောအမှု'ဓမ္မကံ'တို့သည် ဖြစ်ကုန်၏၊တရားနှင့် မညီသောအမှု'အဓမ္မကံ'တို့သည် မဖြစ်ကုန်၊ ဝိနည်းနှင့် ညီသော အမှု'ဝိနယကံ'တို့သည် ဖြစ်ကုန်၏၊ ဝိနည်းနှင့် မညီသောအမှု'ဥဗ္ဗိနယကံ'တို့သည် မဖြစ်ကုန်၊ တရားနှင့် ညီသော အမှု'ဓမ္မကံ'တို့သည်ထွန်းပကုန်၏၊တရားနှင့် မညီသော အမှု'အဓမ္မကံ'တို့သည် မထွန်းပကုန်၊ဝိနည်းနှင့် ညီသော အမှု'ဝိနယကံ'တို့သည် ထွန်းပကုန်၏၊ ဝိနည်းနှင့် မညီသော အမှု'ဥဗ္ဗိနယကံ'တို့သည် မထွန်းပကုန်။ ရဟန်းတို့ ဤပရိသတ်ကို တရားနှင့်ညီသော'ဖြောင့်မတ်သော'ပရိသတ်ဟု ဆိုအပ်၏။ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် တရားနှင့်ညီသော 'ဖြောင့်မတ်သော'အကြင်ပရိသတ်သည် ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၈)

၅၁။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— တရားနှင့်ယှဉ်သော ပရိသတ်၎င်း တရားနှင့်မယှဉ်သော ပရိသတ်၎င်း ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် တရားနှင့်ယှဉ်သော အကြင်ပရိသတ်သည် ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၉)

၅၂။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— တရားမဟုတ်သည်ကို ဆိုလေ့ရှိသော 'အဓမ္မဝါဒီ' ပရိသတ်၎င်း တရားဟုတ်သည်ကို ဆိုလေ့ရှိသော 'ဓမ္မဝါဒီ'ပရိသတ်၎င်း တို့တည်း။ ရဟန်းတို့ တရားမဟုတ်သည်ကို ဆိုလေ့ရှိသော 'အဓမ္မဝါဒီ' ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အကြင်ပရိသတ်၌ ရဟန်းတို့သည် တရားနှင့်လျော်သော အဓိကရုဏ်းကိုသော်၎င်း တရားနှင့်မလျော်သော အဓိကရုဏ်းကိုသော်၎င်း ယူကုန်၏၊ထိုရဟန်းတို့သည် ထိုအဓိကရုဏ်းကို ယူ၍ အချင်းချင်း သိရှိနားလည်ရန်လည်း မပြောကြားကုန်၊ သိရှိနားလည်ရန် ပြောကြားခြင်းငှါလည်း မစည်းဝေးကုန်၊ နှစ်သိမ့်ကြေအေးရန်လည်း မပြုကုန်၊ နှစ်သိမ့်ကြေအေးရန် ပြုခြင်းငှါလည်း မစည်းဝေးကုန်။ ထိုရဟန်းတို့သည် သိရှိနားလည်ရန် ပြောကြားခြင်း အင်အားမရှိကုန် နှစ်သိမ့်ကြေအေးရန် ပြုခြင်း အင်အားမရှိကုန် အဓိကရုဏ်းကို စွန့်ခြင်းငှါ တိုင်ပင်ခြင်း မရှိကုန်မူ၍ ထိုအဓိကရုဏ်းကိုပင်လျှင် မှားသော မြင်ခြင်း၏ အစွမ်းအားဖြင့်၎င်း မှားသော သုံးသပ်ခြင်းအားဖြင့်၎င်း သက်ဝင်စွဲလမ်း၍ "ငါ့အယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးတည်း" ဟု ပြောဆိုကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို တရားမဟုတ်သည်ကို ဆိုလေ့ရှိသော 'အဓမ္မဝါဒီ'ပရိသတ်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ တရားဟုတ်သည်ကို ဆိုလေ့ရှိသော 'ဓမ္မဝါဒီ' ပရိသတ်ဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ အကြင်ပရိသတ်၌ ရဟန်းတို့သည် တရားနှင့်လျော်သော အဓိကရုဏ်းကို သော်၎င်း တရားနှင့်မလျော်သော အဓိကရုဏ်းကိုသော်၎င်း ယူကုန်၏။ ထိုရဟန်းတို့သည် ထိုအဓိကရုဏ်းကို ယူ၍ အချင်းချင်း သိရှိနားလည်ရန်လည်း ပြောကြားကုန်၏၊ သိရှိနားလည်ရန် ပြောကြားခြင်းငှါလည်း စည်းဝေးကုန်၏၊ နှစ်သိမ့်ကြေအေးရန်လည်း ပြုကုန်၏၊ နှစ်သိမ့်ကြေအေးရန် ပြုခြင်းငှါလည်း စည်းဝေးကုန်၏၊ ထိုရဟန်းတို့သည် သိရှိနားလည်ရန် ပြုခြင်းအင်အားရှိကုန်သည် နှစ်သိမ့်ကြေအေးရန် ပြုခြင်းအင်အား ရှိကုန်သည် အဓိကရုဏ်းကို စွန့်ခြင်းငှါ တိုင်ပင်ခြင်းရှိကုန်သည် ဖြစ်၍ ထိုအဓိကရုဏ်းကိုပင်လျှင် မှားသောမြင်ခြင်း၏ အစွမ်းအားဖြင့်၎င်း မှားသော သုံးသပ်ခြင်း ဖြင့်၎င်း သက်ဝင်စွဲလမ်း၍ "ငါ့အယူသာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးတည်း"ဟု

http://www.dhammadownload.com



မပြောဆိုကုန်။ ရဟန်းတို့ ဤပရိသတ်ကို တရားဟုတ်သည်ကို ဆိုလေ့ရှိသော ‘ဓမ္မဝါဒီ’ပရိသတ်ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။ရဟန်းတို့ ဤနှစ်မျိုးသော ပရိသတ်တို့တွင် တရားဟုတ်သည်ကို ဆိုလေ့ရှိသော အကြင် ‘ဓမ္မဝါဒီ’ပရိသတ်သည် ရှိ၏၊ ထိုပရိသတ်သည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

ငါးခုမြောက် ပရိသဝဂ် ပြီး၏။

ပဌမ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၂-ဒုတိယပဏ္ဏာသက

## ၂-ဒုတိယ သုတ်ငါးဆယ်

### (၆) ၁-ပုဂ္ဂလဝဂ်

၅၃။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်နှစ်မျိုးတို့သည် လောက၌ ဖြစ်ပေါ်လာကုန်သော် လူအများ၏ အစီးအပွါးရှိခြင်းငှါ လူအများ၏ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီး အပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပေါ်လာကုန်၏။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားရှင်း စကြာရတနာကို လည်စေနိုင်သော 'စကြဝတေး'မင်းရှင်း တို့တည်း။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်နှစ်မျိုးတို့သည် လောက၌ ဖြစ်ပေါ်လာကုန်သော် လူအများ၏ အစီးအပွါးရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပေါ်လာကုန်၏ ဟု (မိန့်တော်မူ၏)။ (၁)

၅၄။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်နှစ်မျိုးတို့သည် လောက၌ ဖြစ်ပေါ်လာကုန်သော် အံ့ချီး လောက်သော လူတို့ ဖြစ်ကုန်၏။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားရှင်း စကြာရတနာကို လည်စေနိုင်သော 'စကြဝတေး'မင်းရှင်း တို့တည်း။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်နှစ်မျိုးတို့သည် လောက၌ ဖြစ်ပေါ်လာကုန်သော် အံ့ချီးလောက်သော လူတို့ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၂)

၅၅။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်နှစ်မျိုးတို့၏ ကွယ်လွန်ခြင်းကြောင့် လူအများ၏ ပူပန်ခြင်းသည် ဖြစ်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားရှင်း စကြာရတနာကို လည်စေနိုင်သော 'စကြဝတေး'မင်းရှင်း တို့တည်း။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်နှစ်မျိုးတို့၏ ကွယ်လွန်ခြင်းကြောင့် လူအများ၏ ပူပန်ခြင်းသည်ဖြစ်၏ ဟု (မိန့်တော်မူ၏)။ (၃)

၅၆။ ရဟန်းတို့ စေတီထိုက်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားရှင်း စကြာရတနာကို လည်စေနိုင်သော 'စကြဝတေး' မင်းရှင်း တို့တည်း။ ရဟန်းတို့ စေတီထိုက်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၄)

၅၇။ ရဟန်းတို့ (သစ္စာလေးပါးကို သိတော်မူကုန်သော) ဘုရား တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရား 'သမ္မာသမ္ဗုဒ္ဓ'ရှင်း သစ္စာလေးပါးကို အသီးအခြား သိတော် မူသော ဘုရား 'ပစ္စေကဗုဒ္ဓါ'ရှင်း တို့တည်း။ ရဟန်းတို့ (သစ္စာလေးပါးကို သိတော်မူကုန်သော) ဘုရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်ကော်မူ၏)။ (၅)

http://www.dhammadownload.com



၅၈။ ရဟန်းတို့ ဤနှစ်မျိုးတို့သည် မိုးကြိုးပစ်သော်လည်း မထိတ်လန့်ကုန်၊ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာရှင်း ဆင်အာဇာနည်ရှင်း တို့တည်း။ ရဟန်းတို့ ဤနှစ်မျိုးတို့သည် မိုးကြိုးပစ်သော်လည်း မထိတ်လန့်ကြကုန် ဟု (မိန့်တော်မူ၏)။ (၆)

၅၉။ ရဟန်းတို့ ဤနှစ်မျိုးတို့သည် မိုးကြိုးပစ်သော်လည်း မထိတ်လန့်ကုန်။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အာသဝေါကုန်ခန်းပြီးသော ရဟန္တာရှင်း မြင်းအာဇာနည်ရှင်း တို့တည်း။ ရဟန်းတို့ ဤနှစ်မျိုးတို့သည် မိုးကြိုးပစ်သော်လည်း မထိတ်လန့်ကြကုန် ဟု (မိန့်တော်မူ၏)။ (၇)

၆၀။ ရဟန်းတို့ ဤနှစ်မျိုးတို့သည် မိုးကြိုးပစ်သော်လည်း မထိတ်လန့်ကုန်။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အာသဝေါကုန်ပြီးသော ရဟန္တာရှင်း သားမျိုးသနင်း ခြင်္သေ့မင်းရှင်း တို့တည်း။ ရဟန်းတို့ ဤနှစ်မျိုးတို့သည် မိုးကြိုးပစ်သော်လည်း မထိတ်လန့်ကြကုန် ဟု (မိန့်တော်မူ၏)။ (၈)

၆၁။ ရဟန်းတို့ အကျိုးထူးနှစ်မျိုးတို့ကို ကောင်းစွာ မြော်မြင်လျက် ကိန္နရာတို့သည် လူစကားကို မပြောဆိုကုန်။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—မဟုတ်မမှန်သော စကားကို ငါတို့ မပြောမဆို မိကြပါစေကုန်လင့်၊ သူတပါးကိုလည်း မဟုတ်မမှန်သော စကားဖြင့် ငါတို့ မစွပ်စွဲ မိကြပါစေကုန်လင့် ဟူသည်တို့တည်း။ ရဟန်းတို့ အကျိုးထူးနှစ်မျိုးတို့ကို ကောင်းစွာ မြော်မြင်လျက် ကိန္နရာတို့သည် လူစကားကို မပြောဆိုကြကုန် ဟု (မိန့်တော်မူ၏)။ (၉)

၆၂။ ရဟန်းတို့ တရားနှစ်မျိုးတို့၌ မရောင့်ရဲမှု၍ မငြီးငွေ့မှု၍ မာတုဂါမသည် သေရ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မေထုန် မှီဝဲခြင်းရှင်း သားဖွားခြင်းရှင်း တို့တည်း။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့၌ မရောင့်ရဲမှု၍ မငြီးငွေ့မှု၍ မာတုဂါမသည် သေရ၏ ဟု (မိန့်တော်မူ၏)။ (၁၀)

၆၃။ သူယုတ်တို့၏ အတူတကွ နေထိုင်ခြင်းကိုရှင်း သူတော်ကောင်းတို့၏ အတူတကွ နေထိုင်ခြင်းကိုရှင်း သင်တို့အား ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ သူယုတ်တို့၏ အတူတကွနေထိုင်ခြင်းသည် အဘယ်သို့ ဖြစ်သနည်း၊ အဘယ်သို့လျှင် သူယုတ်တို့သည် အတူတကွနေထိုင်ကုန်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ သီတင်းကြီးရဟန်းအား ဤသို့ အကြံဖြစ်၏ "သီတင်းကြီးရဟန်းသည်လည်း ငါ့ကို (ဆုံးမသွန်သင်သော စကားဖြင့်) မဆိုပါစေလင့်၊သီတင်းလတ်ရဟန်းသည်လည်း ငါ့ကို မဆိုပါစေလင့်၊ သီတင်းငယ်ရဟန်းသည်လည်း ငါ့ကို မဆိုပါစေလင့်။ငါသည် သီတင်းကြီးရဟန်းကိုလည်း မဆိုအံ့၊ ငါသည် သီတင်းလတ်ရဟန်းကိုလည်းမဆိုအံ့၊ ငါသည် သီတင်းငယ်ရဟန်းကိုလည်း မဆိုအံ့။ သီတင်းကြီးရဟန်းသည်လည်း ငါ့ကို အကယ်၍ဆိုငြားအံ့၊(ဤသို့ ဆိုသည်ရှိသော်) အစီးအပွါးမဲ့ကို အလိုရှိသည်ဖြစ်၍ ငါ့ကိုဆိုရာ၏၊ အစီးအပွါးကို အလိုရှိသည်ဖြစ်၍ မဆိုရာ။(ငါသည် သင်၏ စကားကို) မလိုက်နာအံ့ဟု ထိုရဟန်းကို ဆိုအံ့၊ (စကားမပြောဆိုခြင်းဖြင့်) ညှဉ်းဆဲအံ့၊ မှန်သည်ဟု သိမြင်သော်လည်း ထိုရဟန်း၏ (စကားကို) မလိုက်နာအံ့။ သီတင်းလတ် ရဟန်းသည်လည်း ငါ့ကို **အကယ်၍ ဆိုငြားအံ့**။ပ။**သီတင်း** ငယ် ရဟန်းသည်လည်း ငါ့ကို အကယ်၍ ဆိုငြားအံ့၊ (ဤသို့ **ဆိုသည်ရှိသော်**) **အစီးအပွါးမဲ့ကို**

http://www.dhammadownload.com



အလိုရှိသည်ဖြစ်၍ ငါ့ကို ဆိုရာ၏၊ အစီးအပွါးကို အလိုရှိသည်ဖြစ်၍ မဆိုရာ။ (ငါသည် သင်၏ စကားကို) မလိုက်နာအံ့ ဟု ထိုရဟန်းကို ဆိုအံ့၊ (စကားမပြောဆိုခြင်းဖြင့်) ညှဥ်းဆဲအံ့၊ မှန်သည် ဟု သိမြင်သော်လည်း ထိုရဟန်း၏ (စကားကို) မလိုက်နာအံ့" ဟု (အကြံဖြစ်၏)။ သီတင်းလတ် ရဟန်းအားလည်း ဤသို့ အကြံ ဖြစ်၏။ပ။ သီတင်းငယ်ရဟန်းအားလည်း ဤသို့ အကြံဖြစ်၏ "သီတင်းကြီးရဟန်းသည်လည်း ငါ့ကို (ဆုံးမသွန်သင်သော စကားဖြင့်)မဆိုပါစေလင့်၊ သီတင်း လတ်ရဟန်းသည်လည်း ငါ့ကို မဆိုပါစေလင့်၊ သီတင်းငယ်ရဟန်းသည်လည်း ငါ့ကို မဆိုပါစေလင့်။ ငါသည် သီတင်းကြီး ရဟန်းကိုလည်း မဆိုအံ့၊ ငါသည် သီတင်းလတ် ရဟန်းကိုလည်း မဆိုအံ့၊ ငါသည် သီတင်းငယ် ရဟန်းကိုလည်း မဆိုအံ့။ သီတင်းကြီး ရဟန်းသည်လည်း ငါ့ကို အကယ်၍ ဆိုငြားအံ့ (ဤသို့ ဆိုသည်ရှိသော်) အစီးအပွါးမဲ့ကို အလိုရှိသည်ဖြစ်၍ ငါ့ကို ဆိုရာ၏၊ အစီးအပွါးကို အလိုရှိ သည်ဖြစ်၍ မဆိုရာ။(ငါသည် သင်၏ စကားကို) မလိုက်နာအံ့ ဟု ထိုရဟန်းကို ဆိုအံ့၊ (စကား မပြောဆိုခြင်းဖြင့်) ညှဥ်းဆဲအံ့၊ မှန်သည်ဟု သိမြင်သော်လည်း ထိုရဟန်း၏ (စကားကို) မလိုက် နာအံ့။ သီတင်းလတ် ရဟန်းသည်လည်း ငါ့ကို အကယ်၍ ဆိုငြားအံ့။ပ။ သီတင်းငယ် ရဟန်း သည်လည်း ငါ့ကို အကယ်၍ဆိုငြားအံ့၊ (ဤသို့ဆိုသည်ရှိသော်) အစီးအပွါးမဲ့ကို အလိုရှိသည်ဖြစ်၍ ငါ့ကို ဆိုရာ၏၊ အစီးအပွါးကို အလိုရှိသည်ဖြစ်၍ မဆိုရာ၊(ငါသည် သင်၏စကားကို) မလိုက်နာအံ့ဟု ထိုရဟန်းကို ဆိုအံ့ (စကား မပြောဆိုခြင်းဖြင့်) ညှဥ်းဆဲအံ့၊ မှန်သည်ဟု သိမြင်သော်လည်း ထိုရဟန်း၏ (စကားကို) မလိုက်နာအံ့" ဟု အကြံ ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် သူယုတ်တို့၏ အတူတကွနေထိုင်ခြင်းသည် ဖြစ်၏၊ ဤသို့လျှင် သူယုတ်တို့သည် အတူတကွနေထိုင်ကုန်၏။

ရဟန်းတို့ သူတော်ကောင်းတို့၏ အတူတကွနေထိုင်ခြင်းသည် အဘယ်သို့ ဖြစ်သနည်း၊အဘယ် သို့လျှင် သူတော်ကောင်းတို့ အတူတကွနေထိုင်ကုန်သနည်း။ရဟန်းတို့ ဤသာသနာတော်၌ သီတင်း ကြီးရဟန်းအား ဤသို့ အကြံဖြစ်၏ "သီတင်းကြီး ရဟန်းသည်လည်း ငါ့ကို (ဆုံးမသွန်သင်သော စကားဖြင့်)ဆိုပါစေ၊ သီတင်းလတ် ရဟန်းသည်လည်း ငါ့ကို ဆိုပါစေ၊ သီတင်းငယ် ရဟန်းသည် လည်း ငါ့ကို ဆိုပါစေ။ ငါသည် သီတင်းကြီး ရဟန်းကိုလည်း ဆိုအံ့၊ငါသည် သီတင်းလတ် ရဟန်းကို လည်း ဆိုအံ့၊ ငါသည် သီတင်းငယ် ရဟန်းကိုလည်းဆိုအံ့။ သီတင်းကြီး ရဟန်းသည်လည်း ငါ့ကို ဆိုငြားအံ့၊ (ဤသို့ ဆိုသည်ရှိသော်)အစီးအပွါးကို အလိုရှိသည်ဖြစ်၍ ဆိုရာ၏၊ အစီးအပွါးမဲ့ကို အလို ရှိသည်ဖြစ်၍ မဆိုရာ။ ကောင်းပါပြီ လိုက်နာပါမည်ဟု ထိုရဟန်းကို ဆိုအံ့၊(စကား မပြောဆိုခြင်း ဖြင့်)ထိုရဟန်းကို မညှဥ်းဆဲအံ့၊ မှန်သည်ဟု သိမြင်သော် ထိုရဟန်း၏စကားကို လိုက်နာအံ့။ သီတင်းလတ် ရဟန်းသည်လည်း ငါ့ကို ဆိုငြားအံ့။ပ။သီတင်းငယ် ရဟန်းသည်လည်း ငါ့ကို ဆိုငြားအံ့၊ (ဤသို့ ဆိုသည်ရှိသော်) အစီးအပွါးကို အလိုရှိသည်ဖြစ်၍ ဆိုရာ၏၊ အစီးအပွါးမဲ့ကို အလိုရှိသည်ဖြစ်၍ မဆိုရာ။ ကောင်းပါပြီ လိုက်နာပါမည်ဟု ထိုရဟန်းကို ဆိုအံ့၊ (စကား မပြောဆို ခြင်းဖြင့်)ထိုရဟန်းကို မညှဥ်းဆဲအံ့၊ မှန်သည်ဟု သိမြင်သော် ထိုရဟန်း၏ စကားကို လိုက်နာအံ့"။ သီတင်းလတ် ရဟန်းအားလည်း ဤသို့ အကြံဖြစ်၏။ပ။သီတင်းငယ် ရဟန်းအားလည်း ဤသို့ အကြံဖြစ်၏ "သီတင်းကြီး ရဟန်းသည်လည်း ငါ့ကို (ဆုံးမသွန်သင်သော စကားဖြင့်) ဆိုပါစေ၊ သီတင်းလတ်ရဟန်းသည်လည်း ငါ့ကို ဆိုပါစေ၊ သီတင်းငယ်ရဟန်းသည်လည်း ငါ့ကို ဆိုပါစေ။ ငါသည် သီတင်းကြီးရဟန်းကိုလည်း ဆိုအံ့၊ ငါသည် သီတင်းလတ် ရဟန်းကိုလည်း ဆိုအံ့။ ငါသည် သီတင်းငယ်ရဟန်းကိုလည်း ဆိုအံ့။ သီတင်းကြီး ရဟန်းသည် ငါ့ကိုဆိုငြားအံ့၊ (ဤသို့ ဆိုသည် ရှိသော်) အစီးအပွါးကို အလိုရှိသည်ဖြစ်၍ ဆိုရာ၏၊ အစီးအပွါးမဲ့ကို အလိုရှိသည်ဖြစ်၍ မဆိုရာ။

http://www.dhammadownload.com



ကောင်းပါပြီဟု ထိုရဟန်းကို ဆိုအံ့၊ (စကား မပြောဆိုခြင်းဖြင့်) ထိုရဟန်းကို မညှဉ်းဆဲအံ့၊ မှန်သည်ဟု သိမြင်သော် ထိုရဟန်း၏ စကားကို လိုက်နာအံ့"။ ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းတို့၏ အတူတကွနေထိုင်ခြင်းသည် ဖြစ်၏၊ ဤသို့လျှင် သူတော်ကောင်းတို့သည် အတူတကွ နေထိုင်ကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၁)

၆၄။ ရဟန်းတို့ အကြင်အဓိကရုဏ်း၌ နှစ်ဦးနှစ်ဖက်တို့တွင် အပြန်အလှန် ဆဲရေးပုတ်ခတ်ခြင်း ဝစီသံသာရသည်၎င်း မိစ္ဆာဒိဋ္ဌိကို မှီ၍ ဖြစ်သော အနိုင်အထက် ပြုလိုခြင်း 'ဒိဋ္ဌိပဠာသ'သည်၎င်း စိတ်ထိခိုက်ခြင်း 'စေတသောအာဃာတ'သည်၎င်း မကြေနပ်ခြင်း 'အပ္ပစ္စယ'သည်၎င်း မနှစ်မြို့ခြင်း 'အနဘိရဒ္ဓိ'သည်၎င်း မိမိ၏စိတ် (မိမိပရိသတ်၏ စိတ်)၌ မငြိမ်းအေး မပြေပျောက်သည် ဖြစ်အံ့၊ ရဟန်းတို့ ထိုအဓိကရုဏ်း၌ ရှည်မြင့်စွာ တည်ခြင်းငှါ နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်းငှါ တုတ်လက်နက် စသည်ဖြင့် ရိုင်းပြစွာ ပြုမူခြင်းငှါ ဖြစ်လတ္တံ့၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ မနေရကုန်လတ္တံ့ ဟူသော အပြစ်ကို (မချွတ်ရလိမ့်မည်)ဟု မြှော်လင့်အပ်၏။ ရဟန်းတို့ အကြင်အဓိကရုဏ်း၌ကား နှစ်ဦး နှစ်ဖက်တို့တွင် အပြန်အလှန် ဆဲရေးပုတ်ခတ်ခြင်း ဝစီသံသာရသည်၎င်း မိစ္ဆာဒိဋ္ဌိကိုမှီ၍ ဖြစ်သော အနိုင်အထက် ပြုလိုခြင်း 'ဒိဋ္ဌိပဠာသ'သည်၎င်း စိတ်ထိခိုက်ခြင်း 'စေတသောအာဃာတ'သည်၎င်း မကျေနပ်ခြင်း 'အပ္ပစ္စယ'သည်၎င်း မနှစ်မြို့ခြင်း 'အနဘိရဒ္ဓိ'သည်၎င်း မိမိ၏စိတ် (မိမိပရိသတ်၏ စိတ်)၌ ငြိမ်းအေး ပြေပျောက်သည် ဖြစ်အံ့။ ရဟန်းတို့ ထိုအဓိကရုဏ်း၌ ရှည်မြင့်စွာ တည်ခြင်းငှါ နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်းငှါ တုတ် လက်နက် စသည်ဖြင့် ရိုင်းပြစွာ ပြုမူခြင်းငှါ မဖြစ်လတ္တံ့၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ နေရကုန်လတ္တံ့ ဟူသော ဤအကျိုးကို (မချွတ်ရလိမ့်မည်ဟု) မြှော်လင့်အပ်၏ ဟု (မိန့်တော်မူ၏)။ (၁၂)

ရှေးဦးစွာသော ပုဂ္ဂလဝဂ် ပြီး၏။

---

## (၇) ၂-သုခဝဂ်

၆၅။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ— ကာမဂုဏ်ပြည့်စုံမှုလျှင် အကြောင်းရင်းရှိသော 'ဂိဟိသုခ' ချမ်းသာရင်း ရဟန်းအဖြစ်လျှင် အကြောင်းရင်းရှိသော 'ပဗ္ဗဇိတသုခ' ချမ်းသာရင်းတို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤချမ်းသာ နှစ်မျိုးတို့တွင် အကြင်ရဟန်းတို့၏ ရဟန်းအဖြစ်ကို အကြောင်းပြု၍ ဖြစ်သော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁)

၆၆။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ကာမဂုဏ်ကိုအကြောင်းပြု၍ ဖြစ်သော 'ကာမသုခ' ချမ်းသာရင်း ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို အကြောင်းပြု၍ ဖြစ်သော 'နေက္ခမ္မသုခ' ချမ်းသာရင်း တို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာတို့တွင် အကြင် ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို အကြောင်းပြု၍ ဖြစ်သော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၂)

၆၇။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ— လောက၌ အကျုံးဝင်သော 'ဥပဓိသုခ' ချမ်းသာရင်း လောကုတ္တရာ၌ အကျုံးဝင်သော 'နိရုပဓိသုခ'

http://www.dhammadownload.com



ချမ်းသာငြင်း တို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာတို့တွင် အကြင် လောကုတ္တရာ၌ အကျုံးဝင်သော ချမ်းသာသည် ရှိ၏၊ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၃)

၆၈။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ— အာသဝေါတရားတို့၏ အကြောင်း ဖြစ်သော 'သာသဝ သုခ' ချမ်းသာငြင်း အာသဝေါတရားတို့၏ အကြောင်း မဟုတ်သော 'အနာသဝ သုခ'ချမ်းသာငြင်း တို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာတို့တွင် အကြင် အာသဝေါတရား တို့၏ အကြောင်း မဟုတ်သော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၄)

၆၉။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့နည်းဟူမူ— ကိလေသာ၏ အာရုံဖြစ်၍ ဝဋ်သုံးပါးသို့ ရောက်ကြောင်း ဖြစ်သော 'သာမိသသုခ' ချမ်းသာငြင်း ကိလေသာ၏ အာရုံ မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော 'နိရာမိသသုခ'ချမ်းသာငြင်း တို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤ နှစ်မျိုးသော ချမ်းသာတို့တွင် အကြင်ကိလေသာ၏ အာရုံ မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ချမ်းသာသည်ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၅)

၇၀။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ— အရိယာပုဂ္ဂိုလ်တို့၏ 'အရိယသုခ' ချမ်းသာငြင်း ပုထုဇဉ်တို့၏ 'အနရိယသုခ' ချမ်းသာငြင်း တို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာ တို့တွင် အကြင်အရိယာပုဂ္ဂိုလ်တို့၏ ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၆)

၇၁။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ— ကိုယ်၌ ဖြစ်သော 'ကာယိကသုခ' ချမ်းသာငြင်း စိတ်၌ ဖြစ်သော 'စေတသိကသုခ' ချမ်းသာငြင်း တို့တည်း။ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာ တို့တွင် အကြင် စိတ်၌ဖြစ်သော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၇)

၇၂။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ— ပီတိနှင့်တကွ ဖြစ်သော ချမ်းသာ 'သပ္ပီတိကသုခ'ငြင်း ပီတိကင်းသော ချမ်းသာ 'နိပ္ပီတိကသုခ'ငြင်း တို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာ တို့တွင် အကြင် ပီတိကင်းသော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၈)

၇၃။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— သာယာအပ်သော သဘောရှိသော ချမ်းသာ 'သာတသုခ'ငြင်း လျစ်လျူရှုအပ်သော သဘောရှိသော ချမ်းသာ 'ဥပေက္ခာ သုခ'ငြင်းတို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့

http://www.dhammadownload.com



ဤ နှစ်မျိုးသော ချမ်းသာတို့တွင် အကြင် လျစ်လျူရှုအပ်သော သဘောရှိသော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၉)

၇၄။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ— ဥပစာရသမာဓိ အပ္ပနာသမာဓိကို မှီ၍ ဖြစ်သောချမ်းသာ 'သမာဓိ သုခ'ငှင်း ဥပစာရသမာဓိ အပ္ပနာ သမာဓိမှ ကင်းသော ချမ်းသာ 'အ သမာဓိသုခ' ငှင်းတို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာတို့တွင် ဥပစာရသမာဓိ အပ္ပနာသမာဓိကို မှီ၍ဖြစ်သော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

၇၅။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့ နည်း ဟူမူ— ပီတိနှင့်တကွသော ဈာန်ကို အာရုံပြု၍ ဖြစ်သော'သပ္ပီတိကာရမ္မဏာသုခ'ချမ်းသာငှင်း ပီတိကင်းသော ဈာန်ကို အာရုံပြု၍ ဖြစ်သော 'နိပ္ပီတိကာရမ္မဏာသုခ' ချမ်းသာငှင်းတို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤနှစ်မျိုးသော ချမ်းသာတို့တွင် အကြင်ပီတိကင်းသော ဈာန်ကို အာရုံပြု၍ ဖြစ်သော ချမ်းသာသည် ရှိ၏၊ ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

၇၆။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— သာတ သဘောရှိသော ဈာန်ကို အာရုံပြု၍ ဖြစ်သော ချမ်းသာ 'သာတာရမ္မဏာသုခ'ငှင်း ဥပေက္ခာ သဘောရှိသော ဈာန်ကို အာရုံပြု၍ ဖြစ်သောချမ်းသာ 'ဥပေက္ခာရမ္မဏာသုခ' ငှင်းတို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤချမ်းသာနှစ်မျိုးတို့တွင် အကြင် ဥပေက္ခာသဘောရှိသော ဈာန်ကို အာရုံပြု၍ဖြစ်သော ချမ်းသာသည် ရှိ၏၊ထိုချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၂)

၇၇။ ရဟန်းတို့ ချမ်းသာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ရူပါဝစရဈာန်လျှင် အာရုံရှိသော 'ရူပါရမ္မဏာသုခ' ချမ်းသာငှင်း အရူပါဝစရဈာန်လျှင် အာရုံရှိသော ချမ်းသာ 'အရူပါရမ္မဏာသုခ'ငှင်း တို့တည်း။ ရဟန်းတို့ ချမ်းသာတို့သည် ဤ နှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤ ချမ်းသာနှစ်မျိုးတို့တွင် အကြင်အရူပါဝစရဈာန်လျှင် အာရုံရှိသော ချမ်းသာသည် ရှိ၏၊ ထို ချမ်းသာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၃)

နှစ်ခုမြောက် သုခဝဂ် ပြီး၏။

---

## (၈) ၃-သနိမိတ္တဝဂ်

၇၈။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည်အကြောင်း 'နိမိတ်'ရှိကြမှ ဖြစ်ကုန်၏၊အကြောင်း 'နိမိတ်'မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်၏ အကြောင်း 'နိမိတ်'ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၁)

၇၉။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည်အကြောင်း'နိဒါန်း'ရှိကြမှ ဖြစ်ကုန်၏၊အကြောင်း 'နိဒါန်း'မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်၏အကြောင်း 'နိဒါန်း'ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၂)

http://www.dhammadownload.com



၁၀။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည်အကြောင်း'ဟိတ်'ရှိကြမှ ဖြစ်ကုန်၏၊အကြောင်း 'ဟိတ်'မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်၏ အကြောင်း'ဟိတ်'ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၃)

၁၁။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည်အကြောင်း'သင်္ခါရ'ရှိကြမှဖြစ်ကုန်၏၊ အကြောင်း 'သင်္ခါရ'မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်တို့၏အကြောင်း 'သင်္ခါရ'ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၄)

၁၂။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည်အကြောင်း'ပစ္စည်း'ရှိကြမှ ဖြစ်ကုန်၏၊အကြောင်း 'ပစ္စည်း'မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်တို့၏အကြောင်း 'ပစ္စည်း'ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၅)

၁၃။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည်အကြောင်း 'ရုပ်'ရှိကြမှ ဖြစ်ကုန်၏၊အကြောင်း 'ရုပ်'မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်တို့၏ အကြောင်း'ရုပ်'ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ် တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၆)

၁၄။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည်အကြောင်းဖြစ်သောသမ္ပယုတ်ဝေဒနာရှိကြမှဖြစ်ကုန်၏၊ အကြောင်းဖြစ်သော သမ္ပယုတ် ဝေဒနာမရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်တရားတို့၏ အကြောင်းဖြစ်သော သမ္ပယုတ် ဝေဒနာကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၇)

၁၅။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည် အကြောင်းဖြစ်သော သမ္ပယုတ် သညာရှိကြမှ ဖြစ်ကုန်၏။ အကြောင်းဖြစ်သော သမ္ပယုတ်သညာမရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်တရားတို့၏ အကြောင်းဖြစ်သော သမ္ပယုတ်သညာကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၈)

၁၆။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည် အကြောင်းဖြစ်သော သမ္ပယုတ်ဝိညာဏ်ရှိကြမှ ဖြစ်ကုန်၏၊ အကြောင်းဖြစ်သော သမ္ပယုတ်ဝိညာဏ်မရှိကြပဲ မဖြစ်ကုန်။ ထိုအကုသိုလ်တရားတို့၏ အကြောင်းဖြစ်သော သမ္ပယုတ်ဝိညာဏ်ကိုသာလျှင် ပယ်ခြင်းကြောင့် ထိုအကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၉)

၁၇။ ရဟန်းတို့ အကုသိုလ်တရားယုတ်တို့သည် သင်္ခတတရားကိုအာရုံပြုကုန်၍သာ ဖြစ်ကုန်၏၊ အသင်္ခတတရားကို အာရုံပြုကုန်၍မဖြစ်ကုန်။ ထိုအကုသိုလ်တရား၏သင်္ခတတရားကိုသာလျှင် ပယ်ခြင်းကြောင့် အကုသိုလ်တရားယုတ်တို့သည် မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။ (၁၀)

သုံးခုမြောက် သနိမိတ္တဝဂ် ပြီး၏။

## (၉) ၄-ဓမ္မဝဂ်

၁၈။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ— **စိတ်၏** ကိလေသာတို့မှ လွတ်မြောက်ခြင်း 'စေတောဝိမုတ္တိ'ငင်း ပညာ၏ ကိလေသာတို့မှ လွတ်

http://www.dhammadownload.com



မြောက်ခြင်း 'ပညာဝိမုတ္တိ'ငှင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁)

၇၉။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ယှဉ်ဘက်တရားတို့ကို ချီးမြှောက်တတ်သော 'ပဂ္ဂဟ'တရားငှင်း စိတ်၏ မပျံ့လွင့်မှု'အဝိက္ခေပ'တရားငှင်း တို့တည်း။ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၂)

၈၀။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— နာမ်ငှင်း ရုပ်ငှင်းတို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ ပေတည်း ဟု(မိန့်တော်မူ၏)။ (၃)

၈၁။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— သစ္စာလေးပါးကို သိတတ်သော 'ဝိဇ္ဇာ' ငှင်း ကိလေသာမှ လွတ်မြောက်သော 'ဝိမုတ္တိ'ငှင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၄)

၈၂။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဘဝမြဲ၏ ဟု ယူသော 'ဘဝဒိဋ္ဌိ'ငှင်း ဘဝပြတ်၏ ဟု ယူသော 'ဝိဘဝဒိဋ္ဌိ'ငှင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၅)

၈၃။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း ။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဒုစရိုက်တို့မှ မရှက်ခြင်း 'အဟိရိက'ငှင်း ဒုစရိုက်တို့မှ မလန့်ခြင်း 'အနောတ္တပ္ပ'ငှင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၆)

၈၄။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဒုစရိုက်တို့မှ ရှက်ခြင်း 'ဟိရိ'ငှင်း ဒုစရိုက်တို့မှ လန့်ခြင်း 'ဩတ္တပ္ပ'ငှင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၇)

၈၅။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဆိုဆုံးမခက်ခြင်း 'ဒေါဝစဿတာ'ငှင်း အဆွေခင်ပွန်းယုတ်ရှိခြင်း 'ပါပမိတ္တတာ'ငှင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၈)

၈၆။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဆိုဆုံးမလွယ်ခြင်း 'သောဝစဿတာ'ငှင်း အဆွေခင်ပွန်းကောင်းရှိခြင်း 'ကလျာဏမိတ္တတာ'ငှင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၉)

၈၇။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—တဆယ့်ရှစ်ပါးသော ဓာတ်တို့၌ လိမ္မာခြင်း 'ဓာတုကုသလတာ'ငှင်း ထိုဓာတ်တို့ကိုပင်(အနိစ္စ စသောအားဖြင့်) နှလုံးသွင်းခြင်း၌ လိမ္မာခြင်း 'မနသိကာရကုသလတာ'ငှင်းတို့တည်း။ ရဟန်းတို့တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

http://www.dhammadownload.com



၉၈။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အာပတ်တို့၌ လိမ္မာခြင်း 'အာပတ္တိကုသလတာ'ငှင်း အာပတ်တို့မှ ထခြင်း၌ လိမ္မာခြင်း 'အာပတ္တိဝုဋ္ဌာနကုသလတာ'ငှင်းတို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

လေးခုမြောက် မွေဝဂ် ပြီး၏။

---

## (၁၀) ၅-ဗာလဝဂ်

၉၉။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မိမိသို့ မကျရောက်သော တာဝန်ကို ရွက်ဆောင်သော သူငှင်း မိမိသို့ ကျရောက်သော တာဝန်ကို မရွက်ဆောင်သောသူငှင်း ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့ ပေတည်း ဟု(မိန့်တော်မူ၏)။ (၁)

၁၀၀။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မိမိသို့ မကျရောက်သော တာဝန်ကို မရွက်ဆောင်သော သူငှင်း မိမိသို့ ကျရောက်သော တာဝန်ကို ရွက်ဆောင်သောသူငှင်းတို့တည်း။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၂)

၁၀၁။ ရဟန်းတို့ သူမိုက်တို့သည်ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မအပ်သော အရာ၌ အပ်၏ဟု အမှတ်ရှိသောသူငှင်း အပ်သော အရာ၌ မအပ်ဟု အမှတ်ရှိသောသူငှင်းတို့တည်း။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၃)

၁၀၂။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—မအပ်သော အရာ၌ မအပ်ဟု အမှတ်ရှိသော သူငှင်း အပ်သောအရာ၌ အပ်၏ဟု အမှတ်ရှိသောသူငှင်းတို့တည်း။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏။) (၄)

၁၀၃။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း။အဘယ်နှစ်မျိုးတို့ နည်းဟူမူ—အာပတ်မသင့်သော အရာ၌ အာပတ်သင့်၏ဟု အမှတ်ရှိသောသူငှင်း အာပတ်သင့်သော အရာ၌ အာပတ်မသင့်ဟု အမှတ်ရှိသောသူ ငှင်းတို့တည်း။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၅)

၁၀၄။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အာပတ်မသင့်သော အရာ၌ အာပတ်မသင့်ဟု အမှတ်ရှိသောသူငှင်း အာပတ်သင့်သော အရာ၌အာပတ်သင့်၏ ဟု အမှတ်ရှိသောသူ ငှင်းတို့တည်း။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၆)

၁၀၅။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—တရားမဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသောသူငှင်း တရားဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသောသူ ငှင်းတို့တည်း။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၇)

http://www.dhammadownload.com



၁ဝ၆။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— တရားဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသောသူငှင်း တရားမဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသောသူ ငှင်းတို့တည်း။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၈)

၁ဝ၇။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဝိနည်း မဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောသူငှင်း ဝိနည်းဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောသူ ငှင်းတို့တည်း။ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၉)

၁ဝ၈။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဝိနည်းမဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောသူငှင်း ဝိနည်းဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောသူ ငှင်းတို့တည်း။ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁ဝ)

၁ဝ၉။ ရဟန်းတို့ ပုဂ္ဂိုလ် နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—တွေးတောမှု 'သံသယကုက္ကုစ္စ' [၁] မဖြစ်သင့်သော အရာ၌ တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်သူငှင်း၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်သင့်သော အရာ၌ တွေးတောမှု 'သံသယကုက္ကုစ္စ' မဖြစ်သူ ငှင်းတို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ် နှစ်မျိုးတို့အား အာသဝေါတရား တို့သည် တိုးပွါးကုန်၏။ (၁၁)

၁၁ဝ။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါ တရားတို့သည် မတိုးပွါးကုန်။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—တွေးတောမှု 'သံသယကုက္ကုစ္စ' မဖြစ်သင့်သော အရာ၌ တွေးတောမှု 'သံသယကုက္ကုစ္စ' မဖြစ်သူ ငှင်း တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်သင့်သော အရာ၌ တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်သူငှင်းတို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန် ဟု (မိန့်တော်မူ၏)။ (၁၂)

၁၁၁။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—မအပ်သော အရာ၌ အပ်၏ဟု အမှတ်ရှိသောသူငှင်း အပ်သောအရာ၌ မအပ်ဟု အမှတ်ရှိသောသူငှင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရား တို့သည် တိုးပွါးကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၃)

၁၁၂။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါဘရားတို့သည် မတိုးပွါးကုန်။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—မအပ်သောအရာ၌ မအပ်ဟု အမှတ်ရှိသောသူငှင်း အပ်သောအရာ၌ အပ်၏ဟု အမှတ်ရှိသောသူငှင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် မတိုး ပွါးကုန် ဟု (မိန့်တော်မူ၏)။ (၁၄)

၁၁၃။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—အာပတ်သင့်သော အရာ၌ အာပတ်မသင့်ဟု အမှတ်ရှိသောသူငှင်း အာပတ်

---

၁-ဝိနည်းပညတ်အရ အပြစ်ရှိမည်ကို ကြောက်၍ ထရုံတရာ၌ စိစစ်ဝေဖန်မှုကို ဆိုသည်။

http://www.dhammadownload.com



မသင့်သော အရာ၌ အာပတ်သင့်၏ဟု အမှတ်ရှိသောသူငင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၅)

၁၁၄။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အာပတ်သင့်သော အရာ၌ အာပတ်သင့်၏ဟု အမှတ်ရှိသောသူငင်း အာပတ်မသင့်သောအရာ၌ အာပတ်မသင့်ဟု အမှတ်ရှိသောသူငင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန် ဟု (မိန့်တော်မူ၏)။ (၁၆)

၁၁၅။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—တရားမဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသောသူငင်း တရားဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသောသူငင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၇)

၁၁၆။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—တရားဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသောသူငင်း တရားမဟုတ်သည်၌ တရားမဟုတ် ဟု အမှတ်ရှိသောသူငင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ် နှစ်မျိုးတို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန် ဟု (မိန့်တော်မူ၏)။ (၁၈)

၁၁၇။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဝိနည်းမဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောသူငင်း ဝိနည်းဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောသူငင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏ ဟု (မိန့်တော်မူ၏)။ (၁၉)

၁၁၈။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန်။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—ဝိနည်းမဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသောသူငင်း ဝိနည်းဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသောသူငင်း တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ် နှစ်မျိုတို့အား အာသဝေါတရားတို့သည် မတိုးပွါးကုန် ဟု (မိန့်တော်မူ၏)။ (၂၀)

**ငါးခုမြောက် ဗာလဝဂ် ပြီး၏။**

**ဒုတိယသုတ် ငါးဆယ် ပြီး၏။**

http://www.dhammadownload.com

# ၃-တတိယပဏ္ဏာသက

## ၃-တတိယ သုတ်ငါးဆယ်

### (၁၁) ၁-အာသာဒုပ္ပဇဟဝဂ်

၁၁၉။ ရဟန်းတို့ စွန့်နိုင်ခဲကုန်သော တပ်မက်ခြင်း 'အာသာ' တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—လာဘ်ကို တပ်မက်ခြင်း 'အာသာ' ၎င်း အသက်ကို တပ်မက်ခြင်း 'အာသာ' ၎င်း တို့တည်း။ ရဟန်းတို့ စွန့်နိုင်ခဲကုန်သော တပ်မက်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁)

၁၂၀။ ရဟန်းတို့ လောက၌ ရနိုင်ခဲကုန်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရှေးဦးစွာ ကျေးဇူးပြုတတ်သော ပုဂ္ဂိုလ်[၁] ၎င်း ပြုဘူးသော ကျေးဇူးကို သိ၍ ကျေးဇူးတုံ့ပြုတတ်သော ပုဂ္ဂိုလ်[၂] ၎င်း တို့တည်း။ ရဟန်းတို့ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏) (၂)

၁၂၁။ ရဟန်းတို့ လောက၌ ရနိုင်ခဲကုန်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရောင့်ရဲသော ပုဂ္ဂိုလ်[၃] ၎င်း ရောင့်ရဲစေတတ်သော ပုဂ္ဂိုလ်[၄] ၎င်း တို့တည်း။ ရဟန်းတို့ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၃)

၁၂၂။ ရဟန်းတို့ ရောင့်ရဲစေနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရတိုင်း ရတိုင်းသော ပစ္စည်းကို မသုံးမစား သိမ်းဆည်း၍ချည်း ထားသော ပုဂ္ဂိုလ်၎င်း ရတိုင်း ရတိုင်းသော ပစ္စည်းကို စွန့်၍ချည်း ပစ်သော ပုဂ္ဂိုလ်၎င်း တို့တည်း။ ရဟန်းတို့ ရောင့်ရဲစေနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၄)

၁၂၃။ ရဟန်းတို့ ရောင့်ရဲလွယ်စေနိုင်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရတိုင်း ရတိုင်းသော ပစ္စည်းကို သိမ်းဆည်း၍ချည်း မထားသော ပုဂ္ဂိုလ်၎င်း ရတိုင်း ရတိုင်းသော ပစ္စည်းကို စွန့်၍ချည်း မပစ်သော ပုဂ္ဂိုလ်၎င်း တို့တည်း။ ရဟန်းတို့ ရောင့်ရဲလွယ်စေနိုင်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၅)

၁၂၄။ ရဟန်းတို့ ရာဂဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—တင့်တယ်သော လက္ခဏာရုံ၎င်း မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၎င်း တို့တည်း။ ရဟန်းတို့ ရာဂဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၆)

---

၁-ပုဗ္ဗကာရီ ပုဂ္ဂိုလ်။ ၂-ကတညုတ ကတဝေဒီပုဂ္ဂိုလ်။
၃-တရားအထွတ်အထိပ်သို့ရောက်၍ နှလုံးအလိုပြည့်သဖြင့် နှစ်သိမ့်ကြေနပ်သော ရဟန္တာနှင့် ပစ္စေကဗုဒ္ဓါ။
၄-တရားအထွတ်အထိပ်သို့ရောက်၍ နှလုံးအလိုပြည့်သဖြင့် မိမိလည်း နှစ်သိမ့်ကြေနပ်၍ ဝေနေယျအများကိုလည်း နှစ်သိမ့်ကြေနပ်စေသော သဗ္ဗညုမြတ်စွာဘုရား။

http://www.dhammadownload.com



၁၂၅။ ရဟန်းတို့ ဒေါသဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဒေါသဖြစ်ကြောင်း အနိဋ္ဌာရုံရှင်း မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းရှင်း တို့တည်း။ ရဟန်းတို့ ဒေါသဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၇)

၁၂၆။ ရဟန်းတို့ မိစ္ဆာဒိဋ္ဌိဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့တည်း၊ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—တပါးသူထံမှ မသူတော်တရားသံကို ကြားနာရခြင်းရှင်း မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းရှင်း တို့တည်း။ ရဟန်းတို့ မိစ္ဆာဒိဋ္ဌိ ဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၈)

၁၂၇။ ရဟန်းတို့ သမ္မာဒိဋ္ဌိဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့တည်း၊ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—တပါးသူထံမှ သူတော်ကောင်းတရားသံကို ကြားနာ ရခြင်းရှင်း သင့်လျော်သော အကြောင်း အားဖြင့် နှလုံးသွင်းခြင်းရှင်း တို့တည်း။ ရဟန်းတို့ သမ္မာဒိဋ္ဌိဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၉)

၁၂၈။ ရဟန်းတို့ အာပတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပေါ့သော လဟုကအာပတ်ရှင်း လေးသော ဂရုကအာပတ်ရှင်း တို့တည်း။ ရဟန်းတို့ အာပတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

၁၂၉။ ရဟန်းတို့ အာပတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရုန့်ရင်းသော 'ဒုဋ္ဌုလ္လ'အာပတ်ရှင်း မရုန့်ရင်းသော 'အဒုဋ္ဌုလ္လ'အာပတ်ရှင်း တို့တည်း။ ရဟန်းတို့ အာပတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

၁၃၀။ ရဟန်းတို့ အာပတ်တို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ကုစားရန် အကြွင်းရှိသော 'သာဝသေသ'အာပတ်ရှင်း ကုစားရန် အကြွင်းမရှိသော 'အနာဝသေသ' အာပတ်ရှင်း တို့တည်း။ရဟန်းတို့ အာပတ်တို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု(မိန့်တော်မူ၏)။ (၁၂)

**ရှေးဦးစွာသော အာသာဒုပ္ပဇဟဝဂ် ပြီး၏။**

---

## (၁၂) ၂-အာယာစနဝဂ်

၁၃၁။ ရဟန်းတို့ သဒ္ဓါတရားရှိသော ရဟန်းသည် မှန်စွာတောင့်တလိုလျှင် "သာရိပုတြာနှင့် မောဂ္ဂလာန်တို့သည် အကြင်သို့ သဘောရှိကုန်၏၊ (ငါသည်လည်း) ထိုသို့ သဘောရှိသူ ဖြစ်ရပါလို၏" ဟု ဤသို့ တောင့်တရာ၏။ ရဟန်းတို့ ငါ့တပည့်ရဟန်းတို့တွင် သာရိပုတြာနှင့် မောဂ္ဂလာန်တို့သည် နှိုင်းရှည့်ရန် ချိန်ပေတည်း၊ ထိုသာရိပုတြာနှင့် မောဂ္ဂလာန်တို့သည် နှိုင်းရှည့်ရန် စံပေတည်း ဟု (မိန့်တော်မူ၏)။ (၁)

၁၃၂။ ရဟန်းတို့ သဒ္ဓါတရားရှိသော ရဟန်းမိန်းမသည် မှန်စွာတောင့်တလိုလျှင် "ခေမာဘိက္ခုနီမနှင့် ဥပ္ပလဝဏ်ဘိက္ခုနီမတို့သည် အကြင်သို့ သဘောရှိကုန်၏၊ (ငါသည်လည်း) ထိုသို့ သဘောရှိသူ ဖြစ်ရပါလို၏"ဟု ဤသို့ တောင့်တရာ၏။ ရဟန်းတို့ ငါ့တပည့် ဘိက္ခုနီမတို့တွင် ခေမာနှင့် ဥပ္ပလဝဏ်တို့သည် နှိုင်းရှည့်ရန် ချိန်ပေတည်း၊ထိုခေမာ ဥပ္ပလဝဏ်တို့သည် နှိုင်းရှည့်ရန် စံပေတည်း ဟု (မိန့်တော်မူ၏)။ (၂)

http://www.dhammadownload.com



၁၃၃။ ရဟန်းတို့ သဒ္ဓါတရားရှိသော ဥပါသကာသည် မှန်စွာ တောင့်တလိုလျှင် "စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝက (မင်းသား) တို့သည် အကြင်သို့သဘော ရှိကုန်၏၊ (ငါသည်လည်း) ထိုသို့ သဘောရှိသူ ဖြစ်ရလို၏" ဟု ဤသို့ တောင့်တရာ၏။ ရဟန်းတို့ ငါ့တပည့် ဥပါသကာတို့တွင် စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝက (မင်းသား) တို့သည် နှိုင်းရှည့်ရန်ချိန်ပေတည်း၊ ထိုစိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝက (မင်းသား) တို့သည် နှိုင်းရှည့်ရန် စံပေတည်း ဟု (မိန့်တော်မူ၏)။ (၃)

၁၃၄။ ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမသည် မှန်စွာတောင့်တလိုလျှင် "ခုဇ္ဇုတ္တရာဥပါသိကာမနှင့် ဝေဠုကဏ္ဍကီရွာသူ နန္ဒသတို့သား၏ မိခင် 'နန္ဒမာတာ' ဥပါသိကာမတို့သည် အကြင်သို့သဘောရှိကုန်၏၊ (ငါသည်လည်း) ထိုသို့သဘောရှိသူဖြစ်ရလို၏" ဟု ဤသို့ တောင့်တရာ၏။ ရဟန်းတို့ ငါ့တပည့် ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာနှင့်ဝေဠုကဏ္ဍကီရွာသူ နန္ဒသတို့သား၏ မိခင် 'နန္ဒမာတာ' ဥပါသိကာမ တို့သည် နှိုင်းရှည့်ရန် ချိန်ပေတည်း၊ ထိုခုဇ္ဇုတ္တရာနှင့်ဝေဠုကဏ္ဍကီရွာသူနန္ဒသတို့သား၏ မိခင် 'နန္ဒမာတာ' ဥပါသိကာမတို့သည် နှိုင်းရှည့်ရန် စံပေတည်း ဟု (မိန့်တော်မူ၏)။ (၄)

၁၃၅။ ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သောမိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့်မသက်ဝင် မပိုင်းခြားမူ၍ ကဲ့ရဲ့ထိုက်သူအား ချီးမွမ်းစကားကို ပြောဆို၏။ ဉာဏ်ဖြင့် မသက်ဝင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင် မပိုင်းခြားမူ၍ ချီးမွမ်းထိုက်သူအား ကဲ့ရဲ့စကားကို ပြောဆို၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သောသူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကိုစောင့်ရှောက်နေသည် မည်၏၊ အပြစ်မရှိသူလည်းဖြစ်၏၊ ပညာရှိတို့လည်း မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဉာဏ်ဖြင့် သိမြင်ဆုံးဖြတ်၍ ဉာဏ်ဖြင့် သက်ဝင် ပိုင်းခြား၍ ကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့စကားကိုပြောဆို၏။ ဉာဏ်ဖြင့် သိမြင်ဆုံးဖြတ်၍ ဉာဏ်ဖြင့် သက်ဝင်ပိုင်းခြား၍ ချီးမွမ်းထိုက်သူအား ချီးမွမ်း စကားကို ပြောဆို၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ် မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။ (၅)

၁၃၆။ ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သောမိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ-- ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင် မပိုင်းခြားမူ၍

http://www.dhammadownload.com



မကြည်ညိုထိုက်သောအရာ၌ ကြည်ညိုမှုကို ဖြစ်စေ၏။ ဉာဏ်ဖြင့်မသိမြင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင် မပိုင်းခြားမူ၍ ကြည်ညိုထိုက်သောအရာ၌ မကြည်ညိုမှုကို ဖြစ်စေ၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သောမိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏-ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ တရားနှစ်မျိုး တို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—ဉာဏ်ဖြင့် သိမြင် ဆုံးဖြတ်၍ ဉာဏ်ဖြင့်သက်ဝင် ပိုင်းခြား၍ မကြည်ညိုထိုက်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေ၏။ ဉာဏ်ဖြင့် သိမြင်ဆုံးဖြတ်၍ ဉာဏ်ဖြင့် သက်ဝင် ပိုင်းခြား၍ ကြည်ညိုထိုက်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေ၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။ (၆)

၁၃၇။ ရဟန်းတို့ ပုဂ္ဂိုလ် နှစ်မျိုးတို့၌ (ရိုက်နှက် သတ်ဖြတ်ခြင်း စသည်ဖြင့်) မှားသော အကျင့်ကို ပြုကျင့်သော မလိမ္မာသော မိုက်သော သူယုတ်[၁] သည် တူးဖြိုဖျက်ဆီးအပ်သောမိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်းဖြစ်၏ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အမိရင်း အဖ ရင်းတို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့၌ (ရိုက်နှက်သတ်ဖြတ်ခြင်း စသည်ဖြင့်) မှားသော အကျင့်ကို ပြုကျင့်သော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့ စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသောမကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့၌ (လုပ်ကျွေးပြုစုခြင်း စသည်ဖြင့်) မှန်သော အကျင့်ကို ပြုကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်း[၂] သည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်မရှိသူလည်း ဖြစ်၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အမိရင်း အဖရင်းတို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့၌ (လုပ်ကျွေး ပြုစုခြင်းစသည်ဖြင့်) မှန်သော အကျင့်ကို ပြုကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်မရှိသူလည်း ဖြစ်၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသောကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။ (၇)

၁၃၈။ ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့၌ (သင်းခွဲခြင်း သတ်ရန်ကြံခြင်းစသည်ဖြင့်) မှားသော အကျင့်ကို ပြုကျင့်သော မလိမ္မာသော မိုက်သော သူယုတ်[၃] သည် တူးဖြို ဖျက်ဆီးအပ်သော

---

၁-မိတ္တဝိန္ဒကနှင့်အဇာတသတ် စသည်။ ၂-သုဝဏ္ဏသာမနှင့် ဿဂိုကာ ရစသည်။

၃-မေဝဒတ်နှင့် ကောကာလိက စသည်။

http://www.dhammadownload.com



မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိ ကို စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— မြတ်စွာဘုရားရှင်း မြတ်စွာဘုရား၏ တပည့်သာဝကရှင်းတို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့ဥ (သင်းခွဲခြင်း သတ်ရန်ကြံခြင်း စသည်ဖြင့်)မှားသောအကျင့်ကို ပြုကျင့်သော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့ စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊များစွာသောမကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ပုဂ္ဂိုလ်နှစ်မျိုးတို့ဥ (ပြုစုလုပ်ကျွေးခြင်း စသည်ဖြင့်) မှန်သော အကျင့်ကို ပြုကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်း သည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်မရှိသူလည်း ဖြစ်၏၊ ပညာရှိတို့လည်း မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— မြတ်စွာဘုရားရှင်း မြတ်စွာဘုရား၏ တပည့်သာဝကရှင်းတို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်နှစ်မျိုးတို့ဥ (ပြုစုလုပ်ကျွေးခြင်း စသည်ဖြင့်) မှန်သော အကျင့်ကိုပြုကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်မရှိသူလည်း ဖြစ်၏၊ ပညာရှိတို့ မစွပ်စွဲ မကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။ (၈)

၁၃၉။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ – မိမိ၏ စိတ် ဖြူစင်ခြင်းရှင်း လောက၌ တစုံတရာကို မစွဲလမ်းခြင်း ရှင်းတို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၉)

၁၄၀။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အမျက်ထွက်ခြင်း 'ကောဓ'ရှင်း ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'ရှင်းတို့တည်း။ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

၁၄၁။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့ နည်းဟူမူ – အမျက်ထွက်ခြင်းကို ပယ်ဖျောက်ခြင်းရှင်း ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ခြင်း ရှင်းတို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

နှစ်ခုမြောက် အာယာစနဝဂ် ပြီး၏။

---

## (၁၃) ဥ-ဒါနဝဂ်

၁၄၂။ ရဟန်းတို့ အလှူတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ— ပစ္စည်းလေးပါးအလှူ 'အာမိသ ဒါန' ရှင်း တရားအလှူ 'ဓမ္မဒါန' ရှင်းတို့တည်း။ ရဟန်းတို့ အလှူ

---

၁-အရှင်အာနန္ဒာနှင့် အနာထပိဏ်သူဌေးစသည်။

http://www.dhammadownload.com



'ဒါန'တို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤအလှူနှစ်မျိုးတို့တွင် အကြင်တရားအလှူသည် ရှိ၏၊ ထိုတရားအလှူသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁)

၁၄၃။ ရဟန်းတို့ ပူဇော်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ပစ္စည်းဖြင့် ပူဇော်ခြင်း 'အာမိသယာဂ' ၎င်း တရားဖြင့် ပူဇော်ခြင်း 'ဓမ္မယာဂ' ၎င်းတို့တည်း။ ရဟန်းတို့ ပူဇော်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤပူဇော်ခြင်းနှစ်မျိုးတို့တွင် အကြင်တရားဖြင့် ပူဇော်ခြင်းသည် ရှိ၏၊ ထိုတရားဖြင့် ပူဇော်ခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၂)

၁၄၄။ ရဟန်းတို့ စွန့်ကြဲခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ပစ္စည်းကို စွန့်ကြဲခြင်း 'အာမိသ စာဂ' ၎င်း တရားကို စွန့်ကြဲခြင်း 'ဓမ္မ စာဂ' ၎င်းတို့တည်း။ ရဟန်းတို့ စွန့်ကြဲခြင်း တို့သည် ဤနှစ်မျိုးတို့ပေတည်း။ရဟန်းတို့ ဤနှစ်မျိုးသော စွန့်ကြဲခြင်းတို့တွင် အကြင် တရားကို စွန့်ကြဲခြင်းသည် ရှိ၏။ ထိုတရားကို စွန့်ကြဲခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၃)

၁၄၅။ ရဟန်းတို့ စွန့်ကြဲခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ပစ္စည်းကို စွန့်ကြဲခြင်း 'အာမိသ ပရိစ္စာဂ' ၎င်း တရားကို စွန့်ကြဲခြင်း 'ဓမ္မ ပရိစ္စာဂ' ၎င်းတို့တည်း။ ရဟန်းတို့ စွန့်ကြဲခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤစွန့်ကြဲခြင်းနှစ်မျိုးတို့တွင် အကြင် တရားကို စွန့်ကြဲခြင်းသည် ရှိ၏၊ ထိုတရားကို စွန့်ကြဲခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၄)

၁၄၆။ ရဟန်းတို့ သုံးဆောင်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းကို သုံးဆောင်ခြင်း 'အာမိသ ဘောဂ' ၎င်း တရားကို သုံးဆောင်ခြင်း 'ဓမ္မ ဘောဂ' ၎င်းတို့တည်း။ရဟန်းတို့ သုံးဆောင်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ရဟန်းတို့ ဤသုံးဆောင်ခြင်း နှစ်မျိုးတို့တွင် အကြင်တရားကို သုံးဆောင်ခြင်းသည် ရှိ၏၊ ထိုတရားကို သုံးဆောင်ခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၅)

၁၄၇။ ရဟန်းတို့ အတူတကွ သုံးဆောင်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။အဘယ် နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းကို အတူတကွ သုံးဆောင်ခြင်း'အာမိသ သမ္ဘောဂ'၎င်း တရားကို အတူတကွ သုံးဆောင်ခြင်း 'ဓမ္မ သမ္ဘောဂ' ၎င်းတို့တည်း။ ရဟန်းတို့ အတူတကွ သုံးဆောင်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤအတူတကွ သုံးဆောင်ခြင်းနှစ်မျိုးတို့တွင် အကြင်တရားကို အတူတကွ သုံးဆောင်ခြင်းသည် ရှိ၏၊ ထိုတရားကို အတူတကွ သုံးဆောင်ခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၆)

၁၄၈။ ရဟန်းတို့ ခွဲခြမ်း ဝေဖန်ခြင်း တို့သည် ဤနှစ်မျိုး တို့တည်း။ အဘယ်နှစ်မျိုး တို့နည်း ဟူမူ—ပစ္စည်းကို ခွဲခြမ်းဝေဖန်ခြင်း 'အာမိသသံဝိဘာဂ' ၎င်း တရားကို ခွဲခြမ်းဝေဖန်ခြင်း 'ဓမ္မ သံဝိဘာဂ' ၎င်း တို့တည်း။ ရဟန်းတို့ ခွဲခြမ်းဝေဖန်ခြင်း တို့သည် ဤနှစ်မျိုး တို့ပေတည်း။ရဟန်းတို့ ဤနှစ်မျိုးသော ခွဲခြမ်းဝေဖန်ခြင်းတို့တွင် အကြင်တရားကို ခွဲခြမ်းဝေဖန်ခြင်းသည် ရှိ၏၊ ထိုတရားကို ခွဲခြမ်းဝေဖန်ခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၇)

http://www.dhammadownload.com



၁၄၉။ ရဟန်းတို့ ထောက်ပံ့ခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ပစ္စည်းဖြင့် ထောက်ပံ့ခြင်း 'အာမိသ သင်္ဂဟ'ငှင်း တရားဖြင့် ထောက်ပံ့ခြင်း 'ဓမ္မသင်္ဂဟ' ငှင်း တို့တည်း။ ရဟန်းတို့ ထောက်ပံ့ခြင်းတို့သည် ဤနှစ်မျိုးတို့ ပေတည်း။ ရဟန်းတို့ ဤထောက်ပံ့ခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့် ထောက်ပံ့ခြင်းသည် ရှိ၏၊ ထိုတရားဖြင့် ထောက်ပံ့ခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၈)

၁၅၀။ ရဟန်းတို့ ချီးမြှောက်ခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ပစ္စည်းဖြင့် ချီးမြှောက်ခြင်း 'အာမိသာနုဂ္ဂဟ'ငှင်း တရားဖြင့်ချီးမြှောက်ခြင်း 'ဓမ္မာနုဂ္ဂဟ' ငှင်းတို့တည်း။ ရဟန်းတို့ ချီးမြှောက်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤချီးမြှောက်ခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့် ချီးမြှောက်ခြင်းသည် ရှိ၏၊ ထိုတရားဖြင့် ချီးမြှောက်ခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၉)

၁၅၁။ ရဟန်းတို့ သနားခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ— ပစ္စည်းဖြင့် သနားခြင်း 'အာမိသာနုကမ္ပာ'ငှင်း တရားဖြင့် သနားခြင်း 'ဓမ္မာနုကမ္ပာ'ငှင်း တို့တည်း။ ရဟန်းတို့ သနားခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤသနားခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့် သနားခြင်းသည် ရှိ၏၊ ထိုတရားဖြင့် သနားခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

သုံးခုမြောက် ဒါနဝဂ် ပြီး၏။

## (၁၄) ၄-သန္တာရဝဂ်

၁၅၂။ ရဟန်းတို့ အဆက်အသွယ် ပြုခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုး တို့နည်း ဟူမူ—ပစ္စည်းဖြင့် အဆက်အသွယ်ပြုခြင်း 'အာမိသသန္တာရ'ငှင်း တရားသဖြင့် အဆက် အသွယ်ပြုခြင်း'ဓမ္မသန္တာရ'ငှင်း တို့တည်း။ ရဟန်းတို့ အဆက်အသွယ် ပြုခြင်းတို့သည် ဤနှစ်မျိုး တို့ပေတည်း။ ရဟန်းတို့ အဆက်အသွယ်ပြုခြင်းနှစ်မျိုးတို့တွင် အကြင်တရားဖြင့်အဆက်အသွယ် ပြုခြင်းသည် ရှိ၏၊ ထိုတရားဖြင့် အဆက်အသွယ် ပြုခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော် မူ၏)။ (၁)

၁၅၃။ ရဟန်းတို့ အစေ့အစပ် အဆက်အသွယ်ပြုခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းဖြင့် အစေ့အစပ် အဆက်အသွယ်ပြုခြင်း 'အာမိသပဋိသန္တာရ'ငှင်း တရားသဖြင့် အစေ့အစပ် အဆက်အသွယ်ပြုခြင်း 'ဓမ္မပဋိသန္တာရ'ငှင်းတို့တည်း။ ရဟန်းတို့ အစေ့ အစပ် အဆက်အသွယ် ပြုခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ အစေ့အစပ် အဆက် အသွယ်ပြုခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့် အစေ့အစပ် အဆက်အသွယ် ပြုခြင်းသည် ရှိ၏၊ ထိုတရားဖြင့် အစေ့အစပ် အဆက်အသွယ်ပြုခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၂)

၁၅၄။ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ပစ္စည်းကိုရှာမှီးခြင်း'အာမိသေသနာ'ငှင်း တရားကို ရှာမှီးခြင်း'ဓမ္မေသနာ'ငှင်း တို့တည်း။ ရဟန်းတို့

http://www.dhammadownload.com



ရှာမှီးခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ရှာမှီးခြင်းနှစ်မျိုးတို့တွင် အကြင်တရားကို ရှာမှီးခြင်းသည် ရှိ၏၊ ထိုတရားကို ရှာမှီးခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၃)

၁၅၅။ ရဟန်းတို့ ထက်ဝန်းကျင် ရှာမှီးခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းကို ထက်ဝန်းကျင် ရှာမှီးခြင်း 'အာမိသပရိယေသနာ'ဋ္ဌင်း တရားကို ထက်ဝန်းကျင် ရှာမှီးခြင်း 'ဓမ္မပရိယေသနာ' ဋ္ဌင်းတို့တည်း။ ရဟန်းတို့ ထက်ဝန်းကျင် ရှာမှီးခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤထက်ဝန်းကျင် ရှာမှီးခြင်း နှစ်မျိုးတို့တွင် အကြင်တရားကို ထက်ဝန်းကျင် ရှာမှီးခြင်းသည် ရှိ၏၊ ထိုတရားကို ထက်ဝန်းကျင် ရှာမှီးခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၄)

၁၅၆။ ရဟန်းတို့ အထွတ်အထိပ်ရောက် ရှာမှီးခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းကို အထွတ်အထိပ်ရောက် ရှာမှီးခြင်း 'အာမိသပရိယေဋ္ဌိ'ဋ္ဌင်း တရားကို အထွတ်အထိပ်ရောက် ရှာမှီးခြင်း 'ဓမ္မပရိယေဋ္ဌိ' ဋ္ဌင်း တို့တည်း။ ရဟန်းတို့ အထွတ်အထိပ်ရောက် ရှာမှီးခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤအထွတ်အထိပ်ရောက် ရှာမှီးခြင်း နှစ်မျိုးတို့တွင် အကြင်တရားကို အထွတ်အထိပ်ရောက် ရှာမှီးခြင်းသည် ရှိ၏၊ ထိုတရားကို အထွတ်အထိပ်ရောက် ရှာမှီးခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၅)

၁၅၇။ ရဟန်းတို့ ပူဇော်ခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းဖြင့် ပူဇော်ခြင်း 'အာမိသပူဇာ'ဋ္ဌင်း တရားဖြင့်ပူဇော်ခြင်း 'ဓမ္မပူဇာ'ဋ္ဌင်း တို့တည်း။ ရဟန်းတို့ ပူဇော်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤပူဇော်ခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့် ပူဇော်ခြင်းသည် ရှိ၏၊ ထိုတရားဖြင့် ပူဇော်ခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၆)

၁၅၈။ ရဟန်းတို့ဧည့်သည် အာဂန္တုတို့အား ပေးလှူခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဧည့်သည် အာဂန္တုတို့အား ပစ္စည်းကို ပေးလှူခြင်း 'အာမိသာတိထေယျ'ဋ္ဌင်း ဧည့်သည် အာဂန္တုတို့အားတရားကို ပေးလှူခြင်း'ဓမ္မာတိထေယျ'ဋ္ဌင်း တို့တည်း။ ရဟန်းတို့ ဧည့်သည် အာဂန္တုတို့အား ပေးလှူခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဧည့်သည် အာဂန္တုတို့အား ဤပေးလှူခြင်းနှစ်မျိုးတို့တွင် အကြင်တရားကို ပေးလှူခြင်းသည်ရှိ၏၊ ထိုတရားကို ပေးလှူခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၇)

၁၅၉။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းပြည့်စုံခြင်း 'အာမိသိဒ္ဓိ'ဋ္ဌင်း တရားပြည့်စုံခြင်း 'ဓမ္မိဒ္ဓိ'ဋ္ဌင်း တို့တည်း။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤပြည့်စုံခြင်း နှစ်မျိုးတို့တွင် အကြင်တရား ပြည့်စုံခြင်းသည် ရှိ၏၊ ထိုတရားပြည့်စုံခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၈)

၁၆၀။ ရဟန်းတို့ ကြီးပွါးခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းဖြင့် ကြီးပွါးခြင်း 'အာမိသဝုဍ္ဍိ'ဋ္ဌင်း တရားဖြင့် ကြီးပွါးခြင်း 'ဓမ္မဝုဍ္ဍိ'ဋ္ဌင်း တို့တည်း။ ရဟန်းတို့ ကြီးပွါးခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤကြီးပွါးခြင်း နှစ်မျိုးတို့တွင် အကြင်တရားဖြင့် ကြီးပွါးခြင်းသည် ရှိ၏၊ ထိုတရားဖြင့် ကြီးပွါးခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၉)

http://www.dhammadownload.com



၁၆၀။ ရဟန်းတို့ နှစ်သက်ဖွယ်ရာ ရတနာတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းတည်းဟူသော နှစ်သက်ဖွယ်ရာ 'အာမိသရတနာ'ငင်း တရားတည်းဟူသော နှစ်သက်ဖွယ်ရာ ဓမ္မရတနာ'ငင်း တို့တည်း။ ရဟန်းတို့ နှစ်သက်ဖွယ်ရာ ရတနာတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ နှစ်သက်ဖွယ်ရာ ဤရတနာ နှစ်မျိုးတို့တွင် အကြင်ဓမ္မရတနာသည် ရှိ၏၊ ထိုဓမ္မရတနာသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။

၁၆၂။ ရဟန်းတို့ ပွါးစီးခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်းဖြင့် ပွါးစီးခြင်း 'အာမိသ သန္နိစယ' ငင်း တရားဖြင့် ပွါးစီးခြင်း 'ဓမ္မ သန္နိစယ'ငင်းတို့တည်း။ ရဟန်းတို့ ပွါးစီးခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤပွါးစီးခြင်း နှစ်မျိုးတို့တွင် အကြင် တရားဖြင့် ပွါးစီးခြင်းသည် ရှိ၏၊ ထို တရားဖြင့် ပွါးစီးခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

၁၆၃။ ရဟန်းတို့ ပြန့်ပြောခြင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ပစ္စည်း၏ ပြန့်ပြောခြင်း 'အာမိသ ဝေပုလ္လ'ငင်း တရား၏ ပြန့်ပြောခြင်း 'ဓမ္မ ဝေပုလ္လ' ငင်းတို့တည်း။ ရဟန်းတို့ ပြန့်ပြောခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤပြန့်ပြောခြင်းနှစ်မျိုးတို့တွင် အကြင် တရား၏ ပြန့်ပြောခြင်းသည် ရှိ၏၊ ထိုတရား၏ ပြန့်ပြောခြင်းသည် မြတ်ပေသတည်း ဟု (မိန့်တော်မူ၏)။ (၁၂)

လေးခုမြောက် သန္ထာရဝဂ် ပြီး၏။

---

## (၁၅) ၅-သမာပတ္တိဝဂ်

၁၆၄။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—သမာပတ်ဝင်စားမှု၌ လိမ္မာခြင်း 'သမာပတ္တိ ကုသလတာ'ငင်း သမာပတ်မှ ထမှု၌ လိမ္မာခြင်း 'သမာပတ္တိ ဝုဋ္ဌာန ကုသလတာ'ငင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁)

၁၆၅။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဖြောင့်မတ်ခြင်း 'အဇ္ဇဝ'ငင်း နူးညံ့ခြင်း 'မဒ္ဒဝ'ငင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၂)

၁၆၆။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—သည်းခံခြင်း 'ခန္တီ'ငင်း ကောင်းသော အကျင့်ဖြင့် မွေ့လျော်ခြင်း 'သောရစ္စ'ငင်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၃)

၁၆၇။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—နူးညံ့ပြေပြစ်သော စကားရှိခြင်း 'သာခလျ' ငင်း အစေ့အစပ် အဆက်အသွယ်ကောင်းခြင်း 'ပဋိသန္ထာရ'ငင်းတို့တည်း။ ရဟန်းတို့တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု(မိန့်တော်မူ၏)။ (၄)

http://www.dhammadownload.com



၁၆၈။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— မညှဉ်းဆဲခြင်း 'အဝိဟိံသာ' [1] ၎င်း စင်ကြယ်ခြင်း 'သောစေယျ' [2] ၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၅)

၁၆၉။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဣန္ဒြေတို့၌ မဆိုပိတ်အပ်သော တံခါးရှိခြင်း 'ဣန္ဒြိယေသု အဂုတ္တ ဒွါရတာ'၎င်း အစားအစာတို့၌ အတိုင်း အရှည်ကို မသိခြင်း 'ဘောဇနေ အမတ္တညုတာ'၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၆)

၁၇၀။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဣန္ဒြေတို့၌ ဆိုပိတ်အပ်သော တံခါးရှိခြင်း 'ဣန္ဒြိယေသု ဂုတ္တဒွါရတာ'၎င်း အစားအစာတို့၌ အတိုင်း အရှည်ကို သိခြင်း 'ဘောဇနေ မတ္တညုတာ'၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ ပေတည်း ဟု (မိန့်တော်မူ၏)။ (၇)

ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ဆင်ခြင်ခြင်း အား 'ပဋိသင်္ခါနဗလ'၎င်း ပွါးများခြင်း အား 'ဘာဝနာဗလ'၎င်း တို့တည်း။ ရဟန်းတို့ တရားတို့ သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၈)

၁၇၂။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— အောက်မေ့ခြင်း အား 'သတိ ဗလ' ၎င်း တည်ကြည်ခြင်း အား 'သမာဓိဗလ' ၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၉)

၁၇၃။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— နီဝရဏတို့ကို ငြိမ်းစေခြင်း 'သမထ'၎င်း သင်္ခါရတို့ကို ရှုမှတ်သိမ်းဆည်းခြင်း 'ဝိပဿနာ'၎င်း တို့ တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၀)

၁၇၄။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— အကျင့်သီလ ပျက်စီးခြင်း 'သီလ ဝိပတ္တိ'၎င်း ဉာဏ် အမြင် 'အယူ'ပျက်စီးခြင်း 'ဒိဋ္ဌိ ဝိပတ္တိ'၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၁)

၁၇၅။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုး တို့နည်း ဟူမူ— အကျင့်သီလ၏ ပြည့်စုံခြင်း 'သီလသမ္ပဒါ'၎င်း ဉာဏ်အမြင် 'အယူ'၏ ပြည့်စုံခြင်း 'ဒိဋ္ဌိသမ္ပဒါ'၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၂)

၁၇၆။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— အကျင့်သီလ၏ စင်ကြယ်ခြင်း 'သီလဝိသုဒ္ဓိ'၎င်း ဉာဏ်အမြင် 'အယူ'၏ စင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ' ၎င်းတို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၃)

၁၇၇။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ဉာဏ်အမြင်'အယူ'၏ စင်ကြယ်ခြင်း'ဒိဋ္ဌိဝိသုဒ္ဓိ'၎င်း ဉာဏ်အမြင်'အယူ'အား လျော်စွာအားထုတ်

---

၁· သတ္တဝါတို့၌ သနားခြင်းကရုဏာကိုဆိုသည်။ ၂· သတ္တဝါတို့၌ ချစ်ကြည်ခြင်း မေတ္တာကို ဆိုသည်။

http://www.dhammadownload.com



ခြင်း 'ယထာဒိဋ္ဌိ ပဓာန' ၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၄)

၁၇၇။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— ကုသိုလ်တရားတို့၌ မရောင့်ရဲနိုင်ခြင်း၎င်း တရားအားထုတ်ရာ၌ ဆုတ်နစ်မှု မရှိခြင်း ၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၅)

၁၇၈။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— သတိတရားကင်းလွတ်ခြင်း 'မုဋ္ဌဿစ္စ'၎င်း ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်း 'အသမ္ပဇည' ၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၆)

၁၈၀။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— အောက်မေ့ခြင်း သတိ၎င်း ဆင်ခြင်ခြင်း 'သမ္ပဇည' ၎င်း တို့တည်း။ ရဟန်းတို့ တရားတို့သည် ဤ နှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁၇)

ငါးခုမြောက် သမာပတ္တိဝဂ် ပြီး၏။

တတိယ သုတ်ငါးဆယ် ပြီး၏။

---

## ၁-ကောဓပေယျာလ

၁၈၁။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— အမျက်ထွက်ခြင်း 'ကောဓ'၎င်း ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ' ၎င်း။ သူ့ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ'၎င်း အပြိုင်ပြုခြင်း[၁] 'ပဠာသ'၎င်း။ ငြူစူခြင်း'ဣဿာ'၎င်း ဝန်တိုခြင်း 'မစ္ဆရိယ'၎င်း။လှည့်ပတ်ခြင်း 'မာယာ'၎င်း စဉ်းလဲခြင်း 'သာဌေယျ'၎င်း။ ဒုစရိုက်တရားတို့မှ မရှက်ခြင်း 'အဟိရိက' ၎င်း ဒုစရိုက်တရားတို့မှ မလန့်ခြင်း 'အနောတ္တပ္ပ'၎င်းတို့တည်း။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့ ပေတည်း ဟု (မိန့်တော်မူ၏)။ (၁-၅)

၁၈၂။ ရဟန်းတို့ တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ— အမျက်မထွက်ခြင်း 'အက္ကောဓ'၎င်း ရန်ငြိုးမဖွဲ့ခြင်း 'အနုပနာဟ'၎င်း။ သူ့ကျေးဇူးကို မချေဖျက်ခြင်း 'အမက္ခ'၎င်း အပြိုင်မပြုခြင်း 'အပဠာသ'၎င်း။ မငြူစူခြင်း 'အနိဿာ'၎င်း ဝန်မတိုခြင်း 'အမစ္ဆရိယ'၎င်း။ မလှည့်ပတ်ခြင်း 'အမာယာ'၎င်း မစဉ်းလဲခြင်း 'အသာဌေယျ'၎င်း။ ဒုစရိုက် တရားတို့မှ ရှက်ခြင်း 'ဟိရီ'၎င်း ဒုစရိုက်တရားတို့မှ လန့်ခြင်း 'ဩတ္တပ္ပ'၎င်းတို့တည်း။ ရဟန်းတို့ တရား တို့သည်ဤနှစ်မျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၆-၁၀)

၁၈၃။ ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသူသည် ဆင်းရဲစွာနေရ၏၊ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အမျက်ထွက်ခြင်း၎င်း ရန်ငြိုးဖွဲ့ခြင်း၎င်း။ သူ့ကျေးဇူးကို ချေဖျက်ခြင်း၎င်း အပြိုင်ပြုခြင်း ၎င်း။ ငြူစူခြင်း၎င်း ဝန်တိုခြင်း၎င်း။လှည့်ပတ်ခြင်း၎င်း စဉ်းလဲကောက်ကျစ်ခြင်း၎င်း။ ဒုစရိုက်တို့မှ

---

[၁] ၁-အသက်သိက္ခာကြီးသူ သီလသမာဓိနှင့် ပြည့်စုံသူတို့အား မိမိနှင့် မတူပဲလျက် အတူပြု၍ အန်တုဖက်ပြိုင်ခြင်း အရှိအသေ မပြုခြင်း နှိပ်စက်ပြောဆိုခြင်း မျိုးဖြစ်သည်။

http://www.dhammadownload.com



မရှက်ခြင်းရှင်း ဒုစရိုက်တို့မှ မလန့်ခြင်းရှင်းတို့တည်း။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆင်းရဲစွာနေရ၏ ဟု (မိန့်တော်မူ၏)။ (၁၁ - ၁၅)

၁၈၄။ ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသူသည် ချမ်းသာစွာနေရ၏၊ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—အမျက်မထွက်ခြင်းရှင်း ရန်ငြိုးမဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို မချေဖျက်ခြင်းရှင်း အပြိုင်မပြုခြင်းရှင်း။ မငြူစူခြင်းရှင်း ဝန်မတိုခြင်းရှင်း။ မလှည့်ပတ်ခြင်းရှင်း မစဉ်းလဲ မကောက်ကျစ်ခြင်း။ ဒုစရိုက်တို့မှ ရှက်ခြင်းရှင်း ဒုစရိုက်တို့မှ လန့်ခြင်းရှင်းတို့တည်း။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသူသည် ချမ်းသာစွာနေရ၏။ (၁၆-၂၀)

၁၈၅။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့သည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်နှစ်မျိုးတို့နည်းဟူမူ—အမျက်ထွက်ခြင်းရှင်း ရန်ငြိုးဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို ချေဖျက်ခြင်းရှင်း အပြိုင် ပြုခြင်းရှင်း။ ငြူစူခြင်းရှင်း ဝန်တိုခြင်းရှင်း။ လှည့်ပတ်ခြင်းရှင်း စဉ်းလဲခြင်းရှင်း။ ဒုစရိုက်တို့မှ မရှက်ခြင်းရှင်း ဒုစရိုက်တို့မှ မလန့်ခြင်းရှင်းတို့တည်း။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့သည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ (၂၁-၂၅)

၁၈၆။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အမျက်မထွက်ခြင်းရှင်း ရန်ငြိုးမဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို မချေဖျက်ခြင်းရှင်း အပြိုင် မပြုခြင်းရှင်း။ မငြူစူခြင်းရှင်း ဝန်မတိုခြင်းရှင်း။ မလှည့်ပတ်ခြင်းရှင်း မစဉ်းလဲ ခြင်းရှင်း။ ဒုစရိုက်တို့မှ ရှက်ခြင်းရှင်း ဒုစရိုက်တို့မှ လန့်ခြင်း ရှင်းတို့တည်း။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့သည် ကျင့်ဆဲ'သေက္ခ'ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ (၂၆-၃၀)

၁၈၇။ ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားလိုက်သကဲ့သို့ ဤအတူ ငရဲ၌ ဖြစ်ရ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—အမျက်ထွက်ခြင်းရှင်း ရန်ငြိုးဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို ချေဖျက်ခြင်းရှင်း အပြိုင်ပြုခြင်းရှင်း။ ငြူစူခြင်းရှင်း ဝန်တိုခြင်းရှင်း။ လှည့်ပတ်ခြင်းရှင်း စဉ်းလဲခြင်းရှင်း။ ဒုစရိုက်တို့မှ မရှက်ခြင်းရှင်း ဒုစရိုက်တို့မှ မလန့်ခြင်း ရှင်းတို့တည်း။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားလိုက်သကဲ့သို့ ဤအတူ ငရဲ၌ဖြစ်ရ၏။ (၃၁-၃၅)

၁၈၈။ ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားလိုက်သကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—အမျက်မထွက်ခြင်းရှင်း ရန်ငြိုးမဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို မချေဖျက်ခြင်းရှင်း အပြိုင်မပြုခြင်းရှင်း။ မငြူစူခြင်းရှင်း ဝန်မတိုခြင်းရှင်း။ မလှည့်ပတ်ခြင်းရှင်း မစဉ်းလဲခြင်းရှင်း။ ဒုစရိုက်တို့မှ ရှက်ခြင်းရှင်း ဒုစရိုက်တို့မှ လန့်ခြင်းရှင်းတို့တည်း။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ချထားလိုက်သကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏။ (၃၆-၄၀)

၁၈၉။ ရဟန်းတို့ ဤလောက၌ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော အချို့သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရ၏။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—အမျက်ထွက်ခြင်းရှင်း ရန်ငြိုးဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို ချေဖျက်ခြင်းရှင်း အပြိုင်ပြုခြင်းရှင်း။ ငြူစူခြင်းရှင်း ဝန်တိုခြင်းရှင်း။

http://www.dhammadownload.com



လှည့်ပတ်ခြင်းရှင်း စဉ်းလဲခြင်းရှင်း။ ဒုစရိုက်တို့မှ မရှက်ခြင်းရှင်း ဒုစရိုက်တို့မှ မလန့်ခြင်းရှင်း တို့တည်း။ ရဟန်းတို့ ဤလောက၌ ဤ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော အချို့သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ ဖြစ်ရ၏။ (၄၁-၄၅)

၁၉၀။ ရဟန်းတို့ ဤလောက၌ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော အချို့သော သူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—အမျက်မထွက်ခြင်းရှင်း ရန်ငြိုးမဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို မချေဖျက်ခြင်းရှင်း အပြိုင် မပြုခြင်းရှင်း။ မငြူစူခြင်းရှင်း ဝန်မတိုခြင်းရှင်း။ မလှည့်ပတ်ခြင်းရှင်း မစဉ်းလဲခြင်းရှင်း။ဒုစရိုက်တို့မှ ရှက်ခြင်းရှင်း ဒုစရိုက်တို့မှလန့်ခြင်းရှင်းတို့တည်း။ရဟန်းတို့ဤလောက၌ ဤ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော အချို့သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏။ (၄၆-၅၀)

ကောဓပေယျာလ ပြီး၏။

---

## ၂-အကုသလပေယျာလ

၁၉၁-၂၀၀။ ရဟန်းတို့ အကုသိုလ် တရားတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ကုသိုလ်တရားတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ အပြစ်ရှိသော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ အပြစ်မရှိသော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ရဟန်းတို့ ချမ်းသာခြင်းကို ဖြစ်စေတတ်သော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ဆင်းရဲသော အကျိုးရှိသော တရားတို့သည် ဤနှစ်မျိုးတို့ဘည်း။ ရဟန်းတို့ ချမ်းသာသော အကျိုးရှိသော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ဆင်းရဲနှင့်တကွ ဖြစ်သောတရားတို့သည် ဤနှစ်မျိုးတို့တည်း။ ရဟန်းတို့ ဆင်းရဲမရှိသော တရားတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ—အမျက်မထွက်ခြင်းရှင်း ရန်ငြိုးမဖွဲ့ခြင်းရှင်း။ သူ့ကျေးဇူးကို မချေဖျက်ခြင်းရှင်း အပြိုင်မပြုခြင်းရှင်း။ မငြူစူခြင်းရှင်း ဝန်မတိုခြင်းရှင်း။ မလှည့်ပတ်ခြင်းရှင်း မစဉ်းလဲခြင်းရှင်း။ ဒုစရိုက်တို့မှ ရှက်ခြင်းရှင်း ဒုစရိုက်တို့မှ ထိတ်လန့်ခြင်းရှင်း။ ရဟန်းတို့ ဆင်းရဲမရှိသော တရားတို့သည် ဤနှစ်မျိုးတို့ ပေတည်း ဟု (မိန့်တော်မူ၏)။ (၁-၅၀)

အကုသလပေယျာလ ပြီး၏။

---

## ၃-ဝိနယပေယျာလ

၂၀၁။ ရဟန်းတို့ ဤအကျိုးထူး နှစ်မျိုးတို့ကို ရည်ရွယ်တော်မူ၍ မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—သံဃာ၏ကောင်းခြင်းအကျိုးငှါ၊ သံဃာ၏ ချမ်းသာစွာ နေထိုင်ရခြင်းအကျိုးငှါ။သီလမရှိကုန်သောပုဂ္ဂိုလ်တို့ကို နှိမ်နင်း

http://www.dhammadownload.com



ခြင်း၊ သီလကို ချစ်မြတ်နိုးကုန်သော ပုဂ္ဂိုလ်တို့၏ ချမ်းသာစွာ နေထိုင်ရခြင်း။ မျက်မှောက်ဖြစ်သော အာသဝေါတရားတို့ကို ပိတ်ပင်ခြင်း၊တမလွန်၌ ဖြစ်လတ္တံ့သော အာသဝေါတရားတို့ကို တားဆီးခြင်း။ မျက်မှောက်၌ ဖြစ်ကုန်သော ရန်တို့ကို ပိတ်ပင်ခြင်း၊ တမလွန်၌ ဖြစ်လတ္တံ့သော ရန်တို့ကို တားဆီးခြင်း။ မျက်မှောက်၌ ဖြစ်ကုန်သော အပြစ်တို့ကို ပိတ်ပင်ခြင်း၊ တမလွန်၌ ဖြစ်လတ္တံ့သော အပြစ်တို့ကို တားဆီးခြင်း။ မျက်မှောက်၌ ဖြစ်ကုန်သော ဘေးတို့ကို ပိတ်ပင်ခြင်း၊ တမလွန်၌ ဖြစ်လတ္တံ့သော ဘေးတို့ကို တားဆီးခြင်း။ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲခြင်းသဘော 'အကုသိုလ်'တို့ကို ပိတ်ပင်ခြင်း၊ တမလွန်၌ဖြစ်လတ္တံ့သော ဆင်းရဲခြင်းသဘော 'အကုသိုလ်'တို့ကို တားဆီးခြင်း။ လူတို့အား အစဉ် သနားခြင်း၊ အလိုဆိုးရှိကုန်သော ရဟန်းတို့၏ အသင်းအပင်းကို ဖျက်ဆီးခြင်း။ မကြည်ညိုကုန်သေးသော သူတို့ကိုလည်း ကြည်ညိုစေခြင်း၊ ကြည်ညိုပြီးသူတို့ကိုလည်း တိုးတက်ကြည်ညိုစေခြင်း။ သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်းအကျိုးငှါ ဝိနည်းကို ချီးမြှောက်ခြင်းအကျိုးငှါ (ပညတ်တော်မူ၏)။ ရဟန်းတို့ ဤအကျိုးထူးနှစ်မျိုးတို့ကိုရည်ရွယ်တော်မူ၍ မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏ ဟု(မိန့်တော်မူ၏)။(၁-၁၀)

၂၁၂-၂၃၀။ ရဟန်းတို့ ဤအကျိုးထူးနှစ်မျိုးတို့ကို ရည်ရွယ်တော်မူ၍ မြတ်စွာဘုရားသည် တပည့်တို့အား ပါတိမောက်ကို ပညတ်တော်မူ၏။ပ။ပါတိမောက် ပြခြင်းကို ပညတ်တော်မူ၏။ ပါတိမောက် ရပ်ဆိုင်းထားခြင်းကို ပညတ်တော်မူ၏။ ပဝါရဏာကို ပညတ်တော်မူ၏။ ပဝါရဏာ ရပ်ဆိုင်းထားခြင်းကို ပညတ်တော်မူ၏။ တဇ္ဇနီယကံကို ပညတ်တော်မူ၏။ နိယဿကံကို ပညတ်တော်မူ၏။ ပဗ္ဗာဇနီယကံကို ပညတ်တော်မူ၏။ ပဋိသာရဏီယကံကို ပညတ်တော်မူ၏။ ဥက္ခေပနီယကံကို ပညတ်တော်မူ၏။ ပရိဝါသ် ပေးခြင်းကို ပညတ်တော်မူ၏။ အရင်းသို့ ပြန်ငင်ခြင်းကို ပညတ်တော်မူ၏။ မာနတ်ပေးခြင်းကို ပညတ်တော်မူ၏။ အဗ္ဘာန်သွင်းခြင်းကို ပညတ်တော်မူ၏။ သံဃာ့ဘောင်သွင်းခြင်းကို ပညတ်တော်မူ၏။ သံဃာ့ဘောင်မှ နှင်ထုတ်ခြင်းကို ပညတ်တော်မူ၏။ ပဉ္စင်းခံသောကံကို ပညတ်တော်မူ၏။ ဉတ်ကံကို ပညတ်တော်မူ၏။ ဉတ်လျှင် နှစ်ခုမြောက်သော ကံကို ပညတ်တော်မူ၏။ ဉတ်လျှင်လေးခုမြောက်သော ကံကို ပညတ်တော်မူ၏။ မပညတ်အပ်သေးသည်တို့ကို ပညတ်တော်မူ၏။ ပညတ်ပြီးသည်တို့ကို တဖန်ပညတ်တော်မူ၏။ သမ္မုခါဝိနည်းကို ပညတ်တော်မူ၏။သတိဝိနည်းကို ပညတ်တော်မူ၏။အမူဠ္ဟဝိနည်းကို ပညတ်တော်မူ၏။ ပဋိညာတကရဏသမထကို ပညတ်တော်မူ၏။ ယေဘုယျသိကာသမထကို ပညတ်တော်မူ၏။ တဿပါပိယသိက သမထကို ပညတ်တော်မူ၏။ တိဏဝတ္ထာရက သမထကို ပညတ်တော်မူ၏။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—သံဃာ၏ ကောင်းခြင်း အကျိုးငှါ၊ သံဃာ၏ ချမ်းသာစွာ နေထိုင်ရခြင်းအကျိုးငှါ။ သီလမရှိကုန်သော ပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်း၊သီလကို ချစ်မြတ်နိုးကုန်သော ပုဂ္ဂိုလ်တို့၏ ချမ်းသာစွာ နေထိုင်ရခြင်း။ မျက်မှောက်၌ ဖြစ်သောအာသဝေါတရားတို့ကို ပိတ်ပင်ခြင်း၊တမလွန်၌ ဖြစ်လတ္တံ့သော အာသဝေါတရားတို့ကို တားဆီးခြင်း။ မျက်မှောက်၌ ဖြစ်သော ရန်တို့ကို ပိတ်ပင်ခြင်း၊ တမလွန်၌ ဖြစ်လတ္တံ့သော ရန်တို့ကို တားဆီးခြင်း။ မျက်မှောက်၌ဖြစ်ကုန်သော အပြစ်တို့ကို ပိတ်ပင်ခြင်း၊ တမလွန်၌ ဖြစ်လတ္တံ့သော အပြစ်တို့ကို တားဆီးခြင်း။ မျက်မှောက်၌ ဖြစ်ကုန်သော ဘေးတို့ကို ပိတ်ပင်ခြင်း၊ တမလွန်၌ ဖြစ်လတ္တံ့သောဘေးတို့ကို တားဆီးခြင်း။ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲခြင်းသဘော 'အကုသိုလ်'တို့ကိုပိတ်ပင်ခြင်း၊ တမလွန်၌ ဖြစ်လတ္တံ့သော ဆင်းရဲခြင်းသဘော'အကုသိုလ်' တို့ကို တားဆီးခြင်း။ လူတို့အား အစဉ်သနားခြင်း၊ အလိုဆိုးရှိကုန်သော ရဟန်းတို့၏ အသင်းအပင်းကို ဖျက်ဆီးခြင်း။မကြည်ညိုကုန်သေးသောသူတို့ကိုလည်း ကြည်ညိုစေခြင်း၊ ကြည်ညိုပြီးသော

http://www.dhammadownload.com



သူတို့ကိုလည်း တိုးတက်ကြည်ညိုစေခြင်း။ သာသနာတော်၏ ကြာမြင့်စွာ တည်တံ့ခြင်း အကျိုးငှါ ဝိနည်းကို ချီးမြှောက်ခြင်းအကျိုးငှါ (ပညတ်တော်မူ၏)။ ရဟန်းတို့ ဤအကျိုးထူး နှစ်မျိုးတို့ကို ရည်ရွယ်တော်မူ၍ မြတ်စွာဘုရားသည် တပည့်တို့အား တိဏဝတ္ထာရက သမထကို ပညတ်တော်မူ၏ ဟု (မိန့်တော်မူ၏)။ (၁၁-၃၀၀)

ဝိနယပေယျာလ ပြီး၏။

---

## ၄-ရာဂပေယျာလ

၂၃၁။ ရဟန်းတို့ တပ်မက်ခြင်း 'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ တရားနှစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—သမထကမ္မဋ္ဌာန်းရှင်း ဝိပဿနာကမ္မဋ္ဌာန်းရှင်း တို့ဘည်း။ ရဟန်းတို့ တပ်မက်ခြင်း'ရာဂ'ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ဤတရား နှစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၁)

ရဟန်းတို့ တပ်မက်ခြင်း'ရာဂ'ကို ပိုင်းခြား၍ သိခြင်းငှါ။ ရာဂကို ကုန်စေခြင်းငှါ။ ရာဂကို ပယ်ခြင်းငှါ။ ရာဂ၏ကုန်ခန်းခြင်းငှါ။ ရာဂ၏ ပျက်ခြင်းငှါ။ ရာဂ၏ကင်းပြတ်ခြင်းငှါ။ ရာဂ၏ ချုပ်ခြင်းငှါ။ ရာဂကို စွန့်လွှတ်ခြင်းငှါ။ ရာဂကို တဖန် စွန့်လွှတ်ခြင်းငှါ တရားနှစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ပ။ (၁-၁၀)

၂၃၂-၂၄၆။ ပြစ်မှားခြင်းကို။ပ။ တွေဝေခြင်းကို။ပ။ အမျက်ထွက်ခြင်းကို။ ရန်ငြိုးဖွဲ့ခြင်းကို။ သူ့ကျေးဇူးကို ချေဖျက်ခြင်းကို။ အပြိုင်ပြုခြင်းကို။ ငြူစူခြင်းကို။ ဝန်တိုခြင်းကို။ လှည့်ပတ်ခြင်းကို။ စဉ်းလဲခြင်းကို။ ခက်ထန်ခြင်းကို။ ချုတ်ချယ်ခြင်းကို။ ထောင်လွှားခြင်းကို။ အလွန်ထောင်လွှားခြင်းကို။ မာန်ယစ်ခြင်းကို။ မေ့လျော့ခြင်းကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ ပိုင်းခြား၍ သိခြင်းငှါ။ကုန်စေခြင်းငှါ။ ပယ်ခြင်းငှါ။ ကုန်ခန်းခြင်းငှါ။ ပျက်ခြင်းငှါ။ ကင်းပြတ်ခြင်းငှါ။ ချုပ်ခြင်းငှါ။ စွန့်လွှတ်ခြင်းငှါ။ အဖန်ဖန် စွန့်လွှတ်ခြင်းငှါ တရားနှစ်မျိုး တို့ကို ပွါးများအပ်ကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—သမထကမ္မဋ္ဌာန်းရှင်း ဝိပဿနာကမ္မဋ္ဌာန်းရှင်း တို့တည်း။ ရဟန်းတို့ မေ့လျော့ခြင်းကို အဖန်ဖန် စွန့်လွှတ်ခြင်းငှါ တရားနှစ်မျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏)။ (၁၁-၁၇၀)

(ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း)။ [၁]

ရာဂပေယျာလ ပြီး၏ ။

# ဒုကနိပါတ် ပြီး၏။

---

၁- သီဟိုဠ် ယိုးဒယား ကမ္ဘောဒီးယား အင်္ဂလိပ်မူတို့၌ မရှိ။

http://www.dhammadownload.com

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## တိကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁—ပဌမပဏ္ဏာသက

### ၁-ပဌမ သုတ်ငါးဆယ်

### ၁-ဗာလဝဂ် ၁-ဘယသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ဖြစ်ပေါ်သမျှသော ကြောက်လန့်ခြင်း ဘေးအားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။ ဖြစ်ပေါ်သမျှသော မငြိမ်သက်ခြင်း 'ဥပဒ္ဒဝေါ' အားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။ ဖြစ်ပေါ်သမျှသော စိတ်ဆင်းရဲခြင်း 'ဥပသဂ္ဂ'အားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။ ရဟန်းတို့ ကျူမိုး ကျူကာ အိမ်မှသော်၎င်း မြက်မိုး မြက်ကာ အိမ်မှသော်၎င်း လောင်စွဲသွင့်ထွက်သော မီးသည် လေသုံကုန်သော အတွင်းအပြင် အင်္ဂတေလိမ်းကျံအပ်ကုန်သော

http://www.dhammadownload.com



ဖေ့စပ်သော တံခါးပေါင် တံခါးရွက်ရှိကုန်သော လုံသော လေသာပြူတင်းရှိကုန်သော အထွတ်တပ်အပ်ကုန်သော အိမ်ကြီး အိမ်ကောင်းတို့ကိုလည်း လောင်ကျွမ်းသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဖြစ်ပေါ်သမျှသော ကြောက်လန့်ခြင်း ဘေးအားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။ ဖြစ်ပေါ်သမျှသော မငြိမ်သက်ခြင်း 'ဥပဒ္ဒဝေါ' အားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။ ဖြစ်ပေါ်သမျှသော စိတ်ဆင်းရဲခြင်း 'ဥပသဂ္ဂ'အားလုံးတို့သည် သူမိုက်ကြောင့် ဖြစ်ပေါ်ကုန်၏၊ ပညာရှိကြောင့် မဖြစ်ပေါ်ကုန်။

ရဟန်းတို့ ဤသို့လျှင် သူမိုက်သည် ကြောက်လန့်ခြင်း ဘေးနှင့် စပ်လျက်ရှိ၏၊ ပညာရှိသည် ကြောက်လန့်ခြင်းဘေးနှင့် စပ်လျက်မရှိ၊ သူမိုက်သည် မငြိမ်သက်ခြင်း 'ဥပဒ္ဒဝေါ'နှင့် စပ်လျက်ရှိ၏၊ ပညာရှိသည် မငြိမ်သက်ခြင်း'ဥပဒ္ဒဝေါ'နှင့် စပ်လျက်မရှိ၊ သူမိုက်သည် စိတ်ဆင်းရဲခြင်း 'ဥပသဂ္ဂ' နှင့် စပ်လျက်ရှိ၏၊ ပညာရှိသည် စိတ်ဆင်းရဲခြင်း 'ဥပသဂ္ဂ'နှင့် စပ်လျက်မရှိ။ ရဟန်းတို့ ပညာရှိကြောင့် ကြောက်လန့်ခြင်း ဘေးဖြစ်ပေါ်ခြင်း မရှိ၊ ပညာရှိကြောင့် မငြိမ်သက်ခြင်း 'ဥပဒ္ဒဝေါ' ဖြစ်ပေါ်ခြင်း မရှိ၊ ပညာရှိကြောင့် စိတ်ဆင်းရဲခြင်း 'ဥပသဂ္ဂ' ဖြစ်ပေါ်ခြင်းမရှိ။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "သူမိုက်ဟု သိကြောင်း တရားသုံးမျိုးတို့ကို ရှောင်ကြဉ်၍ ပညာရှိဟု သိကြောင်း တရားသုံးမျိုးတို့ကို ဆောက်တည်၍ ကျင့်ကုန်အံ့"ဟု ကျင့်ရမည်။ ရဟန်းတို့ ဤသို့သာလျှင် သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-လက္ခဏသုတ်

၂။ ရဟန်းတို့ သူမိုက်သည် မိမိပြုအပ်သော ကံလျှင် မှတ်ကြောင်း'လက္ခဏာ'ရှိ၏၊ပညာရှိသည်လည်း မိမိပြုအပ်သော ကံလျှင် မှတ်ကြောင်း 'လက္ခဏာ'ရှိ၏၊ပညာမည်သည် သတ္တဝါတို့၏ အပြုအမူအားလျော်စွာ ထင်ရှား၏ ။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို သူမိုက်ဟု သိအပ်၏။ အဘယ် သုံးမျိုးတို့နည်းဟူမူ—ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ကာယဒုစရိုက်' ၎င်း နှုတ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'၎င်း၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်'၎င်း တို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို သူမိုက်ဟု သိအပ်၏ ။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို ပညာရှိဟု သိအပ်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ကိုယ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်'၎င်း နှုတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'ဝစီသုစရိုက်'၎င်း စိတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'မနောသုစရိုက်' ၎င်းတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို ပညာရှိဟု သိအပ်၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "သူမိုက် ဟု သိကြောင်း တရားသုံးမျိုးတို့ကို ရှောင်ကြဉ်၍ ပညာရှိဟု သိကြောင်း တရားသုံးမျိုးတို့ကို ဆောက်တည်၍ ကျင့်ကုန်အံ့" ဟုကျင့်ရမည်။ ရဟန်းတို့ ဤသို့သာလျှင် သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-စိန္တီသုတ်

၃။ ရဟန်းတို့ သူမိုက်၏ သူမိုက်ဟု မှတ်ကြောင်း 'လက္ခဏာ' သူမိုက်ဟု သိကြောင်း အမှတ် 'နိမိတ်' သူမိုက်ဟု ထင်ရှားကြောင်းအပြုအမူ 'အပဒါန်'တို့သည် ဤ သုံးမျိုးတို့တည်း။အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ သူမိုက်သည် မကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏၊ မကောင်းသော စကားကိုလည်း ပြောလေ့ရှိ၏၊ မကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ သူမိုက်သည် မကောင်းသော အကြံကိုလည်း အကယ်၍ ကြံလေ့ မရှိငြားအံ့၊ မကောင်းသော စကားကိုလည်း အကယ်၍ ပြောဆိုလေ့ မရှိငြားအံ့၊ မကောင်းသော အမှုကိုလည်း အကယ်၍ ပြုလေ့ မရှိငြားအံ့၊ ထိုသူကို "ဤသူကား သူမိုက် သူယုတ်တည်း" ဟု ပညာရှိတို့သည် အဘယ်မှာ သိကုန်ရာအံ့နည်း။ ရဟန်းတို့ အကြင့်ကြောင့် သူမိုက်သည် မကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏၊ မကောင်းသော စကားကိုလည်း ပြောဆိုလေ့ရှိ၏၊မကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏၊ ထို့ကြောင့် ထိုသူမိုက်ကို "ဤသူကား သူမိုက် သူယုတ်တည်း" ဟု ပညာရှိတို့သည် သိကြရကုန်၏။ ရဟန်းတို့ ဤတရား သုံးမျိုးတို့သည် သူမိုက်၏ သူမိုက်ဟု မှတ်ကြောင်း 'လက္ခဏာ' သူမိုက်ဟု သိကြောင်း အမှတ်'နိမိတ်' သူမိုက်ဟု ထင်ရှားကြောင်း အပြုအမူ 'အပဒါန်'တို့ပေတည်း။

ရဟန်းတို့ ပညာရှိ၏ ပညာရှိ ဟု မှတ်ကြောင်း 'လက္ခဏာ' ပညာရှိ ဟု သိကြောင်း အမှတ် 'နိမိတ်' ပညာရှိဟု ထင်ရှားကြောင်း အပြုအမူ 'အပဒါန်'တို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ ပညာရှိသည် ကောင်းသော အကြံကို လည်း ကြံလေ့ရှိ၏၊ ကောင်းသော စကားကိုလည်း ပြောဆိုလေ့ရှိ၏၊ ကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏။ ရဟန်းတို့ ပညာရှိသည် ကောင်းသော အကြံကိုလည်း အကယ်၍ ကြံစည်လေ့ မရှိငြားအံ့၊ ကောင်းသော စကားကိုလည်း အကယ်၍ ပြောဆိုလေ့ မရှိငြားအံ့၊ ကောင်းသော အမှုကိုလည်း အကယ်၍ ပြုလေ့ မရှိငြားအံ့၊ ထိုသူကို "ဤသူကား ပညာရှိ သူတော်ကောင်းတည်း" ဟု ပညာရှိတို့သည် အဘယ်မှာ သိကုန်ရာအံ့နည်း။ ရဟန်းတို့ အကြင့်ကြောင့် ပညာရှိသည် ကောင်းသော အကြံ ကိုလည်း ကြံလေ့ရှိ၏၊ ကောင်းသော စကားကိုလည်း ပြောဆိုလေ့ရှိ၏၊ ကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏။ ထို့ကြောင့် ထိုပညာရှိကို "ဤသူကား ပညာရှိ သူတော်ကောင်းတည်း" ဟု ပညာရှိတို့သည် သိကြရကုန်၏။ ရဟန်းတို့ ဤတရား သုံးမျိုးတို့သည် ပညာရှိ၏ ပညာရှိဟု မှတ်ကြောင်း 'လက္ခဏာ' ပညာရှိဟု သိကြောင်းအမှတ် 'နိမိတ်' ပညာရှိဟု ထင်ရှားကြောင်း အပြုအမူ'အပဒါန်'တို့တည်း။ ရဟန်းတို့ ထို့ကြောင့်။ပ။

တတိယသုတ်။

---

## ၄-အစ္စယသုတ်

၄။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို သူမိုက်ဟု သိအပ်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—မိမိအပြစ်ကို အပြစ်အားဖြင့် မရှုခြင်း၊ မိမိအပြစ်ကို အပြစ်အားဖြင့် ရှုသော်လည်း တရားအလျောက် မကုစား၊သူတပါးသည် အပြစ်ကို ဝန်ခံ၍ ပြောလာပါလျက် တရားအလျောက် မခံယူ။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသောသူကို သူမိုက်ဟု သိအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ပညာရှိဟု သိအပ်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—မိမိအပြစ်ကို အပြစ်အားဖြင့် ရှု၏၊ မိမိ၏ အပြစ်ကို အပြစ်အားဖြင့် ရှု၍ တရားအလျောက် ကုစား၏၊ သူတပါးသည် အပြစ်ကို ဝန်ခံ၍ ပြောလာသော် တရားအလျောက် ခံယူ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ပညာရှိဟု သိအပ်၏။ ရဟန်းတို့ ထို့ကြောင့်။ပ။

စတုတ္ထသုတ်။

## ၅-အယောနိသောသုတ်

၅။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို သူမိုက် ဟု သိအပ်၏။ အဘယ် သုံးမျိုးတို့နည်းဟူမူ— မသင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ပြုတတ်၏၊ မသင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ဖြေတတ်၏၊ ထက်ဝန်းကျင် ပြည့်စုံကုန်သော ပြေပြစ်ကုန်သော အကြောင်း အကျိုး ဆက်စပ်ကုန်သော ပုဒ်ဗျည်းတို့ဖြင့် သင့်လျော်သော အကြောင်းအားဖြင့် သူတပါးဖြေဆိုအပ်သည်ကို ဝမ်းမြောက်ဝမ်းသာ ကောင်းချီး မပေးတတ်။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို သူမိုက်ဟု သိအပ်၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသောသူကို ပညာရှိဟု သိအပ်၏။ အဘယ် သုံးမျိုးတို့နည်းဟူမူ—သင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ပြုတတ်၏၊ သင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ဖြေတတ်၏၊ ထက်ဝန်းကျင် ပြည့်စုံကုန်သော ပြေပြစ်ကုန်သော အကြောင်း အကျိုး ဆက်စပ်ကုန်သော ပုဒ်ဗျည်းတို့ဖြင့် သင့်လျော်သော အကြောင်းအားဖြင့် သူတပါး ဖြေဆိုထားသည်ကို ဝမ်းမြောက် ဝမ်းသာ ကောင်းချီးပေးတတ်၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို ပညာရှိဟု သိအပ်၏။ ရဟန်းတို့ ထို့ကြောင့်။ပ။

ပဉ္စမသုတ်။

## ၆-အကုသလသုတ်

၆။ ရဟန်းတို့ တရားသုံးမျိုး တို့နှင့် ပြည့်စုံသော သူကို သူမိုက် ဟု သိအပ်၏။ အဘယ် သုံးမျိုးတို့နည်း ဟူမူ—အကုသိုလ်ကာယကံရှင်း အကုသိုလ်ဝစီကံရှင်း အကုသိုလ်မနောကံရှင်းတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို သူမိုက်ဟု သိအပ်၏။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ပညာရှိဟု သိအပ်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ကုသိုလ်ကာယကံရှင်း ကုသိုလ်ဝစီကံရှင်း ကုသိုလ်မနောကံရှင်းတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ပညာရှိဟု သိအပ်၏။ ရဟန်းတို့ ထို့ကြောင့်။ပ။

ဆဋ္ဌသုတ်။

## ၇-သာဝဇ္ဇသုတ်

၇။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်ပြည့်စုံသောသူကိုသူမိုက်ဟုသိအပ်၏။အဘယ်သုံးမျိုးတို့နည်းဟူမူ—အပြစ်ရှိသော ကာယကံ အပြစ်ရှိသော ဝစီကံ အပြစ်ရှိသော မနောကံတို့တည်း။ပ။အပြစ်မရှိသော ကာယကံ အပြစ်မရှိသော ဝစီကံ အပြစ်မရှိသော မနောကံတို့တည်း ။ပ။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-သဗျာဗဇ္ဈသုတ်

၈။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို သူမိုက်ဟု သိအပ်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ဆင်းရဲခြင်း ရှိသော ကာယကံ ဆင်းရဲခြင်းရှိသော ဝစီကံ ဆင်းရဲခြင်းရှိသော မနောကံတို့တည်း ။ပ။ ဆင်းရဲခြင်း မရှိသော ကာယကံ ဆင်းရဲခြင်းမရှိသော ဝစီကံ ဆင်းရဲခြင်း မရှိသော မနောကံတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ပညာရှိဟု သိအပ်၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "လူမိုက်ဟု သိကြောင်း တရားသုံးမျိုးတို့ကို ရှောင်ကြဉ်၍ ပညာရှိဟု သိကြောင်း တရားသုံးမျိုးတို့ကို ဆောက်တည်၍ ကျင့်ကုန်အံ့"ဟု ကျင့်ရမည်။ ရဟန်းတို့ ဤသို့သာလျှင် သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ခတသုတ်

၉။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်မဲသော သူယုတ်သည် ဂုဏ်ကို တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ် ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ စွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်ရှင်း နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့်ရှင်း စိတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့်ရှင်း တို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်မဲသော သူယုတ်သည် ဂုဏ်ကို တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ် ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ စွပ်စွဲထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော လိမ္မာသော ပညာရှိသော သူတော်ကောင်းသည် ဂုဏ်ကို မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ် မရှိသူလည်းဖြစ်၏၊ ပညာရှိ တို့ မစွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ် သုံးမျိုးတို့ နည်း ဟူမူ—ကိုယ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့်ရှင်း နှုတ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့်ရှင်း စိတ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့်ရှင်း တို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့နှင့် ပြည့်စုံသော လိမ္မာသော ပညာရှိသော သူတော်ကောင်းသည် ဂုဏ်ကို မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ် မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မစွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-မလသုတ်

၁၀။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် အညစ်အကြေး သုံးမျိုးတို့ကို မပယ်ခြင်းကြောင့် ဆောင်ယူ၍ ချထားလိုက်သကဲ့သို့ ငရဲ၌ ဖြစ်ရ၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—သီလမရှိသူလည်းဖြစ်၏၊ ထိုသူသည် သီလမရှိခြင်းဟူသော အညစ်အကြေးကိုလည်း မပယ်အပ်။

http://www.dhammadownload.com



ဌြူစွတတ်သူလည်းဖြစ်၏၊ ထိုသူသည် ဌြူစွခြင်းဟူသော အညစ်အကြေးကိုလည်း မပယ်အပ်။ ဝန်တိုတတ်သူလည်းဖြစ်၏၊ ထိုသူသည် ဝန်တိုခြင်းဟူသော အညစ်အကြေးကိုလည်း မပယ်အပ်။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် အညစ်အကြေးသုံးမျိုးတို့ကို မပယ်ခြင်းကြောင့် ဆောင်ယူ၍ ချထားလိုက်သကဲ့သို့ ဤအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် အညစ်အကြေးသုံးမျိုးတို့ကို ပယ်ခြင်းကြောင့် ဆောင်ယူ၍ ချထားလိုက်သကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ — သီလရှိသူလည်းဖြစ်၏၊ ထိုသူသည် သီလမရှိခြင်းဟူသောအညစ်အကြေးကိုလည်း ပယ်အပ်၏။ မဌြူစွတတ်သူလည်း ဖြစ်၏၊ ထိုသူသည် ဌြူစွခြင်းဟူသော အညစ်အကြေးကိုလည်း ပယ်အပ်၏။ ဝန်မတိုတတ်သူလည်းဖြစ်၏၊ ထိုသူသည် ဝန်တိုခြင်းဟူသော အညစ်အကြေးကိုလည်း ပယ်အပ်၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသောသူသည် အညစ်အကြေး သုံးမျိုးတို့ကို ပယ်ခြင်းကြောင့် ဆောင်ယူ၍ ချထားလိုက်သကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

**ရှေးဦးစွာသော ဗာလဝဂ် ပြီး၏။**

---

## ၂-ရထကာရဝဂ် ၁-ဉာတသုတ်

၁၁။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံ၍ ထင်ရှားသော ရဟန်းသည် လူအများ၏ အစီးအပွါး မရှိခြင်းငှါ လူအများ၏ ဆင်းရဲခြင်းငှါ လူအများ၏ အကျိုး မရှိခြင်းငှါ နတ်လူတို့၏အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သူဖြစ်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ — သာသနာတော်အား မလျော်သော ကာယကံ၌ (သူတပါးတို့ကို)ဆောက်တည်စေ၏၊ သာသနာတော်အား မလျော်သော ဝစီကံ၌ (သူတပါးတို့ကို) ဆောက်တည်စေ၏၊ သာသနာတော်အား မလျော်သော မနောကံ တရားတို့၌ (သူတပါးတို့ကို)ဆောက်တည်စေ၏။ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံ၍ ထင်ရှားသော ရဟန်းသည် လူအများ၏ အစီးအပွါး မရှိခြင်းငှါ လူအများ၏ ဆင်းရဲခြင်းငှါ လူအများ၏ အကျိုး မရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ကျင့်သူဖြစ်၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံ၍ ထင်ရှားသော ရဟန်းသည် လူအများ၏ အစီးအပွါး ရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါး ရှိခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သူဖြစ်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ — သာသနာတော်အားလျော်သောကာယကံ၌ (သူတပါးတို့ကို) ဆောက်တည်စေ၏။ သာသနာတော်အား လျော်သော ဝစီကံ၌ (သူတပါးတို့ကို)ဆောက်တည်စေ၏။သာသနာတော်အား လျော်သော မနောကံတရားတို့၌(သူတပါးတို့ကို)ဆောက်တည်စေ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံ၍ ထင်ရှားသော ရဟန်းသည် လူအများ၏ အစီးအပွါးရှိခြင်းငှါ လူအများ၏ ချမ်းသာခြင်းငှါ လူအများ၏ အကျိုးရှိခြင်းငှါ နတ်လူတို့၏ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ကျင့်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-သာရဏီယ သုတ်

၁၂။ ရဟန်းတို့ ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်းသည် ဤ အရပ်သုံးမျိုးတို့ကို အသက်ထက်ဆုံး အောက်မေ့အပ်ကန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်းသည် အကြင်အရပ်၌ ဖွားမြင်၏။ ရဟန်းတို့ ဤဖွားမြင်ရာအရပ်သည် ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်း၏ အသက်ထက်ဆုံး အောက်မေ့အပ်သော ပဌမအရပ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေ သနင်း ပြည့်ရှင်မင်း သည် အကြင်အရပ်ဝယ် ဦးထိပ်၌ အဘိသိက်သွန်းအပ်၏။ ရဟန်းတို့ ဤအဘိသိက် သွန်းလောင်းရာ အရပ်သည် ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်း၏ အသက်ထက်ဆုံး အောက်မေ့အပ်သော ဒုတိယ အရပ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်း သည် အကြင်အရပ်၌ စစ်အောင်သောကြောင့် အောင်ပြီးသော စစ်ရှိသည်ဖြစ်၍ ထိုစစ်မြေအရပ်ကို အုပ်ချုပ်၍နေ၏။ ရဟန်းတို့ ထိုစစ်အောင်မြင်ရာ အရပ်သည် ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်း၏ အသက်ထက်ဆုံး အောက်မေ့အပ်သော တတိယ အရပ်တည်း။ ရဟန်းတို့ ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်းသည် ဤ အရပ်သုံးမျိုး တို့ကို အသက်ထက်ဆုံး အောက်မေ့အပ်ကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ဤအရပ်သုံးမျိုးတို့ကို အသက်ထက်ဆုံး အောက်မေ့ အပ်ကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ရဟန်းသည် အကြင်အရပ်၌ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြု၏။ ရဟန်းတို့ ဤရဟန်းပြုရာအရပ်သည် ရဟန်း၏ အသက်ထက်ဆုံး အောက်မေ့အပ် သော ပဌမ အရပ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကြင်အရပ်၌ "ဤတရားကား ဆင်းရဲ"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤတရားကား ဆင်းရဲဖြစ်ကြောင်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤတရားကား ဆင်းရဲချုပ်ရာ"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤတရားကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ ရဟန်းတို့ ဤသစ္စာလေးပါးကို ဟုတ်မှန် သောအတိုင်း သိရာအရပ်သည် ရဟန်း၏ အသက်ထက်ဆုံး အောက်မေ့အပ်သော ဒုတိယ အရပ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကြင်အရပ်၌ အာသဝေါတို့၏ ကုန်ခန်းခြင်း ကြောင့် အာသဝေါမရှိသော စိတ်၏ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ရဟန်းတို့ ဤအရဟတ္တဖိုလ်သို့ ရောက်ရာ အရပ်သည် ရဟန်း၏ အသက်ထက်ဆုံး အောက်မေ့အပ်သော တတိယ အရပ်တည်း။ ရဟန်းတို့ ဤ အရပ်သုံးမျိုးတို့ကို ရဟန်းသည် အသက်ထက်ဆုံး အောက်မေ့အပ်ကုန်၏ ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-အာဃာတဝဂ်၊ ၃-အာသံသသုတ်

၁၃။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—တောင့်တခြင်းမရှိသော ပုဂ္ဂိုလ်ဧင်း တောင့်တခြင်းရှိသော ပုဂ္ဂိုလ်ဧင်း တောင့်တခြင်း ကင်းပြီးသော ပုဂ္ဂိုလ်ဧင်း တို့တည်း။ ရဟန်းတို့ တောင့်တခြင်းမရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဒွန်းစဏ္ဍားမျိုး၌ သော်လည်းကောင်း နှိမ့်သွားမျိုး၌သော်လည်းကောင်း မုဆိုးမျိုး၌သော်လည်းကောင်း သားရေနယ်သွားမျိုး၌သော်လည်းကောင်း ပန်းမှိုက်သွန်မျိုး၌ သော်လည်းကောင်း အစားအစာ ရှားပါးသော ဆင်းရဲ ငြိုငြင်သဖြင့် အသက်မွေးရသော ဆင်းရဲ ငြိုငြင်သဖြင့် အဝတ်အစားကို ရအပ်သော ဤယုတ်နိမ့်သော သူဆင်းရဲ အမျိုး၌ ဖြစ်ရ၏။ ထိုသူသည် အဆင်းမလှ ကြည့်ရှု၍ မကောင်း ပုကွ၏၊ အနာရောဂါများ၏၊ ကန်းမူလည်း ကန်း၏၊ ကောက်မူလည်း ကောက်၏၊ ခြေခွင်မူလည်း ခွင်၏၊ ကိုယ်အောက်ပိုင်း သေမူလည်း သေ၏၊ ထမင်း အဖျော် အဝတ်ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုမူလည်း မရရှိ။ ထိုသူသည် ဤမည်သော မင်းကို မင်းမျိုးတို့က မင်းအဘိသိက်သွန်းခြင်းဖြင့် အဘိသိက်သွန်းအပ်သတတ်”ဟု ကြား၏။ ထိုသူအား “အဘယ်အခါ၌ ငါ့ကိုလည်း မင်းမျိုးတို့က မင်းအဘိသိက်သွန်းခြင်းဖြင့် သွန်းကုန်အံ့နည်း”ဟု ဤသို့သော အကြံသည်မဖြစ်။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို တောင့်တခြင်း မရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ တောင့်တခြင်း ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ ဦးထိပ်၌ အဘိသိက်သွန်းပြီးသော ရေမြေသနင်း ပြည့်ရှင်မင်း၏ သားကြီးသည် အဘိသိက်သွန်းထိုက်၏၊ အဘိသိက်ကား မသွန်းရသေး၊ အရွယ်သို့ ရောက်ပြီးဖြစ်၏။ ထိုမင်းသားသည် “ဤမည်သော မင်းကို မင်းမျိုးတို့က အဘိသိက်သွန်းခြင်းဖြင့် အဘိသိက်သွန်းအပ်သတတ်”ဟု ကြား၏။ ဤသို့ကြားသဖြင့် ထိုမင်းသားအား “အဘယ်အခါ၌ ငါ့ကိုလည်း မင်းမျိုးတို့က မင်းအဘိသိက်သွန်းခြင်းဖြင့် သွန်းကုန်အံ့နည်း”ဟု ဤသို့သော အကြံသည် ဖြစ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို တောင့်တခြင်းရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ တောင့်တခြင်း ကင်းပြီးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ မင်းသည် ဦးထိပ်၌ အဘိသိက်သွန်းပြီးဖြစ်၍ ရေမြေသနင်း ပြည့်ရှင်မင်းဖြစ်၏၊ ထိုမင်းသည် “ဤမည်သောမင်းကို မင်းမျိုးတို့က မင်းအဘိသိက်သွန်းခြင်းဖြင့် အဘိသိက်သွန်းအပ်သတတ်”ဟု ကြား၏။ ထိုမင်းအား အဘယ်အခါ၌ ငါ့ကိုလည်း မင်းမျိုးတို့က မင်းအဘိသိက်သွန်းခြင်းဖြင့် အဘိသိက်သွန်းကုန်အံ့နည်း”ဟု ဤသို့သောအကြံသည် မဖြစ်။ ထိုသို့မဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုမင်းအား အဘိသိက်မသွန်းမီ ရှေးအခါက အဘိသိက်သွန်းခြင်း၌ဖြစ်သော တောင့်တခြင်းသည် ငြိမ်းလေပြီးသောကြောင့်တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို တောင့်တခြင်းကင်းပြီးသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ် သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် ပုဂ္ဂိုလ်သုံးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှား ရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—တောင့်တခြင်း မရှိသော ပုဂ္ဂိုလ်ဧင်း တောင့်တခြင်း ရှိသော ပုဂ္ဂိုလ်ဧင်း တောင့်တခြင်း ကင်းပြီးသော ပုဂ္ဂိုလ်ဧင်း တို့တည်း။ ရဟန်းတို့ တောင့်တခြင်း မရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်မာသော သဘော ရှိ၏၊ မစင်ကြယ်သော အကျင့်ရှိ၏၊ ယုံမှားဖွယ်သော အကျင့်ရှိ၏၊ ဖုံးလွှမ်းအပ်သော

http://www.dhammadownload.com



အမှုရှိ၏၊ ရဟန်း မဟုတ်ပဲလျက် ရဟန်းဟု ဝန်ခံ၏၊ မြတ်သော အကျင့်ရှိသူ မဟုတ်ပဲ မြတ်သော အကျင့် ရှိသူဟု ဝန်ခံ၏၊ အတွင်းသဘော ပုပ်၏၊ ဖြစ်ပေါ်သောရာဂ စသည်ဖြင့် စွတ်စို၏၊ ဖြစ်ပေါ်သော ရာဂစသော အမှိုက်ရှိ၏။ ထိုပုဂ္ဂိုလ်သည် "ဤမည်သော ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ် သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏"ဟု ကြား၏။ ဤသို့ ကြားသော်လည်း "အဘယ်အခါ၌ ငါသည်လည်း အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရပါအံ့နည်း"ဟု ထိုရဟန်းအား ဤသို့သော အကြံသည် မဖြစ်။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို တောင့်တခြင်း မရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ တောင့်တခြင်း ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏။ ထိုရဟန်းသည် "ဤမည်သော ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော စိတ်၏ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် သမာဓိနှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏"ဟု ကြား၏။ ဤသို့ ကြားသဖြင့် "အဘယ်အခါ၌ ငါသည်လည်း အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော စိတ်၏ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရပါအံ့နည်း"ဟု ထိုရဟန်းအား ဤအကြံသည် ဖြစ်၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို တောင့်တခြင်းရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ တောင့်တခြင်း ကင်းပြီးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါကုန်သောရဟန္တာဖြစ်၏။ ထိုရဟန္တာသည် "ဤမည်သော ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော စိတ်၏ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏"ဟု ကြား၏၊ ဤသို့ ကြားသော်လည်း "ငါသည်လည်း အဘယ်အခါ၌ အာသဝေါတရားတို့၏ ကုန်ခန်းခြင်း ကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍ နေရပါအံ့နည်း"ဟု ထိုရဟန္တာအား ဤသို့သော အကြံသည် မဖြစ်။ ထိုသို့ မဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုရဟန္တာအား ကိလေသာမှ မလွတ်သေးမီ ရှေးအခါက ကိလေသာမှ လွတ်ခြင်း၌ဖြစ်သော တောင့်တခြင်းသည် ငြိမ်းလေပြီးသောကြောင့်တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို တောင့်တခြင်း ကင်းပြီးသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် ရဟန်းတို့၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-စက္ကဝတ္တိသုတ်

၁၄။ ရဟန်းတို့ တရားရှိ၍ တရားမင်းဖြစ်သော စကြဝတေးမင်းသော်မှလည်း (အမှီ)မင်းကို မရခဲ့လျှင် စကြာရတနာကို မလည်စေနိုင်ဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်တော်မူသော် ရဟန်း တပါးသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား တရားရှိ၍ တရားမင်းဖြစ်သော စကြဝတေး မင်း၏ အမှီမင်းဟူသည် အဘယ်ပါနည်း"ဟု လျှောက်၏။ "ရဟန်း အမှီမင်းဟူသည် တရားတည်း" ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်း ဤလောက၌ တရားရှိ၍ တရားမင်းဖြစ်သော စကြ ဝတေးမင်းသည် တရားကိုသာလျှင် မှီလျက် တရားကို အရိုအသေပြုလျက် တရားကို အလေး အမြတ်ပြုလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက် နန်းတွင်းသူ နန်းတွင်းသား (မိဖုရား သားတော် သမီးတော်) အပေါင်း၌ တရားနှင့် လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။

ရဟန်း နောက်တမျိုးကား တရားရှိ၍ တရားမင်းဖြစ်သော စကြဝတေးမင်းသည် တရားကို သာလျှင် အမှီပြုလျက် တရားကို အရိုအသေပြုလျက် တရားကို အလေးအမြတ်ပြုလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီ လျက် တရားကို အကြီးအမှူးပြုလျက် အရံမင်းတို့၌၎င်း စစ်သည်ဗိုလ်ပါ အပေါင်း၌၎င်း ပုဏ္ဏားနှင့် အမျိုးသားတို့၌၎င်း နိဂုံး ဇနပုဒ်သားတို့၌၎င်း သမဏဗြာဟ္မဏတို့၌၎င်း သားငှက်တို့၌၎င်း တရား အားလျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။ ရဟန်း တရားရှိ၍ တရားမင်း ဖြစ်သော ထိုစကြဝတေးမင်းသည် တရားကိုသာလျှင် အမှီပြုလျက် တရားကို အရိုအသေပြုလျက် တရားကို အလေးအမြတ်ပြုလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင် ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက် နန်းတွင်းသူ နန်းတွင်းသား (မိဖုရား သားတော် သမီးတော်) အပေါင်းတို့၌ တရားအားလျော်သော စောင့် ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင် အရံမင်းတို့၌၎င်း ဗိုလ်ပါအပေါင်း၌၎င်း ပုဏ္ဏား နှင့် အမျိုးသားတို့၌၎င်း နိဂုံး ဇနပုဒ်သားတို့၌၎င်း သမဏဗြာဟ္မဏတို့၌၎င်း သားငှက်တို့၌၎င်း တရားနှင့် လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင် တရားသဖြင့်သာ စကြာ ရတနာကို လည်စေ၏။ ထိုစကြာရတနာကို လူသားဖြစ်သော ရန်သူ သတ္တဝါတစုံတယောက်သည် မဖျက်ဆီး မတားမြစ်နိုင်။

ရဟန်းတို့ ဤအတူသာလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော တရားစောင့်သည့် တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား သည် တရားကိုသာလျှင် မှီလျက် တရားကို အရိုအသေပြုလျက် တရားကို အလေးအမြတ်ပြုလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက် "ဤသို့ သဘောရှိသော ကာယကံမှုကို မှီဝဲအပ်၏၊ ဤသို့သဘောရှိသော ကာယကံမှုကို မမှီဝဲအပ်" ဟု ကာယကံမှု၌ တရားနှင့်လျော်သော စောင့်ရှောက် မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။

ရဟန်းတို့ နောက်တမျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော တရားစောင့်သော တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား

http://www.dhammadownload.com



သည် တရားကိုသာလျှင် မှီလျက် တရားကို အရှိအသေပြုလျက် တရားကို အလေးအမြတ်ပြုလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင်ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကို အကြီးအမှူးပြုလျက် "ဤသို့ သဘောရှိသော ဝစီကံမှုကို မှီဝဲအပ်၏၊ ဤသို့ သဘောရှိသော ဝစီကံမှုကို မမှီဝဲအပ်"ဟု ဝစီကံမှု၌ တရားနှင့်လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။ပ။ "ဤသို့ သဘောရှိသော မနောကံကိုမှီဝဲအပ်၏၊ ဤသို့ သဘောရှိသော မနောကံကို မမှီဝဲအပ်" ဟု မနောကံမှု၌ တရားနှင့် လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသောတရားစောင့်သော တရားမင်း ဖြစ်တော်မူသောမြတ်စွာဘုရားသည် တရားကို သာလျှင် မှီလျက် တရားကို အရှိအသေပြုလျက် တရားကို တုပ်ဝပ်လျက် တရားကို အောင်လံသဖွယ် ရှေ့ဆောင် ပြုလျက် တရားကို တံခွန်သဖွယ် မြှောက်ချီလျက် တရားကိုအကြီးအမှူးပြုလျက် ကာယကံမှု၌ တရားနှင့်လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင် ဝစီကံမှု၌ တရားနှင့်လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင် မနောကံမှု၌ တရားနှင့်လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံမှုကို စီရင်ပြီးလျှင် တရားသဖြင့်သာ အတုမရှိသော ဓမ္မစက်ကို လည်စေတော်မူ၏၊ ထိုဓမ္မစက်ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သူတစုံတယောက်မျှ မဖျက်ဆီး မတားမြစ်နိုင်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သစေတနသုတ်

၁၅။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည်"အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏-—

ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား သစေတနမည်သော မင်းသည် ဖြစ်ခဲ့ဘူးပြီ၊ ထိုစဉ်အခါ သစေတနမင်းသည် ရထားလုပ်သမားကို "အချင်း ရထားလုပ်သမား ယနေ့မှ ခြောက်လ လွန်လျှင် စစ်ဖြစ်လတ္တံ့၊ အချင်း ရထားလုပ်သမား အသစ်ဖြစ်သော ရထားဘီးအစုံကို ပြုလုပ်နိုင်ပါအံ့လော"ဟု မိန့်ဆို၏။ ရဟန်းတို့ ရထားလုပ်သမားသည် "အရှင်မင်းမြတ် ပြုလုပ်နိုင်ပါ၏" ဟု သစေတနမင်းအား ဝန်ခံ၏။ ရဟန်းတို့ ထိုအခါ ရထားလုပ်သမားသည် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ရထားဘီးတဖက်ကို ပြီးစေ၏။ ရဟန်းတို့ ထိုအခါ သစေတနမင်းသည် ရထားလုပ်သမားကို "အချင်း ရထားလုပ်သမား ယနေ့မှ ခြောက်ရက်လွန်လျှင် စစ်ဖြစ်လတ္တံ့၊ အသစ်ဖြစ်သော ရထားဘီးအစုံကို လုပ်ပြီးပါပြီလော" ဟု မိန့်ဆိုပြန်၏။ မင်းမြတ် ဤခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ရထားဘီးသစ်(တဖက်) ပြီးပါပြီဟု (လျှောက်တင်၏)။ အချင်းရထားလုပ်သမား ဤခြောက်ရက်တို့ဖြင့် ငါ၏နှစ်ခုမြောက် (ကျန်) ရထားဘီး

http://www.dhammadownload.com



(တဖက်)ကို ပြုလုပ် ပြီးစီးနိုင်ပါအံ့လောဟု မိန့်ဆိုပြန်၏။ ရဟန်းတို့ ရထားလုပ်သမားသည် အရှင်မင်းမြတ် ပြုလုပ်ပြီးစီးနိုင်ပါ၏ ဟု လျှောက်တင်၏။ ရဟန်းတို့ ထိုအခါ ရထားလုပ်သမားသည် ခြောက်ရက်တို့ဖြင့် နှစ်ခုမြောက်(ကျန်)ရထားဘီး(တဖက်)ကို ပြုလုပ်ပြီးစီးစေ၍ ရထားဘီးသစ်အစုံကို ယူပြီးလျှင် သစေတနမင်းထံ ချဉ်းကပ်ပြီးလျှင် သစေတနမင်းအား "မင်းမြတ် အရှင်မင်းကြီး၏ ဤရထားဘီးသစ်အစုံသည် ပြီးစီးပါပြီ" ဟု လျှောက်တင်၏။ ရထားလုပ်သမား သင်၏ အကြင်ရထားဘီး (တဖက်)သည် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ပြီးစီး၏၊သင်၏ အကြင် ရထားဘီး (တဖက်)သည်ကား ခြောက်ရက်မျှဖြင့် ပြီးစီး၏၊ ဤရထားဘီးတို့၏ ထူးခြားချက်ကား အသို့နည်း၊ ငါသည်ကား ထိုရထားဘီးတို့၏ တစုံတရာ ထူးခြားချက်ကို မတွေ့မမြင် ဟု (မိန့်တော်မူ၏)။ မင်းမြတ် ထိုရထားဘီးတို့၏ ထူးခြားချက်သည် ရှိပါ၏၊ မင်းမြတ်သည် ထိုရထားဘီးတို့၏ ထူးခြားချက်ကို ရှုစားတော်မူပါလော့ ဟု (လျှောက်တင်၏)။

ရဟန်းတို့ ထိုအခါ ရထားလုပ်သမားသည် ခြောက်ရက်တို့ဖြင့် အပြီးပြုလုပ်အပ်သော အကြင် ရထားဘီးကို တွန်းလှိမ့်၏။ ထိုရထားဘီးသည် တွန်းလှိမ့်မှု အင်အားအရှိန် ရှိသလောက် လိမ့်သွား၍ ပတ်ပတ်လည်ပြီး မြေ၌ လဲကျ၏။ ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် အပြီးပြုလုပ်သော အကြင်ရထားဘီးကို တွန်းလှိမ့်ပြန်၏၊ ထိုရထားဘီးသည် တွန်းလှိမ့်မှု အင်အား အရှိန်ရှိသလောက် လိမ့်သွား၍ ဝင်ရိုး၌ စွပ်ထားသကဲ့သို့ ရပ်တည်နေ၏။

အချင်း ရထားလုပ်သမား အကြင် ရထားဘီးသည် ခြောက်ရက်တို့ဖြင့် ပြီးစီး၏၊ ထိုရထားဘီးကို တွန်းလှိမ့်သော် တွန်းလှိမ့်မှု အင်အားအရှိန် ရှိသမျှလိမ့်သွား၍ ပတ်ပတ်လည်ပြီးလျှင် မြေ၌ လဲကျ၏။ အချင်း ရထားလုပ်သမား (ထိုသို့ ဖြစ်ခြင်း၏) အကြောင်း အထောက်အပံ့ကား အဘယ်နည်း၊ အကြင်ရထားဘီးသည် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ပြီးစီး၏၊ ထိုရထားဘီးကို တွန်းလှိမ့်သော် တွန်းလှိမ့်မှု အင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ဝင်ရိုး၌ စွပ်ထားသကဲ့သို့ ရပ်တည်နေ၏။ အချင်း ရထားလုပ်သမား (ထိုသို့ဖြစ်ခြင်း၏) အကြောင်း အထောက်အပံ့ကား အဘယ်နည်း ဟု(မေး၏)။အရှင်မင်းမြတ် ခြောက်ရက်တို့ဖြင့် အပြီးပြုလုပ်အပ်သော ရထားဘီး၏အကွပ်သည် ကွေးကောက်၏၊အပြစ်အနာရှိ၏၊ အကာအဆွေး ဖြစ်၏၊အကန့်တို့သည်လည်း ကောက်ကုန်၏၊အပြစ်အနာရှိကုန်၏၊အကာအဆွေးဖြစ်ကုန်၏၊ပုန်တောင်းသည်လည်း ကောက်၏၊အပြစ်အနာရှိ၏၊အကာအဆွေးဖြစ်၏၊ထိုရထားဘီးသည် အကွပ်၏လည်း ကောက်သောကြောင့် အပြစ်အနာရှိသောကြောင့် အကာအဆွေး ဖြစ်သောကြောင့် အကန့်တို့၏လည်း ကောက်ကုန်သောကြောင့် အပြစ်အနာရှိကုန်သောကြောင့် အကာအဆွေး ဖြစ်ကုန်သောကြောင့် ပုန်တောင်း၏လည်း ကောက်သောကြောင့် အပြစ်အနာရှိသောကြောင့် အကာအဆွေးဖြစ်သောကြောင့် တွန်းလှိမ့်သည်ရှိသော် တွန်းလှိမ့်မှု အင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ပတ်ပတ်လည်ပြီးလျှင် မြေ၌ လဲကျ၏။ အရှင်မင်းမြတ် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် အပြီးပြုလုပ်အပ်သော ရထားဘီး၏ အကွပ်သည်ကား မကောက် အပြစ်အနာမရှိ အကာအဆွေးမဟုတ်၊ အကန့်တို့သည်လည်း မကောက် အပြစ်အနာမရှိကုန် အကာအဆွေး မဟုတ်ကုန်၊ ပုန်တောင်းသည်လည်း မကောက် အပြစ်အနာမရှိ အကာအဆွေး မဟုတ်၊ ထိုရထားဘီး၏ အကွပ်သည်လည်း မကောက်သောကြောင့် အပြစ်အနာ မရှိသောကြောင့် အကာအဆွေး မဟုတ်သောကြောင့် အကန့်တို့သည်လည်း မကောက်ကုန်သောကြောင့် အပြစ်အနာ မရှိကုန်သောကြောင့် အကာအဆွေး မဟုတ်ကုန်သောကြောင့် ပုန်တောင်း၏လည်း မကောက်သောကြောင့် အပြစ်အနာ မရှိသောကြောင့် အကာအဆွေး မဟုတ်သောကြောင့်

http://www.dhammadownload.com



တွန်းလှိမ့်သည်ရှိသော် တွန်းလှိမ့်မှုအင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ဝင်ရိုး၌ စွပ်ထားသကဲ့သို့ ရပ်တည်နေပါ၏ ဟု (လျှောက်၏)။

ရဟန်းတို့ ထိုအခါ ထိုရထား လုပ်သမားသည် တပါးသောသူ ဖြစ်လေသလော ဟု သင်တို့အား ဤအကြံသည် ဖြစ်ရာ၏၊ ရဟန်းတို့ ထိုအကြောင်းကို ဤသို့ မမှတ်အပ်၊ ငါသည် ထိုအခါက ထိုရထား လုပ်သမား ဖြစ်ခဲ့၏။ ရဟန်းတို့ ငါသည် ထိုအခါက သစ်ကောက်တို့၌ရှင်း သစ်အပြစ်အနာတို့၌ရှင်း သစ်အကာအဆွေးတို့၌ရှင်း ကျွမ်းကျင်လိမ္မာ၏။ ရဟန်းတို့ ယခုအခါ၌မူ ပူဇော်အထူးကို ခံတော်မူ ထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသောငါသည် ကိုယ်၏ကောက်ခြင်း 'ကာယဒုစရိုက်'တို့၌ရှင်း ကိုယ်၏အပြစ်အနာ 'ကာယဒုစရိုက်' တို့၌ရှင်း ကိုယ်၏ အကာအဆွေး 'ကာယဒုစရိုက်'တို့၌ရှင်း ကျွမ်းကျင်လိမ္မာ၏။ နှုတ်၏ ကောက်ခြင်း'ဝစီဒုစရိုက်' တို့၌ရှင်း နှုတ်၏ အပြစ် အနာ 'ဝစီဒုစရိုက်'တို့၌ရှင်း နှုတ်၏ အကာအဆွေး'ဝစီဒုစရိုက်' တို့၌ရှင်း ကျွမ်းကျင်လိမ္မာ၏။ စိတ်၏ ကောက်ခြင်း 'မနောဒုစရိုက်'တို့၌ရှင်း စိတ်၏ အပြစ်အနာ 'မနောဒုစရိုက်'တို့၌ရှင်း စိတ်၏ အကာ အဆွေး 'မနောဒုစရိုက်'တို့၌ရှင်း ကျွမ်းကျင်လိမ္မာ၏။ ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ကိုယ်၏ကောက်ခြင်းကို မပယ်အပ်၊ ကိုယ်၏ အပြစ်အနာကို မပယ်အပ်၊ ကိုယ်၏ အကာ အဆွေးကို မပယ်အပ်၊ နှုတ်၏ ကောက်ခြင်းကို မပယ်အပ်၊ နှုတ်၏ အပြစ်အနာကို မပယ်အပ်၊ နှုတ်၏ အကာအဆွေးကို မပယ်အပ်၊ စိတ်၏ကောက်ခြင်းကို မပယ်အပ်၊ စိတ်၏ အပြစ်အနာကို မပယ်အပ်၊ စိတ်၏ အကာအဆွေးကို မပယ်အပ်။ ရဟန်းတို့ ဤသို့ မပယ်အပ်သည်ရှိသော် ခြောက်ရက်တို့ဖြင့် အပြီးပြုလုပ်သော ထိုရထားဘီးကဲ့သို့ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် ဤသာသနာတော်မှ ဂုဏ်အားဖြင့် လျှောကျကုန်၏။ ရဟန်းတို့ ရဟန်းဖြစ်စေ ရဟန်းမိန်းမ ဖြစ်စေ မည်သူမဆို ကိုယ်၏ ကောက်ခြင်းကို ပယ်အပ်၏၊ ကိုယ်၏ အပြစ်အနာကို ပယ်အပ်၏၊ ကိုယ်၏ အကာအဆွေးကို ပယ်အပ်၏၊ နှုတ်၏ ကောက်ခြင်းကို ပယ်အပ်၏၊ နှုတ်၏ အပြစ်အနာကို ပယ်အပ်၏၊ နှုတ်၏ အကာအဆွေးကို ပယ်အပ်၏၊ စိတ်၏ ကောက်ခြင်းကို ပယ်အပ်၏၊ စိတ်၏ အပြစ်အနာကို ပယ်အပ်၏၊ စိတ်၏ အကာအဆွေးကို ပယ်အပ်၏။ ရဟန်းတို့ ဤသို့ ပယ်အပ်သည်ရှိသော် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် အပြီးပြုလုပ်သော ထိုရထားဘီးကဲ့သို့ ထိုရဟန်း ရဟန်းမိန်းမတို့သည် ဤသာသနာတော်၌ ဂုဏ်အားဖြင့် တည်နေကုန်၏၊

ရဟန်းတို့ ထိုသို့ ဖြစ်သောကြောင့် ဤသာသနာတော်၌ "ကိုယ်၏ ကောက်ခြင်း ကိုယ်၏ အပြစ် အနာ ကိုယ်၏ အကာအဆွေးများကို ပယ်ကုန်အံ့။ နှုတ်၏ ကောက်ခြင်း နှုတ်၏ အပြစ်အနာ နှုတ်၏ အကာအဆွေးကို ပယ်ကုန်အံ့။ စိတ်၏ ကောက်ခြင်း စိတ်၏ အပြစ်အနာ စိတ်၏ အကာ အဆွေးကို ပယ်ကုန်အံ့" ဟု ကျင့်ရမည်။ ရဟန်းတို့ ဤသို့ သာလျှင် သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အပဏ္ဏကသုတ်

၁၆။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မချွတ်မယွင်းသော အကျင့် ကို ကျင့်သူဖြစ်၏၊ ထိုရဟန်းသည် သင့်လျော်သော အကြောင်းအားဖြင့် အာသဝေါကရေးတို့၏

http://www.dhammadownload.com



ကုန်ခန်းခြင်းအကြောင်းကို အားထုတ်အပ် ပြီးသည် မည်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထားအပ်သော တံခါးရှိ၏၊ အစားအစာတို့၌ အတိုင်းအရှည်ကို သိ၏၊ နိုးကြားမှု၌ အမြဲယှဉ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထားအပ်သော တံခါးရှိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သော် (ယောကျ်ား မိန်းမစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်းစက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ထိုရဟန်းသည် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသော်။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။ လျှာဖြင့် ရသာရုံကို လျက်သော်။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ စိတ်ဖြင့် ဓမ္မာရုံကို သိသော်(ယောကျ်ား မိန်းမစသော)သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊(လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်းမနိန္ဒြေကို မစောင့်စည်းခြင်း ဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ် တရားယုတ်တို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ထိုရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထားအပ်သော တံခါးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အစားအစာ၌ အတိုင်းအရှည်ကို သိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်လျော်သော အကြောင်းအားဖြင့် ဆင်ခြင်၍ အာဟာရကို သုံးဆောင်၏၊ မြူးထူးရန် မာန်ယစ်ရန် တန်ဆာဆင်ရန် အရေအဆင်း ဖွံ့ဖြိုးတိုးပွါးရန် (အစားအစာကို မှီဝဲသည်) မဟုတ် ဤကိုယ် တည်တံ့ရန်မျှသာ မျှတရန်မျှသာ ဆာလောင်မွတ်သိပ်၍ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သော အကျင့်ကို ချီးမြှောက်ရန်မျှသာ အာဟာရကို သုံးဆောင်၏၊ ဤသို့ သုံးဆောင်ခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာနေရခြင်းသည် ဖြစ်ပေလိမ့်မည်ဟု အာဟာရကို သုံးဆောင်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အစားအစာတို့၌ အတိုင်းအရှည်ကို သိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နိုးကြားမှု၌ အမြဲယှဉ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ နေ့အခါ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ရဟန်းသည်(ကုသိုလ်တရားကို) ပိတ်ပင်တားမြစ်တတ်ကုန်သော 'နီဝရဏ' တရားတို့မှ စိတ်ကိုသုတ်သင်၏။ညဉ့်ဦးယံ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် (ကုသိုလ် တရားတို့ကို) ပိတ်ပင်တားမြစ်တတ်ကုန်သော'နီဝရဏ'တရားတို့မှ စိတ်ကို သုတ်သင်၏။ သန်ကောင်ယံ၌ (လက်ျာ) ခြေပေါ်၌ (လက်ဝဲ) ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်ဉာဏ်ရှိလျက် (မည်သည့်အချိန်၌)ထအံ့ဟု နှလုံးသွင်းပြီးလျှင် လက်ျာနံတောင်ဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြု၏။ မိုးသောက်ယံ၌ စောစောထ၍ စင်္ကြံသွားခြင်း

http://www.dhammadownload.com



ထိုင်ခြင်းဖြင့် (ကုသိုလ်တရားကို) ပိတ်ပင်တားမြစ်တတ်ကုန်သော 'နီဝရဏ' တရားတို့မှ စိတ်ကိုသုတ်သင်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နိုးကြားမှု၌ အမြဲယှဉ်၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မချွတ်မယွင်းသော အကျင့်ကို ကျင့်သူဖြစ်၏၊ ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းအကြောင်းကို အားထုတ်အပ်ပြီးသည် မည်၏ ဟု (မိန့်တော်မူ၏) ။

ဆဋ္ဌသုတ်။

## ၇-အတ္တဗျာဗာဓသုတ်

၁၇။ ရဟန်းတို့ ဤတရားသုံးမျိုးတို့သည် မိမိ ဆင်းရဲရန်လည်း ဖြစ်ကုန်၏၊ သူတပါး ဆင်းရဲရန်လည်း ဖြစ်ကုန်၏၊ နှစ်ပါးစုံ ဆင်းရဲရန်လည်း ဖြစ်ကုန်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ— ကိုယ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'ကာယဒုစရိုက်' ၎င်း နှုတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' ၎င်း စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်' ၎င်းတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့သည် မိမိ ဆင်းရဲရန်လည်း ဖြစ်ကုန်၏၊ သူတပါး ဆင်းရဲရန်လည်း ဖြစ်ကုန်၏၊ နှစ်ပါးစုံ ဆင်းရဲရန်လည်း ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရား သုံးမျိုးတို့သည် မိမိ ဆင်းရဲရန်လည်း မဖြစ်ကုန်၊ သူတပါး ဆင်းရဲရန်လည်း မဖြစ်ကုန်၊ နှစ်ပါးစုံ ဆင်းရဲရန်လည်း မဖြစ်ကုန်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ကိုယ်ဖြင့် ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်' ၎င်း နှုတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'ဝစီသုစရိုက်' ၎င်း စိတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'မနောသုစရိုက်' ၎င်း တို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့သည် မိမိဆင်းရဲရန်လည်း မဖြစ်ကုန်၊ သူတပါး ဆင်းရဲရန်လည်း မဖြစ်ကုန်၊ နှစ်ပါးစုံ ဆင်းရဲရန်လည်း မဖြစ်ကုန် ဟု (မိန့်တော်မူ၏) ။

သတ္တမသုတ်။

## ၈-ဒေဝလောကသုတ်

၁၈။ ရဟန်းတို့ သာသနာတော်မှ တပါးသောအယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ သင်တို့သည် ရဟန်းဂေါတမအထံ၌ နတ်ပြည်၌ ဖြစ်ခြင်းအကျိုးငှါ မြတ်သောအကျင့်ကို ကျင့်သုံးသလော" ဟု ဤသို့ အကယ်၍မေးကုန်ငြားအံ့။ ရဟန်းတို့ သင်တို့သည် ဤသို့ မေးအပ်ကုန်သည်ရှိသော် ငြီးငွေ့ကုန်ရာသည်မဟုတ်လော ရှက်နိုးကုန်ရာသည် မဟုတ်လော စက်ဆုပ်ကုန်ရာသည် မဟုတ်လော ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ သင်တို့သည် နတ်၌ဖြစ်သော အသက်ကို ငြီးငွေ့ကုန်သော် ရှက်နိုးကုန်သော် စက်ဆုပ်ကုန်သော် နတ်၌ ဖြစ်သော အဆင်း နတ်၌ ဖြစ်သော ချမ်းသာ နတ်၌ ဖြစ်သော အစိုးရခြင်းကို ငြီးငွေ့ကုန်သော် ရှက်နိုးကုန်သော် စက်ဆုပ်ကုန်သော် ရဟန်းတို့ သင်တို့သည် ရှေးဦးကပင်လျှင် ကာယဒုစရိုက်မှ ငြီးငွေ့ရာ၏ ရှက်နိုးရာ၏ စက်ဆုပ်ရာ၏။ ဝစီဒုစရိုက်မှ။ မနောဒုစရိုက်မှ ငြီးငွေ့ရာ၏ ရှက်နိုးရာ၏ စက်ဆုပ်ရာ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပဌမ ပါပဏိကသုတ်

၁၉။ ရဟန်းတို့ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ဈေးသည်သည် မရသေးသော စည်းစိမ်ကို ရရန်သော်၎င်း ရပြီးသော စည်းစိမ်ကို တိုးပွါးစေရန်သော်၎င်း မထိုက်။ အဘယ်သုံးမျိုး တို့နည်း ဟူမူ—ရဟန်းတို့ (ဤလောက၌) ဈေးသည်သည် နံနက်အခါ၌ ရောင်းဝယ်မှု အလုပ်ကို ရိုရိုသေသေ မစီရင် မပြုလုပ်၊ နေ့လယ်အခါ၌ ရောင်းဝယ်မှု အလုပ်ကို ရိုရိုသေသေ မစီရင် မပြုလုပ်၊ ညချမ်းအခါ၌ ရောင်းဝယ်မှု အလုပ်ကို ရိုရိုသေသေ မစီရင် မပြုလုပ်။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ဈေးသည်သည် မရသေးသော စည်းစိမ်ကို ရရန်သော်၎င်း ရပြီးသော စည်းစိမ်ကို တိုးပွါးစေရန် သော်၎င်း မထိုက်။ ရဟန်းတို့ ဤအတူသာလျှင် တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကို ရရန်သော်၎င်း ရပြီးသော ကုသိုလ်တရားကို တိုးပွါးစေရန် သော်၎င်း မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နံနက်အခါ၌ သမာဓိ၏ အာရုံကို ရိုရိုသေသေ မဆောက်တည်၊ နေ့လယ်အခါ၌ သမာဓိ၏ အာရုံကို ရိုရိုသေသေ မဆောက်တည်၊ ညချမ်းအခါ၌ သမာဓိ၏ အာရုံကို ရိုရိုသေသေ မဆောက်တည်။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကို ရရန် သော်၎င်း ရပြီးသော ကုသိုလ်တရားကို တိုးပွါးစေရန်သော်၎င်း မထိုက်။

ရဟန်းတို့ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ဈေးသည်သည် မရသေးသော စည်းစိမ်ကို ရရန်သော်၎င်း ရပြီးသောစည်းစိမ်ကို တိုးပွါးစေရန်သော်၎င်းထိုက်၏။အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ ဈေးသည်သည် နံနက်အခါ၌ ရောင်းဝယ်မှုအလုပ်ကို ရိုရိုသေသေ စီရင် 'ပြုလုပ်၏'၊ နေ့လယ်အခါ၌ ရောင်းဝယ်မှုအလုပ်ကို ရိုရိုသေသေ စီရင် 'ပြုလုပ်၏'၊ ညချမ်းအခါ၌ ရောင်းဝယ်မှုအလုပ်ကို ရိုရိုသေသေ စီရင် 'ပြုလုပ်၏'။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ဈေးသည်သည် မရသေးသော စည်းစိမ်ကို ရရန်သော်၎င်း ရပြီးသောစည်းစိမ်ကို တိုးပွါးစေရန် သော်၎င်း ထိုက်၏။ ရဟန်းတို့ ဤအတူသာလျှင် တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကို ရရန်သော်၎င်း ရပြီးသော ကုသိုလ်တရားကို တိုးပွါးစေရန်သော်၎င်း ထိုက်၏။ အဘယ် သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နံနက်အခါ၌ သမာဓိ၏ အာရုံကို ရိုရိုသေသေ ဆောက်တည်၏၊ နေ့လယ်အခါ၌ သမာဓိ၏ အာရုံကို ရိုရိုသေသေ ဆောက်တည်၏၊ ညချမ်းအခါ၌ သမာဓိ၏ အာရုံကို ရိုရိုသေသေ ဆောက်တည်၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မရသေးသော ကုသိုလ်တရားကို ရရန်သော်၎င်း ရပြီးသော ကုသိုလ်တရားကို တိုးပွါးစေရန်သော်၎င်း ထိုက်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ပါပဏိကသုတ်

၂၀။ ရဟန်းတို့ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ဈေးသည်သည် မကြာမီပင်လျှင် စည်းစိမ် တို့၌ များခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ ဈေးသည်သည် မျက်စိ အမြင်ရှိ၏၊ ဉာဏ်နှင့် ယှဉ်သောဝီရိယထူး ရှိ၏၊ အမှီကောင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ အဘယ်သို့လျှင် ဈေးသည်သည် မျက်စိအမြင် ရှိသနည်း၊ ရဟန်းတို့ ဤလောက၌

http://www.dhammadownload.com



ဈေးသည်သည် "ဤကုန်ပစ္စည်းကို ဤသို့ဝယ်၍ ဤသို့ ရောင်းသော် အရင်းအနှီးကား ဤမျှလောက် ဖြစ်လတ္တံ့၊ အမြတ်အစွန်းကား ဤမျှလောက် ဖြစ်လတ္တံ့" ဟု ဤသို့ ရောင်းကုန်ပစ္စည်းကို သိ၏။ ရဟန်းတို့ ဤသို့လျှင် ဈေးသည်သည် မျက်စိအမြင်ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဈေးသည်သည် ဉာဏ်နှင့်ယှဉ်သော ဝီရိယထူး ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ ဈေးသည်သည် ကုန်ပစ္စည်းကို ဝယ်ခြင်းငှါလည်း ရောင်းခြင်းငှါလည်း ကျွမ်းကျင်၏။ ရဟန်းတို့ ဤသို့လျှင် ဈေးသည်သည် ထူးသော ဉာဏ်နှင့်ယှဉ်သော ဝီရိယထူးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဈေးသည်သည် အမှီကောင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤလောက၌ ဈေးသည်ကို ကြွယ်ဝကုန် များသောဥစ္စာရှိကုန် များသောအသုံးအဆောင် ရှိကုန်သော သူကြွယ်တို့သည်၎င်း သူကြွယ်သားတို့သည်၎င်း "ဤဈေးသည်ကား မျက်စိအမြင်လည်း ရှိ၏၊ ဉာဏ်နှင့်ယှဉ်သော ဝီရိယထူးလည်း ရှိ၏၊ သားမယားတို့ကို လုပ်ကျွေးခြင်းငှါလည်း ငါတို့အား ရံခါ ရံခါ အတိုးပေးဆပ်ခြင်းငှါလည်း စွမ်းနိုင်၏" ဟု သိကုန်၏။ ထိုသူကြွယ် သူကြွယ်သားတို့သည် ထိုဈေးသည်ကို "အချင်းဈေးသည် ဤငါ၏အထံမှ ကုန်စည်ပစ္စည်းတို့ကို ယူ၍ သားမယားကိုလည်း လုပ်ကျွေးလော့ ငါတို့အားလည်း ရံခါရံခါ အတိုးပေးဆပ်ပါလော့" ကုန်စည်ပစ္စည်းဖြင့် ဖိတ်ကြားကုန်၏။ ရဟန်းတို့ ဤသို့လျှင် ဈေးသည်သည် အမှီကောင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ဈေးသည်သည် မကြာမီပင်လျှင် စည်းစိမ်ဥစ္စာတို့၏များခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရား သုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမီပင်လျှင် ကုသိုလ်တရားတို့၌ များမြတ်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ပညာ)မျက်စိ အမြင်ရှိ၏၊ ဉာဏ်နှင့်ယှဉ်သော ဝီရိယထူးရှိ၏၊ အမှီကောင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (ပညာ)မျက်စိ အမြင်ရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲ ဖြစ်ကြောင်းတည်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'တည်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်မှန်သော အတိုင်းသိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ပညာ)မျက်စိအမြင်ရှိ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဉာဏ်နှင့်ယှဉ်သော ဝီရိယထူးရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ခြင်း ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချမထား။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဉာဏ်နှင့်ယှဉ်သောဝီရိယထူးရှိ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အမှီကောင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အကြားအမြင်များကုန် ပါဠိတော်ကို နှုတ်တက် ဆောင်ကုန် သုတ္တန်ကိုဆောင်ကုန် ဝိနည်းကိုဆောင်ကုန် ပါတိမောက်ကို ဆောင်ကုန်သော ရဟန်းတို့သို့ ရံဖန်ရံခါ ချဉ်းကပ်၍ "အသျှင်ဘုရား ဤပါဠိကား အဘယ်သို့ပါနည်း၊ ဤပါဠိ၏ အနက်ကား အဘယ်သို့ပါနည်း" ဟု မေးမြန်း၏၊ စိစစ်၏၊ ထို(ဗဟုသုတရှိကြသော) အသျှင်တို့သည် ထိုရဟန်းအား မဖွင့်အပ်သေးသည်ကိုလည်း ဖွင့်ပြကုန်၏၊ မပေါ်လွင်သေးသည်တို့ကိုလည်း ပေါ်လွင်စေကုန်၏၊ များပြားကုန်သော ယုံမှားခြင်း၏ အကြောင်းတရားတို့၌ ယုံမှားမှုကို ပယ်ဖျောက်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အမှိုကောင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မကြာမီပင်လျှင် ကုသိုလ်တရားတို့၌ များမြတ်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ရထကာရဝဂ် ပြီး၏။

ပဌမအခန်း ပြီး၏။

---

## ၃-ပုဂ္ဂလဝဂ် ၁-သမိဒ္ဓသုတ်

၂၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်သမိဒ္ဓမထေရ်နှင့် အသျှင်မဟာကောဋ္ဌိက မထေရ်တို့သည် အသျှင်သာရိပုတြာ ထံသို့ ချဉ်းကပ်ကြကုန်ပြီး၍ အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်နေသော အသျှင်သမိဒ္ဓကို အသျှင်သာရိပုတြာသည် "ငါ့သျှင်သမိဒ္ဓ ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—နာမကာယဖြင့် ရှစ်ပါးသော ဈာန်သို့ ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ 'ကာယသက္ခိ' ပုဂ္ဂိုလ်၄င်း၊ သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်သို့ ရောက်သူ 'ဒိဋ္ဌိပ္ပတ္တ' ပုဂ္ဂိုလ်၄င်း သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်သူ 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်၄င်း တို့တည်း။ ငါ့သျှင် ဤပုဂ္ဂိုလ် သုံးမျိုးတို့သည် လောက၌ထင်ရှားရှိကုန်၏။ငါ့သျှင် ဤပုဂ္ဂိုလ်သုံးမျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်ကို နှစ်လိုဖွယ် အကောင်းဆုံးပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ်"ဟု သင်နှစ်သက်ပါသနည်း ဟု မိန့်ဆို၏။

ငါ့သျှင်သာရိပုတြာ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ် သုံးမျိုးတို့နည်း ဟူမူ—နာမကာယဖြင့် ရှစ်ပါးသော ဈာန်သို့ ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ 'ကာယသက္ခိ'ပုဂ္ဂိုလ်၄င်း သောတာပတ္တိဖိုလ်မှစ၍ အထက်မဂ်သို့ ရောက်သူ 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်၄င်း သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်သူ 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်၄င်း တို့တည်း။ ငါ့သျှင် ဤ ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏၊ ငါ့သျှင် ဤပုဂ္ဂိုလ် သုံးမျိုးတို့တွင် သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်သူ 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်ကို နှစ်လိုဖွယ်အကောင်းဆုံးပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ် ဟု အကျွန်ုပ် နှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ငါ့သျှင် ဤပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေလွန်ကဲသော ကြောင့်တည်းဟု(ဆို၏)။

ထိုအခါ အသျှင်သာရိပုတြာသည် အသျှင်မဟာကောဋ္ဌိကအား "ငါ့သျှင်ကောဋ္ဌိက ပုဂ္ဂိုလ် သုံးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်သုံးမျိုး တို့နည်း ဟူမူ—နာမကာယဖြင့် ရှစ်ပါးသော ဈာန်သို့ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ 'ကာယသက္ခိ' ပုဂ္ဂိုလ်၄င်း သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်သို့ ရောက်သူ 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်၄င်း သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်သူ 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်၄င်း တို့တည်း။ ငါ့သျှင် ဤပုဂ္ဂိုလ်သုံးမျိုး တို့သည် လောက၌ ထင်ရှား ရှိကုန်၏။ ဤပုဂ္ဂိုလ်သုံးမျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်ကို နှစ်လိုဖွယ်အကောင်း ဆုံးပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ်"ဟု သင်နှစ်သက်ပါသနည်း ဟု မိန့်ဆို၏။

http://www.dhammadownload.com



ငါ့သျှင်သာရိပုတြာ ဤ ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—နာမကာယဖြင့် ရှစ်ပါးသော ဈာန်သို့ရောက်ပြီးနောက် နိဗ္ဗာန်ကိုမျက်မှောက်ပြုသူ 'ကာယသက္ခိ'ပုဂ္ဂိုလ်ရင်း သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်သို့ ရောက်သူ 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်ရင်း သဒ္ဓါတရားဖြင့်ကိလေသာမှ လွတ်သူ 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်ရင်း တို့တည်း။ ငါ့သျှင် ဤ ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ ငါ့သျှင် ဤပုဂ္ဂိုလ်သုံးမျိုးတို့တွင် အကြင်ပုဂ္ဂိုလ်သည် နာမကာယဖြင့် ရှစ်ပါးသော ဈာန်သို့ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ဤပုဂ္ဂိုလ်ကို နှစ်လိုဖွယ်အကောင်းဆုံး ပုဂ္ဂိုလ် အလွန်မြတ်သောပုဂ္ဂိုလ်ဟု အကျွန်ုပ်နှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ငါ့သျှင် ဤပုဂ္ဂိုလ်အား သမာဓိန္ဒြေ လွန်ကဲသောကြောင့်တည်း ဟု (ဆို၏)။

ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာအား "ငါ့သျှင်သာရိပုတြာ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ထင်ရှား ရှိကုန်၏။အဘယ်သုံးမျိုးတို့နည်း ဟူမူ—နာမကာယဖြင့် ရှစ်ပါးသော ဈာန်သို့ ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ 'ကာယသက္ခိ' ပုဂ္ဂိုလ်ရင်း သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်သို့ ရောက်သူ 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်ရင်း သဒ္ဓါတရားဖြင့် ကိလေသာမှလွတ်သူ 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်ရင်း တို့တည်း။ ငါ့သျှင် ဤ ပုဂ္ဂိုလ်သုံးမျိုး တို့သည် လောက၌ ထင်ရှားရှိကုန်၏။ ငါ့သျှင် ဤ ပုဂ္ဂိုလ်သုံးမျိုး တို့တွင် အဘယ်ပုဂ္ဂိုလ်ကို နှစ်လိုဖွယ်အကောင်းဆုံးပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ်"ဟု သင်နှစ်သက် ပါသနည်း ဟု မိန့်ဆို၏။

ငါ့သျှင်ကောဋ္ဌိက ဤပုဂ္ဂိုလ် သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—နာမကာယဖြင့် ရှစ်ပါးသော ဈာန်သို့ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ 'ကာယသက္ခိ'ပုဂ္ဂိုလ်ရင်း သောတာပတ္တိဖိုလ်မှစ၍ အထက်မဂ်သို့ ရောက်သူ 'ဒိဋ္ဌိပ္ပတ္တ'ပုဂ္ဂိုလ်ရင်း သဒ္ဓါတရားဖြင့် ကိလေသာမှလွတ်သူ 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်ရင်း တို့တည်း။ ငါ့သျှင် ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ ငါ့သျှင် ဤပုဂ္ဂိုလ်သုံးမျိုးတို့တွင် အကြင်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်သို့ ရောက်၏၊ ဤပုဂ္ဂိုလ်ကို နှစ်လိုဖွယ်အကောင်းဆုံးပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ် ဟု အကျွန်ုပ်နှစ်သက်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ငါ့သျှင် ဤပုဂ္ဂိုလ်အား ပညိန္ဒြေလွန်ကဲသောကြောင့်တည်း ဟု (ဆို၏)။

ထိုအခါ အသျှင်သာရိပုတြာမထေရ်သည် အသျှင်သမိဒ္ဓအားရင်း အသျှင်မဟာကောဋ္ဌိကအားရင်း "ငါ့သျှင်တို့ ငါတို့အားလုံးသည် မိမိ၏ ဉာဏ်အမြင်အားလျော်စွာ ပြောဆိုအပ်၏။ ငါ့သျှင်တို့ လာ သွားကြကုန်စို့၊မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကုန်အံ့၊ မြတ်စွာဘုရားသည် ငါတို့အား မိန့်ကြားတော်မူလိမ့်မည်၊ ထို မိန့်တော်မူသောအတိုင်း ထိုအကြောင်းကို မှတ်သားကုန်အံ့" ဟု ဆို၏။ "ငါ့သျှင် ကောင်းပါပြီ"ဟု အသျှင်သမိဒ္ဓသည်ရင်း အသျှင်မဟာကောဋ္ဌိကသည်ရင်း အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏။ထိုအခါ အသျှင်သာရိပုတြာသည် ရင်း အသျှင်သမိဒ္ဓသည်ရင်း အသျှင်မဟာကောဋ္ဌိကသည် ရင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီး၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးလျှင် အသျှင်သာရိပုတြာသည် အသျှင်သမိဒ္ဓနှင့်ရင်း အသျှင်မဟာကောဋ္ဌိကနှင့်ရင်း အတူပြောဆို ဆွေးနွေးခဲ့သော စကားအားလုံးကို မြတ်စွာဘုရားအား လျှောက်၏။

သာရိပုတြာ ဤအရာ၌ "ဤ ပုဂ္ဂိုလ်သုံးမျိုးတို့တွင် ဤပုဂ္ဂိုလ်ကား နှစ်လိုဖွယ် အကောင်းဆုံးပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ်တည်း" ဟု ကေန်တိကျစွာ ပြောဆိုရန် မလွယ်ကူ။ (အဘယ့်

http://www.dhammadownload.com



ကြောင့်နည်းဟူမူ) သာရိပုတြာ အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်အလို့ငှါ ကျင့်ပြီးဖြစ်၏။အကြင်ပုဂ္ဂိုလ်သည် နာမကာယဖြင့်ရှုစ်ပါးသော စျာန်သို့ ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုပုဂ္ဂိုလ်သည် သကဒါဂါမ်သော်ငြားလည်း အနာဂါမ်သော်ငြားလည်း ဖြစ်၏။ အကြင်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည်လည်း သကဒါဂါမ်သော်ငြားလည်း အနာဂါမ်သော်ငြားလည်း ဖြစ်၏။ ထိုသို့သော အကြောင်းသည် ရှိ၏။

သာရိပုတြာ ဤအရာ၌ "ဤ ပုဂ္ဂိုလ် သုံးမျိုးတို့တွင် ဤ ပုဂ္ဂိုလ်ကား နှစ်လိုဖွယ် အကောင်းဆုံး ပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ်တည်း" ဟု ကေန်တိကျစွာ ဖြေဆိုရန် မလွယ်ကူ။ (အဘယ့်ကြောင့်နည်းဟူမူ) သာရိပုတြာ အကြင်ပုဂ္ဂိုလ်သည် နာမကာယဖြင့် ရှစ်ပါးသောစျာန်သို့ ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်အလို့ငှါ ကျင့်ပြီးဖြစ်၏။ အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်၏၊ ထိုပုဂ္ဂိုလ်သည် သကဒါဂါမ်သော်ငြားလည်း အနာဂါမ်သော်ငြားလည်း ဖြစ်၏၊ အကြင် ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်မှ စ၍ အထက်မဂ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည်လည်း သကဒါဂါမ်သော်ငြားလည်း အနာဂါမ်သော်ငြားလည်း ဖြစ်၏၊ ထိုသို့သော အကြောင်းသည်လည်း ရှိ၏။

သာရိပုတြာ ဤအရာ၌ "ဤ ပုဂ္ဂိုလ်သုံးမျိုးတို့တွင် ဤ ပုဂ္ဂိုလ်ကား နှစ်လိုဖွယ်အကောင်းဆုံး ပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ်တည်း" ဟု ကေန်တိကျစွာ ဖြေဆိုရန် မလွယ်ကူ။ (အဘယ့်ကြောင့်နည်းဟူမူ) သာရိပုတြာ အကြင်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်မှစ၍ အထက်မဂ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်အလို့ငှါ ကျင့်ပြီးဖြစ်၏။ အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်၏၊ ထိုပုဂ္ဂိုလ်သည် သကဒါဂါမ်သော်ငြားလည်း အနာဂါမ်သော်ငြားလည်း ဖြစ်၏။အကြင်ပုဂ္ဂိုလ်သည် နာမကာယဖြင့် ရှစ်ပါးသော စျာန်သို့ ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထိုပုဂ္ဂိုလ်သည်လည်း သကဒါဂါမ်သော်ငြားလည်း အနာဂါမ်သော်ငြားလည်း ဖြစ်၏။ထိုသို့သော အကြောင်းသည်လည်း ရှိ၏။ သာရိပုတြာ "ဤပုဂ္ဂိုလ်သုံးမျိုးတို့တွင် ဤပုဂ္ဂိုလ်ကား နှစ်လိုဖွယ် အကောင်းဆုံး ပုဂ္ဂိုလ် အလွန်မြတ်သော ပုဂ္ဂိုလ်တည်း"ဟု ကေန်တိကျစွာ ဖြေဆိုရန် မလွယ်ကူ ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဂိလာနသုတ်

၂၂။ ရဟန်းတို့ ဤသူနာသုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောသူနာသည် သင့်လျော်သော အစားအစာတို့ကို ရသော်ငြားလည်း သင့်လျော်သော အစားအစာတို့ကို မရသော်ငြားလည်း သင့်လျော်သော ဆေးတို့ကို ရသော်ငြားလည်း သင့်လျော်သော ဆေးတို့ကို မရသော်ငြားလည်း သင့်လျော်သော သူနာပြုကိုရသော်ငြားလည်း သင့်လျော်သော သူနာပြုကို မရသော်ငြားလည်း ထိုရောဂါဝေဒနာမှ မထမြောက်။ ရဟန်းတို့ ဤလောက၌ အချို့သော သူနာသည် သင့်လျော်သော အစားအစာတို့ကို ရသော်ငြားလည်း သင့်လျော်သော အစားအစာတို့ကို မရသော်ငြားလည်း သင့်လျော်သော ဆေးတို့ကို ရသော်ငြားလည်း သင့်လျော်သော ဆေးတို့ကို မရသော်ငြားလည်း သင့်လျော်သော သူနာပြုကို ရသော်ငြားလည်း သင့်လျော်သော သူနာပြုကို မရသော်ငြားလည်း ထိုရောဂါဝေဒနာမှ ထမြောက်၏။ ရဟန်းတို့ ဤလောက၌ အချို့သော သူနာသည်

http://www.dhammadownload.com



သင့်လျော်သော အစားအစာတို့ကို ရမူသာလျှင် ထိုရောဂါဝေဒနာမှ ထမြောက်နိုင်၏၊ သင့်လျော်သော အစားအစာတို့ကို မရသော် ထိုရောဂါဝေဒနာမှ မထမြောက်နိုင်၊ သင့်လျော်သော ဆေးတို့ကို ရမှသာလျှင် ထိုရောဂါဝေဒနာမှ ထမြောက်နိုင်၏၊ သင့်လျော်သောဆေးတို့ကို မရသော် ထိုရောဂါဝေဒနာမှ မထမြောက်နိုင်၊ သင့်လျော်သောသူနာပြုကို ရမှသာလျှင် ထိုရောဂါဝေဒနာမှ ထမြောက်နိုင်၏၊ သင့်လျော်သော သူနာပြုကို မရသော် ထိုရောဂါဝေဒနာမှ မထမြောက်နိုင်။

ရဟန်းတို့ ထိုသူနာသုံးမျိုးတို့တွင် အကြင်သူနာသည် သင့်လျော်သော အစားအစာတို့ကို ရမှသာလျှင် ထိုရောဂါ ဝေဒနာမှ ထမြောက်နိုင်၏၊ မရသော် ထိုရောဂါဝေဒနာမှ မထမြောက်နိုင်၊ သင့်လျော်သော ဆေးတို့ကို ရမှသာလျှင် ထိုရောဂါဝေဒနာမှ ထမြောက်နိုင်၏၊ မရသော် ထိုရောဂါ ဝေဒနာမှ မထမြောက်နိုင်၊ သင့်လျော်သော သူနာပြုကို ရမှသာလျှင် ထိုရောဂါဝေဒနာမှ ထမြောက်နိုင်၏၊ မရသော် ထိုရောဂါဝေဒနာမှ မထမြောက်နိုင်။ ရဟန်းတို့ ဤသူနာကို အကြောင်းပြု၍ သူနာအား လျောက်ပတ်သော ဆွမ်းကို ခွင့်ပြုတော်မူ၏၊ သူနာအား အထောက်အပံ့ဖြစ်သော ဆေးကို ခွင့်ပြုတော်မူ၏၊ သူနာပြုကို ခွင့်ပြုတော်မူ၏၊ ရဟန်းတို့ ဤသူနာကို အကြောင်းပြု၍ အခြားသူနာတို့ကိုလည်း လုပ်ကျွေးပြုစုအပ်ကုန်၏။ ရဟန်းတို့ လောက၌ ဤသူနာသုံးမျိုးတို့သည် ထင်ရှားရှိကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် သူနာနှင့် တူကုန်သော ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမျှော်ရသော်ငြားလည်း မဖူးမျှော်ရသော်ငြားလည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို ကြားနာရသော်ငြားလည်း မကြားနာရသော်ငြားလည်း ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော မြဲသော အရိယာမဂ်သို့ မသက်ဝင်နိုင်။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမျှော်ရသော်ငြားလည်း မဖူးမျှော်ရသော်ငြားလည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို ကြားနာရသော်ငြားလည်း မကြားနာရသော်ငြားလည်း ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော မြဲသော အရိယာမဂ်သို့ သက်ဝင်နိုင်၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမျှော်ရမှသာလျှင် ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော မြဲသော အရိယာမဂ်သို့ သက်ဝင်နိုင်၏၊ မဖူးမျှော်ရသော် မသက်ဝင်နိုင်။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကို ကြားနာရမှသာလျှင် ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော မြဲသော အရိယာမဂ်သို့ သက်ဝင်နိုင်၏၊ မကြားနာရသော် ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော မြဲသော အရိယာမဂ်သို့ မသက်ဝင်နိုင်။

ရဟန်းတို့ ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင် အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမျှော်ရမှသာလျှင် ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော မြဲသော အရိယာမဂ်သို့ သက်ဝင်နိုင်၏၊ မဖူးမျှော်ရသော် မသက်ဝင်နိုင်၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ် အဘိဓမ္မာ ဝိနည်းကိုကြားနာရမှသာလျှင် ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော မြဲသော အရိယာမဂ်သို့ သက်ဝင်နိုင်၏၊ မကြားနာရသော် မသက်ဝင်နိုင်။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကိုအကြောင်းပြု၍

http://www.dhammadownload.com



တရားဟောခြင်းကို ခွင့်ပြုတော်မူ၏၊ ရဟန်းတို့ဤပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားသူတို့အား လည်း တရားကို ဟောကြားအပ်၏။ ရဟန်းတို့သူနာနှင့်တူသော ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောကဌ် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သင်္ခါရသုတ်

၂၃။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောကဌ် ထင်ရှားရှိကုန်၏။ အဘယ် သုံးမျိုး တို့နည်း ဟူမူ—ရဟန်းတို့ ဤလောကဌ် အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲခြင်းရှိသော ကိုယ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏၊ ဆင်းရဲခြင်းရှိသော နှုတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏၊ ဆင်းရဲခြင်းရှိသော စိတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏။ ထိုပုဂ္ဂိုလ်သည် ဆင်းရဲခြင်းရှိသော ကိုယ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်သောကြောင့် ဆင်းရဲခြင်းရှိသော နှုတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်သောကြောင့် ဆင်းရဲခြင်းရှိသော စိတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်သောကြောင့် ဆင်းရဲခြင်းရှိသော လောကသို့ ရောက်ရ၏။ ဆင်းရဲခြင်းရှိသော လောကသို့ ရောက်ရသော ထိုပုဂ္ဂိုလ်ကို ဆင်းရဲခြင်းနှင့်တကွဖြစ်သော တွေ့ထိခြင်း 'ဖဿ' တို့သည် တွေ့ထိ ကုန်၏၊ ဆင်းရဲခြင်းရှိသော တွေ့ထိခြင်း 'ဖဿ' တို့ တွေ့ထိအပ်သော ထိုသူသည် စင်စစ် ဆင်းရဲ သော ဆင်းရဲခြင်းရှိသော ဝေဒနာကို ငရဲသူသတ္တဝါတို့ကဲ့သို့ ခံစားရ၏။

ရဟန်းတို့ ဤလောကဌ် အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲခြင်း မရှိသော ကိုယ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏၊ ဆင်းရဲခြင်းမရှိသော နှုတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏၊ ဆင်းရဲခြင်း မရှိသော စိတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏။ ထိုသူသည် ဆင်းရဲခြင်း မရှိသော ကိုယ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်သောကြောင့် ဆင်းရဲခြင်း မရှိသော နှုတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်သောကြောင့် ဆင်းရဲခြင်း မရှိသော စိတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်သောကြောင့် ဆင်းရဲခြင်း မရှိသော လောကသို့ ရောက်ရ၏။ ဆင်းရဲခြင်းမရှိသော လောကသို့ရောက်ရသော ထိုပုဂ္ဂိုလ်ကို ဆင်းရဲခြင်းမရှိသော တွေ့ထိခြင်း 'ဖဿ' တို့ တွေ့ထိကုန်၏၊ ဆင်းရဲခြင်း မရှိသော တွေ့ထိခြင်း 'ဖဿ' တို့ တွေ့ထိအပ်သော ထိုသူသည် စင်စစ်ချမ်းသာသော ဆင်းရဲခြင်းမရှိသော ဝေဒနာကို သုဘကိဏှာ ဗြဟ္မာတို့ကဲ့သို့ ခံစားရ၏။

ရဟန်းတို့ ဤလောကဌ် အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲခြင်းရှိသည်လည်း ဖြစ်သော ဆင်းရဲ ခြင်းမရှိသည်လည်း ဖြစ်သော ကိုယ်၌ ဖြစ်သောလှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏၊ ဆင်းရဲ ခြင်းရှိသည်လည်း ဖြစ်သော ဆင်းရဲခြင်း မရှိသည်လည်း ဖြစ်သော နှုတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏၊ ဆင်းရဲခြင်း ရှိသည်လည်း ဖြစ်သော ဆင်းရဲခြင်း မရှိသည်လည်း ဖြစ် သော စိတ်၌ ဖြစ်သောလှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်၏။ ထိုပုဂ္ဂိုလ်သည် ဆင်းရဲခြင်း ရှိသည်လည်း ဖြစ်သော ဆင်းရဲခြင်း မရှိသည်လည်း ဖြစ်သော ကိုယ်၌ဖြစ်သောလှုံ့ဆော်ခြင်း စေတနာကံကို အားထုတ်သောကြောင့် ဆင်းရဲခြင်းရှိသည်လည်းဖြစ်သော ဆင်းရဲခြင်းမရှိသည်လည်း

http://www.dhammadownload.com



ဖြစ်သော နှုတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကကို အားထုတ်သောကြောင့် ဆင်းရဲခြင်းရှိသည်လည်းဖြစ်သော ဆင်းရဲခြင်းမရှိသည်လည်း ဖြစ်သော စိတ်၌ဖြစ်သော လှုံ့ဆော်ခြင်း စေတနာကကို အားထုတ်သောကြောင့် ဆင်းရဲခြင်းရှိသည်လည်း ဖြစ်သော ဆင်းရဲခြင်းမရှိသည်လည်းဖြစ်သော လောကသို့ ရောက်ရ၏။ ဆင်းရဲခြင်း ရှိသည်လည်းဖြစ်သော ဆင်းရဲခြင်း မရှိသည်လည်းဖြစ်သော လောကသို့ရောက်ရသော ထိုပုဂ္ဂိုလ်ကို ဆင်းရဲခြင်း ရှိသည်လည်း ဖြစ်သော ဆင်းရဲခြင်း မရှိသည်လည်း ဖြစ်သော တွေ့ထိခြင်း 'ဖဿ'တို့သည် တွေ့ထိကုန်၏၊ ဆင်းရဲခြင်းရှိသည်လည်း ဖြစ်သော ဆင်းရဲခြင်းမရှိသည်လည်းဖြစ်သော တွေ့ထိခြင်း 'ဖဿ'တို့ တွေ့ထိအပ်သော ထိုပုဂ္ဂိုလ်သည် ဆင်းရဲခြင်း ရှိသည်လည်း ဖြစ်သော ဆင်းရဲခြင်း မရှိသည်လည်း ဖြစ်သော ချမ်းသာ ဆင်းရဲရောပြွမ်းသော ဝေဒနာကို လူနှင့် အချို့သောနတ် အချို့သောဝေမာနိကပြိတ္တာတို့ကဲ့သို့ ခံစားရ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဗဟုကာရသုတ်

၂၄။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့သည် အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိ၏။

ရဟန်းတို့ နောက်တမျိုးကား အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ'နိဗ္ဗာန်'တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိ၏။

ရဟန်းတို့ နောက်တမျိုးကား အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိ ကိလေသာမှလွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာကို ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးသည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိကုန်၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်အား ဤပုဂ္ဂိုလ်သုံးမျိုးတို့မှ တပါး များစွာ ကျေးဇူးရှိသည့် အခြားပုဂ္ဂိုလ်ကား မရှိဟု ငါဆို၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့အား ဤအခြားပုဂ္ဂိုလ်သည် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးပစ္စည်းတို့ဖြင့် ချီးမြှောက်ခြင်းဖြင့် ကောင်းစွာ ကျေးဇူးတုံ့ပြန်ခြင်းငှါ မလွယ်ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဝဇိရူပမသုတ်

၂၅။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အမာပေါင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်၎င်း လျှပ်စစ်နှင့်တူသော စိတ်ရှိသောပုဂ္ဂိုလ်၎င်း ဝဇိရစိန်နှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်၎င်း တို့တည်း။ ရဟန်းတို့ အမာပေါင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပြင်းစွာ ပင်ပန်းခြင်းများ၏၊ အနည်းငယ် ပြောဆိုရုံမျှဖြစ်သော်လည်း ကပ်ငြိတတ်၏၊ အမျက်ထွက်တတ်၏၊ စိတ်နာတတ်၏၊ ခက်ထန်တတ်၏။ အမျက်ထွက်ခြင်းကို၎င်း ပြစ်မှားခြင်းကို၎င်း မနှစ်သက်ခြင်းကို၎င်း ထင်စွာပြုတတ်၏၊ ရဟန်းတို့ အမာပေါင်းသည် သစ်သားစဖြင့်သော်၎င်း အိုးခြမ်းကွဲဖြင့်သော်၎င်း ထိခိုက်မိသော် လွန်လွန် ကဲကဲ (သွေးပြည် အရိအရွဲတို့) ယိုထွက်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပြင်းစွာ ပင်ပန်းခြင်းများ၏၊ အနည်းငယ် ပြောဆိုရုံမျှ ဖြစ်သော်လည်း ကပ်ငြိတတ်၏၊အမျက်ထွက်တတ်၏၊ စိတ်နာတတ်၏၊ ခက်ထန်တတ်၏၊ အမျက်ထွက်ခြင်းကို၎င်း ပြစ်မှားခြင်းကို၎င်း မနှစ်သက်ခြင်းကို၎င်း ထင်စွာပြုတတ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို အမာပေါင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ လျှပ်စစ်နှင့်တူသော စိတ်ရှိသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ရဟန်းတို့ မျက်စိအမြင်ရှိသောယောကျ်ားသည် အလွန်မှောင်မိုက်သော ညဉ့်၌ လျှပ်စစ်ပြက်ခသော ခဏဝယ် ရူပါရုံတို့ကို မြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင်ဤ လောက၌ အချို့သော ပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊" ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို လျှပ်စစ်နှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ ဝဇိရစိန်နှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာကို ထူးသောဉာဏ်ဖြင့် သိသည်ဖြစ်၍ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဝဇိရစိန်ဖြင့် မခွဲမဖျက်နိုင်သော တစုံတရာသော ပတ္တမြားသည်၎င်း ကျောက်သည်၎င်း မရှိသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ ရောက်လျက်နေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ဝဇိရစိန်နှင့် တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏ ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-သေဝိတဗ္ဗသုတ်

၂၆။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်မျိုးရှိ၏၊ရဟန်းတို့ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်မျိုးရှိ၏၊ ရဟန်းတို့ အရိုအသေ အလေးအမြတ်ပြု၍ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်မျိုးရှိ၏။ ရဟန်းတို့ မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလ သမာဓိ ပညာအားဖြင့် (မိမိအောက်)ယုတ်၏။ ရဟန်းတို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အစဉ်သနားခြင်း အစဉ် စောင့်ရှောက်ခြင်းကို ကြဉ်ထား၍(မိမိအကျိုးငှါ) မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်။

ရဟန်းတို့ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် သီလ သမာဓိ ပညာအားဖြင့် (မိမိနှင့်)တူ၏၊ ရဟန်းတို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲထိုက်၏၊ ဆည်းကပ်ထိုက်၏၊ ချဉ်းကပ်ထိုက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ သီလအားဖြင့် တူခြင်းသို့ရောက်ကုန်သော သူတော်ကောင်းတို့၏ သီလကို အကြောင်းပြု၍ဖြစ်သော စကားသည်လည်း ငါတို့အား ဖြစ်လတ္တံ့၊ ထိုစကားသည်လည်း ငါတို့အား အစဉ်မပြတ်သော စကား ဖြစ်လတ္တံ့၊ထိုစကားသည်လည်း ငါတို့အား ချမ်းသာစွာနေရခြင်းသည်လည်း ဖြစ်လတ္တံ့။ သမာဓိအားဖြင့် တူခြင်းသို့ ရောက်ကုန်သော သူတော်ကောင်းတို့၏ သမာဓိကို အကြောင်းပြု၍ ဖြစ်သော စကားသည်လည်း ငါတို့အား ဖြစ်လတ္တံ့၊ ထိုစကားသည်လည်း ငါတို့အား အစဉ်မပြတ်သော စကားဖြစ်လတ္တံ့၊ ထိုစကားသည်လည်း ငါတို့အား ချမ်းသာစွာ နေရခြင်းသည်လည်း ဖြစ်လတ္တံ့။ပညာအားဖြင့် တူခြင်းသို့ ရောက်ကုန်သော သူတော်ကောင်းတို့၏ ပညာကို အကြောင်းပြု၍ ဖြစ်သော စကားသည်လည်း ငါတို့အား ဖြစ်လတ္တံ့၊ ထိုစကားသည်လည်း ငါတို့အား အစဉ်မပြတ်သောစကား ဖြစ်လတ္တံ့၊ ထိုစကားသည်လည်း ငါတို့အား ချမ်းသာစွာနေရခြင်းသည်လည်း ဖြစ်လတ္တံ့။ ထို့ကြောင့် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲထိုက်၏၊ ဆည်းကပ်ထိုက်၏၊ ချဉ်းကပ်ထိုက်၏။

ရဟန်းတို့ အရိုအသေ အလေးအမြတ်ပြု၍ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလ သမာဓိ ပညာအားဖြင့် (မိမိထက်) လွန်၏၊ ရဟန်းတို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အရိုအသေ အလေးအမြတ်ပြု၍ မှီဝဲထိုက်၏၊ ဆည်းကပ်ထိုက်၏၊ချဉ်းကပ်ထိုက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤသို့မှီဝဲ ဆည်းကပ် ချဉ်းကပ် ခြင်းဖြင့် မပြည့်စုံသေးသော သီလအစုကိုလည်း ပြည့်စုံစေရအံ့၊ ပြည့်စုံပြီးသော သီလအစုကိုလည်း ထိုထိုအရာတို့၌ ပညာဖြင့် ချီးမြှောက်ရအံ့၊မပြည့်စုံသေးသော သမာဓိအစုကိုလည်း ပြည့်စုံစေရအံ့၊ပြည့်စုံပြီးသော သမာဓိအစုကိုလည်း ကိုထိုအရာတို့၌ ပညာဖြင့် ချီးမြှောက်ရအံ့၊ မပြည့်စုံသေးသော ပညာအစုကိုလည်း ပြည့်စုံစေရအံ့၊ပြည့်စုံပြီးသော ပညာအစုကိုလည်း ထိုထိုအရာတို့၌ ပညာဖြင့် ချီးမြှောက်ရအံ့၊ ထို့ကြောင့် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို အရိုအသေ အလေးအမြတ်ပြု၍ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မိမိအောက် သီလစသည်ဖြင့် နိမ့်သူကို ပေါင်းဖော်မှီဝဲလေ့ရှိသူသည် ဆုတ်ယုတ်ရ၏၊မိမိနှင့် သီလစသည်ဖြင့် တူသူကို ပေါင်းဖော်မှီဝဲလေ့ ရှိသူသည် တရံတခါမျှ မဆုတ်ယုတ်ရာ၊ မိမိထက် သီလစသည်ဖြင့် မြတ်သူကို ဆည်းကပ်သူသည် လျင်စွာ တိုးတက်၏။ ထို့ကြောင့် မိမိထက် သီလစသည်ဖြင့် မြင့်မြတ်သူကို ဆည်းကပ်ရာ၏။

ဆဋ္ဌသုတ်။

## ၇-ဇိဂုစ္ဆိတဗ္ဗသုတ်

၂၇။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။အဘယ်သုံးမျိုးတို့နည်း ဟူမူ——ရဟန်းတို့ စက်ဆုပ်ထိုက် မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်မျိုး ရှိ၏၊ရဟန်းတို့ လျစ်လျူရှုထိုက် မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်မျိုး ရှိ၏၊ ရဟန်းတို့ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်မျိုးရှိ၏။ ရဟန်းတို့ စက်ဆုပ်ထိုက် မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌အချို့သောပုဂ္ဂိုလ်သည်သီလမရှိ၊ယုတ်ညံ့သောသဘောရှိ၏၊မစင်ကြယ်သောအကျင့်ရှိ၏၊ ယုံမှားဘွယ်သော အကျင့်ရှိ၏၊ ဖုံးလွှမ်းအပ်သော အမှုရှိ၏၊ ရဟန်း မဟုတ်ပဲလျက် ရဟန်းဟု ဝန်ခံ၏၊ မြတ်သော အကျင့်ရှိသူ မဟုတ်ပဲလျက် မြတ်သော အကျင့်ရှိသူဟု ဝန်ခံ၏၊ အတွင်း သဘောပုပ်၏၊ ဖြစ်ပေါ်သော ရာဂစသည်ဖြင့် စွတ်စို၏၊ ဖြစ်ပေါ်သော ရာဂစသော အမှိုက်ရှိ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို စက်ဆုပ်ထိုက်၏၊ မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကိုအတုလိုက်ခြင်းသို့ အကယ်၍ မရောက်စေကာမူ "ဤပုဂ္ဂိုလ်သည် ယုတ်ညံ့သော အဆွေခင်ပွန်းရှိ၏၊ ယုတ်ညံ့သော အပေါင်းအဖော်ရှိ၏၊ ယုတ်ညံ့သော အဆွေခင်ပွန်းသို့ ညွတ်ကိုင်း၏"ဟု ထိုမှီဝဲသော သူ၏ ယုတ်ညံ့သော ကျော်စောသတင်းသည် ပြန့်နှံ့၍ ထွက်၏။ ရဟန်းတို့ မစင်တွင်းသို့ ကျသော မြွေသည် ထိုဆယ်သောသူကို အကယ်၍ မကိုက်စေကာမူ မစင်ဖြင့်မူကား လိမ်းကျံစေနိုင်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤသို့သဘောရှိသော ပုဂ္ဂိုလ်အား အတုလိုက်ခြင်းသို့ အကယ်၍ မရောက်စေကာမူ "ဤပုဂ္ဂိုလ်သည် ယုတ်ညံ့သော အဆွေခင်ပွန်းရှိ၏၊ ယုတ်ညံ့သော အပေါင်းအဖော်ရှိ၏၊ ယုတ်ညံ့သော အဆွေခင်ပွန်းသို့ ညွှတ်ကိုင်း၏"ဟု ထိုမှီဝဲသော သူ၏ ယုတ်ညံ့သော ကျော်စောသတင်းသည် ပြန့်နှံ့၍ ထွက်၏။ ထို့ကြောင့် ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို စက်ဆုပ်ထိုက်၏၊ မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်။

ရဟန်းတို့ လျစ်လျူရှုထိုက် မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပြင်းစွာပင်ပန်းခြင်းများ၏၊ အနည်းငယ်ပြောဆိုရုံမျှ ဖြစ်သော်လည်း ကပ်ငြိတတ်၏၊ အမျက်ထွက်တတ်၏၊ စိတ်နာတတ်၏၊ ခက်ထန်တတ်၏၊ အမျက်ထွက်ခြင်းကိုလည်း ပြစ်မှားခြင်းကိုလည်း မနှစ်သက်ခြင်းကိုလည်း ထင်စွာပြုတတ်၏။ ရဟန်းတို့ အမာဟောင်းသည် သစ်သားစဖြင့်သော်လည်း အိုးခြမ်းကွဲဖြင့်သော်လည်း ထိခိုက်မိသော် လွန်လွန်ကဲကဲ(သွေးပြည် အရိအရွဲကို) ယိုထွက်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင်။ပ။ ရဟန်းတို့ လောင်နေဆဲဖြစ်သော တည်သားမီးစသည် သစ်သားစဖြင့် သော်လည်း အိုးခြမ်းကွဲဖြင့်သော်လည်း ထိခိုက်မိသော် လွန်လွန်ကဲကဲ ဖြစ်ဖြစ်မြည်သကဲ့သို့ ရဟန်းတို့

http://www.dhammadownload.com



ဤအတူသာလျှင်။ပ။ ရဟန်းတို့ မစင်တွင်းသည် သစ်သားစဖြင့်သော်၎င်း အိုးခြမ်းကွဲဖြင့်သော်၎င်း ထိခိုက်မိသော် လွန်လွန်ကဲကဲ မကောင်းသော အနံ့ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပြင်းစွာ ပင်ပန်းခြင်းများ၏၊ အနည်းငယ် ပြောဆိုရုံမျှ ဖြစ်သော်လည်း ကပ်ငြိတတ်၏၊ အမျက်ထွက်တတ်၏၊ စိတ်နာတတ်၏၊ ခက်ထန်တတ်၏၊ အမျက်ထွက်ခြင်းကို၎င်း ပြစ်မှားခြင်းကို၎င်း မနှစ်သက်ခြင်းကို၎င်း ထင်စွာ ပြုတတ်၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို လျစ်လျူရှုထိုက်၏၊ မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ငါ့ကို ဆဲရေးမှုလည်း ဆဲရေးရာ၏၊ ငါ့ကို ခြိမ်းချောက်မှုလည်း ခြိမ်းချောက်ရာ၏၊ ငါ့ကို အကျိုးမဲ့ပြုမှုလည်း ပြုရာ၏။ ထို့ကြောင့် ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို လျစ်လျူရှုထိုက်၏၊ မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်။

ရဟန်းတို့ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲထိုက်၏၊ ဆည်းကပ်ထိုက်၏၊ ချဉ်းကပ်ထိုက်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်၏ အတုလိုက်ခြင်းသို့ အကယ်၍ မရောက်စေကာမူ "ဤပုဂ္ဂိုလ်သည် ကောင်းသော အဆွေခင်ပွန်း ရှိ၏၊ ကောင်းသော အပေါင်းအဖော်ရှိ၏၊ ကောင်းသော အဆွေခင်ပွန်းသို့ ညွတ်ကိုင်း၏"ဟု ထိုမှီဝဲသောသူ၏ ကျော်စောသတင်းသည် ပြန့်နှံ့၍ ထွက်၏။ ထို့ကြောင့် ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲထိုက်၏၊ ဆည်းကပ်ထိုက်၏၊ ချဉ်းကပ်ထိုက်၏၊ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် သုံးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

မိမိအောက် သီလစသည်ဖြင့် နိမ့်သူကို ပေါင်းဖော်မှီဝဲလေ့ရှိသူသည် ဆုတ်ယုတ်ရ၏၊ မိမိနှင့် သီလစသည်ဖြင့် တူသူကို ပေါင်းဖော်မှီဝဲလေ့ရှိသူသည် တရံတခါမျှ မဆုတ်ယုတ်ရာ၊ မိမိထက် သီလစသည်ဖြင့် မြင့်မြတ်သူကို ဆည်းကပ်သူသည် လျင်စွာ တိုးတက်၏။ ထို့ကြောင့် မိမိထက် သီလစသည်ဖြင့် မြင့်မြတ်သူကို ဆည်းကပ်ရာ၏။

သတ္တမသုတ်။

---

## ၈-ဂူထဘာဏီသုတ်

၂၈။ ရဟန်းတို့ ဤပုဂ္ဂိုလ် သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မစင်ကဲ့သို့ မကောင်းသော အနံ့ရှိသောစကားကို ဆိုတတ်သော ပုဂ္ဂိုလ်၎င်း ပန်းကဲ့သို့ ကောင်းသော အနံ့ရှိသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်၎င်း ပျားကဲ့သို့ ချိုသာသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်၎င်း တို့တည်း။ ရဟန်းတို့ မစင်ကဲ့သို့ မကောင်းသော အနံ့ရှိသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ ပွဲသဘင်၌သော်၎င်း ပရိသတ်၌သော်၎င်း ဆွေမျိုးတို့ အလယ်၌သော်၎င်း အသင်းအပင်းအလယ်၌သော်၎င်း မင်းမျိုးတို့ အလယ်၌သော်၎င်း တည်နေသော အချို့သော ပုဂ္ဂိုလ်ကို ခေါ်ဆောင်၍ "အချင်းယောကျ်ား လာလော့ သင်သိသည်ကို ပြောပါလော့" ဟု သက်သေအရာ၌ ထားလျက် မေးအပ်၏၊ ထိုသူသည် "မသိသည်ကို သိ၏"ဟု၎င်း "သိသည်ကို မသိ"ဟု၎င်း "မမြင်သည်ကိုမြင်၏"ဟု၎င်း "မြင်သည်ကို မမြင်"

http://www.dhammadownload.com



ဟု ရင်း ဤသို့ မိမိအကြောင်းကြောင့်သော်ရင်း သူတပါး အကြောင်းကြောင့်သော်ရင်း တံစိုးလက်ဆောင် အစားအစာဟူသော အကြောင်းကြောင့်သော်ရင်း သိလျက် မမှန်သော စကားကို ပြောဆို၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မစင်ကဲ့သို့ မကောင်းသော အနံ့ရှိသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ ပန်းကဲ့သို့ ကောင်းသော အနံ့ရှိသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ ပွဲသဘင်၌သော်ရင်း ပရိသတ်၌သော်ရင်း ဆွေမျိုးတို့ အလယ်၌သော်ရင်း အသင်းအပင်းအလယ်၌သော်ရင်း မင်းမျိုးတို့အလယ်၌သော်ရင်း တည်နေသော အချို့သော ပုဂ္ဂိုလ်ကို ခေါ်ဆောင်၍ "အချင်းယောကျာ်း လာလော့ သင်သိသည်ကို ပြောပါလော့"ဟု သက်သေအရာ၌ ထား၍ မေးအပ်၏၊ ထိုသူသည် "မသိသည်ကို မသိ"ဟုရင်း "သိသည်ကို သိ၏"ဟုရင်း "မမြင်သည်ကို မမြင်ဟု"ရင်း "မြင်သည်ကို မြင်၏"ဟုရင်း ဤသို့ မိမိအကြောင်းကြောင့်သော်ရင်း သူတပါး အကြောင်းကြောင့်သော်ရင်း တံစိုးလက်ဆောင် အစားအစာဟူသော အကြောင်းကြောင့်သော်ရင်း သိလျက် မမှန်သော စကားကို မပြောဆို။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ပန်းကဲ့သို့ ကောင်းသော အနံ့ရှိသော စကားကို ပြောဆိုတတ်သောပုဂ္ဂိုလ် ဟု ဆိုအပ်၏။

ရဟန်းတို့ ပျားကဲ့သို့ ချိုသာသောစကားကို ပြောဆိုတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကြမ်းသော စကားကို ပယ်၍ ကြမ်းသော စကားမှ ရှောင်ကြဉ်၏။ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့သက်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့သဘောရှိသော စကားကို ဆို၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ပျားကဲ့သို့ ချိုသာသော စကားကို ပြောဆိုတတ်သော ပုဂ္ဂိုလ်ဟုဆိုအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အန္ဓသုတ်

၂၉။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။အဘယ်သုံးမျိုးတို့နည်း ဟူမူ—ကန်းသောပုဂ္ဂိုလ်ရင်း တဖက်အမြင်ရှိသောပုဂ္ဂိုလ်ရင်း နှစ်ဖက် အမြင်ရှိသောပုဂ္ဂိုလ်ရင်း တို့တည်း။ ရဟန်းတို့ ကန်းသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား အကြင်သို့ သဘောရှိသော မျက်စိဖြင့် မရသေးသော စည်းစိမ်ဥစ္စာကိုလည်း ရနိုင်ရာ၏၊ ရပြီးသော စည်းစိမ်ဥစ္စာကိုလည်း တိုးပွါးအောင် ပြုနိုင်ရာ၏၊ ထိုသို့သဘောရှိသော မျက်စိသည် မရှိ။ အကြင်သို့သဘောရှိသော မျက်စိဖြင့် ကုသိုလ် အကုသိုလ်တို့ကို သိနိုင်ရာ၏၊ အပြစ်ရှိ မရှိကုန်သော တရားတို့ကို သိနိုင်ရာ၏၊ အယုတ်အမြတ်တရားတို့ကို သိနိုင်ရာ၏၊မည်းညစ်ဖြူစင်သော အဖို့ရှိသော တရားတို့ကို သိနိုင်ရာ၏၊ ထိုသို့ သဘောရှိသော မျက်စိသည်လည်း မရှိ။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ကန်းသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ တဖက် အမြင်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်အား အကြင်သို့ သဘောရှိသော မျက်စိဖြင့် မရသေးသော စည်းစိမ်ဥစ္စာကိုလည်း

http://www.dhammadownload.com



ရနိုင်ရာ၏၊ ရပြီးသော စည်းစိမ်ဥစ္စာကိုလည်း တိုးပွါးအောင် ပြုနိုင်ရာ၏၊ ထိုသို့သဘောရှိသော မျက်စိသည် ရှိ၏။ အကြင်သို့သဘောရှိသော မျက်စိဖြင့် ကုသိုလ်အကုသိုလ်တို့ကို သိနိုင်ရာ၏၊ အပြစ်ရှိ မရှိကုန်သော တရားတို့ကို သိနိုင်ရာ၏၊ အယုတ်အမြတ်တရားတို့ကို သိနိုင်ရာ၏၊ မည်းညစ် ဖြူစင်သော အဖို့ရှိသော တရားတို့ကို သိနိုင်ရာ၏၊ ထိုသို့သဘောရှိသော မျက်စိကား မရှိ။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို တဖက်အမြင်ရှိသော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

ရဟန်းတို့ နှစ်ဖက်အမြင်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်အား အကြင်သို့သဘောရှိသော မျက်စိဖြင့် မရသေးသော စည်းစိမ်ဥစ္စာကိုလည်း ရနိုင်ရာ၏၊ ရပြီးသော စည်းစိမ်ဥစ္စာကိုလည်း တိုးပွါးအောင် ပြုနိုင်ရာ၏၊ ထိုသို့သဘောရှိသော မျက်စိ အမြင်သည် ရှိ၏။ အကြင်သို့ သဘောရှိသော မျက်စိဖြင့် ကုသိုလ်အကုသိုလ်တို့ကို သိနိုင်ရာ၏၊ အပြစ်ရှိ မရှိကုန်သော တရားတို့ကို သိနိုင်ရာ၏၊ အယုတ် အမြတ် တရားတို့ကို သိနိုင်ရာ၏၊ မည်းညစ် ဖြူစင်သော အဖို့ရှိသော တရားတို့ကို သိနိုင်ရာ၏၊ ထိုသို့သဘောရှိသော မျက်စိသည်လည်း ရှိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို နှစ်ဖက်အမြင်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ အကြင် (ပညာ)မျက်စိ ပျက်၍ ကန်းသူအား ထိုသို့သဘောရှိကုန်သော စည်းစိမ်တို့သည်လည်း မဖြစ်ကုန်၊ ကောင်းမှုတို့ကိုလည်း မပြုလုပ်နိုင်၊ ထိုသူသည် (ပစ္စုပ္ပန် တမလွန်) နှစ်တန်သော လောက၌ ဆုံးရှုံးရလေ၏။

ထိုမှ တပါး ကောက်ကျစ်သော ပုဂ္ဂိုလ်သည် ဓမ္မ အဓမ္မဖြင့် စည်းစိမ် ဥစ္စာတို့ကို ရှာမှီး၏၊ ဤပုဂ္ဂိုလ်ကို တဖက် အမြင်ရှိသော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

အကြင်ပုဂ္ဂိုလ်သည် ခိုးဝှက်မှုဖြင့်၎င်း ကောက်ကျစ်စဉ်းလဲမှုဖြင့်၎င်း မဟုတ်မမှန် ပြောဆိုခြင်းဖြင့်၎င်း နှစ်ပါးစုံတို့ဖြင့်၎င်း ဥစ္စာစည်းစိမ်တို့ကို စုဆောင်းခြင်းငှါ ကျွမ်းကျင်၏၊ ကာမဂုဏ် ခံစားသော တဖက်အမြင်ရှိသော ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်မှ ငရဲသို့ ရောက်၍ ပင်ပန်းဆင်းရဲရ၏။

တရားသဖြင့် ရအပ်သော စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံသော နှစ်ဖက်အမြင်ရှိသူ ဟု ဆိုအပ်သော မြတ်သော အကြင်ပုဂ္ဂိုလ်သည် ထကြွလုံ့လဖြင့် ရအပ်သော ဥစ္စာကို ပေးလှူ၏၊ ကောင်းမြတ်သော အကြံအစည်ရှိသော ယုံမှားသံသယကင်းသော ထိုပုဂ္ဂိုလ်သည် စိုးရိမ်သောက ကင်းရာ နတ်ပြည်သို့ရောက်ရ၏။

ကန်းသောသူကို၎င်း တဖက်အမြင်ရှိသောသူကို၎င်း ဝေးစွာရှောင်ကြဉ်ရာ၏၊ နှစ်ဖက်အမြင်ရှိသော မြတ်သော ပုဂ္ဂိုလ်ကိုသာ မှီဝဲရာ၏။

နဝမသုတ်။

---

## ၁၀-အဝကုဇ္ဇသုတ်

၃၀။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မှောက်ထားသော အိုးနှင့်တူသော ပညာရှိသော ပုဂ္ဂိုလ်၎င်း ခါးပိုက်နှင့်တူသော

http://www.dhammadownload.com



ပညာရှိသော ပုဂ္ဂိုလ်ရင်း ကြီးကျယ်သော ပညာရှိသော ပုဂ္ဂိုလ်ရင်း တို့တည်း။ ရဟန်းတို့ မှောက်ထားသော အိုးနှင့်တူသော ပညာရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် ရဟန်းတို့ထံ၌ တရားနာရန် ကျောင်းသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကုန်၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြကုန်၏၊ထိုပုဂ္ဂိုလ်သည် ထိုတရားနာရာ နေရာ၌ နေလျက် ထိုတရားစကား၏ အစကိုလည်း နှလုံးမသွင်း၊အလယ်ကိုလည်း နှလုံးမသွင်း၊ အဆုံးကိုလည်း နှလုံးမသွင်း၊ ထိုနေရာမှ ထသော်လည်း ထိုတရားစကား၏ အစ အလယ် အဆုံးကို နှလုံး မသွင်း။ ရဟန်းတို့ မှောက်ထားသော အိုး၌ လောင်းထည့်အပ်သော ရေသည် (ဘေးသို့သာ) လျှောကျ၍ (အိုးထဲ၌) မတည်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် လောက၌ အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတို့ထံ၌ တရားနာရန် ကျောင်းသို့ မပြတ်သွား၏။ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကုန်၏၊အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုတရားနာရာ နေရာ၌ နေလျက် ထိုတရားစကား၏ အစကိုလည်း နှလုံးမသွင်း၊ အလယ်ကိုလည်း နှလုံးမသွင်း၊အဆုံးကိုလည်း နှလုံးမသွင်း၊ ထိုနေရာမှ ထသော်လည်း ထိုတရားစကား၏ အစ အလယ် အဆုံးကို နှလုံးမသွင်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မှောက်ထားသော အိုးနှင့်တူသည့် ပညာရှိသော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

ရဟန်းတို့ ခါးပိုက်နှင့်တူသော ပညာရှိသော ပုဂ္ဂိုလ်ဟူသည်အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရဟန်းတို့ထံ၌ တရားနာရန် ကျောင်းသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောကုန်၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုတရားနာရာနေရာ၌ နေလျက် ထိုတရားစကား၏ အစကိုလည်း နှလုံးသွင်း၏၊ အလယ်ကိုလည်း နှလုံးသွင်း၏၊ အဆုံးကိုလည်း နှလုံးသွင်း၏၊ ထိုတရားနာရာ နေရာမှ ထသော်ကား ထိုတရားစကား၏ အစ အလယ် အဆုံးကို နှလုံး မသွင်းမိ။ ရဟန်းတို့ ယောကျာ်း၏ (ပုဆိုး) ခါးပိုက်အတွင်း၌ နှမ်း ဆန် ကတ္တတ်မုံ့ ဆီးသီး စသော အထူးထူးသော ခဲဖွယ်များ ရောပြွမ်းလျက် ရှိကုန်၏။ ထိုသူသည် ထိုနေရာမှ ထသော် သတိမေ့လျော့ခြင်းကြောင့် (ထိုခဲဖွယ်အားလုံးတို့ကို) ဖရိုဖရဲ ဖြန့်ကြဲလိုက်မိသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတို့ထံ၌ တရားနာရန် ကျောင်းသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကုန်၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုတရားနာရာ နေရာ၌ နေလျက် တရားစကား၏ အစကိုလည်း နှလုံးသွင်း၏၊ အလယ်ကိုလည်း နှလုံးသွင်း၏၊ အဆုံးကိုလည်း နှလုံးသွင်း၏၊ ထိုနေရာမှ ထသော်ကား ထိုတရားစကား၏ အစ အလယ် အဆုံးကို နှလုံး မသွင်းမိ။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ခါးပိုက်နှင့်တူသည့် ပညာရှိသော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

ရဟန်းတို့ ကြီးကျယ်သည့် ပညာရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတို့ထံ၌ တရားနာရန် ကျောင်းသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား

http://www.dhammadownload.com



ရဟန်းတို့သည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကုန်၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုတရားနာရာ နေရာ၌ နေလျက် ထိုတရားစကား၏ အစကိုလည်း နှလုံးသွင်း၏၊ အလယ်ကိုလည်း နှလုံးသွင်း၏၊အဆုံးကိုလည်း နှလုံးသွင်း၏၊ ထိုနေရာမှ ထသော်လည်း ထိုတရားစကား၏ အစ အလယ် အဆုံးကို နှလုံးသွင်းမိ၏။ ရဟန်းတို့ လှန်ထားသော အိုး၌ လောင်းထည့်သော ရေသည် တည်နေ၍ မလျောကျသကဲ့သို့ ရဟန်းတို့ ဤ အတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရဟန်းတို့ထံ၌ တရားနာရန် ကျောင်းသို့ မပြတ်သွား၏၊ ထိုပုဂ္ဂိုလ်အား ရဟန်းတို့သည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကုန်၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ထိုတရားနာရာ နေရာ၌ နေလျက် ထိုတရားစကား၏ အစကိုလည်း နှလုံးသွင်း၏၊ အလယ်ကိုလည်း နှလုံးသွင်း၏၊ အဆုံးကိုလည်း နှလုံးသွင်း၏။ ထိုနေရာမှ ထသော်လည်း ထိုတရားစကား၏ အစ အလယ် အဆုံးကို နှလုံးသွင်းမိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ကြီးကျယ်သည့် ပညာရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ် သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပညာ ကင်းမဲ့၍ ဆင်ခြင်ဉာဏ် မရှိသော မှောက်ထားသော အိုးနှင့်တူသော ပညာရှိသော ပုဂ္ဂိုလ်သည် ရဟန်းတို့ထံသို့ အကယ်၍ မပြတ်သွားရောက်စေကာမူ ထိုသို့သော ပုဂ္ဂိုလ်သည် တရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း မှတ်ယူရန် မစွမ်းနိုင်၊ ထိုပုဂ္ဂိုလ်အား ပညာဉာဏ် မရှိသည်သာတည်း။

ခါးပိုက်နှင့် တူသော ပညာရှိသော ပုဂ္ဂိုလ်ကို ထိုမှောက်ထားသော အိုးနှင့်တူသည့် ပညာရှိသော ပုဂ္ဂိုလ်ထက် မြတ်၏ဟု ဆိုအပ်၏၊ (ထိုပုဂ္ဂိုလ်သည်) ရဟန်းတို့ထံသို့ မပြတ်သွားရောက်စေကာမူ ထိုသို့သော ပုဂ္ဂိုလ်သည် ထိုတရားနာရာ နေရာ၌ နေလျက် တရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း မှတ်ယူပြီး၍ နေရာမှ ထသော်ကား သဒ္ဒါပုဒ်ဗျည်းကို အပြားအားဖြင့် မသိ၊ ထိုပုဂ္ဂိုလ်သည် နာယူပြီး တရားကိုလည်း မေ့လျော့၏။

ကြီးကျယ်သော ပညာရှိသည့် ပုဂ္ဂိုလ်ကို ထိုဆိုပြီး ပုဂ္ဂိုလ်တို့ထက် မြတ်၏ဟု ဆိုအပ်၏၊ ထို ဂုဏ်နှင့် ပြည့်စုံသော သူသည် ရဟန်းတို့ထံသို့ မပြတ်သွားရောက်သည် ဖြစ်အံ့။

တရားစကား၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း ထိုနေရာ၌ နေလျက် မှတ်ယူပြီး၍ (နေရာမှ ထသော်လည်း) သဒ္ဒါပုဒ်ဗျည်းကို ဆောင်နိုင်၏၊ မြတ်သော အကြံအစည် ရှိသော ယုံမှားကင်းသော စိတ်ရှိသော ထိုပုဂ္ဂိုလ်သည် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သည် ဖြစ်၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုနိုင်ရာ၏။

ဒသမသုတ်။

သုံးခုမြောက် ပုဂ္ဂလဝဂ် ပြီး၏။

---

## ၄-ဒေဝဒူတဝဂ် ၁-သဗြဟ္မကသုတ်

၃၁။ ရဟန်းတို့ အကြင်အမျိုးတို့၏ သားသမီးတို့သည် မိမိအိမ်၌ အမိ အဖတို့ကို လုပ်ကျွေးမွေးဇော်အပ်ကုန်၏၊ ထိုအမျိုးတို့သည် "ဗြဟ္မာ" နှင့်တကွ နေသည် မည်ကုန်၏။ ရဟန်းတို့ အကြင်အမျိုး

http://www.dhammadownload.com



တို့၏ သားသမီးတို့သည် မိမိအိမ်၌ အမိ အဖတို့ကို လုပ်ကျွေးပူဇော်အပ်ကုန်၏၊ ထိုအမျိုးတို့သည် "လက်ဦးဆရာ"နှင့်တကွ နေသည် မည်ကုန်၏။ ရဟန်းတို့ အကြင်အမျိုးတို့၏ သားသမီးတို့သည် မိမိအိမ်၌ အမိ အဖတို့ကို လုပ်ကျွေးပူဇော်အပ်ကုန်၏၊ထိုအမျိုးတို့သည်"အဝေးမှ ဆောင်ယူလာသော အလှူကို ခံယူထိုက်သူ"နှင့် တကွ နေသည် မည်ကုန်၏။ ရဟန်းတို့ ဗြဟ္မာဟူသော ဤအမည်သည် အမိ အဖတို့၏ အမည်တည်း။ ရဟန်းတို့ လက်ဦးဆရာဟူသော ဤအမည်သည် အမိ အဖတို့၏ အမည်တည်း။ ရဟန်းတို့ အဝေးမှ ဆောင်ယူလာသော အလှူကို ခံယူထိုက်သူ ဟူသော ဤအမည်သည် အမိအဖတို့၏ အမည်တည်း။ ထိုသို့ မည်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း။ ရဟန်းတို့ အမိ အဖတို့သည် သားသမီးတို့အား များစွာ ကျေးဇူးရှိကုန်၏၊ အသက်ကို စောင့်ရှောက်တတ်ကုန်၏၊ ကျွေးမွေးတတ်ကုန်၏၊ ဤလောကကို ညွှန်ပြတတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အမိ အဖတို့ကို သားသမီးတို့၏ ဗြဟ္မာဟူ၍၎င်း လက်ဦးဆရာ ဟူ၍၎င်း သားသမီးတို့၏ အဝေးမှ ဆောင်ယူလာသောအလှူကို ခံယူထိုက်သူဟူ၍၎င်း ဆိုအပ်ကုန်၏၊ (အမိ အဖတို့သည်) သားသမီးတို့အား အစဉ်သနားတတ်ကုန်၏။

ထို့ကြောင့်သာလျှင် ပညာရှိသော သားသမီးသည် ထိုအမိ အဖတို့ကို ကိုင်းညွတ်ရှိခိုးရာ၏၊ ထမင်းဟင်းဖြင့်၎င်း ထို့ပြင် အဖျော်ယမကာဖြင့်၎င်း အဝတ်အရုံဖြင့်၎င်း အိပ်ရာ နေရာဖြင့်၎င်း အမွှေးနံ့သာ လိမ်းကျံပေးခြင်းဖြင့်၎င်း ရေချိုးပေးခြင်းဖြင့်၎င်း ခြေတို့ကို ဆေးကြောပေးခြင်းဖြင့်၎င်း ကောင်းစွာပြုစု လုပ်ကျွေးရာ၏၊ အမိ အဖတို့၌ ထိုသို့ လုပ်ကျွေးခြင်းကြောင့် ထို သားသမီးကို မျက်မှောက်ဘဝ၌ပင် ပညာရှိတို့သည် ချီးမွမ်းကုန်၏၊ ထိုသားသမီးသည် တမလွန်ဘဝသို့ ရောက်သော် နတ်ပြည်၌ မွေ့လျော်ရ၏။

ပဌမသုတ်။

---

## ၂-အာနန္ဒသုတ်

၃၂။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား အကြင်သို့ သဘောရှိသော သမာဓိဖြင့် ဝိညာဉ်ရှိသော ဤကိုယ်၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာ ဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အပသန္တာန်၌ ဖြစ်သော အလုံးစုံသော အာရုံ (နိမိတ်)တို့၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာ အားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အကြင်စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ် သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍နေသော ပုဂ္ဂိုလ်အား ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာ အားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်၊ ထိုစိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေရာ၏၊ ရဟန်းအား ထိုသို့ သဘောရှိသော သမာဓိကို ရခြင်းသည် ဖြစ်ရာပါသလော" ဟု လျှောက်၏။

http://www.dhammadownload.com



အာနန္ဒာ အကြင်သို့သဘောရှိသော သမာဓိဖြင့် ဝိညာဉ်ရှိသော ဤကိုယ်၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အပသန္တာန်၌ ဖြစ်သော အလုံးစုံသော အာရုံ(နိမိတ်)တို့၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့်ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အကြင်စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေသော ပုဂ္ဂိုလ်အား ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာ ဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်၊ ထိုစိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ် သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေရာ၏၊ ရဟန်းအား ထိုသို့ သဘောရှိသော သမာဓိကို ရခြင်းသည် ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကြင်သို့ သဘောရှိသောသမာဓိဖြင့် ဝိညာဉ်ရှိသော ဤကိုယ်၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အပသန္တာန်၌ဖြစ်သော အလုံးစုံသော အာရုံ(နိမိတ်)တို့၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့်ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အကြင်စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ် ပညာသို့ ရောက်၍ နေသော ပုဂ္ဂိုလ်အား ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်၊ ထိုစိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ် သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေရာ၏၊ ထိုသို့ သဘောရှိသော သမာဓိကို ရခြင်းသည် ရဟန်းအား အဘယ်သို့လျှင် ဖြစ်ရာပါအံ့နည်း ဟု (လျှောက်ပြန်၏)။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား ပြုပြင်စီရင်တတ်သော သင်္ခါရတရား အားလုံးတို့၏ ငြိမ်းရာ ဥပဓိအားလုံးကိုပယ်စွန့်ရာ တဏှာကုန်ခန်းရာ တပ်မက်ခြင်းကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် ရှိ၏၊ ထိုနိဗ္ဗာန်သည် ငြိမ်သက်၏၊ ထိုနိဗ္ဗာန်သည် မွန်မြတ်၏ဟု ဤသို့သော အကြံ ဖြစ်၏။ အာနန္ဒာ ဤသို့သာလျှင် အကြင်သို့ သဘောရှိသော သမာဓိဖြင့် ဝိညာဉ်ရှိသော ဤကိုယ်၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အပသန္တာန်၌ ဖြစ်သော အလုံးစုံသော အာရုံ(နိမိတ်)တို့၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာ အားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်ရာ။ အကြင်စိတ်၏ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေသော ပုဂ္ဂိုလ်အား ငါဟူသော အခြင်းအရာအားဖြင့်

http://www.dhammadownload.com



ဖြစ်သော အဟံကာရ ငါဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်၊ ထိုစိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေရာ၏၊ ရဟန်းအား ထိုသို့သဘောရှိသော သမာဓိကို ရခြင်းသည် ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။ အာနန္ဒာ ဤနိဗ္ဗာန်ကို ရည်ရွယ်၍ ပါရာယနဝဂ်တွင် ပုဏ္ဏကလုလင်၏ အမေးပုစ္ဆာ၌ ဤသို့ ငါဟောခဲ့၏—

"လောက၌ သူတပါး ခန္ဓာကိုယ် မိမိခန္ဓာကိုယ်တို့ကို (ပညာဖြင့်)ဆင်ခြင်မိသောကြောင့် အကြင်ရဟန္တာပုဂ္ဂိုလ်အား လောကဝယ် တစုံတခုသောအာရုံ၌ တုန်လှုပ်ခြင်းမရှိ ငြိမ်းအေး၏၊ အခိုးအငွေ့ကင်း၏၊ ဆင်းရဲခြင်း ကင်း၏၊ တပ်မက်ခြင်း ကင်း၏၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ပဋိသန္ဓေ နေခြင်း အိုခြင်း နာခြင်း သေခြင်းကို ကူးမြောက်ပြီးသူ ဟု (ငါ)ဆို၏" ဟု ငါ ဟောထားခဲ့၏။

ဒုတိယသုတ်။

## ၃-သာရိပုတ္တသုတ်

၃၃။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊တခုသော နေရာ၌ထိုင်နေသော အသျှင်သာရိပုတြာအား မြတ်စွာဘုရားသည် "သာရိပုတြာ ငါသည် အကျဉ်းအားဖြင့်လည်း တရားကို ဟောကြားခဲ့၏၊ အကျယ်အားဖြင့်လည်း တရားကို ဟောကြားခဲ့၏၊ အကျဉ်းအကျယ်အားဖြင့်လည်း တရားကို ဟောကြားခဲ့၏၊ ထိုသို့ ဟောကြားခဲ့သော်လည်း ထိုးထွင်း၍ သိနိုင်သော ပုဂ္ဂိုလ်တို့ကို ရခဲကုန်၏" ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့်ငင်း အကျယ်အားဖြင့်ငင်း အကျဉ်းအကျယ်အားဖြင့်ငင်း တရားကို ဟောကြားခဲ့၏၊ ထိုသို့ ဟောကြားခဲ့သော် တရားတော်ကို ထိုးထွင်း၍ သိနိုင်သော ပုဂ္ဂိုလ်တို့သည် ရှိကြပါလိမ့်မည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား (ယခုအခါကား) ထိုတရားဟောတော်မူခြင်း၏ အခါပါတည်း။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား (ယခုအခါကား) ထိုတရား ဟောတော်မူခြင်း၏ အခါပါတည်း ဟု (လျှောက်၏)။

သာရိပုတြာ သို့ဖြစ်လျှင် ဤသာသနာတော်၌ "ဝိညာဉ်ရှိသော ဤကိုယ်၌လည်း ငါ ဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါဥစ္စာ ဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်လတ္တံ့။ အပသန္တာန်၌ ဖြစ်ကုန်သော အလုံးစုံသော အာရုံ(နိမိတ်)တို့၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်လတ္တံ့။ အကြင် စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေသော ပုဂ္ဂိုလ်အား ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်၊ ထိုစိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း

http://www.dhammadownload.com



အရဟတ္တဖိုလ်ပညာသို့ ရောက်၍ နေကုန်အံ့" ဟု ဤသို့ ကျင့်ရမည်။ သာရိပုတြာ ဤသို့သာလျှင် ကျင့်ရမည်။

သာရိပုတြာ ရဟန်းအား အကြင်အခါမှ စ၍ ဝိညာဉ်ရှိသော ဤကိုယ်၌လည်း ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်။ အပသန္တာန်၌ ဖြစ်ကုန်သော အလုံးစုံသော အာရုံ (နိမိတ်)တို့၌လည်း ငါဟူသော အခြင်းအရာအား ဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာ ဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်။အကြင် စိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ ရောက်၍နေသော ပုဂ္ဂိုလ်အား ငါဟူသော အခြင်းအရာအားဖြင့် ဖြစ်သော အဟံကာရ ငါ့ဥစ္စာ ဟူသော အခြင်းအရာအားဖြင့် ဖြစ်သော မမံကာရ ထောင်လွှားသော အခြင်းအရာအားဖြင့် ဖြစ်သော မာနာနုသယတို့သည် မဖြစ်ကုန်၊ ထိုစိတ်၏ ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ် သမာဓိနှင့် ကိလေသာမှ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်ပညာသို့ရောက်၍ နေ၏။ သာရိပုတြာ ဤရဟန်းကို တဏှာကို ဖြတ်ပြီးသူ ဟူ၍၎င်း သံယောဇဉ်ကို လွန်မြောက်ပြီးသူ ဟူ၍၎င်း မာနကို ကောင်းစွာ ပယ်ခြင်းကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးသူ ဟူ၍၎င်း ဆိုအပ်၏။ သာရိပုတြာ ဤသဘောတရားကို ရည်ရွယ်၍ ပါရာယနဝဂ်တွင် ဥဒယလုလင်၏ အမေးပုစ္ဆာ၌ ငါဟောထားခဲ့၏—

"ကာမသညာနှင့် ဒေါမနဿ ဤနှစ်ပါးစုံကို ပယ်ရှားတတ်သော ထိနတရားကို ပယ်နုတ်တတ်သော ကုက္ကုစ္စတရားတို့ကို ပိတ်ပင်တားမြစ်တတ်သော ဥပေက္ခာနှင့်သတိ၏ စင်ကြယ်ခြင်း ရှိသော သမ္မာသင်္ကပ္ပလျှင် ရှေ့သွားရှိသော အဝိဇ္ဇာတရားကို ပယ်ဖျက်တတ်သော အရဟတ္တဖိုလ်ကို (ငါ)ဆို၏" ဟု ငါ ဟောထားခဲ့၏။

**တတိယသုတ်။**

---

## ၄-နိဒါနသုတ်

၃၄။ ရဟန်းတို့ (ဝဋ်ဆင်းရဲသို့ ရောက်စေတတ်သော)ကံတို့၏ ဖြစ်ပေါ်ကြောင်း တရားတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—လောဘသည် ကံတို့၏ ဖြစ်ပေါ်ကြောင်း တည်း၊ ဒေါသသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း၊ မောဟသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။ ရဟန်းတို့ အကြင်ကံကို လောဘသည် ပြုအပ်၏၊ လောဘကြောင့် ဖြစ်၏၊ လောဘလျှင် အကြောင်း 'နိဒါန်း'ရှိ၏၊ လောဘလျှင် အကြောင်း'သမုဒယ'ရှိ၏၊ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏၊ ထိုဘုံ၌ ထိုကံသည် အကျိုးပေး၏၊ အကြင်ဘုံ၌ ထိုကံသည် အကျိုးပေး၏။ ထိုဘုံဝယ် မျက်မှောက်ဘဝ၌သော်၎င်း ဒုတိယဘဝ၌သော်၎င်း အဆက်ဆက်သော ဘဝ၌သော်၎င်း ထိုကံ၏ အကျိုးကို ခံစားရ၏။ ရဟန်းတို့ အကြင်ကံကို ဒေါသသည် ပြုအပ်၏၊ ဒေါသကြောင့် ဖြစ်၏၊ ဒေါသလျှင် အကြောင်း'နိဒါန်း'ရှိ၏၊ ဒေါသလျှင် အကြောင်း'သမုဒယ'ရှိ၏၊ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏၊ ထိုဘုံ၌ ထိုကံသည် အကျိုးပေး၏။ အကြင်ဘုံ၌ ထိုကံသည် အကျိုးပေး၏၊ ထိုဘုံဝယ် မျက်မှောက်ဘဝ၌သော်၎င်း ဒုတိယဘဝ၌သော်၎င်း အဆက်ဆက်သော ဘဝ၌သော်၎င်း

http://www.dhammadownload.com



ထိုကံ၏ အကျိုးကို ခံစားရ၏။ ရဟန်းတို့ အကြင်ကံကို မောဟသည် ပြုအပ်၏၊ မောဟကြောင့် ဖြစ်၏၊ မောဟလျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ မောဟလျှင် အကြောင်း 'သမုဒယ' ရှိ၏၊ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏၊ ထိုဘုံ၌ ထိုကံသည် အကျိုးပေး၏။ အကြင်ဘုံ၌ ထိုကံသည် အကျိုးပေး၏၊ ထိုဘုံဝယ် မျက်မှောက်ဘဝ၌သော်ရင်း ဒုတိယဘဝ၌သော်ရင်း အဆက်ဆက်သော ဘဝ၌သော်ရင်း ထိုကံ၏ အကျိုးကို ခံစားရ၏။

ရဟန်းတို့ မပျက်စီးကုန်သော မပုပ်ဆွေးကုန်သော လေ နေပူတို့ မဖျက်ဆီးအပ်ကုန်သော အနှစ်ကို ယူတတ်ကုန်သော ကောင်းစွာ သိမ်းဆည်းအပ်ကုန်သော မျိုးစေ့တို့ကို ကောင်းသော လယ်ယာ၌ ကောင်းစွာ ပြုပြင်အပ်သော မြေ၌ ကြဲချအပ်ကုန်၏၊ မိုးသည်လည်း ကောင်းစွာ ရေအယဉ်ကို သွန်းလောင်း 'ရွာချ' ရာ၏၊ ဤသို့ဖြစ်လတ်သော် ထိုမျိုးစေ့တို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အကြင်ကံကို လောဘသည် ပြုအပ်၏၊ လောဘကြောင့် ဖြစ်၏၊ လောဘလျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ လောဘလျှင် အကြောင်း 'သမုဒယ' ရှိ၏၊ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏၊ ထိုဘုံ၌ ထိုကံသည် အကျိုးပေး၏။ အကြင်ဘုံ၌ ထိုကံသည် အကျိုးပေး၏၊ ထိုဘုံဝယ် မျက်မှောက်ဘဝ၌သော်ရင်း ဒုတိယဘဝ၌သော်ရင်း အဆက်ဆက်သော ဘဝ၌သော်ရင်း ထိုကံ၏ အကျိုးကို ခံစားရ၏။ အကြင်ကံကို ဒေါသသည် ပြုအပ်၏၊ ဒေါသကြောင့် ဖြစ်၏။ပ။ အကြင်ကံကို မောဟသည် ပြုအပ်၏၊ မောဟကြောင့် ဖြစ်၏၊ မောဟလျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ မောဟလျှင် အကြောင်း 'သမုဒယ' ရှိ၏၊ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏၊ ထိုဘုံ၌ ထိုကံသည် အကျိုးပေး၏။ အကြင်ဘုံ၌ ထိုကံသည် အကျိုးပေး၏၊ ထိုဘုံဝယ် မျက်မှောက်ဘဝ၌သော်ရင်း ဒုတိယဘဝ၌သော်ရင်း အဆက်ဆက်သော ဘဝ၌သော်ရင်း ထိုကံ၏ အကျိုးကို ခံစားရ၏။ ရဟန်းတို့ (ဝဋ်ဆင်းရဲသို့ ရောက်စေတတ်သော) ကံတို့၏ ဖြစ်ပေါ်ကြောင်း တရားတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ (ဝဋ်ဆင်းရဲမှ ကင်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော) ကံတို့၏ ဖြစ်ပေါ်ကြောင်း တရားတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ— အလောဘသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။ အဒေါသသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။ အမောဟသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။ ရဟန်းတို့ အကြင်ကံကို အလောဘသည် ပြုအပ်၏၊ အလောဘကြောင့် ဖြစ်၏၊ အလောဘလျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ အလောဘလျှင် အကြောင်း 'သမုဒယ' ရှိ၏။ လောဘကင်းသည်ရှိသော် ထိုကံကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီး ဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ။ ရဟန်းတို့ အကြင်ကံကို အဒေါသသည်ပြုအပ်၏၊ အဒေါသကြောင့် ဖြစ်၏၊ အဒေါသလျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ အဒေါသလျှင် အကြောင်း 'သမုဒယ' ရှိ၏။ ဒေါသကင်းသည်ရှိသော် ထိုကံကို ပယ်ပြီး ဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီး ဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီး ဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ။ ရဟန်းတို့ အကြင်ကံကို အမောဟသည် ပြုအပ်၏၊ အမောဟကြောင့် ဖြစ်၏၊ အမောဟလျှင် အကြောင်း 'နိဒါန်း' ရှိ၏၊ အမောဟလျှင် ဖြစ်ကြောင်း 'သမုဒယ' ရှိ၏။ မောဟကင်းသည်ရှိသော် ထိုကံကို ပယ်ပြီး ဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီး ဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ။

http://www.dhammadownload.com



ရဟန်းတို့ မကွဲ မပျက်စီးကုန်သော မပုပ်ဆွေးကုန်သော လေ နေပူတို့ မဖျက်ဆီးအပ်ကုန်သော အနှစ်ကို ယူတတ်ကုန်သော ကောင်းစွာ သိမ်းထားအပ်ကုန်သော မျိုးစေ့တို့ ရှိကုန်၏၊ ထိုမျိုးစေ့တို့ကို ယောကျ်ားသည် မီးဖြင့် တိုက်ငြားအံ့၊ မီးတိုက်၍ မီးသွေး(ဖြစ်အောင်)ပြုငြားအံ့၊ မီးသွေးပြုလုပ်ပြီး၍ ပြင်းထန်သော လေ၌မူလည်း လွှင့်ငြားအံ့၊ ရေစီးသန်သော မြစ်၌မူလည်း မျှောငြားအံ့၊ ရဟန်းတို့ ဤသို့ပြုအပ်သော် ထိုမျိုးစေ့တို့သည် အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီး အသစ်မဖြစ်ခြင်းကို ပြုပြီး နောင်အခါ ဖြစ်ပေါ်ခြင်း သဘော မရှိပြီး ဖြစ်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အကြင်ကံကို အလောဘသည် ပြုအပ်၏၊ အလောဘကြောင့် ဖြစ်၏၊ အလောဘလျှင် အကြောင်း 'နိဒါန်း'ရှိ၏၊ အလောဘလျှင် အကြောင်း 'သမုဒယ'ရှိ၏။ လောဘကင်းသည် ရှိသော် ထိုကံကို ပယ်ပြီး ဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘော မရှိ။ အကြင်ကံကို အဒေါသသည် ပြုအပ်၏။ပ။ အကြင်ကံကို အမောဟသည် ပြုအပ်၏၊ အမောဟကြောင့် ဖြစ်၏၊ အမောဟလျှင် အကြောင်း 'နိဒါန်း'ရှိ၏၊ အမောဟလျှင် အကြောင်း 'သမုဒယ' ရှိ၏။ မောဟကင်းသည်ရှိသော် ထိုကံကို ပယ်ပြီး ဖြစ်၏။ပ။ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ။ ရဟန်းတို့ (ငြွေဆင်းရဲမှ ကင်းငြိမ်းရာနိဗ္ဗာန်သို့ ရောက်စေတတ်သော) ကံတို့၏ ဖြစ်ပေါ်ကြောင်း တရားတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပညာမဲ့သော သူမိုက်သည် နည်းသည်ဖြစ်စေ များသည်ဖြစ်စေ လောဘကြောင့် ဖြစ်သော ကံကိုသော်၎င်း ဒေါသကြောင့်ဖြစ်သော ကံကိုသော်၎င်း မောဟကြောင့် ဖြစ်သော ကံကို သော်၎င်း ပြုလုပ်၏၊ ထိုသူမိုက်သည် ထိုကံကို ဤမိမိအတ္တဘော၌ပင်လျှင် ခံစားအပ်၏၊ ထိုကံ၏ တပါးသော တည်ရာသည် မရှိ။

ထို့ကြောင့် ပညာရှိသော ရဟန်းသည် လောဘကြောင့် ဖြစ်သော ကံကို၎င်း ဒေါသကြောင့် ဖြစ်သော ကံကို၎င်း မောဟကြောင့် ဖြစ်သော ကံကို၎င်း (မပြုတော့ချေ)၊ ထိုရဟန်းသည် အရဟတ္တမဂ်(ဝိဇ္ဇာ)ကို ဖြစ်စေလျက် ဒုဂ္ဂတိဘဝ အားလုံးတို့ကိုပယ်စွန့်ရာ၏။

စတုတ္ထသုတ်။

## ၅-ဟတ္ထကသုတ်

၃၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် အာဠဝီပြည် နွားတို့သွားလာရာလမ်းခရီး ယင်းတိုက်တောဝယ် သစ်ရွက်အခင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ဟတ္ထကအာဠဝကမင်းသားသည် အညောင်းပြေ လမ်းလျှောက် လှည့်လည်ခဲ့ရာ နွားတို့ သွားလာရာ လမ်းခရီး ယင်းတိုက်တောဝယ် သစ်ရွက်အခင်း၌ (သီတင်းသုံး)နေတော်မူသော မြတ်စွာဘုရားကို မြင်သောကြောင့် မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးပြီး၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား အသို့နည်း မြတ်စွာဘုရားသည် ချမ်းသာစွာ ကျိန်းစက်တော်မူရပါ၏လော"ဟု လျှောက်၏။ မင်းသား (ငါသည်) ချမ်းချမ်းသာသာ ကျိန်းစက်ရ၏၊ မင်းသား လောက၌ ချမ်းသာစွာ အိပ်စက်ကြရသောသူတို့တွင် ငါသည်လည်း တဦးအပါအဝင် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ဆောင်းရာသီညဥ့်ဖြစ်၍ ချမ်းအေးလှပါ၏၊ (တသိုတွဲနှင့် တပေါင်းအကူး)ကြား ရှစ်ရက်သည် ဆီးနှင်းများကျသော အခါဖြစ်ပါ၏၊ မြေပြင်သည် နွားခွါရာတို့ဖြင့် ကြမ်းတမ်းလှပါ၏၊ သစ်ရွက်အခင်းလည်း ပါးလှပါ၏၊ သစ်ပင်၏ အရွက်တို့လည်း ကျဲလှပါကုန်၏၊ သင်္ကန်းတော်များလည်း အေးလှပါကုန်၏၊ အရပ်လေးမျက်နှာမှ လာသော ဧသော လေသည်လည်း တိုက်ခပ်နေပါသည်၊ ထိုသို့ဖြစ်ပါလျက် "မင်းသား (ငါသည်) ချမ်းချမ်းသာသာ ကျိန်းစက်ရ၏၊ လောက၌ ချမ်းသာစွာ အိပ်စက်ကြရသော သူတို့တွင် ငါသည်လည်း တဦးအပါအဝင်ဖြစ်၏" ဟု ဤစကားကို မိန့်ဆိုတော်မူနိုင်ပေ၏ ဟု လျှောက်၏။

မင်းသား သို့ဖြစ်လျှင် ဤအရာ၌ သင့်ကို ပြန်မေးအံ့၊ သင်သဘောကျအတိုင်းသာ ဖြေဆိုလော့။ မင်းသား ထိုစကားကို သင် မည်သို့ မှတ်ထင်သနည်း၊ ဤလောက၌ သူကြွယ်အားရင်း သူကြွယ်သားအားရင်း လေလုံသော အတွင်း အပြင် အင်္ဂတေ လိမ်းကျံအပ်သော စေ့စပ်သော တံခါးပေါင် တံခါးရွက်ရှိသော လုံသော လေသာပြူတင်းရှိသော အထွတ်ဆပ်သော အိမ်ကြီးအိမ်ကောင်းသည် ရှိရာ၏။ ထိုအိမ်၌ အမွေးရှည်သော ကော်ဇောကြီးဖြင့် ခင်းထားအပ်သော သားမွေးဖြူအခင်းဖြင့် ခင်းထားအပ်သော ရတနာစီခြယ်သော အခင်းဖြင့် ခင်းထားအပ်သော မြတ်သော ဝံပိုင့်ရေ အခင်းဖြင့် ခင်းထားအပ်သော မျက်နှာကြက်နှင့်တကွဖြစ်သော အုံးနီနှစ်ဖက်ထားအပ်သော ပလ္လင်သည် ရှိရာ၏၊ ထိုတိုက်အိမ်ကြီး၌ ဆီမီးကိုလည်း ထွန်းထားရာ၏၊ စိတ်နှလုံးကို နှစ်ခြိုက်စေနိုင်ကုန်သော လေးယောက်သော မယားတို့သည်လည်း နှစ်ခြိုက်ဖွယ် အမျိုးမျိုးတို့ဖြင့် ပြုစုလုပ်ကျွေးကုန်ရာ၏။ မင်းသား ထိုအရာကို သင် မည်သို့ မှတ်ထင်သနည်း၊ ထိုသူကြွယ်သည် ချမ်းသာစွာ အိပ်စက်ရာ သလော၊ ချမ်းသာစွာ မအိပ်စက်ရာ သလော၊ ဤအရာ၌ သင်မည်သို့ သဘောရသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုသူကြွယ်သည် ချမ်းချမ်း သာသာ အိပ်စက်ရပါ၏၊ လောက၌ ချမ်းသာစွာ အိပ်စက်ရကုန်သောသူတို့တွင် ထိုသူကြွယ်သည်လည်း တဦးအပါအဝင် ဖြစ်ရာပါ၏ ဟု (လျှောက်၏)။

မင်းသား ထိုစကားကို သင်မည်သို့ မှတ်ထင်သနည်း၊ ထိုသူကြွယ်အားရင်း သူကြွယ်သားအားရင်း ရာဂကြောင့် ဖြစ်ကုန်သော ကိုယ်၌ဖြစ်သော ပူလောင်ခြင်း စိတ်၌ဖြစ်သော ပူလောင်ခြင်း တို့သည် ဖြစ်ကုန်ရာ၏၊ ရာဂကြောင့်ဖြစ်ကုန်သော အကြင်ပူလောင်ခြင်းတို့ဖြင့် ပူလောင်သော ထိုသူသည် ဆင်းရဲစွာ အိပ်ရသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဆင်းရဲစွာ အိပ်ရသည် မှန်ပါ၏ ဟု (လျှောက်၏)။

မင်းသား ရာဂကြောင့် ဖြစ်ကုန်သော အကြင်ပူလောင်ခြင်းတို့ဖြင့် ပူလောင်သော သူကြွယ်သည်၎င်း၊ သူကြွယ်သားသည်၎င်း ဆင်းရဲစွာ အိပ်ရ၏။ ထိုရာဂကို မြတ်စွာဘုရားသည် ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နှတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ၊ ထို့ကြောင့် ငါသည် ချမ်းသာစွာ ကျိန်းစက်ရ၏။ မင်းသား ထိုစကားကို သင် မည်သို့ မှတ်ထင်သနည်း၊ ထို သူကြွယ်အားရင်း သူကြွယ်သားအားရင်း ဒေါသကြောင့် ဖြစ်ကုန်သော ကိုယ်၌ ဖြစ်သော ပူလောင်ခြင်း စိတ်၌ ဖြစ်သော ပူလောင်ခြင်း။ပ။ မောဟကြောင့် ဖြစ်ကုန်သော ကိုယ်၌ ဖြစ်သော ပူလောင်ခြင်း စိတ်၌ဖြစ်သော ပူလောင်ခြင်းတို့သည် ဖြစ်ကုန်ရာ၏၊ မောဟကြောင့် ဖြစ်ကုန်သော အကြင်ပူလောင်ခြင်းတို့ဖြင့် ပူလောင်သော ထိုသူသည် ဆင်းရဲစွာ အိပ်ရသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဆင်းရဲစွာ အိပ်ရသည် မှန်ပါ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းသား မောဟကြောင့် ဖြစ်ကုန်သော အကြင်ပူလောင်ခြင်းတို့ဖြင့် ပူလောင်သော ထိုသူကြွယ်သည်ငရင်း သူကြွယ်သားသည်ငရင်း ဆင်းရဲစွာ အိပ်ရ၏။ ထိုမောဟကို မြတ်စွာဘုရားသည် ပယ်ပြီး ဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိပြီ။ ထို့ကြောင့် ငါသည် ချမ်းသာစွာ ကျိန်းစက်ရ၏ ဟု (မိန့်တော်မူ၏)။

မကောင်းမှုကို အပပြုပြီးသော ကိလေသပရိနိဗ္ဗာန် ပြုပြီးသော ကိလေသာမရှိသဖြင့် ငြိမ်းအေးသော ကိလေသာဥပဓိမရှိသော အကြင်ရဟန္တာပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ မလိမ်းကျံ။ ထိုရဟန္တာပုဂ္ဂိုလ်သည် အခါခပ်သိမ်း စင်စစ် ချမ်းသာစွာ အိပ်ရ၏၊ အလုံးစုံသော တဏှာတို့ကို ပယ်ဖြတ်၍ စိတ်နှလုံး၌ ပူပန်ခြင်းကို ငြိမ်းအေးစေ၍ ငြိမ်းအေးသော ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ စိတ်ဖြင့် ရောက်၍ ချမ်းသာစွာ ကျိန်းစက်ရ၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒေဝဒူတသုတ်

၃၆။ ရဟန်းတို့ သေမင်းတမန်တို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူ— ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကိုယ်ဖြင့် မကောင်းမှုကို ပြုကျင့်၏၊ နှုတ်ဖြင့် မကောင်းမှုကို ပြုကျင့်၏၊ စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်၏။ ထိုသူသည် ကိုယ်ဖြင့် မကောင်းမှုကို ပြုကျင့်သောကြောင့် နှုတ်ဖြင့် မကောင်းမှုကို ပြုကျင့်သောကြောင့် စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်သောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ချမ်းသာကင်းသော မကောင်းသဖြင့် လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ ဖြစ်ရ၏။ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် အသီးအသီး လက်မောင်းတို့၌ ဆွဲကိုင်၍ ယမမင်းအား ပြကုန်၏၊ "မင်းမြတ် ဤယောကျ်ားသည် အမိ၌ သားသမီးတို့ ကျင့်ဝတ် ချွတ်ယွင်း၏၊ အဖ၌ သားသမီးတို့ ကျင့်ဝတ် ချွတ်ယွင်း၏၊ သမဏတို့၌ လူတို့ ကျင့်ဝတ် ချွတ်ယွင်း၏၊ ဗြာဟ္မဏတို့၌ လူတို့ ကျင့်ဝတ် ချွတ်ယွင်း၏၊ အမျိုး၌ ကြီးသောသူ (အဖိုး အဖွား ဦးကြီး ဦးလေး စသည်)တို့ကို အရိုအသေမပြု။ မင်းမြတ်သည် ဤယောကျ်ားအား ဒဏ်ပေးတော်မူပါ"ဟု ပြောဆိုကုန်၏။

ရဟန်းတို့ ထိုသူကို ယမမင်းသည် "အမောင်ယောကျ်ား သင်သည် လူ့ပြည်တို့၌ ထင်ရှား ဖြစ်ပေါ်သော ပဌမ သေမင်းတမန်ကို မမြင်ခဲ့ပါသလော"ဟု ပဌမ သေမင်းတမန်နှင့် စပ်လျဉ်း၍ မေးမြန်း၏၊ စစ်ဆေး၏၊ ပြောဆို၏။ "အသျှင် အကျွန်ုပ် မမြင်ခဲ့ပါ"ဟု ထိုယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ မေးမြန်း၏— "အမောင်ယောကျ်ား သင်သည် လူ့ပြည်တို့၌ အိမ်အခြင်ကဲ့သို့ ကိုင်းသော ခါးကုန်းသော တောင်ဝှေးကို အားထားနေရသော တုန်တုန် ရီရီ သွားလာနေသော အိုနာ နှိပ်စက်နေသော အရွယ်လွန်သော သွားကျိုးသော ဆံဖြူသော ခေါင်းပြောင်နေသော ဦးခေါင်းတုန်လှုပ်သော အရေတွန့်လိပ်၍ မှဲ့ခြောက်တို့ဖြင့် ပြိုးပြွမ်းသော ကိုယ်ရှိသော ပဌိသန္ဓေမှ အသက်အားဖြင့် ရှစ်ဆယ်သော်ငရင်း ကိုးဆယ်သော်ငရင်း တရာသော်ငရင်း ရှိသော အမယ်အိုကိုဖြစ်စေ အဖိုးအိုကိုဖြစ်စေ မမြင်ခဲ့ပါသလော"ဟု (မေးပြန်၏)။ "အသျှင် မြင်ခဲ့ပါ၏" ဟု ထိုယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ မေး၏— "အမောင် ယောကျ်ား သင်သည်သိကြား လိမ္မာသည် ဖြစ်ပါလျက် အသက်အရွယ် ကြီးရင့်သည်ဖြစ်ပါလျက်

http://www.dhammadownload.com



'ငါသည်လည်း အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်နိုင်ချေ၊ ငါသည် ယခုအခါ ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို ပြုအံ့'ဟု ဤသို့သော စိတ်အကြံသည် မဖြစ်ခဲ့ပါသလော"ဟု (မေး၏)။ "အရှင် အကျွန်ုပ်သည် (ကောင်းမှုကို ပြုခြင်းငှါ) မစွမ်းဆောင်နိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါသည်"ဟု ထိုယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ ဆို၏— "အမောင်ယောကျ်ား သင်သည် မေ့လျော့သောကြောင့် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို မပြုခဲ့လေ၊ အမောင်ယောကျ်ား အကြင်အခြင်းအရာအားဖြင့် သင်သည် မေ့လျော့ခဲ့၏၊ ထိုအခြင်းအရာအားဖြင့် သင့်ကိုမချွတ် ပြုကြကုန်လတ္တံ့၊ ထိုမကောင်းမှုကို သင့်အမိသည် ပြုသည်မဟုတ်၊ သင့်အဖသည် ပြုသည်မဟုတ်၊ သင့်ညီအစ်ကိုသည် ပြုသည်မဟုတ်၊ သင့်အစ်မ နှမသည် ပြုသည်မဟုတ်၊ သင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့သည် ပြုသည်မဟုတ်၊ သင့်ဆွေမျိုး သားချင်းတို့သည် ပြုသည်မဟုတ်၊ နတ်တို့သည် ပြုသည်မဟုတ်၊ သမဏဗြာဟ္မဏတို့သည် ပြုသည်မဟုတ်၊ စင်စစ်အားဖြင့် သင်သည်ပင် ထိုမကောင်းမှုကို ပြုခဲ့၏၊ ထိုမကောင်းမှု၏ အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့"ဟု (ဆို၏)။ (၁)

ရဟန်းတို့ ထိုသူကို ယမမင်းသည် ပဌမသေမင်းတမန်နှင့် စပ်လျဉ်း၍ မေးမြန်းစစ်ဆေးပြောဆိုပြီးလျှင် "အမောင်ယောကျ်ား သင်သည် လူ့ပြည်တို့၌ ထင်ရှားဖြစ်သော ဒုတိယသေမင်းတမန်ကို မမြင်ခဲ့ပါသလော" ဟု ဒုတိယသေမင်းတမန်နှင့် စပ်လျဉ်း၍ မေးမြန်းပြန်၏၊ စစ်ဆေးပြန်၏၊ ပြောဆိုပြန်၏။ "အရှင် အကျွန်ုပ် မမြင်ခဲ့ပါ"ဟု ထိုယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ မေးပြန်၏— "အမောင်ယောကျ်ား သင်သည် လူ့ပြည်တို့၌ အနာဖြင့် နှိပ်စက်အပ်သော ဆင်းရဲခြင်းသို့ ရောက်နေသော ပြင်းစွာ မကျန်းမာသော မိမိကျင်ကြီး ကျင်ငယ်၌ လိမ်းကျံပေရေလျက်အိပ်ရသော သူတပါး ထူပေးမှ ထနိုင်သော အိပ်ရာသို့ သူတပါးတို့ ချီမ ပို့ဆောင်အပ်သော လူနာမိန်းမကိုသော်ရင်း လူနာယောကျ်ားကိုသော်ရင်း သင် မမြင်ခဲ့ပါသလော" ဟု (မေးပြန်၏)။ "အရှင် အကျွန်ုပ် မြင်ခဲ့ပါ၏" ဟု ထိုယောကျ်ားသည် ပြောဆို၏။ ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ မေး၏— "အမောင်ယောကျ်ား သိကြားလိမ္မာသည် ဖြစ်ပါလျက် အသက်အရွယ်ကြီးရင့်သည် ဖြစ်ပါလျက် 'ငါသည်လည်း နာခြင်း သဘောရှိ၏၊ နာခြင်းသဘောကို မလွန်နိုင်၊ ယခုအခါ ငါသည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို ပြုအံ့'ဟု ဤသို့သော စိတ်အကြံသည် မဖြစ်ခဲ့ပါသလော"ဟု (မေး၏)။ "အရှင် အကျွန်ုပ်သည်ကား (ကောင်းမှုပြုခြင်းငှါ) မစွမ်းဆောင်နိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါသည်"ဟု ထို ယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ ဆို၏— "အမောင်ယောကျ်ား သင်သည် မေ့လျော့ သောကြောင့် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို မပြုခဲ့လေ၊ အမောင်ယောကျ်ား အကြင်အခြင်းအရာအားဖြင့် သင်သည် မေ့လျော့ခဲ့၏၊ ထိုအခြင်းအရာအားဖြင့် သင့်ကိုမချွတ် ပြုကြကုန်လတ္တံ့၊ ထိုမကောင်းမှုကို သင့်အမိသည် ပြုသည်မဟုတ်၊ သင့်အဖသည် ပြုသည်မဟုတ်၊ သင့်ညီအစ်ကိုသည် ပြုသည်မဟုတ်၊ သင့်အစ်မ နှမသည် ပြုသည်မဟုတ်၊ သင့်အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့သည် ပြုသည်မဟုတ်၊ သင့်ဆွေမျိုး သားချင်းတို့သည် ပြုသည်မဟုတ်၊ နတ်တို့ ပြုသည်မဟုတ်၊ သမဏဗြာဟ္မဏတို့ ပြုသည်မဟုတ်၊ စင်စစ်အားဖြင့် သင်သည်ပင် ထို မကောင်းမှုကို ပြုခဲ့၏၊ ထိုမကောင်းမှု၏ အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့"ဟု (ဆို၏)။ (၂)

ရဟန်းတို့ ထိုသူကို ယမမင်းသည် ဒုတိယသေမင်းတမန်နှင့် စပ်လျဉ်း၍ မေးမြန်း စစ်ဆေး ပြောဆိုပြီးလျှင် "အမောင်ယောကျ်ား သင်သည် လူ့ပြည်တို့၌ ထင်ရှားဖြစ်သော တတိယသေမင်း

http://www.dhammadownload.com



တမန်ကို မမြင်ခဲ့ပါသလော” ဟု တတိယသေမင်းတမန်ကို မေးမြန်းပြန်၏၊ စစ်ဆေးပြန်၏၊ ပြောဆိုပြန်၏။ “အရှင် အကျွန်ုပ် မမြင်ခဲ့ပါ”ဟု ထိုယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုသူကို ယမမင်းသည် ဤသို့ မေးပြန်၏—“အမောင် ယောကျ်ား သင်သည် လူ့ပြည်တို့၌ သေ၍ တရက်ရှိပြီးသော်လည်း ဖြစ်သော သေ၍ နှစ်ရက်ရှိပြီးသော်လည်း ဖြစ်သော သေ၍ သုံးရက်ရှိပြီးသော်လည်း ဖြစ်သော ဖူးဖူးရောင်နေသော ရုပ်ပျက် ဆင်းပျက် ညိုမဲနေသော ပြည်ကဲ့သို့ စက်ဆုပ်ဖွယ်အပုပ်ရည် ယိုစီးနေသော မိန်းမ သူသေကောင်ကို ဖြစ်စေ ယောကျ်ား သူသေကောင်ကို ဖြစ်စေ သင် မမြင်ခဲ့ပါသလော”ဟု(မေး၏)။ “အရှင် အကျွန်ုပ် မြင်ခဲ့ပါ၏” ဟု ထိုယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုယောကျ်ားကို ယမမင်းသည် ဤသို့ မေးပြန်၏—“အမောင်ယောကျ်ား သိကြားလိမ္မာသည် ဖြစ်ပါလျက် အသက်အရွယ် ကြီးရင့်သည် ဖြစ်ပါလျက် ‘ငါသည်လည်း သေခြင်း သဘောရှိ၏၊ သေခြင်းသဘောကို မလွန်နိုင်၊ ယခုအခါ ငါသည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို ပြုအံ့’ဟု ဤသို့သော စိတ်အကြံသည် မဖြစ်ခဲ့ပါသလော” ဟု (မေးပြန်၏)။ “အရှင် အကျွန်ုပ်သည်ကား (ကောင်းမှုကို ပြုခြင်းငှါ) မစွမ်းဆောင်နိုင်ခဲ့ပါ၊ မေ့လျော့ခဲ့ပါသည်” ဟု ထိုယောကျ်ားသည် ပြန်ပြော၏။ ရဟန်းတို့ ထိုယောကျ်ားကို ယမမင်းသည် ဤသို့ ဆိုပြန်၏— “အမောင်ယောကျ်ား သင်သည် မေ့လျော့သောကြောင့် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကောင်းမှုကို မပြုခဲ့ပေ၊ အမောင်ယောကျ်ား အကြင်အခြင်းအရာအားဖြင့် သင်သည် မေ့လျော့ခဲ့၏၊ ထိုအခြင်းအရာအားဖြင့် သင့်ကို မချွတ် ပြုကြကုန်လတ္တံ့၊ ထိုမကောင်းမှုကို သင့်အမိသည် ပြုသည် မဟုတ်၊ သင့်အဖသည် ပြုသည်မဟုတ်၊သင့်ညီ အစ်ကိုသည် ပြုသည်မဟုတ်၊သင့်အစ်မ နှမသည် ပြုသည် မဟုတ်၊ သင့်အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့သည် ပြုသည်မဟုတ်၊ သင့်ဆွေမျိုးသားချင်းတို့သည် ပြုသည်မဟုတ်၊နတ်တို့ပြုသည်မဟုတ်၊သမဏဗြာဟ္မဏတို့ ပြုသည်မဟုတ်၊စင်စစ်အားဖြင့် သင်သည်ပင် ထိုမကောင်းမှုကို ပြုခဲ့၏၊ ထိုမကောင်းမှု၏ အကျိုးကို သင်သည်ပင် ခံစားရလတ္တံ့”ဟု(ဆို၏)။ (၃)

ရဟန်းတို့ ထိုသူကို ယမမင်းသည် တတိယသေမင်းတမန်နှင့် စပ်လျဉ်း၍ မေးမြန်း စစ်ဆေး ပြောဆိုပြီးသော် ဆိတ်ဆိတ်နေ၏။ ရဟန်းတို့ ထိုယောကျ်ားကို ငရဲထိန်းတို့သည် ငါးမျိုးသော နှောင်ဖွဲ့ခြင်း မည်သော ကမ္မကရဏကို ပြုကုန်၏၊ လောလောပူသော သံစို့ကို လက်၌ ရိုက်နှက် ကုန်၏၊ လောလောပူသော သံစို့ကို နှစ်ခုမြောက်သော လက်၌ ရိုက်နှက်ကုန်၏၊ လောလောပူသော သံစို့ကို ခြေ၌ ရိုက်နှက်ကုန်၏၊ လောလော ပူသော သံစို့ကို နှစ်ခုမြောက်သော ခြေ၌ ရိုက်နှက် ကုန်၏၊ လောလောပူသော သံစို့ကို ရင်အလယ်၌ ရိုက်သွင်းကုန်၏။ ထိုယောကျ်ားသည် ထိုသံစို့ ငါးချက် ရိုက်သွင်းသော နေရာတို့၌ ပြင်းထန်ကုန်သော ကြမ်းတမ်းကုန်သော ကျင်နာ စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရ၏၊အကြင်မျှလောက် ထိုမကောင်းမှုကံ မကုန်သေး ထိုမျှလောက် မသေသေးပေ။ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ဆွဲငင်ကုန်၍ ဓားမကြီးတို့ဖြင့် ခုတ်ဖြတ်ကုန်၏၊ ထိုသူသည် ထိုသို့ ဓားမကြီးဖြင့် ခုတ်ဖြတ်ခံရသော နေရာ၌ ပြင်းထန်ကုန်သော ကြမ်းတမ်းကုန်သော ကျင်နာစပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရ၏၊အကြင်မျှလောက် ထိုမကောင်းမှုကံသည် မကုန်သေး၊ ထိုမျှလောက် မသေသေးပေ။ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ခြေကောက်ထိုး မိုးမျှော် ဆွဲကိုင်ကြ၍ ပဲခွပ်ဘဲ့ဖြင့် ခုတ်ရွေကုန်၏။ပ။ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ရထား၌ တပ်၍ ရဲရဲညီးသော အလျှံတပြောင်ပြောင်လောင်သော မီးတောက် မီးလျှံနှင့်တကွသော မြေအပြင်၌ အခေါက်ခေါက် အပြန်ပြန် မောင်းနှင်ကုန်၏။ပ။ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ရဲရဲညီးသော အလျှံတပြောင်ပြောင် လောင်သော မီးတောက် မီးလျှံနှင့်တကွသော မီးတောင်ကြီးသို့

http://www.dhammadownload.com



လည်း တက်စေ ဆင်းစေကုန်၏။ ပ။ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် ခေါက်ထိုးမိုးမျှော် ဆွဲကိုင်ကြ၍ ရဲရဲညီးသော အလျှံတပြောင်ပြောင် လောင်သော မီးတောက် မီးလျှံနှင့်တကွ လောလောပူသော သံအိုးကြီး၌ ပစ်ချကုန်၏။ ထိုသူသည် ထိုသံအိုးကြီး၌ အမြှုပ်ဆလျက် ကျက်သည်ဖြစ်၍ အထက်သို့လည်း တကြိမ်ပေါ်၏၊ အောက်သို့လည်း တကြိမ်မြုပ်၏၊ ဖီလာလည်း တကြိမ်မျော၏။ ထိုသူသည် ထိုသံအိုးကြီး၌ ပြင်းထန်ကုန်သော ကြမ်းတမ်းကုန်သော ကျင်နာ စပ်ရှားကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရ၏၊ အကြင်မျှလောက် ထိုမကောင်းမှုကံ မကုန်သေး၊ ထိုမျှလောက် မသေသေးပေ။ ရဟန်းတို့ ထိုသူကို ငရဲထိန်းတို့သည် (အဝီစိ) ငရဲကြီး၌ ပစ်ချကြကုန်၏။ ရဟန်းတို့ ထို (အဝီစိ) ငရဲကြီးသည်ကား—

အထောင့်လေးခုရှိ၏၊ တံခါးလေးပေါက် ရှိ၏၊ ညီညာသော အဖို့အားဖြင့် ဝေဖန် ပိုင်းခြားအပ်၏၊ သံတန်တိုင်းဖြင့် ကာရံအပ်၏၊ သံပြားဖြင့် မိုးထားအပ်၏၊ ထို (အဝီစိ) ငရဲ၏ မြေပြင်သည် သံမြေပြင် ဖြစ်၏၊ အလျှံတပြောင်ပြောင် တောက်လောင် နေ၏၊ အလျှံနှင့် ယှဉ်စပ်နေ၏၊ ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် ပြန့်နှံ့၍ အမြဲတည်နေ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ယာမဒေဝသုတ်

၃၇။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား ယာမမင်းအား ဤသို့သော အကြံသည် ဖြစ်ပေါ်ဘူး၏—"အချင်းတို့ လောက၌ အကြင်သူတို့သည် ယုတ်ညံ့သော အမှုတို့ကို ပြုကုန်၏၊ ထိုသူတို့ကို ဤသို့သဘောရှိသော အထူးထူး အပြားပြားသော ကမ္မကရဏတို့ကို ပြုအပ်ကုန်၏၊ ငါသည် လူ့အဖြစ်ကို ရငြားအံ့၊ လောက၌ ပွင့်တော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မူငြားအံ့၊ ငါသည်လည်း ထိုမြတ်စွာဘုရားကို ဆည်းကပ်ရငြားအံ့၊ ထိုမြတ်စွာဘုရားသည် ငါ့အား တရားဟောငြားအံ့၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားကိုလည်း သိငြားအံ့၊ ဤသို့ ဖြစ်သော် ကောင်းလေစွတကား" ဟု (ဖြစ်ပေါ်ဘူး၏)။ ရဟန်းတို့ ထိုယာမမင်းအကြံ ဖြစ်ခြင်းကို တပါးသော သမဏဗြာဟ္မဏ၏ ပြောဆိုသံကို ကြားရ၍ ဤသို့ ငါဟောသည် မဟုတ်၊ ရဟန်းတို့ အကြင်အခြင်းအရာကို စင်စစ်အားဖြင့် ငါကိုယ်တိုင်သိ၏၊ ငါကိုယ်တိုင် မြင်၏၊ ငါကိုယ်တိုင် ထင်ထင်ရှားရှား သိ၏၊ ထိုအခြင်းအရာကို ငါကိုယ်တိုင် သိမြင်သည့်အတိုင်းပင် ဟော၏ ဟု (မိန့်တော်မူ၏)။

အကြင်သတ္တဝါတို့သည် သေမင်းတမန်တို့ နှိုးဆော် တိုက်တွန်းအပ်ပါကုန်လျက် မေ့လျော့ကုန်၏၊ ထိုသတ္တဝါတို့သည် ယုတ်ညံ့သော ငရဲဘဝသို့ ကပ်ရောက်ရကုန်သည် ဖြစ်၍ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး စိုးရိမ် ပူဆွေးရကုန်၏။

ဤလောက၌ ကိလေသာငြိမ်းအေးကုန်ပြီးသော အကြင် သူတော်ကောင်းတို့သည်ကား သေမင်းတမန်တို့ နှိုးဆော်တိုက်တွန်းအပ်ကုန်သည်ဖြစ်၍ အရိယမဂ်၌ တခါတရံမျှ မမေ့လျော့ကြကုန်။

http://www.dhammadownload.com



(ထိုသူတော်ကောင်းတို့သည်) ပဋိသန္ဓေနေမှု သေမှုကို ဖြစ်စေတတ်သော ဥပါဒါန်တရားဖြင့် ဘေးကို ရှုမြင်ပြီးလျှင် (ဥပါဒါန်တို့ဖြင့်)မစွဲလမ်းမူ၍ ပဋိသန္ဓေနေမှု သေမှုကုန်ရာ နိဗ္ဗာန်၌ ကျွတ်လွတ်ကုန်၏။

မမေ့မလျော့ကုန်သော ချမ်းသာခြင်းရှိကြကုန်သော မျက်မှောက်ဘဝ၌ပင် ကိလေသာအပူ ငြိမ်းအေးပြီးကုန်သော အလုံးစုံသော ရန်ဘေးတို့ကို လွန်မြောက်ကုန်သော ထိုသူတော်ကောင်းတို့သည် အလုံးစုံသော ဒုက္ခကို လွန်မြောက်ကြလေကုန်၏။

သတ္တမသုတ်။

## ၈-စတုမဟာရာဇသုတ်

၃၇။ ရဟန်းတို့ လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်နေ့၌ နတ်မင်းကြီးလေးယောက်တို့၏ အလုပ်အကျွေးနတ်တို့သည် ဤလောကကို လှည့်လည် စုံစမ်းကုန်၏ "လူ့ပြည်တို့၌ များစွာကုန်သောလူတို့သည် အမိ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ကျင့်ကြပါကုန်၏လော၊ အဖ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ သမဏ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်လော၊ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ အမျိုးထဲ၌ ကြီးသော သူ (အဖိုး အဖွား ဦးကြီး ဦးလေးစသည်)တို့ကို ရိုသေစွာ ကျင့်ကြပါကုန်၏လော၊ ဥပုသ်သီတင်းကို ကျင့်သုံးကြပါကုန်၏လော၊ အကြိုအပို့နှင့်တကွ ဥပုသ်သီတင်းကို ကျင့်သုံးကြပါကုန်၏လော၊ ကောင်းမှုတို့ကို ပြုကြပါကုန်၏လော" ဟု (လှည့်လည်စုံစမ်းကုန်၏)။ ရဟန်းတို့ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက် လကွယ်နေ့၌ နတ်မင်းကြီးလေးယောက်တို့၏သားတို့သည် ဤလောကကို လှည့်လည် စုံစမ်းကုန်၏ "လူ့ပြည်တို့၌ များစွာကုန်သော လူတို့သည် အမိ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ အဖ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ သမဏ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သောကျင့်ဝတ်ကိုပြုကျင့်ကြပါကုန်၏လော၊အမျိုးထဲ၌ ကြီးသောသူ (အဖိုး အဖွား ဦးကြီး ဦးလေး စသည်)တို့ကို ရိုသေစွာ ကျင့်ကြပါကုန်၏လော၊ ဥပုသ်သီတင်းကို ကျင့်သုံးကြပါကုန်၏လော၊ အကြိုအပို့နှင့်တကွ ဥပုသ်သီတင်းကို ကျင့်သုံးကြပါကုန်၏လော၊ ကောင်းမှုကို ပြုကြပါကုန်၏လော" ဟု (လှည့်လည် စုံစမ်းကုန်၏)။ရဟန်းတို့ လဆန်း တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ နတ်မင်းကြီး လေးယောက်တို့သည် ကိုယ်တိုင်ပင်လျှင် ဤလောကကို လှည့်လည် စုံစမ်းကုန်၏ "လူ့ပြည်တို့၌ များစွာကုန်သော လူတို့သည်အမိ၌ ကောင်းစွာပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ အဖ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကိုပြုကျင့်ကြပါကုန်၏လော၊ သမဏ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သောကျင့်ဝတ်ကို ပြုကျင့်ကြပါကုန်၏လော၊ အမျိုးထဲ၌ ကြီးသောသူ (အဖိုး အဖွား ဦးကြီး ဦးလေး စသည် )တို့ကို ရိုသေစွာ ကျင့်ကြပါကုန်၏လော၊ဥပုသ်သီတင်းကို ကျင့်သုံးကြပါကုန်၏လော၊ အကြိုအပို့နှင့်တကွ ဥပုသ်သီတင်းကို ကျင့်သုံးကြပါကုန်၏လော၊ ကောင်းမှုကို ပြုကြပါကုန်၏လော" ဟု (လှည့်လည် စုံစမ်းကုန်၏)။

ရဟန်းတို့ လူ့ပြည်တို့ဝယ် အမိ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်သော အဖ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်သော သမဏ၌ ကောင်းစွာ ပြုသင့်သော

http://www.dhammadownload.com



ကျင့်ဝတ်ကို ပြုကျင့်ကုန်သော ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်သော အမျိုးထဲ၌ ကြီးသောသူ (အဖိုး အဖွား ဦးကြီး ဦးလေး စသည်)တို့ကို ရိုသေစွာ ကျင့်ကုန်သော ဥပုသ်သီတင်းကို ကျင့်သုံးကုန်သော အကြိုအပိုနှင့်တကွ ဥပုသ်သီတင်းကို ကျင့်သုံးကုန်သော ကောင်းမှုပြုလုပ်သောလူတို့သည် အကယ်၍နည်းပါးကုန်ငြားအံ့၊ ရဟန်းတို့ နတ်မင်းကြီးလေးယောက်တို့သည် ထိုအကြောင်းကို သုဓမ္မာနတ်သဘင်၌ အညီအညွတ် စည်းဝေး ထိုင်နေကုန်သော တာဝတိံသာ နတ်တို့အား ပြောကြားကုန်၏ "အသျှင်နတ်မင်းတို့ လူ့ပြည်၌ အနည်းငယ်သော လူတို့သည် သာလျှင် အမိ၌ ကောင်းစွာ ပြုသင့်သောကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊ အဖ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊သမဏ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊ အမျိုးထဲ၌ ကြီးသောသူ (အဖိုး အဖွား ဦးကြီး ဦးလေး စသည်)တို့ကို ရိုသေစွာ ကျင့်ကုန်၏၊ ဥပုသ်သီတင်းကို ကျင့်သုံးကုန်၏၊ အကြို အပိုနှင့်တကွ ဥပုသ်သီတင်းကို ကျင့်သုံးကုန်၏၊ကောင်းမှုကို ပြုလုပ်ကုန်၏"ဟု(ပြောကြားကုန်၏)။ရဟန်းတို့ ထိုအခါ၌ "အချင်းတို့ နတ်ပြည်တို့သည် ဆုတ်ယုတ် ကုန်လိမ့်တကား၊ အပါယ်လေးဘုံတို့သည် စည်ကားကုန်လိမ့်တကား"ဟု တာဝတိံသာနတ်တို့သည် နှလုံးမသာ ဖြစ်ကြကုန်၏။

ရဟန်းတို့ လူ့ပြည်တို့ဝယ် အမိ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်သော အဖ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်သော သမဏ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်သော ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်သော အမျိုးထဲ၌ ကြီးသောသူ (အဖိုး အဖွား ဦးကြီး ဦးလေး စသည်)တို့ကို ရိုသေစွာ ကျင့်ကုန်သော ဥပုသ်သီတင်းကို ကျင့်သုံးကုန်သော အကြိုအပိုနှင့်တကွ ဥပုသ်သီတင်းကို ကျင့်သုံးကုန်သော ကောင်းမှုကို ပြုလုပ်ကုန်သော လူတို့သည် အကယ်၍ များကုန်ငြားအံ့၊ ရဟန်းတို့ နတ်မင်းကြီးလေးယောက်တို့သည် ထိုအကြောင်းကို သုဓမ္မာနတ်သဘင်၌ အညီအညွတ် စည်းဝေးထိုင်နေကုန်သော တာဝတိံသာနတ်တို့အား ပြောကြားကုန်၏ "အရှင်နတ်မင်းတို့ လူ့ပြည်၌ များစွာသော လူတို့သည် အမိ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊ အဖ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊ သမဏ၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သော ကျင့်ဝတ်ကို ပြုကျင့်ကုန်၏၊ အမျိုးထဲ၌ ကြီးသောသူ (အဖိုး အဖွား ဦးကြီး ဦးလေး စသည်)တို့ကို ရိုသေစွာ ကျင့်ကုန်၏၊ ဥပုသ်သီတင်းကို ကျင့်သုံးကုန်၏၊ အကြိုအပိုနှင့်တကွ ဥပုသ်သီတင်းကို ကျင့်သုံးကုန်၏၊ ကောင်းမှုကို ပြုလုပ်ကြကုန်၏" ဟု (ပြောကြားကုန်၏)။ ရဟန်းတို့ ထိုအခါ "အချင်းတို့ နတ်ပြည်တို့သည် စည်ကားကြကုန်လိမ့်တကား၊ အပါယ်လေးဘုံတို့သည် ဆုတ်ယုတ်ကုန်လိမ့်တကား"ဟု တာဝတိံသာနတ်တို့သည် ဝမ်းမြောက်ကြကုန်၏။

ရဟန်းတို့ ရှေးအခါက နတ်တို့၏ အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ကို သိစေလိုသည် ဖြစ်၍ ထိုအချိန်၌ ဤဂါထာကို ရွတ်ဆိုလေ၏—

"အကြင်သူသည် ငါနှင့်တူသူ ဖြစ်ရာ၏၊ ထိုသူသည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက် တဆယ့်ငါးရက်မြောက် နေ့တို့၌ရင်း လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက် နေ့တို့၌ရင်း အလှတ်ရက်ရှည် နေ့တို့၌ရင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးဆောက်တည်ရာ၏"ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



ရဟန်းတို့ နတ်တို့၏အရှင် သိကြားမင်းသည် ထိုဂါထာကို မကောင်းသောအားဖြင့် သီဆိုအပ်၏၊ ကောင်းသောအားဖြင့် သီဆိုအပ်သည် မဟုတ်ပေ၊ မှားသောအားဖြင့် ရွတ်ဆိုအပ်၏၊ မှန်သောအားဖြင့် ရွတ်ဆိုအပ်သည် မဟုတ်ပေ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ နတ်တို့၏အရှင် သိကြားမင်းသည် ရာဂ ဒေါသ မောဟ မကင်းသေးသောကြောင့်ပေတည်း။

ရဟန်းတို့ အကြင်ရဟန်းသည် အာသဝေါကုန်ပြီးသူ မဂ်အကျင့်ကို ကျင့်သုံးပြီးသူ မဂ်ကိစ္စကို ပြုပြီးသူ ခန္ဓာ ဝန်ကိုချပြီးသူ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝသံယောဇဉ် ကုန်ပြီးသူ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ ရဟန္တာ ဖြစ်၏။ ရဟန်းတို့ ထိုရဟန်းအားသာ ဤဂါထာကို ရွတ်ဆိုခြင်းငှါ သင့်လျော်၏—

"အကြင်သူသည် ငါနှင့်တူသူ ဖြစ်ရာ၏၊ ထိုသူသည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက် တဆယ့်ငါးရက်မြောက် နေ့တို့၌၎င်း လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက် နေ့တို့၌၎င်း အလွတ်ရက်ရှည် နေ့တို့၌၎င်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးဆောက်တည်ရာ၏" ဟု (ရွတ်ဆိုခြင်းငှါ သင့်လျော်၏)။

ထိုသို့ သင့်လျော်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုရဟန်းသည် ရာဂ ဒေါသ မောဟ ကင်းပြီးသောကြောင့်တည်း။ ရဟန်းတို့ ရှေးအခါက နတ်တို့၏အရှင် သိကြားမင်းသည် တာဝတိံသာ နတ်တို့ကို သိစေလိုသည်ဖြစ်၍ ထိုအချိန်၌ ဤဂါထာကို ရွတ်ဆိုလေ၏—

"အကြင်သူသည် ငါနှင့်တူသူ ဖြစ်ရာ၏၊ ထိုသူသည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက် တဆယ့်ငါးရက်မြောက် နေ့တို့၌၎င်း လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက် နေ့တို့၌၎င်း အလွတ်ရက်ရှည် နေ့တို့၌၎င်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးဆောက်တည်ရာ၏" ဟု (ရွတ်ဆို၏)။

ရဟန်းတို့ နတ်တို့၏အရှင်သိကြားမင်းသည် ထိုဂါထာကို မကောင်းသောအားဖြင့် သီဆိုအပ်၏၊ ကောင်းသောအားဖြင့် သီဆိုအပ်သည် မဟုတ်ပေ၊ မှားသောအားဖြင့် ရွတ်ဆိုအပ်၏၊ မှန်သောအားဖြင့် ရွတ်ဆိုအပ်သည် မဟုတ်ပေ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ နတ်တို့၏အရှင် သိကြားမင်းသည်ကား ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မကင်းလွတ်သေးသောကြောင့် ဆင်းရဲမှ မလွတ် ဟု ငါဆို၏။

ရဟန်းတို့ အကြင်ရဟန်းသည် အာသဝေါကုန်ပြီးသူ မဂ်အကျင့်ကို ကျင့်သုံးပြီးသူ မဂ်ကိစ္စကို ပြုပြီးသူ ခန္ဓာဝန်ကို ချပြီးသူ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝသံယောဇဉ်ကုန်ပြီးသူ ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူ ရဟန္တာ ဖြစ်၏။ ရဟန်းတို့ ထိုရဟန်းအားသာ ဤဂါထာကို ရွတ်ဆိုခြင်းငှါ သင့်လျော်၏—

"အကြင်သူသည် ငါနှင့်တူသူ ဖြစ်ရာ၏၊ ထိုသူသည် လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက် တဆယ့်ငါးရက်မြောက် နေ့တို့၌၎င်း လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက် နေ့တို့၌၎င်း အလွတ်ရက်ရှည် နေ့တို့၌၎င်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးဆောက်တည်ရာ၏" ဟု (ရွတ်ဆိုခြင်းငှါ သင့်လျော်၏)။

http://www.dhammadownload.com



ထိုသို့ သင့်လျော်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ အကြင်ကြောင့် ထိုရဟန်းသည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းမှ ကင်းလွတ်ပြီးသောကြောင့် ဆင်းရဲမှ လွတ်၏ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သုခုမာလသုတ်

၃၉။ ရဟန်းတို့ ငါသည် နူးညံ့သိမ်မွေ့၏၊ အလွန် နူးညံ့သိမ်မွေ့၏၊ စင်စစ် နူးညံ့သိမ်မွေ့၏၊ ငါ့ခမည်းတော်၏ နန်းတော်၌ ရေကန်တို့ကို ပြုစီမံအပ်ကုန်၏။ ရဟန်းတို့ တခုသော ရေကန်၌ ကြာညို တခုသော ရေကန်၌ ပဒုမ္မာကြာ တခုသောရေကန်၌ ပုဏ္ဍရိက်ကြာကို ငါ့အတွက်သာလျှင် စိုက်ပျိုးအပ်၏၊ ရဟန်းတို့ ငါသည် အလွန် နူးညံ့သိမ်မွေ့သော ကာသိတိုင်းထွက် မဟုတ်သော စန္ဒကူးကို မသုံးဆောင်။ ရဟန်းတို့ ငါ၏ ဦးရစ် ခေါင်းပေါင်းသည် ကာသိတိုင်းမှ ဖြစ်၏၊ အင်္ကျီသည် ကာသိတိုင်းမှ ဖြစ်၏၊ ပုဆိုးသည် ကာသိတိုင်းမှ ဖြစ်၏၊ အပေါ်ရုံသည် ကာသိတိုင်းမှ ဖြစ်၏။ ရဟန်းတို့ "အအေး အပူ မြက် မှူ ဆီးနှင်းတို့သည် ထိုငါ့ကို မတွေ့ထိပါစေလင့်" ဟု နေ့ညဉ့်ပတ်လုံး ငါ့အား ထီးဖြူကို ဆောင်းထားအပ်၏။

ရဟန်းတို့ ဆောင်းရာသီ စံနေရန် ပြာသာဒ်တဆောင် နွေရာသီစံနေရန် ပြာသာဒ်တဆောင် မိုးရာသီ စံနေရန် ပြာသာဒ်တဆောင် အားဖြင့် ထိုငါ့အား ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။ ရဟန်းတို့ ထိုငါသည် မိုးရာသီ စံနေရန် ပြာသာဒ်၌ မိုးလေးလတို့ပတ်လုံး မိန်းမချည်း သက်သက် တီးမှုတ်အပ်ကုန်သော တူရိယာတို့ဖြင့် စမွေ့ယ်မွေ့လျော်လျက် ပြာသာဒ်မှ အောက်သို့ မဆင်းမူ၍ နေ၏။ ရဟန်းတို့ သူတပါးတို့အိမ်၌ ကျွန်အမှုလုပ်ယောကျ်ားအား ပအုံးရည်ဟင်းလျှင် နှစ်ခု မြောက်သော ဆန်ခွဲထမင်းကို ပေးသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ငါ့ခမည်းတော်၏နန်းတော်၌ ကျွန်အမှုလုပ် ယောကျ်ားအား သလေးဆန်ဖြင့် ချက်အပ်သော သားပြွမ်းထမင်းကို ပေးအပ်၏။

ရဟန်းတို့ ဤသို့သဘောရှိသော တန်ခိုးနှင့်ရှင်း ဤသို့သဘောရှိသော စင်စစ် နူးညံ့သိမ်မွေ့ခြင်းနှင့်ရှင်း ပြည့်စုံသော ထိုငါ့အား—"အကြားအမြင်နည်းသော ပုထုဇဉ်သည် မိမိကိုယ်တိုင်က အိုခြင်းသဘောရှိသူ အိုခြင်းသဘောကို မလွန်ဆန်နိုင်သူဖြစ်ပါလျက် အိုမင်းသော သူတပါးကိုမြင်သော် မိမိကိုယ်ကို သတိမရပဲသာလျှင် ငြီးငွေ့၏၊ ရှက်နိုး၏၊စက်ဆုပ်ဘိ၏၊ငါသည်လည်း အိုခြင်းသဘောရှိသူဖြစ်၏၊ အိုခြင်း တရားကို မလွန်ဆန်နိုင်သူဖြစ်၏၊ ငါသည် အိုခြင်းသဘောရှိသူ၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်သူ ဖြစ်လျက်သာလျှင် အိုမင်းသော သူတပါးကို မြင်၍ ငြီးငွေ့ငြားအံ့၊ ရှက်နိုးငြားအံ့၊ စက်ဆုပ်ငြားအံ့၊ ထိုသို့ ဖြစ်ခြင်းသည် ငါ့အား မသင်လျော်ရာ" ဟု (အကြံဖြစ်၏)။ ရဟန်းတို့ ဤသို့ကြံဆင်ခြင်သော ထိုငါ့အား အရွယ်နုပျိုခြင်းကြောင့် အရွယ်နုပျိုခြင်းကို စွဲ၍ဖြစ်သော မာန်တက်ခြင်းသည် အချင်းခပ်သိမ်း ပျောက်ငြိမ်း၏။

"အကြားအမြင်နည်းသော ပုထုဇဉ်သည် မိမိကိုယ်တိုင်က နာခြင်းသဘောရှိသူ နာခြင်းသဘောကိုမလွန်ဆန်နိုင်သူ ဖြစ်ပါလျက် နာသော သူတပါးကို မြင်သော် မိမိကိုယ်ကို သတိမရပဲသာလျှင် ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုပ်ဘိ၏၊ ငါသည်လည်း နာခြင်း သဘောရှိသူ၊ နာခြင်းသဘောကို မလွန်ဆန်နိုင်သူဖြစ်၏၊ငါသည် နာခြင်းသဘောရှိသူ နာခြင်း သဘောကို မလွန်ဆန်နိုင်သူ ဖြစ်လျက်သာ

http://www.dhammadownload.com



လျှင် နာသော သူတပါးကို မြင်၍ ငြီးငွေ့ငြားအံ့၊ ရှက်နိုးငြားအံ့၊ စက်ဆုပ်ငြားအံ့၊ထိုသို့ ဖြစ်ခြင်းသည် ငါ့အား မသင့်လျော်ရာ”ဟု အကြံဖြစ်၏။ရဟန်းတို့ ဤသို့ ကြံဆင်ခြင်သော ထိုငါ့အား ရောဂါကင်းခြင်းကြောင့် ရောဂါကင်းခြင်းကို စွဲ၍ဖြစ်သော မာန်တက်ခြင်းသည် အချင်းခပ်သိမ်း ပျောက်ငြိမ်း၏။

“အကြားအမြင်နည်းသော ပုထုဇဉ်သည် မိမိကိုယ်တိုင်က သေခြင်းသဘောရှိသူ သေခြင်းသဘောကို မလွန်ဆန်နိုင်သူ ဖြစ်ပါလျက် သေသော သူတပါးကို မြင်သော် မိမိကိုယ်ကို သတိမရပဲ သာလျှင် ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုပ်ဘိ၏၊ ငါသည်လည်း သေခြင်းသဘောရှိသူ၊ သေခြင်းသဘောကို မလွန်ဆန်နိုင်သူဖြစ်၏၊ ငါသည် သေခြင်းသဘောရှိသူ သေခြင်းသဘောကို မလွန် ဆန်နိုင်သူ ဖြစ်လျက်သာလျှင် သေသော သူတပါးကို မြင်၍ ငြီးငွေ့ငြားအံ့၊ ရှက်နိုးငြားအံ့၊ စက်ဆုပ်ငြားအံ့၊ထို သို့ဖြစ်ခြင်း သည် မသင့်လျော်ရာ” ဟု (အကြံဖြစ်၏)။ရဟန်းတို့ ဤသို့ ကြံဆင်ခြင်သော ထိုငါ့အား အသက်ရှည်ခြင်းကြောင့် အသက်ရှည်ခြင်းကို စွဲ၍ဖြစ်သော မာန်တက်ခြင်းသည် အချင်းခပ်သိမ်း ပျောက်ငြိမ်း၏။

ရဟန်းတို့ မာန်ယစ်ခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ —အရွယ်နုပျိုခြင်းကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်းငှင်း ရောဂါကင်းခြင်းကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်းငှင်း အသက်ရှည်ခြင်းကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်းငှင်း တို့တည်း။ ရဟန်းတို့ အရွယ်နုပျိုခြင်းကို စွဲ၍ ဖြစ်သော မာန်ဖြင့် ယစ်သော အကြားအမြင် နည်းပါးသည့် ပုထုဇဉ်သည်လည်း ကိုယ်ဖြင့် မကောင်းမှုကို ပြုကျင့်၏၊ နှုတ်ဖြင့် မကောင်းမှုကို ပြုကျင့်၏၊ စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်၏။ ထိုပုထုဇဉ်သည် ကိုယ် နှုတ် စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်သောကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရောက်ရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရ၏။ ရဟန်းတို့ ရောဂါကင်းခြင်းကို စွဲ၍ ဖြစ်သော မာန်ဖြင့် ယစ်သော အကြားအမြင် နည်းပါးသည့် ပုထုဇဉ်သည်လည်း။ပ။ ရဟန်းတို့ အသက်ရှည်ခြင်းကို စွဲ၍ဖြစ်သော မာန်ဖြင့် ယစ်သော အကြားအမြင် နည်းပါးသည့် ပုထုဇဉ်သည်လည်း ကိုယ်ဖြင့် မကောင်းမှုကို ပြုကျင့်၏၊ နှုတ်ဖြင့် မကောင်းမှုကို ပြုကျင့်၏၊ စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်၏။ ထိုပုထုဇဉ်သည် ကိုယ် နှုတ် စိတ်ဖြင့် မကောင်းမှုကို ပြုကျင့်သောကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသဖြင့် လားရောက်ရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ အရွယ်နုပျိုခြင်းကို စွဲ၍ဖြစ်သော မာန်ဖြင့် ယစ်သော ရဟန်းသည်လည်း သိက္ခာချ၍ လူထွက်၏။ ရဟန်းတို့ ရောဂါကင်းခြင်းကို စွဲ၍ဖြစ်သော မာန်ဖြင့်ယစ်သော ရဟန်းသည်လည်း သိက္ခာချ၍လူထွက်၏။ ရဟန်းတို့ အသက်ရှည်ခြင်းကို စွဲ၍ဖြစ်သောမာန်ဖြင့် ယစ်သော ရဟန်းသည်လည်း သိက္ခာချ၍ လူထွက်၏ ဟု (မိန့်တော်မူ၏)။

> နာခြင်း သဘောရှိကုန်သော အိုခြင်းသဘောရှိကုန်သော ထို့ပြင် သေခြင်းသဘောရှိကုန်သော ပုထုဇဉ်တို့သည် ထိုသို့ နာခြင်းစသည် သဘောရှိကုန်လျက်သာလျှင် သူတပါးကို စက်ဆုပ်ကုန်၏။

ဤသို့ သဘောရှိကုန်သော သတ္တဝါတို့၌ ငါသည် ထိုနာခြင်းစသော သဘောကို စက်ဆုပ်ငြားအံ့၊ ဤသို့ စက်ဆုပ်သော အခြင်းအရာအားဖြင့် နေလေ့ရှိသော ငါ့အား ဤစက်ဆုပ်ခြင်းသဘောသည် မသင့်လျော်ရာ။

http://www.dhammadownload.com



ဤသို့ ဆင်ခြင်လေ့ရှိသည်ဖြစ်၍ နေသော ထိုငါသည် ဥပဓိကင်းရာ နိဗ္ဗာန်ကိုသိ၍ ရောဂါကင်းခြင်း၌ငှင်း အရွယ်နုပျိုခြင်း၌ငှင်း အသက်ရှည်ခြင်း၌ငှင်း အကြင်မာန်ယစ်ခြင်းတို့သည် ရှိကုန်၏။

ငါသည် ထိုအလုံးစုံသော မာန်ယစ်ခြင်းတို့ကို လွန်မြောက်ပြီးဖြစ်၏၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာဖြစ်သောနိဗ္ဗာန်၌ ဘေးမရှိ ဟု ရှု၍ နိဗ္ဗာန်ကို ဘေးမရှိဟု မြင်သော ထိုငါ့အား အားထုတ်မှု လုံ့လသည် ဖြစ်ပြီ။

ငါသည် ယခုအခါ၌ ကာမဂုဏ်တို့ကို မမှီဝဲထိုက်ပြီ၊ မြတ်သောအကျင့်လျှင် အားထားရာ ရှိသည်ဖြစ်၍ မဆုတ်နစ်တော့အံ့သတည်း။

နဝမသုတ်။

---

## ၁၀-အာဓိပတေယျသုတ်

၄၀။ ရဟန်းတို့ အကြီးအမှူးပြု၍ ဖြစ်သော တရားတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ— မိမိကိုယ်ကို အကြီးအမှူးပြု၍ ဖြစ်သော 'အတ္တာဓိပတေယျ' တရားငှင်း သတ္တလောကကို အကြီးအမှူး ပြု၍ ဖြစ်သော 'လောကာဓိပတေယျ' တရားငှင်း လောကုတ္တရာတရားကို အကြီးအမှူး ပြု၍ ဖြစ်သော 'ဓမ္မာဓိပတေယျ' တရားငှင်း တို့တည်း။ ရဟန်းတို့ မိမိကိုယ်ကို အကြီးအမှူးပြု၍ ဖြစ်သော'အတ္တာဓိပတေယျ'တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ ဖြစ်စေ သစ်ပင်ရင်းသို့ ကပ်၍ ဖြစ်စေ ဆိတ်ငြိမ်ရာသို့ ကပ်၍ ဖြစ်စေ ဤသို့ ဆင်ခြင်၏ "ငါသည် သင်္ကန်း ဆွမ်း ကျောင်း ဟူသော အကြောင်းကြောင့် သော်ငှင်း ထိုထို သမ္ဘဝ၏ အကြောင်းကြောင့် သော်ငှင်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည် မဟုတ်။ စင်စစ်အားဖြင့် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပမ်းခြင်းတို့သည် ငါ့ကို လွှမ်းမိုးအပ်၏။ ငါ့ကို ဆင်းရဲခြင်းသည် လွှမ်းမိုးအပ်၏၊ ငါ့ကို ဆင်းရဲခြင်းသည် နှိပ်စက်အပ်၏၊ ဤအလုံးစုံသော ဆင်းရဲအစု၏ အဆုံးကို ပြုခြင်းသည် အမှန်ပင် ထင်ရှား ဖြစ်ရာ၏ဟု နှလုံးသွင်း၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ ငါသည်ကား အကြင်သို့ သဘောရှိကုန်သော ကာမဂုဏ်တို့ကို စွန့်ပယ်၍ လူဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ထိုသို့ သဘောရှိကုန်သော ကာမဂုဏ်တို့ကို သော်ငှင်း ထို့အောက် ယုတ်သော ကာမဂုဏ်တို့ကိုသော်ငှင်း ရှာမှီးနေငြားအံ့၊ ထိုသို့ ရှာမှီးနေခြင်းသည် ငါ့အား မသင့်လျော်"ဟု (ဤသို့ ကြံဆင်ခြင်၏)။ထိုရဟန်းသည် ဤသို့ ဆင်ခြင်ပြန်၏။ "ငါသည် အပြည့်အစုံ အားထုတ်အပ်သည့်ရှိသော် တွန့်ဆုတ်ခြင်း မရှိသော ဝီရိယသည် ဖြစ်လတ္တံ့၊ သတိပဋ္ဌာန်လေးပါး၏ အစွမ်းဖြင့် ကပ်၍ တည်သည့်ဖြစ်၍ မပျက်သော သတိသည် ဖြစ်လတ္တံ့၊ ရူပကာယ နာမကာယသည် ငြိမ်းသည် ဖြစ်၍ ပူပန်ခြင်း ကင်းလတ္တံ့၊အာရုံ၌ ကောင်းစွာ ထားအပ်သည်ဖြစ်၍ တည်ကြည်သော စိတ်သည် ဖြစ်လတ္တံ့"ဟု (ဆင်ခြင်ပြန်၏)။ ထိုရဟန်းသည် မိမိကိုယ်ကိုသာလျှင် အကြီးအမှူးပြု၍ အကုသိုလ်ကို ပယ်စွန့်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော တရားကို ပယ်စွန့်၏၊ အပြစ်မရှိသော တရားကို ပွါးများ၏၊ စင်ကြယ်သော မိမိကိုယ်ကို စောင့်ရှောက်၏။ ရဟန်းတို့ ဤသည်ကို မိမိကိုယ်ကို အကြီးအမှူးပြု၍ ဖြစ်သော တရားဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ သတ္တလောကကို အကြီးအမှူးပြု၍ ဖြစ်သော 'လောကာဓိပတေယျ' တရား ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ ဖြစ်စေ သစ်ပင်ရင်းသို့ ကပ်၍ ဖြစ်စေ ဆိတ်ငြိမ်ရာသို့ ကပ်၍ဖြစ်စေ ဤသို့ ဆင်ခြင်၏ "ငါသည် သင်္ကန်း ဆွမ်း ကျောင်း ဟူသော အကြောင်းကြောင့်သော်၎င်း ထိုထို သမ္ဘဝဘဝ၏ အကြောင်း ကြောင့်သော်၎င်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည် မဟုတ်။စင်စစ်အားဖြင့် ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပမ်း ခြင်းတို့သည် ငါ့ကို လွှမ်းမိုးအပ်၏။ ငါ့ကို ဆင်းရဲခြင်းသည် လွှမ်းမိုးအပ်၏၊ ငါ့ကို ဆင်းရဲခြင်းသည် နှိပ်စက်အပ်၏၊ ဤအလုံးစုံသော ဆင်းရဲအစု၏ အဆုံးကို ပြုခြင်းသည် အမှန်ပင် ထင်ရှားဖြစ်ရာ၏ ဟု နှလုံးသွင်း၍ လူ့ဘောင်မှရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ငါသည်ကား ဤသို့ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည် ဖြစ်ပါလျက် ကာမဂုဏ်တို့ကိုကြံစည်ခြင်း 'ကာမဝိတက်'ကိုမူလည်း ကြံစည်ငြားအံ့၊ ပျက်စီးရန် ကြံစည်ခြင်း 'ဗျာပါဒဝိတက်'ကိုမူလည်း ကြံစည်ငြားအံ့၊ ညှဉ်းဆဲရန် ကြံစည်ခြင်း 'ဝိဟိံသာဝိတက်' ကို မူလည်း ကြံစည်ငြားအံ့၊ ဤသတ္တလောက၏ တည်ရာ 'စကြဝဠာ' သည် ကျယ်ဝန်း များပြားသည်သာတည်း၊ ကျယ်ဝန်း များပြားသော သတ္တလောက၏တည်ရာ 'စကြဝဠာ'၌ တန်ခိုးကြီးကုန်သော နတ်မျက်စိ အမြင်ရှိကုန်သော သူတပါးစိတ်ကို သိကုန်သော သမဏဗြာဟ္မဏ တို့သည် ရှိကုန်၏၊ထိုသမဏ ဗြာဟ္မဏတို့သည် ဝေးသော အရပ်မှသော်လည်း မြင်နိုင်ကုန်၏၊ နီးကုန် သော်လည်း မထင်ကုန်၊မိမိစိတ်ဖြင့်လည်း သူတပါးစိတ်ကို သိနိုင်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် လည်း ငါ့ကို ဤသို့ သိကုန်ရာ၏ "အချင်းတို့ ဤအမျိုးသားကို ရှုကုန်လော့၊ ဤအမျိုးသားသည် သဒ္ဓါတရားဖြင့်လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုသူ ဖြစ်ပါလျက် ယုတ်ညံ့သော အကုသိုလ်တရားတို့နှင့် ရောပြွမ်း၍ နေဘိ၏" ဟု (ဤသို့ သိကုန်ရာ၏)။ တန်ခိုးကြီးကုန်သော နတ်မျက်စိ အမြင်ရှိကုန်သော မိမိစိတ်ဖြင့်လည်း သူတပါးစိတ်ကို သိစွမ်းနိုင်ကုန်သော နတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် ဝေးသောအရပ်မှသော်လည်း မြင်နိုင်ကုန်၏၊နီးကုန်သော်လည်း မထင်ကုန်၊ မိမိစိတ်ဖြင့်လည်း သူတပါးစိတ်ကို သိနိုင်ကုန်၏၊ ထိုနတ်တို့သည်လည်း ငါ့ကို ဤသို့ သိကုန်ရာ၏ "အချင်းတို့ ဤအမျိုးသားကို ရှုကုန်လော့၊ ဤအမျိုးသားသည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုသူ ဖြစ်ပါလျက် ယုတ်ညံ့သော အကုသိုလ် တရားတို့နှင့် ရောပြွမ်းလျက် နေဘိ၏" ဟု (ဤသို့ သိကုန်ရာ၏)။ထိုရဟန်းသည် ဤသို့ ဆင်ခြင်ပြန်၏ "ငါသည် အပြည့်အစုံ အားထုတ်အပ်သည် ရှိသော် တွန့်ဆုတ်ခြင်း မရှိသော ဝီရိယသည် ဖြစ်လတ္တံ့၊ သတိ ပဋ္ဌာန် လေးပါး၏ အစွမ်းဖြင့် ကပ်၍ တည်သည် ဖြစ်၍ မပျက်သော သတိသည် ဖြစ်လတ္တံ့၊ ရူပကာယ နာမကာယ သည် ငြိမ်းသည် ဖြစ်၍ ပူပန်ခြင်း ကင်းလတ္တံ့၊အာရုံ၌ ကောင်းစွာထားအပ် သည်ဖြစ်၍ တည်ကြည်သော စိတ်သည် ဖြစ်လတ္တံ့" ဟု (ဆင်ခြင်ပြန်၏)။ ထိုရဟန်းသည် လောက ကိုသာလျှင် အကြီးအမှူးပြု၍ အကုသိုလ်ကို ပယ်စွန့်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော တရားကို ပယ်စွန့်၏၊အပြစ်မရှိသောတရားကို ပွါးများ၏၊စင်ကြယ်သော မိမိကိုယ်ကို စောင့်ရှောက်၏။ ရဟန်းတို့ ဤသည်ကို လောကကို အကြီးအမှူးပြု၍ ဖြစ်သော တရား ဟု ဆိုအပ်၏။

ရဟန်းတို့ လောကုတ္တရာတရားကို အကြီးအမှူးပြု၍ ဖြစ်သော 'ဓမ္မာဓိပတေယျ'တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်၍ ဖြစ်စေ သစ်ပင်ရင်း သို့ ကပ်၍ ဖြင်စေ ဆိတ်ငြိမ်ရာသို့ ကပ်၍ဖြစ်စေ ဤသို့ ဆင်ခြင်၏ "ငါသည် သင်္ကန်း ဆွမ်း ကျောင်းဟူသော အကြောင်းကြောင့်သော်၎င်း ထိုထိုသမ္ဘဝဘဝ၏ အကြောင်းကြောင့်သော်၎င်း

http://www.dhammadownload.com



လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည် မဟုတ်။ စင်စစ်အားဖြင့် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် ငါ့ကို လွှမ်းမိုးအပ်၏၊ ငါ့ကို ဆင်းရဲခြင်းသည် လွှမ်းမိုးအပ်၏၊ ငါ့ကို ဆင်းရဲခြင်းသည် နှိပ်စက်အပ်၏၊ ဤအလုံးစုံသော ဆင်းရဲ၏ အဆုံးကို ပြုခြင်းသည် အမှန်ပင် ထင်ရှား ဖြစ်ရာ၏ ဟု နှလုံးသွင်း၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်အပ်သော တရားတော်ပါပေတည်း၊ အခါ မလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့် ဟု ဆောင်ပြထိုက်သော တရားတော်ပါပေတည်း၊မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း။ ထိုတရား တော်ကို သိကုန်မြင်ကုန်လျက် နေကြကုန်သော ငါ၏သီတင်းသုံးဖော်တို့သည် ရှိကြကုန်၏။ငါသည် သာ ဤသို့ ကောင်းစွာ ဟောကြားအပ်သော သာသနာတော်၌ ဝင်ရောက်၍ ရဟန်းပြုသူ ဖြစ်ပါ လျက် စင်စစ် ပျင်းရိမှုလျော့၍ နေငြားအံ့၊ ဤသို့ နေခြင်းသည် ငါ့အားမသင့်လျော်" ဟု (ဆင်ခြင်၏)။ ထိုရဟန်းသည် ဤသို့ ဆင်ခြင်ပြန်၏။ "ငါသည် အပြည့်အစုံ အားထုတ်အပ်သည် ရှိသော် တွန့်ဆုတ်ခြင်း မရှိသော ဝီရိယသည် ဖြစ်လတ္တံ့၊ သတိပဋ္ဌာန် လေးပါး၏ အစွမ်းဖြင့် ကပ်၍ တည်သည် ဖြစ်၍ တည်ကြည်သောစိတ်သည် ဖြစ်လတ္တံ့၊ရူပကာယ နာမကာယသည် ငြိမ်းသည်ဖြစ်၍ ပူပန်ခြင်း ကင်းလတ္တံ့၊ အာရုံ၌ ကောင်းစွာ ထားအပ်သည် ဖြစ်၍ တည်ကြည်သော စိတ်သည် ဖြစ်လတ္တံ့" ဟု (ဆင်ခြင်ပြန်၏)။ ထိုရဟန်းသည် လောကုတ္တရာတရားကိုသာ အကြီးအမှူးပြု၍ အကုသိုလ်ကို ပယ်စွန့်၏၊ ကုသိုလ်ကို ပွါးများ၏၊ အပြစ်ရှိသော တရားကို ပယ်စွန့်၏၊အပြစ်မရှိသော တရားကို ပွါးများ၏၊ စင်ကြယ်သော မိမိကိုယ်ကို စောင့်ရှောက်၏။ ရဟန်းတို့ ဤသည်ကို လောကုတ္တရာတရားကို အကြီးအမှူးပြုသော တရား ဟု ဆိုအပ်၏။ ရဟန်းတို့ အကြီးအမှူးပြု၍ ဖြစ်သော တရားတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အချင်းယောကျ်ား မကောင်းမှုကို ပြုသူ၏ ဆိတ်ကွယ်ရာ အရပ်မည်သည် လောက၌ မရှိ။ မှန်သည်လည်းဖြစ်စေ၊ မှားသည်လည်းဖြစ်စေ၊ အကြင်အမှုကို သင်ပြု၏၊ ထိုသင်ပြုသော အမှုကို မိမိကိုယ်ဘိုင် သိ၏။

အချင်းတို့ အကြင်သူသည် ကောင်းမြတ်၍ သက်သေသဖွယ်ဖြစ်သော မိမိကိုယ်ကို မထေမဲ့မြင် အောက်မေ့၏၊ ထိုသူသည် မိမိ၌ ထင်ရှားရှိသော ထိုမကောင်းမှုကို စင်စစ် လျှို့ဝှက်၏။

လောက၌ မညီညွတ်သော တရားကို ကျင့်သုံးသော လူမိုက်ကို နတ်တို့သည်၎င်း ဘုရား (စသော သူတော်ကောင်း) တို့သည်၎င်း တွေ့မြင်ကုန်၏။ ထို့ကြောင့်သာလျှင် မိမိကိုယ်ကို အကြီးအမှူး ပြုတတ်သော ရဟန်းသည်၎င်း ပညာရှိ၍ ကိလေသာကို လောင်ကျွမ်းစေ တတ်သူ လောကကို အကြီးအမှူး ပြုတတ်သူ ရဟန်းသည်၎င်း လောကုတ္တရာတရား အားလျော်သော အကျင့်ရှိသူ မှန်သော လုံ့လရှိသူ လောကုတ္တရာတရားကို အကြီးအမှူး ပြုတတ်သူ ရဟန်းသည်၎င်း မဆုတ်ယုတ်။

ကိလေသာကို လောင်ကျွမ်းတတ်သော လုံ့လရှိသော အကြင်ရဟန်းသည် ကိလေသာ မာရ်ကို နှိပ်စက်၍ အယုတ်ကို ပြုတတ်သော ကိလေသာမာရ်ကို လွှမ်းမိုး၍ ပဋိသန္ဓေနေခြင်း၏

http://www.dhammadownload.com



ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်၏၊ လောကကို သိတတ်၍ ကောင်းသော ပညာ ရှိသော ခပ်သိမ်းကုန်သော တရားတို့၌ တပ်ခြင်း တဏှာမရှိသော ဉာဏ်ပညာနှင့်ပြည့်စုံသော ထိုသို့ သဘောရှိသော ရဟန္တာသည် တခါတရံမျှ မဆုတ်ယုတ်နိုင်။

ဒသမသုတ်။

လေးခုမြောက် ဒေဝဒူတဝဂ် ပြီး၏။

---

## ၅-စူဠဝဂ် ၁-သမ္မုခီဘာဝသုတ်

၄၁။ ရဟန်းတို့ တရားသုံးမျိုးတို့၏ မျက်မှောက်ထင်ရှား ရှိသည့်အဖြစ်ကြောင့် သဒ္ဓါ တရားနှင့် ပြည့်စုံသော အမျိုးကောင်းသားသည် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေ၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ သဒ္ဓါတရား၏ မျက်မှောက်ထင်ရှား ရှိသည့်အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားသည် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေ၏။ ရဟန်းတို့ အလှူဝတ္ထု၏ မျက်မှောက် ထင်ရှားရှိသည့်အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားသည် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေ၏။ ရဟန်းတို့ အလှူခံ ပုဂ္ဂိုလ်တို့၏ မျက်မှောက်ထင်ရှားရှိသည့်အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားသည် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့၏ မျက်မှောက် ထင်ရှား ရှိသည့်အဖြစ်ကြောင့် သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးသားသည် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ထိဌာနသုတ်

၄၂။ ရဟန်းတို့ အကြောင်းသုံးမျိုးတို့ဖြင့် ကြည်ညိုသူကို သဒ္ဓါတရားနှင့် ပြည့်စုံသူ ဟူ၍ သိအပ်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ— သီလနှင့် ပြည့်စုံသော သူတို့ကို ဖူးမြင်လိုသူ ဖြစ်၏၊ သူတော်ကောင်းတရားကို နာကြားလိုသူ ဖြစ်၏၊ လွတ်လွတ် စွန့်ကြဲခြင်း ရှိသည်ဖြစ်၍ ဆေးကြော အပ်သော လက်ရှိသည် စွန့်လွှတ်ခြင်း၌ ပျော်မွေ့သည် တောင်းခံခြင်းငှါ သင့်သည် ပေးလှူမှု ဝေဖန်ခန့်ခွဲမှု၌ မွေ့လျော်သည်ဖြစ်၍ ဝန်တိုခြင်းဟူသော အညစ်အကြေးမှ ကင်းသော စိတ်ဖြင့် အိမ်၌နေသူ ဖြစ်၏။ ရဟန်းတို့ ဤအကြောင်းသုံးမျိုးတို့ဖြင့် ကြည်ညိုသောသူကို သဒ္ဓါတရားနှင့် ပြည့်စုံသူဟူ၍ သိအပ်၏။

(အကြင်ပုဂ္ဂိုလ်သည်) သီလနှင့် ပြည့်စုံသူတို့ကို ဖူးမြင်လို၏၊ သူတော်ကောင်းတရားကို နာကြားလို၏၊ ဝန်တိုခြင်း ဟူသော အညစ်အကြေးကို ပယ်ဖျောက်တတ်၏၊ ထိုသူကို စင်စစ် သဒ္ဓါတရားနှင့် ပြည့်စုံသူဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-အတ္ထဝသသုတ်

၄၃။ ရဟန်းတို့ အကြောင်း သုံးမျိုးတို့ကို ကောင်းစွာ ရှုမြင်သဖြင့် သူတပါးတို့အား တရားကို ဟောကြားခြင်းငှါ သင့်သည်သာတည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ—တရားဟောသော သူသည် အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ တရားနာသော သူသည် အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ တရားဟောသောသူ တရားနာသောသူ နှစ်ယောက်သောသူတို့သည် အနက်ကိုလည်း သိကုန်၏၊ ပါဠိကိုလည်း သိကုန်၏။ ရဟန်းတို့ အကြောင်း သုံးမျိုးတို့ကို ကောင်းစွာ ရှုမြင်သဖြင့် သူတပါးတို့အား တရားဟောခြင်းငှါ သင့်သည်သာတည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ကထာပဝတ္တိသုတ်

၄၄။ ရဟန်းတို့ စကားဖြစ်ပေါ်ခြင်းသည် အကြောင်းသုံးမျိုးတို့ကြောင့် ဖြစ်၏။ အဘယ်သုံးမျိုးတို့ နည်းဟူမူ—တရားဟောသော သူသည် အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ တရားနာသောသူသည် အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ တရားဟောသောသူ တရားနာသောသူ နှစ်ယောက်သော သူတို့သည် အနက်ကိုလည်း သိကုန်၏၊ ပါဠိကိုလည်း သိကုန်၏။ ရဟန်းတို့ စကား ဖြစ်ပေါ်ခြင်း၏ အကြောင်းတို့သည် ဤသုံးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဏ္ဍိတသုတ်

၄၅။ ရဟန်းတို့ ပညာရှိ သူတော်ကောင်းတို့ ပညတ်အပ်ကုန်သော တရားတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့ နည်းဟူမူ—ရဟန်းတို့ အလှူ'ဒါန'ကို ပညာရှိ သူတော်ကောင်းတို့ ပညတ်အပ်၏၊ ရဟန်းတို့ ရှင်ရဟန်းပြုခြင်းကို ပညာရှိသူတော်ကောင်းတို့ ပညတ်အပ်၏၊ ရဟန်းတို့ အမိအဖတို့အား လုပ်ကျွေးပြုစုခြင်းကို ပညာရှိသူတော်ကောင်းတို့ ပညတ်အပ်၏။ ရဟန်းတို့ ပညာရှိ သူတော်ကောင်းတို့ ပညတ်အပ်ကုန်သော တရားတို့သည် ဤသုံးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

အလှူပေးခြင်းကိုငှင်း (သူတပါးတို့အား)မညှဉ်းဆဲခြင်းကိုငှင်း သီလစောင့်ထိန်းခြင်းကို ငှင်း ဣန္ဒြေတို့ကိုဆုံးမခြင်းကိုငှင်း သူတော်ကောင်းဖြစ်ကုန် မြတ်သောအကျင့် ရှိကုန်သော သူတို့၏ အမိအဖအား လုပ်ကျွေးပြုစုခြင်းကို ငှင်း သူတော်ကောင်းတို့ ပညတ်အပ်၏။

သူတော်ကောင်းတို့သည်(ပညတ်အပ်ကုန်သော)အကြင် အကြောင်းသုံးမျိုးတို့သည် ရှိကုန်၏၊ ထိုအကြောင်း သုံးမျိုးတို့ကို ဉာဏ်အမြင်နှင့် ပြည့်စုံသော အရိယာ ပညာရှိသည် မှီဝဲရာ၏၊ထိုသူသည် ချမ်းမြေ့သော နတ်ပြည်လောကသို့ ဝင်ရောက်၏။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-သီလဝန္တသုတ်

၄၆။ ရဟန်းတို့ သီလရှိကုန်သော ရဟန်းတို့သည်အကြင်ရွာကိုရင်း နိဂုံးကိုရင်း အမှီပြု၍မနေကုန်၏၊ထိုရွာနိဂုံး၌ နေကုန်သောလူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေကုန်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ကိုယ်ဖြင့် ဖြစ်ပွါးစေခြင်းငှာင်း နှုတ်ဖြင့်ဖြစ်ပွါးစေခြင်းငှင်း စိတ်ဖြင့် ဖြစ်ပွါးစေခြင်းငှင်း တို့တည်း။ ရဟန်းတို့ သီလရှိကုန်သော ရဟန်းတို့သည် အကြင်ရွာကိုရင်း နိဂုံးကိုရင်း အမှီပြု၍ နေကုန်၏၊ ထိုရွာနိဂုံး၌ နေကုန်သောလူတို့သည် ဤအကြောင်းသုံးမျိုးတို့ဖြင့် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သင်္ခတလက္ခဏာသုတ်

၄၇။ ရဟန်းတို့ သင်္ခတ [၁] တရား၏ သင်္ခတဟု မှတ်ကြောင်းလက္ခဏာ [၂] တို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ဖြစ်ခြင်း 'ဥပါဒ်'လက္ခဏာသည် ထင်ရှား၏၊ ပျက်ခြင်း 'ဘင်' လက္ခဏာသည် ထင်ရှား၏၊ ဥပါဒ် အခိုက်အတန့်၏ ပြောင်းလဲခြင်း 'ဌီ'လက္ခဏာသည် ထင်ရှား၏။ ရဟန်းတို့ သင်္ခတတရား၏ သင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အသင်္ခတလက္ခဏာသုတ်

၄၈။ ရဟန်းတို့ အသင်္ခတတရား၏ အသင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ဖြစ်ခြင်း'ဥပါဒ်'လက္ခဏာသည် မထင်ရှားပေ၊ ပျက်ခြင်း 'ဘင်'လက္ခဏာသည် မထင်ရှားပေ၊ ဥပါဒ် အခိုက်အတန့်၏ ပြောင်းလဲခြင်း 'ဌီ' လက္ခဏာသည် မထင်ရှားပေ။ ရဟန်းတို့ အသင်္ခတတရား၏ အသင်္ခတဟု မှတ်ကြောင်းလက္ခဏာတို့သည် ဤသုံးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဗ္ဗတရာဇသုတ်

၄၉။ ရဟန်းတို့ ဟိမဝန္တာတောင်မင်းကို အမှီပြု၍ သစ်ပင်ကြီးတို့သည် ကြီးပွါးခြင်းသုံးမျိုးတို့ဖြင့် ကြီးပွါးကုန်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—အကိုင်း အခက် အရွက်ဖြင့် ကြီးပွါးကုန်၏၊

---

၁-သင်္ခတ၊ အကြောင်းတရားတို့ စုပေါင်းပြုအပ်သောသဘော။

၂-လက္ခဏ၊ ဤတရားသဘောကား သင်္ခတဖြစ်သည်ဟု သိကြောင်းအမှတ်။

http://www.dhammadownload.com



အခေါက် အပွေးဖြင့် ကြီးပွါးကုန်၏၊အကာ အနှစ်ဖြင့် ကြီးပွါးကုန်၏။ရဟန်းတို့ ဟိမဝန္တာတောင်မင်းကို အမှီပြု၍ သစ်ပင်ကြီးတို့သည် ဤ ကြီးပွါးခြင်း သုံးမျိုးတို့ဖြင့် ကြီး ပွါးကုန်၏။ ရဟန်းတို့ ဤအတူ သာလျှင် သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးသား အကြီးအကဲကို အမှီပြု၍(သားမယားစသော) အိမ်သူအိမ်သား အပေါင်းသည် ကြီးပွါးခြင်း သုံးမျိုးတို့ဖြင့် ကြီးပွါး၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ယုံကြည်ခြင်း'သဒ္ဓါတရား'ဖြင့် ကြီးပွါး၏၊ အကျင့်'သီလ'ဖြင့် ကြီးပွါး၏၊ အသိ'ပညာ'ဖြင့် ကြီး ပွါး၏။ ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးသား အကြီးအကဲကို အမှီပြု၍ (သားမယားစသော)အိမ်သူအိမ်သား အပေါင်းသည် ဤ ကြီးပွါးခြင်း သုံးမျိုးတို့ဖြင့် ကြီးပွါး၏ ဟု (မိန့်တော်မူ၏)။

တောအုပ်ကြီး အတွင်း၌ ရှိသော ကျောက်တောင်ကြီးကို အမှီပြု၍ တောစိုးသစ်ပင်ကြီးတို့ သည် ကြီးပွါးကုန်သကဲ့သို့ ထို့အတူသာလျှင် ဤလောက၌ သီလနှင့် ပြည့်စုံသော သဒ္ဓါတရားရှိသော အမျိုးသား အကြီးအကဲကို အမှီပြု၍ သားမယားတို့သည်၎င်း အဆွေခင်ပွန်းတို့သည်၎င်း ချစ်ကျွမ်းဝင်သူတို့သည်၎င်း ဆွေမျိုး အပေါင်းတို့သည်၎င်း ထိုသဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားကို မှီ၍ အသက် မွေးကုန်သော သူတို့သည်၎င်း (သဒ္ဓါစသော သုံးပါးသော တရားတို့ဖြင့်) ကြီးပွါးကုန်၏။

မိမိအကျိုးကို မြော်မြင်တတ်ကုန်သော ထိုပညာရှိတို့သည် ထိုသီလရှိသော သူ၏ သီလကို၎င်း စွန့်ကြဲခြင်းကို၎င်း ကောင်းသော အကျင့်တို့ကို၎င်း မြင်ကုန်သည်ဖြစ်၍ အတုလိုက်ကာ ပြုကုန်၏။

ဤလောက၌ နှစ်သက်ခြင်းကုန်ရှိသော ချမ်းသာကို လိုလားကုန်သော သူတို့သည် သုဂတိဘဝသို့ လားကြောင်း ခရီးသဖွယ်ဖြစ်သော တရားကို ကျင့်ရ၍ နတ်ပြည်၌ မွေ့လျော် ရကုန်၏။

နဝမသုတ်။

---

## ၁၀-အာတပ္ပကရဏီယသုတ်

၅၀။ ရဟန်းတို့ အကြောင်းသုံးမျိုးတို့ဖြင့် အားထုတ်ခြင်းကို ပြုအပ်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အားထုတ်ခြင်းကိုပြုအပ်၏၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏၊ ဖြစ်ပေါ်လာကုန်သော ပြင်းထန်ကုန် ကြမ်းတမ်းကုန် ကျင်နာစပ်ရှားကုန် မသာယာဖွယ် ဖြစ်ကုန် မနှစ်သက်ဖွယ်ဖြစ်ကုန် အသက်ကို ဆောင်တတ်ကုန် ကိုယ်၌ ဖြစ်ကုန်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏။ ရဟန်းတို့ ဤအကြောင်းသုံးမျိုးတို့ဖြင့်အားထုတ်ခြင်းကို ပြုအပ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အားထုတ်ခြင်းကို ပြု၏၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အားထုတ်ခြင်းကိုပြု၏၊ ဖြစ်ပေါ်လာကုန်သော ပြင်းထန်ကုန် ကြမ်းတမ်းကုန် ကျင်နာစပ်ရှားကုန် မသာ

http://www.dhammadownload.com



ယာဖွယ်ဖြစ်ကုန် မနှစ်သက်ဖွယ်ဖြစ်ကုန် အသက်ကို သောင်တတ်ကုန် ကိုယ်၌ဖြစ်ကုန်သော ဆင်းရဲ ဝေဒနာတို့ကို သည်းခံနိုင်ခြင်းငါ အားထုတ်ခြင်းကိုပြု၏။ ရဟန်းတို့ ထိုအခါ၌ ဤရဟန်းကို ဆင်းရဲအဆုံးကို ကောင်းစွာပြုခြင်းငါ အားထုတ်ခြင်းရှိသော ရင့်ကျက်သော ပညာရှိသော သတိနှင့် ပြည့်စုံသော ရဟန်းဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-မဟာဓေဝရသုတ်

၅၁။ ရဟန်းတို့ အင်္ဂါသုံးမျိုးနှင့် ပြည့်စုံသော ခိုးသူကြီးသည် အိမ်ကိုသော်လည်း ဖောက်ထွင်း၏၊ ရွာကိုသော်လည်း တိုက်ခိုက်လုယက်၏၊ တအိမ်တည်းကိုသော်လည်း တိုက်ခိုက် လုယက်၏၊ ခရီးလမ်း၌ စောင့်၍ သော်လည်း တိုက်ခိုက်လုယက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ--ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် မညီညွတ်သည်ကိုသော်လည်း အမှီရ၏၊ တောအုပ်ကိုသော်လည်း အမှီရ၏၊ အားကြီးသူကိုသော်လည်း အမှီရ၏။ ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် မညီညွတ်သည်ကို အမှီရသနည်း၊ ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် သွားလာကူးခက်သော မြစ်ကိုသော်ရင်း မညီညွတ်သော တောင်ကိုသော်ရင်း အမှီရ၏။ ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် မညီညွတ်သည်ကို အမှီရသည် မည်၏။ ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် တောအုပ်ကို အမှီရသနည်း၊ ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် မြက်တောကိုသော်ရင်း သစ်တောကိုသော်ရင်း ထူထဲသော တောအုပ်ကိုသော်ရင်း တောအုပ်ကြီးကိုသော်ရင်း အမှီရ၏။ ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် တောကို အမှီရ၏။ ရဟန်းတို့ အဘယ်သို့လျှင် ခိုးသူကြီးသည် အားကြီးသူကို အမှီရသနည်း၊ ရဟန်းတို့ ဤလောက၌ ခိုးသူကြီးသည် မင်းတို့ကိုသော်ရင်း မင်း၏အမတ်ကြီးတို့ကိုသော်ရင်း အမှီရ၏၊ ထိုခိုးသူကြီးအား "ငါ့ကို တစုံတယောက်သောသူသည် တစုံတရာကိုပြော ငြားအံ့၊ ဤမင်းတို့ကသော်ရင်း မင်း၏အမတ်ကြီးတို့ကသော်ရင်း အပြစ်ကို ကာကွယ်၍ ငါ့အကျိုးကို ပြောကြကုန်လတ္တံ့"ဟု အကြံဖြစ်၏၊ တစုံတယောက်သော သူသည် တစုံတရာကို အကယ်၍ ပြောအံ့၊ ထိုမင်းတို့ကသော်ရင်း ထိုမင်း၏ အမတ်ကြီးတို့ကသော်ရင်း အပြစ်ကို ကာကွယ်၍ ထိုခိုးသူကြီး၏ အကျိုးကို ပြောကုန်၏။ ရဟန်းတို့ ဤသို့လျှင် ခိုးသူကြီးသည် အားကြီးသူကို အမှီရ၏။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့်ပြည့်စုံသော ခိုးသူကြီးသည် အိမ်ကိုသော်လည်း ဖောက်ထွင်း၏၊ ရွာကိုသော်လည်း တိုက်ခိုက်လုယက်၏၊ တအိမ်တည်းကိုသော်လည်း တိုက်ခိုက်လုယက်၏၊ လမ်းခရီး၌ စောင့်၍ သော်လည်း တိုက်ခိုက်လုယက်၏။

ရဟန်းတို့ ဤအတူသာလျှင် အင်္ဂါသုံးမျိုးနှင့် ပြည့်စုံသော ရဟန်းယုတ်သည် ဂုဏ်ကို တူးဖို့ ဖျက်ဆီးခြင်းဖြင့် တူးဖို့ ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊အပြစ်လည်း ရှိ၏၊ ပညာရှိတို့သည်း စွပ်စွဲအပ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည် မညီညွတ်သည်ကိုသော်လည်း အမှီရ၏၊ တောအုပ်ကိုသော်လည်း အမှီရ၏၊ အားကြီးသူကို သော်လည်း အမှီရ၏။ ရဟန်းတို့ ရဟန်းယုတ်သည် အဘယ်သို့လျှင် မညီညွတ်သည်ကို အမှီရသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းယုတ်သည် မညီညွတ်သော ကာယကံနှင့်ပြည့်စုံ၏၊ မညီညွတ်သော ဝစီကံနှင့်ပြည့်စုံ၏၊ မညီ

http://www.dhammadownload.com



ညွှတ်သော မနေ့ာက်နှင့်ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းယုတ်သည် မညီညွတ်သည်ကို အမှီ ရသည် မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းယုတ်သည် တောအုပ်ကို အမှီရသနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းယုတ်သည် မှားသောအယူရှိ၏၊သဿတစသည်ဖြင့် စွဲယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိနှင့်ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းယုတ်သည် တောအုပ်ကို အမှီရသည်မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းယုတ်သည် အားကြီးသူကို အမှီရသနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းယုတ်သည် မင်းတို့ကိုသော်၎င်း မင်း၏ အမတ်ကြီးတို့ကိုသော်၎င်း အမှီရ၏။ ထိုရဟန်းယုတ်အား "ငါ့ကို တစုံတယောက်သောသူသည် တစုံတရာကို အကယ်၍ ပြောအံ့၊ ဤမင်းတို့ ကသော်၎င်း ဤမင်း၏ အမတ်ကြီးတို့ကသော်၎င်း အပြစ်ကို ကာကွယ်၍ ငါ့အကျိုးကိုပြောကုန် လတ္တံ့"ဟု အကြံဖြစ်၏။ တစုံတယောက်သောသူသည် တစုံတရာကို အကယ်၍ပြောအံ့၊ ထိုမင်းတို့က သော်၎င်း မင်း၏အမတ်ကြီးတို့ကသော်၎င်း အပြစ်ကိုကာကွယ်၍ ထိုရဟန်းယုတ်၏ အကျိုးကို ပြောကြကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းယုတ်သည် အားကြီးသူကို အမှီရသည် မည်၏။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းယုတ်သည် ဂုဏ်ကို တူးဖို့ ဖျက်ဆီးခြင်းဖြင့် တူးဖို့ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း ရှိ၏၊ ပညာရှိတို့လည်း စွပ်စွဲ အပ်၏၊ များစွာသော မကောင်းမှုတို့ကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ကေဒသမသုတ်။

ငါးခုမြောက် စူဠဝဂ် ပြီး၏။

ပဌမ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၂-ဒုတိယပဏ္ဏာသက

## ၂-ဒုတိယ သုတ်ငါးဆယ်

### (၆) ဗြာဟ္မဏဝဂ် ၁-ပဌမ ဒွေ ဗြာဟ္မဏသုတ်

၅၂။ ထိုအခါ ဖွားမြင်သည်မှ အသက်တရာ့နှစ်ဆယ်ရှိ၍ အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့် လွန်မြောက် အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားနှစ်ယောက်တို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကြကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ကြပြီးလျှင် မြတ်စွာဘုရားအား– "အသျှင်ဂေါတမ အကျွန်ုပ်တို့သည် ဖွားမြင်သည်မှ အသက် တရာ့နှစ်ဆယ်ပင်ရှိကြ၍ အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့် လွန်မြောက် အဆုံးအရွယ်သို့ ရောက်ကြပါကုန်ပြီ၊ ထိုအကျွန်ုပ်တို့ကား ဒုဂ္ဂတိဘေးမှ စောင့်ရှောက် တားမြစ်ကြောင်း ကောင်းမှုကုသိုလ်ကိုမျှ မပြုလုပ်ကြရပါကုန်သေး၊ အသျှင်ဂေါတမသည် အကျွန်ုပ်တို့အား ရှည်ကြာလေးမြင့် အစီးအပွါးရှိခြင်း ချမ်းသာခြင်းငှါ ဖြစ်နိုင်ရာသော သွန်သင်ဆုံးမခြင်းဖြင့် သွန်သင်ဆုံးမတော်မူပါ" ဟု လျှောက်ထားကြကုန်၏။

ပုဏ္ဏားတို့ သင်တို့သည် ဖွားမြင်သည်မှ အသက် တရာ့နှစ်ဆယ်ရှိကုန်၍ အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် အဆုံးအရွယ်သို့ စင်စစ်ရောက်ကြကုန်၏။ သင်တို့သည် ဒုဂ္ဂတိဘေးမှ စောင့်ရှောက် တားမြစ်ကြောင်းကောင်းမှု ကုသိုလ်ကိုမျှ မပြုလုပ်ကြရကုန်သေး၊ ပုဏ္ဏားတို့ အိုခြင်း နာခြင်း သေခြင်းသည် ဤသတ္တလောကကို အဆင့်ဆင့် ပို့ဆောင်အပ်၏။ ပုဏ္ဏားတို့ အိုခြင်း နာခြင်း သေခြင်းသည် သတ္တလောကကို ဤသို့ အဆင့်ဆင့် ပို့ဆောင်အပ်သည်ရှိသော် ဤမျက်မှောက်ဘဝ၌ ကိုယ်ဖြင့်စောင့်စည်းခြင်း နှုတ်ဖြင့်စောင့်စည်းခြင်း စိတ်ဖြင့် စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ ပြောင်းသွားသူ၏ ခိုကိုးရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာ လည်းလျောင်းရာ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

(အို နာ သေရေး ဒုက္ခဘေးတို့သည်) ဇီဝိတိန္ဒြေကို အဆင့်ဆင့် ပို့ဆောင်အပ်၏၊ (သတ္တဝါတို့၏) အသက်သည် တိုတောင်းလှ၏၊ အိုခြင်းတရားသည် အဆင့်ဆင့် ပို့ဆောင်အပ်သော သတ္တဝါအား ကိုးကွယ်ရာတို့မည်သည် မရှိနိုင်ကုန်၊ သေခြင်းတရား၌ ဤမည်သော ဘေးကို (ပညာမျက်စိဖြင့်)မြင်အောင် ရှုလျက် ချမ်းသာကို ဆောင်စွမ်းနိုင်သော ကုသိုလ်ကောင်းမှုတို့ကို ပြုရာသတည်း။

ဤမျက်မှောက်ဘဝ၌ ကိုယ် နှုတ် စိတ်ဖြင့် စောင့်စည်းခြင်းသည်ရင်း အသက်ဝိညာဉ် ရှင်နေစဉ် ကောင်းမှုကို ပြုခြင်းသည်ရင်း တမလွန်လောကသို့ ပြောင်းသွားသူအား ချမ်းသာခြင်းငှါ ဖြစ်သတည်း။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဒုတိယ ဒွေမြာဟ္မဏသုတ်

၅၃။ ထိုအခါ ဖွားမြင်သည်မှ အသက်တရာ့နှစ်ဆယ်ရှိ၍ အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့် လွန်မြောက် အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားနှစ်ယောက်တို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ကြပြီးလျှင် မြတ်စွာဘုရားအား—"အသျှင်ဂေါတမ အကျွန်ုပ်တို့သည် ဖွားမြင်သည်မှ အသက် တရာ့နှစ်ဆယ် ရှိကြ၍ အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့် လွန်မြောက် အဆုံးအရွယ်သို့လည်း ရောက်ကြပါကုန်ပြီ။ ထိုအကျွန်ုပ်တို့အား ဒုဂ္ဂတိဘေးမှ စောင့်ရှောက်တားမြစ်ကြောင်း ကောင်းမှုကုသိုလ်ကိုမူ မပြုသုပ်ကြရပါကုန်သေး။ အသျှင်ဂေါတမသည် အကျွန်ုပ်တို့အား ရှည်ကြာ လေးမြင့် အစီးအပွါး ရှိခြင်း ချမ်းသာခြင်းငှါ ဖြစ်နိုင်ရာသော သွန်သင်ဆုံးမခြင်းဖြင့် သွန်သင် ဆုံးမတော်မူပါ" ဟု လျှောက်ထားကြကုန်၏။

ပုဏ္ဏားတို့ သင်တို့သည် ဖွားမြင်သည်မှ အသက်တရာ့နှစ်ဆယ် ရှိကုန်၍ အိုမင်း ကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့် လွန်မြောက် အဆုံးအရွယ်သို့ စင်စစ်ရောက်ကြကုန်၏။ သင်တို့သည် ဒုဂ္ဂတိဘေးမှ စောင့်ရှောက် တားမြစ်ကြောင်း ကောင်းမှုကုသိုလ်ကိုမူ မပြုလုပ်ကြရကုန်သေး၊ ပုဏ္ဏားတို့ ဤသတ္တလောကကို အိုခြင်းမီး နာခြင်းမီး သေခြင်းမီးသည်လောင်မြိုက်နေ၏၊ ပုဏ္ဏားတို့ သတ္တလောကကို အိုခြင်းမီး နာခြင်းမီး သေခြင်းမီးသည် ဤသို့ လောင်မြိုက်အပ်သည်ရှိသော် ဤမျက်မှောက်ဘဝ၌ ကိုယ်ဖြင့် စောင့်စည်းခြင်း နှုတ်ဖြင့် စောင့်စည်းခြင်း စိတ်ဖြင့် စောင့်စည်းခြင်းသည် တမလွန်ဘဝ သို့ ပြောင်းသွားသူ၏ ခိုကိုးရာ ပုန်းအောင်းရာ မှီခိုရာ ကိုးကွယ်ရာ လည်းလျောင်းရာဖြစ်၏ ဟု (မိန့်တော်မူ၏)။

အိမ်ကို မီးစွဲလောင်သည်ရှိသော် အကြင်အိုးခွက် စသောပစ္စည်းကို ထုတ်ယူထားအပ်၏၊ ထိုထုတ်ယူထားအပ်သော အိုးခွက်စသော ပစ္စည်းသည်သာလျှင်၊ ထိုအိမ်၌ အကြင်အကြင် ပစ္စည်းကို မီးမလောင်၊ ထိုမီးမလောင်သော ပစ္စည်းသည်ရှင်း အိမ်ရှင်၏ အကျိုးငှါ ဖြစ်၏။

ဤအတူပင် သတ္တလောကကို အိုခြင်းမီး သေခြင်း မီးသည် စွဲလောင်အပ်၏၊ ချမ်းသာကို ဆောင်စွမ်းနိုင်သော ကုသိုလ်ကောင်းမှုကို ပေးလှူခြင်းဖြင့် ထုတ်ယူအပ်သည်သာကည်း၊ ပေးလှူအပ်ပြီးသော အလှူ 'ဒါန'သည် ကောင်းစွာ ထုတ်ယူထားအပ်ပြီး မည်၏။

ဤမျက်မှောက်ဘဝ၌ ကိုယ် နှုတ် စိတ်ဖြင့် စောင့်စည်းခြင်းသည်ရှင်းအသက် ဝိညာဉ်ရှင်နေစဉ် ကောင်းမှုကို ပြုခြင်းသည်ရှင်း တမလွန်ဘဝသို့ ပြောင်းသွားသူအား ချမ်းသာခြင်းငှါ ဖြစ်၏။

ဒုတိယသုတ်။

## ၂-အညတရဗြာဟ္မဏသုတ်

၅၄။ ထိုအခါ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ပ။တခုသောနေရာ၌ ထိုင်နေပြီးလျှင် မြတ်စွာ

http://www.dhammadownload.com



ဘုရားအား—"အသျှင် ဂေါတမ ကိုယ်တိုင် သိမြင်ထိုက်သော တရား ကိုယ်တိုင် သိမြင်ထိုက်သော တရားဟု ဆိုအပ်ပ၏။ အသျှင်ဂေါတမ အဘယ်မျှဖြင့် တရားသည် ကိုယ်တိုင် သိမြင် ထိုက်ပါသနည်း၊ အခါမလင့်အကျိုး ပေးပါသနည်း၊လာလှည့်ရှုလှည့် ဟူသော အစီရင်ကို ခံထိုက်ပါသနည်း၊ မိမိ၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်ပါသနည်း၊(အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်ပါသနည်း ဟု (လျှောက်ထား၏)။

ပုဏ္ဏား ရာဂဖြင့် တပ်စွန်းသောသူသည် ရာဂနှိပ်စက် ဖိစီးအပ်သည်ဖြစ်၍ရာဂဖြင့် သိမ်းကျုံး ဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိ ဆင်းရဲရန်လည်း ကြံစည်၏၊ သူတပါး ဆင်းရဲရန်လည်း ကြံစည်၏၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း ကြံစည်၏၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ ရာဂကို ပယ်ခွါလိုက်သော် မိမိ ဆင်းရဲရန်လည်း မကြံစည်၊ သူတပါး ဆင်းရဲရန်လည်း ကြံစည်၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း မကြံစည်၊စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရပေ။ (ပုဏ္ဏား ရာဂဖြင့် တပ်စွန်းသော သူသည်။ပ။ ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊နှုတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏။ ရာဂကို ပယ်ခွါလိုက်သော် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို မကျင့်၊နှုတ်ဖြင့် မကောင်းသောအကျင့်ကို မကျင့်၊စိတ်ဖြင့် မကောင်းသော အကျင့်ကို မကျင့်၊ ရာဂဖြင့် တပ်စွန်းသော သူသည်။ပ။ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ မိမိ သူတပါး နှစ်ပါးစုံ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ရာဂကို ပယ်ခွါလိုက်သော် မိမိအကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၏၊ သူတပါး အကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၏၊ မိမိသူတပါး နှစ်ပါးစုံ၏ အကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာသိ၏၊)[၁] ပုဏ္ဏား ဤသို့လျှင် တရားသည် ကိုယ်တိုင် သိမြင် ထိုက်၏။ပ။

ပုဏ္ဏား ဒေါသဖြင့် ဖျက်ဆီးအပ်သူသည် ဒေါသနှိပ်စက် ဖိစီးအပ်သည်ဖြစ်၍ ဒေါသဖြင့်သိမ်းကျုံး ဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိ ဆင်းရဲရန်လည်း ကြံစည်၏၊ သူတပါး ဆင်းရဲရန်လည်း ကြံစည်၏၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း ကြံစည်၏၊စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ ဒေါသကို ပယ်ခွါလိုက်သော် မိမိဆင်းရဲရန်လည်း မကြံစည်၊ သူတပါး ဆင်းရဲရန်လည်း မကြံစည်၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း မကြံစည်၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရပေ။ ပုဏ္ဏား ဤသို့လည်း တရားသည် ကိုယ်တိုင် သိမြင်ထိုက်၏။ပ။

ပုဏ္ဏား မောဟဖြင့် တွေဝေသောသူသည် မောဟနှိပ်စက်ဖိစီးအပ်သည်ဖြစ်၍ မောဟဖြင့် သိမ်း ကျုံးဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိ ဆင်းရဲရန်လည်း ကြံစည်၏၊ သူတပါး ဆင်းရဲရန်လည်း ကြံစည်၏၊မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း ကြံစည်၏၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ မောဟကို ပယ်ခွါလိုက်သော် မိမိဆင်းရဲရန်လည်း မကြံစည်၊ သူတပါးဆင်းရဲရန်လည်း မကြံစည်၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း မကြံစည်၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရ၊ ပုဏ္ဏား ဤသို့လည်း တရားသည်ကိုယ်တိုင် သိမြင်ထိုက်၏၊ အခါမလင့် အကျိုး ပေး၏၊ လာလှည့် ရှုလှည့် ဟူသော အစီရင်ကို ခံထိုက်၏၊

---

၁။ ဤကွင်းအတွင်း၌ရှိ စကားရပ်များသည် သီဟိုဠ် ယိုးဒယား ကမ္ဘောဇီးယား အက္ခရာတို့၌ မပါ။

http://www.dhammadownload.com



**မိမိ၏** ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်၌ သိနိုင် ခံစားနိုင်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့ သို့ရင်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ ၎င်း၊ ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးတို့ဖြင့် တရားတော်ကို ပြတော်မူ၏၊ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ရဟန်း သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး(ရတနာသုံးပါးကို)ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ ဟု လျှောက်၏။

တတိယသုတ်။

---

## ၄-ပရိဗ္ဗာဇကသုတ်

၅၅။ ထိုအခါ တဦးသော ပုဏ္ဏားမျိုးဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဂေါတမ ကိုယ်တိုင် သိမြင်ထိုက်သော တရား ကိုယ်တိုင်သိမြင်ထိုက်သော တရားဟုဆိုအပ်ပါ၏၊အသျှင်ဂေါတမ အဘယ်မျှဖြင့် တရားတော်သည် ကိုယ်တိုင် သိမြင်ထိုက်ပါသနည်း၊ အခါမလင့် အကျိုး ပေးပါသနည်း၊ လာလှည့်ရှုလှည့်ဟူသော အစီရင်ကို ခံထိုက်ပါသနည်း၊ မိမိ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်ပါသနည်း။(အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်၌ သိနိုင် ခံစားနိုင်ပါသနည်း" ဟု လျှောက်၏။

ပုဏ္ဏား ရာဂဖြင့် တပ်စွန်းသောသူသည် ရာဂနှိပ်စက် ဖိစီးအပ်သည်ဖြစ်၍ ရာဂဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သည့်စိတ်ရှိရကား မိမိ ဆင်းရဲရန်လည်း ကြံစည်၏၊သူတပါး ဆင်းရဲရန်လည်း ကြံစည်၏၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း ကြံစည်၏၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ ရာဂကို ပယ်ခွါလိုက်သော် မိမိ ဆင်းရဲရန်လည်း မကြံစည်၊ သူတပါး ဆင်းရဲရန်လည်း မကြံစည်၊မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း မကြံစည်၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရပေ။ပုဏ္ဏား ရာဂဖြင့် တပ်စွန်းသော သူသည် ရာဂနှိပ်စက် ဖိစီးအပ်သည်ဖြစ်၍ ရာဂဖြင့် သိမ်းကျုံး ဆွဲဆောင်အပ်သည့် စိတ်ရှိသည်ဖြစ်ရကား ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏။ ရာဂကို ပယ်ခွါလိုက်သော် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ပုဏ္ဏား ရာဂဖြင့် တပ်စွန်းသောသူသည် ရာဂနှိပ်စက်ဖိစီးအပ်သည်ဖြစ်၍ ရာဂဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊သူတပါး၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ မိမိသူတပါး နှစ်ပါးစုံ၏ အကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိ။ ရာဂကို ပယ်ခွါလိုက်သော် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ သူတပါးအကျိုးကိုလည်း

http://www.dhammadownload.com



ဟုတ်တိုင်း မှန်စွာ သိ၏၊ မိမိသူတပါး နှစ်ပါးစုံ၏ အကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၏။ ပုဏ္ဏား ဤသို့လျှင် တရားတော်သည် ကိုယ်တိုင် သိမြင် ထိုက်၏။ပ။

ပုဏ္ဏား ဒေါသဖြင့် ဖျက်ဆီးအပ်သူသည် ။ပ။ ပုဏ္ဏား မောဟဖြင့် တွေဝေသောသူသည် မောဟနှိပ်စက်ဖိစီးအပ်သည်ဖြစ်၍ မောဟဖြင့် သိမ်းကျုံး ဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိဆင်းရဲရန်လည်း ကြံစည်၏၊ သူတပါး ဆင်းရဲရန်လည်း ကြံစည်၏၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း ကြံစည်၏၊စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ မောဟကို ပယ်ခွါလိုက်သော် မိမိဆင်းရဲရန်လည်း မကြံစည်၊သူတပါး ဆင်းရဲရန်လည်း မကြံစည်၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း မကြံစည်၊ စိတ်ကို စွဲမှီ၍ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရပေ။ ပုဏ္ဏား မောဟဖြင့် တွေဝေသောသူသည် မောဟ နှိပ်စက်ဖိစီးအပ်သည်ဖြစ်၍ မောဟဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သည့် စိတ်ရှိရကား ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊နှုတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏။ မောဟကို ပယ်ခွါလိုက်သော် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ ပုဏ္ဏား မောဟဖြင့် တွေဝေသော သူသည် မောဟနှိပ်စက်ဖိစီးအပ်သည်ဖြစ်၍ မောဟဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိ၏ အကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိ၊ သူတပါး အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊မိမိ သူတပါး နှစ်ပါးစုံ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။မောဟကို ပယ်ခွါလိုက်သော် မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ သူတပါး အကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ သိ၏၊ မိမိသူတပါး နှစ်ပါးစုံ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ပုဏ္ဏား ဤသို့လျှင် တရားတော်သည် ကိုယ်တိုင် သိမြင်ထိုက်၏၊ အခါမလင့် အကျိုး ပေး၏၊ လာလှည့် ရှုလှည့်ဟူသော အစီရင်ကို ခံထိုက်၏၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို) ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

စတုတ္ထသုတ်။

---

## ၅-နိဗ္ဗုတသုတ်

၅၆။ ထိုအခါ ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—"အသျှင်ဂေါတမ ကိုယ်တိုင် သိမြင်ထိုက်သော နိဗ္ဗာန် ကိုယ်တိုင် သိမြင်ထိုက်သော နိဗ္ဗာန်ဟုဆို၏၊ အသျှင်ဂေါတမ အဘယ်မျှဖြင့် နိဗ္ဗာန်သည် ကိုယ်တိုင် သိမြင်ထိုက်ပါသနည်း၊ အခါမလင့် အကျိုးကို ပေးပါသနည်း၊ လာလှည့် ရှုလှည့် ဟူသော အစီရင်ကို ခံထိုက်ပါသနည်း၊ မိမိ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထား ထိုက်ပါသနည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်ပါသနည်း"ဟု (လျှောက်၏)။

ပုဏ္ဏား ရာဂဖြင့် တပ်စွန်းသောသူသည် ရာဂနှိပ်စက်ဖိစီးအပ်သည်ဖြစ်၍ ရာဂဖြင့် သိမ်းကျုံး ဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိဆင်းရဲရန်လည်း ကြံစည်၏၊သူတပါး ဆင်းရဲရန်လည်း ကြံစည်၏၊

http://www.dhammadownload.com



မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်းကြံစည်၏၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ ရာဂကို ပယ်ခွါလိုက်သော် မိမိ ဆင်းရဲရန်လည်း မကြံစည်၊ သူတပါး ဆင်းရဲရန်လည်း မကြံစည်၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း မကြံစည်၊ စိတ်ကို စွဲ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရပေ။ ပုဏ္ဏား ဤသို့လျှင် နိဗ္ဗာန်သည် ကိုယ်တိုင် သိမြင်ထိုက်၏ ။

ပုဏ္ဏား ဒေါသဖြင့် ဖျက်ဆီးအပ်သူသည်။ ပ။ ပုဏ္ဏား မောဟဖြင့် တွေဝေသူသည် မောဟနှိပ်စက် ဖိစီးအပ်သည် ဖြစ်၍ မောဟဖြင့် သိမ်းကျုံး ဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိဆင်းရဲရန်လည်း ကြံစည်၏၊ သူတပါး ဆင်းရဲရန်လည်း ကြံစည်၏၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း ကြံစည်၏၊ စိတ်ကိုစွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးသာခြင်းကိုလည်း ခံစားရ၏။ မောဟကို ပယ်ခွါလိုက်သော် မိမိ ဆင်းရဲရန်လည်း မကြံစည်၊ သူတပါးဆင်းရဲရန်လည်း မကြံစည်၊ မိမိ သူတပါး နှစ်ပါးစုံဆင်းရဲရန်လည်း မကြံစည်၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရပေ။ ပုဏ္ဏား ဤသို့လည်း နိဗ္ဗာန်သည် ကိုယ်တိုင် သိမြင်ထိုက်၏၊ ပုဏ္ဏား ဤသူသည် အကြွင်းမဲ့ ရာဂကုန်ရာ နိဗ္ဗာန်ကို ခံစားရ၏၊ အကြွင်းမဲ့ ဒေါသကုန်ရာ နိဗ္ဗာန်ကို ခံစားရ၏၊ အကြွင်းမဲ့ မောဟကုန်ရာ နိဗ္ဗာန်ကို ခံစာရ၏။ ပုဏ္ဏား၊ ဤသို့လျှင် နိဗ္ဗာန်သည် ကိုယ်တိုင် သိမြင်ထိုက်၏၊ အခါမလင့် အကျိုး ပေး၏၊ လာလှည့် ရှုလှည့် ဟူသော အစီရင်ကို ခံထိုက်၏။ မိမိ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူအပ်ထိုက်၏။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်၏ ဟု (ဟောတော်မူ၏)။ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို) ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

ပဉ္စမသုတ်။

---

## ၆-ပလောကသုတ်

၅၇။ ထိုအခါ ဥစ္စာကြွယ်ဝသော ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင်။ ပ။ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဂေါတမ (အသက်) ကြီးကုန် အရွယ်ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ရှေးပုဏ္ဏားတို့ ပြောဆိုကြသော ဤစကားကို ကြားဘူးပါသည် 'ရှေးအခါက ဤလူ့ဘုံလောကသည် အဝီစိငရဲကြီးကဲ့သို့ပင် လူတို့ဖြင့် ပြည့်နှက်၍ နေ၏၊ ရွာ နိဂုံး မင်းနေပြည်တို့သည် ကြက်ပျံတကျ ရှိကုန်၏' ဟု (ကြားဘူးပါသည်)။ ယခုအခါ၌ လူများ နည်းပါးကုန်ခန်း၏၊ ကျိုးတိုးကျဲတဲ ထင်၏၊ ရွာတို့သည်လည်း ရွာ မဟုတ်ကုန်၊ နိဂုံးတို့သည်လည်း နိဂုံးမဟုတ်ကုန်၊ မြို့တို့သည်လည်း မြို့မဟုတ်ကုန်၊ ဇနပုဒ်တို့သည်လည်း ဇနပုဒ် မဟုတ်ကုန်။ အသျှင်ဂေါတမ ယင်းသို့ ဖြစ်ရခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်၏။

ပုဏ္ဏား ယခုအခါ၌ လူတို့သည် မတရားသော 'အဓမ္မ' လောဘဖြင့် တပ်မက်ကုန်၏၊ မညီမျှသော 'ဝိသမ' လောဘဖြင့် နှိပ်စက်အပ်ကုန်၏၊ မှောက်မှားသော အကျင့် 'မိစ္ဆာဓမ္မ' နှင့်ပြည့်စုံကုန်၏၊ ထိုသူတို့သည် မတရားသော လောဘဖြင့် တပ်မက်ကုန်သည် ဖြစ်၍ မညီမျှသော လောဘဖြင့် နှိပ်စက်အပ်

http://www.dhammadownload.com



ကုန်သည် ဖြစ်၍ မှောက်မှားသော အကျင့်နှင့် ပြည့်စုံသည် ဖြစ်၍ ထက်သော လက်နက်တို့ကို စွဲကိုင်ကြလျက် အချင်းချင်း သတ်ဖြတ်ကြကုန်၏၊ ထိုကြောင့် လူပေါင်းမြောက်မြားစွာ သေကုန်၏၊ ယင်းအကြောင်း ကြောင့် ယခုအခါ၌ လူများ နည်းပါးကုန်ခန်း၏၊ ကျေးတိုး ကျဲတဲ ထင်၏၊ ရွာတို့သည်လည်း ရွာမဟုတ်ကုန်၊ နိဂုံးတို့သည်လည်း နိဂုံးမဟုတ်ကုန်၊ မြို့တို့သည်လည်း မြို့မဟုတ်ကုန်၊ ဇနပုဒ်တို့သည်လည်းဇနပုဒ် မဟုတ်ကုန်။ ပုဏ္ဏား ဤသည်လည်း အကြောင်း (တရပ်) အထောက်အထား (တခု)ပေတည်း။

ပုဏ္ဏား နောက်တမျိုးကား ယခုအခါ၌ လူတို့သည် မတရားသော လောဘဖြင့် တပ်မက်ကုန်၏၊ မညီမျှသော လောဘဖြင့် နှိပ်စက်အပ်ကုန်၏၊ မှောက်မှားသော အကျင့်နှင့် ပြည့်စုံကုန်၏၊ မတရားသော လောဘဖြင့် တပ်မက်ကုန်သော မညီမျှသော လောဘဖြင့် နှိပ်စက်အပ်ကုန်သော မှောက်မှားသော အကျင့်နှင့် ပြည့်စုံကုန်သော ထိုလူတို့အား မိုးသည် ရေအယဉ်ကို ကောင်းစွာ ရွာချမပေး၊ ထိုကြောင့် ငတ်မွတ်ခေါင်းပါး၏၊ ကောက်ပင်တို့မသန်စွမ်းကုန်၊ ကောက်ပင်တို့ ပိုးဖျက်ခံရ၏၊ အရိုးတံသာ ကျန်ရှိ၏၊ ထိုကြောင့် လူပေါင်း မြောက်မြားစွာ သေကုန်၏။ ယင်းအကြောင်း ကြောင့် ယခုအခါ၌ လူများ နည်းပါး ကုန်ခန်း၏၊ ကျေးတိုး ကျဲတဲ ထင်၏၊ ရွာတို့သည်လည်း ရွာမဟုတ်ကုန်၊ နိဂုံတို့သည်လည်း နိဂုံး မဟုတ်ကုန်၊ မြို့တို့သည်လည်း မြို့မဟုတ်ကုန်၊ ဇနပုဒ်တို့သည်လည်း ဇနပုဒ် မဟုတ်ကုန်။ ပုဏ္ဏား ဤသည်လည်း အကြောင်း (တရပ်) အထောက်အထား (တခု) ပေတည်း။

ပုဏ္ဏား နောက်တမျိုးကား ယခုအခါ၌လူတို့သည် မတရားသော လောဘဖြင့် တပ်မက်ကုန်၏၊ မညီမျှသောလောဘဖြင့် နှိပ်စက်အပ်ကုန်၏၊ မှောက်မှားသော အကျင့်နှင့် ပြည့်စုံကုန်၏၊ မတရားသော လောဘဖြင့် တပ်မက်ကုန်သော မညီမျှသော လောဘဖြင့် နှိပ်စက်အပ်ကုန်သော မှောက်မှားသော အကျင့်နှင့် ပြည့်စုံကုန်သော ထိုလူတို့ထံသို့ အကြီးအကဲဖြစ်သော ဘီလူးတို့သည် ကြမ်းထမ်းသော ဘီလူးတို့ကို စေလွှတ်ကုန်၏၊ ထိုကြောင့် လူပေါင်းမြောက်မြားစွာ သေကုန်၏။ ယင်းအကြောင်းကြောင့် ယခုအခါ၌ လူများ နည်းပါး ကုန်ခန်း၏၊ ကျေးတိုးကျဲတဲ ထင်၏၊ ရွာတို့သည်လည်း ရွာမဟုတ်ကုန်၊ နိဂုံးတို့သည်လည်း နိဂုံးမဟုတ်ကုန်၊ မြို့တို့သည်လည်း မြို့မဟုတ်ကုန်၊ ဇနပုဒ်တို့သည်လည်း ဇနပုဒ် မဟုတ်ကုန်။ ပုဏ္ဏား ဤသည်လည်း အကြောင်း(တရပ်) အထောက်အထား (တခု) ပေတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး(ရတနာသုံးပါး)ကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

ဆဋ္ဌသုတ်။

## ၇-ဝစ္ဆဂေါတ္တသုတ်

၅၇။ ထိုအခါ ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား––"အသျှင်ဂေါတမ ရဟန်းဂေါတမသည် 'ငါ့အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တပါးသူတို့အား အလှူကို မပေးလှူအပ်။ ငါ့တပည့်တို့အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တပါးသူတို့၏ တပည့်တို့အား

http://www.dhammadownload.com



အလှူကို မပေးလှူအပ်။ ငါ့အား ပေးလှူသော အလှူသာလျှင် အကျိုးကြီး၏၊ တပါးသူတို့အား ပေးလှူသော အလှူသည် အကျိုး မကြီး။ ငါ့တပည့်တို့အား ပေးလှူသော အလှူသာလျှင် အကျိုးကြီး၏၊ တပါးသူတို့၏ တပည့်တို့အား ပေးလှူသော အလှူသည် အကျိုးမကြီး' ဟု ပြောဟောသည် ဟူသော ဤစကားကို အကျွန်ုပ် ကြားဘူးပါသည်။ အသျှင်ဂေါတမ အသို့နည်း ရဟန်းဂေါတမသည် 'ငါ့အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တပါးသူတို့အား အလှူကိုမပေးလှူအပ်။ ငါ့တပည့်တို့အား သာလျှင် အလှူကို ပေးလှူအပ်၏၊တပါးသူတို့၏ တပည့်တို့အား အလှူကို မပေးလှူအပ်။ ငါ့အား ပေးလှူသော အလှူသာလျှင် အကျိုးကြီး၏၊ တပါးသူတို့အား ပေးလှူသော အလှူသည် အကျိုး မကြီး။ ငါ့တပည့်တို့အား ပေးလှူသော အလှူသာလျှင် အကျိုးကြီး၏၊ တပါးသူတို့၏ တပည့်တို့အား ပေးလှူသောအလှူသည် အကျိုးမကြီး'ဟု ပြောဟောသည်ဟူ၍ ပြောဆိုကြသော သူတို့သည် အသျှင်ဂေါတမဆိုသည့်အတိုင်းပင် ဆိုကြသည် ဟုတ်ပါ၏လော၊ အသျှင်ဂေါတမကို မဟုတ်မမှန် စွပ်စွဲရာ မရောက်ပဲရှိပါကုန်၏လော၊အသျှင်ဂေါတမဟောသော တရားကိုပင် တဆင့် ဟောကြားကြသည် ဟုတ်ပါ၏လော၊ အသျှင်ဂေါတမ၏ မူရင်း စကားနှင့် (ထိုသူတို့၏)တဆင့်ပြောသော စကားသည် ကဲ့ရဲ့ဖွယ်အကြောင်း လုံးဝ ကင်းပါ၏လော၊ အကျွန်ုပ်တို့သည်ကား အသျှင် ဂေါတမကို စွပ်စွဲရန် အလိုမရှိကြပါ"ဟု လျှောက်၏။

ဝစ္ဆ "ရဟန်းဂေါတမသည် 'ငါ့အားသာလျှင် အလှူကို ပေးလှူအပ်၏။ပ။ တပါးသူတို့၏ တပည့်တို့အား ပေးလှူသော အလှူသည် အကျိုးမကြီးဟု'ဟောပြောသည်ဟူ၍ ပြောဆိုကြသော သူတို့သည် ငါဆိုသည့်အတိုင်း ဆိုကြသည် မဟုတ်ကုန်၊ ငါ့ကို ထင်ရှားမရှိသော မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲကုန်သည်သာတည်း။ ဝစ္ဆ သူတပါး အလှူပေးသည်ကို တားမြစ်သူသည် သုံးမျိုးတို့၏ အန္တရာယ်ကို ပြုသည်မည်၏၊ သုံးမျိုးတို့၏ ဘေးရန်ကို ပြုသည်မည်၏။ အဘယ်သုံးမျိုးတို့၏ အန္တရာယ် ဘေးရန်ကို ပြုသည်မည်သနည်း ဟူမူ—အလှူဒါယကာ၏ ကောင်းမှု အန္တရာယ်ကို ပြုသည်မည်၏။ အလှူခံ ပုဂ္ဂိုလ်၏ လာဘ် အန္တရာယ်ကို ပြုသည်မည်၏။ ထိုတားမြစ်သူသည် ရှေးဦးကပင်လျှင် မိမိကိုယ်ကို တူးဖို့ ဖျက်ဆီးအပ်သည်မည်၏။ ဝစ္ဆ သူတပါး အလှူပေးသည်ကို တားမြစ်သူသည် ဤသုံးမျိုးတို့၏ အန္တရာယ်ကို ပြုသည်မည်၏၊ ဤသုံးမျိုးတို့၏ဘေးရန်ကို ပြုသည် မည်၏။

ဝစ္ဆ ငါမူကား ဤသို့ ဟော၏—"တန်စီးအိုင် တန်စီးမြောင်းရှိ သတ္တဝါတို့သည် အိုးခွက် ဆေးရေတို့ဖြင့် မျှတကြပါစေ" ဟု အိုးဆေးရေကို ဖြစ်စေ ခွက်ဆေးရေကို ဖြစ်စေ ထိုအိုင် ထိုမြောင်း၌ စွန့်သွန်၏၊ ဝစ္ဆ ထိုအကြောင်းကြောင့်လည်း ကောင်းမှုဖြစ်ခြင်းကို ငါဟော၏၊ လူဖြစ်သူကို ပေးလှူရာ၌ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။စင်စစ်အားဖြင့်ကား သီလရှိသူအား ပေးလှူခြင်းသည် အကျိုးကြီး၏ ဟု ငါဆို၏၊ သီလ မရှိသူအား ပေးလှူခြင်းသည် ထိုအတူ အကျိုးကြီး၏ ဟူ၍ကား ငါမဆို။ ထိုသီလရှိသူ ဟူသည်လည်း အင်္ဂါငါးပါးကိုပယ်ပြီးသူ အင်္ဂါငါးပါးနှင့် ပြည့်စုံပြီးသူ ဖြစ်ရ၏။

အဘယ် အင်္ဂါငါးပါးကို ပယ်ပြီး ဖြစ်ရသနည်း။ ကာမဂုဏ်ကို လိုလားခြင်း 'ကာမစ္ဆန္ဒ'ကို ပယ်ပြီးသူ ပျက်စီးစေလိုခြင်း 'ဗျာပါဒ' ကို ပယ်ပြီးသူ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကို ပယ်ပြီးသူ ပျံ့လွင့်ခြင်း နောင်တပူပန်ခြင်း 'ဥဒ္ဓစ္စ ကုက္ကုစ္စ'ကို ပယ်ပြီးသူ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်ပြီးသူ ဖြစ်ရ၏။ ဤအင်္ဂါငါးပါးတို့ကို ပယ်ပြီးသူ ဖြစ်ရ၏။

http://www.dhammadownload.com



အဘယ်အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသူဖြစ်ရသနည်း။ ရဟန္တာတို့ ဥစ္စာဖြစ်သော သီလအစုနှင့် ပြည့်စုံသူ ရဟန္တာတို့ဥစ္စာဖြစ်သော သမာဓိအစုနှင့် ပြည့်စုံသူ ရဟန္တာတို့ ဥစ္စာဖြစ်သော ပညာအစုနှင့် ပြည့်စုံသူ ရဟန္တာတို့ ဥစ္စာဖြစ်သော ဝိမုတ္တိအစုနှင့် ပြည့်စုံသူ ရဟန္တာတို့ ဥစ္စာဖြစ်သော ဝိမုတ္တိဉာဏ အမြင်အစုနှင့် ပြည့်စုံသူဖြစ်ရ၏။ ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသူဖြစ်ရ၏။ ဤသို့ ဤအင်္ဂါငါးပါး တို့ကို ပယ်ပြီး၍အင်္ဂါငါးပါးတို့နှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီး၏ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။

အဆင်းတူဖြစ်သည့် နွားနက် နွားဖြူ နွားနီ နွားပြာစိမ်း နွားကျား ခိုပြာရောင် နွား ဟူကုန်သော မည်သည့်နွားတို့တွင်မဆို အကြင်ရှေ့ဆောင် နွားလားသည် ယဉ်ကျေး၏၊ ဝန်ကို ဆောင်နိုင်၏၊ ခွန်အားနှင့် ပြည့်စုံ၏၊ ဖြောင့်မတ် လျင်မြန်စွာသွား၏။ ထိုနွားကိုသာ လျှင် ဝန်ဆောင်ခိုင်းကုန်၏၊ ထိုနွား၏ အဆင်းကိုမူကား မစူးစမ်း မဆင်ခြင်ကုန်။

ဤအတူသာလျှင် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုး ဒွန်းစဏ္ဍားမျိုး ပန်းမှိုက် သွန်မျိုး ဟူကုန်သော မည်သည့် အမျိုးဇာတ်ရှိသည့် လူတို့တွင်မဆို အကြင်သူသည် ယဉ်ကျေး ၏၊ ကောင်းသော အကျင့် ရှိ၏၊ တရား၌ တည်၏၊ သီလနှင့် ပြည့်စုံ၏၊ မှန်သော စကားကို ဆိုလေ့ရှိ၏၊(မကောင်းမှုမှ) ရှက်စိတ်ရှိ၏၊ ပဋိသန္ဓေနေခြင်း သေခြင်း သဘောကို ပယ်ပြီး ဖြစ်၏၊ မြတ်သော အကျင့်အလုံးစုံနှင့် ပြည့်စုံပြီးဖြစ်၏ ၊ (ခန္ဓာ) ဝန်ကို ချထားပြီးဖြစ်၏၊ ဝဋ်ဆင်းရဲ၌ မယှဉ်၊ ပြုဖွယ်ကိုလည်း ပြုပြီးဖြစ်၏၊ အာသဝေါတရားမှ ကင်း၏၊ အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ရောက်ပြီးဖြစ်၏၊ (တဏှာဒိဋ္ဌိဖြင့်)တစုံတရာ အာရုံကို မစွဲယူမူ၍ ငြိမ်းအေး၏။ ကိလေသာမှုကင်းသော လယ်ယာ မြေကောင်းသဖွယ် ဖြစ်သော ထိုရဟန္တာ ပုဂ္ဂိုလ်၌ ပေးလှူအပ်သောအလှူသည် ပြန့်ပြော၏၊

မသိမလိမ္မာ ပညာမရှိ ဗဟုသုတနည်းပါးကုန်သော သူမိုက်တို့သည်ကား ဤသာသနာတော် မှ အပ၌ အလှူကို ပေးလှူကုန်၏၊ သူတော်ကောင်းတို့ကို မဆည်းကပ်ကုန်။

အကြင်သူတို့သည်ကား ပညာရှိဟု ချီးမွမ်းအပ်ကုန်သော ပညာရှိ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ကုန်၏၊ ထိုသူတို့၏ သဒ္ဓါတရားသည်ကား မြတ်စွာဘုရား၌ အမြစ်သဖွယ် ဖြစ်၍ တည်၏၊ ထို ပညာရှိတို့သည် နတ်ပြည်သို့လည်း လားရကုန်၏၊ ဤလူ့ပြည်၌မူလည်း မြတ် သော အမျိုး၌ ဖြစ်ရကုန်၏၊ အစဉ်သဖြင့် နိဗ္ဗာန်သို့ ရောက်ရကုန်၏။

သတ္တမသုတ်။

---

## ၈-တိကဏ္ဏသုတ်

၅၉။ ထိုအခါ တိကဏ္ဏပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ။ပ။ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရား၏ မျက်မှောက်၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ပုဏ္ဏားတို့၏ဂုဏ်ကို ဤသို့ပြောဆို၏– “ဝိဇ္ဇာသုံးမျိုးနှင့် ပြည့်စုံသော ပုဏ္ဏားတို့သည် ဤသို့လည်း (ပညာရှိ)ဖြစ်ကုန်၏၊ ဝိဇ္ဇာသုံးမျိုးနှင့် ပြည့်စုံသော ပုဏ္ဏားတို့သည် ဤအကြောင်းကြောင့်လည်း (ပညာရှိ) ဖြစ်ကုန်၏”ဟု(ပြောဆို၏)။ ပုဏ္ဏား အဘယ်သို့လျှင် ပုဏ္ဏားကို ဝိဇ္ဇာသုံးမျိုးနှင့် ပြည့်စုံ၏ဟု ပုဏ္ဏားတို့ ပြောဆိုပညပ်ကုန်သနည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ ဤလောက၌ ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ မျိုးရိုး သန့်သော အမိဝမ်းရှိ၏၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် ဇာတ်နှင့် စပ်သောစကားဖြင့် အပယ်မခံရ အကဲ့ရဲ့မခံရ၊ ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကိုဆောင်၏။ အဘိဓာန် 'နိဃဏ္ဍု'ကျမ်း အလင်္ကာ 'ကေဋုဘ'ကျမ်း သဒ္ဒါ 'အက္ခရပ္ပဘေဒ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်း[၁] နှင့် တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်း[၂] ကို တတ်၏၊ ဗျာကရုဏ်း ကျမ်း[၃] ကို တတ်၏၊ လောကာယတကျမ်း[၄] မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ အသျှင်ဂေါတမ ဤသို့လျှင် ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏ဟု ပုဏ္ဏားတို့ ပညတ်ကုန်၏ ဟု (လျှောက်၏)။

ပုဏ္ဏား ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏ဟု ပုဏ္ဏားတို့ ပညပ်ပြောဆိုကြသည်ကား အခြားတပါးတည်း၊ အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား အခြားတပါးတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အဘယ်သို့လျှင် အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းဖြစ်သနည်း၊ တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးဖြစ်ပုံ တရားကို အကျွန်ုပ်အား ဟောကြားတော်မူပါဟု (လျှောက်၏)။ ပုဏ္ဏား သို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ငါ ဟောအံ့ဟု (မိန့်တော်မူ၏။) အသျှင်ဘုရား ကောင်းပါပြီဟု တိကဏ္ဏပုဏ္ဏားသည် မြတ်စွာဘုရားအား ဝန်ခံ၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏ ။

ပုဏ္ဏား ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော(နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း'ဝိစာရ'တို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော တည်ကြည်ခြင်း သမာဓိကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ နှစ်သိမ့်ခြင်း'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် 'သတိ'သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာ 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင် တတိယ ဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်း ကြောင့် ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း 'သောမနဿ'နှလုံးမသာခြင်း 'ဒေါမနဿ'တို့ ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲ ချမ်းသာမရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့် ဖြစ်သည့် သတိ၏စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော်

---

၁. မဟာဘာရတစသော ရှေးဟောင်းသမိုင်းရာဇဝင်ပုံပြင်ကျမ်း။

၂. ဝေဒကျမ်းလာ ပုဒ်ရင်းတို့ကို ထုတ် နုတ်စိစစ်ပြသောကျမ်း။

၃. ဓာတ်ပစ္စည်း ဝိဘတ်တို့ဖြင့် ဝေဖန်၍ ပုဒ်တို့၏ ပြီးစီးပုံကိုပြသောကျမ်း။

၄. မျက်မြင်လောက အကြောင်းအရာ ကိုသာ ပြသော ရုပ်ဝါဒ ကျမ်း စာရ်ဗာကဆရာ၏ ရုပ်ဝါဒ စသည်။

http://www.dhammadownload.com



တည်တံ့လတ်သော် မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော် ထိုသူသည် ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုသူသည် များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း။ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝအရာကိုရင်း ဘဝအထောင်ကိုရင်း ဘဝအသိန်းတို့ကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ် တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း "ဤမည်သော ဘဝ၌ ဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သောအစာ ဤသို့သော ချမ်းသာ ဆင်းရဲခံစားခြင်းရှိ၏၊ ဤသို့ အသက်အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သော အဆင်း ဤသို့သောအစာ ဤသို့သော ချမ်းသာဆင်းရဲ ခံစားခဲ့ရခြင်းရှိ၏၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု အခြင်းအရာနှင့် တကွ အဖြစ်သနစ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။ ထိုသူအား ဤရှေးဦးစွာသော အသိဉာဏ်'ဝိဇ္ဇာ'ကိုရ၏၊ မမေ့မလျော့ပဲ ပြင်းစွာ အားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသော သူအား 'အဝိဇ္ဇာ'မှောင်ကင်း၍ ပညာဉာဏ် အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့ မသိမှု'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ (အဝိဇ္ဇာ) မှောင် ပျောက်၍ (ဝိဇ္ဇာ) ဉာဏ် အလင်းရောင် ဖြစ်ပေါ်၏။

ဤသို့လျှင် တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုပြင်ခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏ သေခြင်း 'စုတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'ကို သိသော ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထိုသူသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာ'ဂတိ'ရှိသော သတ္တဝါ မကောင်းသောလားရာ'ဂတိ' ရှိသော သတ္တဝါတို့ကို မြင်၏၊ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' စိတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထိုသူတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ကုန်၏"ဟု (သိ၏)။ ဤသို့လျှင် စင်ကြယ်သော လူတို့၏မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော

http://www.dhammadownload.com



သတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာ 'ဂတိ'ရှိသောသတ္တဝါ မကောင်းသော လားရာ 'ဂတိ'ရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။ ထိုပုဂ္ဂိုလ်အား ဤနှစ်ခုမြောက် အသိဉာဏ် 'ဝိဇ္ဇာ'ကို ရ၏၊ မမေ့မလျော့ပဲ ပြင်းစွာ အားထုတ်လျက် တည်ကြည်သော စိတ်ရှိသည် ဖြစ်၍ နေသော သူအား (အဝိဇ္ဇာ) မှောင်ကင်း၍ ပညာဉာဏ် အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့ မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ'ဖြစ်ပေါ်၏၊ (အဝိဇ္ဇာ) မှောင် ပျောက်၍ (ဝိဇ္ဇာ)ဉာဏ် အလင်းရောင် ဖြစ်ပေါ်၏။

ဤသို့လျှင် တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သော 'အာသဝက္ခယ' ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထိုသူသည် "ဤကား ဆင်းရဲ" ဟု ဟုတ်မှန်သောအတိုင်း သိ၏။ "ဤကား ဆင်းရဲဖြစ်ခြင်း၏ အကြောင်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ "ဤသည်တို့ကား အာသဝေါတရားတို့တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား အာသဝေါတရားတို့၏ ဖြစ်ခြင်း၏ အကြောင်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏။ "ဤကား အာသဝေါတရားတို့ ချုပ်ရာ(နိဗ္ဗာန်)"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား အာသဝေါတရားတို့ချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့် ဟု" ဟုတ်မှန်သော အတိုင်း သိ၏။ ဤသို့ သိသော ဤသို့ မြင်သော ထိုသူ၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ" ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟုသိ၏။ ထိုသူအား ဤသုံးခုမြောက် အသိဉာဏ် 'ဝိဇ္ဇာ' ကို ရ၏၊ မမေ့မလျော့ပဲ ပြင်းစွာ အားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား (အဝိဇ္ဇာ)မှောင်ကင်း၍ ပညာဉာဏ်အရောင်အလင်းဖြစ်ပေါ်သကဲ့သို့ မသိမှု 'အဝိဇ္ဇာ' သည် ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ (အဝိဇ္ဇာ) မှောင် ပျောက်၍ (ဝိဇ္ဇာ)ဉာဏ် အလင်းရောင် ဖြစ်ပေါ်၏ ဟု (မိန့်တော်မူ၏)။

နိမ့်တုံ မြင့်တုံ မဟုတ်(ကြီးပွါး)သော သီလနှင့် ပြည့်စုံသော ရင့်သော ပညာလည်းရှိသော ဈာန်ဝင်စားလေ့ရှိသော အကြင်ပုဂ္ဂိုလ်၏စိတ်သည် ဈာန်ကို လေ့လာပြီးဖြစ်၍ တခုတည်းသော အာရုံ ရှိ၏။ကောင်းစွာ တည်ကြည်၏။

အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်ပြီးဖြစ်၍ သမာဓိနှင့် ပြည့်စုံလျက် သေခြင်းတရားကို ပယ်ရှားပြီးသော နတ်လူတို့၏ အစီးအပွါးကို ဆောင်တတ်သော အလုံးစုံသော အကုသိုလ်တရားကို ပယ်စွန့်ပြီးသော ထိုပုဂ္ဂိုလ်ကို စင်စစ် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဟူ၍ ဆိုကြကုန်၏။

ဝိဇ္ဇာ သုံးပါးနှင့် ပြည့်စုံ၍ မတွေဝေပဲ နေလေ့ရှိသော သစ္စာလေးပါးကို သိသော အဆုံးစွန်သော ကိုယ်ကို ဆောင်သော ဂေါတမအနွယ်ဖြစ်သော ထိုပုဂ္ဂိုလ်ကို ရှိခိုးကြကုန်၏။

အကြင်ပုဂ္ဂိုလ်သည် ရှေး၌ဖြစ်ဘူးသည်ကို သိ၏၊နတ်ဘုံ အပါယ်ဘုံတို့ကိုလည်း မြင်၏၊ ထိုမှတပါး ဇာတိ၏ကုန်ရာ(အရဟတ္တဖိုလ်)သို့ ရောက်၏၊ ထူးသောဉာဏ်ဖြင့် သိ၍ အပြီးအဆုံးသို့ ရောက်၏၊ မောနေယျတရား ရှိ၏။

http://www.dhammadownload.com



(ထိုပုဂ္ဂိုလ်သည်) ဤဝိဇ္ဇာသုံးပါးတို့ဖြင့် တေဝိဇ္ဇပုဏ္ဏားဖြစ်၏၊ ထိုပုဂ္ဂိုလ်ကိုသာ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဟူ၍ ငါဆို၏၊ တပါးသူတို့ ပြောသည်ကို လိုက်၍ ပြောတတ်ကာမျှ ဖြစ်သူကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဟု ငါမဆို ဟု (မိန့်တော်မူ၏)။

ပုဏ္ဏား ဤသို့လျှင် အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်သူဖြစ်၏ ဟု(မိန့်တော်မူ၏)။

အသျှင်ဂေါတမ ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား အခြား တပါးပါတည်း၊ အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား အခြားတပါးပါတည်း။ အသျှင်ဂေါတမ ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းသည် အရိယာသူမြတ်တို့၏ အဆုံးအမ ဖြစ်သော ဤဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှကိုလည်း မမှီနိုင်ပါ။ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို) ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

---

## ၉-ဇာဏုသောဏိသုတ်

၆၀။ ထိုအခါ ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ။ပ။တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား— "အသျှင်ဂေါတမ အကြင်သူအား ယဇ်ပူဇော်ဖွယ်ဖြစ်စေ ကုဗ္ဗီးထမင်း[၁] ဖြစ်စေ နွားနို့ထမင်း[၂] ဖြစ်စေ (အခြား)လှူဖွယ်ဝတ္ထု ဖြစ်စေ ရှိသည် ဖြစ်အံ့၊ ထိုသူသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသောပုဏ္ဏားတို့၌ အလှူကို ပေးလှူရာပါ၏" ဟု (လျှောက်၏)။ ပုဏ္ဏား အဘယ်သို့လျှင် ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးရှိသူဟူ၍ ပုဏ္ဏားတို့ ပညတ်ကုန်သနည်း ဟု(မိန့်တော်မူ၏)။ အသျှင် ဂေါတမ ဤလောက၌ ပုဏ္ဏားတို့သည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊အကဲ့ရဲ့ မခံရ၊ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ဝေဒကျမ်းတို့ကို ဆောင်၏၊အဘိဓာန်'နိဃဏ္ဍု'ကျမ်း အလင်္ကာ'ကေဋုဘ'ကျမ်း သဒ္ဒါ'အက္ခရပ္ပဘေဒ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရုဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ အသျှင်ဂေါတမ ဤသို့လျှင် ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူဟူ၍ ပုဏ္ဏားတို့ ပညတ်ကုန်၏ ဟု (လျှောက်၏)။

ပုဏ္ဏား ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏ဟု ပုဏ္ဏားတို့ ပညတ်ပြောဆိုကြသည်ကား အခြား တပါးတည်း၊အရိယာသူမြတ်၏အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား အခြားတပါးတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အဘယ်သို့လျှင် အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းဖြစ်ပါသနည်း၊ တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါး ဖြစ်ပုံတရားကို အကျွန်ုပ်အား ဟောကြားတော်မူပါ ဟု (လျှောက်၏)။ပုဏ္ဏား

---

၁-ကုဗ္ဗီးထမင်းဟူသည် သေသူကို ရည်၍ပေးလှူသောထမင်းတည်း။

၂-ထာလိပါကကို နွားနို့ဖြင့်ချက်အပ်သောထမင်းအထူးဟု သဏ္ဌဋီကာအဘိဓာန်တို့၌ ဆိုသည်။

http://www.dhammadownload.com



သို့ဖြစ်လျှင် နာလေ၊ ကောင်းစွာ နှလုံးသွင်းလော့၊ ငါဟောအံ့ဟု(မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားအား ဝန်ခံ၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏— ပုဏ္ဏား ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍ သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ထိုသူသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရှေး၌ ဖြစ်ခဲ့ဘူးသော ဘဝကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထိုသူသည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့်တကွ များပြားသောရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။ ထိုသူအား ဤရှေးဦးစွာသော အသိဉာဏ် 'ဝိဇ္ဇာ'ကို ရ၏၊ မမေ့မလျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသော သူအား (အဝိဇ္ဇာ) မှောင်ကင်း၍ (ပညာဉာဏ်)အလင်း ဖြစ်ပေါ်သကဲ့သို့ မသိမှု 'အဝိဇ္ဇာ' ကင်း၍ အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ (အဝိဇ္ဇာ) မှောင်ပျောက်၍ (ဝိဇ္ဇာ) ဉာဏ် အလင်းရောင် ဖြစ်ပေါ်၏။

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် မတုန်မလှုပ်ခြင်းသို့ရောက်လတ်သော် သတ္တဝါတို့၏ သေခြင်း စုတိ ဖြစ်ခြင်း 'ပဋိသန္ဓေ'ကို သိသော ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထိုသူသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့် တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့်။ပ။ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။ ထိုသူအား ဤနှစ်ခုမြောက် အသိဉာဏ် 'ဝိဇ္ဇာ'ကိုရ၏၊ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍နေသော သူအား (အဝိဇ္ဇာ) မှောင်ကင်း၍ (ပညာဉာဏ်) အလင်းဖြစ်ပေါ် သကဲ့သို့ မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်၏၊ (အဝိဇ္ဇာ) မှောင်ပျောက်၍(ဝိဇ္ဇာ)ဉာဏ် အလင်းရောင် ဖြစ်ပေါ်၏။

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သော 'အာသဝက္ခယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထိုသူသည် "ဤကားဆင်းရဲတည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤသည် တို့ကား အာသဝေါတရားတို့တည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏။ပ။ "အာသဝေါတရားတို့၏ ချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ ဤသို့ သိသော ဤသို့မြင်သော ထိုသူ၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ"ဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့" ဟု သိ၏။ ထိုသူအား ဤသုံးခုမြောက် အသိဉာဏ် 'ဝိဇ္ဇာ' ကိုရ၏၊ မမေ့မလျော့ပဲ ပြင်းစွာ အားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသော

http://www.dhammadownload.com



သူအား အဝိဇ္ဇာမှောင် ကင်း၍ (ပညာဉာဏ်) အလင်းရောင်သည်ဖြစ်ပေါ်သကဲ့သို့ မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ'ဖြစ်ပေါ်၏၊ (အဝိဇ္ဇာ)မှောင် ပျောက်၍ (ဝိဇ္ဇာ)ဉာဏ် အလင်းရောင် ဖြစ်ပေါ်၏ ဟု (မိန့်ဘော်မူ၏)။

အကြင်ပုဂ္ဂိုလ်သည် သီလအကျင့်နှင့် ပြည့်စုံ၏၊ (နိဗ္ဗာန်သို့)စေလွှတ်အပ်သော စိတ် ရှိသည် ဖြစ်၍ တည်ကြည်၏၊ အကြင်ပုဂ္ဂိုလ်၏ စိတ်သည် (ဈာန်၌) လေ့လာပြီး ဖြစ်၏၊ တခုတည်းသော အာရုံရှိ၏၊ ကောင်းစွာ တည်ကြည်၏။

အကြင်ပုဂ္ဂိုလ်သည် ရှေး၌ ဖြစ်ဘူးသည်ကို သိ၏၊ နတ်ဘုံ အပါယ်ဘုံတို့ကိုလည်း မြင်၏၊ ထိုမှတပါး ဇာတိ၏ ကုန်နေးရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ ထူးသော ဉာဏ်ဖြင့် သိ၍ အပြီးအဆုံးသို့ ရောက်၏၊ မောနေယျတရားရှိ၏။

(ထိုပုဂ္ဂိုလ်သည်) ဤ ဝိဇ္ဇာသုံးပါးတို့ဖြင့် တေဝိဇ္ဇပုဏ္ဏားဖြစ်၏၊ ထိုပုဂ္ဂိုလ်ကိုသာ ဝိဇ္ဇာ သုံးပါးနှင့် ပြည့်စုံသူဟူ၍ ငါဆို၏။ တပါးသူတို့ ပြောသည်ကို လိုက်၍ ပြောတတ်ကာ မျှ ဖြစ်သူကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဟု ငါမဆို။

ပုဏ္ဏား ဤသို့လျှင် အရိယာ၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်၏ (ဟု မိန့်တော်မူ၏)၊အသျှင်ဂေါတမ ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူကား အခြားတပါးပါတည်း အရိယာသူ မြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူကား အခြားတပါး ပါတည်း။ အသျှင်ဂေါတမ ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးသည် အရိယာသူမြတ်တို့၏ အဆုံးအမဖြစ်သော ဤဝိဇ္ဇာသုံးပါးကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှကိုလည်း မမှီနိုင်ပါ။ အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို အသက်ထက်ဆုံး (ရတနာ သုံးပါးကို) ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

နဝမသုတ်။

---

## ၁၀-သင်္ဂါရဝသုတ်

၆၁။ ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—"အသျှင်ဂေါတမ အကျွန်ုပ်တို့ ပုဏ္ဏားမည်သည် ကိုယ်တိုင်လည်း ယဇ်ပူဇော်ကြကုန်၏၊ သူတပါးကိုလည်း ပူဇော်စေကြကုန်၏။ အသျှင်ဂေါတမ ထိုယဇ်ပူဇော်ခြင်း၌ ကိုယ်တိုင်ပူဇော်သူ သူတပါးကိုလည်း ပူဇော်စေသူအားလုံးတို့ သည် ယင်း ယဇ်ပူဇော်ခြင်း အကြောင်းကြောင့် အများအတွက် အကျင့်ကို ကျင့်ကုန်၏။ အသျှင် ဂေါတမ အကြင်သူသည်ကား ထိုထို ဤဤ အမျိုးမှ ရဟန်းပြု၍ မိမိတကိုယ်တည်းကို ဆုံးမ၏၊ မိမိတကိုယ်တည်းကို ငြိမ်သက်စေ၏၊ မိမိတကိုယ်တည်းကို (ကိလေသာမှ) ငြိမ်းစေ၏၊ ဤသို့ ဖြစ်သော် ဤသူသည် ယင်း ရဟန်းပြုခြင်း အကြောင်းကြောင့် တကိုယ်ကောင်း အကျင့်ကို ကျင့်၏ ဟု (လျှောက်၏)။

ပုဏ္ဏား သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် တဖန် ပြန်မေးဦးမည်၊ သင် နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေကြားလော့၊ပုဏ္ဏား ထိုစကားကိုသင်မည်သို့ မှတ်ထင်သနည်း၊ပူဇော်အထူးကို ခံတော်

http://www.dhammadownload.com



ထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါးကို သိတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် "လာကြကုန်လော့ အတုမရှိသော မြတ်သော အကျင့်၏ တည်ရာ နိဗ္ဗာန်ကို(ငါကိုယ်တိုင်) ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုခဲ့သော ဤလမ်းစဉ် ဤအကျင့်ကို (သင်တို့အား) ဟောကြားမည်၊ ငါဟောကြားသည့်အတိုင်း သင်တို့ ကျင့်လျှင်လည်း အတုမရှိသော၊ မြတ်သောအကျင့်၏ တည်ရာနိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ နေကြရလိမ့်မည်၊ ထိုလမ်းစဉ်ကို သင်တို့လည်း ထိုအတိုင်း ကျင့်ကြကုန်လော့" ဟု မိန့်တော်မူ၏။ ဤသို့ မြတ်စွာဘုရားသည် ကိုယ်တိုင်လည်း တရားကို ဟော၏၊ တပါးသော သူတို့သည်လည်း ထိုနိဗ္ဗာန်အကျိုးငှါ ကျင့်ကြကုန်၏၊ ထိုကျင့်သူတို့ကား အရာ အထောင် အသိန်းမက များလှကုန်၏။

ပုဏ္ဏား ငါ ယခု ပြောဆိုခဲ့သည့် စကားကို သင် မည်သို့ မှတ်ထင်သနည်း၊ ဤအတိုင်းဖြစ်လျှင် ရဟန်းပြုခြင်းဟူသော ဤအကျင့်သည် တကိုယ်ကောင်းအကျင့် မည်သလော၊ သို့မဟုတ် အများအတွက် အကျင့် မည်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ဤအတိုင်းဖြစ်လျှင် ရဟန်းပြုခြင်းဟူသော ဤအကျင့်သည် အများအတွက် အကျင့်မည်ပါ၏ ဟု(လျှောက်၏)။ ဤသို့လျှောက်သော် အသျှင်အာနန္ဒာသည် သင်္ဂါရဝပုဏ္ဏားအား—"ပုဏ္ဏား ဤအကျင့် နှစ်မျိုးတို့တွင် အဘယ်အကျင့်ကို သင်နှစ်သက်သနည်း၊ (အဘယ်အကျင့်သည်) သာ၍ နည်းသော ကိစ္စရှိသနည်း၊ သာ၍ နည်းသော အားထုတ်ရမှု ရှိသနည်း၊ သာ၍ များသောအကျိုးရှိသနည်း၊ သာ၍ များသောအာနိသင် ရှိသနည်း"ဟု ဆို၏။ ဤသို့ ဆိုအပ်သည်ရှိသော် သင်္ဂါရဝပုဏ္ဏားသည် အသျှင်အာနန္ဒာအား— "အသျှင်ဂေါတမကဲ့သို့သော ပုဂ္ဂိုလ်မျိုး အသျှင်အာနန္ဒာကဲ့သို့သောပုဂ္ဂိုလ်မျိုး တို့ကို အကျွန်ုပ် ပူဇော်ပါ၏၊ ချီးမွမ်းပါ၏" ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း သင်္ဂါရဝ ပုဏ္ဏားအား အသျှင် အာနန္ဒာသည် "ပုဏ္ဏား 'သင် အဘယ်ပုဂ္ဂိုလ်တို့ကို ပူဇော်သနည်း၊ သင် အဘယ်ပုဂ္ဂိုလ်တို့ကို ချီးမွမ်းသနည်း'ဟု သင့်အား ငါမေးသည် မဟုတ်၊ ပုဏ္ဏား ဤအကျင့်နှစ်မျိုးတို့တွင် အဘယ်အကျင့်ကို သင်နှစ်သက်သနည်း၊ (အဘယ်အကျင့်သည်) သာ၍ နည်းသောကိစ္စရှိသနည်း၊ သာ၍ နည်းသောအားထုတ်ရမှု ရှိသနည်း၊ သာ၍များသော အကျိုးရှိသနည်း၊ သာ၍များသော အာနိသင်ရှိသနည်း"ဟု သာ သင့်အား ငါမေး၏ဟု ဆို၏။ နှစ်ကြိမ်မြောက်ပင် သင်္ဂါရဝပုဏ္ဏားသည် အသျှင်အာနန္ဒာအား "အသျှင်ဂေါတမကဲ့သို့သော ပုဂ္ဂိုလ်မျိုး အသျှင်အာနန္ဒာကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့ကို အကျွန်ုပ်ပူဇော်ပါ၏၊ ချီးမွမ်းပါ၏"ဟု လျှောက်၏။

သုံးကြိမ်မြောက်လည်း သင်္ဂါရဝပုဏ္ဏားကို အသျှင်အာနန္ဒာသည် "ပုဏ္ဏား 'သင် အဘယ်ပုဂ္ဂိုလ်တို့ကို ပူဇော်သနည်း၊ သင် အဘယ်ပုဂ္ဂိုလ်တို့ကို ချီးမွမ်းသနည်း'ဟု သင့်အား ငါမေးသည် မဟုတ်။ ပုဏ္ဏား ဤအကျင့် နှစ်မျိုးတို့တွင် အဘယ်အကျင့်ကို 'သင် နှစ်သက်သနည်း၊ (အဘယ်အကျင့်သည်) သာ၍ နည်းသော ကိစ္စရှိသနည်း၊သာ၍ နည်းသောအားထုတ်ရမှု ရှိသနည်း၊သာ၍ များသော အကျိုးရှိသနည်း၊ သာ၍ များသော အာနိသင် ရှိသနည်း'ဟု သာ သင့်အား ငါ မေး၏" ဟု ဆို၏။ သုံးကြိမ်မြောက်ပင် သင်္ဂါရဝပုဏ္ဏားသည် အသျှင်အာနန္ဒာအား "အသျှင်ဂေါတမကဲ့သို့သော ပုဂ္ဂိုလ်မျိုး အသျှင်အာနန္ဒာကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့ကို အကျွန်ုပ် ပူဇော်ပါ၏၊ ချီးမွမ်းပါ၏"ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုအခါ အာနန္ဒာသည် "သုံးကြိမ်တိုင်အောင်လည်း ပြဿနာကို တရားသဖြင့် မေးအပ်ပါလျက် သင်္ဂါရဝပုဏ္ဏားသည် ရှောင်လွှဲ၏၊ မဖြေဆို၊ ငါသည် နှစ်ယောက်လုံးကို ပင်ပန်းခြင်းမှ လွတ်စေရမူကား ကောင်းပေလိမ့်မည်" ဟု မြတ်စွာဘုရားအား အကြံ ဖြစ်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် သင်္ဂါရဝပုဏ္ဏားအား — "ပုဏ္ဏား ယနေ့ နန်းတော်တွင်း၌ အညီအညွတ် စည်းဝေးနေကြသော မင်းချင်းယောက်ျားတို့အား အဘယ်သို့သော အကြားစကားသည် ထင်ရှားဖြစ်သနည်း" ဟု မိန့်တော်မူ၏။ အသျှင်ဂေါတမ ယနေ့ နန်းတော်တွင်း၌ အညီအညွတ် စည်းဝေးနေကြသော မင်းချင်းယောက်ျားတို့အား ဤသို့သော အကြားစကားသည် ထင်ရှားဖြစ်ပါ၏။ "ရှေးအခါက ရဟန်းတို့သည် အလွန်နည်းကုန်လျက်လည်း လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကိုကား ပြသူ များကုန်၏၊ ယခုအခါ၌ မူကား ရဟန်းတို့သည် အလွန်များကုန်လျက်လည်း လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကိုကား ပြသူ နည်းကုန်၏" ဟူသော ဤ အကြားစကားသည် ထင်ရှားဖြစ်ပါ၏ ဟု (လျှောက်၏)။

ပုဏ္ဏား ပြာဋိဟာတို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်းဟူမူ — တန်ခိုးပြာဋိဟာ 'ဣဒ္ဓိပါဋိဟာရိယ' အတပ်ဟောခြင်း ပြာဋိဟာ 'အာဒေသနာပါဋိဟာရိယ' နှင့် ဆုံးမခြင်း ပြာဋိဟာ 'အနုသာသနီပါဋိဟာရိယ' တို့ပေတည်း။ ပုဏ္ဏား တန်ခိုးပြာဋိဟာ ဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ (ကိုယ်)ထင်ရှား ဖြစ်စေ၏၊ (ကိုယ်)ပျောက်စေ၏၊ နံရံတဖက် တန်တိုင်းတဖက် တောင်တဖက်သို့ မထိ မငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏၊ ဤသို့ တန်ခိုးအာနုဘော် ကြီးကုန်သော ဤ လ နေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏။ ပုဏ္ဏား ဤ ပြာဋိဟာကို တန်ခိုးပြာဋိဟာ ဟု ဆိုအပ်၏။

ပုဏ္ဏား အတပ်ဟောခြင်း ပြာဋိဟာ ဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် နိမိတ်ဖြင့် "သင့် စိတ်သည် ဤသို့သော သဘောရှိ၏၊ သင့်စိတ်သည် ဤသို့ အခြင်းအရာရှိ၏၊ သင့် စိတ်အကြံသည် ဤသို့ ဖြစ်၏" ဟု အတပ်ဟော၏။ ထိုသူသည် များစွာ အတပ်ဟောစေကာမူ ထိုဟောသည့်အတိုင်းပင် ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် နိမိတ်ဖြင့် အတပ် မဟော၊ စင်စစ်သော်ကား လူတို့၏အသံ ဘီလူးတို့၏အသံ နတ်တို့၏ အသံကို ကြား၍ "သင့်စိတ်သည် ဤသို့ သဘောရှိ၏၊ သင့် စိတ်သည် ဤသို့ အခြင်းအရာအားဖြင့် ဖြစ်၏၊ သင့် စိတ်အကြံသည် ဤသို့ ဖြစ်၏" ဟု အတပ်ဟော၏။ ထိုသူသည် များစွာ အတပ်ဟောစေကာမူ ထိုဟောသည့်အတိုင်းပင် ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် နိမိတ်ဖြင့်လည်း အတပ်မဟော၊ လူတို့၏အသံ ဘီလူးတို့၏အသံ နတ်တို့၏အသံကိုလည်း ကြား၍လည်း အတပ်မဟော၊ စင်စစ်သော်ကား ကြံစည်သုံးသပ်သောသူ၏ ကြံစည်မှု ပြန့်နှံ့ခြင်းကြောင့် ဖြစ်သော အသံကို ကြား၍ "သင့် စိတ်သည် ဤသို့ သဘောရှိ၏၊ သင့် စိတ်သည် ဤသို့ အခြင်းအရာအားဖြင့် ဖြစ်၏၊ သင့် စိတ်အကြံသည် ဤသို့ ဖြစ်၏" ဟု အတပ်ဟော၏။ ထိုသူသည် များစွာ အတပ်ဟောစေကာမူ ထိုဟောသည့်

http://www.dhammadownload.com



အတိုင်းပင် ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ပုဏ္ဏားဤလောက၌ အချို့သော သူသည် နိမိတ်ဖြင့်လည်း အတပ်မဟော၊ လူတို့၏အသံ ဘီလူးတို့၏အသံ နတ်တို့၏အသံကို ကြား၍လည်း အတပ်မဟော၊ ကြံစည်သုံးသပ်သူ၏ ကြံစည်မှု ပြန့်နှံ့ခြင်းကြောင့် ဖြစ်သော အသံကို ကြား၍လည်း အတပ်မဟော၊ စင်စစ်သော်ကား ကြံစည်ခြင်း သုံးသပ်ခြင်းမရှိသော သမာဓိဝင်စားသူ၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ "ဤအလျှင်သည် စိတ်ဟူသော သင်္ခါရတို့ကို ထားသော အခြင်းအရာအားဖြင့် ဤစိတ် အခြားမဲ့၌ ဤမည်သော အကြံကို ကြံလတ္တံ့" ဟု အပြားအားဖြင့် သိ၏။ ထိုသူသည် များစွာ အတပ်ဟောစေကာမူ ထိုဟောသည့်အတိုင်းပင် ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ပုဏ္ဏား ဤ ပြာဋိဟာကို အတပ်ဟောခြင်း ပြာဋိဟာ ဟု ဆိုအပ်၏။

ပုဏ္ဏား ဆုံးမခြင်း ပြာဋိဟာ ဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် "ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤ(တရား)ကို ပယ်ကုန်လော့၊ ဤ(တရား)သို့ ရောက်၍ နေကုန်လော့" ဟု ဆုံးမ၏။ ပုဏ္ဏား ဤပြာဋိဟာကို ဆုံးမခြင်း ပြာဋိဟာ ဟု ဆိုအပ်၏။ ပုဏ္ဏား ပြာဋိဟာတို့သည် ဤသုံးမျိုးတို့ပေတည်း။ ပုဏ္ဏား ဤ ပြာဋိဟာ သုံးမျိုးတို့တွင် အဘယ်ပြာဋိဟာကို သာလွန်မွန်မြတ်သည်ဖြစ်၍ သင်နှစ်သက်သနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ထိုပြာဋိဟာသုံးမျိုးတို့တွင် ဤလောက၌ အချို့သောသူသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ဖြစ်စေ၏။ပ။ ဗြဟ္မာ့ဘုံတိုင်အောင်လည်း ကိုယ်ကို(မိမိ)အလိုအတိုင်း ဖြစ်စေ၏၊ အသျှင်ဂေါတမ ဤသည်ကား ပြာဋိဟာပါတည်း။ ထိုပြာဋိဟာကို ပြုသူသာ ခံစားရပါ၏၊ ထို ပြာဋိဟာသည် ပြုသူအားသာလျှင် ဖြစ်ပါ၏။ အသျှင်ဂေါတမ ဤ ပြာဋိဟာသည် မျက်လှည့်နှင့်တူသော သဘောရှိသကဲ့သို့ အကျွန်ုပ်အား ထင်ပါ၏။

အသျှင်ဂေါတမ ဤလောက၌ အချို့သော သူသည် နိမိတ်ဖြင့် "သင့်စိတ်သည် ဤသို့ ဖြစ်၏၊ သင့်စိတ်သည် ဤသို့သော သဘောရှိ၏၊ သင့်စိတ်သည် ဤသို့ အခြင်းအရာရှိ၏၊ သင့်စိတ်အကြံသည် ဤသို့ ဖြစ်၏" ဟု အတပ်ဟော၏၊ ထိုသူသည် များစွာ အတပ်ဟောစေကာမူ ထိုအတိုင်းပင် ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ အသျှင်ဂေါတမ ဤလောက၌ အချို့သောသူသည် နိမိတ်ဖြင့် အတပ်မဟော၊ စင်စစ်သော်ကား လူတို့၏ အသံ ဘီလူးတို့၏အသံ နတ်တို့၏ အသံကို ကြား၍ အတပ်ဟော၏။ပ။ လူတို့၏အသံ ဘီလူးတို့၏အသံ နတ်တို့၏အသံကို ကြား၍ အတပ်မဟော၊ စင်စစ်သော်ကား ကြံစည်သုံးသပ်သူ၏ ကြံစည်မှု ပြန့်နှံ့ခြင်းကြောင့် ဖြစ်သော အသံကို ကြား၍ အတပ်ဟော၏။ပ။ ကြံစည်သုံးသပ်သူ၏ ကြံစည်မှု ပြန့်နှံ့ခြင်းကြောင့် ဖြစ်သော အသံကို ကြား၍ အတပ်မဟော၊ စင်စစ်သော်ကား ကြံစည်သုံးသပ်ခြင်းမရှိသော သမာဓိဝင်စားသော ပုဂ္ဂိုလ်၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏ "ဤအသျှင်သည် စိတ်ဟူသော သင်္ခါရတို့ကို ထားသော အခြင်းအရာအားဖြင့် ဤစိတ်အခြားမဲ့၌ ဤမည်သော အကြံကို ကြံလတ္တံ့" ဟု အပြားအားဖြင့် သိ၏။ ထိုသူသည် များစွာ အတပ်ဟောစေကာမူ ထိုအတိုင်းပင် ဖြစ်၏၊ တပါးသော အခြင်း အရာအားဖြင့် မဖြစ်။ အသျှင်ဂေါတမ ဤသည်လည်း ပြာဋိဟာပါတည်း။ ထိုပြာဋိဟာကို ပြုသူသာ ခံစားရ၏၊ ထိုပြာဋိဟာသည် ပြုသူအားသာလျှင် ဖြစ်ပါ၏။ အသျှင်ဂေါတမ ဤ ပြာဋိဟာသည်လည်း မျက်လှည့်နှင့်တူသော သဘောရှိသကဲ့သို့ အကျွန်ုပ်အား ထင်ပါ၏။

http://www.dhammadownload.com



အသျှင်ဂေါတမ ဤလောက၌ အချို့သောသူသည် "ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤ(တရား)ကို ပယ်ကုန်လော့၊ ဤတရားသို့ ရောက်၍ နေကုန်လော့" ဟု ဆုံးမ၏။ အသျှင်ဂေါတမ ပြာဋိဟာ သုံးမျိုးတို့တွင် ဤဆုံးမခြင်း ပြာဋိဟာကိုသာလျှင် သာလွန် မွန်မြတ်သည် ဖြစ်၍ အကျွန်ုပ် နှစ်သက်ပါ၏။

အသျှင်ဂေါတမ အံ့ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဂေါတမသည် ဤပြာဋိဟာကို ကောင်းစွာ ဟောတော်မူပါပေ၏၊ အသျှင်ဂေါတမကို ဤပြာဋိဟာ သုံးမျိုးတို့နှင့်လည်း ပြည့်စုံ၏ ဟူ၍ အကျွန်ုပ်တို့ အသိအမှတ် ပြုပါကုန်၏၊ အကြောင်းကို ဆိုသော် အသျှင်ဂေါတမသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ခံစားတော်မူ၏။ပ။ ဗြဟ္မာ့ဘုံတိုင်အောင်လည်း ကိုယ်ကို(မိမိ) အလိုအတိုင်း ဖြစ်စေ နိုင်ပါပေ၏။ အသျှင်ဂေါတမသည် ကြံစည်သုံးသပ်ခြင်း မရှိသော သမာဓိ ဝင်စားသော ပုဂ္ဂိုလ်၏စိတ်ကို (မိမိ)စိတ်ဖြင့် ပိုင်းခြား သိတော်မူ၏၊ "ဤအသျှင်သည် စိတ်ဟူသော သင်္ခါရတို့ကို ကောင်းစွာထားသော အခြင်းအရာအားဖြင့် ဤစိတ်အခြားမဲ့၌ ဤမည်သောအကြံကို ကြံစည်လတ္တံ့" ဟု သိတော်မူပါပေ၏။ အသျှင်ဂေါတမသည် "ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ဤတရားကို ပယ်ကုန်လော့၊ ဤတရားသို့ ရောက်၍ နေကုန်လော့" ဟု ဆုံးမတော်မူပါပေ၏ ဟု (လျှောက်၏)။

ပုဏ္ဏား သင်သည် စင်စစ် (ငါ့ဂုဏ်ကို) ထိပါးပုတ်ခတ်လျက် ဤစကားကို ဆိုဘိ၏၊ အမှန်အားဖြင့် ငါကသာ သင့်အား ပြောကြားရမည်၊ ပုဏ္ဏား ငါသည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ခံစား၏။ပ။ ဗြဟ္မာ့ဘုံတိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏၊ ပုဏ္ဏား ငါသည် ကြံစည် သုံးသပ်ခြင်း မရှိသော သမာဓိ ဝင်စားသူ၏ စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိ၏ "ဤအသျှင်သည် စိတ်ဟူသော သင်္ခါရတို့ကို ထားသော အခြင်းအရာအားဖြင့် ဤစိတ်အခြားမဲ့၌ ဤမည်သော အကြံ ကို ကြံစည်လတ္တံ့" ဟု သိ၏၊ ပုဏ္ဏား ငါသည် "ဤသို့ ကြံကြကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤတရားကို ပယ်ကုန်လော့၊ ဤတရားသို့ ရောက်၍ နေကုန်လော့"ဟု ဆုံးမ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အသျှင်ဂေါတမမှ တပါး ဤပြာဋိဟာ သုံးမျိုးတို့နှင့် ပြည့်စုံသည့် အခြား ရဟန်းရှိပါသေးသလောဟု (လျှောက်၏)။ ပုဏ္ဏား ရဟန်းတရာသာ မဟုတ်၊ နှစ်ရာ သုံးရာ လေးရာ ငါးရာသာ မဟုတ်၊ စင်စစ်သော်ကား ဤပြာဋိဟာ သုံးမျိုးတို့နှင့် ပြည့်စုံသော ထိုရဟန်းတို့သည် များစွာပင် ရှိကုန်သည်သာတည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ထိုရဟန်းတို့သည် ယခု အဘယ်၌ နေပါကုန်သနည်းဟု (လျှောက်၏)၊ ပုဏ္ဏား ဤရဟန်းသံဃာအတွင်းမှာပင် နေကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ(တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိ သကဲ့သို့၎င်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း "မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်း အမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း

http://www.dhammadownload.com



ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို) ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါ ဟု (လျှောက်၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဗြာဟ္မဏဝဂ် ပြီး၏။

---

## (၇) ၂ မဟာဝဂ် ၁-တိတ္ထာယတနသုတ်

၆၂။ ရဟန်းတို့ မှားသော အယူတို့သည် ဤသုံးမျိုးတို့တည်း၊ ယင်း အယူတို့ကို ပညာရှိတို့က မေးမြန်း စိစစ် စစ်ဆေးအပ်ကုန်သော် ထိုထက်လွန်၍ပင်လည်း မပြုခြင်း 'အကိရိယ' မျှ၌သာ တည်ကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ "ဤ သတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း 'သုခ'ကိုဖြစ်စေ ဆင်းရဲခြင်း 'ဒုက္ခ'ကိုဖြစ်စေ ချမ်းသာ ဆင်းရဲ မဟုတ်သော လျစ်လျူရှုခြင်း သဘော 'ဥပေက္ခာ'ကိုဖြစ်စေ ခံစား၏၊ ထိုခံစားမှု အားလုံးသည် ရှေးကပြုခဲ့ဘူးသော အကြောင်းကြောင့် သာလျှင် ဖြစ်၏"ဟု ပြောလေ့ ယူလေ့ရှိသော သမဏဗြာဟ္မဏအချို့တို့ ရှိကုန်၏။ ရဟန်းတို့ "ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း 'သုခ'ကိုဖြစ်စေ ဆင်းရဲခြင်း 'ဒုက္ခ'ကိုဖြစ်စေ ချမ်းသာ ဆင်းရဲ မဟုတ်သော လျစ်လျူရှုခြင်းသဘော 'ဥပေက္ခာ'ကိုဖြစ်စေ ခံစား၏၊ ထိုခံစားမှု အားလုံးသည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်၏"ဟု ပြောလေ့ ယူလေ့ရှိသော သမဏဗြာဟ္မဏ အချို့တို့ ရှိကုန်၏။ ရဟန်းတို့ "ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း 'သုခ'ကိုဖြစ်စေ ဆင်းရဲခြင်း 'ဒုက္ခ'ကိုဖြစ်စေ ချမ်းသာ ဆင်းရဲ မဟုတ်သော လျစ်လျူရှုခြင်းသဘော 'ဥပေက္ခာ'ကိုဖြစ်စေ ခံစား၏၊ ထိုခံစားမှု အားလုံးသည် အကြောင်းမရှိ အထောက်အပံ့ မရှိမူ၍ ဖြစ်၏"ဟု ပြောလေ့ယူလေ့ရှိသော သမဏ ဗြာဟ္မဏ အချို့တို့သည် ရှိကုန်၏။

ရဟန်းတို့ ထိုသုံးမျိုးတို့တွင် "ဤ သတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း 'သုခ'ကိုဖြစ်စေ ဆင်းရဲခြင်း 'ဒုက္ခ'ကိုဖြစ်စေ ချမ်းသာ ဆင်းရဲ မဟုတ်သော လျစ်လျူခြင်းသဘော 'ဥပေက္ခာ'ကိုဖြစ်စေ ခံစား၏၊ ထိုခံစားမှု အားလုံးသည် ရှေးက ပြုခဲ့ဘူးသော အကြောင်းကြောင့် သာလျှင် ဖြစ်၏" ဟု ပြောလေ့ ယူလေ့ရှိသော သမဏ ဗြာဟ္မဏတို့ ထံသို့ ချဉ်းကပ်၍ အသျှင်တို့ "ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း 'သုခ'ကိုဖြစ်စေ ဆင်းရဲခြင်း 'ဒုက္ခ'ကိုဖြစ်စေ ချမ်းသာ ဆင်းရဲ မဟုတ်သော လျစ်လျူရှုခြင်းသဘော 'ဥပေက္ခာ'ကိုဖြစ်စေ ခံစား၏၊ ထိုခံစားမှု အားလုံးသည် ရှေးက ပြုခဲ့ဘူးသော အကြောင်းကြောင့်သာလျှင် ဖြစ်၏ ဟု သင်တို့ ပြောလေ့ ယူလေ့ရှိကုန်၏ ဟူသည် မှန်သလော"ဟု ငါမေး၏။ ဤသို့ ငါမေးသော် "မှန်၏"ဟု ထိုသူတို့ကလည်း ဝန်ခံကုန်၏။ ထိုသူတို့ကို ငါသည် ဤသို့ ဆို၏၊ "အသျှင်တို့ သို့ဖြစ်လျှင် သူ့အသက်ကို သတ်လေ့ရှိသူတို့သည် ရှေးကပြုခဲ့ဘူးသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ မပေးသည်ကို ယူလေ့ရှိသူတို့သည် ရှေးကပြုခဲ့ဘူးသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ မမြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့သည် ရှေးက ပြုခဲ့ဘူးသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ မဟုတ်မမှန် စကားပြောလေ့ရှိသူတို့သည် ရှေးကပြုခဲ့ဘူးသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ ကုန်းစကား ပြောလေ့ရှိသူတို့သည် ရှေးကပြုခဲ့ဘူးသော အကြောင်းကြောင့်ဖြစ် ရကုန်လတ္တံ့၊ ကြမ်းထမ်းသော စကားကို ပြောလေ့ရှိသူတို့သည် ရှေးကပြုခဲ့ဘူးသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိသူတို့သည် ရှေးကပြုခဲ့ဘူး

http://www.dhammadownload.com



သော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ သူတပါး စည်းစိမ်ကို မက်မောလေ့ရှိသူတို့သည် ရှေးက ပြုခဲ့ဘူးသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ ပျက်စီးစေလိုစိတ် ရှိသူတို့သည် ရှေးကပြုခဲ့ဘူး သော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ မှားသော မြင်ခြင်း 'အယူ'ရှိသူတို့သည် ရှေးကပြုခဲ့ဘူး သော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့" ဟု ငါဆို၏။

ရဟန်းတို့ ရှေးက ပြုခဲ့ဘူးသော အကြောင်းကို သာလျှင် အမြတ်တနိုး ယုံကြည် စွဲလမ်း ကြသူတို့အား ဤ အမှု ကိစ္စကို ပြုရန်သော်၎င်း ဤအမှု ကိစ္စကို မပြုရန်သော်၎င်း အလို 'ဆန္ဒ' သည်၎င်း အားထုတ်ခြင်း 'ဝီရိယ'သည်၎င်း မဖြစ်တော့ချေ။ ဤသို့ ပြုသင့်သည် မပြုသင့်သည် ကို အမှန်အကန် အခိုင်အမြဲ မရခဲ့သော် သတိ လွတ်ကင်း စောင့်စည်းခြင်းမရှိပဲ နေသူတို့အား အသီးအခြား အကြောင်းနှင့်တကွဖြစ်သောသမဏဝါဒသည် မရှိနိုင်တော့ချေ။ ရဟန်းတို့ ဤသည် ကား ဤသို့ ပြောလေ့ ယူလေ့ရှိသော သမဏဗြာဟ္မဏတို့၌ အကြောင်းနှင့်တကွ ငါ၏ ပဌမ နှိပ်နင်းခြင်းပေတည်း။ (၁)

ရဟန်းတို့ ထိုသုံးမျိုးတို့တွင် "ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း'သုခ'ကို ၎င်း ဆင်းရဲခြင်း'ဒုက္ခ'ကို ၎င်း ချမ်းသာ ဆင်းရဲမဟုတ်သော လျစ်လျူရှုခြင်းသဘော 'ဥပေက္ခာ'ကို ၎င်း ခံစား၏၊ ထို ခံစားမှု အားလုံးသည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်၏" ဟု ပြောလေ့ ယူလေ့ရှိသော သမဏဗြာဟ္မဏအချို့တို့ ထံသို့ ချဉ်းကပ်၍ "အသျှင်တို့ ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း 'သုခ'ကို ၎င်း ဆင်းရဲခြင်း 'ဒုက္ခ'ကို ၎င်း ချမ်းသာ ဆင်းရဲမဟုတ်သော လျစ်လျူခြင်း သဘော 'ဥပေက္ခာ'ကို၎င်း ခံစား၏။ ထိုခံစားမှု အားလုံးသည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်၏ဟု သင်တို့ ပြောလေ့ ယူလေ့ရှိ ကုန်၏ဟူသည် မှန်ပါသလော"ဟု မေး၏။ ဤသို့ ငါမေးသော် "မှန်၏"ဟု ထိုသူတို့ကလည်း ဝန်ခံ ကုန်၏၊ ထိုသူတို့ကို ငါသည် ဤသို့ ဆို၏—"အသျှင်တို့ သို့ဖြစ်လျှင် သူ့အသက်ကို သတ်လေ့ရှိသူ တို့သည် လောကကို အစိုးရသူ ဖန်ဆင်း မှုဟူသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ မပေးသည်ကို ယူလေ့ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ မမြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်း ကြောင့် ဖြစ်ရကုန်လတ္တံ့၊ မဟုတ်မမှန် ပြောလေ့ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ ကုန်းစကား ပြောလေ့ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ ကြမ်းတမ်းသော စကားကို ပြောလေ့ရှိသူတို့ သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသောအကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်ရ ကုန်လတ္တံ့၊ သူတပါး စည်းစိမ်ကို မက်မောလေ့ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူ သောအကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ ပျက်စီးစေလိုစိတ် ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့၊ မှားသောမြင်ခြင်း 'အယူ'ရှိသူတို့သည် လောကကို အစိုးရသူ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့် ဖြစ်ရကုန်လတ္တံ့" ဟု (ငါဆို၏)။

ရဟန်းတို့ လောကကို အစိုးရသူ ဖန်ဆင်းခြင်းကိုသာလျှင် အမြတ်တနိုးယုံကြည်စွဲလမ်းကြသူတို့ အား ဤအမှုကိစ္စကို ပြုရန်သော်၎င်း ဤအမှုကိစ္စကို မပြုရန်သော်၎င်း အလို'ဆန္ဒ'သည်၎င်း အားထုတ် ခြင်း 'ဝီရိယ'သည်၎င်း မဖြစ်နိုင်တော့ချေ။ ဤသို့ ပြုသင့်သည် မပြုသင့်သည်ကို အမှန်အကန် အခိုင်

http://www.dhammadownload.com



အမြဲ မရခဲ့သော် သတိလွတ်ကင်း စောင့်စည်းခြင်းမရှိပဲ နေသူတို့အား အသီးအခြား အကြောင်းနှင့် တကွဖြစ်သော သမဏဝါဒသည် မရှိနိုင်တော့ချေ။ ရဟန်းတို့ ဤသည်ကား ဤသို့ ပြောလေ့ ယူလေ့ ရှိသောသမဏဗြာဟ္မဏတို့၌အကြောင်းနှင့်တကွငါ၏ ဒုတိယမြောက် နှိပ်နင်းခြင်းပေတည်း။ (၂)

ရဟန်းကို ထိုသုံးမျိုးတို့တွင် "ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း 'သုခ'ကို ၎င်း ဆင်းရဲခြင်း 'ဒုက္ခ'ကို ၎င်း ချမ်းသာ ဆင်းရဲ မဟုတ်သော လျစ်လျူရှုခြင်းသဘော 'ဥပေက္ခာ'ကို ၎င်း ခံစား၏၊ ထိုခံစားမှု အားလုံးသည် အကြောင်း အထောက်အပံ့ မရှိမူ၍ ဖြစ်၏" ဟု ပြောလေ့ ယူလေ့ရှိသော သမဏဗြာဟ္မဏတို့ထံသို့ ချဉ်းကပ်၍ "အသျှင်တို့ ဤသတ္တဝါသည် အလုံးစုံသော ချမ်းသာခြင်း'သုခ'ကို ၎င်း ဆင်းရဲခြင်း 'ဒုက္ခ'ကို ၎င်း ချမ်းသာ ဆင်းရဲမဟုတ်သော လျစ်လျူရှုခြင်းသဘော 'ဥပေက္ခာ'ကို ၎င်း ခံစား၏။ ထိုခံစားမှု အားလုံးသည် အကြောင်း အထောက်အပံ့ မရှိမူ၍ ဖြစ်၏ဟု ပြောလေ့ ယူလေ့ ရှိကုန်၏ ဟူသည် မှန်ပါသလော"ဟု ငါမေး၏။ ဤသို့ ငါမေးသော် "မှန်၏"ဟု ထိုသူတို့ကလည်း ဝန်ခံကုန်၏၊ ထိုသူတို့ကို ငါသည် ဤသို့ ဆို၏၊ "အသျှင်တို့ သို့ဖြစ်လျှင် သူ့အသက်ကို သတ်လေ့ရှိသူတို့သည် အကြောင်း အထောက်အပံ့ မရှိပဲ ဖြစ်ရကုန်လတ္တံ့။ ပ။ မှားသောမြင်ခြင်း 'အယူ'ရှိသူတို့သည် အကြောင်း အထောက်အပံ့မရှိပဲ ဖြစ်ရကုန်လတ္တံ့" ဟု (ငါဆို၏)။

ရဟန်းတို့ အကြောင်း အထောက်အပံ့ မရှိခြင်းကိုသာလျှင် အမြက်တနိုး ယုံကြည်စွဲလမ်းကြသူတို့ကား ဤအမှုကိစ္စကို ပြုရန်သော်၎င်း ဤအမှုကိစ္စကို မပြုရန်သော်၎င်း အလို'ဆန္ဒ'သည်၎င်း အားထုတ်ခြင်း'ဝီရိယ'သည်၎င်း မဖြစ်နိုင်တော့ချေ။ ဤသို့ ပြုသင့်သည်မပြုသင့်သည်ကို အမှန်အကန်အခိုင်အမြဲ မရခဲ့သော် သတိလွတ်ကင်း စောင့်စည်းခြင်းမရှိပဲ နေသူတို့အား အသီးအခြား အကြောင်းနှင့် တကွဖြစ်သော သမဏဝါဒသည် မရှိနိုင်တော့ချေ။ ရဟန်းတို့ ဤသည်ကား ဤသို့ ပြောလေ့ ယူလေ့ ရှိသော သမဏဗြာဟ္မဏတို့၌ အကြောင်းနှင့်တကွ ငါ၏ တတိယနှိပ်နင်းခြင်းပေတည်း ။ (၃)

ရဟန်းတို့ မှားသောအယူတို့သည် ဤသုံးမျိုးတို့ပေတည်း၊ ယင်း မှားသော အယူတို့ကို ပညာရှိတို့က မေးမြန်းစိစစ် စစ်ဆေးအပ်ကုန်သော် ထို့ထက်လွန်၍ပင်လည်း မပြုခြင်း'အကိရိယ'မျှ၌သာတည်ကုန်၏။

ရဟန်းကို ငါဟောကြားထားသော ဤတရားကို ပညာရှိသမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင်မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်ပေ။ ရဟန်းတို့ ပညာရှိ သမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်သော ငါဟောကြားအပ်သော တရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ "ဤသည်တို့ကား ဓာတ်ခြောက်ပါးတို့တည်း"ဟု ငါဟောကြားအပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင်မတားမြစ်နိုင်။ "ရဟန်းတို့ ဤသည်တို့ကား တွေ့ထိမှု၏တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့တည်း"ဟု ငါဟောကြား အပ်သော တရားကို ပညာရှိတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်ပေ။ "ရဟန်းတို့ ဤသည်တို့ကားစိတ် ဖြင့်ရာ 'မနောပဝိစာရ'တရားတဆယ့်ရှစ်ပါးတို့တည်း"ဟု ငါဟောကြားအပ်သောတရားကို ပညာရှိ သမဏဗြာဟ္မဏတို့မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်ပေ။ "ရဟန်းတို့ ဤသည်တို့ကား အရိယာတို့၏ 'အမှန်တရားလေးပါးတို့တည်း"ဟု ငါဟောကြားအပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်ပေ။

http://www.dhammadownload.com



"ရဟန်းတို့ ဤသည်တို့ကား ဓာတ်ခြောက်ပါးတို့တည်းဟု ငါဟောကြားအပ်သော တရားကို ပညာရှိသမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်"ဟု ဆိုခဲ့သော စကားသည် အဘယ်ကို စွဲ၍ ဆိုအပ်သော စကားဖြစ်သနည်း၊ ရဟန်းတို့ ဓာတ်တို့သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ်အားဖြင့် ဤခြောက်ပါးတို့ပေတည်း။ "ရဟန်းတို့ ဤသည်တို့ကား ဓာတ်ခြောက်ပါးတို့တည်းဟု ငါဟောကြားအပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်"ဟု ဆိုခဲ့သော စကားသည် ဤသည်ကို စွဲ၍ ဆိုခဲ့သော စကားဖြစ်၏။

"ရဟန်းတို့ ဤသည်တို့ကား တွေ့ထိမှု၏တည်ရာ ခြောက်ပါးတို့တည်း ဟု ငါဟောကြားအပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်"ဟူ၍ဆိုခဲ့သော စကားသည် အဘယ်ကိုစွဲ၍ ဆိုအပ်သော စကား ဖြစ်သနည်း၊ ရဟန်းတို့ တွေ့ထိမှု၏တည်ရာတို့သည် မျက်စိတွေ့ထိမှုတည်ရာ နားတွေ့ထိမှုတည်ရာ နှာခေါင်းတွေ့ထိမှုတည်ရာ လျှာတွေ့ထိမှုတည်ရာ ကိုယ်တွေ့ထိမှုတည်ရာ စိတ်တွေ့ထိမှု တည်ရာအားဖြင့် ဤခြောက်ပါးတို့တည်း။ "ရဟန်းတို့ ဤသည်တို့ကား တွေ့ထိမှုတည်ရာ ခြောက်ပါးတို့တည်း ဟု ငါဟောကြားအပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်"ဟူ၍ ဆိုခဲ့သော စကားသည် ဤသည်ကိုစွဲ၍ ဆိုခဲ့သော စကား ဖြစ်၏။

"ရဟန်းတို့ ဤသည်တို့ကား စိတ်ဖြစ်ရာ တဆယ့်ရှစ်ပါးတို့တည်း ဟု ငါဟောကြားအပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်"ဟူ၍ ဆိုခဲ့သော စကားသည် အဘယ်ကိုစွဲ၍ ဆိုအပ်သော စကားဖြစ်သနည်း၊ မျက်စိဖြင့် အဆင်းကို မြင်သော် သောမနဿဝေဒနာ ဖြစ်ကြောင်း အဆင်းသို့ ကပ်၍ ဖြစ်၏၊ ဒေါမနဿ ဝေဒနာ ဖြစ်ကြောင်း အဆင်းသို့ ကပ်၍ ဖြစ်၏၊ ဥပေက္ခာဝေဒနာဖြစ်ကြောင်း အဆင်းသို့ကပ်၍ ဖြစ်၏။ နားဖြင့် အသံကိုကြားသော် သောမနဿဝေဒနာဖြစ်ကြောင်း အသံသို့ကပ်၍ ဖြစ်၏၊ ဒေါမနဿ ဝေဒနာဖြစ်ကြောင်း အသံသို့ ကပ်၍ ဖြစ်၏၊ ဥပေက္ခာဝေဒနာဖြစ်ကြောင်း အသံသို့ ကပ်၍ဖြစ်၏။ နှာခေါင်းဖြင့် အနံ့ကို နမ်းသော် သောမနဿဝေဒနာဖြစ်ကြောင်း အနံ့သို့ ကပ်၍ ဖြစ်၏၊ ဒေါမနဿ ဝေဒနာဖြစ်ကြောင်း အနံ့သို့ ကပ်၍ ဖြစ်၏၊ ဥပေက္ခာဝေဒနာဖြစ်ကြောင်း အနံ့သို့ကပ်၍ ဖြစ်၏။ လျှာဖြင့် အရသာကိုလျက်သော် သောမနဿဝေဒနာ ဖြစ်ကြောင်း အရသာသို့ ကပ်၍ ဖြစ်၏၊ ဒေါမနဿဝေဒနာဖြစ်ကြောင်း အရသာသို့ ကပ်၍ ဖြစ်၏၊ ဥပေက္ခာဝေဒနာဖြစ်ကြောင်း အရသာသို့ ကပ်၍ ဖြစ်၏။ ကိုယ်ဖြင့် အတွေ့ကို တွေ့ထိသော် သောမနဿဝေဒနာဖြစ်ကြောင်း အတွေ့သို့ ကပ်၍ ဖြစ်၏၊ ဒေါမနဿဝေဒနာဖြစ်ကြောင်း အတွေ့သို့ ကပ်၍ ဖြစ်၏၊ ဥပေက္ခာဝေဒနာ ဖြစ်ကြောင်း အတွေ့သို့ ကပ်၍ ဖြစ်၏။ စိတ်ဖြင့် သဘောကိုသိသော် သောမနဿဝေဒနာဖြစ်ကြောင်း သဘောသို့ ကပ်၍ ဖြစ်၏၊ ဒေါမနဿဝေဒနာဖြစ်ကြောင်း သဘောသို့ ကပ်၍ ဖြစ်၏၊ ဥပေက္ခာဝေဒနာ ဖြစ်ကြောင်း သဘောသို့ကပ်၍ ဖြစ်၏။ "ရဟန်းတို့ ဤသည်တို့ကားစိတ်ဖြစ်ရာ တဆယ့်ရှစ်ပါးတို့တည်း ဟု ငါဟောကြားအပ်သောတရားကို ပညာရှိသမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်"ဟူ၍ဆိုခဲ့သော စကားသည် ဤသည်ကိုစွဲ၍ဆိုခဲ့သော စကားဖြစ်၏။

"ရဟန်းတို့ ဤသည်တို့ကား အရိယာတို့၏ အမှန်တရားလေးပါးတို့တည်းဟု ငါဟောကြား အပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတား

http://www.dhammadownload.com



မြင်နိုင်" ဟူ၍ ဆိုခဲ့သော စကားသည် အဘယ်ကိုစွဲ၍ ဆိုအပ်သော စကား ဖြစ်သနည်း၊ ရဟန်းတို့ ဓာတ်ခြောက်ပါး တို့ကို အကြောင်းပြု၍ သူငယ်၏ (အမိဝမ်းသို့) သက်ဝင်ခြင်း ဖြစ်၏၊ သက်ဝင်ခြင်း ဖြစ်လတ်သော် နာမ်ရုပ် ဖြစ်၏၊နာမ်ရုပ်ကြောင့် တည်ရာ 'အာယတန' ခြောက်ပါး ဖြစ်၏၊ အာယတန ခြောက်ပါးကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ ဖဿကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ ရဟန်းတို့ ခံစားသော ပုဂ္ဂိုလ်အား "ဤကား ဆင်းရဲတည်း" ဟု ငါသိစေ၏၊ "ဤကား ဆင်းရဲ ဖြစ်ကြောင်းတည်း" ဟု ငါသိစေ၏၊ "ဤကား ဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်)တည်း" ဟု ငါ သိစေ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ငါသိစေ၏။

ရဟန်းတို့ အရိယာတို့၏ အမှန်တရားဖြစ်သော ဆင်းရဲဟူသည် အဘယ်နည်း၊ ပဋိသန္ဓေ နေရခြင်းသည်လည်း ဆင်းရဲတည်း၊ အိုရခြင်းသည်လည်း ဆင်းရဲတည်း၊ နာရခြင်းသည်လည်း ဆင်းရဲတည်း၊ သေရခြင်းသည်လည်း ဆင်းရဲတည်း၊ စိုးရိမ်ရခြင်း ငိုကြွေးရခြင်း နှလုံးမသာယာ ရခြင်း ပြင်းစွာ ပင်ပန်းရခြင်းသည်လည်း ဆင်းရဲတည်း၊ လိုချင်ရာမရခြင်းသည်လည်း ဆင်းရဲတည်း၊ အချုပ်အားဖြင့် စွဲလမ်းမှု 'ဥပါဒါန်' ၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲတို့ပေတည်း။ ရဟန်းတို့ ဤဆိုအပ်ပြီးသည်ကို အရိယာတို့၏ အမှန်တရားဖြစ်သော ဆင်းရဲခြင်း ဟု ဆိုအပ်၏။

ရဟန်းတို့ အရိယာတို့၏ အမှန်တရားဖြစ်သော ဆင်းရဲဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ မသိမှု 'အဝိဇ္ဇာ' ဟူသော အကြောင်းကြောင့် ပြုပြင် စီရင်မှု 'သင်္ခါရ' တို့ ဖြစ်ကုန်၏၊ ပြုပြင် စီရင်မှု ဟူသော အကြောင်းကြောင့် ဝိညာဉ်ဖြစ်၏၊ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်ရုပ် ဖြစ်၏၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့် တည်ရာ 'အာယတန' ခြောက်မျိုးဖြစ်၏၊ တည်ရာခြောက်မျိုး ဟူသော အကြောင်းကြောင့် တွေ့ထိခြင်း 'ဖဿ' ဖြစ်၏၊ တွေ့ထိခြင်းဟူသော အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်၏၊ ခံစားခြင်းဟူသော အကြောင်းကြောင့် တပ်မက်ခြင်း 'တဏှာ' ဖြစ်၏၊ တပ်မက်ခြင်းဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ဖြစ်၏၊ စွဲလမ်းခြင်းဟူသော အကြောင်းကြောင့် ဘဝ ဖြစ်၏၊ ဘဝဟူသော အကြောင်းကြောင့် ဖြစ်ခြင်း 'ဇာတိ' ဖြစ်၏၊ ဖြစ်ခြင်း ဟူသောအကြောင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲ ခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ ဤနည်းဖြင့် ဆင်းရဲအစုသက်သက်ဖြစ်ပေါ်၏။ ရဟန်းတို့ ဤဆိုအပ်ခဲ့ပြီးသည်ကို အရိယာတို့၏ အမှန်တရားဖြစ်သော ဆင်းရဲဖြစ်ကြောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ အရိယာတို့၏ အမှန်တရားဖြစ်သော ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' ဟူသည် အဘယ်နည်း၊ မသိမှု 'အဝိဇ္ဇာ' ၏အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်သာလျှင် ပြုပြင်စီရင်မှု 'သင်္ခါရ' ချုပ်၏၊ ပြုပြင်စီရင်မှုချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏၊ ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏၊နာမ်ရုပ်ချုပ် ခြင်းကြောင့် တည်ရာ 'အာယတန' ခြောက်မျိုးချုပ်၏၊တည်ရာခြောက်မျိုး ချုပ်ခြင်းကြောင့် တွေ့ထိ ခြင်း 'ဖဿ' ချုပ်၏၊ တွေ့ထိခြင်း ချုပ်ခြင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ချုပ်၏၊ ခံစားခြင်း ချုပ် ခြင်းကြောင့် တပ်မက်ခြင်း 'တဏှာ' ချုပ်၏၊ တပ်မက်ခြင်းချုပ်ခြင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ချုပ်၏၊ စွဲလမ်းခြင်း ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဇာတိ' ချုပ်၏၊ ဖြစ်ခြင်း 'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤနည်းဖြင့် ဆင်းရဲအစု သက်သက်ချုပ်၏။ ရဟန်းတို့ ဤဆိုအပ်ခဲ့ပြီးသည်ကို အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ နိဗ္ဗာန် ဟု ဆိုအပ်၏။

ရဟန်းတို့ အရိယာတို့၏ အမှန်တရားဖြစ်သော ဆင်းရဲချုပ်ရာ ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်း

http://www.dhammadownload.com



အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပေတည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်စွာသိခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤရှစ်မျိုးတို့ပေတည်း။ ရဟန်းတို့ ဤဆိုအပ်ခဲ့ပြီးသည်ကို အရိယာတို့၏ အမှန်တရားဖြစ်သော ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်းအကျင့်ဟု ဆိုအပ်၏။ "ရဟန်းတို့ ဤသည်တို့ကား အရိယာတို့၏ အမှန်တရားလေးပါးတို့တည်း ဟု ငါဟောကြားအပ်သော တရားကို ပညာရှိ သမဏဗြာဟ္မဏတို့ မနှိပ်နင်းနိုင် မညစ်ညူးစေနိုင် မကဲ့ရဲ့နိုင် မတားမြစ်နိုင်" ဟူ၍ ဆိုခဲ့သော စကားသည် ဤသည်ကို စွဲ၍ ဆိုခဲ့သော စကားဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဘယသုတ်

၆၃။ ရဟန်းတို့ "အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော 'အမာတာပုတ္တိကဘေး' တို့သည် ဤသုံးမျိုးတို့တည်း" ဟု အကြားအမြင်မရှိသောပုထုဇဉ်သည် ဆို၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ မီး ကြီးစွာ စွဲလောင်သော အခါသည်ဖြစ်တတ်၏၊ မီး ကြီးစွာ စွဲလောင်သည်ရှိသော် ထိုမီးသည် ရွာတို့ကိုင်း နိဂုံးတို့ကိုင်း မြို့တို့ကိုင်း စွဲလောင်အပ်ကုန်၏၊ ရွာ နိဂုံး မြို့တို့ကို စွဲလောင်အပ်ကုန်သည်ရှိသော် ထိုသို့ လောင်ရာ၌ အမိသည်လည်း ကာကွယ်နိုင်သော သားကို တွေ့ခွင့်မရ၊ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်မရ။ ရဟန်းတို့ ဤသည်ကား အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော "ပဌမ အမာတာပုတ္တိကဘေးတည်း" ဟု အကြားအမြင်မရှိသော ပုထုဇဉ်သည် ဆို၏။

ရဟန်းတို့ နောက်တမျိုးကား မိုးကြီးစွာ ရွာသွန်းသော အခါသည် ဖြစ်တတ်၏၊ မိုးကြီးစွာ ရွာသွန်းသည်ရှိသော် ကြီးစွာသော ရေအယဉ်သည် ဖြစ်၏၊ ကြီးစွာသောရေအယဉ် ဖြစ်လတ်သော် ထိုရေအယဉ်သည် ရွာတို့ကိုင်း နိဂုံးတို့ကိုင်း မြို့တို့ကိုင်း မျောစေအပ်ကုန်၏။ ရွာ နိဂုံး မြို့တို့ကို မျောစေအပ်ကုန်သည်ရှိသော် ထိုသို့ မျောစေရာ၌ အမိသည်လည်း ကာကွယ်နိုင်သော သားကို တွေ့ခွင့်မရ၊ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်မရ။ ရဟန်းတို့ ဤသည်ကား အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော "ဒုတိယအမာတာပုတ္တိကဘေးတည်း" ဟု အကြားအမြင်မရှိသော ပုထုဇဉ်သည် ဆို၏။

ရဟန်းတို့ နောက်တမျိုးကား တောပုန်းဘေး တွေ့ကြုံ၍ ဇနပုဒ်နေသူတို့ (ပစ္စည်းများကို) ယာဉ်ဖြင့်တင်ဆောင်ကာ ထိုထိုအရပ်သို့ ထွက်ပြေးရသော အခါသည် ဖြစ်တတ်၏။ တောပုန်းဘေး တွေ့ကြုံ၍ ဇနပုဒ်နေသူတို့ (ပစ္စည်းများကို) ယာဉ်ဖြင့်တင်ဆောင်ကာ ထိုထိုအရပ်သို့ ထွက်ပြေးရသည်ရှိသော် ထိုသို့ ထွက်ပြေးရာ၌ အမိသည် ကာကွယ်နိုင်သော သားကို တွေ့ခွင့်မရ၊ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်မရ။ ရဟန်းတို့ ဤသည်ကား အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော "တတိယအမာတာပုတ္တိကဘေးတည်း" ဟု အကြားအမြင်

http://www.dhammadownload.com



မရှိသော ပုထုဇဉ်သည် ဆို၏။ရဟန်းတို့ "အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတို့သည် ဤသုံးမျိုးတို့တည်း"ဟု အကြားအမြင်မရှိသော ပုထုဇဉ်သည် ဆို၏။

ရဟန်းတို့ ထိုသုံးမျိုးတို့ကို အမိနှင့်သား အချင်းချင်း ကာကွယ်နိုင်သော ဘေးတို့လည်း ဖြစ်ကုန်လျက်သာလျှင်"အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတို့"ဟု အကြားအမြင် မရှိသော ပုထုဇဉ်သည် ဆို၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မီးကြီး စွဲလောင်သောအခါသည် ဖြစ်တတ်၏၊ မီးကြီးစွဲလောင်သည်ရှိသော် ထိုမီးသည် ရွာတို့ကိုလည်း နိဂုံးတို့ကိုလည်း မြို့တို့ကိုလည်း စွဲလောင်အပ်ကုန်၏။ ရွာ နိဂုံး မြို့တို့ကို မီးစွဲလောင်အပ်ကုန်သည်ရှိသော် အမိသည်လည်း ကာကွယ်နိုင်သော သားကို တွေ့ခွင့်ရ၍ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်ရသော အခါမျိုးသည် တခါတရံ ဖြစ်နိုင်သေး၏။ ရဟန်းတို့ အမိနှင့်သား အချင်းချင်း ကာကွယ်နိုင်သော ဤပဌမဘေးကိုပင်လျှင် "အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတည်း"ဟု အကြားအမြင်မရှိသော ပုထုဇဉ်သည် ဆို၏။

ရဟန်းတို့ နောက်တမျိုးကား မိုးကြီး ရွာသွန်းသော အခါသည် ဖြစ်တတ်၏၊ မိုးကြီး ရွာသွန်းခဲ့သော် ကြီးစွာသော ရေအယဉ်ဖြစ်၏၊ ကြီးစွာသောရေအယဉ် ဖြစ်လတ်သော် ထိုရေအယဉ်သည် ရွာတို့ကိုလည်း နိဂုံးတို့ကိုလည်း မြို့တို့ကိုလည်း မျောစေ၏။ ရွာ နိဂုံး မြို့တို့ကို မျောစေအပ်ကုန်သည်ရှိသော် အမိသည်လည်း ကာကွယ်နိုင်သော သားကို တွေ့ခွင့်ရ၍ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်ရသော အခါမျိုးသည် တခါတရံ ဖြစ်နိုင်သေး၏။ ရဟန်းတို့ အမိနှင့်သား အချင်းချင်း ကာကွယ်နိုင်သော ဤဒုတိယ ဘေးကိုပင်လျှင် "အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတည်း"ဟု အကြားအမြင်မရှိသော ပုထုဇဉ်သည် ဆို၏။

ရဟန်းတို့ နောက်တမျိုးကား တောပုန်းသောင်းကျန်းမှု ဘေးဖြစ်၍ ဇနပုဒ်နေသူတို့သည် (ပစ္စည်းများကို)ယာဉ်ဖြင့် တင်ဆောင်ကာ ထိုထိုအရပ်သို့ ထွက်ပြေးကြရသောအခါမျိုးသည် ဖြစ်တတ်၏။ ရဟန်းတို့ တောပုန်းသောင်းကျန်းမှုဘေး ဖြစ်၍ ဇနပုဒ်နေသူတို့သည် (ပစ္စည်းများကို) ယာဉ်ဖြင့်တင်ဆောင်၍ ထိုထိုအရပ်သို့ ထွက်ပြေးကြရကုန်သော် အမိသည်လည်း ကာကွယ်နိုင်သော သားကို တွေ့ခွင့်ရ၍ သားသည်လည်း ကာကွယ်နိုင်သော အမိကို တွေ့ခွင့်ရသော အခါမျိုးသည် တခါတရံ ဖြစ်နိုင်သေး၏။ ရဟန်းတို့ အမိနှင့် သား အချင်းချင်း ကာကွယ်နိုင်သော ဤ တတိယ ဘေးကိုပင်လျှင် "အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတည်း" ဟု အကြားအမြင် မရှိသော ပုထုဇဉ်သည် ဆို၏။ ရဟန်းတို့ ဤသုံးမျိုးတို့ကို အမိနှင့်သား အချင်းချင်း ကာကွယ်နိုင်သော ဘေးတို့ ဖြစ်လျက်သာလျှင် "အမိနှင့် သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတည်း"ဟု အကြားအမြင်မရှိသော ပုထုဇဉ်သည် ဆို၏။

ရဟန်းတို့ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အိုဘေး၊နာဘေး၊သေဘေးတို့တည်း။ရဟန်းတို့ အမိသည်"ငါအိုပါအံ့၊ ငါ၏သား မအိုပါစေလင့်"ဟုအိုမင်းသော သားကို ကာကွယ်ခွင့် မရနိုင်၊ သားသည်လည်း "ငါအိုပါအံ့၊ ငါ၏အမိ မအိုပါစေလင့်"ဟု အိုမင်းသော အမိကို ကာကွယ်ခွင့် မရနိုင်။ရဟန်းတို့ အမိသည် "ငါ နာပါအံ့၊ ငါ၏သား မနာပါစေလင့်"ဟု နာသောသားကို ကာကွယ်ခွင့် မရနိုင်၊ သားသည်လည်း "ငါ နာပါအံ့၊ ငါ၏ အမိ မနာပါစေလင့်"ဟု နာသော အမိကို ကာကွယ်ခွင့် မရနိုင်။

http://www.dhammadownload.com



ရဟန်းတို့ အမိသည် "ငါ သေပါအံ့၊ ငါ၏ သား မသေပါစေလင့်" ဟု သေသော သားကို ကာကွယ်ခွင့် မရနိုင်၊ သားသည်လည်း "ငါ သေပါအံ့၊ ငါ၏ အမိ မသေပါစေလင့်" ဟု သေသော အမိကို ကာကွယ်ခွင့် မရနိုင်။ ရဟန်းတို့ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးတို့သည် ဤသုံးမျိုးတို့တည်း။ ရဟန်းတို့ ဤ အမိနှင့်သား အချင်းချင်း ကာကွယ်နိုင်သော ဘေးသုံးမျိုးတို့ကိုငင်း ဤ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးသုံးမျိုးတို့ကိုငင်း ပယ်ရန် လွတ်မြောက်ရန် လမ်းစဉ်အကျင့်သည် ရှိ၏။ ရဟန်းတို့ ဤ အမိနှင့်သား အချင်းချင်း ကာကွယ်နိုင်သော ဘေးသုံးမျိုးတို့ကိုငင်း ဤအမိနှင့်သား မကာကွယ်နိုင်သော ဘေးသုံးမျိုးတို့ကိုငင်း ပယ်ရန် လွတ်မြောက်ရန် လမ်းစဉ် အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤမဂ်ဟူသည် အဘယ်နည်း။ မှန်စွာသိခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' (ဤရှစ်ပါးတို့ပေတည်း)။ ရဟန်းတို့ ဤသည်ကား အမိနှင့် သား အချင်းချင်း ကာကွယ်နိုင်သော ဘေးသုံးမျိုးတို့ကိုငင်း အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးသုံးမျိုးတို့ကိုငင်း ပယ်ရန် လွတ်မြောက်ရန် လမ်းစဉ် အကျင့်တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၁-ဝေနာဂပုရသုတ်

၆၄။ တခါသောအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူခဲ့ရာ ကောသလတိုင်း (အဝင်အပါ) ဝေနာဂပုရ မည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူခဲ့၏။ ဝေနာဂပုရ ရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဤသို့ကြားသိကုန်၏— "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဝေနာဂပုရ ရွာသို့ ရောက်လာသတတ်ဟု (ကြားသိကုန်၏)၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စော သတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏ 'ထိုမြတ်စွာဘုရားသည် ပူဇော် အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့် အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါးကို သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းကန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟုပြန့်နှံ့၍ထွက်၏၊ ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူလောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရား သည် အစ၏ကောင်းခြင်း

http://www.dhammadownload.com



အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံပြည့်စုံသော တရားကို ဟောတော်မူ၏၊ စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာတို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း”ဟု ကြားသိကုန်၏။

ထိုအခါ ဝေနာဂပုရ ရွာသား ပုဏ္ဏားနှင့် အမျိုးသား အချို့တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားတို့ကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားရှိရာဘက်သို့ လက်အုပ်ချီလျက် တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် အမည်အနွယ်ကို ပြောကြားလျက် တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် တိတ်ဆိတ်စွာလျှင် တခုသော နေရာ၌ ထိုင်ကုန်၏။

တခုသောနေရာ၌ ထိုင်နေသော ဝေနာဂပုရရွာသား ဝစ္ဆအနွယ်၌ ဖြစ်သော ပုဏ္ဏားသည် မြတ်စွာဘုရားအား—အသျှင်ဂေါတမ အံ့ဖွယ်ရှိပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ အသျှင်ဂေါတမ၏ စက္ခုစသော ဣန္ဒြေတို့သည် အလွန် ကြည်လင်လှပါကုန်၏၊ အရေအဆင်းသည် အလွန်စင်ကြယ်ပါ၏၊ အလွန်တောက်ပပါ၏။ အသျှင်ဂေါတမ သရဒအခါ တန်ဆောင်မုန်းလ၌ မှည့်သစ်စ ဆီးသီးသည် စင်ကြယ်တောက်ပသကဲ့သို့ ဤအတူပင် အသျှင်ဂေါတမ၏ စက္ခုစသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေ အဆင်းသည် စင်ကြယ် တောက်ပလှပါ၏၊ အသျှင်ဂေါတမ အညှာမှ ကြွေကျစ ထန်းသီးမှည့်သည် စင်ကြယ်တောက်ပသကဲ့သို့ ဤအတူပင် အသျှင်ဂေါတမ၏ စက္ခုစသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်တောက်ပလှပါ၏။ အသျှင်ဂေါတမ ကျွမ်းကျင်သော ရွှေပန်းထိမ်သည်သည် ကောင်းစွာ အပြေအပြစ်ပြု၍ မိုက်ဝ၌ အလွန်ကောင်းမွန်စွာ ကြည်စေပြီးလျှင် ကမ္ဗလာနီ၌ တင်ထားသော တနိက္ခရှိ ဇမ္ဗူရာဇ် ရွှေစင်သည် အရောင်ထွက်လျက် တောက်ပြောင် တင့်တယ်ဘိသကဲ့သို့ ဤအတူပင် အသျှင်ဂေါတမ၏ စက္ခုစသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေအဆင်းသည် စင်ကြယ်တောက်ပလှပါ၏။ အသျှင်ဂေါတမ အကြင်မြင့်သော နေရာ မြတ်သောနေရာတို့သည် ရှိကုန်၏။ ဤသည်တို့ကား အဘယ်နည်း၊ မြင့်သောအခြေရှိသော ညောင်စောင်း ပလ္လင် မွေးရှည်ကော်ဇောကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသောသားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း လဲသွတ်အခင်း ရုပ်ပုံခြယ်သားမွေးအခင်း နှစ်ဖက်မွေးရှိအခင်း တဖက်မွေးရှိအခင်း ရွှေချည်ထိုးအခင်း ပိုးချည်အခင်း သားမွေးအခင်းကြီး ဆင်ကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေအခင်း ဝံပိုင့်ရေအခင်းမြတ် နီသောမျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာတို့တည်း။ အသျှင်ဂေါတမသည် ဤသို့သဘောရှိသော မြင့်သောနေရာ မြတ်သော နေရာတို့ကို အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲရသည် မဟုတ်ပါလော ဟု မေးလျှောက်လေ၏။

ပုဏ္ဏား အကြင် မြင့်သောနေရာ မြတ်သောနေရာတို့သည် ရှိကုန်၏။ ဤသည်တို့ကား အဘယ်နည်း၊ မြင့်သောအခြေရှိသောညောင်စောင်း ပလ္လင် မွေးရှည်ကော်ဇောကြီး ဆန်းကြယ်သောသား မွေးအခင်း ဖြူသောသားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း လဲသွတ်အခင်း ရုပ်ပုံခြယ် သားမွေးအခင်း နှစ်ဖက်မွေး ရှိအခင်း တဖက်မွေးရှိအခင်း ရွှေချည်ထိုးအခင်း ပိုးချည်အခင်း သားမွေးအခင်းကြီး ဆင်ကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေအခင်း ဝံပိုင့်ရေအခင်း မြတ် နီသောမျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာတို့တည်း။ ထိုမြင့်သောနေရာ မြတ်သောနေရာ တို့ကို ရဟန်းတို့သည် ရနိုင်ခဲကုန်၏၊ ရသော်လည်း မအပ်စပ်ကုန်။

http://www.dhammadownload.com



ပုဏ္ဏား ငါသည် ယခုအခါ၌ အလိုရှိတိုင်း မငြိုငြင် မပင်ပန်းပဲရသော မြင့်သောနေရာ မြတ်သော နေရာတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—နတ်တို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာ၊ ဗြဟ္မာတို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာ၊ အရိယာတို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာတို့တည်း။ ပုဏ္ဏား ငါသည် ယခုအခါ၌ အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းပဲ ရသော မြင့်သောနေရာ မြတ်သောနေရာတို့ကား ဤသုံးမျိုးတို့ ပေတည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အသျှင်ဂေါတမသည် ယခုအခါ၌ အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းပဲ ရသော နတ်တို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ ပုဏ္ဏား ငါသည် အကြင်ရွာကိုငှင်း နိဂုံးကိုငှင်း အမှီပြု၍ နေ၏၊ ထိုငါသည် နံနက်အခါ၌ သင်္ကန်း ကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထိုရွာသို့ငှင်း နိဂုံးသို့ငှင်း ဆွမ်းခံဝင်ခဲ့၏၊ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့ပြီးလျှင် တောအရပ်သို့သာ ဝင်ခဲ့၏၊ ထိုအရပ်၌ မြက်သစ်ရွက်တို့ကို တပေါင်းတည်း စုရုံးကာ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကိုဖြောင့်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေ၏၊ ထိုငါသည် ကာမတို့မှ ဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'နှင့် တကွ ဖြစ်သော 'နီဝရဏ' ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယဈာန်သို့ရောက်၍ နေ၏။ နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇာဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာခြင်း'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊အကြင်(တတိယဈာန်)ကြောင့် ထိုသူကို"လျစ်လျူ ရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာ(ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊(ထိုငါ သည်) ထိုတတိယဈာန်သို့ ရောက်၍ နေ၏။ ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ငှင်း ရှေးဦးက ပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နိုင်ခြင်းကြောင့်ငှင်း ဆင်းရဲချမ်းသာ မရှိသော (ဥပေက္ခာ)ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ပုဏ္ဏား ဤသို့ ဖြစ်သော် ငါသည် အကယ်၍ စင်္ကြံ သွားအံ့၊ ထိုအခါ၌ ငါ၏ စင်္ကြံ သွားခြင်းသည် နတ်တို့၏ ဥစ္စာဖြစ်သော စင်္ကြံပင်ဖြစ်၏။ပုဏ္ဏား ဤသို့ဖြစ်သော် ငါသည် အကယ်၍ ရပ်အံ့၊ထိုအခါ၌ ငါ၏ ရပ်ခြင်းသည် နတ်တို့၏ ဥစ္စာဖြစ်သော ရပ်တည်ရာ ဖြစ်၏။ ပုဏ္ဏား ဤသို့ဖြစ်သော် ငါသည် အကယ်၍ ထိုင်နေအံ့၊ထိုအခါ၌ ငါ၏ ထိုင်နေခြင်းသည် နတ်တို့၏ဥစ္စာဖြစ်သော ထိုင်နေရာပင် ဖြစ်၏။ ပုဏ္ဏား ဤသို့ဖြစ်သော် ငါသည် အကယ်၍ အိပ်အံ့၊ ထိုအခါ၌ ငါ၏ အိပ်ခြင်းသည် နတ်တို့၏ဥစ္စာ ဖြစ်သော မြင့်သော အိပ်ရာ မြတ်သော အိပ်ရာပင် ဖြစ်၏။ ပုဏ္ဏား ငါသည် ယခုအခါ အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းပဲ ရသော နတ်တို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သော နေရာဟူသည် ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဂေါတမမှ တပါး အခြားအဘယ်မည်သော သူသည် ဤသို့သဘောရှိသော နတ်တို့၏ ဥစ္စာဖြစ်သော မြင့်သော နေရာ မြတ်သောနေရာကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရလိမ့်မည်နည်း၊ အသျှင်ဂေါတမ

http://www.dhammadownload.com



အသျှင်ဂေါတမသည် ယခုအခါ၌ အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းပဲ ရသော ဗြဟ္မာတို့၏ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။

ပုဏ္ဏား ဤလောက၌ ငါသည် အကြင်ရွာကိုရင်း နိဂုံးကိုရင်း အမှီပြု၍ နေ၏၊ ထိုငါသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထိုရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံဝင်ခဲ့၏၊ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့ပြီးလျှင် တောအရပ်သို့သာ ဝင်ခဲ့၏၊ ထိုတောအရပ်၌ မြက်သစ်ရွက်တို့ကို တပေါင်းတည်း စုရုံး၍ ထက်ဝယ်ဖွဲ့ခွေပြီး ကိုယ်ကို ဖြောင့်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေ၏၊ ထိုငါသည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကိုပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်သော အရပ်ကို။ သုံးခုမြောက်သော အရပ်ကို။ လေးခုမြောက်သော အရပ်ကို ပြန့်နှံ့စေ၍နေ၏၊ ဤနည်း အားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်တို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့် တကွသောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ'နှင့် တကွဖြစ်သော စိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် တကွဖြစ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် တကွဖြစ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်သော အရပ်ကို။ သုံးခုမြောက်သော အရပ်ကို။ လေးခုမြောက်သော အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်တို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော ဥပေက္ခာနှင့် တကွဖြစ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ပုဏ္ဏား ဤသို့ဖြစ်သော ငါသည် အကယ်၍ စင်္ကြံသွားအံ့၊ ထိုအခါ၌ ငါ၏ စင်္ကြံသွားခြင်းသည် ဗြဟ္မာတို့၏ ဥစ္စာဖြစ်သော စင်္ကြံပင် ဖြစ်၏။ ပုဏ္ဏား ဤသို့ဖြစ်သော် ငါသည် အကယ်၍ ရပ်တည်အံ့၊ ထိုအခါ၌ ငါ၏ ရပ်တည်ခြင်းသည် ဗြဟ္မာတို့၏ ဥစ္စာဖြစ်သော ရပ်တည်ရာပင် ဖြစ်၏။ ပုဏ္ဏား ဤသို့ ဖြစ်သော် ငါသည် အကယ်၍ ထိုင်နေသည် ဖြစ်အံ့၊ ထိုအခါ၌ ငါ၏ ထိုင်နေခြင်းသည် ဗြဟ္မာတို့၏ ဥစ္စာဖြစ်သော ထိုင်နေရာပင် ဖြစ်၏။ ပုဏ္ဏား ဤသို့ဖြစ်သော် ငါသည် အကယ်၍ အိပ်အံ့၊ ထိုအခါ၌ ငါ၏ အိပ်ခြင်းသည် ဗြဟ္မာတို့၏ ဥစ္စာဖြစ်သော မြင့်သော အိပ်ရာ မြတ်သော အိပ်ရာပင် ဖြစ်၏။ ပုဏ္ဏား ငါသည် ယခုအခါ၌ အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရသော ဗြဟ္မာတို့၏ ဥစ္စာဖြစ်သော မြင့်သော နေရာ မြတ်သောနေရာဟူသည် ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဂေါတမမှ တပါး အခြား အဘယ်မည်သောသူသည် ဤသို့သဘောရှိသော ဗြဟ္မာတို့၏ ဥစ္စာဖြစ်သော မြင့်သော နေရာ မြတ်သောနေရာကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရလိမ့်မည်နည်း။ အသျှင်ဂေါတမ အသျှင်ဂေါတမသည် ယခုအခါ၌ အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရသော အရိယာတို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာသည် အဘယ်ပါနည်း ဟု (လျှောက်၏)။

ပုဏ္ဏား ဤလောက၌ ငါသည် အကြင် ရွာကိုရင်း နိဂုံးကိုရင်း အမှီပြု၍ နေ၏၊ ထိုငါသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထိုရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံဝင်ခဲ့၏။ ငါသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့ပြီးလျှင် တောအရပ်သို့သာ ဝင်ခဲ့၏၊

http://www.dhammadownload.com



ထိုငါသည် ထိုဘောအရပ်၌ မြက်သစ်ရွက်တို့ကို တပေါင်းတည်းစုရုံး၍ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်နေ၏။ ထိုငါသည် ဤသို့ **သိ၏၊** "ငါသည် တပ်မက်ခြင်း 'ရာဂ'ကို ပယ်အပ်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ အသစ် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်တဖန် ဖြစ်ခြင်း သဘော မရှိတော့ပြီ၊ ငါသည် အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်အပ်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ အသစ် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်တဖန် ဖြစ်ခြင်း သဘော မရှိတော့ပြီ။ ငါသည် တွေဝေခြင်း 'မောဟ'ကို ပယ်အပ်ပြီ၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ အသစ် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိတော့ပြီ။ ပုဏ္ဏား ဤသို့ ဖြစ်သော် ထိုငါသည် အကယ်၍ စင်္ကြံသွားအံ့၊ ထိုအခါ၌ ငါ၏ ဤစင်္ကြံသွားခြင်းသည် မြတ်သော စင်္ကြံသွားခြင်းမည်၏၊ ပုဏ္ဏား ဤသို့ ဖြစ်သော် ထိုငါသည် အကယ်၍ ရပ်အံ့။ပ။ အကယ်၍ ထိုင်နေအံ့။ပ။ အကယ်၍ အိပ်အံ့၊ ထိုအခါ၌ ဤငါ၏ အိပ်ခြင်းသည် မြင့်သော နေရာ မြတ်သောနေရာ၌ အိပ်ခြင်းမည်၏။ ပုဏ္ဏား ငါသည် ယခုအခါ၌ အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းပဲ ရသော အရိယာတို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာ ဟူသည် ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဂေါတမမှ တပါး အခြားအဘယ်မည်သော သူသည် ဤသို့သဘောရှိသော အရိယာတို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ မြတ်သောနေရာကို အလိုရှိတိုင်း ရလိမ့်မည်နည်း၊ မငြိုမငြင် မပင်ပန်းပဲ ရလိမ့်မည်နည်း။ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါ၏။ အသျှင်ဂေါတ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားသကဲ့သို့ရင်း "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်း အမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ရတနာ သုံးပါးကို) ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

တတိယသုတ်။

---

## ၄-သရဘသုတ်

၆၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ သရဘအမည်ရှိသော ပရိဗိုဇ်သည် ဤသာသနာတော်မှ ထွက်ခွါသွား စဖြစ်၏၊ထိုပရိဗိုဇ်သည် ရာဇဂြိုဟ်ပြည် ပရိသတ်အလယ်၌ "ငါသည်

http://www.dhammadownload.com



သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို သိပြီ၊သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို သိသော ကြောင့်သာလျှင် ထိုသာသနာတော်မှ ထွက်ခွါခဲ့၏”ဟု ဤသို့သော စကားကို ဆို၏။ ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ကုန်၏၊ ထိုရဟန်းတို့သည် ရာဇဂြိုဟ်ပြည် ပရိသတ်အလယ်၌ “ငါသည် သာကီဝင် မင်းသား ရဟန်းတို့၏ တရားကို သိပြီ၊ သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို သိသောကြောင့်သာလျှင် ထိုသာသနာတော်မှ ထွက်ခွါခဲ့၏” ဟု ဤသို့ ပြောဆိုသော သရဘ ပရိဗိုဇ် စကားကို ကြားကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါ ခဲ့ကြပြီးလျှင် မြတ်စွာဘုရားအထံ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးကာ တခုသော နေရာ၌ ထိုင်နေကုန်လျက် “အသျှင်ဘုရား သရဘအမည်ရှိသော ပရိဗိုဇ်သည် ဤသာသနာတော်မှ ထွက်ခွါ သွားစ ဖြစ်ပါ၏၊ ထိုပရိဗိုဇ်သည် ရာဇဂြိုဟ်ပြည် ပရိသတ်အလယ်၌ ‘ငါသည် သာကီဝင်မင်းသား ရဟန်းတို့၏ တရားကိုသိပြီ၊ သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို သိသောကြောင့် သာလျှင် ထိုသာသနာတော်မှ ထွက်ခွါခဲ့၏’ဟု ဤသို့သော စကားကို ပြောဆိုနေပါသည်။ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် သိပ္ပိနီမြစ်ကမ်းနား ပရိဗိုဇ်တို့အရံ သရဘပရိဗိုဇ်ရှိရာသို့ သနားသောအားဖြင့် ချဉ်းကပ်တော်မူပါ” ဟု လျှောက်ကုန်၏။ မြတ်စွာ ဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းရာမှ ထတော် မူလျက် သိပ္ပိနီမြစ်ကမ်းနား ပရိဗိုဇ်တို့အရံ သရဘပရိဗိုဇ်ရှိရာသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်လျက် သရဘပရိဗိုဇ်အား— “သရဘ ‘ငါသည် သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို သိပြီ၊သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို သိသောကြောင့်သာလျှင် ထိုသာ သနာတော်မှ ထွက်ခွါခဲ့၏’ဟု သင် ဤသို့ ဆို၏ဟူသည် မှန်သလော” ဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်ဆိုသော် သရဘပရိဗိုဇ်သည် ဆိတ်ဆိတ်နေ၏၊ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရား သည် သရဘပရိဗိုဇ်အား—“သရဘ ပြောလော့၊ သင်သည် သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို အဘယ်သို့သိသနည်း၊ အကယ်၍ သင့်အား မပြည့်စုံသေးလျှင် ငါ ဖြည့်စွက်ပေးမည်၊ အကယ်၍သင့်အား ပြည့်စုံနေလျှင် ငါဝမ်းမြောက်မည်”ဟု မိန့်တော်မူ၏။ နှစ်ကြိမ်မြောက်လည်း သရဘပရိဗိုဇ်သည် ဆိတ်ဆိတ်နေ၏။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် သရဘပရိဗိုဇ် အား “သရဘ သင်သည် သာကီဝင်မင်းသား ရဟန်းတို့၏တရားကို အဘယ်သို့ သိသနည်း၊ အကယ်၍ သင့်အား မပြည့်စုံသေးလျှင် ငါ ဖြည့်စွက်ပေးမည်၊ အကယ်၍ သင့်အား ပြည့်စုံနေလျှင် ငါ ဝမ်းမြောက်မည်”ဟု သုံးကြိမ်တိုင်တိုင် မိန့်ဆိုသော် သရဘပရိဗိုဇ်သည် ဆိတ်ဆိတ်နေ၏။

ထိုအခါ ထိုပရိဗိုဇ်တို့သည် သရဘပရိဗိုဇ်အား “ငါ့သျှင် သရဘ သင်တောင့်တနေသော ရဟန်းဂေါတမကိုပင် သင့်ကို ဖိတ်ကြား၏၊ ငါ့သျှင်သရဘ ပြောပါလော့ သင်သည် သာကီဝင် မင်းသား ရဟန်းတို့၏ တရားကို အဘယ်သို့သိပါသနည်း၊ အကယ်၍ သင့်အား မပြည့်စုံသေးလျှင် ရဟန်းဂေါတမက ဖြည့်စွက်ပေးလိမ့်မည်၊ အကယ်၍ သင့်အား ပြည့်စုံနေလျှင်လည်း ရဟန်း ဂေါတမက ဝမ်းမြောက်ပါလိမ့်မည်” ဟု (ပြောကုန်၏)။ ဤသို့ ပြောဆိုကြသော် သရဘပရိဗိုဇ်

http://www.dhammadownload.com



သည် ဆိတ်ဆိတ်နေကာမျက်နှာမလှ ငိုက်ဆိုက်ကျလျက် အောက်သို့ ချအပ်သော မျက်နှာရှိသည် ဖြစ်၍ မှိုင်တွေကာဖြင့် ပြောစရာစကားမရှိပဲ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် သရဘပရိဗိုဇ်ကို ဆိတ်ဆိတ်နေကာ မျက်နှာမလှ ငိုက်ဆိုက် ကျလျက် အောက်သို့ချအပ်သော မျက်နှာရှိသည်ဖြစ်၍ မှိုင်တွေကာဖြင့် ပြောစရာစကား မရှိ ဖြစ်နေသည်ကို သိတော်မူ၍ ထိုပရိဗိုဇ်တို့အား ဤစကားကို မိန့်တော်မူ၏— ပရိဗိုဇ်တို့ အကြင်သူ သည် ငါ့ကို (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူ၏ဟူ၍ ဝန်ခံသော အသျှင် ဘုရားသည် ဤမည်သောတရားတို့ကိုမူကား ထိုးထွင်း၍ မသိဟု ဆိုငြားအံ့၊ ငါသည် ထိုဆိုသော သူကို ကောင်းစွာ မေးမြန်း စိစစ်စစ်ဆေးခဲ့မူ ထိုသူသည် စကားတခုဖြင့် စကားတခုကိုသော်လည်း ဖုံးကွယ်လိမ့်မည်၊ အပြင်စကားကို ဆောင်၍သော်သည်း ပယ်လိမ့်မည်၊ စိတ်ဆို ခြင်း အမျက်ထွက် ခြင်း မနှစ်သက်ခြင်း အမူအရာကိုသော်လည်း ထင်စွာပြုလိမ့်မည် ဟူသော ဤသုံးမျိုးသော ဌာန တို့တွင် တမျိုးမျိုးသော ဌာနသို့ မရောက်ရာသော အကြောင်းအခွင့် မရှိပေ၊ သရဘပရိဗိုဇ်ကဲ့သို့ ဆိတ်ဆိတ်နေကာ မျက်နှာမလှ ငိုက်ဆိုက်ကျလျက် အောက်သို့ချအပ်သော မျက်နှာရှိသည် ဖြစ်၍ မှိုင်တွေကာဖြင့် ပြောစရာစကား မရှိပဲသော်လည်း ထိုင်နေရလိမ့်မည်။

ပရိဗိုဇ်တို့ အကြင်သူသည် ငါဘုရားကို "အာသဝေါကုန်ပြီးသူဟု ဝန်ခံသော အသျှင်ဘုရားသည် ဤမည်သော အာသဝေါတို့ကား မကုန်သေးပေ" ဟူ၍ ဆိုငြားအံ့၊ ငါသည် ထိုဆိုသောသူကို ကောင်းစွာ မေးမြန်း စိစစ် စစ်ဆေးခဲ့မူ ထိုသူသည် စကားတခုဖြင့် စကားတခုကိုသော် လည်း ဖုံးကွယ်လိမ့်မည်၊ အပြင်စကားကို ဆောင်၍သော်လည်း ပယ်လိမ့်မည်၊ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း မနှစ်သက်ခြင်း အမူအရာကိုသော်လည်း ထင်စွာပြုလိမ့်မည် ဟူသော ဤသုံးမျိုး သော ဌာနတို့တွင် တမျိုးမျိုးသော ဌာနသို့ မရောက်ရာသော အကြောင်းအခွင့် မရှိပေ၊ သရဘ ပရိဗိုဇ်ကဲ့သို့ ဆိတ်ဆိတ်နေကာ မျက်နှာမလှ ငိုက်ဆိုက်ကျလျက် အောက်သို့ ချအပ်သော မျက်နှာရှိသည်ဖြစ်၍ မှိုင်တွေကာဖြင့် ပြောစရာစကား မရှိပဲ သော်လည်း ထိုင်နေရလိမ့်မည်။

ပရိဗိုဇ်တို့ အကြင်သူသည် ငါဘုရားကို ဝဋ်ဆင်းရဲကုန်ရန် "အသျှင်ဘုရား ဟောသော တရား သည် ထိုတရားကိုကျင့်သူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ခြင်းငှါ မထုတ်ဆောင်နိုင်" ဟု ဆိုငြားအံ့၊ ငါသည် ထိုဆိုသောသူကို ကောင်းစွာမေးမြန်း စိစစ် စစ်ဆေးခဲ့ပါမူ ထိုသူသည် စကားတခုဖြင့်စကား တခုကိုသော်လည်းဖုံးကွယ်လိမ့်မည်၊အပြင်စကားကိုဆောင်၍သော်လည်း ပယ်လိမ့်မည်၊စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း မနှစ်သက်ခြင်း အမူအရာကိုသော်လည်း ထင်စွာပြုလိမ့်မည်ဟူသော ဤသုံးမျိုး သော ဌာနတို့တွင် တမျိုးမျိုးသော ဌာနသို့ မရောက်ရာသော အကြောင်းအခွင့် မရှိပေ၊သရဘပရိဗိုဇ် ကဲ့သို့ ဆိတ်ဆိတ်နေကာ မျက်နှာမလှ ငိုက်ဆိုက်ကျလျက် အောက်သို့ ချအပ်သော မျက်နှာ ရှိသည်ဖြစ်၍ မှိုင်တွေကာဖြင့် ပြောစရာစကား မရှိပဲသော်လည်း ထိုင်နေရလိမ့်မည်ဟု မိန့်တော် မူ၏။ ထိုအခါမြတ်စွာဘုရားသည် သိပ္ပိနီမြစ်ကမ်းနား ပရိဗိုဇ်တို့ အရံ၌ရရင့်သော အသံကို သုံးကြိမ် တိုင်အောင် ကျူးရင့်တော်မူ၍ ကောင်းကင်သို့ ကြွတော်မူ၏။

ထိုအခါ ထိုပရိဗိုဇ်တို့သည် မြတ်စွာဘုရား ကြွတော်မူ၍ မကြာမြင့်မီပင် သရဘပရိဗိုဇ်ကို နှုတ်နှင်တံဖြင့် ဝိုင်းအုံ၍ ထိုးဆွကုန်၏ "ငါ့သျှင်သရဘ တောအုပ်ကြီးထဲ၌ မြေခွေးအိုသည် ခြင်္သေ့သံဟောက်မည်ဟု (ဟောက်သော်လည်း) ကွဲအက်သော မြေခွေးသံသာ ထွက်သကဲ့သို့ သင်သည် ရဟန်းဂေါတမ ကွယ်ရာ၌ 'ခြင်္သေ့သံ ဟောက်မည်' ဟု (ဟောက်သော်လည်း)

http://www.dhammadownload.com



ကွဲအက်သော မြေခွေးသံသာလျှင် ထွက်ဘိ၏။ ငါ့သျှင်သရဘ ကြက်မငယ်သည် ကြက်ဖသံ တွန်မည် ဟု (တွန်သော်လည်း) ကြက်မသံသာ ထွက်သကဲ့ သို့ သင်သည် ရဟန်းဂေါတမ ကွယ်ရာ၌ 'ကြက်ဖသံကို တွန်မည်' ဟု(တွန်သော်လည်း) ကြက်မသံသာလျှင် ထွက်ဘိ၏။ ငါ့သျှင်သရဘ နွားသည် (အကြီးအမှူး) နွားမရှိသော နွားခြံ၌ အောင်မြင်သော-နွားကြီးအသံတွန်နိုင်၏ ဟု မှတ်သင်သကဲ့သို့ သင်သည် ရဟန်း ဂေါတမ ကွယ်ရာ၌ အောင်မြင်သော (နွားကြီး)အသံ တွန်နိုင်၏ ဟု မှတ်ထင်ဘိ၏။ ဤသို့လျှင် ထိုပရိဗိုဇ်တို့သည် သရဘပရိဗိုဇ်ကို နှုတ်နှင်တံဖြင့် ဝိုင်းအုံ၍ ထိုးဆွကုန်၏။

စတုတ္ထသုတ်။

---

## ၅-ကေသမုတ္တိသုတ်

၆၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ ကြွချီတော်မူလတ်သော် ကာလာမမင်းတို့၏ ကေသမုတ္တမည်သော နိဂုံးသို့ ရောက်တော်မူ၏။ ကေသမုတ္တနိဂုံးသား ကာလာမမင်းတို့သည် ဤသို့ ကြားသိကြကုန်၏–"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ကေသမုတ္တနိဂုံးသို့ ရောက်လာတော်မူ၏၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသော သတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏၊ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။ ထိုသို့ သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ အား ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု (ကြားသိကြကုန်၏)။

ထို့နောက် ကေသမုတ္တနိဂုံးသား ကာလာမမင်းတို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် အချို့တို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေကြကုန်၏၊အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကိုပြောဆိုပြီးဆုံးစေပြီး၍ တခုသော နေရာ၌ထိုင်နေကုန်၏၊အချို့တို့သည် မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ချီကုန်လျက် တခုသော နေရာ၌ ထိုင်နေကုန်၏၊အချို့တို့သည် အမည် အနွယ်ကို ပြောကြားလျက်တခုသော နေရာ၌ ထိုင်နေကုန်၏၊အချို့တို့သည် တိတ်ဆိတ်စွာ တခုသော နေရာ၌ ထိုင်နေကုန်၏၊ တခုသော နေရာ၌ ထိုင်နေကြသော ကေသမုတ္တနိဂုံးသား ထိုကာလာမမင်းမျိုးတို့သည် မြတ်စွာဘုရားအား—အသျှင်ဘုရား အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တနိဂုံးသို့ ရောက်လာပါကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် မိမိအယူဝါဒကိုသာလျှင် ပြပါကုန်၏၊ ထွန်းပစေပါကုန်၏၊ သူတပါးအယူဝါဒကို မူကား ထိပါးပါကုန်၏၊ မထီမဲ့မြင် ပြုပါကုန်၏၊ ရှုတ်ချပါကုန်၏၊ ချေဖျက်ပါကုန်၏။ အသျှင်ဘုရား တခြားသော သမဏဗြာဟ္မဏအချို့တို့သည်လည်း ကေသမုတ္တနိဂုံးသို့ ရောက်လာပါကုန်၏၊-ထိုသမဏ ဗြာဟ္မဏတို့သည်လည်း မိမိအယူဝါဒကိုသာလျှင် ပြပါကုန်၏၊ ထွန်းပစေပါကုန်၏၊ သူတပါးအယူဝါဒကိုမူကား ထိပါးပါကုန်၏၊ မထီမဲ့မြင်ပြုပါကုန်၏၊ ရှုတ်ချပါကုန်၏၊ ချေဖျက်ပါကုန်၏။"အသျှင်ဘုရား ဤသမဏဗြာဟ္မဏတို့တွင် အဘယ်သမဏဗြာဟ္မဏသည် မှန်သောစကားကို ဆိုပါသနည်း၊အဘယ်သမဏဗြာဟ္မဏသည် မမှန်သောစကားကို ဆိုပါသနည်း" ဟု အကျွန်ုပ်တို့အား ယုံမှားခြင်း တွေးတောခြင်း ဖြစ်ခဲ့ပါ၏ (ဟု လျှောက်ကုန်၏)။ ကာလာမမင်းတို့ သင်တို့အား ယုံမှားခြင်းငှါ သင့်ပေ၏၊ တွေးတောခြင်းငှါ သင့်ပေ၏၊ သင်တို့အား ယုံမှားခြင်းငှါသင့်သော အရာ၌ ယုံမှားခြင်း ဖြစ်၏။

http://www.dhammadownload.com



ကာလာမမင်းဘို့ သင်ဘို့သည် ပြောသံကြားကာမျှဖြင့်(ဟုတ်ပြီ မှန်ပြီဟု အတည်)မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊နည်းမှီးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊အခြင်းအရာကို ကြံစည်သော အားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့)ကြံစည်နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည်ဟူ၍ လည်း မယူကုန်လင့်ဦး၊မှတ်ယူထိုက်သောသဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့ လေးစားသော ရဟန်း၏ စကားဟူ၍ လည်း မယူကုန်လင့်ဦး။ကာလာမမင်းတို့ "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရား တို့တည်း၊ဤတရားတို့ကိုပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည် ရှိသော် အစီးအပွါးမရှိခြင်း ငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏"ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင် သိသောအခါ၌မူ ပယ်စွန့်ကုန်ရာ၏။

ကာလာမမင်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ တပ်မက်ခြင်း'လောဘ'သည် သတ္တဝါ၏ အတွင်း'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော် အစီးအပွါးရှိခြင်းငှါ ဖြစ်သလော၊(သို့မဟုတ်)အစီးအပွါးမဲ့ခြင်းငှါ ဖြစ်သလော ဟု (မိန့်တော်မူ၏)။ အစီးအပွါးမဲ့ခြင်းငှါ ဖြစ်ပါသည် အသျှင်ဘုရား ကာလာမမင်းတို့ တပ်မက်သော ပုဂ္ဂိုလ်သည် တပ်မက်သော 'လောဘ'နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ မပေးသည်ကိုလည်း ခိုးယူ၏။ သူ့မယားကိုလည်း သွားလာ၏၊မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏၊ ယင်း သူတပါးအသက်သတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လောဟု (မိန့်တော်မူ၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

ကာလမမင်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊အမျက်ထွက်ခြင်း 'ဒေါသ'သည် သတ္တဝါ၏အတွင်း'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော် အစီးအပွါးရှိခြင်းငှါဖြစ်သလော၊(သို့မဟုတ်)အစီးအပွါးမဲ့ခြင်းငှါ ဖြစ်သလော ဟု (မိန့်တော်မူ၏)။ အစီးအပွါးမဲ့ခြင်းငှါ ဖြစ်ပါသည် အသျှင်ဘုရား ကာလာမမင်းတို့ အမျက်ထွက်သော ပုဂ္ဂိုလ်သည် အမျက်ထွက်ခြင်း 'ဒေါသ' နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ မပေးသည်ကိုလည်း ခိုးယူ၏၊ သူ့မယားကိုလည်း သွားလာ၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏၊ယင်းသူတပါးအသက်သတ်ခြင်း သတ်စေခြင်းစသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မိန့်တော်မူ၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

ကာလာမမင်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ တွေဝေခြင်း 'မောဟ'သည် သတ္တဝါ၏ အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော် အစီးအပွါးရှိခြင်ငှါး ဖြစ်သလော။ပ။ သို့မဟုတ် ဆင်းရဲခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မိန့်တော်မူ၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

ကာလာမမင်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း ဤတရားတို့သည် ကုသိုလ်တရားတို့လော၊ (သို့မဟုတ်) အကုသိုလ်တရားတို့လောဟု (မိန့်တော်မူ၏)။ အကုသိုလ်တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ အပြစ်ရှိသော တရားတို့လော၊ (သို့မဟုတ်)အပြစ်မရှိသော တရားတို့လောဟု

http://www.dhammadownload.com



'(မိန့်တော်မူ၏)။ အပြစ်ရှိသော တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့လော၊ (သို့မဟုတ်) ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့လောဟု (မိန့်တော်မူ၏)။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ကောင်းစွာ ဆောက်တည်အပ်ကုန်သော် အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်သလော၊ (သို့မဟုတ်) မဖြစ်ကုန်သလော၊ဤနေရာ၌(သင်တို့စိတ်)အဘယ်သို့ရှိသနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား (ဤတရားတို့ကို)ပြည့်စုံစေအပ် ကောင်းစွာ ဆောက်တည် အပ်ကုန်သော် အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါကုန်၏၊ ဤနေရာ၌ တပည့်တော်တို့၏(စိတ်) ဤသို့ ရှိပါသည် အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

"ကာလာမမင်းတို့ သင်တို့သည် ပြောသံကြားကာမျှဖြင့်(ဟုတ်ပြီ မှန်ပြီဟုအတည်) မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည် ဟူ၍ လည်းမယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကိုကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊(ငါတို့)ကြံစည်နှစ်သက်၍ယူထားသော အယူနှင့်တူညီပေသည်ဟူ၍ လည်း မယူကုန်လင့်ဦး၊မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့ လေးစားသော ရဟန်း၏ စကားဟူ၍ လည်း မယူကုန်လင့်ဦး၊ ကာလာမမင်းတို့ 'ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသောတရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွါး မရှိခြင်းငှါဆင်းရဲခြင်းငှါဖြစ်ကုန်၏'ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင် သိသော အခါ၌မူ ပယ်စွန့်ကုန်ရာ၏" ဟု ငါမိန့်ဆိုခဲ့သော စကားသည်ကား ဤသည်ကို စွဲ၍ မိန့်ဆိုသော စကားဖြစ်၏။

ကာလာမမင်းတို့ သင်တို့သည် ပြောသံ ကြားကာမျှဖြင့် (ဟုတ်ပြီ မှန်ပြီဟု အတည်)မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီးယူခြင်းဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့) ကြံစည်နှစ်သက်၍ယူထားသော အယူနှင့် တူညီပေသည်ဟူ၍ လည်း မယူကုန်လင့်ဦး၊ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့ လေးစားသော ရဟန်း၏စကားဟူ၍လည်း မယူကုန်လင့်ဦး၊ကာလာမမင်းတို့ 'ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏' ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင်လျှင် သိသောအခါ၌မူ ပြည့်စုံစေ၍ နေကုန်ရာ၏။

ကာလာမမင်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ တပ်မက်ခြင်း 'အလောဘ' သည် သတ္တဝါ၏ အတွင်း'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော် အစီးအပွါးရှိခြင်းငှါ ဖြစ်သလော၊(သို့မဟုတ်) အစီးအပွါးမဲ့ခြင်းငှါ ဖြစ်သလောဟု (မိန့်တော်မူ၏)။ အစီးအပွါးရှိခြင်းငှါ ဖြစ်ပါသည် အသျှင်

http://www.dhammadownload.com



ဘုရား။ ကာလာမမင်းတို့ မတပ်မက်သော ပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'လောဘ' မနှိပ်စက်အပ် မသိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း မသတ်၊ မပေးသည်ကိုလည်း မယူ၊ သူ့မယားကိုလည်း မသွားလာ၊ မဟုတ်မမှန်သော စကားကိုလည်း မပြောဆို၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် မဆောက်တည်စေ၊ ယင်း သူတပါးအသက်မသတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု(မိန့်တော်မူ၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

ကာလာမမင်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အမျက်မထွက်ခြင်း 'အဒေါသ' သည် သတ္တဝါ၏အဘွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော်။ပ။ မတွေဝေခြင်း 'အမောဟ' သည် သတ္တဝါ၏အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်သော်။ပ။ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်သည်မဟုတ် လောဟု (မိန့်တော်မူ၏) ။ဖြစ်နိုင်ပါသည် အသျှင်ဘုရား။ ကာလာမမင်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤတရားတို့သည် ကုသိုလ်တရားတို့လော၊ (သို့မဟုတ်) အကုသိုလ်ဘရားတို့လော ဟု (မိန့်တော်မူ၏)။ ကုသိုလ်တရားတို့ ဖြစ်ပါသည်အသျှင်ဘုရား။အပြစ်ရှိသောတရားတို့လော၊ (သို့မဟုတ်) အပြစ်မရှိသောတရားတို့လော ဟု (မိန့်တော်မူ၏)။အပြစ်မရှိသော တရားဘို့ဖြစ်ပါသည် အသျှင်ဘုရား။ ပညာရှိဘို့ ကဲ့ရဲ့အပ်သော တရားတို့လော၊ (သို့မဟုတ်) ပညာရှိဘို့ ချီးမွမ်းအပ်သော တရားတို့လောဟု (မိန့်တော်မူ၏)။ ပညာရှိတို့ချီးမွမ်းအပ်သော တရားဘို့ ဖြစ်ပါသည် အသျှင်ဘုရား။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ကောင်းစွာ ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်သလော၊ (သို့မဟုတ်) မဖြစ်ကုန်သလော၊ ဤနေရာ၌ (သင်တို့စိတ်) အဘယ်သို့ ရှိသနည်း ဟု (မိန့်ကော်မူ၏)။ အသျှင်ဘုရား (ဤဘရားတို့ကို) ပြည့်စုံစေအပ် ကောင်းစွာ ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါကုန်၏၊ ဤနေရာ၌ တပည့်တော်တို့၏(စိတ်)ဤသို့ရှိပါသည် အသျှင်ဘုရား ဟု(လျှောက်ကုန်၏)။

"ကာလာမမင်းတို့ သင်တို့သည် ပြောသံကြားကာမျှဖြင့် (ဟုတ်ပြီ မှန်ပြီဟု အတည်)မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ဖြစ်ဘူးသတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှလည်း မယူကုန်လင့်ဦး၊ နည်းမှီးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သော အားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့)ကြံစည်နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊မှဘ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ငါတို့လေးစားသော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး၊ ကာလာမမင်းတို့ 'ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်မရှိသော တရားဘို့တည်း၊ ဤတရားတို့ကား ပညာရှိဘို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤဘရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏' ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ၌မူ ပြည့်စုံစေ၍ နေကုန်ရာ၏" ဟု ငါမိန့်ဆိုခဲ့သော စကားသည်ကား ဤသည်ကို စွဲ၍ မိန့်ဆိုအပ်သော စကားဖြစ်၏။

ကာလာမမင်းတို့ အရိယာတပည့်သည် ဤသို့မက်မောခြင်း 'အဘိဇ္ဈာ'မှ ကင်းသည် ပျက်စီးစေလိုခြင်း'ဗျာပါဒ'မှ ကင်းသည် တွေဝေခြင်း မရှိသည် ဆင်ခြင်တုံတရား ရှိသည် သတိနှင့်ပြည့်စုံ

http://www.dhammadownload.com



သည် ဖြစ်၍ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ကြောင့်ကြခြင်း မရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ကြောင့်ကြခြင်း မရှိသော လျစ်လျူရှုခြင်း'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

ကာလာမမင်းတို့ ဤသို့ ရန်ကင်းသောစိတ် ကြောင့်ကြကင်းသောစိတ် မညစ်ညူးသော စိတ် စင်ကြယ်သော စိတ်ရှိသော အရိယာတပည့်အား ယခုဘဝ၌ပင် ထောက်တည်ရာ လေးမျိုးတို့ကို ရအပ်ကုန်၏။ တမလွန်လောကသည် အကယ်၍ ရှိအံ့၊ ကုသိုလ်ကံ အကုသိုလ်ကံ တို့၏ အကျိုးဆက် အကျိုးရင်းသည် အကယ်၍ ရှိအံ့၊ ထိုသို့ရှိခဲ့သော် ငါသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရလိမ့်မည် ဟူသော ထောက်တည်ရာကို ရလေ၏။ ဤသည်ကား အရိယာတပည့်အား ရအပ်သော ပဌမ ထောက်တည်ရာပေတည်း။

တမလွန်လောကသည် အကယ်၍ မရှိအံ့၊ ကောင်းသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဆက် အကျိုးရင်းသည် အကယ်၍ မရှိအံ့၊ ထိုသို့ မရှိခဲ့သော် ငါသည် မျက်မှောက်ဘဝ၌ပင် ရန်မရှိသော ကြောင့်ကြမရှိသော ဆင်းရဲမရှိသော ချမ်းသာခြင်းရှိသော မိမိကိုယ်ကို ဆောင်ရပေ၏ ဟူသော ထောက်တည်ရာကို ရလေ၏။ ဤသည်ကား ထိုအရိယာတပည့်အား ရအပ်သော ဒုတိယ ထောက်တည်ရာပေတည်း။

မကောင်းမှုကို ပြုခဲ့လျှင် ပြုသည်မည်အံ့၊ ငါသည် တစုံတခုသော မကောင်းမှုကို အားမထုတ်ခဲ့၊ (မကောင်းမှု)မပြုသော ငါ့အား အကုသိုလ်ကံသည် အဘယ်မှာ ဆင်းရဲကို တွေ့ထိနိုင်စေအံ့နည်း ဟူသော ထောက်တည်ရာကို ရလေ၏။ ဤသည်ကား ထိုအရိယာ တပည့်အား ရအပ်သော တတိယ ထောက်တည်ရာပေတည်း။

မကောင်းမှု ပြုသော်လည်း ပြုသည် မမည်အံ့၊ ထိုသို့ ပြုသည် မမည်သော် ငါသည် (မကောင်းမှုကို မပြုခြင်း ပြုသည် မမည်ခြင်း ဟူသော) နှစ်ပါးစုံ ဖြင့်သာလျှင် စင်ကြယ်သော မိမိကိုယ်ကို ရှုမြင်ရပေ၏ ဟူသော ထောက်တည်ရာကို ရလေ၏။ ဤသည်ကား ထိုအရိယာ တပည့်အား ရအပ်သော စတုတ္ထ ထောက်တည်ရာပေတည်း။ ကာလာမ မင်းတို့ ဤသို့ ရန်ကင်းသောစိတ် ကြောင့်ကြကင်းသောစိတ် မညစ်ညူးသောစိတ် စင်ကြယ်သောစိတ်ရှိသော ထိုအရိယာ တပည့်အား ယခုဘဝ၌ပင် ဤထောက်တည်ရာ လေးမျိုးတို့ကို ရအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရား ဤအတိုင်းပင် မှန်ပါပေ၏၊ မြတ်စွာဘုရား ဤအတိုင်းပင် ဟုတ်ပါပေ၏၊ ဤသို့ ရန်ကင်းသောစိတ် ကြောင့်ကြကင်းသောစိတ် မညစ်ညူးသောစိတ် စင်ကြယ်သော စိတ်ရှိသော ထိုအရိယာ တပည့်အား ယခုဘဝ၌ပင် ဤထောက်တည်ရာ လေးမျိုးတို့ကို ရအပ်ပါကုန်၏။ တမလွန် လောကသည် အကယ်၍ ရှိအံ့၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဆက် အကျိုးရင်းသည် အကယ်၍ ရှိအံ့၊ ထိုသို့ ရှိခဲ့သော် ငါသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ရောက်ရလိမ့်မည် ဟူသော သက်သာရာကို ရလေ၏။ ဤသည်ကား ထိုအရိယာ တပည့်အား ရအပ်သော ပဌမ ထောက်တည်ရာပေတည်း။

တမလွန် လောကသည် အကယ်၍ မရှိအံ့၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဆက် အကျိုးရင်းသည် အကယ်၍ မရှိအံ့၊ထိုသို့ မရှိခဲ့သော် ငါသည် ယခုဘဝ၌ပင် ရန်မရှိသော ကြောင့်ကြ မရှိသော ဆင်းရဲမရှိသော ချမ်းသာခြင်းရှိသော မိမိကိုယ်ကို ဆောင်ရ၏ဟူသော ထောက်တည်ရာကို ရလေ၏။ ဤသည်ကား ထိုအရိယာတပည့်အား ရအပ်သော ဒုတိယထောက်တည်ရာပေတည်း။

မကောင်းမှု ပြုခဲ့လျှင် ပြုသည်မည်အံ့၊ ငါသည် တစုံတခုသော မကောင်းမှုကို အားမထုတ်ခဲ့၊ (မကောင်းမှု)မပြုသော ငါ့အား အကုသိုလ်ကံသည် အဘယ်မှာ ဆင်းရဲကို တွေ့ထိနိုင်စေအံ့နည်း ဟူသော ထောက်တည်ရာကို ရလေ၏။ ဤသည်ကား ထိုအရိယာတပည့်အား ရအပ်သောတတိယ ထောက်တည်ရာပေတည်း။

မကောင်းမှု ပြုသော်လည်း ပြုသည် မမည်အံ့၊ ထိုသို့ ပြုသည် မမည်သော် ငါသည်( မကောင်းမှုကို မပြုခြင်း ပြုသည် မမည်ခြင်း ဟူသော) နှစ်ပါးစုံဖြင့်သာလျှင် စင်ကြယ်သော မိမိကိုယ်ကို ရှုမြင်ရပေ၏ ဟူသော ထောက်တည်ရာကို ရလေ၏။ ဤသည်ကား ထိုအရိယာတပည့်အား ရအပ်သော စတုတ္ထ ထောက်တည်ရာပေတည်း။ အသျှင်ဘုရား ဤသို့ ရန်ကင်းသောစိတ် ကြောင့်ကြကင်းသော စိတ် မညစ်ညူးသောစိတ် စင်ကြယ်သော စိတ်ရှိသော ထိုအရိယာတပည့်အား ယခုဘဝ၌ပင် ဤထောက်တည်ရာ လေးမျိုးတို့ကို ရအပ်ပါကုန်၏။

အသျှင်ဘုရား(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏။ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ယနေ့မှ စ၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို)ကိုးကွယ် ဆည်းကပ်သော ဥပါသကာတို့ ဟု မှတ်တော်မူပါ ဟု (လျှောက်ကြကုန်၏)။

ပဌမသုတ်။

---

## ၆-သာဠှသုတ်

၆၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်နန္ဒကမထေရ်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မိဂါရသူဌေး၏ မြေး သာဠှနှင့် သေခုနိယ၏မြေး သာဏတို့သည် အသျှင်နန္ဒက မထေရ်ထံသို့

http://www.dhammadownload.com



ချဉ်းကပ်၍ အသျှင်နန္ဒကမထေရ်ကို ရှိခိုးကြပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်၏၊ တခုသော နေရာ၌ထိုင်နေသော မိဂါရသူဌေး၏မြေး သာဠှအား အသျှင်နန္ဒကမထေရ်သည် ဤစကားကိုဆို၏—

သာဠှတို့ သင်တို့သည် ပြောသံကြားကာမျှဖြင့် (ဟုတ်ပြီ မှန်ပြီဟု အတည်)မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ် စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီး ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့) ကြံစည်နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့ လေးစားသော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး။ သာဠှတို့ "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏"ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ၌မူ ပယ်စွန့်ကုန်ရာ၏။

သာဠှတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ လိုချင်ခြင်း 'လောဘ'ဟူသည် ရှိသလော ဟု (မေး၏)။ ရှိပါသည် အသျှင်ဘုရား။ သာဠှတို့ ဤသဘောကို အဘိဇ္ဈာဟု ငါဆို၏။ သာဠှတို့ တပ်မက်သောသူသည် မက်မောခြင်း 'အဘိဇ္ဈာ' များသည်ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ မပေးသည်ကိုလည်း ယူ၏၊ သူတပါး သားမယားကိုလည်းသွားလာ၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြော၏၊ သူတပါးကိုလည်း ထိုအတိုင်း ပြုရန် ဆောက်တည်စေ၏၊ ယင်း သူ့အသက် သတ်ခြင်းစသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေး၏)။ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

သာဠှတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အမျက်ထွက်ခြင်း 'ဒေါသ' ဟူသည် ရှိသလောဟု (မေး၏)။ ရှိပါသည် အသျှင်ဘုရား။ သာဠှတို့ ဤသဘောကို ဗျာပါဒ ဟု ငါ ဆို၏။ သာဠှတို့ အမျက်ထွက်သောသူသည် ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ မပေးသည်ကိုလည်း ယူ၏၊ သူတပါး သားမယားကိုလည်း သွားလာ၏၊မဟုတ် မမှန်သော စကားကို လည်း ပြော၏၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏၊ ယင်း သူ့အသက်သတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေး၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

သာဠှတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ တွေဝေခြင်း 'မောဟ' ဟူသည် ရှိသလော ဟု (မေး၏)။ ရှိပါသည် အသျှင်ဘုရား။ သာဠှတို့ ဤသဘောကို အဝိဇ္ဇာ ဟု ငါဆို၏။ သာဠှတို့ တွေဝေသူသည် အဝိဇ္ဇာနှင့် ပြည့်စုံသည် ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ မပေးသည်ကိုလည်း ယူ၏၊ သူတပါး သားမယားကိုလည်း သွားလာ၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြော၏၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏၊ ယင်း သူ့အသက်သတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသောကာလပတ်လုံး အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေး၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

http://www.dhammadownload.com



သာဠှတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤတရားတို့သည် ကုသိုလ်တရားတို့လော အကုသိုလ်တရားတို့လော ဟု (မေး၏)။ အကုသိုလ်တရားတို့ပါ အသျှင်ဘုရား။ အပြစ်ရှိသောတရားတို့လော၊ အပြစ်မရှိသော တရားတို့လောဟု (မေး၏)။ အပြစ်ရှိသောတရားတို့ပါ အသျှင်ဘုရား။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့လော၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့လော ဟု(မေး၏)။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့ပါ အသျှင်ဘုရား။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်သလော၊ သို့မဟုတ် မဖြစ်ကုန်သလော၊ ဤအရာ၌ (သင်တို့စိတ်)အဘယ်သို့ ရှိသနည်း ဟု (မေး၏)။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါကုန်၏ အသျှင်ဘုရား၊ ဤအရာ၌ တပည့်တော်တို့၏(စိတ်)ဤသို့ ဖြစ်ပါသည် အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

"သာဠှတို့ သင်တို့သည် ပြောသံကြားကာမျှဖြင့်(ဟုတ်ပြီ မှန်ပြီ ဟု အတည်) မယူကုန်လင့်ဦး၊ အစဉ်အဆက်စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ် စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီး ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့)ကြံစည် နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့လေးစားသော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး။ 'ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသောတရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏' ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင် သိသောအခါ၌မှ ပယ်စွန့်ကုန်ရာ၏" ဟု ဆိုခဲ့သော စကားသည် ဤသည်ကို စွဲ၍ ဆိုခဲ့သော စကားဖြစ်၏။

သာဠှတို့ သင်တို့သည် သူတပါး ပြောသံကြားကာမျှဖြင့်(ဟုတ်ပြီ မှန်ပြီ ဟုအတည်)မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့် လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီး ယူခြင်းဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့)ကြံစည် နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည်ဟူ၍လည်း မယူကုန်လင့်ဦး၊ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့ လေးစားသော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး၊ ဤ တရားတို့ကား ကုသိုလ်တရားတို့တည်း၊ ဤ တရားတို့ကား အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏" ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ၌မှ ပြည့်စုံစေ၍ နေကုန်ရာ၏။

သာဠှတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ မလိုချင်ခြင်း 'အလောဘ'ဟူသည် ရှိသလော ဟု (မေး၏)။ ရှိပါသည် အသျှင်ဘုရား။ သာဠှတို့ ဤသဘောကို အနဘိဇ္ဈာ ဟု ငါဆို၏။ သာဠှတို့ မတပ်မက်သောသူသည် မက်မောခြင်း 'အဘိဇ္ဈာ' မများသည်ဖြစ်၍ သူ့အသက်ကိုလည်း မသတ်၊ မပေးသည်ကိုလည်း မယူ၊ သူတပါး သားမယားကိုလည်း မသွားလာ၊ မဟုတ်မမှန်

http://www.dhammadownload.com



သော စကားကိုလည်း မပြော၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် မဆောက်တည်စေ၊ ယင်း သူ့ အသက်မသတ်ခြင်း စသည်သည် ကြာမြင့်စွာသောကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေး၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

သာဠှတို့ ထို အရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အမျက်မထွက်ခြင်း 'အဒေါသ'တရားဟူသည် ရှိသလော ဟု (မေး၏)။ ရှိပါသည် အသျှင်ဘုရား။ သာဠှတို့ ဤသဘောကို အဗျာပါဒ ဟု ငါဆို၏။ သာဠှတို့ အမျက်မထွက်သောသူသည် မဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း မသတ်၊ မပေးသည်ကိုလည်း မယူ၊ သူတပါး သားမယားကိုလည်း မသွားလာ၊ မဟုတ်မမှန်သော စကားကိုလည်း မပြော၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် မဆောက်တည်စေ၊ ယင်း သူ့အသက်သတ်ခြင်း စသည်သည် ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေး၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

သာဠှတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ မတွေဝေခြင်း 'အမောဟ'တရားဟူသည် ရှိသလောဟု (မေး၏)။ ရှိပါသည် အသျှင်ဘုရား ။သာဠှတို့ ဤသဘောကို ဝိဇ္ဇာ ဟု ငါဆို၏။ သာဠှတို့ မတွေဝေသူသည် အသိဉာဏ်သို့ ရောက်သည်ဖြစ်၍ သူ့အသက်ကိုလည်း မသတ်၊ မပေးသည်ကိုလည်း မယူ၊ သူတပါးသားမယားကိုလည်း မသွားလာ၊ မဟုတ်မမှန်သော စကားကိုလည်း မပြော၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် မဆောက်တည်စေ၊ ယင်းသူ့ အသက်မသတ်ခြင်း စသည်သည် ကြာမြင့်စွာသောကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေး၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

သာဠှတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤတရားတို့သည် ကုသိုလ်တရားတို့လော၊ (သို့မဟုတ်) အကုသိုလ်တရားတို့လော ဟု (မေး၏)။ ကုသိုလ်တရားတို့ပါ အသျှင်ဘုရား။ အပြစ်ရှိသော တရားတို့လော၊ (သို့မဟုတ်) အပြစ်မရှိသော တရားတို့လော ဟု (မေး၏)။ အပြစ်မရှိသော တရားတို့ပါ အသျှင်ဘုရား ။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့လော၊ (သို့မဟုတ်) ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့လော ဟု (မေး၏)။ ပညာရှိတို့ ချီးမွမ်းသော တရားတို့ပါ အသျှင်ဘုရား။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါကုန်သလော၊ (သို့မဟုတ်) မဖြစ်ပါကုန်သလော၊ ဤအရာ၌ (သင်တို့စိတ်) အဘယ်သို့ ရှိသနည်း ဟု (မေး၏)။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါကုန်၏၊ အသျှင်ဘုရား ဤအရာ၌ အကျွန်ုပ်တို့၏(စိတ်) ဤသို့ ရှိပါသည် အသျှင်ဘုရား ဟု (လျှောက်ကုန်၏)။

"သာဠှတို့ သင်တို့သည် ပြောသံကြားကာမျှဖြင့် (ဟုတ်ပြီ မှန်ပြီ ဟု အတည်) မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ဤသို့ ဖြစ်ဘူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ် စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီး ယူခြင်းဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့) ကြံစည် နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့ လေးစားသော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး။သာဠှတို့ ဤတရားတို့

http://www.dhammadownload.com



ကား ကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏’ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ၌မူ ပြည့်စုံစေ၍ နေကုန်ရာ၏” ဟု ဆိုခဲ့သော စကားသည် ဤသည်ကိုစွဲ၍ ဆိုခဲ့သော စကားဖြစ်ပေ၏။

သာဠှတို့ အရိယာတပည့်သည် ဤသို့ မက်မောခြင်း ‘အဘိဇ္ဈာ’မှ ကင်းသည် ပျက်စီးစေလိုခြင်း ‘ဗျာပါဒ’မှ ကင်းသည် တွေဝေခြင်း မရှိသည် ဆင်ခြင်တုံ တရားရှိသည် သတိနှင့် ပြည့်စုံသည် ဖြစ်၍ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်။ပ။ သနားခြင်း‘ကရုဏာ’နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း ‘မုဒိတာ’နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း‘ဥပေက္ခာ’နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့် အတူ ပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော လျစ်လျူရှုခြင်း‘ဥပေက္ခာ’နှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ထိုအရိယာတပည့်သည် “ဤခန္ဓာငါးပါး ဒုက္ခတရားသည် ရှိ၏ဟု သိ၏၊ ယုတ်ညံ့သော (သမုဒယ)တရားသည် ရှိ၏ ဟု သိ၏၊ မြတ်သော(မဂ်)တရားသည် ရှိ၏ ဟု သိ၏၊ (ဝိပဿနာသညာ ဟု ဆိုအပ်သော) ဤသညာထက် လွန်မြတ်သော ထွက်မြောက်ရာ(နိဗ္ဗာန်) တရားသည်ရှိ၏” ဟု သိ၏။ ဤသို့ သိသော ထိုသူ၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီး လတ်သော် “လွတ်မြောက်ပြီ” ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ “ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ” ဟု သိ၏။

ထိုသူသည် ဤသို့ သိ၏ ‘‘ရှေးအခါ၌ လောဘဖြစ်ဘူး၏၊ ထိုလောဘသည် အကုသိုလ်ဖြစ်၏၊ ထိုလောဘ အကုသိုလ်သည် ယခု (ငါ၌) မရှိ၊ ယင်းသို့ မရှိခြင်းသည် ကောင်း၏။ ရှေးအခါ၌ ဒေါသ ဖြစ်ဘူး၏။ ။ပ။ ရှေးအခါ၌ မောဟ ဖြစ်ဘူး၏၊ ထိုမောဟသည် အကုသိုလ် ဖြစ်၏၊ ထိုမောဟအကုသိုလ်သည်ယခု(ငါ၌)မရှိ၊ယင်းသို့မရှိခြင်းသည် ကောင်း၏”(ဟုသိလျက်)ထိုသူသည် မျက်မှောက်ဘဝ၌ (တဏှာ)မွတ်သိပ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်းချမ်းအေးမြလျက် ချမ်းသာကို ခံစားကာ မြတ်သော အတ္တဘောဖြင့် နေလေသတည်း ဟု(မိန့်ဆို၏)။

ဆဠှသုတ်။

---

## ၇=ကထာဝတ္ထုသုတ်

၆၈။ ရဟန်းတို့ စကားဖြစ်ကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့ နည်းဟူမူ—ရဟန်းတို့ “လွန်လေပြီးကာလက ဤသို့ ဖြစ်ဘူးပြီ”ဟု လွန်လေပြီးကာလကို အကြောင်းပြု၍

http://www.dhammadownload.com



မှုလည်း စကားကို ပြောဆိုရာ၏၊ ရဟန်းတို့ "လာလတ္တံ့ ကာလ၌ ဤသို့ ဖြစ်လိမ့်မည်" ဟု လာလတ္တံ့ ကာလကို အကြောင်းပြု၍မှုလည်း စကားကို ပြောဆိုရာ၏။ ရဟန်းတို့ "ယခုဖြစ်ဆဲ ကာလ၌ ဤသို့ ဖြစ်နေ၏" ဟု ယခု ဖြစ်ဆဲသော ကာလကို အကြောင်းပြု၍မှုလည်း စကားကိုပြောဆိုရာ၏။

ရဟန်းတို့ စကားနှီးနှောမိခြင်းဖြင့် ပုဂ္ဂိုလ်ကို "ဆွေးနွေးသင့်သူဟူ၍သော်ငြားလည်း မဆွေးနွေးသင့်သူဟူ၍ သော်ငြားလည်း" သိအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် တိုက်ရိုက် ဖြေဆိုရမည်ဖြစ်သော ပြဿနာကို တိုက်ရိုက်အားဖြင့် အကယ်၍ မဖြေဆိုငြားအံ့၊ ဝေဖန်၍ ဖြေဆိုရမည်ဖြစ်သော ပြဿနာကို ဝေဖန်၍ မဖြေဆိုငြားအံ့၊ တဖန် ပြန်မေး၍ ဖြေဆိုရမည် ဖြစ်သော ပြဿနာကို တဖန် ပြန်မေး၍ မဖြေဆိုငြားအံ့၊ (မဖြေဆိုပဲ)ထားရမည် ဖြစ်သော ပြဿနာကို (မဖြေဆိုပဲ) မထားငြားအံ့၊ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် မဆွေးနွေးသင့်သော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် တိုက်ရိုက်ဖြေဆိုရမည်ဖြစ်သော ပြဿနာကို တိုက်ရိုက်အားဖြင့် အကယ်၍ ဖြေဆိုအံ့၊ ဝေဖန်၍ ဖြေဆိုရမည် ဖြစ်သော ပြဿနာကို ဝေဖန်၍ ဖြေဆိုအံ့၊ တဖန် ပြန်မေး၍ ဖြေဆိုရမည်ဖြစ်သော ပြဿနာကို တဖန် ပြန်မေး၍ ဖြေဆိုအံ့၊ (မဖြေဆိုပဲ) ထားရမည် ဖြစ်သော ပြဿနာကိုလည်း (မဖြေဆိုပဲ) ထားအံ့။ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ် သည် ဆွေးနွေးသင့်သော ပုဂ္ဂိုလ် မည်၏။

ရဟန်းတို့ စကားနှီးနှောမိခြင်းဖြင့် ပုဂ္ဂိုလ်ကို "ဆွေးနွေးသင့်သူဟူ၍ငြားလည်း မဆွေးနွေးသင့်သူ" ဟူ၍ငြားလည်း သိအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် အကြောင်း ဟုတ်သည် မဟုတ်သည်၌ အကယ်၍ မတည်အံ့၊ ကြံဆအပ်သော အရာ၌ အကယ်၍ မတည်အံ့၊ သိရမည့်ဝါဒ၌ အကယ်၍ မတည်အံ့၊ (ဖြေဆိုရမည့်)ကျင့်ဝတ်၌ အကယ်၍ မတည်အံ့၊ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် မဆွေးနွေးသင့်သော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် အကြောင်းဟုတ်သည် မဟုတ်သည်၌ အကယ်၍ တည်အံ့၊ ကြံဆအပ်သော အရာ၌ အကယ်၍ တည်အံ့၊ သိရမည့် ဝါဒ၌ အကယ်၍ တည်အံ့၊ (ဖြေဆိုရမည့်) ကျင့်ဝတ်၌ အကယ်၍ တည်အံ့။ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် ဆွေးနွေးသင့်သော ပုဂ္ဂိုလ်မည်၏။

ရဟန်းတို့ စကားနှီးနှောမိခြင်းဖြင့် ပုဂ္ဂိုလ်ကို "ဆွေးနွေးသင့်သူ ဟူ၍ငြားလည်း မဆွေးနွေးသင့်သူ" ဟူ၍ငြားလည်း သိအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် စကားတခုဖြင့် စကားတခုကို အကယ်၍ ဖုံးကွယ်အံ့၊ အပြင်စကားကို ဆောင်၍ ပယ်အံ့၊ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း မနှစ်သက်ခြင်းကိုလည်း ထင်စွာပြုအံ့၊ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် မဆွေးနွေးသင့်သော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာကို မေးအပ်သော် စကားတခုဖြင့် စကားတခုကို အကယ်၍ မဖုံးကွယ်အံ့၊ အပြင် စကားကို ဆောင်၍ မပယ်အံ့၊ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း မနှစ်သက်ခြင်းကိုလည်း ထင်စွာ မပြုအံ့။ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် ဆွေးနွေးသင့်သော ပုဂ္ဂိုလ် မည်၏။

ရဟန်းတို့ စကားနှီးနှောမိခြင်းဖြင့် ပုဂ္ဂိုလ်ကို "ဆွေးနွေးသင့်သူ ဟူ၍ငြားလည်း မဆွေးနွေးသင့်သူ" ဟူ၍ငြားလည်း သိအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာမေးအပ်သော် အကယ်၍ (ပါဠိပါဠ်သားရွတ်ဖက်၍) လွှမ်းမိုးအံ့၊ (အကြောင်းပြ၍) ဖိနှိပ်အံ့၊ (မေးသူ စိတ်၌ သံသယ ရှိလာအောင်) ပြင်းစွာ ရယ်အံ့၊ အနည်းငယ် ချွတ်ယွင်းသည်ကို အမှားဖမ်းအံ့။ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည်

http://www.dhammadownload.com



မဆွေးနွေးသင့်သော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ပြဿနာ မေးအပ်သော် အကယ်၍ (ပါဠိပါဌ်သား ရွတ်ဖတ်၍) မလွှမ်းမိုးအံ့၊ (အကြောင်းပြ၍)မဖိနှိပ်အံ့၊ (မေးသူ့ စိတ်၌ သံသယ ရှိလာအောင်)ပြင်းစွာ မရယ်အံ့၊ အနည်းငယ် ချွတ်ယွင်းသည်ကို အမှား မဖမ်းအံ့။ ရဟန်းတို့ ဤသို့ ဖြစ်လတ်သော် ဤပုဂ္ဂိုလ်သည် ဆွေးနွေးသင့်သော ပုဂ္ဂိုလ်မည်၏။

ရဟန်းတို့ စကားနှီးနှောခြင်းဖြင့် ပုဂ္ဂိုလ်ကို "မှီရာအကြောင်းရှိသူဟူ၍ငင်း မှီရာ အကြောင်းမရှိသူဟူ၍ငင်း" သိအပ်၏။ရဟန်းတို့ နားမထောင်သူသည် မှီရာအကြောင်း မရှိသူ ဖြစ်၏၊ နားထောင်သူသည် မှီရာ အကြောင်းရှိသူ ဖြစ်၏၊ ထိုသူသည် မှီရာ အကြောင်းရှိသူ ဖြစ်ခဲ့သော် (အရိယာမဂ် ဟူသော) တခုသော တရားကို ထူးသော ဉာဏ်ဖြင့် သိ၏၊ (ဒုက္ခသစ္စာ ဟူသော) တခုသော တရားကို ပိုင်းခြားသိ၏၊ (အကုသိုလ် ဟူသော)တခုသော တရားကို ပယ်စွန့်၏၊ (နိဗ္ဗာန် ဟူသော)တခုသောတရားကို မျက်မှောက်ပြု၏။ ထိုပုဂ္ဂိုလ်သည် (အရိယာ မဂ်ဟူသော) တခုသော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ (ဒုက္ခသစ္စာ ဟူသော)တခုသော တရားကို ပိုင်းခြားသိလျက်၊ (အကုသိုလ် ဟူသော) တခုသောတရားကို ပယ်စွန့်ကာ (နိဗ္ဗာန်ဟူသော) တခုသော တရားကို မျက်မှောက်ပြုပြီးလျှင် ကိလေသာမှ ကောင်းစွာ လွတ်မြောက်သော အရဟတ္တဖိုလ်သို့ ရောက်၏။ ရဟန်းတို့ (တဏှာဒိဋ္ဌိတို့ဖြင့်)မစွဲလမ်းမူ၍ စိတ်၏ကိလေသာမှ လွတ်သော အရဟတ္တဖိုလ်သည်ရှိ၏၊ နှီးနှောမိခြင်းကြောင့်ဖြစ်သော စကားသည် ထိုအရဟတ္တဖိုလ်တည်းဟူသော အကျိုးရှိ၏၊ ပြောဆိုတိုင်ပင်ခြင်းသည် ထိုအရဟတ္တဖိုလ်တည်းဟူသော အကျိုးရှိ၏၊ နားထောင်ခြင်းဟူသော မှီရာ အကြောင်းသည် ထိုအရဟတ္တဖိုလ်တည်းဟူသော အကျိုးရှိ၏၊ နားထောင်၍ မှတ်ခြင်းသည် ထိုအရဟတ္တဖိုလ် တည်းဟူသော အကျိုးရှိ၏ ဟု (မိန့်တော်မူ၏)။

အကြင်သူတို့သည် ဆန့်ကျင်ကုန်သည်ဖြစ်၍ မှားသောအားဖြင့် နှလုံးသွင်းကုန်ပြီးလျှင် ထောင်လွှားကုန်လျက် ပုထုဇဉ်တို့ ဉစ္စာဖြစ်သော ဂုဏ်သိက္ခာကို ထိခိုက်၍ အချင်းချင်း အပြစ်ရှာလျက် ပြောဆိုကုန်၏။

(ဆိုသူတို့သည်) အချင်းချင်း၏ မကောင်းသဖြင့် ပြောဆိုအပ်သော အနည်းငယ်မျှ ချွတ်ယွင်းတွေ့ဝေသော အရှုံးစကားကို အလွန်နှစ်သက်ကုန်၏၊ အရိယာ ပုဂ္ဂိုလ်ကား ထိုစကားမျိုးကို မဆိုပေ။

ပညာရှိသည် အကယ်၍ စကားပြောဆိုလိုလျှင် အချိန်အခါကို သိ၍ တရား၌ တည်လျက် တရားနှင့် ယှဉ်စပ်သော အရိယာဘို့၏ အသုံးအနှုန်းဖြစ်သော စကားကို ဆိုရာ၏။

ပညာရှိသည် မဆန့်ကျင် မထောင်လွှားပဲ မပျံ့လွင့်သောစိတ်ဖြင့် ဂုဏ်မပြိုင် နိုင်ထက်ကလူမပြု၊ ထိုပညာရှိသည် ငြူစူခြင်းမရှိပဲ ကောင်းစွာ သိ၍ ပြောဆို၏၊ ကောင်းစွာ ပြောဆိုအပ်သော စကားကိုလည်း ဝမ်းမြောက်ရာ၏၊ မကောင်းသဖြင့် ဆိုအပ်သော် မခြိမ်းချောက်ရာ။

သူတပါးအား ချွတ်ချယ် စောင်းမြောင်းခြင်းကို မပြုကျင့်ရာ၊ ချွတ်ချော်သော စကားကိုလည်း(အပြစ် ဟု) မယူရာ၊ (ပါဠိပါဌ်သားတို့ကို ရွတ်၍လည်း)မလွှမ်းမိုးရာ၊ (အကြောင်းပြ၍) မဖိနှိပ်ရာ၊ အမှန်အမှား ရောစပ်သော စကားကိုလည်း မဆိုရာ။

သူတော်ကောင်းတို့၏ ဆွေးနွေးခြင်းသည် စင်စစ် သိခြင်း ကြည်ညိုခြင်း အကျိုးငှါ ဖြစ်၏၊ ဤသို့လျှင် အရိယာတို့သည် တိုင်ပင်ကုန်၏။ ဤသည်ကား အရိယာတို့၏ တိုင်ပင်ခြင်း

http://www.dhammadownload.com



မည်၏၊ ပညာရှိသည် ထိုအရိယာဘို၏ တိုင်ပင်ခြင်းကို သိ၍ မထောင်လွှားပဲ တိုင်ပင်ရာ သတည်း။

သတ္တမသုတ်။

## ၈-အညတိတ္ထိယသုတ်

၆၉။ ရဟန်းတို့ သာသနာတော်မှ တပါးသော အယူရှိသော ပရိဗိုဇ်တို့သည် ဤသို့ မေးကုန်ငြားအံ့ "ငါ့သျှင်တို့ တရားတို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်းဟူမူ – တပ်မက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ'တို့တည်း။ ငါ့သျှင်တို့ တရားတို့သည် ဤသုံးမျိုးတို့ပေတည်း။ ငါ့သျှင်တို့ ဤတရားသုံးမျိုးတို့၏ ထူးခြားမှုကား အဘယ်နည်း၊ ပယောဂလွန်ကဲမှုကား အဘယ်နည်း၊ ကွဲပြား ခြားနားမှုကား အဘယ်နည်းဟု (မေးကုန်ငြားအံ့)။ ဤသို့ မေးအပ်ကုန်သော် ရဟန်းတို့ သင်တို့သည် သာသနာတော်မှ တပါးသော အယူရှိသော ထို ပရိဗိုဇ်တို့အား အဘယ်သို့ ဖြေဆိုကုန်မည်နည်း" ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တရားတော်တို့သည် အကျွန်ုပ်တို့အား မြတ်စွာဘုရားလျှင် အကြောင်းရင်း ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ရှေ့ဆောင်ပုဂ္ဂိုလ် ရှိကုန်၏၊ မြတ်စွာဘုရားလျှင် သက်ဝင်ရာရှိပါကုန်၏။ အသျှင်ဘုရား တောင်းပန်ပါကုန်၏၊ ဟောကြားအပ်သော ထိုတရား၏ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားသည်သာလျှင် ဝေဖန်ဟောကြားတော်မူပါ၊ မြတ်စွာဘုရားထံမှ ကြားနာကြရ၍ ရဟန်းတို့သည် ဆောင်ထားကြပါကုန်လတ္တံ့ ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ သို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ ရဟန်းတို့သည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ သာသနာတော်မှ တပါးသောအယူရှိသော ပရိဗိုဇ်တို့သည် ဤသို့ မေးကုန်ငြားအံ့ "ငါ့သျှင်တို့ တရားတို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့ နည်းဟူမူ—တပ်မက်ခြင်း 'ရာဂ'အမျက်ထွက်ခြင်း'ဒေါသ' တွေဝေခြင်း 'မောဟ'တို့တည်း။ ငါ့သျှင်တို့ တရားတို့သည် ဤသုံးမျိုးတို့ပေတည်း။ ငါ့သျှင်တို့ ဤတရားသုံးမျိုးတို့၏ ထူးခြားမှုကား အဘယ်ပါနည်း၊ ပယောဂလွန်ကဲမှုကား အဘယ်ပါနည်း၊ ကွဲပြားခြားနားမှုကား အဘယ်ပါနည်း" ဟု မေးကုန်ငြားအံ့။ ဤသို့ မေးအပ်ကုန်သော် ရဟန်းတို့ သင်တို့သည် သာသနာတော်မှ တပါးသော အယူရှိသော ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေဆိုကြကုန်လော့ 'ငါ့သျှင်တို့ ရာဂသည် အပြစ်နည်း၏၊ဖြည်းဖြည်း ကင်းပျောက်၏၊ ဒေါသသည် အပြစ်ကြီး၏၊ မြန်မြန် ကင်းပျောက်၏၊ မောဟသည် အပြစ်ကြီး၏၊ ဖြည်းဖြည်း ကင်းပျောက်၏"ဟု (ဖြေဆိုကြကုန်လော့)။

ငါ့သျှင်တို့ မဖြစ်သေးသော ရာဂ ဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပြီးသော ရာဂတိုးပွါး ပြန့်ပြောရန်သော်၎င်း အကြောင်းအထောက်အပံ့ကား အဘယ်နည်း ဟု အကယ်၍ မေးခဲ့လျှင် "တင့်တယ်သော အာရုံ 'သုဘနိမိတ်'တည်း" ဟု ဖြေဆိုရာ၏။ တင့်တယ်သော အာရုံ'သုဘနိမိတ်'ကို မသင့်သော အားဖြင့် နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသော ရာဂသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော ရာဂသည်လည်း တိုးပွါး ပြန့်ပြောရန် ဖြစ်၏။ ငါ့သျှင်တို့ ဤသည်ကား မဖြစ်ပေါ်သေးသော

http://www.dhammadownload.com



ရာဂ ဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော ရာဂ တိုးပွါး ပြန့်ပြောရန်သော်၎င်း အကြောင်း အထောက်အပံ့ပေတည်း ဟု ဖြေဆိုရာ၏။

ငါ့သျှင်တို့ မဖြစ်သေးသော ဒေါသ ဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပြီးသော ဒေါသ တိုးပွါး ပြန့်ပြောရန်သော်၎င်း အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း ဟု အကယ်၍ မေးခဲ့လျှင် "ဒေါသဖြစ်ကြောင်း အာရုံ 'ပဋိဃနိမိတ်'တည်း" ဟု ဖြေဆိုရာ၏။ ဒေါသဖြစ်ကြောင်း အာရုံ 'ပဋိဃနိမိတ်'ကို မသင့်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသော ဒေါသသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော ဒေါသသည်လည်း တိုးပွါး ပြန့်ပြောရန် ဖြစ်၏။ ငါ့သျှင်တို့ ဤသည်ကား မဖြစ်ပေါ်သေးသော ဒေါသ ဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော ဒေါသ တိုးပွါး ပြန့်ပြောရန်သော်၎င်း အကြောင်းအထောက်အပံ့ပေတည်း ဟု ဖြေဆိုရာ၏။

ငါ့သျှင်တို့ မဖြစ်ပေါ်သေးသော မောဟ ဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော မောဟ တိုးပွါးပြန့်ပြောရန်သော်၎င်း အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း ဟု အကယ်၍ မေးခဲ့လျှင် "မသင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်း 'အယောနိသော မနသိကာရ'တည်း" ဟု ဖြေဆိုရာ၏။ (အာရုံဟူသမျှကို)မသင့်လျော်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသော မောဟသည်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသော မောဟသည်လည်း တိုးပွါး ပြန့်ပြောရန် ဖြစ်၏။ ငါ့သျှင်တို့ ဤသည်ကား မဖြစ်ပေါ်သေးသော မောဟဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော မောဟ တိုးပွါး ပြန့်ပြောရန်သော်၎င်း အကြောင်းအထောက်အပံ့ ပေတည်း ဟု ဖြေဆိုရာ၏။

ငါ့သျှင်တို့ မဖြစ်ပေါ်သေးသောရာဂ မဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော ရာဂပျောက်ကင်းရန်သော်၎င်း အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း ဟု အကယ်၍ မေးခဲ့လျှင် 'မတင့်တယ်သော အာရုံ'အသုဘနိမိတ်'တည်း" ဟု ဖြေဆိုရာ၏။ မတင့်တယ်သော အာရုံ အသုဘနိမိတ်ကို သင့်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသော ရာဂသည်လည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ရာဂသည်လည်း ပျောက်ကင်း၏။ ငါ့သျှင်တို့ ဤသည်ကား မဖြစ်ပေါ်သေးသော ရာဂ မဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသောရာဂ ပျောက်ကင်းရန်သော်၎င်း အကြောင်းအထောက်အပံ့တည်း ဟု ဖြေဆိုရာ၏။

ငါ့သျှင်တို့ မဖြစ်ပေါ်သေးသော ဒေါသ မဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော ဒေါသ ပျောက်ကင်းရန်သော်၎င်း အကြောင်းအထောက်အပံ့ကား အဘယ်နည်း ဟု အကယ်၍ မေးခဲ့လျှင် "စိတ်၏(ဗျာပါဒမှ)လွတ်မြောက်ကြောင်း မေတ္တာတည်း" ဟု ဖြေဆိုရာ၏။ စိတ်၏ (ဗျာပါဒမှ) လွတ်မြောက်ကြောင်း မေတ္တာကို သင့်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသော ဒေါသလည်း မဖြစ်ပေါ်၊ ဖြစ်ပေါ်ပြီးသော ဒေါသသည်လည်း ပျောက်ကင်း၏။ ငါ့သျှင်တို့ ဤသည်ကား မဖြစ်ပေါ်သေးသော ဒေါသ မဖြစ်ပေါ် ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော ဒေါသ ပျောက်ကင်းရန်သော်၎င်း အကြောင်း အထောက်အပံ့ပေတည်း ဟု ဖြေဆိုရာ၏။

ငါ့သျှင်တို့ မဖြစ်ပေါ်သေးသော မောဟ မဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော မောဟ ပျောက်ကင်းရန်သော်၎င်း အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း ဟု အကယ်၍ မေးခဲ့လျှင် "သင့်သောအားဖြင့် နှလုံးသွင်းခြင်း'ယောနိသော မနသိကာရ'တည်း" ဟု ဖြေဆိုရာ၏။ (အာရုံဟူသမျှကို)သင့်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်ပေါ်သေးသော မောဟသည်လည်းမဖြစ်ပေါ် ဖြစ်ပေါ်ပြီးသော မောဟသည်လည်း ပျောက်ကင်း၏။ ငါ့သျှင်တို့ ဤသည်ကား မဖြစ်ပေါ်သေးသော

http://www.dhammadownload.com



မောဟ မဖြစ်ပေါ်ရန်သော်၎င်း ဖြစ်ပေါ်ပြီးသော မောဟ ပျောက်ကင်းရန်သော်၎င်း အကြောင်း အထောက်အပံ့ပေတည်း ဟု ဖြေဆိုရာသတည်း။

အဋ္ဌမသုတ်။

## ၉-အကုသလမူလသုတ်

၇၀။ ရဟန်းတို့ အကုသိုလ်၏ အကြောင်းရင်းတို့သည် ဤသုံးမျိုးတို့တည်း။အဘယ်သုံးမျိုးတို့ နည်းဟူမူ—လောဘဟူသော အကုသိုလ်၏ အကြောင်းရင်း ဒေါသဟူသော အကုသိုလ်၏ အကြောင်းရင်း မောဟ ဟူသော အကုသိုလ်၏ အကြောင်းရင်းတို့တည်း။ ရဟန်းတို့ တပ်မက်ခြင်း 'လောဘ'သည် ရှိ၏၊ယင်း တပ်မက်ခြင်း 'လောဘ'သည် အကုသိုလ်၏ အကြောင်းရင်းတည်း။ တပ်မက်သူသည် ကိုယ် နှုတ် စိတ်ဖြင့် အားထုတ်၏၊ယင်း အားထုတ်မှုသည် အကုသိုလ်တည်း။ တပ်မက်သူသည် တပ်မက်ခြင်း'လောဘ' နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ဟု သတ်ဖြတ်ခြင်းဖြင့်သော်၎င်း နှောင်ဖွဲ့ခြင်းဖြင့်သော်၎င်း ဆုံးရှုံးစေခြင်း ဖြင့်သော်၎င်း ကဲ့ရဲ့ခြင်းဖြင့်သော်၎င်း နှင်ထုတ်ခြင်းဖြင့်သော်၎င်း ထင်ရှားသော ဝတ္ထုဖြင့် (အပြစ်ကို ဆို၍) သူတပါးအား ဆင်းရဲကို ဖြစ်စေ၏။ ယင်းသို့ ဖြစ်စေခြင်းသည်လည်း အကုသိုလ်တည်း။ ဤသို့လျှင် လောဘကြောင့် ဖြစ်ကုန်သော လောဘလျှင် အကြောင်းရင်းရှိကုန်သော လောဘလျှင် ဖြစ်ကြောင်း ရှိကုန်သော လောဘလျှင် အထောက်အပံ့ ရှိကုန်သော မြောက်မြားစွာသော ဤ အကုသိုလ်တရားယုတ်တို့သည် ထိုသူအား ဖြစ်ကုန်၏။

ရဟန်းတို့ အမျက်ထွက်ခြင်း'ဒေါသ'သည် ရှိ၏၊ယင်း အမျက်ထွက်ခြင်းဒေါသသည် အကုသိုလ်၏ အကြောင်းရင်းတည်း။ အမျက်ထွက်သူသည် ကိုယ် နှုတ် စိတ် ဖြင့် အားထုတ်၏၊ ယင်းအားထုတ်မှု သည်လည်း အကုသိုလ်တည်း။ အမျက်ထွက်သူသည် အမျက်ထွက်ခြင်း ဒေါသ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ဟု သတ်ဖြတ်ခြင်းဖြင့်သော်၎င်း နှောင်ဖွဲ့ခြင်းဖြင့်သော်၎င်း ဆုံးရှုံးစေခြင်းဖြင့်သော်၎င်း ကဲ့ရဲ့ခြင်းဖြင့်သော်၎င်း နှင်ထုတ်ခြင်းဖြင့် သော်၎င်း ထင်ရှားမရှိသော ဝတ္ထုဖြင့်(အပြစ်ကိုဆို၍)သူတပါးအား ဆင်းရဲကို ဖြစ်စေ၏။ ယင်းသို့ ဖြစ်စေခြင်းသည်လည်း အကုသိုလ်တည်း။ ဤသို့လျှင် ဒေါသကြောင့် ဖြစ်ကုန်သော ဒေါသလျှင် အကြောင်းရင်း ရှိကုန်သော ဒေါသလျှင် ဖြစ်ကြောင်း ရှိကုန်သော ဒေါသလျှင် အထောက်အပံ့ ရှိကုန်သော မြောက်မြားစွာသော ဤအကုသိုလ်တရားယုတ်တို့သည် ထိုသူအား ဖြစ်ကုန်၏။

ရဟန်းတို့ တွေဝေခြင်း'မောဟ'သည် ရှိ၏၊ ယင်းတွေဝေခြင်း'မောဟ'သည် အကုသိုလ်၏ အကြောင်းရင်းတည်း။ တွေဝေသူသည် ကိုယ် နှုတ် စိတ်ဖြင့် အားထုတ်၏၊ ယင်းအားထုတ်မှုသည် အကုသိုလ်ပေတည်း၊ တွေဝေသူသည် တွေဝေခြင်း'မောဟ' နှိပ်စက်အပ် သိမ်းယူအပ်သောစိတ်ရှိသည် ဖြစ်၍ ငါသည် အားရှိ၏၊စွမ်းနိုင်၏ဟု သတ်ဖြတ်ခြင်းဖြင့်သော်၎င်း နှောင်ဖွဲ့ခြင်းဖြင့်သော်၎င်း ဆုံးရှုံး စေခြင်းဖြင့်သော်၎င်း ကဲ့ရဲ့ခြင်းဖြင့်သော်၎င်း နှင်ထုတ်ခြင်းဖြင့် သော်၎င်း ထင်ရှားမရှိသောဝတ္ထုဖြင့် (အပြစ်ကိုဆို၍)သူတပါးအား ဆင်းရဲကို ဖြစ်စေ၏။ယင်းသို့ ဖြစ်စေခြင်းသည်လည်း အကုသိုလ်တည်း။ ဤသို့လျှင် မောဟကြောင့် ဖြစ်ကုန်သော မောဟလျှင် အကြောင်းရင်းရှိကုန်သော မောဟလျှင်

http://www.dhammadownload.com



ဖြစ်ကြောင်းရှိကုန်သော မောဟလျှင် အထောက်အပံ့ရှိကုန်သော မြောက်မြားစွာသော ဤအကုသိုလ်တရားယုတ်တို့သည် ထိုသူအား ဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို "အချိန်အခါ မဟုတ်ပဲ ပြောဆိုတတ်သူ"ဟူ၍ရင်း "မဟုတ်မမှန်သော စကားကို ပြောဆိုတတ်သူ" ဟူ၍ရင်း "အကျိုးမရှိသောစကားကို ပြောဆိုတတ်သူ" ဟူ၍ရင်း "တရားမဟုတ်သည်ကို ပြောဆိုတတ်သူ"ဟူ၍ရင်း"ဝိနည်း မဟုတ်သည်ကို ပြောဆိုတတ်သူ" ဟူ၍ရင်း ခေါ် ဆိုအပ်၏။

ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို "အချိန်အခါ မဟုတ်ပဲ ပြောဆိုတတ်သူ" "မဟုတ်မမှန်သော စကားကို ပြောဆိုတတ်သူ" "အကျိုးမရှိသော စကားကို ပြောဆိုတတ်သူ" "တရားမဟုတ်သည်ကို ပြောဆိုတတ်သူ" "ဝိနည်းမဟုတ်သည်ကို ပြောဆိုတတ်သူ" ဟု အဘယ့်ကြောင့် ခေါ် ဆိုအပ်ပါသနည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ငါသည် အားရှိ၏၊ စွမ်းနိုင်၏ ဟု သတ်ဖြတ်ခြင်းဖြင့်သော်ရင်း နှောင်ဖွဲ့ခြင်းဖြင့်သော်ရင်း ဆုံးရှုံးစေခြင်းဖြင့်သော်ရင်း ကဲ့ရဲ့ခြင်းဖြင့်သော်ရင်း နှင်ထုတ်ခြင်းဖြင့်သော်ရင်း ထင်ရှားမရှိသော ဝတ္ထုဖြင့် (အပြစ်ကိုဆို၍) သူတပါးအား ဆင်းရဲကို ဖြစ်စေ၏။ ဟုတ်မှန်သော စကားဖြင့် ဆိုအပ်သော် ငြင်းပယ်၏၊ ဝန်မခံ၊ မဟုတ်မမှန်သော စကားဖြင့် ဆိုအပ်သော် ဤ စကားသည် "ဤအကြောင်းကြောင့် မမှန်၊ ဤအကြောင်းကြောင့် မဟုတ်" ဟု ထိုစကားကို ဖြေရှင်းရန် လုံ့လမပြု။ ထို့ကြောင့် ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို "အချိန်အခါ မဟုတ်ပဲ ပြောဆိုတတ်သူ" ဟူ၍ရင်း "မဟုတ်မမှန်သော စကားကို ပြောဆိုတတ်သူ" ဟူ၍ရင်း "အကျိုးမရှိသော စကားကို ပြောဆိုတတ်သူ" ဟူ၍ရင်း "တရားမဟုတ်သည်ကို ပြောဆိုတတ်သူ" ဟူ၍ရင်း "ဝိနည်းမဟုတ်သည်ကို ပြောဆိုတတ်သူ" ဟူ၍ရင်း ခေါ် ဆိုအပ်၏။

ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် လောဘကြောင့် ဖြစ်ကုန်သော အကုသိုလ်တရားယုတ်တို့ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည် ဖြစ်၍ ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပူလောင်ခြင်းရှိလျက် ဆင်းရဲစွာ နေရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း မကောင်းသော လားရာကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ဒေါသကြောင့် ဖြစ်ကုန်သော။ပ။ မောဟကြောင့် ဖြစ်ကုန်သော အကုသိုလ်တရားယုတ်တို့ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည် ဖြစ်၍ ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပူလောင်ခြင်းရှိလျက် ဆင်းရဲစွာ နေရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း မကောင်းသော လားရာကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ သုံးခုသော မာလောနွယ်တို့သည် ဖျက်ဆီး ရစ်ပတ် မှေးယှက်အပ်သော အင်ကြင်းပင်ဖြစ်စေ မျောက်ငိုပင်ဖြစ်စေ ကြို့ပင်ဖြစ်စေ မကြီးမပွါးခြင်းသို့ရောက်ရသကဲ့သို့ ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ မကြီးမပွါး ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် လောဘကြောင့် ဖြစ်ကုန်သော အကုသိုလ်တရားယုတ်တို့ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပူလောင်ခြင်း ရှိလျက် ဆင်းရဲစွာ နေရ၏၊ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း မကောင်းသော လားရာကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ဒေါသကြောင့် ဖြစ်ကုန်သော။ပ။ မောဟကြောင့် ဖြစ်ကုန်သော အကုသိုလ်တရားယုတ်တို့ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပူလောင်ခြင်းရှိလျက် ဆင်းရဲစွာ နေရ၏၊ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း

http://www.dhammadownload.com



မကောင်းသော လားရာကို (မချွတ်ရလိမ့်မည်ဟု) မြွက်လင့်အပ်၏။ ရဟန်းတို့ ဤသည်တို့ကား အကုသိုလ်၏ အကြောင်းရင်း သုံးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ကုသိုလ်၏ အကြောင်းရင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့ နည်းဟူမူ—အလောဘ ဟူသော ကုသိုလ်၏ အကြောင်းရင်း အဒေါသ ဟူသော ကုသိုလ်၏ အကြောင်းရင်း အမောဟ ဟူသော ကုသိုလ်၏ အကြောင်းရင်းတို့တည်း။

ရဟန်းတို့ မတပ်မက်ခြင်း 'အလောဘ'သည် ရှိ၏၊ ယင်းအလောဘသည် ကုသိုလ်၏ အကြောင်းရင်းတည်း။ မတပ်မက်သူသည် ကိုယ် နှုတ် စိတ်ဖြင့် အားထုတ်၏၊ ယင်းအားထုတ်မှုသည် ကုသိုလ်တည်း။ မတပ်မက်သူသည် တပ်မက်ခြင်း 'လောဘ' မနှိပ်စက်အပ် မသိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ ဟု သတ်ဖြတ်ခြင်းဖြင့်သော်၎င်း နှောင်ဖွဲ့ခြင်းဖြင့်သော်၎င်း ဆုံးရှုံးစေခြင်းဖြင့်သော်၎င်း ကဲ့ရဲ့ခြင်းဖြင့် သော်၎င်း နှင်ထုတ်ခြင်းဖြင့်သော်၎င်း ထင်ရှားမရှိသော ဝတ္ထုဖြင့် (အပြစ်ကို ဆို၍) သူတပါးအား ဆင်းရဲကို မဖြစ်စေ။ ယင်းသို့ မဖြစ်စေခြင်းသည်လည်း ကုသိုလ်မည်၏။ ဤသို့လျှင် အလောဘကြောင့် ဖြစ်ကုန်သော အလောဘလျှင် အကြောင်းရင်း ရှိကုန်သော အလောဘလျှင်ဖြစ်ကြောင်း ရှိကုန်သော အလောဘလျှင် အထောက်အပံ့ ရှိကုန်သော မြောက်မြားစွာကုန်သော ဤကုသိုလ်တရားတို့သည် ထိုသူအား ဖြစ်ကုန်၏။

ရဟန်းတို့ အမျက်မထွက်ခြင်း 'အဒေါသ'သည်ရှိ၏၊ ယင်းအဒေါသသည် ကုသိုလ်၏ အကြောင်းရင်းတည်း။ အမျက်မထွက်သော သူသည် ကိုယ် နှုတ် စိတ်ဖြင့် အားထုတ်၏၊ ယင်းအားထုတ်မှုသည် ကုသိုလ်တည်း။ အမျက်မထွက်သူသည် အမျက်ထွက်ခြင်း 'ဒေါသ'မနှိပ်စက်အပ် မသိမ်းယူအပ်သော စိတ်ရှိသည် ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ ဟု သတ်ဖြတ်ခြင်းဖြင့်သော်၎င်း နှောင်ဖွဲ့ခြင်းဖြင့် သော်၎င်း ဆုံးရှုံးစေခြင်းဖြင့်သော်၎င်း ကဲ့ရဲ့ခြင်းဖြင့်သော်၎င်း နှင်ထုတ်ခြင်းဖြင့်သော်၎င်း ထင်ရှားမရှိသော ဝတ္ထုဖြင့် (အပြစ်ကိုဆို၍) သူတပါးအား ဆင်းရဲကို မဖြစ်စေ။ ယင်းသို့ မဖြစ်စေခြင်းသည်လည်း ကုသိုလ်မည်၏။ ဤသို့လျှင် အဒေါသကြောင့် ဖြစ်ကုန်သော အဒေါသလျှင် အကြောင်းရင်း ရှိကုန်သော အဒေါသလျှင် ဖြစ်ကြောင်း ရှိကုန်သော အဒေါသလျှင် အထောက်အပံ့ ရှိကုန်သော မြောက်မြားစွာသော ဤကုသိုလ်တရားတို့သည် ထိုသူအား ဖြစ်ကုန်၏။

ရဟန်းတို့ မတွေဝေခြင်း'အမောဟ'သည် ရှိ၏၊ ယင်း အမောဟသည် ကုသိုလ်၏ အကြောင်းရင်းတည်း။ မတွေဝေသော ပုဂ္ဂိုလ်သည် ကိုယ် နှုတ် စိတ်ဖြင့် အားထုတ်၏၊ ယင်းအားထုတ်ခြင်းသည်လည်း ကုသိုလ်တည်း။မတွေဝေသူသည် တွေဝေခြင်း'မောဟ' မနှိပ်စက်အပ် မသိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ ဟု သတ်ဖြတ်ခြင်းဖြင့်သော်၎င်း နှောင်ဖွဲ့ခြင်းဖြင့် သော်၎င်း ဆုံးရှုံးစေခြင်းဖြင့်သော်၎င်း ကဲ့ရဲ့ခြင်းဖြင့်သော်၎င်း နှင်ထုတ်ခြင်းဖြင့်သော်၎င်း ထင်ရှားမရှိသောဝတ္ထုဖြင့် (အပြစ်ကို ဆို၍) သူတပါးအား ဆင်းရဲကို မဖြစ်စေ။ ယင်းသို့ မဖြစ်စေခြင်းသည်လည်း ကုသိုလ်မည်၏။ဤသို့လျှင် အမောဟကြောင့် ဖြစ်ကုန်သော အမောဟလျှင် အကြောင်းရင်း ရှိကုန်သော အမောဟလျှင် ဖြစ်ကြောင်း ရှိကုန်သော အမောဟလျှင် အထောက်အပံ့ရှိကုန်သော မြောက်မြားစွာသော ဤကုသိုလ်တရားတို့သည် ထိုသူအား ဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို "သင့်လျော်သော အချိန်၌ ပြောဆိုတတ်သူ"ဟူ၍၎င်း"မှန်သောစကားကို ပြောဆိုတတ်သူ" ဟူ၍၎င်း "အကျိုးရှိသော စကားကို ပြောဆိုတတ်သူ" ဟူ၍၎င်း "တရားကို ပြောဆိုတတ်သူ"ဟူ၍၎င်း "ဝိနည်းကို ပြောဆိုတတ်သူ"ဟူ၍၎င်း ခေါ် ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ သဘောရှိသောသူကို သင့်လျော်သော အချိန်အခါ၌ ပြောဆိုတတ်သူ မှန်သောစကားကို ပြောဆိုတတ်သူ အကျိုးရှိသော စကားကို ပြောဆိုတတ်သူ တရားကို ပြောဆိုတတ်သူ ဝိနည်းကို ပြောဆိုတတ်သူဟူ၍ အဘယ့်ကြောင့် ခေါ်ဆိုအပ်သနည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် ငါသည် အားရှိ၏၊ စွမ်းနိုင်၏ဟု သတ်ဖြတ်ခြင်းဖြင့်သော်၎င်း နှောင်ဖွဲ့ခြင်းဖြင့်သော်၎င်း ဆုံးရှုံးစေခြင်းဖြင့်သော်၎င်း ကဲ့ရဲ့ခြင်းဖြင့်သော်၎င်း နှင်ထုတ်ခြင်းဖြင့်သော်၎င်း ထင်ရှားမရှိသော ဝတ္ထုဖြင့် (အပြစ်ကိုဆို၍) သူတပါးအား ဆင်းရဲကိုမဖြစ်စေ။ ဟုတ်မှန်သော စကားဖြင့် ဆိုအပ်သော် ဝန်ခံ၏၊ မပယ်ရှား၊ မဟုတ်မမှန်သော စကားဖြင့် ဆိုအပ်သော် "ဤစကားသည် ဤအကြောင်းကြောင့် မမှန်၊ ဤအကြောင်းကြောင့် မဟုတ်" ဟု ထိုစကားကို ဖြေရှင်းရန် လုံ့လပြု၏။ ထို့ကြောင့် ဤသို့ သဘောရှိသော သူကို သင့်လျော်သော အချိန်၌ ပြောဆိုတတ်သူ မှန်သော စကားကို ပြောဆိုတတ်သူ အကျိုးရှိသော စကားကို ပြောဆိုတတ်သူ တရားကို ပြောဆိုတတ်သူ ဝိနည်းကို ပြောဆိုတတ်သူ ဟူ၍ ခေါ်အပ်၏။

ရဟန်းတို့ ဤသို့ သဘောရှိသောပုဂ္ဂိုလ်သည် လောဘကြောင့် ဖြစ်ကုန်သော အကုသိုလ်တရားယုတ်တို့ကို ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကျွန်းမဲ့ ဖြတ်ပြီးပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိတော့ပြီ၊ ယခုဘဝ၌ပင် မပင်ပန်း ပြင်းစွာ မပင်ပန်း မပူလောင်ပဲ ချမ်းသာစွာ နေရ၏၊ ယခုဘဝ၌ပင် ငြိမ်းအေးရ၏။

ဒေါသကြောင့် ဖြစ်ကုန်သော။ပ။ ငြိမ်းအေးရ၏။မောဟကြောင့် ဖြစ်ကုန်သော။ပ။ ငြိမ်းအေးရ၏။ ရဟန်းတို့ သုံးခုသော မာလောနွယ်တို့သည် အင်ကြင်းပင်ကိုဖြစ်စေ မျောက်ငိုပင်ကို ဖြစ်စေ ကြို့ပင်ကို ဖြစ်စေ ဖျက်ဆီးရစ်ပတ် မှေးယှက်အပ်၏။ ထိုအခါ လူတယောက်သည် ပေါက်တူးနှင့် ခြင်းတောင်းကို ယူသာပြီးလျှင် ထိုမာလောနွယ်ကို အရင်းမှ ဖြတ်တောက် တူးဖို့လျက် အယုတ်ဆုံး အားဖြင့် ပန်းရင်းရိုးမျှလောက်သော အမြစ်ငယ်များပါမကျန် နုတ်ပစ်၏။ထိုလူသည် ထိုမာလောနွယ်ကို နုပ်နုပ်ပါအောင် ဖြတ်စဉ်းခွဲစိတ်၍ အစိတ်စိတ် အမြွာမြွာ ပြုပြီးလျှင် လေ နေပူ၌ ခြောက်သွေ့စေ၍ မီးရှို့ပြာချပြီးနောက် ပြင်းထန်သော လေ၌မူလည်း လွှင့်ရာ၏၊လျင်သော မြစ်ရေအယဉ်၌မူလည်း မျှောရာ၏။ ရဟန်းတို့ ဤသို့ ပြုလုပ်သော် ထိုမာလောနွယ်တို့သည် အမြစ်ရင်းပါ ပြတ်ပြီး ဖြစ်ကုန်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်ကုန်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီး ဖြစ်ကုန်၏၊ နောင်တဖန် ဖြစ်ခြင်း သဘောမရှိကုန်။ ရဟန်းတို့ ဤအတူပင်လျှင် ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် လောဘကြောင့် ဖြစ်သော အကုသိုလ်တရားယုတ်တို့ကို ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကျွန်းမဲ့ ဖြတ်ပြီးပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိတော့ပြီ၊ ယခုဘဝ၌ပင် မပင်ပန်း ပြင်းစွာ မပင်ပန်း မပူလောင်ပဲ ချမ်းသာစွာ နေရ၏၊ ယခုဘဝ၌ပင် ငြိမ်းအေးရ၏။

ဒေါသကြောင့် ဖြစ်ကုန်သော။ပ။မောဟကြောင့် ဖြစ်ကုန်သော အကုသိုလ်တရားယုတ်တို့ကို ပယ်ပြီးပြီ၊ အမြစ်ရင်းကို အကျွန်းမဲ့ ဖြတ်ပြီး ဖြစ်ကုန်ပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိတော့ပြီ၊ ယခုဘဝ၌ပင် မပင်ပန်း ပြင်းစွာ မပင်ပန်း မပူလောင်ပဲ ချမ်းသာစွာ နေရ၏၊ မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးရ၏။ ရဟန်းတို့ ဤသည်တို့ကား ကုသိုလ်၏ အကြောင်းရင်းသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဥပေါသထသုတ်

၇၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မိဂါရမာတာ ဝိသာခါသည် ထိုဥပုသ်နေ့၌ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော မိဂါရမာတာ ဝိသာခါအား မြတ်စွာဘုရားသည် "ဝိသာခါ နေမွန်းတည့် အခါကြီး၌ သင် အဘယ်မှလာခဲ့သနည်း" ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ယနေ့ ဥပုသ်နေ့ပါတည်း၊ တပည့်တော် ဥပုသ် ကျင့်သုံးပါ၏ ဟု (လျှောက်၏)။

ဝိသာခါ ဥပုသ်တို့သည် ဤသုံးမျိုးတို့တည်း။အဘယ်သုံးမျိုးတို့နည်း ဟူမူ—နွားကျောင်းသား 'ဂေါပါလ'ဥပုသ် တက္ကတွန်း'နိဂဏ္ဌ'ဥပုသ် အရိယာဥပုသ်တို့တည်း။ ဝိသာခါ နွားကျောင်းသား ဥပုသ်သည် အဘယ်သို့ ဖြစ်သနည်း၊ ဝိသာခါ နွားကျောင်းသားသည် ညနေချမ်းအခါ၌ နွားရှင်တို့အား နွားတို့ကို အပ်နှင်း၍ "ယနေ့ နွားတို့သည် ဤမည် ဤမည်သော အရပ်၌ ကျက်စားခဲ့ကြကုန်၏၊ ဤမည် ဤမည်သော အရပ်၌ ရေသောက်ခဲ့ကြကုန်၏၊ နက်ဖြန် နွားတို့သည် ဤမည် ဤမည်သော အရပ်၌ ကျက်စားရကုန်လတ္တံ့၊ ဤမည် ဤမည်သော အရပ်၌ ရေသောက်ရကုန်လတ္တံ့" ဟု ဆင်ခြင်သကဲ့သို့ အချို့သော ဥပုသ်သည်သည် "ယနေ့ ငါသည် ဤမည် ဤမည်သော ခဲဖွယ်ကို ခဲခဲ့၏၊ ဤမည် ဤမည်သော စားဖွယ်ကို စားခဲ့၏၊ နက်ဖြန် ငါသည် ဤမည် ဤမည်သော ခဲဖွယ်ကို ခဲရလတ္တံ့၊ ဤမည် ဤမည်သော စားဖွယ်ကို စားရလတ္တံ့" ဟု ဆင်ခြင်၏။ ထိုသူသည် ထိုမက်မောခြင်း'အဘိဇ္ဈာ'နှင့် တကွသော စိတ်ဖြင့် နေ့ကို ကုန်လွန်စေ၏၊ ဝိသာခါ နွားကျောင်းသား ဥပုသ်သည် ဤသို့ ဖြစ်၏။ ဝိသာခါ ဤသို့ ကျင့်သုံးအပ်သော နွားကျောင်းသား ဥပုသ်သည် ကြီးမြတ်သော အကျိုး မရှိ၊ ကြီးမြတ်သော အာနိသင် မရှိ၊ ကြီးမြတ်သော အရောင်အလင်း မရှိ၊ ကြီးမြတ်သော ပြန့်နှံ့ခြင်း မရှိ။(၁)

ဝိသာခါ တက္ကတွန်းဥပုသ်သည် အဘယ်သို့ဖြစ်သနည်း၊ ဝိသာခါ တက္ကတွန်း ရဟန်းတို့မည်သည် ရှိကုန်၏၊ ထိုသူတို့သည် တပည့်ကို "အမောင်ယောကျ်ား သင်သည် အရှေ့အရပ် ယူဇနာတရာအပြင်ဘက်ရှိ သတ္တဝါတို့၌ လက်နက်ကို ချထားလော့[၁]၊ အနောက်အရပ် ယူဇနာတရာ အပြင်ဘက်ရှိ သတ္တဝါတို့၌ လက်နက်ကို ချထားလော့၊ မြောက်အရပ် ယူဇနာတရာ အပြင်ဘက်ရှိ သတ္တဝါတို့၌ လက်နက်ကို ချထားလော့၊ တောင်အရပ် ယူဇနာတရာ အပြင်ဘက်ရှိ သတ္တဝါတို့၌ လက်နက်ကို ချထားလော့" ဟု ဆောက်တည်စေကုန်၏။ ဤသို့လျှင် အချို့သော သတ္တဝါတို့ကို သနားခြင်း စောင့်ရှောက်ခြင်းငှါ ဆောက်တည်စေကုန်၏၊အချို့သော သတ္တဝါတို့ကို မသနားခြင်း မစောင့်ရှောက်ခြင်းငှါ ဆောက်တည်စေကုန်၏။ ထိုသူတို့သည် ဥပုသ်နေ့၌ တပည့်ကို "အမောင်ယောကျ်ား သင်သည် အဝတ်အားလုံးကို ချွတ်ချပြီးလျှင် ဤသို့ ဆိုလော့ "ငါသည် တစုံတခုသောအရပ် တစုံတခုသောအခါ၌ တစုံတယောက်သောသူအတွက် ကြောင့်ကြမှုမဖြစ်၊ ငါ၏ အတွင်းအပသန္တာန်၌ တစုံတခုသော ပရိက္ခရာ၌သော်လည်း ကြောင့်ကြမှုမရှိ" ဟု ဆိုလော့ ဟူ၍ ဆောက်တည်စေကုန်၏။ ဤသို့ပင် ဆောက်တည်စေသော်လည်း ထိုသူ၏ အမိ အဖတို့သည် "ဤသူကား ငါတို့၏

---

၁-သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်ခြင်း မပြုလင့်ဟူလို။

http://www.dhammadownload.com



သားတည်း” ဟု သိကုန်၏၊ ထိုသူကလည်း“ဤသူတို့ကား ငါ၏ အမိအဖတို့တည်း”ဟု သိ၏။ ထိုသူ၏ သားမယားတို့သည်လည်း “ဤသူကား ငါတို့ကို လုပ်ကျွေးသူ အရှင်လင်တည်း” ဟု သိကုန်၏၊ ထိုသူကလည်း “ဤသူကား ငါ၏။ သားမယားတည်း” ဟု သိ၏။ ထိုသူ၏ ကျွန်အလုပ်သမား ယောကျ်ားတို့သည်လည်း “ဤသူကား ငါတို့၏ သခင်တည်း” ဟု သိကုန်၏။ ထိုသူကလည်း “ဤသူတို့သည် ငါ၏ကျွန်အလုပ်သမား ယောကျ်ားတို့တည်း” ဟု သိ၏။ ဤသို့လျှင် အမှန်တရားကို ဆောက်တည်စေရာ အခါ၌ပင် မမှန်သော စကား ဆိုခြင်းကို ဆောက်တည်စေသည် မည်ကုန်၏၊ ထိုသူ၏ ဤသို့ ဆောက်တည်ခြင်းကို မမှန်သော စကား ဆိုခြင်းဟု ငါဆို၏။ ထိုသူသည် ထိုညဉ့်လွန် သဖြင့် စည်းစိမ်တို့ကို မပေးပဲသာလျှင် သုံးဆောင်၏၊ ထိုသူ၏ ဤသို့ သုံးဆောင်ခြင်းကို မပေး သည်ကို ယူခြင်းဟု ငါဆို၏။ ဝိသာခါ တက္ကဘွန်းဥပုသ်သည် ဤသို့ ဖြစ်၏၊ ဝိသာခါ ဤသို့ ကျင့်သုံးအပ်သော တက္ကဘွန်း ဥပုသ်သည် ကြီးမြတ်သော အကျိုး မရှိ၊ ကြီးမြတ်သော အာနိသင် မရှိ၊ ကြီးမြတ်သော အရောင်အလင်း မရှိ၊ ကြီးမြတ်သော ပြန့်နှံ့ခြင်း မရှိ။ (၂)

ဝိသာခါ အရိယာဥပုသ်သည် အဘယ်သို့ ဖြစ်သနည်း၊ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လ ပြုသဖြင့် ဖြူစင်စေနိုင်ခြင်းတည်း။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေသနည်း၊ ဝိသာခါ အရိယာ တပည့်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏ “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့် လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်‘ဝိဇ္ဇာ’ အကျင့်‘စရဏ’နှင့်ပြည့်စုံ တော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်း တန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏”ဟု မြတ်စွာဘုရား၏ ဂုဏ် ကို အဖန်တလဲလဲ အောက်မေ့၏။ မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်၏ ညစ်ညူးကြောင်း ကိလေသာတို့ သည် ပျောက်ကင်းကုန်၏။ ဝိသာခါ ညစ်နွမ်းသော ဦးခေါင်းကို လုံ့လပြုသဖြင့် ဖြူစင်စေသကဲ့သို့ တည်း။

ဝိသာခါ ညစ်နွမ်းသော ဦးခေါင်းကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေသနည်း၊ သျှိသျှားမှုန့် ကိုငှင်း မြေညက်ကိုငှင်း ရေကိုငှင်း ထိုအားလျော်သော လုံ့လကိုငှင်း အစွဲပြု၍ ဖြူစင်စေ၏၊ ဝိသာခါ ညစ်နွမ်းသော ဦးခေါင်းကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေ၏၊ ဝိသာခါ ဤအတူသာလျှင် ညစ်ညူး သော စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေ၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ် သို့ ဖြူစင်စေသနည်း၊ဝိသာခါ အရိယာ တပည့်သည် မြတ်စွာဘုရား၏ဂုဏ်ကို အဖန်တလဲလဲ အောက် မေ့၏ “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်‘ဝိဇ္ဇာ’ အကျင့်‘စရဏ’နှင့် ပြည့်စုံတော်မူသော အကြောင်း

http://www.dhammadownload.com



ကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏(သစ္စာလေးပါး တရားတို့ကို )သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု(မြတ်စွာဘုရား၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏)။ မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဝိသာခါ ဤအရိယာ တပည့်ကို မြဟ္မာဥပုသ်ကို ကျင့်သုံးသူ မြတ်စွာဘုရားနှင့် အတူ နေရသူ မြတ်စွာဘုရားကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်သူ ဟု ဆိုအပ်၏၊ ဝိသာခါ ညစ်ညူးသော စိတ်ကို လှုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။ (၁-က)

ဝိသာခါ ညစ်ညူးသော စိတ်ကို လှုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာ တပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏ "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးသော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ဆောင်ပြထိုက်သော တရားတော် ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း" ဟု တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏။ တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏၊ ဝိသာခါ ညစ်ညူးသော ကိုယ်ကို လှုံ့လပြုသဖြင့် ဖြူစင် စေနိုင်သကဲ့သို့တည်း။

ဝိသာခါ ညစ်နွမ်းသော ကိုယ်ကို လှုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ကျောက်မှုန့်နှင့် ချိတ် ရောစပ်၍ ပြုအပ်သော ကြေးတုန်းရန် ဝတ္ထုကိုင်း ရေချိုးကသယ်မှုန့်ကိုင်း ရေကိုင်း ထိုအားလျော်သော လှုံ့လကိုင်း အစွဲပြု၍ ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်နွမ်းသော ကိုယ်ကို လှုံ့လ ပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။ ဝိသာခါ ဤအတူသာလျှင် ညစ်ညူးသောစိတ်ကို လှုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာ တပည့်သည် တရားတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏ "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားတော်မူသော တရားတော် ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးကို ပေးနိုင် သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ဆောင်ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိ တို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း" ဟု တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏။ တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုပုဂ္ဂိုလ်၏

http://www.dhammadownload.com



စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဝိသာခါ ဤအရိယာ တပည့်ကို မွေ့ဥပုသ်ကို ကျင့်သုံးသူ တရားတော်နှင့် အတူနေသူ တရားတော်ကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာ ပျောက်ကင်းသူ ဟု ဆိုအပ်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။ (၃-ခ)

ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာ တပည့်သည် သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏ "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်ကန်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော ဤမြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ပါပေ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံထိုက်ပါပေ၏၊ တမလွန် အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏" ဟု သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏၊ သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်၏ ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏၊ ဝိသာခါ ညစ်နွမ်းသော အဝတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်သကဲ့သို့တည်း။

ဝိသာခါ ညစ်နွမ်းသော အဝတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ မီးဖြင့် ပေါင်းအပ်သော အငွေ့ကိုရင်း ဆပ်ပြာကိုရင်း နွားချေးကိုရင်း ရေကိုရင်း ထိုအားလျော်သော လုံ့လ ကိုရင်း အစွဲပြု၍ ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်နွမ်းသော အဝတ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေ နိုင်၏။ ဝိသာခါ ဤ အတူသာလျှင် ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာ တပည့်သည် သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏ "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်သော အကျင့်ရှိ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် လျော်ကန်သော အကျင့်ရှိ၏၊ အစုံ အားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ ဤတပည့်သား သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြော် သော အလှူကို ခံထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှု ပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ပါပေ၏"ဟု သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏၊ သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်း မြောက်ခြင်း ဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏။ ဝိသာခါ ဤအရိယာ

http://www.dhammadownload.com



တပည့်ကို သံဃဥပုသ်ကို ကျင့်သုံးသူ သံဃာတော်နှင့်အတူနေသူ သံဃာကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာ ပျောက်ကင်းသူဟု ဆိုအပ်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။ (၃-ဂ)

ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏၊ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာ တပည့်သည် မကျိုးမပေါက် မပြောက် မကျားမူ၍ (တဏှာကျွန်အဖြစ်မှ)လွတ်မြောက်လျက် ပညာရှိတို့ ချီးမွမ်းအပ် မှားသော အားဖြင့် မသုံးသပ်အပ် တည်ကြည်မှုကို ဖြစ်စေတတ်သော မိမိ၏သီလတို့ကို အဖန်တလဲလဲ အောက်မေ့၏၊ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏။ ဝိသာခါ ညစ်နွမ်းသော ကြေးမုံကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်သကဲ့သို့တည်း။

ဝိသာခါ ညစ်နွမ်းသော ကြေးမုံကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဆီကိုရင်း ပြာကိုရင်း သားမြီး သင်ပန်းလျှော်နွှေကိုရင်း ထိုအားလျော်သော လုံ့လကိုရင်း အစွဲပြု၍ ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်နွမ်းသော ကြေးမုံကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏၊ ဝိသာခါ ဤအတူသာလျှင် ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏၊ ဝိသာခါ ညစ်နွမ်းသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာ တပည့်သည် မကျိုးမပေါက် မပြောက် မကျားမူ၍ (တဏှာကျွန် အဖြစ်မှ)လွတ်မြောက်လျက် ပညာရှိတို့ ချီးမွမ်းအပ် မှားသော အားဖြင့် မသုံးသပ်အပ် တည်ကြည်မှုကို ဖြစ်စေတတ်သော မိမိ၏ သီလတို့ကို အဖန်တလဲလဲ အောက်မေ့၏၊ သီလကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်၏ ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏၊ ဝိသာခါ ဤအရိယာ တပည့်ကို သီလဥပုသ်ကို ကျင့်သုံးသူ သီလနှင့်အတူနေသူ သီလကို အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာ ပျောက်ကင်းသူဟု ဆိုအပ်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဤသို့ဖြူစင်စေနိုင်၏။ (၃-ဃ)

ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏။ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာတပည့်သည် နတ်တို့ကို (သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို) အဖန်တလဲလဲ အောက်မေ့၏ "စာတုမဟာရာဇ်နတ် တာဝတိံသာနတ် ယာမာနတ် တုသိတာနတ် နိမ္မာနရတိနတ် ပရနိမ္မိတဝသဝတ္တီနတ် ဗြဟ္မာအထက် အဆက်ဗြဟ္မာတို့သည် ရှိကုန်၏။ သဒ္ဓါတရားနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံဘို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ရှိ၏၊ သီလနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသီလမျိုးသည် ရှိ၏၊ အကြားအမြင်နှင့် ပြည့်စုံသော ထိုနတ်ဘို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုအကြားအမြင်မျိုးသည် ရှိ၏၊ စွန့်ကြဲခြင်းဖြင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုစွန့်ကြဲခြင်းမျိုးသည် ရှိ၏၊ ပညာနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည် ရှိ၏" ဟု မိမိ၏ရင်း ထိုနတ်တို့၏ရင်း သဒ္ဓါတရား အကျင့်သီလ အကြားအမြင် စွန့်ကြဲပေးကမ်းခြင်း ဉာဏ်ပညာတို့ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏

http://www.dhammadownload.com



ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏။ ဝိသာခါ ညစ်နွမ်းသော ရွှေ ငွေကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်သကဲ့သို့တည်း။

ဝိသာခါ ညစ်နွမ်းသော ရွှေငွေကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ မိုက်လုံးကို၎င်း ဆားငံမြေကို၎င်း ကျွဲနိမ့်မှုန့်ကို၎င်း မီးပြောင်းနှင့် ညှပ်ကို၎င်း ထိုအားလျော်သော လုံ့လကို၎င်း အစွဲပြု၍ ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်နွမ်းသော ရွှေ ငွေကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။ ဝိသာခါ ဤအတူသာလျှင် ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း၊ ဝိသာခါ အရိယာ တပည့်သည် နတ်တို့ကို (သက်သေထား၍) မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏၊ "စာတုမဟာရာဇ်နတ် တာဝတိံသာနတ် ယာမာနတ် တုသိတာနတ် နိမ္မာနရတိနတ် ပရနိမ္မိတဝသဝတ္တီနတ် ဗြဟ္မာ အထက်အထက် ဗြဟ္မာတို့သည် ရှိကုန်၏။ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ရှိ၏၊ သီလနှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤ လူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသီလမျိုးသည် ရှိ၏၊ အကြားအမြင်နှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုအကြားအမြင်မျိုးသည် ရှိ၏၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုစွန့်ကြဲခြင်းမျိုးသည် ရှိ၏၊ ပညာနှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည် ရှိ၏" ဟု မိမိ၏၎င်း ထိုနတ်တို့၏၎င်း သဒ္ဓါတရား အကျင့်သီလ အကြားအမြင် စွန့်ကြဲပေးကမ်းခြင်း ဉာဏ် ပညာတို့ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏။ ဝိသာခါ ဤ အရိယာ တပည့်ကို ဒေဝတာ ဥပုသ်ကို ကျင့်သုံးသူ နတ်တို့နှင့် အတူ နေသူ နတ်တို့ကို (သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို) အာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာ ပျောက်ကင်းသူ ဟု ဆိုအပ်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။ (၃-င)

ဝိသာခါ ထိုအရိယာ တပည့်သည် ဤသို့ ဆင်ခြင်၏—ရဟန္တာတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး သူ့အသက်သတ်ခြင်းကို ပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကို ချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီး ဖြစ်ကုန်၏၊ ရှက်ခြင်းရှိကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး သူ့အသက် သတ်ခြင်းကို ပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက်၊ တုတ်ကို ချထားလျက်၊ လက်နက်ကို ချထားလျက်၊ ရှက်ခြင်းရှိလျက်၊ သနားလျက်၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာ ပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုအံ့၊ ငါ့အား ဥပုသ် ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မပေးသည်ကို ယူခြင်း၌ ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပေးသည်ကိုသာ ယူကုန်၏၊ ပေးသည်ကိုသာလျှင် အလိုရှိကုန်၏၊ မခိုးမဝှက် စင်ကြယ်သော ကိုယ်ဖြင့်နေကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤ

http://www.dhammadownload.com



နေ့ပတ်လုံး မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်လျက်၊ ပေးသည်ကိုသာ ယူလေ့ရှိသည်ဖြစ်၍ ပေးသည်ကိုသာလျှင် အလိုရှိသည်ဖြစ်၍၊ မခိုးမဝှက် စင်ကြယ်သော ကိုယ်ဖြင့် နေပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ (မမြတ်သော အကျင့်မှ)ဝေးစွာ ရှောင်ကြဉ်ကုန်၏၊ ရွာနေသူတို့ အလေ့ ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြည်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်လျက်၊ မမြတ်သော အကျင့်မှ ဝေးစွာ ရှောင်ကြဉ်သည်ဖြစ်၍၊ ရွာသူတို့ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါအံ့၊ ဤ အကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ အမှန်ကိုသာ ဆိုလေ့ရှိကုန်၏၊ မှန်သော စကားချင်း ဆက်စပ်စေကုန်၏၊ တည်သော စကားရှိကုန်၏၊ ယုံကြည်ထိုက်သော စကားရှိကုန်၏၊ လောကကို မလှည့်စားတတ်ကုန်။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး မဟုတ်မမှန်ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်လျက်၊ အမှန်ကိုသာ ပြောဆိုသည်ဖြစ်၍၊ မှန်သော စကားချင်း ဆက်စပ်စေလျက်၊ တည်သော စကားရှိလျက်၊ ယုံကြည်ထိုက်သော စကားရှိလျက်၊ လောကကို မလှည့်စားပဲ နေပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ယစ်မူးမေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက်သောက်ခြင်းကို ပယ်၍ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းကို ပယ်၍ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး တထပ်သာ စားလေ့ရှိကုန်၏၊ ညစာ စားခြင်းမှ ရှောင်ကြဉ်ကုန်၏၊ နေလွဲ စားခြင်းမှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး တထပ်သာ စားပါအံ့၊ ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏)ဆူးငြောင့် ဖြစ်သော ပွဲကြည့်ခြင်း ပန်းပန်ခြင်း နံ့သာမှုန့် ခြယ်ခြင်း နံ့သာပျောင်း လိမ်းကျံခြင်းမှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏) ဆူးငြောင့် ဖြစ်သော ပွဲကြည့်ခြင်း ပန်းပန်ခြင်း နံ့သာမှုန့်

http://www.dhammadownload.com



ခြယ်ခြင်း နံ့သာပျောင်း လိမ်းခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မြင့်သောနေရာ မြတ်သောနေရာကို ပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊နိမ့်သောနေရာ ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ အိပ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့် ဤနေ့ပတ်လုံး မြင့်သောနေရာ မြတ်သောနေရာကို ပယ်၍ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်လျက်၊ နိမ့်သောနေရာ ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ အိပ်အံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုအံ့၊ ငါ့အား ဥပုသ် ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်ဟု (ဆင်ခြင်၏)။

ဝိသာခါ အရိယာ ဥပုသ်သည် ဤသို့ ဖြစ်၏။ ဝိသာခါ ဤသို့ ကျင့်သုံးအပ်သော အရိယာ ဥပုသ်သည် ကြီးမြတ်သော အကျိုးရှိ၏၊ ကြီးမြတ်သော အာနိသင်ရှိ၏၊ ကြီးမြတ်သော အရောင်အလင်းရှိ၏၊ ကြီးမြတ်သော ပြန့်နှံ့ခြင်းရှိ၏။ အဘယ်မျှလောက် ကြီးမြတ်သော အကျိုးရှိသနည်း၊ အဘယ်မျှလောက် ကြီးမြတ်သော အာနိသင် ရှိသနည်း၊ အဘယ်မျှလောက် ကြီးမြတ်သော အရောင်အလင်း ရှိသနည်း၊ အဘယ်မျှလောက် ကြီးမြတ်သော ပြန့်နှံ့ခြင်း ရှိသနည်း။ ဝိသာခါ များစွာသော တပ်မက်ဖွယ် ရတနာတို့နှင့် ပြည့်စုံသော အင်္ဂတိုင်း မဂဓတိုင်း ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လာတိုင်း စေတီယတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သူရသေနတိုင်း အဿကတိုင်း အဝန္တိတိုင်း ဂန္ဓာရတိုင်း ကမ္ဗောဇတိုင်း ဟူသော တိုင်းကြီး တဆယ့်ခြောက်ရပ်တို့၌ အုပ်ချုပ်၍ မင်းလုပ်ရခြင်းသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်၏ တဆယ့်ခြောက်စိတ် တစိတ်လောက်မျှ မမှီနိုင်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ဝိသာခါ လူ့မင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာ ဖြစ်၏။

ဝိသာခါ လူတို့ အနှစ်ငါးဆယ်သည် စာတုမဟာရာဇ် နတ်တို့၏ တညဉ့် တနေ့မျှသာ ဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်ငါးရာသည် စာတုမဟာရာဇ် နတ်တို့၏ အသက် အတိုင်းအရှည်ဖြစ်၏။ ဝိသာခါ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ စာတုမဟာရာဇ်နတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤသို့သော အကြောင်းမျိုးကို ရည်ရွယ်၍ လူ့မင်းစည်းစိမ်သည် နတ်ချမ်းသာကိုထောက်၍ အနည်းငယ်မျှသာ ဖြစ်၏ ဟူသော ဤစကားကို ဆိုခဲ့၏။

ဝိသာခါ လူတို့ အနှစ်တရာသည် တာဝတိံသာ နတ်တို့၏ တညဉ့် တနေ့မျှသာ ဖြစ်၏၊ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်တထောင်သည် တာဝတိံသာ နတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။ ဝိသာခါ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ တာဝတိံသာနတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤသို့သော အကြောင်းမျိုးကို ရည်ရွယ်၍

http://www.dhammadownload.com



လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာ ဖြစ်၏ ဟူသော ဤစကားကို ဆိုခဲ့၏။

ဝိသာခါ လူတို့ အနှစ်နှစ်ရာတို့သည် ယာမာနတ်တို့၏ တညဉ့် တနေ့မျှသာ ဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ် နှစ်ထောင်တို့သည် ယာမာနတ်တို့၏ အသက်အတိုင်းအရှည် ဖြစ်၏။ ဝိသာခါ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ယာမာနတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာ ဖြစ်၏ ဟူသော ဤစကားကို ဆိုခဲ့၏။

ဝိသာခါ လူတို့ အနှစ်လေးရာတို့သည် တုသိတာနတ်တို့၏ တညဉ့် တနေ့မျှသာ ဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်လေးထောင်တို့သည် တုသိတာ နတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်၏။ ဝိသာခါ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ တုသိတာနတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာ ဖြစ်၏ ဟူသော ဤစကားကို ဆိုခဲ့၏။

ဝိသာခါ လူတို့ အနှစ် ရှစ်ရာတို့သည် နိမ္မာနရတိနတ်တို့၏ တညဉ့် တနေ့မျှသာ ဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ် ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်ရှစ်ထောင်တို့သည် နိမ္မာနရတိနတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။ ဝိသာခါ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ နိမ္မာနရတိနတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာ ဖြစ်၏ ဟူသော ဤစကားကို ဆိုခဲ့၏။

ဝိသာခါ လူတို့ အနှစ် တထောင့်ခြောက်ရာတို့သည် ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ တညဉ့်တနေ့မျှသာ ဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထို လ ဖြင့် တဆယ့် နှစ်လတို့သည် တနှစ် ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်တသောင်း ခြောက်ထောင်တို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်အတိုင်းအရှည် ဖြစ်၏။ ဝိသာခါ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာ ဖြစ်၏ ဟူသော ဤစကားကို ဆိုခဲ့၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



(ဥပုသ် ကျင့်သုံးသူသည်)အသက်ကိုလည်း မသတ်ရာ၊ မပေးသည်ကိုလည်း မယူရာ၊ မဟုတ်မမှန် စကားကိုလည်း မပြောဆိုရာ၊ သေရည် သေရက်ကိုလည်း မသောက်ရာ၊ မေထုန်မှီဝဲခြင်းဟူသော မမြတ်သော အကျင့်မှလည်း ရှောင်ကြဉ်ရာ၏၊ နေလွဲညစာကိုလည်း မစားရာ။

ပန်းကိုလည်း မပန်ရာ၊ နံ့သာကိုလည်း မခြယ်ရာ၊ ညောင်စောင်း၌၎င်း မြေကြီး၌၎င်း မြက်အခင်း၌၎င်း အိပ်ရာ၏၊ ဤဥပုသ်ကို ဒုက္ခအဆုံးသို့ ဆိုက်ရောက်တော်မူပြီးသော မြတ်စွာဘုရားသည် ဟောပြတော်မူအပ်သော အင်္ဂါရှစ်ပါးရှိသော ဥပုသ် ဟု ဆိုကြကုန်၏။

ကောင်းသော အဆင်းရှိကုန်သော လနေ နှစ်ပါးတို့သည် အကြင်မျှလောက်သော အရပ်ကို ထွန်းလင်းကုန်လျက် လှည့်လည်ကုန်၏၊ ကောင်းကင်၌ သွားလာကုန်သော ထိုလနေတို့သည် အမိုက်မှောင်ကို ပယ်ဖျောက်၍ အရပ်မျက်နှာတို့ကို တင့်တယ်စေကုန်လျက် ကောင်းကင်၌ ထွန်းပကုန်၏။

ထို လနေတို့ ထွန်းပရာ (လောကဓာတ်)အတွင်း၌ ပုလဲ ပတ္တမြား လာဘ်ရကြောင်း ကောင်းမြတ်သော ကျောက်မျက်ရွဲ သိင်္ဂီရွှေ ကဥ္စနရွှေ မူလတွင်းထွက်ရွှေ ပိုးရွှဒြတို့ ချီယူစုဆောင်းထားသော ဟဋကရွှေ ဟူသော ဥစ္စာ ရတနာတို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်၏ တဆယ့်ခြောက်စိတ် တစိတ်ကိုမျှလည်း မမှီနိုင်ကုန်၊ အလုံးစုံသော ကြယ်တာရာ အပေါင်းတို့သည် လရောင်၏ တဆယ့်ခြောက်စိတ် တစိတ်မျှလောက်ကိုလည်း မမှီနိုင်သကဲ့သို့တည်း။

ထို့ကြောင့်သာလျှင် သီလရှိသော မိန်းမသည်၎င်း ယောကျ်ားသည်၎င်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံး၍ ချမ်းသာကျိုးရှိသော ကောင်းမှုတို့ကို ပြုပြီးလျှင် ကဲ့ရဲ့ဖွယ် မရှိပဲ နတ်ပြည်ဌာနသို့ ကပ်ရောက်ရလေကုန်သတည်း။

**ဒသမသုတ်။**

**နှစ်ခုမြောက် မဟာဝဂ် ပြီး၏။**

---

## (ဂ) ၃-အာနန္ဒဝဂ် ၁-ဆန္နသုတ်

၇၂။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ဆန္နပရိဗိုဇ်သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို ပြီးဆုံးစေလျက် တခုသောနေရာ၌ ထိုင်ပြီးလျှင် အသျှင်အာနန္ဒာအား—"ငါ့သျှင်အာနန္ဒာ သင်တို့သည်လည်း ရာဂပယ်ခြင်းကို ပညတ်ကုန်သလော၊ ဒေါသပယ်ခြင်းကို ပညတ်ကုန်သလော၊ မောဟပယ်ခြင်းကို ပညတ်ကုန်သလော"ဟု မေး၏။ ငါ့သျှင်ဆန္န ငါတို့သည်သာ ရာဂပယ်ခြင်းကို ပညတ်ကုန်၏၊ ဒေါသပယ်ခြင်းကို ပညတ်ကုန်၏၊ မောဟပယ်ခြင်းကို ပညတ်ကုန်၏ ဟု (ဆို၏)။

ငါ့သျှင်အာနန္ဒာ သင်တို့သည် ရာဂ၌ အဘယ်အပြစ်ကို မြင်၍ ရာဂပယ်ခြင်းကို ပညတ်ပါကုန်သနည်း၊ ဒေါသ၌ အဘယ်အပြစ်ကို မြင်၍ ဒေါသပယ်ခြင်းကို ပညတ်ပါကုန်သနည်း၊ မောဟ၌ အဘယ်အပြစ်ကိုမြင်၍ မောဟပယ်ခြင်းကို ပညတ်ပါကုန်သနည်း ဟု (မေး၏)။

http://www.dhammadownload.com



ငါ့သျှင်ဆန္န တပ်မက်သော သူသည် တပ်မက်ခြင်း 'ရာဂ' နှိပ်စက် သိမ်းကျုံးယူထားသော စိတ်ရှိရကား မိမိဆင်းရဲရန်ကိုလည်း လှုံ့ဆော်၏၊ သူတပါး ဆင်းရဲရန်ကိုလည်း လှုံ့ဆော်၏၊ မိမိ သူတပါးနှစ်ဦးစုံ ဆင်းရဲရန်ကိုလည်း လှုံ့ဆော်၏၊ စိတ်ကို စွဲ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာ ခြင်းကိုလည်း ခံစားရ၏။ ရာဂကို ပယ်သည်ရှိသော် မိမိဆင်းရဲရန်ကိုလည်း မလှုံ့ဆော်၊ သူတပါး ဆင်းရဲရန်ကိုလည်း မလှုံ့ဆော်၊ မိမိသူတပါး နှစ်ဦးစုံ ဆင်းရဲရန်ကိုလည်း မလှုံ့ဆော်၊ စိတ်ကို စွဲ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရ။ ငါ့သျှင်ဆန္န တပ်မက်သောသူသည် တပ်မက် ခြင်း ရာဂ နှိပ်စက် သိမ်းကျုံးယူထားသော စိတ်ရှိရကား ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏။ ရာဂကို ပယ်သည်ရှိသော် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်။ ငါ့သျှင်ဆန္န တပ်မက်သောသူသည် တပ်မက်ခြင်း ရာဂ နှိပ်စက် သိမ်းကျုံး ယူထားသော စိတ်ရှိရကား မိမိ အကျိုးကိုလည်း ဟုတ်မှန်သော အတိုင်း မသိ၊ သူတပါးအကျိုးကိုလည်း ဟုတ်မှန်သော အတိုင်း မသိ၊ မိမိသူတပါး အကျိုးနှစ်ပါးကိုလည်း ဟုတ်မှန်သော အတိုင်းမသိ။ ရာဂကို ပယ်သည်ရှိသော် မိမိအကျိုးကိုလည်း ဟုတ်မှန်သော အတိုင်း သိ၏၊ သူတပါး အကျိုးကိုလည်း ဟုတ်မှန်သော အတိုင်း သိ၏၊ မိမိသူတပါး အကျိုးနှစ်ပါးကိုလည်း ဟုတ်မှန်သော အတိုင်းသိ၏။ ငါ့သျှင်ဆန္န တပ်မက်ခြင်း ရာဂသည် ကန်းသည်ကို ပြုတတ်၏၊ ပညာမျက်စိ မရှိသည်ကို ပြုတတ်၏၊ ပညာဉာဏ်ကို မပြုတတ် ပညာကို ချုပ်ကွယ်စေတတ်၏၊ ပင်ပန်းခြင်း အဖို့ရှိ၏၊ ငြိမ်းအေးမှုကို မဖြစ်စေတတ်။

ငါ့သျှင်ဆန္န အမျက်ထွက်သော သူသည် အမျက်ထွက်ခြင်း ဒေါသ နှိပ်စက်။ပ။ ငါ့သျှင်ဆန္န တွေဝေသောသူသည် တွေဝေခြင်း မောဟ နှိပ်စက် သိမ်းကျုံးယူထားသော စိတ်ရှိရကား မိမိဆင်းရဲရန်ကိုလည်း လှုံ့ဆော်၏၊ သူတပါးဆင်းရဲရန်ကိုလည်း လှုံ့ဆော်၏၊ မိမိသူတပါး နှစ်ဦးစုံ ဆင်းရဲရန်ကိုလည်း လှုံ့ဆော်၏၊ စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ မောဟကို ပယ်သည် ရှိသော် မိမိဆင်းရဲရန်ကိုလည်း မလှုံ့ဆော်၊ သူတပါး ဆင်းရဲရန် ကိုလည်း မလှုံ့ဆော်၊ မိမိသူတပါး နှစ်ဦးစုံ ဆင်းရဲရန်ကိုလည်း မလှုံ့ဆော်၊စိတ်ကို စွဲမှီ၍ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရ။ ငါ့သျှင်ဆန္န တွေဝေသောသူသည် တွေဝေခြင်း မောဟ နှိပ်စက် သိမ်းကျုံးယူထားသော စိတ်ရှိရကား ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ပြုကျင့်၏။ မောဟကို ပယ်သည် ရှိသော် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို မပြုကျင့်။ ငါ့သျှင်ဆန္န တွေဝေသောသူသည် တွေဝေခြင်း မောဟ နှိပ်စက် သိမ်းကျုံးယူထားသော စိတ်ရှိရကား မိမိ အကျိုးကိုလည်း ဟုတ်မှန်သော အတိုင်း မသိ၊ သူတပါးအကျိုးကိုလည်း ဟုတ်မှန်သော အတိုင်း မသိ၊ မိမိသူတပါး အကျိုးနှစ်ပါးကိုလည်း ဟုတ်မှန်သော အတိုင်း မသိ။ မောဟကို ပယ်သည်ရှိသော် မိမိအကျိုးကိုလည်း ဟုတ်မှန်သော အတိုင်း သိ၏၊ သူတပါးအကျိုးကိုလည်း ဟုတ်မှန်သောအတိုင်း သိ၏၊ မိမိသူတပါး အကျိုးနှစ်ပါးကိုလည်း ဟုတ်မှန်သောအတိုင်း သိ၏။ ငါ့သျှင်ဆန္န မောဟသည် ကန်းသည်ကို ပြုတတ်၏၊ ပညာမျက်စိ မရှိသည်ကို ပြုတတ်၏၊ ပညာဉာဏ်ကို မပြုတတ် ပညာကို ချုပ်ကွယ်စေတတ်၏၊ ပင်ပန်းခြင်း အဖို့ရှိ၏၊ ငြိမ်းအေးမှုကို မဖြစ်စေတတ်။ ငါ့သျှင်ဆန္န ငါတို့သည် တပ်မက်ခြင်း ရာဂ၌ ဤသို့သော အပြစ်ကို မြင်၍ ရာဂပယ်ခြင်းကို ပညတ်ကုန်၏၊ ဒေါသ၌

http://www.dhammadownload.com



ဤသို့သော အပြစ်ကို မြင်၍ ဒေါသပယ်ခြင်းကို ပညတ်ကုန်၏၊ မောဟ၌ ဤသို့သော အပြစ်ကို မြင်၍ မောဟပယ်ခြင်းကို ပညတ်ကုန်၏ (ဟု မိန့်ဆို၏)။

ငါ့သျှင် (အာနန္ဒာ) ထိုရာဂ ဒေါသ မောဟကို ပယ်ရန် လမ်းစဉ် အကျင့် ရှိပါသလောဟု (မေး၏)။ ငါ့သျှင်ဆန္န ထိုရာဂ ဒေါသ မောဟကို ပယ်ရန် လမ်းစဉ် အကျင့်သည် ရှိ၏ ဟု (ဆို၏)။ ငါ့သျှင်အာနန္ဒာ ထိုရာဂ ဒေါသ မောဟကို ပယ်ရန် လမ်းစဉ် အကျင့်ကား အဘယ်နည်းဟု (မေး၏)။ ငါ့သျှင် အင်္ဂါရှစ်ပါးရှိသော ဤ အရိယာမဂ်တရားပင်တည်း။ ဤမဂ်သည် အဘယ်နည်း ဟူမူ—မှန်စွာသိခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာ အားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤရှစ်ပါးတို့ပေတည်း။ ငါ့သျှင် (ဆန္န) ဤသည်ကား ထို ရာဂ ဒေါသ မောဟကို ပယ်ရန် လမ်းစဉ် အကျင့်ပေတည်း ဟု (ဆို၏)။ ငါ့သျှင်အာနန္ဒာ ထို ရာဂ ဒေါသ မောဟကို ပယ်ရန် လမ်းစဉ်သည် ကောင်းပါပေ၏၊ အကျင့်သည် ကောင်းပါပေ၏၊ ငါ့သျှင်အာနန္ဒာ မမေ့ မလျော့ရန် သင့်လှပါပေ၏ ဟု (ဆို၏)။

ပဉ္စမသုတ်။

---

## ၂-အာဇီဝကသုတ်

၇၃။ အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌(သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အာဇီဝက၏တပည့် သူကြွယ်တယောက်သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တနေရာ၌ ထိုင်လျက် အသျှင်အာနန္ဒာအား— "အသျှင်အာနန္ဒာ အဘယ်သူတို့၏ တရားသည် ကောင်းစွာ ဟောကြားအပ်သော တရားဖြစ်ပါသနည်း၊ အဘယ်သူတို့သည် လောက၌ ကောင်းစွာ ကျင့်ကြပါကုန်သနည်း၊ အဘယ်သူတို့သည် လောက၌ ကောင်းစွာ ပြုပြီးဖြစ်ပါကုန်သနည်း "ဟု လျှောက်၏။ သူကြွယ် သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် တဖန် ပြန်မေးအံ့၊ ထိုအမေးကို သင် နှစ်သက်သလို ဖြေကြားလော့။ သူကြွယ် ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်သူတို့သည် ရာဂကိုပယ်ရန် တရားကို ဟောကုန်၏၊ ဒေါသကို ပယ်ရန် တရားကို ဟောကုန်၏၊ မောဟကို ပယ်ရန် တရားကို ဟောကုန်၏၊ ထိုသူတို့၏ တရားသည် ကောင်းစွာ ဟောအပ်သော တရား ဖြစ်သလော၊ သို့မဟုတ် မဖြစ်သလော၊ ဤနေရာ၌ (သင့်စိတ်) အသို့ ရှိပါသနည်း ဟု (မေး၏)။ အသျှင်ဘုရား အကြင်သူတို့သည် ရာဂကိုပယ်ရန် တရားကို ဟောကုန်၏၊ ဒေါသကိုပယ်ရန် တရားကို ဟောကုန်၏၊ မောဟကိုပယ်ရန် တရားကို ဟောကုန်၏၊ ထိုသူတို့၏ တရားသည် ကောင်းစွာ ဟောအပ်သော တရားဖြစ်ပါ၏၊ ဤနေရာ၌ တပည့်တော်၏ (စိတ်သည်) ဤအတိုင်းပင် ရှိပါသည် ဟု (လျှောက်၏)။

သူကြွယ် ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်သူတို့သည် ရာဂကိုပယ်ရန် ကျင့်ကုန်၏၊ ဒေါသကို ပယ်ရန် ကျင့်ကုန်၏၊ မောဟကို ပယ်ရန် ကျင့်ကုန်၏၊ ထိုသူတို့သည် လောက၌ ကောင်းစွာ ကျင့်သူတို့ ဖြစ်ကုန်သလော၊ သို့မဟုတ် မကျင့်သူတို့ ဖြစ်ကုန်သလော၊ ဤနေရာ၌

http://www.dhammadownload.com



(သင့်စိတ်) အသို့ ရှိသနည်းဟု (မေး၏)။ အသျှင်ဘုရား အကြင်သူတို့သည် ရာဂကို ပယ်ရန် ကျင့်ကုန်၏၊ ဒေါသကို ပယ်ရန် ကျင့်ကုန်၏၊ မောဟကို ပယ်ရန် ကျင့်ကုန်၏၊ ထိုသူတို့သည် လောက၌ ကောင်းစွာ ကျင့်သူတို့ ဖြစ်ပါကုန်၏။ ဤနေရာ၌ တပည့်တော်၏ (စိတ်သည်) ဤအတိုင်းပင် ရှိပါသည် ဟု (လျှောက်၏)။

သူကြွယ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်သူတို့သည် ရာဂကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ တဖန်ဖြစ်ခြင်း သဘော မရှိ၊ အကြင်သူတို့သည် ဒေါသကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ တဖန်ဖြစ်ခြင်း သဘော မရှိ။ အကြင်သူတို့သည် မောဟကိုပယ်ပြီး ဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ တဖန် ဖြစ်ခြင်းသဘော မရှိ၊ ထိုသူတို့သည် လောက၌ ကောင်းစွာ ပြုပြီးသူတို့ ဖြစ်ကုန်သလော၊ သို့မဟုတ် မပြုသူတို့ ဖြစ်ကုန်သလော ဤနေရာ၌ (သင့်စိတ်) အသို့ရှိသနည်းဟု (မေး၏)။အသျှင်ဘုရား အကြင်သူတို့သည် ရာဂကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီး ဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏။ တဖန်ဖြစ်ခြင်း သဘောမရှိ။ အကြင်သူတို့သည် ဒေါသကို ပယ်ပြီး ဖြစ်၏။ပ။ အကြင်သူတို့သည် မောဟကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ တဖန်ဖြစ်ခြင်း သဘော မရှိ။ ထိုသူတို့သည် လောက၌ ကောင်းစွာ ပြုပြီးသူတို့ ဖြစ်ကုန်၏၊ ဤနေရာ၌ တပည့်တော်၏ (စိတ်သည်) ဤအတိုင်းပင် ရှိပါသည် ဟု (လျှောက်၏)။

သူကြွယ် "အသျှင်ဘုရားအာနန္ဒာ အကြင်သူတို့သည် ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကိုပယ်ရန် တရားဟောကုန်၏၊ ထိုသူတို့၏ တရားသည် ကောင်းစွာ ဟောအပ်သော တရား ဖြစ်၏"ဟု ဤသို့လျှင် သင်သည်ပင် ထိုအမေးကို ဖြေဆိုပြီးဖြစ်၏။ "အသျှင်ဘုရားအာနန္ဒာ အကြင်သူတို့သည် ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကိုပယ်ရန် ကျင့်ကုန်၏၊ထိုသူတို့သည် လောက၌ ကောင်းစွာ ကျင့်သူတို့ ဖြစ်ပါကုန်၏"ဟု ဤသို့လျှင် သင်သည်ပင် ထိုအမေးကို ဖြေဆိုပြီး ဖြစ်၏။ "အသျှင်ဘုရား အာနန္ဒာ အကြင်သူတို့သည် ရာဂကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီး ဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ တဖန်ဖြစ်ခြင်း သဘောမရှိ။ အကြင်သူတို့သည် ဒေါသကိုပယ်ပြီး ဖြစ်၏။ပ။ အကြင်သူတို့သည် မောဟကို ပယ်ပြီး ဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် တဖန် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ တဖန်ဖြစ်ခြင်း သဘော မရှိ၊ ထိုသူတို့သည် လောက၌ ကောင်းစွာ ပြုပြီးသူတို့ မည်ပါကုန်၏ဟု ဤသို့လျှင် သင်သည်ပင် ထိုအမေးကို ဖြေဆိုပြီးဖြစ်၏ ဟု (ဆို၏)။

အသျှင်ဘုရား အံ့ဖွယ် ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ မိမိ၏ အယူဝါဒကို ချီးမြှောက်မြှင့်တင်ခြင်း သူတပါးအယူဝါဒကို ရှုတ်ချခြင်း အလျှင်း မရှိ ဖြစ်ပါပေ၏၊ အကြောင်း သင့်ရာ၌သာလျှင် တရားဟောပြောခြင်း ဖြစ်ပါပေ၏၊ (အကျွန်ုပ်မေးအပ်သော ပြဿနာ၏) အနက်အဓိပ္ပါယ်ကိုလည်း ဖြေဆိုပြီး ဖြစ်ပါ၏၊ မိမိကိုယ်ကိုလည်း ချီးမြှောက်အပ်သည် မဟုတ်ပါ။ အသျှင်ဘုရားအာနန္ဒာ အသျှင်ဘုရားတို့သည် ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် တရားဟောပါကုန်၏။ အသျှင်ဘုရားအာနန္ဒာ အသျှင်ဘုရားတို့၏ တရားသည် ကောင်းစွာ

http://www.dhammadownload.com



ဟောအပ်သော တရားပါဘည်း။ အသျှင်ဘုရားအာနန္ဒာ အသျှင်ဘုရားတို့သည် ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် ကျင့်ကုန်၏၊ အသျှင်ဘုရားအာနန္ဒာ အသျှင်ဘုရားတို့သည် လောက၌ ကောင်းစွာ ကျင့်သောသူတို့ပါတည်း။ အသျှင်ဘုရားအာနန္ဒာ အသျှင်ဘုရားတို့သည် လောက၌ ရာဂကို ပယ်ပြီး ဖြစ်ပါကုန်၏၊အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီး ဖြစ်ပါကုန်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီး ဖြစ်ပါကုန်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်ပါကုန်၏၊ တဖန် မဖြစ်ခြင်း သဘောရှိပါကုန်၏။ အသျှင်ဘုရားတို့သည် ဒေါသကိုပယ်ပြီး ဖြစ်ပါကုန်၏။ပ။ အသျှင်ဘုရားတို့သည် မောဟကို ပယ်ပြီး ဖြစ်ပါကုန်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီး ဖြစ်ပါကုန်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီး ဖြစ်ပါကုန်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်ပါကုန်၏၊ တဖန် မဖြစ်ခြင်း သဘော ရှိပါကုန်၏။ အသျှင်ဘုရားတို့သည် လောက၌ ကောင်းစွာ ပြုပြီးသူတို့ပါတည်း။

အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်သား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤအတူသာလျှင် အသျှင်ဘုရား အာနန္ဒာသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရားအာနန္ဒာ ထိုအကျွန်ုပ်သည် ထိုမြတ်စွာဘုရားကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသျှင်ဘုရား အာနန္ဒာ ထိုအကျွန်ုပ်ကို ယနေ့မှစ၍ ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

ဒုတိယသုတ်။

---

## ၃-မဟာနာမသက္ကသုတ်

၇၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် မကျန်းမာရာမှ ထမြောက်တော်မူခါစ ဖြစ်၏။ ထိုအခါ သာကီဝင်မင်း မဟာနာမ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား 'တည်ကြည်သောသူအား ဉာဏ်ဖြစ်၏၊ မတည်ကြည်သောသူအား ဉာဏ်မဖြစ်'ဟု မြတ်စွာဘုရား ဟောထားသော တရားတော်ကို တပည့်တော် သိရသည်မှာ ကြာမြင့်ပါပြီ၊ အသျှင်ဘုရား သမာဓိက ရှေးဦးစွာဖြစ်၍ ဉာဏ်က နောက်မှ ဖြစ်ပါသလော၊ သို့မဟုတ် ဉာဏ်က ရှေးဦးစွာဖြစ်၍ သမာဓိက နောက်မှ ဖြစ်ပါသလော"ဟု လျှောက်၏။ ထိုအခါ အသျှင်အာနန္ဒာအား ဤသို့ အကြံဖြစ်၏—"မြတ်စွာဘုရားသည် မကျန်းမာရာမှ ထမြောက်တော်မူခါစ ဖြစ်၏၊ ဤသာကီဝင်မင်းသား | မဟာနာမ်သည်လည်း မြတ်စွာဘုရားအား အလွန်နက်နဲသော ပြဿနာကို မေး၏၊ ငါသည် သာကီဝင်မင်း မဟာနာမ်ကို တခုသောနေရာသို့ ခေါ်ဆောင်၍ တရားဟောရလျှင် ကောင်းပေလိမ့်မည်"ဟု (အကြံဖြစ်၏)။

http://www.dhammadownload.com



ထိုနောက် အသျှင်အာနန္ဒာသည် သာကီဝင်မင်း မဟာနာမ်၏ လက်ကိုဆွဲ၍ တခုသော နေရာသို့ ခေါ်ပြီးလျှင် ဤစကားကိုဆို၏—မဟာနာမ် ကျင့်ဆဲ ပုဂ္ဂိုလ်'သေက္ခ'တို့၏ ဥစ္စာဖြစ်သော သီလကိုရင်း ကျင့်ပြီး ပုဂ္ဂိုလ်'အသေက္ခ'တို့၏ ဥစ္စာဖြစ်သော သီလကိုရင်း မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ကျင့်ဆဲ ပုဂ္ဂိုလ်'သေက္ခ'တို့၏ ဥစ္စာဖြစ်သော သမာဓိကိုရင်း ကျင့်ပြီး ပုဂ္ဂိုလ် 'အသေက္ခ' တို့၏ ဥစ္စာဖြစ်သော သမာဓိကိုရင်း မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ကျင့်ဆဲပုဂ္ဂိုလ် 'သေက္ခ' တို့၏ ဥစ္စာဖြစ်သော ပညာကိုရင်း ကျင့်ပြီးပုဂ္ဂိုလ် 'အသေက္ခ'တို့၏ ဥစ္စာဖြစ်သော ပညာကိုရင်း မြတ်စွာဘုရား ဟောကြားတော်မူ၏။ မဟာနာမ် ကျင့်ဆဲပုဂ္ဂိုလ် 'သေက္ခ'တို့၏ ဥစ္စာဖြစ်သော သီလဟူသည် အဘယ်နည်း၊ မဟာနာမ် ဤသာသနာတော်၌ ရဟန်းသည် သီလနှင့် ပြည့်စုံ၏၊ ပါတိမောက္ခ သံဝရသီလကို စောင့်စည်းလျက် နေ၏။ပ။သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ မဟာနာမ် ဤသီလကို ကျင့်ဆဲပုဂ္ဂိုလ် 'သေက္ခ'တို့၏ ဥစ္စာဖြစ်သော သီလဟုဆိုအပ်၏။ မဟာနာမ် ကျင့်ဆဲပုဂ္ဂိုလ် 'သေက္ခ'တို့၏ ဥစ္စာဖြစ်သော သမာဓိဟူသည် အဘယ်နည်း၊ မဟာနာမ် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏၊ မဟာနာမ် ဤသမာဓိကို ကျင့်ဆဲပုဂ္ဂိုလ် 'သေက္ခ'တို့၏ သမာဓိ ဟု ဆို၏။

မဟာနာမ် ကျင့်ဆဲပုဂ္ဂိုလ်'သေက္ခ'တို့၏ ဥစ္စာဖြစ်သော ပညာဟူသည် အဘယ်နည်း၊ မဟာနာမ် ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲဒုက္ခတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ မဟာနာမ် ဤပညာကို ကျင့်ဆဲပုဂ္ဂိုလ် 'သေက္ခ' တို့၏ ဥစ္စာဖြစ်သော ပညာ ဟု ဆိုအပ်၏။

မဟာနာမ် ဤသို့ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော အရိယာတပည့်သည် အာသဝေါ တရားတို့၏ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်လျက် နေ၏။ ကျင့်ဆဲပုဂ္ဂိုလ် 'သေက္ခ'တို့၏ ဥစ္စာဖြစ်သော သီလ သမာဓိ ပညာကိုလည်း မြတ်စွာဘုရား ဟောတော်မူ၏။ မဟာနာမ် ဤသို့လျှင် ကျင့်ပြီးပုဂ္ဂိုလ် 'အသေက္ခ' တို့၏ ဥစ္စာဖြစ်သော သီလ သမာဓိ ပညာကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူ၏ ဟု (ပြောဆို၏)။

ဟတ္ထိယသုတ်။

---

## ၄-နိဂဏ္ဌသုတ်

၇၅။ အခါတပါး၌ အသျှင်အာနန္ဒာသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ထိုအခါ အဘယလိစ္ဆဝီမင်းနှင့် ပဏ္ဍိတကုမာရက လိစ္ဆဝီမင်းတို့သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်ကြ၍ ရှိခိုးပြီး လျှင် တခုသောနေရာ၌ ထိုင်လျက် အဘယလိစ္ဆဝီမင်းသည် အသျှင်အာနန္ဒာအား—"အသျှင်ဘုရား နာဋပုတ္တ တက္ကတွန်းသည် တရား အားလုံးကို သိ၏၊ တရားအားလုံးကို မြင်၏ 'သွား လာ နေစဉ်ရင်း ရပ် တည် နေစဉ်ရင်း အိပ် နေ စဉ်ရင်း နိုးကြားနေစဉ်ရင်း ငါ့အား အခါခပ်သိမ်း ဉာဏ်အမြင်သည် ရှေးရှုထင်နေ၏' ဟု အကြွင်း

http://www.dhammadownload.com



အကျန်မရှိသော ဉာဏ်အမြင်ကို ဝန်ခံ၏၊ ထိုတက္ကတွန်းသည် ခြိုးခြံသော အကျင့်ဖြင့် ကံဟောင်းတို့၏ ပျက်စီးခြင်းကို ပညတ်၏၊ မပြုလုပ်ခြင်းဖြင့် ကံသစ်တို့၏ အကြောင်းကို သတ်ခြင်းကို ပညတ်၏၊ ဤသို့ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်ဆုံး၏၊ ဆင်းရဲကုန်ဆုံးခြင်းကြောင့် ခံစားမှု ကုန်ဆုံး၏၊ ခံစားမှုကုန်ဆုံးခြင်းကြောင့် ဆင်းရဲအားလုံး ဆွေးမြေ့ကုန်ဆုံးရမည်၊ ဤသို့ ကိုယ်တိုင် ရှုအပ်သော (ကိလေသာ)တို့ကို ဆွေးမြေ့ကုန်ဆုံးစေတတ်သည့် ထိုစင်ကြယ်သော အကျင့်ဖြင့် (ဝဋ်ဆင်းရဲကို) လွန်မြောက်၏ ဟု ဟော၏။ အသျှင်ဘုရား ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူပါသနည်း" ဟု လျှောက်၏။

အဘယ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်ဘိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သတ္တဝါတို့ စင်ကြယ်ရန် ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့ ချုပ်ပျောက်ရန် အရိယာမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ကောင်းစွာ ဟောကြားအပ်သည့် (ကိလေသာတို့ကို) ဆွေးမြေ့ကုန်ဆုံးစေတတ်သော စင်ကြယ်သော အကျင့်တို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အဘယ ဤသာသနာတော်၌ ရဟန်းသည် သီလနှင့် ပြည့်စုံ၏။ပ။ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏၊ ထိုရဟန်းသည် ကံသစ်ကိုလည်း မပြုလုပ်၊ ကံဟောင်းကိုလည်း တွေ့ထိတွေ့ထိ၍ ကင်းသည်ကိုပြု၏၊ (ကိလေသာတို့ကို) ဆွေးမြေ့ကုန်ဆုံးစေတတ်သည့် ဤစင်ကြယ်သော အကျင့်သည် ကိုယ်တိုင် ရှုမြင်နိုင်သော အခါမလင့် အကျိုးပေးသော လာလှည့် ရှုလှည့် ဟု ဆောင်ပြထိုက်သော မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော အကျင့်ဖြစ်၏။

အဘယ ဤသို့ သီလနှင့် ပြည့်စုံသော ထိုရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ကံသစ်ကိုလည်း မပြုလုပ်၊ ရှေးကံဟောင်းကိုလည်း တွေ့ထိ တွေ့ထိ၍ ကင်းသည်ကိုပြု၏၊ (ကိလေသာတို့ကို) ဆွေးမြေ့ကုန်ဆုံးစေတတ်သည့် ဤစင်ကြယ်သော အကျင့်သည် ကိုယ်တိုင်ရှုမြင်နိုင်သော အခါမလင့် အကျိုးပေးသော လာလှည့် ရှုလှည့်ဟု ဆောင်ပြထိုက်သော မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော အကျင့်ဖြစ်၏။

အဘယ ဤသို့ သမာဓိနှင့် ပြည့်စုံသော ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ထိုရဟန်းသည် ကံသစ်ကိုလည်း မပြုလုပ်၊ ရှေးကံဟောင်းကိုလည်း တွေ့ထိ တွေ့ထိ၍ ကင်းသည်ကို ပြု၏၊ (ကိလေသာတို့ကို) ဆွေးမြေ့ကုန်ဆုံးစေတတ်သည့် ဤ စင်ကြယ်သော အကျင့်သည် ကိုယ်ဘိုင် ရှုမြင်နိုင်သော အခါမလင့် အကျိုးပေးသော လာလှည့်ရှုလှည့်ဟု ဆောင်ပြထိုက်သော မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှသိနိုင် ခံစားနိုင်သော အကျင့်ဖြစ်၏။ အဘယ ဤသည်တို့ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်ဘိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သတ္တဝါတို့ စင်ကြယ်ရန် ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့ ချုပ်ပျောက်ရန် အရိယာမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ကောင်းစွာ

http://www.dhammadownload.com



ဟောတော်မူအပ်သည့် (ကိလေသာတို့ကို) ဆွေးမြေ့ကုန်ဆုံးစေတတ်သော စင်ကြယ်သော အကျင့်သုံးမျိုးတို့ပေတည်း ဟု (ဟောကြား၏)။

ဤသို့ ဟောလတ်သော် ပဏ္ဍိတကုမာရကလိစ္ဆဝီမင်းသည် အဘယလိစ္ဆဝီမင်းကို ဤသို့ဆို၏— "အဆွေ အဘယ သင်သည် အသျှင်အာနန္ဒာ၏ ကောင်းသော စကားကို ကောင်းသော စကား အနေဖြင့် အဘယ့်ကြောင့် ကောင်းချီး မခေါ်ပါသနည်း"ဟု ဆို၏။အဆွေ ပဏ္ဍိတကုမာရက ငါသည် အသျှင်အာနန္ဒာ၏ ကောင်းသောစကားကို ကောင်းသောစကား အနေဖြင့် အဘယ့်ကြောင့် ကောင်းချီးမခေါ်ပဲ ရှိပါအံ့နည်း၊ အသျှင်အာနန္ဒာ၏ ကောင်းသောစကားကို ကောင်းသောစကား အနေဖြင့် ကောင်းချီးမခေါ်သော သူ၏ ဦးခေါင်းသည်လည်း ပြတ်ကျရာ ၏ ဟု (ဆိုလေသတည်း)။

စတုတ္ထသုတ်။

## ၅-နိဝေသကသုတ်

၇၆။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏—အာနန္ဒာ မိတ်ဆွေတို့ကို ဖြစ်စေ ချစ်ကျွမ်းဝင်သူတို့ကို ဖြစ်စေ ဆွေမျိုးသားချင်းတို့ကို ဖြစ်စေ စောင့်ရှောက်လိုကုန်မူ ယင်းမိတ်ဆွေ ခင်ပွန်းတို့ကသည်း (သင်တို့၏စကားကို) နာယူထိုက်၏ဟု မှတ်ထင်အောက်မေ့စေလိုကုန်မူ သင်တို့သည် ထိုသူတို့ကို သုံးမျိုးသော ဌာနတို့၌ ဆောက်တည်စေအပ် သွင်းထားအပ် တည်စေအပ်ကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု ဤသို့ မြတ်စွာဘုရား၌ မတုန်မလှုပ် ယုံကြည်ခြင်း၌ ဆောက်တည်စေအပ် သွင်းထားအပ် တည်စေအပ်ကုန်၏။ "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်အပ်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးသော တရားတော် ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ဆောင်ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူအားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်၌ သိနိုင်သော တရားတော် ပါပေတည်း။ ဤသို့ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၌ ဆောက်တည်စေအပ် သွင်းထားအပ် တည်စေအပ် ကုန်၏။ "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာ

http://www.dhammadownload.com



တော်သည် မှန်သောအကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့် ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တော် မူပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံတော်မူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏" ဟု ဤသို့ သံဃာတော်၌ မတုန်မလှုပ်ယုံကြည်ခြင်း၌ ဆောက်တည်စေအပ် သွင်းထားအပ် တည်စေအပ်ကုန်၏။

အာနန္ဒာ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်ကြီးလေးပါးတို့၏ တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် ဖြစ်နိုင်ရာသေး၏၊ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံနေသော အရိယာသာဝကအား တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည်ကား မဖြစ်နိုင်ရာသည်သာတည်း။ ထိုစကား၌ ဤကား တပါးသော အခြင်းအရာအားဖြင့် ဖြစ်ပုံတည်း။ အာနန္ဒာ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံသော ထိုအရိယာ သာဝကသည် ငရဲသို့ ဖြစ်စေ တိရစ္ဆာန်ဘုံသို့ ဖြစ်စေ ပြိတ္တာဘုံသို့ ဖြစ်စေ ဖြစ်ရလတ္တံ့။ ဤသို့တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းဟူသော ထိုအကြောင်းသည် မရှိချေ။

အာနန္ဒာ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်ကြီးလေးပါးတို့၏ တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် ဖြစ်နိုင်ရာသေး၏၊ တရားတော်၌။ပ။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံသော အရိယာသာဝကအား တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည်ကား မဖြစ်နိုင်ရာသည်သာတည်း။ ထိုစကား၌ ဤကား တပါးသော အခြင်းအရာအားဖြင့် ဖြစ်ပုံတည်း။ အာနန္ဒာ သံဃာတော်၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံသော ထိုအရိယာသာဝကသည် ငရဲသို့ ဖြစ်စေ တိရစ္ဆာန်ဘုံသို့ ဖြစ်စေ ပြိတ္တာဘုံသို့ ဖြစ်စေ ဖြစ်ရလတ္တံ့။ ဤ သို့ တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းဟူသော ထိုအကြောင်းသည် မရှိချေ။

အာနန္ဒာ မိတ်ဆွေတို့ကို ဖြစ်စေ ချစ်ကျွမ်းဝင်သူတို့ကို ဖြစ်စေ ဆွေမျိုးသားချင်းတို့ကို ဖြစ်စေ စောင့်ရှောက်လိုကုန်မူ ယင်း မိတ်ဆွေခင်ပွန်းတို့ကိုလည်း (သင်တို့၏စကားကို) နာယူထိုက်၏ဟု မှတ်ထင် အောက်မေ့စေလိုကုန်မူ သင်တို့သည် ထိုသူတို့ကို ဤသုံးမျိုးသော ဌာနတို့၌ ဆောက်တည်စေအပ် သွင်းထားအပ် တည်စေအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

**ပဉ္စမသုတ်။**

---

## ၆-ပဌမ ဘဝသုတ်

၇၇။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—"အသျှင်ဘုရား ဘဝ ဘဝဟု ဆိုပါ၏၊ အသျှင်ဘုရား အဘယ်မျှလောက် အတိုင်းအရှည်ဖြင့် ဘဝဖြစ်ပါသနည်း" ဟု လျှောက်၏။

အာနန္ဒာ ကာမဓာတ်(ကာမဘုံ)၌ အကျိုးပေးတတ်သော ကံ မဖြစ်ခဲ့လျှင် ကာမဘဝသည် ထင်ရှား ဖြစ်ပေါ်နိုင်အံ့လောဟု (မိန့်တော်မူ၏)။ ထင်ရှား မဖြစ်ပေါ်နိုင်ပါ အသျှင်ဘုရား။

http://www.dhammadownload.com



အာနန္ဒာ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏၊ တဏှာသည် အစေး ရေနှင့် တူ၏။ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည် ဖြစ်၍ တဏှာအနှောင်အဖွဲ့ ရှိကုန်သော သတ္တဝါတို့အား ယုတ်နိမ့်သော ကာမဓာတ်(ကာမဘုံ)၌ ဝိညာဉ်သည် တည်၏။ ဤသို့ တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏။

အာနန္ဒာ ရူပဓာတ်(ရူပဘုံ)၌ အကျိုးပေးတတ်သော ကံ မဖြစ်ခဲ့လျှင် ရူပဘဝသည် ထင်ရှား ဖြစ်ပေါ်နိုင်အံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထင်ရှား မဖြစ်ပေါ်နိုင်ပါ။ အာနန္ဒာ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏၊ တဏှာသည် အစေး ရေနှင့် တူ၏။ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည်ဖြစ်၍ တဏှာအနှောင်အဖွဲ့ ရှိကုန်သော သတ္တဝါတို့အား အလယ်အလတ်ဖြစ်သော ရူပဓာတ် (ရူပဘုံ)၌ ဝိညာဉ်သည် တည်၏။ ဤသို့ တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏၊

အာနန္ဒာ အရူပဓာတ် (အရူပဘုံ)၌ အကျိုးပေးတတ်သော ကံမဖြစ်ခဲ့လျှင် အရူပဘဝသည် ထင်ရှား ဖြစ်ပေါ်နိုင်အံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထင်ရှား မဖြစ်ပေါ်နိုင်ပါ။ အာနန္ဒာ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏၊ တဏှာသည် အစေး ရေနှင့် တူ၏။ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည်ဖြစ်၍ တဏှာအနှောင်အဖွဲ့ ရှိကုန်သော သတ္တဝါတို့အား မြတ်သော အရူပဓာတ်(အရူပဘုံ)၌ ဝိညာဉ်သည် တည်၏။ ဤသို့ တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏၊ အာနန္ဒာ ဤသို့လျှင် ဘဝဖြစ်သတည်း ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ ဘဝသုတ်

၇၇။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။ မြတ်စွာဘုရား "အသျှင်ဘုရား ဘဝ ဘဝဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှလောက် အတိုင်း အရှည်ဖြင့် ဘဝဖြစ်ပါသနည်း" ဟု လျှောက်၏။

အာနန္ဒာ ကာမဓာတ် (ကာမဘုံ)၌ အကျိုးပေးတတ်သော ကံ မဖြစ်ခဲ့လျှင် ကာမဘဝသည် ထင်ရှား ဖြစ်ပေါ်နိုင်အံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထင်ရှား မဖြစ်ပေါ်နိုင်ပါ။ အာနန္ဒာ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏၊ တဏှာသည် အစေး ရေနှင့် တူ၏။ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည် ဖြစ်၍ တဏှာအနှောင်အဖွဲ့ ရှိကုန်သော သတ္တဝါတို့အား ယုတ်နိမ့်သော ကာမဓာတ်(ကာမဘုံ)၌ စေတနာသည် တည်၏၊ တောင့်တခြင်းသည် တည်၏။ ဤသို့ တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏။

အာနန္ဒာ ရူပဓာတ်(ရူပဘုံ)၌ အကျိုးပေးတတ်သော ကံ မဖြစ်ခဲ့လျှင် ရူပဘဝသည် ထင်ရှား ဖြစ်ပေါ်နိုင်အံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထင်ရှား မဖြစ်ပေါ်နိုင်ပါ။ အာနန္ဒာ ဤ သို့လျှင် ကံသည် လယ်ယာမြေနှင့်တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏၊ တဏှာသည် အစေး ရေနှင့် တူ၏။ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည် ဖြစ်၍ တဏှာအနှောင်အဖွဲ့ ရှိကုန်သော သတ္တဝါတို့အား အလယ်အလတ်ဖြစ်သော ရူပဓာတ်(ရူပဘုံ)၌ စေတနာသည် တည်၏၊ တောင့်တခြင်းသည် တည်၏။ ဤသို့ တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏။

http://www.dhammadownload.com



အာနန္ဒာ အရူပဘဝ်(အရူပဘုံ)၌ အကျိုးပေးတတ်သော ကံမဖြစ်ပေါ်ခဲ့လျှင် အရူပဘဝသည် ထင်ရှား ဖြစ်ပေါ်နိုင်အံ့သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထင်ရှား မဖြစ်ပေါ်နိုင်ပါ။ အာနန္ဒာ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏၊ တဏှာသည် အစေးရေနှင့် တူ၏။ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည်ဖြစ်၍ တဏှာအနှောင်အဖွဲ့ ရှိကုန်သော သတ္တဝါတို့အား မြတ်သော အရူပဘဝ်(အရူပဘုံ)၌ စေတနာသည် တည်၏၊ တောင့်တခြင်းသည် တည်၏။ ဤသို့တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏။ အာနန္ဒာ ဤသို့လျှင် ဘဝဖြစ်သတည်း ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

---

## ၈-သီလဗ္ဗတသုတ်

၇၈။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည်— "အာနန္ဒာ အသက်ဆံဖျား အားထုတ်အပ်သော အလေ့အကျင့်ရှင်း မြတ်သော အကျင့်ကို ကျင့်သုံးမှုရှင်း အထင်အားဖြင့် ဖြစ်သော အမြတ်တရားရှင်း ထိုအားလုံးသည် (လိုအပ်သော) အကျိုးရှိပါသလော" ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအရာ၌ မှချအားဖြင့် မဖြေဆိုသင့်ပါဟု (လျှောက်၏)။ အာနန္ဒာ သို့ဖြစ်လျှင် ဝေဖန်လော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကြင်သို့သဘောရှိသော အသက်ဆံဖျား အားထုတ်အပ်သော အလေ့အကျင့်, မြတ်သောအကျင့်ကို ကျင့်သုံးမှု အထင်အားဖြင့် ဖြစ်သော အမြတ်တရားတို့ကို မှီဝဲသောသူအား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏။ ဤသို့သဘောရှိသော အသက်ဆံဖျား အားထုတ်အပ်သော အလေ့အကျင့် မြတ်သော အကျင့်ကို ကျင့်သုံးမှု အထင်အားဖြင့် ဖြစ်သော အမြတ်တရားတို့သည် အကျိုး မရှိနိုင်ပါ။ အသျှင်ဘုရား အသက်ဆံဖျား အားထုတ်အပ်သော အလေ့အကျင့် မြတ်သောအကျင့်ကို ကျင့်သုံးမှု အထင်အားဖြင့် ဖြစ်သော အမြတ်တရားတို့ကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ဤသို့သဘောရှိသော အသက်ဆံဖျား အားထုတ်အပ်သော အလေ့အကျင့် မြတ်သောအကျင့်ကို ကျင့်သုံးမှု အထင်အားဖြင့် ဖြစ်သော အမြတ်တရားသည် အကျိုးရှိနိုင်ပါ၏ဟု (လျှောက်၏)။ အသျှင်အာနန္ဒာသည် ဤစကားကို လျှောက်၏၊ မြတ်စွာဘုရားသည် နှစ်သက်တော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် "ငါ့စကားကို မြတ်စွာဘုရား နှစ်သက်တော်မူပါပေသည်"ဟု ထိုင်ရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုလျက် ဖဲခွါသွားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာ ဖဲသွား၍ မကြာမီပင် ရဟန်းတို့ကို "ရဟန်းတို့ အာနန္ဒာကား ကျင့်ဆဲပုဂ္ဂိုလ်'သေက္ခ'သာတည်း၊ ယင်းသို့ ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်ဖြစ်လင့်ကစား ထိုအာနန္ဒာနှင့် ပညာ အရာ ထပ်တူအပ်မျှ တူညီသူကို ရလွယ်သော သဘောရှိသည် မဟုတ်ပေ" ဟု မိန့်တော်မူ၏။

အဋ္ဌမသုတ်၊

http://www.dhammadownload.com



## ၉-ဂန္ဓဇာတသုတ်

၈၀။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခု သောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား —အသျှင်ဘုရား လေအောက်သို့သာ ရနံ့သွား၍ လေညာသို့ ရနံ့မသွားသော နံ့သာမျိုးတို့သည် သုံးမျိုးတို့ပါတည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ— အမြစ်နံ့သာမျိုး အနှစ်နံ့သာမျိုး အပွင့်နံ့သာမျိုးတို့တည်း။ အသျှင်ဘုရား လေအောက်သို့သာ ရနံ့သွား၍ လေညာသို့ ရနံ့မသွားသော နံ့သာမျိုးတို့သည် ဤသုံးမျိုးတို့ပါတည်း။ အသျှင်ဘုရား လေအောက်သို့လည်း သွားနိုင် လေညာသို့လည်း သွားနိုင် လေအောက် လေညာ နှစ်နေရာလုံး သို့လည်း သွားနိုင်သော တစုံတခုသော နံ့သာမျိုးသည် ရှိနိုင်ပါသလောဟု လျှောက်၏။ အာနန္ဒာ လေအောက်သို့လည်း ရနံ့သွားနိုင် လေညာသို့လည်း ရနံ့သွားနိုင် လေအောက် လေညာ နှစ်နေရာလုံးသို့လည်း ရနံ့သွားနိုင်သော တစုံတခုသော နံ့သာမျိုးသည် ရှိ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား လေအောက်သို့လည်း ရနံ့သွားနိုင် လေညာသို့လည်း ရနံ့သွားနိုင် လေအောက် လေညာ နှစ်နေရာလုံးသို့လည်း ရနံ့သွားနိုင်သော တစုံတခုသော နံ့သာမျိုးကား အဘယ်ပါနည်း ဟု (လျှောက်၏)။

အာနန္ဒာ ဤလောကဝယ် အကြင် ရွာနိဂုံး၌ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ သူ့ အသက်သတ်ခြင်း မပေးသည်ကို ယူခြင်း ကာမတို့၌ မှားယွင်းစွာ လွန်ကျူးခြင်း မဟုတ်မမှန် ပြောဆိုခြင်း မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း ဟူသော အညစ်အကြေးမှ ကင်းသော စိတ်ဖြင့် အိမ်ကို အုပ်ချုပ်နေ၏၊ လွတ်လွတ် စွန့်လေ့ရှိ၏၊ ဆေးကြောပြီးသော လက် ရှိ၏၊ စွန့်ကြဲမှု၌ ပျော်ပိုက်၏၊ တောင်းခံသူတို့နှင့် ဆက်စပ်လျက် ရှိ၏၊ ပေးကမ်းခြင်း ဝေဖန်ခြင်း၌ ပျော်ပိုက်၏။

သမဏဗြာဟ္မဏတို့သည် ထိုသူ၏ ဂုဏ်သတင်းကို အရပ်လေးမျက်နှာတို့၌ ပြောဆိုကုန်၏ "ဤ မည်သော ရွာနိဂုံး၌ (ဤမည်သော) ယောကျ်ားသည်၎င်း မိန်းမသည်၎င်း ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ သူ့ အသက်သတ်ခြင်း မပေးသည်ကို ယူခြင်း ကာမတို့၌ မှားယွင်းစွာ လွန်ကျူးခြင်း မဟုတ်မမှန် ပြောဆိုခြင်း မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း ဟူသော အညစ်အကြေးမှ ကင်း သော စိတ်ဖြင့် အိမ်ကို အုပ်ချုပ်နေ၏၊ လွတ်လွတ် စွန့်ကြဲလေ့ရှိ၏၊ ဆေးကြောပြီးသော လက်ရှိ၏၊ စွန့်ကြဲမှု၌ ပျော်ပိုက်၏၊ တောင်းခံသူတို့နှင့် ဆက်စပ်လျက်ရှိ၏၊ ပေးကမ်းခြင်း ဝေဖန်ခြင်း၌ ပျော်ပိုက်၏"ဟု (ပြောဆိုကြကုန်၏)။

နတ်တို့သည်လည်း ထိုသူ၏ ဂုဏ်သတင်းကို ပြောဆို ကြကုန်၏ "ဤမည်သော ရွာနိဂုံး၌ (ဤမည်သော) ယောကျ်ားသည်၎င်း မိန်းမသည်၎င်း ဘုရား တရား သံဃာကို ကိုးကွယ်ဆည်း ကပ်၏၊ သူ့ အသက် သတ်ခြင်း။ပ။ မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်းဟူသော အညစ်အကြေးမှ ကင်း သော စိတ်ဖြင့် အိမ်ကို အုပ်ချုပ်နေ၏၊ လွတ်လွတ် စွန့်ကြဲလေ့ရှိ၏၊ ဆေးကြောပြီးသော လက်ရှိ၏၊ စွန့်ကြဲမှု၌ ပျော်ပိုက်၏၊ တောင်းခံသူတို့နှင့် ဆက်စပ်လျက် ရှိ၏၊ ပေးကမ်းခြင်း ဝေဖန်ခြင်း၌ ပျော်

http://www.dhammadownload.com



ပိုက်၏”ဟု (ပြောဆိုကြကုန်၏)။အာနန္ဒာ လေအောက်သို့လည်း ရနံ့သွားနိုင် လေညာသို့လည်း ရနံ့သွားနိုင် လေအောက် လေညာ နှစ်နေရာလုံးသို့လည်း ရနံ့သွားနိုင်သော နံ့သာမျိုးကား ဤ (ဆိုခဲ့ပြီး သရဏဂုံစသည်နှင့်ပြည့်စုံခြင်း) ဂုဏ်သတင်းပေတည်း။

ပန်းတို့၏ ရနံ့သည် လေညာသို့ မရောက်နိုင်၊ စန္ဒကူး တောင်စလပ် ကြက်ရုံး ပန်းတို့၏ ရနံ့သည်လည်း လေညာသို့ မရောက်နိုင်ကုန်၊ သူတော်ကောင်းတို့၏ ရနံ့သည်ကား လေညာသို့ ရောက်နိုင်၏၊ သူတော်ကောင်းသည်ကား အရပ်ဆယ်မျက်နှာ အားလုံးတို့ကို ဂုဏ်သတင်း ရနံ့ဖြင့် သင်းပြန့်လွှမ်းမိုးနိုင်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-စူဠနိကာသုတ်

၈၁။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—“အသျှင်ဘုရား ဤစကားကို မြတ်စွာဘုရားအထံတော်မှ တပည့်တော် နာကြား မှတ်သားရဘူးပါသည်—‘အာနန္ဒာ သိခီမြတ်စွာဘုရား၏အဘိဘူအမည်ရှိသော သာဝကသည် ဗြဟ္မာ့ဘုံ၌ တည်လျက် လောကဓာတ်ဘထောင်ကို အသံဖြင့် ကြားသိစေနိုင်၏’ ဟု (မှတ်သားရဘူးပါသည်)၊ အသျှင်ဘုရား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား အဘယ်မျှလောက်သော အရပ်ကို အသံတော်ဖြင့် ကြားသိစေရန် စွမ်းနိုင်ပါသနည်း” ဟု လျှောက်၏။ အာနန္ဒာ ထိုအဘိဘူသည် တပည့်သာဝကမျှသာတည်း၊ မြတ်စွာဘုရားတို့သည်ကား မနှိုင်းရှည့်အပ်သော ပုဂ္ဂိုလ်တို့ပေတည်း ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် “အသျှင်ဘုရား ဤစကားကို မြတ်စွာဘုရား အထံတော်မှ တပည့်တော် နာကြား မှတ်သားရဘူးပါသည် ‘အာနန္ဒာ သိခီ မြတ်စွာဘုရား၏ အဘိဘူ အမည်ရှိသော သာဝကသည် ဗြဟ္မာ့ဘုံ၌ တည်လျက် လောကဓာတ်တထောင်ကို အသံဖြင့် ကြားသိစေနိုင်၏’ဟု (မှတ်သားရဘူးပါသည်)၊ အသျှင်ဘုရား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား အဘယ်မျှလောက်သော အရပ်ကို အသံတော်ဖြင့် ကြားသိစေရန် စွမ်းနိုင်ပါသနည်း ဟု” လျှောက်၏။ အာနန္ဒာ ထိုအဘိဘူသည် တပည့်သာဝကမျှသာတည်း၊ မြတ်စွာဘုရားတို့သည်ကား မနှိုင်းရှည့်အပ်သော ပုဂ္ဂိုလ်တို့ ပေတည်း ဟု (မိန့်တော်မူ၏)။

သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် “အသျှင်ဘုရား ဤစကားကို မြတ်စွာဘုရား အထံတော်မှ တပည့်တော် နာကြား မှတ်သားရဘူးပါသည် ‘အာနန္ဒာ သိခီမြတ်စွာဘုရား၏ အဘိဘူ အမည်ရှိသော သာဝကသည် ဗြဟ္မာ့ဘုံ၌ တည်လျက် လောကဓာတ်တထောင်ကို အသံဖြင့် ကြားသိ စေနိုင်၏’ဟု (မှတ်သားရဘူးပါသည်)၊ အသျှင်ဘုရား ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်ကား အဘယ်မျှလောက်သော အရပ်ကို အသံတော်ဖြင့် ကြားသိစေရန် စွမ်းနိုင်ပါသနည်း” ဟု လျှောက်၏။ အာနန္ဒာ (စကြဝဠာ)တထောင်ရှိ စူဠနိကာလောကဓာတ် (လောကဓာတ်ငယ်)ကို သင် ကြားဘူး၏လောဟု

http://www.dhammadownload.com



(မေးတော်မူ၏)။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထို(စူဠနိကာလောကဓာတ်)ကို ဟောချိန် ကန့်ပါပြီ၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ထို(စူဠနိကာ လောကဓာတ်)ကို ဟောချိန် တန်ပါပြီ၊ မြတ်စွာဘုရား ဟောတော်မူမည့် စူဠနိကာလောကဓာတ်ကို မြတ်စွာဘုရား အထံတော်မှ ကြားနာရ၍ ရဟန်းတို့သည် မှတ်သား ဆောင်ထားကြရပါလိမ့်မည်ဟု (လျှောက်၏)။ အာနန္ဒာ သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

အာနန္ဒာ လနေတို့ လှည့်လည်လျက် အရပ်မျက်နှာတို့ ထွန်းလင်းတောက်ပရာ(စကြဝဠာ)တခု အပိုင်းအခြားကို တထောင်ဖြင့် မြှောက်ယူရသော လောကသည် ရှိ၏၊ ထိုလောကဓာတ်တထောင်၌ လ တထောင် နေတထောင် မြင်းမိုရ်တောင်မင်းတထောင် ဇမ္ဗူဒိပ်'တောင်'ကျွန်းတထောင် အပရဂေါယာန 'အနောက်'ကျွန်းတထောင် ဥတ္တရကုရု'မြောက်'ကျွန်းတထောင် ပုဗ္ဗဝိဒေဟ 'အရှေ့'ကျွန်း တထောင် မဟာသမုဒ္ဒရာလေးထောင် နတ်မင်းကြီးလေးထောင် စာတုမဟာရာဇ်နတ်ဘုံတထောင် တာဝတိံသာနတ်ဘုံတထောင် ယာမာနတ်ဘုံတထောင် တုသိတာနတ်ဘုံတထောင် နိမ္မာနရတိ နတ်ဘုံတထောင် ပရနိမ္မိတဝသဝတ္တီနတ်ဘုံတထောင် ဗြဟ္မာ့ဘုံတထောင် ရှိ၏။ အာနန္ဒာ ဤ လောကဓာတ်ကို တထောင်ဖြင့် မြှောက်ခြင်းရှိသော စူဠနိကာလောကဓာတ် ဟု ဆိုအပ်၏။

အာနန္ဒာ တထောင်ဖြင့် မြှောက်ခြင်းရှိသော စူဠနိကာလောကဓာတ်တခု အပိုင်းအခြားကို တထောင်ဖြင့် မြှောက်ယူရသော လောကသည် ရှိ၏။ အာနန္ဒာ ဤလောကဓာတ်ကို နှစ်ကြိမ်မြှောက် တထောင်ဖြင့် မြှောက်ခြင်းရှိသော မဇ္ဈိမိကာလောကဓာတ် ဟု ဆိုအပ်၏။

အာနန္ဒာ နှစ်ကြိမ်မြှောက် တထောင်ဖြင့် မြှောက်ခြင်းရှိသော မဇ္ဈိမိကာလောကဓာတ်တခုကို တထောင်ဖြင့် မြှောက်ယူရသော လောကသည်ရှိ၏၊ အာနန္ဒာ ဤလောကဓာတ်ကို သုံးကြိမ်သုံးခါ ထောင်များစွာ မြှောက်ခြင်းရှိသော မဟာလောကဓာတ် ဟု ဆိုအပ်၏။[၁] အာနန္ဒာ မြတ်စွာဘုရား သည် အလိုတော်ရှိသော် (စကြဝဠာကုဋေတသိန်းရှိ) မဟာလောကဓာတ်ကို အသံဖြင့် ကြားသိစေ နိုင်၏၊ ထို့ထက်အလွန်လည်း အလိုရှိရာ အရပ်အပိုင်းအခြားကို ကြားသိစေနိုင်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် အဘယ်သို့လျှင် စကြဝဠာကုဋေတသိန်းရှိ မဟာလောက ဓာတ်ကို အသံဖြင့် ကြားသိစေတော်မူပါသနည်း၊ ထို့ထက်အလွန်လည်း အလိုရှိရာ အရပ်အပိုင်းအခြား ကို ကြားသိစေနိုင်ပါသနည်း ဟု (လျှောက်၏)။ အာနန္ဒာ မြတ်စွာဘုရားသည် အကြင်အခါ၌ (စကြဝဠာကုဋေတသိန်းရှိ) မဟာလောကဓာတ်ကို အရောင်အလင်းဖြင့် နှံ့စေရာ၏၊ ထိုအခါ ထိုသတ္တဝါတို့သည် ထိုအရောင်အလင်းကို သိကုန်ရာ၏၊ ထို့နောက် မြတ်စွာဘုရားသည် ကြွေးကြော်သံ ကို ပြုရာ၏၊ အသံကို ကြားစေနိုင်ရာ၏။ အာနန္ဒာ ဤသို့လျှင် မြတ်စွာဘုရားသည် (စကြဝဠာကုဋေ တသိန်းရှိ)မဟာလောကဓာတ်ကို အသံဖြင့် ကြားသိစေနိုင်၏၊ ထို့ထက်အလွန်လည်း အလိုရှိရာအရပ် အပိုင်းအခြားကို ကြားသိစေနိုင်၏ ဟု (မိန့်တော်မူ၏)။

---

၁-စကြဝဠာတခုတည်း စကြဝဠာတထောင်ဖြင့် မြှောက် စူဠနိကာလောကဓာတ်တခု ဖြစ်၏။ စူဠနိကာလောကဓာတ်တခု (စကြဝဠာ တထောင်)တည်း စကြဝဠာတထောင်ဖြင့် မြှောက် မဇ္ဈိမိကာလောကဓာတ်တခု (စကြဝဠာ တသန်း) ဖြစ်၏။ မဇ္ဈိမိကာလောကဓာတ်တခု (စကြဝဠာ တသန်း)တည်း စူဠနိကာလောကဓာတ်တထောင် (စကြဝဠာတသန်း)ဖြင့် မြှောက် မဟာလောကဓာတ်တခု (စကြဝဠာ ကုဋေတသိန်း) ဖြစ်၏။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူသော် အသျှင်အာနန္ဒာသည် အသျှင်ဥဒါယီ(လာဠုဒါယီ)မထေရ်အား ဤသို့ ပြောဆို၏— "ငါ့အား အရှေ့တော်လေ့စွတကား ငါသည် ကောင်းစွာ ရအပ်ပေသည်တကား၊ငါ၏ဆရာ မြတ်စွာဘုရားသည် ဤသို့ တန်ခိုးအာနုဘော် ရှိပါပေသည်"ဟု (ဆို၏)။ အသျှင်အာနန္ဒာ ဤသို့ ဆိုသော် ဥဒါယီသည် အသျှင် အာနန္ဒာအား "ငါ့သျှင်အာနန္ဒာ သင်၏ဆရာ မြတ်စွာဘုရားသည် ဤသို့ ကြီးသော တန်ခိုးအာနုဘော် ရှိခြင်းသည် သင့်အား အဘယ်အကျိုး ရှိပါသနည်း"ဟု(ဆို၏)။ ဤသို့ ဆိုသော် အသျှင်ဥဒါယီအား မြတ်စွာဘုရားသည် "ဥဒါယီ ဤစကားကို မဆိုလင့်၊ ဥဒါယီ ဤစကားကို မဆိုလင့်။ ဥဒါယီ အာနန္ဒာသည် တပ်မက်ခြင်း ရာဂမကင်းသေးပဲ အကယ်၍ သေသွားခဲ့လျှင် (ငါဘုရား၌) ကြည်ညိုနေသော ထိုစိတ်ကြောင့် ခုနစ်ကြိမ်ဘိုင်တိုင် နတ်ပြည်တို့၌ နတ်မင်း ဖြစ်နိုင်၏၊ ခုနစ်ကြိမ်တိုင်တိုင် ဤဇမ္ဗူဒိပ်ကျွန်း၌ပင် ကြီးမြတ်သော စကြဝတေးမင်း ဖြစ်နိုင်၏။ ဥဒါယီ စင်စစ်သော်ကား အာနန္ဒာသည် ယခုဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့"ဟု မိန့်တော်မူ၏။

ဒသမသုတ်။

သုံးခုမြောက် အာနန္ဒဝဂ် ပြီး၏။

## (၉) ၄-သမဏဝဂ် ၁-သမဏသုတ်

၈၂။ ရဟန်းတို့ ရဟန်း၏ ဥစ္စာဖြစ်ကုန်သော ရဟန်းတို့ ပြုရမည့် ကိစ္စတို့သည် ဤသုံးမျိုး တို့တည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အဓိသီလသိက္ခာကို ဆောက်တည်ခြင်း၊အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း၊ အဓိပညာသိက္ခာကို ဆောက်တည်ခြင်း တို့တည်း။ ရဟန်းတို့ ရဟန်း၏ ဥစ္စာ ဖြစ်ကုန်သော ရဟန်းတို့ ပြုရမည့် ကိစ္စတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌— "အဓိသီလသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့၊ အဓိစိတ္တသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့၊ အဓိပညာသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒ ဖြစ်လတ္တံ့"ဟု ဤအတိုင်းသာ သင့်တို့ ကျင့်ကြရမည်။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ကြရမည် ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဂဒြဘသုတ်

၈၃။ ရဟန်းတို့ မြည်းသည် "ငါသည်လည်း နွားတည်း ငါသည်လည်း နွားတည်း"ဟု (ထင်မှတ်လျက်)နွားအုပ်သို့ နောက်မှ နောက်မှ လိုက်၏၊ ထိုမြည်းအား နွားတို့၏ အဆင်းကဲ့သို့သော အဆင်းမျိုးလည်း မရှိ၊ နွားတို့၏ အသံကဲ့သို့သော အသံမျိုးလည်း မရှိ၊ နွားတို့၏ ခွါကဲ့သို့သော ခွါမျိုးလည်း မရှိ၊ ထိုမြည်း သည် "ငါသည်လည်း နွားတည်း ငါသည်လည်း နွားတည်း"ဟု ထင်မှတ်လျက် နွားအုပ်သို့ နောက်မှ နောက်မှ လိုက်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် "ငါသည်လည်း ရဟန်းတည်း ငါသည်လည်း ရဟန်းတည်း" ဟု

http://www.dhammadownload.com



ရဟန်းသံဃာသို့ နောက်မှ နောက်မှ လိုက်၏၊ထိုရဟန်းအား အဓိသီလသိက္ခာကို ဆောက်တည်ရာ၌ တပါးသော ရဟန်းတို့၏ ထက်သန်သော ဆန္ဒကဲ့သို့သော ဆန္ဒမျိုးလည်း မရှိ၊ အဓိစိတ္တသိက္ခာကို ဆောက်တည်ရာ၌ တပါးသော ရဟန်းတို့၏ ထက်သန်သော ဆန္ဒကဲ့သို့သော ဆန္ဒမျိုးလည်း မရှိ၊ အဓိပညာသိက္ခာကို ဆောက်တည်ရာ၌ တပါးသော ရဟန်းတို့၏ ထက်သန်သော ဆန္ဒကဲ့သို့သော ဆန္ဒ မျိုးလည်း မရှိ၊ ထိုရဟန်းသည် "ငါသည်လည်း ရဟန်းတည်း ငါသည်လည်း ရဟန်းတည်း"ဟု ရဟန်းသံဃာသို့ နောက်မှ နောက်မှ လိုက်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ — "အဓိသီလသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့၊ အဓိစိတ္တသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့၊ အဓိပညာသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့" ဟု ဤအတိုင်းသာ သင်တို့ ကျင့်ကြရမည်။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ကြရမည် ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၁-ခေတ္တသုတ်

၈၄။ ရဟန်းတို့ အိမ်ရှင်ယောကျ်ား လယ်သမား၏(မျိုးစေ့မချမီ) ရှေးအဖို့၌ ပြုလုပ်ဖွယ်တို့သည် ဤ သုံးမျိုးတို့တည်း။အဘယ်သုံးမျိုးတို့နည်း ဟူမူ–ရဟန်းတို့ ဤလောက၌ အိမ်ရှင်ယောကျ်ား လယ်သမားသည် ရှေးဦးစွာသာလျှင် လယ်ကို ကောင်းစွာ ထွန်ယက်၍ မြေကို ညီညီညွတ်ညွတ် ပြု၏၊ ရှေးဦးစွာသာလျှင် လယ်ကို ကောင်းစွာ ထွန်ယက်၍ မြေကို ညီညီညွတ်ညွတ် ပြုပြီးလျှင် သင့်လျော်သော အချိန်၌ မျိုးစေ့တို့ကို ကြဲချ၏၊သင့်လျော်သော အချိန်၌ မျိုးစေ့တို့ကို ကြဲချပြီးလျှင် အချိန်အခါအားလျော်စွာ ရေကို သွင်းလည်း သွင်း၏၊ ထုတ်လည်း ထုတ်၏။ ရဟန်းတို့ အိမ်ရှင် ယောကျ်ား လယ်သမား၏ (မျိုးစေ့မချမီ) ရှေးအဖို့၌ ပြုလုပ်ဖွယ်တို့သည် ဤသုံးမျိုးတို့တည်း။ရဟန်းတို့ ဤအတူသာလျှင် ရဟန်းအား ရှေးအဖို့၌ ပြုလုပ်ဖွယ်တို့သည် ဤသုံးမျိုးတို့ပေတည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အဓိသီလသိက္ခာကို ဆောက်တည်ခြင်း အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း အဓိပညာသိက္ခာကို ဆောက်တည်ခြင်းတို့တည်း။ ရဟန်းတို့ ရဟန်းအား ရှေးအဖို့၌ ပြုလုပ်ဖွယ်တို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌—"အဓိသီလသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့၊ အဓိစိတ္တသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့၊ အဓိပညာသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့" ဟု ဤအတိုင်းသာ သင်တို့ ကျင့်ကြရမည်။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ကြရမည် ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဝဇ္ဇီပုတ္တသုတ်

၈၅။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ဝဇ္ဇီမင်းသား ရဟန်းတပါးသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤသိက္ခာပုဒ် တရာ့ငါးဆယ်ကျော်သည်[၁] လခွဲတကြိမ် အကျဉ်းပြခြင်းသို့ ရောက်၏၊ အသျှင်ဘုရား တပည့်တော်သည် ဤသိက္ခာပုဒ်တို့၌ ကျင့်သုံးရန်မစွမ်းနိုင်ပါ" ဟုလျှောက်၏။ ရဟန်း သို့ဖြစ်လျှင် သင်သည် အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ သုံးပါးတို့၌ ကျင့်နိုင်မည်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်သည် ထိုအဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးတို့၌ကား ကျင့်နိုင်ပါ၏ ဟု (လျှောက်၏)။

ရဟန်း ထို့ကြောင့် သင်သည် ဤသာသနာတော်၌အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးတို့၌ ကျင့်လေလော့၊ ရဟန်း သင်သည် အဓိသီလသိက္ခာကိုရင်း အဓိစိတ္တသိက္ခာကိုရင်း အဓိပညာသိက္ခာကိုရင်း ကျင့်သော ကြောင့် သင့်အား ရာဂ ဒေါသ မောဟ (အလိုလို) ပျောက်ကင်းလိမ့်မည်၊ ထိုသင်သည် ရာဂ ဒေါသ မောဟ(အလိုလို)ပျောက်ကင်းခြင်းကြောင့် အကုသိုလ်ကို ပြုလိမ့်မည် မဟုတ်၊ မကောင်းမှုကိုလည်း မှီဝဲလိမ့်မည် မဟုတ် ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုရဟန်းသည် နောက်အခါ၌ အဓိသီလသိက္ခာကိုလည်း ကျင့်၏၊ အဓိစိတ္တသိက္ခာကိုလည်း ကျင့်၏၊ အဓိပညာသိက္ခာကိုလည်း ကျင့်၏၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးကို ကျင့်သော ထိုရဟန်းအား ရာဂပျောက်ကင်းလေပြီ၊ ဒေါသပျောက်ကင်းလေပြီ၊ မောဟပျောက်ကင်းလေပြီ။ ထိုရဟန်းသည် ရာဂ ဒေါသ မောဟပျောက်ကင်းလေသောကြောင့် အကုသိုလ်ကို မပြုလုပ်ပြီ။ မကောင်းမှုကိုလည်း မမှီဝဲပြီ။

စတုတ္ထသုတ်။

## ၅-သေက္ခသုတ်

၈၆။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင်မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား သေက္ခ သေက္ခ ဟု ဆို၏၊ အသျှင်ဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် သေက္ခ ဖြစ်နိုင်ပါသနည်း" ဟု လျှောက်၏။ ရဟန်း ကျင့်ဆဲဖြစ်သောကြောင့် သေက္ခ ဟု ဆိုအပ်၏၊ အဘယ်တရားကို ကျင့်သနည်း၊ အဓိသီလကိုလည်း ကျင့်တတ်၏၊ အဓိစိတ္တကိုလည်း ကျင့်တတ်၏၊ အဓိပညာကိုလည်း ကျင့်တတ်၏။ ရဟန်း ထို့ကြောင့် သေက္ခ ဟု ဆိုအပ်၏။

မဂ် ဟူသော လမ်းဖြောင့်သို့ အစဉ်လျှောက်လျက် ကျင့်သော သေက္ခပုဂ္ဂိုလ်အား ကိလေသာတို့ကို ကုန်ခန်းစေတတ်သော တရား (မဂ်)၌ ရှေးဦးစွာ ဉာဏ် ဖြစ်ပေါ်၏၊ ထိုတရား (မဂ်)၏ အခြားမဲ့၌ အရဟတ္တဖိုလ် ဖြစ်ပေါ်၏။

---

၁-- ဤသုတ်ဒေသနာကို ဟောချိန်၌ ပါတိမောက်သိက္ခာပုဒ်ပေါင်း ၁၅၀ ကျော်မျှသာ ပညတ်ရသေးသည်၊ ထို့ကြောင့် ပါတိမောက်လာအတိုင်း ၂၂၇ သွယ်သော သိက္ခာပုဒ်ဟု မဆိုပဲ- ပညတ်ပြီးရှိမျှ ဖြစ်သော သိက္ခာပုဒ် ၁၅၀ ကျော်ကို ရည်၍ "သာဓိက မိဒံ ဘန္တေ ဒိယဍ္ဎသိက္ခာပဒသတံ" ဟုဟောတော်မူသတည်း။

http://www.dhammadownload.com



ထိုအရဟတ္တဖိုလ်၏ အခြားမဲ့၌ တာဒိဂုဏ်နှင့် ပြည့်စုံသော အရဟတ္တဝိမုတ္တိဖြင့် (ကိလေသာတို့မှ)လွတ်ပြီးသော အသျှင်အား ဘဝသံယောဇဉ်၏ ကုန်ရာ၌ ငါ၏ အရဟတ္တဖိုလ်သည် မပျက်စီးနိုင်ပြီ ဟု (ဤသို့သော ပစ္စဝေက္ခဏာ) ဉာဏ်သည် စင်စစ် ဖြစ်ပေါ်လာ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၆-ပဌမ သိက္ခာသုတ်

၇၇။ ရဟန်းတို့ ဤသိက္ခာပုဒ် တရာ့ငါးဆယ်ကျော်သည် လခွဲတကြိမ် အကျဉ်းပြခြင်းသို့ ရောက်၏၊ ယင်း သိက္ခာပုဒ်တို့၌ မိမိအကျိုးစီးပွါးကို လိုလားသော အမျိုးသားတို့သည် ကျင့်ကုန်၏။ ရဟန်းတို့ အကျင့်'သိက္ခာ'တို့ ဟူသည် ဤသုံးမျိုးတို့ ပေတည်း၊ ယင်း သိက္ခာသုံးမျိုးတို့၌ ထို သိက္ခာပုဒ် အလုံးစုံသည် အကျုံးဝင်၏။ အဘယ်သုံးမျိုးတို့ နည်းဟူမူ— အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာတို့တည်း။ ရဟန်းတို့ အကျင့် 'သိက္ခာ'တို့သည် ဤသုံးမျိုးတို့တည်း၊ ယင်း သိက္ခာသုံးမျိုးတို့၌ ထို သိက္ခာပုဒ် အလုံးစုံသည် အကျုံးဝင်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့်စုံစုံ ပြုလေ့ရှိ၏၊ သမာဓိ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏၊ ပညာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏၊ ထိုရဟန်းသည် ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ် 'အာပတ်'တို့သို့ သင့်လည်း သင့်ရောက်၏၊ (ထိုအာပတ်တို့မှ)ထလည်း ထ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ဤအာပတ်သင့်ခြင်း [၁] အာပတ်မှ ထခြင်း၌ (အရိယာ ပုဂ္ဂိုလ်အား) မထိုက်သည်၏အဖြစ်ကို ငါ မဟော အပ်သောကြောင့် တည်း။ (အရိယာမဂ်ဟူသော) မြတ်သောအကျင့်၏ အစဖြစ်ကုန် (အရိယာမဂ်ဟူသော) မြတ်သော အကျင့်အား လျောက်ပတ်ကုန်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲသော သီလလည်းရှိ၏၊ တည်တံ့သော သီလလည်းရှိ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် သုံးပါးသော သံယောဇဉ်'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် သောတာပန် ဖြစ်၏၊ အပါယ်သို့ ကျရောက်ခြင်း သဘော မရှိ၊ ကိန်းသေ မြဲ၏၊ အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိ၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ သမာဓိ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏၊ ပညာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏။ ထိုရဟန်းသည် ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ် 'အာပတ်'တို့သို့ သင့်လည်း သင့်ရောက်၏၊ (ထိုအာပတ်တို့မှ)ထလည်း ထ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ဤအာပတ်သင့်ခြင်း အာပတ်မှ ထခြင်း၌ (အရိယာပုဂ္ဂိုလ်အား)မထိုက်သည်၏အဖြစ်ကို ငါမဟော အပ်သောကြောင့်တည်း။ (အရိယာမဂ် ဟူသော) မြတ်သောအကျင့်၏ အစဖြစ်ကုန် (အရိယာမဂ်ဟူသော)မြတ်သောအကျင့်အား လျောက်ပတ်ကုန်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲသော သီလ

---

၁-အာပတ်မသင့်ထိုက်ကြောင်းကို မဟောဟုဆိုသဖြင့် အာပတ်သင့်ထိုက်ကြောင်းကို ဟောသည်ဟု အဓိပ္ပါယ်ရသည်၊ ထို့ကြောင့် ရဟန္တာများသည် လောကပြစ် အာပတ်မျိုးသာ မသင့်၊ မမှုပြစ် အာပတ်ကြီး အာပတ်ငယ်များ သင့်ကြသေးသည်ကို အဋ္ဌကထာအစောင်စောင်တို့ ဖွင့်သည်၊ ဝိနည်း၌ကား သာ၍ ထင်ရှားစုံလင်သည်။

http://www.dhammadownload.com



လည်း ရှိ၏၊တည်တံ့သော သီလလည်း ရှိ၏၊သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ထိုရဟန်းသည် သုံးပါးသော သံယောဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် သကဒါဂါမိဖြစ်၏၊တပ်မက်ခြင်း'ရာဂ' ပြစ်မှားခြင်း'ဒေါသ' တွေဝေခြင်း 'မောဟ'တို့၏ ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ သမာဓိ၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ ပညာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏၊ ထိုရဟန်းသည် ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ် 'အာပတ်'တို့သို့ သင့်လည်း သင့်ရောက်၏၊ (ထိုအာပတ်တို့မှ) ထလည်း ထ၏။ ထိုသို့ ဖြစ်ရခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ဤအာပတ်သင့်ခြင်း အာပတ်မှ ထခြင်း၌(အရိယာပုဂ္ဂိုလ်အား) မထိုက်သည်၏အဖြစ်ကို ငါ မဟောအပ်သောကြောင့်တည်း။ (အရိယာမဂ်ဟူသော) မြတ်သော အကျင့်၏ အစဖြစ်ကုန် (အရိယာမဂ်ဟူသော) မြတ်သောအကျင့်အား လျောက်ပတ်ကုန်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲသော သီလလည်း ရှိ၏၊တည်တံ့သော သီလလည်း ရှိ၏၊သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ထိုရဟန်းသည် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း)အဖို့ရှိကုန်သော ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အနာဂါမိ ဖြစ်၏၊ ဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေနေသူ ဖြစ်၏၊ ထို(ဘုံ)၌သာလျှင် ပရိနိဗ္ဗာန် ပြု၏၊ ထို(ဘုံ)မှ ပြန်လည်ခြင်း သဘောမရှိ။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊သမာဓိ၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ ပညာ၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏။ ထိုရဟန်းသည် ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ်'အာပတ်'တို့သို့ သင့်လည်း သင့်ရောက်၏၊ (ထိုအာပတ်တို့မှ) ထလည်း ထ၏။ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ရဟန်းတို့ ဤအာပတ်သင့်ခြင်း အာပတ်မှထခြင်း၌ (အရိယာပုဂ္ဂိုလ်အား) မထိုက်သည်၏အဖြစ်ကို ငါ မဟောအပ်သောကြောင့်တည်း။ (အရိယာမဂ်ဟူသော) မြတ်သော အကျင့်၏ အစဖြစ်ကုန် (အရိယာမဂ်ဟူသော)မြတ်သော အကျင့်အား လျောက်ပတ်ကုန်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲသော သီလလည်း ရှိ၏၊ တည်တံ့သော သီလလည်း ရှိ၏၊သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်ဖြင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေသော ရဟန္တာ ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် တစိတ်တဒေသ (အောက်မဂ်)ကို ပြုလေ့ရှိသော (သောတာပန် သကဒါဂါမိ အနာဂါမိ)ပုဂ္ဂိုလ်သည် တစိတ်တဒေသ (အောက်မဂ်)ကို ပြီးစေ၏၊ အပြည့်အစုံ(အရဟတ္တဖိုလ်)ကို ပြုလေ့ရှိသော (ရဟန္တာ)ပုဂ္ဂိုလ်သည် အပြည့်အစုံ(အရဟတ္တဖိုလ်)ကို ပြီးစေ၏။ ရဟန်းတို့ ဤသိက္ခာပုဒ်တို့ကို မမြုံ 'အချည်းနှီးမဟုတ်'ကုန် ဟူ၍သာလျှင် ငါဆို၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ သိက္ခာပုဒ်

၈၈။ ရဟန်းတို့ ဤသိက္ခာပုဒ် တရာ့ငါးဆယ်ကျော်သည် လခွဲတကြိမ် အကျဉ်းပြခြင်းသို့ ရောက်၏၊ ယင်းသိက္ခာပုဒ်တို့၌ မိမိအစီးအပွါးကို လိုလားသော အမျိုးသားတို့သည် ကျင့်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ အကျင့်'သိက္ခာ'တို့သည် ဤသုံးမျိုးတို့တည်း၊ ယင်းသိက္ခာသုံးမျိုးတို့၌ ထိုသိက္ခာပုဒ် အလုံးစုံသည် အကျုံးဝင်၏။ အဘယ်သုံးမျိုး တို့နည်း -မှုမူ— အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာတို့တည်း။ ရဟန်းတို့ အကျင့်'သိက္ခာ'တို့သည် ဤသုံး မျိုးတို့တည်း၊ ယင်းသိက္ခာ သုံးမျိုးတို့၌ ထိုသိက္ခာပုဒ်အလုံးစုံသည် အကျုံးဝင်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ သမာဓိ၌ အသင်းအရှည်အားဖြင့် ပြုလေ့ရှိ၏၊ ပညာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏။ ထိုရဟန်းသည် ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ် 'အာပတ်'တို့သို့ သင့်လည်း သင့်ရောက်၏၊ (ထိုအာပတ်တို့မှ) ထလည်း ထ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ဤ အာပတ်သင့်ခြင်း အာပတ်မှ ထခြင်း၌ (အရိယာပုဂ္ဂိုလ်အား) မထိုက်သည်၏ အဖြစ်ကို ငါမဟောအပ်သောကြောင့်တည်း။ (အရိယာမဂ်ဟူသော)မြတ်သောအကျင့်၏ အစဖြစ်ကုန် (အရိယာမဂ်ဟူသော) မြတ်သောအကျင့်အား လျော်ကပ်ကုန်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲသော သီလလည်း ရှိ၏၊ တည်တံ့သော သီလလည်း ရှိ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏၊ ထိုရဟန်းသည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ခုနစ်ကြိမ် ပဋိသန္ဓေနေရခြင်း အတိုင်းအရှည်ရှိသော'သတ္တက္ခတ္တုပရမ'သောတာပန် ဖြစ်၏၊ လူ့ပြည်၌ဖြစ်စေ နတ်ပြည်၌ဖြစ်စေ ခုနစ်ကြိမ် အတိုင်းအရှည် ပြေးသွား ကျင်လည်ရလျက် ဒုက္ခအဆုံးကို ပြု၏။ ထိုပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် တဘဝမှ တဘဝသို့ ကျင်လည်ပြေးသွားသော သဘောရှိသော'ကောလံကောလ'သောတာပန် ဖြစ်၏၊ နှစ်ဘဝတို့သို့ဖြစ်စေ သုံးဘဝတို့သို့ဖြစ်စေ ပြေးသွား ကျင်လည်ရလျက် ဒုက္ခအဆုံးကို ပြု၏။ ထိုပုဂ္ဂိုလ်သည် သုံးပါးသောသံယောဇဉ်'အနှောင်ဖွဲ့'တို့၏အကြွင်းမဲ့ကုန်ခြင်းကြောင့် တဘဝပဋိသန္ဓေတည်နေရသော 'ဧကဗီဇီ'သောတာပန် ဖြစ်၏၊ လူ့ပြည်၌ တဘဝသာလျှင် ဖြစ်ရ၍ ဒုက္ခအဆုံးကို ပြု၏။ သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်လည်းကောင်း တပ်မက်ခြင်း 'ရာဂ' ပြစ်မှားခြင်း'ဒေါသ' တွေဝေခြင်း'မောဟ'တို့၏ ခေါင်းပါးခြင်းကြောင့်လည်းကောင်း သကဒါဂါမ်ဖြစ်၏၊ တကြိမ်သာလျှင် ဤလူ့ဘုံသို့ ပြန်လာ၍ ဒုက္ခအဆုံးကို ပြု၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ သမာဓိ၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ ပညာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏။ ထိုရဟန်းသည် ငယ်ကုန် အလွန်ငယ်ကုန်သော သိက္ခာပုဒ်'အာပတ်'တို့သို့ သင့်လည်း သင့်ရောက်၏၊ (ထိုအာပတ်တို့မှ) ထလည်း ထ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့ထိုသိက္ခာပုဒ်တို့၌ အာပတ်သင့်ခြင်းအာပတ်မှ ထခြင်း၌(အရိယာပုဂ္ဂိုလ်အား)မထိုက်သည်၏ အဖြစ်ကို ငါမဟောအပ် သောကြောင့်တည်း။ (အရိယာမဂ် ဟူသော) မြတ်သော အကျင့်၏ အစဖြစ်ကုန် (အရိယာမဂ် ဟူသော)မြတ်သောအကျင့်အား လျော်ကပ်ကုန်သော ထိုသိက္ခာပုဒ်တို့၌ ခိုင်မြဲသောသီလလည်း ရှိ၏၊ တည်တံ့သော သီလလည်း ရှိ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသောသံယောဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အထက်ဘုံသို့ ဆောင်တတ်သော အယဉ်'တဏှာသောတ'ရှိသော အကနိဋ္ဌဘုံသို့ ရောက်စေတတ်သော 'ဥဒ္ဓံသောတ အကနိဋ္ဌ ဂါမီ' အနာဂါမ်ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် အောက်(ကာမဘုံ)၌(ပဋိသန္ဓေနေခြင်း)အဖို့ရှိသည့် ငါးပါးသော သံယောဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့

http://www.dhammadownload.com



ကုန်ခြင်းကြောင့်(ဝိပဿနာဉာဏ်ဟူသော)တိုက်တွန်းခြင်း ရှိသဖြင့် ပရိနိဗ္ဗာန်ပြုသော 'သသင်္ခါရ ပရိနိဗ္ဗာယီ'အနာဂါမ် ဖြစ်၏။ ထိုရဟန်းသည် အောက် (ကာမဘုံ)၌(ပဋိသန္ဓေနေခြင်း)အဖို့ရှိသော ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ ကုန်ခြင်းကြောင့် (ဝိပဿနာဉာဏ် ဟူသော) တိုက်တွန်းခြင်း မရှိပဲ ပရိနိဗ္ဗာန် ပြုသော 'အသင်္ခါရ ပရိနိဗ္ဗာယီ' အနာဂါမ် ဖြစ်၏။ ထိုရဟန်းသည် အောက် (ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် (အသက်အပိုင်းအခြား၏ ထက်ဝက်ကို)လွန်၍ ပရိနိဗ္ဗာန်ပြုသော'ဥပဟစ္စပရိနိဗ္ဗာယီ'အနာဂါမ် ဖြစ်၏။ထိုပုဂ္ဂိုလ်သည် အောက် (ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် (အသက်အပိုင်းအခြား၏)အလယ်ကြား၌ ပရိနိဗ္ဗာန်ပြုသော 'အန္တရာပရိနိဗ္ဗာယီ'အနာဂါမ် ဖြစ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ သမာဓိ၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ ပညာ၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ ထိုရဟန်းသည် ငယ်ကုန် အလွန် ငယ်ကုန်သော သိက္ခာပုဒ် 'အာပတ်'တို့သို့ သင့်လည်း သင့်ရောက်၏၊ ထို(အာပတ်တို့မှ) ထလည်း ထ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ထိုအာပတ်သင့်ခြင်း အာပတ်မှ ထခြင်း၌ (အရိယာပုဂ္ဂိုလ်အား) မထိုက်သည်၏ အဖြစ်ကို ငါမဟောအပ်သောကြောင့် တည်း။ (အရိယာမဂ် ဟူသော) မြတ်သော အကျင့်၏ အစဖြစ်ကုန် (အရိယာမဂ် ဟူသော) မြတ် သောအကျင့်အား လျောက်ပတ်ကုန်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲသော သီလလည်း ရှိ၏၊ တည်တံ့ သောသီလလည်း ရှိ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက် သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ရဟန်းတို့ ဤသို့လျှင် တစိတ်တဒေသ(အောက်မဂ်)ကို ပြုလေ့ရှိသော(သောတာပန် သကဒါဂါမ် အနာဂါမ်) ပုဂ္ဂိုလ်သည် တစိတ်တဒေသ (အောက်မဂ်)ကို ပြီးစေ၏။အပြည့်အစုံ (အရ ဟတ္တမဂ်)ကို ပြုလေ့ရှိသော ပုဂ္ဂိုလ်သည် အပြည့်အစုံ (အရဟတ္တဖိုလ်)ကို ပြီးစေ၏။ ရဟန်းတို့ သိက္ခာပုဒ်တို့ကို မမြုံ'အချည်းနှီးမဟုတ်'ကုန် ဟူ၍ သာလျှင် ငါဆို၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-တတိယ သိက္ခာသုတ်

၈၉။ ရဟန်းတို့ ဤသိက္ခာပုဒ် တရာ့ငါးဆယ်ကျော်သည် လခွဲတကြိမ် အကျဉ်းပြခြင်းသို့ ရောက်၏၊ ယင်းသိက္ခာပုဒ်တို့၌ မိမိအစီးအပွါးကို လိုလားသော အမျိုးသားတို့သည် ကျင့်ကုန်၏။ ရဟန်းတို့ အကျင့်'သိက္ခာ'တို့သည် ဤသုံးမျိုးတို့တည်း။ ယင်းသိက္ခာသုံးမျိုးတို့၌ ထိုသိက္ခာပုဒ် အလုံး စုံသည် အကျုံးဝင်၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာ သိက္ခာတို့တည်း။ ရဟန်းတို့ အကျင့်'သိက္ခာ'တို့သည် ဤသုံးမျိုးတို့တည်း၊ ယင်းသိက္ခာ သုံးမျိုးတို့၌ ထိုသိက္ခာပုဒ် အလုံးစုံသည် အကျုံးဝင်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလတို့၌ ပြည့်ပြည့် စုံစုံ ပြုလေ့ရှိ၏၊ သမာဓိ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏၊ ပညာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိ၏။ ထိုရဟန်းသည်

http://www.dhammadownload.com



ယော်ကုန် အလွန်ယော်ကုန်သော သိက္ခာပုဒ် 'အာပတ်' တို့သို့ သင့်လည်း သင့်ရောက်၏၊ (ထိုအာပတ်တို့မှ) ထလည်း ထ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ဤအာပတ်သင့်ခြင်း အာပတ်မှ ထခြင်း၌ (အရိယာပုဂ္ဂိုလ်အား)မထိုက်သည်၏ အဖြစ်ကို ငါမဟောအပ်သောကြောင့်တည်း။ (အရိယာမဂ် ဟူသော)မြတ်သော အကျင့်၏ အစဖြစ်ကုန် (အရိယာမဂ်ဟူသော)မြတ်သော အကျင့်အား လျော်ကပ်ကုန်သော သိက္ခာပုဒ်တို့၌ ခိုင်မြဲသော သီလလည်း ရှိ၏၊ တည်တံ့သော သီလလည်း ရှိ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ထိုရဟန်းသည် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ထိုအရဟတ္တဖိုလ်သို့ မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည်ရှိသော်အောက်(ကာမဘုံ)၌(ပဋိသန္ဓေနေခြင်း)အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် (အသက်အပိုင်းအခြား၏) အလယ်ကြား၌ ပရိနိဗ္ဗာန်ပြုသော 'အန္တရာပရိနိဗ္ဗာယီ'အနာဂါမ် ဖြစ်၏။ ထိုအရဟတ္တဖိုလ်သို့မူလည်း မရောက်နိုင်၊ ထိုးထွင်း၍ မသိနိုင်သည်ရှိသော် အောက် (ကာမဘုံ) ၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသောသံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် (အသက်အပိုင်းအခြား၏) ထက်ဝက်ကို လွန်၍ ပရိနိဗ္ဗာန်ပြုသော 'ဥပဟစ္စပရိနိဗ္ဗာယီ' အနာဂါမ် ဖြစ်၏။ ထို အရဟတ္တဖိုလ်သို့မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည်ရှိသော် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသောသံယောဇဉ် 'အနှောင်အဖွဲ့တို့၏' အကြွင်းမဲ့ ကုန်ခြင်းကြောင့် (ဝိပဿနာဉာဏ် ဟူသော)တိုက်တွန်းခြင်း မရှိပဲ ပရိနိဗ္ဗာန်ပြုသော 'အသင်္ခါရပရိနိဗ္ဗာယီ' အနာဂါမ် ဖြစ်၏။ ထိုအရဟတ္တဖိုလ်သို့မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည်ရှိသော် အောက် (ကာမဘုံ) ၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် (ဝိပဿနာဉာဏ် ဟူသော)တိုက်တွန်းခြင်းရှိသဖြင့် ပရိနိဗ္ဗာန်ပြုသော 'သသင်္ခါရပရိနိဗ္ဗာယီ'အနာဂါမ် ဖြစ်၏။ ထိုအရဟတ္တဖိုလ်သို့မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည် ရှိသော် အောက်(ကာမဘုံ)၌(ပဋိသန္ဓေနေခြင်း)အဖို့ရှိသည့် ငါးပါးသော သံယောဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အထက်ဘုံသို့ ဆောင်တတ်သောအယဉ်'တဏှာသောတ'ရှိသော အကနိဋ္ဌဘုံသို့ ရောက်စေတတ်သော 'ဥဒ္ဓံသောတအကနိဋ္ဌဂါမီ' အနာဂါမ် ဖြစ်၏။ ထိုအရဟတ္တဖိုလ်သို့မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည်ရှိသော် သုံးပါးသောသံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်၎င်း တပ်မက်ခြင်း'ရာဂ' ပြစ်မှားခြင်း 'ဒေါသ' တွေဝေခြင်း'မောဟ'တို့၏ ခေါင်းပါးခြင်းကြောင့်၎င်း သကဒါဂါမ် ဖြစ်၏၊တကြိမ်သာလျှင် ဤလူ့ဘုံသို့ ပြန်လာ၍ ဒုက္ခအဆုံးကို ပြု၏။ထိုအရဟတ္တဖိုလ်သို့မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည်ရှိသော် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် တဘဝ ပဋိသန္ဓေ တည်နေရသော 'ဧကဗီဇီ' သောတာပန် ဖြစ်၏။ လူ့ပြည်၌ တဘဝသာလျှင် ဖြစ်ရ၍ ဒုက္ခ အဆုံးကို ပြု၏။ ထိုအရဟတ္တဖိုလ်သို့မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည်ရှိသော် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် တဘဝမှ တဘဝသို့ ကျင်လည်ပြေးသွားသော သဘောရှိသော 'ကောလံကောလ'သောတာပန် ဖြစ်၏။ နှစ်ဘဝတို့သို့၎င်း သုံးဘဝတို့သို့၎င်း ပြေးသွားကျင်လည် ရလျက် ဒုက္ခအဆုံးကို ပြု၏။ထိုအရဟတ္တဖိုလ်သို့ မူလည်း မရောက်နိုင် ထိုးထွင်း၍ မသိနိုင်သည်ရှိသော် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ခုနစ်ကြိမ် ပဋိသန္ဓေ နေရခြင်း အတိုင်းအရှည်ရှိသော 'သတ္တက္ခတ္တုပရမ' သောတာပန် ဖြစ်၏။ လူ့ပြည်၌၎င်း နတ်ပြည်

http://www.dhammadownload.com



၌ရှင်း ခုနစ်ကြိမ် အဘိုင်းအရှည် ပြေးသွားကျင်လည်ရလျက် ဒုက္ခအဆုံးကို ပြု၏။ ရဟန်းတို့ ဤသို့လျှင် အပြည့်အစုံ (အရဟတ္တဖိုလ်)ကို ပြုလေ့ရှိသော သူသည် အပြည့်အစုံ (အရဟတ္တဖိုလ်)ကို ပြီးစေ၏။ တစိတ်တဒေသ (အောက်မဂ်)ကို ပြုလေ့ရှိသော(သောတာပန် သကဒါဂါမ် အနာဂါမ်) ပုဂ္ဂိုလ်သည် တစိတ်တဒေသ (အောက်မဂ်)ကို ပြီးစေ၏။ ရဟန်းတို့ သိက္ခာပုဒ်တို့ကို မမြဲ 'အချည်းနှီး မဟုတ်'ကုန်ဟူ၍သာလျှင် ငါဆို၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်၊

---

## ၉-ပဉ္စမ သိက္ခတ္တယသုတ်

၉၀။ ရဟန်းတို့ အကျင့်'သိက္ခာ'တို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့ နည်းဟူမူ— အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာတို့တည်း။

ရဟန်းတို့ အဓိသီလသိက္ခာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤပါတိမောက္ခသံဝရသီလကို အဓိသီလသိက္ခာ ဟု ဆိုအပ်၏။

ရဟန်းတို့ အဓိစိတ္တသိက္ခာ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့ စတုတ္ထစျာန်သို့ ရောက်၍နေခြင်းကို အဓိစိတ္တသိက္ခာ ဟု ဆိုအပ်၏။

ရဟန်းတို့ အဓိပညာသိက္ခာ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့ သစ္စာလေးပါး သိခြင်းကို အဓိပညာသိက္ခာ ဟု ဆိုအပ်၏။ရဟန်းတို့ အကျင့်'သိက္ခာ'တို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ သိက္ခတ္တယသုတ်

၉၁။ ရဟန်းတို့ သိက္ခာတို့သည် ဤသုံးမျိုးတို့တည်း။အဘယ်သုံးမျိုးတို့နည်း ဟူမူ—အဓိသီလ သိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ တို့တည်း။

ရဟန်းတို့ အဓိသီလသိက္ခာ ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤပါတိမောက္ခသံဝရသီလကို အဓိသီလ သိက္ခာ ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ အဓိစိတ္တသိက္ခာ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့ စတုတ္ထဈာန်သို့ ရောက်၍ နေခြင်းကို အဓိစိတ္တသိက္ခာ ဟု ဆိုအပ်၏။

ရဟန်းတို့ အဓိပညာသိက္ခာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤအရဟတ္တဖိုလ်ပညာကို အဓိပညာ သိက္ခာ ဟု ဆိုအပ်၏။ရဟန်းတို့ သိက္ခာတို့သည် ဤသုံးမျိုးတို့တည်း။

အကြင်သူသည် လုံ့လရှိ၏၊ (ပညာ) အားအစွမ်းလည်း ရှိ၏၊ တည်ကြည်ခြင်းလည်း ရှိ၏၊ ဈာန်ဝင်စားလေ့ရှိ၏၊ သတိလည်း ရှိ၏၊ လုံခြုံသော ဣန္ဒြေလည်း ရှိ၏၊ (ထိုသူသည်) အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာကို ကျင့်ရာသတည်း။

အကြင်ပုဂ္ဂိုလ်သည် အလုံးစုံသော အရပ်တို့ကို လွှမ်းမိုး၍ အတိုင်းအရှည်မရှိသော (အရဟတ္တမဂ်)သမာဓိဖြင့် ရှေးကာလဝယ်(သိက္ခာသုံးပါးတို့၌) ကျင့်သကဲ့သို့ ထို့အတူ နောက်ကာလ၌လည်း ကျင့်ရာ၏၊ နောက်ကာလဝယ် (သိက္ခာသုံးပါးတို့၌)ကျင့်သကဲ့သို့ ထို့အတူ ရှေးကာလ၌လည်း ကျင့်ရာ၏၊ ကိုယ်၏ အောက်ပိုင်းကို (အသုဘဟု) ရှုသကဲ့သို့ ထို့အတူ ကိုယ်၏ အထက်ပိုင်းကိုလည်း ရှု၏၊ ကိုယ်၏ အထက်ပိုင်းကို (အသုဘဟု) ရှုသကဲ့သို့ ထို့အတူ ကိုယ်၏ အောက်ပိုင်းကိုလည်း ရှု၏၊ နေ့အခါ (သိက္ခာသုံးပါးတို့ကို) ကျင့်သကဲ့သို့ ထို့အတူ ညဉ့်အခါ၌လည်း ကျင့်၏၊ ညဉ့်အခါ (သိက္ခာသုံးပါးတို့ကို) ကျင့်သကဲ့သို့ ထို့အတူ နေ့အခါ၌လည်း ကျင့်၏။

အကျင့်နှင့် ပြည့်စုံသော ၎င်းပြင် ကောင်းစွာ စင်ကြယ်သော အကျင့်သီလရှိသော ထိုပုဂ္ဂိုလ်ကို သေက္ခပုဂ္ဂိုလ် ဟု ဆိုကုန်၏၊ မြဲမြံသော သမာဓိနှင့် ပြည့်စုံ၍ အကျင့်ဖြင့် အဆုံး(နိဗ္ဗာန်)သို့ ရောက်သော ထိုပုဂ္ဂိုလ်ကို လောက၌ (စတုသစ္စ)ဗုဒ္ဓ ဟု ဆိုကြကုန်၏။

တဏှာကုန်ရာ အရဟတ္တဖိုလ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဆီမီး၏ ငြိမ်းခြင်းကဲ့သို့ (အဆုံး) ဝိညာဉ်၏ ချုပ်ငြိမ်းခြင်းကြောင့် စိတ်၏ (တဖန် မဖြစ်ပေါ်သော အားဖြင့်) ကင်းလွတ်ခြင်းသည်ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-သင်္ကဝါသုတ်

၉၂။ အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း တို့၌ ဒေသစာရီလှည့်လည်တော်မူသည်ရှိသော် သင်္ကဝါအမည်ရှိသော ကောသလတိုင်းသူတို့၏နိဂုံးသို့ ရောက်တော်မူ၍ ထိုသင်္ကဝါနိဂုံး၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ၌ ကဿပဂေါတ္တအမည်ရှိသော ရဟန်းသည် သင်္ကဝါနိဂုံး၌ ကျောင်းထိုင် (ပုဂ္ဂိုလ်) ဖြစ်၏။ ထိုသင်္ကဝါနိဂုံး၌ မြတ်စွာဘုရားသည်

http://www.dhammadownload.com



ရဟန်းတို့ကို သိက္ခာပုဒ်နှင့် စပ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူ၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို သိက္ခာပုဒ်နှင့် စပ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေတော်မူသည်ရှိသော်"ဤရဟန်းဂေါတမသည် အလွန်ပင် ခေါင်းပါးစေလိုယောင်တကား"ဟု အောက်မေ့၍ ကဿပဂေါတ္တအမည်ရှိသော ရဟန်းအား သည်း မခံနိုင်ခြင်း မနှစ်မြို့ခြင်းသည် ဖြစ်သည်သာတည်း။ ထို့နောက် မြတ်စွာဘုရားသည် သက်ဝါနိဂုံး၌ မွေ့လျော်သော်မူသမျှ (သီတင်းသုံး)နေတော်မူပြီး လျှင် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော်မူသည် ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ထိုရာဇဂြိုဟ်ပြည်၌ (သီတင်းသုံး)နေတော်မူ၏။

ထိုအခါ (သက်ဝါနိဂုံးမှ) မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမီပင် ကဿပဂေါတ္တရဟန်း အား နောင်တပူပန်ခြင်း 'ကုက္ကုစ္စ' နှလုံးမသာခြင်း 'ဝိပ္ပဋိသာရ' ဖြစ်လေ၏—"ငါသည် (သီလ စသော ဂုဏ်တို့ကို) မရပြီတကား၊ ငါသည် (ရသင့်သော သီလစသော ဂုဏ်တို့ကို) ရခြင်း မဖြစ်ပြီ တကား။ ငါသည် (ရဟန်းအဖြစ်ကို) မကောင်းသဖြင့် ရခြင်း ဖြစ်ရပြီတကား၊ ငါသည် (ရဟန်း အဖြစ်ကို) ကောင်းစွာ ရခြင်း မဖြစ်ပြီတကား။ မြတ်စွာဘုရားသည် ရဟန်းတို့ကို သိက္ခာပုဒ်နှင့် စပ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူသည်ရှိသော် 'ဤရဟန်းဂေါတမသည် အလွန်ပင် ခေါင်းပါးစေလိုယောင်တကား' ဟု အောက်မေ့၍ ငါ့အား သည်းမခံနိုင်ခြင်း မနှစ်မြို့ ခြင်းသည် ဖြစ်ခဲ့၏၊ ငါသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား အထံတော်၌ အကယ်၍ အပြစ်ကို အပြစ်အားဖြင့် လျှောက်ကြားရမူ ကောင်းပေလိမ့်မည်" ဟု အကြံဖြစ်၏။ ထို့နောက် ကဿပဂေါတ္တ ရဟန်းသည် ကျောင်း အိပ်ရာ နေရာကို သိမ်းမှီး၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ထွက်ခဲ့လေ၏။ အစဉ်အတိုင်း ထွက်လာခဲ့ရာ မြတ်စွာဘုရားရှိရာ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်၍ ဤသို့ လျှောက်၏—

အသျှင်ဘုရား မြတ်စွာဘုရားသည် အခါတပါး၌ ကောသလတိုင်း သက်ဝါနိဂုံး၌ (သီတင်းသုံး) နေတော်မူပါသည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုသက်ဝါနိဂုံး၌ ရဟန်းတို့ကို သိက္ခာပုဒ်နှင့် စပ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေတော်မူပါသည်။ မြတ်စွာဘုရားသည် ရဟန်းတို့ကို သိက္ခာ ပုဒ်နှင့် စပ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည် စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူသည်ရှိသော် "ဤရဟန်းဂေါတမသည် အလွန်ပင် ခေါင်းပါးစေလိုယောင်တကား" ဟု အောက်မေ့၍ အကျွန်ုပ်အား သည်းမခံနိုင်ခြင်း မနှစ်မြို့ခြင်းသည် ဖြစ်ခဲ့ပါ၏၊ ထို့နောက် မြတ်စွာဘုရားသည် သက်ဝါ နိဂုံး၌ မွေ့လျော်တော်မူသမျှ သီတင်းသုံးနေတော်မူပြီးလျှင် ဒေသစာရီ ကြွချီတော်မူခဲ့ပါသည်၊ မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမီပင် ထိုအကျွန်ုပ်အား နောင်တ ပူပန်ခြင်း နှလုံးမသာခြင်းဖြစ်ပါသည်, "ငါသည်(သီလစသော ဂုဏ်တို့ကို)မရပြီတကား၊ ငါသည် (ရသင့်သော သီလစသော ဂုဏ်တို့ကို) ရခြင်း မဖြစ်ပြီတကား။ ငါသည် (ရဟန်းအဖြစ်ကို) မကောင်းသဖြင့် ရခြင်း ဖြစ်ရပြီတကား၊ ငါသည် (ရဟန်းအဖြစ်ကို) ကောင်းစွာ ရခြင်း မဖြစ်ပြီတကား။ မြတ်စွာဘုရားသည် ရဟန်းတို့ကို သိက္ခာပုဒ်နှင့် စပ်သော

http://www.dhammadownload.com



တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူသည်ရှိသော် "ဤရဟန်းဂေါတမသည် အလွန်ခေါင်းပါးစေလိုယောင်တကား" ဟု အောက်မေ့၍ ထိုအကျွန်ုပ်အား သည်းမခံနိုင်ခြင်း မနှစ်မြို့ခြင်းသည် ဖြစ်ခဲ့ပါသည်၊ (ထိုနောက်)ငါသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား အထံတော်၌ အကယ်၍ အပြစ်ကို အပြစ်အားဖြင့် လျှောက်ကြားရမူ ကောင်းပေလိမ့်မည်" ဟု ဤအကြံသည် ဖြစ်ပါ၏။ အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးခဲ့ပါပြီ၊ မြတ်စွာဘုရားသည် ရဟန်းတို့ကို သိက္ခာပုဒ်နှင့် စပ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေတော်မူသည်ရှိသော်"ဤရဟန်းဂေါတမသည် အလွန်ခေါင်းပါးစေလိုယောင်တကား" ဟု အောက်မေ့၍ အကျွန်ုပ်အား သည်းမခံနိုင်ခြင်း မနှစ်မြို့ခြင်း ဖြစ်မိပါသည်၊ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှါ အပြစ် ဟု လက်ခံတော်မူပါ အသျှင်ဘုရား ဟု (လျှောက်၏)။

ကဿပ မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ် လွှမ်းမိုးခဲ့၏။ ငါသည် ရဟန်းတို့ကို သိက္ခာပုဒ်နှင့်စပ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတော်မူသည်ရှိသော် "ဤရဟန်းဂေါတမသည် အလွန်ခေါင်းပါးစေလိုယောင်တကား"ဟု အောက်မေ့၍ သင့်အား သည်းမခံနိုင်ခြင်း မနှစ်မြို့ခြင်းသည် ဖြစ်ခဲ့၏။ ကဿပ သင်သည် အပြစ်ကို အပြစ်ဟု မြင်၍ အပြစ်အားလျော်စွာ ကုစားခြင်းကြောင့် သင်၏ ထိုအပြစ်ကို အပြစ်ဟု ငါတို့ လက်ခံကုန်၏။ ကဿပ အပြစ်ကို အပြစ် ဟု မြင်လျက် တရားအားလျော်စွာ ကုစား၍ နောင်အခါ စောင့်စည်း၏၊ ဤ (ကုစားစောင့်စည်းခြင်း)သည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွါးခြင်းပင်တည်း။

ကဿပ သီတင်းကြီးရဟန်းပင် ဖြစ်စေကာမူ သိက္ခာသုံးပါးတို့ကို အလိုမရှိသူ သိက္ခာသုံးပါးတို့ကို ဆောက်တည်ခြင်း၏ ဂုဏ်ကို ပြောဆိုလေ့မရှိသူ ဖြစ်အံ့၊ သိက္ခာသုံးပါးကို အလိုမရှိကုန်သော တပါးသော ရဟန်းတို့ကိုလည်း သိက္ခာသုံးပါးတို့၌ မဆောက်တည်စေအံ့၊ သိက္ခာသုံးပါးကို အလိုရှိကုန်သော တပါးသော ရဟန်းတို့၏ ဂုဏ်ကိုလည်း သင့်လျော်သောအခါ၌ ဟုတ်တိုင်းမှန်စွာ မဆိုငြားအံ့။ ကဿပ ဤသို့သော သီတင်းကြီး ရဟန်းမျိုးကို ငါသည် မချီးမွမ်း။ ထိုသို့ မချီးမွမ်းခြင်းသည် အဘယ့်ကြောင့်နည်း၊ "ထို (သိက္ခာသုံးပါးကို မလိုလားသော) ရဟန်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူ၏"ဟု တပါးသော ရဟန်းတို့သည် ထိုရဟန်းကို ဆည်းကပ်ကုန်ရာ၏။ ထိုရဟန်းကို မှီဝဲဆည်းကပ်ကုန်သော ရဟန်းတို့သည် (သိက္ခာသုံးပါးကို မလိုလားသော) ထိုရဟန်း၏ အမူအရာသို့ အတုလိုက်ကုန်ရာ၏၊ ထိုသိက္ခာသုံးပါးကို မလိုလားသော ရဟန်း၏ အမူအရာသို့ အတုလိုက်ကုန်သော ထိုရဟန်းတို့အား ထိုသို့ အတုလိုက်ခြင်းသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။ ထို့ကြောင့် ဤသို့သော သီတင်းကြီး ရဟန်းမျိုးကို ငါသည် မချီးမွမ်းပေ။

ကဿပ သီတင်းလတ် ရဟန်းပင် ဖြစ်စေကာမူ။ပ။ ကဿပ သီတင်းငယ် ရဟန်းပင် ဖြစ်စေကာမူ သိက္ခာသုံးပါးတို့ကို အလိုမရှိသူ သိက္ခာသုံးပါးတို့ကို ဆောက်တည်ခြင်း၏ ဂုဏ်ကို ပြောဆိုလေ့မရှိသူ ဖြစ်အံ့၊ သိက္ခာသုံးပါးကို အလိုမရှိကုန်သော တပါးသော ရဟန်းတို့ကိုလည်း သိက္ခာသုံးပါး

http://www.dhammadownload.com



တို့၌ မဆောက်တည်စေအံ့၊ သိက္ခာ သုံးပါးကို အလိုရှိကုန်သော တပါးသော ရဟန်းတို့၏ ဂုဏ်ကို လည်း သင့်လျော်သော အခါ၌ ဟုတ်တိုင်းမှန်စွာ မဆိုငြားအံ့။ ကဿပ ဤသို့သော သီတင်းငယ် ရဟန်းမျိုးကို ငါသည် မချီးမွမ်း။ ထိုသို့ မချီးမွမ်းခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ "ထို (သိက္ခာသုံးပါး မလိုလားသော)ရဟန်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူ၏"ဟု တပါးသော ရဟန်း တို့သည် ထိုရဟန်းကို ဆည်းကပ်ကုန်ရာ၏။ ထိုရဟန်းကို ဆည်းကပ်ကုန်သော ရဟန်းတို့သည် သိက္ခာ သုံးပါးကို မလိုလားသော ရဟန်း၏အမူအရာသို့ အတုလိုက်ကုန်ရာ၏၊ ထို(သိက္ခာသုံးပါးကိုမလိုလား သော )ရဟန်း၏ အမူအရာသို့ အတုလိုက်ကုန်သော ထိုရဟန်းတို့အား ထိုသို့ အတုလိုက်ခြင်းသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။ ထို့ကြောင့် ဤသို့သော သီတင်းငယ် ရဟန်းမျိုးကို ငါသည် မချီးမွမ်းပေ။

ကဿပ သီတင်းကြီး ရဟန်းသည်လည်း သိက္ခာသုံးပါးတို့ကို အလိုရှိသူ သိက္ခာသုံးပါးတို့ကို ဆောက်တည်ခြင်း၏ ဂုဏ်ကို ချီးကျူးပြောဆိုလေ့ရှိသူ ဖြစ်အံ့၊ သိက္ခာသုံးပါးကို အလိုမရှိကုန်သော တပါးသော ရဟန်းတို့ကိုလည်း သိက္ခာသုံးပါး၌ ဆောက်တည်စေအံ့။ သိက္ခာသုံးပါးကို အလိုရှိကုန် သော တပါးသော ရဟန်းတို့၏ ဂုဏ်ကိုလည်း သင့်လျော်သော အခါ၌ ဟုတ်တိုင်းမှန်စွာ ဆိုငြား အံ့။ ကဿပ ဤသို့သော သီတင်းကြီးရဟန်းမျိုးကို ငါ ချီးမွမ်း၏။ ထိုသို့ ချီးမွမ်းခြင်းသည် အဘယ့်ကြောင့်နည်း၊ "ထို ( သိက္ခာသုံးပါးကို လိုလားသော ) ရဟန်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူ၏" ဟု တပါးသော ရဟန်းတို့သည် ထိုရဟန်းကို ဆည်းကပ်ကုန်ရာ၏။ ထိုရဟန်းကို ဆည်းကပ်ကုန်သော ရဟန်းတို့သည် ထို(သိက္ခာသုံးပါးကို အလိုရှိသော) ရဟန်း၏ အမူအရာသို့ အတုလိုက်ကုန်ရာ၏၊ ထို သိက္ခာသုံးပါးကို အလိုရှိသော ရဟန်း၏ အမူအရာသို့ အတုလိုက်ကုန်သော ထိုရဟန်းတို့အား ထိုသို့ အတုလိုက်ခြင်းသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏။ ထို့ကြောင့် ဤ သို့သော သီတင်းကြီး ရဟန်းမျိုးကို ငါ ချီးမွမ်း၏။

ကဿပ သီတင်းလတ် ရဟန်းသည် သိက္ခာသုံးပါးကို အလိုရှိသူ။ပ။ ကဿပ သီတင်းငယ် ရဟန်းသည် သိက္ခာသုံးပါးကို အလိုရှိသူ သိက္ခာသုံးပါးကို ဆောက်တည်ခြင်း၏ ဂုဏ်ကို ချီးကျူး ပြောဆိုလေ့ရှိသူ ဖြစ်အံ့၊ သိက္ခာသုံးပါးကို အလိုမရှိကုန်သော တပါးသော ရဟန်းတို့ကိုလည်း သိက္ခာသုံးပါး၌ ဆောက်တည်စေအံ့၊ သိက္ခာသုံးပါးကို အလိုရှိကုန်သော တပါးသော ရဟန်းတို့၏ ဂုဏ်ကိုလည်း သင့်လျော်သော အခါ၌ ဟုတ်တိုင်းမှန်စွာ ဆိုငြားအံ့၊ ကဿပ ဤသို့သော သီတင်း ငယ် ရဟန်းမျိုးကို ငါ ချီးမွမ်း၏။ ထိုသို့ ချီးမွမ်းခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ "ထို (သိက္ခာသုံးပါးကို လိုလားသော)ရဟန်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူ၏"ဟု တပါးသော ရဟန်း တို့သည် ထိုရဟန်းကို ဆည်းကပ်ကုန်ရာ၏။ ထိုရဟန်းကို ဆည်းကပ်ကုန်သော ရဟန်းတို့သည် ထို (သိက္ခာသုံးပါးကို အလိုရှိသော)ရဟန်း၏ အမူအရာသို့ အတုလိုက်ကုန်ရာ၏၊ ထို(သိက္ခာသုံးပါးကို အလိုရှိသော) ရဟန်း၏ အမူအရာသို့ အတုလိုက်ကုန်သော ရဟန်းတို့အား ထိုသို့ အတုလိုက်ခြင်း သည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏။ ထို့ကြောင့် ဤသို့သော သီတင်းငယ်ရဟန်းမျိုးကို ငါ ချီးမွမ်း၏ ဟု (မိန့်တော်မူ၏)။

**ဧကာဒသမသုတ်။**

**လေးခုမြောက် သမဏဝဂ် ပြီး၏။**

http://www.dhammadownload.com



## (၁၀) ၅-လောဏကပလ္လဝဂ် ၁-အစ္စာယိကသုတ်

၉၃။ ရဟန်းတို့ အိမ်ရှင်ယောကျ်ား လယ်သမား၏ အဆောတလျင် ပြုရမည့် ပြုလုပ်ဖွယ်တို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့ နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အိမ်ရှင်ယောကျ်ား လယ်သမားသည် လျင်လျင် မြန်မြန် လယ်ကိုကောင်းစွာ ထွန်ယက်၍ မြေကို ညီညီညွတ်ညွတ်ပြု၏။ လျင်လျင် မြန်မြန် လယ်ကို ကောင်းစွာ ထွန်ယက်၍ မြေကို ညီညီ ညွတ်ညွတ် ကောင်းစွာ ပြုပြီးလျှင် ကောင်းစွာ ပြေပြေ ပြစ်ပြစ် မျိုးစေ့တို့ကို ကြဲချ၏။ လျင်လျင် မြန်မြန် မျိုးစေ့တို့ကို ကြဲချ၍ ရေကို သွင်းလည်း သွင်း၏ ထုတ်လည်း ထုတ်၏။ ရဟန်းတို့ အိမ်ရှင်ယောကျ်ား လယ်သမား၏ အဆောတလျင် ပြုရမည့် ပြုလုပ်ဖွယ်တို့သည် ဤသုံးမျိုးတို့ပေတည်း။ ရဟန်းတို့ အိမ်ရှင်ယောကျ်ား လယ်သမားအား "ယနေ့ပင် ငါ၏ စပါးတို့သည် ပေါက်ပါစေ၊ နက်ဖြန်ပင် ဖုံးပါစေ၊ သန်ဘက်ခါပင် မှည့်ပါစေ"ဟု (ဤသို့ အလိုရှိတိုင်း ပြီးစေနိုင်သော) ထိုတန်ခိုးအစွမ်းသည် မရှိပေ။ ရဟန်းတို့ စင်စစ်သော်ကား ထိုအိမ်ရှင်ယောကျ်ား လယ်သမား၏ ထိုစပါးတို့သည် ညီညွတ်သော ဥတုကို ရ၍ ပေါက်လည်းပေါက် ဖုံးလည်းဖုံး မှည့်လည်း မှည့်သော အခါမျိုးသည် ရှိ၏။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်း၏ အဆောတလျင် ပြုရမည့် ပြုလုပ်ဖွယ်တို့သည် ဤသုံးမျိုးတို့ပေတည်း။ အဘယ်သုံးမျိုးတို့ နည်းဟူမူ – အဓိသီလ သိက္ခာကို ဆောက်တည်ခြင်း အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း အဓိပညာသိက္ခာကို ဆောက်တည်ခြင်းတို့တည်း။ ရဟန်းတို့ ရဟန်း၏ အဆောတလျင် ပြုရမည့် ပြုလုပ်ဖွယ်တို့သည် ဤသုံးမျိုးတို့တည်း။ ရဟန်းတို့ ထိုရဟန်းအား "ယနေ့၌သော်၎င်း နက်ဖြန်၌သော်၎င်း ၊ သန်ဘက်ခါ၌သော်၎င်း ငါ၏စိတ်သည် (တဏှာဒိဋ္ဌိတို့ဖြင့် တစ်ဆုံတခုသော အာရုံကို ) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ ကင်းလွတ်စေသတည်း" ဟု (ဤသို့ အလိုရှိတိုင်း ပြီးစေနိုင်သော) ထိုတန်ခိုးအစွမ်းသည် မရှိပေ။ ရဟန်းတို့ စင်စစ်သော်ကား အဓိသီလသိက္ခာကို၎င်း အဓိစိတ္တသိက္ခာကို၎င်း အဓိပညာသိက္ခာကို၎င်း ကျင့်သုံးသော ထိုရဟန်း၏ စိတ်သည် (တဏှာဒိဋ္ဌိ တို့ဖြင့်) တစ်ဆုံတခုသောအာရုံကို (မစွဲလမ်းမူ၍) အာသဝေါ တရားတို့မှ ကင်းလွတ်သော အခါမျိုးသည် ရှိ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌—"အဓိသီလသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒ ဖြစ်လတ္တံ့၊ အဓိစိတ္တသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့၊ အဓိပညာသိက္ခာကို ဆောက်တည်ရာ၌ ငါတို့အား ထက်သန်သော ဆန္ဒဖြစ်လတ္တံ့" ဟု ဤအတိုင်းသာ သင်တို့ ကျင့်ကြရမည်။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ကြရမည် ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဝိဝေကသုတ်

၉၄။ ရဟန်းတို့ သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် ဤ(ကိလေသာတို့မှ)ကင်းဆိတ်ခြင်း သုံးမျိုးတို့ကို ပညတ်ကုန်၏။ အဘယ်သုံး မျိုးတို့နည်းဟူမူ—သင်္ကန်းကို မှီ၍ ဖြစ်သော ကင်းဆိတ်ခြင်း ဆွမ်းကို မှီ၍ ဖြစ်သော ကင်းဆိတ်ခြင်း ကျောင်းကို မှီ၍ ဖြစ်သော ကင်းဆိတ်ခြင်းတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ထိုသုံးမျိုးတို့တွင် သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် ဤသို့ သဘောရှိသော သင်္ကန်းကို မှီ၍ ဖြစ်သော ကင်းဆိတ်ခြင်းကို ပညတ်ကုန်၏၊ ပိုက်ဆံလျှော် အဝတ်တို့ကိုသော်လည်း ဆောင်ကုန်၏၊ ပိုက်ဆံလျှော်ဖြင့် ရောနှောရက်သော အဝတ်တို့ကိုသော်လည်း ဆောင်ကုန်၏၊ သူသေကောင် အဝတ်တို့ကိုသော်လည်း ဆောင်ကုန်၏၊ ပံသုကူအဝတ်တို့ကိုသော်လည်း ဆောင်ကုန်၏၊ သင်ခေါက်အဝတ်တို့ကိုသော်လည်း ဆောင်ကုန်၏၊ သစ်နက်ရေတို့ကိုသော်လည်း ဆောင်ကုန်၏ ခွါနှင့်တကွ သစ်နက်ရေမျှင် အဝတ်တို့ကိုသော်လည်း ဆောင်ကုန်၏၊သမန်းမြက် အဝတ်တို့ကိုသော်လည်း ဆောင်ကုန်၏၊ လျှော်တေအဝတ်ကိုသော်လည်း ဆောင်ကုန်၏၊ ပျဉ်ချပ် အဝတ်ကိုသော်လည်း ဆောင်ကုန်၏၊ လူ့ဆံပင်တို့ဖြင့် ရက်သော ကမ္ဗလာကိုသော်လည်း ဆောင်ကုန်၏၊ သားမြီးကမ္ဗလာကိုသော်လည်း ဆောင်ကုန်၏၊ ခင်ပုပ်ငှက်တောင် အဝတ်ကိုသော်လည်း ဆောင်ကုန်၏။ ရဟန်းတို့ သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် ဤသို့ သဘောရှိသော သင်္ကန်းကို မှီ၍ ဖြစ်သော ကင်းဆိတ်ခြင်းကို ပညတ်ကုန်၏။

ရဟန်းတို့ ထိုသုံးမျိုးတို့တွင် သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် ဤသို့ သဘောရှိသော ဆွမ်းကို မှီ၍ ဖြစ်သော ကင်းဆိတ်ခြင်းကို ပညတ်ကုန်၏။ဟင်းရွက်စိမ်းကိုသော်လည်း စားကုန်၏၊ ပြောင်းဆန်စိမ်းကိုသော်လည်း စားကုန်၏၊ ကျိတ်သီးဆန်ကိုသော်လည်း စားကုန်၏၊ သားရေ အစအနကိုသော်လည်း စားကုန်၏၊ မှော်ကိုသော်လည်း စားကုန်၏၊ ဆန်ကွဲကိုသော် လည်း စားကုန်၏၊ ထမင်းချေးကိုသော်လည်း စားကုန်၏၊ နှမ်းမှုန့်ညက်ကိုသော်လည်း စားကုန်၏၊ မြက်ကိုသော်လည်း စားကုန်၏၊ နွားချေးကိုသော်လည်း စားကုန်၏၊ တောသစ်မြစ် သစ်သီးလျှင် အစာရှိသည်ဖြစ်၍ ကြွေကျသော သစ်သီးကို စားလျက် မျှတကုန်၏။ ရဟန်းတို့ သာသနာတော်မှ တပါးသောအယူရှိသည့် ပရိဗိုဇ်တို့သည် ဤသို့ သဘောရှိသော ဆွမ်းကိုမှီ၍ ဖြစ်သော ကင်းဆိတ်ခြင်းကို ပညတ်ကုန်၏။

ရဟန်းတို့ ထိုသုံးမျိုးတို့တွင် သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် ဤသို့ သဘောရှိသော ကျောင်းကို မှီ၍ ဖြစ်သော ကင်းဆိတ်ခြင်းကို ပညတ်ကုန်၏။ တော သစ်ပင်ရင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံ ကောက်ရိုးအိမ်တို့ကို ပညတ်ကြကုန်၏။ ရဟန်းတို့ သာသနာတော်မှ တပါးသောအယူရှိသည့် ပရိဗိုဇ်တို့သည် ဤသို့ သဘောရှိသော ကျောင်းကိုမှီ၍ ဖြစ်သော ကင်းဆိတ်ခြင်းကို ပညတ်ကုန်၏။

ရဟန်းတို့ သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် ဤကင်းဆိတ်ခြင်း သုံးမျိုးတို့ကိုပညတ်ကုန်၏။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း၏ (ကိလေသာတို့မှ) ကင်းဆိတ် ခြင်းတို့သည် သုံး မျိုးတို့ပေတည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလနှင့် ပြည့်စုံ၏၊ ထိုရဟန်းအား သီလမရှိခြင်းကိုလည်း ပယ်အပ်၏၊ ထိုသီလမရှိခြင်း မှလည်း ကင်းဆိတ်၏။ မှန်သော မြင်ခြင်းလည်း ရှိ၏၊ ထိုရဟန်းအား မှားသော မြင်ခြင်းကိုလည်း ပယ်အပ်၏၊ ထိုမှားသော အမြင်မှလည်း ကင်းဆိတ်၏။ ကုန်ပြီးသော အာသဝေါတရားလည်း ရှိ၏၊ ထိုရဟန်းသည် အာသဝေါ တရားတို့ကိုလည်း ပယ်အပ်ကုန်၏၊ ထိုအာသဝေါ တရားတို့မှလည်း ကင်းဆိတ်၏။

ရဟန်းတို့ အကြင်အကြောင်းကြောင့် ရဟန်းသည် သီလနှင့် ပြည့်စုံ၏၊ ထိုရဟန်းအား သီလ မရှိခြင်းကိုလည်း ပယ်၏။ ထိုသီလမရှိခြင်းမှလည်း ကင်းဆိတ်၏။ ကောင်းသော မြင်ခြင်းလည်းရှိ၏၊ ထိုရဟန်းအား မှားသောမြင်ခြင်းကိုပယ်၏၊ ထိုမှားသော မြင်ခြင်းမှလည်း ကင်းဆိတ်၏။ ကုန်ပြီးသော

http://www.dhammadownload.com



အာသဝေါတရားလည်း ရှိ၏၊ ထိုရဟန်းအား အာသဝေါတရားတို့ကိုလည်း ပယ်အပ်ကုန်၏၊ ထို အာသဝေါတရားတို့မှလည်း ကင်းဆိတ်၏။ ရဟန်းတို့ ထို့ကြောင့် ဤရဟန်းကို (သီလဟူသော) အမြွတ်သို့ရောက်သူ သီလဟူသော အနှစ်သို့ရောက်သူ စင်ကြယ်သူ (သီလ သမာဓိ ပညာ ဟူသော ဂုဏ်)အနှစ်၌ တည်သူ ဟု ဆိုအပ်၏။

ရဟန်းတို့ အိမ်ရှင်ယောကျ်ား လယ်သမား၏ သလေးစပါးခင်းသည် ပြည့်စုံ၏၊ ထိုသလေးစပါး ခင်းကို အိမ်ရှင်ယောကျ်ား လယ်သမားသည် လျင်လျင် မြန်မြန် ရိတ်စေရ၏၊လျင်လျင် မြန်မြန်ရိတ် စေပြီး၍ လျင်လျင် မြန်မြန် စုရုံးစေရ၏၊ လျင်လျင် မြန်မြန် စုရုံးစေပြီး၍ လျင်လျင် မြန်မြန် တိုက်စေရ၏၊ လျင်လျင် မြန်မြန် တိုက်စေပြီး၍ လျင်လျင် မြန်မြန် စုပုံစေရ၏၊ လျင်လျင် မြန်မြန် အစုအပုံ ပြုစေပြီး၍ လျင်လျင် မြန်မြန် နယ်စေရ၏၊ လျင်လျင် မြန်မြန် နယ်စေပြီး၍ လျင်လျင် မြန်မြန် လှေ့စေရ၏၊ လျင်လျင် မြန်မြန် လှေ့စေပြီး၍ လျင်လျင် မြန်မြန် ထောင်းထုစေရ၏ လျင်လျင် မြန်မြန် ထောင်းထုစေပြီး၍ လျင်လျင် မြန်မြန် ဖွဲတို့ကို လွင့်ထုတ်စေရ၏။ ရဟန်းတို့ ဤသို့ ပြုသည်ရှိသော် အိမ်ရှင်ယောကျ်ား လယ်သမား၏ စပါးတို့သည်(ဆန်ဟူသော) အမြွတ်သို့ ရောက်ကုန်၏၊ (ဆန်ဟူသော) အနှစ်သို့ရောက်ကုန်၏၊ စင်ကြယ်ကုန်၏၊ (ဆန်ဟူသော) အနှစ်၌ တည်ကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် အကြင်အခါကြောင်းကြောင့် သီလနှင့် ပြည့်စုံ၏၊ ထိုရဟန်းအား သီလမရှိခြင်းကိုလည်း ပယ်၏၊ ထိုသီလမရှိခြင်းမှလည်း ကင်းဆိတ်၏။ ကောင်းသော မြင်ခြင်းသည် ရှိ၏၊ ထိုရဟန်းအား မှားသော မြင်ခြင်းကိုလည်း ပယ်၏၊ထိုမှားသော အမြင်မှလည်း ကင်းဆိတ်၏။ ကုန်ပြီးသော အာသဝေါတရားလည်း ရှိ၏၊ ထိုရဟန်းအား အာသဝေါတရားတို့ကို လည်း ပယ်ပြီး ဖြစ်၏၊ ထိုအာသဝေါတရားတို့မှလည်း ကင်းဆိတ်၏။ ရဟန်းတို့ ထို့ကြောင့် ဤ ရဟန်းကို (သီလဟူသော)အမြွတ်သို့ ရောက်သူ (သီလဟူသော) အနှစ်သို့ ရောက်သူ စင်ကြယ်သူ (သီလ သမာဓိ ပညာဟူသောဂုဏ်)အနှစ်၌ တည်သူ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သရဒသုတ်

၉၅။ ရဟန်းတို့ တန်ဆောင်မုန်းလ 'သရဒ' အခါ တိမ်သာ' ကင်းစင်၍ မြင့်သော မိုးကောင်းကင်၌ ရှေးရှုတက်လာသော နေမင်းသည် ကောင်းကင်ရှိ အမိုက်တိုက်အားလုံးကို ဖျက်ဆီး၍ ထွန်းလင်း တောက်ပ တင့်တယ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အရိယာ သာဝကအား ကိလေသာမြူ အညစ်အကြေး ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ် ဉာဏ်'သည် ဖြစ်ပေါ် လာ၏။ ရဟန်းတို့ သောတာပတ္တိမဂ်ဉာဏ် အမြင် ဖြစ်ပေါ်သည်နှင့် တပြိုင်နက် အရိယာသာဝကအား သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သုံးဝသော သံယောဇဉ်'နှောင်ကြိုး'တို့သည် ပျောက်ကုန်၏။

ထိုမှ နောက်၌ မက်မောခြင်း 'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း'ဗျာပါဒ'တရားနှစ်မျိုးတို့မှ လွတ် မြောက်၏။ ထိုပုဂ္ဂိုလ်သည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော ဆိတ်ငြိမ်ခြင်းကြောင့် ဖြစ်

http://www.dhammadownload.com



သောနှစ်သိမ့်ခြင်း'ပီတိ'ချမ်းသာခြင်း'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ထို အခါ၌ အရိယာသာဝကသည် အကယ်၍ သေငြားအံ့၊ ထိုသာဝကအား လူ့ပြည်သို့ တဖန်ပြန်လာ စေနိုင်သော ယင်း ယှဉ်စပ်မှု သံယောဇဉ်'နှောင်ကြိုး'မရှိတော့ပြီ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပရိသာသုတ်

၉၆။ ရဟန်းတို့ ပရိသတ်တို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ပုဂ္ဂိုလ် မြတ်ရှိသော 'အဂ္ဂဝတီ' ပရိသတ်၊ မညီညွတ်သော 'ဝဂ္ဂ' ပရိသတ်၊ ညီညွတ်သော 'သမဂ္ဂ' ပရိသတ် တို့တည်း။

ရဟန်းတို့ ပုဂ္ဂိုလ်မြတ်ရှိသော 'အဂ္ဂဝတီ' ပရိသတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤ သာသနာတော်ဝယ် အကြင်ပရိသတ်၌ သီဟင်းကြီးရဟန်းတို့သည် ပစ္စည်းများခြင်းငှါ မကျင့်ကုန်၊ (သိက္ခာသုံးပါးကို) လျော့လျော့ မကျင့်ကုန်၊ အောက်သို့ သက်စေတတ်သောတရား၌ စွန့်ချအပ် သော လုံ့လရှိကုန်၏၊ ကင်းဆိတ်ခြင်း (သုံးပါး)၌ ရှေ့သွားဖြစ်ကုန်၏၊ မရောက်သေးသော(စျာန် မဂ် ဖိုလ်) တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက် မပြုရသေးသော တရားကိုလည်း မျက်မှောက်ခြင်းငှါ လုံ့လစိုက်ကုန်၏။ နောင်လာ တပည့်သားအပေါင်းတို့သည် ထိုသီတင်းကြီး ရဟန်းတို့၏ (အပြုအမူသို့)အတုလိုက် ကုန်၏၊ ထိုနောင်လာ တပည့်သားအပေါင်း တို့သည်လည်း ပစ္စည်းများခြင်းငှါ မကျင့်ကုန်၊ (သိက္ခာသုံးပါးကိုလည်း) လျော့လျော့ မကျင့်ကုန်၊ အောက်သို့ သက်စေတတ်သော တရား၌ စွန့်ချအပ်သောလုံ့လရှိကုန်၏၊ ကင်းဆိတ်ခြင်း (သုံးပါး)၌ ရှေ့သွားဖြစ်ကုန်၏၊ မရောက်သေးသော (စျာန် မဂ် ဖိုလ်) တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကိုလည်း မျက်မှောက်ပြုခြင်းငှါ လုံ့လစိုက်ကုန် ၏။ ရဟန်းတို့ ဤပရိသတ်ကို ပုဂ္ဂိုလ်မြတ်ရှိသော ပရိသတ် ဟု ဆိုအပ်၏။

ရဟန်းတို့ မညီညွတ်သော 'ဝဂ္ဂ' ပရိသတ် ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော် ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် မျက်ကွယ် မျက်မှောက်၊ ငြင်းခုံလျက် ဆန့်ကျင်ဖက် ပြောကြား စကားများတတ်ကြသည့်ပြင် အချင်းချင်း နှုတ်လှံထိုး၍လည်း နေကြကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို မညီညွတ်သော ပရိသတ်ဟု ဆိုအပ်၏။

ရဟန်းတို့ ညီညွတ်သော 'သမဂ္ဂ'ပရိသတ် ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော် ဝယ် အကြင်ပရိသတ်၌ ရဟန်းတို့သည် ညီညွတ်ကုန် ဝမ်းမြောက်ကုန်လျက် ဆန့်ကျင်ဖက်စကားကို မပြောမူ၍ နို့နှင့်ရေ ရောစပ်သားသကဲ့သို့ ဖြစ်ကုန်၍ အချင်းချင်း ချစ်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ကုန်လျက် နေထိုင်ကုန်၏။ ရဟန်းတို့ ဤပရိသတ်ကို ညီညွတ်သော ပရိသတ် ဟု ဆိုအပ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းတို့သည် ညီညွတ်ကုန် ဝမ်းမြောက်ကုန်လျက် ဆန့်ကျင်ဖက် စကားကို မပြောကုန်မူ၍ နို့နှင့်ရေ ရောစပ်ထားသကဲ့သို့ ဖြစ်ကုန်၍ အချင်းချင်း ချစ်သော မျက်စိ တို့ဖြင့် ကောင်းစွာကြည့်ကုန်လျက် နေထိုင်ကုန်၏။ရဟန်းတို့ ထိုအခါ၌ ရဟန်းတို့သည် များစွာသော

http://www.dhammadownload.com



ကောင်းမှုကို ဖြစ်စေကုန်၏။ ရဟန်းတို့ ထိုအခါ၌ ရဟန်းတို့သည် စိတ်၏ကိလေသာမှ လွတ်မြောက်ကြောင်း ဖြစ်သော ဝမ်းမြောက်ခြင်း 'မုဒိတာ'ဖြင့် မြတ်သော နေခြင်းကို နေကုန်၏၊ ဝမ်းမြောက်သူအား နှစ်သိမ့်ခြင်း 'ပီတိ' ဖြစ်၏၊ နှစ်သိမ့်သောသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစား၏၊ ချမ်းသာခြင်းရှိသူ၏ စိတ်သည် တည်ကြည်၏။

ရဟန်းတို့ တောင်ထိပ်၌ မိုးသည်းထန်စွာ ရွာလတ်သော် ထိုရေသည် နိမ့်ရာနိမ့်ရာသို့ စီးဆင်း၍ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ကို ပြည့်လျှံစေ၏၊ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ ပြည့်လျှံကုန်ပြီးသော် အိုင်ငယ်တို့ကို ပြည့်လျှံစေကုန်၏၊ အိုင်ငယ်တို့ ပြည့်လျှံပြီးသော် အိုင်ကြီးတို့ကို ပြည့်လျှံစေကုန်၏၊ အိုင်ကြီးတို့ ပြည့်လျှံကုန်ပြီးသော် မြစ်ငယ်တို့ကို ပြည့်လျှံစေကုန်၏၊ မြစ်ငယ်တို့ ပြည့်လျှံကုန်ပြီးသော် မြစ်ကြီးတို့ကို ပြည့်လျှံစေကုန်၏၊ မြစ်ကြီးတို့ ပြည့်လျှံစေကုန်ပြီးသော် မဟာသမုဒ္ဒရာတို့ကို ပြည့်လျှံစေကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် အကြင်အခါ၌ ရဟန်းတို့သည် ညီညွတ်ကုန် ဝမ်းမြောက်ကုန် ဆန့်ကျင်ဖက်စကားကို မပြောကုန်မူ၍ နို့နှင့်ရေ ရောစပ်ထားသကဲ့သို့ ဖြစ်ကုန်၍ အချင်းချင်း ချစ်သော မျက်စိတို့ဖြင့် ကောင်းစွာကြည့်ရှုကုန်လျက် နေထိုင်ကြကုန်၏၊ ရဟန်းတို့ ထိုအခါ၌ ရဟန်းတို့သည် များစွာသော ကောင်းမှုကို ဖြစ်စေကုန်၏၊ ရဟန်းတို့ ထိုအခါ၌ ရဟန်းတို့သည် စိတ်၏ကိလေသာမှ လွတ်မြောက်ကြောင်းဖြစ်သော ဝမ်းမြောက်ခြင်း 'မုဒိတာ' ဖြင့် မြတ်သောနေခြင်းကို နေကုန်၏၊ ဝမ်းမြောက်သူအား နှစ်သိမ့်ခြင်း 'ပီတိ'ဖြစ်၏၊ နှစ်သိမ့်သောသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစား၏၊ ချမ်းသာခြင်းရှိသူ၏ စိတ်သည် တည်ကြည်၏။ ရဟန်းတို့ ပရိသတ်တို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ အာဇာနီယသုတ်

၉၇။ ရဟန်းတို့ မင်း၏ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား လျောက်ပတ်၏၊ မင်း၏ အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်း ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်သုံးမျိုးတို့ နည်းဟူမူ—ရဟန်းတို့ ဤလောက၌ မင်း၏ အာဇာနည် မြင်းကောင်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ မင်း၏ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်း ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤအတူသာလျှင် အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်(အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရ သီလကို စောင့်စည်းလျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟုရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ခွန်အားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံသော အားထုတ်ခြင်းရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချခြင်းမရှိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အားအစွမ်းနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)တည်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်(အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဒုတိယ အာဇာနီယ သုတ်

၉၈။ ရဟန်းတို့ မင်း၏ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ မင်း၏ အာဇာနည် မြင်းကောင်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏။ရဟန်းတို့ မင်း၏ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ရဟန်းတို့ ဤအတူသာလျှင် တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းဖြင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် အဆင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ခွန်အားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကုသိုလ်တရားကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ ထက်သန်သောလုံ့လရှိသည်ဖြစ်၍ အားအစွမ်းရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခွန်အားနှင့် ပြည့်စုံ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် လျင်မြန်ခြင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အောက် (ကာမဘုံ၌) ဌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေနေပြီးလျှင် ထို(ဘုံ)၌သာလျှင် ပရိနိဗ္ဗာန် ပြု၍ ထို(ဘုံ)မှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ် ဖြစ်၏၊ ဥပပါတ်ပဋိသန္ဓေ ဖြစ်၍ ထိုဗြဟ္မာ့ဘုံ၌ပင် ပရိနိဗ္ဗာန် ပြု၏၊ ထိုဗြဟ္မာ့ဘုံမှ ပြန်လည်ခြင်း သဘော မရှိပြီ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-တတိယ အာဇာနီယ သုတ်

၉၇။ ရဟန်းတို့ မင်း၏ အင်္ဂါသုံးမျိုးတို့နှင့်ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။အဘယ်သုံးမျိုးတို့ နည်းဟူမူ – ရဟန်းတို့ ဤလောက၌ မင်း၏ အာဇာနည် မြင်းကောင်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ မင်း၏ ဤအင်္ဂါသုံးမျိုးနှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤအတူသာလျှင် တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ တမလွန်အတွက် ရည်မြော်၍သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ အဘယ်သုံးမျိုးတို့ နည်းဟူမူ – ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်းလျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ခွန်အားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ ထက်သန်သော လုံ့လရှိသည်ဖြစ်၍နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံသော အားထုတ်ခြင်းရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခွန်အားနှင့် ပြည့်စုံ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် လျင်မြန်ခြင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပေါတ္ထကသုတ်

၁၀၀။ ရဟန်းတို့ လျှော်မျှင် ပုဆိုးသစ်သည် အဆင်းလည်း မလှ၊ အတွေ့လည်း ကြမ်းတမ်း၏၊ အဖိုးလည်း မတန်။ ရဟန်းတို့ လျှော်မျှင်ပုဆိုးတပတ်ရစ်သည်လည်း အဆင်းလည်း မလှ၊ အတွေ့လည်း ကြမ်းတမ်း၏၊ အဖိုးလည်း မတန်။ ရဟန်းတို့ လျှော်မျှင်ပုဆိုးဟောင်းသည်လည်း အဆင်းလည်း မလှ၊ အတွေ့လည်း ကြမ်းတမ်း၏၊ အဖိုးလည်း မတန်။ ရဟန်းတို့ လျှော်မျှင်ပုဆိုးဟောင်းကို လက်နီးသော်လည်း ပြုလုပ်ကြကုန်၏၊ အမှိုက်ပုံ၌သော်လည်း စွန့်ပစ်ကြကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် သီတင်းငယ် ဖြစ်သော ရဟန်းသည်လည်း အကယ်၍ သီလမရှိသူ သဘောယုတ်သူဖြစ်အံ့၊ ဤ (သီလမရှိ သဘောယုတ်သည့်) အဖြစ်ကို ထိုသီတင်းငယ်ရဟန်း၏အဆင်းမလှသည့်အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထိုလျှော်မျှင် ပုဆိုးသစ်သည် အဆင်းမလှသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထို (လျှော်မျှင်ပုဆိုးသစ်) လျှင် ဥပမာရှိ၏ ဟု ငါဆို၏။ ထိုသီလမရှိသော ရဟန်းအား မှီဝဲဆည်းကပ် လုပ်ကျွေး အတုလိုက်သော ပုဂ္ဂိုလ်တို့အား ထိုမှီဝဲဆည်းကပ်ခြင်း စသည်သည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းဆင်းရဲခြင်းငှါ ဖြစ်၏။ ဤရှည်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်းကို ထိုရဟန်း၏ အတွေ့ကြမ်းတမ်းသည့် အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထိုလျှော်မျှင် ပုဆိုးသစ်သည် အတွေ့ကြမ်းတမ်းသကဲ့သို့ ထိုပုဂ္ဂိုလ်ကို ထိုလျှော်မျှင် ပုဆိုးသစ်လျှင် ဥပမာရှိ၏ ဟု ငါဆို၏။ ထိုရဟန်း ခံယူသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့အသုံးအဆောင် ဖြစ်သော ဆေးတို့ကို ပေးလှူသော ပုဂ္ဂိုလ်တို့၏ အလှူသည် ကြီးသော အာနိသင်မရှိ၊ ဤအလှူ၏ အကျိုးမကြီးသည့် အဖြစ်ကို ထိုသီလမရှိသော ရဟန်း၏ အဖိုးမတန်သည့် အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထိုလျှော်မျှင် ပုဆိုးသစ်သည် အဖိုးမတန်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထို (လျှော်မျှင်ပုဆိုးသစ်) လျှင် ဥပမာ ရှိ၏ ဟု ငါဆို၏။ ရဟန်းတို့ သီတင်းလတ်ဖြစ်သောရဟန်းသည်လည်း။ပ။ရဟန်းတို့ သီတင်းကြီးဖြစ်သောရဟန်းသည်လည်း အကယ်၍ သီလမရှိသူ သဘောယုတ်သူဖြစ်အံ့၊ ဤ (သီလမရှိ သဘောယုတ်သည့် အဖြစ်) ကို ထိုသီတင်းကြီးရဟန်း၏ အဆင်းမလှသည့် အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထိုလျှော်မျှင် ပုဆိုးသစ်သည် အဆင်းမလှသကဲ့သို့ ဤပုဂ္ဂိုလ်ကို

http://www.dhammadownload.com



ထို(ဒေါ့ဒ်မျှင်ပုဆိုးသစ်)လျှင် ဥပမာ ရှိ၏ ဟု ငါဆို၏။ ထို သီလ မရှိသော ရဟန်းအား မှိဝဲဆည်းကပ်လုပ်ကျွေး အတုလိုက်သော ပုဂ္ဂိုလ်တို့အား ထိုမှီဝဲဆည်းကပ်ခြင်း စသည်သည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါ ဖြစ်၏။ ဤ (ရှည်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်း)ကို ထိုရဟန်း၏ အတွေ့ကြမ်းတမ်းသည့် အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထို ဒေါ့ဒ်မျှင်ပုဆိုးသစ်သည် အတွေ့ကြမ်းတမ်းသကဲ့သို့ ထိုပုဂ္ဂိုလ်ကို ထိုဒေါ့ဒ်မျှင်ပုဆိုးသစ်လျှင် ဥပမာ ရှိ၏ဟု ငါဆို၏။ ထို ရဟန်း ခံယူသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ အသုံးအဆောင် ဖြစ်သော ဆေးတို့ကို ပေးလှူသော ပုဂ္ဂိုလ်တို့၏ အလှူသည် ကြီးသော အကျိုးအာနိသင်မရှိ။ ဤ(အလှူ၏ အကျိုးမကြီးသည့်) အဖြစ်ကို ထိုသီလမရှိသော ရဟန်း၏ အဖိုးမတန်သည့် အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထိုဒေါ့ဒ်မျှင် ပုဆိုးသစ်သည် အဖိုးမတန် သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထို(ဒေါ့ဒ်မျှင် ပုဆိုးသစ်)လျှင် ဥပမာရှိ၏ ဟု ငါဆို၏။

ရဟန်းတို့ ဤသို့ သဘောရှိသော သီတင်းကြီးရဟန်းသည် သံဃာ့အလယ်၌ စကားဆိုအံ့၊ ထို သီတင်းကြီး ရဟန်းကို ရဟန်းတို့သည် "မိုက်မဲ မလိမ္မာသော သင်၏ စကားဖြင့် အဘယ် အကျိုး ရှိအံ့နည်း၊ သင် စင်လျက်လည်း စကားဆိုသင့်သည်ဟု မှတ်ထင်ဘိ၏" ဟူ၍ ပြောဆိုကုန်၏။ အမျက်ပုန်၍ ထိုဒေါ့ဒ်မျှင်ပုဆိုးကို စွန့်ပစ်ဘိသကဲ့သို့ သံဃာက နှင်ထုတ်ကြောင်း သဘောရှိသော စကားကို ထိုသီလမရှိသော သီတင်းကြီးသည် အမျက်ထွက်ကာ နှလုံးမသာပဲ မြွက်ဆို၏။

ရဟန်းတို့ ကာသိတိုင်းဖြစ် ပုဆိုးသစ်သည် အဆင်းလည်း လှ၏၊ အတွေ့လည်း ကောင်း၏၊ အဖိုးလည်း တန်၏။ ရဟန်းတို့ ကာသိတိုင်းဖြစ် တပတ်ရစ်ပုဆိုးသည်လည်း အဆင်းလည်း လှ၏၊ အတွေ့လည်း ကောင်း၏၊ အဖိုးလည်း တန်၏။ ရဟန်းတို့ ကာသိတိုင်းဖြစ် ဆွေးညစ်သော ပုဆိုးဟောင်းသည်လည်း အဆင်းလည်း လှ၏၊ အတွေ့လည်း ကောင်း၏၊ အဖိုးလည်းတန်၏။ ရဟန်းတို့ ကာသိတိုင်းဖြစ် ပုဆိုးဟောင်းကို ရတနာထုပ်သော်လည်း ပြုလုပ်၏၊ နံ့သာကြုတ်၌သော်လည်း ထည့်ကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် သီတင်းငယ် ရဟန်းသည်လည်း သီလရှိသူ ကောင်းသောသဘော ရှိသူဖြစ်အံ့၊ ဤ(သီလရှိ၍ ကောင်းသော သဘောရှိသည့်အဖြစ်)ကို ထိုရဟန်း၏ အဆင်းလှသော အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထိုကာသိတိုင်းဖြစ် ပုဆိုးသည် အဆင်းလှသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုကာသိတိုင်းဖြစ် ပုဆိုးလျှင် ဥပမာရှိ၏ ဟု ငါဆို၏။ ထိုသီလရှိသော ရဟန်းအား မှီဝဲဆည်းကပ် လုပ်ကျွေး အတုလိုက်သောပုဂ္ဂိုလ်အား ထိုသို့မှီဝဲဆည်းကပ်ခြင်း စသည်သည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါး ရှိခြင်း ချမ်းသာခြင်းငှါ ဖြစ်၏၊ ဤ(ရှည်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်း ချမ်းသာခြင်း)အဖြစ်ကို ထိုရဟန်း၏အတွေ့ကောင်းသည့် အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ကာသိတိုင်းဖြစ် ပုဆိုးသည် အတွေ့ကောင်းသကဲ့သို့ ထိုပုဂ္ဂိုလ်ကို ထို(ကာသိတိုင်းဖြစ် ပုဆိုး)လျှင် ဥပမာရှိ၏ ဟု ငါဆို၏။ ထိုရဟန်း ခံယူသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ အသုံးအဆောင်ဖြစ်သော ဆေးတို့ကို ပေးလှူသော လူတို့၏ အလှူသည် ကြီးသော အကျိုး အာနိသင် ရှိ၏၊ ဤအလှူ၏ အကျိုးကြီးသည့် အဖြစ်ကို ထိုသီလရှိသော ရဟန်း၏ အဖိုးများစွာ ထိုက်သည့် အဖြစ်ဖြင့် ငါဆို၏။ ရဟန်းတို့ ထို ကာသိတိုင်းဖြစ် ပုဆိုးသည် အဖိုးများစွာ ထိုက်သကဲ့သို့ ဤပုဂ္ဂိုလ်ကို (ကာသိတိုင်းဖြစ် ပုဆိုး)လျှင် ဥပမာရှိ၏ ဟု ငါဆို၏။ ရဟန်းတို့ သီတင်းလတ် ရဟန်းသည်လည်း။ပ။ သီတင်းကြီး ရဟန်းသည်လည်း။ပ။ ငါဆို၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ သဘောရှိသော သိတင်းကြီးရဟန်းသည် သံဃာ့အလယ်၌ စကားဆိုအံ့၊ ထိုသိတင်းကြီးကို ရဟန်းတို့သည် "အသျှင်တို့ နည်းသော အသံရှိကြကုန်လော့ သိတင်းကြီးရဟန်းသည် သုတ် အဘိဓမ္မာ ဝိနည်းကို ရွတ်ဆိုနေ၏" ဟု ပြောဆိုကုန်၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ငါသည် ကာသိတိုင်းဖြစ် ပုဆိုးနှင့်တူစွာ ဖြစ်စေအံ့၊ငါသည် လျှော်မျှင်ပုဆိုးနှင့် တူစွာ မဖြစ်စေအံ့" ဟု ကျင့်ရမည်။ ရဟန်းတို့ ဤအတိုင်းသာ သင်တို့ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-လောဏကပလ္လသုတ်

၁၀၁။ ရဟန်းတို့ "ဤသတ္တဝါသည် ကံကို ပြုသော အခြင်းအရာအားဖြင့် ထိုကံ၏အကျိုးကို ခံစားရ၏" ဟု တစုံတယောက်က ဆိုငြားအံ့၊ ရဟန်းတို့ ဤဆိုတိုင်း ဖြစ်လတ်သော် မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်တော့ချေ၊ ကောင်းစွာ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရန် အခွင့်မရှိတော့ချေ။ ရဟန်းတို့ "ဤသတ္တဝါသည် ခံစားအပ်သော ကံကို ပြုသော အခြင်းအရာ အားဖြင့် ထိုကံ၏အကျိုးကို ခံစားရ၏" ဟု တစုံတယောက်က ဆိုငြားအံ့၊ ရဟန်းတို့ ဤဆိုတိုင်း ဖြစ်လတ်သော် မြတ်သော အကျင့်ကို ကျင့်သုံးမှု ဖြစ်နိုင်၏၊ ကောင်းစွာဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရန် အခွင့်ရှိနိုင်၏။ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင်ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်း မထင် များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါအံ့နည်း။

ရဟန်းတို့ အဘယ်သို့သော သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်မျှဖြစ်သော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း မပွါးများ၊ သီလကိုလည်း မပွါးများ၊ စိတ်ကိုလည်း မပွါးများ၊ ပညာကိုလည်း မပွါးများ၊ (ဂုဏ်အားဖြင့်) ငယ်၏၊ (ဂုဏ်ငယ်သော အားဖြင့်)ခန္ဓာကိုယ် ငယ်၏၊ (မကောင်းမှု) အနည်းငယ်ဖြင့် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်သော မကောင်းမှုသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏။

ရဟန်းတို့ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါအံ့နည်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း ပွါးများ၏၊ သီလကိုလည်း ပွါးများ၏၊ စိတ်ကိုလည်း ပွါးများ၏၊ ပညာကိုလည်း ပွါးများ၏၊ (ဂုဏ်အားဖြင့်)မငယ် (ဂုဏ်ကြီးသောအားဖြင့်) ခန္ဓာကိုယ်ကြီး၏၊ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသည်တို့ မရှိသဖြင့် နေရ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော

http://www.dhammadownload.com



မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း။

ရဟန်းတို့ ယောကျ်ားတယောက်သည် ဆားခဲကို ရေနည်းသောခွက်၌ ထည့်ငြားအံ့၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အနည်းငယ်သော ထိုရေသည် ဤမည်သော ဆားခဲကြောင့် မသောက်နိုင်သော ဆားငန်ရေ ဖြစ်ရာအံ့လော ဟု (မေးတော်မူ၏)၊ မသောက်နိုင်သော ဆားငန်ရေ ဖြစ်ပါသည် အသျှင်ဘုရား။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား ရေခွက်၌ ရေအနည်းငယ်သာရှိသောကြောင့် ထိုအနည်းငယ်သော ရေသည် ဤမည်သော ဆားခဲကြောင့် မသောက်နိုင်သော ဆားငန်ရေ ဖြစ်ရာပါ၏ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ယောကျ်ားတယောက်သည် ဆားခဲကို ဂင်္ဂါမြစ်၌ ထည့်ငြားအံ့၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုဂင်္ဂါမြစ်သည် ဤမည်သော ဆားခဲကြောင့် မသောက်နိုင်သော ဆားငန်ရေ ဖြစ်ရာအံ့လော ဟု (မေးတော်မူ၏)။ မဖြစ်နိုင်ပါ အသျှင်ဘုရား၊ ထိုသို့ မဖြစ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား ဂင်္ဂါမြစ်၌ ရေထု များပြားသောကြောင့် ထိုများသော ရေထုသည် ဤမည်သော ဆားခဲကြောင့် မသောက်နိုင်သော ဆားငန်ရေ မဖြစ်နိုင်ပါ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သောအနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင်ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုသည် ဒုတိယဘဝ၌ အနည်းငယ်သော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း။

ရဟန်းတို့ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သောအနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း မပွါးများ၊ သီလကိုလည်း မပွါးများ၊ စိတ်ကိုလည်း မပွါးများ၊ ပညာကိုလည်း မပွါးများ၊ (ဂုဏ်အားဖြင့်)ငယ်၏၊ (ဂုဏ်ငယ်သော အားဖြင့်) ခန္ဓာကိုယ် ငယ်၏၊ အနည်းငယ်သော မကောင်းမှုဖြင့် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်သော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏။

ရဟန်းတို့ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါအံ့နည်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း ပွါးများ၏၊ သီလကိုလည်း ပွါးများ၏၊ စိတ်ကိုလည်း ပွါးများ၏၊ ပညာကိုလည်း ပွါးများ၏၊ (ဂုဏ်အားဖြင့်)မငယ်၊ (ဂုဏ်ကြီးသော အားဖြင့်)ခန္ဓာကိုယ်ကြီး၏၊ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသည်ဘို့ မရှိသဖြင့် နေရ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့ အံ့နည်း။ (၁)

http://www.dhammadownload.com



ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အသပြာဝက်ဖြင့်လည်း အချုပ်အနှောင်ခံရ၏၊ တသပြာဖြင့်လည်း အချုပ်အနှောင် ခံရ၏၊ အသပြာတရာဖြင့်လည်း အချုပ်အနှောင် ခံရ၏။ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အသပြာဝက်ဖြင့်လည်း အချုပ်အနှောင် မခံရ၊ တသပြာဖြင့်လည်း အချုပ်အနှောင် မခံရ၊အသပြာတရာဖြင့်လည်း အချုပ်အနှောင် မခံရ။ ရဟန်းတို့ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် အသပြာဝက်ဖြင့်လည်း အချုပ်အနှောင် ခံရသနည်း၊ တသပြာဖြင့်လည်း အချုပ်အနှောင် ခံရသနည်း၊ အသပြာတရာဖြင့်လည်း အချုပ်အနှောင် ခံရသနည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဆင်းရဲ၏၊ ကိုယ်ပိုင်ဥစ္စာနည်း၏၊ ကိုယ်ပိုင် အသုံးအဆောင်နည်း၏။ ရဟန်းတို့ ဤသို့ သဘောရှိသော သူဆင်းရဲသည် အသပြာဝက်ဖြင့်လည်း အချုပ်အနှောင်ခံရ၏၊ တသပြာဖြင့်လည်း အချုပ်အနှောင် ခံရ၏၊ အသပြာတရာဖြင့်လည်း အချုပ်အနှောင် ခံရ၏။

ရဟန်းတို့ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် အသပြာဝက်ဖြင့်လည်း အချုပ်အနှောင် မခံရသနည်း၊ တသပြာဖြင့်လည်း အချုပ်အနှောင် မခံရသနည်း၊အသပြာတရာဖြင့်လည်း အချုပ်အနှောင် မခံရသနည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ကြွယ်ဝ၏၊ များသော ဥစ္စာရှိ၏၊ များသော အသုံးအဆောင်ရှိ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ကြွယ်ဝချမ်းသာသူသည် အသပြာဝက်ဖြင့်လည်း အချုပ်အနှောင် မခံရ၊တသပြာဖြင့်လည်း အချုပ်အနှောင် မခံရ၊ အသပြာတရာဖြင့်လည်း အချုပ်အနှောင် မခံရ။ ရဟန်းတို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်သော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည် သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်းမထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း။

ရဟန်းတို့ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း မပွါးများ၊ သီလကိုလည်း မပွါးများ၊စိတ်ကိုလည်း မပွါးများ၊ ပညာကိုလည်း မပွါးများ၊ (ဂုဏ်အားဖြင့်)ငယ်၏၊ (ဂုဏ်ငယ်သောအားဖြင့်)ခန္ဓာကိုယ် ငယ်၏၊ အနည်းငယ်သော မကောင်းမှုကံဖြင့် ဆင်းရဲစွာနေရ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏။

ရဟန်းတို့ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည်ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက် ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်အံ့ပါနည်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း ပွါးများ၏၊ သီလကိုလည်း ပွါးများ၏၊ စိတ်ကိုလည်း ပွါးများ၏၊ ပညာကိုလည်း ပွါးများ၏၊(ဂုဏ်အားဖြင့်)မငယ်၊(ဂုဏ်ကြီးသော အားဖြင့်)ခန္ဓာကိုယ်ကြီး၏၊နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသည်တို့ မရှိသဖြင့် နေရ၏။ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော

http://www.dhammadownload.com



အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘ၀၌ အနည်းငယ်မျှလည်းဖြစ်သော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း။ (၂)

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဟာ၀နာကိုလည်း ပွါးများ၏၊ သီလကိုလည်း ပွါးများ၏၊ စိတ်ကိုလည်း ပွါးများ၏၊ ပညာကိုလည်း ပွါးများ၏၊ (ဂုဏ်အားဖြင့်)မငယ်၊ (ဂုဏ်ကြီးသောအားဖြင့်) ခန္ဓာကိုယ်ကြီး၏၊ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသည်တို့ မရှိသဖြင့် နေရ၏။ ရဟန်းတို့ ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည်ပြုအပ်သော ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘ၀၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘ၀၌ အနည်းငယ်မျှသော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာထင်ပါတော့အံ့နည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ဆိတ်ပိုင်ရှင်သည်ရင်း ဆိတ်သတ် သမားသည်ရင်း ဆိတ်ကို ခိုးယူသူအချို့ကို သတ်ရန်သော်၎င်း ချုပ်နှောင်ရန်သော်၎င်း (ဥစ္စာကို) ဆုံးရှုံးစေရန်သော်၎င်း အကြောင်းအားလျော်စွာ ပြုရန်သော်၎င်း တတ်စွမ်းနိုင်၏။ အရှင်မပေးပဲ ဆိတ်ကို ခိုးယူသော အချို့သူကို သတ်ရန်သော်၎င်း ချုပ်နှောင်ရန်သော်၎င်း (ဥစ္စာကို)ဆုံးရှုံးစေရန်သော်၎င်း အကြောင်းအားလျော်စွာ ပြုရန်သော်၎င်း မတတ်စွမ်းနိုင်။ ရဟန်းတို့ ဆိတ်ပိုင်ရှင်သည်ရင်း ဆိတ်သတ်သမားသည်ရင်း အရှင်မပေးပဲ ဆိတ်ကို ခိုးယူသော အဘယ်သို့ သဘောရှိသောသူကို သတ်ရန်သော်၎င်း ချုပ်နှောင်ရန်သော်၎င်း (ဥစ္စာကို) ဆုံးရှုံးစေရန်သော်၎င်း အကြောင်းအားလျော်စွာ ပြုရန်သော်၎င်း တတ်စွမ်းနိုင်သနည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဆင်းရဲ၏၊ ကိုယ်ပိုင်ဥစ္စာ နည်း၏၊ ကိုယ်ပိုင် အသုံး အဆောင် နည်း၏။ ရဟန်းတို့ ဆိတ်ပိုင်ရှင်သည်ရင်း ဆိတ်သတ်သမားသည်ရင်း မပေးပဲ ဆိတ်ကို ခိုးယူသော ဤသို့ သဘောရှိသော သူကို သတ်ရန်သော်၎င်း ချုပ်နှောင်ရန်သော်၎င်း (ဥစ္စာကို)ဆုံးရှုံးစေရန်သော်၎င်း အကြောင်းအားလျော်စွာ ပြုရန်သော်၎င်း တတ်စွမ်းနိုင်၏။

ရဟန်းတို့ ဆိတ်ပိုင်ရှင်သည်ရင်း ဆိတ်သတ်သမားသည်ရင်း အရှင်မပေးပဲ ဆိတ်ကိုခိုးယူသော အဘယ်သို့ သဘောရှိသောသူကို သတ်ရန်သော်၎င်း ချုပ်နှောင်ရန်သော်၎င်း (ဥစ္စာကို) ဆုံးရှုံးစေရန်သော်၎င်း အကြောင်းအားလျော်စွာ ပြုရန်သော်၎င်း မတတ်စွမ်းနိုင်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကြွယ်ဝ၏၊ များသော ဥစ္စာရှိ၏၊ များသော အသုံး အဆောင် ရှိ၏၊ မင်းသော်လည်း ဖြစ်၏၊ အမတ်ကြီးသော်လည်း ဖြစ်၏။ ရဟန်းတို့ ဆိတ်ပိုင်ရှင်သည်ရင်း ဆိတ်သတ်သမားသည်ရင်း အရှင်မပေးပဲ ဆိတ်ကို ခိုးယူသော ဤသို့ သဘောရှိသော သူကို သတ်ရန်သော်၎င်း ချုပ်နှောင်ရန်သော်၎င်း (ဥစ္စာကို) ဆုံးရှုံးစေရန်သော်၎င်း အကြောင်းအား လျော်စွာ ပြုရန်သော်၎င်း မတတ်စွမ်းနိုင်။ စင်စစ်သော်ကား လက်အုပ်ချီလျက် "အသျှင် ဆိတ်ကိုဖြစ်စေ ဆိတ်၏ တန်ဘိုးကို ဖြစ်စေ အကျွန်ုပ်အား ပေးသနားပါ" ဟု ထိုသူကို တောင်းပန်ရ၏။ ရဟန်းတို့ ဤအတူသာလျှင် အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင်ဖြစ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူ ပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသော မျက်မှောက်ဘ၀၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယ

http://www.dhammadownload.com



ဘဝ၌ အနည်းငယ်သော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း။

**ရဟန်းတို့** အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူ ပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်သနည်း။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း မပွါးများ၊ သီလကိုလည်း မပွါးများ၊ စိတ်ကိုလည်း မပွါးများ၊ ပညာကိုလည်း မပွါးများ၊ (ဂုဏ်အားဖြင့်) ငယ်၏၊ (ဂုဏ်ငယ်သောအားဖြင့်) ခန္ဓာကိုယ် ငယ်၏၊ အနည်းငယ်မျှသော မကောင်းမှုဖြင့် ဆင်းရဲစွာနေရ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ ဆောင်၏။

ရဟန်းတို့ အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံ သည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးကား မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာယဘာဝနာကိုလည်း ပွါးများ၏၊ သီလကိုလည်း ပွါးများ၏၊ ပညာကိုလည်း ပွါးများ၏၊ (ဂုဏ်အားဖြင့်) မငယ်၊ (ဂုဏ်ကြီးသောအားဖြင့်) ခန္ဓာကိုယ် ကြီး၏၊ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသည်တို့ မရှိသဖြင့် နေရ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပြုအပ်သော ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်း မထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း။ (၃)

ရဟန်းတို့ "ဤသတ္တဝါသည် ကံကို ပြုသောအခြင်းအရာအားဖြင့် ထိုကံ၏ အကျိုးကို ခံစားရ၏" ဟု တစုံတယောက်က ဆိုငြားအံ့၊ ရဟန်းတို့ ဤဆိုတိုင်း ဖြစ်လတ်သော် မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်တော့ချေ၊ ကောင်းစွာ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရန် အခွင့်မရှိတော့ချေ။ ရဟန်းတို့ "ဤသတ္တဝါသည် ခံစားအပ်သော ကံကို ပြုသော အခြင်းအရာအားဖြင့် ထိုကံ၏ အကျိုးကို ခံစားရ၏" ဟု တစုံတယောက်က ဆိုငြားအံ့။ ရဟန်းတို့ ဤဆိုတိုင်း ဖြစ်လတ်သော် မြတ်သော အကျင့်ကို ကျင့်သုံးမှု ဖြစ်နိုင်၏၊ ကောင်းစွာ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရန် အခွင့်ရှိနိုင်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ပံသုဓောဝကသုတ်

၁၀၂။ ရဟန်းတို့ ရွှေအား ညစ်နွမ်းကြောင်း အကြမ်းစား မြေမှုန့်သဲနှင့် ကျောက်စရစ်အိုးခြမ်းတို့သည် ရှိကုန်၏၊ ထိုအညစ်အကြေးကို မြေမှုန့်ဆေးသော ယောကျ်ားသည်ငှင် မြေမှုန့်ဆေးသော ယောကျ်ား၏ တပည့်သည်ငှင်း ကျင်ခွက်၌ လောင်း၍ ဆေး၏၊ အဖန်ဖန် ဆေး၏၊ နှိပ်၍ဆေး၏။ ထိုအညစ်အကြေးကို ပယ်ပြီး ကင်းအောင် ပြုပြီးသော် ရွှေအား ညစ်နွမ်းကြောင်း အလတ်စား ကျောက်စရစ်နုနှင့်သဲကြမ်းတို့သည် ရှိကုန်သေး၏၊ ထိုအညစ်အကြေးကို မြေမှုန့်ဆေးသော ယောကျ်ား

http://www.dhammadownload.com



သည်ရင်း မြေမှုန့်ဆေးသော ယောကျ်ား၏တပည့်သည်ရင်း ဆေး၏၊ အဖန်ဖန်ဆေး၏၊ နှိပ်၍ဆေး၏။ ထိုအညစ်အကြေးကို ပယ်ပြီး ကင်းအောင်ပြုပြီးသော် ရွှေအား ညစ်နွမ်းကြောင်း အနုစား‌သဲနုနှင့် မှုံမည်းတို့သည် ရှိကုန်သေး၏၊ ထိုအညစ်အကြေးကို မြေမှုန့်ဆေးသော ယောကျ်ားသည်ရင်း မြေမှုန့်ဆေးသော ယောကျ်ား၏တပည့်သည်ရင်၊ ဆေး၏၊ အဖန်ဖန်ဆေး၏၊ နှိပ်၍ဆေး၏။ ထိုအညစ်အကြေးကို ပယ်ပြီး ကင်းစင်အောင် ပြုပြီးနောက်ကား ပကတိ ရွှေစစ်တို့သာ ကြွင်းကျန်ကုန်၏၊ ထို(ပကတိ)ရွှေစစ်ကို ရွှေပန်းထိမ်သည်သည်ရင်း ရွှေပန်းထိမ်သည်၏ တပည့်သည်ရင်း မိုက်လုံ၌ ထည့်၍ မှုတ်၏၊ အဖန်ဖန် မှုတ်၏၊ ဖိ၍ မှုတ်၏၊ မှုတ်အပ် အဖန်ဖန် မှုတ်အပ် ဖိ၍ မှုတ်အပ်သော ထိုရွှေသည် အပြစ်မကင်းသေးသည် ဖြစ်၍ မနူးညံ့၊ (လက်ကောက် နားတောင်း စသည်)ပြုလုပ်၍ မဖြစ်သေး၊ ပြိုးပြိုး ပြက်ပြက် အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘောလည်း ရှိ၏၊ အလုပ်ခွင်သို့ ကောင်းစွာ မရောက်နိုင်သေး။ ရဟန်းတို့ ရွှေပန်းထိမ်သည်သည်ရင်း ရွှေပန်းထိမ်သည်၏ တပည့်သည်ရင်း ထိုရွှေကို မှုတ်၏၊ အဖန်ဖန် မှုတ်၏၊ ဖိ၍ မှုတ်၏၊ မှုတ်အပ် အဖန်ဖန် မှုတ်အပ် ဖိ၍ မှုတ်အပ်သော ထိုရွှေသည် အပြစ်ကင်းပြီး ရကား နူးညံ့၏၊ (လက်ကောက် နားတောင်း စသည်) ပြုလုပ်၍ ဖြစ်၏၊ ပြိုးပြိုး ပြက်ပြက် အရောင်လည်း ထွက်၏၊ ကြွပ်ဆတ်သော သဘောလည်း မရှိ၊ အလုပ်ခွင်သို့ ကောင်းစွာ ရောက်နိုင်၏၊ ထိုအချိန်မျိုးသည် ရှိသည်သာတည်း။ ရွှေပြားဖြင့် ဖြစ်စေ နားတောင်းဖြင့် ဖြစ်စေ လည်ရွှတန်ဆာဖြင့် ဖြစ်စေ ရွှေပန်းခိုင်ဖြင့်ဖြစ်စေ တစုံတခုသော တန်ဆာအထူးဖြင့် အလိုရှိခဲ့မူ ထိုသူ၏ ထို(အလိုရှိရာ)အကျိုးကိုလည်း ပြီးစေ၏။

ရဟန်းတို့ ဤအတူသာလျှင် လွန်မြတ်သော (သမထဝိပဿနာ)စိတ်ကို အဖန်ဖန် အားထုတ်သော ရဟန်းအား ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဟူသော ညစ်နွမ်းကြောင်း အကြမ်းစား ကိလေသာတို့သည် ရှိကုန်၏၊ ထိုကိလေသာကို(သမထဝိပဿနာ)စိတ်နှင့် ပြည့်စုံသော ပညာရှိရဟန်းသည် ပယ်စွန့်၏၊ ဖျောက်ဖျက်၏၊ ကင်းအောင် ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ထိုကိလေသာကို ပယ်ပြီး ကင်းအောင် ပြုပြီးသော် လွန်မြတ်သော (သမထ ဝိပဿနာ)စိတ်ကို အဖန်ဖန် အားထုတ်သော ရဟန်းအား ကာမနှင့်စပ်သော အကြံ ပျက်စီးစေလိုခြင်းနှင့် စပ်သော အကြံ ညှဉ်းဆဲခြင်းနှင့် စပ်သော အကြံဟူသော ညစ်နွမ်းကြောင်း အလတ်စား ကိလေသာတို့သည် ရှိကုန်သေး၏၊ ထိုကိလေသာတို့ကို (သမထဝိပဿနာ) စိတ်နှင့် ပြည့်စုံသော ပညာရှိ ရဟန်းသည် ပယ်စွန့်၏၊ဖျောက်ဖျက်၏၊ကင်းအောင်ပြု၏။တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ထိုကိလေသာကို ပယ်ပြီး ကင်းအောင် ပြုပြီးသော် လွန်မြတ်သော (သမထဝိပဿနာ)စိတ်ကို အဖန်ဖန် အားထုတ်သော ရဟန်းအား ဆွေမျိုးနှင့် စပ်သော အကြံ ဇနပုဒ်နှင့်စပ်သောအကြံ မသေမှုဖြင့် မပူစေလိုခြင်းနှင့် စပ်သော အကြံဟူသော ညစ်နွမ်းကြောင်း အနုစား ကိလေသာတို့သည် ရှိကုန်သေး၏၊ ထိုကိလေသာကို (သမထဝိပဿနာ)စိတ်နှင့်ပြည့်စုံသောပညာရှိရဟန်းသည် ပယ်စွန့်၏၊ဖျောက်ဖျက်၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ထိုကိလေသာကို ပယ်ပြီး ကင်းအောင် ပြုပြီးနောက်၌ကား တရားနှင့်စပ်သော အကြံသည် ကြွင်းကျန်သေး၏၊ထိုသမာဓိသည် ငြိမ်သက်သည် မဟုတ်သေး၊ မွန်မြတ်သည်လည်း မဟုတ်သေး၊ (ကိလေသာ)ငြိမ်းအေးခြင်းဖြင့် ရအပ်သည်လည်း မဟုတ်သေး၊ စိတ်၏တည်ကြည်ခြင်း'သမာဓိ'ပွါးများမှုကို ရသည်လည်း မဟုတ်သေး၊ ပြုပြင်ခြင်း 'ပယောဂ'နှင့်တကွသော(ကိလေသာတို့ကို) ဖိနှိပ်တားမြစ်၍ ဖြစ်မေ၏။ ရဟန်းတို့ အကြင်အခါ၌ (ဝိပဿနာ) စိတ်သည် မိမိသန္တာန်၌သာလျှင် တည်၏၊ ကောင်းစွာ ထိုင်၏၊ စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ဖြစ်၏၊ ကောင်းစွာ (အာရုံ၌)ထား၏၊ ထိုသမာဓိသည် ငြိမ်သက်၏၊ မွန်မြတ်၏၊ ကိလေသာ

http://www.dhammadownload.com



ငြိမ်းခြင်းဖြင့် ရ၏၊ စိတ်၏ (တည်ကြည်ခြင်း 'သမာဓိ')ပွါးများမှုကိုရ၏၊ ပြုပြင်ခြင်း 'ပယောဂ' နှင့် တကွ (ကိလေသာတို့ကို) ဖိနှိပ် တားမြစ်၍ ဖြစ်ပေါ်လာသည် မဟုတ်တော့ချေ၊ ထိုအခါမျိုးသည် ရှိသည်သာတည်း။ ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သည့် တစုံတခုသော တရားကို ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုရန် စိတ်ကို ညွတ်စေ၏၊ (ရှေးဘဝအကြောင်းနှင့် ယခုဘဝ အဘိညာဏ်၏ အခြေခံစျာန်စသော) အကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင်လျှင် သက်သေထိုက်သည့် အဖြစ် (ဣဒ္ဓိဝိဓအဘိညာဏ် စသည်)သို့လည်း ရောက်၏။

"(ငါသည်)များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ခံစားလို၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်လို၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လို၏၊ ကိုယ်ထင်ရှား ဖြစ်စေလို၏၊ ကိုယ် ပျောက်စေလို၏၊ နံရံတဖက် တန်တိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလို၏၊ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုလုပ်လို၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားလို၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ ပျံလို၏၊ ဤသို့ တန်ခိုး အာနုဘော်ကြီးကုန်သော လ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်လို၏၊ ဆုပ်ကိုင်လို၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို(စိတ်)အလိုအတိုင်း ဖြစ်စေလို၏" ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့လျှင် (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင်လျှင် သက်သေထိုက်သည့် အဖြစ် (ဣဒ္ဓိဝိဓအဘိညာဏ်)သို့ ရောက်၏။

"(ငါသည်)အထူးသဖြင့် စင်ကြယ်သော လူတို့၏ အကြားကို လွန်သော နတ်နားနှင့်တူသော နား 'ဒိဗ္ဗသောတ'ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားလို၏"ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့လျှင် (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင်လျှင် သက်သေထိုက်သည့်အဖြစ်(ဒိဗ္ဗသောတ အဘိညာဏ်)သို့ ရောက်၏။

"(ငါသည်) တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိလို၏၊ စွဲမက်ခြင်း 'ရာဂ'နှင့်တကွ သော စိတ်ကိုလည်း 'စွဲမက်ခြင်းနှင့်တကွသော စိတ်'ဟု သိလို၏၊ စွဲမက်ခြင်းကင်းသော စိတ်ကိုလည်း 'စွဲမက်ခြင်းကင်းသောစိတ်'ဟု သိလို၏၊ အမျက်ထွက်ခြင်း'ဒေါသ' နှင့်တကွသော စိတ်ကိုလည်း 'အမျက်ထွက်ခြင်းနှင့် တကွသောစိတ်'ဟု သိလို၏၊ အမျက်ထွက်ခြင်း ကင်းသော စိတ်ကိုလည်း 'အမျက်ထွက်ခြင်း ကင်းသောစိတ်'ဟု သိလို၏၊ တွေဝေခြင်း'မောဟ'နှင့် တကွသော စိတ်ကိုလည်း 'တွေဝေခြင်းနှင့်တကွသော စိတ်'ဟု သိလို၏၊ တွေဝေခြင်းကင်းသောစိတ်ကိုလည်း 'တွေဝေခြင်းကင်းသောစိတ်'ဟု သိလို၏၊ ကျုံ့သော စိတ်ကိုလည်း 'ကျုံ့သောစိတ်'ဟု သိလို၏၊ ပျံ့သောစိတ်ကိုလည်း 'ပျံ့သောစိတ်'ဟု သိလို၏၊ မဟဂ္ဂုတ်စိတ်ကိုလည်း 'မဟဂ္ဂုတ်စိတ်'ဟု သိလို၏၊ မဟဂ္ဂုတ် မဟုတ်သော စိတ်ကိုလည်း 'မဟဂ္ဂုတ်မဟုတ်သောစိတ်'ဟု သိလို၏၊ သာလွန်သော တရားရှိသော စိတ်ကိုလည်း 'သာလွန်သော တရားရှိသောစိတ်'ဟု သိလို၏၊ သာလွန်သော တရားမရှိသော စိတ်ကိုလည်း 'သာလွန်သော တရား မရှိသော စိတ်'ဟု သိလို၏၊ တည်ကြည်သော စိတ်ကိုလည်း 'တည်ကြည်သောစိတ်'ဟု သိလို၏၊ မတည်ကြည်သော စိတ်ကိုလည်း 'မတည်ကြည်သောစိတ်'ဟု သိလို၏၊ လွတ်မြောက်သော စိတ်ကိုလည်း 'လွတ်မြောက်သောစိတ်'ဟု သိလို၏၊ မလွတ်မြောက်သောစိတ်ကိုလည်း 'မလွတ်မြောက်သောစိတ်'ဟု သိလို၏"ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့လျှင် (အခြေခံ) အကြောင်း ရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင်လျှင် သက်သေထိုက်သည့် အဖြစ် (ပရစိတ္တဝိဇာနန အဘိညာဏ်)သို့ ရောက်၏။

http://www.dhammadownload.com



"(ငါသည်) များပြားသော ရှေး၌ဖြစ်ခဲ့ဘူးသည်ကို အောက်မေ့လို၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း 'ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည် ဤသို့သော အနွယ် ဤသို့သော အဆင်း ဤသို့သော အစာ ဤသို့သော ချမ်းသာဆင်းရဲခံစားခြင်း ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ခဲ့၏၊ ထိုဘဝ၌လည်း ဤသို့ရသော အမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သောအစာ ဤသို့သော ချမ်းသာဆင်းရဲခံစားခြင်း ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို (ငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ခဲ့၏' ဟု ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လို၏" ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့လျှင် (အခြေခံ) အကြောင်း ရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင်လျှင် သက်သေထိုက်သည့်အဖြစ်(ပုဗ္ဗေနိဝါသအဘိညာဏ်)သို့ ရောက်၏။

"(ငါသည်)အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော မျက်စိ'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်လို၏၊ 'အချင်းတို့ ဤသတ္တဝါတို့သည်ကား ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့နှင့် ပြည့်စုံ၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထို(သတ္တဝါ) တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကုန်၏။အချင်းတို့ ဤသတ္တဝါတို့သည်ကား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုအပ်သော ကံရှိကုန်၏၊ ထို (သတ္တဝါ) တို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကုန်၏' ဟု ကံအလျောက် ဖြစ်သော သတ္တဝါတို့ကို သိ၏။ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ် သာသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာ ရှိသော သတ္တဝါတို့ကို မြင်လို၏၊ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိလို၏" ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့လျှင် (အခြေခံ) အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင်လျှင် သက်သေထိုက်သည့် အဖြစ် (ဒိဗ္ဗစက္ခုအဘိညာဏ်)သို့ ရောက်၏။

"(ငါသည်)အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသောလွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်ပညာကို) ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေလို၏" ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့လျှင် (အခြေခံ)အကြောင်းရှိလတ်သော် ထိုထိုအလိုရှိရာ၌ပင်လျှင် သက်သေထိုက်သည့် အဖြစ် (အရဟတ္တ ဖလသမာပတ်)သို့ ရောက်၏ဟု (မိန့်တော်မူ၏)။

၄ သမသုတ်။

http://www.dhammadownload.com



## ၁၁ နိမိတ္တသုတ်

၁၀၃။ ရဟန်းတို့ လွန်မြတ်သော (သမထဝိပဿနာ)စိတ်ကို အဖန်ဖန် အားထုတ်သော ရဟန်းသည် အကြောင်းသုံးမျိုးတို့ကို ရံဖန်ရံခါ နှလုံးသွင်းအပ်ကုန်၏။ ရံဖန်ရံခါ သမာဓိ ဟူသော အကြောင်းကို နှလုံးသွင်းအပ်၏၊ ရံဖန်ရံခါ ဝီရိယ ဟူသော အကြောင်းကို နှလုံးသွင်းအပ်၏။ ရံဖန်ရံခါ ဥပေက္ခာဟူသောအကြောင်းကိုနှလုံးသွင်းအပ်၏။ ရဟန်းတို့လွန်မြတ်သော(သမထဝိပဿနာ)စိတ်ကို အားထုတ်သော ရဟန်းသည် သမာဓိဟူသော အကြောင်းကိုသာလျှင် တဖက်သတ် နှလုံးသွင်းခဲ့မူ ထို(သမထ ဝိပဿနာ) စိတ်သည် ပျင်းရိရာသော အကြောင်းရှိ၏။ ရဟန်းတို့ လွန်မြတ်သော (သမထ ဝိပဿနာ) စိတ်ကို အားထုတ်သော ရဟန်းသည် အားထုတ်ခြင်း ‘ဝီရိယ’ဟူသော အကြောင်းကိုသာလျှင် တဖက်သတ် နှလုံးသွင်းခဲ့မူ ထို (သမထ ဝိပဿနာ) စိတ်သည် ပျံ့လွင့်ရာသော အကြောင်းရှိ၏။ ရဟန်းတို့ လွန်မြတ်သော (သမထ ဝိပဿနာ) စိတ်ကို အားထုတ်သော ရဟန်းသည် ဥပေက္ခာဟူသော အကြောင်းကိုသာလျှင် တဖက်သတ် နှလုံးသွင်းခဲ့မူ ထို(သမထ ဝိပဿနာ)စိတ်သည် အာသဝေါတရားတို့ ကုန်ရန် ကောင်းစွာ မတည်ကြည်ရာသော အကြောင်း ရှိ၏။ ရဟန်းတို့ လွန်မြတ်သော(သမထ ဝိပဿနာ)စိတ်ကို အားထုတ်သော ရဟန်းသည် ရံဖန်ရံခါ သမာဓိ ဟူသော အကြောင်းကို နှလုံးသွင်း၍ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းကို နှလုံးသွင်း ပြီးလျှင် ရံဖန်ရံခါ ဥပေက္ခာဟူသော အကြောင်းကို နှလုံးသွင်းသောအခါ စိတ်သည် နူးညံ့ခြင်းသည် ၎င်း ပြုရန် သင့်လျော်ခြင်းသည် ၎င်း ပြိုးပြိုး ပြက်ပြက် အရောင်ထွက်ခြင်းသည်၎င်း ဖြစ်၏၊ ပျက်စီးခြင်းသဘောလည်း မရှိ၊ အာသဝေါတရားတို့ ကုန်ရန် ကောင်းစွာ တည်ကြည်၏။

ရဟန်းတို့ ဥပမာသော်ကား ရွှေပန်းထိမ်သည်သည်၎င်း ရွှေပန်းထိမ်သည်၏ တပည့်သည်၎င်း (မီးကျီး)ဖိုကို ပြုစီရင်ပြီးလျှင် (မီးကျီး)ဖိုဝကို မီးတိုက်လျက် ညှပ်ဖြင့် ရွှေကို ယူ၍ (မီးကျီး)ဖိုဝ၌ (မိုက်သိုဘွင်) ထည့်ထားပြီးလျှင် ရံဖန်ရံခါ မှုတ်၏၊ ရံဖန် ရံခါ ရေဖြင့် ဆွတ်ဖျန်းပေး၏၊ ရံဖန် ရံခါ လျစ်လျူရှု၏။ ရဟန်းတို့ ရွှေပန်းထိမ်သည်သည်၎င်း ရွှေပန်းထိမ်သည်၏ တပည့်သည်၎င်း ထိုရွှေကို အစဉ်တစိုက် မှုတ်နေငြားအံ့၊ ထိုရွှေသည် ပူလောင်ရာသော အကြောင်းရှိ၏။ ရဟန်းတို့ ရွှေပန်းထိမ်သည်သည်၎င်း ရွှေပန်းထိမ်သည်၏ တပည့်သည်၎င်း ထိုရွှေကို အစဉ်တစိုက် ရေဖြင့် ဆွတ်ဖျန်းနေငြားအံ့၊ ထိုရွှေသည် ငြိမ်းအေးရာသော အကြောင်းရှိ၏။ ရဟန်းတို့ ရွှေပန်းထိမ်သည် သည်၎င်း ရွှေပန်းထိမ်သည်၏တပည့်သည်၎င်း ထိုရွှေကို အစဉ်တစိုက် လျစ်လျူရှုနေငြားအံ့၊ ထိုရွှေ သည် ကောင်းစွာ ရင့်ကျက်ခြင်းသို့ မရောက်ရာသောအကြောင်း ရှိ၏။ ရဟန်းတို့ ရွှေပန်းထိမ်သည် သည်၎င်း ရွှေပန်းထိမ်သည်၏တပည့်သည်၎င်း ထိုရွှေကို ရံဖန်ရံခါ မှုတ်၍ ရံဖန်ရံခါ ရေဖြင့် ဆွတ်ဖျန်းပြီးလျှင် ရံဖန်ရံခါ လျစ်လျူရှုသောအခါ ထိုရွှေသည် နူးညံ့ခြင်းသည်၎င်း ပြုရန်သင့်လျော် ခြင်းသည်၎င်း ပြိုးပြိုး ပြက်ပြက် အရောင်ထွက်ခြင်းသည်၎င်း ဖြစ်၏၊ ပျက်စီးခြင်း သဘောလည်း မရှိ၊ အလုပ်ခွင်သို့လည်း ကောင်းစွာ ရောက်၏၊ ရွှေပြားဖြင့် ဖြစ်စေ နားတောင်းဖြင့်ဖြစ်စေ လည်၌ တန်ဆာဖြင့် ဖြစ်စေ ရွှေပန်းခိုင်ဖြင့် ဖြစ်စေ တစုံတခုသော တန်ဆာအထူးဖြင့် အလိုရှိခဲ့မူ ထိုသူ၏ ထို(အလိုရှိရာ) အကျိုးကိုလည်း ပြီးစေ၏။

ရဟန်းတို့ ဤအတူသာလျှင် လွန်မြတ်သော (သမထဝိပဿနာ)စိတ်ကို အဖန်ဖန် အားထုတ် သော ရဟန်းသည် အကြောင်းသုံးမျိုးတို့ကို ရံဖန်ရံခါ နှလုံးသွင်းအပ်ကုန်၏။ ရံဖန်ရံခါ သမာဓိ ဟူသော အကြောင်းကို နှလုံးသွင်းအပ်၏၊ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းကို နှလုံးသွင်း

http://www.dhammadownload.com



အပ်၏၊ ရံဖန်ရံခါ ဥပေက္ခာဟူသောအကြောင်းကို နှလုံးသွင်းအပ်၏။ ရဟန်းတို့ လွန်မြတ်သော (သမထဝိပဿနာ)စိတ်ကို အားထုတ်သောရဟန်းသည် တဖက်သတ် သမာဓိဟူသော အကြောင်းကိုသာလျှင် နှလုံးသွင်းခဲ့မူ ထို(သမထဝိပဿနာ) စိတ်သည် ပျင်းရိရာသော အကြောင်း ရှိ၏။ ရဟန်းတို့ လွန်မြတ်သော (သမထဝိပဿနာ) စိတ်ကို အားထုတ်သော ရဟန်းသည် တဖက်သတ် ဝီရိယဟူသော အကြောင်းကိုသာလျှင် နှလုံးသွင်းခဲ့မူ ထို (သမထဝိပဿနာ) စိတ်သည် ပျံ့လွင့်ရာသော အကြောင်းရှိ၏။ ရဟန်းတို့ လွန်မြတ်သော (သမထဝိပဿနာ) စိတ်ကို အားထုတ်သော ရဟန်းသည် တဖက်သတ်ဥပေက္ခာဟူသော အကြောင်းကိုသာလျှင် နှလုံးသွင်းခဲ့မူ ထို (သမထဝိပဿနာ) စိတ်သည် အာသဝေါတရားတို့ ကုန်ရန် ကောင်းစွာ မတည်ကြည်ရာသော အကြောင်း ရှိ၏။ ရဟန်းတို့ လွန်မြတ်သော (သမထဝိပဿနာ)စိတ်ကို အားထုတ်သော ရဟန်းသည် ရံဖန်ရံခါ သမာဓိ ဟူသော အကြောင်းကို နှလုံးသွင်း၍ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းကို နှလုံးသွင်းပြီးလျှင် ရံဖန်ရံခါ ဥပေက္ခာ ဟူသော အကြောင်းကို နှလုံးသွင်းသော အခါ၌ စိတ်သည် နူးညံ့ခြင်းသည်ရှင်း ပြုရန် သင့်လျော်ခြင်းသည်ရှင်း ပြိုးပြိုး ပြက်ပြက် အရောင်ထွက်ခြင်းသည်ရှင်း ဖြစ်၏၊ ပျက်စီးခြင်း သဘောလည်း မရှိ၊ အာသဝေါ တရားတို့ ကုန်ရန် ကောင်းစွာ တည်ကြည်၏၊ ထူးသော ဉာဏ်ဖြင့် မျက်မှောက် ပြုအပ်သော တစုံတခုသော တရားကို ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြုရန် စိတ်ကိုညွတ်စေ၏၊ (ရှေးဘဝအကြောင်းနှင့် ယခုဘဝ အဘိညာဏ်၏ အခြေခံ ချာန်စသော) အကြောင်း ရှိလတ်သော် ထိုထို အရာ၌ပင်လျှင် သက်သေ ထိုက်သည့်အဖြစ် (ဣဒ္ဓိဝိဓအဘိညာဏ်စသည်) သို့လည်း ရောက်၏။

"ငါသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ခံစားလို၏။ပ။ [အဘိညာဏ် ခြောက်ပါးတို့ကို အကျယ်ချဲ့အပ်ကုန်၏] အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် နေလို၏"ဟု ထိုသူသည် အကယ်၍အလိုရှိခဲ့လျှင် (အခြေခံ) အကြောင်းရှိလတ်သော် ထိုထို အသိရှိရာ၌ပင်လျှင် သက်သေထိုက်သည့်အဖြစ် (ဣဒ္ဓိဝိဓအဘိညာဏ် စသည်)သို့ ရောက်၏ ဟု (မိန့်တော်မူ၏။)

ကောဒသမသုတ်။

ငါးခုမြောက် လောဏကပလ္လဝဂ် ပြီး၏။

ဒုတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၃-တတိယပဏ္ဏာသက

## ၃-တတိယ သုတ်ငါးဆယ်

### (၁၁) ၁-သမ္ဗောဓဝဂ် ၁-ပုဗ္ဗေဝသမ္ဗောဓသုတ်

၁၀၄။ ရဟန်းတို့ သစ္စာလေးပါးကို ထိုးထွင်း၍ မသိမီ ဘုရားလောင်း ဖြစ်စဉ်ကပင် "လောက၌ သာယာဖွယ် သဘောသည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ရာသည် အဘယ်နည်း" ဟူသော အကြံသည် ငါ့အား ဖြစ်ခဲ့၏။ ရဟန်းတို့ "လောကကို စွဲ၍ဖြစ်သော ချမ်းသာခြင်း 'သုခ' ဝမ်းမြောက်ခြင်း 'သောမနဿ' သည် လောက၌ သာယာဖွယ် သဘောတည်း။ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်း သဘောရှိသော လောကသည် လောက၌ အပြစ်တည်း။ လောက၌ လိုလားတပ်မက်မှု 'ဆန္ဒရာဂ' ကို ဖျောက်ခြင်း လိုလားတပ်မက်မှုကို ပယ်ခြင်းသည် လောကမှ ထွက်မြောက်ရာပေတည်း" ဟူသော အကြံသည် ငါ့အား ဖြစ်ပြန်၏။ ရဟန်းတို့ ဤသို့ လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာ အားဖြင့် ဟုတ်တိုင်း မှန်စွာ ပိုင်ပိုင် နိုင်နိုင် မသိသေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော (နတ်)လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူလောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီ ဟု ငါ ဝန်မခံခဲ့ပေ။ ရဟန်းတို့ ဤသို့ လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ် အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာ အားဖြင့် ဟုတ်တိုင်းမှန်စွာ ပိုင်ပိုင် နိုင်နိုင် သိသောအခါ၌မူကား နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော(နတ်)လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိ ဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ငါဝန်ခံ၏။ "ငါ၏ အရဟတ္တဖိုလ်သည် မပျက်စီးနိုင်ပြီ၊ ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏၊ တဖန် ဘဝသစ်၌ ဖြစ်ခြင်းသဘောသည် မရှိတော့ပြီ" ဟု ငါ့အား (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပြီ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

### ၂-ပဌမ အဿာဒသုတ်

၁၀၅။ ရဟန်းတို့ ငါသည် လောက၏ သာယာဖွယ်ကို ရှာဖွေလျက် ကျင်လည်ခဲ့ဘူး၏၊ လောက၌ ယင်းသာယာဖွယ်ကို သိရပြီ၊ လောက၌ ရှိရှိသမျှ သာယာဖွယ်ကို (ဝိပဿနာမဂ်) ပညာဖြင့် ငါ ကောင်းစွာ မြင်ရပြီ။ ရဟန်းတို့ ငါသည် လောက၏ အပြစ်ကို ရှာဖွေလျက် ကျင်လည်ခဲ့ဘူး၏၊ လောက၌ ယင်းအပြစ်ကို သိရပြီ၊ လောက၌ ရှိရှိသမျှ အပြစ်ကို(ဝိပဿနာမဂ်) ပညာဖြင့် ငါကောင်းစွာ မြင်ရပြီ။ ရဟန်းတို့ ငါသည် လောကမှ ထွက်မြောက်ရာကို ရှာဖွေလျက် ကျင်လည်ခဲ့ဘူး၏၊ လောကမှ ထွက်မြောက်ရာကို သိရပြီ၊ လောကမှ ထွက်မြောက်ရာ ရှိရှိသမျှကို (ဝိပဿနာမဂ်) ပညာဖြင့် ငါကောင်းစွာ မြင်ရပြီ။ ရဟန်းတို့ လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့်

http://www.dhammadownload.com



အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ပိုင်ပိုင်နိုင်နိုင် မသိရသေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော (နတ်) လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူလောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိပြီဟု ငါ ဝန်မခံခဲ့ပေ။ ရဟန်းတို့ လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့်ဟုတ်တိုင်းမှန်စွာ ပိုင်ပိုင် နိုင်နိုင် သိသောအခါ၌မူကား နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော (နတ်)လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူလောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံ၏။ "ငါ၏ အရဟတ္တဖိုလ်သည် မပျက်စီးနိုင်ပြီ၊ ဤဘဝသည် နောက်ဆုံးဘဝ ဖြစ်၏၊ တဖန်ဘဝသစ်၌ ဖြစ်ခြင်းသဘောသည် မရှိတော့ပြီ" ဟု ငါ့အား (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပြီ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဒုတိယ အဿာဒသုတ်

၁၀၆။ ရဟန်းတို့ လောက၌ အကယ်၍ ဤသာယာဖွယ် မရှိခဲ့လျှင် ဤသတ္တဝါတို့သည် မတပ်မက်ကုန်ရာ၊ ရဟန်းတို့ လောက၌ သာယာဖွယ် ရှိသောကြောင့်သာ သတ္တဝါတို့သည် တပ်မက်ကုန်၏။ ရဟန်းတို့ လောက၌ အကယ်၍ ဤအပြစ် မရှိခဲ့လျှင် ဤသတ္တဝါတို့သည် မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ လောက၌ အပြစ်ရှိသောကြောင့်သာ သတ္တဝါတို့သည် ငြီးငွေ့ကုန်၏။ ရဟန်းတို့ လောက၌ အကယ်၍ ဤထွက်မြောက်ရာ မရှိခဲ့လျှင် ဤသတ္တဝါတို့သည် လောကမှ မထွက်မြောက်ရာ၊ ရဟန်းတို့ လောက၌ ထွက်မြောက်ရာရှိသောကြောင့်သာ သတ္တဝါတို့သည် လောကမှ ထွက်မြောက်ကုန်၏။ ရဟန်းတို့ လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ပိုင်ပိုင် နိုင်နိုင် မသိသေးသမျှကာလပတ်လုံး သတ္တဝါတို့သည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော(နတ်)လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောကမှ ထွက်မြောက်လိုက်ကုန် မစပ်ယှဉ်လိုက်ကုန် ကင်းလွတ်လိုက်ကုန်သည်ဖြစ်၍ (ကိလေသာနှင့် ဝဋ်တို့၏)အပိုင်းအခြား မရှိခြင်းကို ပြုတတ်သော စိတ်ဖြင့် မနေကုန်။ ရဟန်းတို့ လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ် အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသောအခါ၌မူကား သတ္တဝါတို့သည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော(နတ်)လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူလောကမှ ထွက်မြောက်လိုက်ကုန် မစပ်ယှဉ်လိုက်ကုန် ကင်းလွတ်လိုက်ကုန်သည်ဖြစ်၍(ကိလေသာနှင့် ဝဋ်တို့၏)အပိုင်းအခြားမရှိခြင်းကိုပြုတတ်သော စိတ်ဖြင့် နေကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-သမဏဗြာဟ္မဏသုတ်

၁၀၇။ ရဟန်းတို့ ခပ်သိမ်းသော သမဏနှင့် ဗြာဟ္မဏတို့သည် လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာ

http://www.dhammadownload.com



အားဖြင့် ဟုတ်ဘိုင်းမှန်စွာ မသိကုန်။ ရဟန်းတို့ ထိုသမဏနှင့် ဗြာဟ္မဏတို့ကို သမဏတို့၌မူလည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏ ဟု မသမုတ်အပ်ကုန်။ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုး (အရိယာမဂ်)ကိုင်း ဗြာဟ္မဏဖြစ်ကျိုး (အရိယာဖိုလ်)ကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေကြရကုန်။ ရဟန်းတို့ ခပ်သိမ်းသော သမဏနှင့် ဗြာဟ္မဏတို့သည် လောက၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာ အားဖြင့် ဟုတ်တိုင်းမှန်စွာ သိကုန်၏။ ရဟန်းတို့ ထိုသမဏနှင့် ဗြာဟ္မဏဘို့ကို သမဏတို့၌မူလည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏဘို့၌မူလည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏။ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုး (အရိယာမဂ်)ကိုင်း ဗြာဟ္မဏဖြစ်ကျိုး (အရိယာဖိုလ်)ကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေကြရကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ရုဏ္ဏသုတ်

၁၀၅။ ရဟန်းတို့ သီချင်းဆိုခြင်းသည် အရိယာ၏ အဆုံးအမ၌ ငိုသည် မည်၏၊ ရဟန်းတို့ ကခြင်းသည် အရိယာ၏ အဆုံးအမ၌ ရူးသွပ်သည် မည်၏၊ ရဟန်းတို့ အပိုင်းအခြားကိုလွန်၍ သွားပေါ် အောင် ပြင်းစွာ ရယ်ခြင်းသည် အရိယာ၏ အဆုံးအမ၌ ကလေးသူငယ်တို့ ပြုအပ်သော အလုပ်မည်၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်ဝယ် သီချင်းဆိုခြင်း၌ အကြောင်းကို ပယ်သတ်ရမည်၊ ကခြင်း၌ အကြောင်းကို ပယ်သတ်ရမည်၊ တရားနှင့် စပ်သော အကြောင်းဖြင့် ဝမ်းမြောက်သော သူတော်ကောင်း ဖြစ်သော သင်တို့အား ပြုံးရုံမျှ ပြုံးခြင်းသည် သင့်လျော်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-အတိတ္တိသုတ်

၁၀၆။ ရဟန်းဘို့ တရားသုံးမျိုးတို့ကို မှီဝဲခြင်း၌ ရောင့်ရဲမှု မရှိပေ။ အဘယ်သုံးမျိုးတို့နည်းဟူမူ-ရဟန်းဘို့ အိပ်ခြင်းကို မှီဝဲခြင်း၌ ရောင့်ရဲမှု မရှိ၊ ရဟန်းတို့ သေအရက်သောက်ခြင်းကို မှီဝဲခြင်း၌ ရောင့်ရဲမှု မရှိ၊ ရဟန်းတို့ မေထုန်အကျင့်သို့ ရောက်ခြင်းကို မှီဝဲခြင်း၌ ရောင့်ရဲမှု မရှိ။ ရဟန်းဘို့ ဤတရားသုံးမျိုးတို့ကို မှီဝဲခြင်း၌ ရောင့်ရဲမှု မရှိပေ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အရက္ခိတသုတ်

၁၁၀။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်- "ဒါယကာ စိတ်ကို မစောင့်ရှောက်လျှင်

http://www.dhammadownload.com



ကာယကံကို လည်း စောင့်ရှောက်သည် မမည်၊ ဝစီကံကိုလည်း စောင့်ရှောက်သည် မမည်၊မနောကံကို လည်း စောင့်ရှောက်သည် မမည်။ ကာယကံ ဝစီကံ မနောကံကို မစောင့်ရှောက်သူ၏ ကာယကံ သည်လည်း (ကိလေသာဖြင့်)စိုစွတ်၏၊ ဝစီကံသည်လည်း (ကိလေသာဖြင့်) စိုစွတ်၏၊ မနောကံ သည်လည်း (ကိလေသာဖြင့်) စိုစွတ်၏။ (ကိလေသာဖြင့်)စိုစွတ်သော ကာယကံ ဝစီကံ မနောကံ ရှိသူ၏ ကာယကံသည်လည်း ဆွေးမြေ့၏၊ ဝစီကံသည်လည်း ဆွေးမြေ့၏၊ မနောကံသည်လည်း ဆွေးမြေ့၏၊ ဆွေးမြေ့သော ကာယကံ ဝစီကံ မနောကံရှိသူအား ကောင်းသော သေခြင်း မဖြစ်နိုင်၊ ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်။

ဒါယကာ အထွတ်တပ်သောအိမ်ကို ကောင်းစွာ မိုးမထားလျှင် အထွတ်ကိုလည်း စောင့်ရှောက် သည် မမည်၊အခြင်ကိုလည်း စောင့်ရှောက်သည် မမည်၊နံရံကိုလည်း စောင့်ရှောက်သည် မမည်၊ အထွတ်သည်လည်း (မိုးရေဖြင့်)စိုစွတ်၏၊ အခြင်တို့သည်လည်း (မိုးရေဖြင့်) စိုစွတ်ကုန်၏၊ နံရံ သည်လည်း (မိုးရေဖြင့်)စိုစွတ်၏၊ အထွတ်သည်လည်း ဆွေးမြေ့၏၊ အခြင်တို့သည်လည်း ဆွေး မြေ့ကုန်၏၊ နံရံသည်လည်း ဆွေးမြေ့၏။

ဒါယကာ ဤအတူပင်လျှင် စိတ်ကို မစောင့်ရှောက်လျှင် ကာယကံကိုလည်း စောင့်ရှောက်သည် မမည်၊ ဝစီကံကိုလည်း စောင့်ရှောက်သည် မမည်၊ မနောကံကိုလည်း စောင့်ရှောက်သည် မမည်။ ကာယကံ ဝစီကံ မနောကံကို မစောင့်ရှောက်သူ၏ ကာယကံသည်လည်း (ကိလေသာဖြင့်) စိုစွတ်၏၊ ဝစီကံသည်လည်း (ကိလေသာဖြင့်)စိုစွတ်၏၊ မနောကံသည်လည်း (ကိလေသာဖြင့်) စိုစွတ်၏။ (ကိလေသာဖြင့်)စိုစွတ်သော ကာယကံ ဝစီကံ မနောကံ ရှိသူ၏ ကာယကံသည်လည်း ဆွေးမြေ့၏၊ ဝစီကံသည်လည်း ဆွေးမြေ့၏၊ မနောကံသည်လည်း ဆွေးမြေ့၏။ ဆွေးမြေ့ သော ကာယကံ ဝစီကံ မနောကံရှိသူအား ကောင်းသော သေခြင်း မဖြစ်နိုင်၊ ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်။

ဒါယကာ စိတ်ကို စောင့်ရှောက်လျှင် ကာယကံကိုလည်း စောင့်ရှောက်သည် မည်၏၊ဝစီကံကို လည်း စောင့်ရှောက်သည် မည်၏၊ မနောကံကိုလည်း စောင့်ရှောက်သည် မည်၏။ ကာယကံ ဝစီကံ မနောကံကို စောင့်ရှောက်သူ၏ ကာယကံသည်လည်း(ကိလေသာဖြင့်)မစိုစွတ်၊ ဝစီကံသည်လည်း (ကိလေသာဖြင့်)မစိုစွတ်၊ မနောကံသည်လည်း (ကိလေသာဖြင့်)မစိုစွတ်။ မစိုစွတ်သော ကာယကံ ဝစီကံ မနောကံရှိသူ၏ ကာယကံသည်လည်း မဆွေးမြေ့၊ ဝစီကံသည်လည်း မဆွေးမြေ့၊ မနောကံသည်လည်း မဆွေးမြေ့၊ မဆွေးမြေ့သော ကာယကံ ဝစီကံ မနောကံ ရှိသူအား ကောင်းသော သေခြင်း ဖြစ်နိုင်၏၊ ကောင်းသော ကွယ်လွန်ခြင်း ဖြစ်နိုင်၏။

ဒါယကာ အထွတ်တပ်သောအိမ်ကို ကောင်းစွာ မိုးထားလျှင် အထွတ်ကိုလည်း စောင့်ရှောက် သည် မည်၏၊ အခြင်တို့ကိုလည်း စောင့်ရှောက်သည် မည်ကုန်၏၊ နံရံကိုလည်း စောင့်ရှောက်သည် မည်၏၊ အထွတ်သည်လည်း (မိုးရေဖြင့်) မစိုစွတ်၊ အခြင်တို့သည်လည်း (မိုးရေဖြင့်) မစိုစွတ်ကုန်၊ နံရံသည်လည်း (မိုးရေဖြင့်) မစိုစွတ်၊ အထွတ်သည်လည်း မဆွေးမြေ့၊ အခြင်တို့သည်လည်း မဆွေးမြေ့ကုန်၊ နံရံသည်လည်း မဆွေးမြေ့။

ဒါယကာ ဤအတူသာလျှင် စိတ်ကို စောင့်ရှောက်လျှင် ကာယကံကိုလည်း စောင့်ရှောက်သည် မည်၏၊ ဝစီကံကိုလည်း စောင့်ရှောက်သည် မည်၏၊ မနောကံကိုလည်း စောင့်ရှောက်သည် မည်၏။ ကာယကံ ဝစီကံ မနောကံကို စောင့်ရှောက်သူ၏ ကာယကံသည်လည်း (ကိလေသာဖြင့်)

http://www.dhammadownload.com



မစိုစွတ်၊ဝစီကံသည်လည်း (ကိလေသာဖြင့်)မစိုစွတ်၊ မနောကံသည်လည်း (ကိလေသာဖြင့်)မစိုစွတ်။ မစိုစွတ်သော ကာယကံ ဝစီကံ မနောကံရှိသူ၏ ကာယကံသည်လည်း မဆွေးမြေ့၊ ဝစီကံသည်လည်း မဆွေးမြေ့၊ မနောကံသည်လည်း မဆွေးမြေ့။ မဆွေးမြေ့သော ကာယကံ ဝစီကံ မနောကံ ရှိသူအား ကောင်းသော သေခြင်း ဖြစ်နိုင်၏၊ ကောင်းသော ကွယ်လွန်ခြင်း ဖြစ်နိုင်၏" ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈--ဗျာပန္နသုတ်

၁၁၁။ တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်— "ဒါယကာ စိတ်ပျက်စီးလျှင် ကာယကံသည်လည်း ပျက်စီး၏၊ ဝစီကံသည်လည်း ပျက်စီး၏၊ မနောကံသည်လည်း ပျက်စီး၏၊ ကာယကံ ဝစီကံ မနောကံ ပျက်စီးသူအား ကောင်းသော သေခြင်း မဖြစ်နိုင်၊ ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်။ ဒါယကာ အထွတ်တပ်သော အိမ်ကိုကောင်းစွာ မိုးမထားလျှင် အထွတ်သည်လည်း ပျက်စီး၏၊ အခြင်သည်လည်း ပျက်စီး၏၊ နံရံသည်လည်း ပျက်စီး၏။ ဒါယကာ ဤအတူပင်လျှင် စိတ်ပျက်စီးလျှင် ကာယကံသည်လည်း ပျက်စီး၏၊ ဝစီကံသည်လည်း ပျက်စီး၏၊ မနောကံသည်လည်း ပျက်စီး၏၊ ကာယကံ ဝစီကံ မနောကံ ပျက်စီးသူအား ကောင်းသော သေခြင်း မဖြစ်နိုင်၊ ကောင်းသော ကွယ်လွန်ခြင်း မဖြစ်နိုင်။

ဒါယကာ စိတ် မပျက်စီးလျှင် ကာယကံသည်လည်း မပျက်စီး၊ ဝစီကံသည်လည်း မပျက်စီး၊ မနောကံသည်လည်း မပျက်စီး၊ ကာယကံ ဝစီကံ မနောကံ မပျက်စီးသူအား ကောင်းသော သေခြင်း ဖြစ်နိုင်၏။ ကောင်းသော ကွယ်လွန်ခြင်း ဖြစ်နိုင်၏။ ဒါယကာ အထွတ်တပ်သော အိမ်ကို ကောင်းစွာ မိုးထားလျှင် အထွတ်သည်လည်း မပျက်စီး၊ အခြင်တို့သည်လည်း မပျက်စီးကုန်၊ နံရံသည်လည်း မပျက်စီး။ ဒါယကာ ဤအတူပင်လျှင် စိတ် မပျက်စီးလျှင် ကာယကံသည်လည်း မပျက်စီး၊ ဝစီကံသည်လည်း မပျက်စီး၊ မနောကံသည်လည်း မပျက်စီး၊ ကာယကံ ဝစီကံ မနောကံ မပျက်စီးသူအား ကောင်းသော သေခြင်း ဖြစ်နိုင်၏၊ ကောင်းသော ကွယ်လွန်ခြင်း ဖြစ်နိုင်၏" ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉--ပဌမ နိဒါနသုတ်

၁၁၂။ ရဟန်းတို့ (ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော) ကံဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။အဘယ်သုံးမျိုးတို့နည်းဟူမူ—လောဘသည် ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတည်း၊ ဒေါသသည် ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတည်း၊ မောဟသည် ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတည်း။ ရဟန်းတို့ လောဘသည် ပြုအပ်သော လောဘကြောင့် ဖြစ်သော လောဘလျှင် ဖြစ်ကြောင်း 'နိဒါန်း'ရှိသော လောဘလျှင် ဖြစ်ပေါ်ကြောင်း'သမုဒယ'ရှိသော ကံသည် အကုသိုလ်မည်၏၊ ထိုကံသည် အပြစ်ရှိသော တရားဖြစ်၏၊ ထိုကံသည် ဆင်းရဲကျိုးရှိသော တရားဖြစ်၏၊ ထိုကံသည် (ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော)ကံတပါး ဖြစ်ပေါ်ရန် အကြောင်းဖြစ်၏၊ ထိုကံသည်

http://www.dhammadownload.com



**ကံတို့၏** ချုပ်ငြိမ်းရန် မဖြစ်။ ရဟန်းတို့ ဒေါသသည် ပြုအပ်သော ဒေါသကြောင့် ဖြစ်သော ဒေါသလျှင် ဖြစ်ကြောင်း 'နိဒါန်း'ရှိသော ဒေါသလျှင် ဖြစ်ပေါ်ကြောင်း 'သမုဒယ'ရှိသော ကံသည် အကုသိုလ်မည်၏၊ ထိုကံသည် အပြစ်ရှိသော တရားဖြစ်၏၊ ထိုကံသည် ဆင်းရဲကျိုးရှိသော တရားဖြစ်၏၊ ထိုကံသည် ကံဘပါးဖြစ်ပေါ်ရန် အကြောင်း ဖြစ်၏၊ ထိုကံသည် ကံတို့၏ ချုပ်ငြိမ်းရန် မဖြစ်။ ရဟန်းတို့ မောဟသည် ပြုအပ်သော မောဟကြောင့် ဖြစ်သော မောဟလျှင် ဖြစ်ကြောင်း 'နိဒါန်း'ရှိသော မောဟလျှင် ဖြစ်ပေါ်ကြောင်း 'သမုဒယ'ရှိသော ကံသည် အကုသိုလ်မည်၏၊ ထိုကံသည် အပြစ်ရှိသော တရားဖြစ်၏၊ ထိုကံသည် ဆင်းရဲကျိုးရှိသော တရားဖြစ်၏၊ ထိုကံသည် ကံတပါးဖြစ်ပေါ်ရန် အကြောင်း ဖြစ်၏၊ ထိုကံသည် ကံတို့၏ ချုပ်ငြိမ်းရန် မဖြစ်။ ရဟန်းတို့ (ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော)ကံဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ (ဝဋ်ကင်းရာနိဗ္ဗာန်သို့ ရောက်စေတတ်သော)ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ–အလောဘသည် ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတည်း၊ အဒေါသသည် ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတည်း၊ အမောဟသည် ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတည်း။ ရဟန်းတို့ အလောဘသည် ပြုအပ်သော အလောဘကြောင့် ဖြစ်သော အလောဘလျှင် ဖြစ်ကြောင်း 'နိဒါန်း'ရှိသော အလောဘလျှင် ဖြစ်ပေါ်ကြောင်း 'သမုဒယ'ရှိသော ကံသည် ကုသိုလ်မည်၏၊ ထိုကံသည် အပြစ် မရှိသော တရားဖြစ်၏၊ ထိုကံသည် ချမ်းသာကျိုးရှိသော တရားဖြစ်၏။ ထိုကံသည် ကံတို့၏ ချုပ်ငြိမ်းရန် ဖြစ်၏။ ထိုကံသည် (ဝဋ်ဆင်းရဲကိုဖြစ်စေတတ်သော)ကံတပါး ဖြစ်ပေါ်ရန် အကြောင်း မဖြစ်။ ရဟန်းတို့ အဒေါသသည် ပြုအပ်သော အဒေါသကြောင့် ဖြစ်သော အဒေါသလျှင် ဖြစ်ကြောင်း 'နိဒါန်း'ရှိသော အဒေါသလျှင် ဖြစ်ပေါ်ကြောင်း 'သမုဒယ'ရှိသော ကံသည် ကုသိုလ်မည်၏၊ ထိုကံသည် အပြစ်မရှိသော တရားဖြစ်၏၊ ထိုကံသည် ချမ်းသာကျိုးရှိသော တရားဖြစ်၏။ ထိုကံသည် ကံတို့၏ချုပ်ငြိမ်းရန် ဖြစ်၏၊ ထိုကံသည် ကံတပါးဖြစ်ပေါ်ရန် အကြောင်း မဖြစ်။ ရဟန်းတို့ အမောဟသည် ပြုအပ်သော အမောဟကြောင့် ဖြစ်သော အမောဟလျှင် ဖြစ်ကြောင်း 'နိဒါန်း'ရှိသော အမောဟလျှင် ဖြစ်ပေါ်ကြောင်း 'သမုဒယ'ရှိသော ကံသည် ကုသိုလ်မည်၏၊ ထိုကံသည် အပြစ်မရှိသော တရားဖြစ်၏၊ ထိုကံသည် ချမ်းသာကျိုးရှိသော တရားဖြစ်၏၊ ထိုကံသည် **ကံတို့၏** ချုပ်ငြိမ်းရန် ဖြစ်၏၊ ထိုကံသည် ကံတပါး ဖြစ်ပေါ်ရန် **အကြောင်း မဖြစ်။ ရဟန်းတို့** (ဝဋ်ကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော) ကံဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

**နဝမသုတ်။**

---

## ၁၀–ဒုတိယ နိဒါနသုတ်

၁၁၃။ ရဟန်းတို့ (ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော) ကံဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤ သုံးမျိုးတို့တည်း။ အဘယ် သုံးမျိုးတို့နည်းဟူမူ–ရဟန်းတို့ အားကြီးသော တပ်မက်ခြင်း **'ဆန္ဒရာဂ'၏** အကြောင်းဖြစ်ကုန်သော အတိတ်တရားတို့ကို စွဲ၍ အလို 'ဆန္ဒ'ဖြစ်၏။ ရဟန်းတို့ **အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အနာဂတ်တရားတို့ကို စွဲ၍ အလို 'ဆန္ဒ'ဖြစ်၏။** ရဟန်းတို့ အားကြီးသော တပ်မက်ခြင်း **'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော ပစ္စုပ္ပန်တရား တို့ကို စွဲ၍ အလို 'ဆန္ဒ'ဖြစ်၏။**

http://www.dhammadownload.com



ရဟန်းဘို့ အဘယ်သို့လျှင် အားကြီးသောတပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အဘိဘ်တနားဘို့ကိုစွဲ၍ အလို'ဆန္ဒ' ဖြစ်သနည်း။ ရဟန်းတို့ အားကြီ သောတပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အတိတ်တရားတို့ကို စွဲ၍ စိတ်ဖြင့် အဖန်ဖန် ကြံစည်၏၊ အဖန်ဖန် သုံးသပ်၏၊ အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အတိတ်တရားတို့ကို စွဲ၍ စိဘ်ဖြင့် အဖန်ဖန် ကြံစည် သုံးသပ်သူအားအလို'ဆန္ဒ'ဖြစ်၏၊ အလို'ဆန္ဒ'ဖြစ်သူသည် ထို (ဆန္ဒရာဂ၏ အကြောင်း ဖြစ်ကုန်သော) တရားဘို့နှင့် ယှဉ်စပ်၏။ ရဟန်းတို့ စိတ်၏ ပြင်းစွာတပ်မက်ခြင်းကို သံယောဇဉ်'နှောင်ကြိုး'ဟု ငါဆို၏။ ရဟန်းဘို့ ဤ သို့လျှင် အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အဘိတ်တရားဘို့ကို စွဲ၍ အလို'ဆန္ဒ' ဖြစ်၏။

ရပဟန်းတို့ အဘယ်သို့လျှင် အားကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အနာဂတ်တရားဘို့ကို စွဲ၍ အလို'ဆန္ဒ'ဖြစ်သနည်း။ ရဟန်းတို့ အားကြီးသော ဘပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အနာဂဘ်တရားတို့ကို စွဲ၍ စိတ်ဖြင့် အဖန်ဖန် ကြံစည်၏၊ အဖန်ဖန် သုံးသပ်၏၊ အားကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အနာဂတ်တရားဘို့ကို စွဲ၍ စိတ်ဖြင့် အဖန်ဖန် ကြံစည်သုံးသပ်သူအား အလို'ဆန္ဒ'ဖြစ်၏၊ အလို'ဆန္ဒ'ဖြစ်သူသည် ထို(ဆန္ဒရာဂ၏ အကြောင်း ဖြစ်ကုန်သော) တရားဘို့နှင့် ယှဉ်စပ်၏။ ရဟန်းတို့ စိတ်၏ ပြင်းစွာ တပ်မက်ခြင်းကို သံယောဇဉ် 'နှောင်ကြိုး'ဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် အားကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အနာဂတ်တရားတို့ကို စွဲ၍ အလို'ဆန္ဒ'ဖြစ်၏။

ရဟန်းဘို့ အဘယ်သို့လျှင် အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏အကြောင်း ဖြစ်ကုန်သော ပစ္စုပ္ပန် တရားတို့ကို စွဲ၍ အလို'ဆန္ဒ'ဖြစ်သနည်း၊ ရဟန်းတို့ အာ ကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော ပစ္စုပ္ပန်တရားတို့ကို စွဲ၍ စိတ်ဖြင့် အဖန်ဖန် ကြံစည်၏၊ အဖန်ဖန် သုံးသပ်၏၊ အားကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော ပစ္စုပ္ပန်တရားတို့ကို စွဲ၍ စိဘ်ဖြင့် အဖန်ဖန် ကြံစည်သုံးသပ်သူအား အလို 'ဆန္ဒ'ဖြစ်၏၊ အလို'ဆန္ဒ'ဖြစ်သူသည် ထို (ဆန္ဒရာဂ၏ အကြောင်း ဖြစ်ကုန်သော)တရားတို့နှင့် ယှဉ်စပ်၏။ ရဟန်းတို့ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း ကို သံယောဇဉ် 'နှောင်ကြိုး'ဟု ငါဆို၏၊ ရဟန်းတို့ ဤသို့လျှင် အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်းဖြစ်ကုန်သော ပစ္စုပ္ပန်တရားတို့ကို စွဲ၍ အလို'ဆန္ဒ'ဖြစ်၏။ ရဟန်းဘို့ (ဝဋ်ဆင်းရဲကို ဖြစ်စေတဘ်သော)ကံ ဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ (ဝဋ်ကင်းရာ နိဗ္ဗာန် သို့ ရောက်စေတတ်သော)ကံတို့၏ ဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ —ရဟန်းတို့ အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်းဖြစ်ကုန်သော အဘိတ်တရား တို့ကို စွဲ၍ အလို'ဆန္ဒ' မဖြစ်။ ရဟန်းတို့ အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အနာဂတ်တရားတို့ကို စွဲ၍ အလို'ဆန္ဒ'မဖြစ်၊ ရဟန်းတို့ အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်းဖြစ်ကုန်သော ပစ္စုပ္ပန်တရား တို့ကို စွဲ၍ အလို'ဆန္ဒ'မဖြစ်။

ရဟန်းတို့ အဘယ်သို့လျှင် အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အတိတ်ဘရားတို့ကို စွဲ၍ အလို'ဆန္ဒ'မဖြစ်သနည်း။ ရဟန်းတို့အားကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အတိတ်တရား တို့၏ နောင်ဖြစ်လတ္တံ့ အကျိုးကို သိ၏၊ နောင်ဖြစ်လတ္တံ့ အကျိုးကိုသိ၍ ထိုအကျိုးကို နစ်စေ၏၊ ထိုအကျိုးကိုနစ်စေ၍ စိတ်ဖြင့် ထိုးထွင်း သိပြီးလျှင် ပညာ

http://www.dhammadownload.com



ဖြင့် ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ ဤသို့လျှင်အားကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အတိတ်တရား တို့ကို စွဲ၍ အလို'ဆန္ဒ'မဖြစ်။

ရဟန်းတို့ အဘယ်သို့လျှင် အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်းဖြစ်ကုန်သော အနာဂတ် တရားတို့ကို စွဲ၍ အလို'ဆန္ဒ' မဖြစ်သနည်း။ ရဟန်းတို့ အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်းဖြစ်ကုန်သော အနာဂတ်တရားတို့၏ နောင်ဖြစ်လတ္တံ့ အကျိုးကိုသိ၏၊ နောင်ဖြစ်လတ္တံ့ အကျိုးကို သိ၍ ထိုအကျိုးကို နစ်စေ၏၊ ထိုအကျိုးကို နစ်စေ၍ စိတ်ဖြင့် ထိုးထွင်း သိပြီးလျှင် ပညာဖြင့် ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ ဤသို့လျှင် အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော အနာဂတ်တရားတို့ကို စွဲ၍ အလို 'ဆန္ဒ' မဖြစ်။

ရဟန်းတို့ အဘယ်သို့လျှင် အားကြီးသော တပ်မက်ခြင်း'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော ပစ္စုပ္ပန် တရားတို့ကို စွဲ၍ အလို'ဆန္ဒ' မဖြစ်သနည်း။ရဟန်းတို့ အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ' ၏ အကြောင်း ဖြစ်ကုန်သော ပစ္စုပ္ပန်တရားတို့၏ နောင် ဖြစ်လတ္တံ့ အကျိုးကို သိ၏၊ နောင်ဖြစ် လတ္တံ့ အကျိုးကို သိ၍ ထိုအကျိုးကို နစ်စေ၏၊ထိုအကျိုးကို နစ်စေ၍ စိတ်ဖြင့် ထိုးထွင်း သိပြီး လျှင် ပညာဖြင့် ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ ဤသို့လျှင် အားကြီးသော တပ်မက်ခြင်း 'ဆန္ဒရာဂ'၏ အကြောင်း ဖြစ်ကုန်သော ပစ္စုပ္ပန်တရားတို့ကို စွဲ၍ အလို'ဆန္ဒ' မဖြစ်။ ရဟန်းတို့ (ဝဋ် ဆင်းရဲကို ချုပ်ငြိမ်းစေတတ်သော)ကံဖြစ်ရန် အကြောင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော် မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော သမ္ဗောဓဝဂ် ပြီး၏။

## (၁၂) ၂-အာပါယိကဝဂ် ၁-အာပါယိကသုတ်

၁၁၄။ ရဟန်းတို့ ဤအယုတ်တရားတို့ကို မပယ်ခြင်းကြောင့် အပါယ်သို့လားရမည့်သူ ငရဲသို့ ရောက်ရမည့်သူတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ – မမြတ်သော အကျင့်ကို ကျင့်သည်ဖြစ်ပါလျက် မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသူငရုင်း မြတ်သောအကျင့်ကို ကျင့် သော စင်ကြယ်သော ပုဂ္ဂိုလ်ကို အခြေအမြစ်မရှိသော မမြတ်သောအကျင့်ဖြင့် စွပ်စွဲသူငရုင်း "ကာမဂုဏ်တို့၌ အပြစ်သည် မရှိ" ဤသို့ ဆိုလေ့ ဤသို့ ယူလေ့ရှိ၍ ထိုအယူဖြင့် ကာမဂုဏ်တို့၌ သုံးဆောင် ခံစားခြင်းသို့ ရောက်သူ ငရုင်းတို့တည်း။ ရဟန်းတို့ ဤအယုတ်တရားတို့ကို မပယ်ခြင်း ကြောင့် အပါယ်သို့ လားရမည့်သူ ငရဲသို့ ရောက်ရမည့်သူတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော် မူ၏)။

ပဌမသုတ်။

## ၂-ဒုလ္လဘသုတ်

၁၁၅။ ရဟန်းတို့ လောက၌ ပုဂ္ဂိုလ်သုံးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်ခြင်းကို ရခဲ၏ ။ အဘယ် သုံးမျိုးတို့နည်းဟူမူ – လောက၌ မြတ်စွာဘုရားကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)

http://www.dhammadownload.com



ကိုယ်ဘိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကို ရခဲ၏၊ လောက၌ မြတ်စွာဘုရားဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားတတ်သော ပုဂ္ဂိုလ်ကို ရခဲ၏၊ လောက၌ သူ့ကျေးဇူးကိုသိ၍ သိသည့်အလျောက် သူ့ကျေးဇူးကို ထင်စွာ ပြုလေ့ရှိသူ 'ကတညုတ ကတဝေဒီ' ပုဂ္ဂိုလ်ကို ရခဲ၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်သုံးမျိုးတို့၏ ထင်ရှားဖြစ်ပေါ်ခြင်းကို ရခဲ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်၊

---

## ၃-အပ္ပမေယျသုတ်

၁၁၆။ ရဟန်းဘို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—နှိုင်းရှည့်ရန် လွယ်ကူသောပုဂ္ဂိုလ်ငှင်း နှိုင်းရှည့်ရန် ခက်သောပုဂ္ဂိုလ်ငှင်း မနှိုင်းရှည့်နိုင်သောပုဂ္ဂိုလ်ငှင်း တို့တည်း။ ရဟန်းတို့ နှိုင်းရှည့်ရန် လွယ်ကူသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် စိတ်ပျံ့လွင့်၏၊ ကျူပြင်ကဲ့သို့ အချည်းနှီး တက်ကြွ၏၊ လျှပ်ပေါ်၏၊ နှုတ်ကြမ်း၏၊ ပြန့်ကျဲသော စကားရှိ၏၊ သတိ လွတ်ကင်း၏၊ ဆင်ခြင်ဉာဏ် မရှိ၊ မတည်ကြည်၊ တုန်လှုပ်သော စိတ်ရှိ၏၊ ပေါ်လွင်သော ဣန္ဒြေရှိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို နှိုင်းရှည့်ရန် လွယ်ကူသော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

ရဟန်းတို့ နှိုင်းရှည့်ရန် ခက်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် စိတ် မပျံ့လွင့်၊ ကျူပြင်ကဲ့သို့ အချည်းနှီး မတက်ကြွ၊ လျှပ်ပေါ်ခြင်း မရှိ၊ နှုတ်မကြမ်းထမ်း၊ ပြန့်ကျဲသော စကားမရှိ၊ ထင်သောသတိရှိ၏၊ ဆင်ခြင်ဉာဏ် ရှိ၏၊ တည်ကြည်၏၊ တည်ကြည်သောစိတ်ရှိ၏၊ စောင့်စည်းအပ်သော ဣန္ဒြေရှိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို နှိုင်းရှည့်ရန် ခက်သော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

ရဟန်းတို့ မနှိုင်းရှည့်နိုင်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိလေသာတို့မှ ကင်းဝေး၏၊ အာသဝေါ ကုန်ပြီးဖြစ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မနှိုင်းရှည့်နိုင်သောပုဂ္ဂိုလ် ဟု ဆိုအပ်၏။ ရဟန်းဘို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အာနေဥ္စသုတ်

၁၁၇။ ရဟန်းဘို့ လောက၌ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရူပသညာ[၁] တို့ကို လုံးဝလွန်မြောက်ခြင်း ပဋိဃသညာ[၂] တို့၏ လုံးဝချုပ်ခြင်း နာနတ္တသညာ[၃] တို့ကို လုံးဝ နှလုံးမသွင်းခြင်းကြောင့်

---

၁-ရူပသညာ-ရူပဈာန်နှင့် ဖြစ်သောသညာ။

၂-ပဋိဃသညာ- စက္ခုစသောဝတ္ထုရုပ်ငါးပါး၌ ရူပါရုံစသော အာရုံငါးပါးတို့ ထိခိုက်သောအခါ ဖြစ်ပေါ်လာသော ပဉ္စဝိညာဏ်။

၃-ပဋိဃသညာမှ တပါး အမျိုးမျိုးသော ကာမာဝစရသညာ။

http://www.dhammadownload.com



"ကောင်းကင်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်)အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ထိုပုဂ္ဂိုလ်သည် ထိုအာကာသာနဉ္စာယတနစျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုစျာန်၌ တည်၏၊ ထိုစျာန်ကိုပင် နှလုံးသွင်း၏၊ ထိုစျာန်ဖြင့် များစွာ နေလေ့ရှိ၏၊ (စျာန်မှ)မယုတ်မူ၍ သေလွန်ခဲ့သော် အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ်နှစ်သောင်းတို့တည်း၊ထို(အာကာသာနဉ္စာယတန)ဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ်သည် အသက်ထက်ဆုံး တည်နေရ၍ ထိုဗြဟ္မာတို့၏ အသက် အတိုင်း အရှည် ရှိသမျှ အားလုံးကို ကုန်စေပြီးလျှင် ငရဲသို့လည်း လားရ၏၊တိရစ္ဆာန်မျိုးသို့လည်း လားရ၏၊ပြိတ္တာဘုံသို့လည်း လားရ၏။မြတ်စွာဘုရား၏ တပည့်(အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ်)သည်ကား ထိုအာကာသာနဉ္စာယတနဘုံ၌ အသက်ထက်ဆုံး တည်နေရ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှ အားလုံးကို ကုန်စေပြီးလျှင် ထိုအာကာသာနဉ္စာယတနဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၏။ ရဟန်းတို့ လားရာ 'ဂတိ' ဖြစ်ခြင်း'ပဋိသန္ဓေ'၌ ဤပုထုဇဉ်၏ ဒုဂ္ဂတိသို့ လားရခြင်း အရိယာ၏ပရိနိဗ္ဗာန်ပြုရခြင်းသည် ပင် အကြားအမြင် မရှိသော ပုထုဇဉ်နှင့် အကြားအမြင်ရှိသော အရိယာသာဝက၏ အထူး တည်း၊ ဤသည်ပင် လွန်ကဲသော အားထုတ်ကြောင်းတည်း၊ ဤသည်ပင် ထူးခြားခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အလုံးစုံသော အာကာ သာနဉ္စာယတနစျာန်ကို လွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ"ဟု(နှလုံးသွင်းလျက်)ဝိညာဏဉ္စာ ယတနစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုဝိညာဏဉ္စာယတနစျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုစျာန်၌ တည်၏၊ ထိုစျာန်ကိုပင် နှလုံးသွင်း၏၊ ထိုစျာန်ဖြင့် များစွာ နေလေ့ရှိ၏၊ (စျာန်မှ) မယုတ်မူ၍ သေလွန်ခဲ့သော် ဝိညာဏဉ္စာယတန ဗြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ ဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် လေးသောင်းတို့တည်း၊ ထိုဝိညာဏဉ္စာယတနဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ်သည် အသက်ထက်ဆုံး တည်နေ ရ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ရှိသမျှ အားလုံးကို ကုန်စေပြီးလျှင် ငရဲသို့လည်း လားရ၏၊ တိရစ္ဆာန်မျိုးသို့လည်း လားရ၏၊ ပြိတ္တာဘုံသို့လည်း လားရ၏။ မြတ်စွာဘုရား၏ တပည့် (အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်)သည်ကား ထိုဝိညာဏဉ္စာယတနဘုံ၌ အသက်ထက်ဆုံး တည်နေရ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ရှိသမျှ အားလုံးကို ကုန်စေပြီးလျှင် ထိုဝိညာဏဉ္စာယတနဘုံ၌ ပင် ပရိနိဗ္ဗာန်ပြု၏။ ရဟန်းတို့ လားရာ'ဂတိ' ဖြစ်ခြင်း'ပဋိသန္ဓေ'၌ ဤပုထုဇဉ်၏ ဒုဂ္ဂတိသို့ လားရ ခြင်း အရိယာသာဝက၏ ပရိနိဗ္ဗာန်ပြုရခြင်းသည်ပင် အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အကြား အမြင်ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသောအားထုတ်ကြောင်းတည်း၊ ဤသည်ပင် ထူးခြားခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည်အလုံးစုံသော ဝိညာဏဉ္စာ ယတနစျာန်ကို လွန်မြောက်၍"တစုံတခုမျှ မရှိ"ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုအာကိဉ္စညာယတနစျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုစျာန်၌ တည်၏၊ ထိုစျာန်ကိုပင် နှလုံးသွင်း၏၊ ထိုစျာန်ဖြင့် များစွာ နေလေ့ရှိ၏၊ (စျာန်မှ)မယုတ်မူ၍ သေလွန်ခဲ့သော် အာကိဉ္စညာယတန ဗြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်

http://www.dhammadownload.com



ကုန်သော ငြိဟ္မာတို့၏ အသက်အတိုင်းရှည်သည် မဟာကပ်ခြောက်သောင်းတို့တည်း၊ ထိုအာကိဉ္စညာယတနဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ်သည် အသက်ထက်ဆုံး တည်နေရ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှ အားလုံးကို ကုန်စေပြီးလျှင် ငရဲသို့လည်း လားရ၏၊ တိရစ္ဆာန်မျိုးသို့လည်း လားရ၏၊ ပြိတ္တာဘုံသို့လည်း လားရ၏၊ မြတ်စွာဘုရား၏ တပည့်( အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် ) သည်ကား ထိုအာကိဉ္စညာယတနဘုံ၌ အသက်ထက်ဆုံး တည်နေရ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှအားလုံးကို ကုန်စေပြီးလျှင် ထိုအာကိဉ္စညာယတနဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၏။ ရဟန်းတို့ အကြင်လားရာ'ဂတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'၌ ဤပုထုဇဉ်၏ ဒုဂ္ဂတိသို့ လားရခြင်း အရိယာသာဝက၏ ပရိနိဗ္ဗာန် ပြုခြင်းသည်ပင် အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အကြားအမြင်ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသော အားထုတ်ကြောင်းတည်း၊ ဤသည်ပင် ထူးခြားခြင်းတည်း။ ရဟန်းတို့ ဤလောက၌ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်၊

---

## ၅-ဝိပတ္တိသမ္ပဒါသုတ်

၁၁၈။ ရဟန်းတို့ ပျက်စီးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— သီလ၏ပျက်စီးခြင်း၊ စိတ်၏ပျက်စီးခြင်း၊ အယူ၏ပျက်စီးခြင်းတို့တည်း။ ရဟန်းတို့ သီလ၏ပျက်စီးခြင်းဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကားကို ဆိုလေ့ရှိ၏၊ ကြမ်းတမ်းသော စကားကို ဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသော စကားကို ဆိုလေ့ရှိ၏။ ရဟန်းတို့ ဤသည်ကို သီလ၏ ပျက်စီးခြင်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ စိတ်၏ ပျက်စီးခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မက်မောခြင်း'အဘိဇ္ဈာ'များ၏၊ ပျက်စီးစေလိုသော စိတ်ရှိ၏။ ရဟန်းတို့ ဤသည်ကို စိတ်၏ ပျက်စီးခြင်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အယူ၏ပျက်စီးခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် "ပေးလှူခြင်းသည် မရှိ [၁]၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုန်းပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသော လောကသည် မရှိ၊ အမိသည် မရှိ [၂]၊ အဖသည် မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့ မရှိကုန်၊ ဤလောကကိုငြင်း တပါးသော လောကကိုငြင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်" ဟု မှားသော အယူရှိ၏၊ ဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤသည်ကို

---

၁- ပေးလှူခြင်း၏အကျိုးသည် မရှိဟု ဆိုလိုသည်။
၂- အမိ၌ ကောင်းစွာပြုခြင်း မကောင်းပြုခြင်း၏ အကျိုးသည် မရှိဟု ဆိုလိုသည်။

http://www.dhammadownload.com



အယူပျက်စီးခြင်းဟူ၍ ဆိုအပ်၏။ ရဟန်းတို့ သီလ၏ပျက်စီးခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏။ ရဟန်းတို့ စိတ်၏ ပျက်စီးခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏။ ရဟန်းတို့ အယူ၏ ပျက်စီးခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏။ ရဟန်းတို့ ပျက်စီးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—သီလ၏ ပြည့်စုံခြင်း၊ စိတ်၏ ပြည့်စုံခြင်း၊ အယူ၏ ပြည့်စုံခြင်းတို့တည်း။ ရဟန်းတို့ သီလ၏ ပြည့်စုံခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားသော အားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို သီလ၏ ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ စိတ်၏ ပြည့်စုံခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မက်မောခြင်း 'အဘိဇ္ဈာ' မများ ပျက်စီးစေလိုသော စိတ်မရှိ။ ရဟန်းတို့ ဤသည်ကို စိတ်၏ ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အယူ၏ ပြည့်စုံခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် "ပေးလှူခြင်းသည် ရှိ၏၊ ယဇ်ပူဇော်ခြင်းသည် ရှိ၏၊ ဟုန်းပူဇော်ခြင်းသည် ရှိ၏၊ ကောင်းမှု မကောင်းမှု ကံတို့၏ အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တပါးသော လောကသည် ရှိ၏၊ အမိသည် ရှိ၏၊ အဖသည် ရှိ၏၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုငင်း တပါးသော လောကကိုငင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏"ဟု ကောင်းသော အယူရှိ၏၊ မဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤသည်ကို အယူ၏ ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ သီလ၏ ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။ ရဟန်းတို့ စိတ်၏ ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။ ရဟန်းတို့ အယူ၏ ပြည့်စုံခြင်း ဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ ဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၆-အပဏ္ဏကသုတ်

၁၁၉။ ရဟန်းတို့ ပျက်စီးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ— သီလ၏ ပျက်စီးခြင်း စိတ်၏ ပျက်စီးခြင်း အယူ၏ ပျက်စီးခြင်းတည်း၊ ရဟန်းတို့ သီလ၏ပျက်စီးခြင်း ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက် သတ်လေ့ရှိ၏။ပ။ ပြိန်ဖျင်းသောစကားကို ဆိုလေ့ရှိ၏။ ရဟန်းတို့ ဤသည်ကို သီလ၏ ပျက်စီးခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ စိတ်၏ ပျက်စီးခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မက်မောခြင်း'အဘိဇ္ဈာ'များ၏၊ ပျက်စီးစေလိုသောစိတ်ရှိ၏။ ရဟန်းတို့ ဤသည်ကို စိတ်၏ ပျက်စီးခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အယူ၏ပျက်စီးခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် "ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ။ပ။ ဤလောကကိုငင်း တပါးသော လောကကိုငင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်"ဟု မှားသော အယူရှိ၏၊ ဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤသည်ကို အယူ၏ ပျက်စီးခြင်း ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ သီလ၏ ပျက်စီးခြင်းဟူသော အကြောင်းကြောင့်လည်း။ပ။ ရဟန်းတို့ အယူ၏ ပျက်စီးခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော ငရဲ၌ ဖြစ်ရကုန်၏။ ရဟန်းတို့ ခြောက်မျက်နှာရှိ အန်စာသည် အထက်သို့ ပစ်မြှောက် အပ်သော် ကျရာ ကျရာ မျက်နှာဖြင့်သာလျှင် ကောင်းစွာ ရပ်တန့်လျက် တည်သကဲ့သို့ ဤအတူ သာလျှင် သီလ၏ ပျက်စီးခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည်။ပ။ဖြစ်ရကုန်၏။ ရဟန်းတို့ ပျက်စီးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ—သီလ၏ ပြည့်စုံခြင်း စိတ်၏ပြည့်စုံခြင်း အယူ၏ ပြည့်စုံခြင်းတို့တည်း။ ရဟန်းတို့ သီလ၏ ပြည့်စုံခြင်း ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ရဟန်းတို့ ဤသည်ကို သီလ၏ ပြည့်စုံခြင်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ စိတ်၏ ပြည့်စုံခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မက်မောခြင်း'အဘိဇ္ဈာ'မများ ပျက်စီးစေလိုသော စိတ် မရှိ။ ရဟန်းတို့ ဤသည်ကို စိတ်၏ ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အယူ၏ ပြည့်စုံခြင်းဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သော သူသည် "ပေးလှူခြင်းသည် ရှိ၏၊ ယဇ်ပူဇော်ခြင်းသည် ရှိ၏။ပ။ ဤလောကကိုငင်း တပါးသော လောကကိုငင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော သူတို့သည် လောက၌ ရှိကုန်၏" ဟု မှန်ကန်သော အယူ ရှိ၏၊ မဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ဤသည်ကို အယူ၏ ပြည့်စုံခြင်းဟူ၍ ဆိုအပ်၏။ ရဟန်းတို့ သီလ၏ ပြည့်စုံခြင်း ဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည်ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှ နောက်၌ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။ ရဟန်းတို့ စိတ်၏ ပြည့်စုံခြင်းဟူသော အကြောင်း

http://www.dhammadownload.com



ကြောင့်လည်း။ပ။ ရဟန်းတို့ အယူ၏ ပြည့်စုံခြင်း ဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။ ရဟန်းတို့ ခြောက်မျက်နှာရှိ အန်စာသည် အထက်သို့ ပစ်မြှောက်အပ်သော် ကျရာ ကျရာ မျက်နှာဖြင့်သာလျှင် ကောင်းစွာ ရပ်တန့်လျက် တည်သကဲ့သို့ ဤအတူသာလျှင် သီလ၏ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။ စိတ်၏ ပြည့်စုံခြင်း ဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည်။ပ။ အယူ၏ ပြည့်စုံခြင်း ဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရကုန်၏။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ကမ္မန္တသုတ်

၁၂၀။ ရဟန်းတို့ ပျက်စီးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ— အမှု၏ ပျက်စီးခြင်း အသက်မွေးမှု၏ ပျက်စီးခြင်း အယူ၏ ပျက်စီးခြင်းတို့တည်း။ ရဟန်းတို့ အမှု၏ ပျက်စီးခြင်း ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သတ်လေ့ရှိ၏။ပ။ ပြိန်ဖျင်းသော စကားကို ဆိုလေ့ရှိ၏။ ရဟန်းတို့ ဤသည်ကို အမှု၏ ပျက်စီးခြင်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အသက်မွေးမှု၏ ပျက်စီးခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မှားသော အသက်မွေးမှုရှိ၏၊ မှားသော အသက်မွေးမှုဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤသည်ကို အသက်မွေးမှု၏ ပျက်စီးခြင်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အယူ၏ ပျက်စီးခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် "ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ။ပ။ ဤလောကကိုလည်း တပါးသော လောကကိုလည်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်"ဟု မှားသော အယူရှိ၏၊ဖောက်ပြန်သော အမြင်ရှိ၏၊ ရဟန်းတို့ ဤသည်ကို အယူ၏ ပျက်စီးခြင်းဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ပျက်စီးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။

ရဟန်းတို့ ပြည့်စုံခြင်း တို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်းဟူမူ— အမှု၏ ပြည့်စုံခြင်း အသက်မွေးမှု၏ ပြည့်စုံခြင်း အယူ၏ ပြည့်စုံခြင်းတို့တည်း။ ရဟန်းတို့ အမှု၏ ပြည့်စုံခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို အမှု၏ ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ အသက်မွေးမှု၏ ပြည့်စုံခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကောင်းသော အသက်မွေးခြင်းရှိ၏၊ ကောင်းသော အသက် မွေးမှုဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤသည်ကို အသက်မွေးမှု၏ ပြည့်စုံခြင်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အယူ၏ ပြည့်စုံခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် "ပေးလှူခြင်းသည် ရှိ၏၊ ယဇ်ပူဇော်ခြင်းသည် ရှိ၏။ပ။ ဤလောကကိုင်း တပါးသော လောကကိုင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏" ဟု မှန်သော အယူရှိ၏၊ မဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤသည်ကို အယူ၏ ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ပဌမ သောစေယျသုတ်

၁၂၁။ ရဟန်းတို့ စင်ကြယ်ခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— ကာယဒွါရ၌ စင်ကြယ်ခြင်း ဝစီဒွါရ၌ စင်ကြယ်ခြင်း မနောဒွါရ၌ စင်ကြယ်ခြင်းတို့တည်း။ ရဟန်းတို့ ကာယဒွါရ၌ စင်ကြယ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားသော အားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို ကာယဒွါရ၌ စင်ကြယ်ခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဝစီဒွါရ၌ စင်ကြယ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို ဝစီဒွါရ၌ စင်ကြယ်ခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ မနောဒွါရ၌ စင်ကြယ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မက်မောခြင်း 'အဘိဇ္ဈာ' မများ၊ ပျက်စီးစေလိုသောစိတ် မရှိ၊ ကောင်းသော မြင်ခြင်း ရှိ၏။ ရဟန်းတို့ ဤသည်ကို မနောဒွါရ၌ စင်ကြယ်ခြင်း ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ စင်ကြယ်ခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ သောစေယျသုတ်

၁၂၂။ ရဟန်းတို့ စင်ကြယ်ခြင်းတို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ— ကာယဒွါရ၌ စင်ကြယ်ခြင်း ဝစီဒွါရ၌ စင်ကြယ်ခြင်း မနောဒွါရ၌ စင်ကြယ်ခြင်း တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ကာယဒွါရ၌ စင်ကြယ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ ရဟန်းသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ မမြတ်သော မေထုန် အကျင့်မှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို ကာယဒွါရ၌ စင်ကြယ်ခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ဝစီဒွါရ၌ စင်ကြယ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ ရဟန်းသည် မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို ဝစီဒွါရ၌ စင်ကြယ်ခြင်း ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ မနောဒွါရ၌ စင်ကြယ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ ရဟန်းသည် မိမိသန္တာန်၌ ထင်ရှားရှိသော ကာမဂုဏ်ကို လိုလားခြင်း 'ကာမစ္ဆန္ဒ' ကိုလည်း "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ ရှိ၏" ဟု အပြားအားဖြင့် သိ၏၊ မိမိသန္တာန်၌ ထင်ရှားမရှိသော ကာမစ္ဆန္ဒကိုလည်း "ငါ၏ အတွင်း သန္တာန်၌ ကာမစ္ဆန္ဒ မရှိ" ဟု အပြားအားဖြင့် သိ၏၊ မဖြစ်ပေါ်သေးသော ကာမစ္ဆန္ဒ ဖြစ်ပေါ်ကြောင်းကိုလည်း အပြားအားဖြင့်သိ၏၊ ဖြစ်ပေါ်ပြီးသော ကာမစ္ဆန္ဒပယ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏၊ ပယ်ပြီးသော ကာမစ္ဆန္ဒ၏နောင်တဖန် မဖြစ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏။ အတွင်းသန္တာန်၌ ထင်ရှားရှိသော ပျက်စီးစေလိုခြင်း 'ဗျာပါဒ' ကိုလည်း "ငါ၏အတွင်းသန္တာန်၌ ဗျာပါဒရှိ၏" ဟု အပြားအားဖြင့် သိ၏၊ အတွင်းသန္တာန်၌ ထင်ရှားမရှိသော ဗျာပါဒကိုလည်း "ငါ၏ အတွင်းသန္တာန်၌ ဗျာပါဒမရှိ" ဟု အပြားအားဖြင့် သိ၏၊ အကြင်အကြောင်းဖြင့်လည်း မဖြစ်ပေါ်သေးသော ဗျာပါဒ ဖြစ်ပေါ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏၊ ဖြစ်ပေါ်ပြီးသော ဗျာပါဒ ပယ်ကြောင်းကိုလည်း အပြားအားဖြင့်သိ၏၊ ပယ်ပြီးသော ဗျာပါဒ၏ နောင်တဖန် မဖြစ် ကြောင်းကိုလည်း အပြားအားဖြင့် သိ၏။ အတွင်းသန္တာန်၌ ထင်ရှားရှိသော ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကိုလည်း "ငါ၏ အတွင်းသန္တာန်၌ ထိနမိဒ္ဓရှိ၏" ဟု အပြားအားဖြင့် သိ၏၊ မိမိသန္တာန်၌ ထင်ရှားမရှိသော ထိနမိဒ္ဓကိုလည်း "ငါ၏အတွင်းသန္တာန်၌ ထိနမိဒ္ဓမရှိ" ဟု အပြားအားဖြင့် သိ၏၊ မဖြစ်ပေါ်သေးသော ထိနမိဒ္ဓ ဖြစ်ပေါ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏၊ ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ ပယ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏၊ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်တဖန် မဖြစ် ကြောင်းကိုလည်း အပြားအားဖြင့် သိ၏။ အတွင်းအန္တာန်၌ ထင်ရှားရှိသော ပျံ့လွင့်ခြင်း နောင်တ ပူပန်ခြင်း 'ဥဒ္ဓစ္စကုက္ကုစ္စ' ကိုလည်း "ငါ၏ အတွင်းသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စရှိ၏" ဟု အပြားအားဖြင့် သိ၏၊ မိမိအတွင်းသန္တာန်၌ ထင်ရှားမရှိသော ဥဒ္ဓစ္စကုက္ကုစ္စကိုလည်း "ငါ၏ အတွင်းသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စ မရှိ" ဟု အပြားအားဖြင့် သိ၏၊ မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ပေါ်ကြောင်း ကိုလည်း အပြားအားဖြင့်သိ၏၊ ဖြစ်ပေါ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စပယ်ကြောင်းကိုလည်း အပြား အားဖြင့် သိ၏၊ ပယ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ နောင်တဖန် မဖြစ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏။ အတွင်းသန္တာန်၌ ထင်ရှားရှိသော မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ' ကိုလည်း "ငါ၏အတွင်းသန္တာန်၌ ဝိစိကိစ္ဆာရှိ၏" ဟု အပြားအားဖြင့် သိ၏၊ အတွင်းသန္တာန်၌ ထင်ရှား မရှိသော ဝိစိကိစ္ဆာကိုလည်း "ငါ၏ အတွင်းသန္တာန်၌ ဝိစိကိစ္ဆာ မရှိ" ဟု အပြားအားဖြင့်သိ၏၊ မဖြစ်ပေါ်သေးသော ဝိစိကိစ္ဆာ ဖြစ်ပေါ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏၊ ဖြစ်ပေါ်ပြီးသော ဝိစိကိစ္ဆာပယ်ကြောင်းကိုလည်း အပြားအားဖြင့် သိ၏၊ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်တဖန် မဖြစ်ကြောင်းကိုလည်း အပြား အားဖြင့် သိ၏။ ရဟန်းတို့ ဤသည်ကို စိတ်၏ စင်ကြယ်ခြင်း ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ စင်ကြယ် ခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ကာယဒွါရ ဝစီဒွါရ မနောဒွါရ၌ စင်ကြယ်ခြင်းရှိ၍ အာသဝေါတရားမရှိသော စင်ကြယ်သော ပုဂ္ဂိုလ်ကို မကောင်းမှုကို ဆေးကျော်ပြီးသော စင်ကြယ်ခြင်း ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဟု ဆိုကုန်၏။

နဝမသုတ်။

## ၁၀-မောနေယျသုတ်

၁၂၃။ ရဟန်းတို့ ပညာရှိသူ၏ အဖြစ်တို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ကာယဒွါရ၌ ပညာရှိသူ၏ အဖြစ် ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ် မနောဒွါရ၌ ပညာရှိသူ၏ အဖြစ်တို့တည်း။ ရဟန်းတို့ ကာယဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို ကာယဒွါရ၌ ပညာရှိသူ၏ အဖြစ် ဟု ဆိုအပ်၏။

ရဟန်းတို့ ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဟုတ်မမှန်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ် ဟု ဆိုအပ်၏။

ရဟန်းတို့ မနောဒွါရ၌ ပညာရှိသူ၏ အဖြစ် ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား မရှိသော ကိလေသာမှ လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ရဟန်းတို့ ဤသည်ကို မနောဒွါရ၌ ပညာရှိသူ၏ အဖြစ် ဟု ဆိုအပ်၏ ဟု (မိန့်တော်မူပြီ)။

ကာယဒွါရ ဝစီဒွါရ မနောဒွါရ၌ ပညာရှိသည် ဖြစ်၍ အာသဝေါတရား မရှိသော ပညာရှိသော မောနေယျဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို အကုသိုလ်အားလုံးကို ပယ်ခွါပြီးသော ပုဂ္ဂိုလ် ဟု ဆိုကုန်၏။

ဒသမသုတ်။

နှစ်ခုမြောက် အာပါယိကဝဂ် ပြီး၏။

## (၁၃) ၃-ကုသိနာရဝဂ် ၁-ကုသိနာရသုတ်

၁၂၄။ အခါတပါး၌ မြတ်စွာဘုရားသည် ကုသိနာရုံပြည် ဗလိဟရဏ တောအုပ်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား"ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော ရွာကိုသော်၎င်း နိဂုံးကိုသော်၎င်း မှီ၍ နေ၏၊ထိုရဟန်းကို သူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း ချဉ်းကပ်၍ နက်ဖြန်အတွက် ဆွမ်းဖြင့် ပင့်ဖိတ်၏၊ရဟန်းတို့ အလိုရှိသော ရဟန်းသည် လက်ခံ၏။ထိုရဟန်းသည် ထိုညဉ့်လွန်မြောက်ပြီး နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူပြီးလျှင် သူကြွယ် သို့မဟုတ် သူကြွယ်သား၏ အိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေ၏။ ထိုရဟန်းကို သူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း မွန်မြတ်သော ခဲဖွယ် စားဖွယ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေး၏။

ထိုရဟန်းအား "ကောင်းလေစွ ဤသူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း ငါ့အား မွန်မြတ်သော ခဲဖွယ်စားဖွယ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးပေ၏" ဟု အကြံဖြစ်၏။ ထိုရဟန်းအား "ဤသူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း ငါ့အား နောင်အခါ၌လည်း ဤသို့ အလားတူ မွန်မြတ်သော ခဲဖွယ် စားဖွယ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးပါမူ ကောင်းပေလိမ့်မည်"ဟုလည်း အကြံဖြစ်ပြန်၏။ ထိုရဟန်းသည် ထိုဆွမ်းကို တပ်မက်မိန်းမောလျက် ငမ်းငမ်းတက်ဖြစ်၍ အပြစ်ကို ရှုလေ့မရှိပဲ ထွက်မြောက်ကြောင်း ပညာမရှိပဲ သုံးဆောင်၏။ ထိုရဟန်းသည် ထို ရွာ နိဂုံး၌ ကာမဂုဏ်နှင့် စပ်သော အကြံကို ကြံ၏၊ ပျက်စီးစေလိုခြင်းနှင့် စပ်သော အကြံကိုလည်း ကြံ၏၊ ညှဉ်းဆဲခြင်းနှင့် စပ်သော အကြံကိုလည်း ကြံ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ရဟန်းအား ပေးလှူခြင်းသည် အကျိုးမကြီး ဟူ၍ ငါဆို၏။ ထိုသို့ ဆိုရခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ရဟန်းသည် မေ့မေ့ လျော့လျော့ နေသော ကြောင့်တည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော ရွာကိုသော်၎င်း နိဂုံးကိုသော်၎င်း မှီ၍ နေ၏၊ထိုရဟန်းကို သူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း ချဉ်းကပ်၍ နက်ဖြန်အတွက် ဆွမ်းဖြင့် ပင့်ဖိတ်၏၊ ရဟန်းတို့ အလိုရှိသော ရဟန်းသည် လက်ခံ၏။ ထိုရဟန်းသည် ထိုညဉ့်လွန်မြောက်ပြီး နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် သူကြွယ် သို့မဟုတ် သူကြွယ်သား၏အိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေ၏၊ ထိုရဟန်းကို သူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း မွန်မြတ်သော ခဲဖွယ် စားဖွယ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေး၏။

ထိုရဟန်းအား "ကောင်းလေစွ ဤသူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း ငါ့အား မွန်မြတ်သော ခဲဖွယ် စားဖွယ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးပေ၏" ဟု အကြံ မဖြစ်။ ထိုရဟန်းအား "ဤသူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း ငါ့အား နောင်အခါ၌လည်း ဤသို့ အလားတူ မွန်မြတ်သော ခဲဖွယ် စားဖွယ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေးပါမူ ကောင်းပေလိမ့်မည်" ဟုလည်း အကြံမဖြစ်။ ထိုရဟန်းသည် ထိုဆွမ်းကို မတပ်မက် မမိန်းမော ငမ်းငမ်းတက် မဖြစ်မူ၍ အပြစ်ကို ရှုလေ့ရှိလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်၏။ ထိုရဟန်းသည် ထိုရွာ နိဂုံး ၌(ကာမဂုဏ်မှ) ထွက်မြောက်ကြောင်း အကြံကို ကြံ၏၊ မပျက်စီးစေလိုခြင်းနှင့် စပ်သော အကြံကို ကြံ၏၊ မညှဉ်းဆဲခြင်းနှင့် စပ်သော အကြံကို ကြံ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော

http://www.dhammadownload.com



ရဟန်းအား ပေးလှူခြင်းသည် အကျိုးကြီး၏ဟူ၍ ငါဆို၏။ ထိုသို့ ဆိုရခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ရဟန်းသည် မဒမ့ မလျော့နေသောကြောင့်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဘဏ္ဍနသုတ်

၁၂၅။ ရဟန်းတို့ အကြင်အရပ်၌ ရဟန်းတို့သည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက် စကား ပြောကြားပြီးလျှင် အချင်းချင်း နှုတ်လှံ ထိုးလျက် နေကုန်၏။ ရဟန်းတို့ ဤအရပ်သည် ငါ့အား နှလုံးသွင်းရန်သော်မှလည်း ချမ်းမြေ့သော အရပ် မဟုတ်၊ သွားရန်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ အမှန်ပင် ထိုအသျှင်တို့သည် တရားသုံးမျိုးတို့ကို စွန့်လွှတ်ကြကုန်၏၊ တရားသုံးပါးတို့ကို ကြိမ်ဖန်များစွာ ပြုကြကုန်၏ဟု ဤအရာ၌ ငါဆုံးဖြတ်၏၊ အဘယ်သုံးမျိုးတို့ကို စွန့်လွှတ်ကုန်သနည်းဟူမူ—ကာမဂုဏ်တို့မှ ထွက်မြောက်ကြောင်းအကြံ မပျက်စီးစေလိုခြင်းနှင့် စပ်သော အကြံ မညှဉ်းဆဲလိုခြင်းနှင့် စပ်သော အကြံတို့တည်း။ ဤတရားသုံးမျိုးတို့ကို စွန့်လွှတ်ကုန်၏။ အဘယ်သုံးမျိုးတို့ကို ကြိမ်ဖန်များစွာ ပြုကုန်သနည်းဟူမူ—ကာမဂုဏ်နှင့် စပ်သောအကြံ ပျက်စီးစေလိုခြင်းနှင့် စပ်သောအကြံ ညှဉ်းဆဲလိုခြင်းနှင့် စပ်သောအကြံတို့တည်း။ ဤသုံးမျိုးတို့ကို ကြိမ်ဖန်များစွာ ပြုကုန်၏။ ရဟန်းတို့ အကြင်အရပ်၌ ရဟန်းတို့သည် မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဖက်စကား ပြောကြားပြီးလျှင် အချင်းချင်း နှုတ်လှံ ထိုးလျက် နေကုန်၏။ ရဟန်းတို့ ဤအရပ်သည် ငါ့အား နှလုံးသွင်းရန်သော်မှလည်း ချမ်းမြေ့သော အရပ် မဟုတ်၊ သွားရန်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း၊ "အမှန်ပင် ထိုအသျှင်တို့သည် တရားသုံးမျိုးတို့ကိုစွန့်လွှတ်ကုန်၏၊ တရားသုံးမျိုးတို့ကို ကြိမ်ဖန်များစွာ ပြုကြကုန်၏" ဟု ဤအရာ၌ ငါဆုံးဖြတ်၏။

ရဟန်းတို့ အကြင် အရပ်၌ ရဟန်းတို့သည် ညီညွတ်ကုန်၏၊ ဝမ်းမြောက်ကုန်၏၊ ငြင်းခုံခြင်း မရှိကုန်၊ နို့နှင့်ရေ ရောစပ်ထားသကဲ့သို့ အချင်းချင်း ချစ်မြတ်နိုးသော မျက်စိတို့ဖြင့် ကြည့်ရှုလျက် နေကုန်၏။ ရဟန်းတို့ ဤအရပ်သည် ငါ့အား သွားရန် ချမ်းမြေ့သော အရပ် ဖြစ်၏၊ နှလုံးသွင်းရန်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ အမှန်ပင် ထိုအသျှင်တို့သည် တရားသုံးမျိုးတို့ကို စွန့်လွှတ်ကုန်၏။ တရားသုံးမျိုးတို့ကို ကြိမ်ဖန်များစွာ ပြုကုန်၏ဟု ဤအရာ၌ ငါဆုံးဖြတ်၏။ အဘယ် သုံးမျိုးတို့ကို စွန့်လွှတ်ကုန်သနည်း ဟူမူ—ကာမဂုဏ်နှင့် စပ်သောအကြံ ပျက်စီးစေလိုခြင်းနှင့် စပ်သောအကြံ ညှဉ်းဆဲလိုခြင်းနှင့် စပ်သော အကြံတို့တည်း၊ ဤတရား သုံးမျိုးတို့ကို စွန့်လွှတ်ကုန်၏။ အဘယ် သုံးမျိုးတို့ကို ကြိမ်ဖန်များစွာ ပြုကုန်သနည်းဟူမူ—ကာမဂုဏ်တို့မှ ထွက်မြောက်ကြောင်းအကြံ မပျက်စီးစေလိုခြင်းနှင့် စပ်သောအကြံ မညှဉ်းဆဲလိုခြင်းနှင့် စပ်သောအကြံတို့တည်း။ ဤတရားသုံးမျိုးတို့ကို ကြိမ်ဖန်များစွာ ပြုကုန်၏။ ရဟန်းတို့ အကြင်အရပ်၌ ရဟန်းတို့သည် ညီညွတ်ကုန်၏၊ ဝမ်းမြောက်ကုန်၏၊ ငြင်းခုံခြင်း မရှိကုန်၊ နို့နှင့်ရေ ရောစပ်ထားသကဲ့သို့ အချင်းချင်း ချစ်မြတ်နိုးသော မျက်စိတို့ဖြင့် ကြည့်ရှုလျက် နေကုန်၏။ ရဟန်းတို့ ဤအရပ်သည် ငါ့အား သွားရန် ချမ်းမြေ့သော အရပ် ဖြစ်၏၊ နှလုံးသွင်းရန်ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ "အမှန်ပင် ထိုအသျှင်တို့သည် ဤတရားသုံးမျိုးတို့ကို စွန့်လွှတ်ကုန်၏၊ ဤတရားသုံးမျိုးတို့ကို ကြိမ်ဖန်များစွာ ပြုကုန်၏" ဟု ဤအရာ၌ ငါဆုံးဖြတ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ဂေါတမကစေတိယသုတ်

၁၂၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် ဂေါတမကစေတီ၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား" ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"ရဟန်းတို့ ထူးသောဉာဏ်ဖြင့်သိ၍သာ တရားကို ငါ ဟောကြား၏၊ မသိမူ၍ ငါဟောကြားသည် မဟုတ်။ ရဟန်းတို့ အကြောင်းရှိသော တရားကိုသာ ငါ ဟောကြား၏၊ အကြောင်းမရှိသော တရားကို ငါ ဟောကြားသည် မဟုတ်။ ရဟန်းတို့ ဆန့်ကျင်ဖက် (ရာဂစသည်)ကို ပယ်ခြင်း 'ပြာဋိဟာ' ရှိသော တရားကိုသာ ငါဟောကြား၏၊ ဆန့်ကျင်ဖက် (ရာဂစသည်) ကို ပယ်ခြင်း 'ပြာဋိဟာ' မရှိသော တရားကို ငါ ဟောကြားသည် မဟုတ်။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် သိ၍သာ တရားကို ဟောကြား၍ မသိမူ၍ မဟောကြားသော အကြောင်းရှိသော တရားကိုသာ ဟောကြားသည်ဖြစ်၍ အကြောင်းမရှိသော တရားကို မဟောကြားသော ဆန့်ကျင်ဖက် (ရာဂစသည်) ကို ပယ်ခြင်း 'ပြာဋိဟာ' ရှိသော တရားကိုသာ ဟောကြား၍ ဆန့်ကျင်ဖက် (ရာဂစသည်)ကို ပယ်ခြင်း 'ပြာဋိဟာ' မရှိသော တရားကို မဟောကြားသော ငါသည် သွန်သင်၏၊ ဆုံးမ၏။ ရဟန်းတို့ မြတ်စွာဘုရားသည် (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူ၏၊ တရားသည် ကောင်းစွာ ဟောအပ်သော တရားဖြစ်၏၊ သံဃာသည် ကောင်းစွာ ကျင့်တော်မူ၏" ဟု သင်တို့ နှစ်သက်ထိုက်ပေသည်၊ ဝမ်းမြောက်ထိုက်ပေသည်၊ ရွှင်လန်းထိုက်ပေသည်။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားကို ဝမ်းမြောက်စွာ လက်ခံကုန်၏။ ဤစကားပြင်တရားကို ဟောတော်မူလတ်သော် တထောင်သော လောကဓာတ်သည် တုန်လှုပ်လေသတည်း။

တတိယသုတ်။

## ၄-ဘရဏ္ဍုကာလာမသုတ်

၁၂၇။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူခဲ့ရာ ကပိလဝတ်ပြည်သို့ ရောက်တော်မူ၏။ "မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ရောက်လာသတတ်" ဟု မဟာနာမ်မည်သော သာကီဝင်မင်း ကြားလတ်သော် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏။ တခုသော နေရာ၌ ထိုင်နေသော မဟာနာမ် သာကီဝင်မင်းအား မြတ်စွာဘုရားသည်—

မဟာနာမ် သွားချေ၊ ကပိလဝတ်ပြည်တွင် ယနေ့ တညဉ့်တာမျှ တည်းခိုရန် လျှောက်ပတ်သော နေရာကို ရှာချေလော့ ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု မဟာနာမ် သာကီဝင်မင်းသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ကပိလဝတ်ပြည်တွင်းသို့ ဝင်၍ တပြည်လုံး အနှံ့ အပြားလှည့်လည် (ရှာဖွေ) ပါသော်လည်း ကပိလဝတ်ပြည်တွင် ဤနေ့ တညဉ့်တာမျှ မြတ်စွာဘုရား တည်းခိုတော်မူရန် လျှောက်ပတ်သော နေရာကို မတွေ့မြင်ချေ။

http://www.dhammadownload.com



ထိုအခါ မဟာနာမ် သာကီဝင်မင်းသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြန်၍ မြတ်စွာဘုရားအား "အသျှင်ဘုရား ကပိလဝတ်ပြည်တွင် ယနေ့ တညဉ့်တာမျှ မြတ်စွာဘုရား တည်းခိုရန် လျောက်ပတ်သောနေရာ မရှိပါ။ (သို့ရာတွင်) မြတ်စွာဘုရား၏ သီတင်းသုံးဖော်ဟောင်း ဖြစ်ခဲ့ဘူးသော ဘရဏ္ဍုကာလာမရသေ့၏ သခ်မ်းကျောင်း၌ ယနေ့ တညဉ့်တာမျှ သီတင်းသုံးတော်မူနိုင်ပါသည် အသျှင်ဘုရား"ဟု လျှောက်၏။ မဟာနာမ် သွားချေ နေရာအခင်းကို ခင်းချေလော့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု မဟာနာမ်သာကီဝင်မင်းသည် မြတ်စွာဘုရားအား ဝန်ခံ၍ ဘရဏ္ဍုကာလာမရသေ့၏ သခ်မ်းကျောင်းသို့ ချဉ်းကပ်ပြီးလျှင် နေရာအခင်းကို ခင်း၍ ခြေဆေးရေတို့ကို တည်ထားခဲ့ပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြန်လျက် "အသျှင်ဘုရား နေရာအခင်းကိုလည်း ခင်းထားခဲ့ပြီးပါပြီ၊ ခြေဆေးရေတို့ကိုလည်း တည်ထားပြီးပါပြီ၊ ကြွတော်မူရန် အချိန်အခါကို မြတ်စွာဘုရားသာလျှင် သိတော်မူပါ၏၊ (ကြွတော်မူရန်မှာ မြတ်စွာဘုရား အလိုအတိုင်း ပင်ဖြစ်ပါသည်)"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဘရဏ္ဍုကာလာမ ရသေ့၏ သခ်မ်းကျောင်းသို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၍ ခြေတို့ကို ဆေးကြောတော်မူ၏၊ ထိုအခါ မဟာနာမ် သာကီဝင်မင်းအား "ယနေ့ မြတ်စွာဘုရားထံသို့ ဆည်းကပ်ရန် အခါ မသင့်သေး၊ မြတ်စွာဘုရားသည် ပင်ပန်းတော်မူ၏၊ နက်ဖြန်မှ မြတ်စွာဘုရားထံသို့ ဆည်းကပ်တော့မည်ဟု အကြံဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။ ထိုညဉ့် လွန်မြောက်သောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၍ တခုသော နေရာ၌ ထိုင်နေသော မဟာနာမ်သာကီဝင်မင်းအား မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူ၏ — "မဟာနာမ် လောက၌ ဆရာသုံးမျိုးတို့သည် ထင်ရှားရှိကြကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ — မဟာနာမ် ဤလောက၌ အချို့သောဆရာသည် ကာမတို့ကို လွန်မြောက်ခြင်း (ရူပါဝစရစျာန်) ကိုသာ ပညတ်နိုင်၏၊ ရုပ်တို့ကို လွန်မြောက်ခြင်း (အရူပါဝစရစျာန်) ကို မပညတ်နိုင်၊ ဝေဒနာတို့ကို လွန်မြောက်ခြင်း (နိဗ္ဗာန်) ကို မပညတ်နိုင်။ မဟာနာမ် ဤလောက၌ အချို့သော ဆရာသည် ကာမတို့ကို လွန်မြောက်ခြင်းကိုလည်း ပညတ်နိုင်၏၊ ရုပ်တို့ကို လွန်မြောက်ခြင်းကိုလည်း ပညတ်နိုင်၏၊ ဝေဒနာတို့ကို လွန်မြောက်ခြင်းကိုကား မပညတ်နိုင်။ မဟာနာမ် ဤလောက၌ အချို့သော ဆရာသည် ကာမတို့ကို လွန်မြောက်ခြင်းကိုလည်း ပညတ်နိုင်၏၊ ရုပ်တို့ကို လွန်မြောက်ခြင်းကိုလည်း ပညတ်နိုင်၏၊ ဝေဒနာတို့ကို လွန်မြောက်ခြင်းကိုလည်း ပညတ်နိုင်၏။ မဟာနာမ် လောက၌ ဤဆရာသုံးမျိုးတို့သည် ထင်ရှားရှိကြကုန်၏။

မဟာနာမ် ဤဆရာသုံးမျိုးတို့၏ ပြီးဆုံးရာ ဂတိသည် တူသလော၊ သို့မဟုတ် ထူးခြား ကွဲပြားသလော ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသော် ဘရဏ္ဍုကာလာမရသေ့သည် မဟာနာမ်သာကီဝင်မင်းအား "မဟာနာမ် တူ၏ဟု ဆိုလိုက်ပါလော့"ဟူ၍ ဆို၏။ ဤသို့ ဆိုသော် မြတ်စွာဘုရားသည် မဟာနာမ် သာကီဝင်မင်းကို "မဟာနာမ် ထူးခြား ကွဲပြားပါ၏"ဟု ဆိုလော့ ဟူ၍ မိန့်တော်မူ၏။ နှစ်ကြိမ်မြောက်လည်း ဘရဏ္ဍုကာလာမရသေ့သည် မဟာနာမ်သာကီဝင်မင်းကို "မဟာနာမ် တူ၏ဟု ဆိုလိုက်ပါလော့" ဟူ၍ ဆို၏။ နှစ်ကြိမ်မြောက်ပင် မြတ်စွာဘုရားသည် မဟာနာမ်သာကီဝင်မင်းကို "မဟာနာမ် ထူးခြား ကွဲပြားပါ၏ဟု ဆိုလော့" ဟူ၍ မိန့်တော်မူ၏။ သုံးကြိမ်မြောက်လည်း ဘရဏ္ဍုကာလာမရသေ့သည် မဟာနာမ်သာကီဝင်မင်းကို "မဟာနာမ် တူ၏ဟု ဆိုလိုက်ပါလော့"ဟူ၍ ဆို၏။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် မဟာနာမ် သာကီဝင်မင်းကို "မဟာနာမ် ထူးခြား ကွဲပြားပါ၏ဟု ဆိုလော့"ဟူ၍ မိန့်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ ဘရဏ္ဍုကာလာမရသေ့အား "တန်ခိုးကြီးသော မဟာနာမ်သာကီဝင်မင်း၏ မျက်မှောက်၌ ရဟန်းဂေါတမသည် သုံးကြိမ်တိုင်တိုင် ငါ့ကို မောင်းမဲ၏၊ ငါသည် ကပိလဝတ်ပြည်မှ ဖဲခွါသွားရပါမူ ကောင်းပေလိမ့်မည်တကား"ဟု အကြံ ဖြစ်၏။ ထို့နောက် ဘရဏ္ဍုကာလာမရသေ့သည် တဖန်ပြန်မလာသော ဖဲခွါခြင်းဖြင့် ကပိလဝတ်ပြည်မှ ဖဲခွါ(ထွက်သွား)လေသတည်း။

စတုတ္ထသုတ်။

## ၅-ဟတ္ထကသုတ်

၁၂၈။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ဟတ္ထကနတ်သားသည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ)အချိန်၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေပြီးလျှင် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားရှေ့တော်၌ "ရပ်တည်မည်"ဟု (ရပ်တည်လတ်သော်)ကျုံ့နစ်၍ သွား၏၊ မြုပ်နစ်၍ သွား၏၊ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ချေ။ ထောပတ်ဖြစ်စေ ဆီဖြစ်စေ သဲထဲ၌ လောင်းချအပ်သော် စိမ့်ဝင်သွား၍ မြုပ်နစ်သွား၍ မတည်နိုင်သကဲ့သို့ ဤအတူ ဟတ္ထကနတ်သားသည် မြတ်စွာဘုရား၏ ရှေ့တော်၌ "ရပ်တည်မည်"ဟု (ရပ်တည်လတ်သော်)ကျုံ့နစ်၍ သွား၏၊ မြုပ်နစ်၍ သွား၏၊ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ချေ။

ထိုအခါ မြတ်စွာဘုရားသည် ဟတ္ထကနတ်သားအား "ရုန့်ရင်း ကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်းဘိလော့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ဟတ္ထကနတ်သားသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ရုန့်ရင်းကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်လေ၏၊ တခုသော နေရာ၌ ရပ်တည်နေသော ဟတ္ထကနတ်သားအား မြတ်စွာဘုရားသည်–ဟတ္ထက ရှေးလူဖြစ်စဉ်အခါက သင်လေ့လာထားသော ပရိယတ်တရားတို့ကို ယခု နတ်ဖြစ်သော အခါ၌ လေ့လာသေး၏လော ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အသျှင်ဘုရား ရှေးလူဖြစ်စဉ်အခါက တပည့်တော် လေ့လာထားသော ပရိယတ်တရားတို့ကို ယခု နတ်ဖြစ်သော အခါ၌လည်း လေ့လာအပ်ပါကုန်၏၊ ရှေးလူဖြစ်စဉ်အခါက မလေ့လာရကုန်သေးသော တရားတို့ကိုလည်း ယခု နတ်ဖြစ်သော အခါ၌ လေ့လာရပါကုန်၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ယခုအခါ၌ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ယောကျ်ား ဥပါသိကာ မိန်းမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတို့၏ တပည့်တို့နှင့် ရောနှော၍ သီတင်းသုံးတော်မူသကဲ့သို့ ဤအတူပင် တပည့်တော်သည် နတ်သားတို့နှင့် ရောနှောနေရပါသည်။ အသျှင်ဘုရား "ဟတ္ထက နတ်သားအထံ၌ တရားကို နာကြကုန်အံ့"ဟု အရပ်ဝေးမှ နတ်သားတို့သည်လည်း လာရောက်ကြပါကုန်၏။ အသျှင်ဘုရား တပည့်တော်သည် တရားသုံးမျိုးတို့၌ မရောင့်ရဲ မဆုတ်နစ်ပဲ သေခဲ့ရပါသည်။ အဘယ်သုံးမျိုးတို့ နည်းဟူမူ—အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်း၌ မရောင့်ရဲ မဆုတ်နစ်ပဲ သေခဲ့ရပါသည်၊ အသျှင်ဘုရား တပည့်တော်သည် သူတော်ကောင်းတရားကို ကြားနာခြင်း၌ မရောင့်ရဲ မဆုတ်နစ်ပဲ သေခဲ့ရပါသည်၊ အသျှင်ဘုရား တပည့်တော်သည် သံဃာကို လုပ်ကျွေးခြင်း၌ မရောင့်ရဲ မဆုတ်နစ်ပဲ သေခဲ့ရပါသည်။ အသျှင်

http://www.dhammadownload.com



ဘုရား တပည့်တော်သည် ဤတရားသုံးမျိုးတို့၌ မရောင့်ရဲ မဆုတ်နစ်ပဲ သေခဲ့ရပါသည် ဟု (လျှောက်၏)။

တပည့်တော်သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်း၌ငှင်း သံဃာတော်ကို လုပ်ကျွေးခြင်း၌ငှင်း သူတော်ကောင်းတရားကို နာကြားခြင်း၌ငှင်း မည်သည့်အခါမျှ ရောင့်ရဲတင်းတိမ်မှု မရခဲ့ပါ။

(ဆယ်ပါးသီလ) အဓိသီလကို ကျင့်သုံးလျက် သူတော်ကောင်းတရားကို ကြားနာခြင်း၌ မွေ့လျော်၍ တရားသုံးမျိုးတို့၌ ရောင့်ရဲတင်းတိမ်ခြင်းမရှိသော ဟတ္ထကသည် အဝိဟာဗြဟ္မာ့ဘုံသို့ ရောက်လေသတည်း။

ပဉ္စမသုတ်။

## ၆-ကဋုဝိယသုတ်

၁၂၉။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ဗာရာဏသီပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ မြတ်စွာဘုရားသည် နွားအရောင်းအဝယ် ပြုရာ ညောင်ကြတ်ပင် အနီး၌ ဆွမ်းခံ လှည့်လည်တော်မူစဉ် သာယာဖွယ် (ချွန်ချမ်းသာ) ဆိတ်သုဉ်းသော ပြင်ပ (ကာမဂုဏ်)ကို သာယာသော သတိလွတ်ကင်း ဆင်ခြင်ခြင်း မရှိသည့်ပြင် မတည်ကြည် လည်သော စိတ်ရှိလျက် ပေါ်လွင်သော ဣန္ဒြေရှိသည့် ရဟန်းတပါးကို မြင်တော်မူ၍—

"ရဟန်း သင်သည် မိမိကိုယ်ကို ထွေးအံဖတ် မပြုလင့်၊ရဟန်း မိမိကိုယ်ကို ထွေးအံဖတ် ပြုသည် ဖြစ်၍ သားစိမ်းနံ့ဖြင့် စိုစွတ်သော သင့်ကို ယင်ကောင်တို့သည် မကျရောက် မနှိပ်စက်ရာသော အကြောင်းမရှိချေ" ဟု မိန့်တော်မူ၏။ ထိုအခါ ထိုရဟန်းသည် ဤဆုံးမဩဝါဒဖြင့် မြတ်စွာဘုရား ဆုံးမအပ်သည်ရှိသော် ထိတ်လန့်ခြင်း 'သံဝေဂ'သို့ ရောက်လေ၏။ ထို့နောက် မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဆွမ်းခံရာမှ ဖဲလတ်သော် ရဟန်းတို့ကို ရဟန်းတို့ ငါသည် နံနက်အချိန်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ဗာရာဏသီပြည်သို့ ဆွမ်းခံဝင်၏၊ ရဟန်းတို့ ငါသည် နွားအရောင်းအဝယ်ပြုရာ ညောင်ကြတ်ပင် အနီး၌ ဆွမ်းခံလှည့်လည်စဉ် သာယာဖွယ် (ချွန်ချမ်းသာ)ဆိတ်သုဉ်းသော ပြင်ပ(ကာမဂုဏ်)ကို သာယာသော သတိလွတ်ကင်း ဆင်ခြင်ခြင်း မရှိသည့်ပြင် မတည်ကြည် လည်သော စိတ်ရှိလျက် ပေါ်လွင်သော ဣန္ဒြေရှိသည့် ရဟန်းတပါးကို မြင်၍ ဤစကားကို ဆိုခဲ့၏—

'ရဟန်း သင်သည် မိမိကိုယ်ကို ထွေးအံဖတ် မပြုလင့်၊ရဟန်း မိမိကိုယ်ကို ထွေးအံဖတ်ပြုသည် ဖြစ်၍ သားစိမ်းနံ့ဖြင့် စိုစွတ်သော သင့်ကို ယင်ကောင်တို့သည် မကျရောက် မနှိပ်စက်ရာသော အကြောင်းမရှိချေ'ဟု (ဆိုခဲ့၏)။ ရဟန်းတို့ ထိုအခါ၌ ထိုရဟန်းသည် ဤဆုံးမဩဝါဒဖြင့် ငါဆုံးမ အပ်သည်ရှိသော် ထိတ်လန့်ခြင်း'သံဝေဂ'သို့ ရောက်လေ၏ ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသည် ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ထွေးအံဖတ် ဟူသည် အဘယ်ပါနည်း၊ သားစိမ်းနံ့ဟူသည် အဘယ်ပါနည်း၊ ယင်ကောင်တို့ ဟူသည် အဘယ်တို့ပါနည်း" ဟု (လျှောက်၏)။

http://www.dhammadownload.com



ရဟန်း ထွေးအံဖတ်ဟူသည် အဘိဇ္ဈာပင်တည်း၊ သားစိမ်းနံ့ဟူသည် ဗျာပါဒပင်တည်း၊ ယင်ကောင်တို့ဟူသည် ယုတ်ညံ့သော အကုသိုလ် ဝိတက်တို့ပင်တည်း။ ရဟန်း မိမိကိုယ်ကို ထွေးအံဖတ် ပြုသည်ဖြစ်၍ သားစိမ်းနံ့ စွတ်စိုသူကို ယင်ကောင်တို့သည် မကျရောက် မနှိပ်စက်ရာသော အကြောင်းမရှိချေ ဟု (မိန့်တော်မူ၏)။

စက္ခုဒွါရ သောတဒွါရ၌ မလုံခြုံသည်ဖြစ်၍ ဣန္ဒြေတို့၌ မစောင့်စည်းသူအား ရာဂကို မှီသော မိစ္ဆာဝိတက်ယင်ကောင်တို့သည် ကျရောက်ကုန်လတ္တံ့။

ထွေးအံဖတ် ဖြစ်၍ သားစိမ်းနံ့ဖြင့် စိုစွတ်နေသော ရဟန်းသည် နိဗ္ဗာန်မှ ဝေး၏၊ ပင်ပန်းခြင်း အဖို့သာရှိ၏။

ပညာမဲ့သော လူမိုက်သည် ရွာ၌သော်ငြား သို့မဟုတ် တော၌သော်ငြား မိမိ၏ စိတ်ငြိမ်းချမ်းမှုကို မရမူ၍ ယင်ကောင်တို့ ဝိုင်းရံလျက် လှည့်လည်ရ၏။

သီလနှင့် ပြည့်စုံ၍ ပညာဖြင့် ငြိမ်းအေးခြင်း၌ မွေ့လျော်သူတို့သည် ယင်ကောင်တို့ကို ဖျက်ဆီး၍ ငြိမ်းအေးကုန်သည်ဖြစ်၍ ချမ်းသာစွာ အိပ်ရကုန်၏။

ဆဋ္ဌသုတ်။

---

## ၇-ပဉ္စမ အနုရုဒ္ဓသုတ်

၁၃၀။ ထိုအခါ အသျှင်အနုရုဒ္ဓါမထေရ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား—"အသျှင်ဘုရား တပည့်တော်သည် အထူးသဖြင့် စင်ကြယ်သော လူတို့ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ'ဒိဗ္ဗစက္ခု'ဖြင့် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ ကျရောက်နေရသော မာတုဂါမကို အများအားဖြင့် မြင်ရပါ၏။ အသျှင်ဘုရား အဘယ်တရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရာဖြစ်သော ငရဲသို့ ကျရောက်ရပါသနည်း" ဟု လျှောက်၏။

အနုရုဒ္ဓါ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲသို့ ကျရောက်ရလေ၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—အနုရုဒ္ဓါ ဤလောက၌ မာတုဂါမသည် နံနက်အခါ၌ ဝန်တိုခြင်းဟူသော အညစ်အကြေး ထကြွသောင်းကျန်းသောစိတ်ဖြင့် အိမ်၌ နေ၏၊ မွန်းတည့်အချိန်၌ သူတပါးစည်းစိမ်ကို ငြူစူခြင်း ဟူသော ဣဿာတရား ထကြွ သောင်းကျန်းသော စိတ်ဖြင့် အိမ်၌ နေ၏။ ညချမ်းအချိန်၌ ကာမရာဂ ထကြွသောင်းကျန်းသော စိတ်ဖြင့် အိမ်၌နေ၏။ အနုရုဒ္ဓါ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲသို့ကျရောက်ရ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ဒုတိယ အနုရုဒ္ဓသုတ်

၁၃၁။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် အသျှင်သာရိပုတြာအထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်စကား)ပြောကြား၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသော နေရာ၌ ထိုင်လျက် "ငါ့သျှင်သာရိပုတြာ အကျွန်ုပ်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့် တူသော မျက်စိ'ဒိဗ္ဗစက္ခု'ဖြင့် တထောင်သော လောကဓာတ်ကို မြင်နိုင်ပါ၏၊ အကျွန်ုပ်သည် မတွန့်မဆုတ် လုံ့လကို အားထုတ်ပါ၏၊ မေ့လျော့ခြင်း မရှိမူ၍ သတိသည် ထင်ပါ၏၊ ကိုယ်သည် ပူပန်ခြင်း မရှိ ငြိမ်းအေးပါ၏၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ပါ၏၊ ထိုသို့ ဖြစ်ပါလျက်လည်း အကျွန်ုပ်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်းသေးပါ" ဟု လျှောက်၏။

ငါ့သျှင်အနုရုဒ္ဓါ "ငါသည် အထူးသဖြင့် စင်ကြယ်၍ လူတို့၏ မျက်စိ အမြင်ကို လွန်သော နတ်မျက်စိနှင့် တူသော မျက်စိ-'ဒိဗ္ဗစက္ခု'ဖြင့် တထောင်သော လောကဓာတ်ကို မြင်နိုင်၏" ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်အား မာနဖြစ်နေ၏၊ ငါ့သျှင် အနုရုဒ္ဓါ "ငါသည် မတွန့်မဆုတ် လုံ့လကို အားထုတ်၏၊ မေ့လျော့ခြင်း မရှိမူ၍ သတိသည် ထင်၏၊ ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ တည်ကြည်၏"ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်အား စိတ်ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' ဖြစ်နေ၏၊ ငါ့သျှင်အနုရုဒ္ဓါ ထိုသို့ ဖြစ်ပါလျက် "ငါ၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍အာသဝေါတရားတို့မှ မလွတ်ကင်းသေးပါ" ဟု ဤသို့ အကြံဖြစ်ခြင်းသည် ပင် သင့်အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်နေ၏။ တိုက်တွန်းပါ၏၊ အသျှင်အနုရုဒ္ဓါသည် ဤတရားသုံးမျိုးတို့ကို ပယ်စွန့်၍ ဤတရားသုံးမျိုးလုံးတို့ကို နှလုံးမသွင်းမူ၍ အမြိုက်(နိဗ္ဗာန်)ဓာတ်သို့ စိတ်ကို ပို့ဆောင်ပါလော့ ဟု မိန့်ဆို၏။

ထိုသို့ မိန့်ဆိုပြီးနောက် အသျှင်အနုရုဒ္ဓါသည် အခါတပါး၌ ဤတရား သုံးမျိုးတို့ကို ပယ်စွန့်လျက် ဤတရားသုံးမျိုးတို့ကို နှလုံးမသွင်းပဲ အမြိုက်(နိဗ္ဗာန်)ဓာတ်သို့ စိတ်ကို ပို့ဆောင်၏။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာ သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု ထူးသောဉာဏ်ဖြင့် သိ၏။ အသျှင်အနုရုဒ္ဓါသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေသတည်း။

အဋ္ဌမသုတ်။

---

## ၉-ပဋိစ္ဆန္နသုတ်

၁၃၂။ ရဟန်းတို့ ဤသုံးမျိုးတို့သည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်ကုန်၏၊ ပွင့်ပွင့် လင်းလင်း မရွက်ဆောင်ကုန်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မာတုဂါမသည် လျှို့လျှို့ဝှက်ဝှက်

http://www.dhammadownload.com



ရွက်ဆောင်၏၊ ပွင့်ပွင့် လင်းလင်း မရွက်ဆောင်။ ရဟန်းတို့ ပုဏ္ဏားတို့သည် ဗေဒင်တို့ကို လျှို့လျှို့ ဝှက်ဝှက် ရွက်ဆောင်ကုန်၏၊ ပွင့်ပွင့် လင်းလင်း မရွက်ဆောင်ကုန်။ ရဟန်းတို့ မှားသော အယူသည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်၏၊ ပွင့်ပွင့် လင်းလင်း မရွက်ဆောင်။ ရဟန်းတို့ ဤသုံးမျိုးတို့သည် လျှို့လျှို့ဝှက်ဝှက် ရွက်ဆောင်ကုန်၏၊ ပွင့်ပွင့် လင်းလင်း မရွက်ဆောင်ကုန်။

ရဟန်းတို့ ဤသုံးမျိုးတို့သည် ပွင့်လင်းကုန်သော်သာ တင့်တယ်ကုန်၏၊ လျှို့ဝှက်ကုန်သော် မတင့်တယ်ကုန်၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ လဝန်းသည် ပွင့်လင်းသော်သာ တင့်တယ်၏၊ ဖုံးကွယ်သော် မတင့်တယ်၊ ရဟန်းတို့ နေဝန်းသည် ပွင့်လင်းသော်သာ တင့်တယ်၏၊ ဖုံးကွယ်သော် မတင့်တယ်၊ ရဟန်းတို့ မြတ်စွာဘုရား ဟောကြားသည့် တရားတော်သည် ပွင့်လင်းသော်သာ တင့်တယ်၏၊ ဖုံးကွယ်သော် မတင့်တယ်။ ရဟန်းတို့ ဤသုံးမျိုးတို့သည် ပွင့်လင်းကုန်သော်သာ တင့်တယ်ကုန်၏၊ ဖုံးကွယ်ကုန်သော် မတင့်တယ်ကုန် ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀–လေခသုတ်

၁၃၃။ ရဟန်းတို့ လောက၌ ပုဂ္ဂိုလ်သုံးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ကျောက်၌ ရေးထွင်းထားသော အက္ခရာနှင့် တူသောပုဂ္ဂိုလ် မြေ၌ ရေးခြစ်အပ်သော အက္ခရာနှင့် တူသောပုဂ္ဂိုလ် ရေ၌ ရေးသားအပ်သော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ ကျောက်၌ ရေးထွင်းထားသော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက်ထွက်တတ်၏၊ ထိုသူ၏ ထိုအမျက်သည်လည်း နေ့ ညဉ့် ရှည်စွာ ကိန်းအောင်းနေ၏။ ရဟန်းတို့ ကျောက်၌ ရေးထွင်းထားသော အက္ခရာသည် လေကြောင့် ဖြစ်စေ ရေကြောင့်ဖြစ်စေ လျင်စွာ မပျက်စီးသကဲ့သို့ ကြာမြင့်စွာ တည်သကဲ့သို့ ဤအတူသာလျှင် လောက၌ အချို့သော ပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက်ထွက်တတ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည် နေ့ ညဉ့် ရှည်စွာ ကိန်းအောင်းနေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ကျောက်၌ ရေးထွင်းထားသော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ မြေ၌ ရေးခြစ်အပ်သော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက်ထွက်တတ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည် ကား နေ့ ညဉ့် ရှည်စွာ ကိန်းအောင်း မနေ။ ရဟန်းတို့ မြေ၌ ရေးခြစ်အပ်သော အက္ခရာသည် လေကြောင့် ဖြစ်စေ ရေကြောင့် ဖြစ်စေ လျင်စွာ ပျက်စီးသကဲ့သို့ ကြာမြင့်စွာ မတည်သကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက်ထွက်တတ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား နေ့ ညဉ့် ရှည်စွာ ကိန်းအောင်း မနေ။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မြေ၌ ရေးခြစ်အပ်သော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ ရေ၌ရေးသားအပ်သော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရှန်ရင်းသော စကား ကြမ်းကြုတ်သောစကား မနှစ်သက်ဖွယ်သော စကားဖြင့် ဆိုအပ်သော်လည်း ဆက်စပ်သည်သာ နှီးနှောသည်သာ သဘောတူသည်သာတည်း။ ရဟန်းတို့ ရေ၌ ရေးသားအပ်သော အက္ခရာသည် လျင်စွာ ကင်းပျောက်လွယ်

http://www.dhammadownload.com



သကဲ့သို့ ကြာမြင့်စွာ မတည်နိုင်သကဲ့သို့ ဤအဘူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရှုန့်ရင်းသောစကား ကြမ်းကြုတ်သောစကား မနှစ်သက်ဖွယ်သောစကားဖြင့် ဆိုအပ်သော်လည်း ဆက်စပ်သည်သာ နှီးနှောသည်သာ သဘောဘူသည်သာတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ရေ၌ ရေးသားအပ်သော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်၊

သုံးခုမြောက် ကုသိနာရဝဂ် ပြီး၏။

## (၁၄) ၄-ယောဓာဇီဝဝဂ် ၁-ယောဓာဇီဝသုတ်

၁၃၄။ ရဟန်းတို့ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော စစ်သူရဲကောင်းသည် မင်းအား ထိုက်၏၊ မင်းအသုံးတော်ခံဖြစ်၏၊ မင်း၏ လက်ရုံးဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ စစ်သူရဲကောင်းသည် အဝေး၌လည်း (မြားကို)ကျရောက်စေနိုင်၏၊ မချွတ်မယွင်း စူးဝင်စေနိုင်၏၊ ကြီးစွာသော အထည်ကိုယ်ကိုလည်း ဖောက်ထွင်းစေနိုင်၏။ ရဟန်းတို့ ဤ အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော စစ်သူရဲကောင်းသည် မင်းအား ထိုက်၏၊ မင်း အသုံးတော်ခံဖြစ်၏၊ မင်း၏ လက်ရုံး ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤအတူသာလျှင် အင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ လူအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေသဖွယ် ဖြစ်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဝေး၌လည်း ကျရောက်စေနိုင်၏၊ မချွတ်မယွင်း စူးဝင်စေနိုင်၏၊ ကြီးစွာသော အထည်ကိုယ်ကိုလည်း ဖောက်ထွင်းစေနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဝေး၌ ကျရောက်စေနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပလည်းဖြစ်သော ကြမ်းတမ်း နူးညံ့သည်လည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်ဟူသမျှအားလုံးကို "ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ့ကိုယ်မဟုတ်" ဟု ဟုတ်တိုင်း မှန်စွာ မှန်ကန်သော (ဝိပဿနာမဂ်)ပညာဖြင့် ရှု၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်းအပလည်းဖြစ်သော ကြမ်းတမ်း နူးညံ့သည်လည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝေဒနာ ဟူသမျှအားလုံးကို "ဤဝေဒနာသည် ငါ့ဥစ္စာ မဟုတ် ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ့ကိုယ် မဟုတ်" ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော (ဝိပဿနာမဂ်)ပညာဖြင့် ရှု၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်း အပလည်းဖြစ်သော ကြမ်းတမ်း နူးညံ့သည်လည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော သညာဟူသမျှအားလုံးကို "ဤသညာသည် ငါ့ဥစ္စာမဟုတ်၊ ဤသညာသည် ငါမဟုတ်၊ ဤသညာသည် ငါ့ကိုယ် မဟုတ်"ဟု ဟုတ်တိုင်း မှန်စွာ မှန်ကန်သော (ဝိပဿနာမဂ်)ပညာဖြင့် ရှု၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်း အပလည်းဖြစ်သော ကြမ်းတမ်း နူးညံ့သည်လည်းဖြစ်သော အယုတ် အမြတ်လည်း

http://www.dhammadownload.com



ဖြစ်သော အဝေးအနီးလည်းဖြစ်သော သင်္ခါရဟူသမျှအားလုံးတို့ကို "ဤသင်္ခါရတို့သည် ငါ၌စွာ မဟုတ်ကုန်၊ ဤသင်္ခါရတို့သည် ငါမဟုတ်ကုန်၊ ဤသင်္ခါရတို့သည် ငါ့ကိုယ်မဟုတ်ကုန်" ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော (ဝိပဿနာမဂ်)ပညာဖြင့် ရှု၏။ အတိတ် အနာဂတ် ပစ္စုပ္ပန် လည်းဖြစ်သော အတွင်း အပလည်းဖြစ်သော ကြမ်းတမ်း နူးညံ့သည်လည်းဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဉ် ဟူသမျှအားလုံးကို "ဤဝိညာဉ်သည် ငါ၌စွာမဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ ဤဝိညာဉ်သည် ငါ့ကိုယ်မဟုတ်"ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော (ဝိပဿနာမဂ်)ပညာနှင့် ရှု၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဝေး၌ ကျရောက် စေနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မချွတ်မယွင်း စူးဝင်စေနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာတည်း" ဟု ဟုတ်တိုင်း မှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မချွတ်မယွင်း စူးဝင်စေနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကြီးစွာသော အထည်ကိုယ်ကို ဖောက်ထွင်းစေနိုင် သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကြီးစွာသော အဝိဇ္ဇာအစုကို ဖောက်ထွင်း စေနိုင်၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကြီးစွာသော အထည်ကိုယ်ကို ဖောက်ထွင်းစေနိုင်၏။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ လူအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေသဖွယ် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပရိသာသုတ်

၁၃၅။ ရဟန်းတို့ ပရိသတ်တို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ— အဆုံးမခက်သဖြင့် မမေးမူ၍ ဆုံးမအပ်သော ပရိသတ် အဆုံးမလွယ်သဖြင့် မေး၍ ဆုံးမအပ်သော ပရိသတ် ပမာဏကိုသိ၍ ဆုံးမအပ်သော ပရိသတ်တို့တည်း။ ရဟန်းတို့ ပရိသတ်တို့သည် ဤသုံးမျိုး တို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-မိတ္တသုတ်

၁၃၆။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်းကောင်းကို မှီဝဲထိုက်၏၊ အဘယ်အင်္ဂါသုံးမျိုးတို့နည်းဟူမူ—ပေးနိုင်ခဲသည်ကို ပေး၏၊ ပြုနိုင်ခဲသည်ကို ပြု၏၊ သည်းခံနိုင်ခဲ သည်ကို သည်းခံ၏။ ရဟန်းတို့ ဤအင်္ဂါသုံးမျိုးတို့နှင့် ပြည့်စုံသော အဆွေခင်ပွန်းကောင်းကို မှီဝဲ ထိုက်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဥပ္ပါဒါသုတ်

၁၃၇။ ရဟန်းတို့ ဘုရားသျှင်တို့ ပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ ထို(အနိစ္စ)ဓာတ်သည် သဘောအားဖြင့် တည်သည်၏ အဖြစ် သဘောအားဖြင့် မြဲသည်၏ အဖြစ်ဖြင့် တည်နေသည်သာလျှင် တည်း။ သင်္ခါရတရားအားလုံးတို့သည် မမြဲကုန်၊ ထိုသဘောတရားကို ဘုရားသျှင်သည် ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊ ဉာဏ်ဖြင့် သက်ဝင်၍ သိ၏၊ ဉာဏ်ဖြင့် ထိုးထွင်း သက်ဝင် သိပြီး၍ "သင်္ခါရတရားအားလုံးတို့သည် မမြဲကုန်" ဟု ညွှန်ကြားတော်မူ၏၊ ဟောကြားတော်မူ၏၊ ပညတ်တော်မူ၏၊ ဉာဏ်၌ ထားတော်မူ၏၊ ဖွင့်ပြတော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်အောင် ပြုတော်မူ၏။ ရဟန်းတို့ ဘုရားသျှင်တို့ ပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ ထို(ဒုက္ခ)ဓာတ်သည် သဘောအားဖြင့် တည်သည်၏ အဖြစ် သဘောအားဖြင့် မြဲသည်၏ အဖြစ်ဖြင့် တည်နေသည်သာတည်း၊ သင်္ခါရတရားအားလုံးတို့သည် ဆင်းရဲကုန်၏၊ ထိုသဘောတရားကို ဘုရားသျှင်သည် ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊ ဉာဏ်ဖြင့် သက်ဝင်၍ သိ၏၊ ဉာဏ်ဖြင့် ထိုးထွင်း သက်ဝင်၍ သိပြီးလျှင် "သင်္ခါရတရားအားလုံးတို့သည် ဆင်းရဲကုန်၏" ဟု ညွှန်ကြားတော်မူ၏၊ ဟောကြားတော်မူ၏၊ ပညတ်တော်မူ၏၊ ဉာဏ်၌ ထားတော်မူ၏၊ ဖွင့်ပြတော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်အောင် ပြုတော်မူ၏။ ရဟန်းတို့ ဘုရားသျှင်တို့ ပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ ထို(အနတ္တ)ဓာတ်သည် သဘောအားဖြင့် တည်သည်၏ အဖြစ် သဘောအားဖြင့် မြဲသည်၏ အဖြစ်ဖြင့် တည်နေသည်သာတည်း။ တရားအားလုံးတို့သည် အလိုသို့ မလိုက်ကုန်၊ ထိုသဘောတရားကို ဘုရားသျှင်သည် ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊ ဉာဏ်ဖြင့် သက်ဝင်၍ သိ၏၊ ဉာဏ်ဖြင့် ထိုးထွင်း သက်ဝင်၍သိပြီးလျှင် "တရားအားလုံးတို့သည် အလိုသို့ မလိုက်ကုန်၊ (အနတ္တ ဖြစ်ကုန်၏)" ဟု ညွှန်ကြားတော်မူ၏၊ ဟောကြားတော်မူ၏၊ ပညတ်တော်မူ၏၊ ဉာဏ်၌ ထားတော်မူ၏၊ ဖွင့်ပြတော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်အောင် ပြုတော်မူ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ကေသကမ္ဗလသုတ်

၁၃၈။ ရဟန်းတို့ ချည်မျှင်ဖြင့် ယက်အပ်ကုန်သော အဝတ်ဟူသမျှတို့တွင် လူဆံခြည်မျှင်ဖြင့် ယက်ထားသော ကမ္ဗလာကို (ထိုအဝတ်တို့အောက်) အယုတ်ညံ့ဆုံး အဝတ်ဟု ဆိုထိုက်၏။ ရဟန်းတို့ လူဆံခြည်မျှင်ဖြင့် ယက်သော ကမ္ဗလာသည် အေးသောရာသီ၌ အလွန်အေး၏၊ ပူအိုက်သော ရာသီ၌ အလွန်ပူအိုက်၏၊ အဆင်းမလှ၊ အနံ့မကောင်း ကြမ်းတမ်းသော အတွေ့အထိရှိ၏။ ရဟန်းတို့ ဤအတူသာလျှင် များစွာကုန်သော သမဏဗြာဟ္မဏတို့၏ အယူဝါဒ ဟူသမျှတို့တွင် မက္ခလိဂေါသာလ၏ အယူဝါဒကို (ထိုအယူဝါဒတို့အောက်) အယုတ်ညံ့ဆုံး ဟူ၍ ဆိုထိုက်၏။

ရဟန်းတို့ (မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ား မက္ခလိဂေါသာလသည် "ကုသိုလ်ကံ အကုသိုလ်ကံ မရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်း မရှိ၊ အားထုတ်အပ်သော ဝီရိယမရှိ" ဟု ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏။ ရဟန်းတို့ ရှေးလွန်လေပြီးသော ကာလ၌ ပွင့်တော်မူကြကုန်ဖြီးသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားသျှင်တို့သည်လည်း ကုသိုလ်ကံ အကုသိုလ်ကံ ရှိ၏၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်းရှိ၏၊ အားထုတ်အပ်သော ဝီရိယရှိ၏ဟု ဟောတော်မူခဲ့ကုန်ပြီ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော

http://www.dhammadownload.com



ယောကျ်ား မင်္ဂလိဂေါသာလသည် ထိုပွင့်တော်မူကုန်ပြီးသော ဘုရားသျှင်တို့ကိုလည်း "ကုသိုလ်ကံ အကုသိုလ်ကံသည် မရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်းမရှိ၊ အားထုတ်အပ်သော ဝီရိယ မရှိ"ဟု တားမြစ်၏။ ရဟန်းတို့ လာလတ္တံ့သော ကာလ၌ ပွင့်တော်မူလတ္တံ့သော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားသျှင်တို့သည်လည်း ကုသိုလ်ကံ အကုသိုလ်ကံ ရှိ၏၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်းရှိ၏၊ အားထုတ်အပ်သော ဝီရိယရှိ၏ဟု ဟောတော်မူကုန်လတ္တံ့။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား မင်္ဂလိဂေါသာလသည် ပွင့်တော်မူလတ္တံ့သော ဘုရားသျှင်တို့ကိုလည်း "ကုသိုလ်ကံ အကုသိုလ်ကံသည် မရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်း မရှိ၊ အားထုတ်အပ်သော ဝီရိယ မရှိ"ဟု တားမြစ်၏။ ရဟန်းတို့ ယခုအခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါသည်လည်း ကုသိုလ်ကံ အကုသိုလ်ကံ ရှိ၏၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်းရှိ၏။ အားထုတ်အပ်သော ဝီရိယရှိ၏ဟု ဟောတော်မူ၏။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား မင်္ဂလိဂေါသာလသည် ငါ့ကိုလည်း "ကုသိုလ်ကံ အကုသိုလ်ကံသည် မရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်း မရှိ၊ အားထုတ်အပ်သော ဝီရိယ မရှိ"ဟု တားမြစ်၏။

ရဟန်းတို့ မြစ်ဆုံမြစ်ဝ၌ ထောင်ထားသော မြှုံးသည် များစွာကုန်သော ငါးတို့၏ အစီးအပွါး မဲ့ရန် ဆင်းရဲရန် အကျိုးမရှိ ပျက်စီးရန် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် လူထောင်မြှုံးကဲ့သို့ လောက၌ ဖြစ်ပေါ်လာသော (မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ား မင်္ဂလိဂေါသာလသည် များစွာသော သတ္တဝါတို့၏ အစီးအပွါးမဲ့ရန် ဆင်းရဲရန် အကျိုးမရှိ ပျက်စီးရန် ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သမ္ပဒါသုတ်

၁၃၉။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— သဒ္ဓါ၏ ပြည့်စုံခြင်း သီလ၏ ပြည့်စုံခြင်း ပညာ၏ ပြည့်စုံခြင်းတို့တည်း။ ရဟန်းတို့ ပြည့်စုံခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဝုဍ္ဎိသုတ်

၁၄၀။ ရဟန်းတို့ ကြီးပွါးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— သဒ္ဓါ၏ ကြီးပွါးခြင်း သီလ၏ ကြီးပွါးခြင်း ပညာ၏ ကြီးပွါးခြင်းတို့တည်း။ ရဟန်းတို့ ကြီးပွါးခြင်းတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ဂ-အဿခဠုင်္ကသုတ်

၁၄၁။ ရဟန်းတို့ မြင်းငယ်သုံးမျိုးတို့ကိုရင်း ယောကျ်ားငယ် သုံးမျိုးတို့ကိုရင်း ဟောကြားအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ မြင်းငယ်သုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းငယ်သည် လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း အလုံး အရပ်တို့နှင့် မပြည့်စုံ၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းငယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ၍ အလုံးအရပ်နှင့်ကား မပြည့်စုံ၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းငယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ မြင်းငယ်သုံးမျိုးတို့ ဟူသည် ဤသည်တို့ပင်တည်း။ ရဟန်းတို့ ယောကျ်ားငယ် သုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း အလုံးအရပ်တို့နှင့် မပြည့်စုံ၊ ရဟန်းတို့ ဤလောက၌ အချို့သော ယောကျ်ားငယ်သည် လျင်မြန်ခြင်း နှင့်လည်းပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ၍ အလုံးအရပ်နှင့်ကား မပြည့်စုံ။ ရဟန်းတို့ ဤလောက၌ အချို့သော ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်လည်းပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံး အရပ်နှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း အလုံး အရပ်နှင့် မပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာသိ၏။ ဤသိခြင်းကို ထိုပုဂ္ဂိုလ်၏ (ဉာဏ်တည်းဟူသော) လျင်မြန်ခြင်းဟု ငါဆို၏၊ အချင်းချင်း ပိုင်းခြားအပ်သော မေ္မ၌ရင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ရင်း ပြဿနာကို မေးအပ်သော် တွန့်ဆုတ်၏၊ မဖြေဆိုနိုင်၊ ဤမဖြေဆိုနိုင်ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဂုဏ်တည်းဟူသော) အဆင်းမရှိဟု ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သောဆေး အသုံး အဆောင်တို့ကို မရ၊ ဤပစ္စည်းလေးပါး မရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ်မရှိဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း အလုံးအရပ်တို့နှင့် မပြည့်စုံ။

ရဟန်းတို့ အဘယ်သို့လျှင် ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်း နှင့်လည်းပြည့်စုံ၍ အလုံးအရပ်နှင့်ကား မပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤ သိခြင်းကို ထိုပုဂ္ဂိုလ်၏(ဉာဏ်တည်း ဟူသော) လျင်မြန်ခြင်းဟု ငါဆို၏။ အချင်းချင်း ပိုင်းခြားအပ်သော မေ္မ၌ရင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ရင်း ပြဿနာကို မေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤဖြေဆိုနိုင် ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဂုဏ်တည်းဟူသော) အဆင်းဟု ငါဆို၏၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေး အသုံးအဆောင်တို့ကိုကား မရ၊ ဤမရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံး

http://www.dhammadownload.com



အရပ် မရှိခြင်းဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ၍ အလုံးအရပ်နှင့်ကား မပြည့်စုံ။

ရဟန်းတို့ အဘယ်သို့လျှင် ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤသိခြင်းကို ထိုပုဂ္ဂိုလ်၏ (ဉာဏ်တည်းဟူသော) လျင်မြန်ခြင်းဟု ငါဆို၏။ အချင်းချင်း ပိုင်းခြားအပ်သော မေ့ဌိရင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ရင်း ပြဿနာကို မေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤဖြေနိုင်ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဂုဏ်တည်းဟူသော) အဆင်းဟု ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရ၏၊ ဤရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ်ဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ယောကျ်ားငယ်သုံးမျိုးတို့ ဟူသည် ဤသည်တို့ပင်တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အဿပရဿသုတ်

၁၄၂။ ရဟန်းတို့ (မြင်းတို့၌) လွန်ကဲသော မြင်းသုံးမျိုးတို့ကိုရင်း (လူတို့၌) လွန်ကဲသော ယောကျ်ားသုံးမျိုးတို့ကိုရင်း ဟောကြားအံ့၊ထိုတရားကို နာကြကုန်လော့၊ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထို ရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

(မြင်းတို့၌)လွန်ကဲသော မြင်းသုံးမျိုးတို့ဟူသည် အဘယ်တို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ (မြင်းတို့၌) လွန်ကဲသော မြင်းအချို့သည် လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း အလုံးအရပ်နှင့် မပြည့်စုံ၊ ရဟန်းတို့ ဤလောက၌ (မြင်းတို့၌) လွန်ကဲသော မြင်းအချို့သည် လျင်မြန်ခြင်းနှင့် လည်းပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ၍ အလုံးအရပ်နှင့် ကား မပြည့်စုံ၊ ရဟန်းတို့ ဤလောက၌ (မြင်းတို့၌) လွန်ကဲသော မြင်းအချို့သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ (မြင်းတို့၌) လွန်ကဲသော မြင်းသုံးမျိုးတို့ ဟူသည် ဤသည်တို့တည်း။

ရဟန်းတို့ (လူတို့၌) လွန်ကဲသော ယောကျ်ားသုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း ဟူမူ— ရဟန်းတို့ ဤလောကဝယ် (လူတို့၌) လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း အလုံးအရပ်နှင့် မပြည့်စုံ၊ ရဟန်းတို့ ဤလောကဝယ် (လူတို့၌)လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ၍ အလုံးအရပ်နှင့်ကား မပြည့်စုံ၊ ရဟန်းတို့ ဤလောကဝယ် (လူတို့၌) လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်း နှင့်လည်း ပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ အဘယ်သို့လျှင် (လူတို့၌) လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၍ အဆင်းနှင့်မပြည့်စုံ အလုံးအရပ်နှင့် မပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့်

http://www.dhammadownload.com



ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုရ၏၊ ထိုဗြဟ္မာ့ဘုံမှ ပြန်လည်ခြင်း သဘောမရှိ၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ လျင်မြန်ခြင်း ဟု ငါဆို၏။ အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ငြင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ငြင်း ပြဿနာကို မေးအပ်သော် တွန့်ဆုတ်၏၊ မဖြေဆိုနိုင်၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ အဆင်းမရှိခြင်း ဟု ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဖြစ်သော ဆေး အသုံးအဆောင်တို့ကို မရ၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ်မရှိခြင်း ဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် (လူဘို့၌) လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်းနှင့်မပြည့်စုံ၊ အလုံးအရပ်နှင့် မပြည့်စုံပေ။

ရဟန်းတို့ အဘယ်သို့လျှင် (လူတို့၌) လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ၍ အလုံးအရပ်နှင့်ကား မပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် အောက် (ကာမဘုံ) ၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယော ဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာ လျှင် ပရိနိဗ္ဗာန်ပြုရ၏၊ ထိုဗြဟ္မာ့ဘုံ၌ ပြန်လည်ခြင်း သဘောမရှိ၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ လျင်မြန် ခြင်းဟု ငါဆို၏၊ အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ငြင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ ငြင်း ပြဿနာကို မေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ အဆင်း ဟု ငါဆို၏၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်တို့ကို မရ၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ် မရှိခြင်းဟု ငါဆို၏၊ ရဟန်းတို့ ဤသို့လျှင် (လူတို့၌) လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့်လည်းပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ၍ အလုံးအရပ် နှင့်ကား မပြည့်စုံပေ။ ရဟန်းတို့ အဘယ်သို့လျှင် (လူတို့၌) လွန်ကဲသော ယောကျ်ားသည် လျင်မြန် ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံသနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ အချို့သော (လူဘို့၌) လွန်ကဲသော ယောကျ်ားသည် အောက် (ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း)အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်း ကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုရ၏၊ ထိုဗြဟ္မာ့ဘုံမှ ပြန်လည်ခြင်း သဘောမရှိ၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ လျင်မြန်ခြင်း ဟု ငါဆို၏။ အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ငြင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ငြင်း ပြဿနာကို မေးအပ် သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ အဆင်းဟု ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရ၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ အလုံး အရပ် ဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် (လူတို့၌) လွန်ကဲသောယောကျ်ားသည် လျင်မြန်ခြင်းနှင့် လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ (လူတို့၌) လွန်ကဲသော ယောကျ်ားသုံးမျိုးတို့သည် ဤသည်တို့ပင်တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အဿာဇာနီယသုတ်

၁၄၃။ ရဟန်းတို့ အာဇာနည် မြင်းကောင်း သုံးမျိုးတို့ကိုငြင်း အာဇာနည်ယောကျ်ားကောင်း သုံးမျိုးတို့ကိုငြင်း ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊

http://www.dhammadownload.com



ဟောကြားပေအံ့ ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အာဇာနည် မြင်းကောင်းသုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤလောက၌။ပ။အချို့သော အာဇာနည်မြင်းကောင်းသည် လျင်မြန်ခြင်းနှင့်လည်းပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ အာဇာနည် မြင်းကောင်း သုံးမျိုးတို့ ဟူသည် ဤသည်တို့ ပင်တည်း။

ရဟန်းတို့ အာဇာနည် ယောကျ်ားကောင်း သုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤလောက၌။ပ။ အချို့သော အာဇာနည် ယောကျ်ားကောင်းသည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် အာဇာနည်ယောကျ်ားကောင်းသည်။ပ။ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်းပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းသော ကိလေသာမှ လွတ်သော (အရဟတ္တဖိုလ်) စိတ်နှင့် (အရဟတ္တဖိုလ်) ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်လျက် နေ၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ လျင်မြန်ခြင်း ဟူ၍ ငါဆို၏။ အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ရင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ ရင်း ပြဿနာကို မေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏ အဆင်းဟူ၍ ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်တို့ကို ရ၏၊ ဤသည်ကို ထိုပုဂ္ဂိုလ်၏အလုံးအရပ်ဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် အာဇာနည်ယောကျ်ား ကောင်းသည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ အာဇာနည် ယောကျ်ားကောင်း သုံးမျိုးတို့သည် ဤသည်တို့ပင်တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-ပဉ္စမ မောရနိဝါပသုတ်

၁၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဥဒေါင်းတို့ကို အစာပေးရာ 'မောရနိဝါပ'ပရိဗိုဇ်တို့အရံ၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို"ရဟန်းတို့"ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟူ၍ မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စင်စစ် ပြီးဆုံးခြင်းရှိ၏၊ စင်စစ် ယောဂ လေးပါးဖြင့် ဘေးမရှိ၊ စင်စစ် မြတ်သော အကျင့်ကို ကျင့်သုံး၏၊ စင်စစ် အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ် ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် (ပြည့်စုံ၏)။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စင်စစ် ပြီးဆုံးခြင်းရှိ၏၊ စင်စစ်

http://www.dhammadownload.com



ယောဂလေးပါးဖြင့် ဘေးမရှိ၊ စင်စစ် မြတ်သော အကျင့်ကို ကျင့်သုံး၏၊ စင်စစ် အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏ ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

## ၁၂-ဒုတိယ မောရနိဝါပသုတ်

၁၄၅။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စင်စစ် ပြီးဆုံးခြင်းရှိ၏၊ စင်စစ် ယောဂလေးပါးဖြင့် ဘေးမရှိ၊ စင်စစ် မြတ်သော အကျင့်ကို ကျင့်သုံး၏၊ စင်စစ် အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—တန်ခိုးပြာဋိဟာ 'ဣဒ္ဓိပါဋိဟာရိယ' အတပ်ဟောခြင်း ပြာဋိဟာ 'အာဒေသနာပါဋိဟာရိယ' ဆုံးမခြင်း ပြာဋိဟာ'အနုသာသနီပါဋိဟာရိယ'တို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စင်စစ် ပြီးဆုံးခြင်းရှိ၏၊ စင်စစ် ယောဂလေးပါးဖြင့် ဘေးမရှိ၊ စင်စစ် မြတ်သောအကျင့်ကို ကျင့်သုံး၏၊ စင်စစ် အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏ ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

## ၁၃-တတိယ မောရနိဝါပသုတ်

၁၄၆။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စင်စစ် ပြီးဆုံးခြင်းရှိ၏၊ စင်စစ် ယောဂ လေးပါးဖြင့် ဘေးမရှိ၊ စင်စစ် မြတ်သော အကျင့်ကို ကျင့်သုံး၏၊ စင်စစ် အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မှန်ကန်သော အယူ (ဝိပဿနာဉာဏ်) မှန်ကန်သော အသိ (အရဟတ္တမဂ်ဉာဏ်) မှန်ကန်သော လွတ်မြောက်ခြင်း (အရဟတ္တဖိုလ်တို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စင်စစ် ပြီးဆုံးခြင်းရှိ၏၊ စင်စစ် ယောဂလေးပါးဖြင့် ဘေးမရှိ၊ စင်စစ် မြတ်သော အကျင့်ကို ကျင့်သုံး၏၊ စင်စစ် အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏ ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

လေးခုမြောက် ယောဓာဇီဝဝဂ် ပြီး၏။

## (၁၅) ၅-မင်္ဂလဝဂ် ၁-အကုသလသုတ်

၁၄၇။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲ၌ ချထားအပ်၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အကုသိုလ် ကာယကံ အကုသိုလ် ဝစီကံ အကုသိုလ် မနောကံတို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲ၌ ဖြစ်ရ၏။

http://www.dhammadownload.com



ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်၌ ချထားအပ်၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ကုသိုလ်ကာယကံ ကုသိုလ်ဝစီကံ ကုသိုလ်မနောကံတို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့နှင့် ပြည့်စုံသော သူကို ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-သာဝဇ္ဇသုတ်

၁၄၈။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲ၌ ဖြစ်ရ၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အပြစ်ရှိသော ကာယကံ အပြစ်ရှိသော ဝစီကံ အပြစ်ရှိသော မနောကံတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အပြစ်မရှိသော ကာယကံ အပြစ်မရှိသော ဝစီကံ အပြစ်မရှိသော မနောကံတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့်။ပ။ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဝိသမသုတ်

၁၄၉။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ မညီညွတ်သော ကာယကံ မညီညွတ်သော ဝစီကံ မညီညွတ်သော မနောကံတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့်။ပ။ ဤအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ညီညွတ်သော ကာယကံ ညီညွတ်သော ဝစီကံ ညီညွတ်သော မနောကံတို့တည်း။ပ။ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အသုစိသုတ်

၁၅၀။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။မစင်ကြယ်သော ကာယကံ မစင်ကြယ်သော ဝစီကံ မစင်ကြယ်သော မနောကံ။ပ။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့်။ပ။ ဤအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။စင်ကြယ်သော ကာယကံ စင်ကြယ်သော ဝစီကံ စင်ကြယ်သော မနောကံတို့တည်း။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ပဌမ ခတသုတ်

၁၅၁။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော မိုက်မဲ မလိမ္မာသော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း ရှိ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏၊ များစွာလည်း မကောင်းမှုကို တိုးပွါးစေ၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အကုသိုလ်ကာယကံ အကုသိုလ်ဝစီကံ အကုသိုလ်မနောကံတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော မိုက်မဲသော မလိမ္မာသော သူယုတ်သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း ရှိ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏၊ များစွာလည်း မကောင်းမှုကို တိုးပွါးစေ၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်၊ များစွာလည်း ကောင်းမှုကို တိုးပွါးစေ၏၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ကုသိုလ်ကာယကံ ကုသိုလ်ဝစီကံ ကုသိုလ်မနောကံတို့တည်း။ပ။

ပဌမသုတ်။

## ၆-ဒုတိယ ခတသုတ်

၁၅၂။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ အပြစ်ရှိသော ကာယကံ အပြစ်ရှိသော ဝစီကံ အပြစ်ရှိသော မနောကံတို့တည်း။ပ။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ အပြစ်မရှိသော ကာယကံ အပြစ်မရှိသော ဝစီကံ အပြစ်မရှိသော မနောကံတို့တည်း။ပ။

ဆဋ္ဌသုတ်။

## ၇-တတိယ ခတသုတ်

၁၅၃။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ မညီညွတ်သောကာယကံ မညီညွတ်သောဝစီကံ မညီညွတ်သောမနောကံတို့တည်း။ပ။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ ညီညွတ်သောကာယကံ ညီညွတ်သောဝစီကံ ညီညွတ်သောမနောကံတို့တည်း။ပ။

သတ္တမသုတ်။

## ၈-စတုတ္ထ ခတသုတ်

၁၅၄။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ မစင်ကြယ်သောကာယကံ မစင်ကြယ်သောဝစီကံ မစင်ကြယ်သောမနောကံတို့တည်း။ပ။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့်။ပ။ စင်ကြယ်သောကာယကံ စင်ကြယ်သောဝစီကံ စင်ကြယ်သောမနောကံတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော

http://www.dhammadownload.com



မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်၊ များစွာလည်း ကောင်းမှုကို တိုးပွါးစေ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဝန္ဒနာသုတ်

၁၅၅။ ရဟန်းတို့ ရှိခိုးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— ကိုယ်ဖြင့် ရှိခိုးခြင်း နှုတ်ဖြင့် ရှိခိုးခြင်း စိတ်ဖြင့် ရှိခိုးခြင်းတို့တည်း။ ရဟန်းတို့ ရှိခိုးခြင်းတို့သည် ဤသုံးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ပုဗ္ဗဏှသုတ်

၁၅၆။ ရဟန်းတို့ နံနက်ခင်း၌ ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော နံနက်ခင်း ဖြစ်ပေ၏။

ရဟန်းတို့ နေ့လယ်ခင်း၌ ကိုယ် နှုတ် စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော နေ့ခင်း ဖြစ်ပေ၏။

ရဟန်းတို့ ညချမ်းအခါ၌ ကိုယ် နှုတ် စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော ညချမ်းအခါ ဖြစ်ပေ၏ ဟု (မိန့်တော်မူ၏)။

(သုစရိုက်နှင့် ပြည့်စုံသောနေ့သည် )ကောင်းသော နက္ခတ်နှင့်လည်း ယှဉ်သည် မည်၏၊ ကောင်းသော မင်္ဂလာလည်း ဖြစ်ပေ၏၊ ကောင်းသော မိုးသောက်လည်း မည်၏၊ ကောင်းသော အိပ်ရာမှ ထခြင်းလည်း မည်၏၊ ကောင်းသော ခဏလည်းမည်၏၊ ကောင်းသော မုဟုတ်လည်း မည်၏၊ (သုစရိုက်နှင့် ပြည့်စုံသည့်အခါဝယ်) မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့၌ ပေးလှူခြင်းသည်လည်း ကောင်းစွာ ပူဇော်ခြင်း မည်၏။

(သုစရိုက်နှင့် ပြည့်စုံသောနေ့၌) ကိုယ်ဖြင့်ပြုသော အမှုသည် ပွါးစည်းသော ကာယကံ မည်၏၊ နှုတ်ဖြင့် ပြုသော အမှုသည် ပွါးစည်းသော ဝစီကံ မည်၏၊ စိတ်ဖြင့် ပြုသော အမှုသည် ပွါးစည်းသော မနောကံ မည်၏၊ ပွါးစည်းသော ထိုကံတို့ကို ဆောက်တည်သည် မည်၏၊ ပွါးစည်းသော ထိုကံတို့ကို ပြုပြီး၍ ပွါးစည်းသော အကျိုးတို့ ကို ရကုန်၏။

အကျိုးကို ရသော ထိုသူတို့သည် အလုံးစုံသော ဆွေမျိုးတို့နှင့်တကွ မြတ်စွာဘုရား သာသနာတော်၌ ချမ်းသာကုန် စည်ပင်ပြန့်ပွါးကုန်သည်ဖြစ်၍ ရောဂါမရှိခြင်း ချမ်းသာခြင်းတို့ ဖြစ်ကြစေကုန်သတည်း။

ဒသမသုတ်။

**ငါးခုမြောက် မင်္ဂလဝဂ် ပြီး၏။**

**တတိယ သုတ်ငါးဆယ် ပြီး၏။**

http://www.dhammadownload.com



## (၁၆) ဗ-အစေလကာဝင်

၁၅၇-၁၆၃။ ရဟန်းတို့ အကျင့်တို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ— မြဲမြံစွာ ယူသော အကျင့်၊ မိမိကိုယ်ကို လောင်မြိုက်စေတတ်သော အကျင့်၊ အလယ်အလတ်ဖြစ်သော အကျင့်တို့တည်း။ ရဟန်းတို့ မြဲမြံစွာ ယူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် "ကာမဂုဏ်တို့၌ အပြစ်မရှိ" ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ သုံးဆောင် ခံစားခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို လောဘ၏ အစွမ်းအားဖြင့် မြဲမြံစွာ ယူသော အကျင့် ဟု ဆိုအပ်၏။

ရဟန်းတို့ မိမိကိုယ်ကို လောင်မြိုက်စေတတ်သော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အဝတ်မဝတ်ပဲ နေ၏၊ လွတ်လပ်စွာ ကျင့်၏[၁]၊ လက်ဖြင့် (မစင်ကို)သုတ်၏၊ အသျှင် လာပါလော့ ဆိုသူ၏ ဆွမ်းကို မခံ၊ အသျှင် ရပ်ပါဦးလော့ ဆိုသူ၏ ဆွမ်းကို မခံ၊ မိမိ မကပ်ရောက်မီ ယူဆောင်လာသော ဆွမ်းကိုမခံ၊ ရည်စူး၍ ပြုသော ဆွမ်းကိုမခံ၊ ပင့်ဖိတ်သော ဆွမ်းကို မခံ၊ အိုးဝမှ (ကော်၍လောင်းသော) ဆွမ်းကို မခံ၊ တောင်းဝမှ (ကော်၍လောင်းသော)ဆွမ်းကိုမခံ၊ တံခါးခုံခြား၍ (လောင်းသော)ဆွမ်းကိုမခံ၊ တုတ်ခြား၍ (လောင်းသော) ဆွမ်းကို မခံ၊ ကျည်ပွေ့ခြား၍ (လောင်းသော) ဆွမ်းကို မခံ၊ နှစ်ယောက်စားနေစဉ်မှ (ထ၍ လောင်းသော) ဆွမ်းကို မခံ၊ ကိုယ်ဝန်ဆောင်မိန်းမ၏ (လောင်းသော) ဆွမ် ကို မခံ၊ နို့တိုက်ဆဲ မိန်းမ၏ (လောင်းသော) ဆွမ်းကို မခံ၊ ယောကျ်ားနှင့် နှီးနှောနေသော မိန်းမ၏(ဆွမ်းကို) မခံ၊ ဆော်ဩ စုပေါင်း၍ (လောင်းသော) ဆွမ်းတို့ကို မခံ၊ ခွေးမျှော်နေရာမှ (ဆွမ်းကို) မခံ၊ ယင်အုံနေရာမှ (ဆွမ်းကို)မခံ၊ ငါးမစား၊ အမဲမစား၊ သေမသောက်၊ အရက်မသောက်၊ ဖွဲ၌ မြုပ်သော ဆေးရည်ကို မသောက်၊ ထို တက္ကတွန်းသည် တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာ စား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာ စား၏၊ ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာ စား၏၊ ဆွမ်းလောင်းခွက်ငယ်တခု စာဖြင့်လည်း ရောင့်ရဲ၏၊ ခွက်ငယ်နှစ်ခု စာဖြင့်လည်း ရောင့်ရဲ၏၊ ခွက်ငယ် ခုနစ်ခု စာဖြင့်လည်း ရောင့်ရဲ၏၊ တရက်ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာ စား၏၊ ခုနစ်ရက်ခြားလည်း အစာ စား၏၊ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့ သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကို ကျင့်လျက်နေ၏၊ ထိုတက္ကတွန်းသည် ဟင်းရွက်စိမ်းကိုသော်လည်း စားနေ၏၊ ပြောင်းဆန်[၂] ကိုသော်လည်း စားနေ၏၊ ကျိတ်သီးဆန်[၃] ကိုသော်လည်း စားနေ၏၊ သားရေဖတ် အစအနကိုသော်လည်း စားနေ၏၊မှော်ကိုသော်လည်း စားနေ၏၊ဖွဲနု[၄] ကိုသော်လည်း စားနေ၏၊ ထမင်းရေ[၅] ကိုသော်လည်း သောက်နေ၏၊ နှမ်းမှုန့်ညက်ကိုသော်လည်း စားနေ၏၊ မြက်ကိုသော်လည်း စားနေ၏၊ နွားချေးကိုသော်လည်း စားနေ၏၊ တောသစ်မြစ် သစ်သီးကို စားလျက် မျှတ၏၊ ကြွေကျသော သစ်သီးကို စားလျက် မျှတ၏။ ထိုတက္ကတွန်းသည် ပိုက်ဆံလျှော် အဝတ်တို့ကိုလည်း ဝတ်၏၊ ပိုက်ဆံလျှော်နှင့် ရောနှောယက်သော အဝတ်တို့ကိုလည်း

၁- ဒသမျိုးကောင်းသားတို၏ အလေ့ အထဟူသမျှကို ပယ်၍ ရပ်လျက် ကျင်ကြီးကျင်ငယ် စွန့်ခြင်းစသည်ကိုပြုခြင်း ပင်တည်း။
၂- ဂျုံဆန် သို့မဟုတ် ဆန်စိမ်းဟု အချို့မှုများ၌ ပြန်၏။
၃- မြက်သီးဆန် သို့မဟုတ် ဆန်တမျိုးဟု အချို့မှုများ၌ ပြန်၏။
၄- ကဏောပိ တဏ္ဍုလံ ပရိယောနဒ္ဓ-ဖွဲနုသည်လည်း ဆန်ကိုမြှေးယုက်၏၊ ပါထိကဝဂ် အဂ္ဂညသုတ်နှင့်အညီ ကဏ-ကို ဖွဲနုဟု ပြန်သည်။
၅- ထမင်းချိုးလည်း ဟူ၏။

http://www.dhammadownload.com



ဝတ်၏၊ သူသေကောင်မှ အဝတ်တို့ကိုလည်း ဝတ်၏၊ ပုံသုကူအဝတ်တို့ကိုလည်း ဝတ်၏၊ သစ်ခေါက် အဝတ်တို့ကိုလည်း ဝတ်၏၊ သစ်နက်ရေကိုလည်း ဝတ်၏၊ သစ်နက်ရေမျှင် အဝတ်ကိုလည်း ဝတ်၏၊ သမန်းမြက် အဝတ်ကိုလည်း ဝတ်၏၊ လျှော်တေ အဝတ်ကိုလည်း ဝတ်၏၊ ပျဉ်ချပ်အဝတ်ကိုလည်း ဝတ်၏၊ ဆံချည် ကမ္ဗလာ ကိုလည်း ဝတ်၏၊ သားမြီးကမ္ဗလာကိုလည်း ဝတ်၏၊ ခင်ပုပ်ငှက်တောင် အဝတ်ကိုလည်း ဝတ်၏၊ ဆံမုတ်ဆိတ်ကိုလည်း နုတ်၏၊ ဆံမုတ်ဆိတ် နုတ်ခြင်း အမှုကို အားထုတ်၏၊ ထိုင်ရန် နေရာကို ပယ်၍ ရပ်လျက်လည်း နေ၏၊ ဆောင့်ကြောင့်လည်း ထိုင်နေ၏၊ ဆောင့်ကြောင့် ထိုင်နေခြင်းအမှုကို အားထုတ်၏၊ ဆူးအခင်းပေါ်၌ နေ၏၊ ဆူးအခင်း ပေါ်၌ အိပ်၏၊ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကို လည်း အားထုတ်၏။ ဤနည်းဖြင့် ဤသို့ သဘောရှိသော ကိုယ်ကို အလွန်အမင်း ပူပန်စေသော များစွာသော အကျင့် ကို မပြတ်အားထုတ်လျက် နေ၏။ ရဟန်းတို့ ဤအကျင့်ကို (မိမိကိုယ်ကို) လောင်မြိုက်စေတတ်သော အကျင့် ဟု ဆိုအပ်၏။

ရဟန်းတို့ အလယ် အလတ် ဖြစ်သော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် လောက၌ တပ်မက်ခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ကို ပယ်ဖျောက်၍ (ဆံအစရှိသော) ကိုယ်အစု၌ ကိုယ်ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် လောက၌ တပ်မက်ခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ကို ပယ် ဖျောက်၍ သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရဟန်းတို့ ဤအကျင့်ကို အလယ် အလတ် ဖြစ်သော အကျင့် 'မဇ္ဈိမပဋိပဒါ' ဟု ဆိုအပ်၏။ ရဟန်းတို့ အကျင့် တို့သည် ဤသုံးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။ (၁)

ရဟန်းတို့ အကျင့်တို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း ဟူမူ— မြဲမြံစွာ ယူသော အကျင့်၊ (မိမိကိုယ်ကို) လောင်မြိုက်စေတတ်သော အကျင့်၊ အလယ်အလတ်ဖြစ်သော အကျင့်တို့တည်း။ ရဟန်းတို့ မြဲမြံစွာ ယူသော အကျင့်ဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ဤအကျင့်ကို မြဲမြံစွာ ယူသော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့ (မိမိကိုယ်ကို) လောင်မြိုက်စေတတ်သော အကျင့်ဟူသည် အဘယ်နည်း။ပ။ ရဟန်း တို့ ဤအကျင့်ကို (မိမိကိုယ်ကို) လောင်မြိုက်စေတတ်သော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့ အလယ်အလတ်ဖြစ်သော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်စေရန် ကုသိုလ်ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယစိုက်၏၊ စိတ်ကို ပင့်မြှောက်၏၊ ကြိုးစား၏။ ဖြစ်ပြီးသော အကုသိုလ် တရားယုတ်တို့ကို ပယ်ရန် ကုသိုလ်ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယ စိုက်ထုတ်၏၊ စိတ်ကို ပင့်မြှောက်၏၊ ကြိုးစား၏။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ကုသိုလ်ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယ စိုက်ထုတ်၏၊ စိတ်ကို ပင့်မြှောက်၏၊ ကြိုးစား၏။ ဖြစ်ပြီးသော ကုသိုလ် တရားတို့ကို တည်တံ့စေရန် မပျောက်မပျက်စေရန် ကြီးပွါးစည်ပင်ရန် ကျယ်ပြန့်စေရန် ပွါးများရန် ပြည့်စုံစေရန် ကုသိုလ်ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယစိုက်ထုတ်၏၊ စိတ်ကို ပင့်မြှောက်၏၊ ကြိုးစား၏။ (၂)

http://www.dhammadownload.com



ဆန္ဒကို အကြီးအမှူးပြု၍ ဖြစ်သော သမာဓိ ဝီရိယ ဟူသော သင်္ခါရနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို အကြီးအမှူးပြု၍ ဖြစ်သောသမာဓိ။ပ။ စိတ်ကို အကြီးအမှူးပြု၍ ဖြစ်သော သမာဓိ။ပ။ ပညာကို အကြီးအမှူးပြု၍ ဖြစ်သော သမာဓိ အားထုတ်ခြင်း ဝီရိယဟူသော သင်္ခါရနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ပ။ (၃)

သဒ္ဓိန္ဒြေကို ပွါးများ၏။ ဝီရိယိန္ဒြေကို ပွါးများ၏။ သတိန္ဒြေကို ပွါးများ၏။ သမာဓိန္ဒြေကို ပွါးများ၏၊ ပညိန္ဒြေကို ပွါးများ၏။ပ။ (၄)

သဒ္ဓါဗိုလ်ကို ပွါးများ၏။ ဝီရိယဗိုလ်ကို ပွါးများ၏။ သတိဗိုလ်ကို ပွါးများ၏။ သမာဓိဗိုလ်ကို ပွါးများ၏။ ပညာဗိုလ်ကို ပွါးများ၏။ပ။ (၅)

သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ (၆)

သမ္မာဒိဋ္ဌိကို ပွါးများ၏။ သမ္မာသင်္ကပ္ပကို ပွါးများ၏။ သမ္မာဝါစာကို ပွါးများ၏။ သမ္မာကမ္မန္တကို ပွါးများ၏။ သမ္မာအာဇီဝကို ပွါးများ၏။ သမ္မာဝါယာမကို ပွါးများ၏။ သမ္မာသတိကို ပွါးများ၏။ သမ္မာသမာဓိကို ပွါးများ၏။ ရဟန်းတို့ ဤအကျင့်ကို အလယ်အလတ် ဖြစ်သော အကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ အကျင့်တို့သည် ဤသုံးမျိုးတို့ပင်တည်းဟု (မိန့်တော်မူ၏)။ (၇)

ခြောက်ခုမြောက် အစေလကဝဂ် ပြီး၏။

---

## (၁၇) ၇-ကမ္မပထပေယျာလ

၁၆၄-၁၈၃။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ကျရောက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မိမိလည်း သူ့အသက်ကို သတ်၏။ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏။ သူ့အသက်သတ်ခြင်း၌လည်း အလိုတူ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ ငရဲသို့ ရောက်ရ၏။ ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မိမိလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း ဆောက်တည်စေ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း အလိုတူ၏။ပ။ (၂)

မိမိလည်း မပေးသည်ကို ခိုးယူလေ့ရှိ၏၊ သူတပါးကိုလည်း မပေးသည်ကို ခိုးယူခြင်း၌ ဆောက်တည်စေ၏။ မပေးသည်ကို ခိုးယူခြင်း၌လည်း အလိုတူ၏။ပ။ မိမိလည်း မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ သူတပါးကိုလည်း မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း ဆောက်တည်စေ၏။ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရာ၌လည်း အလိုတူ၏။ပ။ (၄)

မိမိလည်း ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၌ ဆောက်တည်စေ၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့်

http://www.dhammadownload.com



ကျင့်ခြင်း၌လည်း အလိုတူ၏။ပ။မိမိလည်း ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း ဆောက်တည်စေ၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း အလိုတူ၏။ပ။ (၆)

မိမိလည်း မဟုတ်မမှန်သော စကားကိုပြော၏၊ သူတပါးကိုလည်း မဟုတ်မမှန်သော စကား ပြောခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန်သော စကားကို ပြောခြင်း၌လည်း အလိုတူ၏။ပ။ မိမိလည်း မဟုတ်မမှန်သောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန်သော စကား ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန်သောစကား ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း အလိုတူ၏။ပ။ (၈)

မိမိလည်း ကုန်းစကားကို ပြော၏၊ သူတပါးကိုလည်း ကုန်းစကားပြောခြင်း၌ ဆောက်တည် စေ၏၊ ကုန်းစကားကို ပြောခြင်း၌လည်း အလိုတူ၏။ပ။ မိမိလည်း ကုန်းစကား ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကုန်းစကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကုန်းစကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း အလိုတူ၏။ပ။ (၁၀)

မိမိလည်း ကြမ်းတမ်းသော စကားကို ပြော၏။ သူတပါးကိုလည်း ကြမ်းတမ်းသော စကားကို ပြောခြင်း၌ ဆောက်တည်စေ၏။ ကြမ်းတမ်းသော စကားကို ပြောခြင်း၌လည်း အလိုတူ၏။ပ။ မိမိလည်း ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကြမ်းတမ်း သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း အလိုတူ၏။ပ။ (၁၂)

မိမိလည်း ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိ၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားကို ပြောခြင်း၌ ဆောက်တည်စေ၏။ ပြိန်ဖျင်းသော စကားကို ပြောခြင်း၌လည်း အလိုတူ၏။ပ။ မိမိ လည်း ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း အလိုတူ၏။ပ။ (၁၄)

မိမိလည်း မက်မောခြင်းများ၏၊ သူတပါးကိုလည်း မက်မောခြင်း၌ ဆောက်တည်စေ၏၊ မက်မောခြင်း၌လည်း အလိုတူ၏။ပ။ မိမိလည်း မက်မောခြင်း မများ၊ သူတပါးကိုလည်း မမက်မော ခြင်း၌ ဆောက်တည်စေ၏။ မမက်မောခြင်း၌လည်း အလိုတူ၏။ပ။ (၁၆)

မိမိလည်း ပျက်စီးစေလိုသော စိတ်ရှိ၏၊ သူတပါးကိုလည်း ပျက်စီးစေလိုခြင်း၌ ဆောက်တည် စေ၏၊ ပျက်စီးစေလိုခြင်း၌လည်း အလိုတူ၏။ပ။ မိမိလည်း သူတပါးကို ပျက်စီးစေလိုသော စိတ်မရှိ၊ သူတပါးကိုလည်း ပျက်စီးစေလိုမှု မရှိခြင်း၌ ဆောက်တည်စေ၏၊ ပျက်စီးစေလိုမှု မရှိခြင်း၌ အလို တူ၏။ပ။ (၁၈)

မိမိလည်း မှားသော အမြင်ရှိ၏၊ သူတပါးကိုလည်း မှားသော အမြင်၌ ဆောက်တည်စေ၏၊ မှားသော အမြင်၌ လည်း အလိုတူ၏။ပ။မိမိလည်း မှန်သော အမြင်ရှိ၏၊ သူတပါးကိုလည်း မှန်သော အမြင်၌ ဆောက်တည်စေ၏၊ မှန်သော အမြင်၌လည်း အလိုတူ၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့်

http://www.dhammadownload.com



ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ထိုအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။ (၂၀)

ကမ္မပထပေယျာလ ပြီး၏။

---

## (၁၈) ဂ-ရာဂပေယျာလ

၁၀၄။ ရဟန်းတို့ တပ်မက်ခြင်း'ရာဂ'ကို ထူးသော ဉာဏ်ဖြင့် သိရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—(အတ္တမှ) ဆိတ်သုဉ်းသော တည်ကြည်ခြင်း 'သုညတသမာဓိ'၊ နိမိတ်မှ ကင်းသော တည်ကြည်ခြင်း အနိမိတ္တသမာဓိ'၊ (တဏှာတည်းဟူသော) တောင့်တခြင်းမှကင်းသော တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ'တို့တည်း။ရဟန်းတို့ တပ်မက်ခြင်း ရာဂကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရား သုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။ (၁)

(ရဟန်းတို့ တပ်မက်ခြင်း ရာဂကိုထူးသော ဉာဏ်ဖြင့်သိရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ် သုံးမျိုးတို့နည်း ဟူမူ—ကြံစည်ခြင်း'ဝိတက်' သုံးသပ်ခြင်း'ဝိစာရ'ရှိသော တည်ကြည်ခြင်း 'သမာဓိ'၊ ကြံစည်ခြင်း 'ဝိတက်'ကား မရှိ သုံးသပ်ခြင်း 'ဝိစာရ'မျှသာရှိသော တည်ကြည်ခြင်း'သမာဓိ'၊ ကြံစည်ခြင်း'ဝိတက်'လည်း မရှိ သုံးသပ်ခြင်း'ဝိစာရ'လည်းမရှိသော တည်ကြည်ခြင်း 'သမာဓိ' တို့တည်း။ ရဟန်းတို့ ရာဂကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏)။

ရဟန်းတို့ ရာဂကို ပိုင်းခြား၍ သိရန် တရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။ပ။ ကုန်ခန်းစေရန်။ ပယ်ရန်။ ကုန်စေရန်။ ပျက်စီးစေရန်။ ကင်းကွာစေရန်။ ချုပ်ငြိမ်းစေရန်။ စွန့်လွှတ်ရန်။ တဖန်စွန့်လွှတ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏။

ပြစ်မှားခြင်းကို။ တွေဝေခြင်းကို။ အမျက်ထွက်ခြင်းကို၊ ရန်ငြိုးဖွဲ့ခြင်းကို။ သူ့ကျေးဇူးကို ချေဖျက်ခြင်းကို။ အပြိုင်ပြုခြင်းကို။ ငြူစူခြင်းကို။ ဝန်တိုခြင်းကို။ လှည့်ပတ်ခြင်းကို။ စဉ်းလဲခြင်းကို။ခိုင်မာခြင်းကို။ချုတ်ချယ်ခြင်းကို။ထောင်လွှားခြင်းကို။အလွန်ထောင်လွှားခြင်းကို။မာန်ယစ်ခြင်းကို။ မေ့လျော့ခြင်းကို ထူးသောဉာဏ်ဖြင့် သိရန်။ ပိုင်းခြား၍ သိရန်။ကုန်ခန်းစေရန်။ပယ်ရန်။ ကုန်စေရန်။ ပျက်စီးစေရန်။ ကင်းစေရန်။ ချုပ်ငြိမ်းစေရန်။ စွန့်လွှတ်ရန်။ တဖန်စွန့်လွှတ်ရန် ဤတရားသုံးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု(မိန့်တော်မူ၏)။

ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ရာဂပေယျာလ ပြီး၏။

# တိကနိပါတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## စတုက္ကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဌမပဏ္ဏာသက

### ၁-ပဌမ သုတ်ငါးဆယ်

### ၁-ဘဏ္ဍဂါမဝဂ် ၁-အနုဗုဒ္ဓသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ဘဏ္ဍရွာတွင် (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ တရားလေးမျိုးတို့ကို လျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်ရင်း သင်တို့သည်ရင်း ဤသို့ ရှည်ကြာစွာသော ကာလပတ်လုံး (တဘဝမှ တဘဝသို့)ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။ အဘယ် တရားလေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မြတ်သောသီလကို လျော်စွာမသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်ရင်း သင်တို့သည်ရင်း ဤသို့ ရှည်ကြာစွာသော ကာလပတ်လုံး ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။ ရဟန်းတို့ မြတ်သော သမာဓိကို လျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်ရင်း သင်တို့သည်ရင်း ဤသို့ ရှည်ကြာစွာသော ကာလပတ်လုံး ပြေး

http://www.dhammadownload.com



သွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။ရဟန်းတို့ မြတ်သော ပညာကို လျှော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ဤသို့ ရှည်ကြာစွာသော ကာလပတ်လုံး ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။ ရဟန်းတို့ မြတ်သော ထွက်မြောက်မှု 'အရဟတ္တဖိုလ်'ကို လျှော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ဤသို့ ရှည်ကြာစွာသော ကာလပတ်လုံး ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။ ရဟန်းတို့ ထိုမြတ်သော သီလကို၊ မြတ်သော သမာဓိကို၊ မြတ်သော ပညာကို၊ မြတ်သော ထွက်မြောက်မှု 'အရဟတ္တဖိုလ်'ကို ငါ လျှော်စွာ သိပြီ၊ ထိုးထွင်း၍ သိပြီ၊ ဘဝ၌ တပ်မက်ခြင်း 'တဏှာ'ကို ဖြတ်ပြီးပြီ၊ ဘဝတပါးသို့ ဆောင်ရကြောင်း 'တဏှာ' ကုန်လေပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ပေါ်ခြင်း မရှိပြီ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူ၏၊ ဤစကားကို ဟောကြားတော်မူပြီး နောက် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဒေသနာကို ဟောကြားတော်မူပြန်၏—

"အတုမဲ့ဖြစ်သော သီလ သမာဓိ ပညာ၎င်း ကိလေသာမှ ထွက်မြောက်မှု 'အရဟတ္တဖိုလ်'၎င်း ဤတရားတို့ကို အခြံအရံနှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူပြီ။

ဤသို့လျှင် ဝဋ်ဆင်းရဲ အဆုံးကို ပြုတတ်သော နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော စက္ခုငါးမျိုး ရှိတော်မူသော (ကိလေသာ)ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ထူးသောဉာဏ်ဖြင့် သိတော်မူ၍ ရဟန်းတို့အား တရားကို ဟောကြားတော်မူလေပြီ"။

ပဌမသုတ်။

---

## ၂-ဒုတိယသုတ်

၂။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် မပြည့်စုံသော သူကို "ဤသာသနာတော်မှ လျောကျသူ" ဟု ဆိုထိုက်၏။ အဘယ်လေးမျိုးတို့ နည်းဟူမူ—ရဟန်းတို့ မြတ်သောသီလနှင့် မပြည့်စုံသော သူကို "ဤသာသနာတော်မှ လျောကျသူ" ဟု ဆိုထိုက်၏၊ ရဟန်းတို့ မြတ်သော သမာဓိနှင့် မပြည့်စုံသောသူကို "ဤသာသနာတော်မှ လျောကျသူ" ဟု ဆိုထိုက်၏၊ ရဟန်းတို့ မြတ်သော ပညာနှင့် မပြည့်စုံသော သူကို "ဤသာသနာတော်မှ လျောကျသူ"ဟု ဆိုထိုက်၏၊ ရဟန်းတို့ မြတ်သော ထွက်မြောက်မှု 'အရဟတ္တဖိုလ်'နှင့် မပြည့်စုံသောသူကို "ဤသာသနာတော်မှ လျောကျသူ" ဟု ဆိုထိုက်၏။ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် မပြည့်စုံသောသူကို"ဤသာသနာတော်မှ လျောကျသူ" ဟု ဆိုထိုက်၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူကို "ဤသာသနာတော်မှ မလျောကျသူ" ဟု ဆိုထိုက်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ မြတ်သော သီလနှင့် ပြည့်စုံသောသူကို "ဤသာသနာတော်မှ မလျောကျသူ" ဟု ဆိုထိုက်၏၊ ရဟန်းတို့ မြတ်သော သမာဓိနှင့် ပြည့်စုံသော သူကို "ဤသာသနာတော်မှ မလျောကျသူ" ဟု ဆိုထိုက်၏၊ ရဟန်းတို့ မြတ်သော ပညာနှင့် ပြည့်စုံသောသူကို "ဤသာသနာတော်မှ မလျောကျသူ" ဟု ဆိုထိုက်၏၊ ရဟန်းတို့ မြတ်သော ထွက်မြောက်မှု 'အရဟတ္တဖိုလ်'နှင့် ပြည့်စုံသော သူကို "ဤသာသနာတော်မှ မလျောကျသူ" ဟု

http://www.dhammadownload.com



ဆိုထိုက်၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူကို "ဤသာသနာတော်မှ မလျော ကျသူ" ဟု ဆိုထိုက်၏ ဟု (မိန့်တော်မူ၏)။

(သာသနာတော်မှ)ရွေလျောသောသူတို့သည် လျောကျသည် မည်ကုန်၏၊လျောကျသော သူတို့သည် (တဏှာဖြင့်)တပ်မက်ကုန်သည်ဖြစ်၍ တဖန်ဖြစ်ခြင်းသို့ ရောက်ရကုန်၏၊(အရိယမဂ္ဂ လေးပါးနှင့် ပြည့်စုံသူသည်)မဂ်ကိစ္စ တဆယ့်ခြောက်ရပ်ကို ပြုပြီးပြီ၊ မွေ့လျော်ဖွယ် (ကျေးဇူး တရား) ၌ မွေ့လျော်ပြီ၊ ချမ်းသာတခုဖြင့် ချမ်းသာတခုသို့ အစဉ်ရောက်ရသတည်း။

ဒုတိယသုတ်။

## ၃-ပဥ္စမ ခတသုတ်

၃။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မိုက်မဲသော မလိမ္မာသော သူယုတ်သည် တူးဖို့ဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူမည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ စွပ်စွဲကဲ့ရဲ့ထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း တိုးပွါးစေ၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်ပဲ ဂုဏ်မထိုက်သူ၏ ဂုဏ်ကို ပြောဆို၏၊ (ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်ပဲ ဂုဏ်ထိုက်သူ၏ ဂုဏ်မဲ့ကို ပြောဆို၏၊ (ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်ပဲ မကြည် ညိုသင့်သော အရာ၌ ကြည်ညိုမှုကိုဖြစ်စေ၏၊ (ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်ပဲ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော မိုက်မဲသော မလိမ္မာသော သူယုတ်သည် တူးဖို့ ဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူမည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ ကဲ့ရဲ့ စွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကို လည်း တိုးပွါးစေ၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်း သည် မတူးဖို့ မဖျက်ဆီး အပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူမည်၏၊အပြစ်မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း တိုးပွါးစေ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ဂုဏ်မထိုက်သူ၏ ဂုဏ်ကို မပြောဆို၊ (ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ဂုဏ်ထိုက်သူ၏ ဂုဏ်ကို ပြောဆို၏၊ (ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေ၏၊ (ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ကြည်ညို သင့်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖို့ မဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းမည်၏၊ အပြစ်မရှိသူလည်းမည်၏၊ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း တိုးပွါးစေ၏ ဟု (မိန့်တော်မူ၏)။

အကြင်သူသည် ကဲ့ရဲ့ထိုက်သူကို ချီးမွမ်း၏၊အကြင်သူသည်လည်း ချီးမွမ်းထိုက်သူကို ကဲ့ရဲ့၏၊ ထိုသူသည် နှုတ်ဖြင့် အပြစ်ကို ဆည်းပူးသည် မည်၏၊ ထိုအပြစ်ကြောင့် ချမ်းသာကို မရနိုင်။

အကြင်သူသည် ကြွေအန်လောင်းတမ်း ကစားရာတို့၌ မိမိကိုယ်နှင့်တကွ ဥစ္စာပစ္စည်း အားလုံး ဆုံးရှုံး၏၊ ထိုသူ၏ ဤဆုံးရှုံးခြင်းသည် အနည်းငယ်မျှသော အပြစ်သာ ဖြစ်၏၊ အကြင်သူသည် ညီညွတ်သော ပုဂ္ဂိုလ်တို့၌ စိတ်ပြစ်မှား၏၊ ထိုသူ၏ ဤအပြစ်သည်ကား သာလွန်ကြီးလေးသော အပြစ်ဖြစ်၏။

http://www.dhammadownload.com



အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့စွပ်စွဲတတ်သူသည် နှုတ်မကောင်းမှု စိတ်မကောင်းမှုကို ဆောက်တည်၍ အကြွင်းရေသို့ ကပ်ရောက်ရ၏၊ထိုငရဲ၌ တသိန်းသော နိရဗ္ဗုဒ သုံးဆယ့်ခြောက်ခုသော နိရဗ္ဗုဒ ငါးခုသော အဗ္ဗုဒ အရေအတွက်တို့ ပတ်လုံး ဖြစ်ရလေသတည်း။

တတိယသုတ်။

---

## ၄-ဒုတိယ ခတသုတ်

၄။ ရဟန်းတို့ ပုဂ္ဂိုလ်လေးမျိုးတို့၌ ဖြစ်မှားသော မိုက်မဲသော မလိမ္မာသော သူယုတ်သည် တူးဖို ဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းမည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း တိုးပွါးစေ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အမိ၌ ဖြစ်မှားသော မိုက်မဲသော မလိမ္မာသော သူယုတ်သည် တူးဖို ဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းမည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း တိုးပွါးစေ၏။ ရဟန်းတို့ အဖ၌ ဖြစ်မှားသော။ပ။ ရဟန်းတို့ မြတ်စွာဘုရား၌ ဖြစ်မှားသော။ပ။ ရဟန်းတို့ မြတ်စွာဘုရား၏ တပည့်သာဝက၌ ဖြစ်မှားသော မိုက်မဲသော မလိမ္မာသော သူယုတ်သည် တူးဖို ဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းမည်၏၊ အပြစ်ရှိသူလည်းဖြစ်၏၊ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း တိုးပွါးစေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ် လေးမျိုးတို့၌ ဖြစ်မှားသော မိုက်မဲသော မလိမ္မာသော သူယုတ်သည် တူးဖို ဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်း ဖြစ်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့ ကဲ့ရဲ့ ထိုက်သူလည်းဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း တိုးပွါးစေ၏။

ရဟန်းတို့ ပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာ ကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖို မဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းဖြစ်၏၊ အပြစ်မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း တိုးပွါးစေ၏။အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အမိ၌ ကောင်းစွာ ကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖို မဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းဖြစ်၏၊ အပြစ်မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း တိုးပွါးစေ၏။ ရဟန်းတို့ အဖ၌ ကောင်းစွာကျင့်သော။ပ။ ရဟန်းတို့ မြတ်စွာဘုရား၌ ကောင်းစွာ ကျင့်သော။ပ။ ရဟန်းတို့ မြတ်စွာဘုရား၏ တပည့်သာဝက၌ ကောင်းစွာ ကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖို မဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းဖြစ်၏၊ အပြစ်မရှိသူလည်းဖြစ်၏၊ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲထိုက်သူလည်း ဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း တိုးပွါးစေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့၌ ကောင်းစွာကျင့်သော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖို မဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်နေသူလည်းဖြစ်၏၊ အပြစ်မရှိသူလည်းဖြစ်၏၊ ပညာရှိတို့ မကဲ့ရဲ့ မစွပ်စွဲ ထိုက်သူလည်းဖြစ်၏၊ များစွာသော ကောင်းမှုကိုလည်း တိုးပွါးစေ၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အကြင်သူသည် အမိ၌ရှင်း အဖ၌ရှင်း အလုံးစုံသော တရားကို ကိုယ်တိုင်သိမြင်တော်မူသော မြတ်စွာဘုရား၌ရှင်း ထိုပြင် မြတ်စွာဘုရား၏ တပည့်သာဝကများ၌ရှင်း ပြစ်မှား၏၊ ထိုသို့ သဘောရှိသော ထိုသူသည် များစွာသော မကောင်းမှုကို တိုးပွါးစေ၏။

အမိအဖတို့၌ ထိုသို့ ပြစ်မှားခြင်းကြောင့် ထိုသူ့ကို ဤပစ္စုပ္ပန်ဘဝ၌ပင် ပညာရှိတို့သည် ကဲ့ရဲ့ကုန်၏၊ ထိုပြစ်မှားသူသည် တမလွန်ဘဝ၌လည်း အပါယ်သို့ လားရောက်ရ၏။

အကြင်သူသည် အမိ၌ရှင်း အဖ၌ရှင်း အလုံးစုံသော တရားကို ကိုယ်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား၌ရှင်း ထိုပြင် ထိုမြတ်စွာဘုရား၏ တပည့်သာဝက၌ရှင်း ကောင်းသောအားဖြင့် ကျင့်၏၊ ထိုသို့ သဘောရှိသော သူသည် များစွာသော ကောင်းမှုကို တိုးပွါးစေ၏။

အမိအဖတို့၌ ထိုသို့ဘုရားသောအားဖြင့် ကျင့်ခြင်းကြောင့် ထိုသူကို ဤပစ္စုပ္ပန်ဘဝ၌ပင် ပညာရှိတို့သည် ချီးမွမ်းကုန်၏၊ ထိုသူသည် တမလွန်ဘဝ၌လည်း နတ်ပြည်၌ မွေ့လျော်ရလေသတည်း။

စတုတ္ထသုတ်။

---

## ၅-အနုသောတသုတ်

၅။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—(သံသရာ)ရေစုန်ဆင်းတတ်သော ပုဂ္ဂိုလ်၊ (သံသရာ)ရေဆန်တက်တတ်သော ပုဂ္ဂိုလ်၊ ရပ်တည်သော သဘောရှိသော ပုဂ္ဂိုလ်၊ကမ်းတဖက်ရောက် ကူးမြောက်ပြီး၍ ကုန်းထက်၌ တည်သော မြတ်သော ပုဂ္ဂိုလ်တို့တည်း။ရဟန်းတို့ (သံသရာ)ရေစုန်ဆင်းတတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့ကိုလည်း မှီဝဲ၏၊မကောင်းမှုကိုလည်း ပြု၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို (သံသရာ)ရေစုန်ဆင်းတတ်သော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

ရဟန်းတို့ (သံသရာ) ရေဆန်တက်တတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့ကိုလည်း မမှီဝဲ၊ မကောင်းမှုကိုလည်း မပြု၊ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းနှင့်တကွ မျက်ရည်ရွှမ်းစို ငိုယိုသော မျက်နှာရှိလျက်လည်း ပြည့်စုံ စင်ကြယ်သော မြတ်သောအကျင့်ကို ကျင့်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို (သံသရာ)ရေဆန်တက်တတ်သော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ ရပ်တည်သော သဘောရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ ကုန်ခြင်းကြောင့် ဥပပတ် ပဋိသန္ဓေ တည်နေရ၏၊ထိုဘုံ၌ ပရိနိဗ္ဗာန်ပြု၏၊ ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိ။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ရပ်တည်သော သဘောရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ရဟန်းတို့ ကမ်းတဖက်ရောက် ကူးမြောက်ပြီး၍ ကုန်းထက်၌ တည်သော မြတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု

http://www.dhammadownload.com



ရောက်လျက် နေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ကမ်းတဖက်ရောက် ကူးမြောက်ပြီး၍ ကုန်းထက်၌ တည်သည့် မြတ်သောပုဂ္ဂိုလ်ဟု ဆိုအပ်၏။ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အချို့သော ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်တို့၌ မစောင့်ရှောက်ကုန်သည်ဖြစ်၍ ရာဂမကင်း ကြကုန်ပဲ ဤကာမဘုံ၌ ကာမဂုဏ် စည်းစိမ်ကို ခံစားကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် အဖန်ဖန် ပဋိသန္ဓေနေခြင်း အိုခြင်းသို့ ကပ်ကုန်လျက် တဏှာလွှမ်းမိုးကုန်သည်ဖြစ်၍ (သံသရာ)ရေစုန် ဆင်းတတ်သော ပုဂ္ဂိုလ်တို့ မည်ကုန်၏။

ထို့ကြောင့်သာလျှင် ထင်သောသတိရှိသော ပညာရှိသည် ဤကာမဘုံ၌ ကာမဂုဏ်တို့ကို ၎င်း မကောင်းမှုတို့ကို၎င်း မမှီဝဲပဲ ဆင်းရဲပြီပြင်ခြင်းနှင့်တကွလည်း ကာမဂုဏ်တို့ကို စွန့်လွှတ် ရာ၏၊ထိုပုဂ္ဂိုလ်ကို(သံသရာ)ရေဆန်တက်တတ်သော ပုဂ္ဂိုလ်ဟု ပညာရှိတို့ ဆိုကုန်၏။

အကြင်သူသည် (ဩရမ္ဘာဂိယသံယောဇဉ် နှောင်ကြိုး)ကိလေသာငါးမျိုးတို့ကို ကေန် စင်စစ် ပယ်စွန့်၍ ပြည့်စုံသော အကျင့်ရှိ၏၊ မယုတ်လျော့သော သဘောရှိ၏၊ စိတ်၏ လေ့လာ ခြင်း အထွတ်အထိပ်သို့ ရောက်၏၊ တည်ကြည်သော ဣန္ဒြေရှိ၏၊ ထိုပုဂ္ဂိုလ်ကို ရပ်တည်သော သဘောရှိသော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

အကြင်ပုဂ္ဂိုလ်သည် အမြတ်အယုတ်(ကုသိုလ် အကုသိုလ်)တရားတို့ကို(ဉာဏ်ဖြင့်)ကောင်း စွာ သက်ရောက်လျက် ဖျက်ဆီးပြီး ဖြစ်၍ (ယင်းတရားတို့)ကွယ်ပျောက်ကုန်၏၊ မရှိကုန်၊ (မဂ်ဟူသော) မြတ်သောအကျင့်ကို ကျင့်သုံးပြီးသည်ဖြစ်၍ လောကသုံးပါး၏ အဆုံးသို့ ရောက်သော ထိုပုဂ္ဂိုလ်ကို စင်စစ် ကမ်းတဖက်သို့ ရောက်သော ပုဂ္ဂိုလ် ဟု ဆိုအပ်၏။

**ပဉ္စမသုတ်။**

---

## ၆-အပ္ပဿုတသုတ်

၆။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့ နည်း ဟူမူ—အကြားအမြင်နည်း၍ ကြားနာအပ်သော တရားနှင့် မပြည့်စုံသော ပုဂ္ဂိုလ်၊ အကြား အမြင်နည်း၍ ကြားနာအပ်သော တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ အကြားအမြင်များ၍ ကြားနာ အပ်သော တရားနှင့် မပြည့်စုံသော ပုဂ္ဂိုလ်၊ အကြားအမြင်များ၍ ကြားနာအပ်သော တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင် နည်း၍ ကြားနာအပ်သော တရားနှင့် မပြည့်စုံသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် (ဘုရားဟော **သုတ်အမည်ရသော**)သုတ်ကို၎င်း (ဂါထာ စုဏ္ဏိယ ရော၍ဟောသော) ဂေယျကို၎င်း (ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြင့် ဟောအပ်သော) ဝေယျာကရဏ်ကို၎င်း (ဂါထာသက်သက်ဖြင့် ဟောအပ်သော) ဂါထာကို၎င်း (ဝမ်းမြောက်ကြည်နူး၍ ရင့်ကျူးတော် မူအပ်သော ဂါထာ ရှစ်ဆယ့်နှစ်ပါး ပါဝင်သော) ဥဒါန်းကို၎င်း (ဤသည့်တရားကို ဘုရား မြတ်စွာသည် ဟောကြားအပ်ပါ၏ဟု ညွှန်းပြသည့်) ဣတိဝုတ်ကို၎င်း (ငါးရာ့ငါးဆယ်သော) ဇာတ်ကို၎င်း (အံ့ဖွယ်ချီးကျူး မဖြစ်ဘူးမြဲ ထူးကဲ ဖြစ်ပေါ် ဟောကြားတော်မူအပ်သော ) အဗ္ဘုတ ဓမ္မကို၎င်း (ပညာဟူသောဝေဒ နှစ်သက်ခြင်း တွင်္ဂ ရရှိသော အခါတိုင်း မေးကြား ဟောပြတော်မူ အပ်သော)ဝေဒလ္လကို၎င်း အနည်းငယ်သာ ကြားနာဘူး၏။ ထိုပုဂ္ဂိုလ်သည် အနည်းငယ်သာ

http://www.dhammadownload.com



ကြားနာဘူးသော ထိုတရား၏အနက်ကို သိ၍ ပါဠိကို သိ၍ (လောကုတ္တရာ)တရားအားလျော်သော အကျင့်ကို ကျင့်သူမဟုတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင် နည်း၍ ကြားနာအပ်သော တရားနှင့် မပြည့်စုံသူ မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်နည်း၍ ကြားနာအပ်သော တရားနှင့် ပြည့်စုံသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ်ကိုင်းဂေယျကိုင်း ဝေယျာကရဏ်းကိုင်း ဂါထာကိုင်း ဥဒါန်းကိုင်း ဣတိဝုတ်ကိုင်း ဇာတ်ကိုင်း အဗ္ဘုတဓမ္မကိုင်း ဝေဒလ္လကိုင်း အနည်းငယ်သာ ကြားနာဘူး၏၊ ထိုပုဂ္ဂိုလ်သည် အနည်းငယ်သာ ကြားနာဘူးသော ထိုတရား၏ အနက်ကို သိ၍ ပါဠိကို သိ၍ (လောကုတ္တရာ)တရားအားလျော်သော အကျင့်ကို ကျင့်သူ ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်နည်း၍ ကြားနာအပ်သော တရားနှင့် ပြည့်စုံသူ မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်များ၍ ကြားနာအပ်သော တရားနှင့် မပြည့်စုံသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ်ကိုင်း ဂေယျကိုင်း ဝေယျာကရဏ်းကိုင်း ဂါထာကိုင်း ဥဒါန်းကိုင်း ဣတိဝုတ်ကိုင်း ဇာတ်ကိုင်း အဗ္ဘုတဓမ္မကိုင်း ဝေဒလ္လကိုင်း များစွာ ကြားနာဘူး၏၊ ထိုပုဂ္ဂိုလ်သည် များစွာ ကြားနာဘူးသော ထိုတရား၏ အနက်ကို သိ၍ ပါဠိကို သိ၍(လောကုတ္တရာ) တရားအားလျော်သော အကျင့်ကို ကျင့်သူ မဟုတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်များ၍ ကြားနာအပ်သော တရားနှင့် မပြည့်စုံသူ မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်များ၍ ကြားနာအပ်သော တရားနှင့် ပြည့်စုံသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ်ကိုင်း ဂေယျကိုင်း ဝေယျာကရဏ်းကိုင်း ဂါထာကိုင်း ဥဒါန်းကိုင်း ဣတိဝုတ်ကိုင်း ဇာတ်ကိုင်း အဗ္ဘုတဓမ္မကိုင်း ဝေဒလ္လကိုင်း များစွာ ကြားနာဘူး၏၊ ထိုပုဂ္ဂိုလ်သည် များစွာ ကြားနာဘူးသော ထိုတရား၏ အနက်ကို သိ၍ ပါဠိကို သိ၍ (လောကုတ္တရာ)တရား အားလျော်သော အကျင့်ကို ကျင့်သူ ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင်များ၍ ကြားနာအပ်သော တရားနှင့် ပြည့်စုံသူမည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

(အကြင်သူသည်)အကယ်၍ အကြားအမြင်လည်းနည်း သီလတို့၌လည်း ကောင်းစွာမတည် ငြားအံ့၊ ထိုပုဂ္ဂိုလ်ကို သီလအားဖြင့်၎င်း အကြားအမြင်အားဖြင့်၎င်း နှစ်ပါးသော အဖို့အားဖြင့် ကဲ့ရဲ့ကြကုန်၏။

(အကြင်သူသည်)အကယ်၍ အကြားအမြင်နည်းသော်လည်း သီလတို့၌ ကောင်းစွာ တည်ငြားအံ့၊ ထိုသူကို သီလအားဖြင့် ချီးမွမ်းကြကုန်၏၊ ထိုသူ၏ အကြားအမြင် သည်ကား မပြည့်စုံ။

(အကြင်သူသည်)အကြားအမြင်များသော်လည်း သီလတို့၌ ကောင်းစွာ မတည်ငြားအံ့၊ ထိုသူကို သီလအားဖြင့် ကဲ့ရဲ့ကြကုန်၏၊ ထိုသူ၏ အကြားအမြင်သည်ကား ပြည့်စုံ၏။

http://www.dhammadownload.com



(အကြင်သူသည်) အကယ်၍ အကြားအမြင်လည်းမျာ သီလတို့၌လည်း ကောင်းစွာတည်အံ့၊ ထိုသူကို သီလအားဖြင့်၎င်း အကြားအမြင်အားဖြင့်၎င်း နှစ်ပါးသော အဖို့အားဖြင့် ချီးမွမ်းကြကုန်၏။

တနိက္ခရှိသော ဇမ္ဗူရာဇ်ရွှေကဲ့သို့ အကြားအမြင်များသော တရားကို ဆောင်သော ကောင်းသော ပညာရှိသော ထိုမြတ်စွာဘုရား၏တပည့်သာဝကကို အဘယ်သူသည် ကဲ့ရဲ့ထိုက်ပါအံ့နည်း၊ ထိုသူကို နတ်ဘို့လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာလည်း ချီးမွမ်း၏။

ဆဋ္ဌသုတ်။

## ၇-သောဘနသုတ်

၇။ ရဟန်းတို့ ကျွမ်းကျင်ကုန်သော (ကိုယ် နှုတ် နှလုံးကို)ဆုံးမပြီး ဖြစ်ကုန်သော ရဲရင့်ကုန်သော အကြားအမြင်များကုန်သော တရားကို ဆောင်ကုန်သော တရားအားလျော်သော အကျင့်ကို ကျင့်ကုန်သော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် သံဃာကို တင့်တယ်စေကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ-ရဟန်းတို့ ကျွမ်းကျင်သော(ကိုယ် နှုတ် နှလုံးကို)ဆုံးမပြီးဖြစ်သော ရဲရင့်သော အကြားအမြင်များသော တရားကို ဆောင်သော တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းယောကျ်ားသည် သံဃာကို တင့်တယ်စေ၏၊ ရဟန်းတို့ ကျွမ်းကျင်သော (ကိုယ် နှုတ် နှလုံးကို) ဆုံးမပြီး ဖြစ်သော ရဲရင့်သော အကြားအမြင်များသော တရားကို ဆောင်သော တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းမိန်းမသည် သံဃာကို တင့်တယ်စေ၏။ ရဟန်းတို့ ကျွမ်းကျင်သော (ကိုယ် နှုတ် နှလုံးကို) ဆုံးမပြီးဖြစ်သော ရဲရင့်သော အကြားအမြင်များသော တရားကို ဆောင်သော တရားအားလျော်သော အကျင့်ကို ကျင့်သော ဥပါသကာသည် သံဃာကို တင့်တယ်စေ၏။ ရဟန်းတို့ ကျွမ်းကျင်သော (ကိုယ် နှုတ် နှလုံးကို)ဆုံးမပြီး ဖြစ်သော ရဲရင့်သော အကြားအမြင်များသော တရားကို ဆောင်သောတရားအားလျော်သော အကျင့်ကို ကျင့်သော ဥပါသိကာမသည် သံဃာကို တင့်တယ်စေ၏။ ရဟန်းတို့ ကျွမ်းကျင်သော (ကိုယ် နှုတ် နှလုံးကို) ဆုံးမပြီးဖြစ်ကုန်သော ရဲရင့်ကုန်သော အကြားအမြင်များကုန်သော တရားကိုဆောင်ကုန်သော တရားအားလျော်သော အကျင့်ကို ကျင့်ကုန်သော ပုဂ္ဂိုလ်လေးမျိုးတို့သည် သံဃာကို တင့်တယ်စေကုန်၏ဟု (မိန့်တော်မူ၏)။

အကြင်သူသည် ကျွမ်းကျင်၏၊ ရဲရင့်၏၊ အကြားအမြင် များ၏၊ တရားတော်ကို ဆောင်၏၊ (လောကုတ္တရာ) တရားအားလျော်သော အကျင့်ကို ကျင့်၏၊ ထိုသို့ သဘောရှိသောသူကို သံဃာကို တင့်တယ်စေတတ်သူ ဟု ဆိုအပ်၏။

သီလနှင့် ပြည့်စုံသော ရဟန်းသည်၎င်း အကြားအမြင်များသော ရဟန်းမိန်းမသည်၎င်း သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာသည်၎င်း သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမသည်၎င်း ထိုသူတို့သည် သံဃာကို တင့်တယ်စေကုန်၏၊ ထိုသူတို့သည် သံဃာ၏ တင့်တယ်ကြောင်း ပုဂ္ဂိုလ်တို့မည်ကုန်၏ ။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ဝေသာရဇ္ဇသုတ်

၈။ ရဟန်းတို့ မြတ်စွာဘုရား၏ (ရဲရင့်ကြောင်း) ဝေသာရဇ္ဇဉာဏ်တို့သည် ဤလေးမျိုးတို့တည်း။ ယင်းဝေသာရဇ္ဇဉာဏ်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေတော်မူ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိ၏ဟု ဝန်ခံသော အသျှင်ဘုရားသည် "ဤမည်သော တရားတို့ကို ထိုးထွင်း၍ မသိအပ်ကုန်သေး"ဟု ငါ့ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ တစုံတယောက် ဖြစ်စေ ထိုအရာ၌ အကြောင်းယုတ္တိနှင့်တကွ စောဒနာမည့်အရိပ်နိမိတ်ကို ငါမမြင်သောကြောင့် ငြိမ်းချမ်းခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏။

အာသဝေါတရားတို့ ကုန်ပြီဟု ဝန်ခံသော အသျှင်ဘုရားအား "ဤမည်သော အာသဝေါတရားတို့သည် မကုန်သေးကုန်"ဟု ငါ့ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ တစုံတယောက်ဖြစ်စေ ထိုအရာ၌ အကြောင်းယုတ္တိဖြင့် တကွ စောဒနာမည့် အရိပ်နိမိတ်ကို ငါမမြင်သောကြောင့် ငြိမ်းချမ်းခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏။

"(ဈာန် မဂ် ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု အသျှင်ဘုရား ဟောကြားသော ထိုတရားတို့သည် မှီဝဲသော သူအား (ဈာန် မဂ် ဖိုလ်၏) အန္တရာယ်ကို မပြုစွမ်းနိုင်ကုန်"ဟု ငါ့ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ တစုံတယောက်ဖြစ်စေ အကြောင်းယုတ္တိနှင့်တကွ စောဒနာမည့် အရိပ်နိမိတ်ကို ငါမမြင်သောကြောင့် ငြိမ်းချမ်းခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏။

"ဝဋ်ဆင်းရဲကုန်ခြင်းငှါ အသျှင်ဘုရား ဟောကြားထားသော တရားသည် ဟောတိုင်း ကျင့်သူအား ဝဋ်ဆင်းရဲကုန်ရန် ကောင်းစွာ မထုတ်ဆောင်နိုင်"ဟု ငါ့ကို သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ တစုံတယောက်ဖြစ်စေ အကြောင်းယုတ္တိနှင့်တကွ စောဒနာနိုင်မည့် အရိပ်နိမိတ်ကို ငါမမြင်သောကြောင့် ငြိမ်းချမ်းခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏။ ရဟန်းတို့ မြတ်စွာဘုရား၏ (ရဲရင့်ကြောင်း) ဝေသာရဇ္ဇဉာဏ်တို့သည် ဤလေးမျိုးတို့တည်း။ ယင်း ဝေသာရဇ္ဇဉာဏ်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေတော်မူ၏ ဟု (မိန့်တော်မူ၏)။

> များစွာသော သမဏဗြာဟ္မဏတို့ ပြုစီရင်အပ်ကုန်သော အားလုံးသော အယူဝါဒလမ်းစဉ်တို့သည်ငှင်း ယင်းအယူဝါဒလမ်းစဉ်ကို မှီကုန်သော သမဏဗြာဟ္မဏတို့သည်ငှင်း ရှိကုန်၏၊ ထို သမဏဗြာဟ္မဏအားလုံးတို့သည် ရွံရှားခြင်းကင်းသော အယူဝါဒလမ်းစဉ်ကို လွန်တော်မူသော မြတ်စွာဘုရားသို့ ရောက်၍ ပျက်စီးရကုန်၏။
>
> သတ္တဝါအားလုံးကို အစဉ်သနားတတ်၍ အလုံးစုံသော ဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် (လောကကို) လွှမ်းမိုး၍ တရားစကြာကို လည်စေတော်မူ၏၊ နတ်လူတို့ထက် မြတ်သော ဘဝ၏ကမ်းတဖက်သို့ ရောက်တော်မူသော ထိုသို့သဘောရှိသော မြတ်စွာဘုရားကို သတ္တဝါတို့သည် ရှိခိုးကြကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-တဏှုပ္ပါဒသုတ်

၉။ ရဟန်းတို့ တဏှာ ဖြစ်ပေါ်ရာ အကြောင်းတို့သည် ဤလေးမျိုးတို့တည်း။ရဟန်းအား တဏှာဖြစ်ပေါ်လာခဲ့သော် ယင်းလေးမျိုးတို့၌ ဖြစ်ပေါ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ရဟန်းအား တဏှာ ဖြစ်ပေါ်လာခဲ့သော် သင်္ကန်းဟူသော အကြောင်းကြောင့်မူလည်း ဖြစ်ပေါ်လာ၏၊ ရဟန်းတို့ ရဟန်းအား တဏှာဖြစ်ပေါ်လာခဲ့သော် ဆွမ်းဟူသော အကြောင်းကြောင့်မူလည်း ဖြစ်ပေါ်လာ၏၊ရဟန်းတို့ ရဟန်းအား တဏှာဖြစ်ပေါ်လာခဲ့သော် ကျောင်းဟူသော အကြောင်းကြောင့်မူလည်း ဖြစ်ပေါ်လာ၏၊ ရဟန်းတို့ ရဟန်းအား တဏှာ ဖြစ်ပေါ်လာခဲ့သော် ထိုထို ဤဤ အလီလီသော ဆေးပစ္စည်းဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေါ်လာ၏။ ရဟန်းတို့ တဏှာ ဖြစ်ပေါ်ရာအကြောင်းတို့သည် ဤလေးမျိုးတို့တည်း၊ ရဟန်းအား တဏှာ ဖြစ်ပေါ်လာခဲ့သော် ယင်းလေးမျိုးတို့ကြောင့် ဖြစ်ပေါ်၏ဟု (မိန့်တော်မူ၏)။

တဏှာလျှင် အဖော်ရှိသော သတ္တဝါသည် ရှည်စွာသော ကာလပတ်လုံး ကျင်လည်ရလျက် ဤဖြစ်ပေါ်ဆဲ ခန္ဓာကိုယ် အခြားဖြစ်လတ္တံ့ ခန္ဓာကိုယ် ဟူသော (ခန္ဓာအာယတနဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်း) သံသရာကို မလွန်မြောက်နိုင်ချေ၊ တဏှာသည် ဝဋ်ဆင်းရဲ၏ ဖြစ်ကြောင်းတည်းဟု အပြစ်ကိုသိ၍ သတိရှိသောရဟန်းသည် တပ်မက်ခြင်း မရှိပဲ(တစုံတခုသော အာရုံကိုမျှ တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ ကျင့်ရာသတည်း။

နဝမသုတ်။

---

## ၁၀-ယောဂသုတ်

၁၀။ ရဟန်းတို့(ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော)ယောဂတရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့ နည်းဟူမူ—ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂတို့တည်း။ ရဟန်းတို့ ကာမယောဂသည် အဘယ်သို့ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၏ဖြစ်ပေါ်ခြင်းကိုလည်းကောင်း ပျက်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိ။ ကာမဂုဏ်တို့၏ ဖြစ်ခြင်းကိုလည်းကောင်း ပျက်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိသူအား ကာမဂုဏ်တို့၌ ကာမဟူသော စွဲမက်ခြင်း ကာမဟူသော နှစ်သက်ခြင်း ကာမဟူသော ကပ်ငြိခြင်း ကာမဟူသော တွေဝေခြင်း ကာမဟူသော မွတ်သိပ်ခြင်း ကာမဟူသော ပူလောင်ခြင်း ကာမဟူသော လွှမ်းမိုး ပြီးဆုံးစေခြင်း ကာမဟူသော တပ်မက်ခြင်းသည် ကိန်းအောင်းနေ၏။ ရဟန်းတို့ ဤသည်ကို ကာမယောဂဟု ဆိုအပ်၏။ ဤသို့လျှင် ကာမယောဂသည် ဖြစ်၏။

ဘဝယောဂသည် အဘယ်သို့ဖြစ်သနည်း၊ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဘဝတို့၏ ဖြစ်ခြင်းကိုလည်းကောင်း ပျက်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိ။ ဘဝတို့၏ ဖြစ်ခြင်းကိုလည်းကောင်း ပျက်ခြင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိသူအား ဘဝတို့၌ ဘဝဟူသော စွဲမက်ခြင်း ဘဝဟူသော နှစ်သက်ခြင်း ဘဝဟူသော ကပ်ငြိခြင်း ဘဝဟူသော တွေဝေခြင်း ဘဝဟူသော မွတ်သိပ်ခြင်း ဘဝဟူသော ပူလောင်ခြင်း ဘဝဟူသော လွှမ်းမိုး ပြီးဆုံးစေခြင်း ဘဝဟူသော တပ်မက်ခြင်း

http://www.dhammadownload.com



သည် ကိန်းအောင်းနေ၏။ ရဟန်းတို့ ဤသည်ကို ဘဝယောဂဟု ဆိုအပ်၏။ ဤသို့လျှင် ကာမယောဂ ဘဝယောဂသည် ဖြစ်၏။

ဒိဋ္ဌိယောဂသည် အဘယ်သို့ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဒိဋ္ဌိတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ။ ဒိဋ္ဌိတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိသူအား ဒိဋ္ဌိတို့၌ ဒိဋ္ဌိနှင့်တကွ စွဲမက်ခြင်း ဒိဋ္ဌိနှင့်တကွ နှစ်သက်ခြင်း ဒိဋ္ဌိနှင့်တကွ ကပ်ငြိခြင်း ဒိဋ္ဌိနှင့်တကွ တွေဝေခြင်း ဒိဋ္ဌိနှင့်တကွ မွတ်သိပ်ခြင်း ဒိဋ္ဌိနှင့်တကွ ပူလောင်ခြင်း ဒိဋ္ဌိနှင့်တကွ လွှမ်းမိုး ပြီးဆုံးစေခြင်း ဒိဋ္ဌိနှင့်တကွ တပ်မက်ခြင်းသည် ကိန်းအောင်းနေ၏။ ရဟန်းတို့ ဤသည်ကို ဒိဋ္ဌိယောဂ ဟု ဆိုအပ်၏။ ဤသို့လျှင် ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂသည် ဖြစ်၏။

အဝိဇ္ဇာယောဂသည် အဘယ်သို့ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် တွေ့ထိမှု၏ အကြောင်းဖြစ်သော ခြောက်ပါးသော အာယတနတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိ။ တွေ့ထိမှု၏ အကြောင်းဖြစ်သော ခြောက်ပါးသော အာယတနတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိသူအား တွေ့ထိမှု၏ အကြောင်းဖြစ်သော ခြောက်ပါးသော အာယတနတို့၌ မသိခြင်း အဝိဇ္ဇာသည် ကိန်းအောင်းနေ၏။ ရဟန်းတို့ ဤသည်ကို အဝိဇ္ဇာယောဂဟု ဆိုအပ်၏၊ ဤသို့လျှင် ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂသည် ဖြစ်၏။ (ယောဂလေးပါး မပယ်ရသေးသူသည်) ညစ်နွမ်းခြင်းကို ဖြစ်စေတတ်ကုန်သော ဘဝသစ်ကို ပြုလေ့ရှိကုန်သော ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်ကုန်သော နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း သဘောကို ဖြစ်စေတတ်ကုန်သော အကုသိုလ်တရားယုတ်တို့နှင့် ယှဉ်၏၊ ထို့ကြောင့်(ထိုသူကို) "ယောဂလေးပါး တို့ဖြင့် ဘေးမရှိရာ နိဗ္ဗာန်ကို မရနိုင်သူ" ဟု ဆိုအပ်၏။ ရဟန်းတို့ ယောဂတို့သည် ဤလေးမျိုးတို့ပင် တည်း။

ရဟန်းတို့ (ဝဋ်ဆင်းရဲ၌ မယှဉ်ကြောင်း) ဝိသံယောဂတို့သည် ဤ လေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့ နည်းဟူမူ—ကာမယောဂဝိသံယောဂ ဘဝယောဂဝိသံယောဂ ဒိဋ္ဌိယောဂ ဝိသံယောဂ အဝိဇ္ဇာယောဂဝိသံယောဂတို့တည်း။ ရဟန်းတို့ ကာမယောဂဝိသံယောဂသည် အဘယ်သို့ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ကာမဂုဏ်တို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်း ကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ကာမဂုဏ် တို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာသိသူအား ကာမဂုဏ်တို့၌ ကာမဟူသော စွဲမက်ခြင်း ကာမဟူသော နှစ်သက်ခြင်း ကာမဟူသော ကပ်ငြိခြင်း ကာမဟူသော တွေဝေခြင်း ကာမဟူသော မွတ်သိပ်ခြင်း ကာမ ဟူသော ပူလောင်ခြင်း ကာမဟူသော လွှမ်းမိုး ပြီးဆုံးစေခြင်း ကာမဟူသော တပ်မက်ခြင်းသည် ကိန်းအောင်းမနေ။ ရဟန်းတို့ ဤသည်ကို ကာမယောဂ ဝိသံယောဂ ဟု ဆိုအပ်၏၊ ဤသို့လျှင် ကာမယောဂ ဝိသံယောဂသည် ဖြစ်၏။

ဘဝယောဂ ဝိသံယောဂသည် အဘယ်သို့ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဘဝတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်

http://www.dhammadownload.com



မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ဘဝတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိသူအား ဘဝတို့၌ ဘဝဟူသော စွဲမက်ခြင်း ဘဝဟူသော နှစ်သက်ခြင်း ဘဝဟူသော ကပ်ငြိခြင်း ဘဝဟူသော တွေဝေခြင်း ဘဝဟူသော မွတ်သိပ်ခြင်း ဘဝဟူသော ပူလောင်ခြင်း ဘဝဟူသော လွှမ်းမိုး ပြီးဆုံးစေခြင်း ဘဝဟူသော တပ်မက်ခြင်းသည် ကိန်းအောင်းမနေ။ ရဟန်းတို့ ဤသည်ကို ဘဝယောဂ ဝိသံယောဂဟု ဆိုအပ်၏၊ ဤသို့လျှင် ကာမယောဂ ဝိသံယောဂ ဘဝယောဂ ဝိသံယောဂသည် ဖြစ်၏။

ဒိဋ္ဌိယောဂ ဝိသံယောဂသည် အဘယ်သို့ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒိဋ္ဌိတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာသိ၏။ ဒိဋ္ဌိတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိသူအား ဒိဋ္ဌိတို့၌ ဒိဋ္ဌိနှင့်တကွ စွဲမက်ခြင်း ဒိဋ္ဌိနှင့်တကွ နှစ်သက်ခြင်း ဒိဋ္ဌိနှင့်တကွ ကပ်ငြိခြင်း ဒိဋ္ဌိနှင့်တကွ တွေဝေခြင်း ဒိဋ္ဌိနှင့်တကွ မွတ်သိပ်ခြင်း ဒိဋ္ဌိနှင့်တကွ ပူလောင်ခြင်း ဒိဋ္ဌိနှင့်တကွ လွှမ်းမိုး ပြီးဆုံးစေခြင်း ဒိဋ္ဌိနှင့်တကွ တပ်မက်ခြင်းသည် ကိန်းအောင်းမနေ။ ရဟန်းတို့ ဤသည်ကို ဒိဋ္ဌိယောဂ ဝိသံယောဂ ဟု ဆိုအပ်၏၊ ဤသို့လျှင် ကာမယောဂ ဝိသံယောဂ ဘဝယောဂ ဝိသံယောဂ ဒိဋ္ဌိယောဂ ဝိသံယောဂသည် ဖြစ်၏။

အဝိဇ္ဇာယောဂ ဝိသံယောဂသည် အဘယ်သို့ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် တွေ့ထိမှု၏ အကြောင်းဖြစ်သော ခြောက်ပါးသော အာယတနတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ တွေ့ထိမှု၏ အကြောင်းဖြစ်သော ခြောက်ပါးသောအာယတနတို့၏ ဖြစ်ခြင်းကိုရင်း ပျက်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိသူအား တွေ့ထိမှု၏ အကြောင်းဖြစ်သော ခြောက်ပါးသော အာယတနတို့၌ မသိခြင်း အဝိဇ္ဇာသည် ကိန်းအောင်းမနေ။ ရဟန်းတို့ ဤသည်ကို အဝိဇ္ဇာယောဂ ဝိသံယောဂဟု ဆိုအပ်၏၊ ဤသို့လျှင် ကာမယောဂဝိသံယောဂ ဘဝယောဂ ဝိသံယောဂ ဒိဋ္ဌိယောဂ ဝိသံယောဂ အဝိဇ္ဇာယောဂ ဝိသံယောဂသည် ဖြစ်၏၊ (ယောဂလေးပါးကို ပယ်ခွါပြီးသူသည်) ညစ်နွမ်းခြင်းကို ဖြစ်စေတတ်ကုန်သော ဘဝသစ်ကို ပြုလေ့ရှိကုန်သော ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော ခါးရသော အကျိုးကို ဖြစ်စေတတ်ကုန်သော နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းသဘောကို ဖြစ်စေတတ်ကုန်သော အကုသိုလ်တရားယုတ်တို့နှင့် မယှဉ်၊ ထို့ကြောင့် (ထိုသူကို) "ယောဂ လေးမျိုးတို့ကုန်ရာ နိဗ္ဗာန်သို့ရောက်သောသူ" ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဝိသံယောဂတို့သည် ဤလေးမျိုးတို့ပေတည်း ဟု (မိန့်တော်မူ၏)။

> ကာမယောဂနှင့်ရင်း ဘဝယောဂနှင့်ရင်း ဤသို့ နှစ်ပါးစုံသော ယောဂတို့နှင့် ယှဉ်ကုန်သော ဒိဋ္ဌိယောဂနှင့်လည်း ယှဉ်ကုန်သော အဝိဇ္ဇာ ခြံရံအပ်ကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်း သေခြင်းသို့ ရောက်ကြရကုန်သည်ဖြစ်၍ သံသရာ၌ ကျင်လည်ရကုန်၏၊ အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်ကား ကာမတရားတို့ကိုရင်း ဘဝယောဂကိုရင်း အလုံးစုံ ပိုင်းခြား သိပြီးလျှင် ဒိဋ္ဌိယောဂကို ကောင်းစွာ နုတ်၍ အဝိဇ္ဇာကိုလည်း ကင်းဝေးစေကုန်သည် ဖြစ်ရကား အားလုံးသော ယောဂဘို့နှင့် မယှဉ်ကုန်၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ယောဂလေးပါးကို လွန်မြောက်တော်မူကုန်၏။

**ဒသမသုတ်။**

**ရှေးဦးစွာသော ဘဏ္ဍာဂါမဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၂-စရဝဂ် ၁-စရသုတ်

၁၁။ ရဟန်းတို့ ရဟန်းအား သွားနေစဉ် ကာမဂုဏ်ကို ကြံခြင်း'ကာမဝိတက်'ဖြစ်စေ ပျက်စီးစေရန် ကြံခြင်း'ဗျာပါဒဝိတက်'ဖြစ်စေ ညှဉ်းဆဲရန် ကြံခြင်း'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊ရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံထားမူ မစွန့်လွှတ်မူ မပယ်ဖျောက်မူ ကင်းပြတ်ခြင်းကို မပြုမူ မရှိခြင်းသို့ မရောက်စေမူ ရဟန်းတို့ သွားနေစဉ်လည်း ဤသို့ ဖြစ်သော ရဟန်းကို ပြင်းစွာ အားမထုတ်သူ(မကောင်းမှုမှ)ထိတ်လန့်ခြင်း မရှိသူ "အမြဲမပြတ် ပျင်းရိ၍ ယုတ်ညံ့သော လုံ့လရှိသူ"ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းအား ရပ်နေစဉ် ကာမဂုဏ်ကို ကြံခြင်း 'ကာမဝိတက်' ဖြစ်စေ ပျက်စီးစေရန် ကြံခြင်း 'ဗျာပါဒဝိတက်'ဖြစ်စေ ညှဉ်းဆဲရန် ကြံခြင်း 'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊ ရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံထားမူ မစွန့်လွှတ်မူ မပယ်ဖျောက်မူ ကင်းပြတ်ခြင်းကို မပြုမူ မရှိခြင်းသို့ မရောက်စေမူ ရဟန်းတို့ ရပ်နေစဉ်လည်း ဤသို့ ဖြစ်သော ရဟန်းကို ပြင်းစွာ အားမထုတ်သူ (မကောင်းမှုမှ) ထိတ်လန့်ခြင်း မရှိသူ "အမြဲမပြတ် ပျင်းရိ၍ ယုတ်ညံ့သော လုံ့လရှိသူ" ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းအား ထိုင်နေစဉ် ကာမဂုဏ်ကို ကြံခြင်း'ကာမဝိတက်' ဖြစ်စေ ပျက်စီးစေရန် ကြံခြင်း'ဗျာပါဒဝိတက်'ဖြစ်စေ ညှဉ်းဆဲရန် ကြံခြင်း 'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊ ရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံထားမူ မစွန့်လွှတ်မူ မပယ်ဖျောက်မူ ကင်းပြတ်ခြင်းကို မပြုမူ မရှိခြင်းသို့ မရောက်စေမူ ရဟန်းတို့ ထိုင်နေစဉ်လည်း ဤသို့ ဖြစ်သော ရဟန်းကို ပြင်းစွာ အားမထုတ်သူ (မကောင်းမှုမှ)ထိတ်လန့်ခြင်း မရှိသူ "အမြဲမပြတ် ပျင်းရိ၍ ယုတ်ညံ့သော လုံ့လရှိသူ" ဟု ဆိုအပ်၏။

ရဟန်းတို့ နိုးကြားနေသော ရဟန်းအား လျောင်းနေစဉ် ကာမဂုဏ်ကို ကြံခြင်း'ကာမဝိတက်' ဖြစ်စေ ပျက်စီးစေရန် ကြံခြင်း 'ဗျာပါဒဝိတက်'ဖြစ်စေ ညှဉ်းဆဲရန်ကြံခြင်း 'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊ ရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံထားမူ မစွန့်လွှတ်မူ မပယ်ဖျောက်မူ ကင်းပြတ်ခြင်းကို မပြုမူ မရှိခြင်းသို့ မရောက်စေမူ ရဟန်းတို့ လျောင်းနေစဉ်လည်း ဤသို့ဖြစ်သော နိုးကြားနေသော ရဟန်းကို ပြင်းစွာ အားမထုတ်သူ (မကောင်းမှုမှ)ထိတ်လန့်ခြင်း မရှိသူ "အမြဲမပြတ် ပျင်းရိ၍ ယုတ်ညံ့သော လုံ့လရှိသူ"ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းအား သွားနေစဉ် ကာမဂုဏ်ကို ကြံခြင်း 'ကာမဝိတက်'ဖြစ်စေ ပျက်စီးစေရန်ကြံခြင်း'ဗျာပါဒဝိတက်'ဖြစ်စေ ညှဉ်းဆဲရန်ကြံခြင်း'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊ ရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံ မထားမူ စွန့်လွှတ်မူ ပယ်ဖျောက်မူ ကင်းပြတ်ခြင်းကို ပြုမူ မရှိခြင်းသို့ ရောက်စေမူ ရဟန်းတို့ သွားနေစဉ်လည်း ဤသို့ ဖြစ်သော ရဟန်းကို ပြင်းစွာ အားထုတ်သူ(မကောင်းမှုမှ) ထိတ်လန့်ခြင်းရှိသူ "အမြဲမပြတ် ထက်သန်သောလုံ့လရှိ၍ (နိဗ္ဗာန်သို့) စေလွှတ်ထားသော စိတ်ရှိသူ"ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းအား ရပ်နေစဉ် ကာမဂုဏ်ကိုကြံခြင်း'ကာမဝိတက်' ဖြစ်စေ ပျက်စီးစေရန် ကြံခြင်း 'ဗျာပါဒဝိတက်'ဖြစ်စေ ညှဉ်းဆဲရန် ကြံခြင်း 'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊

ထိုရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံ မထားမူ စွန့်လွှတ်မူ ပယ်ဖျောက်မူ ကင်းပြတ်ခြင်းကို ပြုမူ မရှိခြင်းသို့ ရောက်စေမူ ရဟန်းတို့ ရပ်နေစဉ်လည်း ဤသို့ ဖြစ်သော ရဟန်းကို ပြင်းစွာ အားထုတ်သူ(မကောင်းမှုမှ) ထိတ်လန့်ခြင်းရှိသူ "အမြဲမပြတ် ထက်သန်သော လုံ့လရှိ၍ (နိဗ္ဗာန်သို့)စေလွှတ်ထားသော စိတ်ရှိသူ" ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းအား ထိုင်နေစဉ် ကာမဂုဏ်ကိုကြံခြင်း 'ကာမဝိတက်'ဖြစ်စေ ပျက်စီးစေရန် ကြံခြင်း 'ဗျာပါဒဝိတက်' ဖြစ်စေ ညှဉ်းဆဲရန် ကြံခြင်း'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊ ထိုရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံ မထားမူ စွန့်လွှတ်မူ ပယ်ဖျောက်မူ ကင်းပြတ်ခြင်းကိုပြုမူ မရှိခြင်းသို့ ရောက်စေမူ ရဟန်းတို့ ထိုင်နေစဉ်လည်း ဤသို့ဖြစ်သော ရဟန်းကို ပြင်းစွာ အားထုတ်သူ (မကောင်းမှုမှ) ထိတ်လန့်ခြင်း ရှိသူ "အမြဲမပြတ် ထက်သန်သော လုံ့လရှိ၍ (နိဗ္ဗာန်သို့)စေလွှတ်ထားသော စိတ်ရှိသူ"ဟုဆို အပ်၏။

ရဟန်းတို့ နိုးကြားနေသော ရဟန်းအား လျောင်းနေစဉ် ကာမဂုဏ်ကို ကြံခြင်း'ကာမဝိတက်' ဖြစ်စေ ပျက်စီးစေရန် ကြံခြင်း'ဗျာပါဒဝိတက်'ဖြစ်စေ ညှဉ်းဆဲရန် ကြံခြင်း 'ဝိဟိံသာဝိတက်'ဖြစ်စေ အကယ်၍ ဖြစ်အံ့၊ထိုရဟန်းသည် ထိုကြံခြင်းကို အကယ်၍ လက်ခံ မထားမူ စွန့်လွှတ်မူ ပယ်ဖျောက်မူ ကင်းပြတ်ခြင်းကိုပြုမူ မရှိခြင်းသို့ ရောက်စေမူ ရဟန်းတို့ လျောင်းနေစဉ်လည်း ဤသို့ ဖြစ်သော နိုးကြားနေသော ရဟန်းကို ပြင်းစွာ အားထုတ်သူ (မကောင်းမှုမှ) ထိတ်လန့်ခြင်းရှိသူ "အမြဲမပြတ် ထက်သန်သော လုံ့လရှိ၍ (နိဗ္ဗာန်သို့) စေလွှတ်ထားသော စိတ်ရှိသူ" ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အကြင်ရဟန်းသည် သွားနေစဉ်ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ ထိုင်နေစဉ်ဖြစ်စေ လျောင်းနေစဉ် ဖြစ်စေ ကိလေသာကို စွဲမှီသော ယုတ်ညံ့သော ကြံစည်မှု'ဝိတက်'ကို ကြံစည်၏၊ မိစ္ဆာဝိတက် တည်းဟူသော လမ်းမှားသို့ လိုက်သော တွေဝေစေတတ်သော အာရုံတို့၌လည်း တွေဝေသော ထိုသို့ သဘောရှိသော ထိုရဟန်းသည် မြတ်သော အရဟတ္တမဂ်ဉာဏ်ကို တွေ့ထိခြင်းငှါ မထိုက် တန်ပေ။

အကြင်ရဟန်းသည် သွားနေစဉ်ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ ထိုင်နေစဉ်ဖြစ်စေ လျောင်းနေစဉ်ဖြစ်စေ ကြံစည်မှု 'ဝိတက်'ကို ဝိပဿနာဉာဏ်ဖြင့် ငြိမ်းအေးစေပြီး၍ ကြံစည်မှု ဝိတက်၏ ငြိမ်းအေးရာ(အရဟတ္တဖိုလ်)၌ မွေ့လျော်၏၊ ထိုသို့ သဘောရှိသော ထိုရဟန်းသည် မြတ်သော အရဟတ္တမဂ်ဉာဏ်ကို တွေ့ထိခြင်းငှါ ထိုက်တန်ပေသတည်း။

ပဌမသုတ်။

## ၂-သီလသုတ်

၁၂။ ရဟန်းတို့ သီလနှင့်ပြည့်စုံကုန် ပါတိမောက်လာ သိက္ခာပုဒ်တို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေကြကုန်လော့၊ပါတိမောက်လာ သိက္ခာပုဒ်တို့ကို စောင့်ထိန်းကုန် အကျင့်'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေကြကုန်လော့၊သေးငယ်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိကုန်လျက် သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်ကြကုန်လော့၊ ရဟန်းတို့

http://www.dhammadownload.com



သီလနှင့်ပြည့်စုံကုန် ပါတိမောက်လာ သိက္ခာပုဒ်တို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေကြကုန်သော ပါတိမောက်လာ သိက္ခာပုဒ်တို့ကို စောင့်ထိန်းကုန် အကျင့်အာစာရ ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေကြကုန်သော သေးငယ်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိကုန်လျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကုန်သော သင်တို့အား အထက်၌ ပြုရမည့် ကိစ္စသည် အဘယ်အရာဖြစ်သနည်း။

ရဟန်းတို့ ရဟန်းအား သွားနေစဉ် အကယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း 'ဗျာပါဒ' ကင်းသည်ဖြစ်မူ၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ပျံ့လွင့်ခြင်း နောင်တတဖန် ပူပန်ခြင်း 'ဥဒ္ဓစ္စကုက္ကုစ္စ' မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်အပ်သည်ဖြစ်မူ၊ မတွန့်တိုသော လုံ့လရှိသည် ဖြစ်မူ၊ မမေ့မလျော့သော သတိထင်သည် ဖြစ်မူ၊ ကိုယ်သည် ပူလောင်ခြင်းမရှိ ငြိမ်းအေးမူ၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ တည်ကြည်မူ။ ရဟန်းတို့ သွားနေစဉ်လည်း ဤသို့ ဖြစ်သော ရဟန်းကို ပြင်းစွာ အားထုတ်သူ (မကောင်းမှုမှ) ထိတ်လန့်ခြင်းရှိသူ "အမြဲမပြတ် ထက်သန်သော လုံ့လရှိ၍(နိဗ္ဗာန်သို့)စေလွှတ်ထားသော စိတ်ရှိသူ" ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းအား ရပ်နေစဉ် အကယ်၍ မက်မောခြင်း'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း 'ဗျာပါဒ'ကင်းသည်ဖြစ်မူ၊ လေးလံထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ' ပျံ့လွင့်ခြင်း နောင်တတဖန် ပူပန်ခြင်း 'ဥဒ္ဓစ္စကုက္ကုစ္စ'မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်အပ်သည်ဖြစ်မူ၊ မတွန့်တိုသော လုံ့လရှိသည်ဖြစ်မူ၊ မမေ့မလျော့သော သတိထင်သည်ဖြစ်မူ၊ ကိုယ်သည် ပူလောင်ခြင်းမရှိ ငြိမ်းအေးမူ၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ တည်ကြည်မူ။ ရဟန်းတို့ ရပ်နေစဉ်လည်း ဤသို့ဖြစ်သော ရဟန်းကို ပြင်းစွာ အားထုတ်သူ (မကောင်းမှုမှ) ထိတ်လန့်ခြင်းရှိသူ "အမြဲမပြတ် ထက်သန်သော လုံ့လရှိ၍ (နိဗ္ဗာန်သို့) စေလွှတ်ထားသော စိတ်ရှိသူ"ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းအား ထိုင်နေစဉ် အကယ်၍ မက်မောခြင်း 'အဘိဇ္ဈာ'ပျက်စီးစေလိုခြင်း 'ဗျာပါဒ'ကင်းသည် ဖြစ်မူ၊ လေးလံထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ' ပျံ့လွင့်ခြင်း နောင်တတဖန် ပူပန်ခြင်း 'ဥဒ္ဓစ္စကုက္ကုစ္စ' မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်အပ်သည် ဖြစ်မူ၊ မတွန့်တိုသော လုံ့လရှိသည်ဖြစ်မူ၊ မမေ့မလျော့သော သတိ ထင်သည် ဖြစ်မူ၊ ကိုယ်သည် ပူလောင်ခြင်း မရှိ ငြိမ်းအေးမူ၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ တည်ကြည်မူ။ ရဟန်းတို့ ထိုင်နေစဉ်လည်း ဤသို့ဖြစ်သော ရဟန်းကို ပြင်းစွာအားထုတ်သူ (မကောင်းမှုမှ)ထိတ်လန့်ခြင်း ရှိသူ "အမြဲမပြတ် ထက်သန်သော လုံ့လရှိ၍ (နိဗ္ဗာန်သို့)စေလွှတ်ထားသော စိတ်ရှိသူ"ဟု ဆိုအပ်၏။

ရဟန်းတို့ နိုးကြားနေသော ရဟန်းအား လျောင်းနေစဉ် အကယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း 'ဗျာပါဒ' ကင်းသည်ဖြစ်မူ၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ပျံ့လွင့်ခြင်း နောင်တတဖန် ပူပန်ခြင်း'ဥဒ္ဓစ္စကုက္ကုစ္စ' မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်အပ်သည်ဖြစ်မူ၊ မတွန့်တိုသော လုံ့လ ရှိသည်ဖြစ်မူ၊ မမေ့မလျော့သော သတိ ထင်သည်ဖြစ်မူ၊ ကိုယ်သည် ပူလောင်ခြင်း မရှိ ငြိမ်းအေးမူ၊ စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ တည်ကြည်မူ။ရဟန်းတို့ လျောင်းနေစဉ်လည်း ဤသို့ဖြစ်သော နိုးကြားနေသော ရဟန်းကို ပြင်းစွာအားထုတ်သူ (မကောင်းမှုမှ) ထိတ်လန့်ခြင်းရှိသူ "အမြဲမပြတ် ထက်သန်သော လုံ့လရှိ၍ (နိဗ္ဗာန်သို့) စေလွှတ်ထားသော စိတ်ရှိသူ" ဟု ဆိုအပ်၏(ဟူ၍ မိန့်တော်မူ၏။)

http://www.dhammadownload.com



ရဟန်းသည် စောင့်စည်းလျက်သာ သွားရာ၏၊ စောင့်စည်းလျက်သာ ရပ်ရာ၏၊ စောင့်စည်းလျက်သာ ထိုင်နေရာ၏၊ စောင့်စည်းလျက်သာ အိပ်ရာ၏၊ စောင့်စည်းလျက်သာ လက်ခြေ စသည်ကို ကွေးရာ၏၊ စောင့်စည်းလျက်သာ ဆန့်ရာ၏။

ရဟန်းသည် အထက်ပိုင်း အလယ်ပိုင်း အောက်ပိုင်း လောက၏ ဖြစ်ရာဟူသမျှ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ကောင်းစွာ ရှု၏။

စိတ်၏ ငြိမ်းခြင်းအား လျောက်ပတ်သော အကျင့်ကို ဖြည့်ကျင့်သော အခါခပ်သိမ်း သတိနှင့်ပြည့်စုံသော ထိုသို့ သဘောရှိသော ရဟန်းကို အမြဲမပြတ် နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူဟူ၍ ဆိုကုန်၏။

ဒုတိယသုတ်။

## ၃-ပဓာနသုတ်

၁၃။ ရဟန်းတို့ ကောင်းစွာအားထုတ်ခြင်း 'သမ္မပ္ပဓာန်'တရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်ပေါ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို တင်ထား၏၊ ဆောက်တည်ထား၏။ ဖြစ်ပေါ်ကုန်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို တင်းထား၏၊ ဆောက်တည်ထား၏။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို တင်းထား၏၊ ဆောက်တည်ထား၏။ ဖြစ်ပေါ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန် မမေ့စေရန် လွန်စွာ ဖြစ်စေရန် ပြန့်ပြောစေရန် ပွါးများပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို တင်းထား၏၊ ဆောက်တည်ထား၏။ ရဟန်းတို့ ကောင်းစွာ အားထုတ်ခြင်း 'သမ္မပ္ပဓာန်'တရားတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဝီရိယနှင့် ပြည့်စုံကုန်လျက် မာရ်၏တည်ရာ (တေဘူမိကဝဋ်တရား)ကို လွှမ်းမိုး၍ တည်ကုန်သော ထိုရဟန္တာပုဂ္ဂိုလ်တို့သည် (တေဘူမိကဝဋ်တရားကို) မမှီကုန်၊ ပဋိသန္ဓေနေခြင်း သေခြင်းကြောင့် ဖြစ်သော ဘေး၏ ကမ်းတဖက်သို့ ရောက်တော်မူကုန်သော ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည် စစ်သည်ဗိုလ်ပါနှင့် တကွသော (ကိလေသ) မာရ်ကို အောင်မြင်၍ နှစ်သက်တော်မူကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် တုန်လှုပ်တတ်သော တဏှာ မရှိကုန်၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် အလုံးစုံသော မာရ်၏ဗိုလ်ပါကို လွန်ကုန်သည်ဖြစ်၍ (လောကုတ္တရာ ချမ်းသာဖြင့်) ချမ်းသာကုန်၏။

တတိယသုတ်။

## ၄-သံဝရ သုတ်

၁၄။ ရဟန်းတို့ အားထုတ်ခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ— (စက္ခုန္ဒြေစသည်ကို) စောင့်စည်းသူ၏ အားထုတ်ခြင်း (ကာမဝိတက်စသည်တို့ကို) စွန့်ပယ်သူ၏

http://www.dhammadownload.com



အားထုတ်ခြင်း (ဗောဇ္ဈင်ကို ) ပွါးများသောသူ၏ အားထုတ်ခြင်း (သမာဓိနိမိတ်ကို) စောင့်ရှောက်သူ၏ အားထုတ်ခြင်းတို့တည်း။ ရဟန်းတို့ စောင့်စည်းသူ၏ အားထုတ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် (ယောကျ်ား မိန်းမ ဟူသော)သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ)အမှတ်သညာကို စွဲယူလေ့မရှိ၊(အကယ်၍)စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို(မစောင့်စည်း)သူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသော်။ပ။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။ လျှာဖြင့် ရသာရုံကို လျက်သော်။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် (ယောကျ်ား မိန်းမ ဟူသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့ မရှိ။ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ)အမှတ် လက္ခဏာကို စွဲယူလေ့ မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် မနိန္ဒြေကို မစောင့်စည်းခြင်းဟူသောအကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို(မစောင့်စည်း)သူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်)မနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသည်ကို စောင့်စည်းသူ၏ အားထုတ်ခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ စွန့်ပယ်သူ၏ အားထုတ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဂုဏ်ကို ကြံခြင်း 'ကာမဝိတက်'ကို လက်မခံ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းပြတ်သည်ကို ပြု၏၊ မရှိခြင်းသို့ ရောက်စေ၏။ ဖြစ်ပေါ်လာသော ပျက်စီးစေရန် ကြံခြင်း 'ဗျာပါဒဝိတက်'ကို။ပ။ ဖြစ်ပေါ်လာသော ညှဉ်းဆဲရန် ကြံခြင်း 'ဝိဟိံသာဝိတက်'ကို။ပ။ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော အကုသိုလ်တရားယုတ်တို့ကို လက်မခံ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းပြတ်သည်ကို ပြု၏၊ မရှိခြင်းသို့ ရောက်စေ၏၊ ဤသည်ကို စွန့်ပယ်သူ၏ အားထုတ်ခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ ပွါးများသောသူ၏ အားထုတ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်း၌ မှီသော စွဲမက်မှု ကင်းခြင်း၌ မှီသော ချုပ်ခြင်း၌ မှီသော (ကိလေသာ)ပယ်စွန့်မှု 'ပရိစ္စာဂဝေါသဂ္ဂ'နိဗ္ဗာန်သို့ ပြေးဝင်မှု'ပက္ခန္ဒနဝေါသဂ္ဂ'ကို ရင့်ကျက်စေတတ်သော သစ္စာလေးပါးကို သိကြောင်း (အောက်မေ့မှု) သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဆိတ်ငြိမ်ခြင်း၌ မှီသော စွဲမက်မှု ကင်းခြင်း၌ မှီသော ချုပ်ခြင်း၌ မှီသော(ကိလေသာ)ပယ်စွန့်မှု 'ပရိစ္စာဂဝေါသဂ္ဂ' နိဗ္ဗာန်သို့ ပြေးဝင်မှု 'ပက္ခန္ဒနဝေါသဂ္ဂ'ကို ရင့်ကျက်စေတတ်သော သစ္စာလေးပါးကို သိကြောင်း (လျစ်လျူရှုမှု)ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို ပွါးများသော သူ၏ အားထုတ်ခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ စောင့်ရှောက်သူ၏ အားထုတ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်သော အဋ္ဌိကသညာ ပုဠဝကသညာ ဝိနီလကသညာ ဝိစ္ဆိဒ္ဒက

http://www.dhammadownload.com



သညာ ဥဒ္ဓုမာတကသညာဟူသော ကောင်းမြတ်သော သမာဓိနိမိတ်ကို စောင့်ရှောက်၏။ ရဟန်းတို့ ဤသည်ကို စောင့်ရှောက်သူ၏ အားထုတ်ခြင်းဟု ဆိုအပ်၏။ ရဟန်းတို့ အားထုတ်ခြင်းတို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

(စက္ခုစသော ဣန္ဒြေကို)စောင့်စည်းခြင်း (ကာမဝိတက် စသည်ကို) ပယ်ခြင်း (ဗောဇ္ဈင် တရားကို) ပွါးများခြင်း (သမာဓိနိမိတ်ကို) စောင့်ရှောက်ခြင်း ဤအားထုတ်ခြင်း လေးမျိုး တို့ကို နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောကြားတော် မူအပ်ကုန်၏၊ ဤသာသနာတော်၌ ကိလေသာကို (ကင်းကွာရန်) ပြင်းစွာ အားထုတ်သော ရဟန်းသည် ယင်းအားထုတ်ခြင်းတို့ဖြင့် ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်နိုင်ပေသတည်း။

စတုတ္ထသုတ်။

## ၅-ပညတ္တိသုတ်

၁၅။ ရဟန်းတို့ အလွန်အကဲ ဟု ပညတ်အပ်သူတို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အတ္တဘောနှင့် ပြည့်စုံသူတို့တွင် ရာဟုအသုရိန်နတ်သည် အလွန် အကဲဆုံး ဖြစ်၏။ ရဟန်းတို့ ကာမဂုဏ် ခံစားသူတို့တွင် မန္ဓာတ်မင်းသည် အလွန်အကဲဆုံး ဖြစ်၏။ ရဟန်းတို့ စိုးပိုင်မှုပြုသူတို့တွင် မာရ်နတ်ယုတ်သည် အလွန်အကဲဆုံးဖြစ်၏။ နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ် လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့ လော်ကဌ် ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာ ဘုရားကို လွန်ကဲ မြင့်မြတ်ဆုံး ဟု ဆိုအပ်၏။ ရဟန်းတို့ အလွန်အကဲ ဟု ပညတ်အပ်သူတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အတ္တဘောနှင့် ပြည့်စုံသူတို့တွင် ရာဟုအသုရိန်သည် အလွန်ကဲဆုံး ဖြစ်၏၊ ကာမဂုဏ် ခံစား သူတို့တွင် မန္ဓာတ်မင်းသည် အလွန်ကဲဆုံးဖြစ်၏၊ တန်ခိုးအားဖြင့်၎င်း အခြံအရံအားဖြင့်၎င်း ထွန်းတောက်စရှ် စိုးပိုင်မှုပြုကုန်သူတို့တွင် မာရ်နတ်သည် အလွန်ကဲဆုံးဖြစ်၏။

အထက်အရပ် အလယ်အရပ် အောက်အရပ် လောက၏ ဖြစ်ရာရှိသမျှအရပ်၌ နတ်နှင့် တကွသော လူအပေါင်းဝယ် မြတ်စွာဘုရားကို လွန်ကဲ မြင့်မြတ်ဆုံးဟု ဆိုအပ်လေသတည်း။

ပဉ္စမသုတ်။

## ၆-သောခုမ္မသုတ်

၁၆။ ရဟန်းတို့ သုခုမ 'သိမ်မွေ့သော လက္ခဏာကို ထိုးထွင်းသိသော' ဉာဏ်တို့သည် ဤလေး မျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လွန်မြတ်သော ရူပသုခုမ 'ရုပ်၌ သိမ်မွေ့သော လက္ခဏာကို သိမ်းဆည်းသော' ဉာဏ်နှင့် ပြည့်စုံ၏၊ထို ရူပသုခုမဉာဏ်မှတပါး အခြားသော အထူးသဖြင့်လွန်ကဲမြင့်မြတ်သော ရူပသုခုမဉာဏ်ကို မမြင်၊ ထို ရူပသုခုမဉာဏ်မှတပါး အခြားသော အထူးသဖြင့် လွန်ကဲမြင့်မြတ်သော ရူပသုခုမဉာဏ်ကို

http://www.dhammadownload.com



မတောင့်တ။ မြတ်သော ဝေဒနာသုခုမ 'ဝေဒနာ၌ သိမ်မွေ့သော လက္ခဏာကို သိမ်းဆည်းသော' ဉာဏ်နှင့်ပြည့်စုံ၏၊ ထိုဝေဒနာသုခုမဉာဏ်မှတပါး အခြားသော အထူးသဖြင့် လွန်ကဲမြင့်မြတ်သော ဝေဒနာသုခုမဉာဏ်ကို မမြင်၊ ထို ဝေဒနာသုခုမဉာဏ်မှတပါး အခြားသော အထူးသဖြင့် လွန်ကဲမြင့်မြတ်သော ဝေဒနာသုခုမဉာဏ်ကို မတောင့်တ။ မြတ်သော သညာသုခုမ 'သညာ၌ သိမ်မွေ့သော လက္ခဏာကို သိမ်းဆည်းသော' ဉာဏ်နှင့် ပြည့်စုံ၏၊ ထို သညာသုခုမဉာဏ်မှတပါး အခြားသော အထူးသဖြင့် လွန်ကဲမြင့်မြတ်သော သညာသုခုမဉာဏ်ကို မမြင်၊ ထိုသညာသုခုမ ဉာဏ်မှတပါး အခြားသော အထူးအဖြင့် လွန်ကဲမြင့်မြတ်သော သညာသုခုမ ဉာဏ်ကို မတောင့်တ။ မြတ်သောသင်္ခါရသုခုမ 'သင်္ခါရ၌ သိမ်မွေ့သော လက္ခဏာကို သိမ်းဆည်းသော' ဉာဏ်နှင့် ပြည့်စုံ၏။ ထိုသင်္ခါရသုခုမဉာဏ်မှတပါး အခြားသော အထူးသဖြင့် လွန်ကဲမြင့်မြတ်သော သင်္ခါရသုခုမဉာဏ်ကို မမြင်။ ထို သင်္ခါရသုခုမဉာဏ်မှတပါး အခြားသော အထူးသဖြင့် လွန်ကဲမြင့်မြတ်သော သင်္ခါရသုခုမဉာဏ်ကို မတောင့်တ။ ရဟန်းတို့ သုခုမဉာဏ်တို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

(သုခုမဉာဏ်ဖြင့်)ရုပ်၏ သိမ်မွေ့နူးညံ့သော အဖြစ် (လက္ခဏာ)ကိုရင်း ဝေဒနာတို့၏ ဖြစ်ကြောင်းကိုရင်း သညာဖြစ်ကြောင်းကိုရင်း သညာချုပ်ရာ နိဗ္ဗာန်ကိုရင်း သိ၍ သင်္ခါရတို့ကို သူစိမ်းပြင်ပအားဖြင့်ရင်း ဒုက္ခအားဖြင့်ရင်း အနတ္တအားဖြင့်ရင်း သိရှိ (ကိလေသာ) ငြိမ်းပြီးသော (ကိလေသာ၏)ငြိမ်းရာ နိဗ္ဗာန်၌ မွေ့လျော်သော စင်စင်အားဖြင့် ကောင်းစွာမြင်သော ထိုရဟန်းသည် စစ်သည်ဗိုလ်ပါနှင့်တကွသော မာရ်ကို အောင်မြင်၍ အဆုံးစွန်ဖြစ်သော ကိုယ်ကို ဆောင်၏။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ အဂတိဂမနသုတ်

၁၇။ ရဟန်းတို့ အဂတိလိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ချစ်ခြင်းကြောင့် အဂတိ လိုက်စား၏၊ မုန်းခြင်းကြောင့် အဂတိ လိုက်စား၏၊ မသိခြင်းကြောင့် အဂတိ လိုက်စား၏၊ကြောက်ရွံ့ခြင်းကြောင့် အဂတိ လိုက်စား၏။ ရဟန်းတို့ အဂတိ လိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အကြင်သူသည် ချစ်ခြင်းကြောင့်ရင်း မုန်းခြင် ကြောင့်ရင်း ကြောက်ရွံ့ခြင်းကြောင့်ရင်း မသိခြင်းကြောင့်ရင်း တရားကို ကျော်လွန်၍ ကျင့်၏၊ ထိုသူ၏ အခြံအရံ အကျော်အစောသည် လဆုတ်ပက္ခ၌ လကဲ့သို့ ဆုတ်ယုတ်လေသတည်း။

သတ္တမသုတ်။

---

## ၈-ဒုတိယ အဂတိဂမနသုတ်

၁၈။ ရဟန်းတို့ အဂတိ မလိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ချစ်ခြင်းကြောင့် အဂတိ မလိုက်စား၊ မုန်းခြင်းကြောင့် အဂတိ မလိုက်စား၊မသိခြင်းကြောင့်

http://www.dhammadownload.com



အဂတိ မလိုက်စား၊ ကြောက်ရွံ့ခြင်းကြောင့် အဂတိ မလိုက်စား။ ရဟန်းတို့ အဂတိ မလိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အကြင်သူသည် ချစ်ခြင်းကြောင့်ရှင်း မုန်းခြင်းကြောင့်ရှင်း ကြောက်ရွံ့ခြင်းကြောင့်ရှင်း မသိခြင်းကြောင့်ရှင်း တရားကို ကျော်လွန်၍ မကျင့်၊ ထိုသူ၏ အခြံအရံ အကျော် အစော သည် လဆန်းပက္ခ၌ လကဲ့သို့ ပြည့်ဝလေသတည်း။

အဋ္ဌမသုတ်။

## ၉-တတိယ အဂတိဂမနသုတ်

၁၉။ ရဟန်းတို့ အဂတိ လိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ချစ်ခြင်းကြောင့် အဂတိ လိုက်စား၏၊ မုန်းခြင်းကြောင့် အဂတိ လိုက်စား၏၊ မသိခြင်းကြောင့် အဂတိ လိုက်စား၏၊ ကြောက်ရွံ့ခြင်းကြောင့် အဂတိ လိုက်စား၏။ ရဟန်းတို့ အဂတိ လိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ အဂတိ မလိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ချစ်ခြင်းကြောင့် အဂတိ မလိုက်စား၊ မုန်းခြင်းကြောင့် အဂတိ မလိုက်စား၊ မသိခြင်းကြောင့် အဂတိ မလိုက်စား၊ ကြောက်ရွံ့ခြင်းကြောင့် အဂတိ မလိုက်စား။ ရဟန်းတို့ အဂတိ မလိုက်စားမှုတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အကြင်သူသည် ချစ်ခြင်းကြောင့်ရှင်း မုန်းခြင်းကြောင့်ရှင်း ကြောက်ရွံ့ခြင်းကြောင့်ရှင်း မသိခြင်းကြောင့်ရှင်း တရားကို ကျော်လွန်၍ ကျင့်၏၊ ထိုသူ၏ အခြံအရံ အကျော် အစော သည် လဆုတ်ပက္ခ၌ လကဲ့သို့ ဆုတ်ယုတ်လေသတည်း။

အကြင်သူသည် ချစ်ခြင်းကြောင့်ရှင်း မုန်းခြင်းကြောင့်ရှင်း ကြောက်ရွံ့ခြင်းကြောင့်ရှင်း မသိခြင်းကြောင့်ရှင်း တရားကို ကျော်လွန်၍ မကျင့်၊ ထိုသူ၏ အခြံအရံ အကျော်အစော သည် လဆန်းပက္ခ၌ လကဲ့သို့ ပြည့်ဝ လေသတည်း။

နဝမသုတ်။

## ၁၀-ဘတ္တုဒ္ဒေသကသုတ်

၂၀။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ဆွမ်းညွှန်းရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ချစ်ခြင်းကြောင့် အဂတိ လိုက်စား၏၊ မုန်းခြင်းကြောင့် အဂတိ လိုက်စား၏၊ မသိခြင်းကြောင့် အဂတိ လိုက်စား၏၊ ကြောက်ရွံ့ခြင်းကြောင့် အဂတိ လိုက်စား၏။ ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့် ပြည့်စုံသော ဆွမ်းညွှန်းရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ဆွမ်းညွှန်းရဟန်းသည် ဆောင်ယူ၍ ချထားအပ် သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ချစ်ခြင်းကြောင့် အဂတိ

http://www.dhammadownload.com



မလိုက်စား၊ မုန်းခြင်းကြောင့် အဂတိ မလိုက်စား၊ မသိခြင်းကြောင့် အဂတိ မလိုက်စား၊ ကြောက်ရွံ့ခြင်းကြောင့် အဂတိ မလိုက်စား။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ဆွမ်းညွှန်းရဟန်းသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

ကာမဂုဏ်၌ မစောင့်စည်းသူ လူအားလုံးတို့သည် တရား မရှိကုန်၊ တရား၌ မရိုသေကုန်၊ ချစ်ခြင်းကြောင့်ငှင်း မုန်းခြင်းကြောင့်ငှင်း မသိခြင်းကြောင့်ငှင်း ကြောက်ရွံ့ခြင်းကြောင့်ငှင်း (အဂတိ) လိုက်စားကုန်၏၊ ဤပရိသတ်ကို အမှိုက်နှင့်တူသော ပရိသတ်ဟု ဆိုအပ်၏၊ ဤသို့လျှင် သိထိုက်သော တရားအပေါင်းကို သိတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထို့ကြောင့် အကြင်ပုဂ္ဂိုလ်တို့သည် တရား၌ တည်ကုန်လျက် မကောင်းမှုကို မပြုကြကုန်။ ချစ်ခြင်းကြောင့်ငှင်း မုန်းခြင်းကြောင့်ငှင်း မသိခြင်းကြောင့်ငှင်း ကြောက်ရွံ့ခြင်းကြောင့်ငှင်း အဂတိ မလိုက်စားကုန်၊ ထိုပုဂ္ဂိုလ်တို့သည် သူတော်ကောင်းတို့ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်တို့ မည်ကုန်၏၊ ဤပရိသတ်ကို ကြည်လင်သော ပရိသတ်ဟု ဆိုအပ်၏၊ ဤသို့လျှင် တရားအားလုံးကို သိတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သတည်း။

ဒသမသုတ်၊

နှစ်ခုမြောက် စရဝဂ် ပြီး၏။

---

## ၃-ဥရုဝေလဝဂ်　၁-ပဌမ ဥရုဝေလသုတ်

၂၁။ အကျွန်ုပ်သည် ဤသို့ ကြားနာ ခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟုခေါ်တော်မူ၏။ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အခါတပါး၌ ငါသည် သစ္စာလေးပါး တရားကို သိပြီးစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်း ဆိတ်ကျောင်းညောင်ပင်ရင်း၌ နေ၏။ ရဟန်းတို့ ဆိတ်ငြိမ်ရာသို့ ကပ်၍ ကိန်းအောင်းနေစဉ် ငါ့အား ဤသို့သော စိတ်အကြံသည် ထင်ရှားဖြစ်ပေါ်ခဲ့၏ "ရိုသေရာ မှီခိုရာ မရှိပဲ နေရခြင်းသည် ဆင်းရဲလှ၏၊ ငါသည် အဘယ်သို့သော သမဏဗြာဟ္မဏကို အရိုအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရပါအံ့နည်း" ဟု (အကြံ ဖြစ်၏)။

ရဟန်းတို့ ထိုငါ့အား ဤသို့ အကြံ ဖြစ်ပြန်၏—ငါသည် မပြည့်စုံသေးသော သီလဂုဏ်ကို ပြည့်စုံစေရန် အခြားသော သမဏဗြာဟ္မဏကို အရိုအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရာ၏၊ စင်စစ်သော်ကား နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အရိုအသေ အလေးအမြတ် အမှီသဟဲ ပြု၍နေထိုက်သော မိမိထက်သာလွန်၍ သီလနှင့် ပြည့်စုံသော အခြားသော သမဏဗြာဟ္မဏကို ငါမမြင်ချေ။

ငါသည် မပြည့်စုံသေးသော သမာဓိဂုဏ်ကို ပြည့်စုံစေရန် အခြားသော သမဏဗြာဟ္မဏကို အရိုအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရာ၏၊ စင်စစ်သော်ကား နတ် မာရ်နတ် ဗြဟ္မာတို့နှင့်

http://www.dhammadownload.com



တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ အရှိအသေ အလေးအမြတ် အမှီသဟဲပြု၍ နေထိုက်သော မိမိထက်သာလွန်၍ သမာဓိနှင့် ပြည့်စုံသော အခြားသော သမဏဗြာဟ္မဏကို ငါမမြင်ချေ။

ငါသည် မပြည့်စုံသေးသော ပညာဂုဏ်ကို ပြည့်စုံစေရန် အခြားသော သမဏဗြာဟ္မဏကို အရှိအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရာ၏၊ စင်စစ်သော်ကား နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အရှိအသေ အလေးအမြတ် အမှီသဟဲ ပြု၍ နေထိုက်သော မိမိထက် သာလွန်၍ ပညာနှင့် ပြည့်စုံသော အခြားသော သမဏဗြာဟ္မဏကို ငါမမြင်ချေ။

ငါသည် မပြည့်စုံသေးသော ကိလေသာမှ လွတ်မြောက်ကြောင်း 'ဝိမုတ္တိ'ဂုဏ်ကို ပြည့်စုံစေရန် အခြားသော သမဏ ဗြာဟ္မဏကို အရှိအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရာ၏၊ စင်စစ်သော်ကား နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ အရှိအသေ အလေးအမြတ် အမှီသဟဲပြု၍ နေထိုက်သော မိမိထက်သာလွန်၍ ကိလေသာမှ လွတ်မြောက်ကြောင်း 'ဝိမုတ္တိ'ဂုဏ်နှင့် ပြည့်စုံသော အခြားသော သမဏဗြာဟ္မဏကို ငါမမြင်ချေ ဟု (အကြံဖြစ်ပြန်၏)။

ရဟန်းတို့ ငါ့အား ဤသို့သော အကြံသည် ဖြစ်ပြန်၏ "ငါသည် ထိုးထွင်း၍ သိအပ်သော တရားကိုပင်လျှင် အရှိအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရမူကား ကောင်းပေရာ၏" ဟု (အကြံသည် ဖြစ်ပြန်၏)။

ရဟန်းတို့ ထိုအခါ သဟမ္ပတိဗြဟ္မာသည် သူ၏ စိတ်ဖြင့် ငါ၏ စိတ်အကြံကို သိ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူပင် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့၍ ငါ့ရှေ့၌ ထင်ရှားဖြစ်ခဲ့၏။ ရဟန်းတို့ ထိုအခါ သဟမ္ပတိဗြဟ္မာသည် လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံကို စမွယ်တင်လျက် လကျ်ာပုဆစ်ဒူးဝန်းကို မြေ၌ ထောက်၍ ငါ့ကို လက်အုပ်ချီလျက် "မြတ်စွာဘုရား ဤ အကြံတော်သည် ဤအတိုင်း သင့်လျော်လှပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအကြံတော်သည် ဤအတိုင်း သင့်လျော်လှပါ၏၊ အသျှင်ဘုရား အတိတ်ကာလ၌ ပွင့်တော်မူကြသော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော မြတ်စွာဘုရားတို့သည်လည်း တရားကိုပင်လျှင် အရှိအသေ အလေးအမြတ် အမှီသဟဲ ပြု၍ နေတော်မူကြပါကုန်၏။ အသျှင်ဘုရား အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့ကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော မြတ်စွာဘုရားတို့သည်လည်း တရားကိုပင်လျှင် အရှိအသေ အလေး အမြတ် အမှီသဟဲပြု၍ နေတော်မူကြပါကုန်လတ္တံ့။ အသျှင်ဘုရား ယခုအခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း တရားကိုပင်လျှင် အရှိအသေ အလေးအမြတ် အမှီသဟဲ ပြု၍ နေတော်မူပါသော့"ဟု (လျှောက်၏)၊ သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီးလျှင် ထိုမှတပါးသော ဤစကားကို လျှောက်ပြန်၏။

"လွန်လေပြီးသော အကြင် မြတ်စွာဘုရားတို့သည်ရင်း လာလတ္တံ့သော အကြင် မြတ်စွာဘုရားတို့သည်ရင်း ယခုအခါ များစွာသော လူတို့၏ စိုးရိမ်ခြင်းကို ပယ်ဖျောက်တတ်သော အကြင် မြတ်စွာဘုရားသည်ရင်း ရှိတော်မူကုန်၏။

http://www.dhammadownload.com



အလုံးစုံသော ထိုမြတ်စွာဘုရားတို့သည် သူတော်ကောင်းတရားကို အလေးဂရုပြုကုန်သည် ဖြစ်၍ နေလည်း နေခဲ့ကုန်ပြီ၊ နေလည်း နေကုန်ဆဲ၊ နေလည်း နေကုန်လတ္တံ့၊ ဤသို့တရားကို အလေးဂရုပြု၍ နေခြင်းသည် မြတ်စွာဘုရားတို့၏ ဖြစ်မြဲသဘောတည်း။

ထို့ကြောင့်သာလျှင် မိမိအကျိုးစီးပွါးကို အလိုရှိသော မြတ်သည့် အဖြစ်ကို အလွန်တောင့်တသူသည် မြတ်စွာဘုရား၏ အဆုံးအမတော်ကို အောက်မေ့လျက် သူတော်ကောင်းတရားကို အလေးအမြတ် ပြုအပ်သတည်း" ဟု (လျှောက်ပြန်၏)။

ရဟန်းတို့ သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ကြားလေ၏၊ ဤစကားကို လျှောက်ကြားပြီး၍ ငါ့ကို ရှိခိုးပြီးလျှင် အရှိအသေပြုကာ ထိုနေရာ၌ပင် ကွယ်လေ၏။ ရဟန်းတို့ ထိုအခါ ငါသည် ဗြဟ္မာ၏ တိုက်တွန်းခြင်းကိုငှင်း မိမိအား လျှောက်ပတ်သည်ကိုငှင်း သိ၍ ငါထိုးထွင်း သိထားသော တရားကိုသာလျှင် အရိုအသေ အလေးအမြတ် အမှီသဟဲပြု၍ နေခဲ့၏။ ရဟန်းတို့ အကြင်အခါ၌ သံဃာသည် များမြတ်သော 'မဟတ္တ' ဂုဏ်လေးပါးနှင့် ပြည့်စုံ၏၊ ထိုအခါ ငါသည် သံဃာ၌လည်း ရိုသေ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ဥရုဝေလသုတ်

၂၂။ ရဟန်းတို့ အခါတပါး၌ ငါသည် သစ္စာလေးပါး တရားကို သိပြီးစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်း ဆိတ်ကျောင်းညောင်ပင်ရင်း၌ နေ၏။ ရဟန်းတို့ ထိုအခါ အိုမင်းကြီးမြင့် အရွယ်ရင့်ပြီးလျှင် ဆင့်ဆင့်လွန်မြောက် အဆုံးအရွယ်သို့ ရောက်ကုန်သော များစွာသော ပုဏ္ဏားတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ငါနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်ကြကုန်ပြီးလျှင် ထိုပုဏ္ဏားတို့သည် ငါ့အား "အသျှင်ဂေါတမ 'ရဟန်းဂေါတမသည် အိုမင်းကြီးမြင့် အရွယ်ရင့်ပြီးလျှင် ဆင့်ဆင့် လွန်မြောက် အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်းမခိုး ခရီးဦးလည်း မကြိုဆို နေရာဖြင့်လည်း မဖိတ်'ဟု ဤသို့သော သတင်းစကားကို အကျွန်ုပ်တို့ ကြားဘူးပါသည်။ အသျှင်ဂေါတမ ထိုကြားဘူးသော သတင်းစကားသည် ထိုကြားဘူးသည့်အတိုင်းပင် ဟုတ်မှန်သည်သာတည်း၊ အသျှင်ဂေါတမသည်ကား အိုမင်းကြီးမြင့် အရွယ်ရင့်ပြီးလျှင် ဆင့်ဆင့်လွန်မြောက် အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်းမခိုး ခရီးဦးလည်း မကြိုဆို နေရာဖြင့်လည်း မပင့်ဖိတ်၊ အသျှင်ဂေါတမ ဤသို့ (ရှိခိုးခြင်းစသည်ကို) မပြုခြင်းသည် မသင့်လျော်သည်သာတည်း" ဟု လျှောက်ကုန်၏။

ရဟန်းတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏ "ဤအသျှင်တို့သည် ကြီးသော သူတို့ကိုငှင်း ကြီးသည့်အဖြစ်ကို ပြုတတ်သော တရားတို့ကိုငှင်း မသိကုန်" ဟု (အကြံသည်ဖြစ်၏)။ ရဟန်းတို့ မွေးဖွားသည်မှ အသက်ရှစ်ဆယ် ကိုးဆယ် တရာ ရှိသည်ဖြစ်၍ ကြီးသူဖြစ်သော်လည်း မသင့်သော ကာလ၌ ဆိုတတ်သူ မမှန်သော စကားကို ဆိုတတ်သူ အကျိုးနှင့် မစပ်သည်ကို ဆိုတတ်သူ တရားနှင့် မစပ်သည်ကို ဆိုတတ်သူ အဆုံးအမနှင့် မစပ်သည်ကို ဆိုတတ်သူ မသင့်သော

http://www.dhammadownload.com



**အခါ၌** အကြောင်းမရှိသော အပိုင်းအခြားမရှိသော အစီးအပွါးနှင့်မစပ်သော မမှတ်သားလောက်သော စကားကို ဆိုတတ်သူ ဖြစ်ခဲ့မူ၊ ထိုသူသည် "လူကြီး လူမိုက်" ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ပျို့မျစ် နုနယ်၍ နက်မှောင်သော ဆံပင်ရှိသော ပဌမအရွယ်အားဖြင့် ကောင်းသော် ပျို့မျစ်ခြင်းနှင့် ပြည့်စုံသော ငယ်သူပင်ဖြစ်သော်လည်း၊ သင့်သော ကာလ၌ ဆိုတတ်သူ ဟုတ်မှန်သည်ကို ဆိုတတ်သူ အကျိုးရှိသည်ကိုသာ ဆိုတတ်သူ တရားနှင့်စပ်သည်ကိုသာ ဆိုတတ်သူ ဝိနည်းနှင့်စပ်သည်ကိုသာ ဆိုတတ်သူ သင့်သောကာလ၌ အကြောင်းရှိသော အပိုင်းအခြားရှိသော အစီးအပွါးနှင့်စပ်သော မှတ်သားလောက်သော စကားကို ဆိုတတ်သူ ဖြစ်ခဲ့မူ၊ ထိုသူငယ်သည် "လူကြီး ပညာရှိ" ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ကြီးသည်၏ အဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက်နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ အကြားအမြင် များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အနက်သဒ္ဒါနှင့်တကွ ဖြစ်၍ အလုံးစုံပြည့်စုံစင်ကြယ်သည့် မြတ်သောအကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိကုန်သောတရားတို့ကို ထိုသူသည် များစွာကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျင့်ထား၏၊ စိတ်ဖြင့် အဖန်ဖန် ရှု၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သော လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော (ရူပါဝစရ) ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်လျက် နေ၏။ ရဟန်းတို့ ကြီးသည်၏ အဖြစ်ကို ပြုတတ်သော တရားတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အကြင်သူသည် ပျံ့လွင့်သော စိတ်ဖြင့် အကျိုးမရှိ ပြိန်ဖျင်းသော စကားကိုလည်း များစွာ ပြောဆို၏၊ မတည်ကြည်သော အကြံအစည်ရှိ၏၊ မသူတော်တရား၌ မွေ့လျော်တတ်၏၊ တောသမင်နှင့် တူ၏၊ ယုတ်ညံ့သော အယူရှိသော (ပုဂ္ဂလ မေတ္တာ)ရှိသေခြင်း မရှိသော ထိုသူသည် ကြီးသူအဖြစ်မှ ဝေး၏။

အကြင်သူသည်ကား သီလနှင့် ပြည့်စုံ၏၊ အကြားအမြင်များ၏၊ ပညာရှိ၏၊ (ကိုယ် နှုတ် နှလုံးကို) စောင့်စည်း၏၊ တရားတို့၌ မြဲမြံ ခိုင်ခံ့သော သမာဓိရှိ၏၊ ပညာဖြင့် သစ္စာလေးပါး၏ အနက်ကို ရှုမြင်၏၊ အလုံးစုံသော တရားတို့၏ ကမ်းတဖက်သို့ ရောက်၏၊ (ရာဂစသော) ငြောင့် မရှိ၊ လျင်မြန်သော ပညာရှိ၏။

ပယ်ပြီးသော ပဋိသန္ဓေနေခြင်း သေခြင်းရှိ၏၊ အလုံးစုံသော အကျင့်မြတ်ရှိ၏၊ ထိုပုဂ္ဂိုလ်ကို "ကြီးသောသူ" ဟု ငါဆို၏၊ အကြင်ရဟန်းအား အာသဝေါတရားတို့သည် မရှိကုန်၊ ထိုရဟန်းကို အာသဝေါကုန်ခြင်းကြောင့် "သိတင်းကြီးရဟန်း" ဟု ဆိုအပ်သတည်း။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-လောကသုတ်

၂၃။ ရဟန်းတို့ မြတ်စွာဘုရားသည် လောကကို ထိုးထွင်း၍ သိတော်မူ၏၊ မြတ်စွာဘုရားသည် လောကမှ ကင်းတော်မူ၏။ ရဟန်းတို့ မြတ်စွာဘုရားသည် လောက၏ ဖြစ်ကြောင်းကို ထိုးထွင်း၍ သိတော်မူ၏၊ မြတ်စွာဘုရားသည် လောက၏ ဖြစ်ကြောင်းကို ပယ်တော်မူ၏။ ရဟန်းတို့ မြတ်စွာဘုရားသည် လောက ချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကို ထိုးထွင်း၍ သိတော်မူ၏၊ မြတ်စွာဘုရားသည် လောက ချုပ်ငြိမ်းရာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုတော်မူ၏။ ရဟန်းတို့ မြတ်စွာဘုရားသည် လောက၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို ထိုးထွင်း၍ သိတော်မူ၏၊ မြတ်စွာဘုရားသည် လောက၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း ဖြစ်သော အကျင့်ကို ပွါးများတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ် လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ် စိတ်ဖြင့် အဖန်ဖန် ကျက်စားအပ်သော အာရုံ အလုံးစုံကို ထိုးထွင်း၍ သိတော်မူ၏၊ ထို့ကြောင့် "တထာဂတ"ဟု ဆိုအပ်၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အတုမရှိသော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိတော်မူသော ညဉ့်နှင့် ဝိပါက် ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူသော ညဉ့်တို့၏ အကြား၌ ဟောပြော မြွက်ဟ ညွှန်ပြတော်မူအပ်သော တရားအလုံးစုံသည် ဟောပြော မြွက်ဟ ညွှန်ပြတိုင်းသာ ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်၊ ထို့ကြောင့် "တထာဂတ" ဟု ဆိုအပ်၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အကြင်သို့သော အခြင်းအရာအားဖြင့် ပြောဆိုလေ့ရှိ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ပြုလေ့ရှိ၏၊ အကြင်သို့သော အခြင်းအရာအားဖြင့် ပြုလေ့ရှိ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ပြောဆိုလေ့ရှိ၏၊ ဤသို့လျှင် ပြောဆိုလေ့ရှိသည့်အတိုင်း ပြုလေ့ရှိ၏၊ ပြုလေ့ရှိသည့်အတိုင်း ပြောဆိုလေ့ရှိ၏၊ ထို့ကြောင့် "တထာဂတ"ဟု ဆိုအပ်၏။

ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ် လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများ နှင့်တကွသော လူ့လောက၌ မြတ်စွာဘုရားသည် (သူတပါးတို့ကို) လွှမ်းမိုးတော်မူနိုင်၏၊ (သူတပါးတို့က)မလွှမ်းမိုးနိုင်၊ စင်စစ်အားဖြင့် မြင်တတ်၏၊ မိမိအလိုသို့ လိုက်စေနိုင်၏၊ ထို့ကြောင့် "တထာဂတ"ဟု ဆိုအပ်၏။

> လောကအားလုံးကို ထူးသောဉာဏ်ဖြင့်သိ၍ လောက၌ (သိအပ်သော တရား)အားလုံးကို ဟုတ်တိုင်းမှန်စွာ သိသောကြောင့် လောကအားလုံးမှ ကင်းတော်မူ၏၊ လောကအားလုံး၌ ငြိကပ်ခြင်း (တဏှာ ဒိဋ္ဌိ ဥပယ)ရှိတော် မမူ။

ထိုမြတ်စွာဘုရားသည် စင်စစ်အားဖြင့် အာရုံအားလုံးတို့ကို လွှမ်းမိုးတော်မူနိုင်၏၊ ပညာနှင့် ပြည့်စုံတော်မူ၏၊ အလုံးစုံသော အထုံးအဖွဲ့တို့မှ လွတ်မြောက်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အလွန်ငြိမ်းချမ်းစွာသော တစုံတခုသော ဘေးရန် အနှောင့်အရှက်မရှိသော နိဗ္ဗာန်ကို တွေ့ထိ ဆိုက်ရောက်တော်မူ၏။

http://www.dhammadownload.com



အာသဝေါကုန်ပြီးသော ထိုမြတ်စွာဘုရားသည် ဆင်းရဲကင်းတော်မူ၏၊ ယုံမှားခြင်းကို ပယ်ဖြတ်တော်မူပြီး ဖြစ်၏၊ အလုံးစုံသော ကံတို့၏ ကုန်ခြင်းသို့ ရောက်တော်မူ၏၊ ဥပဓိလေးပါးတို့ ကုန်ရာ နိဗ္ဗာန်သို့ လွတ်လွတ် ဝင်တော်မူ၏။

ထိုမြတ်စွာဘုရားသည် သစ္စာလေးပါးကို သိတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အတုမရှိသော ခြင်္သေ့မင်း ဖြစ်တော်မူ၍ နတ်နှင့်တကွသော သတ္တလောကအား မြတ်သော တရားစကြာကို လည်စေတော်မူ၏။

ဤသို့လျှင် အကြင်နတ်တို့သည်၎င်း အကြင်လူတို့သည်၎င်း မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟု ဆည်းကပ်ကုန်၏၊ ထို နတ် လူတို့သည် ကြီးမြတ်၍ ကြောက်ရွံ့ခြင်း ကင်းတော်မူသော ထို မြတ်စွာဘုရားကို ချဉ်းကပ်၍ ရှိခိုးကြကုန်၏။

ယဉ်ကျေးပြီးသော မြတ်စွာဘုရားသည် ယဉ်ကျေးသူတို့ထက် မြတ်တော်မူ၏၊ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ငြိမ်းအေးသူတို့ထက် မြတ်တော်မူ၏၊ လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် လွတ်မြောက်ပြီးသူတို့ထက် မြတ်တော်မူ၏၊ ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရားသည် ကူးမြောက်သူတို့ထက် မြတ်တော်မူ၏။

ဤသို့လျှင် ကြီးမြတ်၍ ကြောက်ရွံ့ခြင်း ကင်းတော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးကြကုန်၏၊နတ်နှင့်တကွသော လောက၌ ငါနှင့် ပြိုင်ဘက် ပုဂ္ဂိုလ် မရှိ။

**တတိယသုတ်။**

---

## ၄-ကာဠကာရာမ သုတ်

၂၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာကေတမြို့ ကာဠကာရာမ သူဌေး၏ အရံ၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော နတ် လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများ နှင့်တကွသော လူ့လောကသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ် စိတ်ဖြင့် အဖန်ဖန် ကျက်စားအပ်သော အာရုံအလုံးစုံကို ငါသိ၏။

ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ် လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောကသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ် စိတ်ဖြင့် အဖန်ဖန် ကျက်စားအပ်သော အာရုံအလုံးစုံကို ထူးသောဉာဏ်ဖြင့် သိပြီးပြီ၊ ထို အာရုံ အလုံးစုံကို မြတ်စွာဘုရားသည် ထင်စွာ သိပြီးပြီ၊ ထိုအာရုံအလုံးစုံသို့ မြတ်စွာဘုရားသည် (တဏှာ ဒိဋ္ဌိတို့ဖြင့်)မကပ်ရောက်။

ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော နတ် လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောကသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရအပ် ရှာမှီးအပ် စိတ်ဖြင့် အဖန်ဖန် ကျက်စား အပ်သော အာရုံအလုံးစုံကို ငါမသိ ဟု ဆိုငြားအံ့၊ ငါ၏ စကားသည် အမှားဖြစ်ရာ၏။

http://www.dhammadownload.com



ရဟန်းတို့။ပ။ ထိုအာရုံ အားလုံးကို ငါသိလည်း သိ၏၊ ငါသိလည်း မသိ ဟု ဆိုငြားအံ့၊ ငါ၏ ထိုစကားသည် ထို့အတူသာ (အမှား)ဖြစ်ရာ၏။

ရဟန်းတို့။ပ။ ထိုအာရုံအားလုံးကို ငါသိသည် မဟုတ်၊ မသိသည်လည်း မဟုတ် ဟု ဆိုငြားအံ့၊ ငါ၏ ထိုစကားသည် အပြစ် ဖြစ်ရာ၏။

ရဟန်းတို့ ဤသို့လျှင် မြတ်စွာဘုရားသည် မြင်ရမည်ကို မြင်၍ မြင်ပြီးသည်ကို(တဏှာ မာန ဒိဋ္ဌိတို့ဖြင့်)မအောက်မေ့၊ မမြင်ရသေးသည်ကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်)မအောက်မေ့၊ မြင်နေသည်ကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်)မအောက်မေ့၊ မြင်တတ်သူကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်) မအောက်မေ့။ ကြားရမည့် အရာကို ကြား၍ ကြားပြီးသည်ကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်) မအောက်မေ့၊ မကြားရသေးသည်ကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်)မအောက်မေ့၊ ကြားနေသည်ကို(တဏှာ မာန ဒိဋ္ဌိ တို့ဖြင့်)မအောက်မေ့၊ ကြားတတ်သူကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်) မအောက်မေ့၊ တွေ့ရမည့်အရာကို တွေ့၍ တွေ့ပြီးသည်ကို(တဏှာ မာန ဒိဋ္ဌိတို့ဖြင့်)မအောက်မေ့၊မတွေ့ရသေးသည်ကို(တဏှာ မာန ဒိဋ္ဌိ တို့ဖြင့်)မအောက်မေ့၊ တွေ့နေသည်ကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်) မအောက်မေ့၊ တွေ့တတ်သူကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်)မအောက်မေ့။သိရမည့် အရာကို သိ၍ သိပြီးသည်ကို(တဏှာ မာန ဒိဋ္ဌိတို့ ဖြင့်)မအောက်မေ့၊ မသိရသေးသည် ကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်) မအောက်မေ့၊ သိနေသည်ကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်) မအောက်မေ့၊ သိတတ်သူကို (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်) မအောက်မေ့။ ရဟန်းတို့ ဤသို့လျှင် မြတ်စွာဘုရားသည် မြင်အပ် ကြားအပ် တွေ့အပ် သိအပ်သော တရားတို့၌ တူမျှသော သဘောရှိသည်သာတည်း၊ တူမျှသော သဘောရှိသည်ဖြစ်၍သာလျှင် တာဒီ မည်၏၊ တာဒိဂုဏ်မှ တပါး အထူးသဖြင့် သာလွန် မွန်မြတ်သော တာဒိဂုဏ်မရှိဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

အကြင်သူတို့သည် သူတပါးတို့ မြင်အပ် ကြားအပ် တွေ့အပ်သော အာရုံအလုံးစုံကို အမှန်ဟု အောက်မေ့၍ (တဏှာဖြင့်)လွှမ်းမိုး ပြီးဆုံးစေအပ်၏၊ မိမိကိုယ်တိုင် စောင့်စည်း၏ဟု ဆိုသော ထို(မိစ္ဆာအယူရှိ)သူတို့၌ တာဒိဂုဏ် မရှိ၊ ထို(မိစ္ဆာအယူရှိ)သူတို့၏ မှန်သော စကားကိုရင်း ချွတ်ယွင်းသော စကားကိုရင်း အမြတ်ပြု၍ စိတ်၌ မထားရာ။

ထို မိစ္ဆာဒိဋ္ဌိတည်းဟူသော ငြောင့်ကိုလည်း ရှေးဦးကမြင်၍ အကြင်(ခြောက်ဆယ့် နှစ်ပါး သော မိစ္ဆာ)အယူ၌ သတ္တဝါအပေါင်းသည် လွှမ်းမိုး ပြီးဆုံးစေ၏၊ ကပ်ငြိ၏၊ ထို(ခြောက် ဆယ့်နှစ်ပါးသော မိစ္ဆာ)အယူကို ငါသည် သိ၏၊ မြင်၏၊ (ထိုသတ္တဝါအပေါင်းသည် တဏှာဖြင့် လွှမ်းမိုး၍ ပြီးဆုံးစေအပ်သကဲ့သို့) ထို့အတူ မြတ်စွာဘုရားတို့အား (တဏှာဖြင့်) လွှမ်းမိုး၍ ပြီးဆုံးစေခြင်းသည် မရှိ။

စတုတ္ထသုတ်။

---

## ၅-ဗြဟ္မစရိယသုတ်

၂၅။ ရဟန်းတို့ လူအပေါင်းအား အံ့ဩဖွယ် ပြုခြင်းငှါ လူအပေါင်းအား ဖြားယောင်းခြင်းငှါ လာဘ်ပူဇော်သကာ အကျော်အစော ဟူသော အာနိသင်အလို့ငှါ ထိုထိုအကြောင်းဖြင့် ဝါဒ ဖြန့်ခြင်းငှါ "ငါ့ကို ဤသို့ သဘောရှိ၏"ဟု လူအပေါင်း သိစေခြင်းငှါ ဤမြတ်သောအကျင့်ကို

http://www.dhammadownload.com



ကျင့်သုံးရသည် မဟုတ်။ ရဟန်းတို့ စင်စစ်သော်ကား စောင့်စည်းခြင်းငှါ ပယ်စွန့်ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ (ရာဂစသည်တို့) ချုပ်ခြင်းငှါ ဤမြတ်သော အကျင့်ကို ကျင့်သုံးရ၏ ဟု (မိန့်တော်မူ၏)။

ထိုမြတ်စွာဘုရားသည် စောင့်စည်းခြင်းငှါ ကိလေသာကို ပယ်ခြင်းငှါ တဆင့်ကြား မဟုတ်သော နိဗ္ဗာန်၏ အတွင်းသို့ ရောက်စေတတ်သော အကျင့်မြတ်ကို ဟောတော်မူ၏၊ ထို အကျင့်မြတ်ဟူသော လမ်းခရီးကို မြတ်သောဂုဏ်ကို ရှာမှီးလေ့ရှိသော သူတို့သည် အစဉ် လိုက်ကြကုန်၏။

အကြင်သူတို့သည် မြတ်စွာဘုရား ဟောထားတော်မူတိုင်းသော အကျင့်ကို ကျင့်ကုန်၏၊ မြတ်စွာဘုရား အဆုံးအမကို ပြုကျင့်လေ့ရှိကုန်သော ထိုသူတို့သည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရ ကုန်လတ္တံ့ သတည်း။

ပဉ္စမသုတ်။

## ၆-ကုဟသုတ်

၂၆။ ရဟန်းတို့ အကြင်ရဟန်းတို့သည် အံ့ဩဖွယ်ကို ပြုတတ်ကုန်၏၊ ခက်ထန်ကုန်၏၊ ဖြား ယောင်းတတ်ကုန်၏၊ ဦးချိုနှင့်(တူသော ထင်ရှားသော ကိလေသာတို့နှင့်)ပြည့်စုံကုန်၏၊ အချည်းနှီး တက်ကြွကုန်၏၊ မတည်ကြည်ကုန်။ ရဟန်းတို့ ထိုရဟန်းတို့သည် ငါ့ကို မမြတ်နိုးကြကုန်၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ(သာသနာတော်)မှ ကင်းကွာကုန်၏၊ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ မရောက်ကုန်။ ရဟန်းတို့ အကြင်ရဟန်းတို့သည်ကား အံ့ဩဖွယ်ကို မပြုတတ်ကုန်၊ မဖြားယောင်းတတ်ကုန်၊ ဉာဏ်ပညာနှင့် ပြည့်စုံကုန်၏၊ မခက်ထန်ကုန်၊ ကောင်းစွာ တည်ကြည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် ငါ့ကို မြတ်နိုးကြကုန်၏၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ(သာသနာတော်)မှ မကင်းကွာကုန်၊ ဤဓမ္မဝိနယ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

(အကြင်သူတို့သည်)အံ့ဩဖွယ်ကို ပြုတတ်ကုန်၏၊ခက်ထန်ကုန်၏၊ဖြားယောင်းတတ်ကုန်၏၊ ဦးချိုနှင့် တူသော ကိလေသာရှိကုန်၏၊ အချည်းနှီး တက်ကြွကုန်၏၊ မတည်ကြည်ကုန်၊ ထိုသူတို့သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သာသနာတော်၌ မစည်ပင်နိုင်ကုန်။

(အကြင်သူတို့သည်)အံ့ဩဖွယ်ကို မပြုတတ်ကုန်၊ မဖြားယောင်းတတ်ကုန်၊ ပညာရှိကုန်၏၊ မခက်ထန်ကုန်၊ ကောင်းစွာ တည်ကြည်ကုန်၏၊ ထိုသူတို့သည် မြတ်စွာဘုရား ဟောတော်မူ အပ်သော သာသနာတော်၌ စင်စစ် စည်ပင်ကုန်သတည်း။

ဆဋ္ဌသုတ်။

## ၇-သန္တုဋ္ဌိသုတ်

၂၇။ ရဟန်းတို့ တာဝန်လည်း နည်း၍ ရလည်း ရလွယ်ကုန်သော ပစ္စည်းတို့သည် ဤလေးမျိုးတို့တည်း၊ ထိုပစ္စည်းတို့သည် အပြစ်လည်း မရှိကုန်။ အဘယ်လေးမျိုးတို့နည်းဟူမူ—

http://www.dhammadownload.com



ရဟန်းတို့ သင်္ကန်းဘိုဘင် ပံ့သုကူသင်္ကန်းသည် တာဝန်လည်း နည်း၏၊ ရလည်း ရလွယ်၏၊ ထိုသင်္ကန်းသည် အပြစ်လည်း မရှိ။ ရဟန်းတို့ စားဖွယ်တို့တွင် ဆွမ်းခံလှည့်လည်၍ ရအပ်သော ဆွမ်းသည် တာဝန်လည်း နည်း၏၊ ရလည်း ရလွယ်၏၊ ထိုဆွမ်းသည် အပြစ်လည်း မရှိ။ ရဟန်းတို့ ကျောင်းတို့တွင် သစ်ပင်ရင်းဟူသော ကျောင်းသည် တာဝန်လည်း နည်း၏၊ ရလည်း ရလွယ်၏၊ ထိုကျောင်းသည် အပြစ်လည်း မရှိ။ ရဟန်းတို့ ဆေးတို့တွင် နွားကျင်ငယ်ပုပ်တည်းဟူသော ဆေးသည် တာဝန်လည်း နည်း၏၊ ရလည်း ရလွယ်၏၊ ထိုဆေးသည် အပြစ်လည်း မရှိ။ ရဟန်းတို့ တာဝန်လည်း နည်း၍ ရလည်း ရလွယ်ကုန်သော ပစ္စည်းတို့သည် ဤလေးမျိုးတို့တည်း၊ ထိုပစ္စည်းတို့သည် အပြစ်လည်း မရှိကုန်။ ရဟန်းတို့ ရဟန်းသည် တာဝန်နည်း၍ ရလွယ်သော ပစ္စည်းဖြင့် ရောင့်ရဲ၏၊ ဤသို့ ရောင့်ရဲခြင်းကို "ရဟန်း၏ ရဟန်းအဖြစ်" ဟူသော အင်္ဂါတပါး ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

တာဝန်လည်းနည်း ရလည်း ရလွယ် အပြစ်လည်း မရှိသော ပစ္စည်းဖြင့် ရောင့်ရဲသော ရဟန်းအား ကျောင်းကိုရင်း သင်္ကန်းကိုရင်း သောက်ဖွယ် စားဖွယ်ကိုရင်း အကြောင်းပြု၍ စိတ်၏ပင်ပန်းခြင်း ကင်း၏၊ အရပ်မျက်နှာကိုလည်း မထိခိုက်။

ရဟန်းတရားအား လျော်သော အကြင်တရားတို့ကို ထိုမြတ်စွာဘုရားသည် ဟောတော်မူ၏၊ မမေ့မလျော့သော သတိရှိသည်ဖြစ်၍ ကျင့်သော နှစ်သက်သော စိတ်ရှိသော ရဟန်းသည် (ထိုတရားတို့ကို) သိမ်းဆည်း၍ ယူအပ်လေသတည်း။

သတ္တမသုတ်။

## ၈-အရိယဝံသသုတ်

၂၈။ ရဟန်းတို့ အမြတ်ဟု သိအပ်ကုန်သော ရှည်မြင့်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်ကုန်သော (ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏)အနွယ်အဆက်ဟု သိအပ်ကုန်သော ရှေးကျကုန်သော အရိယာတို့၏ အနွယ်အဆက် ဖြစ်ကုန်သော 'အရိယဝံသ' တရားတို့သည် ဤလေးမျိုးတို့တည်း။ (ထိုတရားတို့ကို) မပယ်အပ်ကုန်၊ (ဘုရားသျှင်တို့သည်) မပယ်ဘူးကုန်၊ ယခုလည်း မပယ်ကြကုန်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်ကုန်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့ အပ်ကုန်။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ဆိုလေ့ရှိ၏၊ သင်္ကန်းဟူသော အကြောင်းကြောင့် မလျောက်ပတ် မအပ်သော ရှာမှီးခြင်းသို့လည်း မရောက်၊ သင်္ကန်းကို မရ၍ လည်း မတောင့်တ၊ သင်္ကန်းကို ရပြီး၍ လည်း မမက်မော မတွေဝေ၊ (တဏှာဖြင့်) မလွှမ်းမိုး၊ အပြစ်ကို ရှုလေ့ရှိသည် ဖြစ်၍ ထွက်မြောက်ကြောင်းကို သိလျက် သုံးဆောင်၏၊ ထိုရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ၊ အကြင်ရဟန်းသည် ထိုရောင့်ရဲမှု၌ ကျွမ်းကျင်၏၊ ပျင်းရိခြင်း မရှိ၊ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိ၏၊ သတိနှင့်ယှဉ်၏။ ရဟန်းတို့ ဤရဟန်းကို ရှေးကျသော အမြတ်ဟု သိအပ်သော အရိယာတို့၏ အနွယ်အဆက်၌ တည်သော ရဟန်းဟု ဆိုအပ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ဆိုလေ့ရှိ၏၊ ဆွမ်းဟူသော အကြောင်းကြောင့်

http://www.dhammadownload.com



မလျှောက်ပတ် မအပ်သော ရွာမှီးခြင်းသို့လည်း မရောက်၊ ဆွမ်းကို မရ၍လည်း မတောင့်တ၊ဆွမ်းကို ရပြီး၍လည်း မမက်မော မတွေဝေ၊ (တဏှာဖြင့်)မလွှမ်းမိုး၊အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ ထွက်မြောက်ကြောင်းကို သိလျက် သုံးဆောင်၏၊ ထိုရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ၊ အကြင်ရဟန်းသည် ထိုရောင့်ရဲမှု၌ ကျွမ်းကျင်၏၊ ပျင်းရိခြင်းမရှိ၊ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိ၏၊ သတိနှင့် ယှဉ်၏။ ရဟန်းတို့ ဤရဟန်းကို ရှေးကျသော အမြတ်ဟု သိအပ်သော အရိယာတို့၏ အနွယ်အဆက်၌ တည်သော ရဟန်းဟု ဆိုအပ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရတတ်သမျှသော အိပ်ရာ နေရာ'ကျောင်း'ဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော အိပ်ရာ နေရာ'ကျောင်း'ဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကို ဆိုလေ့ရှိ၏၊ အိပ်ရာ နေရာ 'ကျောင်း' ဟူသော အကြောင်းကြောင့် မလျှောက်ပတ်သော မအပ်သော ရွာမှီးခြင်းသို့လည်း မရောက်၊ အိပ်ရာ နေရာ 'ကျောင်း'ကို မရ၍လည်း မတောင့်တ၊ ရပြီး၍လည်း မမက်မော မတွေဝေ၊ (တဏှာဖြင့်)မလွှမ်းမိုး၊အပြစ်ကို ရှုလေ့ရှိသည် ဖြစ်၍ ထွက်မြောက်ကြောင်းကို သိလျက် သုံးဆောင်၏၊ ထိုရတတ်သမျှသော အိပ်ရာ နေရာ 'ကျောင်း'ဖြင့် ရောင့်ရဲခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ၊ အကြင်ရဟန်းသည် ထိုရောင့်ရဲမှု၌ ကျွမ်းကျင်၏၊ ပျင်းရိခြင်း မရှိ၊ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိ၏၊ သတိနှင့် ယှဉ်၏။ရဟန်းတို့ ဤရဟန်းကို ရှေးကျသော အမြတ်ဟု သိအပ်သော အရိယာတို့၏ အနွယ်အဆက်၌ တည်သော ရဟန်းဟု ဆိုအပ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဘာဝနာ၌ မွေ့လျော်၏၊ဘာဝနာ၌ ပျော်ပိုက်၏၊ (ကာမစ္ဆန္ဒစသည်ကို)ပယ်ခြင်း၌ မွေ့လျော်၏၊ ပယ်ခြင်း၌ ပျော်ပိုက်၏၊ ထိုဘာဝနာ၌ မွေ့လျော် ပျော်ပိုက်ခြင်းဖြင့်ရှင်း ထို(ကာမစ္ဆန္ဒစသည်ကို) ပယ်ခြင်း၌ မွေ့လျော် ပျော်ပိုက်ခြင်းဖြင့်ရှင်း မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ၊ အကြင်ရဟန်းသည် ဘာဝနာ 'ပွါးများ'မှု ပယ်မှု၌ ကျွမ်းကျင်၏၊ ပျင်းရိခြင်း မရှိ၊ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိ၏၊ သတိနှင့် ယှဉ်၏။ ရဟန်းတို့ ဤရဟန်းကို ရှေးကျသော အမြတ်ဟု သိအပ်သော အရိယာတို့၏ အနွယ်အဆက်၌ တည်သော ရဟန်းဟု ဆိုအပ်၏။ ရဟန်းတို့ အမြတ်ဟု သိအပ်ကုန်သော ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ် ကုန်သော(ဘုရား ပစ္စေကဗုဒ္ဓါ သာဝက)တို့၏ အနွယ်အဆက်ဟု သိအပ်ကုန်သော ရှေးကျကုန်သော အရိယာ၏ အနွယ်အဆက် ဖြစ်ကုန်သော တရားတို့သည် ဤလေးမျိုးတို့တည်း၊ (ထိုတရားတို့ကို) မပယ်အပ်ကုန်၊ ဘုရားသျှင်တို့သည် မပယ်ဘူးကုန်၊ ယခုလည်း မပယ်ကြကုန်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်ကုန်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ်ကုန်။

ရဟန်းတို့ ဤအရိယဝံသတရားလေးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရှေ့အရပ်၌ အကယ်၍ နေစေကာမူ ထိုရဟန်းကသာလျှင် မမွေ့လျော်ခြင်းကို နှိပ်စက်နိုင်ရာ၏၊ ထိုရဟန်းကို မမွေ့လျော်ခြင်းက မနှိပ်စက်နိုင်ရာ။ အနောက်အရပ်၌ အကယ်၍ နေစေကာမူ ထိုရဟန်းကသာလျှင် မမွေ့လျော်ခြင်းကို နှိပ်စက်နိုင်ရာ၏၊ ထိုရဟန်းကို မမွေ့လျော်ခြင်းက မနှိပ်စက်နိုင်ရာ။မြောက်အရပ်၌ အကယ်၍ နေစေကာမူ ထိုရဟန်းကသာလျှင် မမွေ့လျော်ခြင်းကို နှိပ်စက်နိုင်ရာ၏၊ ထိုရဟန်းကို မမွေ့လျော်ခြင်းက မနှိပ်စက်နိုင်ရာ။ တောင်အရပ်၌ အကယ်၍ နေစေကာမူ ထိုရဟန်းကသာလျှင် မမွေ့ လျော်ခြင်းကို နှိပ်စက်နိုင်ရာ၏၊ ထိုရဟန်းကို မမွေ့လျော်ခြင်းက မနှိပ်စက်နိုင်ရာ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ လုံ့လရှိသော ရဟန်းသည် မမွေ့လျော်ခြင်း မွေ့လျော်ခြင်းကို သည်းခံနိုင်သောကြောင့်တည်း ဟု (မိန့်တော်မူ၏)။

ဆက်

http://www.dhammadownload.com



မမွေ့လျော်ခြင်းသည် လုံ့လရှိသော ရဟန်းကို မနှိပ်စက်နိုင်၊ လုံ့လရှိသော ရဟန်းကသာ မမွေ့လျော်ခြင်းကို နှိပ်စက်နိုင်၏၊ လုံ့လရှိသော ရဟန်းသည် မမွေ့လျော်ခြင်းကို နှိပ်စက်နိုင်သောကြောင့် လုံ့လရှိသော ရဟန်းကို မမွေ့လျော်ခြင်းက မနှိပ်စက်နိုင်။

(ကိလေသာ)ကို ဖျက်ဆီးပြီးသော အလုံးစုံသော (တေဘူမိက) ကံတို့ကို ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို အဘယ်မည်သော အကုသိုလ်တရားသည် တားမြစ်နိုင်အံ့နည်း၊ တနိက္ခရှိ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ အဘယ်သူသည် ထိုရဟန္တာပုဂ္ဂိုလ်ကို ကဲ့ရဲ့ခြင်းငှါ ထိုက်ပါအံ့နည်း၊ ထိုပုဂ္ဂိုလ်ကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာကလည်း ချီးမွမ်း၏။

အဋ္ဌမသုတ်။

---

## ၉-ဓမ္မပဒသုတ်

၂၉။ ရဟန်းတို့ အမြတ်ဟု သိအပ်ကုန်သော ရှည်မြင့်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်ကုန်သော (ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏)အနွယ်အဆက်ဟု သိအပ်ကုန်သော ရှေးကျကုန်သော တရားအစုတို့သည် ဤလေးမျိုးတို့တည်း။ (ထိုတရားတို့ကို) မပယ်အပ်ကုန်၊ ဘုရားသျှင်တို့သည် ရှေးကလည်း မပယ်ဘူးကုန်၊ ယခုလည်း မပယ်အပ်ကုန်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်ကုန်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ်ကုန်။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မမက်မောခြင်း 'အနဘိဇ္ဈာ' တရားအစုကို အမြတ်ဟု သိအပ်၏၊ ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်၏၊ (ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏)အနွယ်အဆက် ဟု သိအပ်၏၊ ရှေးကျ၏၊မပယ်အပ်၊ ဘုရားသျှင်တို့သည် ရှေးကလည်း မပယ်ခဲ့၊ ယခုလည်း မပယ်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ်။

ရဟန်းတို့ မပျက်စီးစေလိုခြင်း 'အဗျာပါဒ' တရားအစုကို အမြတ်ဟုသိအပ်၏၊ ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်၏၊ (ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏) အနွယ်အဆက်ဟု သိအပ်၏၊ ရှေးကျ၏၊ မပယ်အပ်၊ (ဘုရားသျှင်တို့သည်)ရှေးကလည်း မပယ်ခဲ့၊ ယခုလည်း မပယ်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ်။

ရဟန်းတို့ မှန်ကန်သော အောက်မေ့ခြင်း 'သမ္မာသတိ' တရားအစုကို အမြတ်ဟု သိအပ်၏၊ ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်၏၊ (ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏) အနွယ်အဆက်ဟု သိအပ်၏၊ ရှေးကျ၏၊ မပယ်အပ်၊ (ဘုရားသျှင်တို့သည်) ရှေးကလည်း မပယ်ခဲ့၊ ယခုလည်း မပယ်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ်။

ရဟန်းတို့ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တရားအစုကို အမြတ်ဟု သိအပ်၏၊ ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်၏၊ (ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏) အနွယ်အဆက်ဟု သိအပ်၏၊ ရှေးကျ၏၊ မပယ်အပ်၊ (ဘုရားသျှင်တို့သည်)ရှေးကလည်း မပယ်ခဲ့၊ ယခုလည်း မပယ်၊ နောင်လည်း ပယ်လိမ့်မည်မဟုတ်၊ ပညာရှိသမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ်။

ရဟန်းတို့ အမြတ်ဟု သိအပ်ကုန်သော ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်ကုန်သော (ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏)အနွယ်အဆက်ဟု သိအပ်ကုန်သော ရှေးကျကုန်သော တရားအစု

http://www.dhammadownload.com



တို့သည် ဤလေးမျိုးတို့ပေတည်း၊ (ထိုတရားတို့ကို)မပယ်အပ်ကုန်၊ (ဘုရားသျှင်တို့သည်) ရှေးကလည်း မပယ်ခဲ့ကုန်၊ ယခုလည်း မပယ်ကုန်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်ကုန်၊ ပညာရှိ သမဏဗြာဟ္မဏ တို့သည် မကဲ့ရဲ့အပ်ကုန် ဟု (မိန့်တော်မူ၏)။

မိမိသန္တာန်၌ ကောင်းစွာ တည်ကြည်သော ရဟန်းသည် မက်မောခြင်း မများသည် ဖြစ်၍ မပျက်စီးစေလိုသော စိတ်ဖြင့် နေရာ၏၊ သတိနှင့် ပြည့်စုံလျက် တည်ကြည်သော စိတ်ရှိသည် ဖြစ်ရာ၏။

နဝမသုတ်။

## ၁၀–ပရိဗ္ဗာဇကသုတ်

၃၀။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အလွန်ထင်ရှားကျော်စောကုန်သော များစွာသော ပရိဗိုဇ်တို့သည် သပ္ပိနိကာ မြစ်ကမ်း ပရိဗိုဇ်တို့အရံ၌ နေကြကုန်၏၊ ဤသူတို့ကား အဘယ်တို့နည်း ဟူမူ—အန္နဘာရပရိဗိုဇ် ဝရဓရပရိဗိုဇ် သကုလုဒါယီပရိဗိုဇ်နှင့် အခြား အလွန်ထင်ရှား ကျော်စောကုန်သော ပရိဗိုဇ်တို့တည်း။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ သပ္ပိနိကာ မြစ်ကမ်း ပရိဗိုဇ်တို့ အရံသို့ ချဉ်းကပ်လျက် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် ထိုပရိဗိုဇ် တို့အား ဤစကားကို မိန့်တော်မူ၏—

ပရိဗိုဇ်တို့ အမြတ်ဟု သိအပ်ကုန်သော ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်ကုန်သော (အရိယာတို့၏) အနွယ်အဆက်ဟု သိအပ်ကုန်သော ရှေးကျကုန်သော တရားအစုတို့သည် ဤ လေးမျိုးတို့တည်း။ (ထိုတရားတို့ကို)မပယ်အပ်ကုန်၊ (ဘုရားသျှင်တို့သည်) ရှေးကလည်း မပယ်ခဲ့ ကုန်၊ ယခုလည်းမပယ်ကုန်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်ကုန်၊ ပညာရှိသမဏဗြာဟ္မဏတို့ မကဲ့ရဲ့ အပ်ကုန်။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ပရိဗိုဇ်တို့ မမက်မောခြင်း 'အနဘိဇ္ဈာ' တရားအစုကို အမြတ်ဟု သိအပ်၏၊ ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်၏၊ (အရိယာတို့၏)အနွယ်အဆက် ဟု သိအပ်၏၊ ရှေးကျ၏၊ မပယ်အပ်၊ (ဘုရားသျှင်တို့သည်) ရှေးကလည်း မပယ်ခဲ့ကုန်၊ ယခုလည်း မပယ်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ်။ ပရိဗိုဇ်တို့ မပျက်စီးစေလိုခြင်း 'အဗျာပါဒ'တရားအစုကို။ပ။ ပရိဗိုဇ်တို့ မှန်ကန်သော အောက်မေ့ခြင်း 'သမ္မာ သတိ' တရားအစုကို။ပ။ ပရိဗိုဇ်တို့ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တရားအစုကို အမြတ်ဟု သိအပ်၏၊ ရှည်စွာသော ကာလတို့က ဖြစ်၏ဟု သိအပ်၏၊ (အရိယာတို့၏) အနွယ် အဆက်ဟု သိအပ်၏၊ ရှေးကျ၏၊ မပယ်အပ်၊ (ဘုရားသျှင်တို့သည်) ရှေးကလည်း မပယ်ခဲ့ကုန်၊ ယခုလည်း မပယ်၊ နောင်လည်းပယ်လိမ့်မည် မဟုတ်၊ ပညာရှိ သမဏ ဗြာဟ္မဏတို့သည် မကဲ့ရဲ့အပ်။

ပရိဗိုဇ်တို့ အမြတ်ဟု သမုတ်အပ်ကုန်သော ရှည်စွာသော ကာလတို့ကဖြစ်၏ ဟု သိအပ်ကုန် သော (အရိယာတို့၏)အနွယ်အဆက်ဟု သိအပ်ကုန်သော ရှေးကျကုန်သော တရားအစုတို့သည် ဤ လေးမျိုးတို့တည်း၊ (ထိုတရားတို့ကို)မပယ်အပ်ကုန်၊ (ဘုရားသျှင်တို့သည်)ရှေးကလည်း မပယ်ခဲ့ကုန်၊ ယခုလည်း မပယ်ကုန်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်ကုန်၊ ပညာရှိ သမဏဗြာဟ္မဏတို့ မကဲ့ရဲ့အပ် ကုန်။

http://www.dhammadownload.com



ပရိဗိုဇ်တို့ "ဤမမက်မောခြင်း'အနဘိဇ္ဈာ'တရားအစုကို ပယ်စွန့်၍ မက်မောခြင်းများသော ကာမဂုဏ်တို့၌ ထက်မြက်သည့် ရာဂရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ ငင်း ငါပညတ်အံ့"ဟု ဆိုသူကို "လာစေ ဆိုစေ နှုတ်မြွက်စေ ထိုသူ၏ အစွမ်းကို ရှုအံ့"ဟု ငါဆိုပေအံ့။ ပရိဗိုဇ်တို့ မမက်မောခြင်း 'အနဘိဇ္ဈာ'တရားအစုကို ပယ်စွန့်၍ မက်မောခြင်းများသော ကာမဂုဏ်တို့၌ ထက်မြက်သည့် ရာဂရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ ငင်း ထိုသူပညတ်လိမ့်မည်ဟူသော အကြောင်းမရှိချေ။

ပရိဗိုဇ်တို့ "မပျက်စီးစေလိုခြင်း'အဗျာပါဒ'တရားအစုကို ပယ်စွန့်၍ ပျက်စီးစေလိုသည့် စိတ်ရှိသော ပြစ်မှားလိုသော စိတ်အကြံရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ ငင်း ငါ ပညတ်အံ့"ဟု ဆိုသူကို "လာစေ ဆိုစေ နှုတ်မြွက်စေ ထိုသူ၏ အစွမ်းကို ရှုအံ့"ဟု ငါဆိုပေအံ့။ ပရိဗိုဇ်တို့ မပျက်စီးစေလိုခြင်း 'အဗျာပါဒ' တရားအစုကို ပယ်စွန့်၍ ပျက်စီးစေလိုသည့် စိတ်ရှိသော ပြစ်မှားလိုသော စိတ်အကြံရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ ငင်း ထိုသူပညတ်လိမ့်မည်ဟူသော အကြောင်း မရှိချေ။

ပရိဗိုဇ်တို့ "မှန်ကန်သော အောက်မေ့ခြင်း'သမ္မာသတိ'တရားအစုကို ပယ်စွန့်၍ သတိလွတ်ကင်းသော ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'မရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ ငင်း ငါပညတ်အံ့"ဟု ဆိုသူကို "လာစေ ဆိုစေ နှုတ်မြွက်စေ ထိုသူ၏ အစွမ်းကို ရှုအံ့"ဟု ငါဆိုပေအံ့။ ပရိဗိုဇ်တို့ မှန်ကန်သော အောက်မေ့ခြင်း 'သမ္မာသတိ'တရားအစုကို ပယ်စွန့်၍ သတိလွတ်ကင်းသော ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' တရာ မရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ ငင်း ထိုသူ ပညတ်လိမ့်မည် ဟူသော အကြောင်း မရှိချေ။

ပရိဗိုဇ်တို့ "မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တရားအစုကို ပယ်စွန့်၍ မတည်ကြည် ပျံ့လွင့်သော စိတ်ရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ ငင်း ငါ ပညတ်အံ့"ဟု ဆိုသူကို "လာစေ ဆိုစေ နှုတ်မြွက်စေ ထိုသူ၏ အစွမ်းကို ရှုအံ့" ဟု ငါဆိုပေအံ့။ ပရိဗိုဇ်တို့ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တရားအစုကို ပယ်စွန့်၍ မတည်ကြည် ပျံ့လွင့်သော စိတ်ရှိသူကို သမဏဟူ၍ ငင်း ဗြာဟ္မဏဟူ၍ငင်း ထိုသူ ပညတ်လိမ့်မည် ဟူသော အကြောင်း မရှိချေ။

ပရိဗိုဇ်တို့ ဤတရားအစု လေးမျိုးတို့ကို ကဲ့ရဲ့ထိုက်၏၊ တားမြစ်ထိုက်၏ဟု အောက်မေ့သူအား မျက်မှောက်ဘဝ၌ လေးမျိုးကုန်သော အကြောင်းနှင့်တကွ (အဓမ္မိက)ဝါဒသို့ ကျရောက်ကုန်သော ကဲ့ရဲ့ဖွယ် အရာတို့သည် ရောက်လာကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မမက်မောခြင်း 'အနဘိဇ္ဈာ' တရားအစုကို အသျှင်သည် အကယ်၍ ကဲ့ရဲ့အံ့၊ အကယ်၍ တားမြစ်အံ့၊ မက်မောခြင်း 'အဘိဇ္ဈာ' များကုန်သော ကာမဂုဏ်တို့၌ ထက်မြက်သည့် ရာဂရှိသော သမဏ ဗြာဟ္မဏတို့ကို အသျှင်သည် ပူဇော်အပ်သည်မည်၏၊ အသျှင်သည် ချီးမွမ်းအပ်သည်မည်၏။ မပျက်စီး စေလိုခြင်း 'အဗျာပါဒ' တရားအစုကို အသျှင်သည် အကယ်၍ ကဲ့ရဲ့အံ့၊ အကယ်၍ တားမြစ်အံ့၊ ပျက်စီးစေလိုသော ပြစ်မှားလိုသော စိတ်အကြံရှိသော သမဏဗြာဟ္မဏတို့ကို အသျှင်သည် ပူဇော်အပ်သည်မည်၏၊ အသျှင်သည် ချီးမွမ်းအပ်သည်မည်၏။ မှန်ကန်သော အောက်မေ့ခြင်း 'သမ္မာသတိ' တရားအစုကို အသျှင်သည် အကယ်၍ ကဲ့ရဲ့သည်ဖြစ်အံ့၊ အကယ်၍ တားမြစ်သည် ဖြစ်အံ့၊ သတိလွတ်ကင်း ဆင်ခြင်ခြင်း မရှိကုန်သော သမဏဗြာဟ္မဏတို့ကို အသျှင်သည် ပူဇော်အပ်သည်မည်၏၊ အသျှင်သည် ချီးမွမ်းအပ်သည်မည်၏။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' တရားအစုကို အသျှင်သည် အကယ်၍ ကဲ့ရဲ့သည်ဖြစ်အံ့၊ အကယ်၍ တားမြစ်သည် ဖြစ်အံ့၊ မတည်ကြည်ကုန်သော ပျံ့လွင့်သော

http://www.dhammadownload.com



စိတ်ရှိကုန်သော သမဏဗြာဟ္မဏတို့ကို အသျှင်သည် ပူဇော်အပ်သည်မည်၏၊ အသျှင်သည် ချီးမွမ်းအပ်သည်မည်၏။

ပရိဗိုဇ်တို့ ဤလေးမျိုးသော တရားအစုတို့ကို ကဲ့ရဲ့ထိုက်၏၊ တားမြစ်ထိုက်၏ဟု အောက်မေ့သူအား မျက်မှောက်ဘဝ၌ လေးမျိုးကုန်သော အကြောင်းနှင့် တကွ (အမြွက်)ဝါဒသို့ ကျရောက်ကုန်သော ကဲ့ရဲ့ဖွယ်အရာတို့သည် ရောက်လာကုန်၏။ ပရိဗိုဇ်တို့ ဥက္ကလ(ဇနပုဒ်) နေ ဝဿနှင့် ဘညနှစ်ဦးတို့သည် အကြောင်းမဲ့ အယူ 'အဟေတုကဝါဒ' အပြုမဲ့အယူ 'အကိရိယဝါဒ' အကျိုးမဲ့အယူ 'နတ္ထိကဝါဒ' ရှိကုန်၏။ ထိုသူတို့သော်မှလည်း ဤတရားအစု လေးမျိုးကိုကို မကဲ့ရဲ့ထိုက်၊ မတားမြစ်ထိုက်ဟု အောက်မေ့ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ (သူတပါးတို့)ကဲ့ရဲ့ခြင်း ထိပါးခြင်း စွပ်စွဲခြင်းတို့မှ ကြောက်သောကြောင့်တည်း ဟု (မိန့်တော်မူ၏)

မပျက်စီးစေလိုသော အခါခပ်သိမ်း သတိရှိ၍ မိမိသန္တာန်၌ ကောင်းစွာ တည်ကြည်လျက် မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်ဖျောက်ကြောင်း (အရဟတ္တဖိုလ်) ၌ ကျင့်ဆဲ ဖြစ်သူကို မမေ့မလျော့သူဟု ဆိုအပ်၏။

ဒသမသုတ်။

သုံးခုမြောက် ဥရုဝေလဝဂ် ပြီး၏။

---

## ၄-စက္ကဝဂ် ၁-စက္ကသုတ်

၃၁။ ရဟန်းတို့ ပြည့်စုံခြင်း 'သမ္ပတ္တိ' စက်တို့သည် ဤလေးမျိုးတို့တည်း။ ယင်းစက်တို့နှင့် ပြည့်စုံသော နတ်လူတို့အား (သမ္ပတ္တိ) စက်လေးမျိုးသည် လည်၏၊ ယင်းစက်လေးမျိုးတို့နှင့် ပြည့်စုံသော နတ်လူတို့သည် မကြာမီပင် စည်းစိမ်တို့၌ များပြားသည့် အဖြစ် ပြန့်ပြောသည့် အဖြစ်သို့ ရောက်ကုန်၏။ အဘယ် လေးမျိုးတို့နည်း ဟူမူ—လျောက်ပတ်သော အရပ်၌ နေခြင်း သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း ရှေးဘဝက ပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်းတို့တည်း။ ရဟန်းတို့ ပြည့်စုံခြင်း 'သမ္ပတ္တိ'စက်တို့သည် ဤလေးမျိုးတို့တည်း။ ယင်းစက်တို့နှင့် ပြည့်စုံသော နတ်လူတို့အား (သမ္ပတ္တိ) စက်လေးမျိုးသည် လည်၏၊ ယင်းစက်လေးမျိုးတို့နှင့် ပြည့်စုံသော နတ်လူတို့သည် မကြာမီပင် စည်းစိမ်တို့၌ များပြားသည့် အဖြစ် ပြန့်ပြောသည့် အဖြစ်သို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

(အကြင်သူသည်) သင့်တင့် လျောက်ပတ်သော အရပ်၌ နေရာ၏၊ သူတော်ကောင်းကို အဆွေခင်ပွန်း ပြုရာ၏၊ ကောင်းစွာ(ကိုယ် နှုတ် နှလုံးကို) ထားခြင်းနှင့် ပြည့်စုံသူ ဖြစ်ရာ၏၊ ရှေးက ပြုခဲ့ဘူးသော ကောင်းမှုရှိသူ ဖြစ်ရာ၏၊ စည်းစိမ်ဥစ္စာ အခြံအရံ အကျော်အစောနှင့် ချမ်းသာခြင်းသည် ထိုသူကို လွှမ်းမိုးလေသတည်း။

ပဌမသုတ်။

---

## ၂-သင်္ဂဟသုတ်

၃၂။ ရဟန်းတို့ ချီးမြှောက်ကြောင်း 'သင်္ဂဟဝတ္ထု' တို့သည် ဤလေးမျိုးတို့တည်း၊ အဘယ် လေးမျိုးတို့နည်းဟူမူ—ပေးကမ်းခြင်း ချစ်ဖွယ် စကားကို ဆိုခြင်း အကျိုးစီးပွါးကို ကျင့်ခြင်း ကိုယ်နှင့်

http://www.dhammadownload.com



ထပ်တူပြုခြင်းတို့တည်း။ ရဟန်းတို့ ချီးမြှောက်ကြောင်း 'သင်္ဂဟဝတ္ထု' တို့သည် ဤ လေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဤလောက၌ ပေးကမ်းခြင်းငှင်း ချစ်ဖွယ်စကားကို ဆိုခြင်းငှင်း အကျိုးစီးပွါးကို ကျင့်ခြင်းငှင်း ထိုထိုအကြောင်းတို့၌ ထိုက်သည်အားလျော်စွာ ကိုယ်နှင့် ထပ်တူ ပြုခြင်းငှင်း ထိုသင်္ဂဟဝတ္ထုလေးမျိုးတို့သည် သွားနေသော ရထား၏ နားစောင့်[၁] ကဲ့သို့ လောကကို ချီးမြှောက်ကုန်၏

အကယ်၍ ထို သင်္ဂဟဝတ္ထုလေးမျိုးတို့ မရှိကုန်ငြားအံ့၊ အမိသည် သားဟူသော အကြောင်းကြောင့် ပူဇော်ခြင်း မြတ်နိုးခြင်းကို မရရာ၊ အဖသည်လည်း သားဟူသော အကြောင်းကြောင့် ပူဇော်ခြင်း မြတ်နိုးခြင်းကို မရရာ။

ထိုသင်္ဂဟဝတ္ထု လေးပါးတို့ကို ပညာရှိတို့သည် ကောင်းစွာ ရှုဆင်ခြင်ကြကုန်သောကြောင့် မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်၏၊ ကိုးပညာရှိတို့သည် ချီးမွမ်းထိုက်သူတို့ ဖြစ်ကုန်၏။

ဒုတိယသုတ်။

---

## ၃-သီဟသုတ်

၃၃။ ရဟန်းတို့ သားတို့သနင်းခြင်္သေ့မင်းသည် ညနေချမ်းအခါ နေရာမှထွက်၍ ကွန့်မြူးလျက် ပတ်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို စောင်းငဲ့ကြည့်ရှုပြီးနောက် သုံးကြိမ်ဟောက်လျက် ကျက်စားရန် ထွက်သွား၏။ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်း၏ ဟောက်သံကို ကြားကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် များသော အားဖြင့် ကြောက်ခြင်း ထိတ်ခြင်း လန့်ခြင်းသို့ရောက်ကြကုန်၏၊ တွင်းနေသတ္တဝါတို့သည် တွင်းသို့ ဝင်ကုန်၏၊ ရေနေ သတ္တဝါတို့သည် ရေသို့ငုပ်ကုန်၏၊ တောနေသတ္တဝါတို့သည် တောသို့ ဝင်ကုန်၏၊ ငှက်တို့သည် ကောင်းကင်သို့ ပျံတက်ကုန်၏၊ ရဟန်းတို့ ရွာနိဂုံး မင်းနေပြည်တို့၌ ခိုင်ခံ့သော သားရေနှောင်ကြိုးတို့ဖြင့် ဖွဲ့ချည်ထားကုန်သော မင်းစီးဆင်တို့သည်လည်း ထို နှောင်ကြိုးတို့ကို ဖြတ်တောက်ဖောက်ခွဲလျက် ကြောက်ရွံ့ကုန်သည် ဖြစ်၍ ကျင်ကြီးကျင်ငယ်ကို စွန့်ပြီးလျှင် အမှတ်မရှိ ရှေးရှုမိရာအရပ်သို့ ပြေးသွားကြကုန်၏။ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် တိရစ္ဆာန်သတ္တဝါတို့ထက် ဤသို့ပင် တန်ခိုးကြီး၏၊ ဤ သို့ပင် အစိုးရ၏၊ ဤသို့ပင် ကြီးသော အာနုဘော်ရှိ၏။

ရဟန်းတို့ ဤအတူသာလျှင် အကြင်အခါ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏

---

၁-နားစောင့်-နပန်းမှုန်း၊ လှည်း၏ဝင်ရိုးဖျား၌ ဘီးထွက်မသွားရန် တပ်ထားသော ကလန့်။

http://www.dhammadownload.com



ဆရာဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် “ဤတရားကား အထင်အရှားရှိသော ခန္ဓာငါးပါး အပေါင်း ‘သက္ကာယ’တည်း၊ ဤတရားကား သက္ကာယ၏ အကြောင်းတည်း၊ ဤတရားကား သက္ကာယ၏ ချုပ်ရာတည်း၊ ဤတရားကား သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း”ဟု တရားကို ဟောတော်မူ၏။ ရဟန်းတို့ အသက်ရှည်ကုန်သော အဆင်းလှကုန်သော ချမ်းသာခြင်းများကုန်သော မြင့်မားသည့် ဘုံဗိမာန်တို့၌ ကြာမြင့်စွာ တည်ခြင်းရှိကုန်သော နတ် ဗြဟ္မာတို့သော်မှလည်း မြတ်စွာဘုရား၏ တရားတော်ကို ကြားနာကြ၍ များသောအားဖြင့် ကြောက်ခြင်း ထိတ်ခြင်း လန့်ခြင်းသို့ရောက်ကုန်၏။ အချင်းတို့ ငါတို့သည် စင်စစ် မမြဲသည် ဖြစ်ကုန်လျက် “မြဲ၏”ဟူ၍ အောက်မေ့မိကုန်၏၊ အချင်းတို့ ငါတို့သည် စင်စစ် မခိုင်သည် ဖြစ်ကုန်လျက် “ခိုင်ကုန်၏” ဟု အောက်မေ့မိကုန်၏၊ အချင်းတို့ ငါတို့သည် စင်စစ် အမြဲ မတည်ကုန်လျက် “အမြဲတည်ကုန်၏”ဟု အောက်မေ့မိကုန်၏။ အချင်းတို့ ငါတို့သည်ကား မမြဲကုန်၊ မခိုင်ကုန် အမြဲမတည်ကုန်၊ သက္ကာယ၌ အကျုံးဝင်ကုန်သတတ်ဟု ကြောက်ခြင်း ထိတ်ခြင်း လန့်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကထက် ဤသို့ပင် ကြီးသော တန်ခိုးရှိ၏၊ ဤသို့ပင် ကြီးသော အစိုးရခြင်း ရှိ၏၊ ဤသို့ပင် ကြီးသော အာနုဘော်ရှိ၏ ဟု (မိန့်တော်မူ၏)။

အကြင်အခါ (နတ်လူတို့)ဆရာဖြစ်သော ပြိုင်ဘက်ကင်းသော မြတ်စွာဘုရားသည် (ခန္ဓာငါးပါး)ဟူသော သက္ကာယကိုရင်း သက္ကာယ၏ချုပ်ရာ နိဗ္ဗာန်ကိုရင်း သက္ကာယ၏ ဖြစ်ကြောင်းကိုရင်း ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကိုရင်း ထူးသော ဉာဏ်ဖြင့် သိတော်မူ၍ နတ်နှင့်တကွသော လူအပေါင်းအား တရားစကြာကို လည်စေတော်မူ၏။

(ထိုအခါ)အသက်ရှည်၍ အဆင်းလှကုန်သော အခြံအရံများကုန်သော နတ် ဗြဟ္မာကြီးတို့သော်မှလည်း ခြင်သေ့မင်းအား ကြောက်ရွံ့ကုန်သော တပါးသော သတ္တဝါတို့ကဲ့သို့ ကိလေသာမှ လွတ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၏ စကားတော်ကို ကြားနာရ၍ အချင်းတို့ ငါတို့သည် သက္ကာယ ‘ခန္ဓာငါးပါး အပေါင်း’ကို မလွန်နိုင်ကုန်သည်ဖြစ်၍ အမြဲ မရှိကုန်သတတ်ဟု ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။

တတိယသုတ်။

## ၄-ပသာဒသုတ်

၃၄။ ရဟန်းတို့ အမြတ်တို့၌ ကြည်ညိုခြင်းတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အခြေမရှိသော သတ္တဝါ အခြေ နှစ်ချောင်းရှိသတ္တဝါ အခြေလေးချောင်း ရှိသတ္တဝါ များသော အခြေရှိသတ္တဝါ ရုပ်ရှိသတ္တဝါ ရုပ်မဲ့သတ္တဝါ သညာရှိသတ္တဝါ သညာမဲ့သတ္တဝါ ရုန့်ရင်းသော သညာကားမရှိ သိမ်မွေ့သော သညာ မရှိသည် မဟုတ်သော သတ္တဝါအားလုံးတို့ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ

http://www.dhammadownload.com



သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုထိုက်၏။ ရဟန်းတို့ မြတ်စွာဘုရား၌ ကြည်ညိုသော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသောသူတို့အား မြတ်သော အကျိုးသည် ဖြစ်၏။

ရဟန်းတို့ အပြုပြင်ခံ 'သင်္ခတ' တရား ရှိသမျှတို့ထက် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အမြတ်ဆုံးဟု ဆိုထိုက်၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသောအရိယမဂ်၌ ကြည်ညိုကုန်သော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုကုန်သော သူတို့အား မြတ်သော အကျိုးသည် ဖြစ်၏။

ရဟန်းတို့ အပြုပြင်ခံ'သင်္ခတ'တရား အပြုပြင်ကင်း'အသင်္ခတ'တရား ရှိသမျှတို့ထက် ရာဂဟူသော ယစ်ခြင်းကင်းရာ ရာဂဟူသော မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ အတွယ်အတာကို ပယ်ခွါရာ ဝဋ္ဋ(မြစ်) ပြတ်ရာ တဏှာကုန်ရာ ကင်းပြတ်ရာ ချုပ်ရာ ငြိမ်းအေးရာနိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုထိုက်၏။ ရဟန်းတို့ နိဗ္ဗာန်တရား၌ ကြည်ညိုသောသူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ကြည်ညိုသော သူတို့အား မြတ်သော အကျိုးသည် ဖြစ်၏။

ရဟန်းတို့ အပေါင်း 'သံဃာ' ဂိုဏ်း'ဂဏ' ရှိသမျှတို့ထက် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော ဧည့်သည့်ဘို့ အလို့ငှါ စီမံထားသော ဝတ္ထုကို သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်ကုန်သော လက်အုပ်ချီခြင်းငှါ ထိုက်ကုန်သော သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ကုန်သော အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက် ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာကို အမြတ်ဆုံးဟု ဆိုထိုက်၏။ ရဟန်းတို့ မြတ်စွာဘုရား၏ တပည့်သံဃာ၌ ကြည်ညိုသော သူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညို ကုန်သော သူတို့အား မြတ်သော အကျိုးသည် ဖြစ်၏။ ရဟန်းတို့ အမြတ်၌ ကြည်ညိုခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

မြတ်သော (ရတနာသုံးပါး၏) ဂုဏ်ကို သိကုန်သည် ဖြစ်၍ အမြတ်(ရတနာသုံးပါး)၌ စင်စစ် ကြည်ညိုသူတို့အားရင်း အတုမရှိ မြတ်သော အလှူကို ခံထိုက်သော မြတ်သော ဘုရား၌ ကြည်ညိုကုန်သော သူတို့အားရင်း တပ်မက်ခြင်း 'ရာဂ'ကင်းရာ ငြိမ်းအေးရာဖြစ်သော ချမ်းသာကြောင်း ဖြစ်သော မြတ်သော တရား၌ ကြည်ညိုကုန်သူတို့အားရင်း ကောင်းမှု ပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော မြတ်သော သံဃာ၌ ကြည်ညိုကုန်သူတို့အားရင်း အမြတ် (ရတနာသုံးပါး)၌ အလှူကို ပေးလှူသူတို့အားရင်း မြတ်သော ကောင်းမှုသည် တိုးပွါး၏၊ မြတ်သော အသက်ရှည်ခြင်းသည်ရင်း အဆင်းလှခြင်းသည်ရင်း အခြံအရံ များခြင်းသည်ရင်း ကျော်စောခြင်းသည်ရင်း ချမ်းသာခြင်း သည်ရင်း ကိုယ်အား ဉာဏ်အားသည်ရင်း တိုးပွါး၏။

မြတ်သော ဂုဏ်တရားနှင့် ပြည့်စုံသော မြတ်သော ရတနာသုံးပါးအား ပေးလှူတတ်သော ပညာရှိသော နတ်ဖြစ်စေ လူဖြစ်စေ အမြတ်သို့ ရောက်သည်ဖြစ်၍ မွေ့လျော်ရလေသတည်း။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဝဿကာရသုတ်

၃၅။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မဂဓတိုင်း၏ အမတ်ကြီး ဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

အသျှင်ဂေါတမ အကျွန်ုပ်တို့သည် တရားလေးမျိုးတို့နှင့် ပြည့်စုံသူကို မြတ်သော ပညာရှိ မြတ်သော ယောကျ်ားဟု ပညတ်ပါကုန်၏။အဘယ်လေးမျိုးတို့နည်း ဟူမူ–အသျှင်ဂေါတမ ဤလောက၌ အကြင်သူသည် ထိုထိုအကြားအမြင်ဖြင့် များသော အကြားအမြင်ရှိ၏။ "ဤသည်ကား ဤစကား၏ အနက်တည်း၊ ဤသည်ကား ဤစကား၏ အဓိပ္ပါယ်တည်း"ဟု ထိုထိုစကား၏ သာလျှင် အနက်ကို သိ၏။ သတိနှင့်ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုခဲ့သော အမှုကိုငှင်း ကြာမြင့်စွာက ပြောခဲ့သော စကားကိုငှင်း အောက်မေ့နိုင်၏၊ အပြန်ပြန် အောက်မေ့နိုင်၏။ အိမ်ရာထောင်သော လူတို့သည် ပြုအပ်ကုန်သော ပြုဖွယ်ကိစ္စတို့၌ ကျွမ်းကျင်၏၊ ပျင်းရိခြင်း မရှိ၊ ထိုပြုဖွယ်ကိစ္စတို့၌ သင့် မသင့်သော အကြောင်းကို စုံစမ်းဆင်ခြင်တတ်သော ဉာဏ်နှင့် ပြည့်စုံ၏၊ကိုယ်တိုင် ပြုရန် စွမ်းနိုင်၏၊ (သူတပါးကို) စီမံရန် စွမ်းနိုင်၏။ အသျှင်ဂေါတမ ဤ တရားလေးမျိုးတို့နှင့် ပြည့်စုံသူကို အကျွန်ုပ်တို့သည် မြတ်သော ပညာရှိ မြတ်သော ယောကျ်ားဟူ၍ ပညတ်ပါကုန်၏။ အသျှင်ဂေါတမ အကျွန်ုပ်၏ စကားကို အကယ်၍ ကောင်းချီးခေါ်သင့်သည် ဖြစ်အံ့၊ အသျှင်ဂေါတမသည် ကောင်းချီး ခေါ်တော်မူပါ၊ အသျှင်ဂေါတမ အကယ်၍ တားမြစ်သင့်သည် ဖြစ်အံ့၊ အသျှင်ဂေါတမသည် တားမြစ်တော်မူပါဟု (လျှောက်၏)။

ပုဏ္ဏား ငါသည် သင့်စကားကို ကောင်းချီးလည်း မခေါ် တားလည်း မတားမြစ်။ပုဏ္ဏား တရားလေးမျိုးတို့နှင့် ပြည့်စုံသူကို မြတ်သော ပညာရှိ မြတ်သောယောကျ်ားဟု ငါပညတ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ–ပုဏ္ဏား ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် လူအများ၏ အကျိုးစီးပွါးရှိရန် ကျင့်၏၊ လူအများ ချမ်းသာရန် ကျင့်၏။ ထိုပုဂ္ဂိုလ်သည် လူများအပေါင်းကို ကောင်းသောသဘော အပြစ်မရှိသော သဘော ဖြစ်သော အရိယာမဂ်၌ တည်စေတတ်၏၊ ထိုပုဂ္ဂိုလ်သည် အလိုရှိသော အကြံကို ကြံ၏၊အလိုမရှိသော အကြံကို မကြံ၊အလိုရှိသောတွေးတောမှုကို တွေးတော၏၊ အလိုမရှိသော တွေးတောမှုကို မတွေးတော၊ဤသို့ကြံစည်ခြင်း'ဝိတက်'တို့၌ စိတ်၏လေ့လာခြင်းသို့ ရောက်၏။ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းရ၏။ အာသဝေါတရား၏ ကုန်ခြင်း ကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်လျက်နေ၏။ ပုဏ္ဏား ငါသည် သင့်စကားကို ကောင်းချီးလည်း မခေါ် တားလည်း မတားမြစ်။ ပုဏ္ဏား ဤ တရားလေးမျိုးတို့နှင့် ပြည့်စုံသူကို မြတ်သော ပညာရှိ မြတ်သော ယောကျ်ား ဟု ငါပညတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အံ့ဖွယ် ရှိပါပေ၏၊အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အသျှင်ဂေါတမ သည် ဤစကားကို အလွန်ကောင်းစွာ ဟောအပ်ပါပေ၏၊ အသျှင်ဂေါတမ အကျွန်ုပ်တို့သည် အသျှင်

http://www.dhammadownload.com



ဂေါတမကို ဤတရား လေးမျိုးတို့နှင့် ပြည့်စုံ၏ ဟူ၍ မှတ်ပါကုန်၏ “အသျှင်ဂေါတမသည် လူအများ၏ အကျိုးစီးပွါးရှိရန် လူအများချမ်းသာ ရန် ကျင့်ပါပေ၏၊ လူအပေါင်းကို ကောင်းသော သဘော အပြစ်မရှိသော သဘောဖြစ်သော အရိယာမဂ်၌ တည်စေတတ်ပါပေ၏။အသျှင်ဂေါတမသည် အလိုရှိသော အကြံကို ကြံပါပေ၏၊ အလိုမရှိသော အကြံကို မကြံပါ၊အလိုရှိသော တွေးတောမှုကို တွေးတောပါပေ၏၊ အလိုမရှိသော တွေးတောမှုကို မတွေးတောပါ၊ဤသို့ ကြံစည်ခြင်း ‘ဝိတက်’တို့၌ အသျှင်ဂေါတမသည် စိတ်၏ လေ့လာခြင်းသို့ ရောက်ပါ၏။ အသျှင်ဂေါတမသည် လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရကြောင်း ဖြစ်ကုန်သော ဈာန်တို့ကို အလိုရှိတိုင်း ရပါ၏၊ မငြိုမငြင် ရပါ၏၊ မပင်မပန်း ရပါ၏။ အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ စိတ်နှင့် လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ ပညာကို ယခုဘဝ၌ ပင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်လျက်နေရပါ၏” ဟု (လျှောက်၏)။

ပုဏ္ဏား သင်သည် စင်စစ်(ငါ့ကို ဂုဏ်ကို)ထိပါး ပုတ်ခတ်လျက် ဤစကားကို ဆိုဘိ၏၊ အမှန်အားဖြင့် ငါသည်သာ သင့်အား ပြောကြားအံ့ “ပုဏ္ဏား ငါသည် လူအများ၏ အကျိုးစီးပွါးဖြစ်ရန် ကျင့်၏၊ လူအများ ချမ်းသာရန် ကျင့်၏။ လူအပေါင်းကို ကောင်းသော သဘော အပြစ်မရှိသော သဘော ဖြစ်သော အရိယာမဂ်၌ တည်စေတတ်၏။ ပုဏ္ဏား ငါသည် အလိုရှိသော အကြံကို ကြံ၏၊ အလိုမရှိသော အကြံကို မကြံ၊အလိုရှိသော တွေးတောမှုကို တွေးတော၏၊ အလိုမရှိသော တွေးတောမှုကို မတွေးတော၊ ပုဏ္ဏား ငါသည် ကြံစည်ခြင်း‘ဝိတက်’တို့၌ စိတ်၏လေ့လာခြင်းသို့ ရောက်၏။ ပုဏ္ဏား ငါသည် လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်း ဖြစ်ကုန်သော ဈာန်တို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင် ရ၏၊မပင်မပန်း ရ၏၊ အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ စိတ်နှင့် လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်လျက် နေ၏” ဟု (မိန့်တော်မူ၏)။

အကြင်မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ သေမင်းဟူသော ကျော့ကွင်းမှ လွတ်ကြောင်းဖြစ်သော မဂ်တရားကို သိပြီ၊လူနတ်တို့၏ အစီးအပွါးဖြစ်သော အရိယာမဂ်တရားကို ထင်ရှားပြတော်မူ၏၊ ယင်း(မဂ်)တရားကို စင်စစ် မြင်၍၎င်း ကြားနာရ၍၎င်း လူအများတို့သည် ကြည်ညိုကြကုန်၏။

မဂ်ဟုတ်သည် မဟုတ်သည်၌ လိမ္မာတော်မူသော မဂ်ကိစ္စကို ပြုပြီးသော အာသဝေါတရား မရှိသော အဆုံးစွန်သော အတ္တဘောကို ဆောင်သော ထိုမြတ်စွာဘုရားကို မြတ်သောပညာရှိ မြတ်သောယောကျ်ား ဟု ဆိုအပ်၏။

ပဉ္စမသုတ်။

---

## ၆-ဒေါဏသုတ်

၃၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့အကြား၌ ခရီးရှည် ကြွတော်မူ၏၊ဒေါဏပုဏ္ဏားသည်လည်း ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့ အကြား၌ ခရီးရှည်သွား၏၊ ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေတော်ရာတို့၌ အကန့်တထောင်ရှိသော အကွပ်နှင့်တကွ ဖြစ်ကုန်သော

http://www.dhammadownload.com



ပုန်တောင်းနှင့် တကွ ဖြစ်ကုန်သော အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံသော စက်(လက္ခဏာ) တို့ကို မြင်လေသော် "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဤခြေရာတို့သည် စင်စစ် လူဖြစ်သူ၏ခြေရာတို့ ဖြစ်နိုင်လိမ့်မည် မဟုတ်ကုန်" ဟု အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ခရီးလမ်းမှ ဖဲ၍ တခုသော သစ်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ (ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကို ဖြစ်စေလျက် (သီတင်းသုံး) ထိုင်နေတော်မူ၏။ ထိုအခါ ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေတော်ရာတို့သို့ အစဉ်လိုက်လတ်သော် တခုသော သစ်ပင်ရင်း၌ ကြည်ညိုဖွယ်ရှိသော ကြည်ညိုစိတ်ကို ဖြစ်စေနိုင်သော ငြိမ်သက်သော ဣန္ဒြေ ငြိမ်သက်သော စိတ်ရှိသော မြတ်သော အရဟတ္တဖိုလ် ယဉ်ကျေးရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိသို့ ရောက်လျက် ယဉ်ကျေးပြီး စောင့်စည်းပြီး ထိန်းသိမ်းပြီးသော ဣန္ဒြေရှိသော ဆင်ပြောင်ကြီးအလား ထိုင်နေသော မြတ်စွာဘုရားကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သည် နတ်ဖြစ်လိမ့်မည်လော ဟု မြတ်စွာဘုရားအား လျှောက်၏။

ပုဏ္ဏား ငါသည် နတ်ဖြစ်လိမ့်မည် မဟုတ် ဟု (မိန့်တော်မူ၏)။ အသျှင်သည် ဂန္ဓဗ္ဗ နတ်ဖြစ်လိမ့်မည်လော ဟု (လျှောက်ပြန်၏)။ပုဏ္ဏား ငါသည် ဂန္ဓဗ္ဗနတ်ဖြစ်လိမ့်မည် မဟုတ် ဟု(မိန့်တော်မူ၏)။ အသျှင်သည် ဘီလူးဖြစ်လိမ့်မည်လော ဟု (လျှောက်ပြန်၏)။ ပုဏ္ဏား ငါသည် ဘီလူးဖြစ်လိမ့်မည် မဟုတ် ဟု (မိန့်တော်မူ၏)။ အသျှင်သည် လူဖြစ်လိမ့်မည်လော ဟု (လျှောက်ပြန်၏)။ ပုဏ္ဏား ငါသည် လူဖြစ်လိမ့်မည် မဟုတ် ဟု (မိန့်တော်မူ၏)။

အသျှင်သည် နတ်ဖြစ်လိမ့်မည်လော ဟု မေးလတ်သော် "ပုဏ္ဏား ငါသည် နတ်ဖြစ်လိမ့်မည် မဟုတ်" ဟု မိန့်တော်မူဘိ၏။ အသျှင်သည် ဂန္ဓဗ္ဗနတ် ဖြစ်လိမ့်မည်လော ဟု မေးလတ်သော် "ပုဏ္ဏား ငါသည် ဂန္ဓဗ္ဗ နတ်ဖြစ်လိမ့်မည် မဟုတ်" ဟု မိန့်တော်မူဘိ၏။ အသျှင်သည် ဘီလူးဖြစ်လိမ့်မည်လော ဟု မေးလတ်သော် "ပုဏ္ဏား ငါသည် ဘီလူးဖြစ်လိမ့်မည် မဟုတ်" ဟု မိန့်တော်မူဘိ၏။ အသျှင်သည် လူဖြစ်လိမ့်မည်လော ဟု မေးလတ်သော် "ပုဏ္ဏား ငါသည် လူဖြစ်လိမ့်မည် မဟုတ်" ဟု မိန့်တော်မူဘိ၏။ သို့ဖြစ်လျှင် အသျှင်သည် အဘယ်သို့သော ပုဂ္ဂိုလ် ဖြစ်ပါလိမ့်မည်နည်း ဟု (လျှောက်၏)။

ပုဏ္ဏား ငါသည် အကြင်အာသဝေါ တရားတို့ကို မပယ်ရသေးသောကြောင့် နတ်ဖြစ်ရာ၏၊ ထိုအာသဝေါတရားတို့ကို ငါပယ်ပြီးပြီ၊ အမြစ်ရင်းကို ဖြတ်ပြီးပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ တဖန် မဖြစ်နိုင်အောင် ပြုပြီးပြီ၊ နောင်တဖန် မဖြစ်ခြင်း သဘောရှိပြီ။ ပုဏ္ဏား ငါသည် အကြင် အာသဝေါတရားတို့ကို မပယ်ရသေးသောကြောင့် ဂန္ဓဗ္ဗနတ်ဖြစ်ရာ၏၊ ဘီလူးဖြစ်ရာ၏၊ လူဖြစ်ရာ၏၊ ထိုအာသဝေါတရားတို့ကို ငါပယ်ပြီးပြီ၊ အမြစ်ရင်းကို ဖြတ်ပြီးပြီ၊နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ပြုပြီးပြီ၊ တဖန် မဖြစ်နိုင်အောင် ပြုပြီးပြီ၊ နောင်တဖန် မဖြစ်ခြင်း သဘောရှိပြီ။ ပုဏ္ဏား ရေ၌ပေါက်သော ရေ၌ ကြီးပွါးသာ ဥပ္ပလကြာသည်ရင်း ပဒုမာကြာသည်ရင်း ပုဏ္ဍရိက်ကြာသည်ရင်း ရေမှ အထက်သို့ တက်၍ ရေဖြင့် မလိမ်းကျံပဲ တည်သကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် လောက၌ ဖြစ်သော လောက၌ ကြီးပွါးသော ငါသည် လောကကို လွှမ်းမိုး၍ (သင်္ခါရ) လောကနှင့် လိမ်းကျံကပ်ငြိခြင်း မရှိပဲ နေ၏၊ ပုဏ္ဏား(ထို့ကြောင့်)ငါ့ကို"ဗုဒ္ဓ" ဟု သိမှတ်လေလော့" ဟု (မိန့်တော်မူ၏)။

ပုဏ္ဏား အကြင်အာသဝေါတရားကြောင့် နတ်ဖြစ်ရာ၏၊ ကောင်းကင်သို့ သွားသော ဂန္ဓဗ္ဗနတ် ဖြစ်ရာ၏၊ အကြင်အာသဝေါတရားကြောင့် ဘီလူးအဖြစ်သို့ရောက်ရာ၏၊ လူအဖြစ်သို့လည်း

http://www.dhammadownload.com



ရောက်ရာ၏၊ ငါ့အား ထိုအာသဝေါတရားတို့ ကုန်ပြီ၊ ဖျက်ဆီးအပ် ကုန်ပြီ၊ အနှောင်အဖွဲ့ကင်းအောင် ပြုပြီးကုန်ပြီ။

ကောင်းသော ကြာပုဏ္ဍရိက်သည် ရေဖြင့် မလိမ်းကျံသကဲ့သို့ ထို့အတူ သခါရလောကနှင့် မလိမ်းကျံပေ၊ ပုဏ္ဏား ထို့ကြောင့် ငါသည် ဗုဒ္ဓဖြစ်၏။

ဆဋ္ဌသုတ်။

## ၇-အပရိဟာနိယသုတ်

၃၇။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှါ မထိုက် နိဗ္ဗာန်၏ အနီး၌သာ ဖြစ်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ — ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလနှင့် ပြည့်စုံ၏၊ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိ၏၊ အစားအစာ၌ အတိုင်းအရှည်ကို သိ၏၊ နိုးကြားခြင်း၌ ယှဉ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်း၍ နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟုရှုလေ့ရှိသည် ဖြစ်၍ သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သော် (ယောကျ်ား မိန်းမဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော) အမှတ်လက္ခဏာငယ်ကို စွဲယူလေ့မရှိ အကြင် အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသော်။ပ။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။ပ။ လျှာဖြင့် ရသာရုံကို လျက်သော်။ပ။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့သော်။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် (ယောကျ်ားမိန်းမ ဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော) အမှတ်လက္ခဏာငယ်ကို စွဲယူလေ့မရှိ၊ အကြင်အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ရာ၏၊ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အစားအစာ၌ အတိုင်းအရှည်ကို သိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်လျော်သော အကြောင်းအားဖြင့် ဆင်ခြင်၍ အစာအာဟာရကို စားမျို၏၊ မြူးထူးရန် မာန်ယစ်ရန် တန်ဆာဆင်ရန် မစား၊ (အရေအဆင်း) ဖွံ့ ဖြိုးတိုးပွါးရန် မစား၊ ဤခန္ဓာကိုယ် ကြာမြင့်စွာ တည်တံ့ရန်မျှသာ မျှတရန်မျှသာ၊ ဆာလောင်မှုတ်သိပ်၍ ပင်ပန်း

http://www.dhammadownload.com



ခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သော အကျင့်ကို ချီးမြှောက်ရန်မျှသာ အစာ 'အာဟာရ'ကို စားမျို၏၊ ဤသို့ စားမျိုခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်၎င်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာနေရခြင်းသည် ဖြစ်ပေလိမ့်မည် ဟု အစာ (အာဟာရ)ကို စားမျို၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အစားအစာ၌ အတိုင်းအရှည်ကို သိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နိုးကြားခြင်း၌ ယှဉ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နေ့အခါ စင်္ကြံသွားခြင်းဖြင့် ထိုင်ခြင်းဖြင့် (ကုသိုလ်တရားတို့ကို) ပိတ်ပင်တတ်သော 'နီဝရဏ'တရားတို့မှ စိတ်ကို သုတ်သင်၏၊ ညဉ့်ဦးယံ၌ စင်္ကြံသွားခြင်းဖြင့် ထိုင်ခြင်းဖြင့် (ကုသိုလ်တရားတို့ကို) ပိတ်ပင်တတ်ကုန်သော 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်၏။ သန်ကောင်ယံ၌ ခြေတဖက်၌ ခြေတဖက်ကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ ဟူသော အမှတ်သညာကို နှလုံးသွင်းလျက် လက်ျာနံတောင်းဖြင့် မြတ်သော အိပ်ခြင်းကို ပြု၏။ မိုးသောက်ယံ၌ စောစောထ၍ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် (ကုသိုလ်တရားတို့ကို) ပိတ်ပင်တတ်သော 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နိုးကြားခြင်းနှင့် ယှဉ်၏။ ရဟန်းတို့ ဤ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်ဆုတ်ယုတ်ခြင်းငှါ မထိုက်၊ နိဗ္ဗာန်၏ အနီး၌သာ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သီလ၌ တည်သော ဣန္ဒြေတို့၌လည်း စောင့်စည်းသော အစားအစာ၌လည်း အတိုင်းအရှည်ကို သိသော ရဟန်းသည် နိုးကြားခြင်း၌ အားထုတ်၏။

ဤသို့ နေလေ့ရှိသော (ကိလေသာကို)ပူပန်စေတတ်သော လုံ့လရှိသော နေ့ညဥ့်ပတ်လုံး ပျင်းရိခြင်း မရှိမူ၍ ယောဂလေးပါးကြောင့် ဘေးမရှိရာ (နိဗ္ဗာန်)သို့ ရောက်ခြင်းငှါ ကုသိုလ်တရားကို ပွါးစေသော မမေ့မလျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၌ ဘေးအားဖြင့် ရှုလေ့ရှိသော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှါ မထိုက်၊နိဗ္ဗာန်၏အနီး၌သာ ဖြစ်လေသတည်း။

သတ္တမသုတ်။

---

## ၈-ပတိလီနသုတ်

၃၈။ ရဟန်းတို့ သီးခြားဖြစ်သော (ဒိဋ္ဌိ)သစ္စာတို့ကို နှတ်ပယ်ပြီးသော ရှာမှီးခြင်းကို လုံးဝစွန့်ပယ်ပြီးဖြစ်သော ကာယသင်္ခါရ ငြိမ်းပြီးသော ရဟန်းကို(တယောက်တည်း)ကိန်းအောင်းသူဟု ဆိုအပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီးခြားဖြစ်သော (ဒိဋ္ဌိ) သစ္စာတို့ကို နှတ်ပယ်ပြီးဖြစ်သနည်း၊ ရဟန်းတို့ များစွာသော သမဏဗြာဟ္မဏတို့၏ များစွာသော သီးခြားဖြစ်သော သစ္စာတို့သည်ရှိကုန်၏။ဤသည်ကား အဘယ်တို့နည်းဟူမူ—"လောကသည် မြဲ၏၊လောကသည် မမြဲ" "လောကသည် အဆုံးရှိ၏၊ လောကသည် အဆုံးမရှိ" "ထိုအသက်သည်ပင် ထိုကိုယ်တည်း"၊ "အသက်သည်တခြား ကိုယ်သည်တခြား"၊ "သတ္တဝါသည် သေပြီးနောက် ဖြစ်၏၊သတ္တဝါသည် သေပြီးနောက် မဖြစ်"၊ "သတ္တဝါသည် သေပြီးနောက် ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ်"၊ "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်"ဟူသည်တို့တည်း၊ ထိုများစွာသော (ဒိဋ္ဌိ)သစ္စာအားလုံးတို့ကို ရဟန်းသည် နှတ်ပယ်ပြီး ကောင်းစွာပယ်ပြီး စွန့်ပြီး ထွေးအန်ပြီး လွှတ်ပြီး

http://www.dhammadownload.com



စွန့်ပယ်ပြီး လုံးဝစွန့်ပြီး ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီးခြားဖြစ်သော (ဒိဋ္ဌိ) သစ္စာတို့ကို နုတ်ပယ်ပြီး ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရှာမှီးခြင်းကို လုံးဝစွန့်ပယ်ပြီး ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်ရှာမှီးခြင်းကို စွန့်ပယ်ပြီးဖြစ်၏၊ ဘဝရှာမှီးခြင်းကို စွန့်ပယ်ပြီး ဖြစ်၏၊ မြတ်သော အကျင့်ကို ရှာမှီးခြင်းသည် ငြိမ်း၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရှာမှီးခြင်းကို လုံးဝ စွန့်ပယ်ပြီး ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကာယသင်္ခါရ ငြိမ်းပြီး ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာခြင်းကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်းကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းမြောက်ခြင်း နှလုံးမသာခြင်းတို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော လျစ်လျူရှုမှုကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကာယသင်္ခါရ ငြိမ်းပြီး ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (တယောက်တည်း) ကိန်းအောင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငါဟူသော မာန်ကို ပယ်၏၊ အမြစ်ရင်းကို ဖြတ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြု၏၊ တဖန် မဖြစ်ခြင်းကို ပြု၏၊ နောင်တဖန် မဖြစ်ခြင်း သဘောရှိ၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (တယောက်တည်း) ကိန်းအောင်းသည် မည်၏။ ရဟန်းတို့ သီးခြား ဖြစ်သော (ဒိဋ္ဌိ)သစ္စာတို့ကို ပယ်ပြီးသော ရှာမှီးခြင်းကို လုံးဝစွန့်ပယ်ပြီးဖြစ်သော ကာယသင်္ခါရ ငြိမ်းပြီးသော ရဟန်းကို (တယောက်တည်း) ကိန်းအောင်းသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အလုံးစုံ ရာဂဖြင့် တပ်မက်ခြင်း ကင်းသော တဏှာကုန်ရာ (နိဗ္ဗာန်၌ ဖြစ်သော အရဟတ္တဖိုလ်) ဝိမုတ္တိရှိသော ရဟန်းသည် မြတ်သော အကျင့်ကို ရှာမှီးခြင်းနှင့် တကွ ကာမဂုဏ်ကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း ဟု ဆိုအပ်သော ရှာမှီးခြင်းတို့ကို စွန့်အပ်ကုန်၏၊ ဤအယူသာ မှန်၏ ဟု မှားသောအားဖြင့် သုံးသပ်ခြင်းရင်း စိုက်ထောင်အပ်သော မိစ္ဆာဒိဋ္ဌိ အကြောင်းတို့ ရင်း ဤသို့ ဒိဋ္ဌိအကြောင်းတို့ကိုလည်း ကောင်းစွာ နုတ်ပယ်အပ်ကုန်၏။

စင်စစ်အားဖြင့် (ကိလေသာ)ငြိမ်းပြီးသော သတိရှိသော ကိုယ် စိတ် ငြိမ်းခြင်းရှိသော (တစုံတရာသော ကိလေသာ ရန်သူတို့)မအောင်အပ်သော သစ္စာလေးပါးတရားကို သိသော ရဟန်းကို မာနနုတ်ပယ်ပြီးဖြစ်သောကြောင့် (တယောက်တည်း) ကိန်းအောင်းသူဟု ဆိုအပ် လေသတည်း။

အဋ္ဌမသုတ်။

---

## ၉-ဥဇ္ဇယသုတ်

၃၉။ ထိုအခါ ဥဇ္ဇယပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားတို့ကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင် ဂေါတမသည်လည်း ယဇ်(ပူဇော်ခြင်း)ကို ချီးမွမ်းသည်

http://www.dhammadownload.com



မဟုတ်ပါလော”ဟု လျှောက်၏၊ ပုဏ္ဏား ငါသည် အလုံးစုံသော ယဇ်ကို ချီးမွမ်းသည် မဟုတ်၊ သို့သော်လည်း မချီးမွမ်းသည်ကား မဟုတ်သေးပေ၊ ပုဏ္ဏား အကြင်သို့ သဘောရှိသော ယဇ်၌ နွား တို့ကို သတ်ရကုန်၏၊ ဆိတ် သိုး ကြက် ဝက်တို့ကို သတ်ရကုန်၏၊အထူးထူး အပြားပြား သော သတ္တဝါ တို့သည် သေကြေ ပျက်စီးခြင်းသို့ ရောက်ရကုန်၏၊ပုဏ္ဏား ငါသည် ဤ သို့ သဘောရှိသော ညှဉ်းဆဲ သတ်ဖြတ်မှုရှိသော ယဇ်ကို မချီးမွမ်း၊ ထိုသို့ မချီးမွမ်းခြင်းသည် အဘယ့်ကြောင့်နည်း။ ပုဏ္ဏား ဤသို့ သဘောရှိသော သတ်ဖြတ်ညှဉ်းဆဲမှုရှိသော ယဇ်သို့ ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်သော ပုဂ္ဂိုလ်တို့သည်၎င်း မချဉ်းကပ်ကုန်သောကြောင့်တည်း။

ပုဏ္ဏား အကြင်သို့ သဘောရှိသော ယဇ်၌ကား နွားတို့ကို မသတ်ရကုန်၊ ဆိတ် သိုး ကြက် ဝက် တို့ကို မသတ်ရကုန်၊ အထူးထူး အပြားပြားသော သတ္တဝါတို့သည် သေကြေ ပျက်စီးခြင်းသို့ မရောက်ရကုန်၊ ပုဏ္ဏား ဤသို့ သဘောရှိသော ညှဉ်းဆဲသတ်ဖြတ်မှု မရှိသော အမြဲလှူနေကျ ဒါနနှင့် မျိုးရိုးစဉ်ဆက် အလှူယဇ်ကို ငါချီးမွမ်း၏၊ထိုသို့ ချီးမွမ်းခြင်းသည် အဘယ့်ကြောင့်နည်း။ပုဏ္ဏား ဤသို့ သဘောရှိသော သတ်ဖြတ် ညှဉ်းဆဲမှု မရှိသော ယဇ်သို့ ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်သော ပုဂ္ဂိုလ်တို့သည်၎င်း ချဉ်းကပ်ကုန်သောကြောင့် တည်း ဟု (မိန့်တော်မူ၏)။

အဿမေဓယဇ် ပုရိသမေဓယဇ် သမ္မာပါသယဇ် ဝါဇပေယျယဇ် နိရဂ္ဂဠယဇ် ဟူသော များ သော ပြုဖွယ်ရှိကုန်သော ထိုယဇ်ကြီးတို့သည် အကျိုး မကြီးကုန်။

ယင်း ယဇ်ကြီးတို့၌ အထူးထူး အပြားပြားသော ဆိတ်နှင့် သိုးတို့ကို၎င်း နွားတို့ကို၎င်း သတ်ရကုန်၏၊ညီညွတ်ခြင်းသို့ရောက်ကုန်သော အမြတ်(သီလစသည့် ဂုဏ်အထူး)ကို ရှာမှီးလေ့ ရှိကုန်သော (ရဟန္တာ)ပုဂ္ဂိုလ်တို့သည် ထိုယဇ်သို့ မချဉ်းကပ်ကုန်။

အကြင်ယဇ်တို့သည်ကား (သတ္တဝါတို့ကို)သတ်ဖြတ်ညှဉ်းဆဲမှု မရှိကုန်၊အခါခပ်သိမ်း မျိုးရိုး စဉ်ဆက် အလှူကို ပူဇော်ကုန်၏၊ ဤသို့ အထူးထူးအပြားပြားသော ဆိတ်နှင့် သိုးတို့ကို၎င်း နွားတို့ကို၎င်း မသတ်ဖြတ်ရကုန်၊ ညီညွတ်ခြင်းသို့ ရောက်ကုန်သော အမြတ် (သီလစသော ဂုဏ်အထူး)ကို ရှာမှီးလေ့ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း ထိုယဇ်သို့ ချဉ်းကပ် ကုန်၏။

ပညာရှိပုဂ္ဂိုလ်တို့သည် ထိုယဇ်ကို ပူဇော်ကုန်ရာ၏၊ ထိုယဇ်သည် ကြီးမြတ်သော အကျိုးရှိ၏၊ ထိုယဇ်ကို ပူဇော်သူအား မြင့်မြတ်သည်သာဖြစ်၏၊ယုတ်ညံ့မှုမဖြစ်၊ ယဇ်သည်လည်း ပြန့်ပြော၏၊ နတ်တို့သည်လည်း ကြည်ညိုကုန်၏။

နဝမသုတ်။

---

## ၁၀-ဥဒါယီသုတ်

၄၀။ ထိုအခါ ဥဒါယီပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ။ပ။ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား “အသျှင်ဂေါတမသည်လည်း ယဇ်(ပူဇော်ခြင်း)ကို ချီးမွမ်းသည် မဟုတ်ပါလော”ဟု လျှောက်၏၊ ပုဏ္ဏား ငါသည် အလုံးစုံသော ယဇ်ကို ချီးမွမ်းသည် မဟုတ်၊ သို့သော်လည်း မချီးမွမ်းသည်ကား မဟုတ်သေးပေ။ ပုဏ္ဏား အကြင်သို့ သဘောရှိသော

http://www.dhammadownload.com



ယင်း၌ နွားတို့ကို သတ်ရကုန်၏၊ဆိတ် သိုး ကြက် ဝက်တို့ကို သတ်ရကုန်၏၊ အထူးထူး အပြားပြားသော သတ္တဝါတို့သည် သေကြေ ပျက်စီးခြင်းသို့ ရောက်ရကုန်၏။ ပုဏ္ဏား ငါသည် ဤသို့ သဘောရှိသော ညှဉ်းဆဲသတ်ဖြတ်မှုရှိသော ယဇ်ကို မချီးမွမ်း၊ ထိုသို့ မချီးမွမ်းခြင်းသည် အဘယ့်ကြောင့်နည်း။ ပုဏ္ဏား ဤသို့ သဘောရှိသော သတ်ဖြတ်ညှဉ်းဆဲမှုရှိသော ယဇ်သို့ ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်သော ပုဂ္ဂိုလ်တို့သည်၎င်း မချဉ်းကပ်ကုန်သောကြောင့်တည်း။

ပုဏ္ဏား အကြင်သို့ သဘောရှိသော ယဇ်၌ကား နွားတို့ကို မသတ်ရကုန်၊ ဆိတ် သိုး ကြက် ဝက်တို့ကို မသတ်ရကုန်၊ အထူးထူး အပြားပြားသော သတ္တဝါတို့သည် သေကြေ ပျက်စီးခြင်းသို့ မရောက်ရကုန်၊ ပုဏ္ဏား ဤသို့ သဘောရှိသော သတ်ဖြတ်ညှဉ်းဆဲမှု မရှိသော အမြဲလှူနေကျ ဒါနနှင့် မျိုးရိုးစဉ်ဆက် အလှူ ယဇ်ကို ငါချီးမွမ်း၏၊ ထိုသို့ ချီးမွမ်းခြင်းသည် အဘယ့်ကြောင့်နည်း။ ပုဏ္ဏား ဤသို့ သဘောရှိသော သတ်ဖြတ်ညှဉ်းဆဲမှု မရှိသော ယဇ်သို့ ရဟန္တာ ပုဂ္ဂိုလ်တို့သည်၎င်း ရဟန္တာ ဖြစ်ရန် ကျင့်သော ပုဂ္ဂိုလ်တို့သည်၎င်း ချဉ်းကပ်ကုန်သော ကြောင့်တည်း ဟု (မိန့်တော်မူ၏)။

အထူး ပြုပြင်စီရင်အပ်သော သူတပါးကို သတ်ဖြတ်ညှဉ်းဆဲမှု မရှိသော အပ်စပ်သော သဘောရှိသော ယဇ်သို့ သင့်လျော်သော အခါ၌ (ကိုယ် နှုတ် နှလုံးကို)စောင့်သုံးကုန်သော မြတ်သော အကျင့်ရှိကုန်သော ပုဂ္ဂိုလ်တို့သည် ကပ်ရောက်ကုန်၏။

လောက၌ အကြင် မြတ်စွာဘုရားတို့သည် ဖွင့်လှစ်ပြီးသော(ရာဂစသော)အမိုးရှိကုန်၏၊ (သူတပါးတို့ကို သတ်ဖြတ် ညှဉ်းဆဲတတ်သော) အမျိုးနှင့် ထိုသူတို့၏ လားရာဂတိကို လွန်မြောက်ကုန်၏၊ ယင်း၌ လိမ္မာတော်မူကုန်သော ထိုမြတ်စွာဘုရားတို့သည် ထို(လှူဒါန်းပူဇော်ခြင်း တည်းဟူသော) ယဇ်ကို ချီးမွမ်းတော်မူကြကုန်၏။

ယဇ်၌၎င်း ထိုမှတပါး ကုဗ္ဗိုးထမင်း၌၎င်း လှူဖွယ်ဝတ္ထုကို ထိုက်သည်အားလျော်စွာ ပြု၍ မြတ်သော အကျင့်ကို ကျင့်လေ့ရှိကုန်သော လယ်ယာ မြေကောင်းသဖွယ် ဖြစ်သော အလှူခံဘို့၌ ကြည်ညိုစိတ်ရှိသည်ဖြစ်၍ ပူဇော်၏။

မြတ်သော အလှူခံပုဂ္ဂိုလ်တို့၌ အကြင်ယဇ်ကို ပြုအပ်၏၊ ထိုယဇ်သည် ကောင်းစွာ ပေးလှူအပ် ကောင်းစွာ ပူဇော်အပ် ကောင်းစွာ ရောက်အပ်သည် မည်၏၊ ယဇ်ပူဇော်ခြင်းသည်လည်း ပြန့်ပြော၏၊ နတ်တို့သည်လည်း ကြည်ညိုကုန်၏။

သဒ္ဓါ တရား ရှိသော ပညာရှိသည် လွတ်လွတ် စွန့်ကြဲသော စိတ်ဖြင့် ထိုယဇ်ကို ပူဇော်၍ ဆင်းရဲကင်းရာ ချမ်းသာရှိရာ ဘုံသို့ ကပ်ရောက်ရလေသတည်း။

ဒသမ သုတ်။

လေးခုမြောက် စက္ကဝဂ် ပြီး၏။

---

## ၅-ရောဟိတဿဝဂ် ၁-သမာဓိဘာဝနာသုတ်

၄၁။ ရဟန်းတို့ သမာဓိပွါးများမှုတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် မျက်မှောက်ဘဝ၌ ချမ်းသာစွာ

http://www.dhammadownload.com



နေရန် ဖြစ်သော သမာဓိပွါးများမှုသည် ရှိ၏၊ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရရန်ဖြစ်သော သမာဓိကို ပွါးများမှုသည် ရှိ၏၊ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် အောက်မေ့ခြင်း'သတိ'နှင့် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အလို့ငှါ ဖြစ်သော သမာဓိကို ပွါးများမှုသည် ရှိ၏။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန် များစွာ လေ့လာအပ်သော် အာသဝေါတရားတို့ ကုန်ခန်းရန်ဖြစ်သော သမာဓိကို ပွါးများမှုသည် ရှိ၏။

ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရန် ဖြစ်သော သမာဓိပွါးများမှု ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသည်ကား ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရန် ဖြစ်သော သမာဓိ ပွါးများမှုတည်း။

ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် (ဒိဗ္ဗစက္ခု)ဉာဏ် အမြင်ကိုရရန် ဖြစ်သော သမာဓိ ပွါးများမှု ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အရောင်အလင်းဟူသော အမှတ်သညာကို နှလုံးသွင်း၏၊နေ့ဟူသော အမှတ်သညာကို ဆောက်တည်၏၊ နေ့အခါ၌ကဲ့သို့ ထို့အတူ ညဉ့်အခါ၌ ညဉ့်အခါ၌ကဲ့သို့ ထို့အတူ နေ့အခါ၌ အရောင်အလင်းဟူသော အမှတ်သညာကို နှလုံးသွင်း၏၊ ဤသို့ ဟင်းလင်း ဖြစ်သော မမြှေးမယှက်အပ်သော စိတ်ဖြင့် (ဒိဗ္ဗစက္ခုဉာဏ်) အရောင်အလင်းနှင့် တကွသော စိတ်ကို ပွါးများ၏၊ ရဟန်းတို့ ဤသည်ကား ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရရန်ဖြစ်သော သမာဓိ ပွါးများမှုတည်း။

ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် အောက်မေ့ခြင်း 'သတိ'နှင့် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အလို့ငှါ ဖြစ်သော သမာဓိ ပွါးများမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား ဝေဒနာတို့သည် ထင်ထင် ရှားရှား ဖြစ်ကုန်၏၊ ထင်ထင် ရှားရှား ဉာဏ်အား ထင်ကုန်၏၊ ထင်ထင် ရှားရှား ချုပ်ငြိမ်းကုန်၏။ သညာတို့သည် ထင်ထင် ရှားရှား။ပ။ ဝိတက်တို့သည် ထင်ထင် ရှားရှား ဖြစ်ကုန်၏၊ ထင်ထင် ရှားရှား ဉာဏ်အား ထင်ကုန်၏၊ ထင်ထင် ရှားရှား ချုပ်ငြိမ်းကုန်၏။ ရဟန်းတို့ ဤသည်ကား ပွါးများအပ် ကြိမ်ဖန် များစွာ လေ့လာအပ်သော် အောက်မေ့ခြင်း'သတိ'နှင့် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အလို့ငှါ ဖြစ်သော သမာဓိပွါးများမှုတည်း။

ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် အာသဝေါတရားတို့ ကုန်ခန်းရန် ဖြစ်သော သမာဓိ ပွါးများမှု ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ စွဲယူခြင်း 'ဥပါဒါန်'၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ "ရုပ်သည် ဤမျှ ရှိ၏၊ ရုပ်ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ရုပ်ချုပ်ခြင်းသည် ဤသို့သဘောရှိ၏၊ ဝေဒနာသည် ဤမျှ အတိုင်းအရှည် ရှိ၏၊ဝေဒနာ၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ဝေဒနာ၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏၊ သညာသည် ဤမျှ အတိုင်းအရှည်ရှိ၏၊ သညာ၏ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ သညာ၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏၊ သင်္ခါရတို့သည် ဤမျှ အတိုင်းအရှည် ရှိကုန်၏၊ သင်္ခါရတို့၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ သင်္ခါရတို့၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ဝိညာဉ်သည် ဤမျှ အတိုင်းအရှည်ရှိ၏၊ ဝိညာဏ်၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ဝိညာဏ်၏ ချုပ်ခြင်းသည် ဤသို့သဘောရှိ၏" ဟု အဖြစ်အပျက်ကို အဖန်ဖန်ရှုလျက် နေ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကား ပွါးများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် အာသဝေါတရားတို့ ကုန်ခန်းရန် ဖြစ်သော သမာဓိပွါးများမှုတည်း၊ ရဟန်းတို့ သမာဓိပွါးများမှုတို့သည် ဤလေးမျိုး တို့တည်း။ ရဟန်းတို့ ဤသမာဓိ ပွါးများမှု (ဖလသမာပတ်)ကို ရည်၍ ပါရာယနဝဂ် ပုဏ္ဏက ပြဿနာ၌—

အကြင်ပုဂ္ဂိုလ်အား "လောက၌ အယုတ်အမြတ်တို့ကို ဆင်ခြင်၍ တစုံတခုသော လောက၌ တုန်လှုပ်ခြင်းသည် မရှိ၊ (ကိလေသာမှ) ငြိမ်းပြီးသော (အမျက်ထွက်ခြင်း) အခိုး မရှိသော ဆင်းရဲကြောင်း (ကိလေသာ)မရှိသော တပ်မက်ခြင်းကင်းသော ထိုရဟန်းသည် ပဋိသန္ဓေ နေခြင်း အိုခြင်းကို လွန်မြောက်ပြီ ဟု ငါဆို၏" (ဟူ၍ ဖြေကြားခဲ့သတည်း)။

ပဌမသုတ်။

## ၂-ပဉှဗျာကရဏသုတ်

၄၂။ ရဟန်းတို့ ပြဿနာဖြေဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ကေန် ဖြေဆိုရမည့် 'ကေံသဗျာကရဏီယ' ပြဿနာသည် ရှိ၏၊ ရဟန်းတို့ ခွဲခြမ်း ဝေဖန်၍ ဖြေဆိုရမည့် 'ဝိဘဇ္ဇဗျာကရဏီယ' ပြဿနာသည် ရှိ၏၊ ရဟန်းတို့ ပြန်မေး၍ ဖြေဆိုရမည့် 'ပဋိပုစ္ဆာ ဗျာကရဏီယ' ပြဿနာသည် ရှိ၏၊ ရဟန်းတို့ (မဖြေဆိုပဲ) ထားရမည့် 'ဌပနီယဗျာ ကရဏီယ' ပြဿနာသည် ရှိ၏။ ရဟန်းတို့ ပြဿနာဖြေဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ကေန် ဖြေဆိုရမည့် ပြဿနာသည် တခု၊ ထို့နောက် ခွဲခြမ်းဝေဖန်၍ ဖြေဆိုရမည့် ဒုတိယ ပြဿနာ၊ တဖန် ပြန်မေးရမည့် တတိယပြဿနာ၊ (မဖြေဆိုပဲ) ထားရမည့် စတုတ္ထ ပြဿနာ၊ အကြင် ရဟန်းသည်ကား ထိုထိုသို့သော အရာ၌ ထိုပြဿနာတို့အား လျော်သော အဖြေကို သိ၏၊ ထိုသို့ သဘောရှိသော ရဟန်းကို အမေးလေးပါး၌ လိမ္မာသော ရဟန်းဟု ဆိုကြကုန်၏။

သူတပါးတို့ မထိပါး မလွှမ်းမိုး မဖျက်ဆီးနိုင်သော နက်နဲသော ပညာရှိသူသည် အကျိုး စီးပွါးရှိရာ၌၎င်း အကျိုးစီးပွါး မရှိရာ၌၎င်း နှစ်ပါးစုံ၌ လိမ္မာသူဖြစ်၏။

ပညာရှိသည် အကျိုးစီးပွါးမဲ့ကို ရှောင်ကြဉ်၏၊ အကျိုးစီးပွါးကို ယူ၏၊ အကျိုးနှစ်ပါးကို သိခြင်းကြောင့် ပညာရှိကို 'ပဏ္ဍိတ' ဟူ၍ ဆိုအပ်၏။

ဒုတိယသုတ်။

## ၃-ပဌမ ကောဓဂရုသုတ်

၄၃။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုး တို့နည်းဟူမူ—အမျက်ထွက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသောပုဂ္ဂိုလ်၊ (ကျေးဇူး) ချေဖျက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသောပုဂ္ဂိုလ်၊ လာဘ်(ရခြင်း)ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပုဂ္ဂိုလ်၊ အခြံအရံပြုမှု

http://www.dhammadownload.com



'သက္ကာရ'ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ လောကဌ် ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။

ရဟန်းတို့ လောကဌ် ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—သူတော်ကောင်းတရားကို အလေးပြု၍ အမျက်ထွက်ခြင်းကို အလေးမပြုသော ပုဂ္ဂိုလ်၊ သူတော်ကောင်း တရားကို အလေးပြု၍ (သူ့ကျေးဇူး) ချေဖျက်ခြင်းဌ် အလေးမပြုသောပုဂ္ဂိုလ်၊ သူတော်ကောင်းတရားကို အလေးပြု၍ လာဘ်(ရခြင်း)ကို အလေးမပြုသော ပုဂ္ဂိုလ်၊ သူတော်ကောင်းတရားကို အလေးပြု၍ အရိုအသေပြုမှု 'သက္ကာရ'ကို အလေးမပြုသော ပုဂ္ဂိုလ်တို့တည်း၊ ရဟန်းတို့ လောကဌ် ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အမျက်ထွက်ခြင်း (သူ့ကျေးဇူး) ချေဖျက်ခြင်းကို အလေးပြုကုန်သော လာဘ်နှင့် အရိုအသေပြုမှုကို အလေးပြုကုန်သော ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ဌ် မကြီးပွါးကုန်။

အကြင် ရဟန်းတို့သည်ကား သူတော်ကောင်းတရားကို အလေးပြုကုန်သည်ဖြစ်၍ နေခဲ့ ကြကုန်ပြီ၊ နေလည်း နေကြကုန်ဆဲ၊ ထိုရဟန်းတို့သည် စင်စစ် မြတ်စွာဘုရားသည် ဟောတော် မူအပ်သော တရားတော်ဌ် ကြီးပွါးကုန်၏။

တတိယသုတ်။

## ၄-ဒုတိယ ကောဓဂရုသုတ်

၄၄။ ရဟန်းတို့ သူယုတ်တို့၏ တရားတို့သည် ဤလေးမျိုးတို့တည်း။အဘယ်လေးမျိုးတို့နည်း ဟူမူ—အမျက်ထွက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊ (သူ့ကျေးဇူး) ချေဖျက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊ လာဘ်(ရခြင်း)ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊ အရိုအသေပြုမှု 'သက္ကာရ'ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်းတို့တည်း။ ရဟန်းတို့ သူယုတ်တို့၏ တရားတို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ သူတော်ကောင်း တရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—သူတော်ကောင်းတရားကို အလေးပြု၍ အမျက်ထွက်ခြင်းကို အလေးမပြုခြင်း၊သူတော်ကောင်း တရားကို အလေးပြု၍ (သူ့ကျေးဇူး) ချေဖျက်ခြင်းကို အလေးမပြုခြင်း၊ သူတော်ကောင်းတရားကို အလေးပြု၍ လာဘ်(ရခြင်း)ကို အလေးမပြုခြင်း။ သူတော်ကောင်း တရားကို အလေးပြု၍ အရိုအသေပြုမှု 'သက္ကာရ'ကို အလေးမပြုခြင်းတို့တည်း။ ရဟန်းတို့ သူတော်ကောင်း တရားတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အမျက်ထွက်ခြင်း (သူ့ကျေးဇူး) ချေဖျက်ခြင်းကို အလေးပြုကုန်သော လာဘ်နှင့် အရိုအသေပြုမှုကို အလေးပြုကုန်သော ရဟန်းတို့သည် ကောင်းသောလယ်ဌ် ပုပ်သော မျိုးစေ့သည် မကြီးပွါးသကဲ့သို့ သူတော်ကောင်းတရားဌ် မကြီးပွါးကုန်။

http://www.dhammadownload.com



အကြင်ရဟန်းတို့သည်ကား သူတော်ကောင်းတရားကို အလေးပြုသည်ဖြစ်၍ နေခဲ့ကြကုန်ပြီ၊ နေလည်း နေကြကုန်ဆဲ၊ထိုရဟန်းတို့သည် စင်စစ်အားဖြင့် အစေးသို့ အစဉ်လိုက်သော ဆေးပင်သည် ကြီးပွါးသကဲ့သို့ တရားတော်၌ ကြီးပွါးကုန်သတည်း။

စတုတ္ထသုတ်။

---

## ၅-ရောဟိတဿသုတ်

၄၅။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ရောဟိတဿနတ်သားသည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို (ကိုယ်ရောင် ကိုယ်ဝါဖြင့်)ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ရပ်တည်လျက် အသျှင်ဘုရား ပဋိသန္ဓေမနေရာ မအိုရာ မသေရာ မရွေ့လျောရာ တဖန် မဖြစ်ရာသော လောက၏ အဆုံးကို (ခြေဖြင့်) သွားခြင်းဖြင့် သိရန် မြင်ရန် ရောက်ရန် တတ်ကောင်းပါသလောဟု လျှောက်၏။ ဒါယကာနတ်သား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မရွေ့လျောရာ တဖန်မဖြစ်ရာသော လောက၏ အဆုံးကို (ခြေဖြင့်) သွားခြင်းဖြင့် "သိအပ် မြင်အပ် ရောက်အပ်၏" ဟု ငါမဆိုဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် "ဒါယကာ ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မရွေ့လျောရာ တဖန် မဖြစ်ရာသော လောက၏ အဆုံးကို (ခြေဖြင့်) သွားခြင်းဖြင့် 'သိအပ် မြင်အပ် ရောက်အပ်၏' ဟု ငါမဆို" ဟူ၍ ဤစကားကို အလွန်လျှင်ကောင်းစွာ ဟောအပ်ပါ၏။

အသျှင်ဘုရား ရှေး၌ ဖြစ်ဘူးသည်ကား အကျွန်ုပ်သည် တန်ခိုးနှင့် ပြည့်စုံ၍ ကောင်းကင်သို့ ပျံတက်သွားလာနိုင်သော မုဆိုး၏သား ရောဟိတဿ မည်သော ရသေ့ ဖြစ်ခဲ့ဘူးပါသည်။ အသျှင်ဘုရား ထိုတပည့်တော်၏ လျှင်မြန်ပုံမှာ ဤသို့ သဘောရှိခဲ့ပါသည်၊ (လေးအတတ်ကို) သင်ကြားပြီး၍ လေးအတတ်၌ လက်ကျင့်ရပြီးသော မင်းအိမ်၌ လေးအတတ်ကိုပြပြီးသော မြဲမြံခိုင်ခံ့သော လေးရှိသော လေးသမားသည် ခဲယဉ်းမှုမရှိသော ပေါ့ပါးသော မြားဖြင့် ထန်းပင်ရိပ်ကို ဖီလာကန့်လန့် လွန်စေသည့် ကာလနှင့်အမျှ တခုသော စကြဝဠာကို လွန်စေနိုင်သည့် သဘောရှိသော လျင်မြန်ခြင်း ရှိခဲ့ပါသည်။ ဤသို့ သဘောရှိသော ခြေလှမ်း ဖြစ်ခဲ့ဘူးပါသည်၊ အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာကို လွန်စေနိုင်သော သဘောရှိသော ဝေးကွာသော သဘောရှိရသော ခြေလှမ်း ရှိခဲ့ဘူးပါသည်။ အသျှင်ဘုရား ဤသို့ သဘောရှိသော လျင်မြန်ခြင်းနှင့် ပြည့်စုံသော ဤသို့ သဘောရှိသော ခြေလှမ်းနှင့် ပြည့်စုံသော ထိုအကျွန်ုပ်အား "ငါသည် (ခြေဖြင့်) သွားခြင်းဖြင့် လောက၏ အဆုံးသို့ ရောက်ရမည်"ဟု ဤသို့ သဘောရှိသော စိတ်အလို ဖြစ်ခဲ့ဘူးပါ၏။ အသျှင်ဘုရား အနှစ်တရာ အသက်ကြွင်း ရှိသေးသော ထိုအကျွန်ုပ်သည် အနှစ်တရာ အသက်ရှင်လျက် စားချိန် သောက်ချိန် ခဲချိန် လျက်ချိန်မှ တပါး ကျင်ကြီး ကျင်ငယ်စွန့်မှု အိပ်စက်မှု အပန်းဖြေနားနေမှုမှတပါး အနှစ်တရာပတ်လုံးကို သွားခဲ့ရာ လောကအဆုံးကို မရောက်ပဲ စကြဝဠာအကြား၌သာလျှင် သေရပါသည်။

http://www.dhammadownload.com



အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် "ဒါယကာနတ်သား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မုစ္ဆေလျှောရာ တဖန် မဖြစ်ရာသော လောက၏ အဆုံးကို သွားခြင်းဖြင့် 'သိအပ် မြင်အပ် ရောက်အပ်၏' ဟု ငါမဆို" ဟူ၍ ဤစကားကို အလွန်လျှင် ကောင်းစွာ ဟောတော်မူအပ်ပါ၏ ဟု (လျှောက်၏)။

ဒါယကာနတ်သား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မစုတေလျှောရာ တဖန် မဖြစ်ရာသော လောက၏ အဆုံးကို (ခြေဖြင့်) သွားခြင်းဖြင့် "သိအပ် မြင်အပ် ရောက်အပ်၏" ဟူ၍ ငါမဆို၊ ဒါယကာနတ်သား လောက၏ အဆုံး (နိဗ္ဗာန်)သို့ မရောက်ပဲ ဝဋ်ဆင်းရဲ၏ အဆုံးပြုခြင်းကိုလည်း ငါမဆို၊ ဒါယကာနတ်သား စင်စစ်အားဖြင့် သညာလည်းရှိ စိတ်လည်းရှိသော တလံမျှလောက်သော ဤခန္ဓာကိုယ်၌သာလျှင် လောကကိုငြင်း လောက ဖြစ်ပေါ်ကြောင်းကိုငြင်း လောက၏ ချုပ်ရာ (နိဗ္ဗာန်)ကိုငြင်း လောက၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုငြင်း ငါပညတ်၏ ဟု (မိန့်တော်မူ၏)။

လောက၏ အဆုံး (နိဗ္ဗာန်)သို့ (ခြေဖြင့် သွားခြင်းဖြင့်) တရံတဆစ်မျှ မရောက်နိုင်၊ လောက၏ အဆုံး(နိဗ္ဗာန်)သို့ မရောက်ပဲ ဝဋ်ဆင်းရဲမှ လွတ်ခြင်းမည်သည်လည်း မရှိ။

ထို့ကြောင့် စင်စစ်အားဖြင့် လောကကို သိပြီးသော လောက၏အဆုံး (နိဗ္ဗာန်)သို့ ရောက်သော မြတ်သော အကျင့်ကို ကျင့်သုံးပြီးသော (မကောင်းမှုမှ)ငြိမ်းပြီးသော ကောင်းသော ပညာရှိသူသည် လောက၏ အဆုံးကို သိ၍ ဤ(ပစ္စုပ္ပန်)လောကကိုငြင်း တမလွန်(လောက)ကို ငြင်း မတောင့်တတော့ချေ။

ပဌမသုတ်။

---

## ၆-ဒုတိယ ရောဟိတဿသုတ်

၄၆။ ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်မြောက်သဖြင့် ရဟန်းတို့ကို မိန့်တော်မူ၏။ "ရဟန်းတို့ ဤညဉ့်၌ ရောဟိတဿနတ်သားသည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို (ကိုယ်ရောင်ကိုယ်ဝါဖြင့်) ထွန်းလင်းစေလျက် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိခိုး၍ တခုသော နေရာ၌ ရပ်တည်လျက် အသျှင်ဘုရား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မစုတေလျှောရာ တဖန် မဖြစ်ရာသော လောက၏ အဆုံးကို (ခြေဖြင့်) သွားခြင်းဖြင့် သိရန် မြင်ရန် ရောက်ရန် တတ်ကောင်းပါသလော ဟု လျှောက်၏။ ရဟန်းတို့ ဤသို့လျှောက်သော် ရောဟိတဿနတ်သားအား ဒါယကာနတ်သား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မစုတေလျှောရာ တဖန် မဖြစ်ရာသော လောက၏ အဆုံးကို (ခြေဖြင့်) သွားခြင်းဖြင့် "သိအပ် မြင်အပ် ရောက်အပ်၏" ဟူ၍ ငါမဆို ဟု (ဆိုခဲ့၏)။

ရဟန်းတို့ ဤသို့ ဆိုသည်ရှိသော် ရောဟိတဿနတ်သားသည် ငါ့အား ဤစကားကို လျှောက်ပြန်၏၊ အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် "ဒါယကာနတ်သား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မစုတေလျှောရာ တဖန် မဖြစ်ရာသောလောက၏ အဆုံးကို (ခြေဖြင့်) သွားခြင်းဖြင့် 'သိအပ် မြင်အပ် ရောက်အပ်၏' ဟု ငါမဆို"ဟူ၍ ဤစကားကို

http://www.dhammadownload.com



အလွန်လျှင် ကောင်းစွာဟောအပ်ပါ၏။အသျှင်ဘုရား ရှေး၌ ဖြစ်ဘူးသည်ကား အကျွန်ုပ်သည် တန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်သို့ ပျံတက်သွားလာနိုင်သော မုဆိုး၏သား ရောဟိတဿမည်သော ရသေ့ဖြစ်ခဲ့ဘူးပါသည်၊ အသျှင်ဘုရား ထိုတပည့်တော်၏ လျင်မြန်ပုံမှာ ဤသို့ သဘောရှိခဲ့ပါသည်။ လေးအတတ်ကို သင်ကြားပြီး၍ လေးအတတ်၌ လက်ကျင့်ရပြီးသော မင်းအိမ်၌ လေးအတတ်ကို ပြပြီးသော မြဲမြံ ခိုင်ခံ့သော လေးရှိသော လေးဆရာသည် ခဲယဉ်းမှုမရှိသော ပေါ့ပါးသော မြားဖြင့် ထန်းပင်ရိပ်ကို ဖီလာကန့်လန့် လွန်စေသည့် ကာလနှင့်အမျှ တခုသော စကြဝဠာကို လွန်စေနိုင်သည့် သဘောရှိသော လျင်မြန်ခြင်း ရှိခဲ့ပါသည်။ ဤသို့ သဘောရှိသော ခြေလှမ်းဖြစ်ခဲ့ဘူးပါသည်။ အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာကို လွန်စေနိုင်သော သဘောရှိသော ဝေးကွာသော ခြေလှမ်းဖြစ်ခဲ့ဘူးပါသည်။ အသျှင်ဘုရား ဤသို့ သဘောရှိသော လျင်မြန်ခြင်းနှင့် ပြည့်စုံသော ဤသို့ သဘောရှိသော ခြေလှမ်းနှင့် ပြည့်စုံသော ထိုအကျွန်ုပ်အား "ငါသည် ခြေဖြင့် သွားခြင်းဖြင့် လောက၏ အဆုံးသို့ ရောက်ရမည်" ဟု ဤသို့ သဘောရှိသော စိတ်အလို ဖြစ်ခဲ့ဘူးပါ၏။ အသျှင်ဘုရား အနှစ်တရာ အသက်ကြွင်းရှိသေးသော ထိုအကျွန်ုပ်သည် အနှစ်တရာ အသက်ရှင်လျက် စားချိန် သောက်ချိန် ခဲချိန် လျက်ချိန်မှ တပါး ကျင်ကြီး ကျင်ငယ်စွန့်မှု အိပ်စက်မှု အပန်းဖြေ နားနေမှုမှ တပါး အနှစ်တရာပတ်လုံး သွားခဲ့ရာ လောက၏ အဆုံးကို မရောက်ပဲ စကြဝဠာ အကြား၌သာလျှင် သေရပါသည်။

အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် "ဒါယကာနတ်သား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မရွေ့လျောရာ တဖန် မဖြစ်ရာသော လောက၏ အဆုံးကို သွားခြင်းဖြင့်'သိအပ် မြင်အပ် ရောက်အပ်၏'ဟု ငါမဆို"ဟူ၍ ဤစကားကို ကောင်းစွာ ဟောတော်မူအပ်ပါ၏ ဟု (လျှောက်၏)။ ရဟန်းတို့ ဤသို့ လျှောက်သော် ငါသည် ရောဟိတဿ နတ်သားအား—

ဒါယကာနတ်သား ပဋိသန္ဓေ မနေရာ မအိုရာ မသေရာ မရွေ့လျောရာ တဖန်မဖြစ်ရာသော လောက၏ အဆုံး (နိဗ္ဗာန်) ကို သွားခြင်းဖြင့် "သိအပ် မြင်အပ် ရောက်အပ်၏" ဟူ၍ ငါမဆို။ ဒါယကာနတ်သား လောက၏အဆုံး (နိဗ္ဗာန်) သို့မရောက်ပဲ ဝဋ်ဆင်းရဲ၏ အဆုံးပြုခြင်းကိုလည်း ငါမဆို။ ဒါယကာနတ်သား စင်စစ်အားဖြင့် သညာလည်းရှိ စိတ်လည်းရှိသော တလံမျှလောက်သော ဤခန္ဓာကိုယ်၌သာလျှင် လောကကိုရင်း လောကဖြစ်ပေါ်ကြောင်းကိုရင်း လောက၏ ချုပ်ရာ (နိဗ္ဗာန်) ကိုရင်း လောက၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုရင်း ငါပညတ်၏၊ ဤသို့ ဆိုခဲ့၏ ဟု (မိန့်တော်မူ၏)။

လောက၏အဆုံး(နိဗ္ဗာန်)သို့ (ခြေဖြင့် သွားခြင်းဖြင့်) တရံ တဆစ်မျှ မရောက်နိုင်၊ လောက၏အဆုံး (နိဗ္ဗာန်)သို့ မရောက်ပဲ ဝဋ်ဆင်းရဲမှ လွန်ခြင်းမည်သည်လည်း မရှိပေ။

ထို့ကြောင့် စင်စစ်အားဖြင့် လောကကို သိပြီးသော လောက၏ အဆုံး (နိဗ္ဗာန်)သို့ ရောက်သော မြတ်သော အကျင့်ကို ကျင့်သုံးပြီးသော မကောင်းမှုမှ ငြိမ်းပြီးသော ကောင်းသော ပညာရှိသည် လောက၏အဆုံးကိုသိ၍ ဤ(ပစ္စုပ္ပန်) လောကကိုရင်း တမလွန် (လောက) ကိုရင်း မတောင့်တတော့ချေ။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-သုဝိဒူရသုတ်

၄၇။ ရဟန်းတို့ အလွန်အလွန် ဝေးသော အရာတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ကောင်းကင်နှင့် မြေကြီးသည် ဝေး၏၊ ဤကား ပဌမဖြစ်သော အလွန်အလွန် ဝေးသော အရာတည်း။ ရဟန်းတို့ သမုဒ္ဒရာ၏ ဤမှာဖက်ကမ်းနှင့် ထိုမှာဖက်ကမ်းသည် ဝေး၏၊ဤကား ဒုတိယဖြစ်သော အလွန်အလွန် ဝေးသော အရာတည်း။ ရဟန်းတို့ နေထွက်ရာအရပ်နှင့် နေဝင်ရာ အရပ်သည် ဝေး၏၊ ဤကား တတိယ ဖြစ်သော အလွန် အလွန် ဝေးသော အရာတည်း။ ရဟန်းတို့ သူတော်ကောင်းတို့နှင့် သူယုတ်တို့၏ တရားသည် ဝေး၏၊ ဤကား စတုတ္ထဖြစ်သော အလွန်အလွန်ဝေးသော အရာတည်း။ ရဟန်းတို့ အလွန်အလွန် ဝေးသော အရာတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ကောင်းကင်သည်လည်း (မြေကြီးမှ)ဝေး၏၊ မြေကြီးသည်လည်း (ကောင်းကင်မှ)ဝေး၏၊ သမုဒ္ဒရာ၏ ကမ်းတဖက်နှင့် တဖက်ကိုလည်း ဝေး၏ ဟု ဆိုကုန်၏၊ အရောင်ကို ပြုတတ်သော နေ၏ ထွက်ရာ အရပ်နှင့် ဝင်ရာ အရပ်သည်လည်း ဝေး၏။

သူတော်ကောင်းတရားကိုင်း သူယုတ်မာတရားကိုင်း ထိုဝေးခြင်းတို့ထက် စင်စစ် အလွန်ဝေး၏ ဟု ဆိုကုန်၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းသည် မပျက်စီးသော သဘောရှိ၏၊ သူတော်ကောင်းတရား တည်သမျှ အတိုင်း (မပျက်စီးသည်) သာ ဖြစ်၏။

သူယုတ်မာတို့နှင့် ပေါင်းဖော်ခြင်းသည် လျင်စွာ ပျက်စီး၏၊ ထို့ကြောင့် သူတော်ကောင်းတို့၏ တရားသည် သူယုတ်မာတို့မှ ဝေး၏။

သတ္တမသုတ်။

---

## ၈-ဝိသာခသုတ်

၄၈။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ပဉ္စာလပုတ္တေးမ၏ သား အသျှင်ဝိသာခသည် စည်းဝေးရာ စရပ်၌ ရဟန်းအပေါင်းတို့ကို သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်းမရှိသော အနက်ကို သိစေတတ်သော (ဝဋ္ဋကင်းရာ နိဗ္ဗာန်၌) အကျုံးဝင်သော (ဝဋ္ဋကို)မမှီသော ယဉ်ကျေးသိမ်မွေ့သော တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထတော်မူ၍ စည်းဝေးရာစရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့ကို—

ရဟန်းတို့ စည်းဝေးရာစရပ်၌ အဘယ်ရဟန်းသည် သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်းမရှိသော အနက်ကို သိစေတတ်သော (ဝဋ္ဋကင်းရာနိဗ္ဗာန်၌) အကျုံးဝင်သော (ဝဋ္ဋကို)မမှီသော ယဉ်ကျေးသိမ်မွေ့သော တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေသနည်း ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



အသျှင်ဘုရား ပဉ္စာလပုဏ္ဏေးမ၏သား အသျှင်ဝိသာခသည် ရဟန်းတို့ကို စည်းဝေးရာစရပ်၌ သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်းမရှိသော အနက်ကို သိစေတတ်သော (ဝဋ်မှကင်းရာနိဗ္ဗာန်၌)အကျုံးဝင်သော (ဝဋ်ကို)မမှီသော ယဉ်ကျေးသိမ်မွေ့သော တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေပါ၏ ဟု (လျှောက်ကြကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ပဉ္စာလပုဏ္ဏေးမ၏သား အသျှင်ဝိသာခအား"ဝိသာခ ကောင်း၏ ကောင်း၏၊ ဝိသာခ သင်သည် ကောင်းစွာသာလျှင် ရဟန်းအပေါင်းကို သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်းမရှိသော အနက်ကို သိစေတတ်သော (ဝဋ်မှကင်းရာ နိဗ္ဗာန်၌) အကျုံးဝင်သော(ဝဋ်ကို) မမှီသော ယဉ်ကျေးသိမ်မွေ့သော တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေပေ၏ ဟု (မိန့်တော်မူ၏)။

လူမိုက်တို့နှင့် ရောနှောသော ပညာရှိကို စကားမပြောမူ (ပညာရှိဟု) မသိကြကုန်၊ စကား ပြောခဲ့လျှင်လည်း အမြိုက်နိဗ္ဗာန်ကို ဟောကြားသော်သာလျှင် ပညာရှိဟု သိကုန်၏။

(လောကုတ္တရာ)တရားကို ပြောဟောရာ၏၊ ထွန်းလင်းစေရာ၏၊ အရိယာသူတော်ကောင်း တို့၏ တံခွန်သဖွယ် ဖြစ်သော တရားကို ချီးမြှောက်ရာ၏၊ အရိယာသူတော်ကောင်းတို့သည် ကောင်းစွာ ဟောအပ်သော တရားတံခွန်ရှိကုန်၏၊ မှန်၏၊ တရားတော်သည် အရိယာ သူတော် ကောင်းတို့၏ တံခွန်ပေတည်း။

အဋ္ဌမသုတ်။

---

## ၉-ဝိပလ္လာသသုတ်

၄၉။ ရဟန်းတို့ သညာ၏ ဖောက်ပြန်ခြင်း စိတ်၏ဖောက်ပြန်ခြင်း အယူ၏ဖောက်ပြန်ခြင်းတို့ သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ မမြဲသော အရာ၌ မြဲ၏ဟု သညာ၏ ဖောက်ပြန်ခြင်း စိတ်၏ ဖောက်ပြန်ခြင်း အယူ၏ ဖောက်ပြန်ခြင်း၊ ရဟန်းတို့ ဆင်းရဲသော အရာ၌ ချမ်းသာဟု သညာ၏ ဖောက်ပြန်ခြင်း စိတ်၏ ဖောက်ပြန်ခြင်း အယူ၏ ဖောက်ပြန်ခြင်း၊ ရဟန်းတို့ အတ္တမဟုတ်သော အရာ၌ အတ္တဟုတ်၏ဟု သညာ၏ ဖောက်ပြန်ခြင်း စိတ်၏ ဖောက်ပြန်ခြင်း အယူ၏ ဖောက်ပြန်ခြင်း၊ ရဟန်းတို့ မတင့်တယ်သော အရာ၌ တင့်တယ်၏ဟု သညာ၏ ဖောက်ပြန်ခြင်း စိတ်၏ ဖောက်ပြန်ခြင်း အယူ၏ ဖောက်ပြန်ခြင်းတို့တည်း။ ရဟန်းတို့ သညာ၏ ဖောက်ပြန်ခြင်း စိတ်၏ဖောက်ပြန်ခြင်း အယူ၏ ဖောက်ပြန်ခြင်းတို့သည် ဤလေးမျိုး တို့တည်း။

ရဟန်းတို့ သညာ၏ မဖောက်ပြန်ခြင်း စိတ်၏ မဖောက်ပြန်ခြင်း အယူ၏ မဖောက်ပြန်ခြင်းတို့ သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ မမြဲသော အရာ၌ မမြဲ ဟု သညာ၏ မဖောက်ပြန်ခြင်း စိတ်၏မဖောက်ပြန်ခြင်း အယူ၏ မဖောက်ပြန်ခြင်း၊ ရဟန်းတို့ ဆင်းရဲ သော အရာ၌ ဆင်းရဲ ဟု သညာ၏ မဖောက်ပြန်ခြင်း စိတ်၏ မဖောက်ပြန်ခြင်း အယူ၏ မဖောက်

http://www.dhammadownload.com



ပြန်ခြင်း၊ ရဟန်းတို့ အတ္တမဟုတ်သော အရာ၌ အတ္တမဟုတ်ဟု သညာ၏ မဖောက်ပြန်ခြင်း စိတ်၏ မဖောက်ပြန်ခြင်း အယူ၏ မဖောက်ပြန်ခြင်း၊ ရဟန်းတို့ မတင့်တယ်သော အရာ၌ မတင့်တယ်ဟု သညာ၏ မဖောက်ပြန်ခြင်း စိတ်၏ မဖောက်ပြန်ခြင်း အယူ၏ မဖောက်ပြန်ခြင်းတို့တည်း။ ရဟန်းတို့ သညာ၏ မဖောက်ပြန်ခြင်း စိတ်၏ မဖောက်ပြန်ခြင်း အယူ၏ မဖောက်ပြန်ခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

မိစ္ဆာဒိဋ္ဌိသည် ဖျက်ဆီးအပ်ကုန်သော ပျံ့လွင့်သည့် စိတ်ရှိကုန်သော ဖောက်ပြန်သော သညာရှိကုန်သော သတ္တဝါတို့သည် မမြဲသော အရာ၌ မြဲ၏ ဟု အမှတ်ရှိကုန်၏၊ ဆင်းရဲသော အရာ၌လည်း ချမ်းသာ ဟု အမှတ်ရှိကုန်၏၊ အတ္တမဟုတ်သော အရာ၌လည်း အတ္တဟု အမှတ်ရှိကုန်၏၊ မတင့်တယ်သော အရာ၌လည်း တင့်တယ်၏ ဟု အမှတ်ရှိကုန်၏ ။

ထိုလူတို့သည် မာရ်မင်း၏ ယောဂလေးပါးနှင့် ယှဉ်ကုန်၏၊ ယောဂ(လေးပါး)ဖြင့် ဘေးမရှိရာ (နိဗ္ဗာန်)သို့ မရောက်ကုန်၊ ထိုသတ္တဝါတို့သည် ပဋိသန္ဓေနေခြင်း သေခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ သံသရာသို့ သွားကြရကုန်၏။

အကြင်အခါ အရောင်အလင်းကို ပြုတတ်ကုန်သော ဘုရားရှင်တို့သည် လောက၌ ပွင့်တော်မူကုန်၏၊ ထိုဘုရားရှင်တို့သည် ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဤ(သစ္စာလေးပါး)တရားကို ပြကုန်၏။

(ထိုအခါ) ထိုမြတ်စွာဘုရားတို့၏ (တရားကို) ကြားနာရကုန်သည်ရှိသော် ထိုပညာရှိပုဂ္ဂိုလ်တို့သည် မိမိစိတ်ကို တဖန် ရကြကုန်သည်ဖြစ်၍ မမြဲသော အရာကို မမြဲ ဟု မြင်ကုန်၏၊ ဆင်းရဲသော အရာကို ဆင်းရဲဟု မြင်ကုန်၏၊ အတ္တမဟုတ်သော အရာ၌ အတ္တမဟုတ် ဟု မြင်ကုန်၏၊ မတင့်တယ်သော အရာကို မတင့်တယ်ဟု မြင်ကုန်၏၊ မှန်ကန်သော အယူကို ဆောက်တည်ကုန်သည်ဖြစ်၍ အလုံးစုံသော ဆင်းရဲကို လွန်မြောက်ကြလေကုန်သတည်း။

နဝမသုတ်။

## ၁၀-ဥပက္ကိလေသသုတ်

၅၀။ ရဟန်းတို့ လ နေတို့၏ ညစ်နွမ်းကြောင်းတို့သည် ဤလေးမျိုးတို့ပေတည်း၊ ယင်း ညစ်နွမ်းကြောင်းတို့ဖြင့် ညစ်နွမ်းကုန်သော လ နေတို့သည် အရောင်မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။ အဘယ်လေးမျိုးတို့နည်းဟူမူ— တိမ်တိုက်တို့သည် လ နေတို့၏ ညစ်နွမ်းကြောင်းတို့တည်း၊ ယင်းညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော လ နေတို့သည် အရောင် မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ဆီးနှင်းသည် လ နေတို့၏ ညစ်နွမ်းကြောင်းတည်း၊ ယင်းညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော လ နေ တို့သည် အရောင် မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။

http://www.dhammadownload.com



ရဟန်းတို့ အခိုးနှင့် မြူသည် လ နေတို့၏ ညစ်နွမ်းကြောင်းတည်း၊ ယင်းညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော လ နေတို့သည် အရောင်မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ရာဟုအသုရိန်သည် လ နေတို့၏ ညစ်နွမ်းကြောင်းတည်း၊ယင်းညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော လ နေတို့သည် အရောင် မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။ ရဟန်းတို့ လ နေ တို့၏ ညစ်နွမ်းကြောင်းတို့သည် ဤလေးမျိုးတို့ပင်တည်း၊ယင်း ညစ်နွမ်းကြောင်းတို့ဖြင့် ညစ်နွမ်းကုန်သော လ နေတို့သည် အရောင် မထွက်ကုန်၊မတောက်ပကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ဤအတူသာလျှင် သမဏဗြာဟ္မဏတို့၏ ညစ်နွမ်းကြောင်းတို့သည် ဤလေးမျိုးတို့တည်း။ယင်းညစ်နွမ်းကြောင်းတို့ဖြင့် ညစ်နွမ်းကုန်သော သမဏဗြာဟ္မဏတို့သည်အရောင်မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ သေရည်သေရက်ကို သောက်ကုန်လျက် သေအရက်ကို သောက်ခြင်းမှ မရှောင်ကြဉ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤ(သေအရက်ကို သောက်ခြင်း)သည် သမဏ ဗြာဟ္မဏတို့၏ ပဌမ ညစ်နွမ်းကြောင်းတည်း၊ ယင်းညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် အရောင် မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ မေထုန်အကျင့်ကို မှီဝဲကုန်လျက် မေထုန်အကျင့်မှ မရှောင်ကြဉ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤ(မေထုန်မှီဝဲခြင်း)သည် သမဏဗြာဟ္မဏတို့၏ ဒုတိယ ညစ်နွမ်းကြောင်းတည်း၊ ယင်း ညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် အရောင် မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ ရွှေငွေကို သာယာကုန်လျက် ရွှေငွေကို ခံယူခြင်းမှ မရှောင်ကြဉ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤ(ရွှေ ငွေကို ကိုင်ခံ သာယာခြင်း)သည် သမဏဗြာဟ္မဏတို့၏ တတိယ ညစ်နွမ်းကြောင်းတည်း၊ ယင်း ညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် အရောင်မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။

ရဟန်းတို့ မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကုန်လျက် မှားသော အသက်မွေးခြင်းမှ မရှောင်ကြဉ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤ(မှားသော အသက်မွေးခြင်း)သည် သမဏဗြာဟ္မဏတို့၏ စတုတ္ထ ညစ်နွမ်းကြောင်းတည်း၊ ယင်း ညစ်နွမ်းကြောင်းဖြင့် ညစ်နွမ်းကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် အရောင် မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန်။ ရဟန်းတို့ သမဏဗြာဟ္မဏတို့၏ ညစ်နွမ်းကြောင်းတို့သည် ဤလေးမျိုးတို့ပင်တည်း။ ယင်းညစ်နွမ်းကြောင်းတို့ဖြင့် ညစ်နွမ်းကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် အရောင် မထွက်ကုန်၊ မတောက်ပကုန်၊ မတင့်တယ်ကုန် ဟု (မိန့်တော်မူ၏)။

တပ်မက်ခြင်း'ရာဂ'ပြစ်မှားခြင်း'ဒေါသ'တို့ဖြင့် ညစ်နွမ်းကုန်လျက် အဝိဇ္ဇာပိတ်ဆို့ ခံရကုန်သည် ဖြစ်၍ ချစ်ဖွယ်သဘောကို နှစ်သက်တတ်ကုန်သော အချို့သော သမဏဗြာဟ္မဏပုဂ္ဂိုလ်တို့သည် သေအရက်ကို သောက်ကုန်၏၊ မေထုန်ကို မှီဝဲကုန်၏၊ အချို့သော သမဏဗြာဟ္မဏတို့သည် ပညာမရှိကုန်သည်ဖြစ်၍ ရွှေ ငွေကို ခံယူကုန်၏၊ မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကုန်၏၊ အကြင် ညစ်နွမ်းကြောင်းတို့ဖြင့် အချို့သော သမဏဗြာဟ္မဏတို့သည် အရောင်မထွက်ကုန်

http://www.dhammadownload.com



မတောက်ပကုန်၊ မစင်ကြယ်ကုန်၊ မှုန်နှင့်တကွ ဖြစ်ကုန်၏၊ တောသမင်နှင့် တူကုန်၏၊ ထိုညစ်နွမ်းကြောင်းတို့ကို နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူ၏။

အမိုက်တိုက်ဖြင့် မြှေးယှက်အပ်ကုန်လျက် တဏှာ၏ ကျွန်ဖြစ်ကုန်သော တဏှာကြိုးရှိသူတို့သည် ကြမ်းထမ်းသော အတ္တဘောကို တိုးပွါးစေကုန်လျက် တဖန် ဘဝသစ်ကို ယူကြရကုန်သတည်း။

ဒသမသုတ်။

ငါးခုမြောက် ရောဟိတဿဝဂ် ပြီး၏။

ပဌမ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၂-ဒုတိယပဏ္ဏာသက

## ဒုတိယ သုတ်ငါးဆယ်

### (၆) ၁-ပုညာဘိသန္ဒဝဂ် ၁-ပဌမပုညာဘိသန္ဒသုတ်

၅၁။ **သာဝတ္ထိနိဒါန်း**။ ရဟန်းတို့ ဤလေးမျိုးကုန်သော ကောင်းမှုအထု ကုသိုလ်အယဉ်တို့သည် ချမ်းသာကို ဆောင်တတ်ကုန်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်ကုန်သည် ချမ်းသာကျိုး ရှိကုန်သည် နတ်ပြည်၌ ဖြစ်စေတတ်ကုန်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အကြင်ဒါယကာ၏ သင်္ကန်းကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော (အရဟတ္တဖိုလ်)စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေ၏၊ ထိုဒါယကာ၏ အတိုင်းအရှည်မရှိသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ အကြင်ဒါယကာ၏ ဆွမ်းကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော (အရဟတ္တဖိုလ်)စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေ၏၊ ထိုဒါယကာ၏ အတိုင်းအရှည်မရှိသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ် အလို့ငှါ မြတ်နိုးဖွယ် အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာ အလို့ငှါ ဖြစ်၏။

ရဟန်းတို့ အကြင်ဒါယကာ၏ ကျောင်းကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော (အရဟတ္တဖိုလ်)စိတ်နှင့်ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေ၏၊ ထိုဒါယကာ၏ အတိုင်းအရှည်မရှိသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာ အလို့ငှါ ဖြစ်၏။

ရဟန်းတို့ အကြင်ဒါယကာ၏ သူနာအထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်ကို သုံးဆောင်သော ရဟန်းသည် အတိုင်းအရှည်မရှိသော(အရဟတ္တဖိုလ်)စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေ၏၊ ထိုဒါယကာ၏ အတိုင်းအရှည်မရှိသော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ ဤလေးမျိုးသော ကောင်းမှုအထု ကုသိုလ်အယဉ်တို့သည် ချမ်းသာကို ဆောင်တတ်ကုန်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်ကုန်သည် ချမ်းသာကျိုး ရှိကုန်သည် နတ်ပြည်၌ ဖြစ်စေတတ်ကုန်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်ကုန်၏။ ရဟန်းတို့ "ဤမျှလောက် အတိုင်းအရှည်ရှိသော ကောင်းမှုအထု

http://www.dhammadownload.com



ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါဖြစ်၏”ဟု ဤကောင်းမှုအထု ကုသိုလ်အယဉ် လေးမျိုးတို့နှင့် ပြည့်စုံသော အရိယာသာဝက၏ ကောင်းမှု ပမာဏကို ယူခြင်းငှါ မလွယ်။ စင်စစ် အားဖြင့် မရေမတွက်နိုင် မနှိုင်းရှည့်နိုင်သော ကြီးစွာသော ကောင်းမှု အစု ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာ၌ “ဤမျှလောက် ကွမ်းစား[၁] ပမာဏရှိ ရေတို့” ဟူ၍၎င်း“ဤမျှလောက် ကွမ်းစားအရာ ပမာဏရှိ ရေတို့”ဟူ၍၎င်း “ဤမျှလောက် ကွမ်းစားအထောင် ပမာဏရှိ ရေတို့” ဟူ၍၎င်း “ဤမျှလောက် ကွမ်းစားအသိန်း ပမာဏရှိ ရေတို့”ဟူ၍၎င်း ရေ၏ ပမာဏကို ယူခြင်းငှါ မလွယ်၊ စင်စစ်အားဖြင့် မရေမတွက်နိုင် မနှိုင်းရှည့်နိုင်သော ကြီးစွာသော ရေအစု ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် “ဤမျှလောက်သော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုး ရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏” ဟု ဤကောင်းမှုအထု ကုသိုလ်အယဉ် လေးမျိုးတို့နှင့် ပြည့်စုံသော အရိယာသာဝက၏ ကောင်းမှု ပမာဏကို ယူခြင်းငှါ မလွယ်။ စင်စစ်အားဖြင့် မရေမတွက်နိုင် မနှိုင်းရှည့်နိုင်သော ကြီးစွာသော ကောင်းမှုအစုဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏ ဟု (မိန့်တော်မူ၏)။

> များစွာသော ရေကို ဆောင်တတ်သော(ကွမ်းစား အစရှိသည်ဖြင့်) မနှိုင်းရှည့်အပ်သော ပြင်းထန်သော အသံရှိသော များစွာ ကြောက်မက်ဖွယ်ရာရှိသော မြတ်သော ရတနာတို့၏ တည်ရာလည်းဖြစ်သော သမုဒ္ဒရာသို့ လူဝေါင်း များစွာတို့ မှီဝဲရာဖြစ်၍ တသွင်သွင် စီးနေကုန်သော မြောက်မြားစွာသော မြစ်တို့သည် (စီးဝင်)ကပ်ရောက်ကုန်သကဲ့သို့။
>
> ဤအတူ ထမင်း အဖျော် အဝတ် ပုဆိုး အိပ်ရာ နေရာတို့ကို၎င်း အိပ်ရာလွှမ်းကို၎င်း ပေးလှူတတ်သော ပညာရှိသူသို့ ရေကို ဆောင်တတ်သော မြစ်တို့သည် သမုဒ္ဒရာသို့ (စီးဝင်)ကပ် ရောက်ကုန်သကဲ့သို့ ထိုအတူ ကောင်းမှု အယဉ်တို့သည် (စီးဝင်)ကပ်ရောက်ကုန်သတည်း။

ပဉ္စမသုတ်။

---

## ၂-ဒုတိယ ပုညာဘိသန္ဒသုတ်

၅၂။ ရဟန်းတို့ ဤလေးမျိုးကုန်သော ကောင်းမှုအထု ကုသိုလ်အယဉ်တို့သည် ချမ်းသာကို ဆောင်တတ်ကုန်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်ကုန်သည် ချမ်းသာကျိုးရှိကုန်သည် နတ်ပြည်၌ ဖြစ်စေတတ်ကုန်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့

---

၁-ကွမ်းစား-လေးစလယ်ဝင်ထပြည်သားကို တကွမ်းစားဟုခေါ်သည်။

http://www.dhammadownload.com



ဤသာသနာတော်၌ အရိယာသာဝကသည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤပဌမဖြစ်သော ကောင်းမှု အထု ကုသိုလ် အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာသာဝကသည် "မြတ်စွာဘုရား ဟောထားသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့် ဟု ပြဆိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း" ဟု တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤဒုတိယ ဖြစ်သော ကောင်းမှု အထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကိုပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလို့ငှါ နှစ်သက်ဖွယ်အလို့ငှါ မြတ်နိုးဖွယ်အလို့ငှါ အစီးအပွါးအလို့ငှါ ချမ်းသာအလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာ သာဝကသည် "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့် ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော ဤ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ တမလွန်အဘွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှု ပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏" ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတတိယဖြစ်သော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်

http://www.dhammadownload.com



သည်ဖြစ်၍ အလိုရှိဖွယ် အလိုငှါ နှစ်သက်ဖွယ်အလိုငှါ မြတ်နိုးဖွယ်အလိုငှါ အစီးအပွါးအလိုငှါ ချမ်းသာ အလိုငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာသာဝကသည် မကျိုး မပေါက် မပြောက် မကျားကုန်သော တဏှာကျွန်အဖြစ်မှ တော်လှန်ကုန်သော ပညာရှိတို့ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ် အပ်ကုန်သော တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ စတုတ္ထဖြစ်သော ကောင်းမှုအထု ကုသိုလ်အယဉ်သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်သည် ချမ်းသာကျိုးရှိသည် နတ်ပြည်၌ ဖြစ်စေတတ်သည်ဖြစ်၍ အလိုရှိဖွယ်အလိုငှါ နှစ်သက်ဖွယ် အလိုငှါ မြတ်နိုးဖွယ်အလိုငှါ အစီးအပွါး အလိုငှါ ချမ်းသာအလိုငှါ ဖြစ်၏။ ရဟန်းတို့ ဤလေးမျိုးကုန်သော ကောင်းမှုအထု ကုသိုလ်အယဉ် တို့သည် ချမ်းသာကို ဆောင်တတ်သည် ကောင်းမြတ်သော အာရုံကို ပေးတတ်ကုန်သည် ချမ်းသာ ကျိုးရှိကုန်သည် နတ်ပြည်၌ ဖြစ်စေတတ်ကုန်သည်ဖြစ်၍ အလိုရှိဖွယ်အလိုငှါ နှစ်သက်ဖွယ်အလိုငှါ မြတ်နိုးဖွယ်အလိုငှါ အစီးအပွါးအလိုငှါ ချမ်းသာအလိုငှါ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အကြင်ပုဂ္ဂိုလ်၏ သဒ္ဓါတရားသည် တုန်လှုပ်ခြင်း မရှိပဲ မြတ်စွာဘုရား၌ ကောင်းစွာ တည်၏၊ အကြင်ပုဂ္ဂိုလ်၏ သီလသည်လည်း ကောင်းမြတ်သည်လည်း ဖြစ်၏၊ အရိယာပုဂ္ဂိုလ်တို့ နှစ်သက် အပ် ချီးမွမ်းအပ်သည်လည်း ဖြစ်၏။

အကြင်ပုဂ္ဂိုလ်အား သံဃာတော်၌ ကြည်ညိုခြင်းသည်ငှင်း ဖြောင့်မတ်သည် ဖြစ်၍ ဖြစ်သော ဉာဏ်အမြင်သည်ငှင်း ရှိ၏၊ ထိုပုဂ္ဂိုလ်ကို မဆင်းရဲသောသူဟု ဆိုကုန်၏၊ ထိုပုဂ္ဂိုလ်၏ အသက် ရှင်နေခြင်းကို အချည်းနှီးမဟုတ်ဟု ဆိုကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားတို့၏ အဆုံးအမတော်ကို အောက်မေ့သော ပညာရှိသည် ယုံကြည် ခြင်းကိုငှင်း သီလကိုငှင်း ကြည်ညိုခြင်းကိုငှင်း သစ္စာလေးပါးတရားကို မြင်ခြင်းကိုငှင်း အားထုတ်ရာ၏။

ဒုတိယသုတ်။

---

## ၃-ပဉ္စမ သံဝါသသုတ်

၅၃။ အခါတပါး၌ မြတ်စွာဘုရားသည် မဓုရမြို့နှင့် ဝေရဥ္စာပြည် အကြား ခရီးရှည်ကြွတော်မူ၏၊ များစွာသော သူကြွယ် သူကြွယ်မတို့သည်လည်း မဓုရမြို့နှင့် ဝေရဥ္စာပြည်အကြား ခရီးရှည်သွားကြ ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ခရီးလမ်းမှ ဖဲ၍ တခုသော သစ်ပင်ရင်း၌ ထိုင်နေတော် မူ၏။ သူကြွယ်တို့နှင့် သူကြွယ်မတို့သည်လည်း တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ ချဉ်းကပ်ကြပြီးလျှင် ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ကြကုန်၏၊ တခုသော နေရာ၌ ထိုင်နေကြကုန်သော ထိုသူကြွယ် သူကြွယ်မတို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့် တော်မူ၏—

ဒါယကာတို့ အတူနေခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— သူသေလင်သည် သူသေမယားနှင့် အတူ ပေါင်းသင်းနေ၏၊ သူသေလင်သည် နတ်သမီးမယားနှင့်

http://www.dhammadownload.com



အတူ ပေါင်းသင်း နေ၏၊နတ်သားလင်သည် သူသေမယားနှင့် အတူ ပေါင်းသင်းနေ၏၊နတ်သားလင်သည် နတ်သမီးမယားနှင့် အတူ ပေါင်းသင်း နေ၏။

သူကြွယ်တို့ အဘယ်သို့လျှင် သူသေလင်သည် သူသေမယားနှင့် အတူ ပေါင်းသင်း နေသနည်း၊ ဒါယကာတို့ ဤလောက၌ လင်သည် သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ သေအရက်ကို သောက်လေ့ရှိ၏၊ သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေး နှိပ်စက်သော စိတ်ဖြင့် အိမ်၌ နေ၏၊ သမဏ ဗြာဟ္မဏတို့ကို ဆဲရေး ခြိမ်းခြောက်တတ်၏။ ထိုလင်၏ မယားသည်လည်း သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သော စကားကို ပြောလေ့ရှိ၏၊ သေအရက်ကို သောက်လေ့ရှိ၏၊ သီလမရှိ၊ ယုတ်မာသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးနှိပ်စက်သော စိတ်ဖြင့် အိမ်၌နေ၏၊ သမဏ ဗြာဟ္မဏတို့ကို ဆဲရေး ခြိမ်းခြောက်တတ်၏။ ဒါယကာတို့ ဤသို့လျှင် သူသေလင်သည် သူသေမယားနှင့်အတူ ပေါင်းသင်းနေ၏။

ဒါယကာတို့ အဘယ်သို့လျှင် သူသေလင်သည် နတ်သမီးမယားနှင့်အတူ ပေါင်းသင်းနေသနည်း၊ ဒါယကာတို့ ဤလောက၌ လင်သည် သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ သေအရက်ကို သောက်လေ့ရှိ၏၊ သီလမရှိ၊ ယုတ်မာသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေး နှိပ်စက်သော စိတ်ဖြင့် အိမ်၌ နေ၏၊ သမဏ ဗြာဟ္မဏတို့ကို ဆဲရေး ခြိမ်းခြောက်တတ်၏။ ထိုလင်၏ မယားသည်ကား သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်၌နေ၏၊ သမဏ ဗြာဟ္မဏတို့ကို မဆဲရေး မခြိမ်းခြောက်တတ်။ဒါယကာတို့ ဤသို့လျှင် သူသေလင်သည် နတ်သမီးမယားနှင့်အတူ ပေါင်းသင်းနေ၏။

ဒါယကာတို့ အဘယ်သို့လျှင် နတ်သားလင်သည် သူသေမယားနှင့်အတူ ပေါင်းသင်းနေသနည်း၊ ဒါယကာတို့ ဤလောက၌ လင်သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားသော အားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်၌နေ၏၊သမဏဗြာဟ္မဏတို့ကို မဆဲရေး မခြိမ်းခြောက်တတ်။ ထိုလင်၏ မယားသည်ကား သူ့အသက်ကို သတ်လေ့ရှိ၏။ပ။ သေအရက်ကို သောက်လေ့ရှိ၏၊ သီလမရှိ၊ ယုတ်မာသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေး နှိပ်စက်သော စိတ်ဖြင့် အိမ်၌နေ၏၊ သမဏ ဗြာဟ္မဏတို့ကို ဆဲရေး ခြိမ်းခြောက်တတ်၏။ ဒါယကာတို့ ဤသို့လျှင် နတ်သားလင်သည် သူသေမယားနှင့်အတူ ပေါင်းသင်းနေ၏။

ဒါယကာတို့ အဘယ်သို့လျှင် နတ်သားလင်သည် နတ်သမီးမယားနှင့်အတူ ပေါင်းသင်းနေသနည်း၊ဒါယကာတို့ ဤလောက၌ လင်သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်၌ နေ၏၊ သမဏ ဗြာဟ္မဏတို့ကို မဆဲရေး မခြိမ်းခြောက်တတ်။ ထိုလင်၏ မယားသည်လည်း သူ့အသက် သတ်ခြင်းမှ

http://www.dhammadownload.com



ရှောင်ကြဉ်၏။ပ။ သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သီလရှိ၏၊ကောင်းသော သဘော ရှိ၏၊ဝန်တိုခြင်း အညစ် အကြေးကင်းသော စိတ်ဖြင့် အိမ်၌ နေ၏၊ သမဏ ြဗြာဟ္မဏတို့ကို မဆဲရေး မငြိမ်းချောက်တတ်။ဒါယကာတို့ ဤသို့လျှင် နတ်သား လင်သည် နတ်သမီးနှင့် တူသော မယားနှင့် အတူ ပေါင်းသင်းနေ၏။ဒါယကာတို့ အတူနေခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

လင်မယားနှစ်ဦးလုံးတို့ပင် သီလမရှိကုန်၊ ဝန်တိုကုန်၏၊ မောင်းမဲ ခြိမ်းချောက်တတ်ကုန်၏၊ ထိုလင်မယား နှစ်ဦးတို့သည် သူသေအချင်းချင်း အတူနေခြင်းသို့ ရောက်ကြကုန်၏။

လင်သည် သီလမရှိ၊ ဝန်တိုတတ်၏၊ ခြိမ်းချောက်တတ်၏၊ မယားသည်ကား သီလရှိ၏၊ အလှူခံတို့၏ စကားအဓိပ္ပါယ်ကို သိ၏၊ ဝန်တိုခြင်း ကင်း၏၊ ထိုနတ်သမီး မယားသည်လည်း သူသေလင်နှင့် အတူ ပေါင်းသင်းနေသည် မည်၏။

လင်သည် သီလရှိ၏၊ အလှူခံတို့၏ စကားအဓိပ္ပါယ်ကို သိ၏၊ ဝန်တိုခြင်း ကင်း၏၊ မယားသည်ကား သီလမရှိ၊ ဝန်တိုတတ်၏၊ အလှူခံတို့၏ စကားအဓိပ္ပါယ်ကို မသိတတ်၊ ခြိမ်းချောက်တတ်၏၊ ထိုသူသေမယားသည်လည်း နတ်သားလင်နှင့် အတူ ပေါင်းသင်းနေသည် မည်၏။

ထိုလင်မယားနှစ်ဦးလုံးတို့သည်ပင် သဒ္ဓါတရားနှင့်လည်း ပြည့်စုံကုန်၏၊ အလှူခံတို့၏ စကား အဓိပ္ပါယ်ကိုလည်း သိကြကုန်၏၊(ကိုယ် နှုတ် နှလုံးကို) စောင့်စည်းကြကုန်၏၊ ထိုလင်မယား နှစ်ဦးလုံးတို့သည် အချင်းချင်း ချစ်ဖွယ်သောစကားကို ပြောဆိုကြကုန်လျက် တရားသဖြင့် အသက်မွေးကြကုန်၏။

တူမျှသော သီလရှိကုန်သော ထိုလင်မယားနှစ်ဦးလုံးတို့အား အကျိုးစီးပွါးတို့သည် များပြား ကုန်၏၊ ချမ်းသာစွာ နေရခြင်းလည်း ဖြစ်၏၊ ရန်သူတို့ နှလုံးမသာဖွယ် ဖြစ်ကုန်၏။

တူမျှသော သီလ အကျင့်ရှိကုန်သော လင်မယား နှစ်ဦးလုံးတို့သည် ဤလူ့ဘဝ၌ တရား ကို ကျင့်ကြကုန်၍ နတ်လောက၌ အလုံးစုံသော ကာမတို့ကို လိုတိုင်း ရကုန်လျက် နှစ်နှစ် သက်သက် မွေ့လျော်ရကုန်သတည်း။

တတိယသုတ်။

---

## ၄-ဒုတိယ သံဝါသသုတ်

၅၄။ ရဟန်းတို့ အတူနေခြင်းတို့သည် ဤလေးမျိုးတို့တည်း။အဘယ်လေးမျိုးတို့နည်း ဟူမူ— သူသေလင်သည် သူသေမယားနှင့် အတူပေါင်းသင်းနေ၏၊သူသေလင်သည် နတ်သမီးမယားနှင့် အတူ ပေါင်းသင်းနေ၏၊နတ်သားလင်သည် သူသေမယားနှင့် အတူ ပေါင်းသင်းနေ၏၊နတ်သား လင်သည် နတ်သမီးမယားနှင့်အတူ ပေါင်းသင်းနေ၏။

ရဟန်းတို့ အဘယ်သို့လျှင် သူသေလင်သည် သူသေမယားနှင့် အတူ ပေါင်းသင်းနေသနည်း၊ ရဟန်းတို့ ဤလောက၌ လင်သည် သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားသော အားဖြင့် ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သော စကားကို ပြောလေ့ရှိ၏၊ ကုန်း စကားကို ဆိုတတ်၏၊ ကြမ်းထမ်းသော စကားကို ဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသောစကားကို ဆိုတတ်၏၊ မက်မောခြင်း 'အဘိဇ္ဈာ' များ၏၊ ပျက်စီးစေလိုစိတ် ရှိ၏၊ မှားသော အယူရှိ၏၊ သီလမရှိ၊ ယုတ် မာသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေး နှိပ်စက်သော စိတ်ဖြင့် အိမ်၌ နေ၏၊ သမဏ

http://www.dhammadownload.com



ပြာဟ္မဏတို့ကို ဆဲရေး ခြိမ်းခြောက်တတ်၏၊ ထိုလင်၏ မယားသည်လည်း သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိ၏၊ ကုန်းစကားကို ဆိုတတ်၏၊ ကြမ်းထမ်းသော စကားကို ဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသော စကားကို ဆိုတတ်၏၊ မက်မောခြင်း 'အဘိဇ္ဈာ' များ၏၊ ပျက်စီးစေလိုစိတ် ရှိ၏၊ မှားသော အယူရှိ၏၊ သီလမရှိ၊ ယုတ်မာသောအကျင့် ရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးနှိပ်စက်သော စိတ်ဖြင့် အိမ်၌ နေ၏၊သမဏပြာဟ္မဏတို့ကို ဆဲရေးခြိမ်းခြောက်တတ်၏။ ရဟန်းတို့ ဤသို့လျှင် သူသေလင်သည် သူသေမယားနှင့် အတူ ပေါင်းသင်း နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် သူသေလင်သည် နတ်သမီးမယားနှင့်အတူ ပေါင်းသင်း နေသနည်း၊ ရဟန်းတို့ ဤလောက၌ လင်သည် သူ့အသက်ကို သတ်လေ့ရှိ၏။ပ။ မှားသော အယူရှိ၏၊ သီလမရှိ၊ယုတ်မာသော သဘောရှိ၏၊ ဝန်တိုသော အညစ်အကြေးနှိပ်စက်သော စိတ်ဖြင့် အိမ်၌နေ၏၊ သမဏပြာဟ္မဏတို့ ဆဲရေး ခြိမ်းခြောက်တတ်၏။ ထိုလင်၏ မယားသည်ကား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ကြမ်းထမ်းသော စကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ မက်မောခြင်း 'အဘိဇ္ဈာ' မများ၊ ပျက်စီးစေလိုစိတ် မရှိ၊ မှန်သော အယူရှိ၏၊ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်၌နေ၏၊ သမဏပြာဟ္မဏတို့ကို မဆဲရေး မခြိမ်းခြောက်တတ်။ ရဟန်းတို့ ဤသို့လျှင် သူသေလင်သည် နတ်သမီး မယားနှင့်အတူ ပေါင်းသင်းနေ၏။

ရဟန်းတို့ အဘယ်သို့လျှင် နတ်သားသည် သူသေမယားနှင့် အတူ ပေါင်းသင်းနေသနည်း၊ ရဟန်းတို့ ဤလောက၌ လင်သည် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားသော အားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ကြမ်းထမ်းသော စကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မများ၊ ပျက်စီးစေလိုစိတ် မရှိ၊ ကောင်းသော အယူရှိ၏၊ သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်၌ နေ၏၊ သမဏ ပြာဟ္မဏတို့ကို မဆဲရေး မခြိမ်းခြောက်တတ်။ ထိုလင်၏ မယားသည်ကား သူ့အသက်ကို သတ်လေ့ရှိ၏။ပ။မှားသော အယူရှိ၏၊သီလမရှိ၊ ယုတ်မာသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးနှိပ်စက်သော စိတ်ဖြင့် အိမ်၌ နေ၏၊ သမဏပြာဟ္မဏတို့ကို ဆဲရေး ခြိမ်းခြောက်တတ်၏။ ရဟန်းတို့ ဤသို့လျှင် နတ်သားလင်သည် သူသေမယားနှင့်အတူ ပေါင်းသင်း နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် နတ်သားလင်သည် နတ်သမီးမယားနှင့်အတူ ပေါင်းသင်းနေသနည်း၊ ရဟန်းတို့ ဤလောက၌ လင်သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်သော အယူရှိ၏၊ သီလရှိ၏၊ ကောင်းသော သဘော ရှိ၏၊ ဝန်တိုခြင်း အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်၌နေ၏။သမဏပြာဟ္မဏတို့ကို မဆဲရေး မခြိမ်းခြောက်တတ်၊ ထိုလင်၏ မယားသည်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်သော အယူရှိ၏၊ ကောင်းသော သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဝန်တိုခြင်း အညစ်အကြေးကင်းသောစိတ်ဖြင့် အိမ်၌နေ၏၊ သမဏပြာဟ္မဏတို့ကို မဆဲရေး မခြိမ်းခြောက်တတ်။ ရဟန်းတို့ ဤသို့လျှင် နတ်သားလင်သည် နတ်သမီးမယားနှင့် အတူ ပေါင်းသင်းနေသည် မည်၏၊ရဟန်းတို့ အတူနေခြင်းတို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



လင်မယားနှစ် ဦးလုံးတို့ပင် သီလမရှိကုန်၊ဝန်တိုကုန်၏၊ မောင်းမဲ ခြိမ်းချောက်တတ်ကုန်၏၊ ထိုလင် မယားနှစ်ဦးတို့သည် သူသေ အချင်းချင်း အတူနေခြင်းသို့ ရောက်ကုန်၏။

လင်သည် သီလမရှိ၊ ဝန်တိုတတ်၏၊ ခြိမ်းချောက်တတ်၏၊ မယားသည်ကား သီလရှိ၏၊ အလှူခံတို့၏ စကား အဓိပ္ပါယ်ကို သိ၏၊ ဝန်တိုခြင်း ကင်း၏၊ ထိုနတ်သမီး မယားသည်လည်း သူသေလင်နှင့်အတူ ပေါင်းသင်း နေသည် မည်၏။

လင်သည် သီလရှိ၏၊ အလှူခံတို့၏ စကား အဓိပ္ပါယ်ကို သိ၏၊ ဝန်တိုခြင်းကင်း၏၊ မယားသည်ကား သီလမရှိ၊ ဝန်တိုတတ်၏၊ အလှူခံ၏ စကားအဓိပ္ပါယ်ကို မသိတတ်၊ ခြိမ်းချောက်တတ်၏၊ ထိုသူသေမယားသည်လည်း နတ်သားလင်နှင့် အတူ ပေါင်းသင်းနေသည် မည်၏။

လင်မယား နှစ်ဦးလုံးတို့သည်ပင် သဒ္ဓါတရား နှင့်လည်း ပြည့်စုံကုန်၏၊ အလှူခံတို့၏ စကား အဓိပ္ပါယ်ကိုလည်း သိကြကုန်၏၊ (ကိုယ် နှုတ် နှလုံးကို)စောင့်စည်းကြကုန်၏၊ ထိုလင်မယား နှစ်ဦးလုံးတို့သည် အချင်းချင်း ချစ်ဖွယ်သော စကားကို ပြောဆိုကြကုန်လျက် တရားသဖြင့် အသက် မွေးကြကုန်၏။

တူမျှသော သီလရှိကုန်သော ထိုလင်မယားနှစ်ဦးလုံးတို့အား အကျိုးစီးပွါးတို့သည် များပြားကုန်၏၊ ချမ်းသာစွာ နေရခြင်းသည်လည်း ဖြစ်၏၊ ရန်သူတို့ နှလုံးမသာဖွယ်ဖြစ်ကုန်၏။

တူမျှသော သီလအကျင့်ရှိကုန်သော လင်မယားနှစ်ဦးလုံးတို့သည် ဤလူ့ဘဝ၌ တရားကို ကျင့်ကြကုန်၍ နတ်လောက၌ အလုံးစုံသော ကာမတို့ကို လိုတိုင်း ရကုန်လျက် နှစ်နှစ်သက်သက် မွေ့လျော်ရကုန်သတည်း။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ သမဇီဝိသုတ်

၅၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရား.သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ ဘေသကဠာတော၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် နကုလပိတာသူကြွယ်အိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။ ထိုအခါ နကုလပိတာသူကြွယ်နှင့် နကုလမာတာသူကြွယ်မတို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကုန်၍ ရှိခိုးလျက် တင့်သောနေရာ၌ ထိုင်ပြီးလျှင် နကုလပိတာသူကြွယ်သည် မြတ်စွာဘုရားအား—"အသျှင်ဘုရား တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ နကုလမာတာသူကြွယ်မကို ထိမ်းမြားယူဆောင်ခဲ့သည်မှစ၍ စိတ်မျှဖြင့်လည်း နကုလမာတာသူကြွယ်မကို လွန်၍ ကျင့်မိသည်ဟု အကျွန်ုပ် မသိစဘူးပါ၊ ကိုယ်ဖြင့်မူကား အဘယ်မှာဆိုဖွယ်ရာ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏" ဟု လျှောက်၏။ နကုလမာတာသူကြွယ်မကလည်း မြတ်စွာဘုရားအား "အသျှင်ဘုရား နကုလပိတာသူကြွယ်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ တပည့်တော်မကို ထိမ်းမြားယူဆောင်ခဲ့သည်

http://www.dhammadownload.com



မှစ၍ စိတ်မျှဖြင့်လည်း နကုလပိတာသူကြွယ်ကိုလွန်၍ ကျင့်မိသည်ဟု အကျွန်ုပ် မသိစဘူးပါ၊ ကိုယ်ဖြင့်မူကား အဘယ်မှာဆိုဖွယ်ရာရှိပါအံ့နည်း၊အသျှင်ဘုရား တပည့်တော်တို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏၊ နောင်တမလွန် ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကြပါကုန်၏" ဟု လျှောက်၏။

ဒါယကာတို့ လင်မယားနှစ်ဦးတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန် တမလွန် ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန် အကယ်၍ အလိုရှိကုန်အံ့၊ နှစ်ဦးလုံးတို့သည် တူမျှသော သဒ္ဓါတရား ရှိကုန်ရာ၏၊ တူမျှသော သီလရှိကုန်ရာ၏၊ တူမျှသော စွန့်ကြဲမှုရှိကုန်ရာ၏၊ တူမျှသော ပညာ ရှိကုန်ရာ၏၊ (ယင်းသို့ ဖြစ်သော်) ထိုလင်မယားနှစ်ဦးတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။

လင်မယားနှစ်ဦးလုံးဘို့ပင် သဒ္ဓါတရားနှင့်လည်း ပြည့်စုံကုန်၏၊အလှူခံတို့၏ စကားအဓိပ္ပါယ် ကိုလည်း သိကုန်၏၊ (ကိုယ် နှုတ် နှလုံးကို) စောင့်စည်း ကြကုန်၏၊ ထိုလင်မယား နှစ်ဦးလုံး တို့သည် အချင်းချင်း ချစ်ဖွယ်သော စကားကို ပြောဆိုကြကုန်လျက် တရားသဖြင့် အသက်မွေး ကြကုန်၏။

တူမျှသော သီလရှိကုန်သော လင်မယား နှစ်ဦးလုံးတို့အား အကျိုးစီးပွါးတို့သည် များပြား ကုန်၏၊ ချမ်းသာစွာနေရခြင်းလည်း ဖြစ်၏၊ ရန်သူတို့ နှလုံးမသာဖွယ် ဖြစ်ကြကုန်၏။

တူမျှသော သီလရှိကုန်သော လင်မယား နှစ်ဦးလုံးတို့သည် ဤလူ့ဘဝ၌ တရားကို ကျင့် ကြကုန်၍ နတ်ပြည်လောက၌ အလုံးစုံသော ကာမတို့ကို လိုတိုင်း ရကုန်လျက် နှစ်နှစ် သက်သက် မွေ့လျော်ရကုန်သတည်း။

ပဌမသုတ်။

---

## ၆-ဒုတိယ သမဇီဝီသုတ်

၅၆။ ရဟန်းတို့ လင်မယား နှစ်ဦးလုံးတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကုန် နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုကုန်ငြားအံ့၊ လင်မယား နှစ်ဦးလုံးတို့သည်ပင် တူမျှသော သဒ္ဓါတရား ရှိကုန်ရာ၏၊ တူမျှသော သီလ တူမျှသော စွန့်ကြဲခြင်း တူမျှသော ပညာ ရှိကုန်ရာ၏၊ (ယင်းသို့ဖြစ်သည်ရှိသော်) ထိုလင်မယားနှစ်ဦးလုံးတို့သည် မျက်မှောက်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။

လင်မယား နှစ်ဦးလုံးတို့ပင် သဒ္ဓါတရားနှင့်လည်း ပြည့်စုံကုန်၏၊ အလှူခံတို့၏ စကား အဓိပ္ပါယ်ကိုလည်း သိကုန်၏၊ (ကိုယ် နှုတ် နှလုံးကို) စောင့်စည်းကြကုန်၏၊ ထိုလင်မယား နှစ်ဦး လုံးတို့သည် အချင်းချင်း ချစ်ဖွယ်သော စကားကို ပြောဆိုကြကုန်လျက် တရားသဖြင့် အသက်မွေးကြကုန်၏။

http://www.dhammadownload.com



တူမျှသော သီလရှိကုန်သော လင်မယားနှစ်ဦးလုံးတို့အား အကျိုးစီးပွါးတို့သည် များပြား ကုန်၏၊ ချမ်းသာစွာ နေရခြင်းလည်း ဖြစ်၏၊ ရန်သူတို့ နှလုံးမသာဖွယ် ဖြစ်ကုန်၏။

တူမျှသော သီလရှိကုန်သော လင်မယားနှစ်ဦးလုံးတို့သည် ဤလူ့ဘဝ၌ တရားကို ကျင့် ကြကုန်၍ နတ်ပြည်လောက၌ အလုံးစုံသော ကာမတို့ကို လိုတိုင်း ရကုန်လျက် နှစ်နှစ် သက်သက် မွေ့လျော်ရကုန်သတည်း။

ဆဋ္ဌသုတ်။

## ၇-သုပ္ပဝါသာသုတ်

၅၇။ အခါတပါး၌ မြတ်စွာဘုရားသည် ကောဠိယဇနပုဒ်ဝယ် ကောဠိယမင်းမျိုးတို့၏ ပဇ္ဇနိက မည်သော နိဂုံး၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ကောဠိယမင်းသမီး သုပ္ပဝါသာ၏ အိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ ကောဠိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရားကို မွန်မြတ်သော ခဲဖွယ် စားဖွယ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့် တိုင်အောင် ကိုယ်ကိုင် လုပ်ကျွေး၏၊ ဆွမ်းစားပြီးနောက် သပိတ်မှ လက်ကို ဖယ်ပြီးသော မြတ်စွာ ဘုရားအထံသို့ ချဉ်းကပ်၍ တနေရာ၌ ထိုင်နေသော ကောဠိယမင်းသမီး သုပ္ပဝါသာအား မြတ်စွာဘုရားသည်—

သုပ္ပဝါသာ ဘောဇဉ်ကို ပေးလှူသော အရိယာတပည့်မသည် အလှူခံပုဂ္ဂိုလ်တို့အား လေးမျိုးသော အရာတို့ကို ပေးလှူသည် မည်၏။ အဘယ် လေးမျိုးတို့နည်း ဟူမူ—အသက်ကို ပေးလှူသည် မည်၏၊ အဆင်းကို ပေးလှူသည် မည်၏၊ ချမ်းသာကို ပေးလှူသည် မည်၏၊ ခွန်အား ကို ပေးလှူသည် မည်၏။ အသက်ကို ပေးလှူသည် မည်ခြင်းကြောင့် နတ်အသက်သော်လည်း လူအသက် သော်လည်း ရှည်ရန်ဖြစ်၏၊ အဆင်းကို ပေးလှူသည်မည်ခြင်းကြောင့် နတ်အဆင်းသော်လည်း လူအဆင်း သော်လည်း လှရန်ဖြစ်၏၊ ချမ်းသာကို ပေးလှူသည် မည်ခြင်းကြောင့် နတ်ချမ်းသာသော်လည်း လူချမ်း သာသော်လည်း ရရန်ဖြစ်၏၊ ခွန်အားကို ပေးလှူသည် မည်ခြင်းကြောင့် နတ်ခွန်အားသော်လည်း လူခွန်အားသော်လည်း ကြီးရန်ဖြစ်၏။ သုပ္ပဝါသာ ဘောဇဉ်ကိုပေးလှူသော အရိယာတပည့်မသည် အလှူခံပုဂ္ဂိုလ်တို့အား ဤလေးမျိုးသော အရာတို့ကို ပေးလှူသည် မည်၏ ဟု မိန့်တော်မူ၏။

အကြင် အရိယာတပည့်မသည် အကျင့် 'စရဏ' တဆယ့်ငါးပါးနှင့် ပြည့်စုံကုန်သော မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော (ရဟန္တာ) ပုဂ္ဂိုလ်တို့၌ စင်ကြယ်သော မွန်မြတ်သော အရသာနှင့် ပြည့်စုံသော ကောင်းစွာ စီရင်အပ်သော ဘောဇဉ်ကို ပေးလှူ၏၊ ထိုအရိယာတပည့်မ၏ အလှူကို ကောင်းမှု အချင်းချင်း ဆက်စပ်လျက် ကြီးမြတ်သော အကျိုးရှိ၏ဟူ၍ လောကသုံးပါးကို သိတော်မူသော မြတ်စွာ ဘုရားတို့သည် ချီးမွမ်းတော်မူအပ်၏။

လောက၌ အကြင်သူတို့သည် ထိုသို့ သဘောရှိသော ကောင်းမှုကို အဖန်တလဲလဲ အောက်မေ့ကုန်လျက် နှစ်သက်ခြင်း ရှိကုန်သည် ဖြစ်၍ ဝန်တိုခြင်း အညစ်အကြေးကို

http://www.dhammadownload.com



အမြစ်အရင်းနှင့်တကွ ပယ်ဖျောက်၍ လှည့်လည်ကုန်၏၊ ထိုသူတို့သည် မကဲ့ရဲ့အပ်ကုန်မူ၍ မြတ်သော နတ်ပြည်ဌာနသို့ ကပ်ရောက်ရကုန်သတည်း။

သတ္တမသုတ်။

## ၈-သုဒတ္တသုတ်

၃၈။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်—

ဒါယကာ ဘောဇဉ်ကို ပေးလှူသော အရိယာတပည့်သည် အလှူခံပုဂ္ဂိုလ်တို့အား လေးမျိုးသော အရာတို့ကို ပေးလှူသည် မည်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အသက်ကို ပေးလှူသည် မည်၏၊ အဆင်းကို ပေးလှူသည် မည်၏၊ ချမ်းသာကို ပေးလှူသည် မည်၏၊ ခွန်အားကို ပေးလှူသည် မည်၏။ အသက်ကို ပေးလှူသည် မည်ခြင်းကြောင့် နတ်သက်သော်၎င်း လူသက်သော်၎င်း ရှည်ရန် ဖြစ်၏၊ အဆင်းကို ပေးလှူသည် မည်ခြင်းကြောင့်။ ချမ်းသာကို ပေးလှူသည် မည်ခြင်းကြောင့်။ ခွန်အားကို ပေးလှူသည် မည်ခြင်းကြောင့် နတ်ခွန်အားသော်၎င်း လူခွန်အားသော်၎င်း ကြီးရန် ဖြစ်၏။ ဒါယကာ ဘောဇဉ်ကို ပေးလှူသော အရိယာတပည့်သည် အလှူခံပုဂ္ဂိုလ်တို့အား ဤလေးမျိုးသော အရာတို့ကို ပေးလှူသည် မည်၏ ဟု (မိန့်တော်မူ၏)။

အကြင်သူသည် (ကိုယ် နှုတ် နှလုံးကို)စောင့်စည်းတတ်ကုန်သော သူတပါးတို့ ပေးသည်ကို စားရကုန်သော ပုဂ္ဂိုလ်တို့အား သင့်လျော်သော အခါကာလ၌ ရိုသေစွာ ဘောဇဉ်ကို ပေးလှူ၏၊ ထိုသူသည် အသက်ကို၎င်း အဆင်းကို၎င်း ချမ်းသာကို၎င်း ခွန်အားကို၎င်း ဤလေးမျိုးသော အရာတို့ကိုပေးလှူသည် မည်၏။

အသက် အဆင်း ချမ်းသာ ခွန်အားကို ပေးလှူတတ်သူသည် အကြင်အကြင် ဘုံဌာန၌ ဖြစ်၏၊ ထိုထိုဖြစ်လေရာရာ ဘုံဌာန၌ အသက်ရှည်ခြင်းသည်၎င်း အခြံအရံများခြင်းသည်၎င်း ဖြစ်ရလေသတည်း။

အဋ္ဌမသုတ်။

## ၉-ဘောဇနသုတ်

၃၉။ ရဟန်းတို့ ဘောဇဉ်ကို ပေးလှူသောသူသည် အလှူခံပုဂ္ဂိုလ်တို့အား လေးမျိုးသော အရာတို့ကို ပေးလှူသည် မည်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အသက်ကို ပေးလှူသည် မည်၏၊ အဆင်းကို ပေးလှူသည် မည်၏၊ ချမ်းသာကို ပေးလှူသည် မည်၏၊ ခွန်အားကို ပေးလှူသည် မည်၏။ အသက်ကို ပေးလှူသည် မည်ခြင်းကြောင့် နတ်သက်သော်၎င်း လူသက်သော်၎င်း ရှည်ရန် ဖြစ်၏။ အဆင်းကို ပေးလှူသည် မည်ခြင်းကြောင့်။ ချမ်းသာကို ပေးလှူသည် မည်ခြင်းကြောင့်။ ခွန်အားကို ပေးလှူသည် မည်ခြင်းကြောင့် နတ်ခွန်အားသော်၎င်း လူခွန်အားသော်၎င်း ကြီးရန်

http://www.dhammadownload.com



ဖြစ်၏။ ရဟန်းတို့ ဘောဇဉ်ကို ပေးလှူသော သူသည် အလှူခံပုဂ္ဂိုလ်တို့အား ဤလေးမျိုးသော အရာတို့ကို ပေးလှူသည် မည်၏ ဟု (မိန့်တော်မူ၏)။

အကြင်သူသည် (ကိုယ် နှုတ် နှလုံးကို)စောင့်စည်းတတ်ကုန်သော သူတပါးတို့ ပေးသည်ကို စားရကုန်သော ပုဂ္ဂိုလ်တို့အား သင့်လျော်သော အခါကာလ၌ ရိုသေစွာ ဘောဇဉ်ကို ပေးလှူ၏၊ ထိုသူသည် အသက်ကိုဂင်း အဆင်းကိုဂင်း ချမ်းသာကိုဂင်း ခွန်အားကိုဂင်း ဤလေးမျိုးသော အရာတို့ကို ပေးလှူသည် မည်၏။

အသက် အဆင်း ချမ်းသာ ခွန်အားကို ပေးလှူတတ်သူသည် အကြင်အကြင် ဘုံဌာန၌ ဖြစ်၏၊ ထိုထို ဖြစ်လေရာရာ ဘုံဌာန၌ အသက်ရှည်ခြင်းသည်ဂင်း အခြံအရံများခြင်းသည်ဂင်း ဖြစ်ရလေသတည်း။

နဝမသုတ်။

## ၁၀-ဂိဟိသာမီစိသုတ်

၆၀။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်—

ဒါယကာ တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် အခြံအရံ အကျော်အစောကို ရစေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော လူတို့အား လျော်သော ကျင့်ဝတ်ကို ကျင့်သည် မည်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ဒါယကာ ဤသာသနာတော်၌ အရိယာတပည့်သည် ရဟန်းသံဃာသို့ သင်္ကန်းဖြင့် ရှေးရှုကပ်၍ တည်၏၊ 'သင်္ကန်းလှူ၏'။ ရဟန်း သံဃာသို့ ဆွမ်းဖြင့် ရှေးရှုကပ်၍ တည်၏၊ 'ဆွမ်းလှူ၏'။ ရဟန်း သံဃာသို့ ကျောင်းဖြင့် ရှေးရှုကပ်၍ တည်၏၊ 'ကျောင်းလှူ၏'။ ရဟန်းသံဃာသို့ သူနာ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ဖြင့် ရှေးရှုကပ်၍တည်၏၊ 'ဆေးလှူ၏'။ ဒါယကာ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် အခြံအရံ အကျော်အစောကို ရစေတတ်သော နတ်ပြည်၌ ဖြစ်စေ တတ်သော လူတို့အား လျော်သော လူ့ကျင့်ဝတ်ကို ကျင့်သည်မည်၏ဟု (မိန့်တော်မူ၏)။

ပညာရှိတို့သည် ကိုယ်စိတ်ဖြင့် ညီညွတ်ခြင်းသို့ ရောက်ကုန်သော သီလရှိကုန်သော အလှူခံ ပုဂ္ဂိုလ်တို့ကို သင်္ကန်းဖြင့်ဂင်း ဆွမ်း ကျောင်း အိပ်ရာ နေရာဖြင့်ဂင်း သူနာတို့ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့်ဂင်း ရှေးရှုကပ်၍ တည်လျက် လူတို့အား လျော်သော လူ့ကျင့်ဝတ်ကို ကျင့်ကုန်၏။

ထိုသူတို့အား နေ့၌ဂင်း ညဉ့်၌ဂင်း အခါခပ်သိမ်း ကောင်းမှုသည် တိုးပွါး၏၊ ထိုသူတို့သည် ကောင်းမြတ်သော ကောင်းမှုကို ပြုပြီး၍ နတ်ပြည်သို့ ရောက်ရလေသတည်း။

ဒသမသုတ်။

ရှေးဦးစွာသော ပုညာဘိသန္ဒဝဂ် ပြီး၏။

http://www.dhammadownload.com



## (၇) ၂-ပတ္တကမ္မဝဂ် ၁-ပတ္တကမ္မသုတ်

၆၁။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တင့်သောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ဒါယကာ လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော တရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ငါ့အား တရားနှင့်အညီ စည်းစိမ်တို့သည် ဖြစ်စေကုန်သတည်း။ ဤသည်ကား လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော ပဌမ တရားတည်း။

တရားနှင့် အညီ စည်းစိမ်တို့ကို ရ၍ အဆွေအမျိုးတို့နှင့်တကွ အဆွေခင်ပွန်းတို့နှင့် တကွ ငါ့အား အခြံအရံသည် ရောက်လာစေသတည်း။ ဤသည်ကား လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော ဒုတိယ တရားတည်း။

တရားနှင့်အညီ စည်းစိမ်တို့ကို ရ၍ အဆွေအမျိုးတို့နှင့် တကွ အဆွေခင်ပွန်းတို့နှင့် တကွ အခြံအရံကို ရ၍ ကြာမြင့်စွာ အသက်ရှည်လို၏၊ ရှည်သော အသက်ကို စောင့်ရှောက်လို၏။ ဤသည်ကား လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော တတိယတရားတည်း။

တရားနှင့် အညီ စည်းစိမ် ဥစ္စာတို့ကို ရ၍ အဆွေအမျိုးတို့နှင့်တကွ အဆွေခင်ပွန်းတို့နှင့် တကွ အခြံအရံကို ရ၍ ကြာမြင့်စွာ အသက်ရှည်၍ ရှည်သော အသက်ကို စောင့်ရှောက်၍ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရလို၏။ ဤသည်ကား လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော စတုတ္ထ တရားတည်း။ ဒါယကာ လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော တရားတို့သည် ဤလေးမျိုး တို့တည်း။

ဒါယကာ လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော ဤ(အကျိုး)တရားလေးမျိုးတို့ကို ရရန် အကြောင်းတရားလေးမျိုးတို့ ရှိကုန်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—သဒ္ဓါတရားနှင့် ပြည့်စုံခြင်း သီလနှင့် ပြည့်စုံခြင်း စွန့်ကြဲမှုနှင့် ပြည့်စုံခြင်း ပညာနှင့် ပြည့်စုံခြင်းတို့တည်း။

ဒါယကာ သဒ္ဓါနှင့်ပြည့်စုံခြင်းဟူသည် အဘယ်နည်း၊ ဒါယကာ ဤသာသနာတော်၌ အရိယာ တပည့်သည် သဒ္ဓါတရားနှင့် ပြည့်စုံ၏ "ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်း ကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော် မူတတ်သော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော

http://www.dhammadownload.com



အကြောင်းကြောင့်လည်း ဘေးဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။ ဒါယကာ ဤသည်ကို သဒ္ဓါတရားနှင့် ပြည့်စုံခြင်းဟု ဆိုအပ်၏။

ဒါယကာ သီလနှင့် ပြည့်စုံခြင်းဟူသည် အဘယ်နည်း၊ ဒါယကာ ဤသာသနာတော်၌ အရိယာတပည့်သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။ ဒါယကာ ဤသည်ကို သီလနှင့်ပြည့်စုံခြင်း ဟု ဆိုအပ်၏။

ဒါယကာ စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်းဟူသည် အဘယ်နည်း၊ ဒါယကာ ဤသာသနာတော်၌ အရိယာတပည့်သည် ဝန်တိုခြင်း အညစ်အကြေး ကင်းသောစိတ်ဖြင့် အိမ်၌ နေ၏၊ လွှတ်လွှတ် စွန့်ကြဲ၏၊ ဆေးကြော အပ်သော လက်ရှိ၏၊ စွန့်ကြဲမှု၌ မွေ့လျော်၏၊ အတောင်းခံရန် အသင့်ဖြစ်၏၊ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏။ ဒါယကာ ဤသည်ကို စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်းဟု ဆိုအပ်၏။

ဒါယကာ ပညာနှင့် ပြည့်စုံခြင်း ဟူသည် အဘယ်နည်း။ ဒါယကာ မက်မောခြင်း 'အဘိဇ္ဈာ' တည်းဟူသော ဝိသမလောဘ နှိပ်စက်အပ်သော စိတ်ဖြင့်နေသူသည် မပြုသင့်သော အမှုကို ပြု၏၊ ပြုသင့်သော အမှုကို ချွတ်ယွင်းစေ၏၊ မပြုသင့်သော အမှုကိုပြု၍ ပြုသင့်သော အမှုကို ချွတ်ယွင်းစေသောကြောင့် အခြံအရံမှ၎င်း ချမ်းသာမှ၎င်း ဆုတ်ယုတ် ပျက်စီး၏၊ ဒါယကာ ပျက်စီးစေလိုခြင်း 'ဗျာပါဒ' နှိပ်စက်သော စိတ်ဖြင့် နေသူသည် မပြုသင့်သော အမှုကို ပြု၏၊ ပြုသင့်သော အမှုကို ချွတ်ယွင်းစေ၏၊ မပြုသင့်သော အမှုကို ပြု၍ ပြုသင့်သော အမှုကို ချွတ်ယွင်းစေသောကြောင့် အခြံအရံမှ၎င်း ချမ်းသာမှ၎င်း ဆုတ်ယုတ် ပျက်စီး၏။ ဒါယကာ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' နှိပ်စက်သော စိတ်ဖြင့် နေသူသည် မပြုသင့်သောအမှုကို ပြု၏၊ ပြုသင့်သော အမှုကို ချွတ်ယွင်းစေ၏၊ မပြုသင့်သော အမှုကို ပြု၍ ပြုသင့်သော အမှုကို ချွတ်ယွင်းစေသောကြောင့် အခြံအရံမှ၎င်း ချမ်းသာမှ၎င်း ဆုတ်ယုတ် ပျက်စီး၏။ ဒါယကာ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တပူပန်ခြင်း 'ကုက္ကုစ္စ' နှိပ်စက်သော စိတ်ဖြင့် နေသူသည် မပြုသင့်သော အမှုကို ပြု၏၊ ပြုသင့်သော အမှုကို ချွတ်ယွင်းစေ၏၊ မပြုသင့်သော အမှုကို ပြု၍ ပြုသင့်သော အမှုကို ချွတ်ယွင်းစေသောကြောင့် အခြံအရံမှ၎င်း ချမ်းသာမှ၎င်း ဆုတ်ယုတ်ပျက်စီး၏။ ဒါယကာ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ' နှိပ်စက်သော စိတ်ဖြင့် နေသူသည် မပြုသင့်သော အမှုကို ပြု၏၊ ပြုသင့်သော အမှုကို ချွတ်ယွင်းစေ၏၊ မပြုသင့်သော အမှုကို ပြု၍ ပြုသင့်သော အမှုကို ချွတ်ယွင်းစေသောကြောင့် အခြံအရံမှ၎င်း ချမ်းသာမှ၎င်း ဆုတ်ယုတ် ပျက်စီး၏။

ဒါယကာ ထိုအရိယာတပည့်သည် "မက်မောခြင်း 'အဘိဇ္ဈာ'ဟူသော ဝိသမလောဘသည် စိတ်၏ ညစ်ညူးကြောင်းတည်း" ဟု သိ၍ စိတ်၏ ညစ်ညူးကြောင်းဖြစ်သော မက်မောခြင်း 'အဘိဇ္ဈာ'ဟူသော ဝိသမ လောဘကို ပယ်စွန့်၏၊ "ပျက်စီးစေလိုခြင်း 'ဗျာပါဒ' သည် စိတ်၏ ညစ်ညူးကြောင်းတည်း" ဟု သိ၍ စိတ်၏ညစ်ညူးကြောင်းဖြစ်သော ဗျာပါဒကို စွန့်၏၊ "လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည် စိတ်၏ ညစ်ညူးကြောင်းတည်း" ဟု သိ၍ စိတ်၏ညစ်ညူးကြောင်း ဖြစ်သော လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်စွန့်၏၊ "ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တပူပန်ခြင်း 'ကုက္ကုစ္စ'သည် စိတ်၏ ညစ်ညူးကြောင်းတည်း" ဟု သိ၍ စိတ်၏ညစ်ညူးကြောင်း ဖြစ်သော ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တပူပန်ခြင်း 'ကုက္ကုစ္စ'ကို ပယ်စွန့်၏၊ "မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'သည် စိတ်၏ ညစ်ညူးကြောင်းတည်း" ဟု သိ၍ စိတ်၏ညစ်ညူးကြောင်း ဖြစ်သော မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်စွန့်၏။ ဒါယကာ

http://www.dhammadownload.com



အကြင်အခါ၌ အရိယာတပည့်သည် "မက်မောခြင်း 'အဘိဇ္ဈာ'ဟူသော ဝိသမလောဘသည် စိတ်၏ ညစ်ညူးကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်ညူးကြောင်းဖြစ်သော အဘိဇ္ဈာဟူသော ဝိသမလောဘကို ပယ်စွန့်ပြီးဖြစ်၏၊ ပျက်စီးစေလိုခြင်း 'ဗျာပါဒ'သည် စိတ်၏ညစ်ညူးကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်ညူးကြောင်းဖြစ်သော ပျက်စီးစေလိုခြင်း 'ဗျာပါဒ'ကို ပယ်ပြီး ဖြစ်၏၊ "လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'သည် စိတ်၏ညစ်ညူးကြောင်းတည်း" ဟု သိ၍ စိတ်၏ ညစ်ညူးကြောင်း ဖြစ်သော လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်ပြီး ဖြစ်၏၊ "ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တပူပန်ခြင်း 'ကုက္ကုစ္စ'သည် စိတ်၏ညစ်ညူးကြောင်းတည်း" ဟု သိ၍ စိတ်၏ ညစ်ညူးကြောင်း ဖြစ်သော ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ'နောင်တပူပန်ခြင်း 'ကုက္ကုစ္စ'ကိုပယ်ပြီး ဖြစ်၏၊ "မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'သည် စိတ်၏ ညစ်ညူးကြောင်းတည်း"ဟု သိ၍ စိတ်၏ ညစ်ညူးကြောင်းဖြစ်သော မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်ပြီးဖြစ်၏။ ဒါယကာ ထိုအခါ ဤသို့သော အရိယာတပည့်ကို ကြီးသော ပညာရှိသူ ပြန့်ပြောသော ပညာရှိသူ ထင်ရှားစွာမြင်တတ်သော ပညာနှင့် ပြည့်စုံသူ ဟူ၍ ဆိုအပ်၏။ ဒါယကာ ဤသည်ကို ပညာနှင့် ပြည့်စုံခြင်း ဟူ၍ ဆိုအပ်၏။ ဒါယကာ လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော ဤ(အကျိုး)တရား လေးမျိုးတို့ကို ရရန် ဤ (အကြောင်း) တရား လေးမျိုးတို့သည် ရှိကုန်၏။

ဒါယကာ ထိုအရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် လျောက်ပတ်သော အမှုလေးမျိုးတို့ကို ပြုတတ်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ— ဒါယကာ ဤလောက၌ အရိယာတပည့်သည် လက်ရုံးအားကို ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာ ဆောင်၏၊ အမိအဖတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာ ဆောင်၏၊ သားမယား ကျွန်အမှုလုပ် ယောကျ်ားတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာ ဆောင်၏၊ ဆွေမျိုး ခင်ပွန်းတို့ကို ချမ်းသာစေ၏၊ နှစ်သက်စေ၏၊ ချမ်းသာကို ကောင်းစွာ ဆောင်၏ ။ ဤသည်ကား ထိုအရိယာတပည့်၏ ပဌမသင့်သောအကြောင်းသို့ ရောက်သော ဖြစ်သင့်သော အရာသို့ ရောက်သော သင့်သော အကြောင်းအားဖြင့် သုံးဆောင်အပ်သော စည်းစိမ်ဖြစ်၏။

ဒါယကာ နောက်တမျိုးကား အရိယာ တပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ဖြင့် မီးကြောင့်ရှင်း ရေကြောင့်ရှင်း မင်းကြောင့်ရှင်း ခိုးသူကြောင့်ရှင်း မချစ်မနှစ်သက်အပ်သူ အမွေခံဆိုး တို့ကြောင့်ရှင်း ဖြစ်ကုန်သော ထိုသို့ သဘောရှိကုန်သော ဘေးရန်တို့၌ ထက်ပန်းကျင်မှ ပိတ်ဆို့၍ ဖြစ်၏၊ မိမိကိုယ်ကို ချမ်းသာအောင် ပြု၏။ ဤသည်ကား ထိုအရိယာတပည့်၏ ဒုတိယ သင့်သော အကြောင်းသို့ရောက်သော သင့်သော အရာသို့ရောက်သော သင့်သော အကြောင်းအားဖြင့် သုံးဆောင်အပ်သော စည်းစိမ်ဖြစ်၏။

ဒါယကာ နောက်တမျိုးကား အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် အဆွေအမျိုးအား ပြုအပ်သော ပူဇော်ခြင်းကိုရှင်း ဧည့်သည်တို့အား

http://www.dhammadownload.com



ပြုအပ်သော ပူဇော်ခြင်းကိုရင်း ရေး၌ သေပြီးသော အဆွေအမျိုးတို့အား ပြုအပ်သော ပူဇော်ခြင်းကိုရင်း မင်းအား ပြုအပ်သော ပူဇော်ခြင်းကိုရင်း နတ်အား ပြုအပ်သော ပူဇော်ခြင်းကိုရင်း ဤသို့ ပူဇော်ခြင်း ငါးမျိုးကို ပြုတတ်၏။ ဤသည်ကား ထိုအရိယာ တပည့်၏ တတိယ သင့်သော အကြောင်းသို့ ရောက်သော သင့်သော အရာသို့ ရောက်သော သင့်သော အကြောင်းအား ဖြင့် သုံးဆောင်အပ်သော စည်းစိမ်ဖြစ်၏။

ဒါယကာ နောက်တမျိုးကား အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် မာန်ယစ်ခြင်း မေ့လျော့ခြင်းမှ ကြဉ်ကုန်သော သည်းခံခြင်း ကောင်းသော အမှု၌ မွေ့လျော်ခြင်း၌ တည်ကုန်သော တယောက်တည်းသော မိမိကိုယ်ကို ဆုံးမကုန်သော တခုတည်းသော မိမိစိတ်ကို (ကိလေသာမှ) ငြိမ်းစေကုန်သော တခုတည်းသော မိမိစိတ်ကို (ကိလေသပရိနိဗ္ဗာန်အားဖြင့်) ငြိမ်းအေးစေကုန်သော သဘောရှိသည့် သမဏဗြာဟ္မဏတို့၌ အထက် အထက်ဘုံတို့သို့ သွားကြောင်းဖြစ်သော နတ်ပြည်၏ အစီးအပွါးဖြစ်သော ချမ်းသာကျိုးရှိသော ကောင်းမြတ်သော အာရုံကို ဖြစ်စေတတ်သော မြတ်သောအလှူကို ဖြစ်စေ၏။ ဤသည်ကား ထိုအရိယာတပည့်၏ စတုတ္ထ သင့်သော အကြောင်းသို့ ရောက်သော သင့်သောအရာသို့ ရောက်သော သင့်သော အကြောင်းအားဖြင့် သုံးဆောင်အပ်သော စည်းစိမ်ဖြစ်၏။

ဒါယကာ အရိယာတပည့်သည် လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် ဤလေးမျိုးကုန်သော လျောက်ပတ်ကုန်သော အမှုတို့ကို ပြုတတ်၏။ ဒါယကာ မည်သည့် ပုဂ္ဂိုလ်အားမဆို ဤလျောက်ပတ်သော အမှုလေးမျိုးတို့ကို ပယ်ထား၍ စည်းစိမ်တို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်အံ့၊ ဒါယကာ ဤစည်းစိမ်တို့ကို မသင့်သော အကြောင်းသို့ ရောက်သော မလျော်သော အရာသို့ ရောက်သော မသင့်သော အကြောင်းအားဖြင့် သုံးဆောင်အပ်သော စည်းစိမ်တို့ ဟူ၍ ဆိုအပ်ကုန်၏။ ဒါယကာ မည်သည့်ပုဂ္ဂိုလ်အား မဆို ဤလျောက်ပတ်သော အမှုလေးမျိုးတို့ဖြင့် စည်းစိမ်တို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်အံ့၊ ဒါယကာ ဤစည်းစိမ်တို့ကို သင့်သော အကြောင်းသို့ ရောက်သော သင့်သော အရာသို့ ရောက်သော သင့်သော အကြောင်းအားဖြင့် သုံးဆောင်အပ်သော စည်းစိမ်တို့ဟူ၍ ဆိုအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ငါသည် စည်းစိမ်တို့ကို သုံးဆောင်ခဲ့ပြီ၊ (မိဖတို့ကို) လုပ်ကျွေးခဲ့ပြီ၊ (သား မယားတို့ကို) မွေးမြူခဲ့ပြီ၊ ဘေးရန်တို့ကို လွန်မြောက်ခဲ့ပြီ၊ အထက်နတ်ပြည်၌ ဖြစ်စေတတ်သော အလှူကို ပေးလှူခဲ့ပြီ၊ ထိုပြင် ငါးမျိုးသော ပူဇော်မှုကိုလည်း ပြုခဲ့ပြီ၊ သီလရှိကုန်(ကိုယ် နှုတ် နှလုံးကို) စောင့်သုံးကုန်သော မြတ်သော အကျင့်ကို ကျင့်သုံးသူတို့အား လုပ်ကျွေးခဲ့ပြီ။

အိမ်၌နေသော ပညာရှိသူသည် အကြင်အကျိုးငှါ စည်းစိမ်တို့ကို အလိုရှိရာ၏၊ ထိုအကျိုးသည် ငါ့အား အစဉ်ရောက်ပြီ၊ နောင်တဖန် မပူပန်စေထတ်သော အမှုကို ငါသည် ပြုခဲ့ပြီ။

ထိုအကြောင်းအရာကိုအဖန်ဖန် အောက်မေ့သော လူသတ္တဝါသည်အရိယာတို့၏ တရား၌ တည်၏၊ အရိယာတို့၏တရား၌ တည်သော သူကို ဤဘဝ၌ပင်လျှင် ချီးမွမ်းအပ်ကုန်၏၊ တမလွန်ဘဝယ် နတ်ပြည်၌ မွေ့လျော်ရလေသတည်း။

မဂ္ဂသုတ်။

http://www.dhammadownload.com



## ၂-အာနဏျသုတ်

၆၂။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေသော **အနာထပိဏ်သူဌေးအား** မြတ်စွာဘုရားသည် ဤစကားကို **မိန့်တော်မူ၏—**

ဒါယကာ ကာမဂုဏ်ခံစားသော လူသည် သင့်လျော်သော အချိန်အခါကို စွဲ၍ ရအပ်သော ချမ်းသာတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရှိမှု ချမ်းသာ သုံးဆောင်မှု ချမ်းသာ ကြွေးမြီ မရှိမှု ချမ်းသာ အပြစ်မရှိမှု ချမ်းသာတို့တည်း။

ဒါယကာ ရှိမှု ချမ်းသာ ဟူသည် အဘယ်နည်း၊ဒါယကာ ဤလောက၌ အမျိုးကောင်းသားအား လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်ကုန်သော **တရားသဖြင့်** ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့သည် ဖြစ်ကုန်၏၊ **ထို အမျိုး** ကောင်းသားသည် "လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော **တရားနှင့်** ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့သည် ငါ့အား **ရှိ၏**" ဟု ချမ်းသာမှုကို ရ၏၊ဝမ်းမြောက်မှုကို ရ၏။ဒါယကာ ဤသည်ကို ရှိမှု ချမ်းသာဟု ဆိုအပ်၏။

ဒါယကာ သုံးဆောင်မှု ချမ်းသာ ဟူသည် အဘယ်နည်း၊ ဒါယကာ ဤလောက၌ အမျိုးကောင်းသားသည် လက်ရုံးအားကိုး **ဆည်း**ပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်**ကုန်သော** တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ကို သုံးဆောင်**၏၊ယင်းတို့ဖြင့်** ကောင်းမှုတို့ကိုလည်း ပြု၏၊ ထိုအမျိုးကောင်းသားသည် "လက်ရုံးအားကိုး ဆည်းပူး၍ ချွေး**ဒီးဒီးကျ** ဖြစ်စေအပ်ကုန်သော တရားနှင့် ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လ**ဖြင့် ရအပ်**ကုန်သော စည်းစိမ်တို့ကို ငါသည် သုံးဆောင်ရ၏၊ ယင်းတို့ဖြင့် ကောင်းမှုတို့ကိုလည်း ပြု**ရ၏" ဟု** **ချမ်းသာမှုကို ရ၏**၊**ဝမ်းမြောက်**မှုကို ရ၏။ဒါယကာ ဤသည်ကို သုံးဆောင်မှု ချမ်းသာ ဟု **ဆိုအပ်၏**။

**ဒါယကာ** ကြွေးမြီမရှိမှု ချမ်းသာဟူသည် အဘယ်နည်း၊ ဒါယကာ ဤလောက၌ အမျိုးကောင်း**သားသည်** နည်းသည်ဖြစ်စေ များသည်ဖြစ်စေ တစုံတယောက်သောသူအား တစုံတခုသော **ကြွေးမြီကို** မပေးမဆပ်ရ၊ "နည်းသည်ဖြစ်စေ များသည်ဖြစ်စေ တစုံတယောက်သော သူ**အား** **တစုံတခု**သော ကြွေးမြီကို ငါသည် မပေးမဆပ်ရ" ဟု ချမ်းသာမှုကို ရ၏၊ဝမ်းမြောက်မှုကို ရ၏။ဒါယကာ ဤသည်ကို ကြွေးမြီမရှိမှု ချမ်းသာဟု ဆိုအပ်၏။

ဒါယကာ အပြစ်မရှိမှု ချမ်းသာဟူသည် အဘယ်နည်း၊ ဒါယကာ ဤလောက၌ အရိယာတပည့်**သည် အပြစ်**မရှိသော ကာယကံ ဝစီကံ မနောကံနှင့် ပြည့်စုံ၏၊ ထိုအရိယာတပည့်သည် "ငါသည် **အပြစ်မရှိ**သော ကာယကံ ဝစီကံ မနောကံနှင့် ပြည့်စုံ၏" ဟု ချမ်းသာမှုကို ရ၏၊ဝမ်းမြောက်မှုကို ရ၏။ ဒါယကာ **ဤ**သည်ကို အပြစ်မရှိမှု ချမ်းသာ ဟု ဆိုအပ်၏။ ဒါယကာ ကာမဂုဏ်ခံစားသော လူသည် သင့်လျော်သော အချိန်အခါကို စွဲ၍ ရအပ်သော ချမ်းသာတို့သည် ဤလေးမျိုးတို့တည်း ဟု **(မိန့်တော်မူ၏)**။

သတ္တဝါသည် **သုံးဆောင်မှု ချမ်းသာ**ကို ခံစားလျက် ကြွေးမြီမရှိမှု ချမ်းသာ ထိုမှတပါး **ရှိမှု** ချမ်းသာကိုလည်း သိ၍ ထို့နောက် ပညာဖြင့် အထူးရှု၏။

http://www.dhammadownload.com



အထူးအားဖြင့် ရှုမြင်သော ကောင်းသော ပညာရှိသည် သုံးဆောင်မှု နှစ်မျိုးတို့ကို သိ၏၊ ဤချမ်းသာသုံးမျိုးသည် အပြစ်မရှိမှု ချမ်းသာ၏ တဆယ့်ခြောက်စိတ် တစိတ်ကိုမျှ မမှီနိုင်ဖြစ်ပေသတည်း။

ဒုတိယသုတ်။

---

## ၁-ဗြဟ္မသုတ်

၆၃။ ရဟန်းတို့ မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် ဗြဟ္မာရှိသည် မည်ကုန်၏၊ ရဟန်းတို့ မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် လက်ဦးဆရာ ရှိသည် မည်ကုန်၏၊ ရဟန်းတို့ မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် အိမ်ဦးနတ် ရှိသည် မည်ကုန်၏၊ ရဟန်းတို့ မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် အဝေးမှ ဆောင်အပ်သော အလှူကို ခံထိုက်သော အလှူခံ ရှိသည် မည်ကုန်၏။

ရဟန်းတို့ "ဗြဟ္မာ"ဟူသော ဤအမည်သည် အမိအဖတို့၏ အမည်တည်း၊ ရဟန်းတို့ "လက်ဦးဆရာ"ဟူသော ဤအမည်သည် အမိအဖတို့၏ အမည်တည်း၊ ရဟန်းတို့ "အိမ်ဦးနတ်" ဟူသော ဤအမည်သည် အမိအဖတို့၏ အမည်တည်း၊ ရဟန်းတို့ "အဝေးမှ ဆောင်၍ လှူအပ်သော အလှူခံ" ဟူသော အမည်သည် အမိအဖတို့၏ အမည်တည်း။ ထိုသို့ အမည်ရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ အမိအဖတို့သည် သားသမီးတို့အား များစွာ ကျေးဇူးရှိကုန်၏၊ အသက်ကို စောင့်ရှောက်တတ်ကုန်၏၊ ကျွေးမွေးတတ်ကုန်၏၊ ဤလောကကို ညွှန်ပြတတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အမိအဖတို့ကို သားသမီးတို့၏ ဗြဟ္မာဟူ၍၎င်း လက်ဦးဆရာ ဟူ၍၎င်း ဆိုထိုက်ကုန်၏၊ အဝေးမှ ဆောင်၍ လှူအပ်သော အလှူခံတို့ဟု ဆိုထိုက်ကုန်၏၊ (အမိအဖတို့သည်) သားသမီးတို့အား အစဉ်သနားတတ်ကုန်၏။

ထိုကြောင့်သာလျှင် ပညာရှိသားသမီးသည် ထိုအမိအဖတို့ကို ရှိလည်း ခိုးရာ၏၊ထမင်းဟင်းဖြင့်၎င်း ထို့ပြင် အဖျော် ယမကာဖြင့်၎င်း အဝတ်အရုံဖြင့်၎င်း အိပ်ရာ နေရာဖြင့်၎င်း အမွှေးနံ့သာလိမ်းကျံပေးခြင်းဖြင့်၎င်း ရေချိုးပေးခြင်းဖြင့်၎င်း ခြေဆေးပေးခြင်းဖြင့်၎င်း အရိုအသေပြုလျက် ပူဇော်ရာ၏။

အမိအဖတို့၌ ထိုသို့ လုပ်ကျွေး မွေးမြူခြင်းကြောင့် ထိုသားသမီးကို ယခုဘဝ၌ပင် ပညာရှိတို့သည် ချီးမွမ်းကြကုန်၏၊ ထိုသားသမီးသည် တမလွန်ဘဝ၌လည်း နတ်ပြည်၌ မွေ့လျော်ရလေသတည်း။

တတိယသုတ်။

http://www.dhammadownload.com



## ၄-နိရယသုတ်

၆၄။ ရဟန်းတို့ တရားလေးမျိုးတို့နှင့်ပြည့်စုံသူသည် ဆောင်ယူ၍ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ကျရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—သူ့ အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သော စကားကို ပြောလေ့ရှိ၏၊ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ကျရောက်ရ၏ ဟု (မိန့်တော်မူ၏)။

သူ့ အသက်သတ်ခြင်းကိုင်း မပေးသည်ကို ယူခြင်းကိုင်း မဟုတ်မမှန်သော စကားကို ဆိုခြင်းကိုင်း သူတပါးသားမယား၌ သွားလာခြင်းကိုင်း ပညာရှိတို့သည် မချီးမွမ်းကုန် ဟု ဆိုအပ်သတည်း။

စတုတ္ထသုတ်။

---

## ၅-ရူပသုတ်

၆၅။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—အဆင်းသဏ္ဌာန်ကို ပမာဏပြု၍ အဆင်းသဏ္ဌာန်၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ အသံကို ပမာဏပြု၍ အသံ၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ ခေါင်းပါးမှုကို ပမာဏပြု၍ ခေါင်းပါးမှု၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ (သီလသမာဓိစသောဂုဏ်) တရားကို ပမာဏပြု၍ တရား၌ ကြည်ညိုသော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အကြင်သူတို့သည် အဆင်းသဏ္ဌာန်၌ ပမာဏပြုကုန်၏၊ အကြင်သူတို့သည်ကား အသံသို့ အစဉ်လိုက်ကုန်၏၊ ထိုသူတို့သည် အလို'ဆန္ဒ'၏ရင်း တပ်မက်ခြင်း 'ရာဂ'၏ရင်း အလိုသို့ လိုက်ပါ ကုန်သည်ဖြစ်၍ (ဂုဏ်ကျေးဇူးကို)မသိနိုင်ကြကုန်။

ထက်ဝန်းကျင်မှ ပိတ်ပင်ခံရသော သူမိုက်သည် (ဘုရားစသည်တို့၏) အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဂုဏ်ကိုလည်း မသိ၊ ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော ဂုဏ်ကိုလည်း မမြင်၊ ထိုသူသည် စင်စစ် ချီးမွမ်းသံဖြင့် မျောရလေတော့၏။

အကြင်သူသည် အဇ္ဈတ္တသန္တာန်၌ ရှိသောဂုဏ်ကို မသိ၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောဂုဏ်ကို သာ ရှုမြင်၏၊ အပသန္တာန်၌ အကျိုးကို ရှုလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်သည်လည်း ချီးမွမ်းသံဖြင့် မျောရလေ၏။

(အကြင်သူသည်)အဇ္ဈတ္တသန္တာန်၌ ဖြစ်သောဂုဏ်ကိုလည်း သိ၏၊ ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော ဂုဏ်ကိုလည်း ရှုမြင်၏၊ အပိတ်အပင် ကင်းရာ(နိဗ္ဗာန်)ကို ရှုလေ့ရှိ၏၊ ထိုသူသည်ကား အသံဖြင့် မမျောနိုင်တော့ချေ။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-သရာဂသုတ်

၆၆။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—တပ်မက်ခြင်း 'ရာဂ'ရှိသော ပုဂ္ဂိုလ် အမျက်ထွက်ခြင်း 'ဒေါသ'ရှိသော ပုဂ္ဂိုလ် တွေဝေခြင်း 'မောဟ'ရှိသော ပုဂ္ဂိုလ် ထောင်လွှားခြင်း 'မာန'ရှိသော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တပ်မက်ဖွယ်တို့၌ ပြင်းပြစွာ တပ်မက်ကုန်သော ချစ်ဖွယ်တို့၌ ပြင်းပြစွာ နှစ်သက်ကုန်သော မောဟဖြင့် ပိတ်ဆို့အပ်ကုန်သော (ကိလေသာတို့သည်) ဖွဲ့အပ်ကုန်သော သတ္တဝါတို့သည် (ကိလေသာ) အနှောင်အဖွဲ့ကို ပွါးစေကုန်၏။

ပညာမရှိသူတို့သည် ရာဂကြောင့်လည်းဖြစ်သော ဒေါသကြောင့်လည်းဖြစ်သော မောဟကြောင့်လည်းဖြစ်သော ပင်ပန်းခြင်းရှိသော ဆင်းရဲကို ပွါးစေတတ်သော အကုသိုလ်တရားကို ပြုကုန်၏။

ပညာမျက်စိ မရှိကုန်ပဲ အဝိဇ္ဇာပိတ်ဆို့အပ်ကုန်သည်ဖြစ်၍၊ သူကန်းသဖွယ်ဖြစ်ကုန်သော သတ္တဝါတို့သည် (ရာဂ စသော)တရားအားလျော်စွာ ဖြစ်ကုန်၍ (ငါတို့သည်)ဤသို့ သဘောရှိကုန်၏ ဟု ထိုတရားသဘောကို မအောက်မေ့နိုင်ကြကုန်။

ဆဋ္ဌသုတ်။

---

## ၇-အဟိရာဇသုတ်

၆၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်၌ ရဟန်းတပါးသည် မြွေကိုက်၍ သေလေ၏၊ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကြကုန်လျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား ဤသာဝတ္ထိပြည်၌ ရဟန်းတပါးသည် မြွေကိုက်၍ သေလွန်ပါ၏" ဟု လျှောက်ကုန်၏။

ရဟန်းတို့ ထိုရဟန်းသည် မြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် မပျံ့နှံ့စေဃောင်တကား၊ ရဟန်းတို့ အကယ်၍ ထိုရဟန်းသည် မြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေခဲ့လျှင် မြွေကိုက်၍ မသေရာ။

အဘယ်လေးမျိုးတို့နည်း ဟူမူ—ဝိရူပက္ခမြွေမင်းမျိုး ဧရာပထ မြွေမင်းမျိုး ဆဗျာပုတ္တ မြွေမင်းမျိုး ကဏှာဂေါတမ မြွေမင်းမျိုးတို့တည်း။ ရဟန်းတို့ ထိုရဟန်းသည် ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် မပျံ့နှံ့စေဃောင်တကား၊ ရဟန်းတို့ ထိုရဟန်းသည် ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် အကယ်၍ ပျံ့နှံ့စေခဲ့လျှင် မြွေကိုက်၍ မသေနိုင်ရာ။ ရဟန်းတို့ မိမိကိုယ်ကို လုံခြုံစေခြင်းငှါ မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှါ မိမိ၏ အရံအတားအလို့ငှါ ဤမြွေမင်းလေးမျိုးတို့အား မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေရန် ငါခွင့်ပြု၏—

http://www.dhammadownload.com



ငါ၏ မေတ္တာသည် ဝိရူပက္ခ နဂါးမင်းမျိုးတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏ **မေတ္တာသည် ဧရာပထ** နဂါးမင်းမျိုးတို့နှင့် အတူ ဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် ဆဗျာပုတ္တနဂါးမင်းမျိုးတို့နှင့် အတူ ဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် ကဏှာဂေါတမ နဂါးမင်းမျိုးတို့နှင့် အတူ ဖြစ်စေသတည်း။

ငါ၏ မေတ္တာသည် အခြေမရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်အတူ ဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်စေသတည်း၊ ငါ၏ မေတ္တာသည် များသော အခြေရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်စေသတည်း။

အခြေမရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြေနှစ်ချောင်း ရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြေလေးချောင်း ရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြေများစွာရှိသော သတ္တဝါသည် ငါ့ကို မညှဉ်းဆဲစေသတည်း။

အကြွင်းမရှိ အလုံးစုံကုန်သော သတ္တဝါတို့သည်၎င်း အလုံးစုံသော ထွက်သက် ဝင်သက်ရှိကုန်သော သတ္တဝါတို့သည်၎င်း ခပ်သိမ်းကုန်သော အတ္တဘောထင်ရှားရှိသော သတ္တဝါတို့သည်၎င်း ခပ်သိမ်းကုန်သော ကောင်းသော အာရုံတို့ကို တွေ့မြင်ကြစေကုန်သတည်း၊ ယုတ်ညံ့သော မကောင်းကျိုးသည် တစုံတယောက်သော သတ္တဝါတို့သို့ မရောက်ပါစေသတည်း။

မြတ်စွာဘုရား ဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ တရားဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ သံဃာဂုဏ်တော်သည် အတိုင်းအရှည်မရှိ၊ မြွေမျိုးတို့သည် (ဂုဏ်အားဖြင့်) အတိုင်းအရှည် ရှိကုန်၏၊ မြွေကင်းမြီးကောက်တို့သည်၎င်း ကင်းခြေများတို့သည်၎င်း ပင့်ကူတို့သည်၎င်း တက်တူတို့သည်၎င်း ကြွက်တို့သည်၎င်း (ဂုဏ်အားဖြင့်)အတိုင်းအရှည်ရှိကုန်၏၊ ငါသည် အစောင့်အရှောက်ကို ပြုအပ်ပြီ၊ ငါသည် အရံအတားကို ပြုအပ်ပြီ၊ သတ္တဝါတို့သည် ဖဲသွားစေကုန်သတည်း၊ ထိုငါသည် မြတ်စွာဘုရား အား ရှိခိုးပါ၏၊ ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့အားလည်း ရှိခိုးပါ၏ ဟု (အရံအတားကို ငါခွင့်ပြု၏ ဟု မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒေဝဒတ္တသုတ်

၆၈။ အခါတပါး၌ မြတ်စွာဘုရားသည် ဒေဝဒတ်(သံဃာသင်းခွဲ၍) ဖဲခွါသွားသည်မှ မကြာသေးမီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်ကို အကြောင်းပြု၍ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏— "ရဟန်းတို့ ဒေဝဒတ်၏ လာဘ် ပူဇော်သကာ အကျော်အစောသည် မိမိကိုယ်ကို သတ်ဖြတ်ရန် ဖြစ်ပေါ်လာ၏၊ ရဟန်းတို့ ဒေဝဒတ်၏ လာဘ်ပူဇော်သကာ အကျော်အစောသည် ပျက်စီးရန် ဖြစ်ပေါ်လာ၏။

ရဟန်းတို့ ငှက်ပျောပင်သည် မိမိကို သတ်ဖြတ်ရန် အသီး သီးလာသကဲ့သို့ ပျက်စီးရန် အသီး သီးလာသကဲ့သို့ ဤအတူသာလျှင် ဒေဝဒတ်၏ လာဘ်ပူဇော်သကာ အကျော်အစောသည် မိမိကိုယ်ကို သတ်ဖြတ်ရန် ဖြစ်ပေါ်လာ၏၊ ပျက်စီးရန် ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



ရဟန်းတို့ ဝါးပင်သည် မိမိကို သတ်ဖြတ်ရန် အသီး သီးလာသကဲ့သို့ ပျက်စီးရန် အသီး သီးလာသကဲ့သို့ ဤအတူသာလျှင် ဒေဝဒတ်၏ လာဘ်ပူဇော်သကာ အကျော်အစောသည် မိမိကိုယ်ကို သတ်ဖြတ်ရန် ဖြစ်ပေါ်လာ၏၊ ပျက်စီးရန် ဖြစ်ပေါ်လာ၏။

ရဟန်းတို့ ကျူပင်သည် မိမိကို သတ်ဖြတ်ရန် အသီး သီးလာသကဲ့သို့ ပျက်စီးရန် အသီး သီးလာသကဲ့သို့ ဤအတူသာလျှင် ဒေဝဒတ်၏ လာဘ်ပူဇော်သကာ အကျော်အစောသည် မိမိကိုယ်ကို သတ်ဖြတ်ရန် ဖြစ်ပေါ်လာ၏၊ ပျက်စီးရန် ဖြစ်ပေါ်လာ၏။

ရဟန်းတို့ အဿတိုရ်မြင်းမသည် မိမိကိုယ်ကို သတ်ဖြတ်ရန် ကိုယ်ဝန်ဆောင်သကဲ့သို့ ပျက်စီးရန် ကိုယ်ဝန်ဆောင်သကဲ့သို့ ဤအတူသာလျှင် ဒေဝဒတ်၏ လာဘ်ပူဇော်သကာ အကျော်အစောသည် မိမိကိုယ်ကို သတ်ဖြတ်ရန် ဖြစ်ပေါ်လာ၏၊ ပျက်စီးရန် ဖြစ်ပေါ်လာ၏" ဟု (မိန့်တော်မူ၏)။

ငှက်ပျောသီးသည် စင်စစ် ငှက်ပျောပင်ကို သတ်သကဲ့သို့ ဝါးသီးသည် ဝါးပင်ကိုသတ်သကဲ့သို့
ကျူသီးသည် ကျူပင်ကို သတ်သကဲ့သို့ ကိုယ်ဝန်သည် အဿတိုရ်မြင်းမကို သတ်သကဲ့သို့
ထို့အတူ ပူဇော်သကာသည် ယုတ်မာသူကို သတ်ဖြတ်၏။

အဋ္ဌမသုတ်။

## ၉-ပဓာနသုတ်

၆၉။ ရဟန်းတို့ အားထုတ်ခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—စောင့်စည်းရန် အားထုတ်ခြင်း ပယ်ရန် အားထုတ်ခြင်း ပွါးများရန် အားထုတ်ခြင်း အစဉ်စောင့်ရှောက်ရန် အားထုတ်ခြင်းတို့တည်း။ ရဟန်းတို့ စောင့်စည်းရန် အားထုတ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်စေရန် အလို 'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည်ထား၏။ ရဟန်းတို့ ဤသည်ကို စောင့်စည်းရန်အားထုတ်ခြင်း ဟု ဆိုအပ်၏။

ရဟန်းတို့ ပယ်ရန် အားထုတ်ခြင်း ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည်ထား၏။ ရဟန်းတို့ ဤသည်ကို ပယ်ရန် အားထုတ်ခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ ပွါးများရန် အားထုတ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အလို 'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည်ထား၏။ ရဟန်းတို့ ဤသည်ကို ပွါးများရန် အားထုတ်ခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ အစဉ်စောင့်ရှောက်ရန် အားထုတ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်စေရန် မမေ့ပျောက်စေရန် လွန်စွာ ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများစေရန် ပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊

http://www.dhammadownload.com



ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည်ထား၏။ ရဟန်းတို့ ဤသည်ကို အစဉ်စောင့်ရှောက်ရန် အားထုတ်ခြင်းဟု ဆိုအပ်၏။ ရဟန်းတို့ အားထုတ်ခြင်းတို့သည် ဤ လေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စောင့်စည်းခြင်းငှါ ပယ်ခြင်းငှါ ပွါးများခြင်းငှါ အစဉ်စောင့်ရှောက်ခြင်းငှါ ဤ အားထုတ်ခြင်း လေးမျိုးတို့ကို နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟော ကြားတော် မူအပ်ကုန်၏၊ ဤသာသနာတော်၌ အကြင်ရဟန်းသည် ပြင်းစွာအားထုတ် သောသုံ့ လရှိ၏၊ (ထိုရဟန်းသည်)ဒုက္ခကုန်ရာ(နိဗ္ဗာန်)သို့ ရောက်ရလေသတည်း။

နဝမသုတ်။

---

## ၁၀-အဓမ္မိကသုတ်

၇၀။ ရဟန်းတို့ ဘုရင်မင်းတို့ တရားမစောင့်သောအခါ မှူးမတ်တို့သည်လည်း တရား မစောင့် ကုန်၊ မှူးမတ်တို့ တရားမစောင့်သောအခါ ပုဏ္ဏား သူကြွယ်တို့လည်း တရား မစောင့်ကုန်၊ ပုဏ္ဏား သူကြွယ်တို့ တရား မစောင့်သော အခါ နိဂုံး ဇနပုဒ်နေသူတို့လည်း တရား မစောင့်ကုန်၊နိဂုံးဇနပုဒ် နေသူတို့ တရားမစောင့်သော အခါ လနေတို့သည် မညီမညွတ် လှည့်လည်ကုန်၏၊ လနေတို့ မညီ မညွတ်လှည့်လည်သော အခါ နက္ခတ်တာရာအပေါင်းတို့သည် မညီမညွတ် လှည့်လည်ကုန်၏၊ နက္ခတ် တာရာအပေါင်းတို့ မညီမညွတ်လှည့်လည်သော အခါ ညဉ့်နေ့တို့သည် မညီမညွတ်ဖြစ်ကုန်၏၊ညဉ့်နေ့ တို့ မညီမညွတ်ဖြစ်ကုန်သော် လနှင့် လခွဲတို့သည် မညီမညွတ်ဖြစ်ကုန်၏၊ လနှင့် လခွဲတို့ မညီမညွတ် ဖြစ်သောအခါ ဥတု နှစ်တို့သည် မညီမညွတ် ဖြစ်ကုန်၏၊ဥတု နှစ်တို့ မညီမညွတ်ဖြစ်ကုန်သော် လေတို့ သည် မညီမညွတ် တိုက်ကုန်၏၊ လမ်းမှန် မတိုက်ကုန်၊ လေတို့ မညီမညွတ် လမ်းမှန်မတိုက် သော အခါ နတ်တို့ အမျက်ထွက်ကုန်၏၊ နတ်တို့ အမျက်ထွက်ကုန်သော် မိုးကောင်းစွာ မရွာသွန်း၊ မိုးကောင်းစွာ မရွာသွန်းသော် ကောက်တို့သည် အမှည့် မညီညွတ်ကုန်။ ရဟန်းတို့ အမှည့် မညီ ညွတ်သော ကောက်တို့ကို စားသုံးသူတို့သည် အသက်တိုကုန်၏၊အဆင်း မလှကုန်၊ အားနည်းကုန်၏၊ အနာ များကုန်၏။

ရဟန်းတို့ ဘုရင်မင်းတို့ တရား စောင့်သောအခါ မှူးမတ်တို့သည်လည်း တရား စောင့်ကုန်၏၊ မှူးမတ်တို့ တရားစောင့်သော အခါ ပုဏ္ဏား သူကြွယ်တို့လည်း တရားစောင့်ကုန်၏၊ ပုဏ္ဏား သူကြွယ်တို့ တရား စောင့်သော အခါ နိဂုံး ဇနပုဒ်နေ သူတို့လည်း တရားစောင့်ကုန်၏၊ နိဂုံးဇနပုဒ် နေသူတို့ တရား စောင့်သော အခါ လ နေတို့ ညီညွတ်စွာ လှည့်လည်ကုန်၏၊လ နေတို့ ညီညွတ်စွာ လှည့်လည်သောအခါ နက္ခတ် တာရာအပေါင်းတို့သည် ညီညွတ်စွာ လှည့်လည်ကုန်၏၊ နက္ခတ် တာရာအပေါင်းတို့ ညီညွတ်စွာ လှည့်လည်ကုန်သော် ညဉ့်နေ့တို့သည်လည်း ညီညွတ်စွာ ဖြစ်ကုန်၏၊ ညဉ့်နေ့တို့ ညီညွတ်စွာဖြစ်ကုန်သော် လနှင့်လခွဲတို့သည် ညီညွတ်စွာ ဖြစ်ကုန်၏၊လနှင့် လခွဲတို့ ညီညွတ် စွာ ဖြစ်ကုန်သော် ဥတု နှစ်တို့လည်း ညီညွတ်စွာဖြစ်ကုန်၏၊ ဥတု နှစ်တို့ ညီညွတ်စွာဖြစ်ကုန်သော် လေတို့သည် ညီညွတ်စွာ တိုက်ကုန်၏၊ လမ်းမှန် တိုက်ကုန်၏၊ လေတို့သည် ညီညွတ်စွာ လမ်းမှန် တိုက်ကုန်သော် နတ်တို့ အမျက် မထွက်ကုန်၊ နတ်တို့ အမျက် မထွက်ကုန်သော် မိုးသည် ကောင်းစွာ ရွာသွန်း၏၊ မိုး ကောင်းစွာ ရွာသွန်းသော် ကောက်တို့သည် အမှည့်ညီ

http://www.dhammadownload.com



ကုန်၏။ ရဟန်းတို့ အမှည့်ညီသော ကောက်တို့ကို စားသုံးသူတို့သည် အသက်ရှည်ကုန်၏၊ အဆင်း လှကုန်၏၊ အားရှိကုန်၏၊ ရောဂါနည်းကုန်၏ ဟု (မိန့်တော်မူ၏)။

(မြစ်သို့)ကူးကုန်သော နွားတို့တွင် ရှေ့ဆောင်နွားလားသည် ကောက်တကျစ် သွား ခဲ့မူ ရှေ့ဆောင်နွားလား ကောက်တကျစ်သွားခြင်းကြောင့် နွားမအားလုံးတို့သည် ကောက် တကျစ် လိုက်သွားကုန်၏။

ဤအတူသာလျှင် လူတို့တွင် အမြတ်ဆုံးဟု သမုတ်အပ်သူသည် အကယ်၍ တရားမဟုတ် သည်ကို ကျင့်အံ့၊ ဤမှတပါးသော သတ္တဝါအပေါင်းသည် အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ မင်း တရားမစောင့်သည် ဖြစ်အံ့၊ တနိုင်ငံလုံး ဆင်းရဲရ၏။

(မြစ်ကို)ကူးကုန်သော နွားတို့တွင် ရှေ့ဆောင်နွားလားသည် ဖြောင့်ဖြောင့်သွားခဲ့မူ ရှေ့ ဆောင်နွားလား ဖြောင့်ဖြောင့် သွားခြင်းကြောင့် နွားမအားလုံးတို့သည် ဖြောင့်ဖြောင့်ပင် လိုက်သွားကုန်၏။

ဤအတူသာလျှင် လူတို့တွင် အမြတ်ဆုံးဟု သမုတ်အပ်သူသည် အကယ်၍ တရားကို ကျင့်အံ့၊ ဤမှတပါးသော သတ္တဝါအပေါင်းသည် အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မင်း တရား စောင့်အံ့၊ တနိုင်ငံလုံး ချမ်းသာရလေသတည်း။

ဒသမသုတ်။

နှစ်ခုမြောက် ပတ္တကမ္မဝဂ် ပြီး၏။

---

## (၈) ၃-အပဏ္ဏကဝဂ် ၁-ပဓာနသုတ်

၇၁။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မချွတ်ယွင်းသော အကျင့်ကို ကျင့်သည် မည်၏၊ ထိုရဟန်းအား အာသဝေါတရားတို့ ကုန်ရန် အကြောင်းသည်လည်း ပြည့်စုံ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ အကြား အမြင်များ၏၊ ထက်သန်သောလုံ့လရှိ၏၊ ပညာရှိ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မချွတ်ယွင်းသော အကျင့်ကို ကျင့်သည်မည်၏၊ ထိုရဟန်းအား အာသဝေါတရားတို့ ကုန်ရန် အကြောင်းသည်လည်း ပြည့်စုံ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သမ္မာဒိဋ္ဌိသုတ်

၇၂။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မချွတ်ယွင်းသော အကျင့် ကို ကျင့်သည် မည်၏၊ ထိုရဟန်းအား အာသဝေါတရားတို့ ကုန်ရန် အကြောင်းသည်လည်း ပြည့် စုံ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံခြင်း 'နေက္ခမ္မဝိတက်' နှင့်ရှင်း မပျက်စီးစေရန် ကြံခြင်း 'အဗျာပါဒ ဝိတက်'နှင့်ရှင်း မညှဉ်းဆဲရန်ကြံခြင်း 'အဝိဟိံသာ

http://www.dhammadownload.com



ဝိတက်'နှင့် ကြင်း မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'နှင့်ငှင်း (ပြည့်စုံခြင်းတည်း)။ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မချွတ်ယွင်းသော အကျင့်ကို ကျင့်သည် မည်၏၊ထိုရဟန်းအား အာသဝေါတရားတို့ ကုန်ရန် အကြောင်းသည်လည်း ပြည့်စုံ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သပ္ပုရိသသုတ်

၇၃။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော သူကို သူယုတ်ဟု သိအပ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ သူယုတ်သည် သူတပါး၏ ကျေးဇူးမဲ့ကို မမေးသော်လည်း ထင်စွာ ပြု၏၊မေးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှုဆောင်၍ မေးသည်ရှိသော် မယုတ်လျော့စေမူ၍ မဆိုင်းမတွ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် သူတပါး ကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤအသျှင်ကား သူယုတ်တည်း" ဟု သိရမည့် အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား သူယုတ်သည် သူတပါး၏ ကျေးဇူးကို မေးသော်လည်း ထင်စွာ မပြု၊ မမေးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှုဆောင်၍ မေးအပ်သည်ရှိသော် ယုတ်လျော့စေ၍ ဆိုင်းဆိုင်း တွတွ မပြည့်မစုံ အကျယ်မဖွင့်ပဲ သူတပါး ကျေးဇူးကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤ အသျှင်ကား သူယုတ်တည်း" ဟု သိရမည့် အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား သူယုတ်သည် မိမိ၏ကျေးဇူးမဲ့ကို မေးသော်လည်း ထင်စွာမပြု၊ မမေးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှုဆောင်၍ မေးအပ်သည်ရှိသော် ယုတ်လျော့စေ၍ ဆိုင်းဆိုင်း တွတွ မပြည့်စုံ အကျယ်မဖွင့်ပဲ မိမိ ကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤအသျှင်ကား သူယုတ်တည်း"ဟု သိရမည့် အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား သူယုတ်သည် မိမိ၏ ကျေးဇူးကို မမေးသော်လည်း ထင်စွာပြု၏၊ မေးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှုဆောင်၍ မေးအပ်သည်ရှိသော် မယုတ်လျော့စေမူ၍ မဆိုင်းမတွ ပြည့်ပြည့် စုံစုံ အကျယ်တဝင့် မိမိကျေးဇူးကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤအသျှင်ကား သူယုတ်တည်း" ဟု သိရမည့် အကြောင်းတည်း၊ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူကို သူယုတ် ဟု သိအပ်၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူကို သူတော်ကောင်းဟု သိအပ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည် သူတပါး၏ ကျေးဇူးမဲ့ကို မေးသော်လည်းထင်စွာ မပြု၊ မမေးသော်ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှုဆောင်၍ သူတပါးတို့ မေးအပ်သည်ရှိသော် ယုတ်လျော့စေ၍ ဆိုင်းဆိုင်း တွတွ မပြည့်မစုံ အကျယ်မဖွင့်ပဲ သူတပါး၏ ကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤအသျှင်ကား သူတော်ကောင်းတည်း"ဟု သိရမည့် အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား သူတော်ကောင်းသည် သူတပါး၏ ကျေးဇူးကို မမေးသော်လည်း ထင်စွာပြု၏၊ မေးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှုဆောင်၍

http://www.dhammadownload.com



မေးအပ်သည် ရှိသော် မယုတ်လျော့စေမူ၍ မဆိုင်းမတွ ပြည့်ပြည့် စုံစုံ အကျယ်တဝင့် သူတပါး၏ ကျေးဇူးကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤအသျှင်ကား သူတော်ကောင်း တည်း"ဟု သိရမည့် အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား သူတော်ကောင်းသည် မိမိ၏ကျေးဇူးမဲ့ကိုမမေးသော်လည်း ထင်စွာပြု၏၊ မေးသော်ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှု ဆောင်၍ သူတပါးတို့ မေးအပ်သည်ရှိသော် မယုတ်လျော့စေမူ၍ မဆိုင်းမတွ ပြည့်ပြည့် စုံစုံ အကျယ်တဝင့် မိမိကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤအသျှင်ကား သူတော်ကောင်းတည်း"ဟု သိရမည့်အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား သူတော်ကောင်းသည် မိမိ၏ကျေးဇူးကိုမေးသော်လည်း ထင်စွာမပြု၊ မမေးသော်ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း၊ ပြဿနာအလို့ငှါ ရွေးရှုဆောင်၍ မေးအပ်သည် ရှိသော် ယုတ်လျော့စေ၍ ဆိုင်းဆိုင်း တွတွ မပြည့်မစုံ အကျယ်မဖွင့်ပဲ မိမိကျေးဇူးကို ပြောဆိုတတ်၏။ ရဟန်းတို့ ထိုအကြောင်းသည် "ဤအသျှင်ကား သူတော်ကောင်းတည်း"ဟု သိရမည့် အကြောင်းတည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူကို သူတော်ကောင်းဟု သိအပ်၏။

ရဟန်းတို့ ချွေးမကို အကြင်ညဉ့်၌သော်၎င်း နေ့၌သော်၎င်း ခေါ်ဆောင်လာခဲ့၏၊ ထိုခေါ်ဆောင်လာသော ညဉ့်နေ့၌သာလျှင် ထိုချွေးမအား ယောက္ခမမိန်းမသူ၌ ၎င်း ယောက္ခမယောက်ျားသူ၌၎င်း လင်၌၎င်း အယုတ်သဖြင့် ကျွန်အမှုလုပ် ယောက်ျားတို့၌၎င်း လွန်ကဲသောအရှက်အကြောက်သည် ရွေးရှုတည်၏၊ ထိုချွေးမသည် နောင်အခါ၌ ပေါင်းသင်းခြင်း အကျွမ်းဝင်ခြင်းကို စွဲ၍ ယောက္ခမမိန်းမသူကို၎င်း ယောက္ခမယောက်ျားသူကို၎င်း လင်ကို၎င်း "ပဲကြကုန်လော့၊ အဘယ်ကို သင်တို့ သိကြကုန်အံ့နည်း"ဟု ဆိုသကဲ့သို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သောရဟန်းသည် အကြင်ညဉ့်၌ သော်၎င်း အကြင်နေ့၌သော်၎င်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြု၏၊ထိုဝင်ရောက်ရဟန်းပြုသော ညဉ့်နေ့၌သာလျှင် ထိုရဟန်းသစ်အား ရဟန်းတို့၌ ၎င်း ရဟန်းမိန်းမတို့၌၎င်း ဥပါသကာယောက်ျားတို့၌၎င်း ဥပါသိကာမိန်းမတို့၌၎င်း အယုတ်သဖြင့် အရံစောင့်သာမဏေတို့၌၎င်း လွန်ကဲသော အရှက်အကြောက်သည် ရွေးရှုတည်၏၊ ထိုရဟန်းသစ်သည် နောင်အခါ၌ ပေါင်းသင်းခြင်း အကျွမ်းဝင်ခြင်းကို စွဲ၍ ဆရာကို၎င်း ဥပဇ္ဈာယ်ကို၎င်း "ဖဲကြကုန်လော့၊ အဘယ်ကို သင်တို့ သိကြကုန်အံ့နည်း" ဟု ဆို၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ရောက်လာခါစ ချွေးမနှင့်တူသော စိတ်ဖြင့် နေအံ့"ဟု ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဥ္စမ အဂ္ဂသုတ်

၇၄။ ရဟန်းတို့ မြတ်သောတရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မြတ်သော သီလ မြတ်သောသမာဓိ မြတ်သော ပညာ မြတ်သော ဝိမုတ္တိတို့တည်း။ ရဟန်းတို့ မြတ်သော တရားတို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော်မူ၏။)

http://www.dhammadownload.com



## ၅-ဒုတိယ အဂ္ဂသုတ်

၇၅။ ရဟန်းတို့ မြတ်သော တရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့ နည်းဟူမူ—မြတ်သောရုပ်[၁] မြတ်သောဝေဒနာ မြတ်သောသညာ မြတ်သောဘဝတို့တည်း။ ရဟန်းတို့ မြတ်သောတရားတို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ကုသိနာရသုတ်

၇၆။ အခါတပါး၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်ခါနီးအခါ ကုသိနာရုံပြည်(တောင်တံခါး၏)အရှေ့ဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်၌ အင်ကြင်းပင်ပျိုအစုံတို့၏ အကြားဝယ် (သီဘင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"ရဟန်းတို့ ဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှား တွေးတောခြင်းသည် တစုံတယောက်သော ရဟန်းအား ဖြစ်ခဲ့မူ သင်တို့သည် မေးလျှောက်ကြကုန်လော့၊ 'မြတ်စွာဘုရားသည် ငါတို့၏ မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို ရှေးတော်၌ ပြန်၍မေးခြင်းငှါ မစွမ်းနိုင်ခဲ့ကြပါတကား' ဟု" နောက်အခါ နှလုံးမသာခြင်း မဖြစ်ကြစေကုန်လင့် ဟူ၍ မိန့်တော်မူသော် ထိုရဟန်းတို့သည် ဆိတ်ဆိတ် နေကြကုန်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်းသည် တစုံတယောက်သော ရဟန်းအား ဖြစ်ခဲ့မူ သင်တို့သည် မေးလျှောက်ကြကုန်လော့၊ 'မြတ်စွာဘုရားသည် ငါတို့၏ မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည်မြတ်စွာဘုရားကို ရှေးတော်၌ ပြန်၍မေးခြင်းငှါ မစွမ်းနိုင်ခဲ့ကြပါတကား'ဟု" နောက်အခါ နှလုံးမသာခြင်း မဖြစ်ကြစေကုန်လင့်ဟူ၍ မိန့်တော်မူသော် ထိုရဟန်းတို့သည် နှစ်ကြိမ်မြောက်လည်း ဆိတ်ဆိတ်နေကြကုန်၏၊ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

"ရဟန်းတို့ ဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်းသည် တစုံတယောက်သော ရဟန်းအား ဖြစ်ခဲ့မူ သင်တို့သည် မေးလျှောက်ကြကုန်လော့၊ 'မြတ်စွာဘုရားသည် ငါတို့၏ မျက်မှောက်၌ ထင်ရှား ရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို ရှေးတော်၌ ပြန်၍မေးခြင်းငှါ မစွမ်းနိုင်ခဲ့ကြပါတကားဟု" နောက်အခါ နှလုံးမသာခြင်း မဖြစ်ကြစေကုန်လင့် ဟူ၍ မိန့်တော်မူသော် ထိုရဟန်းတို့သည် သုံးကြိမ်မြောက်လည်း ဆိတ်ဆိတ်နေကြကုန်၏။

---

၁-မြတ်သောရုပ်-မြတ်သည်၏ အဖြစ်သို့ ရောက်သောရုပ်-အကြင်ရုပ်ကို သုံးသပ်၍ အရဟတ္တဖိုလ်သို့ ရောက်အံ့၊ ထိုရုပ်ကို မြတ်သောရုပ်ဟုဆိုလိုသည်။

http://www.dhammadownload.com



ထိုနောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို—"ရဟန်းတို့ သင်တို့သည် ဘုရား၌ ရှိသေလေးစားသဖြင့် မမေးမလျှောက်ကြကုန်သည်သော်လည်း ဖြစ်ငြားအံ့၊ အဖော်ရဟန်း အချင်းချင်းအားမူလည်း (မိမိယုံမှားတွေးတောခြင်းကို) ပြောကြားလော့" ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူသော် ထိုရဟန်းတို့သည် ဆိတ်ဆိတ် နေကုန်၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား ဤရဟန်းသံဃာထဲ၌ တယောက်သော ရဟန်းအားမျှသော်လည်း မြတ်စွာဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်း မရှိ"ဟု" အကျွန်ုပ် ယုံကြည်ပါ၏ ဟု လျှောက်၏။

အာနန္ဒာ သင်သည် ယုံကြည်သဖြင့်သာလျှင် လျှောက်ဆို၏၊ အာနန္ဒာ စင်စစ်သော်ကား ဤအရာ၌ ဘုရား၏ ဉာဏ်တော် (အရာ) ပင် ဖြစ်၏၊ ဤရဟန်းသံဃာထဲ၌ တယောက်သော ရဟန်းအားမျှသော်လည်း ဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်း မရှိလေ။ အာနန္ဒာ ဤငါးရာသော ရဟန်းတို့တွင် ဂုဏ်အားဖြင့် အယုတ်ဆုံးရဟန်းသည် သောတာပန်တည်း၊ အပါယ်သို့ ပျက်စီးကျရောက်ခြင်း မရှိ၊ (ကိန်းသေ) မြဲ၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇–အစိန္တေယျသုတ်

၇၇။ ရဟန်းတို့ မကြံသင့်သော ဤလေးမျိုးတို့ကို မကြံအပ်ကုန်၊ ယင်းလေးမျိုးတို့ကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲ ပင်ပန်းရန်သာ ဖြစ်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မကြံသင့်သော ဘုရားသျှင်တို့၏ ဘုရားအရာကို မကြံအပ်၊ ယင်း (ဘုရားအရာ) ကိုကြံသူသည် ရူးသွပ်ရန် ဆင်းရဲ ပင်ပန်းရန်သာဖြစ်၏။ ရဟန်းတို့ မကြံသင့်သော ဈာန်ရပုဂ္ဂိုလ်၏ ဈာန်အရာကို မကြံအပ်၊ ယင်း (ဈာန် အရာ) ကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲ ပင်ပန်းရန်သာဖြစ်၏။ ရဟန်းတို့ မကြံသင့်သော ကံအကျိုးကို မကြံအပ်၊ ယင်း (ကံအကျိုး) ကို ကြံသောသူသည် ရူးသွပ်ရန် ဆင်းရဲ ပင်ပန်းရန်သာ ဖြစ်၏။ မကြံသင့်သော လောကကို ကြံခြင်းကို မကြံအပ်၊ ယင်းလောကကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲပင်ပန်းရန်သာ ဖြစ်၏။ ရဟန်းတို့ မကြံသင့်သော ဤလေးမျိုးတို့ကို မကြံအပ်ကုန်။ ယင်းလေးမျိုးတို့ကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲ ပင်ပန်းရန်သာ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈–ဒက္ခိဏသုတ်

၇၈။ ရဟန်းတို့ အလှူ၏ စင်ကြယ်ကြောင်းဘို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အလှူပေးပုဂ္ဂိုလ်ကြောင့်သာ စင်ကြယ်၍ အလှူခံပုဂ္ဂိုလ်ကြောင့် မစင်ကြယ်သော အလှူမျိုးသည် ရှိ၏။ ရဟန်းတို့ အလှူခံပုဂ္ဂိုလ်ကြောင့်သာ စင်ကြယ်၍ အလှူပေး ပုဂ္ဂိုလ်ကြောင့် မစင်ကြယ်သော အလှူမျိုးသည် ရှိ၏။ ရဟန်းတို့ အလှူပေး ပုဂ္ဂိုလ်ကြောင့်

http://www.dhammadownload.com



လည်း မစင်ကြယ် အလှူခံပုဂ္ဂိုလ်ကြောင့်လည်း မစင်ကြယ်သော အလှူမျိုးသည် ရှိ၏။ ရဟန်းတို့ အလှူပေး ပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ် အလှူခံပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ်သော အလှူမျိုးသည် ရှိ၏။ ရဟန်းတို့ အဘယ်သို့လျှင် အလှူသည် အလှူပေးပုဂ္ဂိုလ်ကြောင့်သာ စင်ကြယ်၍ အလှူခံပုဂ္ဂိုလ်ကြောင့် မစင်ကြယ်သနည်း၊ ရဟန်းတို့ ဤလောက၌ အလှူပေးသူသည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ အလှူခံပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်မာသော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် အလှူသည် အလှူပေးပုဂ္ဂိုလ်ကြောင့်သာ စင်ကြယ်၍ အလှူခံပုဂ္ဂိုလ်ကြောင့် မစင်ကြယ်။

ရဟန်းတို့ အဘယ်သို့လျှင် အလှူသည် အလှူခံပုဂ္ဂိုလ်ကြောင့်သာ စင်ကြယ်၍ အလှူပေး ပုဂ္ဂိုလ်ကြောင့် မစင်ကြယ်သနည်း၊ ရဟန်းတို့ ဤလောက၌ အလှူပေးပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်မာသော သဘောရှိ၏၊ အလှူခံပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် အလှူသည် အလှူခံပုဂ္ဂိုလ်ကြောင့်သာ စင်ကြယ်၍ အလှူပေး ပုဂ္ဂိုလ်ကြောင့် မစင်ကြယ်။

ရဟန်းတို့ အဘယ်သို့လျှင် အလှူသည် အလှူပေးပုဂ္ဂိုလ်ကြောင့်လည်း မစင်ကြယ် အလှူခံ ပုဂ္ဂိုလ်ကြောင့်လည်း မစင်ကြယ်သနည်း၊ ရဟန်းတို့ ဤလောက၌ အလှူပေးပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်မာသော သဘောရှိ၏၊ အလှူခံပုဂ္ဂိုလ်သည်လည်း သီလမရှိ၊ ယုတ်မာသော သဘော ရှိ၏။ ရဟန်းတို့ ဤသို့လျှင် အလှူသည် အလှူပေး ပုဂ္ဂိုလ်ကြောင့်လည်း မစင်ကြယ် အလှူခံပုဂ္ဂိုလ် ကြောင့်လည်း မစင်ကြယ်။

ရဟန်းတို့ အဘယ်သို့လျှင် အလှူသည် အလှူပေး ပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ် အလှူခံ ပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ်သနည်း၊ ရဟန်းတို့ ဤလောက၌ အလှူပေး ပုဂ္ဂိုလ်သည်လည်း သီလ ရှိ၏၊ ကောင်းသော သဘောရှိ၏၊ အလှူခံပုဂ္ဂိုလ်သည်လည်း သီလရှိ၏၊ ကောင်းသော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် အလှူသည် အလှူပေးပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ် အလှူခံပုဂ္ဂိုလ် ကြောင့်လည်း စင်ကြယ်၏။ ရဟန်းတို့ အလှူ၏ စင်ကြယ်ကြောင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဝဏိဇ္ဇသုတ်

၇၉။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် "အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ အားထုတ် အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှသည်သာ ဖြစ်ပါလျက် ပျက်စီးခြင်းသို့ ရောက်ရ ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ဤ လောက၌ အချို့သောသူ၏ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှသည် ဖြစ်ပါ လျက် ရည်မှန်းသည့်အတိုင်း မဖြစ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း။ အသျှင်ဘုရား ဤလောက၌ အချို့သောသူ၏ အားထုတ်အပ်သော ကုန်သွယ်မှု

http://www.dhammadownload.com



သည် ကုန်သွယ်မှုချင်း တူမျှပါလျက် ရည်မှန်းသည့်အတိုင်း ဖြစ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ဤလောက၌ အချို့သော သူ၏ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှပါလျက် ရည်မှန်းသည်ထက် လွန်ကဲသော အကျိုးရှိခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း”ဟု လျှောက်၏။

သာရိပုတြာ ဤလောက၌ အချို့သောသူသည် သမဏသို့ဖြစ်စေ ဗြာဟ္မဏသို့ဖြစ်စေ ချဉ်းကပ်၍ “အသျှင်ဘုရား (အလိုရှိသော)ပစ္စည်းကို မိန့်ဆိုတော်မူပါ”ဟု ဖိတ်ကြား၏၊ ထိုသူသည် ထိုဖိတ်ကြားသော ပစ္စည်းကို မပေးလှူ။ ထိုသူသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘုံသို့ ပြန်လာခဲ့မူ အကြင်အကြင် ကုန်သွယ်မှုကိုပင် အားထုတ်၏၊ ထိုသူ၏ ထိုအားထုတ်အပ်တိုင်းသော ကုန်သွယ်မှုသည် ပျက်စီးခြင်းသို့ ရောက်၏။

သာရိပုတြာ ဤလောက၌ အချို့သောသူသည် သမဏသို့ ဖြစ်စေ ဗြာဟ္မဏသို့ဖြစ်စေ ချဉ်းကပ်၍ “အသျှင်ဘုရား (အလိုရှိသော)ပစ္စည်းကို မိန့်ဆိုတော်မူပါ”ဟု ဖိတ်ကြား၏၊ ထိုသူသည် ထိုဖိတ်ကြားသော ပစ္စည်းကို ရည်မှန်းသည့်အတိုင်း မပေးလှူ။ ထိုသူသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘုံသို့ ပြန်လာခဲ့မူ အကြင်အကြင်ကုန်သွယ်မှုကိုပင် အားထုတ်၏၊ ထိုသူ၏ ထိုကုန်သွယ်မှုသည် ရည်မှန်းသည့် အတိုင်း မဖြစ်။

သာရိပုတြာ ဤလောက၌ အချို့သော သူသည် သမဏသို့ဖြစ်စေ ဗြာဟ္မဏသို့ဖြစ်စေ ချဉ်းကပ်၍ “အသျှင်ဘုရား (အလိုရှိသော) ပစ္စည်းကို မိန့်ဆိုတော်မူပါ”ဟု ဖိတ်ကြား၏၊ ထိုသူသည် ထိုဖိတ်ကြားသော ပစ္စည်းကို ရည်မှန်းသည့်အတိုင်း ပေးလှူ၏။ ထိုသူသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘုံသို့ ပြန်လာခဲ့မူ အကြင် အကြင်ကုန်သွယ်မှုကိုပင် အားထုတ်၏၊ ထိုသူ၏ ထိုကုန်သွယ်မှုသည် ရည်မှန်းသည့်အတိုင်း ဖြစ်၏။

သာရိပုတြာ ဤလောက၌ အချို့သောသူသည် သမဏသို့ ဖြစ်စေ ဗြာဟ္မဏသို့ဖြစ်စေ ချဉ်းကပ်၍ “အသျှင်ဘုရား (အလိုရှိသော) ပစ္စည်းကို မိန့်ဆိုတော်မူပါ”ဟု ဖိတ်ကြား၏၊ ထိုသူသည် ထိုဖိတ်ကြားသော ပစ္စည်းကို ရည်မှန်းသည်ထက်ပို၍ ပေးလှူ၏၊ ထိုသူသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘုံသို့ ပြန်လာခဲ့မူ အကြင် အကြင်ကုန်သွယ်မှုကိုပင် အားထုတ်၏၊ ထိုသူ၏ ထိုကုန်သွယ်မှုသည် ရည်မှန်းသည်ထက်ပို၍ အကျိုးရှိ၏။

သာရိပုတြာ ဤလောက၌ အချို့သောသူ၏ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှပါလျက် ပျက်စီးခြင်းသို့ရောက်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့အား ဤသည်ပင်တည်း။ သာရိပုတြာ ဤလောက၌ အချို့သောသူ၏ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှပါလျက် ရည်မှန်းသည့်အတိုင်း မဖြစ်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း။ သာရိပုတြာ ဤလောက၌ အချို့သော သူ၏ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှုချင်း တူမျှပါလျက် ရည်မှန်းသည့်အတိုင်း ဖြစ်ရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း။ သာရိပုတြာ ဤလောက၌ အချို့သောသူ၏ အားထုတ်အပ်သော ကုန်သွယ်မှုသည် ကုန်သွယ်မှု

http://www.dhammadownload.com



ချင်း တူမျှပါလျက် ရည်မှန်းသည်ထက် လွန်ကဲအကျိုးရှိခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အသောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်၊

## ၁၀-ကမ္ဗောဇသုတ်

၈၀။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် ဤစကားကို လျှောက်၏—

အသျှင်ဘုရား မာတုဂါမသည်(လွှတ်ရုံး)သဘင်၌ မနေရခြင်း (ကြီးပွါးရေး)အလုပ်ကို မလုပ်ရခြင်း ကမ္ဗောဇတိုင်း[၁] သို့ မသွားရခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်းဟု လျှောက်၏၊ အာနန္ဒာ မာတုဂါမသည် အမျက်ထွက်တတ်၏၊ မာတုဂါမသည် ငြူစူတတ်၏၊ မာတုဂါမသည် ဝန်တိုတတ်၏၊ မာတုဂါမသည် ပညာမရှိ။ အာနန္ဒာ မာတုဂါမသည် (လွှတ်ရုံး)သဘင်၌ မနေရခြင်း (ကြီးပွါးရေး)ကို အလုပ်ကို မလုပ်ရခြင်း ကမ္ဗောဇတိုင်းသို့ မသွားရခြင်း၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် အပဏ္ဏကဝဂ် ပြီး၏။

## (၉) ၄-မစလဝဂ် ၁-ပါဏာတိပါတသုတ်

၈၁။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ကျရောက်ရ၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ကျရောက်ရ၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

၁-ကမ္ဗောဇတိုင်းသို့ မသွားရခြင်းဟူသည် ဥပလက္ခဏမျှသာ ဖြစ်၏၊ မည်သည့် တိုင်းတပါးသို့မျှ မသွားရ ဟူလို၏။

http://www.dhammadownload.com



## ၂-မုသာဝါဒသုတ်

၇၂။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကား ကို ဆိုလေ့ရှိ၏၊ ကြမ်းထမ်းသော စကားကို ဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသော စကားကို ဆိုလေ့ရှိ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူကို ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်၏၊ အကျိုး မရှိ ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံ သောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အဝဏ္ဏာရဟသုတ်

၇၃။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—(ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်ပဲ ဂုဏ် မထိုက်သူ၏ ဂုဏ်ကို ပြောဆို၏၊ (ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်ပဲ ဂုဏ်ထိုက်သူ၏ ဂုဏ်မဲ့ကို ပြောဆို၏၊ (ဉာဏ်ဖြင့်)မစိစစ် မသက်ဝင်ပဲ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်းကို ဖြစ်စေ၏၊ (ဉာဏ်ဖြင့်) မစိစစ် မသက်ဝင်ပဲ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်းကို ဖြစ်စေ၏။ ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—(ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကို ပြောဆို၏၊ (ဉာဏ်ဖြင့်)စိစစ် သက်ဝင်၍ ဂုဏ်ထိုက်သူ၏ ဂုဏ်ကျေးဇူးကို ပြောဆို၏။ (ဉာဏ်ဖြင့်)စိစစ် သက်ဝင်၍ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်းကို ဖြစ်စေ၏၊ (ဉာဏ်ဖြင့်) စိစစ် သက်ဝင်၍ ကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်းကို ဖြစ်စေ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည် သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ကောဓဂရုသုတ်

၇၄။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အမျက်ထွက်ခြင်းကို အလေးပြု၍

http://www.dhammadownload.com



သူတော်ကောင်းတရားကို အလေးမပြုခြင်း၊ (ကျေးဇူး) ချေဖျက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊ လာဘ် (ရခြင်း)ကို အလေးပြု၍ သူတော်ကောင်းတရား၌ အလေးမပြုခြင်း၊အရိုအသေပြုမှု 'သက္ကာရ' ကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်းတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။အဘယ်လေးမျိုးတို့နည်းဟူမူ—သူတော်ကောင်းတရားကို အလေးပြု၍ အမျက်ထွက်ခြင်းကို အလေးမပြုခြင်း၊ သူတော်ကောင်းတရားကို အလေးပြု၍ (ကျေးဇူး) ချေဖျက်ခြင်းကို အလေးမပြုခြင်း၊ သူတော်ကောင်းတရားကို အလေးပြု၍ လာဘ် (ရခြင်း)ကို အလေးမပြုခြင်း၊ သူတော်ကောင်းတရားကို အလေးပြု၍ အရိုအသေပြုမှု သက္ကာရကို အလေးမပြုခြင်းတို့တည်း။ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-တမောတမသုတ်

၈၅။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အမှောင်၌ဖြစ်၍ အမှောင်လျှင် လည်းလျောင်းရာရှိသောပုဂ္ဂိုလ်၊အမှောင်၌ဖြစ်၍ အလင်းလျှင် လည်းလျောင်းရာရှိသော ပုဂ္ဂိုလ်၊ အလင်း၌ဖြစ်၍ အမှောင်လျှင် လည်းလျောင်းရာရှိသော ပုဂ္ဂိုလ်၊ အလင်း၌ဖြစ်၍ အလင်းလျှင် လည်းလျောင်းရာရှိသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အမှောင်၌ဖြစ်၍ အမှောင်လျှင် လည်းလျောင်းရာရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ယုတ်နိမ့်သော အမျိုးဟု ဆိုအပ်သော ဒွန်းစဏ္ဍားမျိုး၌သော်၎င်း နှီးသမားမျိုး၌သော်၎င်း တံငါမုဆိုးမျိုး၌သော်၎င်း သားရေလုပ်သမားမျိုး၌သော်၎င်း ပန်းမှိုက်သွန်မျိုး၌သော်၎င်း ဖြစ်၏၊ ဆင်းရဲ၏၊ ထမင်းအဖျော် စားသောက်ဖွယ် နည်းပါး၏၊ငြိုငြင်သဖြင့် အသက်မွေးရ၏၊ ယင်းအမျိုး၌ အစားကို ငြိုငြင်စွာ အဝတ်ကို ငြိုငြင်စွာ ရ၏၊ ထိုသူသည် အဆင်းလည်း မလှ၊ ရှုချင်ဖွယ်လည်း မရှိ၊ ပုကွလည်း ပုကွ၏၊ အနာလည်း များ၏၊ ကန်းသူသော်၎င်း ကောက်သူသော်၎င်း ခွင်သူသော်၎င်း ဆွံ့သူသော်၎င်း ဖြစ်ရ၏၊ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးအဆောက်အဦကို ရသူ မဟုတ်။ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၏၊မကောင်းသောအကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အမှောင်၌ဖြစ်၍ အမှောင်လျှင် လည်းလျောင်းရာ ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည်အမှောင်၌ဖြစ်၍ အလင်းလျှင် လည်းလျောင်းရာရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ယုတ်နိမ့်သော အမျိုးဟု ဆိုအပ်သော ဒွန်းစဏ္ဍား

http://www.dhammadownload.com



မျိုး၌သော်၎င်း နှီးသမားမျိုး၌သော်၎င်း တံငါမုဆိုးမျိုး၌သော်၎င်း သားရေလုပ်သမားမျိုး၌သော်၎င်း ပန်းမှိုက်သွန်မျိုး၌သော်၎င်း ဖြစ်ရ၏၊ဆင်းရဲ၏၊ထမင်းအဖျော် စားသောက်ဖွယ် နည်းပါး၏၊ ငြိုငြင်သဖြင့် အသက်မွေးရ၏၊ ယင်းအမျိုး၌ အစာကို ငြိုငြင်စွာ အဝတ်ကို ငြိုငြင်စွာရ၏၊ ထိုသူသည် အဆင်းလည်း မလှ၊ ရှုချင်ဖွယ်လည်း မရှိ၊ ပုကွလည်း ပုကွ၏၊ အနာလည်း များ၏၊ ကန်းသူသော်၎င်း ကောက်သူသော်၎င်း ခွင်သူသော်၎င်း ဆွံ့သူသော်၎င်း ဖြစ်၏၊ ထမင်းအဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးအသုံးအဆောင်ကို ရသူ မဟုတ်။ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ကောင်းသောအကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အမှောင်၌ဖြစ်၍ အလင်းလျှင် လည်းလျောင်းရာ ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အလင်း၌ဖြစ်၍ အမှောင်လျှင် လည်းလျောင်းရာ ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မြင့်မြတ်သော အမျိုးဟု ဆိုအပ်သော ခတ္တိယမဟာသာလမျိုး၌သော်၎င်း ဗြာဟ္မဏမဟာသာလမျိုး၌သော်၎င်း ဂဟပတိမဟာသာလမျိုး၌သော်၎င်း ဖြစ်ရ၏၊ကြွယ်ဝ၏၊ များသော ဥစ္စာရှိ၏၊ များသော စည်းစိမ်ရှိ၏၊ များသော ရွှေငွေရှိ၏၊ များသော နှစ်သက်ဖွယ် အသုံးအဆောင်ရှိ၏၊ များသော ဥစ္စာ စပါးရှိ၏၊ ထိုသူသည် အဆင်းလည်း လှ၏၊ ရှုချင်ဖွယ်လည်း ရှိ၏၊ ကြည်ညိုဖွယ်လည်း ရှိ၏၊ ကောင်းမြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးအသုံးအဆောင်ကို ရသူဖြစ်၏။ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ မကောင်းသောအကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ရ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အလင်း၌ဖြစ်၍ အမှောင်လျှင် လည်းလျောင်းရာရှိသည် မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အလင်း၌ဖြစ်၍ အလင်းလျှင် လည်းလျောင်းရာရှိသနည်း၊ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မြတ်သော အမျိုးဟု ဆိုအပ်သော ခတ္တိယမဟာသာလမျိုး၌သော်၎င်း ဗြာဟ္မဏမဟာသာလမျိုး၌သော်၎င်း ဂဟပတိမဟာသာလမျိုး၌သော်၎င်း ဖြစ်ရ၏၊ ကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသော စည်းစိမ်ရှိ၏၊ များသော ရွှေငွေရှိ၏၊ များသော နှစ်သက်ဖွယ် အသုံးအဆောင်ရှိ၏၊များသော ဥစ္စာရှိ၏၊ထိုသူသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ များသော ဥစ္စာရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ ကောင်းမြတ်သော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံ၏၊ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီး အသုံးအဆောင်ကို ရသူဖြစ်၏။ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ကောင်းသောအကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အလင်း၌ဖြစ်၍ အလင်းလျှင် လည်းလျောင်းရာရှိ၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၆-ဩဏတောဏတသုတ

၈၆။ ရဟန်းတို့ လောက၌ ပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ယုတ်နိမ့်သည်ဖြစ်၍ ယုတ်နိမ့်လတ္တံ့သော ပုဂ္ဂိုလ်၊ ယုတ်နိမ့်သည်ဖြစ်၍ မြင့်မြတ်လတ္တံ့သောပုဂ္ဂိုလ်၊ မြင့်မြတ်သည်ဖြစ်၍ ယုတ်နိမ့်လတ္တံ့သော ပုဂ္ဂိုလ်၊ မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်လတ္တံ့သော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပုတ္တသုတ်

၈၇။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—မတုန်လှုပ်သော ရဟန်း၊ ပုဏ္ဍရိက်ကြာနှင့် တူသော ရဟန်း ပဒုမာကြာနှင့်တူသော ရဟန်း၊ ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သောရဟန်းတို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သေက္ခပုဂ္ဂိုလ်ဖြစ်၍ ကျင့်ဆဲဖြစ်၏၊ အတုမရှိသော ယောဂလေးပါးကုန်ရာ (အရဟတ္တဖိုလ်)ကို တောင့်တလျက် နေ၏။ ရဟန်းတို့ ရေမြေကို အစိုးရသော ဦးထိပ်၌ အဘိသိက်သွန်းအပ်ပြီးသော မင်း၏ အဘိသိက်သွန်းထိုက်သော သားကြီးသည် အဘိသိက်မသွန်းရသေးသော်လည်း တုန်လှုပ်ခြင်းသို့ မရောက်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် သေက္ခဖြစ်၍ကျင့်ဆဲ ဖြစ်သော ရဟန်းသည် အတုမရှိသော ယောဂလေးပါးကုန်ရာ (အရဟတ္တဖိုလ်)ကို တောင့်တလျက်နေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့် တူသော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ဝိမောက္ခရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍ကား မနေ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့် တူသော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ဝိမောက္ခ ရှစ်ပါးတို့ကိုလည်း နာမကာယဖြင့် တွေ့ထိ၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့်တူသော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (သုံးဆောင်ပါဟု) တောင်းပန်အပ်သည် ဖြစ်၍သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်း

http://www.dhammadownload.com



ငယ်သာတည်း။ တောင်းပန်အပ်သည် ဖြစ်၍သာလျှင် ဆွမ်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။ တောင်းပန်အပ်သည် ဖြစ်၍သာလျှင် ကျောင်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင် ရသည်ကား အနည်းငယ်သာတည်း။ တောင်းပန်အပ်သည်ဖြစ်၍သာလျှင် သူနာအထောက်အပံ့ ဖြစ်သော ဆေး အသုံးအဆောင်ကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။ အတူနေသီတင်းသုံးဖော်ဘို့သည် ထိုရဟန်းအား နှစ်မြို့ဖွယ် ကာယကံဖြင့် သာလျှင် ပြုမူကြသည်က များ၏၊ မနှစ်မြို့ဖွယ် ကာယကံဖြင့် ပြုမူကြသည်ကား အနည်းငယ် သာတည်း။ နှစ်မြို့ဖွယ် ဝစီကံဖြင့်သာလျှင် ပြုမူကြသည်က များ၏၊ မနှစ်မြို့ဖွယ် ဝစီကံဖြင့် ပြုမူ ကြသည်ကား အနည်းငယ်သာတည်း။ နှစ်မြို့ဖွယ် မနောကံဖြင့်သာလျှင် ပြုမူကြသည်က များ၏၊ မနှစ်မြို့ဖွယ် မနောကံဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း။ နှစ်မြို့ဖွယ် ပူဇော်ခြင်းကို သာလျှင် ဆောင်ကြသည်က များ၏၊ မနှစ်မြို့ဖွယ် ပူဇော်ခြင်းကို ဆောင်ကြသည်ကား အနည်းငယ် သာတည်း။ သည်းခြေကြောင့်သော်၎င်း သလိပ်ကြောင့်သော်၎င်း လေကြောင့်သော်၎င်း သည်းခြေ သလိပ်လေတို့၏ပေါင်းဆုံမိခြင်း(သန္နိပါတ်)ကြောင့်သော်၎င်း ဥတုဖောက်ပြန်ခြင်းကြောင့်သော်၎င်း မညီမညွတ် ဆောင်ရွက်မှုကြောင့်သော်၎င်း သူတပါးတို့ လုံ့လကြောင့်သော်၎င်း ကံအကျိုး ပေးခြင်းကြောင့်သော်၎င်း ဖြစ်ကုန်သော ဝေဒနာဘို့သည် ထိုရဟန်းအား များစွာ မဖြစ်ကုန်၊ အနာရောဂါနည်း၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖြစ်ကုန်သော လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော လေးမျိုးသော ဈာန်တို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းရ၏၊ အာသဝေါကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ရဟန်းတို့တွင် သိမ်မွေ့ နူးညံ့သော ရဟန်းဖြစ်၏။

ရဟန်းတို့ "ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏"ဟူသော အကြင်စကားကို ဆိုသော သူသည် ကောင်းစွာ ဆိုသည်ဖြစ်ရာ၏၊ ရဟန်းတို့ "ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏" ဟူသော ထိုစကားကို ကောင်းစွာ ဆိုလိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုရာ၏။ ရဟန်းတို့ ငါသည် အလှူခံတော်မူပါဟု တောင်းပန်အပ်သည်ဖြစ်၍ သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။ တောင်း ပန်အပ်သည်ဖြစ်၍ သာလျှင် ဆွမ်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင် ရသည်ကား အနည်းငယ်သာတည်း။ တောင်းပန်အပ်သည် ဖြစ်၍ သာလျှင် ကျောင်းကို သုံးဆောင် ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။ တောင်းပန် အပ်သည်ဖြစ်၍ သာလျှင် သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။ အတူနေ သီတင်းသုံးဖော် တို့သည် ငါ့ကိုနှစ်မြို့ဖွယ် ကာယကံကိုသာလျှင် ပြုမူသည်က များ၏၊ မနှစ်မြို့ဖွယ် ကာယကံကို ပြုမူ သည်ကား အနည်းငယ်သာတည်း။ နှစ်မြို့ဖွယ် ဝစီကံကို ပြုမူသည်က များ၏၊ မနှစ်မြို့ဖွယ် ဝစီကံကိုပြုမူ သည်ကား အနည်းငယ်သာတည်း။ နှစ်မြို့ဖွယ် မနောကံကို ပြုမူသည်က များ၏၊ မနှစ်မြို့ဖွယ် မနောကံ ကိုပြုမူသည်ကား အနည်းငယ်သာတည်း။ နှစ်မြို့ဖွယ် ပူဇော်ခြင်းကို ဆောင်သည်က များ၏၊ မနှစ်မြို့ဖွယ် ပူဇော်ခြင်းကိုဆောင်သည်ကား အနည်းငယ်သာတည်း။ သည်းခြေလျှင် ဖြစ်ကြောင်း ရှိကုန်သော သလိပ်လျှင်ဖြစ်ကြောင်းရှိကုန်သော လေလျှင် ဖြစ်ကြောင်းရှိကုန်သော သည်းခြေ သလိပ် လေတို့၏

http://www.dhammadownload.com



ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ကုန်သော ဥတု၏ ဖောက်ပြန်ခြင်းကြောင့် ဖြစ်ကုန်သော မညီညွတ်သော အတ္တဘောကို ဆောင်ခြင်းကြောင့် ဖြစ်ကုန်သော သူတပါးတို့ လုံ့လကြောင့်လည်း ဖြစ်ကုန်သော ကံကြောင့်လည်း ဖြစ်ကုန်သော ဝေဒနာတို့သည် ငါ့အား များစွာ မဖြစ်ကုန်၊ ငါ့အား အနာရောဂါ နည်း၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း ရှိကုန်သော လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော လေးပါးကုန်သော ဈာန်တို့ကို အလိုရှိတိုင်းရ၏၊ မငြို မငြင် ရ၏၊ မပင် မပန်း ရ၏၊ အာသဝေါ တရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုလျက် ရောက်၍နေ၏။

ရဟန်းတို့“ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏”ဟူသော အကြောင်စကားကိုဆိုသော သူသည် ကောင်းစွာ ဆိုသည် ဖြစ်ရာ၏။ရဟန်းတို့ “ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏” ဟူသော ထိုစကားကို ကောင်းစွာ ဆိုလိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုရာ၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-သံယောဇနသုတ်

၈၈။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—မတုန်လှုပ်သော ရဟန်း၊ပုဏ္ဍရိက်ကြာနှင့် တူသောရဟန်း၊ ပဒုမာကြာနှင့် တူသော ရဟန်း၊ ရဟန်းတို့တွင် နူးညံ့သိမ်မွေ့သော ရဟန်းတို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ် ‘အနှောင်အဖွဲ့’တို့၏ အကြွင်းမဲ့ ကုန်ခြင်း ကြောင့် အပါယ်သို့ ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လားရာ ရှိသော သောတာပန်ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သောရဟန်း ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့် တူသောရဟန်း ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ်‘အနှောင်အဖွဲ့’တို့၏ အကြွင်းမဲ့ ကုန်ခြင်း ကြောင့်၎င်း တပ်မက်ခြင်း ‘ရာဂ’ ပြင်းမှားခြင်း ‘ဒေါသ’ တွေဝေခြင်း ‘မောဟ’ တို့၏ ခေါင်းပါးခြင်း ကြောင့်၎င်း တကြိမ်သာလျှင် ဤလူ့ဘုံသို့ လာရောက်၍ ဆင်းရဲ၏ အဆုံးကို ပြုသော သကဒါဂါမ် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်း ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့် တူသော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း)အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် ‘အနှောင်အဖွဲ့’တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ် ပဋိသန္ဓေနေ၍ ထို(ဘုံ)၌ သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်းသဘော မရှိသော အနာဂါမ် ဖြစ်၏။ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့်တူသော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်း ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါ

http://www.dhammadownload.com



ကင်းသော ယွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ရောက်လျက်နေသော ရဟန္တာဖြစ်၏၊ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ရဟန်းတို့ဘွင် သိမ်မွေ့နူးညံ့သော ရဟန်းဖြစ်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သမ္မာဒိဋ္ဌိသုတ်

၈၉။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ် လေးမျိုးတို့နည်း၊ ဟူမူ—မတုန်လှုပ်သောရဟန်း၊ ပုဏ္ဍရိက်ကြာနှင့်တူသောရဟန်း၊ ပဒုမာကြာနှင့်တူသော ရဟန်း၊ ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းတို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မှန်ကန်သော အမြင်ရှိ၏၊ မှန်ကန်သော အကြံရှိ၏၊ မှန်ကန်သော စကားရှိ၏၊ မှန်ကန်သော အမှုရှိ၏၊ မှန်ကန်သော အသက်မွေးခြင်းရှိ၏၊ မှန်ကန်သော လုံ့လရှိ၏၊ မှန်ကန်သော အောက်မေ့ခြင်း ရှိ၏၊ မှန်ကန်သော တည်ကြည်ခြင်း ရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့် တူသော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မှန်ကန်သော အမြင်ရှိ၏၊ မှန်ကန်သော အကြံရှိ၏၊ မှန်ကန်သော စကားရှိ၏၊ မှန်ကန်သော အမှုရှိ၏၊ မှန်ကန်သော အသက်မွေးခြင်းရှိ၏၊ မှန်ကန်သော လုံ့လရှိ၏၊ မှန်ကန်သော အောက်မေ့ခြင်းရှိ၏၊ မှန်ကန်သော တည်ကြည်ခြင်းရှိ၏၊ မှန်ကန်သော ဉာဏ်ရှိ၏၊ မှန်ကန်သော လွတ်မြောက်ခြင်း 'အရဟတ္တဖိုလ်' ရှိ၏၊ ဝိမောက္ခရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍ကား မနေ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့်တူသော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မှန်ကန်သော အမြင်ရှိ၏။ပ။ မှန်ကန်သော လွတ်မြောက်ခြင်း 'အရဟတ္တဖိုလ်' ရှိ၏၊ ဝိမောက္ခရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍လည်း နေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့်တူသော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်(သုံးဆောင်ပါဟု)တောင်းပန်အပ်သည် ဖြစ်၍သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာ တည်း။ပ။ ရဟန်းတို့ "ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏" ဟူသော အကြင်စကားကို ဆိုသောသူသည် ကောင်းစွာ ဆိုသည်ဖြစ်ရာ၏။ ရဟန်းတို့ "ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏" ဟူသော ထိုစကားကို ကောင်းစွာ ဆိုလိုသူသည် ငါ့ကို သာလျှင် ရည်ညွှန်း၍ ဆိုရာ၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ခန္ဓ သုတ်

၉၀။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မတုန်လှုပ်သော ရဟန်း၊ ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်း၊ ပဒုမာကြာနှင့်တူသော ရဟန်း၊ ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းတို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အရဟတ္တဖိုလ်သို့ မရောက်သေးသော သေက္ခ ပုဂ္ဂိုလ်ဖြစ်၏၊ အတုမရှိသော ယောဂလေးပါးတို့ ကုန်ရာ(နိဗ္ဗာန်)ကို တောင့်တသည်ဖြစ်၍နေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မတုန်လှုပ်သော ရဟန်း ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့် တူသော ရဟန်းဖြစ်သနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ရုပ်တည်း၊ ဤကား ရုပ်ဖြစ်ကြောင်း တည်း၊ ဤကား ရုပ်၏ ချုပ်ခြင်းတည်း။ ဤကား ဝေဒနာတည်း။ပ။ ဤကား သညာတည်း၊ ။ပ။ ဤသည်တို့ကား သင်္ခါရတို့တည်း။ပ။ ဤကား ဝိညာဏ်တည်း၊ ဤကား ဝိညာဏ် ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ ချုပ်ခြင်းတည်း" ဟု ဤဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုလျက်နေ၏၊ ဝိမောက္ခ ရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍ကား မနေ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပုဏ္ဍရိက်ကြာနှင့်တူသော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာဖြင့် တူသော ရဟန်းဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ရုပ်တည်း၊ ဤကား ရုပ်ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ခြင်းတည်း။ ဤကား ဝေဒနာတည်း။ပ။ ဤကား သညာတည်း။ပ။ ဤသည်တို့ကား သင်္ခါရတို့တည်း။ပ။ ဤကား ဝိညာဏ်တည်း၊ ဤကား ဝိညာဏ်ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ ချုပ်ခြင်းတည်း" ဟု ဤဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်တလဲလဲ ရှုလျက် နေ၏၊ ဝိမောက္ခရှစ်ပါးတို့ကို နာမကာယဖြင့် တွေ့ထိ၍လည်း နေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပဒုမာကြာနှင့် တူသော ရဟန်းဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်း ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (အုံးဆောင်ပါဟု ) တောင်းပန်အပ်သည် ဖြစ်၍ သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်က များ၏၊ မတောင်းပန်ပဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။ပ။ရဟန်းတို့ "ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်းမည်၏" ဟူသော ထိုစကားကို ကောင်းစွာ ဆိုလိုသူသည် ငါ့ကိုသာလျှင် ရည်ညွှန်း၍ ဆိုရာ၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် မင်္ဂလဝဂ် ပြီး၏။

---

## (၁၀) ၅-အသုရဝဂ် ၁-အသုရသုတ်

၉၁။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—အသုရာဖြစ်၍ အသုရာ အခြံအရံရှိသော ပုဂ္ဂိုလ်၊ အသုရာဖြစ်၍ နတ်အခြံအရံ ရှိသော ပုဂ္ဂိုလ်၊နတ်ဖြစ်၍ အသုရာအခြံအရံရှိသော ပုဂ္ဂိုလ်၊ နတ်ဖြစ်၍ နတ်အခြံအရံရှိသော ပုဂ္ဂိုလ်တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အသုရာဖြစ်၍ အသုရာ အခြံအရံ ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ ထိုသူ၏ ပရိသတ်သည်လည်း သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အသုရာဖြစ်၍ အသုရာ အခြံအရံရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အသုရာဖြစ်၍ နတ် အခြံအရံရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလ မရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ ထိုသူ၏ပရိသတ်သည်ကား သီလရှိ၏၊ ကောင်းမြတ်သော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အသုရာ ဖြစ်၍ နတ် အခြံအရံရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နတ်ဖြစ်၍ အသုရာ အခြံအရံရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းမြတ်သော သဘောရှိ၏၊ ထိုသူ၏ ပရိသတ်သည်ကား သီလ မရှိ၊ ယုတ်ညံ့သော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် နတ်ဖြစ်၍ အသုရာ အခြံအရံရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နတ်ဖြစ်၍ နတ် အခြံအရံရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းမြတ်သော သဘောရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း သီလရှိ၏၊ ကောင်းမြတ်သော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် နတ်ဖြစ်၍ နတ် အခြံအရံရှိ၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဌမ သမာဓိသုတ်

၉၂။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကို ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုကား မရ။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကို ရ၏၊ မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုကား မရ။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏တည်ကြည်ခြင်းကိုလည်း မရ၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ဝိပဿနာပညာကိုလည်း မရ။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒုတိယ သမာဓိသုတ်

၉၃။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏

http://www.dhammadownload.com



တည်ကြည်ခြင်းကိုရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုကား မရ။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကို ရ၏၊ မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုကား မရ။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း မရ၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း မရ။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ် လေးမျိုးတို့တွင် မိမိ၏သန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုသာ ရ၍ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သောပညာကို မရသေးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်း၌တည်၍ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကို အားထုတ်အပ်၏၊ ထိုသူသည် နောင်အခါ မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုသာ ရ၍ မိမိသန္တာန်၌ စိတ်၏တည်ကြည်ခြင်းကို မရသေးသော ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာ၌ တည်၍ မိမိသန္တာန်၌ စိတ်၏တည်ကြည်ခြင်းကို အားထုတ်အပ်၏၊ ထိုသူသည် နောင်အခါ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏၊ မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း မရ၊ သင်္ခါရ တရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း မရသော ပုဂ္ဂိုလ်သည် ထိုကုသိုလ် တရားတို့ကိုပင် ရရန် လွန်ကဲသော အလို'ဆန္ဒ'ကိုရင်း လုံ့လကိုရင်း အားထုတ်ခြင်းကိုရင်း ကြိုးစားခြင်း ကိုရင်း မဆုတ်နစ်ခြင်းကိုရင်း အောက်မေ့ခြင်းကိုရင်း ဆင်ခြင်ဉာဏ်ကိုရင်း ပြုအပ်၏။

ရဟန်းတို့ ပုဆိုးကို မီးလောင်သူသည်ရင်း ဦးခေါင်းကို မီးလောင်သူသည်ရင်း ထိုပုဆိုးကိုသော်ရင်း ဦးခေါင်းကို သော်ရင်း မီးငြိမ်းစေရန် လွန်ကဲသောအလို 'ဆန္ဒ'ကိုရင်း လုံ့လကိုရင်း အားထုတ်ခြင်း ကိုရင်း ကြိုးစားခြင်းကိုရင်း မဆုတ်နစ်ခြင်းကိုရင်း အောက်မေ့ခြင်းကိုရင်း ဆင်ခြင်ဉာဏ်ကိုရင်း ပြုသကဲ့သို့ ဤအတူသာလျှင် ယင်းပုဂ္ဂိုလ်သည် ထိုကုသိုလ်တရားတို့ကိုပင် ရရန် လွန်ကဲသော အလိုဆန္ဒကိုရင်း လုံ့လကိုရင်း အားထုတ်ခြင်းကိုရင်း ကြိုးစားခြင်းကိုရင်း မဆုတ်နစ်ခြင်းကိုရင်း အောက်မေ့ခြင်းကိုရင်း ဆင်ခြင်ဉာဏ်ကိုရင်း ပြုအပ်၏၊ ထိုသူသည် နောင်အခါ မိမိသန္တာန်၌ တည်ကြည်ခြင်းကိုလည်း ရ၏၊သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၍ သင်္ခါရ တရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရသော ပုဂ္ဂိုလ်သည် ယင်းကုသိုလ် တရားတို့၌ပင် တည်၍ အာသဝေါတရားတို့ကုန်ရန် အတိုင်းထက် အလွန် အားထုတ်အပ်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-တတိယ သမာဓိသုတ်

၉၄။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကို ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုကား မရ။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကို ရ၏၊ မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုကား မရ။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း မရ၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော ပညာကိုလည်း မရ။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် မိမိသန္တာန်၌ စိတ်၏တည်ကြည်ခြင်းကိုရ၍ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကို မရသော ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကို ရသော ပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်၍ "ငါ့သျှင် အဘယ်သို့လျှင် သင်္ခါရတရား တို့ကို မှတ်အပ်ကုန်သနည်း၊ သုံးသပ် အပ်ကုန်သနည်း၊ ရှုအပ်ကုန်သနည်း"ဟု ဆိုရာ၏။ ထိုပုဂ္ဂိုလ်အား ထို (ဝိပဿနာပညာကို ရသော) ပုဂ္ဂိုလ်သည် "ငါ့သျှင် သင်္ခါရ တရားတို့ကို ဤသို့ မှတ်အပ်ကုန်၏၊ ဤသို့ သုံးသပ်အပ်ကုန်၏၊ ဤသို့ ရှုအပ်ကုန်၏" ဟု မြင်သော အတိုင်း သိသော အတိုင်း ပြောကြား၏၊ ထိုပုဂ္ဂိုလ်သည် နောင်အခါ မိမိသန္တာန်၌ စိတ်၏ တည်ကြည် ခြင်းကိုလည်း ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုရ၍ မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကို မရသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကို ရသော ပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်၍ "ငါ့သျှင် အဘယ်သို့လျှင် စိတ်ကို ကောင်းစွာ ထားအပ်သနည်း၊ အနည်ထိုင်စေအပ်သနည်း၊ တခုတည်းသော အာရုံရှိသည့်အဖြစ်ကို ပြုအပ်သနည်း၊ ကောင်းစွာ တည်စေအပ်သနည်း" ဟု ဆိုရာ၏။ ထိုပုဂ္ဂိုလ်အား ထို (စိတ်၏ တည်ကြည်ခြင်းကို ရသော) ပုဂ္ဂိုလ်သည် "ငါ့သျှင် စိတ်ကို ဤသို့ကောင်းစွာ ထားအပ်၏၊ ဤသို့ အနည်ထိုင်စေအပ်၏၊ ဤသို့ တခုတည်းသော အာရုံရှိသည့် အဖြစ်ကို ပြုအပ်၏၊ ဤသို့ စိတ်ကို ကောင်းစွာ တည်စေအပ်၏" ဟု သိသော အတိုင်း မြင်သောအတိုင်း ပြောကြား၏။ ထိုပုဂ္ဂိုလ်သည် နောင်အခါ သင်္ခါရတရား တို့ကို ရှုမြင်တတ်သော လွန်ကဲသော ပညာကိုလည်း ရ၏၊မိမိသန္တာန်၌ စိတ်၏တည်ကြည်ခြင်းကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း မရ သင်္ခါရ တရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း မရသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ စိတ် ၏တည်ကြည်ခြင်းကိုလည်းရ၍ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ဝိပဿနာပညာ ကိုလည်း ရသော ပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်၍ "ငါ့သျှင် အဘယ်သို့လျှင် စိတ်ကို ကောင်းစွာ ထားအပ် သနည်း၊ အနည်ထိုင်စေအပ်သနည်း၊ တခုတည်းသော အာရုံရှိသည့် အဖြစ်ကို ပြုအပ်သနည်း၊ ကောင်း စွာ တည်စေအပ်သနည်း၊ အဘယ်သို့လျှင် သင်္ခါရတရားတို့ကို မှတ်အပ်သနည်း၊ သုံးသပ်အပ်သနည်း၊ ရှုအပ်သနည်း"ဟု ဆိုရာ၏။ ထိုပုဂ္ဂိုလ်အား ထို(စိတ်၏ တည်ကြည်ခြင်းနှင့် ပြည့်စုံသော)ပုဂ္ဂိုလ်သည်

http://www.dhammadownload.com



"ငါ့သျှင် ဤသို့ စိတ်ကို ကောင်းစွာ ထားအပ်၏၊ ဤသို့ အနည်ထိုင်စေအပ်၏၊ ဤသို့တခုတည်းသော အာရုံရှိသည့် အဖြစ်ကိုပြုအပ်၏၊ ဤသို့ စိတ်ကို ကောင်းစွာ တည်စေအပ်၏၊ ဤသို့ သင်္ခါရတရားတို့ကို မှတ်အပ်ကုန်၏၊ ဤသို့ သုံးသပ်အပ်ကုန်၏၊ ဤသို့ ရှုအပ်ကုန်၏" ဟု မြင်သောအတိုင်း သိသောအတိုင်း ပြောကြား၏။ ထိုပုဂ္ဂိုလ်သည် နောင်အခါ မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၏၊ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်း ရ၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် မိမိသန္တာန်၌ စိတ်၏ တည်ကြည်ခြင်းကိုလည်း ရ၍ သင်္ခါရတရားတို့ကို ရှုမြင်တတ်သော လွန်မြတ်သော ပညာကိုလည်းရသော ပုဂ္ဂိုလ်သည် ယင်းကုသိုလ်တရားတို့၌ပင် တည်၍ အာသဝေါတရားတို့ကုန်ရန် အတိုင်းထက်အလွန် အားထုတ်ခြင်းကို ပြုအပ်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့တည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဆဝါလာတသုတ်

၉၅။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ကိုယ့်အကျိုးစီးပွါး အလို့ငှါလည်း မကျင့် သူတပါးအကျိုးစီးပွါး အလို့ငှါလည်း မကျင့်သော ပုဂ္ဂိုလ်၊ သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိအကျိုးစီးပွါးအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ မိမိအကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါးတို့ အကျိုးစီးပွါး အလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ မိမိအကျိုးစီးပွါး အလို့ငှါလည်းကျင့် သူတပါးတို့အကျိုးစီးပွါး အလို့ငှါလည်း ကျင့်သော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အစွန်းနှစ်ဖက် မီးလောင်၍ အလယ်၌ မစင်လူးသော သူကောင်ဖုတ် ထင်းမီး စသည် ရွာ၌လည်း သစ်သားဖြင့် ပြုအပ်သော ကိစ္စကို မပြီးစေနိုင်၊ တော၌လည်း သစ်သားဖြင့် ပြုအပ်သော ကိစ္စကို မပြီးစေနိုင်သကဲ့သို့ အကြင်ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါး အလို့ငှါလည်း မကျင့် သူတပါးအကျိုးစီးပွါးအလို့ငှါလည်း မကျင့်၊ ဤပုဂ္ဂိုလ်ကို ထိုသူကောင်ဖုတ် ထင်းမီးစနှင့်တူ၏ ဟူ၍ ငါဆို၏။

ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် သူတပါး၏ အကျိုးစီးပွါးအလို့ငှါ ကျင့်၏၊ မိမိအကျိုးစီးပွါးအလို့ငှါကား မကျင့်၊ ထိုနှစ်ဦးတို့တွင် ဤ(ဒုတိယ)ပုဂ္ဂိုလ်သည် အထူးသဖြင့် ကောင်း၏၊ အထူးသဖြင့် မြတ်၏။ ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် မိမိ၏အကျိုးစီးပွါးအလို့ငှါ ကျင့်၏၊ သူတပါး အကျိုးစီးပွါးအလို့ငှါကား မကျင့်၊ ထိုသုံးဦးတို့တွင် ဤ(တတိယ)ပုဂ္ဂိုလ်သည် အထူးသဖြင့်ကောင်း၏၊ အထူးသဖြင့် မြတ်၏။ ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါး အလို့ငှါလည်း ကျင့်၏၊ သူတပါး အကျိုးစီးပွါး အလို့ငှါလည်း ကျင့်၏၊ ထိုလေးဦးတို့တွင် ဤ(စတုတ္ထ) ပုဂ္ဂိုလ်သည် ကဲလွန်၏၊ မြတ်၏၊ အကြီးအမှူး ဖြစ်၏၊ မြင့်မြတ်၏၊ လွန်မြတ်၏။

ရဟန်းတို့ နွားမမှ နို့ ရည် နို့ ရည်မှ နို့ မေ်း နို့ မေ်းမှ ဆီဦး ဆီဦးမှ ထောပတ် ထောပတ်မှ ထောပတ်ကြည် ဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ (အဆင့်ဆင့်)မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အကြင်ပုဂ္ဂိုလ်သည် မိမိ၏ အကျိုးစီးပွါး အလို့ငှါလည်း ကျင့်၏၊ သူတပါး၏ အကျိုးစီးပွါး အလို့ငှါလည်း ကျင့်၏၊ ထိုလေးဦးတို့တွင် ဤ(စတုတ္ထ)ပုဂ္ဂိုလ်သည် ကဲလွန်၏၊ မြတ်၏၊ အကြီး

http://www.dhammadownload.com



အမှုး ဖြစ်၏၊ မြင့်မြတ်၏၊ လွန်မြတ်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-ရာဂဝိနယသုတ်

၉၆။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—မိမိ အကျိုးစီးပွါးအလို့ငှါကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ သူတပါး အကျိုးစီးပွါး အလို့ငှါကျင့်၍ မိမိအကျိုးစီးပွါးအလို့ငှါ မကျင့်သောပုဂ္ဂိုလ်၊ မိမိအကျိုးစီးပွါး အလို့ငှါလည်း မကျင့် သူတပါ· အကျိုးစီးပွါး အလို့ငှါလည်း မကျင့်သော ပုဂ္ဂိုလ်၊ မိမိအကျိုးစီးပွါး အလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါး အလို့ငှါလည်း ကျင့်သော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိ၏ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကိုယ်တိုင် တပ်မက်ခြင်း'ရာဂ'ကို ပယ်ဖျောက်ရန် ကျင့်၏၊ သူတပါးအား တပ်မက်ခြင်း'ရာဂ'ကို ပယ်ဖျောက်ရန် မဆောက်တည်စေ။ ကိုယ်တိုင် အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်ဖျောက်ရန် ကျင့်၏၊ သူတပါးအား အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်ဖျောက်ရန် မဆောက်တည်စေ။ ကိုယ်တိုင် တွေဝေခြင်း'မောဟ'ကို ပယ်ဖျောက်ရန် ကျင့်၏၊ သူတပါးအား တွေဝေခြင်း 'မောဟ'ကို ပယ်ဖျောက်ရန် မဆောက်တည်စေ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါး အလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါး အလို့ငှါ မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါး အလို့ငှါ မကျင့်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကိုယ်တိုင် တပ်မက်ခြင်း 'ရာဂ' ကို ပယ်ဖျောက်ရန် မကျင့်၊ သူတပါးအား တပ်မက်ခြင်း'ရာဂ'ကို ပယ်ဖျောက်ရန် ဆောက်တည်စေ၏။ ကိုယ်တိုင် အမျက်ထွက်ခြင်း 'ဒေါသ' ကို ပယ်ဖျောက်ရန် မကျင့်၊ သူတပါးအား အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်ဖျောက်ရန် ဆောက်တည်စေ၏။ ကိုယ်တိုင် တွေဝေခြင်း 'မောဟ' ကို ပယ်ဖျောက်ရန် မကျင့်၊ သူတပါးအား တွေဝေခြင်း 'မောဟ' ကို ပယ်ဖျောက်ရန် ဆောက်တည်စေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါး အလို့ငှါ မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါး အလို့ငှါလည်း မကျင့်၊ သူတပါး၏ အကျိုးစီးပွါးအလို့ငှါလည်း မကျင့်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကိုယ်တိုင် တပ်မက်ခြင်း 'ရာဂ'ကို ပယ်ဖျောက်ရန် မကျင့်၊ သူတပါးအား တပ်မက်ခြင်း 'ရာဂ'ကိုပယ်ဖျောက်ရန် မဆောက်တည်စေ။ကိုယ်တိုင် အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်ဖျောက်ရန် မကျင့်၊ သူတပါးအား အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်ဖျောက်ရန် မဆောက်တည်စေ။ ကိုယ်တိုင် တွေဝေခြင်း 'မောဟ'ကို ပယ်ဖျောက်ရန် မကျင့်၊ သူတပါးအား တွေဝေခြင်း 'မောဟ'

http://www.dhammadownload.com



ကို ပယ်ဖျောက်ရန် မဆောက်တည်စေ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါး အလို့ငှါလည်း မကျင့် သူတပါး အကျိုးစီးပွါး အလို့ငှါ လည်း မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါးအလို့ငှါလည်းကျင့် သူတပါး အကျိုးစီးပွါး အလို့ငှါလည်း ကျင့်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ကိုယ်တိုင်လည်း တပ်မက်ခြင်း 'ရာဂ'ကို ပယ်ဖျောက်ရန် ကျင့်၏၊သူတပါးအားလည်း တပ်မက်ခြင်း 'ရာဂ'ကို ပယ်ဖျောက်ရန် ဆောက်တည်စေ၏။ကိုယ်တိုင်လည်း အမျက်ထွက်ခြင်း'ဒေါသ'ကို ပယ်ဖျောက်ရန် ကျင့်၏၊ သူတပါးကိုလည်း အမျက်ထွက်ခြင်း'ဒေါသ'ကို ပယ်ဖျောက်ရန် ဆောက်တည်စေ၏။ကိုယ်တိုင်လည်း တွေဝေခြင်း 'မောဟ'ကို ပယ်ဖျောက်ရန် ကျင့်၏၊ သူတပါးအားလည်း တွေဝေခြင်း 'မောဟ'ကို ပယ်ဖျောက်ရန် ဆောက်တည်စေ၏။ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ခိပ္ပနိသန္တိသုတ်

၉၇။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ— မိမိ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါးအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ မိမိ အကျိုးစီးပွါး အလို့ငှါလည်း မကျင့် သူတပါး အကျိုးစီးပွါး အလို့ငှါလည်း မကျင့်သော ပုဂ္ဂိုလ်၊ မိမိ အကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်သော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ လျင်စွာ သိစွမ်းနိုင်၏၊ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်နိုင်သော သဘောရှိ၏၊ ဆောင်အပ်ပြီးသော တရားတို့၏ အနက်ကို ဆင်ခြင်နိုင်၏၊ အနက်ကို သိ၍ ပါဠိကို သိ၍ (လောကုတ္တရာ) တရား အားလျော်သော အကျင့်ကိုလည်း ကျင့်၏၊ ကောင်းသော စကားမရှိ၊ ကောင်းသော မြွက်ဆိုသံ မရှိ၊ သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်း မရှိသော အနက်ကို သိစေတတ်သော ယဉ်ကျေးသော စကားနှင့် မပြည့်စုံ၊ သီတင်းသုံးဖော်တို့အား (အကျိုးစီးပွါးကို) မသိမြင်စေတတ်၊ (တရားကို) မဆောက်တည်စေတတ်၊ (တရားကျင့်သုံးရန်) မထက်သန်စေတတ်၊ မရွှင်လန်းစေတတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါးအလို့ငှါ မကျင့်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်

http://www.dhammadownload.com



တရားတို့၌လည်း လျင်စွာ မသိစွမ်းနိုင်၊ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်နိုင်သော သဘော လည်း မရှိ၊ ဆောင်အပ်ပြီးသော တရားတို့၏ အနက်ကိုလည်း မဆင်ခြင်နိုင်၊ အနက်ကို သိ၍ ပါဠိကို သိ၍ (လောကုတ္တရာ)တရားအားလျော်သော အကျင့်ကို မကျင့်၊ ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံ ရှိ၏၊ သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်း မရှိသော အနက်ကို သိစေတတ်သော ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏၊ သီတင်းသုံးဖော်တို့အား (အကျိုးစီးပွါးကို) သိမြင်စေတတ်၏၊ (တရားကို)ဆောက်တည်စေတတ်၏၊ (တရားကျင့်သုံးရန်) ထက်သန်စေတတ်၏၊ ရွှင်လန်းစေတတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါးအလို့ငှါ မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးအလို့ငှါလည်း မကျင့် သူတပါး အကျိုးစီးပွါးအလို့ငှါလည်း မကျင့်သနည်း၊ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ လျင်စွာ မသိစွမ်းနိုင်၊ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်နိုင်သော သဘောလည်း မရှိ၊ ဆောင်အပ်ပြီးသော တရားတို့၏အနက်ကိုလည်း မဆင်ခြင်နိုင်၊ အနက်ကိုသိ၍ ပါဠိကို သိ၍(လောကုတ္တရာ)တရားအားလျော်သော အကျင့်ကိုလည်း မကျင့်၊ ကောင်းသော စကား မရှိ၊ ကောင်းသော မြွက်ဆိုသံ မရှိ၊သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်းမရှိသော အနက်ကို သိစေတတ်သော ယဉ်ကျေးသော စကားနှင့်လည်း မပြည့်စုံ၊ သီတင်းသုံးဖော်တို့အား (အကျိုးစီးပွါးကို) မသိမြင်စေတတ်၊(တရားကို)မဆောက်တည်စေတတ်၊ (တရားကျင့်သုံးရန်) မထက်သန်စေတတ်၊ မရွှင်လန်းစေတတ်၊ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါးအလို့ငှါလည်း မကျင့် သူတပါးအကျိုးစီးပွါးအလို့ငှါလည်း မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါးအလို့ငှါလည်းကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ လျင်စွာ သိစွမ်းနိုင်၏၊ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်နိုင်သော သဘောလည်းရှိ၏၊ ဆောင်အပ်ပြီးသော တရားတို့၏ အနက်ကိုလည်း ဆင်ခြင်နိုင်၏၊ အနက်ကို သိ၍ ပါဠိကို သိ၍ (လောကုတ္တရာ)တရား အားလျော်သော အကျင့်ကိုလည်း ကျင့်၏၊ ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံလည်း ရှိ၏၊ သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်း မရှိသော အနက်ကို သိစေတတ်သော ယဉ်ကျေးသော စကားတို့နှင့်လည်း ပြည့်စုံ၏၊ သီတင်းသုံးဖော်တို့အား (အကျိုးစီးပွါးကို) သိမြင်စေတတ်၏၊ (တရားကို) ဆောက်တည်စေတတ်၏၊ (တရားကျင့်သုံးရန်) ထက်သန်စေတတ်၏၊ ရွှင်လန်းစေတတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါး အလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အတ္တဟိတသုတ်

၉၈။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—မိမိ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊

http://www.dhammadownload.com



သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါးအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ မိမိ အကျိုးစီးပွါး အလို့ငှါလည်း မကျင့် သူတပါး အကျိုးစီးပွါး အလို့ငှါလည်း မကျင့်သော ပုဂ္ဂိုလ်၊ မိမိ အကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်သော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သိက္ခာပဒသုတ်

၉၉။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မိမိ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါး အလို့ငှါ မကျင့်သော ပုဂ္ဂိုလ်၊ မိမိ အကျိုးစီးပွါးအလို့ငှါလည်း မကျင့် သူတပါး အကျိုးစီးပွါးအလို့ငှါလည်း မကျင့်သော ပုဂ္ဂိုလ်၊ မိမိ အကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်သော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကို သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်စေရန် မဆောက်တည်စေ။ မိမိကိုယ်တိုင် မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးအား မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်စေရန် မဆောက်တည်စေ။ မိမိကိုယ်တိုင် ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးအား ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်စေရန် မဆောက်တည်စေ။ မိမိကိုယ်တိုင် မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးအား မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ရန် မဆောက်တည်စေ။ မိမိကိုယ်တိုင် ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးအား ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်ရန် မဆောက်တည်စေ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါး အလို့ငှါ မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါးအလို့ငှါ မကျင့်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် သူ့အသက်သတ်ခြင်းမှ မရှောင်ကြဉ်၊ သူတပါးအား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန် ဆောက်တည်စေ၏။ မိမိကိုယ်တိုင် မပေးသည်ကို ယူခြင်းမှ မရှောင်ကြဉ်၊ သူတပါးအား မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်စေရန် ဆောက်တည်စေ၏။ မိမိကိုယ်တိုင် ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ မရှောင်ကြဉ်၊ သူတပါးအား ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ရန် ဆောက်တည်စေ၏။ မိမိကိုယ်တိုင် မဟုတ်မမှန်သော စကားကို ပြောခြင်းမှ မရှောင်ကြဉ်၊ သူတပါးအား မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ရန် ဆောက်တည်စေ၏။ မိမိကိုယ်တိုင် ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက် သောက်ခြင်းမှ မရှောင်ကြဉ်၊ သူတပါးအား ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်စေရန် ဆောက်တည်စေ၏။

http://www.dhammadownload.com



မှဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် သူတပါး အကျိုးစီးပွါးအလို့ငှါ ကျင့်၍ မိမိ အကျိုးစီးပွါးအလို့ငှါ မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးအလို့ငှါလည်း မကျင့် သူတပါး အကျိုးစီးပွါးအလို့ငှါလည်း မကျင့်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိ ကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ မရှောင်ကြဉ်၊ သူတပါးအားလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်စေရန် မဆောက်တည်စေ။ပ။ မိမိကိုယ်တိုင်လည်း ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက်ကို သောက်ခြင်းမှ မရှောင်ကြဉ်၊ သူတပါးအားလည်း ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်စေရန် မဆောက်တည်စေ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါး အလို့ငှါလည်း မကျင့် သူတပါး အကျိုးစီးပွါး အလို့ငှါလည်း မကျင့်။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါး အလို့ငှါလည်း ကျင့်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိ ကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးအားလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်စေရန် ဆောက်တည်စေ၏။ပ။မိမိကိုယ်တိုင်လည်း ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးအားလည်း ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်စေရန် ဆောက်တည်စေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါးအကျိုးစီးပွါးအလို့ငှါလည်း ကျင့်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ပေါတလိယသုတ်

၁၀၀။ ထိုအခါ ပေါတလိယပရိဗိုဇ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသောနေ ရာ၌ ထိုင်နေသော ပေါတလိယပရိဗိုဇ်အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ပေါတလိယ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—ပေါတလိယ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင့်လျော်သောအခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကို ဆိုတတ်၏၊ သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက် သူ၏ ဂုဏ်ကိုမူကား မဆိုတတ်။ ပေါတလိယ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင့်လျော် သောအခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကို ဆိုတတ်၏၊ သင့်လျော်သော အခါ၌ ဟုတ် မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုမူကား မဆိုတတ်။ ပေါတလိယ ဤလောက၌ အချို့သော ပုဂ္ဂိုလ် သည် သင့်လျော်သောအခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုလည်း မဆိုတတ်၊သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုလည်း မဆိုတတ်။ ပေါတလိယ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင့်လျော်သောအခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုလည်း ဆိုတတ်၏၊သင့်လျော် သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုလည်း ဆိုတတ်၏။ ပေါတလိယ လောက၌ ဤပုဂ္ဂိုလ်

http://www.dhammadownload.com



လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ပေါတလိယ ဤပုဂ္ဂိုလ်လေးမျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်ကို အထူးသဖြင့် ကောင်းသည် အထူးသဖြင့် မြတ်သည် ဖြစ်၍ သင် နှစ်သက်သနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—အသျှင်ဂေါတမ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကို ဆိုဘဲ၏၊ သင့်လျော်သောအခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုမူကား မဆိုဘဲ။ အသျှင်ဂေါတမ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကို ဆိုတတ်၏၊သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုမူကား မဆိုဘဲ။ အသျှင်ဂေါတမ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ဂုဏ်မဲ့ကိုလည်း မဆိုတတ်၊သင့်လျော်သောအခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုလည်း မဆိုဘဲ။အသျှင်ဂေါတမ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ဂုဏ်မဲ့ကိုလည်း ဆိုတတ်၏၊သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုလည်း ဆိုတတ်၏။ အသျှင်ဂေါတမ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အသျှင်ဂေါတမ ပုဂ္ဂိုလ်လေးမျိုးတို့တွင် သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ဂုဏ်မဲ့ကို မဆိုတတ်၍ သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုမူကား မဆိုတတ်သော ဤပုဂ္ဂိုလ်ကို အထူးသဖြင့် ကောင်းသည် အထူးသဖြင့် မြင့်မြတ်သည် ဖြစ်၍ အကျွန်ုပ် နှစ်သက်ပါ၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အသျှင်ဂေါတမ လျစ်လျူရှုခြင်းသည် အလွန်ကောင်းမြတ်သော ကြောင့်ပါတည်းဟု (လျှောက်၏)။

ပေါတလိယ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ။ပ။ ပေါတလိယ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ ပေါတလိယ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့တွင် သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုပြောဆိုဘဲ၍ သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကို ပြောဆိုတတ်သော ပုဂ္ဂိုလ်သည် အထူးသဖြင့် ကောင်း၏၊ အထူးအဖြင့် မြင့်မြတ်၏။ ဤသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ပေါတလိယ ထိုထိုအရာ၌ သင့်လျော်သော အခါကို သိခြင်းသည် အလွန်ကောင်းမြတ်သော ကြောင့်တည်းဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ။ပ။ အသျှင်ဂေါတမ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ရှိကုန်၏။ အသျှင်ဂေါတမ ဤပုဂ္ဂိုလ်လေးမျိုးတို့တွင် သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကို ပြောဆိုတတ်၍ သင့်လျော်သော အခါ၌ ဟုတ်မှန်စွာ ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုပြောဆိုတတ်သော ပုဂ္ဂိုလ်သည် အထူးသဖြင့် ကောင်းသည် အထူးသဖြင့် မြင့်မြတ်သည် ဖြစ်၍ အကျွန်ုပ် နှစ်သက်ပါ၏။ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အသျှင်ဂေါတမ ထိုထိုအရာ၌ သင့်လျော်သော အခါကို သိခြင်းသည် အလွန်ကောင်းမြတ်သောကြောင့်ပါတည်း။

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ ငြင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငြင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြား

http://www.dhammadownload.com



**ထိသကဲ့သို့ရင်း** "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ **ဆီမီး**တန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဘုရား ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ဟောပြောတော်မူ၏။ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ **အသက်ထက်ဆုံး** ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

**ဒသမသုတ်။**

**ငါးခုမြောက် အသုရဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃-တတိယပဏ္ဏာသက

## ၁-တတိယ သုတ်ငါးဆယ်

### (၁၁)၁-ဝလာဟကဝဂ် ၁-ပဌမ ဝလာဟကသုတ်

၁၀၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ မိုးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ချုန်းသာချုန်း၍ မရွာသော မိုး၊ ရွာသာရွာ၍ မချုန်းသောမိုး၊ ချုန်းလည်း မချုန်း ရွာလည်း မရွာသောမိုး၊ ချုန်းလည်းချုန်း ရွာလည်းရွာသော မိုးတို့တည်း။ ရဟန်းတို့ မိုးတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် မိုးနှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ချုန်းသာချုန်း၍ မရွာသော ပုဂ္ဂိုလ်၊ ရွာသာရွာ၍ မချုန်းသော ပုဂ္ဂိုလ်၊ ချုန်းလည်း မချုန်း ရွာလည်း မရွာသော ပုဂ္ဂိုလ်၊ ချုန်းလည်းချုန်း ရွာလည်း ရွာသော ပုဂ္ဂိုလ် တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချုန်းသာချုန်း၍ မရွာသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြောသာပြော၍ မပြုလုပ်တတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ချုန်းသာချုန်း၍ မရွာသော ပုဂ္ဂိုလ်မည်၏။ရဟန်းတို့ ထိုမိုးသည် ချုန်းသာချုန်း၍ မရွာသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရွာသာရွာ၍ မချုန်းသော ပုဂ္ဂိုလ်မည်သနည်း၊ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုသာပြုလုပ်တတ်၍ မပြောတတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ရွာသာရွာ၍ မချုန်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမိုးသည် ရွာသာရွာ၍ မချုန်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချုန်းလည်းမချုန်း ရွာလည်း မရွာသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြောလည်း မပြောတတ်၊ ပြုလည်း မပြုလုပ်တတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ချုန်းလည်း မချုန်း ရွာလည်း မရွာသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမိုးသည် ချုန်းလည်း မချုန်း ရွာလည်း မရွာသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချုန်းလည်းချုန်း ရွာလည်း ရွာသော ပုဂ္ဂိုလ်မည်သနည်း၊ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြောလည်း ပြောတတ်၏၊ ပြုလည်း ပြုလုပ်

http://www.dhammadownload.com



တတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ချွန်းလည်းချွန်း ရွာလည်းရွာသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမိုးသည် ချွန်းလည်းချွန်း ရွာလည်းရွာသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့် တူ၏ဟု ငါဆို၏။ ရဟန်းတို့ မိုးနှင့်တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ဝလာဟကသုတ်

၁၀၂။ ရဟန်းတို့ မိုးတို့သည် ဤလေးမျိုးတို့တည်း။အဘယ်လေးမျိုးတို့နည်း ဟူမူ—ချွန်းသာ ချွန်း၍ မရွာသောမိုး၊ ရွာသာရွာ၍ မချွန်းသောမိုး၊ ချွန်းလည်းမချွန်း ရွာလည်း မရွာသောမိုး၊ ချွန်းလည်းချွန်း ရွာလည်းရွာသော မိုးတို့တည်း။ ရဟန်းတို့ မိုးတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် မိုးနှင့်တူကုန်သော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ချွန်းသာချွန်း၍ မရွာသော ပုဂ္ဂိုလ်၊ ရွာသာရွာ၍ မချွန်းသော ပုဂ္ဂိုလ်၊ ချွန်းလည်းမချွန်း ရွာလည်း မရွာသော ပုဂ္ဂိုလ်၊ ချွန်းလည်းချွန်း ရွာလည်း ရွာသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချွန်းသာချွန်း၍ မရွာသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော ဓမ္မကို သင်ကြား၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ချွန်းသာချွန်း၍ မရွာသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမိုးသည် ချွန်းသာချွန်း၍ မရွာသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ရွာသာရွာ၍ မချွန်းသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော ဓမ္မကို မသင်ကြား၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်သို့)ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ရွာသာရွာ၍ မချွန်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမိုးသည် ရွာသာရွာ၍ မချွန်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချွန်းလည်းမချွန်း ရွာလည်း မရွာသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ဓမ္မကို မသင်ကြား၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ချွန်းလည်းမချွန်း

http://www.dhammadownload.com



ရွာလည်းမရွာသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမိုးသည် ချုန်းလည်းမချုန်း ရွာလည်းမရွာသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ချုန်းလည်းချုန်း ရွာလည်းရွာသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသောဓမ္မကို သင်ကြား၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ချုန်းလည်းချုန်း ရွာလည်းရွာသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမိုးသည် ချုန်းလည်းချုန်း ရွာလည်း ရွာသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမိုးနှင့်တူ၏ဟု ငါဆို၏။ ရဟန်းတို့ မိုးနှင့်တူသော ဤပုဂ္ဂိုလ်လေးမျိုး တို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ကုမ္ဘသုတ်

၁၀၃။ ရဟန်းတို့ အိုးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—အချည်းနှီး ဖြစ်လျက် ပိတ်ထားသောအိုး၊ ပြည့်လျက် ဖွင့်ထားသောအိုး၊ အချည်းနှီးဖြစ်လျက် ဖွင့်ထားသောအိုး၊ ပြည့်လျက် ပိတ်ထားသောအိုးတို့တည်း။ ရဟန်းတို့ အိုးတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် အိုးနှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ် လေးမျိုးတို့နည်းဟူမူ—အချည်းနှီးဖြစ်လျက် ပိတ်ထားသော ပုဂ္ဂိုလ်၊ ပြည့်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်၊ အချည်းနှီးဖြစ်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်၊ ပြည့်လျက် ပိတ်ထားသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အချည်းနှီးဖြစ်လျက် ပိတ်ထားသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်း မှန်စွာ မသိ။ပ။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အချည်းနှီးဖြစ်လျက် ပိတ်ထားသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုအိုးသည် အချည်းနှီးဖြစ်လျက် ပိတ်ထားသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုအိုးနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပြည့်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် မရှိ၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ ရဟန်းတို့ ဤသို့

http://www.dhammadownload.com



လျှင် ပုဂ္ဂိုလ်သည် ပြည့်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုအိုးသည် ပြည့်လျက် ဖွင့်ထားသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုအိုးနှင့်တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အချည်းနှီးဖြစ်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူ ကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် မရှိ၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်း မှန်စွာ မသိ၊ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အချည်းနှီးဖြစ်လျက် ဖွင့်ထားသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုအိုးသည် အချည်းနှီး ဖြစ်လျက် ဖွင့်ထားသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုအိုးနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပြည့်လျက် ပိတ်ထားသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူ ကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်း မှန်စွာသိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပြည့်လျက် ပိတ်ထားသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုအိုးသည် ပြည့်လျက် ပိတ်ထားသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုအိုးနှင့်တူ၏ ဟု ငါဆို၏။ ရဟန်းတို့ အိုးနှင့် တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဥဒကရဟဒ သုတ်

၁၀၄။ ရဟန်းတို့ ရေအိုင်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— တိမ်လျက် နက်ရောင်ရှိသော ရေအိုင်၊ နက်လျက် တိမ်ရောင်ရှိသောရေအိုင်၊ တိမ်လျက် တိမ်ရောင် ရှိသော ရေအိုင်၊ နက်လျက် နက်ရောင်ရှိသော ရေအိုင်တို့တည်း။ ရဟန်းတို့ ရေအိုင်တို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် ရေအိုင်နှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—တိမ်လျက် နက်ရောင်ရှိသော ပုဂ္ဂိုလ်၊ နက်လျက် တိမ်ရောင်ရှိသောပုဂ္ဂိုလ်၊ တိမ်လျက် တိမ်ရောင်ရှိသောပုဂ္ဂိုလ်၊ နက်လျက် နက်ရောင် ရှိသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တိမ်လျက် နက်ရောင်ရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူ ကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့

http://www.dhammadownload.com



ဤသို့လျှင် ပုဂ္ဂိုလ်သည် တိမ်လျက် နက်ရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုရေအိုင်သည် တိမ်လျက် နက်ရောင်ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နက်လျက် တိမ်ရောင်ရှိသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် မရှိ၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် နက်လျက် တိမ်ရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုရေအိုင်သည် နက်လျက် တိမ်ရောင်ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တိမ်လျက် တိမ်ရောင်ရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် မရှိ၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် တိမ်လျက် တိမ်ရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုရေအိုင်သည် တိမ်လျက် တိမ်ရောင်ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် နက်လျက် နက်ရောင်ရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာသိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် နက်လျက် နက်ရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုရေအိုင်သည် နက်လျက် နက်ရောင်ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုရေအိုင်နှင့် တူ၏ ဟု ငါဆို၏။ ရဟန်းတို့ ရေအိုင်နှင့် တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်၊

---

## ၅-အမ္ဗသုတ်

၁၀၅။ ရဟန်းတို့ သရက်သီးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— စိမ်းလျက် မှည့်ရောင်ရှိသော သရက်သီး၊ မှည့်လျက် စိမ်းရောင်ရှိသော သရက်သီး၊ စိမ်းလျက် စိမ်းရောင်ရှိသော သရက်သီး၊ မှည့်လျက် မှည့်ရောင်ရှိသော သရက်သီး တို့တည်း။ ရဟန်းတို့ သရက်သီးတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် သရက်သီးနှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—စိမ်းလျက်

http://www.dhammadownload.com



မှည့်ရောင်ရှိသော ပုဂ္ဂိုလ်၊ မှည့်လျက် စိမ်းရောင်ရှိသော ပုဂ္ဂိုလ်၊ စိမ်းလျက် စိမ်းရောင်ရှိသော ပုဂ္ဂိုလ်၊ မှည့်လျက် မှည့်ရောင်ရှိသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် စိမ်းလျက် မှည့်ရောင်ရှိသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် ရှိ၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် စိမ်းလျက် မှည့်ရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုသရက်သီးသည် စိမ်းလျက် မှည့်ရောင်ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့်တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မှည့်လျက် စိမ်းရောင်ရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် မရှိ၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မှည့်လျက် စိမ်းရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုသရက်သီးသည် မှည့်လျက် စိမ်းရောင် ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် စိမ်းလျက် စိမ်းရောင်ရှိသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ် မရှိ၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် စိမ်းလျက် စိမ်းရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုသရက်သီးသည် စိမ်းလျက် စိမ်းရောင်ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့် တူ၏ ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မှည့်လျက် မှည့်ရောင်ရှိသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်ခြင်းသည် ကြည်ညိုဖွယ်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာသိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မှည့်လျက် မှည့်ရောင်ရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုသရက်သီးသည် မှည့်လျက် မှည့်ရောင် ရှိသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုသရက်သီးနှင့် တူ၏ဟု ငါဆို၏။ ရဟန်းတို့ သရက်သီးနှင့် တူသော ဤပုဂ္ဂိုလ် လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ အမ္ဗူပမသုတ် ၁

## ၇-မူသိကသုတ်

၁၀၇။ ရဟန်းတို့ ကြွက်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—တွင်း သာဖောက်၍ မအောင်းသောကြွက်၊ အောင်းသာ အောင်း၍ တွင်း မဖောက်သောကြွက်၊ တွင်းလည်း မဖောက် အောင်းလည်း မအောင်းသောကြွက်၊ တွင်းလည်းဖောက် အောင်းလည်းအောင်းသောကြွက်တို့တည်း။ ရဟန်းတို့ ကြွက်တို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် ကြွက်နှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—တွင်းသာဖောက်၍ မအောင်းသောပုဂ္ဂိုလ်၊ အောင်းသာ အောင်း၍ တွင်း မဖောက်သော ပုဂ္ဂိုလ်၊ တွင်းလည်း မဖောက် အောင်းလည်း မအောင်းသော ပုဂ္ဂိုလ်၊ တွင်းလည်းဖောက် အောင်းလည်းအောင်းသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တွင်းသာဖောက်၍ မအောင်းသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ဓမ္မကို သင်ကြား၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် တွင်းသာဖောက်၍ မအောင်းသောပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုကြွက်သည် တွင်းသာ ဖောက်၍ မအောင်းသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုကြွက်နှင့်တူ၏ ဟု ငါဆို၏။

ရဟန်းတို့ အဘယ် သို့လျှင် ပုဂ္ဂိုလ်သည် အောင်းသာ အောင်း၍ တွင်း မဖောက်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ဓမ္မကို မသင်ကြား၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အောင်းသာအောင်း၍ တွင်းမဖောက်သော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုကြွက်သည် အောင်းသာအောင်း၍ တွင်းမဖောက်သကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုကြွက်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တွင်းလည်းမဖောက် အောင်းလည်းမအောင်းသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ဓမ္မကို မသင်ကြား၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် တွင်းလည်းမဖောက် အောင်းလည်း မအောင်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့

---

၁။ အဋ္ဌကထာ၌ ဆဋ္ဌသုတ်အနက်ပေါ် လွင်ပြီဟု ပြထား၏၊ သို့သော် ပါဠိတော်မှ အစောင် စောင်၌ မပါ။

http://www.dhammadownload.com



ထိုကြွက်သည် တွင်းလည်း မဖောက် အောင်းလည်း မအောင်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုကြွက်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တွင်းလည်းဖောက် အောင်းလည်းအောင်းသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော ဓမ္မကို သင်ကြား၏၊ ထိုပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် တွင်းလည်းဖောက် အောင်းလည်း အောင်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုကြွက်သည် တွင်းလည်းဖောက် အောင်းလည်း အောင်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုကြွက်နှင့် တူ၏ဟု ငါဆို၏။ ရဟန်းတို့ ကြွက်နှင့်တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဗလီဗဒ္ဒသုတ်

၁၀၈။ ရဟန်းတို့ နွားလားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ- မိမိနွားအုပ်၌သာ ကြမ်းထမ်းလျက် အခြား နွားအုပ်၌ မကြမ်းထမ်းသော နွားလား၊ အခြား နွားအုပ်၌သာ ကြမ်းထမ်းလျက် မိမိနွားအုပ်၌ မကြမ်းထမ်းသော နွားလား၊ မိမိနွားအုပ်၌လည်း ကြမ်းထမ်း အခြား နွားအုပ်၌လည်း ကြမ်းထမ်းသော နွားလား၊ မိမိနွားအုပ်၌လည်း မကြမ်းထမ်း အခြားနွားအုပ်၌လည်း မကြမ်းထမ်းသော နွားလားတို့တည်း။ ရဟန်းတို့ နွားလားတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် နွားလားနှင့်တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ-မိမိအုပ်စု၌သာ ကြမ်းထမ်းလျက် အခြားအုပ်စု၌ မကြမ်းထမ်းသော ပုဂ္ဂိုလ်၊ အခြားအုပ်စု၌သာကြမ်းထမ်းလျက် မိမိအုပ်စု၌ မကြမ်းထမ်းသောပုဂ္ဂိုလ်၊ မိမိအုပ်စု၌လည်း ကြမ်းထမ်း အခြားအုပ်စု၌လည်း ကြမ်းထမ်းသောပုဂ္ဂိုလ်၊ မိမိအုပ်စု၌လည်းမကြမ်းထမ်း အခြားအုပ်စု၌လည်း မကြမ်းထမ်းသောပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအုပ်စု၌သာ ကြမ်းထမ်းလျက် အခြားအုပ်စု၌ မကြမ်းထမ်းသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိ ပရိသတ်ကိုသာ ထိတ်လန့်စေတတ်၏၊ သူတပါးပရိသတ်ကို မထိတ်လန့်စေတတ်။ ရဟန်းတို့ ဤသို့လျှင် မိမိအုပ်စု၌သာ ကြမ်းထမ်းလျက် အခြားအုပ်စု၌ မကြမ်းထမ်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုနွားလားသည် မိမိနွားအုပ်၌ ကြမ်းထမ်းလျက် အခြားနွားအုပ်၌ မကြမ်းထမ်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုနွားလားနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အခြားအုပ်စု၌သာ ကြမ်းထမ်းလျက် မိမိအုပ်စု၌ မကြမ်းထမ်းသောပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အခြားပရိသတ်

http://www.dhammadownload.com



ကို ထိတ်လန့်စေတတ်၏၊ မိမိပရိသတ်ကို မထိတ်လန့်စေတတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အခြားအုပ်စု၌သာ ကြမ်းထမ်းလျက် မိမိအုပ်စု၌ မကြမ်းထမ်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုနွားလားသည် အခြားနွားအုပ်၌သာ ကြမ်းထမ်းလျက် မိမိနွားအုပ်၌ မကြမ်းထမ်းသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုနွားလားနှင့်တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအုပ်စု၌လည်း ကြမ်းထမ်း အခြားအုပ်စု၌လည်း ကြမ်းထမ်းသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိပရိသတ်ကိုလည်း ထိတ်လန့်စေတတ်၏၊ အခြားပရိသတ်ကိုလည်း ထိတ်လန့် စေတတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိအုပ်စု၌လည်း ကြမ်းထမ်း၍ အခြားအုပ်စု၌လည်း၊ ကြမ်းထမ်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုနွားလားသည် မိမိနွားအုပ်၌လည်း ကြမ်းထမ်း အခြားနွားအုပ်၌လည်း ကြမ်းထမ်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုနွားလားနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိအုပ်စု၌လည်း မကြမ်းထမ်း အခြားအုပ်စု၌လည်း မကြမ်းထမ်းသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် မိမိပရိသတ်ကိုလည်း မထိတ်လန့်စေတတ်၊ အခြားပရိသတ်ကိုလည်း မထိတ်လန့်စေတတ်။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိအုပ်စု၌ လည်း မကြမ်းထမ်း အခြားအုပ်စု၌လည်း မကြမ်းထမ်းသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုနွားလားသည် မိမိနွားအုပ်၌လည်း မကြမ်းထမ်း အခြား နွားအုပ်၌လည်း မကြမ်းထမ်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုနွားလားနှင့် တူ၏ဟု ငါဆို၏။ ရဟန်းတို့ နွားလားနှင့်တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ရုက္ခသုတ်

၁၀၉။ ရဟန်းတို့ သစ်ပင်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အကာပင်ဖြစ်၍ အကာပင် အခြံအရံရှိသော သစ်ပင်၊ အကာပင်ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော သစ်ပင်၊ အနှစ်ပင် ဖြစ်၍ အကာပင် အခြံအရံရှိသော သစ်ပင်၊ အနှစ်ပင် ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော သစ်ပင်တို့တည်း။ ရဟန်းတို့ သစ်ပင်တို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် သစ်ပင်နှင့် တူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အကာပင် ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ်၊ အကာပင် ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော ပုဂ္ဂိုလ်၊ အနှစ်ပင် ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ်၊ အနှစ်ပင် ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကာပင် ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ် မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် သီလ မရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အကာပင်ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့

http://www.dhammadownload.com



တိုသစ်ပင်သည် အကာပင် ဖြစ်၍ အကာပင် အခြံအရံရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကာပင်ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလ မရှိ၊ ယုတ်ညံ့သော သဘောရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်ကား သီလရှိ၏၊ ကောင်းသောသဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အကာပင်ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုသစ်ပင်သည် အကာပင်ဖြစ်၍ အနှစ်ပင် အခြံအရံရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အနှစ်ပင် ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလ ရှိ၏၊ ကောင်းသော သဘောရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်ကား သီလ မရှိ၊ ယုတ်ညံ့သော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အနှစ်ပင်ဖြစ်၍ အကာပင် အခြံအရံရှိသော ပုဂ္ဂိုလ် မည်၏။ ရဟန်းတို့ ထိုသစ်ပင်သည် အနှစ်ပင်ဖြစ်၍ အကာပင် အခြံအရံ ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အနှစ်ပင်ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း သီလရှိ၏၊ ကောင်းသော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အနှစ်ပင် ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုသစ်ပင်သည် အနှစ်ပင်ဖြစ်၍ အနှစ်ပင် အခြံအရံ ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုသစ်ပင်နှင့် တူ၏ဟု ငါဆို၏။ ရဟန်းတို့ သစ်ပင်နှင့်တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာသီဝိသသုတ်

၁၁၀။ ရဟန်းတို့ မြွေတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— လျင်စွာ တက်သော အဆိပ်သာရှိ၍ မကြမ်းသော အဆိပ်ရှိသောမြွေ၊ ကြမ်းသော အဆိပ်သာရှိ၍ လျင်စွာတက်သော အဆိပ်မရှိသောမြွေ၊ လျင်စွာတက်သော အဆိပ်လည်းရှိ ကြမ်းသော အဆိပ်လည်း ရှိသော မြွေ၊ လျင်စွာ တက်သော အဆိပ်လည်း မရှိ၊ ကြမ်းသော အဆိပ်လည်း မရှိသော မြွေ တို့တည်း။ ရဟန်းတို့ မြွေတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် မြွေနှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ— လျင်စွာတက်သော အဆိပ်သာရှိ၍ ကြမ်းသော အဆိပ်မရှိသော ပုဂ္ဂိုလ်၊ ကြမ်းသော အဆိပ်သာ ရှိ၍ လျင်စွာတက်သော အဆိပ်မရှိသော ပုဂ္ဂိုလ်၊ လျင်စွာ တက်သော အဆိပ်လည်းရှိ ကြမ်းသော အဆိပ်လည်း ရှိသော ပုဂ္ဂိုလ်၊ လျင်စွာ တက်သော အဆိပ်လည်း မရှိ၊ ကြမ်းသော အဆိပ်လည်း မရှိသော ပုဂ္ဂိုလ်တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လျင်စွာ တက်သော အဆိပ်သာရှိ၍ ကြမ်းသော အဆိပ်မရှိသော ပုဂ္ဂိုလ်မည်သနည်း၊ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ် အမျက်ထွက်တတ်၏၊ ထိုသူ၏ ယင်းအမျက်သည်ကား ကာလရှည်စွာ မကိန်းအောင်း။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် လျင်စွာ တက်သော အဆိပ်သာရှိ၍ ကြမ်းသော အဆိပ်မရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမြွေသည် လျင်စွာတက်သော အဆိပ်သာရှိ၍ ကြမ်းသော အဆိပ်မရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြွေနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ကြမ်းသော အဆိပ်သာရှိ၍ လျင်စွာ တက်သော အဆိပ်မရှိသော ပုဂ္ဂိုလ်မည်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မပြတ် အမျက် မထွက်တတ်၊ ထိုပုဂ္ဂိုလ်၏ ယင်း အမျက်သည်ကား ကာလရှည်စွာ ကိန်းအောင်း၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ကြမ်းသော အဆိပ်သာရှိ၍ လျင်စွာ တက်သော အဆိပ် မရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမြွေသည် ကြမ်းသော အဆိပ်သာရှိ၍ လျင်စွာ တက်သော အဆိပ် မရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြွေနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ် သို့လျှင် ပုဂ္ဂိုလ်သည် လျင်စွာတက်သော အဆိပ်လည်းရှိ ကြမ်းသောအဆိပ်လည်းရှိသော ပုဂ္ဂိုလ်မည်သနည်း၊ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မပြတ် အမျက်ထွက်တတ်၏၊ ထိုပုဂ္ဂိုလ်၏ ယင်းအမျက်သည်ကား ကာလရှည်စွာ ကိန်းအောင်း၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် လျင်စွာတက်သော အဆိပ်လည်းရှိ ကြမ်းသော အဆိပ်လည်းရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမြွေသည် လျင်စွာ တက်သော အဆိပ်လည်းရှိ ကြမ်းသော အဆိပ်လည်း ရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြွေနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် လျင်စွာ တက်သော အဆိပ်လည်း မရှိ ကြမ်းသော အဆိပ်လည်း မရှိသော ပုဂ္ဂိုလ်မည်သနည်း၊ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မပြတ် အမျက် မထွက်တတ်၊ ထိုပုဂ္ဂိုလ်၏ ယင်း အမျက်သည်ကား ကာလ ရှည်စွာ မကိန်းအောင်း။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် လျင်စွာတက်သော အဆိပ်လည်း မရှိ၊ ကြမ်းသော အဆိပ်လည်းမရှိသော ပုဂ္ဂိုလ်မည်၏။ ရဟန်းတို့ ထိုမြွေသည် လျင်စွာ တက်သော အဆိပ်လည်း မရှိ ကြမ်းသော အဆိပ်လည်း မရှိသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြွေနှင့် တူ၏ဟု ငါဆို၏။ရဟန်းတို့ မြွေနှင့်တူသော ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဝလာဟကဝဂ် ပြီး၏။

---

## (၁၂) ၂-ကေသိဝဂ် ၁-ကေသိသုတ်

၁၁၁။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော ကေသိမည်သော မြင်းဆရာအား မြတ်စွာဘုရားသည် "ကေသိ သင်သည်ကား မြင်းဆရာ

http://www.dhammadownload.com



ဟု ထင်ရှား၏၊ အဘယ်သို့လျှင် သင်သည် မြင်းရိုင်းကို ဆုံးမသနည်း”ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်သည် မြင်းရိုင်းကို အနုအားဖြင့်လည်း ဆုံးမပါ၏၊ အကြမ်းအားဖြင့်လည်း ဆုံးမပါ၏၊ အနုအကြမ်းအားဖြင့်လည်း ဆုံးမပါ၏ ဟု (လျှောက်၏)။ ကေသီ အကယ်၍ သင်၏မြင်းရိုင်းသည် အနုအားဖြင့်လည်း အဆုံးအမ မခံ၊ အကြမ်းအားဖြင့်လည်း အဆုံးအမ မခံ၊အနုအကြမ်းအားဖြင့်လည်း အဆုံးအမ မခံလျှင် ထိုမြင်းရိုင်းကို အဘယ်သို့ ပြုသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်၏ မြင်းရိုင်းသည် အကယ်၍ အနုအားဖြင့်လည်း အဆုံးအမ မခံ၊အကြမ်းအားဖြင့်လည်း အဆုံးအမ မခံ၊ အနုအကြမ်းအားဖြင့်လည်း အဆုံးအမ မခံခဲ့လျှင် ထိုမြင်းရိုင်းကို သတ်ပစ်ပါသည်။ ထိုသို့ သတ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—အကျွန်ုပ်၏ ဆရာအမျိုးအား ဂုဏ်ကျေးဇူးမဲ့ မဖြစ်စေလိုသော ကြောင့်ပါတည်း” ဟု(လျှောက်၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည်ကား ဆုံးမထိုက်သူတို့ကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူပါ၏၊ အသျှင်ဘုရား အဘယ်သို့လျှင် မြတ်စွာဘုရားသည် ဆုံးမထိုက်သော သူကို ဆုံးမတော်မူပါသနည်း ဟု (လျှောက်၏)။ ကေသီ ငါသည်ကား ဆုံးမထိုက်သော သူတို့ကို အနုအားဖြင့်လည်း ဆုံးမ၏၊ အကြမ်းအားဖြင့်လည်း ဆုံးမ၏၊ အနုအကြမ်းအားဖြင့်လည်း ဆုံးမ၏၊ ကေသီ ထိုသို့ ဆုံးမရာ၌ ဤကား အနုအားဖြင့် ဆုံးမပုံတည်း—ဤကား ကာယသုစရိုက်တည်း၊ ဤကား ကာယသုစရိုက်၏အကျိုးတည်း၊ ဤကား ဝစီသုစရိုက်တည်း၊ ဤကား ဝစီသုစရိုက်၏ အကျိုးတည်း၊ ဤကား မနောသုစရိုက်တည်း၊ဤကား မနောသုစရိုက်၏ အကျိုးတည်း၊ ဤကား နတ်တို့တည်း၊ ဤကား လူတို့တည်း ဟု ဆုံးမ၏။ ကေသီ ထိုသို့ ဆုံးမရာ၌ ဤကား အကြမ်းအားဖြင့် ဆုံးမပုံတည်း—ဤကား ကာယဒုစရိုက်တည်း၊ ဤကား ကာယဒုစရိုက်၏ အကျိုးတည်း၊ ဤကား ဝစီဒုစရိုက်တည်း၊ ဤကား ဝစီဒုစရိုက်၏ အကျိုးတည်း၊ ဤကား မနောဒုစရိုက်တည်း၊ ဤကား မနောဒုစရိုက်၏ အကျိုးတည်း၊ ဤကား ငရဲတည်း၊ ဤကား တိရစ္ဆာန်မျိုးတည်း၊ ဤကား ပြိတ္တာဘုံတည်းဟု ဆုံးမ၏။

ကေသီ ထိုသို့ ဆုံးမရာ၌ ဤသည်ကား အနုအကြမ်းအားဖြင့် ဆုံးမပုံတည်း— ဤ ကား ကာယသုစရိုက်တည်း၊ ဤကား ကာယသုစရိုက်၏ အကျိုးတည်း၊ ဤကား ကာယဒုစရိုက်တည်း၊ ဤကား ကာယဒုစရိုက်၏ အကျိုးတည်း၊ ဤကား ဝစီသုစရိုက်တည်း၊ ဤကား ဝစီသုစရိုက်၏ အကျိုးတည်း၊ ဤကား ဝစီဒုစရိုက်တည်း၊ ဤကား ဝစီ ဒုစရိုက်၏ အကျိုးတည်း၊ ဤကား မနောသုစရိုက်တည်း၊ ဤကား မနောသုစရိုက်၏ အကျိုးတည်း၊ ဤကား မနောဒုစရိုက်တည်း၊ ဤကား မနောဒုစရိုက်၏ အကျိုးတည်း၊ ဤကား နတ်တို့တည်း၊ ဤကား လူတို့တည်း၊ ဤကား ငရဲတို့တည်း၊ ဤကား တိရစ္ဆာန်မျိုးတည်း၊ ဤကား ပြိတ္တာဘုံတည်း ဟု ဆုံးမ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကယ်၍ အသျှင်ဘုရား၏ ဆုံးမထိုက်သူသည် အနုအားဖြင့်လည်း အဆုံးအမ မခံ၊ အကြမ်းအားဖြင့်လည်း အဆုံးအမ မခံ၊ အနုအကြမ်းအားဖြင့်လည်း အဆုံးအမ မခံခဲ့လျှင် မြတ်စွာဘုရားသည် ထိုသူကို အဘယ်သို့လျှင် ပြုလုပ်ပါသနည်း ဟု (လျှောက်၏)။ ကေသီ ငါ၏ ဆုံးမထိုက်သူသည် အကယ်၍ အနုအားဖြင့်လည်း အဆုံးအမ မခံ၊ အကြမ်းအားဖြင့်လည်း အဆုံးအမ မခံ၊ အနုအကြမ်းအားဖြင့်လည်း အဆုံးအမ မခံခဲ့လျှင် ထိုသူကို ငါသည် သတ်ပစ်၏ ဟု

http://www.dhammadownload.com



(မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားအား သူ့အသက်သတ်ခြင်းသည် မအပ်သည်သာ မဟုတ်ပါလော၊ထိုသို့ ဖြစ်ပါလျက် မြတ်စွာဘုရားသည် "ကေသီ ထိုသူကို ငါသည် သတ်ပစ်၏" ဟု မိန့်တော်မူဘိ၏ဟု(လျှောက်၏)။ကေသိ မှန်ပေ၏၊ မြတ်စွာဘုရားအား သူ့အသက်ကို သတ်ခြင်း သည် မအပ်သည်သာတည်း၊စင်စစ်သော်ကား ထိုဆုံးမထိုက်သူသည် အကယ်၍ အနုအားဖြင့်လည်း အဆုံးအမ မခံ၊အကြမ်းအားဖြင့်လည်း အဆုံးအမ မခံ၊အနုအကြမ်းအားဖြင့်လည်း အဆုံးအမ မခံခဲ့ လျှင် ထိုသူကို မြတ်စွာဘုရားသည် ပြောဆို ဆုံးမထိုက်သူဟူ၍ အသိအမှတ် မပြုတော့ပေ၊ ပညာရှိ သီတင်းသုံးဖော်တို့ကလည်း ပြောဆို ဆုံးမထိုက်သူ ဟူ၍ အသိအမှတ် မပြုကြကုန်။ယင်းသို့ အသိ အမှတ် မပြုကြခြင်းသည်ပင် မြတ်စွာဘုရား အဆုံးအမတော်၌ သတ်ပစ်လိုက်သည် မည်ပေ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားက ပြောဆိုဆုံးမထိုက်သူ ဟူ၍ အသိအမှတ် မပြု၊ ပညာရှိ သီတင်းသုံးဖော်တို့ကလည်း ပြောဆို ဆုံးမထိုက်သူဟူ၍ အသိအမှတ် မပြုကြခြင်းသည်ပင် စင်စစ် ကောင်းစွာ သတ်ပစ်လိုက်သည် မည်ပါပေ၏။ အံ့သျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက် ဖွယ် ရှိပါပေ၏၊ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။အသျှင်ဘုရား မြတ်စွာဘုရား သည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော် မူပါ ဟု(လျှောက်၏)။

ပဉ္စမသုတ်။

---

## ၂-ဇဝသုတ်

၁၁၂။ ရဟန်းတို့ မင်း၏ အင်္ဂါလေးမျိုး တို့နှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်းသည် မင်း အား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏အင်္ဂါအစိတ်အပိုင်းဟူ၍သာ ရေတွက်ခြင်း သို့ ရောက်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ဖြောင့်မတ်ခြင်းနှင့်၎င်း လျင်မြန်ခြင်းနှင့်၎င်း သည်းခံ ခြင်းနှင့်၎င်း အကျင့်ကောင်းခြင်းနှင့်၎င်း (ပြည့်စုံခြင်းတည်း)။ ရဟန်းတို့ ဤအင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်း ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်(အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ဖြောင့်မတ်ခြင်းနှင့်၎င်း လျင်မြန် ခြင်းနှင့်၎င်း သည်းခံခြင်းနှင့်၎င်း အကျင့်ကောင်းခြင်းနှင့်၎င်း (ပြည့်စုံခြင်းတည်း)။ ရဟန်းတို့ ဤအင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်တန်၏ ။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ပဋောဒသုတ်

၁၁၃။ ရဟန်းတို့ လောက၌ အာဇာနည်မြင်းကောင်း လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့ နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော အာဇာနည်မြင်းကောင်းသည် နှင်တံရိပ်ကိုမြင်၍ "ငါ့ကို ယနေ့ မြင်းထိန်းသည် အဘယ်အကြောင်းကိစ္စကို ပြုစေလိမ့်မည်နည်း၊ ငါသည် ထိုမြင်းထိန်းအတွက် အဘယ်ကို ပြုရပါအံ့နည်း"ဟု ထိတ်လန့်၏၊တုန်လှုပ်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤလောက၌ ဤသို့ သဘောရှိသော အချို့သော အာဇာနည် မြင်းကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ ပဌမ အာဇာနည်မြင်းကောင်းမျိုးသည် လောက၌ ထင်ရှားရှိ၏။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော အာဇာနည်မြင်းကောင်းသည် နှင်တံရိပ်ကို မြင်၍ မထိတ်လန့်၊ တုန်လှုပ်ခြင်းသို့ မရောက်၊ စင်စစ်သော်ကား အမွေး၌ နှင်တံဖြင့် ထိုးအပ်သည် ရှိသော် "ယနေ့ ငါ့ကို မြင်းထိန်းသည် အဘယ်အကြောင်းကိစ္စကို ပြုစေလိမ့်မည်နည်း၊ ငါသည် မြင်းထိန်းအတွက် အဘယ်ကို ပြုရပါအံ့နည်း" ဟု ထိတ်လန့်၏၊ တုန်လှုပ်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤလောက၌ ဤသို့ သဘောရှိသော အချို့သော အာဇာနည်မြင်းကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ ဒုတိယ အာဇာနည်မြင်းကောင်းမျိုးသည် လောက၌ ထင်ရှားရှိ၏။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော အာဇာနည်မြင်းကောင်းသည် နှင်တံရိပ်ကို မြင်၍လည်း မထိတ်လန့်၊ တုန်လှုပ်ခြင်းသို့ မရောက်၊ အမွေး၌ နှင်တံဖြင့် ထိုးအပ်သော်လည်း မထိတ်လန့်၊ တုန်လှုပ်ခြင်းသို့ မရောက်၊ စင်စစ်သော်ကား အရေ၌ နှင်တံဖြင့် ထိုးအပ်သည်ရှိသော် "ယနေ့ ငါ့ကို မြင်းထိန်းသည် အဘယ်အကြောင်းကိစ္စကို ပြုစေလိမ့်မည်နည်း၊ ငါသည် မြင်းထိန်းအတွက် အဘယ်ကို ပြုရပါအံ့နည်း" ဟု ထိတ်လန့်၏၊ တုန်လှုပ်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤလောက၌ ဤသို့ သဘောရှိသော အချို့သော အာဇာနည်မြင်းကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ တတိယ အာဇာနည်မြင်းကောင်းမျိုးသည် လောက၌ ထင်ရှားရှိ၏။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော အာဇာနည်မြင်းကောင်းသည် နှင်တံရိပ်ကို မြင်၍လည်း မထိတ်လန့်၊ တုန်လှုပ်ခြင်းသို့ မရောက်၊ အမွေး၌ နှင်တံဖြင့် ထိုးအပ်သော်လည်း မထိတ်လန့်၊တုန်လှုပ်ခြင်းသို့ မရောက်၊ အရေ၌ နှင်တံဖြင့် ထိုးအပ်သော်လည်း မထိတ်လန့် တုန်လှုပ်ခြင်းသို့ မရောက်၊ စင်စစ်သော်ကား နှင်တံဖြင့် အရိုးကို ထိုးအပ်သည်ရှိသော် "ယနေ့ ငါ့ကို မြင်းထိန်းသည် အဘယ်အကြောင်းကိစ္စကို ပြုစေလိမ့်မည်နည်း၊ ငါသည် မြင်းထိန်းအတွက် အဘယ်ကို ပြုရပါအံ့နည်း" ဟု ထိတ်လန့်၏၊ တုန်လှုပ်ခြင်းသို့ရောက်၏။ ရဟန်းတို့ ဤလောက၌ ဤသို့ သဘောရှိသော အချို့သော အာဇာနည်မြင်းကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ စတုတ္ထ အာဇာနည်မြင်းကောင်းမျိုးသည် လောက၌ ထင်ရှား ရှိ၏။

ရဟန်းတို့ လောက၌ ဤအာဇာနည်မြင်းကောင်း လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ ရဟန်းတို့ ဤအတူသာလျှင် လောက၌ ဤအာဇာနည် ယောကျ်ားကောင်း လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော အာဇာနည် ယောကျ်ားကောင်းသည် "ဤမည်သော ရွာ၌သော်၎င်း နိဂုံး၌သော်၎င်း မိန်းမဖြစ်စေ ယောကျ်ား ဖြစ်စေ ဆင်းရဲခြင်းသို့ ရောက်၏၊သို့မဟုတ် သေ၏"ဟူ၍ ကြား၏၊ထိုသူသည် ထိုသို့ကြားခြင်းကြောင့်

http://www.dhammadownload.com



ထိတ်လန့်၏၊ တုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိတ်လန့်၍ အသင့်အားဖြင့် အားထုတ်၏၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နာမကာယဖြင့်လည်း မဖောက်မပြန် မြတ်သော အမှန်တရား(နိဗ္ဗာန်)ကို မျက်မှောက်ပြု၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်၏၊ ရဟန်းတို့ ထိုအာဇာနည် မြင်းကောင်းသည် နှင်တံရိပ်ကို မြင်၍ ထိတ်လန့်သကဲ့သို့ တုန်လှုပ်ခြင်းသို့ ရောက်သကဲ့သို့ ရဟန်းတို့ ဤအာဇာနည်ယောကျ်ားကောင်းကိုလည်း အာဇာနည် မြင်းကောင်းနှင့် တူ၏ဟု ငါဆို၏။ ရဟန်းတို့ ဤလောက၌ ဤသို့ သဘောရှိသော အချို့သော အာဇာနည် ယောကျ်ားကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ ပဌမ အာဇာနည် ယောကျ်ားကောင်းမျိုးသည် လောက၌ ထင်ရှား ရှိ၏။

ရဟန်းတို့ **နောက်တမျိုးကား** ဤလောက၌ အချို့သော အာဇာနည် ယောကျ်ားကောင်းသည် "ဤမည်သော ရွာ၌ သော်၎င်း နိဂုံး၌သော်၎င်း မိန်းမဖြစ်စေ ယောကျ်ား ဖြစ်စေ ဆင်းရဲခြင်းသို့ ရောက်၏။ သို့မဟုတ် သေ၏" ဟူ၍ မကြား၊ စင်စစ်သော်ကား ဆင်းရဲခြင်းသို့ ရောက်နေသော သို့မဟုတ် သေနေသော မိန်းမကို ဖြစ်စေ ယောကျ်ားကိုဖြစ်စေ ကိုယ်တိုင်မြင်၏၊ ထိုသူသည် ထိုသို့ မြင်ခြင်းကြောင့် ထိတ်လန့်၏၊ တုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိတ်လန့်၍ အသင့်အားဖြင့် အားထုတ်၏၊ နိဗ္ဗာန်သို့ စေလွှတ်ထား သော စိတ်ရှိသည်ဖြစ်၍ နာမကာယဖြင့် မဖောက်မပြန် မြတ် သော အမှန်တရား (နိဗ္ဗာန်)ကို မျက်မှောက်ပြု၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ ထိုအာဇာနည်မြင်းကောင်းသည် နှင်တံဖြင့် အမွေးကို ထိုးသည် ဖြစ်၍ ထိတ်လန့်သကဲ့သို့ တုန်လှုပ် ခြင်းသို့ ရောက်သကဲ့သို့ ရဟန်းတို့ ဤအာဇာနည် ယောကျ်ားကောင်းကိုလည်း ထိုအာဇာနည် မြင်းကောင်းနှင့်တူ၏ ဟု ငါဆို၏။ ရဟန်းတို့ ဤလောက၌ ဤသို့သဘောရှိသော အချို့သော အာဇာနည် ယောကျ်ားကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ ဒုတိယ အာဇာနည် ယောကျ်ား ကောင်းမျိုးသည် လောက၌ ထင်ရှား ရှိ၏။

ရဟန်းတို့ **နောက်တမျိုးကား** ဤလောက၌ အချို့သော အာဇာနည် ယောကျ်ားကောင်းသည် "ဤမည်သော ရွာ၌သော်၎င်း နိဂုံး၌သော်၎င်း မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဆင်းရဲခြင်းသို့ ရောက်၏၊ သို့မဟုတ် သေ၏"ဟူ၍ မကြား၊ ဆင်းရဲခြင်းသို့ ရောက်နေသော သို့မဟုတ် သေနေသော မိန်းမကိုဖြစ်စေ ယောကျ်ားကိုဖြစ်စေ ကိုယ်တိုင် မမြင်၊ စင်စစ်သော်ကား ထိုသူ၏ ဆွေမျိုးဖြစ်စေ သားချင်းဖြစ်စေ ဆင်းရဲခြင်းသို့ ရောက်၏၊ သို့မဟုတ် သေ၏၊ ထိုသူသည် ထိုအကြောင်းကြောင့် ထိတ်လန့်၏၊ တုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိတ်လန့်၍ အသင့်အားဖြင့် အားထုတ်၏၊ နိဗ္ဗာန်သို့ စေလွှတ် ထားသော စိတ်ရှိသည် ဖြစ်၍ နာမကာယဖြင့် မဖောက်မပြန် မြတ်သော အမှန်တရား(နိဗ္ဗာန်)ကို မျက်မှောက်ပြု၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ အာဇာနည် မြင်းကောင်းသည် နှင်တံဖြင့် အရေကို ထိုးသည်ရှိသော် ထိတ်လန့်သကဲ့သို့ တုန်လှုပ်ခြင်းသို့ ရောက်သကဲ့သို့ ရဟန်းတို့ ဤအာဇာနည် ယောကျ်ားကောင်းကိုလည်း ထိုအာဇာနည်မြင်းကောင်းနှင့် တူ၏ဟု ငါဆို၏။ ရဟန်းတို့ ဤလောက၌ ဤသို့သဘောရှိသော အချို့သော အာဇာနည် ယောကျ်ားကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ တတိယ အာဇာနည် ယောကျ်ားကောင်းမျိုးသည် လောက၌ ထင်ရှား ရှိ၏။

ရဟန်းတို့ **နောက်တမျိုးကား** ဤလောက၌ အချို့သော အာဇာနည် ယောကျ်ားကောင်းသည် "ဤမည်သော ရွာ၌သော်၎င်း နိဂုံး၌သော်၎င်း မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဆင်းရဲခြင်းသို့

http://www.dhammadownload.com



ရောက်၏၊ သို့မဟုတ် သေ၏"ဟူ၍ မကြားဆင်းရဲခြင်းသို့ ရောက်နေသော သို့မဟုတ် သေနေသော မိန်းမကို ဖြစ်စေ ယောကျ်ားကိုဖြစ်စေ ကိုယ်တိုင်လည်း မမြင်၊ ထိုသူ၏ ဆွေမျိုးဖြစ်စေ သားချင်းဖြစ်စေ ဆင်းရဲခြင်းသို့ မရောက်၊ သို့မဟုတ် မသေ၊စင်စင်သော်ကား ကိုယ်တိုင်ပင်လျှင် ကိုယ်၌ ဖြစ်သော ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သောဆင်းရဲဝေဒနာတို့ကို တွေ့ထိ ခံစားရ၏။ထိုသူသည် ထိုအကြောင်းကြောင့် ထိတ်လန့်၏၊တုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိတ်လန့်၍ အသင့်အားဖြင့် အားထုတ်၏၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နာမကာယဖြင့် မဖောက်မပြန် မြတ်သော အမှန်တရား (နိဗ္ဗာန်)ကို မျက်မှောက်ပြု၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ ထိုအာဇာနည် မြင်းကောင်းသည် နှင်တံဖြင့် အရိုးကို ထိုးသည်ရှိသော် ထိတ်လန့်သကဲ့သို့ တုန်လှုပ်ခြင်းသို့ ရောက်သကဲ့သို့ ရဟန်းတို့ ဤအာဇာနည် ယောကျ်ားကောင်းကိုလည်း ထိုအာဇာနည် မြင်းကောင်းနှင့် တူ၏ဟု ငါဆို၏။ရဟန်းတို့ လောက၌ ဤသို့သဘောရှိသော အချို့သော အာဇာနည် ယောကျ်ားကောင်းလည်း ရှိတတ်၏။ ရဟန်းတို့ ဤ စတုတ္ထ အာဇာနည် ယောကျ်ားကောင်းမျိုးသည် လောက၌ ထင်ရှား ရှိ၏။ ရဟန်းတို့ ဤ အာဇာနည် ယောကျ်ားကောင်း လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-နာဂသုတ်

၁၁၄။ ရဟန်းတို့ အင်္ဂါလေးမျိုးတို့နှင့်ပြည့်စုံသော မင်း၏ဆင်သည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်း ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ မင်း၏ ဆင်သည် နာယူတတ်၏၊ သတ်ဖြတ်တတ်၏၊ သည်းခံတတ်၏၊ သွားတတ်၏၊ (ဤလေးမျိုးတို့တည်း)။

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ ဆင်သည် နာယူတတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မင်း၏ ဆင်သည် ပြုလုပ်ဘူးသည်ဖြစ်စေ မပြုလုပ်ဘူးသည် ဖြစ်စေ ဆင်ထိန်း ခိုင်းစေသော အမှုကိစ္စကို ရိုသေလေးစား နှလုံးထား၍ စိတ်အားထက်သန်စွာ နားထောင်လျက် နာယူ၏။ ရဟန်းတို့ ဤသို့လျှင် မင်း၏ ဆင်သည် နာယူတတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ ဆင်သည် သတ်ဖြတ်တတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မင်း၏ ဆင်သည် စစ်မြေပြင်သို့ ရောက်သည်ရှိသော် ဆင်ကိုလည်း သတ်တတ်၏၊ ဆင်စီးသူရဲကိုလည်း သတ်တတ်၏၊ မြင်းကိုလည်း သတ်တတ်၏၊ မြင်းစီးသူရဲကိုလည်း သတ်တတ်၏၊ ရထားကိုလည်း ဖျက်ဆီးတတ်၏၊ရထားစီး သူရဲကိုလည်း သတ်တတ်၏၊ ခြေသည် သူရဲကိုလည်း သတ်တတ်၏။ ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် သတ်ဖြတ်တတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ ဆင်သည် သည်းခံတတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မင်း၏ဆင်သည် စစ်မြေပြင်သို့ ရောက်သည်ရှိသော် လှံဖြင့်ထိုးခြင်း သံလျက်ဖြင့် ခုတ်ခြင်း မြားဖြင့် ပစ်ခြင်း ပုဆိန်ဖြင့် ပေါက်ခြင်းတို့ကို သည်းခံနိုင်၏၊ စည်ကြီးသံ ထက်စည်သံ ခရုသင်းသံ စည်ပုတ်သံ ပုံ့တင်သံတို့ကို သည်းခံနိုင်၏။ ရဟန်းတို့ ဤသို့လျှင် မင်း၏ ဆင်သည် သည်းခံတတ်၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် မင်း၏ဆင်သည် သွားတတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မင်း၏ ဆင်သည် ရောက်ဘူးသည်ဖြစ်စေ မရောက်ဘူးသည်ဖြစ်စေ ဆင်ထိန်းစေလွှတ်သော အရပ်သို့ လျင်မြန်စွာ သွားတတ်၏။ ရဟန်းတို့ ဤသို့လျှင် မင်း၏ဆင်သည် သွားတတ်၏။ ရဟန်းတို့ ဤအင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော မင်း၏ ဆင်သည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နာယူတတ်၏၊ သတ်ဖြတ်တတ်၏၊ သည်းခံတတ်၏၊ သွားတတ်၏၊ (ဤလေးမျိုးတို့တည်း)။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နာယူတတ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရားသိတော်မူပြီးသော ဓမ္မဝိနယကို ဟောကြားသည် ရှိသော် ရိုသေလေးစားနှလုံးထား၍ စိတ်အားထက်သန်စွာ နားထောင်လျက် တရားကို နာ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နာယူတတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သတ်ဖြတ်တတ်သနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းမခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ဖျက်ဆီး၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပေါ်လာသော ဗျာပါဒဝိတက်ကို။ပ။ ဖြစ်ပေါ်လာသော ဝိဟိံသာဝိတက်ကို။ပ။ ဖြစ်တိုင်းဖြစ်တိုင်း ကုန်သော အကုသိုလ်တရားယုတ်တို့ကို သည်းမခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ဖျက်ဆီး၏၊ ကင်းအောင်ပြု၏၊ တဖန်မဖြစ်ခြင်းသို့ ရောက်စေ၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတ်ဖြတ်တတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သည်းခံတတ်သနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေတို့၏ အတွေ့ကို သည်းခံတတ်၏၊ မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကို သည်းခံနိုင်၏၊ ဖြစ်ပေါ်လာသော ကိုယ်၌ ဖြစ်သော ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကိုလည်း သည်းခံနိုင်သော သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သည်းခံတတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သွားတတ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရှည်စွာသော ဤ (သံသရာ) ခရီးဖြင့် မရောက်ဘူးသော အရပ်ဖြစ်သည့် အလုံးစုံသော သင်္ခါရ တရားတို့၏ ငြိမ်းရာ အလုံးစုံသော ဥပဓိလေးပါးတို့ကိုစွန့်ရာ တဏှာကုန်ရာ ကင်းပြတ်ရာ ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လျင်စွာ သွားတတ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သွားတတ်၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

**စတုတ္ထသုတ်။**

http://www.dhammadownload.com



## ၅-ဌာနသုတ်

၁၁၅။ ရဟန်းတို့ အကြောင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ရဟန်းတို့ မနှစ်ခြိုက်ဖွယ်ကို ပြုရန် အကြောင်းသည် ရှိ၏၊ ထိုအကြောင်းကို ပြုလုပ်သော် အကျိုးမဲ့ရန်လည်း ဖြစ်၏။ ရဟန်းတို့ မနှစ်ခြိုက်ဖွယ်ကို ပြုရန်အကြောင်းသည် ရှိ၏၊ ထိုအကြောင်းကို ပြုလုပ်သော် အကျိုးရှိရန်ကား ဖြစ်၏။ ရဟန်းတို့ နှစ်ခြိုက်ဖွယ်ကို ပြုရန်အကြောင်းသည် ရှိ၏၊ ထို အကြောင်းကို ပြုလုပ်သော် အကျိုးမဲ့ရန်ကား ဖြစ်၏။ ရဟန်းတို့ နှစ်ခြိုက်ဖွယ်ကို ပြုရန် အကြောင်း သည် ရှိ၏၊ ထိုအကြောင်းကို ပြုလုပ်သော် အကျိုးရှိရန်လည်း ဖြစ်၏။

ရဟန်းတို့ ထိုအကြောင်း လေးမျိုးတို့တွင် အကြင်အကြောင်းသည် မနှစ်ခြိုက်ဖွယ်ကို ပြုရန် ဖြစ်၏၊ ထိုအကြောင်းကို ပြုလုပ်သော် အကျိုးမဲ့ရန်လည်း ဖြစ်၏။ ရဟန်းတို့ ဤအကြောင်းကို (နှစ်ခြိုက်ဖွယ် မရှိခြင်း အကျိုးမဲ့ခြင်းဟု ဆိုအပ်သော) နှစ်ပါးစုံသော အကြောင်းကြောင့်ပင် မပြုလုပ်အပ်ဟူ၍ သိမှတ်နိုင်၏။ အကြင်အကြောင်းသည် မနှစ်ခြိုက်ဖွယ်ကို ပြုရန်ဖြစ်၏၊ ထိုအ ကြောင်းကို ဤနှစ်ခြိုက်ဖွယ် မရှိခြင်း ဟူသော အကြောင်းကြောင့်လည်း မပြုအပ်ဟူ၍ သိမှတ် နိုင်၏။ အကြင်အကြောင်းကို ပြုအပ်သည်ရှိသော် အကျိုးမဲ့ရန် ဖြစ်၏၊ ထိုအကြောင်းကို ဤ(အကျိုးမဲ့ခြင်းဟူသော) အကြောင်းကြောင့်လည်း မပြုအပ်ဟူ၍ သိမှတ်နိုင်၏။ ရဟန်းတို့ ဤအကြောင်းကို နှစ်ပါးစုံသော အကြောင်းကြောင့်ပင် မပြုအပ်ဟူ၍ သိမှတ်နိုင်၏။

ရဟန်းတို့ ထိုအကြောင်း လေးမျိုးတို့တွင် အကြင်အကြောင်းသည် မနှစ်ခြိုက်ဖွယ်ကို ပြုရန်ဖြစ်၏၊ ထိုအကြောင်းကို ပြုလုပ်သော် အကျိုးရှိရန်ကား ဖြစ်၏။ ရဟန်းတို့ ဤအကြောင်း၌ ယောကျ်ား၏ ဉာဏ်အစွမ်း ယောကျ်ား၏ လုံ့လ ယောကျ်ား၏ အားထုတ်ခြင်းကြောင့် သူမိုက် ကိုလည်း ပညာရှိကိုလည်း ခွဲခြားသိအပ်၏။ ရဟန်းတို့ သူမိုက်သည် "ဤအကြောင်းသည် နှစ်ခြိုက်ဖွယ် မရှိသည်ကို ပြုရန်ကား ဖြစ်ပေ၏၊ သို့ပင်ဖြစ်သော်လည်း ဤအကြောင်းကို ပြုလုပ်သော် အကျိုးရှိရန်ကား ဖြစ်၏"ဟု မဆင်ခြင်တတ်၊ ထိုသူသည် ထိုအကြောင်းကို မပြု၊ ထိုအကြောင်းကို မပြုလုပ်သော် ထိုသူအား အကျိုးမဲ့ရန် ဖြစ်၏။ ရဟန်းတို့ ပညာရှိသည် "ဤအကြောင်းသည် မနှစ်ခြိုက်ဖွယ်ကို ပြုရန်ကား ဖြစ်ပေ၏၊ သို့ပင် ဖြစ်သော်လည်း ဤအကြောင်းကို ပြုလုပ်သော် အကျိုးရှိရန် ဖြစ်၏"ဟု ဆင်ခြင်တတ်၏၊ ထိုသူသည် ထိုအကြောင်းကိုပြု၏၊ ထိုအကြောင်းကို ပြုလုပ်သော် ထိုသူအား အကျိုးရှိရန် ဖြစ်၏။

ရဟန်းတို့ ထိုအကြောင်းလေးမျိုးတို့တွင် အကြင်အကြောင်းသည် နှစ်ခြိုက်ဖွယ်ကို ပြုရန်ဖြစ်၏၊ ထိုအကြောင်းကို ပြုလုပ်သော် အကျိုးမဲ့ရန်သာဖြစ်၏။ ရဟန်းတို့ ဤအကြောင်း၌ ယောကျ်ား၏ ဉာဏ်အစွမ်း ယောကျ်ား၏ လုံ့လ ယောကျ်ား၏ အားထုတ်ခြင်းကြောင့် သူမိုက်ကိုလည်း ပညာရှိကို လည်း ခွဲခြားသိအပ်၏။ ရဟန်းတို့ သူမိုက်သည် "ဤအကြောင်းသည် နှစ်ခြိုက်ဖွယ်ကို ပြုရန်ကား ဖြစ်ပေ၏၊ သို့ပင်ဖြစ်သော်လည်း ဤအကြောင်းကို ပြုလုပ်သော် အကျိုးမဲ့ရန် ဖြစ်၏"ဟု မဆင်ခြင်တတ်၊ ထိုသူသည် ထိုအကြောင်းကိုပြု၏၊ ထိုအကြောင်းကိုပြုလုပ်သော် ထိုသူအား အကျိုးမဲ့ရန် ဖြစ်၏။ ရဟန်းတို့ ပညာရှိသူသည် "ဤအကြောင်းသည် နှစ်ခြိုက်ဖွယ်ကို ပြုရန်ကား ဖြစ်ပေ၏၊ သို့ပင်ဖြစ်သော်လည်း ဤအကြောင်းကို ပြုလုပ်သော် အကျိုးမဲ့ရန် ဖြစ်၏"ဟု ဆင်ခြင်

http://www.dhammadownload.com



တတ်၏။ ထိုသူသည် ထိုအကြောင်းကို မပြု၊ ထိုအကြောင်းကို မပြုလုပ်သော် ထိုသူအား အကျိုးရှိရန် ဖြစ်၏။

ရဟန်းတို့ ထိုအကြောင်း လေးမျိုးတို့တွင် အကြင်အကြောင်းသည် နှစ်ခြိုက်ဖွယ်ကို ပြုရန် ဖြစ်၏၊ ထိုအကြောင်းကို ပြုလုပ်သော် အကျိုးရှိရန်လည်း ဖြစ်၏။ရဟန်းတို့ ဤအကြောင်းကို နှစ်ပါး စုံသော အကြောင်းကြောင့်ပင် ပြုအပ်၏ဟူ၍ သိမှတ်နိုင်၏။ ရဟန်းတို့ အကြင်အကြောင်းသည် နှစ်ခြိုက်ဖွယ်ကို ပြုရန် ဖြစ်၏၊ ဤ (နှစ်ခြိုက်ဖွယ်) အကြောင်းကြောင့်လည်း ထိုအကြောင်းကို ပြုအပ်၏ဟူ၍ သိမှတ်နိုင်၏၊ ဤအကြောင်းကို ပြုအပ်သည်ရှိသော် အကျိုးရှိရန် ဖြစ်၏၊ ဤ (အကျိုး ရှိခြင်းတည်းဟူသော) အကြောင်းကြောင့်လည်း ထိုအကြောင်းကို ပြုအပ်၏ဟု သိမှတ်နိုင်၏။ ရဟန်းတို့ ဤနှစ်ပါးစုံသော အကြောင်းကြောင့်သာလျှင် ပြုအပ်၏ဟု သိမှတ်နိုင်၏။ ရဟန်းတို့ အကြောင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အပ္ပမာဒသုတ်

၁၁၆။ ရဟန်းတို့ အကြောင်း လေးမျိုးတို့ဖြင့် မမေ့မလျော့ခြင်းကို ပြုအပ်၏။အဘယ်လေးမျိုး တို့နည်း ဟူမူ—ရဟန်းတို့ ကာယဒုစရိုက်ကို ပယ်စွန့်ကြကုန်လော့၊ ကာယသုစရိုက်ကို ပွါးများ ကြကုန်လော့၊ ထိုသို့ ကာယသုစရိုက်ကို ပွါးခြင်း၌လည်း မမေ့မလျော့ကြကုန်လင့်။ ရဟန်းတို့ ဝစီ ဒုစရိုက်ကို ပယ်စွန့်ကြကုန်လော့၊ဝစီသုစရိုက်ကို ပွါးများကြကုန်လော့၊ထိုသို့ ဝစီသုစရိုက်ကို ပွါးခြင်း၌ လည်း မမေ့မလျော့ကြကုန်လင့်။ ရဟန်းတို့ မနောဒုစရိုက်ကို ပယ်စွန့်ကြကုန်လော့၊ မနောသုစရိုက်ကို ပွါးများကြကုန်လော့၊ ထိုသို့မနောသုစရိုက်ကို ပွါးခြင်း၌ လည်း မမေ့မလျော့ကြကုန်လင့်။ ရဟန်းတို့ မိစ္ဆာဒိဋ္ဌိကို ပယ်စွန့်ကြကုန်လော့၊ သမ္မာဒိဋ္ဌိကို ပွါးများကြကုန်လော့၊ ထိုသို့ သမ္မာဒိဋ္ဌိကို ပွါးခြင်း၌ လည်း မမေ့မလျော့ကြကုန်လင့်။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ကာယဒုစရိုက်ကို ပယ်စွန့်၏၊ ကာယသုစရိုက်ကို ပွါး၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၏၊ဝစီသုစရိုက်ကို ပွါး၏၊ မနောဒုစရိုက်ကို ပယ်စွန့်၏၊ မနောသုစရိုက်ကို ပွါး၏၊ မိစ္ဆာဒိဋ္ဌိကို ပယ်စွန့်၏၊ သမ္မာဒိဋ္ဌိကို ပွါး၏၊ (ထိုအခါ၌) ထိုရဟန္တာပုဂ္ဂိုလ်သည် တမလွန်ဘဝ၌ ဖြစ်သော သေခြင်းမှ မကြောက်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-အာရက္ခသုတ်

၁၁၇။ ရဟန်းတို့ အရာလေးမျိုးတို့၌ မိမိအကျိုးစီးပွါးကို အလိုရှိသူသည် မမေ့မလျော့ခြင်း အောက်မေ့ခြင်းဟူသော စိတ်၏ အစောင့်အရှောက်ကို ပြုအပ်၏။ အဘယ်လေးမျိုးတို့၌နည်း ဟူမူ—

http://www.dhammadownload.com



"တပ်မက်ကြောင်း တရားတို့၌ ငါ၏ စိတ်သည် မတပ်မက်စေလင့်"ဟု မိမိအကျိုးစီးပွါးကို အလို ရှိသူသည် မမေ့လျော့ခြင်း အောက်မေ့ခြင်းဟူသော စိတ်၏ အစောင့်အရှောက်ကို ပြုအပ်၏၊ "အမျက် ထွက်ကြောင်း တရားတို့၌ ငါ၏ စိတ်သည် အမျက် မထွက်စေလင့်" ဟု မိမိအကျိုး စီးပွါးကို အလိုရှိသူသည် မမေ့လျော့ခြင်း အောက်မေ့ခြင်း ဟူသော စိတ်၏ အစောင့်အရှောက်ကို ပြုအပ်၏၊ "တွေဝေကြောင်း တရားတို့၌ ငါ၏ စိတ်သည် မတွေဝေစေလင့်"ဟု မိမိအကျိုးစီးပွါးကို အလို ရှိသူသည် မမေ့လျော့ခြင်း အောက်မေ့ခြင်းဟူသော စိတ်၏ အစောင့် အရှောက်ကို ပြုအပ်၏၊ "မာန်ယစ်ကြောင်း တရားတို့၌ ငါ၏ စိတ်သည် မာန်မယစ်ပါစေလင့်"ဟု မိမိအကျိုးစီးပွါးကို အလိုရှိ သူသည် မမေ့လျော့ခြင်း အောက်မေ့ခြင်း ဟူသော စိတ်၏ အစောင့်အရှောက်ကို ပြုအပ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်း၏ စိတ်သည် တပ်မက်ခြင်း ကင်းပြီးသောကြောင့် တပ်မက် ဖွယ်တရားတို့၌ မတပ်မက်၊ စိတ်သည် အမျက်ထွက်ခြင်း ကင်းပြီးသောကြောင့် အမျက်ထွက်ဖွယ် တရားတို့၌ အမျက်မထွက်၊ စိတ်သည် တွေဝေခြင်း ကင်းပြီးသောကြောင့် တွေဝေဖွယ်တရားတို့၌ မတွေဝေ၊ စိတ်သည် မာန်ယစ်ခြင်းကင်းပြီးသောကြောင့် မာန်ယစ်ဖွယ်တရားတို့၌ မာန်မယစ်။ (ထိုအခါ၌)ထိုရဟန္တာ ပုဂ္ဂိုလ်သည် ကိုယ်ခက်တရော်မရှိ မတုန်လှုပ် မချောက်ချား ထိတ်လန့်ခြင်းသို့ မရောက်၊ (အခြား)ရဟန်းတို့၏ စကားဟူသော အကြောင်းကြောင့်လည်း (အယူတပါးသို့) မလိုက် တော့ချေဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈--သံဝေဇနီယသုတ်

၁၁၈။ ရဟန်းတို့ သဒ္ဓါတရားရှိသော အမျိုးကောင်းသား ရှုသင့်သည့် သံဝေဂဖြစ်စေတတ် သော အရပ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ "ဤအရပ်၌ မြတ်စွာဘုရား ဖွားမြင်၏" ဟု သဒ္ဓါတရားရှိသော အမျိုးကောင်းသား ရှုသင့်သည့် သံဝေဂဉာဏ် ဖြစ်စေတတ်သော အရပ်၊ ရဟန်းတို့ "ဤအရပ်၌ မြတ်စွာဘုရားသည် အတုမရှိသော (အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်) သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိ၏"ဟု သဒ္ဓါတရားရှိသော အမျိုး ကောင်းသား ရှုသင့်သည့် သံဝေဂဉာဏ်ဖြစ်စေတတ်သော အရပ်၊ ရဟန်းတို့ "ဤအရပ်၌ မြတ်စွာ ဘုရားသည် အဘုမရှိသော ဓမ္မစကြာတရားကို ဟောတော်မူ၏"ဟု သဒ္ဓါတရားရှိသော အမျိုးကောင်း သား ရှုသင့်သည့် သံဝေဂဉာဏ် ဖြစ်စေတတ်သော အရပ်၊ ရဟန်းတို့ "ဤအရပ်၌ မြတ်စွာဘုရား သည် (ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်) အကြွင်းမရှိသောနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏" ဟု သဒ္ဓါတရားရှိသော အမျိုးကောင်းသား ရှုသင့်သည့် သံဝေဂဉာဏ် ဖြစ်စေတတ်သော အရပ် တို့တည်း။ ရဟန်းတို့ သဒ္ဓါတရားရှိသော အမျိုးကောင်းသား ရှုသင့်သည့် သံဝေဂဉာဏ်ဖြစ်စေတတ် သော အရပ်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပဌမ ဘယသုတ်

၁၁၉။ ရဟန်းတို့ ဘေးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ- ပဋိသန္ဓေတည်နေခြင်းကို စွဲ၍ ဖြစ်သော ဘေး၊ အိုခြင်းကိုစွဲ၍ ဖြစ်သော ဘေး၊ နာခြင်းကိုစွဲ၍ ဖြစ်သော ဘေး၊ သေခြင်းကိုစွဲ၍ ဖြစ်သော ဘေးတို့တည်း။ ရဟန်းတို့ ဘေးတို့သည် ဤလေးမျိုး တို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဘယသုတ်

၁၂၀။ ရဟန်းတို့ ဘေးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့ နည်း ဟူမူ- မီးဘေး ရေဘေး မင်းဘေး ခိုးသူဘေး တို့တည်း။ ရဟန်းတို့ ဘေးတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ကေသိဝဂ် ပြီး၏။

---

## (၁၃) ၃-ဘယဝဂ် ၁-အတ္တာနုဝါဒသုတ်

၁၂၁။ ရဟန်းတို့ ဘေးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့ နည်း ဟူမူ- အတ္တာနုဝါဒဘေး ပရာနုဝါဒဘေး ဒဏ္ဍဘေး ဒုဂ္ဂတိဘေး တို့တည်း။

ရဟန်းတို့ အတ္တာနုဝါဒဘေး ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် "ငါသည်ပင် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ အဘယ့်ကြောင့်လျှင် ငါ့ကို ငါ သီလအားဖြင့် မစွပ်စွဲပဲ ရှိအံ့နည်း" ဟု ဆင်ခြင်၏။ ထိုသူသည် မိမိကိုယ်ကို မိမိစွပ်စွဲမည့် ဘေးကို ကြောက်သဖြင့် ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ပွါး၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ပွါး၏၊ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ပွါး၏၊ စင်ကြယ်သော မိမိကိုယ်ကို ဆောင်၏။ ရဟန်းတို့ ဤသည်ကို အတ္တာနုဝါဒ ဘေးဟု ဆိုအပ်၏။

ရဟန်းတို့ ပရာနုဝါဒ ဘေးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် "ငါသည်ပင် ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ နှုတ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ အဘယ့်ကြောင့်လျှင် ငါ့ကို သူတပါးတို့သည် သီလအားဖြင့် မစွပ်စွဲပဲ ရှိပါကုန်အံ့နည်း" ဟု ဆင်ခြင်၏။ ထိုသူသည် သူတပါးတို့ စွပ်စွဲမည့်ဘေးကို ကြောက်သဖြင့် ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ပွါး၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ပွါး၏၊ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ပွါး၏၊ စင်ကြယ်သော မိမိကိုယ်ကို ဆောင်၏။ ရဟန်းတို့ ဤသည်ကို ပရာနုဝါဒ ဘေးဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဒဏ္ဍဘေးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မကောင်းမှုပြုကျင့်လေ့ရှိသော ခိုးသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို စီရင်စေသည်တို့ကို တွေ့မြင်၏၊ နှင်တံတို့ဖြင့် ရိုက်နှက်သည်တို့ကိုရင်း ကြိမ်လုံးတို့ဖြင့် ရိုက်နှက်သည်တို့ကိုရင်း တုတ်တိုတို့ဖြင့်ရိုက်နှက်သည်တို့ကိုရင်း လက်ဖြတ်သည် ခြေဖြတ်သည်တို့ကိုရင်း လက်ခြေဖြတ်သည်တို့ကိုရင်း နားကို ဖြတ်သည်တို့ကိုရင်း နှာခေါင်းကို ဖြတ်သည်တို့ကိုရင်း နားနှာခေါင်းဖြတ်သည်တို့ကိုရင်း ပအုန်းရည်အိုးခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း ခရုသင်း ဦးပြည်းခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း ရာဟုခံတွင်းခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း မီးပန်းကုံးခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း လက်ဆီမီးခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း ပြိန်းရွက်ခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း လျှော်တေအဝတ်ခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း ဧဏီသား မြီးမြိုက်ခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း ငါးမျှားချိတ်ဖြင့် အသားကို လှီးခြင်းပြုသည်တို့ကိုရင်း ကျပ်ပြားမျှလောက် အသားကို ဖြတ်ခြင်း ပြုသည်တို့ကိုရင်း အသားကိုမှုန်း၍ ဆားငံလောင်းခြင်း ပြုသည်တို့ကိုရင်း တံခါးကျင်လှည့်ခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း ကောက်ရိုးထုံးခေါ် ညှဉ်းပန်းမှုပြုသည်တို့ကိုရင်း ဆီပူဖြင့်သွန်းလောင်းသည်တို့ကိုရင်း ခွေးတို့ကို စားစေသည်တို့ကိုရင်း အသက်ရှင်စဉ် သံတံကျင်ဖြင့် လျှိုသည်တို့ကိုရင်း သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်သည်တို့ကိုရင်း မြင်၏။

ထိုပုဂ္ဂိုလ်အား ဤအကြံသည် ဖြစ်၏ "အကြင်သို့ သဘောရှိကုန်သော ယုတ်ညံ့သော မကောင်းမှုတို့၏ အကြောင်းကြောင့် မကောင်းမှု ပြုကျင့်လေ့ရှိသော ခိုးသူကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှုအမျိုးမျိုးတို့ကို ပြုစေကုန်၏၊ နှင်တံတို့ဖြင့် ရိုက်နှက်ကုန်၏။ပ။ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကုန်၏၊ ငါသည်လည်း ဤသို့ သဘောရှိသော မကောင်းမှုကို ပြုငြားအံ့၊ ငါ့ကိုလည်း မင်းတို့သည် ဖမ်းယူ၍ ဤသို့သဘောရှိကုန်သော ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုကုန်ရာ၏၊ နှင်တံတို့ဖြင့် ရိုက်နှက်ကုန်ရာ၏၊ ကြိမ်လုံးတို့ဖြင့် ရိုက်နှက် ကုန်ရာ၏၊ တုတ်တိုတို့ဖြင့် ရိုက်နှက်ကုန်ရာ၏၊ လက်ကို ဖြတ်ကုန်ရာ၏၊ ခြေကို ဖြတ်ကုန်ရာ၏၊ လက်ခြေတို့ကို ဖြတ်ကုန်ရာ၏၊ နားကို ဖြတ်ကုန်ရာ၏၊ နှာခေါင်းကို ဖြတ်ကုန်ရာ၏၊ နားနှာခေါင်းတို့ကို ဖြတ်ကုန်ရာ၏၊ ပအုန်းရည်အိုးခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ ခရုသင်း ဦးပြည်းခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ ရာဟုခံတွင်းခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ မီးပန်းကုံးခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ လက်ဆီမီးခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ ပြိန်းရွက်ခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ လျှော်တေအဝတ်ခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ ဧဏီသားမြီးမြိုက်ခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ ငါးမျှားချိတ်ဖြင့် အသားကို လှီးခြင်းကို ပြုကုန်ရာ၏၊ ကျပ်ပြားမျှလောက် အသားကို ဖြတ်ခြင်းကို ပြုကုန်ရာ၏၊ အသားကို မှုန်း၍ ဆားငံလောင်းခြင်းကို ပြုကုန်ရာ၏၊ တံခါးကျင်လှည့်ခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ ကောက်ရိုးထုံးခေါ် ညှဉ်းပန်းမှုကို ပြုကုန်ရာ၏၊ ဆီပူဖြင့် သွန်းလောင်းကုန်ရာ၏၊ ခွေးတို့ကို စားစေကုန်ရာ၏၊ အသက်ရှင်စဉ် သံတံကျင်ဖြင့် လျှိုကုန်ရာ၏၊ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ကုန်ရာ၏" ဟု (အကြံဖြစ်၏)။ ထိုပုဂ္ဂိုလ်သည် ဒဏ်ခံရမည့်ဘေးကို ကြောက်သဖြင့် သူတပါး ဥစ္စာထုပ်ကို မလုယက်၊ ကာယဒုစရိုက်ကို ပယ်စွန့်၍။ပ။ စင်ကြယ်သော မိမိကိုယ်ကို ဆောင်၏။ ရဟန်းတို့ ဤသည်ကို ဒဏ္ဍဘေးဟု ဆိုအပ်၏။

ရဟန်းတို့ ဒုဂ္ဂတိ ဘေးဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဤသို့ ဆင်ခြင်၏ "တမလွန်ဘဝ၌ ကာယဒုစရိုက်၏ အကျိုးသည် ယုတ်ညံ့၏၊တမလွန်ဘဝ၌ ဝစီဒုစရိုက်၏အကျိုးသည် ယုတ်ညံ့၏၊ တမလွန်ဘဝ၌ မနောဒုစရိုက်၏ အကျိုးသည် ယုတ်ညံ့၏၊

http://www.dhammadownload.com



ငါသည်လည်း ကိုယ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ နှုတ်ဖြင့် ဒုစရိုက် ကျင့်ငြားအံ့၊ စိတ်ဖြင့် ဒုစရိုက်ကို ကျင့်ငြားအံ့၊ ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်နောက်၌ ချမ်းသာ ကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာဖြစ်သော ငရဲ၌ အဘယ့်ကြောင့် မဖြစ်ပဲ ရှိပါအံ့နည်း" ဟု (ဆင်ခြင်၏)။ ထိုပုဂ္ဂိုလ်သည် အပါယ်လားရမည့် ဘေးကို ကြောက်သဖြင့် ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ပွါး၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ပွါး၏၊ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ပွါး၏၊ စင်ကြယ်သော မိမိကိုယ်ကို ဆောင်၏။ ရဟန်းတို့ ဤသည်ကို ဒုဂ္ဂတိဘေးဟု ဆိုအပ်၏။ ရဟန်းတို့ ဘေးတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဦမိဘယသုတ်

၁၂၂။ ရဟန်းတို့ ရေသို့ ဆင်းသက်သောသူအား မချွတ်တွေ့ကြုံရမည့် ဘေးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—လှိုင်းတံပိုးဘေး မိကျောင်းဘေး ဝဲဘေး လင်းပိုင်'လပိုင်'ဘေးတို့တည်း၊ ရဟန်းတို့ ရေသို့ ဆင်းသက်သူအား မချွတ်တွေ့ကြုံရမည့် ဘေးတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအတူသာလျှင် ဤဓမ္မဝိနယ 'သာသနာတော်'၌ အိမ်ရာ ထောင်သော ဘဝမှ အိမ်ရာမထောင်သော ဘဝသို့ ဝင်ရောက်(ရဟန်းပြု)သော အချို့သော အမျိုးကောင်းသားအား မချွတ် တွေ့ကြုံရမည့် ဘေးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်း ဟူမူ—လှိုင်းတံပိုးဘေး မိကျောင်းဘေး ဝဲဘေး လင်းပိုင် 'လပိုင်'ဘေး တို့တည်း။

ရဟန်းတို့ လှိုင်းတံပိုး ဘေးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော အမျိုးကောင်း သားသည် "ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သို့ သက်ဝင်ရ၏၊ ဆင်းရဲသို့ သက်ဝင်ရ၏၊ ဆင်းရဲသည် နှိပ်စက်အပ်၏၊ ချမ်းသာမဖက် သက်သက်သော ဤဒုက္ခအစု၏ အဆုံးကို ပြုနိုင်ကောင်းတန်ရာ၏"ဟု (နှလုံးပြု၍) သဒ္ဓါတရားဖြင့် အိမ်ရာထောင်သော ဘဝမှ အိမ်ရာမထောင်သော ဘဝသို့ ဝင်ရောက် ရဟန်းပြု၏။ ထိုသို့ ဝင်ရောက် ရဟန်းပြုသူကို သီတင်းသုံးဖော်တို့က "သင်သည် ဤသို့လျှင် ရှေ့သို့ တက်ရမည် ဤသို့ နောက်သို့ ဆုတ်ရမည် ဤသို့ တူရူကြည့်ရမည် ဤသို့ တစောင်းကြည့်ရမည် ဤသို့ ကွေးရမည် ဤသို့ ဆန့်ရမည် ဤသို့ ဒုကုဋ်သပိတ်သက်န်းကို ဆောင်ရမည်"ဟု သွန်သင်ကုန်၏၊ ဆုံးမကုန်၏။ ထိုရဟန်းအား ဤသို့ အကြံသည် ဖြစ်၏ "ငါတို့သည် ရှေး လူဖြစ်စဉ်က သူတပါးတို့ကို သွန်သင်လည်း သွန်သင်ခဲ့ကုန်၏၊ ဆုံးမလည်း ဆုံးမခဲ့ကုန်၏၊ ဤရဟန်းတို့သည်ကား ငါတို့၏သားလောက် မြေးလောက် ရှိကုန်လျက် သွန်သင်ထိုက် ဆုံးမထိုက်၏ဟု မှတ်ထင်ကုန်ဘိ၏"ဟု (ဤအကြံဖြစ်၏)။ ထိုရဟန်းသည် အမျက်ထွက်သည် ဖြစ်၍ စိတ်မချမ်းမြေ့သည် ဖြစ်၍ သိက္ခာချလျက် လူထွက်၏။ ရဟန်းတို့ ဤရဟန်းကို လှိုင်းတံပိုးဘေးကို ကြောက်သဖြင့် သိက္ခာချလျက် လူထွက်သော ရဟန်းဟု ဆိုအပ်၏။ ရဟန်းတို့ "လှိုင်းတံပိုးဘေး"ဟူသော ဤအမည်သည် အမျက်ထွက်ခြင်း 'ကောဓ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'၏ အမည်တည်း။ ရဟန်းတို့ ဤသည်ကို လှိုင်းတံပိုးဘေးဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ မိကျောင်းဘေးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော အမျိုးကောင်း သားသည်"ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သို့ သက်ဝင်ရ၏၊ ဆင်းရဲသို့ သက်ဝင်ရ၏၊ ဆင်းရဲသည် နှိပ်စက်အပ်၏၊ ချမ်းသာ မဖက် သက်သက်သော ဤဒုက္ခအစု၏ အဆုံးကို ပြုနိုင်ကောင်းတန်ရာ၏"ဟု (နှလုံးပြု၍) သဒ္ဓါတရားဖြင့် အိမ်ရာထောင်သော ဘဝမှ အိမ်ရာမထောင်သော ဘဝသို့ ဝင်ရောက် ရဟန်းပြု၏။ ထိုသို့ ဝင်ရောက် ရဟန်းပြုသူကို သီတင်း သုံးဖော်တို့က "သင်သည် ဤသည်ကို ခဲရမည်၊ ဤသည်ကို မခဲရ၊ ဤသည်ကို စားရမည်၊ ဤသည်ကို မစားရ၊ ဤသည်ကို လျက်ရမည်၊ ဤသည်ကို မလျက်ရ၊ ဤသည်ကို သောက်ရမည်၊ ဤသည်ကို မသောက်ရ၊ သင်သည် အပ်သည်ကိုသာ ခဲရမည်၊ မအပ်သည်ကို မခဲရ၊ အပ်သည်ကိုသာ စားရမည် မအပ်သည်ကို မစားရ၊ အပ်သည်ကိုသာ လျက်ရမည် မအပ်သည်ကို မလျက်ရ၊ အပ်သည်ကိုသာ သောက်ရမည်၊ မအပ်သည်ကို မသောက်ရ၊ သင်သည် နံနက်အခါ၌သာ ခဲရမည်၊ မွန်းလွဲအခါ၌ မခဲရ၊ နံနက်အခါ၌သာ စားရမည်၊ မွန်းလွဲအခါ၌ မစားရ၊ နံနက်အခါ၌သာ လျက်ရမည်၊ မွန်းလွဲအခါ၌ မလျက်ရ၊ နံနက်အခါ၌သာ သောက်ရမည်၊ မွန်းလွဲအခါ၌ မသောက်ရ"ဟု သွန်သင်ကုန်၏၊ ဆုံးမကုန်၏။ ထိုရဟန်းအား ဤသို့ အကြံသည် ဖြစ်၏ "ငါတို့သည် ရှေးလူဖြစ်စဉ်က အလိုရှိသည်ကိုသာ ခဲကုန်၏၊ အလိုမရှိသည်ကို မခဲကုန်၊ အလိုရှိသည်ကိုသာ စားကုန်၏၊ အလိုမရှိသည်ကို မစားကုန်၊ အလိုရှိသည်ကိုသာ လျက်ကုန်၏၊ အလိုမရှိသည်ကို မလျက်ကုန်၊ အလိုရှိသည်ကိုသာ သောက်ကုန်၏၊ အလိုမရှိသည်ကို မသောက်ကုန်၊ အပ်သည်ကိုလည်း ခဲကုန်၏၊ မအပ်သည်ကိုလည်း ခဲကုန်၏၊ အပ်သည်ကိုလည်း စားကုန်၏၊ မအပ်သည်ကိုလည်း စားကုန်၏၊ အပ်သည်ကိုလည်း လျက်ကုန်၏၊ မအပ်သည်ကိုလည်း လျက်ကုန်၏၊ အပ်သည်ကိုလည်းသောက်ကုန်၏၊ မအပ်သည်ကိုလည်း သောက်ကုန်၏၊ နံနက်အခါ၌လည်း ခဲကုန်၏၊ မွန်းလွဲအခါ၌လည်း ခဲကုန်၏၊ နံနက်အခါ၌လည်း စားကုန်၏၊ မွန်းလွဲအခါ၌လည်း စားကုန်၏၊ နံနက်အခါ၌လည်း လျက်ကုန်၏၊ မွန်းလွဲအခါ၌လည်း လျက်ကုန်၏၊ နံနက်အခါ၌လည်း သောက်ကုန်၏၊ မွန်းလွဲအခါ၌လည်း သောက်ကုန်၏၊ သဒ္ဓါရှိသည့် ဒါယကာတို့သည် နေ့၌သော်၎င်း မွန်းလွဲအခါ၌သော်၎င်း မွန်မြတ်သော ခဲဖွယ်ကိုဖြစ်စေ စားဖွယ်ကိုဖြစ်စေ ငါတို့အား ပေးလှူကုန်၏၊ ထိုသို့ ပေးလှူရာ၌သော်လည်း ဤရဟန်းတို့သည်(ငါတို့)ခံတွင်းကို ပိတ်ဆို့ကြကုန်ယောင်တကား"ဟု (အကြံဖြစ်၏)။ ထိုရဟန်းသည် အမျက်ထွက်သည်ဖြစ်၍ စိတ်မချမ်းမြေ့သည် ဖြစ်၍ သိက္ခာချလျက် လူထွက်၏၊ ရဟန်းတို့ ဤရဟန်းကို မိကျောင်းဘေးကို ကြောက်သဖြင့် သိက္ခာချလျက် လူထွက်သော ရဟန်းဟု ဆိုအပ်၏။ ရဟန်းတို့ "မိကျောင်းဘေးဟူ"သော ဤအမည်သည် ဝမ်းစာ ရှာမှီးခြင်း၏ အမည်တည်း။ ရဟန်းတို့ ဤသည်ကို မိကျောင်းဘေးဟု ဆိုအပ်၏။

ရဟန်းတို့ ဝဲဘေးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားသည် "ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သို့ သက်ဝင်ရ၏၊ ဆင်းရဲသို့ သက်ဝင်ရ၏၊ ဆင်းရဲသည် နှိပ်စက်အပ်၏၊ ချမ်းသာ မဖက် သက်သက်သော ဤဒုက္ခအစု၏ အဆုံးကို ပြုနိုင်ကောင်းတန်ရာ၏"ဟု (နှလုံးပြု၍)သဒ္ဓါတရားဖြင့် အိမ်ရာထောင်သော ဘဝမှ အိမ်ရာမထောင်သော ဘဝသို့ ဝင်ရောက် ရဟန်းပြု၏။ ထိုသူသည် ဤသို့ ရဟန်းပြုပြီးသော် နံနက်အချိန်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ ဖြစ်စေ မစောင့်စည်းအပ်သည်သာ ဖြစ်သော ကိုယ် နှုတ် စိတ်ဖြင့် မထင်သော သတိ ဖပိတ်ဆို့သော ဣန္ဒြေတို့ဖြင့် ဆွမ်းခံဝင်၏။ ထိုရဟန်းသည် ထိုရွာ

http://www.dhammadownload.com



နိဂုံး၌ ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ မွေ့လျော်သော သူကြွယ်ကိုငင်း သူကြွယ်သား ကိုငင်း မြင်၏။ ထိုရဟန်းအား ဤသို့ အကြံသည်ဖြစ်၏ "ငါတို့သည် ရှေးလူဖြစ်စဉ်က ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ မွေ့လျော်ရကုန်၏၊ ငါ၏အိမ်၌ စည်းစိမ်တို့သည် ရှိကုန်၏၊ စည်းစိမ် ခံစားရန်ငင်း ကောင်းမှုပြုရန်ငင်း စွမ်းနိုင်ပါ၏၊ အကယ်၍ ငါသည် သိက္ခာချလျက် လူထွက်ပြီးလျှင် စည်းစိမ်တို့ကိုလည်း ခံစား ကောင်းမှုတို့ကိုလည်း ပြုရပါမူကား ကောင်းပေလိမ့်မည်" ဟု (အကြံ ဖြစ်၏)။ ထိုရဟန်းသည် သိက္ခာချလျက် လူထွက်၏၊ ရဟန်းတို့ ဤရဟန်းကို ဝဲဘေးကို ကြောက်သောကြောင့် သိက္ခာချလျက် လူထွက်သော ရဟန်းဟု ဆိုအပ်၏။ ရဟန်းတို့ "ဝဲဘေး" ဟူသော ဤအမည်သည် ကာမဂုဏ် ငါးပါးတို့၏ အမည်တည်း။ ရဟန်းတို့ ဤသည်ကို ဝဲဘေးဟု ဆိုအပ်၏။

ရဟန်းတို့ လင်းပိုင် 'လပိုင်'ဘေးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အချို့ သော အမျိုးကောင်းသားသည် "ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သို့ သက်ဝင်ရ၏၊ ဆင်းရဲသို့ သက်ဝင်ရ၏၊ ဆင်းရဲသည် နှိပ်စက်အပ်၏၊ ချမ်းသာမဖက် သက်သက်သော ဤဒုက္ခအစု၏ အဆုံးကို ပြုနိုင်ကောင်း တန်ရာ၏" ဟု (နှလုံးပြု၍) သဒ္ဓါတရားဖြင့် အိမ်ရာထောင်သောဘဝမှ အိမ်ရာမထောင်သောဘဝသို့ ဝင်ရောက် ရဟန်းပြု၏။ ထိုသူသည် ဤသို့ ရဟန်းပြုပြီးသော် နံနက်အချိန်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ မစောင့်စည်းအပ်သည်သာ ဖြစ်သော ကိုယ် နှုတ် စိတ်ဖြင့် မထင်သော သတိ မပိတ်ဆို့သော ဣန္ဒြေတို့ဖြင့် ဆွမ်းခံဝင်၏။ ထိုရဟန်းသည် ထိုရွာနိဂုံး၌ မလုံမခြုံ ဝတ်ဆင်သော မာတုဂါမကို မြင်၍ တပ်မက်ခြင်း 'ရာဂ' သည် ထိုရဟန်း၏ စိတ်ကို ဖျက်ဆီး၏၊ ထိုရဟန်းသည် ရာဂဖျက်ဆီးသော စိတ်ဖြင့် သိက္ခာချလျက် လူထွက်၏။ ရဟန်းတို့ ဤရဟန်းကို လင်းပိုင် 'လပိုင်' ဘေးကို ကြောက်သဖြင့် သိက္ခာချလျက် လူထွက်သော ရဟန်း ဟု ဆိုအပ်၏။ ရဟန်းတို့ "လင်းပိုင် 'လပိုင်' ဘေး" ဟူသော ဤအမည်သည် မာတုဂါမ၏ အမည်တည်း။ ရဟန်းတို့ ဤသည်ကို လင်းပိုင်'လပိုင်'ဘေး ဟု ဆိုအပ်၏။ ရဟန်းတို့ ဤဓမ္မဝိနယ 'သာသနာတော်'၌ အိမ်ရာထောင်သော ဘဝမှ အိမ်ရာမထောင်သောဘဝသို့ ဝင်ရောက်ရဟန်းပြုသော အချို့သော အမျိုးကောင်းသားအား မချွတ်တွေ့ကြုံရမည့် ဘေးတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပဌမ နာနာကရဏသုတ်

၁၂၃။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကာမတို့မှ ဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ် ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏၊ ထိုပုဂ္ဂိုလ်သည် ထို ပဌမစျာန်ကို သာယာ၏၊

http://www.dhammadownload.com



ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုပဌမစျာန်၌ တည်သည် ဖြစ်၍ ထိုပဌမစျာန်ကို နှလုံးသွင်းသည် ဖြစ်၍ ထိုပဌမ စျာန်ဖြင့် အကြိမ်များစွာ နေလေ့ရှိသည်ဖြစ်၍ မယုတ်သော စျာန်ရှိသည်ဖြစ်၍ သေခြင်းကိုပြုသော် ပဌမစျာန်ဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏။ ရဟန်းတို့ (ပဌမစျာန်ဘုံ၌ ဖြစ်ကုန်သော) ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်သည်(အသင်္ချေယျ)တကပ်ဖြစ်၏၊ ထိုပဌမစျာန်ဘုံ၌ ပုထုဇဉ်သည် အသက် အပိုင်း အခြားရှိသလောက် တည်နေ၍ ထိုဗြဟ္မာတို့၏ အသက် အတိုင်းအရှည်ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ငရဲသို့လည်း ရောက်၏၊ တိရစ္ဆာန်အမျိုးသို့လည်း ရောက်၏၊ ပြိတ္တာဘုံသို့လည်း ရောက်၏၊ မြတ်စွာဘုရား တပည့်သည်ကား ထိုဗြဟ္မာ့ဘုံ၌ အသက်အပိုင်းအခြား ရှိသလောက်တည်၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ထိုဗြဟ္မာ့ဘုံ၌ပင်လျှင် ပရိနိဗ္ဗာန် ပြု၏။ ရဟန်းတို့ ဤလားရာ 'ဂတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'၏ ရှိခြင်း မရှိခြင်းသည်ပင် အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အကြားအမြင်ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသော အမှုအရာတည်း၊ ဤသည်ပင် ကွဲလွဲခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုဒုတိယစျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထို ဒုတိယစျာန်၌ တည်သည်ဖြစ်၍ ထို ဒုတိယစျာန်ဖြင့် အကြိမ်များစွာ နေလေ့ ရှိသည် ဖြစ်၍ မယုတ်သောစျာန် ရှိသည်ဖြစ်၍ သေခြင်းကို ပြုသော် အာဘဿရဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ အာဘဿရဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက်အတိုင်း အရှည်သည် (မဟာကပ်) နှစ်ကပ်တို့ ဖြစ်ကုန်၏၊ ထိုအာဘဿရဘုံ၌ ပုထုဇဉ်သည် အသက်အပိုင်းအခြား ရှိသလောက် တည်နေ၍ ထို ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ငရဲသို့လည်း ရောက်၏၊ တိရစ္ဆာန်မျိုးသို့လည်း ရောက်၏၊ ပြိတ္တာဘုံသို့လည်း ရောက်၏၊ မြတ်စွာဘုရား၏ တပည့်သည်ကား ထိုဗြဟ္မာ့ဘုံ၌ အသက်အပိုင်းအခြားရှိသလောက် တည်၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ထိုဗြဟ္မာ့ဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်ပြု၏။ ရဟန်းတို့ ဤလားရာ 'ဂတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'၏ ရှိခြင်း မရှိခြင်းသည်ပင် အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အကြားအမြင် ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသော အမှုအရာတည်း၊ ဤသည်ပင် ကွဲလွဲခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ လျစ်လျူရှုသျက် နေ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြား ကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထို (တတိယ) စျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုတတိယစျာန်၌ တည်သည်

http://www.dhammadownload.com



ဖြစ်၍ ထိုတတိယစျာန်ကို နှလုံးသွင်းသည်ဖြစ်၍ ထိုတတိယစျာန်ဖြင့် အကြိမ်များစွာ နေလေ့ရှိသည် ဖြစ်၍ မယုတ်သော စျာန် ရှိသည် ဖြစ်၍ သေခြင်းကို ပြုသော် သုဘကိဏှဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ သုဘကိဏှဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက် အတိုင်း အရှည်သည် (မဟာကပ်)လေးကပ်ဖြစ်၏၊ ထိုသုဘကိဏှဘုံ၌ ပုထုဇဉ်သည် အသက်အပိုင်း အခြားရှိသလောက် တည်နေ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှ အလုံးစုံကို ကုန်စေ ပြီးလျှင် ငရဲသို့လည်း ရောက်၏၊ တိရစ္ဆာန်မျိုးသို့လည်း ရောက်၏၊ ပြိတ္တာဘုံသို့လည်း ရောက်၏၊ မြတ်စွာဘုရား၏ တပည့်သည်ကား ထို သုဘကိဏှဘုံ၌ အသက်အပိုင်းအခြားရှိသလောက် တည်နေ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ထိုသုဘကိဏှဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၏။ ရဟန်းတို့ ဤလားရာ 'ဂတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'၏ ရှိခြင်း မရှိခြင်းသည်ပင် အကြား အမြင်မရှိသော ပုထုဇဉ်နှင့် အကြားအမြင်ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသော အမူအရာတည်း၊ ဤသည်ပင် ကွဲလွဲခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးစွာကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲ ချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထို (စတုတ္ထ)စျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုစတုတ္ထစျာန်၌ တည်သည်ဖြစ်၍ ထို စတုတ္ထ စျာန်ကို နှလုံးသွင်းသည် ဖြစ်၍ ထို စတုတ္ထစျာန်ဖြင့် အကြိမ်များစွာ နေလေ့ရှိသည် ဖြစ်၍ မယုတ်သော စျာန်ရှိသည် ဖြစ်၍ သေခြင်းကို ပြုသော် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ အသက်အတိုင်း အရှည်သည် မဟာကပ်ငါးရာဖြစ်၏၊ ထိုဝေဟပ္ဖိုလ်ဘုံ၌ ပုထုဇဉ်သည် အသက်အပိုင်းအခြား ရှိသလောက် တည်နေ၍ ထိုဗြဟ္မာတို့၏ အသက် အတိုင်းအရှည်ရှိသမျှ အလုံးစုံကို ကုန်စေ၍ ငရဲသို့လည်း ရောက်၏၊ တိရစ္ဆာန်မျိုးသို့လည်း ရောက်၏၊ ပြိတ္တာဘုံသို့လည်း ရောက်၏၊ မြတ်စွာ ဘုရား၏ တပည့်သည်ကား ထိုဝေဟပ္ဖိုလ်ဘုံ၌ အသက်အပိုင်းအခြား ရှိသလောက် တည်နေ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ထိုဝေဟပ္ဖိုလ်ဘုံ၌ပင် ပရိနိဗ္ဗာန် ပြု၏။ ရဟန်းတို့ ဤလားရာ 'ဂတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'၏ ရှိခြင်း မရှိခြင်းသည်ပင် အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အကြားအမြင်ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသော အမူအရာတည်း၊ ဤသည်ပင် ကွဲလွဲခြင်းတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ နာနာကရဏသုတ်

၁၂၄။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကာမတို့မှ ဆိတ်၍

http://www.dhammadownload.com



သာလျှင်။ပ။ ပဉ္စမဈာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုပဉ္စမဈာန်ဘုံ၌ရှိသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို အမြဲမရှိသော အားဖြင့် ဆင်းရဲသော အားဖြင့် ရောဂါနှင့် တူသော အားဖြင့် အိုင်းအမာနှင့်တူသော အားဖြင့် ငြောင့်နှင့်တူသော အားဖြင့် ဆင်းရဲကို ဖြစ်စေတတ်သော အားဖြင့် အနာနှင့်တူသော အားဖြင့် သူစိမ်းပြင်ပနှင့်တူသော အားဖြင့် ပျက်စီးစေတတ်သော သဘောအားဖြင့်(သတ္တ ဇီဝမှ)ဆိတ်သုဉ်းသော အားဖြင့် အတ္တမဟုတ်သော အားဖြင့် ဉာဏ်ဖြင့် ကောင်းစွာရှု၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော ပြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ ဤသုဒ္ဓါဝါသဘုံ၌ ဖြစ်ရခြင်းသည် ပုထုဇဉ်တို့နှင့် မဆက်ဆံ။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သောသူသည် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် စတုတ္ထဈာန်ဘုံ၌ ရှိသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို အမြဲမရှိသော အားဖြင့် ဆင်းရဲသော အားဖြင့် ရောဂါနှင့်တူသောအားဖြင့် အိုင်းအမာနှင့်တူသော အားဖြင့် ငြောင့်နှင့် တူသောအားဖြင့် ဆင်းရဲကို ဖြစ်စေတတ်သောအားဖြင့် အနာနှင့်တူသော အားဖြင့် သူစိမ်းပြင်ပနှင့် တူသော အားဖြင့် ပျက်စီးစေတတ်သော သဘောအားဖြင့်(သတ္တ ဇီဝမှ)ဆိတ်သုဉ်းသော အားဖြင့် အတ္တမဟုတ်သော အားဖြင့် ဉာဏ်ဖြင့် ကောင်းစွာ ရှု၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော ပြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏။ ရဟန်းတို့ ဤသုဒ္ဓါဝါသဘုံ၌ ဖြစ်ရခြင်းသည် ပုထုဇဉ်တို့နှင့် မဆက်ဆံ။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဉ္စမ မေတ္တာသုတ်

၁၂၅။ ရဟန်းတို့ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်ကို။ သုံးခုမြောက်သော အရပ်ကို။ လေးခုမြောက်သော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်း အားဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ထိုပုဂ္ဂိုလ်သည် ထို(မေတ္တာ)ဈာန်ကို သာယာ၏၊ ထိုမေတ္တာဈာန်ကို အလိုရှိ၏၊ ထိုမေတ္တာဈာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုမေတ္တာဈာန်၌ ဂတည်သည်ဖြစ်၍ ထိုမေတ္တာဈာန်ကို နှလုံးသွင်းသည် ဖြစ်၍ ထိုမေတ္တာဈာန်ဖြင့် အကြိမ်များစွာ နေလေ့ရှိသည်ဖြစ်၍ မယုတ်သော ဈာန်ရှိသည်ဖြစ်၍ သေခြင်းကို ပြုသော် ပဉ္စမဈာန်ဘုံ၌ ပြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏။ ရဟန်းတို့ (ပဉ္စမဈာန်ဘုံ) ပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည်(မဟာကပ်)တကပ်ဖြစ်၏၊ ထိုပဉ္စမဈာန်ဘုံ၌ ပုထုဇဉ်သည် အသက်အပိုင်းအခြား ရှိသလောက် တည်နေ၍ ထိုပြဟ္မာတို့၏ အသက် အတိုင်းအရှည် ရှိသမျှအလုံးစုံကို ကုန်စေပြီးလျှင်

http://www.dhammadownload.com



ရဲဘုံသို့လည်း ရောက်၏၊ တိရစ္ဆာန်မျိုးသို့လည်း ရောက်၏၊ ပြိတ္တာဘုံသို့လည်း ရောက်၏၊ မြတ်စွာဘုရား၏ တပည့်သည်ကား ထိုဘုံ၌ အသက်အပိုင်းအခြား ရှိသလောက် တည်နေ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည် ရှိသမျှအလုံးစုံကို ကုန်စေပြီးလျှင် ထိုဗြဟ္မာ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၏။ ရဟန်းတို့ ဤလားရာ 'ဂတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'၏ ရှိခြင်း မရှိခြင်းသည်ပင် အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အကြားအမြင် ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသော အမူအရာတည်း၊ ဤသည်ပင် ကွဲလွဲခြင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကရုဏာနှင့် ယှဉ်သော စိတ်ဖြင့်။ပ။ မုဒိတာနှင့် ယှဉ်သော စိတ်ဖြင့်။ပ။ ဥပေက္ခာနှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက် အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြ မရှိသော ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထို(ဥပေက္ခာ)စျာန်ကို သာယာ၏၊ ထိုဥပေက္ခာစျာန်ကို အလိုရှိ၏၊ ထိုဥပေက္ခာစျာန်ဖြင့်လည်း နှစ်သက်ခြင်းသို့ ရောက်၏၊ ထိုဥပေက္ခာစျာန်၌ တည်သည်ဖြစ်၍ ထိုဥပေက္ခာစျာန်ကို နှလုံးသွင်းသည်ဖြစ်၍ ထိုဥပေက္ခာစျာန်၌ အကြိမ်များစွာ နေသည်ဖြစ်၍ ထို ဥပေက္ခာစျာန်မှ မယုတ်သည် ဖြစ်၍ သေခြင်းကို ပြုသော် အာဘဿရာဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏။ ရဟန်းတို့ အာဘဿရာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်သည် (မဟာကပ်)နှစ်ကပ် ဖြစ်၏။ပ။ သုဘကိဏှာဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏။ ရဟန်းတို့ သုဘကိဏှာဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်သည် (မဟာကပ်)လေးကပ် ဖြစ်၏။ပ။ ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်သော ဗြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏။ ရဟန်းတို့ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် မဟာကပ် ငါးရာဖြစ်၏။ ထိုဝေဟပ္ဖိုလ်ဘုံ၌ ပုထုဇဉ်သည် အသက်အပိုင်းအခြား ရှိသလောက် တည်နေ၍ ထို ဗြဟ္မာတို့၏ အသက်အတိုင်းအရှည် ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ငရဲသို့လည်း ရောက်၏၊ တိရစ္ဆာန်မျိုးသို့လည်း ရောက်၏၊ ပြိတ္တာဘုံသို့လည်း ရောက်၏၊ မြတ်စွာဘုရား၏ တပည့်သည်ကား ထိုဝေဟပ္ဖိုလ်ဘုံ၌ အသက်အပိုင်းအခြား ရှိသလောက် တည်နေ၍ ထိုဗြဟ္မာတို့၏ အသက်အတိုင်း အရှည်ရှိသမျှ အလုံးစုံကို ကုန်စေပြီးလျှင် ထိုဝေဟပ္ဖိုလ်ဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၏။ရဟန်းတို့ ဤလားရာ 'ဂတိ'ဖြစ်ခြင်း 'ပဋိသန္ဓေ'၏ ရှိခြင်း မရှိခြင်းသည်ပင် အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အကြား အမြင်ရှိသော အရိယာသာဝက၏ အထူးတည်း၊ ဤသည်ပင် လွန်ကဲသော အမူအရာတည်း၊ ဤသည်ပင် ကွဲလွဲခြင်းတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ မေတ္တာသုတ်

၁၂၆။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့်

http://www.dhammadownload.com



တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထိုအတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်အတူ ပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ထိုပုဂ္ဂိုလ်သည် ထိုဘုံ၌ ရှိသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို အမြဲမရှိသော အားဖြင့် ဆင်းရဲသော အားဖြင့် ရောဂါနှင့်တူသော အားဖြင့် အိုင်းအမာနှင့်တူသော အားဖြင့် ငြောင့်နှင့်တူသော အားဖြင့် ဆင်းရဲကို ဖြစ်စေသော အားဖြင့် အနာနှင့် တူသော အားဖြင့် သူစိမ်းပြင်ပနှင့် တူသော အားဖြင့် ပျက်စီးတတ်သော အားဖြင့်(သတ္တ ဇီဝမှ)ဆိတ်သုဉ်းသော အားဖြင့် အတ္တမဟုတ်သော အားဖြင့် ဉာဏ်ဖြင့် ကောင်းစွာ ရှု၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ သုဒ္ဓါဝါသဘုံ၌ ဖြစ်သော ပြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏၊ ရဟန်းတို့ ဤသုဒ္ဓါဝါသဘုံ၌ ဖြစ်ခြင်းသည် ပုထုဇဉ်တို့နှင့် မဆက်ဆံ။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကရုဏာနှင့်ယှဉ်သော စိတ်ဖြင့်။ပ။ မုဒိတာနှင့် ယှဉ်သောစိတ်ဖြင့်။ပ။ ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထိုအတူ နှစ်ခုမြောက် အရပ်ကို။သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုဘုံ၌ရှိသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို အမြဲမရှိသောအားဖြင့် ဆင်းရဲသော အားဖြင့် ရောဂါနှင့် တူသော အားဖြင့် အိုင်းအမာနှင့် တူသော အားဖြင့် ငြောင့်နှင့် တူသော အားဖြင့် ဆင်းရဲကို ဖြစ်စေသော အားဖြင့် အနာနှင့် တူသောအားဖြင့် သူစိမ်းပြင်ပနှင့် တူသော အားဖြင့် ပျက်စီးတတ်သော အားဖြင့် (သတ္တ ဇီဝမှ)ဆိတ်သုဉ်းသောအားဖြင့် အတ္တ မဟုတ်သောအားဖြင့် ကောင်းစွာ ရှု၏၊ ထိုပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ သုဒ္ဓါဝါသဘုံ၌ ဖြစ်သော ပြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏။ ရဟန်းတို့ ဤသုဒ္ဓါဝါသဘုံ၌ ဖြစ်ခြင်းသည် ပုထုဇဉ်တို့နှင့် မဆက်ဆံ။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ တထာဂတအစ္ဆရိယသုတ်

၁၂၇။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရား လေးမျိုးတို့သည် ထင်ရှား ဖြစ်ပေါ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ အောက်မေ့မှု သတိ ဆင်ခြင်ဉာဏ် သမ္ပဇဉ် ရှိသည်ဖြစ်၍ မယ်တော်ဝမ်းသို့ သက်သောအခါ နတ် မာရ်နတ် ပြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏပြာဟ္မဏ မင်းများ လူများနှင့် တကွသော လူလောက၌ မနှိုင်းရှည့်

http://www.dhammadownload.com



နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော်(အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏၊ ဟင်းလင်းဖြစ်ကုန်သော ထောက်တည်ရာ မရှိကုန်သော မိုက်ကုန်သော မှောင်မိုက်ကုန်သော အကြင်လောကန္တရိက် (ငရဲ)တို့သည် ရှိကုန်၏၊ ယင်း(ငရဲ)တို့၌ တန်ခိုးအာနုဘော် ကြီးကုန်သော ဤလနေတို့ သော်လည်း ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို(ငရဲ) တို့၌လည်း မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော်(အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။ ထို(ငရဲ)တို့၌ ဖြစ်နေကြသော သတ္တဝါတို့သည်လည်း "အချင်းတို့ ဤ(ငရဲ)၌ ကျရောက်ကုန်သော တပါးသော သတ္တဝါတို့သည်လည်း ရှိကြပါသေးတကား"ဟု ထိုအလင်းရောင်ဖြင့် အချင်းချင်း သိမြင်ကုန်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ပဌမ ဤအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်သော သဘောသည် ထင်ရှား ဖြစ်ပေါ်၏။

ရဟန်းတို့ နောက်တမျိုးကား ဘုရားလောင်းသည် အောက်မေ့မှု သတိဆင်ခြင်ဉာဏ် သမ္ပဇဉ် ရှိသည်ဖြစ်၍ မယ်တော်ဝမ်းမှ ဖွားမြင်သောအခါ နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော နတ်လောက နှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူလောက၌ မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော် (အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှား ဖြစ်ပေါ်၏၊ ဟင်းလင်း ဖြစ်ကုန်သော ထောက်တည်ရာ မရှိကုန်သော မိုက်ကုန်သော မှောင်မိုက်ကုန်သော အကြင်လောကန္တရိက် (ငရဲ)တို့သည် ရှိကုန်၏၊ ယင်း(ငရဲ)တို့၌ တန်ခိုးအာနုဘော် ကြီးကုန်သော ဤလနေတို့သော်လည်း ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို (ငရဲ)တို့၌လည်း မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော်(အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှား ဖြစ်ပေါ်၏၊ ထိုငရဲတို့၌ ဖြစ်နေကြကုန်သော သတ္တဝါတို့သည်လည်း "အချင်းတို့ ဤ (ငရဲ)၌ ကျရောက် ကုန်သော တပါးသော သတ္တဝါတို့သည်လည်း ရှိကြပါသေးတကား" ဟု ထိုအလင်းရောင်ဖြင့် အချင်း ချင်း သိမြင်ကုန်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့် ဒုတိယ ဤအံ့ဖွယ် သရဲ မဖြစ်ဘူးမြဲဖြစ်သော သဘောသည် ထင်ရှား ဖြစ်ပေါ်၏။

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ် (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)ကို ထိုးထွင်း၍ သိတော်မူသောအခါ နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူလောက၌ မနှိုင်း ရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော် (အလင်းရောင်)ကို ကျော် လွန်၍ ထင်ရှားဖြစ်ပေါ်၏၊ ဟင်းလင်း ဖြစ်ကုန်သော ထောက်တည်ရာ မရှိကုန်သော မိုက်ကုန်သော မှောင်မိုက်ကုန်သော အကြင်လောကန္တရိက်(ငရဲ)တို့သည် ရှိကုန်၏၊ ယင်း(ငရဲ)တို့၌ တန်ခိုးအာနုဘော် ကြီးကုန်သော ဤလနေတို့သော်လည်း ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို(ငရဲ)တို့၌ ဖြစ်နေကြ ကုန်သော သတ္တဝါတို့သည်လည်း "အချင်းတို့ ဤ(ငရဲ)၌ ကျရောက်ကုန်သော တပါးသော သတ္တဝါတို့ သည်လည်း ရှိကြပါသေးတကား" ဟု ထိုအလင်းရောင်ဖြင့် အချင်းချင်း သိမြင်ကုန်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့် တတိယ ဤအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော သဘော သည် ထင်ရှားဖြစ်ပေါ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အတုမရှိသော တရားစကြာကို လည်စေတော်မူသော အခါ၌ နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူလောက၌ မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော် (အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှား ဖြစ်ပေါ်၏၊ ဟင်းလင်း ဖြစ်ကုန်သော ထောက်တည်ရာ မရှိကုန်သော မိုက်ကုန်သော မှောင်မဲကုန်သော အကြင် လောကန္တရိက် ငရဲတို့သည် ရှိကုန်၏၊ ယင်း(ငရဲ)တို့၌ တန်ခိုးအာနုဘော် ကြီးကုန်သော ဤလနေတို့သော်လည်း ထွန်းလင်းခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို(ငရဲ)တို့၌လည်း မနှိုင်းရှည့်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော်(အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှား ဖြစ်ပေါ်၏၊ ထိုငရဲတို့၌ ဖြစ်နေကြကုန်သော သတ္တဝါတို့သည်လည်း "အချင်းတို့ ဤ(ငရဲ)၌ ကျရောက်ကုန်သော တပါးသော သတ္တဝါတို့သည်လည်း ရှိကြပါသေးတကား" ဟု ထိုအလင်းရောင်ဖြင့် အချင်းချင်း သိမြင်ကုန်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် စတုတ္ထ ဤအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော သဘောသည် ထင်ရှားဖြစ်ပေါ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့် အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော ဤသဘောတရား လေးမျိုးတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ တထာဂတအစ္ဆရိယသုတ်

၁၂၈။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော သဘောတရား လေးမျိုးတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ သတ္တဝါအပေါင်းသည် ကပ်ငြိဖွယ် 'ကာမဂုဏ်ငါးပါး'လျှင် မွေ့လျော်ရာရှိ၏၊ ကပ်ငြိဖွယ် 'ကာမဂုဏ်ငါးပါး' ၌ ပျော်ပိုက်၏၊ ကပ်ငြိဖွယ် 'ကာမဂုဏ် ငါးပါး' ၌ ဝမ်းမြောက်တတ်၏၊ ထိုသတ္တဝါအပေါင်းသည် မြတ်စွာဘုရားက မကပ်ငြိကြောင်းတရားကို ဟောအပ်သော် နာခြင်းငှါ အလိုရှိ၏၊ နားထောင်၏၊ သိရန် စိတ်ကို ရှေးရှုထား၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ပဌမ ဤအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော သဘောသည် ထင်ရှားဖြစ်ပေါ်၏။

ရဟန်းတို့ သတ္တဝါအပေါင်းသည် ထောင်လွှားခြင်း 'မာန'လျှင် မွေ့လျော်ရာရှိ၏၊ ထောင်လွှားခြင်း 'မာန'၌ ပျော်ပိုက်တတ်၏၊ ထောင်လွှားခြင်း 'မာန'၌ ဝမ်းမြောက်တတ်၏၊ ထိုသတ္တဝါအပေါင်းသည် မြတ်စွာဘုရားက (ထောင်လွှားခြင်း) မာနပယ်ဖျောက်ကြောင်း တရားကို ဟောအပ်သော် နာခြင်းငှါ အလိုရှိ၏၊ နားထောင်၏၊ သိရန်စိတ်ကို ရှေးရှုထား၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့် ဒုတိယ ဤအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်သောသဘောသည် ထင်ရှား ဖြစ်ပေါ်၏။

http://www.dhammadownload.com



ရဟန်းတို့ သတ္တဝါအပေါင်းသည် မငြိမ်းချမ်းရာ 'တေဘူမိကဝဋ်တရား'လျှင် မွေ့လျော်ရာရှိ၏၊ မငြိမ်းချမ်းရာ 'တေဘူမိက ဝဋ်တရား'၌ ပျော်ပိုက်တတ်၏၊ မငြိမ်းချမ်းရာ 'တေဘူမိကဝဋ်တရား'၌ ဝမ်းမြောက်တတ်၏၊ ထိုသတ္တဝါအပေါင်းသည် မြတ်စွာဘုရားက ငြိမ်းချမ်းကြောင်း တရားကို ဟောသည်ရှိသော် နာခြင်းငှါ အလိုရှိ၏၊ နားထောင်၏၊ သိရန်စိတ်ကို ရှေးရှုထား၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် တတိယ ဤအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော သဘောသည် ထင်ရှား ဖြစ်ပေါ်၏။

ရဟန်းတို့ သတ္တဝါအပေါင်းသည် မသိခြင်း 'အဝိဇ္ဇာ'၌ ဖြစ်၏၊ ဥဩဖွယ်ဖြစ်၏၊ ထက်ဝန်းကျင်မှ မြေးယှက်ခံရ၏၊ ထိုသတ္တဝါအပေါင်းသည် မြတ်စွာဘုရားက အဝိဇ္ဇာ ဖျက်ဆီးကြောင်းတရားကို ဟောအပ်သော် နာခြင်းငှါ အလိုရှိ၏၊ နားထောင်၏၊ သိရန် စိတ်ကို ရှေးရှုထား၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် စတုတ္ထ ဤအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်သော သဘောသည် ထင်ရှားဖြစ်ပေါ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်သော ဤသဘောတရားလေးမျိုးတို့သည် ထင်ရှား ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အာနန္ဒအစ္ဆရိယသုတ်

၁၂၉။ ရဟန်းတို့ အာနန္ဒာ၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ရဟန်းပရိသတ်သည် အာနန္ဒာကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုပရိသတ်၌ အာနန္ဒာသည် တရားဟောအံ့၊ ထိုပရိသတ်သည် ဟောသောတရားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ အာနန္ဒာသည် တရားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ ရဟန်းမိန်းမပရိသတ်သည် အာနန္ဒာကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုပရိသတ်၌ အာနန္ဒာသည် တရားဟောအံ့၊ ထိုပရိသတ်သည် ဟောသောတရားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ အာနန္ဒာသည် တရားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းမိန်းမပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ ဥပါသကာပရိသတ်သည် အာနန္ဒာကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏။ထိုပရိသတ်၌ အာနန္ဒာသည် တရားဟောအံ့၊ ထိုပရိသတ်သည် ဟောသော တရားဖြင့်လည်း နှစ်ခြိုက်၏၊ရဟန်းတို့ အာနန္ဒာသည် တရားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသကာပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ ဥပါသိကာမပရိသတ်သည် အာနန္ဒာကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုပရိသတ်၌ အာနန္ဒာသည် တရားဟောအံ့၊

http://www.dhammadownload.com



ထိုပရိသတ်သည် ဟောသော တရားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ အာနန္ဒာသည် တရားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသိကာမပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။ ရဟန်းတို့ အာနန္ဒာ၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀–စက္ကဝတ္တိအစ္ဆရိယသုတ်

၁၃၀။ ရဟန်းတို့ စကြဝတေးမင်း၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မင်းပရိသတ်သည် စကြဝတေးမင်းကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုမင်း ပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုမင်းပရိသတ်၌ စကြဝတေးမင်းသည် စကားပြောအံ့၊ ထိုပရိသတ်သည် ပြောသော စကားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ ပုဏ္ဏားပရိသတ်သည် စကြဝတေးမင်းကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုပုဏ္ဏားပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုပရိသတ်၌ စကြဝတေးမင်းသည် စကားပြောအံ့၊ ထိုပရိသတ်သည် ပြောသော စကားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ပုဏ္ဏားပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ သူကြွယ်ပရိသတ်သည် စကြဝတေးမင်းကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုသူကြွယ်ပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏။ ထိုပရိသတ်၌ စကြဝတေးမင်းသည် စကား ပြောအံ့၊ ထိုသူကြွယ်ပရိသတ်သည် ပြောသော စကားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် သူကြွယ်ပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ ရဟန်းပရိသတ်သည် စကြဝတေးမင်းကို ကြည့်ရှုရန် အကယ်၍ ချဉ်းကပ်အံ့၊ထိုရဟန်းပရိသတ်သည် ကြည့်ရှုရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုရဟန်းပရိသတ်၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောအံ့၊ ထိုရဟန်းပရိသတ်သည် ပြောသော စကားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။ ရဟန်းတို့ စကြဝတေးမင်း၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ ဤအတူပင်လျှင် အာနန္ဒာ၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ရဟန်းယောကျ်ားပရိသတ်သည် အာနန္ဒာကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုပရိသတ်၌ အာနန္ဒာသည် တရားဟောအံ့၊ ထိုဟောသော တရားဖြင့်လည်း နှစ်ခြိုက်၏။

http://www.dhammadownload.com



ရဟန်းတို့ အာနန္ဒာသည် တရားကို ရှပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ရဟန်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ ရဟန်းမိန်းမပရိသတ်သည်။ပ။ရဟန်းတို့ ဥပါသကာယောကျ်ားပရိသတ်သည်။ပ။ ရဟန်းတို့ ဥပါသိကာမပရိသတ်သည် အာနန္ဒာကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်အံ့၊ ထိုပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ ထိုပရိသတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောအံ့၊ ထိုပရိသတ်သည် ထိုဟောသော တရားဖြင့်လည်း နှစ်ခြိုက်၏။ ရဟန်းတို့ အာနန္ဒာသည် တရားကို ရှပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ဥပါသိကာမပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။ ရဟန်းတို့ အာနန္ဒာ၌ အံ့ဖွယ်သရဲဖြစ်ကုန်သော မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

သုံးခုမြောက် ဘယဝဂ် ပြီး၏။

---

## (၁၄) ၄-ပုဂ္ဂလဝဂ် ၁-သံယောဇနသုတ်

၁၃၁။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤလောက၌ အောက်ပိုင်းသံယောဇဉ်'အနှောင်အဖွဲ့' ပဋိသန္ဓေရကြောင်း သံယောဇဉ်'အနှောင်အဖွဲ့' ဘဝရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့' တို့ကို မပယ်ရသေးသော ပုဂ္ဂိုလ်တမျိုး။

ရဟန်းတို့ ဤလောက၌ အောက်ပိုင်း သံယောဇဉ်'အနှောင်အဖွဲ့'ကိုသာပယ်၍ ပဋိသန္ဓေရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'နှင့် ဘဝရကြောင်း သံယောဇဉ်'အနှောင်အဖွဲ့'တို့ကို မပယ်ရသေးသော ပုဂ္ဂိုလ်တမျိုး။

ရဟန်းတို့ ဤလောက၌ အောက်ပိုင်းသံယောဇဉ် 'အနှောင်အဖွဲ့'နှင့် ပဋိသန္ဓေရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို ပယ်၍ ဘဝရကြောင်း သံယောဇဉ်'အနှောင်အဖွဲ့'တို့ကို မပယ်ရသေးသော ပုဂ္ဂိုလ်တမျိုး။

ရဟန်းတို့ ဤလောက၌ အောက်ပိုင်းသံယောဇဉ် 'အနှောင်အဖွဲ့' ပဋိသန္ဓေရကြောင်း သံယောဇဉ်'အနှောင်အဖွဲ့' ဘဝရကြောင်း သံယောဇဉ်'အနှောင်အဖွဲ့'တို့ကိုပယ်ပြီးသော ပုဂ္ဂိုလ်တမျိုးတို့တည်း။

ရဟန်းတို့ အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ပဋိသန္ဓေရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့' ဘဝရကြောင်းသံယောဇဉ်'အနှောင်အဖွဲ့'တို့ကို မပယ်ရသေးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ သကဒါဂါမိပုဂ္ဂိုလ်ပင်တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အောက်ပိုင်း သံယောဇဉ် 'အနှောင်အဖွဲ့' ပဋိသန္ဓေရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့' ဘဝ ရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို မပယ်ရသေး။

http://www.dhammadownload.com



ရဟန်းတို့ အောက်ပိုင်းသံယောဇဉ် 'အနှောင်အဖွဲ့'တို့ကိုသာ ပယ်၍ ပဋိသန္ဓေ ရကြောင်း သံယောဇဉ်'အနှောင်အဖွဲ့' ဘဝရကြောင်းသံယောဇဉ်'အနှောင်အဖွဲ့'တို့ကို မပယ်ရသေးသောပုဂ္ဂိုလ် ဟူသည် အဘယ်နည်း၊ ဥဒ္ဓံ သောတ အကနိဋ္ဌဂါမီ[၁] (အနာဂါမ်)ပုဂ္ဂိုလ်ပင်တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်'အနှောင်အဖွဲ့'တို့ကို ပယ်၍ ပဋိသန္ဓေရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'နှင့် ဘဝရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို မပယ်ရသေး။

ရဟန်းတို့ အောက်ပိုင်းသံယောဇဉ်'အနှောင်အဖွဲ့'နှင့် ပဋိသန္ဓေရကြောင်း သံယောဇဉ်'အနှောင် အဖွဲ့'တို့ကို ပယ်၍ ဘဝရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို မပယ်ရသေးသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အန္တရာပရိနိဗ္ဗာယီ[၂] (အနာဂါမ်) ပုဂ္ဂိုလ်ပင်တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်'အနှောင်အဖွဲ့' ပဋိသန္ဓေရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို ပယ်၍ ဘဝရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို မပယ်ရသေး။

ရဟန်းတို့ အောက်ပိုင်း သံယောဇဉ်'အနှောင်အဖွဲ့'ပဋိသန္ဓေရကြောင်း သံယောဇဉ် 'အနှောင် အဖွဲ့' ဘဝရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို ပယ်ပြီး ပုဂ္ဂိုလ် ဟူသည် အဘယ်နည်း၊ ရဟန္တာပုဂ္ဂိုလ်ပင်တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ် 'အနှောင်အဖွဲ့'ပဋိသန္ဓေ ရကြောင်း သံယောဇဉ် 'အနှောင်အဖွဲ့' ဘဝရကြောင်းသံယောဇဉ် 'အနှောင်အဖွဲ့'တို့ကို ပယ်ပြီး ဖြစ်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဋိဘာနသုတ်

၁၃၂။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့ နည်းဟူမူ—အသင့်ကိုသာ ဖြေဆိုတတ်၍ လျင်စွာ မဖြေဆိုဘဲသော ပုဂ္ဂိုလ်၊ လျင်စွာသာ ဖြေဆို တတ်၍ အသင့်ကို မဖြေဆိုဘဲသော ပုဂ္ဂိုလ်၊ လျင်စွာလည်း ဖြေဆိုတတ် အသင့်လည်းဖြေဆို တတ်သောပုဂ္ဂိုလ်၊ အသင့်လည်း မဖြေဆိုတတ် လျင်စွာလည်း မဖြေဆိုတတ်သော ပုဂ္ဂိုလ် တို့တည်း။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဥဂ္ဃဋိတညူသုတ်

၁၃၃။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်လေးမျိုး တို့နည်းဟူမူ—အကျဉ်းပြကာမျှဖြင့် (တရားကို)သိသော (ဥဂ္ဃဋိတညူ) ပုဂ္ဂိုလ်၊ အကျယ်ပြမှ (တရားကို)သိသော (ဝိပဉ္စိတညူ)ပုဂ္ဂိုလ်၊ (ဥဒ္ဒေသစသည်ကို)ဆောင်၍ပြမှ (တရားကို)သိသော

---

၁-ဥဒ္ဓံသောတအကနိဋ္ဌဂါမီဟူသည် အထက်၌ ရလတ္တံ့သော အရိယာမဂ်တည်းဟူသော သောတရှိသော အကနိဋ္ဌဘုံသို့ သွားမည့် အနာဂါမ် ပုဂ္ဂိုလ်တည်း။

၂-အန္တရာပရိနိဗ္ဗာယီဟူသည် အသက်အပိုင်းအခြား အလယ်၌ ပရိနိဗ္ဗာန် ပြုမည့် အနာဂါမ်ပုဂ္ဂိုလ်တည်း။

http://www.dhammadownload.com



(နေယျ)ပုဂ္ဂိုလ်၊ ပုဒ်မျှသာ အတိုင်းအရှည် ရှိသော(တရားနာယူရုံမျှသာ ဖြစ်၍ ဤဘဝ ဈာန် မဂ် ဖိုလ်ကို မရထိုက်သော ပဒပရမ)ပုဂ္ဂိုလ်တို့တည်း။ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဥဋ္ဌာနဖလသုတ်

၁၃၄။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုး တို့နည်းဟူမူ—ထကြွလုံ့လ၏ အကျိုးကိုသာမှီ၍ အသက်မွေးလျက် ကံ၏ အကျိုးကို မှီ၍ အသက် မမွေးသော ပုဂ္ဂိုလ်၊ ကံ၏ အကျိုးကိုသာမှီ၍ အသက်မွေးလျက် ထကြွလုံ့လ၏ အကျိုးကို မှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်၊ ထကြွလုံ့လ၏ အကျိုးကိုမှီ၍လည်း အသက်မွေး ကံ၏ အကျိုးကို မှီ၍ လည်း အသက်မွေးသောပုဂ္ဂိုလ်၊ ထကြွလုံ့လ၏ အကျိုးကို မှီ၍လည်း အသက်မမွေး ကံ၏ အကျိုးကို မှီ၍လည်း အသက်မမွေးသော ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သာဝဇ္ဇသုတ်

၁၃၅။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုး တို့နည်းဟူမူ—အပြစ်ရှိသောပုဂ္ဂိုလ်၊ အပြစ်များသောပုဂ္ဂိုလ်၊ အပြစ်နည်းသောပုဂ္ဂိုလ်၊အပြစ်မရှိသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အပြစ်ရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်ရှိသော ကာယကံနှင့်ပြည့်စုံ၏၊ အပြစ်ရှိသော ဝစီကံနှင့်ပြည့်စုံ၏၊ အပြစ်ရှိသော မနောကံနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အပြစ်များသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့ သော ပုဂ္ဂိုလ်သည် အပြစ်ရှိသော ကာယကံနှင့် ပြည့်စုံသည်က များ၏၊ အပြစ်မရှိသော ကာယကံ နှင့် ပြည့်စုံသည်ကား အနည်းငယ်သာတည်း။ အပြစ်ရှိသော ဝစီကံနှင့် ပြည့်စုံသည်က များ၏၊ အပြစ်မရှိသော ဝစီကံနှင့် ပြည့်စုံသည်ကား အနည်းငယ်သာတည်း။ အပြစ်ရှိသော မနောကံနှင့် ပြည့်စုံသည်က များ၏၊ အပြစ်မရှိသော မနောကံနှင့် ပြည့်စုံသည်ကား အနည်းငယ်သာတည်း။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်များ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အပြစ်နည်းသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့ သော ပုဂ္ဂိုလ်သည် အပြစ်မရှိသော ကာယကံနှင့် ပြည့်စုံသည်က များ၏၊ အပြစ်ရှိသော ကာယကံ နှင့် ပြည့်စုံသည်ကား အနည်းငယ်သာတည်း။ အပြစ်မရှိသော ဝစီကံနှင့် ပြည့်စုံသည်က များ၏၊ အပြစ်ရှိသော ဝစီကံနှင့် ပြည့်စုံသည်ကား အနည်းငယ်သာတည်း။ အပြစ်မရှိသော မနောကံနှင့် ပြည့်စုံသည်က များ၏၊ အပြစ်ရှိသော မနောကံနှင့် ပြည့်စုံသည်ကား အနည်းငယ်သာတည်း။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်နည်း၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အပြစ်မရှိသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်မရှိသော ကာယကံနှင့် ပြည့်စုံ၏၊ အပြစ်မရှိသော ဝစီကံနှင့် ပြည့်စုံ၏၊ အပြစ်မရှိသော မနောကံနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်မရှိ။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ပဌမ သီလသုတ်

၁၃၆။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ သီလ သမာဓိ ပညာတို့၌ ဖြည့်ကျင့်လေ့မရှိသော ပုဂ္ဂိုလ်တမျိုး။ ရဟန်းတို့ ဤလောက၌ သီလကိုသာ ဖြည့်ကျင့်လေ့ ရှိ၍ သမာဓိနှင့် ပညာတို့၌ ဖြည့်ကျင့်လေ့မရှိသော ပုဂ္ဂိုလ်တမျိုး။ ရဟန်းတို့ ဤလောက၌ သီလ သမာဓိတို့၌ ဖြည့်ကျင့်လေ့ရှိ၍ ပညာ၌ ဖြည့်ကျင့်လေ့ မရှိသော ပုဂ္ဂိုလ်တမျိုး။ ရဟန်းတို့ ဤလောက၌ သီလ သမာဓိ ပညာတို့၌ ဖြည့်ကျင့်လေ့ ရှိသော ပုဂ္ဂိုလ်တမျိုးတို့တည်း။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ သီလသုတ်

၁၃၇။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ သီလ သမာဓိ ပညာတို့ကို အလေးမပြု အကြီးအမြတ်မပြုသောပုဂ္ဂိုလ် တမျိုး။ရဟန်းတို့ ဤလောက၌ သီလကိုသာ အလေးပြု အကြီးအမြတ်ပြု၍ သမာဓိနှင့် ပညာကို အလေးမပြု အကြီးအမြတ်မပြုသော ပုဂ္ဂိုလ်တမျိုး။ ရဟန်းတို့ ဤလောက၌ သီလနှင့် သမာဓိကို အလေးပြု အကြီးအမြတ်ပြု၍ ပညာကို အလေးမပြု အကြီးအမြတ်မပြုသော ပုဂ္ဂိုလ်တမျိုး။ ရဟန်းတို့ ဤလောက၌ သီလ သမာဓိ ပညာကို အလေးပြု အကြီးအမြတ်ပြုသော ပုဂ္ဂိုလ်တမျိုးတို့တည်း။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-နိကဋ္ဌသုတ်

၁၃၈။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ကိုယ်သာကင်း၍ စိတ်မကင်းသောပုဂ္ဂိုလ်၊ ကိုယ်မကင်းသော်လည်း စိတ်ကင်းသော ပုဂ္ဂိုလ်၊ကိုယ်လည်း မကင်း စိတ်လည်း မကင်းသော ပုဂ္ဂိုလ်၊ ကိုယ်လည်းကင်း စိတ်လည်း ကင်းသော ပုဂ္ဂိုလ်တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်သာကင်း၍ စိတ်မကင်းသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲ၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုတောကျောင်း၌ ကာမဝိတက်ကိုလည်း ကြံ၏၊ ဗျာပါဒဝိတက်ကိုလည်း ကြံ၏၊ ဝိဟိံသာဝိတက်ကိုလည်း ကြံ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်သာကင်း၍ စိတ်မကင်းချေ။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်မကင်းသော်လည်း စိတ်ကင်းသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အစွန်အဖျားကျသော တောကျောင်းတို့ကို မမှီဝဲ၊ ထိုပုဂ္ဂိုလ်သည် ထိုရွာနီးကျောင်း၌ နေက္ခမ္မဝိတက်ကိုလည်း ကြံ၏၊ အဗျာပါဒဝိတက်ကိုလည်း ကြံ၏၊ အဝိဟိံသာ ဝိတက်ကိုလည်း ကြံ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်မကင်းသော်လည်း စိတ်ကင်း၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်လည်းမကင်း စိတ်လည်း မကင်းသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အစွန်အဖျားကျသော တောကျောင်းတို့ကို မမှီဝဲ၊ ထိုပုဂ္ဂိုလ်သည် ထိုရွာနီးကျောင်း၌ ကာမဝိတက်ကိုလည်း ကြံ၏၊ ဗျာပါဒဝိတက်ကိုလည်း ကြံ၏၊ ဝိဟိံသာဝိတက်ကိုလည်း ကြံ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်လည်း မကင်း စိတ်လည်း မကင်းချေ။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်လည်းကင်း စိတ်လည်း ကင်းသနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲ၏၊ ထိုပုဂ္ဂိုလ်သည် ထိုတောကျောင်း၌ နေက္ခမ္မဝိတက်ကိုလည်း ကြံ၏၊ အဗျာပါဒဝိတက်ကိုလည်း ကြံ၏၊ အဝိဟိံသာ ဝိတက်ကိုလည်း ကြံ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်လည်းကင်း စိတ်လည်း ကင်း၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဓမ္မကထိကသုတ်

၁၃၉။ ရဟန်းတို့ တရားဟောပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟော ပုဂ္ဂိုလ်သည် အနည်းငယ်မျှကိုလည်း ဟော၏၊ အကျိုးစီးပွါးနှင့် မစပ်သည်ကိုလည်း ဟော၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွါးနှင့် စပ်သည် မစပ်သည်၌ မသိမ္မာ။ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော ပရိသတ်၏ တရားဟော ပုဂ္ဂိုလ်ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟော ပုဂ္ဂိုလ်သည် အနည်းငယ်မျှကိုလည်း ဟော၏၊ အကျိုးစီးပွါးနှင့် စပ်သည်ကိုလည်း ဟော၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွါးနှင့်စပ်သည် မစပ်သည်၌ လိမ္မာ၏။ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော ပရိသတ်၏ တရားဟော ပုဂ္ဂိုလ်ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟော ပုဂ္ဂိုလ်သည် များစွာလည်း ဟော၏၊ အကျိုးစီးပွါးနှင့် မစပ်သည်ကိုလည်း ဟော၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွါးနှင့်

http://www.dhammadownload.com



စပ်သည် မစပ်သည်၌ မလိမ္မာ။ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော ပရိသတ်၏တရားဟော ပုဂ္ဂိုလ်ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟော ပုဂ္ဂိုလ်သည် များစွာလည်း ဟော၏၊ အကျိုးစီးပွါးနှင့် စပ်သည်ကိုလည်း ဟော၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွါးနှင့် စပ်သည် မစပ်သည်၌ လိမ္မာ၏။ ရဟန်းတို့ ဤသို့ သဘောရှိသော တရားဟော ပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော ပရိသတ်၏ တရားဟောပုဂ္ဂိုလ်ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ တရားဟော ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့ တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဝါဒီသုတ်

၁၄၀။ ရဟန်းတို့ ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်း ဟူမူ–အနက်အားဖြင့်သာ ကုန်ခြင်းသို့ရောက်၍ သဒ္ဒါအားဖြင့်ကား ကုန်ခြင်းသို့ မရောက်ပဲ ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်သည် ရှိ၏၊ သဒ္ဒါအားဖြင့်သာ ကုန်ခြင်းသို့ရောက်၍ အနက် အားဖြင့်ကား ကုန်ခြင်းသို့ မရောက်ပဲ ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်သည် ရှိ၏၊ အနက်အားဖြင့်ငှင်း သဒ္ဒါအားဖြင့်ငှင်း ကုန်ခြင်းသို့ ရောက်၍ ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်သည် ရှိ၏၊ အနက်အားဖြင့်ငှင်း သဒ္ဒါအားဖြင့်ငှင်း ကုန်ခြင်းသို့ မရောက်မူ၍ ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်သည် ရှိ၏။ ရဟန်းတို့ ပြောဆိုလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ပဋိသမ္ဘိဒါ လေးပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အနက်အားဖြင့်ငှင်း သဒ္ဒါအားဖြင့်ငှင်း ကုန်ခြင်းသို့ ရောက်ရာသော အကြောင်း အခွင့် မရှိချေ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးရမြောက် ပုဂ္ဂလဝဂ် ပြီး၏။

---

## (၁၅) ၅-အာဘာဝဂ် ၁-အာဘာသုတ်

၁၄၁။ ရဟန်းတို့ အရောင်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— လရောင် နေရောင် မီးရောင် ပညာရောင်တို့တည်း။ ရဟန်းတို့ အရောင်တို့သည် ဤလေးမျိုးတို့ တည်း။ ရဟန်းတို့ ဤအရောင်လေးမျိုးတို့တွင် ပညာရောင်သည် အမြတ်ဆုံးတည်းဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဘာသုတ်

၁၄၂။ ရဟန်းတို့ ရောင်ခြည်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— လရောင်ခြည် နေရောင်ခြည် မီးရောင်ခြည် ပညာရောင်ခြည်တို့တည်း။ ရဟန်းတို့ ရောင်ခြည်တို့သည်

http://www.dhammadownload.com



ဤလေးမျိုးကိုတည်း။ ရဟန်းတို့ ဤရောင်ခြည်လေးမျိုးတို့တွင် ပညာရောင်ခြည်သည် အမြတ်ဆုံးတည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အာလောကသုတ်

၁၄၃။ ရဟန်းတို့ အလင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—လအလင်း နေအလင်း မီးအလင်း ပညာအလင်းတို့တည်း။ ရဟန်းတို့ အလင်းတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအလင်း လေးမျိုးတို့တွင် ပညာအလင်းသည် အမြတ်ဆုံးတည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဩဘာသသုတ်

၁၄၄။ ရဟန်းတို့ အလင်းရောင်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—လအလင်းရောင် နေအလင်းရောင် မီးအလင်းရောင် ပညာအလင်းရောင်တို့တည်း။ ရဟန်းတို့ အလင်းရောင်တို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤအလင်းရောင် လေးမျိုးတို့တွင် ပညာအလင်းရောင်သည် အမြတ်ဆုံးတည်း ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဇ္ဇောတသုတ်

၁၄၅။ ရဟန်းတို့ ရောင်လျှံတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—လရောင်လျှံ နေရောင်လျှံ မီးရောင်လျှံ ပညာရောင်လျှံတို့တည်း။ ရဟန်းတို့ ရောင်လျှံတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤရောင်လျှံလေးမျိုးတို့တွင် ပညာရောင်လျှံသည် အမြတ်ဆုံးတည်း ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၆-ပဌမ ကာလသုတ်

၁၄၆။ ရဟန်းတို့ (သင့်လျော်သော)အခါတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အခါအားလျော်စွာ တရားနာခြင်း အခါအားလျော်စွာ တရားကို ဆွေးနွေးခြင်း

http://www.dhammadownload.com



အခါအားလျော်စွာ တရားကို သုံးသပ်ခြင်း အခါအားလျော်စွာ ဝိပဿနာရှုခြင်းတို့တည်း၊ ရဟန်းတို့ အခါတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ ကာလသုတ်

၁၄၇။ ရဟန်းတို့ ကောင်းစွာ ပွါးများအပ်သော ကောင်းစွာဖြစ်စေအပ်သော အစဉ်အားဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းသို့ ရောက်စေတတ်သော အခါတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အခါအားလျော်စွာ တရားကို နာခြင်း၊ အခါအားလျော်စွာ တရားကို ဆွေးနွေးခြင်း၊ အခါအားလျော်စွာ တရားကို သုံးသပ်ခြင်း၊ အခါအားလျော်စွာ ဝိပဿနာ ရှုခြင်းတို့တည်း။ ရဟန်းတို့ ကောင်းစွာ ပွါးများအပ်သော ကောင်းစွာ ဖြစ်စေအပ်သော အစဉ်အားဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းသို့ ရောက်စေတတ်သော အခါတို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ တောင်ထိပ်၌ မိုးကြီး သည်းထန်စွာ ရွာသွန်းလတ်သော် ထိုမိုးရေသည် ချိုင့်ဝှမ်းရာသို့ စီး၍ တောင် ချောက် ရှိုမြောင် ထုံးအိုင်ငယ် ထုံးအိုင်ကြီး မြစ်ငယ် မြစ်ကြီး သမုဒ္ဒရာ ပင်လယ်တို့ကို အဆင့်ဆင့် ပြည့်စေသကဲ့သို့။ ရဟန်းတို့ ဤအတူသာလျှင် ဤအခါလေးမျိုးတို့သည် ကောင်းစွာ ပွါးများအပ်သော် ကောင်းစွာ ဖြစ်စေအပ်သော် အစဉ်အားဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းသို့ ရောက်စေကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုစ္စရိတသုတ်

၁၄၈။ ရဟန်းတို့ ဝစီဒုစရိုက်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— မဟုတ်မမှန်ပြောခြင်း၊ ကုန်းချောခြင်း၊ ကြမ်းထမ်းသော စကားဆိုခြင်း၊ ပြိန်ဖျင်းသော စကားကို ဆိုခြင်းတို့တည်း။ ရဟန်းတို့ ဝစီဒုစရိုက်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-သုစရိတသုတ်

၁၄၉။ ရဟန်းတို့ ဝစီသုစရိုက်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— အမှန်ကိုပြောခြင်း၊ ကုန်းမချောခြင်း၊ သိမ်မွေ့သော စကားကို ပြောဆိုခြင်း၊ ပညာဖြင့် ပိုင်းခြား၍ စကားကို ပြောဆိုခြင်းတို့တည်း။ ရဟန်းတို့ ဝစီသုစရိုက်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-သာရသုတ်

၁၅၀။ ရဟန်းတို့ အနှစ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—သီလအနှစ် သမာဓိအနှစ် ပညာအနှစ် ဝိမုတ္တိ အရဟတ္တဖိုလ်အနှစ် တို့တည်း။ ရဟန်းတို့ အနှစ်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် အာဘာဝဂ် ပြီး၏။

တတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၄-စတုတ္ထပဏ္ဏာသက

## ၄-စတုတ္ထ သုတ်ငါးဆယ်

### (၁၆) ၁-ဗလဝဂ် ၁-ဗလန္ဒြိယသုတ်

၁၅၁။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ တို့တည်း။ရဟန်းတို့ ဣန္ဒြေတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

### ၂-သဒ္ဓါဗလသုတ်

၁၅၂။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတို့တည်း။အဘယ်လေးမျိုးတို့နည်း ဟူမူ—သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် တို့တည်း။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

### ၃-ပညာဗလသုတ်

၁၅၃။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ပညာဗိုလ် ဝီရိယဗိုလ် အနဝဇ္ဇဗိုလ် သင်္ဂဟဗိုလ်တို့တည်း။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုး တို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

### ၄-သတိဗလသုတ်

၁၅၄။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— သတိဗိုလ် သမာဓိဗိုလ် အနဝဇ္ဇဗိုလ် သင်္ဂဟဗိုလ် တို့တည်း။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုး တို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

### ၅-ပဋိသင်္ခါနဗလသုတ်

၁၅၅။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ပဋိသင်္ခါနဗိုလ် ဘာဝနာဗိုလ် အနဝဇ္ဇဗိုလ် သင်္ဂဟဗိုလ် တို့တည်း။ ရဟန်းတို့ ဗိုလ်တို့သည် ဤ လေးမျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ကပ္ပသုတ်

၁၅၆။ ရဟန်းတို့ ကမ္ဘာ၏ အသင်္ချေတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ကမ္ဘာပျက်ဆဲ 'သံဝဋ္ဋကပ်'အခါကို "ဤမျှလောက် နှစ်တို့" ဟူ၍၎င်း "ဤမျှလောက် နှစ်အရာတို့"ဟူ၍ ၎င်း "ဤမျှလောက် နှစ်အထောင်တို့" ဟူ၍ ၎င်း "ဤမျှလောက် နှစ်အသိန်းတို့" ဟူ၍၎င်း ရေတွက်ခြင်းငှါ မလွယ်။

ရဟန်းတို့ ကမ္ဘာပျက်အတိုင်း တည်နေဆဲ 'သံဝဋ္ဋဋ္ဌာယီကပ်'အခါကို "ဤမျှလောက် နှစ်တို့" ဟူ၍၎င်း "ဤမျှလောက် နှစ်အရာတို့"ဟူ၍၎င်း "ဤမျှလောက် နှစ်အထောင်တို့" ဟူ၍၎င်း "ဤမျှလောက် နှစ်အသိန်းတို့"ဟူ၍၎င်း ရေတွက်ခြင်းငှါ မလွယ်။

ရဟန်းတို့ ကမ္ဘာဖြစ်ဆဲ 'ဝိဝဋ္ဋကပ်'အခါကို "ဤမျှလောက် နှစ်တို့"ဟူ၍ ၎င်း "ဤမျှလောက် နှစ်အရာတို့"ဟူ၍၎င်း "ဤမျှလောက် နှစ်အထောင်တို့"ဟူ၍၎င်း "ဤမျှလောက် နှစ်အသိန်းတို့" ဟူ၍ ၎င်း ရေတွက်ခြင်းငှါ မလွယ်။

ရဟန်းတို့ ဖြစ်ပြီး ကမ္ဘာ၏ တည်ဆဲ'ဝိဝဋ္ဋဋ္ဌာယီကပ်'အခါကို "ဤမျှလောက် နှစ်တို့"ဟူ၍ ၎င်း "ဤမျှလောက် နှစ်အရာတို့"ဟူ၍ ၎င်း"ဤမျှလောက် အနှစ်အထောင်တို့"ဟူ၍၎င်း "ဤမျှလောက် နှစ်အသိန်းတို့"ဟူ၍၎င်း ရေတွက်ခြင်းငှါ မလွယ်။ ရဟန်းတို့ ကမ္ဘာ၏ အသင်္ချေတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ရောဂသုတ်

၁၅၇။ ရဟန်းတို့ ရောဂါတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ကိုယ်၌ ဖြစ်သောရောဂါ စိတ်၌ ဖြစ်သော ရောဂါတို့တည်း။ ရဟန်းတို့ တနှစ်ပတ်လုံး ကိုယ်၌ဖြစ်သော ရောဂါ မရှိခြင်းကို ဝန်ခံကုန်သော သတ္တဝါ၊ နှစ်နှစ်တို့ ပတ်သုံး သုံးနှစ်တို့ပတ်လုံး လေးနှစ်တို့ပတ်လုံး ငါးနှစ်တို့ပတ်လုံး ဆယ်နှစ်တို့ပတ်လုံး အနှစ်နှစ်ဆယ်တို့ပတ်လုံး အနှစ်သုံးဆယ်တို့ပတ်လုံး အနှစ်လေးဆယ်တို့ပတ်လုံး အနှစ်ငါးဆယ်တို့ပတ်လုံး အနှစ်တရာ အနှစ်တရာအလွန် ရောဂါမရှိခြင်းကို ဝန်ခံကုန်သော သတ္တဝါတို့ကို တွေ့မြင်နိုင်ကုန်၏။ ရဟန်းတို့ ရဟန္တာ ပုဂ္ဂိုလ်မှ တပါး တခဏမျှ လည်း စိတ်၌ ဖြစ်သော ရောဂါမရှိခြင်းကို ဝန်ခံသောသတ္တဝါတို့ကို လောက၌ အလွန်တွေ့မြင်ရခဲ ကုန်၏။

ရဟန်းတို့ ရဟန်း၏ ရောဂါတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလိုကြီး၏၊ (ပစ္စည်းလေးပါးကြောင့်) ပင်ပန်း ခြင်းရှိ၏၊ ရတတ်သမျှ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်ဖြင့် မရောင့်ရဲ၊ ထိုပုဂ္ဂိုလ်သည် အလိုကြီးသည်ဖြစ်၍ (ပစ္စည်းလေးပါးကြောင့်) ပင်ပန်းခြင်းရှိသည်ဖြစ်၍ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်ဖြင့် မရောင့်ရဲသည် ဖြစ်၍ သူ တပါးတို့က မထေမဲ့မြင် မပြုခြင်းကို ရရန် လာဘ်ပူဇော်သကာ အကျော်အစောကို ရရန် ယုတ်မာ သော အလိုကို သောက်တည်၏။မိမိကို သူတပါးတို့က မထေမဲ့မြင် မပြုခြင်းကို ရရန် လာဘ် ပူဇော် သကာ အကျော်အစောကို ရရန် ထကြွ၏၊ စေ့ဆော်၏၊ လုံ့လပြု၏၊ ထိုသူသည် (ငါ့ကို သူတပါးတို့

http://www.dhammadownload.com



သိစေသတည်းဟု) ဆင်ခြင်၍ ဒါယကာတို့သို့ ချဉ်းကပ်၏၊ ဆင်ခြင်၍ နေထိုင်၏၊ ဆင်ခြင်၍ တရားကို ပြောဟော၏၊ ဆင်ခြင်၍ ကျင်ကြီး ကျင်ငယ်တို့ကို ချုပ်တည်းထား၏။ ရဟန်းတို့ ရဟန်း၏ ရောဂါတို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည် "ငါတို့သည် အလိုနည်းကုန်အံ့၊ (ပစ္စည်းလေးပါးကြောင့်)ပင်ပန်းခြင်း မရှိကုန်အံ့၊ ရတတ်သမျှ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲကုန်အံ့၊ သူတပါးတို့ မထေမဲ့မြင် မပြုခြင်းကို ရရန် လာဘ် ပူဇော်သကာ အကျော်အစောကို ရရန် ယုတ်မာသော အလိုကို မဆောက်တည်ကုန်အံ့၊ သူတပါးတို့ မထေမဲ့မြင် မပြုခြင်းကို ရရန် လာဘ်ပူဇော်သကာ အကျော် အစောကို ရရန် အားမထုတ်ကုန်အံ့၊ မထကြွကုန်အံ့၊မစေ့ဆော်ကုန်အံ့၊ လွှဲလ မပြုကုန်အံ့၊ အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကို သည်းခံကုန်အံ့၊ မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုလည်း ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကိုလည်း သည်းခံနိုင်သော သဘောရှိကုန်အံ့"ဟု(ကျင့်ရမည်)။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ကြရမည်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပရိဟာနိသုတ်

၁၅၈။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့"ဟု ခေါ်၏။ ထိုရဟန်းတို့သည် "ငါ့သျှင်"ဟူ၍ အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကြကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ မည်သည့် ရဟန်းယောကျ်ား ရဟန်းမိန်းမ မဆို တရားလေးမျိုးတို့ကို မိမိ၌ ကောင်းစွာ တွေ့မြင်ခဲ့လျှင် ငါသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၏ဟု ဆုံးဖြတ်ရမည်၊ ဤအကြောင်း လေးမျိုးကို ဆုတ်ယုတ်ကြောင်း ဟူ၍ မြတ်စွာဘုရား ဟောတော် မူ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရာဂများပြားခြင်း ဒေါသများပြားခြင်း မောဟများပြားခြင်း နက်နဲကုန်သော အကြောင်း ဟုတ်သည် မဟုတ်သည်တို့၌ ထိုပုဂ္ဂိုလ်၏ ပညာမျက်စိသည် မသက်ဝင်နိုင်ခြင်းတို့တည်း။ ငါ့သျှင်တို့ မည်သည့် ရဟန်းယောကျ်ား ရဟန်းမိန်းမမဆို ဤတရားလေးမျိုးတို့ကို မိမိ၌ ကောင်းစွာ တွေ့မြင်ခဲ့လျှင် ငါသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်၏ ဟု ဆုံးဖြတ်ရမည်၊ ဤအကြောင်း လေးမျိုးတို့ကို ဆုတ်ယုတ်ကြောင်း ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

ငါ့သျှင်တို့ မည်သည့် ရဟန်းယောကျ်ား ရဟန်းမိန်းမ မဆို တရားလေးမျိုးတို့ကို မိမိ၌ ကောင်းစွာတွေ့မြင်ခဲ့လျှင် ငါသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ် ဟု ဆုံးဖြတ်ရမည်၊ ဤအကြောင်း လေးမျိုးကို မဆုတ်ယုတ်ကြောင်း ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရာဂနည်းပါးခြင်း ဒေါသနည်းပါးခြင်း မောဟနည်းပါးခြင်း နက်နဲကုန်သော အကြောင်း ဟုတ်သည် မဟုတ်သည်တို့၌ ထိုပုဂ္ဂိုလ်၏ ပညာမျက်စိ သက်ဝင်နိုင်ခြင်းတို့တည်း။ ငါ့သျှင်တို့ မည်သည့် ရဟန်းယောကျ်ား ရဟန်းမိန်းမ မဆို ဤတရားလေးမျိုးတို့ကို မိမိ၌ ကောင်းစွာ

http://www.dhammadownload.com



တွေ့မြင်ခဲ့လျှင် ငါသည် ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ပေဟု ဆိုးဖြတ်ရမည်၊ ဤအကြောင်း လေးမျိုးတို့ကို မဆုတ်ယုတ်ကြောင်းဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏ ဟု (မိန့်ဆို၏)။

အဋ္ဌမသုတ်။

## ၉-ဘိက္ခုနီသုတ်

၁၅၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ရဟန်း မိန်းမ တယောက်သည် ယောကျ်ားတယောက်ကို "အချင်းယောကျ်ား သင်လာလော့၊အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ငါ၏ စကားဖြင့် 'အသျှင်ဘုရား ဤမည်သော ရဟန်းမိန်းမသည် ဖျားနာနေပါသည်၊ဆင်းရဲနေပါသည်၊ ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါသည်၊ ထိုရဟန်းမိန်းမသည် အသျှင်အာနန္ဒာ၏ ခြေတို့ကို ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါသည် ဟု အသျှင်အာနန္ဒာ၏ ခြေတို့ကို ဦးခေါင်းဖြင့် ရှိခိုးပါလေ၊ အသျှင်ဘုရား အသျှင်အာနန္ဒာသည် ရဟန်းမိန်းမကျောင်း ထိုရဟန်းမိန်းမထံသို့ သနားသမှု အကြောင်းပြု၍ ချဉ်းကပ်တော်မူပါရန် တောင်းပန်ပါ၏ ဘုရား' ဟုလည်း လျှောက်ပါလေ" ဟု ဆို၏။ "အသျှင်မ ကောင်းလှပါပြီ"ဟု ထိုယောကျ်ားသည် ထိုရဟန်းမိန်းမ၏ စကားကို ဝန်ခံ၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးကာ အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ဤမည်သော ရဟန်းမိန်းမသည် ဖျားနာနေပါသည်၊ ဆင်းရဲနေပါသည်၊ ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေပါသည်၊ ထိုရဟန်းမိန်းမသည် အသျှင်အာနန္ဒာ၏ ခြေတို့ကို ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါသည်၊ အသျှင်ဘုရား အသျှင်အာနန္ဒာသည် ထိုရဟန်းမိန်းမ၏ ကျောင်း ထိုရဟန်းမိန်းမထံသို့ သနားသမှု အကြောင်းပြု၍ ချဉ်းကပ်တော်မူပါရန် တောင်းပန်ပါ၏ဘုရား ဟုလည်း လျှောက်လိုက်ပါသေးသည်" ဟု လျှောက်၏။ အသျှင်အာနန္ဒာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်၏။

ထို့နောက် အသျှင်အာနန္ဒာသည် သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ထိုရဟန်းမိန်းမ၏ကျောင်း ထိုရဟန်းမိန်းမထံသို့ ချဉ်းကပ်တော်မူလေ၏။ ထိုရဟန်းမိန်းမသည် အဝေးမှ ကြွလာသော အသျှင်အာနန္ဒာကို မြင်၍ ဦးခေါင်းနှင့်တကွ ခြုံပြီးလျှင် ညောင်စောင်း၌ အိပ်၏။ ထိုအခါ အသျှင်အာနန္ဒာသည် ထိုရဟန်းမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်ပြီးနောက် ထိုရဟန်းမိန်းမအား ဤစကားကို မိန့်တော်မူ၏—နှမ ဤကိုယ်ကာယသည် သုံးဆောင်ဖွယ် အာဟာရကြောင့် ဖြစ်၏၊ အာဟာရကို အမှီပြု၍ အာဟာရ(မနေသသဉ္စေတနာ)ကို ပယ်ရမည်။ နှမ ဤကိုယ်ကာယသည် တဏှာကြောင့် ဖြစ်၏၊ တဏှာကို အမှီပြု၍ တဏှာကို ပယ်ရမည်။ နှမ ဤကိုယ်ကာယသည် မာနကြောင့် ဖြစ်၏၊ မာနကို အမှီပြု၍ မာနကို ပယ်ရမည်။ နှမ ဤကိုယ်ကာယသည် မေထုန်ကြောင့် ဖြစ်၏၊ မေထုန်၌မူကား အကြောင်းကို သတ်ရမည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။

"နှမ ဤကိုယ်ကာယသည် အာဟာရကြောင့် ဖြစ်၏၊ အာဟာရကို အမှီပြု၍ အာဟာရကို ပယ်ရမည်" ဟု ငါဆိုသော စကားသည် အဘယ်ကိုစွဲ၍ ဆိုသော စကားဖြစ်သနည်း၊နှမ ဤသာသနာ

http://www.dhammadownload.com



တော်၌ ရဟန်းသည် သင့်လျော်သော အကြောင်းအားဖြင့် ဆင်ခြင်၍ အာဟာရကို သုံးဆောင်၏၊ "မြူးထူးရန် မဟုတ် မာန်ယစ်ရန်မဟုတ်၊ (အသား) ပြည့်ဖြိုးရန် မဟုတ်၊ (အရေအဆင်း) ကြည်လင်ရန် မဟုတ်၊ ဤကိုယ်တည်တံ့ရန်မျှသာ မျှတရန်မျှသာ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သော အကျင့်ကို အားထုတ်ရန်မျှသာ သုံးဆောင်ဖွယ် (အာဟာရ) ကို သုံးဆောင်၏။ ဤသို့ သုံးဆောင်ခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်ရင်း အပြစ်မရှိခြင်းသည်ရင်း ချမ်းသာစွာ နေရခြင်းသည်ရင်း ဖြစ်လတ္တံ့" ဟု အာဟာရကို သုံးဆောင်၏။ ထိုရဟန်းသည် အခါတပါး၌ အာဟာရကို အမှီပြု၍ အာဟာရကို ပယ်၏၊ "နှမ ဤကိုယ်ကာယသည် အာဟာရကြောင့် ဖြစ်၏၊ အာဟာရကို အမှီပြု၍ အာဟာရကို ပယ်ရမည်" ဟူ၍ ငါဆိုခဲ့သော စကားသည် ဤသည်ကို စွဲ၍ ဆိုခဲ့သော စကားဖြစ်၏။

"နှမ ဤကိုယ်ကာယသည် တဏှာကြောင့် ဖြစ်၏၊ တဏှာကို အမှီပြု၍ တဏှာကို ပယ်အပ်၏" ဟု ငါဆိုသော စကားသည် အဘယ်ကို စွဲ၍ ဆိုသော စကားဖြစ်သနည်း၊ နှမ ဤသာသနာတော်၌ ရဟန်းသည် "ဤမည်သော ရဟန်းအား အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏" ဟု ကြား၏။ ထိုရဟန်းအား "အဘယ်အခါ၌ ငါသည်လည်း အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရအံ့နည်း" ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် တပါးသော အခါ၌ အရဟတ္တဖိုလ်၌ တောင့်တခြင်းကို အမှီပြု၍ တဏှာကို ပယ်၏။ "နှမ ဤကိုယ်ကာယသည် တဏှာကြောင့် ဖြစ်၏၊ တဏှာကို အမှီပြု၍ တဏှာကို ပယ်ရမည်" ဟု ငါဆိုခဲ့သော စကားသည် ဤသည်ကို စွဲ၍ ဆိုခဲ့သော စကား ဖြစ်၏။

"နှမ ဤကိုယ်ကာယသည် မာနကြောင့် ဖြစ်၏၊ မာနကို အမှီပြု၍ မာနကို ပယ်ရမည်" ဟူ၍ ငါဆိုခဲ့သော စကားသည် အဘယ်ကို စွဲ၍ ဆိုသော စကား ဖြစ်သနည်း၊ နှမ ဤသာသနာတော်၌ ရဟန်းသည် "ဤမည်သော ရဟန်းသည် အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏" ဟု ကြား၏။ ထိုကြားသော ရဟန်းအား "ထိုအသျှင်ကောင်းသည် အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေတုံဘိသေး၏၊ ငါသည်ကား အဘယ့်ကြောင့် မနေရဘဲ ရှိအံ့နည်း" ဟု အကြံဖြစ်၏။ ထိုရဟန်းသည် တပါးသောအခါ၌ မာနကို အမှီပြု၍ မာနကို ပယ်စွန့်၏။ "နှမ ဤကိုယ်ကာယသည် မာနကြောင့် ဖြစ်၏၊ မာနကို အမှီပြု၍ မာနကို ပယ်ရမည်" ဟု ငါဆိုသော စကားသည် ဤသည်ကို စွဲ၍ ဆိုသော စကား ဖြစ်၏။

နှမ ဤကိုယ်ကာယသည် မေထုန်ကြောင့် ဖြစ်၏၊ မေထုန်၌မူကား အကြောင်းကို သတ်အပ်၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏ ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းမိန်းမသည် ကျောင်းစောင်းမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံကို စမွယ်တင်လျက် အသျှင်အာနန္ဒာ၏ ခြေတို့ကို ဦးခိုက်၍ အသျှင်အာနန္ဒာအား "အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အကျွန်ုပ်ကို အပြစ်သည် လွှမ်းမိုး သွားခဲ့ပါ၏၊ အကျွန်ုပ်သည် ဤသို့ ပြုမိပါပြီ၊ အသျှင်ဘုရား အသျှင်ဘုရား အာနန္ဒာသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှါ အပြစ်ဟု သည်းခံတော်မူပါ"ဟု လျှောက်၏။ နှမ မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ် လွှမ်းမိုး သွားခဲ့၏၊ သင်သည် ဤသို့ ပြုမိလေပြီ၊ နှမ သင်သည် အပြစ်ကို အပြစ်ဟု မြင်၍ အပြစ် အားလျော်စွာ ကုစားသောကြောင့် သင်၏ ထိုအပြစ်ကို အပြစ် ဟု ငါတို့ သည်းခံကုန်၏။ နှမ အကြင် သူသည် အပြစ်ကို အပြစ်ဟု မြင်၍ အကြောင်းအား လျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏ (ထိုသူ၏)ဤ(ကုစားခြင်း)သည်ပင်လျှင် အရိယာ၏ ဝိနည်း'အဆုံးအမ'၌ ကြီးပွါးခြင်းတည်း ဟု (မိန့်ဆို၏)။

နဝမသုတ်။

---

## ၁၀-သုဂတဝိနယသုတ်

၁၆၀။ ရဟန်းတို့ မြတ်စွာဘုရားဖြစ်စေ မြတ်စွာဘုရား၏ အဆုံးအမဖြစ်စေ လောက၌ တည် လတ်သော် ထိုသို့ တည်ခြင်းသည် လူအများ၏ အစီးအပွါးအလို့ငှါ လူအများ၏ ချမ်းသာအလို့ငှါ သတ္တဝါအပေါင်းကို အစဉ်စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးငှါ အစီးအပွါးရှိခြင်းငှါ ချမ်းသာ ခြင်းငှါ ဖြစ်ရာ၏။

ရဟန်းတို့ မြတ်စွာဘုရား ဟူသည် အဘယ်နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ရဟန်းတို့ မြတ်စွာဘုရားဟူသည် ဤသည်ပင်တည်း။

ရဟန်းတို့ မြတ်စွာဘုရား၏ အဆုံးအမဟူသည် အဘယ်နည်းဟူမူ—ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။ ရဟန်းတို့ မြတ်စွာဘုရား၏ အဆုံးအမဟူသည် ဤသည်ပင်တည်း။ ရဟန်းတို့ မြတ်စွာ ဘုရားဖြစ်စေ မြတ်စွာဘုရား၏ အဆုံးအမဖြစ်စေ လောက၌ တည်လတ်သော် ထိုသို့တည်ခြင်းသည် လူအများ၏အစီးအပွါးအလို့ငှါ လူအများ၏ချမ်းသာအလို့ငှါ သတ္တဝါအပေါင်းကို အစဉ်စောင့်ရှောက် ခြင်းငှါ နတ်လူတို့ အကျိုးငှါ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့သည် သူတော်ကောင်းတရား ပျက်ပြားခြင်း ကွယ်ပျောက်ခြင်း ငှါ ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မကောင်း

http://www.dhammadownload.com



သဖြင့် သင်ယူအပ်သော သုတ်ကို မကောင်းသဖြင့် ထားအပ်ကုန်သော ပုဒ်ဗျည်းတို့ဖြင့် သင်ကြားကုန်၏၊ ရဟန်းတို့ မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်း၏ အနက်သည်လည်း သိနိုင်ခဲ၏။ ရဟန်းတို့ ဤပဌမတရားသည် သူတော်ကောင်းတရား၏ ပျက်ပြားခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ပြောဆိုခက်ကုန်၏၊ ပြောဆိုခက်ခြင်းကို ပြုတတ်သော (မာနစသော) တရားတို့နှင့် ပြည့်စုံကုန်၏၊ သွန်သင်သော စကားကို သည်းမခံနိုင်ကုန်၊ ရိုသေစွာ မနာယူကုန်။ ရဟန်းတို့ ဤဒုတိယတရားသည် သူတော်ကောင်းတရား၏ ပျက်ပြားခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား အကြင်ရဟန်းတို့သည် အကြားအမြင် များကုန်၏၊ ပါဠိတော်ကို နှုတ်တိုက်ဆောင်ကုန်၏၊ တရားတော်ကို ဆောင်ကုန်၏၊ ဝိနည်းတော်ကို ဆောင်ကုန်၏၊ ပါတိမောက်ကို ဆောင်ကုန်၏၊ ထိုရဟန်းတို့သည် သုတ်ကို သူတပါးအား ရိုသေစွာ မပို့ချကုန်၊ ထိုရဟန်းတို့ ကွယ်လွန်သဖြင့် တရားသည် အရင်းမူလ ပြတ်တော့၏၊တည်ရာ မရှိတော့ပြီ။ ရဟန်းတို့ ဤတတိယတရားသည် သူတော်ကောင်းတရား၏ ပျက်ပြားခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား သီတင်းကြီးရဟန်းတို့သည် ပစ္စည်းများခြင်းငှါ ကျင့်ကုန်၏၊ သိက္ခာသုံးပါး၌ လျော့လျော့ ယူကြကုန်၏၊ အောက်သို့ သက်စေတတ်သော တရားတို့၌ ရှေ့သွားပြုကုန်၏၊ ဆိတ်ငြိမ်ခြင်း (ဝိဝေကသုံးပါး)၌ တာဝန်မဲ့ ဖြစ်ကုန်၏၊မရောက်သေးသော (ဈာန် မဂ် ဖိုလ်) သို့ ရောက်ရန် မရသေးသော (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသော (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လ မထုတ်ကုန်။နောင်လာ နောင်သားတို့သည် ထိုသီတင်းကြီးတို့၏ အပြုအမူသို့ အစဉ်လိုက်ကုန်၏၊ နောင်လာနောက်သားတို့သည်လည်း ပစ္စည်းများခြင်းငှါ ကျင့်ကုန်၏၊ (သိက္ခာသုံးပါး၌)လျော့လျော့ ယူကုန်၏၊ အောက်သို့ သက်စေတတ်သော တရားကို ဖြည့်ခြင်း၌ ရှေ့သွားဖြစ်ကုန်၏၊ ဆိတ်ငြိမ်ခြင်း (ဝိဝေကသုံးပါး)၌ တာဝန်မဲ့ ဖြစ်ကုန်၏၊ မရောက်သေးသော (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသော (ဈာန်မဂ်ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသော (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လမထုတ်ကုန်။ ရဟန်းတို့ ဤစတုတ္ထတရားသည် သူတော်ကောင်းတရား၏ ပျက်ပြားခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ဤတရား လေးမျိုးတို့သည် သူတော်ကောင်းတရား၏ ပျက်ပြားခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရား လေးမျိုးတို့သည် သူတော်ကောင်းတရား၏ တည်ခြင်းငှါ မပျက်ပြားခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကောင်းစွာ သင်ယူအပ်သော သုတ်ကို ကောင်းစွာ ထားအပ်သော ပုဒ်ဗျည်းတို့ဖြင့် သင်ကြားကုန်၏၊ ရဟန်းတို့ ကောင်းစွာ ထားအပ်သော ပုဒ်ဗျည်း၏ အနက်သည်လည်း သိလွယ်၏။ ရဟန်းတို့ ဤပဌမတရားသည် သူတော်ကောင်းတရား၏ တည်ခြင်းငှါ မပျက်ပြားခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ဆိုဆုံးမလွယ်၏၊ ဆိုဆုံးမလွယ်သည်ကို ပြုတတ်ကုန်သော တရားတို့နှင့် ပြည့်စုံကုန်၏၊ သွန်သင်သော စကားကို သည်းခံနိုင်ကုန်၏၊ ရိုသေစွာ နာယူကုန်၏။ ရဟန်းတို့ ဤဒုတိယတရားသည် သူတော်ကောင်း တရား၏ တည်ခြင်းငှါ မပျက်ပြားခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား အကြင်ရဟန်းတို့သည် အကြားအမြင်များကုန်၏၊ ပါဠိတော်ကို နှုတ်ငုံဆောင်ကုန်၏၊ တရားတော်ကို ဆောင်ကုန်၏၊ ဝိနည်းတော်ကို ဆောင်ကုန်၏၊ ပါဠိမောက်ကို ဆောင်ကုန်၏၊ ထိုရဟန်းတို့သည် သုတ်ကို သူတပါးအား ရိုသေစွာ ပို့ချကုန်၏၊ ထိုရဟန်းတို့ ကွယ်လွန်သဖြင့် သုတ္တန်သည် အရင်းမူလ မပြတ်၊ (ဗဟုသုတရှိသော ရဟန်းဟူသော) တည်ရာရှိ၏။ ရဟန်းတို့ ဤတတိယ တရားသည် သူတော်ကောင်းတရား၏ တည်ခြင်းငှါ မပျက်ပြားခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား သီတင်းကြီး ရဟန်းတို့သည် ပစ္စည်းများခြင်းငှါ မကျင့်ကုန်၊ သိက္ခာသုံးပါး၌ လျော့လျော့ မယူကုန်၊ အောက်သို့ သက်စေတတ်သော တရားတို့ကို ဖြည့်ခြင်း၌ ရှေ့သွား မဖြစ်ကုန်၊ ဆိတ်ငြိမ်ခြင်း (ဝိဝေကသုံးပါး)၌ တာဝန်မဲ့ မဖြစ်ကုန်၊ မရောက်သေးသော (ဈာန် မဂ် ဖိုလ်သို့)ရောက်ရန် မရသေးသော (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက် မပြုရသေးသော (နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လထုတ်ကုန်၏၊ နောင်လာနောက်သားတို့သည် ထို သီတင်းကြီးတို့၏ အမှုအရာသို့ အတုလိုက်ကုန်၏၊ ထိုနောင်လာနောက်သားတို့သည်လည်း ပစ္စည်းများခြင်းငှါ မကျင့်ကုန်၊ သိက္ခာသုံးပါး၌ လျော့လျော့ မယူကုန်၊ အောက်သို့ သက်စေတတ်သော တရားတို့ကို ဖြည့်ခြင်း၌ ရှေ့သွား မဖြစ်ကုန်၊ ဆိတ်ငြိမ်ခြင်း (ဝိဝေကသုံးပါး)၌ တာဝန်မဲ့ မဖြစ်ကုန်၊ မရောက်သေးသော (ဈာန် မဂ် ဖိုလ်)သို့ ရောက်ရန် မရသေးသော (ဈာန် မဂ် ဖိုလ်)ကို ရရန် မျက်မှောက်မပြုရသေးသော(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် လုံ့လထုတ်ကုန်၏။ ရဟန်းတို့ ဤစတုတ္ထ တရားသည် သူတော်ကောင်းတရား၏ တည်ခြင်းငှါ မပျက်ပြားခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ဤတရား လေးမျိုးတို့သည် သူတော်ကောင်းတရား၏ တည်ခြင်းငှါ မပျက်ပြားခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဣန္ဒြိယဝဂ် ပြီး၏။

---

## (၁၇) ၂-ပဋိပဒါဝဂ် ၁-သံခိတ္တသုတ်

၁၆၁။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နုန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နုန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်တို့တည်း။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဝိတ္ထာရသုတ်

၁၆၂။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နုန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍

http://www.dhammadownload.com



လျင်မြန်သော အသိဉာဏ် ရှိသော အကျင့်၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ် ရှိသော အကျင့်၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့် တို့တည်း။

ရဟန်းတို့ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ် ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘောရှိ၏၊ ရာဂကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် ခံစားရ၏၊ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသသဘောရှိ၏၊ ဒေါသ ကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်ခံစားရ၏၊ ပင်ကိုယ်သဘောအားဖြင့် လည်း ပြင်းထန်သော မောဟသဘောရှိ၏၊ မောဟကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်း ကို မပြတ်ခံစားရ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အားဖြင့် ဤနှန့်သော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ နှန့်ခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်း၌ါ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော)မဂ် သမာဓိသို့ နှန့်နှေးစွာ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ဆင်းရဲ ငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ် ရှိသော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့ ဆင်းရဲ ငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ် ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘောရှိ၏၊ ရာဂကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် ခံစားရ၏၊ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသသဘောရှိ၏၊ ဒေါသကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်ခံစားရ၏၊ ပင်ကိုယ် သဘောအားဖြင့်လည်း ပြင်းထန်သော မောဟသဘောရှိ၏၊ မောဟကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်ခံစားရ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အားဖြင့် ဤလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်း၌ါ မိမိ၏(အခြားမဲ့၌ အကျိုးပေးတတ်သော)မဂ် သမာဓိသို့ လျင်မြန်စွာ ရောက်၏။ရဟန်းတို့ ဤအကျင့်ကို ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ် ရှိသော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘောမရှိ၊ ရာဂကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ၊ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသ သဘောမရှိ၊ ဒေါသကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်မခံစားရ၊ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်း ထန်သော မောဟသဘော မရှိ၊ မောဟကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ၊ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေအားဖြင့် ဤနှန့်သော ဣန္ဒြေငါးပါးတို့သည် ထင် ရှားဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ဤ ဣန္ဒြေ ငါးပါးတို့၏ နှန့်ခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်း၌ါ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော) မဂ် သမာဓိသို့ နှန့်နှေးစွာ ရောက်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤအကျင့်ကို ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ် ရှိသော အကျင့်ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘော မရှိ၊ ရာဂကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ၊ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသသဘော မရှိ၊ ဒေါသကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ၊ ပင်ကိုယ် သဘောအားဖြင့်လည်း ထက်သော မောဟသဘော မရှိ၊ မောဟကြောင့် ဖြစ်သော ကိုယ်၏ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ၊ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အားဖြင့် ဤလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ဤ ဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်းငှါ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော) မဂ် သမာဓိသို့ လျင်မြန်စွာရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အသုဘသုတ်

၁၆၃။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ် ရှိသော အကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသောအကျင့်၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်တို့တည်း။

ရဟန်းတို့ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (မိမိ)ကိုယ်၌ မတင့်တယ် ဟု အဖန်တလဲလဲ ရှု၍ နေ၏၊ (သုံးဆောင်အပ်သော) အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည် အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု အမှတ်ရှိသည် အလုံးစုံသော သင်္ခါရတရားတို့၌အမြဲမရှိ ဟု အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ထိုပုဂ္ဂိုလ်အား သေခြင်းကို အာရုံပြု၍ ဖြင်သော အမှတ် 'သညာ'သည် မိမိသန္တာန်၌ ကောင်းစွာ ကပ်၍ တည်၏၊ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ် ဝီရိယဗိုလ် ပညာဗိုလ်အားဖြင့် ဤသေက္ခဗိုလ်ငါးပါးတို့ကို အမှီပြု၍ နေ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေအားဖြင့် ဤနုန့်ကုန်သော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုဣန္ဒြေငါးပါးတို့၏ နုန့်ခြင်းကြောင့် အာသဝေါတရားတို့ကုန်ခြင်းငှါ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော) မဂ် သမာဓိသို့ နှန့်နှေးစွာ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဆင်းရဲ ငြိုငြင်စွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိကိုယ်၌ မတင့်တယ် ဟု အဖန်တလဲလဲ ရှု၍ နေ၏၊ (သုံးဆောင်အပ်သော) အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည် အလုံးစုံသောလောက၌ မမွေ့လျော်ဖွယ် ဟု အမှတ်ရှိသည် အလုံးစုံသော သင်္ခါရတရားတို့၌ အမြဲမရှိ ဟုအဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ထိုပုဂ္ဂိုလ်အား သေခြင်းကို အာရုံပြု၍ ဖြစ်သော အမှတ် 'သညာ'သည် မိမိသန္တာန်၌ ကောင်းစွာ ကပ်၍ တည်၏၊ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ်။ပ။ ပညာဗိုလ်အားဖြင့် ဤ သေက္ခဗိုလ်ငါးပါးတို့ကို အမှီပြု၍ နေ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေအားဖြင့် ဤလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် တင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် အာသဝေါတရားတို့ကုန်ခြင်းငှါ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော) မဂ်သမာဓိသို့ လျင်မြန်စွာ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ် ရှိသော အကျင့် ဟု ဆိုအပ်၏။

ရဟန်းတို့ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှေးနှေးသော အသိဉာဏ် ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'တို့၏ ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယ ဈာန်သို့ ရောက်၍ နေ၏။ နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှုလျက် နေ၏၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အရိယာပုဂ္ဂိုလ်တို့သည် အကြင်တတိယဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍နေ၏။ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း 'သောမနဿ'နှလုံးမသာခြင်း ဒေါမနဿ'တို့၏ ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော လျစ်လျူရှုမှုကြောင့် ဖြင်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ်။ပ။ ပညာဗိုလ်အားဖြင့် ဤသေက္ခဗိုလ်ငါးပါးတို့ကို အမှီပြု၍ နေ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေအားဖြင့် ဤနုန့်သော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ နုန့်ခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်းငှါ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော)မဂ်သမာဓိသို့ နှေး နှေးစွာ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှေးနှေးသော အသိဉာဏ်ရှိသော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'

http://www.dhammadownload.com



ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ် ဝီရိယဗိုလ် ပညာဗိုလ်အားဖြင့် ဤသေက္ခဗိုလ်ငါးပါးတို့ကို အမှီပြု၍ နေ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေအားဖြင့် လွန်ကဲသော ဤဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်းငှါ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော) မဂ်သမာဓိသို့ လျင်မြန်စွာ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသောအကျင့် ဟု ဆိုအပ်၏။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဌမ ခမသုတ်

၁၆၄။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— သည်းမခံခြင်း ဟူသော အကျင့်၊ သည်းခံခြင်း ဟူသော အကျင့်၊ ဆုံးမခြင်း ဟူသော အကျင့်၊ ငြိမ်းစေခြင်း ဟူသော အကျင့်တို့တည်း။

ရဟန်းတို့ သည်းမခံခြင်း ဟူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဆဲရေးသူကို ပြန်၍. ဆဲရေး၏၊ ထိပါးသူကို ပြန်၍ ထိပါး၏၊ ပုတ်ခတ်သူကို ပြန်၍ ပုတ်ခတ်၏။ ရဟန်းတို့ ဤအကျင့်ကို သည်းမခံခြင်းဟူသော အကျင့် ဟု ဆိုအပ်၏။

ရဟန်းတို့ သည်းခံခြင်း ဟူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဆဲရေးသူကို ပြန်၍ မဆဲရေး၊ ထိပါးသူကို ပြန်၍မထိပါး၊ ပုတ်ခတ်သူကို ပြန်၍ မပုတ်ခတ်။ ရဟန်းတို့ ဤအကျင့်ကို သည်းခံခြင်း ဟူသော အကျင့် ဟု ဆိုအပ်၏။

ရဟန်းတို့ ဆုံးမခြင်း ဟူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သော်(မိန်းမယောကျ်ား စသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍)စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း (စက္ခုန္ဒြေကို မစောင့်စည်းခြင်း ဟူသော)အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏ ၊စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းသော်။ပ။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်။ပ။ စိတ်ဖြင့် သဘော'ဓမ္မာရုံ'ကို သိသော်။ (မိန်းမ ယောကျ်ား စသော)သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊(အကယ်၍)မနိန္ဒြေကိုမစောင့်စည်းပဲနေလျှင် ယင်း(မနိန္ဒြေကို မစောင့်စည်းခြင်း ဟူသော) အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော

http://www.dhammadownload.com



အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကိုလိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ဆုံးမခြင်းဟူသော အကျင့် ဟု ဆိုအပ်၏။

ရဟန်းတို့ ငြိမ်းစေခြင်းဟူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းမခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ငြိမ်းစေ၏၊ ကင်းအောင် ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပေါ် လာသော ဗျာပါဒဝိတက်ကို။ပ။ ဖြစ်ပေါ်လာသော ဝိဟိံသာ ဝိတက်ကို ဖြစ်တိုင်းဖြစ်တိုင်းကုန်သော အကုသိုလ်တရားယုတ်တို့ကို သည်းမခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ငြိမ်းစေ၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ရဟန်းတို့ ဤအကျင့်ကို ငြိမ်းစေခြင်းဟူသော အကျင့် ဟု ဆိုအပ်၏။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒုတိယ ခမသုတ်

၁၆၅။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— သည်းမခံခြင်းဟူသော အကျင့်၊ သည်းခံခြင်းဟူသော အကျင့်၊ ဆုံးမခြင်းဟူသော အကျင့်၊ ငြိမ်းစေခြင်း ဟူသော အကျင့်တို့တည်း။

ရဟန်းတို့ သည်းမခံခြင်း ဟူသော အကျင့် ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ ကိုက်ခဲခြင်း အတွေ့တို့ကိုလည်း မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုလည်း သည်းမခံနိုင်၊ ကိုယ်၌ဖြစ်သော ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းမခံနိုင်သော သဘောရှိ၏။ ရဟန်းတို့ ဤအကျင့်ကို သည်းမခံခြင်း ဟူသော အကျင့် ဟု ဆိုအပ်၏။

ရဟန်းတို့ သည်းခံခြင်းဟူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ ကိုက်ခဲခြင်း အတွေ့တို့ကိုလည်း မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုလည်း သည်းခံနိုင်၏၊ ကိုယ်၌ ဖြစ်သော ပြင်းထန် ကြမ်းကြုတ် စပ်ရှား ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲ ဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိ၏။ ရဟန်းတို့ ဤအကျင့်ကို သည်းခံခြင်း ဟူသော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့ ဆုံးမခြင်း ဟူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ'ကို မြင်သော် (မိန်းမယောကျ်ား စသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ။ပ။ နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို

http://www.dhammadownload.com



နမ်းသော်။ပ။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့သော်။ပ။ စိတ်ဖြင့် သဘော 'မနောရုံ'ကို သိသော် (မိန်းမယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း (မနိန္ဒြေကို မစောင့်စည်းခြင်း ဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ဆုံးမခြင်း ဟူသော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့ ငြိမ်းစေခြင်းဟူသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းမခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ငြိမ်းစေ၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပေါ်လာသော ဗျာပါဒဝိတက်ကို။ပ။ဖြစ်ပေါ်လာသော ဝိဟိံသာဝိတက်ကို ဖြစ်တိုင်းဖြစ်တိုင်း ကုန်သော အကုသိုလ် တရားယုတ်တို့ကို သည်းမခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ငြိမ်းစေ၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ရဟန်းတို့ ဤအကျင့်ကို ငြိမ်းစေခြင်း ဟူသော အကျင့် ဟု ဆိုအပ်၏။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဥဘယသုတ်

၁၆၆။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နုန့်နှေးသော အသိဉာဏ်ရှိသောအကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နုန့်နှေးသော အသိဉာဏ်ရှိသော အကျင့် ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်တို့တည်း။

ရဟန်းတို့ ထိုအကျင့်လေးမျိုးတို့တွင် အကြင် အကျင့်သည် ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နုန့်နှေးသော အသိဉာဏ် ရှိ၏၊ ရဟန်းတို့ ဤအကျင့်ကို နှစ်ပါးစုံဖြင့်ပင် ယုတ်ညံ့၏ဟု ဆိုအပ်၏။ ဤအကျင့်ကို ဆင်းရဲငြိုငြင်စွာ ကျင့်ရသောကြောင့်လည်း ယုတ်ညံ့၏ ဟု ဆိုအပ်၏။ ဤအကျင့်ကို နုန့်နှေးသော အသိဉာဏ်ရှိသောကြောင့်လည်း ယုတ်ညံ့၏ဟု ဆိုအပ်၏။ ရဟန်းတို့ ဤအကျင့်ကို နှစ်ပါးစုံသော အကြောင်းဖြင့်ပင် ယုတ်ညံ့၏ဟု ဆိုအပ်၏။

ရဟန်းတို့ ထိုလေးပါးသော အကျင့်တို့တွင် အကြင်အကျင့်သည် ဆင်းရဲ ငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိ၏။ရဟန်းတို့ ဤအကျင့်ကို ဆင်းရဲခြင်းကြောင့် ယုတ်ညံ့၏ ဟု ဆိုအပ်၏။

ရဟန်းတို့ ထိုလေးပါးသော အကျင့်တို့တွင် အကြင်အကျင့်သည် ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နုန့်နှေးသောအသိဉာဏ်ရှိ၏။ ရဟန်းတို့ ဤအကျင့်ကို နုန့်နှေးသော အသိဉာဏ်ရှိသောကြောင့် ယုတ်ညံ့၏ဟုဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုလေးပါးသော အကျင့်တို့တွင် အကြင် အကျင့်သည် ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိ၏၊ ရဟန်းတို့ ဤအကျင့်ကို နှစ်ပါးစုံဖြင့်လည်း မြတ်၏ ဟု ဆိုအပ်၏။ ဤအကျင့်ကို ချမ်းသာစွာ ကျင့်ရသောကြောင့်လည်း မြတ်၏ဟု ဆိုအပ်၏။ ဤအကျင့်ကို လျင်မြန်သော အသိဉာဏ်ရှိသောကြောင့်လည်း မြတ်၏ ဟု ဆိုအပ်၏။ ရဟန်းတို့ ဤအကျင့်ကို နှစ်ပါးစုံသော အကြောင်းဖြင့်လည်း မြတ်၏ ဟု ဆိုအပ်၏။ ရဟန်းတို့ အကျင့်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-မဟာမောဂ္ဂလ္လာနသုတ်

၁၆၇။ ထိုအခါ အသျှင်သာရိပုတြာသည် အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာမောဂ္ဂလာန်နှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်လျက် အသျှင်မဟာမောဂ္ဂလာန်မထေရ်အား ဤစကားကို မိန့်ဆို၏—

ငါ့သျှင်မောဂ္ဂလာန် အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်တို့တည်း။ ငါ့သျှင် အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ ငါ့သျှင် ဤလေးမျိုးကုန်သော အကျင့်တို့တွင် အဘယ်သို့သော အကျင့်ကို စွဲ၍ သင်၏ စိတ်သည် (တဏှာ ဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ ကင်းလွတ်ပါသနည်း ဟု (မိန့်ဆို၏)။

ငါ့သျှင် သာရိပုတြာ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသောအကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသောအကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ် ရှိသော အကျင့်တို့တည်း။ ငါ့သျှင် အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ ငါ့သျှင် ဤလေးမျိုးကုန်သော အကျင့်တို့တွင် အကြင်အကျင့်သည် ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိ၏၊ ဤအကျင့်ကို စွဲ၍ ငါ၏ စိတ်သည် (တဏှာ ဒိဋ္ဌိတို့ဖြင့်)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ ကင်းလွတ်၏ ဟု (ဆို၏)။

သတ္တမသုတ်။

## ၈-သာရိပုတ္တသုတ်

၁၆၈။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ်

http://www.dhammadownload.com



အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီး တခုသောနေရာ၌ ထိုင်လျက် အသျှင်သာရိပုတြာအား ဤစကားကို မိန့်ဆို၏—

ငါ့သျှင်သာရိပုတြာ အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသောအကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသောအကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသောအကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်တို့တည်း၊ ငါ့သျှင် အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ ငါ့သျှင် လေးမျိုးကုန်သော ဤအကျင့်တို့တွင် အဘယ်သို့သော အကျင့်ကိုစွဲ၍ သင်၏စိတ်သည် (တဏှာ ဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ ကင်းလွတ်ပါသနည်း ဟု (မိန့်ဆို၏)။

ငါ့သျှင် မောဂ္ဂလာန် အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်၊ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသောအကျင့်၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ် ရှိသော အကျင့်၊ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့် တို့တည်း။ ငါ့သျှင် အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ ငါ့သျှင် ဤလေးမျိုးကုန်သော အကျင့်တို့ တွင် အကြင်အကျင့်သည် ချမ်းသာလွယ်ကူစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ် ရှိ၏၊ ဤအကျင့်ကို စွဲ၍ ငါ၏ စိတ်သည်(တဏှာ ဒိဋ္ဌိတို့ဖြင့်)မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ ကင်းလွတ်၏ ဟု (ဆို၏)။

အဋ္ဌမသုတ်။

---

## ၉-သသင်္ခါရသုတ်

၁၆၉။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ် လေးယောက်တို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် အားထုတ်မှု ရှိသည်ဖြစ်၍ ကိလေသာတို့ကို ငြိမ်းစေတတ်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ အားထုတ်မှု ရှိသည်ဖြစ်၍ (ကိလေသာ တို့ကို) ငြိမ်းစေတတ်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် အားထုတ်မှု မရှိပဲ (ကိလေသာတို့ကို) ငြိမ်းစေတတ်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ် သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ အားထုတ်မှု မရှိပဲ (ကိလေသာတို့ကို) ငြိမ်းစေ တတ်၏။ (ဤလေးယောက်တို့တည်း)။

ရဟန်းတို့ အဘယ်သို့လျှင် အချို့သော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် အားထုတ်မှုရှိသည် ဖြစ်၍ ကိလေသာတို့ကို ငြိမ်းစေတတ်သနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်(မိမိ)ကိုယ်၌ မဘင့်တယ်သော အခြင်းအရာအားဖြင့် အဖန်တလဲလဲ ရှု၍နေ၏၊ သုံးဆောင်ဖွယ် (အာဟာရ)၌ စက်ဆုပ်ရွံရှာဖွယ် ဟု အမှတ်ရှိသည် အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု အမှတ်ရှိသည် အလုံးစုံသော သင်္ခါရတရားတို့၌ အမြဲမရှိ ဟု အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ထိုပုဂ္ဂိုလ်

http://www.dhammadownload.com



အား သေခြင်းကို အာရုံပြု၍ ဖြစ်သော အမှတ် 'သညာ' သည် မိမိသန္တာန်၌ ကောင်းစွာကပ်၍ တည်၏။ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ် ဝီရိယဗိုလ် ပညာဗိုလ်အားဖြင့် ဤသေက္ခဗိုလ်ငါးပါးတို့ကို အမှီပြု၍ နေ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေအားဖြင့် ဤလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် အားထုတ်မှု-ရှိသည်ဖြစ်၍ ကိလေသာတို့ကို ငြိမ်းစေတတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် အားထုတ်မှု ရှိသည်ဖြစ်၍ ကိလေသာတို့ကို ငြိမ်းစေတတ်သည် မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် အချို့သော ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ အားထုတ်မှု ရှိသည်ဖြစ်၍ ကိလေသာတို့ကို ငြိမ်းစေတတ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (မိမိ)ကိုယ်၌ မတင့်တယ်သော အခြင်းအရာအားဖြင့် အဖန်တလဲလဲ ရှု၍ နေ၏၊ သုံးဆောင်ဖွယ် (အာဟာရ)၌ စက်ဆုပ်ဖွယ်ရှိ၏ဟု အမှတ်ရှိသည် အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု အမှတ်ရှိသည် အလုံးစုံသော သင်္ခါရတရားတို့၌ အမြဲမရှိ ဟု အဖန်တလဲလဲ ရှုလေ့ ရှိသည်ဖြစ်၍ နေ၏၊ ထိုပုဂ္ဂိုလ်အား သေခြင်းကို အာရုံပြု၍ ဖြစ်သော အမှတ် 'သညာ'သည် မိမိ သန္တာန်၌ ကောင်းစွာ ကပ်၍ တည်၏၊ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ် ဝီရိယဗိုလ် ပညာဗိုလ်အားဖြင့် ဤသေက္ခ ဗိုလ်ငါးပါးတို့ကို အမှီပြု၍ နေ၏၊ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေအားဖြင့် ဤနုန့်သော ဣန္ဒြေငါးပါးတို့သည် ထင်ရှား ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ နုန့်ခြင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ အားထုတ်မှုနှင့် တကွဖြစ်သော ကိလေသာတို့ကို ငြိမ်းစေတတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ အားထုတ်မှု ရှိသည်ဖြစ်၍ ကိလေသာတို့ကို ငြိမ်းစေ တတ်သည် မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် အချို့သော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် အားထုတ်မှုမရှိပဲ ကိလေသာတို့ကို ငြိမ်းစေတတ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ်။ပ။ ပညာဗိုလ်အားဖြင့် ဤသေက္ခဗိုလ်ငါးပါးတို့ကို အမှီ ပြု၍ နေ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေအားဖြင့် ဤလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှား ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် အားထုတ်မှုမရှိပဲ ကိလေသာတို့ကို ငြိမ်းစေတတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မျက်မှောက် ဘဝ၌ပင် အားထုတ်မှုမရှိပဲ ကိလေသာတို့ကို ငြိမ်းစေတတ်သည် မည်၏။

ရဟန်းတို့ အဘယ်သို့လျှင် အချို့သော ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ အားထုတ်မှုမရှိပဲ ကိလေသာတို့ကို ငြိမ်းစေတတ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း သည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ် ဝီရိယဗိုလ် ပညာဗိုလ်အားဖြင့် ဤသေက္ခဗိုလ် ငါးပါးတို့ကို အမှီပြု၍ နေ၏။ ထိုပုဂ္ဂိုလ်အား ဤဣန္ဒြေ ငါးပါး တို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့ နုန့်ခြင်းကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍

http://www.dhammadownload.com



သေပြီးသည်မှ နောက်၌ အားထုတ်မှုမရှိပဲ ကိလေသာတို့ကို ငြိမ်းစေတတ်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ အားထုတ်မှုမရှိပဲ ကိလေသာတို့ကို ငြိမ်းစေတတ်သည် မည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ် လေးယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ယုဂနဒ္ဓသုတ်

၁၇၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့" ဟု ခေါ်၏။ ရဟန်းတို့သည် "ငါ့သျှင်"ဟု အသျှင်အာနန္ဒာအား ပြန်ကြား လျှောက်ထားကြကုန်၏။ အသျှင်အာနန္ဒာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ ရဟန်းယောကျ်ားဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ငါ၏အထံ၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပြောကြား၏၊ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမ အားလုံးသည် မဂ်လေးပါးတို့ဖြင့်၎င်း ထိုမဂ်လေးပါးတို့တွင် တပါးပါးဖြင့်၎င်း (အရဟတ္တဖိုလ် ရောက်ကြောင်းကို ပြောကြား၏)။

အဘယ်လေးပါးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွါးများ၏၊ သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွါးများသော ထိုရဟန်းအား(သောတာပတ္တိ)မဂ်သည် ထင်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာပြုသော ထိုရဟန်းအား သံယောဇဉ်တို့သည် ပျောက်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွါးများ၏၊ ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွါးများသော ထိုရဟန်းအား မဂ်သည် ထင်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာပြုသော ထိုရဟန်းအား သံယောဇဉ်တို့သည် ပျောက်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် သမထ ဝိပဿနာကို အစုံဖွဲ့၍ ပွါးများ၏၊ သမထ ဝိပဿနာကို အစုံဖွဲ့၍ ပွါးများသော ထိုရဟန်းအား မဂ်သည် ထင်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးများသော ကြိမ်ဖန်များစွာ ပြုသော ထိုရဟန်းအား သံယောဇဉ်တို့သည် ပျောက်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းအား တရားတို့၌ ပျံ့လွင့်ခြင်း 'မေ့ဒ္ဓစ္စ'သည် အထူးသဖြင့် ယူအပ်သော စိတ်ဖြစ်၏၊ ငါ့သျှင်တို့ အကြင်အခါ၌ ထိုဝိပဿနာစိတ်သည် (ဂေါစရဇ္ဈတ္တ)နိဗ္ဗာန်၌ သာလျှင် ကောင်းစွာ တည်၏၊ ကောင်းစွာ နစ်၏၊ ကောင်းစွာ တည်ကြည်၏၊ စိတ်ကို ကောင်းစွာ ထား၏၊ ထိုအခါ ထိုရဟန်းအား မဂ်သည် ထင်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ထိုမဂ်ကို ပွါးများသော မှီဝဲသော ကြိမ်ဖန်များစွာပြုသော ထိုရဟန်းအား သံယောဇဉ်တို့သည် ပျောက်ကုန်၏၊ အနုသယဘို့သည် ကင်းကုန်၏။

ငါ့သျှင်တို့ ရဟန်းယောက်ျား ဖြစ်စေ ရဟန်းမိန်းမ ဖြစ်စေ မည်သူမဆို ငါ၏ အထံ၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပြောကြား၏၊ ထိုရဟန်းယောက်ျား ရဟန်းမိန်းမ အားလုံးသည် ဤ မဂ်လေးပါးတို့ဖြင့်ရှင်း ထိုမဂ်လေးပါးတို့တွင် တပါးပါးဖြင့်ရှင်း (အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပြောကြား၏) ဟု(မိန့် ဆို၏)။

ဒသမသုတ်။

နှစ်ခုမြောက် ပဋိပဒါဝဂ် ပြီး၏။

---

## (၁၈) ၃-သဉ္စေတနိယဝဂ် ၁-စေတနာသုတ်

၁၇၁။ ရဟန်းတို့ မသိခြင်း 'အဝိဇ္ဇာ'ဟူသော အကြောင်းကြောင့်သာလျှင် ကိုယ်(ကာယဒွါရ) ရှိလတ်သော် ကိုယ် (ကာယဒွါရ)၌ ဖြစ်သော လုံ့ဆော်မှု 'စေတနာ' ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ရဟန်းတို့ နှုတ်(ဝစီဒွါရ) ရှိလတ်သော် နှုတ် (ဝစီဒွါရ)၌ ဖြစ်သော လုံ့ဆော်မှု 'စေတနာ' ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ရဟန်းတို့ စိတ်(မနောဒွါရ)ရှိလတ်သော် စိတ်(မနောဒွါရ)၌ ဖြစ်သော လုံ့ဆော်မှု'စေတနာ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် ကာယသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏၊ ကိုယ်ဘိုင်မူလည်း ထိုကာယသင်္ခါရကို ပြုစီရင်၏။ ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင်ကာယသင်္ခါရဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏။ ရဟန်းတို့ သူတပါးတို့သည်မူလည်း ထိုပုဂ္ဂိုလ်၏ ထိုကာယသင်္ခါရကို ပြုစီရင်ကြကုန်၏။ ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် ကာယသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ကောင်းစွာ သိလျက်မူလည်း ထိုကာယသင်္ခါရကို ပြုစီရင်၏၊ ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် ကာယသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ကောင်းစွာ မသိပဲလျက်မူလည်း ထိုကာယသင်္ခါရကို ပြုစီရင်၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် ဝစီသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏၊ ကိုယ်ဘိုင်မူလည်း ထိုဝစီသင်္ခါရကို ပြုစီရင်၏။ ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် ဝစီသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏။ ရဟန်းတို့ သူတပါးတို့သည်မူလည်း ထိုပုဂ္ဂိုလ်၏ ထိုဝစီသင်္ခါရကို ပြုစီရင်ကြ

http://www.dhammadownload.com



ကုန်၏။ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် ဝစီသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ကောင်းစွာ သိလျက်မူလည်း ထိုဝစီသင်္ခါရကို ပြုစီရင်၏။ ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် ဝစီသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏။ ကောင်းစွာ မသိပဲလျက်မူလည်း ထိုဝစီသင်္ခါရကို ပြုစီရင်၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင် မနောသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ကိုယ်တိုင်မူလည်း ထိုမနောသင်္ခါရကို ပြုစီရင်၏။ ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင်မနောသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏။ ရဟန်းတို့ သူတပါးတို့သည် မူလည်း ထိုပုဂ္ဂိုလ်၏ ထိုမနောသင်္ခါရကို ပြုစီရင်ကြကုန်၏။ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင်မနောသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ကောင်းစွာ သိလျက်မူလည်း ထိုမနောသင်္ခါရကို ပြုစီရင်၏၊ ရဟန်းတို့ ထိုပုဂ္ဂိုလ်အား အကြင်မနောသင်္ခါရ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ကောင်းစွာ မသိပဲလျက်မူလည်း ထိုမနောသင်္ခါရကို ပြုစီရင်၏။

ဤစေတနာတရား တို့၌ မသိခြင်း 'အဝိဇ္ဇာ'သည် အဖန်ဖန် ကျရောက်၏၊ မသိခြင်း 'အဝိဇ္ဇာ'၏ သာလျှင် (အရဟတ္တမဂ်)ဖြင့် အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် ထိုပုဂ္ဂိုလ်အား အကြင် (ကာယသင်္ခါရဟူသော) အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ထို ကိုယ် 'ကာယသင်္ခါရ'သည် မဖြစ်၊ ထိုပုဂ္ဂိုလ်အား အကြင် (ဝစီသင်္ခါရ ဟူသော) အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ထို စကား 'ဝစီသင်္ခါရ'သည် မဖြစ်၊ ထိုပုဂ္ဂိုလ်အား အကြင် (မနောသင်္ခါရဟူသော) အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ထို စိတ် 'မနောသင်္ခါရ'သည် မဖြစ်။ ထိုပုဂ္ဂိုလ်အား အကြင် စေတနာကံ အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ထို လယ်မြေသဖွယ် ဖြစ်သော စေတနာကံသည် မဖြစ်။ပ။ ထိုယာမြေသဖွယ် ဖြစ်သော စေတနာကံသည် မဖြစ်။ပ။ ထိုအကြောင်းသည် မဖြစ်။ပ။ အကြင်အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေါ်၏၊ ထို တည်ရာအကြောင်းသည် မဖြစ်။

ရဟန်းတို့ အတ္တဘောကို ရခြင်းတို့သည် ဤလေးမျိုးတို့တည်း။အဘယ်လေးမျိုးတို့နည်းဟူမူ— ရဟန်းတို့ အကြင် အတ္တဘောကို ရခြင်း၌ မိမိ၏ လှုံ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ သူတပါး၏ လှုံ့ဆော်မှု 'စေတနာ'သည် မဖြစ်၊ ထိုအတ္တဘောကို ရခြင်းမျိုးသည် ရှိ၏။ ရဟန်းတို့ အကြင်အတ္တဘောကို ရခြင်း၌ သူတပါး၏ လှုံ့ဆော်မှု 'စေတနာ'သည် ဖြစ်၏၊ မိမိ၏ လှုံ့ဆော်မှု'စေတနာ'သည် မဖြစ်၊ ထိုအတ္တဘောကို ရခြင်းမျိုးသည် ရှိ၏။ ရဟန်းတို့ အကြင်အတ္တဘောကို ရခြင်း၌ မိမိ၏ လှုံ့ဆော်မှု 'စေတနာ'သည်လည်း ဖြစ်၏၊ သူတပါး၏ လှုံ့ဆော်မှု 'စေတနာ'သည်လည်း ဖြစ်၏၊ ထိုအတ္တဘောကို ရခြင်းမျိုးသည် ရှိ၏။ ရဟန်းတို့ အကြင်အတ္တဘောကို ရခြင်း၌ မိမိ၏ လှုံ့ဆော်မှု 'စေတနာ'သည်လည်း မဖြစ်၊သူတပါး၏ လှုံ့ဆော်မှု 'စေတနာ'သည်လည်း မဖြစ်၊ ထိုအတ္တဘောကို ရခြင်းမျိုးသည် ရှိ၏။ ရဟန်းတို့ အတ္တဘောကို ရခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

**ဤသို့ ဟောအပ်သော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းဟောတော်မူအပ်သော ဤတရား၏ အနက်ကို**

http://www.dhammadownload.com



တပည့်တော်သည် အကျယ်အားဖြင့် ဤသို့ သိပါသည်၊ အသျှင်ဘုရား ထို(အတ္တဘောကို ရခြင်း) တို့တွင် အကြင် အတ္တဘောကို ရခြင်းသည် ရှိ၏၊ ယင်းအတ္တဘောကို ရခြင်း၌ မိမိ၏ စေတနာသည် ဖြစ်၏၊ သူတပါး၏ စေတနာသည် မဖြစ်၊ မိမိ၏ စေတနာ ဟူသော အကြောင်းကြောင့် ထိုသတ္တဝါ တို့၏ ထိုကိုယ်မှ ရွေ့လျောခြင်းသည် ဖြစ်၏။ အသျှင်ဘုရား ထို(အတ္တဘောကိုရခြင်း)တို့တွင် အကြင် အတ္တဘောကို ရခြင်းသည် ရှိ၏၊ယင်းအတ္တဘောကို ရခြင်း၌ သူတပါး၏ စေတနာသည် ဖြစ်၏၊ မိမိ၏ စေတနာသည် မဖြစ်၊ သူတပါး၏ စေတနာဟူသော အကြောင်းကြောင့် ထိုသတ္တဝါတို့၏ ထိုကိုယ်မှ ရွေ့လျောခြင်းသည် ဖြစ်၏။ အသျှင်ဘုရား ထို(အတ္တဘောကို ရခြင်း)တို့တွင် အကြင် အတ္တဘောကို ရခြင်းသည် ရှိ၏၊ ယင်းအတ္တဘောကို ရခြင်း၌ မိမိ၏ စေတနာသည်လည်း ဖြစ်၏၊ သူတပါး၏ စေတနာသည်လည်း ဖြစ်၏၊ မိမိစေတနာ သူတပါးစေတနာ ဟူသော အကြောင်းကြောင့် ထို သတ္တဝါတို့၏ ထိုကိုယ်မှ ရွေ့လျောခြင်းသည် ဖြစ်၏။ အသျှင်ဘုရား ထို (အတ္တဘောကို ရခြင်း) တို့တွင် အကြင်အတ္တဘောကို ရခြင်းသည် ရှိ၏၊ ယင်းအတ္တဘောကို ရခြင်း၌ မိမိ၏ စေတနာလည်း မဖြစ်၊ သူတပါး၏ စေတနာလည်း မဖြစ်၊ ထိုအကြောင်းဖြင့် အဘယ်နတ်တို့ကို မှတ်အပ်ပါကုန် သနည်း ဟု (လျှောက်၏)။ သာရိပုတြာ ထိုအကြောင်းဖြင့် နေဝသညာနာသညာယတနဘုံသို့ ရောက်ကုန်သော ထိုနတ်တို့ကို မှတ်အပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကြင်အကြောင်း အထောက်အပံ့ကြောင့် ဤလောက၌ အချို့သော သတ္တဝါ တို့သည် ထိုကိုယ်မှ ရွေ့လျောကုန်သော် ဤကာမဘုံသို့ လာရောက်တတ်သောကြောင့် အာဂါမိ ပုဂ္ဂိုလ်တို့ မည်ကုန်၏၊ ထိုအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား အကြင် အကြောင်း အထောက်အပံ့ကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ထိုကိုယ်မှရွေ့လျော ကုန်သော် ဤကာမဘုံသို့ မလာရောက်တတ်သောကြောင့် အနာဂါမိ ပုဂ္ဂိုလ်တို့ မည်ကုန်၏၊ ထို အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း ဟု (လျှောက်၏)။ သာရိပုတြာ ဤသာသနာ တော်၌ အချို့သော ပုဂ္ဂိုလ်သည် အောက်ပိုင်း သံယောဇဉ်တို့ကို မပယ်ကုန်၊ ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထို စျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့် နှစ်သိမ့်ခြင်းသို့ ရောက်၏၊ ထိုစျာန်၌ တည်လျက် ထိုစျာန်ကို နှလုံးသွင်း၍ ထိုစျာန်၌ အကြိမ်များစွာ နေလေ့ရှိသည် မယုတ်သော စျာန်ရှိသည်ဖြစ်၍ သေခြင်းကို ပြုလတ်သော် နေဝသညာနာသညာယတနဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ထိုဘုံမှ ရွေ့လျောလတ်သော် ဤကာမ ဘုံသို့ လာရောက်တတ်သောကြောင့် အာဂါမိပုဂ္ဂိုလ် မည်၏။

သာရိပုတြာ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ်တို့ကို ပယ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုစျာန်ကို သာယာ၏၊ ထိုစျာန်ကို အလိုရှိ၏၊ ထိုစျာန်ဖြင့် နှစ်သိမ့်ခြင်းသို့ ရောက်၏၊ ထိုစျာန်၌ တည်လျက် ထိုစျာန်ကို နှလုံးသွင်း၍ ထိုစျာန်၌ အကြိမ်များစွာ နေလေ့ရှိသည် မယုတ်သော စျာန်ရှိသည်ဖြစ်၍ သေခြင်းကို ပြုလတ်သော် နေဝသညာနာသညာယတနဘုံ၌ ဖြစ် ကုန်သော ဗြဟ္မာတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ထိုဘုံမှ ရွေ့လျောလတ် သော် ဤ(ခန္ဓာငါးပါးရှိ)ဘုံသို့ မလာရောက်တတ်သောကြောင့် အနာဂါမိပုဂ္ဂိုလ် မည်၏၊ သာရိ ပုတြာ အကြင် (ဩရမ္ဘာဂိယသံယောဇဉ်ကို မပယ်ခြင်း ဟူသော) အကြောင်း အထောက်အပံ့ ကြောင့် အချို့သော သတ္တဝါတို့သည် ထိုကိုယ်မှ ရွေ့လျောကုန်လတ်သော် ဤကာမဘုံသို့ လာရောက်

http://www.dhammadownload.com



တတ်သောကြောင့် အာဂါမိပုဂ္ဂိုလ်တို့ မည်ကုန်၏၊ ဤသည်ကား အကြောင်းအထောက်အပံ့တည်း။ သာရိပုတြာ အကြင် (ဩရမ္ဘာဂိယသံယောဇဉ်ကို ပယ်ခြင်း ဟူသော) အကြောင်းအထောက်အပံ့ ကြောင့် အချို့သော သတ္တဝါတို့သည် ထိုကိုယ်မှ ရွေလျောကုန်လတ်သော် ဤ(ခန္ဓာငါးပါးရှိ)ဘုံသို့ မလာရောက်တတ်သောကြောင့် အနာဂါမိပုဂ္ဂိုလ် မည်ကုန်၏။ဤသည်ကား အကြောင်းအထောက် အပံ့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဝိဘတ္တိသုတ်

၁၇၂။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို"ငါ့သျှင် ရဟန်းတို့"ဟု ခေါ်၏။ရဟန်းတို့ သည် "ငါ့သျှင်"ဟု အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကြကုန်၏။ အသျှင် သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ ရဟန်းဖြစ်၍ တဆယ့်ငါးရက် ရှိပြီးသော ငါသည် အနက်ငါးပါးတို့၌ အပြားအားဖြင့် ခွဲခြမ်း ဝေဖန်၍ သိသော (အတ္ထပဋိသမ္ဘိဒါ) ဉာဏ်ကို အကြောင်းအားဖြင့် အက္ခရာအားဖြင့် မျက်မှောက် ပြုနိုင်ခဲ့ပြီ၊ ထို(အတ္ထပဋိသမ္ဘိဒါ) ဉာဏ်ကို ငါသည် အကြောင်းအမျိုးမျိုးဖြင့် ဟောကြား၏၊ ထင်စွာဟောပြော၏၊ သိစေ၏၊ ဖြစ်စေ၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင် ပြု၏၊ (အတ္ထပဋိသမ္ဘိဒါ၌) ယုံမှားတွေးတောသော ပုဂ္ဂိုလ်သည် ငါ့ကို အမေးပြဿနာဖြင့် (ချဉ်းကပ်လော့)၊ ငါသည် (ထိုသူအား) ဖြေဆိုသဖြင့် (စိတ်ကို နှစ်သက်စေအံ့)၊ အကြင်ဆရာသည် ငါတို့သိအပ်သော တရားတို့၌ ကောင်းစွာ လိမ္မာတော်မူ၏၊ ထိုဆရာသည် ငါတို့၏ မျက်မှောက်၌ဖြစ်တော်မူ၏။

ငါ့သျှင်တို့ ရဟန်းဖြစ်၍ တဆယ့်ငါးရက် ရှိပြီးသော ငါသည် အကြောင်းငါးပါးတို့၌ အပြားအားဖြင့် ခွဲခြမ်းဝေဖန်၍ သိသော (ဓမ္မပဋိသမ္ဘိဒါ)ဉာဏ်ကို အကြောင်းအားဖြင့် အက္ခရာ အားဖြင့် မျက်မှောက်ပြုနိုင်ခဲ့ပြီ၊ ထို (ဓမ္မပဋိသမ္ဘိဒါ) ဉာဏ်ကို ငါသည် အကြောင်းအမျိုးမျိုးဖြင့် ဟောကြား၏၊ ထင်စွာဟောပြော၏၊ သိစေ၏၊ ဖြစ်စေ၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင်ပြု၏၊ (ဓမ္မပဋိသမ္ဘိဒါဉာဏ်၌) ယုံမှားတွေးတောသော ပုဂ္ဂိုလ်သည် ငါ့ကို အမေးပြဿနာဖြင့် (ချဉ်းကပ်လော့)၊ ငါသည် (ထိုသူအား)ဖြေဆိုသဖြင့် (စိတ်ကို နှစ်သက်စေအံ့)၊ အကြင်ဆရာသည် ငါတို့ သိအပ်သော တရားတို့၌ ကောင်းစွာ လိမ္မာတော်မူ၏၊ ထိုဆရာသည် ငါတို့၏ မျက်မှောက်၌ ဖြစ်တော်မူ၏။

ငါ့သျှင်တို့ ရဟန်းဖြစ်၍ တဆယ့်ငါးရက်ရှိပြီးသော ငါသည် မာဂဓဘာသာကို အပြားအားဖြင့် ခွဲခြမ်းဝေဖန်၍ သိသော (နိရုတ္တိပဋိသမ္ဘိဒါ)ဉာဏ်ကို အကြောင်းအားဖြင့် အက္ခရာအားဖြင့် မျက်မှောက်ပြုနိုင်ခဲ့ပြီ၊ ထို(နိရုတ္တိပဋိသမ္ဘိဒါ) ဉာဏ်ကို ငါသည် အကြောင်းအမျိုးမျိုးဖြင့် ဟောကြား၏၊ ထင်စွာ ဟောပြော၏၊ သိစေ၏၊ ဖြစ်စေ၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင် ပြု၏၊ (နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၌) ယုံမှား တွေးတောသော ပုဂ္ဂိုလ်သည် ငါ့ကို အမေးပြဿနာဖြင့် (ချဉ်းကပ်လော့)၊ ငါသည်(ထိုသူအား)ဖြေဆိုသဖြင့်(စိတ်ကို နှစ်သက်စေအံ့)၊ အကြင်ဆရာသည် ငါတို့သိအပ်သော တရားတို့၌ ကောင်းစွာလိမ္မာတော်မူ၏၊ထိုဆရာသည် ငါတို့၏မျက်မှောက်၌ ဖြစ်တော်မူ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ရဟန်းဖြစ်၍ တဆယ့်ငါးရက် ရှိပြီးသော ငါသည် ရှေးဉာဏ် သုံးပါးတို့၌ အပြားအားဖြင့် ခွဲခြမ်းဝေဖန်၍ သိသော (ပဋိဘာနပဋိသမ္ဘိဒါ) ဉာဏ်ကို အကြောင်းအားဖြင့် အက္ခရာအားဖြင့် မျက်မှောက်ပြုနိုင်ခဲ့ပြီ၊ထို(ပဋိဘာနပဋိသမ္ဘိဒါ)ဉာဏ်ကို ငါသည် အကြောင်း အမျိုးမျိုးဖြင့် ဟောကြား၏၊ ထင်စွာ ဟောပြော၏၊ သိစေ၏၊ ဖြစ်စေ၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင်ပြု၏၊ (ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်၌) ယုံမှားတွေးတောသော ပုဂ္ဂိုလ်သည် ငါ့ကို အမေးပြဿနာဖြင့် (ချဉ်းကပ်လော့)၊ ငါသည် (ထိုသူအား) ဖြေဆိုသဖြင့် (စိတ်ကို နှစ်သက်စေအံ့)၊ အကြင်ဆရာသည် ငါတို့ သိအပ်သော တရားတို့၌ ကောင်းစွာ လိမ္မာတော်မူ၏၊ ထိုဆရာသည် ငါတို့၏ မျက်မှောက်၌ ဖြစ်တော်မူ၏ ဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

## ၃-မဟာကောဋ္ဌိကသုတ်

၁၇၃။ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်လျက် အသျှင်သာရိပုတြာအား ဤစကားကို ဆို၏—

ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ) တစုံတခုသည် ရှိလေသလော ဟု လျှောက်၏။ ငါ့သျှင် ဤသို့ မဆိုသင့်ပါ။ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ) တစုံတခုသည် မရှိလေသလော ဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ မဆိုသင့်ပါ။ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန 'ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ)တစုံတခုသည် ရှိလည်းရှိ မရှိလည်း မရှိသလော ဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ မဆိုသင့်ပါ။ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ) တစုံတခုသည် ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်သလော ဟု (လျှောက်၏)၊ ငါ့သျှင် ဤသို့ မဆိုသင့်ပါ။

"ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ) တစုံတခုသည် ရှိလေသလော" ဟု (ငါ) မေးအပ်သော် "ငါ့သျှင် ဤသို့ မဆိုသင့်ပါ" ဟု (သင်) ဆိုဘိ၏။ "ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ) တစုံတခုသည် မရှိလေသလော"ဟု (ငါ)မေးအပ်သော် "ငါ့သျှင် ဤသို့ မဆိုသင့်ပါ"ဟု (သင်)ဆိုဘိ၏။ "ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ) တစုံတခုသည် ရှိလည်းရှိ မရှိလည်း မရှိလေသလော"ဟု (ငါ) မေးအပ်သော် "ငါ့သျှင် ဤသို့ မဆိုသင့်ပါ"ဟု (သင်) ဆိုဘိ၏။ "ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ) တစုံတခုသည် မရှိသည်လည်း မဟုတ် ရှိသည်လည်း မဟုတ်လေသလော" ဟု (ငါ) မေးအပ်သော် "ငါ့သျှင်

http://www.dhammadownload.com



ဤသို့ မဆိုသင့်ပါ" ဟု (သင်) ဆိုဘိ၏။ ငါ့သျှင် ဟောဆိုတော်မူသော ဤတရား၏ အနက်ကို အဘယ်သို့လျှင် မှတ်ရပါအံ့နည်း ဟုလျှောက်၏။

ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန'ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ) တစုံတခုသည် ရှိ၏"ဟု ဆိုသော သူသည် မချဲ့သင့်သော အရာကို ချဲ့၏။ "ငါ့သျှင် တွေ့ထိခြင်း၏တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် မရှိ" ဟု ဆိုသော သူသည် မချဲ့သင့်သော အရာကို ချဲ့၏။ "ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန'ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် ရှိလည်းရှိ၏၊ မရှိလည်း မရှိ" ဟု ဆိုသော သူသည် မချဲ့သင့်သော အရာကို ချဲ့၏။ "ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်" ဟု ဆိုသောသူသည် မချဲ့သင့်သော အရာကို ချဲ့၏။ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန'ခြောက်ပါးတို့၏ ဖြစ်ခြင်းနှင့်အမျှ (သံသရာကိုချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိ ဟု ဆိုအပ်သော)ပပဉ္စတရား၏ ဖြစ်ခြင်းသည် ရှိ၏၊ပပဉ္စတရား၏ဖြစ်ခြင်းနှင့်အမျှ တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ ဖြစ်ခြင်းသည် ရှိ၏၊ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန'ခြောက်ပါးတို့၏ အကြွင်းမဲ့ကင်းခြင်း ချုပ်ခြင်းကြောင့် (သံသရာကို ချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိ ဟု ဆိုအပ်သော)ပပဉ္စတရားတို့၏ ချုပ်ခြင်းသည် ဖြစ်၏၊ ပပဉ္စတရားတို့၏ ငြိမ်းခြင်းသည် ဖြစ်၏ ဟု(မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-အာနန္ဒသုတ်

၁၇၄။ ထိုအခါ အသျှင်အာနန္ဒာသည် အသျှင်မဟာကောဋ္ဌိကထံသို့ ချဉ်းကပ်၍ အသျှင်မဟာကောဋ္ဌိကနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် အသျှင်မဟာကောဋ္ဌိကအား—ဤ စကားကို ဆို၏။

ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန'ခြောက်ပါးတို့၏ အကြွင်းမဲ့ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် ရှိလေသလော ဟု လျှောက်၏။ ငါ့သျှင် ဤသို့ မဆိုသင့်ပါ။ ငါ့သျှင် တွေ့ထိခြင်း၏တည်ရာ 'ဖဿာယတန'ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ) တစုံတခုသည် မရှိလေသလော ဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ မဆိုသင့်ပါ။ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ) တစုံတခုသည် ရှိလည်းရှိ မရှိလည်း မရှိ လေသလောဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ မဆိုသင့်ပါ။ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ 'ဖဿာယတန' ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ) တစုံတခုသည် ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်လေသလော ဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ မဆိုသင့်ပါ(ဟု ဆို၏)။

http://www.dhammadownload.com



“ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ‘ဖဿာယတန’ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် ရှိလေသလောဟု (ငါ)မေးအပ်သော် “ငါ့သျှင် ဤသို့ မဆိုသင့်ပါ”ဟု (သင်)ဆိုဘိ၏။ “ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ ‘ဖဿာယတန’ ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် မရှိလေသလော”ဟု(ငါ) မေးအပ်သော် “ငါ့သျှင် ဤသို့ မဆိုသင့်ပါ”ဟု (သင်)ဆိုဘိ၏။ “ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ ‘ဖဿာယတန’ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ)တစုံတခုသည် ရှိလည်းရှိ မရှိလည်းမရှိလေသလော”ဟု (ငါ)မေးအပ်သော် “ငါ့သျှင် ဤသို့ မဆိုသင့်ပါ”ဟု (သင်)ဆိုဘိ၏။ “ငါ့သျှင် တွေ့ထိခြင်း၏တည်ရာ‘ဖဿာယတန’ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ)တစုံတခုသည် ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်သလော” ဟု(ငါ)မေးအပ်သော် “ငါ့သျှင် ဤသို့ မဆိုသင့်ပါ”ဟု (သင်)ဆိုဘိ၏။ ငါ့သျှင် ဟောဆိုအပ်သော ဤတရား၏ အနက်ကို အဘယ်သို့လျှင် မှတ်ရအံ့နည်း ဟု (လျှောက်၏)။

“ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ‘ဖဿာယတန’ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် ရှိ၏” ဟု ဆိုသော သူသည် မချဲ့သင့်သော အရာကို ချဲ့၏။ “ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ ‘ဖဿာယတန’ ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား (ကိလေသာ)တစုံတခုသည် မရှိ” ဟု ဆိုသော သူသည် မချဲ့သင့်သော အရာကို ချဲ့၏။ “ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ‘ဖဿာယတန’ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် ရှိလည်းရှိ မရှိလည်းမရှိ”ဟု ဆိုသော သူသည် မချဲ့သင့်သော အရာကို ချဲ့၏။ “ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ ‘ဖဿာယတန’ ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် အခြား(ကိလေသာ)တစုံတခုသည် ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်” ဟု ဆိုသောသူသည် မချဲ့သင့်သော အရာကို ချဲ့၏။ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ ‘ဖဿာယတန’ခြောက်ပါးတို့၏ ဖြစ်ခြင်းနှင့်အမျှ သံသရာကို ချဲ့တတ်သော ‘ပပဉ္စ’တရားတို့၏ ဖြစ်ခြင်းသည် ရှိ၏၊ ပပဉ္စ တရားတို့၏ ဖြစ်ခြင်းနှင့်အမျှ တွေ့ထိခြင်း၏ တည်ရာ ‘ဖဿာယတန’ခြောက်ပါးတို့၏ ဖြစ်ခြင်းသည် ရှိ၏၊ ငါ့သျှင် တွေ့ထိခြင်း၏ တည်ရာ ‘ဖဿာယတန’ ခြောက်ပါးတို့၏ အကြွင်းမဲ့ ကင်းခြင်း ချုပ်ခြင်းကြောင့် သံသရာကို ချဲ့တတ်သော ‘ပပဉ္စ’ တရားတို့၏ ချုပ်ခြင်းသည် ဖြစ်၏၊ ပပဉ္စ တရားတို့၏ ငြိမ်းခြင်းသည် ဖြစ်၏ ဟု (မိန့်ဆို၏)။

စတုတ္ထသုတ်။

---

## ၅-ဥပဝါဏသုတ်

၁၇၅။ ထိုအခါ အသျှင်ဥပဝါဏသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်လျက် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏— “ငါ့သျှင် သာရိပုတြာ အသိဉာဏ်‘ဝိဇ္ဇာ’ဖြင့် (ဝဋ်ဆင်းရဲ၏)အဆုံးကို ပြုပါသလော” ဟု လျှောက်၏၊ ငါ့သျှင် ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင် )။ ငါ့သျှင် အကျင့် ‘စရဏ’ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလောဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်၊ ငါ့သျှင် အသိဉာဏ် ‘ဝိဇ္ဇာ’အကျင့်‘စရဏ’ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလော ဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။ ငါ့သျှင် အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့်‘စရဏ’ကို

http://www.dhammadownload.com



ဖယ်ထား၍ (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလောဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။

"ငါ့သျှင် သာရိပုတြာ အသိဉာဏ်'ဝိဇ္ဇာ'ဖြင့် (ဝဋ်ဆင်းရဲ၏)အဆုံးကို ပြုသလော" ဟု (ငါ) မေးအပ်သော် "ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်" ဟု (သင်)ဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ အကျင့် 'စရဏ'ဖြင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသလော" ဟု (ငါ) မေးအပ်သော် "ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်"ဟု(သင်)ဆိုဘိ၏။ "ငါ့သျှင်သာရိပုတြာ အသိဉာဏ်'ဝိဇ္ဇာ'အကျင့် 'စရဏ'ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုသလော"ဟု (ငါ)မေးအပ်သော် "ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်" ဟု (သင်)ဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ အသိဉာဏ်'ဝိဇ္ဇာ'အကျင့် 'စရဏ'ကို ဖယ်ထား၍ (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုသလော"ဟု (ငါ)မေးအပ်သော် "ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်" ဟု (သင်)ဆိုဘိ၏။ ငါ့သျှင် အဘယ်သို့လျှင် (ဝဋ်ဆင်းရဲ၏)အဆုံးကို ပြုပါသနည်း ဟု လျှောက်၏။

ငါ့သျှင် အသိဉာဏ်'ဝိဇ္ဇာ'ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ စွဲလမ်းခြင်း ဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ငါ့သျှင် အကျင့် 'စရဏ'ဖြင့် (ဝဋ်ဆင်းရဲ၏)အဆုံးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ စွဲလမ်းခြင်းဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ငါ့သျှင် အသိဉာဏ်'ဝိဇ္ဇာ'အကျင့် 'စရဏ'ဖြင့် (ဝဋ်ဆင်းရဲ၏)အဆုံးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ စွဲလမ်းခြင်း ဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည်ဖြစ်ရာ၏။ ငါ့သျှင် အသိဉာဏ် 'ဝိဇ္ဇာ'အကျင့်'စရဏ'ကို ဖယ်ထား၍ (ဝဋ်ဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ ပုထုဇဉ်သည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ထိုစကား မှန်၏၊ ငါ့သျှင် ပုထုဇဉ်သည် အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ' မှ ကင်း၏။ ငါ့သျှင် အကျင့် 'စရဏ'မှ ချို့တဲ့သော သူသည် ဟုတ်တိုင်းမှန်စွာ မသိ မမြင်။ အကျင့်'စရဏ'နှင့် ပြည့်စုံသူသည်သာ ဟုတ်တိုင်းမှန်စွာ သိ၏၊ မြင်၏၊ ဟုတ်တိုင်းမှန်စွာ သိသည် မြင်သည် ဖြစ်၍ (ဝဋ်ဆင်းရဲ၏)အဆုံးကို ပြု၏ ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

---

## ၆-အာဃာတနသုတ်

၁၇၆။ ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းသည် ကောင်းစွာ တောင့်တလိုမူ "(ငါသည်) သာရိပုတြာ မောဂ္ဂလာန်တို့၏ သဘောနှင့် တူမျှသော သဘောရှိသူ ဖြစ်ရလို၏" ဟု တောင့်တရာ၏။ ရဟန်းတို့ ငါ၏ တပည့်ရဟန်းတို့တွင် သာရိပုတြာနှင့် မောဂ္ဂလာန်တို့သည် ချိန်သဖွယ် ဖြစ်ကုန်၏၊ နှိုင်းရှည့်ကြောင်း (ပမာဏ) ဖြစ်ကုန်၏။

ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ကောင်းစွာ တောင့်တလိုမူ "(ငါသည်) ခေမာဘိက္ခုနီနှင့် ဥပ္ပလဝဏ်ဘိက္ခုနီတို့၏ သဘောနှင့် တူမျှသော သဘောရှိသူ ဖြစ်ရလို၏" ဟု တောင့်တရာ၏။ ရဟန်းတို့ ငါ၏တပည့် ရဟန်းမိန်းမတို့တွင် ခေမာဘိက္ခုနီနှင့် ဥပ္ပလဝဏ်ဘိက္ခုနီတို့သည် ချိန်သဖွယ် ဖြစ်ကုန်၏၊ နှိုင်းရှည့်ကြောင်း (ပမာဏ)ဖြစ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာသည် ကောင်းစွာ တောင့်တလိုမူ “(ငါသည်) စိတ္တသူကြွယ်နှင့် ဟတ္ထက အာဠဝက မင်းသားတို့၏ သဘောနှင့် တူမျှသော သဘောရှိသူ ဖြစ်ရလို၏” ဟု တောင့်တရာ၏။ ရဟန်းတို့ ငါ၏ တပည့် ဥပါသကာတို့တွင် စိတ္တသူကြွယ်နှင့် ဟတ္ထက အာဠဝက မင်းသားတို့သည် ချိန်သဖွယ် ဖြစ်ကုန်၏၊ နှိုင်းရှည့်ကြောင်း (ပမာဏ) ဖြစ်ကုန်၏။

ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမသည် ကောင်းစွာ တောင့်တလိုမူ “(ငါသည်) ခုဇ္ဇုတ္တရာ ဥပါသိကာမနှင့် ဝေဠုကဏ္ဍကီရွာသူ နန္ဒမာတာတို့၏ သဘောနှင့် တူမျှသော သဘောရှိသူ ဖြစ်ရလို၏” ဟု တောင့်တရာ၏။ ရဟန်းတို့ ငါ၏ တပည့်မဖြစ်သော ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာနှင့် ဝေဠုကဏ္ဍကီရွာသူ နန္ဒမာတာတို့သည် ချိန်သဖွယ် ဖြစ်ကုန်၏၊ နှိုင်းရှည့်ကြောင်း (ပမာဏ) ဖြစ်ကုန် ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ရာဟုလသုတ်

၁၇၇။ ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ရာဟုလာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရာဟုလာ အတွင်းသန္တာန်၌ ဖြစ်သော အကြင်မြေ‘ပထဝီ’ ဓာတ်သည်၎င်း အပသန္တာန်၌ဖြစ်သော အကြင်မြေ‘ပထဝီ’ဓာတ်သည်၎င်း ရှိ၏၊ ဤသဘောတရားသည် မြေ‘ပထဝီ’ဓာတ်သာတည်း၊ “ဤပထဝီဓာတ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤပထဝီဓာတ်သည် ငါမဟုတ်၊ ဤပထဝီဓာတ်သည် ငါ့ကိုယ်မဟုတ်” ဟု ဤသို့ ထိုပထဝီဓာတ်ကို ဟုတ်မှန်သော အတိုင်း သင့်သော အကြောင်းအားဖြင့် (ဝိပဿနာ) ပညာဖြင့် ရှုအပ်၏၊ ဤသို့ ထိုပထဝီဓာတ်ကို ဟုတ်မှန်သောအတိုင်း ပညာဖြင့် ရှုမြင်၍ ပထဝီဓာတ်၌ ငြီးငွေ့၏၊ ပထဝီဓာတ်၌ စိတ်သည် တပ်ခြင်း ကင်း၏။

ရာဟုလာ အတွင်းသန္တာန်၌ ဖြစ်သော အကြင်ရေ‘အာပေါ’ဓာတ်သည်၎င်း အပသန္တာန်၌ ဖြစ်သော အကြင်ရေ ‘အာပေါ’ဓာတ်သည်၎င်း ရှိ၏၊ ဤသဘောတရားသည် ရေ‘အာပေါ’ဓာတ်သာတည်း၊ “ဤအာပေါဓာတ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤအာပေါဓာတ်သည် ငါမဟုတ်၊ ဤအာပေါဓာတ်သည် ငါ့ကိုယ်မဟုတ်” ဟု ဤသို့ ထိုအာပေါဓာတ်ကို ဟုတ်မှန်သော အတိုင်း သင့်သော အကြောင်းအားဖြင့် (ဝိပဿနာ)ပညာဖြင့် ရှုအပ်၏၊ ဤသို့ ထိုအာပေါဓာတ်ကို ဟုတ်မှန်သော အတိုင်း ပညာဖြင့် ရှုမြင်၍ အာပေါဓာတ်၌ ငြီးငွေ့၏၊ အာပေါဓာတ်၌ စိတ်သည် တပ်ခြင်း ကင်း၏။

ရာဟုလာ အတွင်းသန္တာန်၌ဖြစ်သော အကြင်မီး ‘တေဇော’ ဓာတ်သည်၎င်း အပသန္တာန်၌ ဖြစ်သော အကြင် မီး ‘တေဇော’ ဓာတ်သည်၎င်း ရှိ၏၊ ဤသဘော တရားသည် မီး ‘တေဇော’ ဓာတ်သာ တည်း၊ “ဤတေဇောဓာတ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤတေဇောဓာတ်သည် ငါမဟုတ်၊ ဤတေဇောဓာတ်သည် ငါ့ကိုယ်မဟုတ်” ဟု ဤသို့ ထိုတေဇောဓာတ်ကို ဟုတ်မှန်သော အတိုင်း သင့်သော

http://www.dhammadownload.com



အကြောင်းအားဖြင့် (ဝိပဿနာ)ပညာဖြင့် ရှုအပ်၏၊ ဤသို့ ထိုတေဇောဓာတ်ကို ဟုတ်မှန်သော အတိုင်း ပညာဖြင့် ရှုမြင်၍ တေဇောဓာတ်၌ ငြီးငွေ့၏၊ တေဇောဓာတ်၌ စိတ်သည် တပ်ခြင်း ကင်း၏။

ရာဟုလာ အတွင်း သန္တာန်၌ ဖြစ်သော အကြင်လေ'ဝါယော'ဓာတ်သည်လည်း အပသန္တာန်၌ ဖြစ်သော အကြင်လေ 'ဝါယော'ဓာတ်သည်လည်း ရှိ၏၊ ဤသဘောတရားသည် လေ 'ဝါယော'ဓာတ် သာတည်း၊ "ဤဝါယောဓာတ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝါယောဓာတ်သည် ငါမဟုတ်၊ ဤဝါယော ဓာတ်သည် ငါ့ကိုယ်မဟုတ်"ဟု ဤသို့ ထိုဝါယောဓာတ်ကို သင့်သောအကြောင်းအားဖြင့် (ဝိပဿနာ) ပညာဖြင့် ရှုအပ်၏၊ ဤသို့ ထိုဝါယောဓာတ်ကို ဟုတ်မှန်သော အတိုင်း ပညာဖြင့် ရှုမြင်၍ ဝါယော ဓာတ်၌ ငြီးငွေ့၏၊ ဝါယောဓာတ်၌ စိတ်သည် တပ်ခြင်း ကင်း၏။

ရာဟုလာ အကြင်အခါ၌ ရဟန်းသည် ဤဓာတ်လေးပါးတို့၌ မိမိကိုယ်ဟူ၍ မရှု၊ မိမိဥစ္စာဟူ၍ မရှု။ ရာဟုလာ ဤရဟန်းကို တဏှာကို ဖြတ်ပြီ သံယောဇဉ်ကို လွန်မြောက်ပြီဟု ဆိုအပ်၏၊ ကောင်း စွာထောင်လွှားခြင်း 'မာန'ကို ပယ်ခြင်းကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဇမ္ဘာလိသုတ်

၁၇၈။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငြိမ်သက်သော စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု 'မဟဂ္ဂုတ်သမာပတ်' တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် (ပရခတ္တအားဖြင့် ထင်ရှားရှိသော တေဘူမကတရားအပေါင်း)သက္ကာယ၏ချုပ်ရာ(နိဗ္ဗာန်)ကို နှလုံးသွင်း၏၊ သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်) ကို နှလုံးသွင်းသော ထိုရဟန်းအား သက္ကာယ၏ ချုပ်ရာ၌ စိတ်သည် မသက်ဝင်နိုင်၊ မကြည်လင်၊ ကောင်းစွာ မတည်၊ မဝေခွဲနိုင်။ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုရဟန်းအား သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်)ကို (မချွတ် ရလိမ့်မည်ဟု) မမြော်လင့်အပ်။ ရဟန်းတို့ ယောကျ်ားသည် အစေးဖြင့် လိမ်းကျံနေသော လက်ဖြင့် သစ်ခက်ကို ကိုင်ဆွဲအံ့၊ ထိုယောကျ်ား၏ ထိုလက်သည် ငြိကပ်ရာသကဲ့သို့လည်းကောင်း စွဲယူရာသကဲ့သို့လည်းကောင်း ဖွဲ့ဆရာသကဲ့သို့လည်းကောင်း ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ငြိမ်သက်သော စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု 'မဟဂ္ဂုတ် သမာပတ်' တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်)ကို နှလုံးသွင်း၏၊ သက္ကာယ၏ ချုပ်ရာ(နိဗ္ဗာန်)ကို နှလုံးသွင်းသော ထိုရဟန်းအား သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်)၌ စိတ်သည် မသက်ဝင်နိုင်၊ မကြည်လင်၊ ကောင်းစွာ မတည်၊ မဝေခွဲနိုင်။ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုရဟန်းအား သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်)ကို (မချွတ်ရလိမ့်မည်ဟု) မမြော်လင့်အပ်။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငြိမ်သက်သော စိတ်၏ (ကိလေသာမှ) လွတ် မြောက်မှု 'မဟဂ္ဂုတ်သမာပတ်'တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်)ကို နှလုံးသွင်း၏၊ သက္ကာယ၏ချုပ်ရာ (နိဗ္ဗာန်)ကို နှလုံးသွင်းသော ထိုရဟန်းအား သက္ကာယ၏ချုပ်ရာ(နိဗ္ဗာန်)၌ စိတ်သည် သက်ဝင်နိုင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ ဝေခွဲနိုင်၏။ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုရဟန်းအား သက္ကာယ၏ ချုပ်ရာ(နိဗ္ဗာန်)ကို (မချွတ်ရလိမ့်

http://www.dhammadownload.com



မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ ယောကျ်ားသည် စင်ကြယ်သော လက်ဖြင့် သစ်စေးကို ဆွဲကိုင်ငြားအံ့။ ထိုယောကျ်ား၏ လက်သည် မငြိကပ်ရာသကဲ့သို့ရင်း မစွဲယူရာသကဲ့သို့ရင်း မဖွဲ့ရာသကဲ့သို့ရင်း ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ငြိမ်သက်သော စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု 'မဟဂ္ဂုတ်သမာပတ်'တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်)ကို နှလုံးသွင်း၏၊သက္ကာယ၏ချုပ်ရာ(နိဗ္ဗာန်)ကို နှလုံးသွင်းသော ထိုပုဂ္ဂိုလ်အား သက္ကာယ၏ ချုပ်ရာ(နိဗ္ဗာန်)၌ စိတ်သည် သက်ဝင်နိုင်၏၊ကြည်လင်၏၊ကောင်းစွာတည်၏၊ဝေခွဲနိုင်၏။ရဟန်းတို့ ဤသို့ဖြစ်သည်ရှိသော် ထိုရဟန်းအား သက္ကာယ၏ ချုပ်ရာ (နိဗ္ဗာန်)ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငြိမ်သက်သော စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု 'မဟဂ္ဂုတ်သမာပတ်' တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို နှလုံးသွင်း၏၊အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို နှလုံးသွင်းသော ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်၌ စိတ်သည် မသက်ဝင်နိုင်၊ မကြည်လင်၊ ကောင်းစွာ မတည်၊ မဝေခွဲနိုင်။ ရဟန်းတို့ ဤသို့ဖြစ်သည် ရှိသော် ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို (မချွတ်ရလိမ့်မည်ဟု) မမြော်လင့်အပ်။ ရဟန်းတို့ နှစ်ပေါင်းများစွာ ကြာမြင့်သော တန်စီးတွင်းကြီးသည်ရှိ၏၊ ယောကျ်ားသည် ထိုတန်စီးတွင်းကြီး၏ ရေဝင်ရာအဝတို့ကို ပိတ်ဆို့၍ ရေထွက်ရာ အဝတို့ကို ဖွင့်လှစ်ခဲ့မူ မိုးသည်လည်း ကောင်းစွာမရွာသွန်းမူ ထိုတန်စီးတွင်းကြီး၏ ကန်ပေါင် ကျိုးပျက်ခြင်းကို (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်အပ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင်ရဟန်းသည် ငြိမ်သက်သော စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု 'မဟဂ္ဂုတ်သမာပတ်' တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို နှလုံးသွင်း၏၊ အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို နှလုံးသွင်းသော ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်၌ စိတ်သည် မသက်ဝင်နိုင်၊ မကြည်လင်၊ ကောင်းစွာ မတည်၊ မဝေခွဲနိုင်။ ရဟန်းတို့ ဤသို့ဖြစ်သည် ရှိသော် ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို (မချွတ်ရလိမ့်မည်ဟု)မမြော်လင့်အပ်။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငြိမ်သက်သော စိတ်၏ (ကိလေသာမှ) လွတ်မြောက်မှု 'မဟဂ္ဂုတ်သမာပတ်' တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို နှလုံးသွင်း၏၊ အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို နှလုံးသွင်းသော ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်၌ စိတ်သည် သက်ဝင်နိုင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ ဝေခွဲနိုင်၏။ ရဟန်းတို့ ဤသို့ ဖြစ်သည် ရှိသော် ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို (မချွတ် ရလိမ့်မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ နှစ်ပေါင်း များစွာ ကြာမြင့်သော တန်စီးတွင်းကြီးသည် ရှိ၏၊ ယောကျ်ားသည် ထိုတန်စီးတွင်းကြီး၏ ရေဝင်ရာ အဝတို့ကို ဖွင့်လှစ်၍ ရေထွက်ရာ အဝတို့ကို ပိတ်ဆို့ခဲ့မူ မိုးသည်လည်း ကောင်းစွာ ရွာသွန်းခဲ့မူ ထိုတန်စီးတွင်းကြီး၏ ကန်ပေါင် ကျိုး ပျက်ခြင်းကို (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်အပ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ငြိမ်သက်သော စိတ်၏(ကိလေသာမှ) လွတ်မြောက်မှု 'မဟဂ္ဂုတ်သမာပတ်' တခုခုသို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို နှလုံးသွင်း၏၊ အဝိဇ္ဇာကို ဖောက်ခွဲတတ်သော အရဟတ္တဖိုလ်ကို

http://www.dhammadownload.com



နှလုံးသွင်းသော ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲဘတ်သော အရဟတ္တဖိုလ်၌ စိတ်သည် သက်ဝင်နိုင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ ဝေမွဲနိုင်၏။ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုရဟန်းအား အဝိဇ္ဇာကို ဖောက်ခွဲဘတ်သော အရဟတ္တဖိုလ်ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှားရှိကုန်၏ဟု (မိန့်တော်မူ၏)။

**အဋ္ဌမသုတ်။**

---

## ၉-နိဗ္ဗာနသုတ်

၁၇၉။ ထိုအခါ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့် အတူဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် အသျှင်သာရိပုတြာအား—"ငါ့သျှင် သာရိပုတြာ အကြင် အကြောင်းကြောင့် ဤလောက၌ အချို့ကုန်သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ပင် ကိလေသာ မငြိမ်းကုန်၊ ထိုအကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ငါ့သျှင်အာနန္ဒာ ဤလောက၌ "ဤသညာတို့သည် ယုတ်သော အဖို့ရှိကုန်၏" ဟူ၍၎င်း "ဤသညာတို့သည် တည်သော အဖို့ရှိကုန်၏" ဟူ၍၎င်း "ဤသညာတို့သည် ထူးသော အဖို့ရှိကုန်၏" ဟူ၍၎င်း "ဤသညာတို့သည် ဖောက်ခွဲတတ်သော အဖို့ရှိကုန်၏" ဟူ၍၎င်း သတ္တဝါတို့သည် ဟုတ်တိုင်း မှန်စွာ မသိကုန်။ ငါ့သျှင်အာနန္ဒာ အကြင် (မသိခြင်း) အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ပင် ကိလေသာ မငြိမ်းကုန်၊ ဤသည်ကား အကြောင်း အထောက်အပံ့တည်းဟု (မိန့်ဆို၏)။

ငါ့သျှင်သာရိပုတြာ အကြင် အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ပင် ကိလေသာ ငြိမ်းကုန်၏၊ ထိုအကြောင်း အထောက်အပံ့သည် အဘယ်ပါနည်းဟု (လျှောက်၏)။ ငါ့သျှင်အာနန္ဒာ ဤလောက၌ သတ္တဝါတို့သည် "ဤသညာတို့သည် ယုတ်သော အဖို့ရှိကုန်၏"ဟူ၍၎င်း "ဤသညာတို့သည် တည်သော အဖို့ရှိကုန်၏" ဟူ၍၎င်း "ဤသညာတို့သည် ထူးသော အဖို့ရှိကုန်၏" ဟူ၍၎င်း "ဤသညာတို့သည် ကိလေသာကို ဖောက်ခွဲတတ်သော အဖို့ရှိကုန်၏"ဟူ၍၎င်း ဟုတ်တိုင်း မှန်စွာ သိကုန်၏။ ငါ့သျှင်အာနန္ဒာ အကြင် (သိခြင်း) အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ပင် ကိလေသာ ငြိမ်းကုန်၏၊ ဤသည်ကား အကြောင်း အထောက်အပံ့တည်းဟု (မိန့်ဆို၏)။

**နဝမသုတ်။**

---

## ၁၀-မဟာပဒေသသုတ်

**၁၈၀။ အခါတပါး၌ မြတ်စွာဘုရားသည် ဘောဂမြို့ အာနန္ဒာစေတီ၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို"ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည်—**

http://www.dhammadownload.com



"ရဟန်းတို့ မြတ်သော ညွှန်ပြချက်'မဟာပဒေသ'လေးမျိုးတို့ကို ဟောကြားပေအံ့၊ ထိုတရားတို့ကို နာယူကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့" ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ မြတ်သော ညွှန်ပြချက် 'မဟာပဒေသ' လေးမျိုးတို့ဟူသည် အဘယ်တို့နည်း ဟူမူ— ရဟန်းတို့ ဤ (သာသနာတော်)၌ ရဟန်းသည် "ငါ့သျှင်တို့ ငါသည် ဤတရားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာရ၏၊ မျက်မှောက်တော်မှ သင်ယူရ၏၊ 'ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်း' ဟု" ပြောဆိုလာခဲ့မူ ထိုရဟန်း၏ စကားကို မနှစ်သက်အပ်သေး၊ မတားမြစ်အပ်သေး၊ မနှစ်သက် မတားမြစ်မူ၍ ထို(ပုဒ်ဗျည်း)တို့ကို ကောင်းစွာ သင်ယူလျက် သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်၏၊ ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်၏။ ထို(ပုဒ်ဗျည်း)တို့ကို သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်သော် အကယ်၍ သုတ်၌လည်း မသက်ဝင်ကုန်အံ့၊ ဝိနည်း၌လည်း မထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စကားတော် အစစ်မဟုတ်၊ ဤရဟန်း၏ သာလျှင် မကောင်းသဖြင့် သင်ယူအပ်သော စကားတည်း" ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ရဟန်းတို့ ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို စွန့်ကြကုန်လော့။

ရဟန်းတို့ ဤ (သာသနာတော်)၌ ရဟန်းသည် "ငါ့သျှင်တို့ ငါသည် ဤတရားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာရ၏၊ မျက်မှောက်တော်မှ သင်ယူရ၏၊ 'ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်း' ဟု" ပြောဆိုလာခဲ့မူ ထိုရဟန်း၏ စကားကို မနှစ်သက်အပ်သေး၊ မတားမြစ်အပ်သေး၊ မနှစ်သက် မတားမြစ်မူ၍ ထို(ပုဒ်ဗျည်းတို့)ကို ကောင်းစွာ သင်ယူလျက် သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်၏၊ ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်၏။ ထို (ပုဒ်ဗျည်း)တို့ကို သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်သော် အကယ်၍ သုတ် အဘိဓမ္မာ၌လည်း သက်ဝင်ကုန်အံ့၊ဝိနည်း၌လည်း ထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စကားတော် အစစ်တည်း၊ ဤရဟန်း၏ သာလျှင် ကောင်းစွာ သင်ယူအပ်သော စကားတည်း"ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ ရဟန်းတို့ ဤပဌမ မဟာပဒေသကို ဆောင်ကြကုန်လော့။

ရဟန်းတို့ ဤ (သာသနာတော်၌)ရဟန်းသည် "ဤမည်သောကျောင်း၌ မထေရ်နှင့်တကွသော အကြီးအမှူးနှင့် တကွသော သံဃာသည် နေ၏၊ ငါသည် ဤတရားကို ထိုသံဃာ၏ မျက်မှောက်မှ ကြားနာရ၏၊ မျက်မှောက်မှ သင်ယူရ၏၊ 'ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်း'ဟု "ပြောဆိုလာခဲ့မူ ထိုရဟန်း၏ စကားကို မနှစ်သက်အပ်သေး၊မတားမြစ်အပ်သေး၊မနှစ်သက် မတားမြစ်မူ၍ ထို(ပုဒ်ဗျည်း)တို့ကို ကောင်းစွာ သင်ယူလျက် သုတ်အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်၏၊ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်၏။ထို(ပုဒ်ဗျည်း)တို့ကို သုတ်အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်သော် အကယ်၍

http://www.dhammadownload.com



သုတ်အဘိဓမ္မာ၌လည်း မသက်ဝင်ကုန်အံ့၊ ဝိနည်း၌လည်း မထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထို မြတ်စွာဘုရား၏ စကားတော်အစစ် မဟုတ်၊ ထိုသံဃာ၏သာလျှင် မကောင်းသဖြင့် သင်ယူအပ်သော စကားတည်း"ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ ရဟန်းတို့ ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို စွန့်ကြကုန်လော့။

ရဟန်းတို့ ဤ(သာသနာတော်၌) ရဟန်းသည် "ဤမည်သော ကျောင်း၌ မထေရ်နှင့်တကွ အကြီးအမှူးနှင့် တကွသော သံဃာသည် နေ၏၊ ငါသည် ဤတရားကို ထိုသံဃာ၏ မျက်မှောက်မှ ကြားနာရ၏၊ မျက်မှောက်မှ သင်ယူရ၏၊ ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်း"ဟု ပြောဆိုလာခဲ့မူ ထိုရဟန်း၏ စကားကို မနှစ်သက် အပ်သေး၊ မတားမြစ်အပ်သေး၊ မနှစ်သက် မတားမြစ်မူ၍ ထို(ပုဒ်ဗျည်း)တို့ကို ကောင်းစွာသင်ယူ၍ သုတ်အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်၏၊ ဝိနည်း၌ ကောင်းစွာထင်စေအပ်ကုန်၏။ ထို(ပုဒ်ဗျည်း)တို့ကို သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်သော် အကယ်၍ သုတ်အဘိဓမ္မာ၌လည်း သက်ဝင်ကုန်အံ့၊ ဝိနည်း၌လည်း ထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စကားတော်အစစ်တည်း၊ ထိုသံဃာ၏သာလျှင် ကောင်းစွာ သင်ယူအပ်သော စကားတည်း"ဟု ဤအရာ၌ဆုံးဖြတ်ရမည်။ ရဟန်းတို့ ဤဒုတိယ မဟာပဒေသကို ဆောင်ကြကုန်လော့။

ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် "ဤမည်သော ကျောင်း၌ အကြား အမြင် များကုန်သော ပါဠိအာဂုံ နှုတ်ငုံဆောင်ကုန်သော သုတ် အဘိဓမ္မာကို ဆောင်ကုန်သော ဝိနည်းကို ဆောင်ကုန်သော မာတိကာကို ဆောင်ကုန်သော များစွာသော မထေရ်ဖြစ်ကုန်သော ရဟန်းတို့သည် နေကုန်၏၊ ငါသည် ဤတရားကို ထိုထေရ်တို့၏ မျက်မှောက်မှ ကြားနာရ၏၊ မျက်မှောက်မှ သင်ယူရ၏၊ 'ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်း"ဟု ပြောဆိုလာခဲ့မူ ထိုရဟန်း၏စကားကို မနှစ်သက်အပ်သေး၊ မတားမြစ်အပ်သေး၊ မနှစ်သက် မတားမြစ်မူ၍ ထို (ပုဒ်ဗျည်း)တို့ကို ကောင်းစွာ သင်ယူလျက် သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်၏၊ ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်၏။ ထို(ပုဒ် ဗျည်း)တို့ကို သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်သော် အကယ်၍ သုတ် အဘိဓမ္မာ၌လည်း မသက်ဝင်ကုန်အံ့၊ ဝိနည်း၌လည်း မထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စကားတော် အစစ်မဟုတ်၊ ထိုမထေရ်တို့၏သာလျှင် မကောင်းသဖြင့် သင်ယူအပ်သော စကားတည်း"ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ ရဟန်းတို့ ဤသို့ (ဆုံးဖြတ်၍ )ထိုစကားကို စွန့်ကြကုန်လော့။

ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် "ဤမည်သော ကျောင်း၌ အကြားအမြင် များကုန်သော ပါဠိအာဂုံ နှုတ်ငုံဆောင်ကုန်သော သုတ် အဘိဓမ္မာကို ဆောင်ကုန်သော ဝိနည်းကို ဆောင်ကုန်သော မာတိကာကို ဆောင်ကုန်သော များစွာသော မထေရ်ဖြစ်ကုန်သော ရဟန်းတို့သည် နေကုန်၏၊ ငါသည် ဤတရားကို ထိုမထေရ်တို့၏ မျက်မှောက်မှ ကြားနာရ၏၊ မျက်မှောက်မှ သင်ယူ ရ၏၊ 'ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမ တည်း'ဟု "ပြောဆိုလာခဲ့မူ ထိုရဟန်း၏စကားကို မနှစ်သက်အပ်သေး၊ မတားမြစ်အပ်သေး၊ မနှစ်သက် မတားမြစ်မူ၍ ထို(ပုဒ်ဗျည်း)တို့ကို ကောင်းစွာ သင်ယူလျက် သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်

http://www.dhammadownload.com



ကုန်၏၊ ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်၏။ ထို(ပုဒ်ဗျည်း)တို့ကို သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်သော် အကယ်၍ သုတ် အဘိဓမ္မာ၌လည်း သက်ဝင်ကုန်အံ့၊ ဝိနည်း၌လည်း ထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စကားတော် အစစ်တည်း၊ ထိုမထေရ်တို့၏သာလျှင် ကောင်းစွာ သင်ယူအပ်သော စကားတည်း"ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ ရဟန်းတို့ ဤတတိယ မဟာပဒေသကို ဆောင်ကြကုန်လော့။

ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် "ဤမည်သော ကျောင်း၌ အကြားအမြင် များသော ပါဠိအာဂုံ နှုတ်ငုံဆောင်သော သုတ် အဘိဓမ္မာကိုဆောင်သော ဝိနည်းကို ဆောင်သော မာတိကာကို ဆောင်သော တဦးသော မထေရ်သည် နေ၏၊ ငါသည် ဤတရားကို ထိုမထေရ်၏ မျက်မှောက်မှ ကြားနာရ၏၊ မျက်မှောက်မှ သင်ယူရ၏၊ 'ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်း'ဟု" ပြောဆိုလာခဲ့မူ ထိုရဟန်း၏ စကားကို မနှစ်သက်အပ်သေး၊ မတားမြစ်အပ်သေး၊ မနှစ်သက် မတားမြစ်မူ၍ ထို(ပုဒ်ဗျည်း)တို့ကို ကောင်းစွာ သင်ယူ၍ သုတ် အဘိဓမ္မာ၌ သက်ဝင် စေအပ်ကုန်၏၊ ဝိနည်း၌ ကောင်းစွာ ထင်စေ အပ်ကုန်၏။ ထို (ပုဒ်ဗျည်း) တို့ကို သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာထင်စေအပ်ကုန်သော် အကယ်၍ သုတ် အဘိဓမ္မာ၌လည်း မသက်ဝင်ကုန်အံ့၊ ဝိနည်း၌လည်း မထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စကားတော် အစစ်မဟုတ်၊ ထိုမထေရ်၏သာလျှင် မကောင်းသဖြင့် သင်ယူအပ်သော စကားတည်း"ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ ရဟန်းတို့ ဤသို့ (ဆုံးဖြတ်၍) ထိုစကားကို စွန့်ကြကုန်လော့။

ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် "ဤမည်သော ကျောင်း၌ အကြားအမြင် များသော ပါဠိအာဂုံ နှုတ်ငုံဆောင်သော သုတ် အဘိဓမ္မာကို ဆောင်သော ဝိနည်းကို ဆောင်သော မာတိကာကို ဆောင်သော တဦးသော မထေရ်သည် နေ၏၊ ငါသည် ဤတရားကို ထိုမထေရ်၏ မျက်မှောက်မှ ကြားနာရ၏၊ မျက်မှောက်မှ သင်ယူရ၏၊ 'ဤကား သုတ် အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်း'ဟု" ပြောဆိုလာခဲ့မူ ထိုရဟန်း၏စကားကို မနှစ်သက်အပ်သေး၊ မတားမြစ်အပ်သေး၊ မနှစ်သက် မတားမြစ်မူ၍ ထို(ပုဒ်ဗျည်း)တို့ကို ကောင်းစွာ သင်ယူ၍ သုတ် အဘိဓမ္မာ၌ သက်ဝင်စေအပ်ကုန်၏၊ ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်၏၊ ထို (ပုဒ်ဗျည်း)တို့ကို သုတ်အဘိဓမ္မာ၌ သက်ဝင် စေအပ်ကုန်သော် ဝိနည်း၌ ကောင်းစွာ ထင်စေအပ်ကုန်သော် အကယ်၍ သုတ် အဘိဓမ္မာ၌လည်း သက်ဝင်ကုန်အံ့၊ ဝိနည်း၌လည်း ထင်ကုန်အံ့၊ "ဤစကားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ စကားတော် အစစ်တည်း၊ ထိုမထေရ်၏သာလျှင် ကောင်းစွာ သင်ယူအပ်သော စကားတည်း"ဟု ဤအရာ၌ ဆုံးဖြတ်ရမည်။ ရဟန်းတို့ ဤစတုတ္ထ မဟာပဒေသကို ဆောင်ကြကုန်လော့။ ရဟန်းတို့ မဟာပဒေသတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

**သုံးခုမြောက် သဉ္စေတနိယဝဂ် ပြီး၏။**

http://www.dhammadownload.com



## (၁၉) ၄-ဗြာဟ္မဏဝဂ် ၁-ယောဓာဇီဝသုတ်

၁၈၁။ ရဟန်းတို့ အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသောသူရဲကောင်းသည် မင်းအား ထိုက်၏၊မင်း၏ အသုံးတော်ခံဖြစ်၏၊ မင်း၏ လက်ရုံး ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ–ရဟန်းတို့ ဤလောက၌ သူရဲကောင်းသည် (ပစ်ကွင်းကောင်းသော) အရပ်၌လည်း လိမ္မာ၏၊ အဝေး၌လည်း မြားကို ကျရောက်စေနိုင်၏၊ မချွတ်မယွင်း ထိုးဝင်အောင်လည်း ပစ်နိုင်၏၊ ကြီးစွာသော အထည်ကိုယ်ကိုလည်း ဖောက်ထွင်းစေနိုင်၏။ ရဟန်းတို့ ဤအင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော သူရဲကောင်းသည် မင်းအား ထိုက်၏၊ မင်း၏အသုံးတော်ခံဖြစ်၏၊ မင်း၏လက်ရုံးဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤအတူသာလျှင် အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်(အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီရန် ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ပစ်ကွင်းကောင်းသော) အရပ်၌လည်း လိမ္မာ၏၊ အဝေး၌လည်း မြားကို ကျစေနိုင်၏၊ မချွတ်မယွင်း ထိုးဝင်အောင်လည်း ပစ်နိုင်၏၊ ကြီးစွာသော အထည်ကိုယ်ကိုလည်း ဖောက်ထွင်းစေနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (ပစ်ကွင်းကောင်းသော) အရပ်၌ လိမ္မာသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ပစ်ကွင်းကောင်းသော)အရပ်၌ လိမ္မာ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဝေး၌လည်း မြားကို ကျရောက်စေနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အတွင်းသန္တာန် အပသန္တာန်လည်းဖြစ်သော ကြမ်းထမ်း နူးညံ့သည်လည်းဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ရုပ်ဟူသမျှအားလုံးကို "ဤရုပ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ့ကိုယ်မဟုတ်"ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ဝိပဿနာပညာဖြင့် ရှု၏၊ ဝေဒနာဟူသမျှ အားလုံးကို။ သညာဟူသမျှ အားလုံးကို။ သင်္ခါရဟူသမျှ အားလုံးကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အတွင်းသန္တာန် အပသန္တာန်လည်းဖြစ်သော ကြမ်းထမ်းနူးညံ့သည်လည်း ဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဝိညာဏ်ဟူသမျှ အားလုံးကို "ဤဝိညာဏ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ့ကိုယ်မဟုတ်" ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ဝိပဿနာပညာဖြင့် ရှု၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဝေး၌ မြားကို ကျရောက်စေနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် မချွတ်မယွင်း ထိုးဝင်စေနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤသည်ကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏။ပ။ "ဤသည်ကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်း မှန်စွာ သိ၏။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မချွတ်မယွင်း ထိုးဝင်စေနိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကြီးစွာသော အထည်ကိုယ်ကို ဖောက်ခွဲနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကြီးစွာသော အဝိဇ္ဇာအစုကို ဖောက်ခွဲနိုင်၏

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကြီးစွာသော အထည်ကိုယ်ကို ဖောက်ခွဲနိုင်၏။ ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ပေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပါဋိဘောဂသုတ်

၁၈၂။ ရဟန်းတို့ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ တရားလေးမျိုးတို့ကို တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။

အဘယ်လေးမျိုးတို့နည်း—ဟူမူ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ အိုခြင်းသဘောကို "မအိုစေအံ့" ဟု တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်ဖြစ်စေ ဗြဟ္မာ ဖြစ်စေ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ နာခြင်းသဘောကို "မနာစေအံ့" ဟု တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်ဖြစ်စေ ဗြဟ္မာဖြစ် စေ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ သေခြင်း သဘောကို "မသေစေအံ့" ဟု တာဝန်ခံနိုင်သူ တစုံ တယောက်မျှ မရှိပေ။ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ ကိလေသာ၏ အာရုံဖြစ်ကုန်သော တဖန်ဘဝသစ်ကို ဖြစ်စေ တတ်ကုန်သော ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော ဆင်းရဲသော အကျိုးရှိကုန်သော နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော ရှေးက မိမိသည် ပြုအပ်ပြီးကုန်သော ယုတ်ညံ့ကုန်သော ကံတို့၏ အကျိုးကို "မဖြစ်စေအံ့" ဟု တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။

ရဟန်းတို့ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ ဤတရားလေးမျိုးတို့ကို တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သုတသုတ်

၁၈၃။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မဂဓမင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

http://www.dhammadownload.com



အသျှင်ဂေါတမ "မည်သူမဆို မြင်သည်ကို 'ဤသို့ ငါမြင်၏'ဟု ပြောဆိုခဲ့မူ ထိုပြောဆိုရာ၌ အပြစ်မရှိ၊ မည်သူမဆို ကြားသည်ကို 'ဤသို့ ငါကြား၏'ဟု ပြောဆိုခဲ့မူ ထိုပြောဆိုရာ၌ အပြစ်မရှိ။ မည်သူမဆို တွေ့သည်ကို 'ဤသို့ ငါတွေ့၏'ဟု ပြောဆိုခဲ့မူ ထိုသို့ ပြောဆိုရာ၌ အပြစ်မရှိ။ မည်သူမဆို သိသည်ကို 'ဤသို့ ငါသိ၏'ဟု ပြောဆိုခဲ့မူ၊ ထိုပြောဆိုရာ၌ အပြစ်မရှိ"ဟု အကျွန်ုပ် ဤသို့ ဝါဒရှိပါသည်၊ ဤသို့အယူရှိပါသည်ဟု (လျှောက်၏)။

ပုဏ္ဏား မြင်ရသမျှကို "ပြောဆိုအပ်၏"ဟူ၍ ငါမဆို၊ ပုဏ္ဏား မြင်ရသမျှကို "မပြောဆိုအပ်" ဟူ၍လည်း ငါမဆို၊ ပုဏ္ဏား ကြားရသမျှကို "ပြောဆိုအပ်၏"ဟူ၍ ငါမဆို၊ ပုဏ္ဏား ကြားရသမျှကို "မပြောဆိုအပ်"ဟူ၍လည်း ငါမဆို။ ပုဏ္ဏား တွေ့ရသမျှကို "ပြောဆိုအပ်၏"ဟူ၍ ငါမဆို၊ ပုဏ္ဏား တွေ့ရသမျှကို "မပြောဆိုအပ်" ဟူ၍လည်း ငါမဆို၊ ပုဏ္ဏား သိရသမျှကို "ပြောဆိုအပ်၏" ဟူ၍ ငါမဆို၊ ပုဏ္ဏား သိရသမျှကို "မပြောဆိုအပ်" ဟူ၍ လည်း ငါမဆို။

ပုဏ္ဏား အကြောင်းမူကား မြင်ရသည်ကို ပြောဆိုသောသူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့သော မြင်ခြင်းကို "မပြောဆိုအပ်"ဟု ငါဆို၏။ ပုဏ္ဏား မြင်ရသည်ကို မပြောဆိုသောသူအား ကုသိုလ်တရားတို့ ဆုတ်ယုတ်၍ အကုသိုလ်တရားတို့ တိုးပွါးကုန်မူ ဤသို့သော မြင်ခြင်းကို ပြောဆိုအပ်၏" ဟုငါဆို၏။

ပုဏ္ဏား ကြားရသည်ကို ပြောဆိုသောသူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့သော ကြားခြင်းကို "မပြောဆိုအပ်" ဟု ငါဆို၏။ ပုဏ္ဏား ကြားရသည်ကို မပြောဆိုသောသူအား ကုသိုလ်တရားတို့ ဆုတ်ယုတ်၍ အကုသိုလ်တရားတို့ တိုးပွါးကုန်မူ ဤသို့သော ကြားခြင်းကို "ပြောဆိုအပ်၏" ဟု ငါဆို၏။

ပုဏ္ဏား တွေ့သည်ကို ပြောဆိုသောသူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့သော တွေ့ခြင်းကို "မပြောဆိုအပ်"ဟု ငါဆို၏။ ပုဏ္ဏား တွေ့ရသည်ကို မပြောဆိုသောသူအား ကုသိုလ်တရားတို့ ဆုတ်ယုတ်၍ အကုသိုလ်တရားတို့ တိုးပွါးကုန်မူ ဤသို့သော တွေ့ခြင်းကို "ပြောဆိုအပ်၏"ဟု ငါဆို၏။

ပုဏ္ဏား သိရသည်ကို ပြောဆိုသောသူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့သော သိခြင်းကို "မပြောဆိုအပ်"ဟု ငါဆို၏။ ပုဏ္ဏား သိရသည်ကို မပြောဆိုသော သူအား ကုသိုလ်တရားတို့ ဆုတ်ယုတ်၍ အကုသိုလ်တရားတို့ တိုးပွါးကုန်မူ ဤသို့သော သိခြင်းကို "ပြောဆိုအပ်၏" ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။ ထိုအခါ မဂဓမင်း၏ အမတ်ကြီး ဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရား ဟောတော်မူသော တရားစကားကို အလွန်နှစ်သက် ဝမ်းမြောက်လျက် နေရာမှ ထကာ ဖဲသွားလေသတည်း။

**တတိယသုတ်။**

## ၄-အဘယသုတ်

၁၈၄။ ထိုအခါ ဗာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

http://www.dhammadownload.com



အသျှင်ဂေါတမ "သေခြင်းသဘောရှိသည် ဖြစ်ပါလျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူမည်သည် မရှိနိုင်"ဟု အကျွန်ုပ် ဤသို့ ဝါဒရှိပါသည် ဤသို့ အယူရှိပါသည် ဟု (လျှောက်၏)။ ပုဏ္ဏား သေခြင်း သဘောရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သော သူလည်း ရှိ၏။ ပုဏ္ဏား သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူလည်း ရှိ၏။

ပုဏ္ဏား သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင် မှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သော သူဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၌ မကင်းသော ရာဂရှိ၏၊ မကင်းသော ဆန္ဒရှိ၏၊ မကင်းသော ချစ်မြတ်နိုးခြင်း ရှိ၏၊ မကင်းသော မွတ်သိပ်ခြင်းရှိ၏၊ မကင်းသော ပူပန်ခြင်းရှိ၏၊ မကင်းသော တဏှာရှိ၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါ အနာတမျိုးမျိုး ကျရောက်သူအား "ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ကေန် စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ရတော့မည်"ဟု အကြံဖြစ်၏။ ထိုသူသည် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်း သို့ ရောက်၏။ပုဏ္ဏား သေခြင်း သဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သော သူဟူသည် ဤသူပင်တည်း။

ပုဏ္ဏား **နောက်တမျိုးကား** ဤလောက၌ အချို့သောသူသည် ကိုယ်၌ မကင်းသော ရာဂရှိ၏၊ မကင်းသော ဆန္ဒရှိ၏၊ မကင်းသော ချစ်မြတ်နိုးခြင်းရှိ၏၊ မကင်းသော မွတ်သိပ်ခြင်းရှိ၏၊ မကင်းသော ပူပန်ခြင်း ရှိ၏၊ မကင်းသော တဏှာရှိ၏၊ ထိုသူ့သို့ ပြင်းပြသောရောဂါ အနာတမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါ အနာတမျိုးမျိုး ကျရောက်သူအား "ချစ်ခင်ဖွယ်ရာ ကိုယ်သည် ငါ့ကို ကေန် စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာကိုယ်ကို စွန့်ရတော့မည်"ဟု အကြံဖြစ်၏။ ထိုသူသည် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ပုဏ္ဏား သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သော **သူ**'ဟူသည် ဤသူပင်တည်း။

ပုဏ္ဏား **နောက်တမျိုးကား** ဤလောက၌ အချို့သောသူသည် ကောင်းမှုကို မပြုရသေး၊ ကုသိုလ်ကို မပြုရသေး၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို မပြုရသေး၊ မကောင်းမှုကို ပြုပြီးဖြစ်နေ၏၊ ကြမ်းကြုတ်မှုကို ပြုပြီး ဖြစ်နေ၏၊ ညစ်နွမ်းမှု (အကုသိုလ်)ကို ပြုပြီးဖြစ်နေ၏၊ ထိုသူ့သို့ ပြင်းပြသော ရောဂါ အနာတမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါ အနာတမျိုးမျိုး ကျရောက်သူအား "ငါသည် ကောင်းမှုကို မပြုမိလေစွတကား၊ ကုသိုလ်ကို မပြုမိလေစွတကား၊ ကြောက်**မက်**ဖွယ်မှ တားမြစ်ရေးကို မပြုမိလေစွတကား၊ မကောင်းမှုကို ပြုမိခဲ့ပြီတကား၊ ကြမ်းကြုတ်မှုကို ပြုမိခဲ့ပြီတကား၊ ညစ်နွမ်းမှုကို ပြုမိခဲ့ပြီတကား၊ အချင်းတို့ ကောင်းမှုကို မပြုရသေးသော ကုသိုလ်ကို မပြုရသေးသော ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို မပြုရသေးသော မကောင်းမှုကို ပြုပြီး ဖြစ်နေနေသော ကြမ်းကြုတ်မှုကို ပြုပြီးဖြစ်နေသော ညစ်နွမ်းမှုကို ပြုပြီးဖြစ်နေသော ပုဂ္ဂိုလ်တို့၏ လားရာ 'ဂတိ'ဟူသမျှသို့ ဘဝနောင်ခါ ငါ လားရတော့အံ့တကား" ဟု ဤသို့ အကြံဖြစ်၏။ ထိုသူသည် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ပုဏ္ဏား သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သော **သူ**ဟူသည် ဤသူပင်တည်း။

http://www.dhammadownload.com



ပုဏ္ဏား နောက်တမျိုးကား ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ ယုံမှားး၏၊ မဝေခွဲနိုင်၊ ဆုံးဖြတ်ခြင်းသို့ မရောက်နိုင်၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်သူအား "စင်စစ် ငါသည် သူတော်ကောင်းတရား၌ ယုံမှားခဲ့စွတကား၊ မဝေခွဲနိုင်ခဲ့စွတကား၊ မဆုံးဖြတ်နိုင်ခဲ့စွတကား" ဟု အကြံဖြစ်၏။ ထိုသူသည် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ပုဏ္ဏား သေခြင်း သဘောရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သော သူဟူသည် ဤသူပင်တည်း။ ပုဏ္ဏား သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှ ကြောက်သော သူတို့သည် ဤလေးမျိုးတို့တည်း။

ပုဏ္ဏား သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၌ ရာဂကင်း၏၊ ဆန္ဒကင်း၏၊ ချစ်မြတ်နိုးခြင်း ကင်း၏၊ မွတ်သိပ်ခြင်း ကင်း၏၊ ပူပန်ခြင်း ကင်း၏၊ တဏှာကင်း၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်သူအား "ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ကေန် စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ရတော့မည်" ဟု အကြံမဖြစ်။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ပုဏ္ဏား သေခြင်းသဘောရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။

ပုဏ္ဏား နောက်တမျိုးကား ဤလောက၌ အချို့သောသူသည် ကိုယ်၌ ရာဂကင်း၏၊ ဆန္ဒကင်း၏၊ ချစ်မြတ်နိုးခြင်း ကင်း၏၊ မွတ်သိပ်ခြင်း ကင်း၏၊ ပူပန်ခြင်း ကင်း၏၊ တဏှာကင်း၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်သူအား "ချစ်ခင်ဖွယ်ရာ ကိုယ်သည် ငါ့ကို ကေန်စွန့်လိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကိုယ်ကို စွန့်ရတော့မည်" ဟု အကြံမဖြစ်။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့မရောက်။ ပုဏ္ဏား သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။

ပုဏ္ဏား နောက်တမျိုးကား ဤလောက၌ အချို့သောသူသည် မကောင်းမှုကို မပြု၊ ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှု (အကုသိုလ်)ကို မပြု၊ ကောင်းမှုကို ပြုပြီးဖြစ်၏၊ ကုသိုလ်ကို ပြုပြီးဖြစ်၏၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးဖြစ်၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တမျိုးမျိုး ကျရောက်သူအား "ငါသည် မကောင်းမှုကို မပြု၊ ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှုကို မပြု၊ ကောင်းမှုကို ပြုပြီးပြီ၊ ကုသိုလ်ကို ပြုပြီးပြီ၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးပြီ၊ အချင်းတို့ စင်စစ် မကောင်းမှုကို မပြုသော ကြမ်းကြုတ်မှုကို မပြုသော ညစ်နွမ်းမှုကိုမပြုသော ကောင်းမှုကိုပြုပြီးသော ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးသော သူတို့၏ လားရာ ဂတိဟူသမျှသို့ ဘဝနောင်ခါ ငါလားရတော့အံ့ တကား" ဟု အကြံဖြစ်၏။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ပုဏ္ဏား သေခြင်းသဘော ရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူဟူသည် ဤသူပင်တည်း။

http://www.dhammadownload.com



ပုဏ္ဏား **နေခါက်တမျိုးကား** ဤလောက၌ အချို့သော သူသည် သူတော်ကောင်းတရား၌ မယုံမှား၊ ဝေခွဲနိုင်၏၊ ဆုံးဖြတ်နိုင်၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာတမျိုးမျိုး ကျရောက်၏၊ ပြင်းပြသော ရောဂါ အနာ တမျိုးမျိုး ကျရောက်သူအား "ငါသည် စင်စစ် သူတော်ကောင်းတရား၌ မယုံမှား၊ ဝေခွဲနိုင်၏၊ ဆုံးဖြတ်နိုင်၏"ဟု အကြံဖြစ်၏။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ပုဏ္ဏား သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူဟူသည် ဤသူပင်တည်း။ ပုဏ္ဏား သေခြင်းသဘော ရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူတို့သည် ဤလေးမျိုးတို့ကည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွတကား၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွတကား။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟု မှတ်တော်မူပါ ဟု (လျှောက်၏)။

စတုတ္ထသုတ်။

---

## ၅-သမဏသစ္စာသုတ်

၁၈၅။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အလွန်ထင်ရှား ကျော်စောကုန်သော ပရိဗိုဇ်များစွာတို့သည် သိပ္ပိနီမြစ်ကမ်း ပရိဗိုဇ်အရံ၌ နေကုန်၏။ အဘယ်ပရိဗိုဇ်တို့နည်း ဟူမူ—အန္နဘာရပရိဗိုဇ် ဝရဓရပရိဗိုဇ် သကုလုဒါယီ ပရိဗိုဇ်နှင့် အလွန်ထင်ရှားကျော်စောကုန်သော အခြားပရိဗိုဇ်တို့တည်း။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ ကိန်းအောင်းတော်မူရာမှ ထလျက် သိပ္ပိနီမြစ်ကမ်း ပရိဗိုဇ်အရံသို့ ချဉ်းကပ်တော်မူ၏။

ထိုအခါ စုဝေးထိုင်နေကုန်သော သာသနာတော်မှ တပါးသောအယူရှိသည့် ထိုပရိဗိုဇ်တို့အား "ဤအကြောင်းကြောင့်လည်း ဗြာဟ္မဏသစ္စာတို့ ဖြစ်ကုန်၏၊ ဤအကြောင်းကြောင့်လည်း ဗြာဟ္မဏ သစ္စာတို့ ဖြစ်ကုန်၏"ဟု ဤအကြားစကားသည် ဖြစ်ပေါ်လာ၏။ ထိုအခါ မြတ်စွာဘုရားသည် ပရိဗိုဇ်တို့ထံသို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူလျက် ထိုပရိဗိုဇ်တို့အား—

ပရိဗိုဇ်တို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကြကုန်သနည်း၊ ငါမလာမီအတွင်း သင်တို့၏ မပြီးသေးသော အကြားစကားသည်ကား အဘယ်နည်း ဟု မေးတော်မူ၏။ အသျှင်ဂေါတမ ဤနေရာ၌ စုဝေးထိုင်နေကြကုန်သော အကျွန်ုပ်တို့အား "ဤအကြောင်းကြောင့်လည်း ဗြာဟ္မဏ သစ္စာတို့ ဖြစ်ကုန်၏၊ ဤအကြောင်းကြောင့်လည်း ဗြာဟ္မဏသစ္စာတို့ ဖြစ်ကုန်၏"ဟု ဤအကြား စကား ဖြစ်ပေါ်လာပါသည် ဟု (လျှောက်ကြကုန်၏)။

ပရိဗိုဇ်တို့ ဤဗြာဟ္မဏသစ္စာလေးမျိုးတို့ကို ငါသည် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက် ပြု၍ ဟောကြားအပ်ကုန်၏။**အဘယ်လေးမျိုးတို့နည်း** ဟူမူ—ပရိဗိုဇ်တို့ **ဤလောက၌** ဗြာဟ္မဏသည်

http://www.dhammadownload.com



"သတ္တဝါအားလုံးတို့ကို မသတ်အပ်"ဟု ဤသို့ဆို၏၊ ဤသို့ဆိုသော ဗြာဟ္မဏသည် မှန်ကန်သည်ကိုသာ ဆို၏၊ မမှန်သည်ကို မဆို။ ထိုဗြာဟ္မဏသည် ထိုအမှန်ဖြင့် "ငါ သမဏ"ဟု မထင်မှတ်၊ "ငါ ဗြာဟ္မဏ"ဟု မထင်မှတ်၊ "ငါ မြတ်သူ"ဟု မထင်မှတ်၊ "ငါ တူသူ"ဟု မထင်မှတ်၊ "ငါ ယုတ်သူ"ဟု မထင်မှတ်။ စင်စစ်သော်ကား ထိုသို့ဆိုရာ၌ အမှန်ကိုသာ ထူးသောဉာဏ်ဖြင့်သိ၍ သတ္တဝါတို့ကို စောင့်ရှောက်ခြင်းငှါ သနားခြင်းငှါသာလျှင် ကျင့်၏။

ပရိဗိုဇ်တို့ နောက်တမျိုးကား ဗြာဟ္မဏသည် အလုံးစုံသော ကာမဂုဏ်ဘို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ဖောက်ပြန်သော သဘောရှိကုန်၏" ဟု ဆို၏၊ ဤသို့ဆိုသော ဗြာဟ္မဏ သည် မှန်သည်ကိုသာ ဆို၏၊ မမှန်သည်ကို မဆို။ ထို ဗြာဟ္မဏသည် ထို အမှန်ဖြင့် "ငါ သမဏ"ဟု မထင်မှတ်၊ "ငါ ဗြာဟ္မဏ"ဟု မထင်မှတ်၊ "ငါ မြတ်သူ"ဟု မထင်မှတ်၊ "ငါ တူသူ"ဟု မထင်မှတ်၊ "ငါ ယုတ်သူ"ဟု မထင်မှတ်။စင်စစ်သော်ကား ထိုသို့ဆိုရာ၌ အမှန်ကိုသာ ထူးသော ဉာဏ်ဖြင့် သိ၍ ကာမဂုဏ်တို့ကို ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ခြင်းငှါသာလျှင် ကျင့်၏။

ပရိဗိုဇ်တို့ နောက်တမျိုးကား ဗြာဟ္မဏသည် "အလုံးစုံသော ဘဝတို့သည် အမြဲမရှိကုန်။ပ။ အမှန်ကိုသာထူးသော ဉာဏ်ဖြင့် သိ၍ ဘဝတို့ကို ငြီးငွေ့ခြင်းငှါ ကင်းပြတ်ခြင်းငှါ ချုပ်ခြင်းငှါသာလျှင် ကျင့်၏။

ပရိဗိုဇ်တို့ နောက်တမျိုးကား ဗြာဟ္မဏသည် "ငါသည် တစုံတခု၌ မိမိအတ္တကို မမြင်၊ တစုံတယောက်၏ ကြောင့်ကြခြင်း၌လည်း မိမိအတ္တကို မမြင်၊ ငါသည် တစုံတခု၌ (သူတပါး အတ္တကို) မမြင်၊ ငါသည် တစုံတခု၌လည်း (သူတပါးအတ္တကို )ငါ၏ ကြောင့်ကြဖွယ်"ဟု မမြင်၊ ဤ သို့ဆိုသော ဗြာဟ္မဏသည် မှန်သည်ကိုသာ ဆို၏၊ မမှန်သည်ကို မဆို။ ထိုဗြာဟ္မဏသည် ထို အမှန်ဖြင့် "ငါ သမဏ"ဟု မထင်မှတ်၊ "ငါ ဗြာဟ္မဏ"ဟု မထင်မှတ်၊ "ငါ မြတ်သူ"ဟု မထင်မှတ်၊ "ငါ တူသူ"ဟု မထင်မှတ်၊ "ငါယုတ်သူ"ဟု မထင်မှတ်။ စင်စစ်သော်ကား ထိုသို့ဆိုရာ၌ အမှန်ကိုသာ ထူးသော ဉာဏ်ဖြင့် သိ၍ ကြောင့်ကြခြင်း မရှိသူ၏ အဖြစ်သည်သာလျှင် ဖြစ်သော အကျင့်ကို ကျင့်၏။ ပရိဗိုဇ်တို့ ဤဗြာဟ္မဏသစ္စာလေးမျိုးတို့ကို ငါသည် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုလျက် ဟော၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဥမ္မဂ္ဂသုတ်

၁၈၆။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—"အသျှင်ဘုရား အဘယ်တရားသည် လောကကို ဆောင်ပါသနည်း၊ အဘယ်တရားသည် လောကကို ဆွဲငင်ပါသနည်း၊ ဖြစ်ပေါ်နေသော အဘယ်တရား၏ အလိုသို့ (လောကသည်)လိုက်ပါနေရပါသနည်း"ဟု လျှောက်၏။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း သင့်အား ဖြစ်ပေါ်လာသောဉာဏ်သည် ကောင်းပါပေ၏၊ သင့်အား ထင်မြင်လာသောဉာဏ်သည် ကောင်းပေ၏၊ အမေးပုစ္ဆာသည် ကောင်းပေ၏။ရဟန်း သင်သည် "အသျှင်ဘုရား အဘယ်တရားသည် လောကကို ဆောင်ပါသနည်း၊ အဘယ်တရားသည် လောကကို ဆွဲငင်ပါသနည်း၊ ဖြစ်ပေါ်နေသော အဘယ်တရား၏ အလိုသို့(လောကသည်)လိုက်ပါ

http://www.dhammadownload.com



နေရပါသနည်း"ဟု မေးလျှောက်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ရဟန်း စိတ်သည် လောကကို ဆောင်၏၊ စိတ်သည် လောကကို ဆွဲငင်၏၊ ဖြစ်ပေါ်နေသော စိတ်၏ အလိုသို့ (လောကသည်) လိုက်ပါနေရ၏ဟု (မိန့်တော်မူ၏)။

ထိုရဟန်းသည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်သည် ဖြစ်၍ မြတ်စွာဘုရားအား နောက်ထပ် ပုစ္ဆာကို မေးလျှောက်ပြန်၏။ "အသျှင်ဘုရား များသော အကြား အမြင်ရှိ၏၊ တရားကို ဆောင်၏၊ များသော အကြား အမြင်ရှိ၏၊ တရားကို ဆောင်၏"ဟု ဆိုအပ်ပါ၏။ အသျှင်ဘုရား အဘယ်မျှသော အတိုင်းအရှည်ဖြင့် များသော အကြား အမြင် ရှိသူ တရားကို ဆောင်သူ ဖြစ်ပါသနည်း ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း သင့်အား ဖြစ်ပေါ်လာသောဉာဏ်သည် ကောင်းပေ၏၊ သင့်အား ထင်မြင်လာသောဉာဏ်သည် ကောင်းပေ၏၊ အမေးပုစ္ဆာသည် ကောင်းပေ၏။ ရဟန်း သင်သည် "အသျှင်ဘုရား များသော အကြားအမြင် ရှိ၏၊ တရားကို ဆောင်၏။ များသော အကြားအမြင်ရှိ၏၊ တရားကို ဆောင်၏ ဟု ဆိုအပ်ပါ၏။ အသျှင်ဘုရား အဘယ်မျှသော အတိုင်းအရှည်ဖြင့် များသော အကြားအမြင်ရှိသူ တရားကို ဆောင်သူ ဖြစ်ပါသနည်း"ဟု မေးလျှောက်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ရဟန်း ငါသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ ဟုဆိုအပ်သော များစွာသော တရားတို့ကို ဟောအပ်ကုန်၏။ ရဟန်း လေးပိုဒ်ရှိသော ဂါထာ၏ အနက်ကို သိ၍ ပါဠိကို သိ၍ လောကုတ္တရာတရား ကိုးပါး အားလျော်သော အကျင့်ကို ကျင့်သူကို "များသော အကြားအမြင်ရှိသူ တရားကိုဆောင်သူ" ဟု ဆိုထိုက်၏ဟု (မိန့်တော်မူ၏)။

ထိုရဟန်းသည် "အသျှင်ဘုရား ကောင်းပါပြီ" ဟု မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်သည်ဖြစ်၍ မြတ်စွာဘုရားအား နောက်ထပ် ပုစ္ဆာကို မေးလျှောက်ပြန်၏။ "အသျှင်ဘုရား အကြားအမြင်ရှိ၏၊ (ကိလေသာကို)ဖောက်ထွင်း တတ်သော ပညာရှိ၏၊ အကြားအမြင်ရှိ၏၊ (ကိလေသာကို)ဖောက်ထွင်းတတ်သော ပညာရှိ၏ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှသော အတိုင်းအရှည်ဖြင့် အကြားအမြင်ရှိသူ (ကိလေသာကို) ဖောက်ထွင်း တတ်သော ပညာရှိသူ ဖြစ်ပါသနည်း"ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း သင့်အား ဖြစ်ပေါ်လာသောဉာဏ်သည် ကောင်းပေ၏၊ သင့်အား ထင်မြင်လာသောဉာဏ်သည် ကောင်းပေ၏၊ အမေးပုစ္ဆာသည် ကောင်းပေ၏။ ရဟန်း သင်သည်"အသျှင်ဘုရား အကြားအမြင်ရှိ၏၊(ကိလေသာကို)ဖောက်ထွင်းတတ်သော ပညာရှိ၏၊ အကြားအမြင်ရှိ၏၊ ကိလေသာကို ဖောက်ထွင်းတတ်သော ပညာရှိ၏ဟု ဆိုအပ်ပါ၏၊ အဘယ်မျှသော အတိုင်းအရှည်ဖြင့် အကြားအမြင်ရှိသူ (ကိလေသာကို) ဖောက်ထွင်းတတ်သော ပညာရှိသူ ဖြစ်ပါသနည်းဟု မေးလျှောက်သည် မဟုတ်လော"ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ရဟန်း ဤသာသနာတော်၌ ရဟန်းအား "ဤကား ဆင်းရဲတည်း"ဟု ကြားနာရ၏၊ ထိုဆင်းရဲ၏ သဘောကို မဂ်ပညာဖြင့် ထိုးထွင်း၍ မြင်၏။ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း" ဟု ကြားနာရ၏၊ ထိုဆင်းရဲဖြစ်ကြောင်း၏ သဘောကိုလည်း မဂ်ပညာဖြင့် ထိုးထွင်း၍ မြင်၏။

http://www.dhammadownload.com



"ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) တည်း"ဟု ကြားနာရ၍၊ ထိုဆင်းရဲချုပ်ရာ (နိဗ္ဗာန်)၏ သဘောကိုလည်း မက်ပညာဖြင့် ထိုးထွင်း၍ မြင်၏။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်တည်း"ဟု ကြားနာရ၍၊ ထိုဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်၏သဘောကိုလည်း မက်ပညာဖြင့် ထိုးထွင်း၍ မြင်၏။ ရဟန်း ဤသို့လျှင် အကြားအမြင် ရှိသူသည် (ကိလေသာကို) ဖောက်ထွင်းတတ်သော ပညာရှိသူ ဖြစ်၏ဟု (မိန့်တော်မူ၏)။ ထိုရဟန်းသည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို အလွန် နှစ်သက် ဝမ်းမြောက်သည်ဖြစ်၍ မြတ်စွာဘုရားအား နောက်ထပ်ပုစ္ဆာကို မေးလျှောက်ပြန်၏။ "အသျှင်ဘုရား ပညာရှိ၏၊ ပညာကြီး၏၊ ပညာရှိ၏၊ ပညာကြီး၏ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှသော အတိုင်း အရှည်ဖြင့် ပညာရှိသူ ပညာကြီးသူ ဖြစ်ပါသနည်း"ဟု (လျှောက်၏)။

ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ ရဟန်း သင်အား ဖြစ်ပေါ်လာသော ဉာဏ်သည် ကောင်းပေ၏၊ သင်အား ထင်မြင်လာသော ဉာဏ်သည် ကောင်းပေ၏၊ အမေးပုစ္ဆာသည် ကောင်းပေ၏။ ရဟန်း သင်သည် "အသျှင်ဘုရား ပညာရှိ၏၊ ပညာကြီး၏၊ ပညာရှိ၏၊ ပညာကြီး၏ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှသော အတိုင်းအရှည်ဖြင့် ပညာရှိသူ ပညာကြီးသူ ဖြစ်ပါသနည်း" ဟု မေးလျှောက်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ရဟန်း ဤသာသနာတော်၌ ပညာရှိသူ ပညာကြီးသူသည် မိမိဆင်းရဲရန် မလှုံ့ဆော်၊ သူတပါး ဆင်းရဲရန် မလှုံ့ဆော်၊ နှစ်ပါးစုံဘို့ ဆင်းရဲရန် မလှုံ့ဆော်၊ ကြံစည်ခဲ့သော် မိမိ၏ အစီးအပွါး သူတပါး၏ အစီးအပွါး မိမိသူတပါး နှစ်ပါးစုံတို့၏ အစီးအပွါး အလုံးစုံသော သတ္တလောက၏ အစီးအပွါးကိုသာလျှင် ကြံစည်၏။ ရဟန်း ဤသို့လျှင် ပညာရှိသူ ပညာကြီးသူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဝဿကာရဗြာဟ္မဏသုတ်

၁၈၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်ဘို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မဂဓမင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားထံ သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ထိုင်လျက် မြတ်စွာဘုရားအား—

အသျှင်ဂေါတမ သူယုတ်သည် သူယုတ်ကို "ဤအသျှင်ကား သူယုတ်တည်း"ဟု သိနိုင်ရာ အံ့လောဟု လျှောက်၏၊ ပုဏ္ဏား သူယုတ်သည် သူယုတ်ကို "ဤအသျှင်ကား သူယုတ်တည်း" ဟု ဤသို့ သိနိုင်ရာသော အကြောင်းအခွင့် မရှိဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ သူယုတ်သည် သူတော်ကောင်းကို "ဤအသျှင်ကား သူတော်ကောင်းတည်း" ဟု သိနိုင်ရာ အံ့လောဟု (လျှောက်၏)၊ ပုဏ္ဏား သူယုတ်သည် သူတော်ကောင်းကို "ဤအသျှင်ကား သူတော်ကောင်း တည်း"ဟု ဤသို့ သိနိုင်ရာသော အကြောင်းအခွင့်လည်း မရှိဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ

http://www.dhammadownload.com



သူတော်ကောင်းသည် သူတော်ကောင်းကို "ဤအသျှင်ကား သူတော်ကောင်းတည်း"ဟု သိနိုင်ရာ အံ့လောဟု (လျှောက်၏)၊ ပုဏ္ဏားသူတော်ကောင်းသည် သူတော်ကောင်းကို "ဤအသျှင်ကား သူတော်ကောင်းတည်း" ဟု သိနိုင်ရာသော အကြောင်းအခွင့် ရှိ၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ သူတော်ကောင်းသည် သူယုတ်ကို "ဤအသျှင်ကား သူယုတ်တည်း" ဟု သိနိုင်ရာ အံ့လော ဟု (လျှောက်၏)၊ ပုဏ္ဏား သူတော်ကောင်းသည် သူယုတ်ကို "ဤအသျှင်ကား သူယုတ်တည်း"ဟု သိနိုင်ရာသော အကြောင်း အခွင့်လည်း ရှိ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ "ပုဏ္ဏား သူယုတ်သည် သူယုတ်ကို 'ဤအသျှင်ကား သူယုတ်တည်း' ဟု သိနိုင်ရာသော အကြောင်းအခွင့် မရှိ။ ပုဏ္ဏား သူယုတ်သည် သူတော်ကောင်းကို ဤအသျှင်ကား 'သူတော်ကောင်းတည်း' ဟု သိနိုင်ရာသော အကြောင်း အခွင့်လည်း မရှိ။ ပုဏ္ဏား သူတော်ကောင်းသည် သူတော်ကောင်းကို 'ဤအသျှင်ကား သူတော်ကောင်းတည်း' ဟု သိနိုင်ရာသော အကြောင်းအခွင့် ရှိ၏။ ပုဏ္ဏား သူတော်ကောင်းသည် သူယုတ်ကို 'ဤအသျှင်ကား သူယုတ်တည်း'ဟု သိနိုင်ရာသော အကြောင်းအခွင့်လည်း ရှိ၏" ဟု ဤစကားကို အသျှင်ဂေါတမသည် အလွန်ကောင်းစွာ ဟောတော်မူ၏။

အသျှင်ဂေါတမ အခါတပါး တောဒေယျပုဏ္ဏား၏ ပရိသတ်၌ သူတပါးတို့အား ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေကုန်၏၊ "ရာမ၏သား (ဥဒကမည်သောရသေ့) ရဟန်း၌ အလွန်ကြည်ညို၍ ရာမ၏သား (ဥဒကမည်သော ရသေ့)ရဟန်း၌ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သဘောရှိသည့် လွန်ကဲစွာ နှိမ့်ချသောအခြင်းအရာကိုပြုသော ဤဧဠေယျမည်သောမင်းသည် မိုက်၏၊ ရာမ၏သား (ဥဒကမည်သောရသေ့)ရဟန်း၌ အလွန်ကြည်ညိုကုန်၍ ရာမ၏သား (ဥဒကမည်သော ရသေ့) ရဟန်း၌ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သဘောရှိသည့် လွန်ကဲစွာ နှိမ့်ချသော အခြင်းအရာကို ပြုကုန်သော ဧဠေယျမည်သော မင်း၏ အလုပ်အကျွေး ယမက မောဂ္ဂလ္လ ဥဂ္ဂ နာဝိန္ဒကီ ဂန္ဓဗ္ဗ အဂ္ဂိဝေဿ မည်ကုန်သော ဤ အခြံအရံ ပရိသတ်တို့သည်လည်း မိုက်ကုန်၏ဟု (ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေကုန်၏)။ တောဒေယျပုဏ္ဏားသည် ထိုပရိသတ်တို့ကို ဤနည်းဖြင့် သိစေ၏၊ အချင်းတို့ ထိုငါဆိုမည့်စကားကို အဘယ်သို့ မှတ်ထင်ကုန်ကြ သနည်း၊ ပညာရှိသော ဧဠေယျမည်သော မင်းသည် ပြုသင့်သော အမှုနှင့် အလွန်အကဲပြုသင့်သော အမှုတို့၌၎င်း ဆိုသင့်သော စကားနှင့် အလွန်အကဲဆိုသင့်သော စကားတို့၌၎င်း အကျိုးကိုမြင်ခြင်းငှါ အစွမ်းနိုင်ဆုံးသော သူတို့ထက် အထူးသဖြင့် အကျိုးကိုမြင်ခြင်းငှါ စွမ်းနိုင်သလောဟု (မေး၏)။ အသျှင်ပုဏ္ဏား ဤအတိုင်းမှန်၏၊ ပညာရှိသော ဧဠေယျမည်သော မင်းသည် ပြုသင့်သော အမှုနှင့် အလွန်အကဲပြုသင့်သော အမှုတို့၌၎င်း ဆိုသင့်သောစကားနှင့် အလွန်အကဲဆိုသင့်သော စကား တို့၌၎င်း အကျိုးကိုမြင်ခြင်းငှါ အစွမ်းနိုင်ဆုံးသော သူတို့ထက် အထူးသဖြင့် အကျိုးကိုမြင်ခြင်းငှါ စွမ်းနိုင်ပါ၏။ (ဟု ပြောဆို၏။)

အချင်းတို့ ပညာရှိသော ဧဠေယျမင်းထက် အထူးသဖြင့် ပညာရှိသော ရာမ၏သား (ဥဒက မည်သောရသေ့)ရဟန်းသည် ပြုသင့်သော အမှုနှင့် အလွန်အကဲပြုသင့်သော အမှုတို့၌၎င်း ဆိုသင့် သော စကားနှင့် အလွန်အကဲဆိုသင့်သော စကားတို့၌၎င်း အကျိုးကိုမြင်ခြင်းငှါ အစွမ်းနိုင်ဆုံးသော သူတို့ထက် အထူးသဖြင့် အကျိုးကို မြင်ခြင်းငှါ စွမ်းနိုင်သောကြောင့် ဧဠေယျမင်းသည် ရာမ၏

http://www.dhammadownload.com



သား (ဥဒကမည်သော ရသေ့)ရဟန်း၌ အလွန် ကြည်ညို၏၊ ရာမ၏သား (ဥဒကမည်သော ရသေ့) ရဟန်း၌ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းသဘောရှိသော လွန်ကဲစွာ နှိမ့်ချသော အခြင်းအရာကို ပြု၏။

အချင်းတို့ ငါဆိုမည့် စကားကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ပညာရှိကုန်သော ဧဠေယျမည်သော မင်း၏ အလုပ်အကျွေး ယမက မောဂ္ဂလ္လ ဥဂ္ဂ နာဝိန္ဒကီ ဂန္ဓဗ္ဗ အဂ္ဂိဝေဿ တို့သည် ပြုသင့်သော အမှုနှင့် အလွန်အကဲပြုသင့်သော အမှုတို့၌ရင်း ဆိုသင့်သော စကားနှင့် အလွန်အကဲ ဆိုသင့်သော စကားတို့၌ရင်း အကျိုးကိုမြင်ခြင်း၌ အစွမ်းနိုင်ဆုံးသော သူတို့ထက် အထူးသဖြင့် အကျိုးကို မြင်ခြင်း၌ စွမ်းနိုင်သလောဟု (မေး၏)။ အသျှင်ပုဏ္ဏား ဤအတိုင်းမှန်၏၊ ပညာရှိကုန်သော ဧဠေယျမည်သော မင်း၏ အလုပ်အကျွေး ယမက မောဂ္ဂလ္လ ဥဂ္ဂ နာဝိန္ဒကီ ဂန္ဓဗ္ဗ အဂ္ဂိဝေဿ တို့သည်လည်း၊ ပြုသင့်သော အမှုနှင့် အလွန်အကဲပြုသင့်သော အမှုတို့၌ရင်း ဆိုသင့်သော စကားနှင့် အလွန်အကဲဆိုသင့်သော စကားတို့၌ရင်း အကျိုးကို မြင်ခြင်း၌ အစွမ်းနိုင်ဆုံးသော သူတို့ထက် အထူးသဖြင့် အကျိုးကို မြင်ခြင်း၌ စွမ်းနိုင်ပါ၏ဟု (ပြောဆို၏)။

အချင်းတို့ ပညာရှိကုန်သော ဧဠေယျမင်း၏ အလုပ်အကျွေးတို့ထက် အထူးသဖြင့် ပညာရှိသော ရာမ၏သား (ဥဒကမည်သော ရသေ့) ရဟန်းသည် ပြုသင့်သော အမှုနှင့် အလွန်အကဲပြုသင့်သော အမှုတို့၌ရင်း ဆိုသင့်သော စကားနှင့် အလွန်အကဲဆိုသင့်သော စကားတို့၌ရင်း အကျိုးကို မြင်ခြင်း၌ အစွမ်းနိုင်ဆုံးသော သူတို့ထက် အထူးသဖြင့် အကျိုးကို မြင်ခြင်း၌ စွမ်းနိုင်၏၊ ထို့ကြောင့် ဧဠေယျမင်း၏ အလုပ်အကျွေးတို့သည် ရာမ၏သား (ဥဒကမည်သော ရသေ့) ရဟန်း၌ အလွန်ကြည်ညိုကုန်၏၊ ရာမ၏သား (ဥဒကမည်သော ရသေ့)ရဟန်း၌ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သဘောရှိသော လွန်ကဲစွာနှိမ့်ချသော အခြင်းအရာကို ပြုကုန်၏ ဟု (သိစေ၏)။

အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ "ပုဏ္ဏား သူယုတ်သည် သူယုတ် ကို 'ဤအသျှင်ကား သူယုတ်တည်း'ဟု ဤသိခြင်းသည် အကြောင်းအခွင့် မဟုတ်။ ပုဏ္ဏား သူယုတ်သည် သူတော်ကောင်းကို 'ဤအသျှင်ကား သူတော်ကောင်းတည်း'ဟု ဤသိခြင်းသည်လည်း အကြောင်းအခွင့်မဟုတ်။ ပုဏ္ဏား သူတော်ကောင်းသည် သူတော်ကောင်းကို 'ဤအသျှင်ကား သူတော်ကောင်းတည်း'ဟု သိနိုင်ရာသော အကြောင်းသည် ရှိ၏။ ပုဏ္ဏား သူတော်ကောင်းသည် သူယုတ်ကို 'ဤအသျှင်ကား သူယုတ်တည်း'ဟု သိနိုင်ရာသော အကြောင်းသည်လည်း ရှိ၏"ဟု ဤစကားကို အသျှင်ဂေါတမသည် အလွန်ကောင်းစွာ ဟောကြားတော်မူပါ၏။ အသျှင်ဂေါတမ ယခုအခါ၌ အကျွန်ုပ်တို့သည် သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် အလုပ်ကိစ္စများပါကုန်၏၊ ပြုဖွယ်များပါကုန်၏ဟု (လျှောက်၏)။ ပုဏ္ဏား ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင့်အလိုအတိုင်းပင် ဖြစ်၏)ဟု မိန့်တော်မူ၏။ ထိုအခါ မဂဓမင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားသည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက် လျက် နေရာမှထ၍ ဖဲသွားလေသတည်း။

**သတ္တမသုတ်။**

http://www.dhammadownload.com



## ၈-ဥပကသုတ်

၁၈၈။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မဏ္ဍိကာ၏သား ဥပကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

အသျှင်ဘုရား မည်သူမဆို သူတပါးအား ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေ၏၊ ထို သူတပါးအား ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေသူ အားလုံးသည် (ကုသိုလ်တရားကို) မဖြစ်စေနိုင်၊ (ကုသိုလ်တရား)ကို မဖြစ်စေနိုင်သူသည် ကဲ့ရဲ့ထိုက်သူ စွပ်စွဲထိုက်သူ ဖြစ်၏ဟု အကျွန်ုပ် ဤသို့ဝါဒ ရှိပါသည် ဤသို့ အယူရှိပါသည်ဟု (လျှောက်၏)။ ဥပက မည်သူမဆို သူတပါးအား ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေခဲ့မူ သူတပါးအား ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေသူသည် ကုသိုလ်တရားကို မဖြစ်စေနိုင်ခဲ့မူ ကုသိုလ်တရားကို မဖြစ်စေနိုင်သူသည် ကဲ့ရဲ့ထိုက်သူ စွပ်စွဲထိုက်သူဖြစ်ခဲ့ပါမူ ဥပက သင်သည်ပင် သူတပါးကို ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေ၏၊ သူတပါးကို ကဲ့ရဲ့ရှုတ်ချခြင်းကို ဖြစ်စေသော သင်သည်ပင် ကုသိုလ်တရားကို မဖြစ်စေနိုင်၊ ကုသိုလ်တရားကို မဖြစ်စေနိုင်သော သင်သည်ပင် ကဲ့ရဲ့ထိုက်သူ စွပ်စွဲထိုက်သူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရေမှ ဦးခေါင်းပေါ်ကာမျှ ဖြစ်သော ငါးကိုပင် ကြီးစွာသော ကျော့ကွင်းဖြင့် ဖွဲ့ဘိသကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် ဦးခေါင်းပေါ်ကာမျှသာလျှင် ဖြစ်သော အကျွန်ုပ်ကို မြတ်စွာဘုရားသည် ကြီးစွာသော ဝါဒ ကျော့ကွင်းဖြင့် ဖွဲ့အပ်ပါ၏ ဟု (လျှောက်၏)။

ဥပက ငါသည် "ဤကား အကုသိုလ်တည်း"ဟု ပညတ်၏၊ ထိုသို့ ပညတ်ရာ၌ "ဤသို့သော အကြောင်းကြောင့်လည်း ထိုသဘောတရားသည် အကုသိုလ်ဖြစ်၏"ဟု (ပြသော)ပုဒ်တို့သည် အတိုင်းအရှည် မရှိကုန်၊ အက္ခရာတို့သည် အတိုင်းအရှည် မရှိကုန်၊ မြတ်စွာဘုရား၏ ဓမ္မဒေသနာသည် အတိုင်းအရှည် မရှိ၊ ဥပကငါသည် "ထိုအကုသိုလ်ကို ပယ်အပ်၏"ဟု ပညတ်၏၊ ထိုသို့ပညတ်ရာ၌ "ဤအကြောင်းကြောင့်လည်း ထိုအကုသိုလ်ကို ပယ်အပ်၏"ဟု (ပြသော)ပုဒ်တို့သည် အတိုင်းအရှည် မရှိကုန်၊ အက္ခရာတို့သည် အတိုင်းအရှည် မရှိကုန်၊ မြတ်စွာဘုရား၏ ဓမ္မဒေသနာသည် အတိုင်းအရှည်မရှိ။

ဥပက ငါသည် "ဤကား ကုသိုလ်တည်း" ဟု ပညတ်၏၊ ထိုသို့ ပညတ်ရာ၌ "ဤသို့သော အကြောင်းကြောင့် ထိုသဘောတရားသည် ကုသိုလ်ဖြစ်၏"ဟု (ပြသော)ပုဒ်တို့သည် အတိုင်းအရှည် မရှိကုန်၊ အက္ခရာတို့သည် အတိုင်းအရှည် မရှိကုန်၊ မြတ်စွာဘုရား၏ ဓမ္မဒေသနာသည် အတိုင်းအရှည် မရှိ၊ ဥပက ငါသည် "ထိုကုသိုလ်ကို ပွါးများအပ်၏"ဟု ပညတ်၏၊ ထိုသို့ ပညတ်ရာ၌ "ဤအကြောင်းကြောင့်လည်း ထိုကုသိုလ်ကို ပွါးများအပ်၏"ဟု (ပြသော) ပုဒ်တို့သည် အတိုင်းအရှည် မရှိကုန်၊ အက္ခရာတို့သည် အတိုင်းအရှည် မရှိကုန်၊ မြတ်စွာဘုရား၏ ဓမ္မဒေသနာသည် အတိုင်းအရှည်မရှိ ဟု (မိန့်တော်မူ၏)။

ထိုအခါ မဏ္ဍိကာ၏သား ဥပကသည် မြတ်စွာဘုရားဟောတော်မူအပ်သော စကားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထပြီးသော် မြတ်စွာဘုရားကိုရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ပြောဆိုခဲ့သမျှသော စကား အလုံးစုံကို ကြားလျှောက်၏။

http://www.dhammadownload.com



ဤသို့ ကြားလျှောက်သော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် အမျက်ထွက်၍ မန္တပ်သာက်ရကား မဏ္ဍိကာ၏သား ဥပကအား "ဤဆားဖိုရွာသား သူငယ်သည် အလွန် (ဂုဏ်ကျေးဇူးကို) ဖျက်ဆီးစွတကား၊အလွန် နှုတ်ကြမ်းစွတကား၊ အလွန်ခက်ထန်စွတကား၊ ယင်း ဆားဖိုရွာသားစင်လျက်လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို ) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထို မြတ်စွာဘုရားကို ထိပါးချုပ်ချယ်အပ်၏ ဟူ၍ မှတ်ထင်ဘိ၏၊ ဥပက သင်သည် ဖဲလေလော့၊ ပျက်စီးလေလော့၊ သင့်ကို ငါမမြင်လို"ဟု ဆိုလေသတည်း။

အဋ္ဌမသုတ်။

## ၉-သစ္ဆိကရဏီယသုတ်

၁၈၉။ ရဟန်းတို့ မျက်မှောက်ပြုအပ်သော တရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ကိုယ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် ရှိကုန်၏၊ ရဟန်းတို့ သတိဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် ရှိကုန်၏၊ ရဟန်းတို့ မျက်စိဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် ရှိကုန်၏၊ ရဟန်းတို့ ပညာဖြင့် မျက်မှောက်ပြုအပ်သော တရားတို့သည် ရှိကုန်၏။

ရဟန်းတို့ ကိုယ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ဟူသည် အဘယ်နည်း၊ ရဟန်းတို့ လွတ်မြောက်ရေး(ဝိမောက္ခ)ရှစ်ပါးတို့ကို ကိုယ်ဖြင့် မျက်မှောက်ပြုအပ်ကုန်၏။

ရဟန်းတို့ သတိဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သတိဖြင့် မျက်မှောက်ပြုအပ်ကုန်၏။

ရဟန်းတို့ မျက်စိဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို မျက်စိဖြင့် မျက်မှောက်ပြုအပ်၏။

ရဟန်းတို့ ပညာဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ပညာဖြင့် မျက်မှောက်ပြုအပ်၏။ ရဟန်းတို့ မျက်မှောက်ပြုအပ်သော တရားတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဥပေါသထသုတ်

၁၉၀။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ 'ဝိသာခါ' ၏ ပြာသာဒ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုဥပုသ်နေ့၌ ရဟန်းအပေါင်းခြံရံလျက် ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသော ရဟန်းအပေါင်းကို စောင်းငဲ့ကြည့်ရှုတော်မူ၍ ရဟန်းတို့အား ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဤပရိသတ်သည် (ဒုဿီလအဖြစ်ဟူသော)အဖျင်းမှကင်း၏၊ ရဟန်းတို့ ဤပရိသတ်သည် (ဒုဿီလဟူသော) အဖျင်း မရှိ၊ စင်ကြယ်၏၊ (သီလဟူသော)အနှစ်၌ တည်၏။ ရဟန်းတို့

http://www.dhammadownload.com



ယင်းသို့သဘောရှိသော ရဟန်းသံဃာ ယင်းသို့ သဘောရှိသော ပရိသတ်ကို လောက၌ ဖူးမြော်ရန်မျှ သော်လည်း ရနိုင်ခဲ၏။ ရဟန်းတို့ ယင်းသို့ သဘောရှိသော ရဟန်းသံဃာ ယင်းသို့သဘောရှိသော ပရိသတ်သည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်၏၊ ညောင်သည့်တို့ အသိုင်ါ စိမ်ထားသော ဝတ္ထုကိုသော်လည်း ခံထိုက်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီရန် ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ ရဟန်းတို့ ယင်းသို့ သဘောရှိသော ရဟန်းသံဃာ ယင်းသို့ သဘောရှိသော ပရိသတ်အား အနည်းငယ်ပေးလှူအပ်သော အလှူသည် များစွာ အကျိုးရှိ၏၊ များစွာ ပေးလှူအပ်သော အလှူသည် အလွန်များစွာ အကျိုးရှိ၏။ ရဟန်းတို့ ယင်းသို့ သဘောရှိသော ရဟန်း သံဃာ ယင်းသို့ သဘောရှိသော ပရိသတ်ကို ဖူးမြော်ရန် ယူဇနာ အရာ အထောင် အရေအတွက်ရှိသော အရပ်ဘို့သို့ လည်း ရိက္ခာထုပ်ဖြင့် သွားသင့်၏။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ နတ်အဖြစ်သို့ ရောက်နေသော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤရဟန်း အပေါင်း၌ ဗြဟ္မာအဖြစ်သို့ ရောက်နေသော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤရဟန်းအပေါင်း၌ မတုန်မလှုပ်ခြင်းသို့ ရောက်နေသော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤရဟန်းအပေါင်း၌ အရိယာအဖြစ်သို့ ရောက်နေသော ရဟန်းတို့သည် ရှိကုန်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နတ်အဖြစ်သို့ ရောက်နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍ နေ၏၊ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ တတိယစျာန်သို့။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဥပပတ္တိ နတ်အဖြစ်သို့ ရောက်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗြဟ္မာအဖြစ်သို့ ရောက်နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မေတ္တာနှင့်တကွသော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်ကို။ ထို့အတူ သုံးခုမြောက်သော အရပ်ကို။ ထို့အတူ လေးခုမြောက်သော အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့် တူစွာ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ သနားခြင်း ကရုဏာ။ ဝမ်းမြောက်ခြင်း မုဒိတာ။ လျစ်လျူရှုခြင်း ဥပေက္ခာနှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်ကို။ ထို့အတူ သုံးခုမြောက်သော အရပ်ကို။ ထို့အတူ လေးခုမြောက်သော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက်ဖီလာ အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့် တူစွာ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဗြဟ္မာအဖြစ်သို့ ရောက်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မတုန်မလှုပ်ခြင်းသို့ ရောက်သနည်း—ရဟန်းတို့ ဤသာသနာတော်၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရုပ်၌ဖြစ်သော အမှတ် 'ရူပသညာ' တို့ကို

http://www.dhammadownload.com



လွန်မြောက်၍ ထိခိုက်ခြင်း 'ပဋိဃ သညာ'တို့၏ ချုပ်ခြင်းကြောင့် အထူးထူးသော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အပိုင်းအခြား မရှိဟု" (ဤသို့ပွါးများလျက်) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ "ပဌမာရုပ္ပဝိညာဏ်သည် အဆုံးမရှိ"ဟု (ဤသို့ပွါးများလျက်) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ "စိုးစဉ်းမျှမရှိ" ဟု (ဤသို့ ပွါးများလျက်) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာ နာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မတုန်မလှုပ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အရိယာအဖြစ်သို့ ရောက်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်မှန်သောအတိုင်း ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အရိယာအဖြစ်သို့ ရောက်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ဗြာဟ္မဏဝဂ် ပြီး၏။

---

## (၂၀) ၅-မဟာဝဂ် ၁-သောတာနုဂတသုတ်

၁၉၁။ ရဟန်းတို့ သောတပသာဒသို့ အစဉ်လျှောက်ကုန်သော နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်သော (ပရိယတ်)တရားတို့၏ (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်သော အကျိုးဆက်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သုတ် ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ကြား၏၊ ထိုရဟန်းအား ထိုတရားတို့သည် သောတပသာဒသို့ အစဉ်လျှောက်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းသည် သတိ လွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် နတ်ဘုံတမျိုးမျိုး၌ ဖြစ်၏၊ ထိုနတ်ဘုံ၌ ချမ်းသာခြင်းရှိသော ထိုပုဂ္ဂိုလ်အား တရားအစုတို့သည် ပေါ်လွင်ထင်ရှားကုန်၏။ ရဟန်းတို့ သတိဖြစ်ခြင်းသည် နှန့်နှေးသေး၏၊ ထိုသတ္တဝါသည်ကား လျင်စွာသာလျှင် တရားထူးကို ရနိုင်၏။ ရဟန်းတို့ ဤသည်ကား သောတပသာဒသို့ အစဉ်လျှောက်ကုန်သော နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ထိုးထွင်း၍ သိအပ်ကုန်သော တရားတို့၏ (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်သော ပဌမ အကျိုးဆက်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သုတ် ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန်း ဣတိဝုတ်ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ကြား၏၊ ထိုရဟန်းအား ထိုတရားတို့သည် သောတပသာဒသို့ အစဉ်လျှောက်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းသည် သတိလွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် နတ်ဘုံတမျိုးမျိုး၌ ဖြစ်၏၊ ထိုနတ်ဘုံ၌ ချမ်းသာခြင်းရှိသော ထိုပုဂ္ဂိုလ်အား (ပရိယတ်) တရားအစု

http://www.dhammadownload.com



တို့သည် မပေါ်လွင် မထင်ရှားကုန်၊ စင်စစ်သော်ကား တန်ခိုးကြီး၍ စိတ်၏ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန်းသည် နတ်ပရိသတ်၌ တရားကို ဟောကြား၏၊ ထိုပုဂ္ဂိုလ်အား ရှေးဘဝက "ငါကျင့်ခဲ့ဘူးသော မြတ်သော အကျင့်ဟူသော ထိုဓမ္မ ဝိနယသည် (ယခု ရဟန်းဟောနေသော) ဤဓမ္မဝိနယပင်တည်း"ဟု အကြံဖြစ်၏။ ရဟန်းတို့ သတိဖြစ်ခြင်းသည် နုန့်နှေးသေး၏၊ ထိုအခါ၌ ထိုသတ္တဝါသည် လျင်စွာသာလျှင် တရားထူးကို ရနိုင်၏။ ရဟန်းတို့ စည်ကြီးသံ၌ လိမ္မာကျွမ်းကျင်သော ယောကျ်ားသည် ခရီးရှည် သွားလတ်သော် စည်ကြီးသံကို ကြားရာ၏၊ ထိုယောကျ်ားအား ထိုစည်ကြီးသံ၌ "စည်ကြီးသံလေလော၊ စည်ကြီးသံ မဟုတ်လေလော"ဟု ယုံမှားခြင်း တွေးတောခြင်း မဖြစ်ပဲ စည်ကြီးသံဟူ၍ သာလျှင် အမှန်ဆုံးဖြတ်ခြင်းသို့ ရောက်ရာသကဲ့သို့ ရဟန်းတို့ ဤအတူ သာလျှင် ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ကြား၏၊ထိုရဟန်းအား ထိုတရားတို့သည် သောတပသာဒသို့ အစဉ် လျှောက်ကုန်၏၊ နှုတ်၌ လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းသည် သတိလွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် နတ်ဘုံတမျိုးမျိုး၌ ဖြစ်၏၊ ထိုနတ်ဘုံ၌ ချမ်းသာခြင်း ရှိသော ထိုပုဂ္ဂိုလ်အား (ပရိယတ်) တရားအစုတို့သည် မပေါ်လွင် မထင်ရှားကုန်၊ စင်စစ်သော်ကား တန်ခိုးကြီး၍ စိတ်၏ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန်းသည် နတ်ပရိသတ်၌ တရားကို ဟောကြား၏၊ ထိုပုဂ္ဂိုလ်အား"ရှေးဘဝက ငါကျင့်ခဲ့ဘူးသော မြတ်သော အကျင့်ဟူသော ထိုဓမ္မဝိနယသည် (ယခုရဟန်းဟောနေသော) ဤဓမ္မဝိနယပင်တည်း"ဟု စိတ်အကြံ ဖြစ်၏။ ရဟန်းတို့ သတိဖြစ်ခြင်းသည် နုန့်နှေးသေး၏၊ ထိုအခါ၌ ထိုသတ္တဝါသည် လျင်စွာသာလျှင် တရားထူးကို ရနိုင်၏။ ရဟန်းတို့ ဤသည်ကား သောတပသာဒသို့ အစဉ် လျှောက်ကုန်သော နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်သော တရားတို့၏ (မချွတ်ရလိမ့်မည်ဟု) မြှော်လင့်အပ်သော ဒုတိယ အကျိုးဆက်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ကြား၏၊ထိုရဟန်းအား ထိုတရားသည် သောတပသာဒသို့ အစဉ်လျှောက်ကုန်၏၊ နှုတ်ဖြင့်လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းသည် သတိလွတ်ကင်းလျက် သေလွန်ရသော် နတ်ဘုံတမျိုးမျိုး၌ ဖြစ်၏၊ ထိုနတ်ဘုံ၌ ချမ်းသာခြင်းရှိသော ထိုပုဂ္ဂိုလ်အား (ပရိယတ်) တရားအစုတို့သည် မပေါ်လွင် မထင်ရှားကုန်၊ တန်ခိုးကြီး၍ စိတ်၏ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန်းသည်လည်း နတ်ပရိသတ်၌ တရားမဟော၊ စင်စစ်သော်ကား နတ်သားသည် နတ်ပရိသတ်၌ တရားကို ဟော၏၊ ထိုပုဂ္ဂိုလ်အား ရှေးဘဝက "ငါကျင့်ခဲ့ဘူးသော မြတ်သော အကျင့်ဟူသော ထိုဓမ္မဝိနယသည် (ယခုနတ်သား ဟောနေသော) ဤဓမ္မဝိနယပင်တည်း"ဟု အကြံဖြစ်၏။ ရဟန်းတို့ သတိဖြစ်ခြင်းသည် နုန့်နှေးသေး၏၊ ထိုအခါ၌ ထိုသတ္တဝါသည် လျင်စွာသာလျှင် တရားထူးကို ရနိုင်၏။ ရဟန်းတို့ ခရုသင်းသံ၌ လိမ္မာကျွမ်းကျင်သော ယောကျ်ားသည် ခရီးရှည်သွားလတ်သော် ခရုသင်းသံကို ကြားရာ၏၊ ထိုယောကျ်ားအား ထိုခရုသင်းသံ၌ "ခရုသင်းသံ လေလော၊ ခရုသင်းသံ မဟုတ်လေလော"ဟု ယုံမှားခြင်း တွေးတောခြင်း မဖြစ်ပဲ "ခရုသင်းသံ"ဟူ၍ သာလျှင် အမှန်ဆုံးဖြတ်ခြင်းသို့ ရောက်ရာသကဲ့သို့ ရဟန်းတို့ ဤ အတူသာလျှင် ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ကြား၏၊ထိုရဟန်းအား ထိုတရားတို့သည် သောတပသာဒသို့ အစဉ်လျှောက်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့်

http://www.dhammadownload.com



ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းသည် သတိလွတ်ကင်းလျက် သေလွန်ရသော် နတ်ဘုံတမျိုးမျိုး၌ ဖြစ်၏၊ ထိုနတ်ဘုံ၌ ချမ်းသာခြင်းရှိသော ထိုပုဂ္ဂိုလ်အား (ပရိယတ်) တရားအစုတို့သည် မပေါ်လွင် မထင်ရှားကုန်၊ တန်ခိုးကြီး၍ စိတ်၏ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန်းသည်လည်း နတ်ပရိသတ်၌ တရားမဟော၊ စင်စစ်သော်ကား နတ်သားသည် နတ်ပရိသတ်၌ တရားဟော၏၊ ထိုပုဂ္ဂိုလ်အား "ရှေးဘဝက ငါကျင့်ခဲ့ဘူးသော မြတ်သောအကျင့် ဟူသော ဓမ္မဝိနယသည် (ယခုနတ်သား ဟောနေသော) ဤဓမ္မဝိနယပင်တည်း" ဟု အကြံဖြစ်၏။ ရဟန်းတို့ သတိဖြစ်ခြင်းသည် နုန့်နှေးသေး၏၊ ထိုအခါ ထိုသတ္တဝါသည် လျင်စွာသာလျှင် တရားထူးကို ရနိုင်၏။ ရဟန်းတို့ ဤသည်ကား သောတပသာဒသို့ အစဉ်လေ့ကျက်ကုန်သော နှုတ်ဖြင့် လေ့လာအပ်စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်သော တရားတို့၏ (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်သော တတိယ အကျိုးဆက်ပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ကြား၏၊ ထိုရဟန်းအား ထိုတရားတို့သည် သောတပသာဒသို့ အစဉ်လေ့ကျက်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းသည် သတိလွတ်ကင်းလျက် သေလွန်ရသော် နတ်ဘုံတမျိုးမျိုး၌ဖြစ်၏၊ ထိုနတ်ဘုံ၌ ချမ်းသာခြင်းရှိသော ထိုပုဂ္ဂိုလ်အား (ပရိယတ်) တရားအစုတို့သည် မပေါ်လွင် မထင်ရှားကုန်၊ တန်ခိုးကြီး၍ စိတ်၏ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန်းသည်လည်း နတ်ပရိသတ်၌ တရားမဟော၊ နတ်သားသည်လည်း နတ်ပရိသတ်၌ တရားမဟော၊ စင်စစ်သော်ကား ရှေးဦးစွာ ဖြစ်နှင့်သော နတ်သားသည် နောက်ဖြစ်လာသော နတ်သားကို "အချင်းနတ်သား ရှေးဘဝက ငါတို့ ကျင့်ခဲ့ဘူးသော မြတ်သော အကျင့်ဟူသော ထိုဓမ္မဝိနယကို သင်အောက်မေ့လော့၊ အချင်းနတ်သား သင်အောက်မေ့လော့" ဟု အောက်မေ့စေ၏။ ထိုနတ်သားသည် "အချင်းနတ်သား ငါသည် အောက်မေ့၏၊ အချင်းနတ်သား ငါသည် အောက်မေ့၏" ဟု ဆို၏။ ရဟန်းတို့ သတိဖြစ်ခြင်းသည် နုန့်နှေးသေး၏၊ ထိုအခါ ထိုသတ္တဝါသည် လျင်စွာသာလျှင် တရားထူးကို ရနိုင်၏။ ရဟန်းတို့ မြေမှုန့် ကစားဘက် ဖြစ်ကုန်သော သူငယ်ချင်းနှစ်ယောက်တို့သည် တခါတရံ တနေရာ၌ အချင်းချင်း တွေ့ဆုံ ပေါင်းမိကြကုန်ရာ၏၊ သူငယ်ချင်း တယောက်သည် (တယောက်သော) သူငယ်ချင်းကို "အဆွေ ဤအမှုကိုလည်း သင်သည် အောက်မေ့လော၊ ဤအမှုကိုလည်း သင်သည် အောက်မေ့လော့" ဟု ဤသို့ ဆိုရာ၏။ ထိုသူငယ်ချင်းသည် "အဆွေ ငါသည် အောက်မေ့၏၊ အဆွေ ငါသည် အောက်မေ့၏" ဟု ဆိုရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် သုတ် ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ကြား၏၊ ထိုပုဂ္ဂိုလ်အား ထိုတရားတို့သည် သောတပသာဒသို့ အစဉ်လေ့ကျက်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းသည် သတိလွတ်ကင်းလျက် သေလွန်ရသော် နတ်ဘုံတမျိုးမျိုး၌ ဖြစ်၏၊ ထိုနတ်ဘုံ၌ ချမ်းသာခြင်းရှိသော ထိုပုဂ္ဂိုလ်အား (ပရိယတ်) တရားအစုတို့သည် မပေါ်လွင် မထင်ရှားကုန်၊ တန်ခိုးကြီး၍ စိတ်၏ လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန်းသည်လည်း နတ်ပရိသတ်၌ တရားမဟော၊ နတ်သားသည်လည်း နတ်ပရိသတ်၌ တရားမဟော၊ စင်စစ်သော်ကား ရှေးဦးစွာ ဖြစ်နှင့်သော နတ်သားသည် နောက်မှ ဖြစ်လာသော နတ်သားကို "အချင်း နတ်သား ရှေးဘဝက ငါတို့ ကျင့်ခဲ့ဘူးသော မြတ်သော အကျင့်ဟူသော ထိုဓမ္မဝိနယကို သင်အောက်မေ့လော့၊ အချင်းနတ်သား သင်အောက်မေ့လော့" ဟု အောက်မေ့စေ၏။

http://www.dhammadownload.com



ထိုနတ်သားသည် "အချင်း ငါသည် အောက်မေ့၏၊ အချင်း ငါသည် အောက်မေ့၏" ဟု ဆို၏။ ရဟန်းတို့ သတိ၏ ဖြစ်ခြင်းသည် နှေးသေး၏၊ ထိုအခါ ထိုသတ္တဝါသည် လျင်စွာသာလျှင် တရားထူးကို ရနိုင်၏။ ရဟန်းတို့ ဤကား သောတပသာဒသို့ အစဉ်လျှောက်ကုန်သော နားဖြင့် လေ့လာအပ်စိတ်ဖြင့်ရှုအပ်ကုန်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်သော တရားတို့၏ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်အပ်သော စတုတ္ထ အကျိုးဆက်ပေတည်း။ ရဟန်းတို့ သောတပသာဒသို့ အစဉ်လျှောက်ကုန်သော နားဖြင့် လေ့လာအပ် စိတ်ဖြင့် ရှုအပ်၍ ပညာဖြင့် ကောင်းစွာ ထိုးထွင်း သိအပ်ကုန်သော တရားတို့၏ (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်သော အကျိုးဆက်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂-ဌာနသုတ်

၁၉၂။ ရဟန်းတို့ ဤအကြောင်း လေးမျိုးတို့ကို အကြောင်းလေးမျိုးတို့ဖြင့် သိအပ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ — ရဟန်းတို့ အတူနေခြင်းဖြင့် သီလကို သိနိုင်၏၊ ထို သီလကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာ မရှိသူကား မသိနိုင်။ ရဟန်းတို့ အတူပြောဆိုခြင်းဖြင့် စင်ကြယ်ခြင်းကို သိနိုင်၏၊ ထိုစင်ကြယ်ခြင်းကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်။ ရဟန်းတို့ ဘေးရန်တို့၌ အစွမ်းကို သိနိုင်၏၊ ထိုအစွမ်းကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်။ ရဟန်းတို့ ဆွေးနွေးခြင်းဖြင့် ပညာကို သိနိုင်၏၊ ထိုပညာကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်။

"ရဟန်းတို့ အတူနေခြင်းဖြင့် သီလကို သိနိုင်၏၊ ထိုသီလကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်" ဟူသော ဤစကားကို အဘယ်အကြောင်းကိုစွဲ၍ ဆိုအပ်သနည်း၊ ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်အချင်းချင်း အတူနေသည်ရှိသော် "ဤအသျှင်သည် ကာလကြာမြင့်စွာ သီလတို့၌ ကျိုး ပေါက် ပြောက်ကျားသည်ကို ပြုလေ့ရှိ၏၊ မြဲအောင် ပြုလေ့မရှိ၊ သီလဖြင့် အမြဲအသက်မွေးလေ့ မရှိ၊ ဤအသျှင်သည် ဒုဿီလတည်း၊ ဤအသျှင်သည် သီလရှိသူ မဟုတ်" ဟု သိ၏။

ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်အချင်းချင်း အတူနေသည်ရှိသော် "ဤအသျှင်သည် ကာလကြာမြင့်စွာ သီလတို့၌ ကျိုး ပေါက် ပြောက်ကျားသည်ကို ပြုလေ့မရှိ၊ မြဲအောင် ပြုလေ့ရှိ၏၊ သီလဖြင့် အမြဲ အသက်မွေးလေ့ရှိ၏၊ ဤအသျှင်သည် သီလရှိ၏၊ ဤအသျှင်သည် ဒုဿီလမဟုတ်" ဟု သိ၏။ "ရဟန်းတို့ အတူနေခြင်းဖြင့် သီလကို သိနိုင်၏၊ ထိုသီလကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏ

http://www.dhammadownload.com



တဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်" ဟူသော ယင်းစကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။ (၁)

"ရဟန်းတို့ အတူပြောဆိုခြင်းဖြင့် စင်ကြယ်ခြင်းကို သိနိုင်၏၊ ထိုစင်ကြယ်ခြင်းကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်" ဟူသော ဤစကားကို အဘယ်အကြောင်းကို စွဲ၍ ဆိုအပ်သနည်း၊ ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်အချင်းချင်း အတူပြောဆိုသည်ရှိသော် "ဤအသျှင်သည် တယောက်ချင်းချင်း တမျိုးပြော၏၊ နှစ်ယောက်သော သူတို့နှင့် တမျိုးပြောပြန်၏၊ သုံးယောက်သော သူတို့နှင့် တမျိုးပြောပြန်၏၊ များစွာသော သူတို့နှင့် တမျိုးပြောပြန်၏၊ ဤအသျှင်သည် ရှေးစကားမှ နောက်စကားသို့ ပြောင်း၏၊ ဤအသျှင်သည် မစင်ကြယ်သော စကားရှိ၏၊ ဤအသျှင်သည် စင်ကြယ်သော စကားရှိသည် မဟုတ်" ဟု သိ၏။

ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်အချင်းချင်း အတူပြောဆိုသည်ရှိသော် "ဤအသျှင်သည် တယောက်ချင်းချင်း ပြောဆိုသကဲ့သို့ပင် နှစ်ယောက်သောသူနှင့်လည်း နည်းတူပြောဆို၏၊ သုံးယောက်သော သူတို့နှင့်လည်း နည်းတူ ပြောဆို၏၊ များစွာသော သူတို့နှင့်လည်း နည်းတူ ပြောဆို၏၊ ဤအသျှင်သည် ရှေးစကားမှ နောက်စကားသို့ မပြောင်း၊ ဤအသျှင်သည် စင်ကြယ်သော စကားရှိ၏၊ ဤအသျှင်သည် မစင်ကြယ်သော စကားရှိသည် မဟုတ်" ဟု သိ၏။ "ရဟန်းတို့ အတူပြောဆိုခြင်းဖြင့် စင်ကြယ်ခြင်းကို သိနိုင်၏၊ ထိုစင်ကြယ်ခြင်းကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်" ဟူသော ယင်းစကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။ (၂)

"ရဟန်းတို့ ဘေးရန်တို့၌ အစွမ်းကို သိနိုင်၏၊ ထိုအစွမ်းကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်" ဟူသော ဤစကားကို အဘယ်အကြောင်းကို စွဲ၍ ဆိုအပ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း စည်းစိမ်ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း အနာရောဂါဟူသော ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း "လာဘ်ရခြင်း လာဘ်မရခြင်း အခြံအရံရှိခြင်း အခြံအရံမရှိခြင်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း ချမ်းသာခြင်း ဆင်းရဲခြင်းဟူသော လောကဓံတရား ရှစ်ပါးတို့သည် လောကသို့ အစဉ်လိုက်ကုန်၏ လောကသည်လည်း လောကဓံတရားရှစ်ပါးသို့ အစဉ်လိုက်သော အခြင်းအရာအားဖြင့်သာလျှင် လောက၌ နေထိုင်ရခြင်း အတ္တဘောကို ရခြင်းသည် ဖြစ်နေ၏" ဟု မဆင်ခြင်။ ထိုသူသည် ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း စည်းစိမ်ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း အနာရောဂါဟူသော ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း စည်းစိမ်ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း အနာရောဂါဟူသော ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း "လာဘ်ရခြင်း လာဘ်မရခြင်း အခြံအရံရှိခြင်း အခြံအရံမရှိခြင်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း ချမ်းသာခြင်း ဆင်းရဲခြင်းဟူသော လောကဓံ တရားရှစ်ပါးတို့သည် လောကသို့ အစဉ်လိုက်ကုန်၏ လောကသည်လည်း လောကဓံတရားရှစ်ပါးသို့ အစဉ်လိုက်သော အခြင်းအရာအားဖြင့်သာလျှင် လောက၌

http://www.dhammadownload.com



နေထိုင်ရခြင်း၊ အတ္တဘောကို ရခြင်းသည် ဖြစ်နေ၏” ဟု ဆင်ခြင်၏။ ထိုပုဂ္ဂိုလ်သည် ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်ငြားလည်း စည်းစိမ်ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်ငြားလည်း အနာရောဂါဟူသော ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်ငြားလည်း မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်ဝတ်စည်တီး မမြည်တမ်း ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ “ရဟန်းတို့ ဘေးရန်ဘို့၌ အစွမ်းကို သိနိုင်၏၊ ထိုအစွမ်းကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်” ဟု ယင်းစကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။ (၃)

“ရဟန်းတို့ ဆွေးနွေးခြင်းဖြင့် ပညာကို သိနိုင်၏၊ ထိုပညာကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်” ဟူသော ဤစကားကို အဘယ်အကြောင်းကို စွဲ၍ ဆိုအပ်သနည်း၊ ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေးလတ်သော် “ဤအသျှင်၏ (ပြဿနာ) ပေါ်လာပုံ(ပြဿနာကို) နှလုံးသွင်းပုံ ပြဿနာမေးပုံ အခြင်းအရာအားဖြင့်ပင် ဤအသျှင်ကား ပညာမဲ့တည်း၊ ဤအသျှင်သည် ပညာရှိမဟုတ် ဟု သိ၏၊ ထိုသို့ သိခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤအသျှင်သည် နက်နဲ ငြိမ်သက် မွန်မြတ်၍ ကြံဆခြင်းဖြင့် မသက်ဝင်နိုင်သော သိမ်မွေ့၍ ပညာရှိတို့သာ သိအပ်သော အနက် အစုကို မထုတ်ဆောင်နိုင်သောကြောင့်ငြားလည်း ဤအသျှင် ဟောကြားသော တရား၏ အနက်ကိုလည်း အကျဉ်းအားဖြင့်ဖြစ်စေ အကျယ်အားဖြင့်ဖြစ်စေ ပြောရန် ဟောရန် အပြားအားဖြင့် သိစေရန် ထားရန် ဖွင့်ဆိုရန် ဝေဖန်ရန် ပေါ်လွင်အောင် ပြုရန် မစွမ်းနိုင်သောကြောင့်ငြားလည်း ဤအသျှင်ကား ပညာမဲ့တည်း၊ ဤအသျှင်သည် ပညာရှိသူမဟုတ်” ဟု သိ၏။

ရဟန်းတို့ ရေအိုင်ကမ်းနား၌ ရပ်တည်နေသောမျက်စိအမြင်ရှိသော ယောကျာ်းသည် ပေါ်လာသော ငါးငယ်ကို မြင်ရာ၏၊ ထိုယောကျာ်းအား “ဤငါး၏ ပေါ်လာပုံ ရေလှိုင်းကို ဖျက်ဆီးပုံ အဟုန်လျင်မြန်ပုံ အခြင်းအရာအားဖြင့်ပင် ဤငါးသည် ငယ်၏၊ ဤငါးသည် ကြီးသည် မဟုတ်” ဟု သိရာသကဲ့သို့ ရဟန်းတို့ ဤအတူပင်လျှင် ပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေးလတ်သော် “ဤအသျှင်၏ (ပြဿနာ)ပေါ်လာပုံ (ပြဿနာ)နှလုံးသွင်းပုံ ပြဿနာမေးပုံ အခြင်းအရာ အားဖြင့်ပင် ဤအသျှင်ကား ပညာမဲ့တည်း၊ ဤအသျှင်သည် ပညာရှိမဟုတ် ဟု သိ၏။ ထိုသို့ သိခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤအသျှင်သည် နက်နဲ ငြိမ်သက် မွန်မြတ်၍ ကြံဆခြင်းဖြင့် မသက်ဝင်နိုင်သော သိမ်မွေ့၍ ပညာရှိတို့သာ သိနိုင်သော အနက်အစုကို မထုတ်ဆောင်နိုင်သောကြောင့်ငြားလည်း ဤအသျှင် ဟောကြားသော တရား၏ အနက်ကိုလည်း အကျဉ်းအားဖြင့်ဖြစ်စေ အကျယ်အားဖြင့်ဖြစ်စေ ပြောရန် ဟောရန် အပြားအားဖြင့် သိစေရန် ထားရန် ဖွင့်ဆိုရန် ဝေဖန်ရန် ပေါ်လွင်အောင်ပြုရန် မစွမ်းနိုင်သောကြောင့်ငြားလည်း ဤအသျှင်ကား ပညာမဲ့တည်း၊ ဤအသျှင်သည် ပညာရှိမဟုတ်” ဟု သိ၏။

ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေးလတ်သော် “ဤအသျှင်၏ (ပြဿနာ) ပေါ်လာပုံ (ပြဿနာ)နှလုံးသွင်းပုံ(ပြဿနာ) မေးပုံ အခြင်းအရာအားဖြင့်ပင် ဤအသျှင်ကား ပညာရှိတည်း၊ ဤအသျှင်သည် ပညာမဲ့သူ မဟုတ် ဟု သိ၏၊ ထိုသို့ သိခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤအသျှင်သည် နက်နဲငြိမ်သက် မွန်မြတ်၍ ကြံဆခြင်းဖြင့် မသက်ဝင်နိုင်သော သိမ်မွေ့၍ ပညာရှိတို့သာ သိနိုင်သော အနက်အစုကိုလည်း ထုတ်ဆောင်နိုင်သောကြောင့်ငြားလည်း ဤအသျှင် ဟောကြားသောတရား၏ အနက်ကိုလည်း အကျဉ်းအားဖြင့်ဖြစ်စေ အကျယ်အားဖြင့်ဖြစ်စေ ပြောရန် ဟောရန်

http://www.dhammadownload.com



အပြားအားဖြင့်သိစေရန် ထားရန် ဖွင့်ဆိုရန် ဝေဖန်ရန် ပေါ်လွင်အောင်ပြုရန် စွမ်းနိုင်သောကြောင့်ငင်း ဤအသျှင်ကား ပညာရှိတည်း၊ ဤအသျှင်သည် ပညာမဲ့သူ မဟုတ်" ဟု သိ၏။ ရဟန်းတို့ ရေအိုင်၏ ကမ်းနား၌ ရပ်တည်နေသော မျက်စိ အမြင်ရှိသော ယောကျ်ားသည် ပေါ်လာသော ငါးကြီးကို မြင်ရာ၏၊ထိုယောကျ်ားအား "ဤငါး၏ ပေါ်လာပုံ ရေလှိုင်းကို ဖျက်ဆီးပုံ အဟုန်လျင်မြန်ပုံ အခြင်းအရာအားဖြင့်ပင် ဤငါးသည် ကြီး၏၊ ဤငါးသည် ငယ်သည် မဟုတ်"ဟု သိရာသကဲ့သို့ ရဟန်းတို့ ဤအတူပင်လျှင် ပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေးလတ်သော် "ဤအသျှင်၏ ပြဿနာပေါ်လာပုံ(ပြဿနာ)နှလုံးသွင်းပုံ (ပြဿနာ)မေးပုံ အခြင်းအရာအားဖြင့်ပင် ဤအသျှင်ကား ပညာရှိတည်း၊ ဤအသျှင်သည် ပညာမဲ့သူ မဟုတ်ဟုသိ၏ ထိုသို့ သိခြင်းသည် အဘယ့်ကြောင့်နည်း ၊ဤအသျှင်သည် နက်နဲ ငြိမ်သက် မွန်မြတ်၍ ကြံဆခြင်းဖြင့် မသက်ဝင်နိုင်သော သိမ်မွေ့၍ ပညာရှိတို့သာ သိနိုင်သော အနက်စကားကို ထုတ်ဆော်နိုင်သောကြောင့်ငင်း ဤအသျှင် ဟောကြားသော တရား၏ အနက်ကိုလည်း အကျဉ်းအားဖြင့်ဖြစ်စေ အကျယ်အားဖြင့်ဖြစ်စေ ပြောရန် ဟောရန် အပြားအားဖြင့် သိစေရန် ထားရန် ဖွင့်ဆိုရန် ဝေဖန်ရန် ပေါ်လွင်အောင်ပြုရန် စွမ်းနိုင်သောကြောင့်ငင်း ဤအသျှင်ကား ပညာရှိတည်း၊ ဤအသျှင်သည် ပညာမဲ့သူ မဟုတ်" ဟု သိ၏။ (၄)

"ရဟန်းတို့ ဆွေးနွေးခြင်းဖြင့် ပညာကို သိနိုင်၏၊ ထိုပညာကိုလည်း ကြာမြင့်မှသာ သိနိုင်၏၊ ခဏတဖြုတ်ဖြင့်ကား မသိနိုင်၊နှလုံးသွင်းသူသည်သာ သိနိုင်၏၊နှလုံးမသွင်းသူကား မသိနိုင်၊ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကား မသိနိုင်" ဟူသော ယင်းစကားကို ဤအကြောင်းကိုစွဲ၍ ဆိုအပ်၏။ ရဟန်းတို့ ဤအကြောင်းလေးမျိုးတို့ကို ဤအကြောင်းလေးမျိုးတို့ဖြင့် သိအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဘဒ္ဒိယသုတ်

၁၉၃။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ဘဒ္ဒိယလိစ္ဆဝီမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

"အသျှင်ဘုရား 'ရဟန်းဂေါတမသည်(သူတပါးတို့ကို)လှည့်ပတ်တတ်၏၊(မိမိဖက်သို့) လည်စေတတ်သော အာဝဋ္ဋနီမာယာအတတ်ကို သိ၏၊ ယင်း အာဝဋ္ဋနီမာယာဖြင့် အယူတပါးရှိကုန်သော တိတ္ထိတို့၏ တပည့်တို့ကို လှည့်ပတ်၏' ဟု ဆိုသော ဤစကားကို တပည့်တော် ကြားဘူး ပါသည်၊ အသျှင်ဘုရား အသို့ပါနည်း 'ရဟန်းဂေါတမသည်(သူတပါးတို့ကို) လှည့်ပတ်တတ်၏၊အာဝဋ္ဋနီမာယာကို သိ၏၊ ယင်း အာဝဋ္ဋနီမာယာဖြင့် အယူတပါးရှိသော တိတ္ထိတို့၏တပည့်တို့ကို လှည့်ပတ်၏"ဟု ဆိုကုန်သော သူတို့သည် မြတ်စွာဘုရား ဆိုသည့်အတိုင်းပင် ဆိုကြသည် ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲရာ မရောက်ပဲ ရှိပါကုန်၏လော၊ မြတ်စွာဘုရား ဟောသော တရားကိုပင်

http://www.dhammadownload.com



တဆင့် ဟောကြားကြသည် ဟုတ်ပါ၏လော၊ မြတ်စွာဘုရား၏ မူလရင်းစကားနှင့် (ထိုသူတို့၏) တဆင့် ပြောသော စကားသည် ကွဲရှဲဖွယ် အကြောင်း လုံးဝ ကင်းပါ၏လော၊ အသျှင်ဘုရား တပည့်တော်တို့သည်ကား မြတ်စွာဘုရားကို စွပ်စွဲရန် အလိုမရှိကြပါကုန်”ဟု လျှောက်၏။

ဘဒ္ဒိယ လာကြကုန် သင်တို့သည် သူတပါး ပြောသံ ကြားကာမျှဖြင့် (ဟုတ်ပြီ မှန်ပြီ ဟု အတည်)မယူကုန်လင့်ဦး၊ အစဉ်အဆက်စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ် ဟူသော စကာ မျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆဘွယ်တော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊အခြင်းအရာကို ကြံစည်သော အားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့)ကြံစည်နှစ်သက် ၍ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊မှတ်ယူထိုက်သော သဘောမျှဖြင့် လည်း မယူကုန်လင့်ဦး၊ငါ့ဘို့ လေးစားထိုက်သော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး။ ဘဒ္ဒိယ “ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့ တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်သည် ရှိသော် အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏” ဟု သင်တို့သည် မိမိဘို့ ကိုယ်ဘိုင်ပင် သိသောအခါ ပယ်စွန့်ကုန်ရာ၏။

ဘဒ္ဒိယ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ တပ်မက်ခြင်း ‘လောဘ’သည် သတ္တဝါ၏ အတွင်း‘အဇ္ဈတ္တ’ သန္တာန်၌ ဖြစ်ပေါ်လာသော် အစီးအပွါးရှိခြင်းငှါ ဖြစ်သလော၊ အစီးအပွါး မဲ့ခြင်းငှါ ဖြစ်သလော ဟု (မေးတော်မူ၏)။ အစီးအပွါး မဲ့ခြင်းငှါ ဖြစ်ပါသည် အသျှင်ဘုရား။ ဘဒ္ဒိယ တပ်မက်သော ပုဂ္ဂိုလ်သည် တပ်မက်ခြင်း ‘လောဘ’ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ် ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ မပေးသည်ကိုလည်း ခိုးယူ၏၊ သူ့မယားကိုလည်း သွားလာ၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏၊ ယင်း သူ့အသက်သတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလ ပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ ဖြစ် နိုင်ပါသည် အသျှင်ဘုရား။

ဘဒ္ဒိယ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အမျက်ထွက်ခြင်း‘ဒေါသ’သည် သတ္တဝါ၏။ပ။ တွေဝေခြင်း ‘မောဟ’သည် သတ္တဝါ၏။ပ။ချုတ်ချယ်ခြင်း ‘သာရမ္ဘ’သည် အတွင်း‘အဇ္ဈတ္တ’ သန္တာန်၌ ဖြစ်ပေါ်လာသော် အစီးအပွါးရှိခြင်းငှါ ဖြစ်သလော၊ အစီးအပွါး မဲ့ခြင်းငှါ ဖြစ်သလော ဟု(မေးတော် မူ၏)။ အစီးအပွါး မဲ့ခြင်းငှါ ဖြစ်ပါသည် အသျှင်ဘုရား။ ဘဒ္ဒိယ ချုတ်ချယ်သော ပုဂ္ဂိုလ်သည် ချုတ်ချယ်ခြင်း ‘သာရမ္ဘ’ နှိပ်စက်အပ် သိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ မပေးသည်ကိုလည်း ခိုးယူ၏၊ သူ့သားမယားကိုလည်း သွားလာ၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် ဆောက်တည်စေ၏၊ ယင်း သူ့ အသက်သတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်နိုင်သည့် မဟုတ်လော ဟု (မေးတော်မူ၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

ဘဒ္ဒိယ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤတရားတို့သည် ကုသိုလ်တရားတို့လော၊ အကုသိုလ်တရားတို့လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကုသိုလ်တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။အပြစ်ရှိသော တရားတို့လော၊ သို့မဟုတ် အပြစ်မဲ့သော တရားတို့လောဟု(မေးတော်

http://www.dhammadownload.com



မှု၏)။အပြစ်ရှိသော တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားတို့လော၊ (သို့မဟုတ်) ပညာရှိတို့ ချီးမွမ်းအပ်သောတရားတို့လော ဟု (မေးတော်မူ၏)။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ကောင်းစွာဆောက်တည်အပ်ကုန်သော် အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်သလော၊ သို့မဟုတ် မဖြစ်ကုန်သလော၊ ဤအရာ၌ (သင်တို့စိတ်) အဘယ်သို့ရှိသနည်း.ဟု (မေးတော်မူ၏)။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ကောင်းစွာဆောက်တည်အပ်ကုန်သော် အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါကုန်၏၊ ဤနေရာ၌ (တပည့်တော်တို့စိတ်) ဤသို့ ရှိပါသည် အသျှင်ဘုရား ဟု (လျှောက်၏)။

"ဘဒ္ဒိယ လာကြကုန်လော့ သင်တို့သည် သူတပါး ပြောသံကြားကာမျှဖြင့်(ဟုတ်ပြီ မှန်ပြီဟု အဘည်) မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသဘာဘ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ပိဋကတ် စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေ့တော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သော အားဖြင့်လည်း မယူကုန်လင့်ဦး၊ (ငါတို့)ကြံစည် နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ငါတို့ လေးစားထိုက်သော ရဟန်း၏ စကား ဟူ၍လည်း မယူကုန်လင့်ဦး။ ဘဒ္ဒိယ "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏" ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ ပယ်စွန့်ကုန်ရာ၏ ဟု ငါဆိုခဲ့သော စကားသည် ဤသည်ကို စွဲ၍ဆိုခဲ့သောစကားဖြစ်၏။

ဘဒ္ဒိယ သင်တို့သည် သူတပါး ပြောသံ ကြားကာမျှဖြင့်(ဟုတ်ပြီ မှန်ပြီဟု အတည်)မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ဖြစ်ဘူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်သင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊(ငါတို့)ကြံစည်နှစ်သက်၍ယူထားသော အယူနှင့် တူညီပေသည်ဟူ၍လည်း မယူကုန်လင့်ဦး၊ မှတ်ယူသိုက်သော သဘောမျှဖြင့်လည် မယူကုန်လင့်ဦး၊ ငါတို့လေးစားထိုက်သော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး။ ဘဒ္ဒိယ "ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ဤတရားတို့ကား အပြစ်မဲ့သော တရားတို့တည်း၊ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည် ရှိသော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏" ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ ပြည့်စုံစေ၍ နေကုန်ရာ၏။

ဘဒ္ဒိယ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊မတပ်မက်ခြင်း'အလောဘ'သည် သတ္တဝါ၏ အတွင်း'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်ပေါ်လာသော် အစီးအပွါးရှိခြင်းငှါ ဖြစ်သလော၊ အစီးအပွါးမဲ့ခြင်းငှါ ဖြစ်သလော ဟု (မေးတော်မူ၏)။ အစီးအပွါးရှိခြင်းငှါ ဖြစ်ပါသည် အသျှင်ဘုရား ။ ဘဒ္ဒိယ မတပ်မက်သောပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'လောဘ' မနှိပ်စက် မသိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း မသတ်၊ မပေးသည်ကိုလည်း မယူ၊သူ့သားမယားကိုလည်း မသွားလာ၊

http://www.dhammadownload.com



မဟုတ်မမှန်သော စကားကိုလည်း မဆို၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် မဆောက်တည်စေ၊ ယင်း သူ့အသက်မသတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ ဖြစ်နိုင်ပါသည် အသျှင်ဘုရား။

ဘဒ္ဒိယ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အမျက်မထွက်ခြင်း 'အဒေါသ'သည် သတ္တဝါ၏။ပ။ မတွေဝေခြင်း 'အမောဟ'သည် သတ္တဝါ၏။ပ။ မချုတ်ချယ်ခြင်း 'အသာရမ္ဘ'သည် သတ္တဝါ၏ အတွင်း'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်ပေါ်လာသော် အစီးအပွါးရှိခြင်းငှါ ဖြစ်သလော၊ အစီးအပွါး မဲ့ခြင်းငှါ ဖြစ်သလော ဟု (မေးတော်မူ၏)။ အစီးအပွါးရှိခြင်းငှါ ဖြစ်ပါသည် အသျှင်ဘုရား။ ဘဒ္ဒိယ မချုတ်ချယ်သော ပုဂ္ဂိုလ်သည် ချုတ်ချယ်ခြင်း 'သာရမ္ဘ' မနှိပ်စက်အပ် မသိမ်းယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကို မသတ်၊ မပေးသည်ကို မယူ၊ သူ့သားမယားကို မသွားလာ၊ မဟုတ်မမှန်သော စကားကို မပြော၊ သူတပါးကိုလည်း ထိုအတိုင်းပြုရန် မဆောက်တည်စေ။ ယင်း သူ့အသက်မသတ်ခြင်း စသည်သည် ထိုသူအား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါး ရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်ပါသည်အသျှင်ဘုရား။

ဘဒ္ဒိယ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤတရားတို့သည် ကုသိုလ်တရားတို့လော၊ အကုသိုလ်တရားတို့လော ဟု (မေးတော်မူ၏)။ ကုသိုလ်တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ အပြစ်ရှိသော တရားတို့လော၊ အပြစ်မဲ့သော တရားတို့လော ဟု (မေးတော်မူ၏)။ အပြစ်မဲ့သော တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့လော၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့လောဟု (မေးတော်မူ၏)။ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့ ဖြစ်ပါသည် အသျှင်ဘုရား။ (ဤတရားတို့ကို) ပြည့်စုံစေအပ် ကောင်းစွာ ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်သလော၊ (သို့မဟုတ်)မဖြစ်ကုန်သလော၊ ဤအရာ၌ (သင်တို့စိတ်) အဘယ်သို့ ရှိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား (ဤတရားတို့ကို) ပြည့်စုံစေအပ် ကောင်းစွာ ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါကုန်၏၊ ဤအရာ၌ (တပည့်တော်တို့စိတ်)ဤသို့ ရှိပါသည် အသျှင်ဘုရား ဟု (လျှောက်၏)။

"ဘဒ္ဒိယ လာကြကုန်လော့ သင်တို့သည် သူတပါးပြောသံကြားကာမျှဖြင့် (ဟုတ်ပြီ မှန်ပြီ ဟု အတည်) မယူကုန်လင့်ဦး၊ အစဉ်အဆက် စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ဤသို့ ဖြစ်ဘူးသတတ် ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ နည်းမှီးယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ အခြင်းအရာကို ကြံစည်သောအားဖြင့် လည်း မယူကုန်လင့်ဦး၊(ငါတို့)ကြံစည် နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ မှတ်ယူထိုက်သော သဘောမျှ ဖြင့်လည်း မယူကုန်လင့်ဦး၊ ငါတို့ လေးစားထိုက်သော ရဟန်း၏စကားဟူ၍လည်း မယူကုန်လင့်ဦး"။ ဘဒ္ဒိယ "ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ဤတရားတို့ကား အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ (ဤတရားတို့ကို)ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သော် အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏" ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ အစီးအပွါးရှိသော တရားတို့ကို ပြည့်စုံစေ၍ နေကုန်ရာ၏ ဟု ငါဆိုခဲ့သော စကားသည် ဤသည်ကို စွဲ၍ ဆိုခဲ့သော စကားဖြစ်၏။

http://www.dhammadownload.com



ဘဒ္ဒိယ လောကဌ်(ကိလေသာမှ)ငြိမ်းကုန်ပြီးသော သူတော်ကောင်းတို့သည် မိမိ၏တပည့်တို့ကို အိုယောကျ်ား လာလေ့၊ သင်သည် လောဘကို ပယ်ဖျောက်၍ နေလော့၊ လောဘကို ပယ်ဖျောက်၍ နေမှု ကိုယ် နှုတ် စိတ်ဖြင့် လောဘကြောင့် ဖြစ်သော(အကုသိုလ်)ကံကို သင် ပြုတော့မည် မဟုတ်။ ဒေါသကို ပယ်ဖျောက်၍ နေလော့၊ဒေါသကို ပယ်ဖျောက်၍နေမှု ကိုယ် နှုတ် စိတ်ဖြင့် ဒေါသကြောင့် ဖြစ်သော (အကုသိုလ်)ကံကို သင် ပြုတော့မည် မဟုတ်။ မောဟကို ပယ်ဖျောက်၍နေလော့။ မောဟကို ပယ်ဖျောက်၍နေမှု ကိုယ် နှုတ် စိတ်ဖြင့် မောဟကြောင့် ဖြစ်သော (အကုသိုလ်) ကံကို သင် ပြုတော့မည်မဟုတ်။ ချုတ်ချယ်ခြင်းကို ပယ်ဖျောက်၍နေလော့၊ ချုတ်ချယ်ခြင်းကို ပယ်ဖျောက်၍နေမှု ကိုယ် နှုတ် စိတ်ဖြင့် ချုတ်ချယ်ခြင်းကြောင့် ဖြစ်သော(အကုသိုလ်)ကံကို သင်ပြုတော့မည် မဟုတ် ဟု ဆောက်တည်စေကုန်၏။

ဤသို့ မိန့်တော်မူသည်ရှိသော် ဘဒ္ဒိယလိစ္ဆဝီမင်းသည် မြတ်စွာဘုရားအား – "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ ဟူ၍ မှတ်တော်မူပါ ဟု လျှောက်၏။ ဘဒ္ဒိယ ငါသည် သင့်အား "ဘဒ္ဒိယ လာလေ့၊ သင်သည် ငါ၏ တပည့် ဖြစ်ဘိလော့၊ ငါသည် ဆရာ ဖြစ်အံ့" ဟု ဤသို့ ဆိုပါသလော ဟု (မေးတော်မူ၏)။အသျှင်ဘုရား ဤသို့ မဆိုပါ။ ဘဒ္ဒိယ ဤသို့ အယူရှိသော ဤသို့ ဟောကြားလေ့ရှိသော ငါ့ကို ထင်ရှားမရှိသော အချည်းနှီးသော ချွတ်ယွင်းသော မဟုတ်မမှန်သော စကားဖြင့် "ရဟန်းဂေါတမသည် (သူတပါးဘို့ကို)လှည့်ပတ်တတ်၏၊ (မိပိဖက်သို့) လည်စေတတ်သော အာဝဋ္ဋနိမာယာကို သိ၏၊ ယင်းအာဝဋ္ဋနိမာယာဖြင့် အယူတပါးရှိကုန်သော တိတ္ထိဘို့၏ တပည့်တို့ကို လှည့်ပတ်၏"ဟု အချို့သော သမဏဗြာဟ္မဏဘို့သည် စွပ်စွဲကုန်ဘိ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အာဝဋ္ဋနိမာယာသည် သင့်လျော်ပါပေသည်၊ အသျှင်ဘုရား အာဝဋ္ဋနိမာယာ သည် ကောင်းမြတ်ပါပေသည်၊ အသျှင်ဘုရား အကျွန်ုပ်၏ ချစ်ခင်အပ်ကုန်သော ဆွေမျိုးသားချင်းတို့ သည် ဤအာဝဋ္ဋနိမာယာဖြင့် လှည့်ပတ်မိပါကုန်မူကား အကျွန်ုပ်၏ ချစ်ခင်အပ်ကုန်သော ဆွေမျိုးသားချင်းဘို့အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏။အသျှင်ဘုရား အလုံးစုံသော မင်းမျိုးတို့သည်လည်း ဤအာဝဋ္ဋနိမာယာဖြင့် လှည့်ပတ်မိ ပါကုန်မူကား အလုံးစုံသော မင်းမျိုးတို့အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏။ အသျှင်ဘုရား အလုံးစုံသော ပုဏ္ဏားမျိုးတို့သည်။ ကုန်သည် မျိုးတို့ သည်။ သူဆင်းရဲမျိုးတို့သည် ဤအာဝဋ္ဋနိမာယာဖြင့် လှည့်ပတ်မိပါကုန်မူကား အလုံးစုံသော သူဆင်းရဲမျိုးဘို့အား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏ ဟု (လျှောက်၏)။

ဘဒ္ဒိယ ဤစကားသည် ဤအတိုင်း မှန်၏၊ ဘဒ္ဒိယ ဤစကားသည် ဤအတိုင်း မှန်၏၊ ဘဒ္ဒိယ အလုံးစုံသော မင်းမျိုးတို့သည် အကုသိုလ် တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေ ခြင်းငှါ ဤ အာဝဋ္ဋနိမာယာဖြင့် လှည့်ပတ်မိပါကုန်မူကား အလုံးစုံသောမင်းမျိုးတို့အားလည်း ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါဖြစ်ရာ၏။ဘဒ္ဒိယ အလုံး စုံသော ပုဏ္ဏားမျိုးတို့သည်။ကုန်သည်မျိုးဘို့သည်။ သူဆင်းရဲမျိုးတို့သည် အကုသိုလ်တရားကို ပယ် ခြင်းငှါ ကုသိုလ်တရားကို ပြည့်စုံစေခြင်းငှါ ဤ အာဝဋ္ဋနိမာယာဖြင့် လှည့်ပတ် မိပါကုန်မူကား

http://www.dhammadownload.com



အသုံးစုံသော သူဆင်းရဲမျိုးဘို့အားလည်း ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါး ရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဘဒ္ဒိယ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူလောကသည် အကုသိုလ်ကို ပယ်ခြင်းငှါ ကုသိုလ် တရားကိုပြည့်စုံစေခြင်းငှါ အာဝဋ္ဋနီမာယာဖြင့် လှည့်ပတ်မိပါကုန်မူကား နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသောနတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူလောကအား ရှည်မြင့်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဘဒ္ဒိယ ဤ အင်ကြင်းပင်ကြီးတို့ သော်လည်း အကုသိုလ်တရားကို ပယ်ရှားခြင်းငှါ ကုသိုလ်တရားကို ပြည့်စုံ စေခြင်းငှါ ဤအာဝဋ္ဋနီမာယာဖြင့်လှည့်ပတ် မိပါကုန်မူကား ဤ အင်ကြင်းပင်ကြီး တို့အား လည်း ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွါး ရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်ရာ၏၊ လူဖြစ်သူအား မူကား အဘယ်ဆိုဖွယ်ရာရှိတော့ အံ့နည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သာမုဂိယာသုတ်

၁၉၄။ အခါတပါး၌ အသျှင်အာနန္ဒာသည် ကောဠိယတိုင်း ကောဠိယမင်းတို့၏ သာမုဂိယ မည်သော နိဂုံး၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ သာမုဂိယနိဂုံးနေ များစွာကုန်သော ကောဠိယ မင်းသားတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကြကုန်၏၊ တခုသောနေရာ၌ ထိုင်နေကြကုန်သော ထိုကောဠိယမင်းသားတို့အား အသျှင်အာနန္ဒာသည် ဤစကားကို မိန့်တော်မူ၏—

ဗျဂ္ဃပဇ္ဇမင်းသားတို့ [၁] (အလုံးစုံကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သတ္တဝါတို့၏ စင်ကြယ်ရန် စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့မှ လွတ်မြောက်စေရန် ဆင်းရဲခြင်း နှလုံးမသာ ခြင်းတို့၏ ချုပ်ငြိမ်းရန် အရိယာမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဤစင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ'အစု လေးမျိုးတို့ကို ကောင်းစွာ ဟောတော်မူအပ်ကုန်၏။ အဘယ်လေးမျိုး တို့နည်း ဟူမူ—သီလစင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ' အစု၊ စိတ်'သမာဓိ' စင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ' အစု၊ဒိဋ္ဌိ'ပညာ' စင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ' အစု၊ဝိမုတ္တိ 'အရဟတ္တ ဖိုလ်' စင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ' အစုတို့တည်း။

ဗျဂ္ဃပဇ္ဇမင်းသားတို့ သီလစင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ' အစုဟူသည် အဘယ် နည်း၊ဗျဂ္ဃပဇ္ဇမင်းသားတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ကောင်း စွာဆောက်တည်၍ ကျင့်၏၊ ဗျဂ္ဃပဇ္ဇမင်းသားတို့ ဤသည်ကို သီလ၏ စင်ကြယ်မှုဟူ၍ ဆိုအပ်၏။ ဤသို့ သဘောရှိသော သီလစင်ကြယ်မှုကို မပြည့်စုံသေးမူ ပြည့်စုံစေအံ့၊ ပြည့်စုံပြီးဖြစ်မူ ထိုထို အရာ၌ ပညာဖြင့် ချီးမြှောက်အံ့ဟု ထိုသို့ပြည့်စုံစေရာ ချီးမြှောက်ရာ၌ အလို'ဆန္ဒ' အားထုတ်ခြင်း၊ 'ဝါယာမ' လွန်စွာ အားထုတ်ခြင်း'ဥဿာဟ' ထို့ထက် လွန်စွာ အားထုတ်ခြင်း'ဥဿောဠှိ' မဆုတ်

---

[၁] ကျားတို့၏ သွားလာရာ လမ်းခရီး၌ တည်ထားသောကြောင့် ကောဠိယမြို့ကို ဗျဂ္ဃပဇ္ဇမြို့ ဟူ၍လည်း ခေါ်သည်။

http://www.dhammadownload.com



နှစ်ခြင်း 'အပ္ပဋိဝါနီ' အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ဟူသော ဤတရားအစုကို သီလစင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ' အစုဟူ၍ ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇမင်းသားတို့ စိတ်'သမာဓိ'စင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ'အစု ဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇမင်းသားတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ဗျဂ္ဃပဇ္ဇမင်းသားတို့ ဤသည်ကို စိတ်၏ စင်ကြယ်မှု ဟူ၍ ဆိုအပ်၏၊ ဤသို့သဘောရှိသော စိတ်စင်ကြယ်မှုကို မပြည့်စုံသေးမှု ပြည့်စုံစေအံ့၊ ပြည့်စုံပြီး ဖြစ်မှု ထိုထိုအရာ၌ ပညာဖြင့် ချီးမြှောက်အံ့ဟု ထိုသို့ပြည့်စုံစေရာ ချီးမြှောက်ရာ၌ အလို'ဆန္ဒ' အားထုတ်ခြင်း 'ဝါယာမ' လွန်စွာအားထုတ်ခြင်း'ဥဿာဟ' ထို့ထက် လွန်စွာ အားထုတ်ခြင်း 'ဥဿောဠှီ' မဆုတ်နစ်ခြင်း 'အပ္ပဋိဝါနီ' အောက်မေ့ခြင်း'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' ဟူသော ဤတရားအစုကို စိတ်'သမာဓိ'၏စင်ကြယ်ကြောင်း အားထုတ်မှု'ဝီရိယ' အစုဟူ၍ ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇမင်းသားတို့ ဒိဋ္ဌိ'ပညာ'စင်ကြယ်ကြောင်း အားထုတ်မှု'ဝီရိယ'အစုဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇ မင်းသားတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဗျဂ္ဃပဇ္ဇမင်းသားတို့ ဤသည်ကို ဒိဋ္ဌိ'ပညာ'၏ စင်ကြယ်မှု ဟူ၍ ဆိုအပ်၏၊ ဤသို့ သဘောရှိသော ဒိဋ္ဌိ'ပညာ'၏ စင်ကြယ်မှုကို မပြည့်စုံသေးမှု။ပ။ ထိုထိုအရာ၌ ပညာဖြင့် ချီးမြှောက်အံ့ဟု ထိုသို့ ပြည့်စုံစေရာ ချီးမြှောက်ရာ၌ အလို'ဆန္ဒ' အားထုတ်ခြင်း'ဝါယာမ' လွန်စွာ အားထုတ်ခြင်း'ဥဿာဟ' ထို့ထက် လွန်စွာ အားထုတ်ခြင်း'ဥဿောဠှီ' မဆုတ်နစ်ခြင်း 'အပ္ပဋိဝါနီ' အောက်မေ့ခြင်း'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ဟူသော ဤတရားအစုကို ဒိဋ္ဌိ'ပညာ'၏ စင်ကြယ်ကြောင်း အားထုတ်မှု (ဝီရိယ)အစု ဟူ၍ ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇ မင်းသားတို့ ဝိမုတ္တိ 'အရဟတ္တဖိုလ်'စင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ'အစုဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇမင်းသားတို့ ဤသီလစင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ' အစု ဤ စိတ်စင်ကြယ်ကြောင်း အားထုတ်မှု'ဝီရိယ'အစု ဤဒိဋ္ဌိ'ပညာ'စင်ကြယ်ကြောင်း အားထုတ်မှု'ဝီရိယ' အစုနှင့် ပြည့်စုံသော ထိုအရိယာဘပည့်သည် စွဲမက်ဖွယ်တရားတို့၌ စိတ်ကို ကင်းစေ၏၊ လွတ်မြောက်ဖွယ်တရားတို့၌ စိတ်ကို လွတ်မြောက်စေ၏၊ ထိုသူသည် စွဲမက်ဖွယ်တရားတို့၌ စိတ်ကို ကင်းစေ၍ လွတ်မြောက်ဖွယ် တရားတို့၌ စိတ်ကိုလွတ်မြောက်စေ၍ အသင့်အားဖြင့် ဝိမုတ္တိ'အရဟတ္တဖိုလ်'သို့ ရောက်၏။ ဗျဂ္ဃပဇ္ဇ မင်းသားတို့ ဤသည်ကို ဝိမုတ္တိ အရဟတ္တဖိုလ် စင်ကြယ်မှု ဟု ဆိုအပ်၏။ ဤသို့ သဘောရှိသော ဝိမုတ္တိ 'အရဟတ္တဖိုလ်' စင်ကြယ်မှုကို မပြည့်စုံသေးမှု ပြည့်စုံစေအံ့၊ ပြည့်စုံပြီး ဖြစ်မှု ထိုထိုအရာ၌ ပညာဖြင့် ချီးမြှောက်အံ့ ဟု ထိုသို့ပြည့်စုံစေရာ ချီးမြှောက်ရာ၌ အလို'ဆန္ဒ' အားထုတ်ခြင်း 'ဝါယာမ' လွန်စွာအားထုတ်ခြင်း 'ဥဿာဟ' ထို့ထက် လွန်စွာ အားထုတ်ခြင်း 'ဥဿောဠှီ' မဆုတ်နစ်ခြင်း 'အပ္ပဋိဝါနီ' အောက်မေ့ခြင်း'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ဟူသော ဤတရားအစုကို ဝိမုတ္တိ 'အရဟတ္တဖိုလ်'၏စင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ'အစု ဟူ၍ ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇမင်းသားတို့ (အလုံးစုံကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သတ္တဝါတို့၏ စင်ကြယ်ရန် စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့မှ လွန်မြောက်စေရန် ဆင်းရဲခြင်း နှလုံးမသာခြင်းတို့၏

http://www.dhammadownload.com



ချုပ်ငြိမ်းရန် အရိယာမဂ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဤစင်ကြယ်ကြောင်း အားထုတ်မှု 'ဝီရိယ'အစုလေးမျိုးတို့ကို ကောင်းစွာ ဟောတော်မူအပ်ကုန်၏ ဟု (မိန့်ဆို၏)။

စတုတ္ထသုတ်။

## ၅-ဝပ္ပသုတ်

၁၉၅။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ နိဂဏ္ဌ၏ တပည့် သာကီဝင်မင်း ဝပ္ပသည် အသျှင်မဟာမောဂ္ဂလာန်အထံသို့ ချဉ်းကပ်၍ အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော နိဂဏ္ဌ၏တပည့် သာကီဝင်မင်းဝပ္ပအား အသျှင်မဟာမောဂ္ဂလာန်သည်—

ဝပ္ပ ဤလောက၌ မသိမှု'အဝိဇ္ဇာ'ကင်း၍ သိမှု 'ဝိဇ္ဇာ'ဖြစ်ခြင်းကြောင့် ကိုယ်ဖြင့် စောင့်စည်းမှု နှုတ်ဖြင့်စောင့်စည်းမှု စိတ်ဖြင့်စောင့်စည်းမှု ဖြစ်ရာ၏၊ ဝပ္ပ ယင်းအကြောင်းကြောင့် ဆင်းရဲခံစားရကြောင်း အာသဝေါတရားတို့သည် တမလွန်ဘဝ၌ သတ္တဝါကို နှိပ်စက်ကုန်ရာ၏၊ ထိုအကြောင်းကို သင်မြင်၏လော ဟု မေး၏။ အသျှင်ဘုရား ဤလောက၌ အကျိုးပေးခွင့် မရသေးသော မကောင်းမှုကံကို ရှေးဘဝက ပြုခဲ့ရာ၏၊ ထိုအကြောင်းကြောင့် ဆင်းရဲခံစားရကြောင်း အာသဝေါတရားတို့သည် တမလွန်ဘဝ၌ သတ္တဝါကို နှိပ်စက်ကုန်ရာ၏၊ ထိုအကြောင်းကို အကျွန်ုပ် မြင်ပါ၏ ဟု (လျှောက်၏)။ နိဂဏ္ဌ၏တပည့် ဖြစ်သော ဝပ္ပသာကီဝင်မင်းနှင့် အတူ အသျှင်မဟာမောဂ္ဂလာန်၏ ဤ အကြားစကားသည် မပြီးပြတ်သေးချေ။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ၌ ကိန်းအောင်းရာမှ ထ၍စည်းဝေးရာစရပ်သို့ ချဉ်းကပ်တော်မူသျှက် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင် အသျှင်မဟာမောဂ္ဂလာန်အား—

မောဂ္ဂလာန် ယခုအခါ၌ အဘယ်စကားဖြင့် စုဝေးနေကုန်သနည်း၊ (ငါမလာမီအတွင်း)မပြီးပြတ်သေးသော သင်တို့၏ အကြားစကားသည် အဘယ်နည်း ဟု မေးတော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤအစည်းအဝေး၌ နိဂဏ္ဌ၏တပည့် ဝပ္ပသာကီဝင်မင်းအား "ဝပ္ပ ဤလောက၌ မသိမှု 'အဝိဇ္ဇာ'ကင်း၍ သိမှု 'ဝိဇ္ဇာ' ဖြစ်ခြင်းကြောင့် ကိုယ်ဖြင့် စောင့်စည်းမှု နှုတ်ဖြင့်စောင့်စည်းမှု စိတ်ဖြင့်စောင့်စည်းမှု ဖြစ်ရာ၏၊ဝပ္ပ ယင်းအကြောင်းကြောင့် ဆင်းရဲခံစားရကြောင်း အာသဝေါ တရားတို့သည် တမလွန်ဘဝ၌ သတ္တဝါကို နှိပ်စက်ကုန်ရာ၏၊ ထိုအကြောင်းကို သင်မြင်၏လော" ဟု မေးပါ၏။ အသျှင်ဘုရား ဤသို့ မေးသည်ရှိသော် နိဂဏ္ဌ၏တပည့် ဝပ္ပသာကီဝင်သည် အကျွန်ုပ်အား "အသျှင်ဘုရား ဤလောက၌ အကျိုးပေးခွင့် မရသေးသော မကောင်းမှုကံကို ရှေးဘဝက ပြုခဲ့ရာ၏၊ ထိုအကြောင်းကြောင့် ဆင်းရဲ ခံစားရကြောင်း အာသဝေါတရားတို့သည် တမလွန်ဘဝ၌ သတ္တဝါကို နှိပ်စက်ကုန်ရာ၏၊ ထိုအကြောင်းကို အကျွန်ုပ် မြင်ပါ၏" ဟု ဆိုပါ၏။ အသျှင်ဘုရား ဤသည်လျှင် နိဂဏ္ဌ၏တပည့် ဝပ္ပသာကီဝင်မင်းနှင့်အတူ အကျွန်ုပ်၏ မပြီးပြတ်သေးသော အကြားစကားပါတည်း၊ ထိုအခါ မြတ်စွာဘုရား ကြွရောက်တော်မူလာပါသည် ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် နိဂဏ္ဌ၏တပည့် ဝပ္ပသာကီဝင်မင်းအား“ဝပ္ပ ငါ့အား လိုက်လျော သင့်သော အရာကိုလည်း အကယ်၍ သင်လိုက်လျောသည်ဖြစ်အံ့၊တားမြစ်သင့်သော အရာကိုလည်း အကယ်၍ သင် တားမြစ်သည်ဖြစ်အံ့၊ ငါဟောအပ်သော ပါဠိ၏ အနက်ကို မသိခဲ့မူ ထိုအရာ၌ ငါ့ကို သာလျှင် 'အသျှင်ဘုရား ဤပါဠိသည် အဘယ်သို့ ဖြစ်ပါသနည်း၊ဤပါဠိ၏ အနက်သည် အဘယ်ပါ နည်း' ဟု ပြန်၍ မေးလျှောက်ငြားအံ့၊ဤအရာ၌ ငါတို့၏ စကားပြောဆိုမှုသည် ဖြစ်ရာ၏” ဟု (မိန့် တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားအား လိုက်လျောသင့်သော အရာကိုလည်း အကျွန်ုပ် လိုက်လျောပါမည်၊တားမြစ်သင့်သော အရာကိုလည်း အကျွန်ုပ်တားမြစ်ပါမည်၊ မြတ်စွာဘုရားဟော အပ်သော ပါဠိ၏အနက်ကို အကျွန်ုပ်မသိပါမူ ထိုမသိသောအရာ၌ မြတ်စွာဘုရားကိုသာလျှင် “အသျှင်ဘုရား ဤပါဠိသည်ကား အဘယ်သို့ ဖြစ်ပါသနည်း၊ဤပါဠိ၏ အနက်သည်ကား အဘယ်ပါ နည်း” ဟု ပြန်၍ မေးလျှောက်ပါမည်၊ ဤအရာ၌ အကျွန်ုပ်တို့၏ စကားပြောဆိုမှုသည် ဖြစ်ပါစေ လော့ ဟု (လျှောက်၏)။

ဝပ္ပ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ကိုယ်ဖြင့် အားထုတ်မှု 'ကာယကံ' ဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း ပူလောင်ခြင်း၏အကြောင်းဖြစ်ကုန်သော အကြင်အာသဝေါတရား တို့သည် ဖြစ်ကုန်၏၊ ကိုယ်ဖြင့်အားထုတ်မှု 'ကာယကံ'မှ ကြဉ်သော ထိုပုဂ္ဂိုလ်အားဤသို့ဆင်းရဲခြင်း ပူလောင်ခြင်း၏အကြောင်းဖြစ်ကုန်သော ထိုအာသဝေါတရားတို့သည် မဖြစ်ကုန်၊ ထိုပုဂ္ဂိုလ်သည် အသစ်ဖြစ်သော ကံကိုလည်း မပြု၊ အဟောင်းဖြစ်သော ကံကိုလည်း တွေ့ထိ၍ တွေ့ထိ၍ ကင်းသည်ကို ပြု၏၊ ကိလေသာတို့ကို ဆွေးမြေ့စေတတ်သော (အရိယာမဂ် တည်းဟူသော) အကျင့်သည် ကိုယ်တိုင် သိမြင် နိုင်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့်ဟု ပြထိုက်၏၊ မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်၏။ ဝပ္ပ အကြင်(အရိယာမဂ် အကျင့် တည်းဟူသော)အကြောင်းကြောင့် သတ္တဝါကို ဆင်းရဲခံစားမှု၏ အကြောင်းဖြစ်ကုန်သော အာသဝေါတရားတို့သည် တမလွန်ဘဝ၌ အဖန်တလဲလဲ ဖြစ်ကုန်ရာ၏၊ ထိုအကြောင်းကို သင်သည် မြင်၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤသို့ မမြင်နိုင်ပါ(ဟု လျှောက်၏)။

ဝပ္ပ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ နှုတ်ဖြင့် အားထုတ်မှု 'ဝစီကံ' ဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း ပူလောင်ခြင်း၏ အကြောင်းဖြစ်ကုန်သော အကြင်အာသဝေါတရား တို့သည် ဖြစ်ကုန်၏၊ နှုတ်ဖြင့် အားထုတ်မှု 'ဝစီကံ'မှ ကြဉ်သော ထိုပုဂ္ဂိုလ်အား ဤသို့ ဆင်းရဲခြင်း ပူလောင်ခြင်း၏ အကြောင်း ဖြစ်ကုန်သော ထိုအာသဝေါတရားတို့သည်မဖြစ်ကုန်၊ ထိုပုဂ္ဂိုလ်သည် အသစ် ဖြစ်သော ကံကိုလည်း မပြု၊ အဟောင်းဖြစ်သော ကံကိုလည်း တွေ့ထိ၍ တွေ့ထိ၍ ကင်း သည်ကို ပြု၏၊ကိလေသာတို့ကို ဆွေးမြေ့စေတတ်သော (အရိယာမဂ် တည်းဟူသော) အကျင့်သည် ကိုယ်တိုင် သိမြင်နိုင်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့် ဟု ပြထိုက်၏၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်၏၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင် ၏။ ဝပ္ပ အကြင်(အရိယာမဂ် အကျင့် တည်းဟူသော)အကြောင်းကြောင့် သတ္တဝါကို ဆင်းရဲ ခံစား မှု၏ အကြောင်းဖြစ်ကုန်သော အာသဝေါတရားတို့သည် တမလွန်ဘဝ၌ အဖန်တလဲလဲ ဖြစ်ကုန်ရာ၏၊ ထိုအကြောင်းကို သင်သည် မြင်၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤသို့ မမြင်နိုင်ပါ (ဟု လျှောက်၏)။

http://www.dhammadownload.com



ဝပ္ပ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စိတ်ဖြင့် အားထုတ်မှု 'မနောကံ' ဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း ပူလောင်ခြင်း၏ အကြောင်းဖြစ်ကုန်သော အကြင် အာသဝေါ တရားတို့သည် ဖြစ်ကုန်၏၊ စိတ်ဖြင့် အားထုတ်မှု 'မနောကံ'မှ ကြဉ်သော ထိုပုဂ္ဂိုလ်အား ဤသို့ ဆင်းရဲခြင်း ပူလောင်ခြင်း၏ အကြောင်း ဖြစ်ကုန်သော ထိုအာသဝေါတရား တို့သည် မဖြစ်ကုန်၊ ထိုပုဂ္ဂိုလ်သည် အသစ် ဖြစ်သော ကံကိုလည်း မပြု၊ အဟောင်း ဖြစ်သော ကံကိုလည်း တွေ့ထိ၍ တွေ့ထိ၍ ကင်းသည်ကိုပြု၏၊ ကိလေသာတို့ကို ဆွေးမြေ့စေတတ်သော (အရိယာမဂ် တည်းဟူသော) အကျင့်သည် ကိုယ်တိုင် သိမြင်နိုင်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့် ဟု ပြထိုက်၏၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်င သိနိုင် ခံစားနိုင်၏။ ဝပ္ပ အကြင် (အရိယာမဂ် အကျင့်တည်းဟူသော) အကြောင်းကြောင့် သတ္တဝါကို ဆင်းရဲ ခံစားမှု၏ အကြောင်း ဖြစ်ကုန်သော အာသဝေါတရားတို့သည် တမလွန်ဘဝ၌ အဖန်တလဲလဲ ဖြစ်ကုန်ရာ၏၊ ထိုအကြောင်းကို သင်သည် မြင်၏လော ဟု (မေးတော်မူ၏)။ အသျှင် ဘုရား ဤသို့ မမြင်နိုင်ပါ (ဟု လျှောက်၏)။

ဝပ္ပ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မသိခြင်း 'အဝိဇ္ဇာ'အကြောင်းကြောင့် ဆင်းရဲခြင်း ပူလောင်ခြင်း၏ အကြောင်းဖြစ်ကုန်သော အကြင် အာသဝေါတရားတို့သည် ဖြစ်ကုန်၏၊ မသိမှု 'အဝိဇ္ဇာ' ကင်း၍သိမှု 'ဝိဇ္ဇာ'ဖြစ်ခြင်းကြောင့် ထိုပုဂ္ဂိုလ်အား ဤသို့ဆင်းရဲခြင်း ပူလောင်ခြင်း၏ အကြောင်းဖြစ်ကုန်သော ထိုအာသဝေါတရား တို့သည် မဖြစ်ကုန်၊ ထိုပုဂ္ဂိုလ်သည်အသစ်ဖြစ်သော ကံကိုလည်း မပြု၊ အဟောင်းဖြစ်သော ကံကိုလည်း တွေ့ထိ၍ တွေ့ထိ၍ ကင်းသည်ကိုပြု၏၊ ကိလေသာတို့ကို ဆွေးမြေ့စေတတ်သော (အရိယာမဂ် တည်းဟူသော) အကျင့်သည် ကိုယ်တိုင် သိ မြင်နိုင်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့်ဟု ပြထိုက်၏၊ မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်င သိနိုင် ခံစား နိုင်၏။ ဝပ္ပ အကြင် (အရိယာမဂ် တည်းဟူသော အကြောင်းကြောင့်) သတ္တဝါကို ဆင်းရဲ ခံစားမှု အကြောင်း ဖြစ်ကုန်သော အာသဝေါတရားတို့သည် တမလွန် ဘဝ၌ အဖန်တလဲလဲ ဖြစ်ကုန်ရာ၏၊ ထိုအကြောင်းကို သင်သည် မြင်၏လော(ဟု မေးတော်မူ၏)။ အသျှင်ဘုရား ဤသို့ မမြင်နိုင်ပါ (ဟု လျှောက်၏)။

ဤသို့ ကောင်းစွာ ကိလေသာမှ လွတ်သော စိတ်ရှိသော ရဟန်းအား အမြဲနေခြင်းခြောက်မျိုး တို့ကိုရအပ်၏၊ ထို (ရဟန္တာ)ပုဂ္ဂိုလ်သည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် ဝမ်းမမြောက်၊ ဝမ်းမနည်း အောက်မေ့ခြင်း'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။ နားဖြင့် သဒ္ဒါရုံကို ကြားသော်။ပ။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းရှူသော်။ပ။ လျှာဖြင့် ရသာရုံကို လျက်သော်။ပ။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့သော်။ပ။စိတ်ဖြင့် ဓမ္မာရုံကို သိသော် ဝမ်းမမြောက် ဝမ်းမနည်း။ အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်လျှင် အဆုံးရှိသောဝေဒနာကို ခံစားသော် "ကိုယ်လျှင် အဆုံးရှိသော ဝေဒနာကို ခံစား၏" ဟု သိ၏၊ အသက်လျှင် အဆုံးရှိသော ဝေဒနာကို ခံစားသော် "အသက်လျှင် အဆုံးရှိသော ဝေဒနာကို ခံစား၏"ဟုသိ၏၊ "ကိုယ်ခန္ဓာ ပျက်စီး၍ အသက်ကုန်ဆုံးပြီးသည်မှ အထက်၌ ဤဘဝ၌ပင်အလုံးစုံသော ခံစားဖွယ်တို့ကို မနှစ်သက်အပ်ကုန်သည် ဖြစ်၍ ငြိမ်းချမ်း ကုန်လတ္တံ့"ဟု သိ၏။

http://www.dhammadownload.com



ဝပ္ပ ဥပမာသော်ကား သစ်ပင်ကို စွဲ၍ အရိပ်သည် ထင်ရာ၏၊ ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကို ယူ၍ သွားရာ၏၊ ထိုယောကျ်ားသည် ထိုသစ်ပင်ကို အမြစ်ရင်း၌ ဖြတ်ရာ၏၊ အမြစ်ရင်းကို ဖြတ်၍ ပတ်ဝန်းကျင် တူးရာ၏၊ ပတ်ဝန်းကျင် တူး၍ အမြစ်တို့ကို နုတ်ရာ၏၊ အယုတ်ဆုံးအားဖြင့် ပန်းရင်းရိုးတံမျှသော အမြစ်သေးတို့ကိုမူလည်း ထုတ်ရာ၏၊ ထိုသူသည် ထို သစ်ပင်ကို အပိုင်းအပိုင်း ဖြတ်ရာ၏၊ အပိုင်းအပိုင်း ဖြတ်ပြီး၍ ခွဲရာ၏၊ခွဲပြီး၍ အစိတ်အစိတ် ပြုရာ၏၊ အစိတ်အစိတ် ပြုပြီး၍ လေ နေပူ၌ ခြောက်သွေ့စေရာ၏၊ လေနေပူဖြင့် ခြောက်သွေ့စေပြီး၍ မီးဖြင့် တိုက်ရာ၏၊ မီးဖြင့် တိုက်ပြီး၍ ပြာမီးသွေးကို ပြုရာ၏၊ ပြာမီးသွေးကို ပြုပြီး၍ ပြင်းထန်သော လေ၌မူ လည်းလွှင့်ရာ၏၊ လျင်သော ရေအယဉ်ရှိသော မြစ်၌မူလည်း မျှောရာ၏။ ဝပ္ပ ဤသို့ ဖျောက်ပယ်အပ် သော် သစ်ပင်ကိုစွဲ၍ ဖြစ်သော အရိပ်သည် အမြစ်အရင်းကိုဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသောထန်းပင်ရာ ကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်၏၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိ။

ဝပ္ပ ဤအတူပင်လျှင် ဤသို့ ကောင်းစွာ ကိလေသာမှ လွတ်သော စိတ်ရှိသော ရဟန်းအား အမြဲနေခြင်းခြောက်မျိုး တို့ကို ရကုန်၏၊ ထို(ရဟန္တာ)ပုဂ္ဂိုလ်သည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် ဝမ်းမမြောက်၊ ဝမ်းမနည်း၊ အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ လျစ်လျူ ရှုလျက်နေ၏။ နားဖြင့် သဒ္ဒါရုံကို ကြားသော်။ပ။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းရှူသော်။ပ။ လျှာဖြင့် ရသာရုံကို လျက်သော်။ပ။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို ထိသော်။ပ။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် ဝမ်းမမြောက်၊ ဝမ်းမနည်း၊ အောက်မေ့ခြင်း'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည် ဖြစ်၍ လျစ်လျူရှုလျက်နေ၏။ ထိုပုဂ္ဂိုလ်သည် ကိုယ်သျှင် အဆုံးရှိသော ဝေဒနာကို ခံစား သော်"ကိုယ်သျှင် အဆုံးရှိသော ဝေဒနာကို ခံစား၏" ဟု သိ၏၊ အသက်လျှင် အဆုံးရှိသော ဝေဒနာကို ခံစားသော်"အသက်လျှင် အဆုံးရှိသော ဝေဒနာကို ခံစား၏"ဟု သိ၏၊ "ကိုယ်ခန္ဓာ ပျက်စီး၍ အသက်ကုန်ဆုံးပြီးသည်မှ အထက်၌ ဤဘဝ၌ပင်လျှင် အလုံးစုံသော ဝေဒနာတို့ကို မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းချမ်းကုန်လတ္တံ့"ဟု သိ၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူအပ်သော် နိဂဏ္ဌ၏တပည့် ဝပ္ပသာကီဝင်မင်းသားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ဥပမာသော်ကား အတိုးအပွါးကို အလိုရှိသော ယောကျ်ားသည် ရောင်းရမည့် မြင်းငယ်ကို ကျွေးမွေးရာ၏၊ ထိုယောကျ်ားသည် အတိုးအပွါးကို လည်း မရရာ၊ ထို့ထက် အလွန်လည်း ပင်ပန်းခြင်း ဆင်းရဲခြင်း အဖို့ရှိသည်လည်း ဖြစ်ရာ၏။ အသျှင်ဘုရား ဤအတူ သာလျှင် အတိုးအပွါးကို အလိုရှိသော အကျွန်ုပ်သည် မိုက်သော နိဂဏ္ဌကို ဆည်းကပ်လုပ်ကျွေး၏၊ ထိုအကျွန်ုပ်သည် အတိုးအပွါးကိုလည်း မရ၊ထို့ထက်အလွန် ပင်ပန်း ခြင်း ဆင်းရဲခြင်း အဖို့ရှိသည်လည်း ဖြစ်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ယနေ့မှ စ၍ မိုက်ကုန်သော နိဂဏ္ဌတို့၌ အကျွန်ုပ်၏ ကြည်ညိုခြင်းကို ပြင်းထန်သော လေ၌မူလည်း လွှင့်ပါ၏၊ လျင်စွာသော ရေအယဉ်၌မူလည်း မျှောပါ၏။ အသျှင်ဘုရား(တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်သောဥပါသကာ ဟူ၍ မှတ်တော်မူပါ" ဟု (လျှောက်၏)။

**ပဉ္စမသုတ်။**

http://www.dhammadownload.com



## ၆-သာဠှသုတ်

၁၉၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ သာဠှလိစ္ဆဝီမင်းနှင့် အဘယလိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ကြပြီးသော် သာဠှလိစ္ဆဝီမင်းသည် မြတ်စွာဘုရားအား—

အသျှင်ဘုရား သီလစင်ကြယ်ခြင်း ဟူသော အကြောင်းကြောင့်ရင်း ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း ဟူသော အကြောင်းကြောင့်ရင်း ဤနှစ်ပါးစုံသော အကြောင်းကြောင့် သြဃလေးပါးမှ ထွက်မြောက်ခြင်းကို ပညတ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ အသျှင်ဘုရား ဤသို့ ပညတ်ရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ ဟောပါသနည်း ဟု လျှောက်၏။

သာဠှ ငါသည် သီလ စင်ကြယ်ခြင်းကို တခုသော ရဟန်းတရား၏ အဖို့ အစု ဟူ၍ ဟောတော်မူ၏၊ သာဠှ အကြင်သမဏဗြာဟ္မဏတို့သည် ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း တည်းဟူသော . အယူရှိကုန်လျက် ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်းအကျင့်ကို အနှစ် ဟု မှတ်ထင်ကုန်လျက် ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း၌ ကပ်ငြိကုန်လျက် နေကုန်၏၊ ထိုသမဏ ဗြာဟ္မဏတို့သည် သြဃလေးပါးမှ ထွက်မြောက်ခြင်းငှါ မထိုက်ကုန်။

သာဠှ အကြင်သမဏဗြာဟ္မဏတို့သည် မစင်ကြယ်သော ကိုယ်အကျင့် ရှိကုန်၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိကုန်၏၊ မစင်ကြယ်သော စိတ်အကျင့် ရှိကုန်၏၊ မစင်ကြယ်သော အသက်မွေးခြင်း ရှိကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် အတုမရှိသော သစ္စာလေးပါးကို ကောင်းစွာ သိတတ်သော ဉာဏ်အမြင်အလို့ငှါ မထိုက်ကုန်၊ သာဠှ ဥပမာသော်ကား မြစ်ကို ကူးလိုသော ယောကျ်ားသည် ထက်စွာသော ဓားမကို ကိုင်စွဲ၍ တောအုပ်သို့ ဝင်ရာ၏၊ ထိုသူသည် ထိုတောအုပ်၌ ဖြောင့်စွာသော ပျိုနုသော (ဖြစ်အံ့လော မဖြစ်အံ့လော ဟု)တွေးတောဖွယ် မရှိသော ကြီးစွာသော အင်ကြင်းပင်ကို မြင်ရာ၏၊ ထိုအင်ကြင်းပင်ကို အရင်း၌ ဖြတ်ရာ၏၊ အရင်းကို ဖြတ်ပြီး၍ အဖျားကို ဖြတ်ရာ၏၊ အဖျားကို ဖြတ်ပြီး၍ အခက် အရွက်တို့ကို ကောင်းစွာ သုတ်သင်ရာ၏၊ အခက် အရွက်တို့ကို ကောင်းစွာ သုတ်သင်ပြီး၍ ဓားမတို့ဖြင့် ရွေရာ၏၊ ဓားမတို့ဖြင့် ရွေပြီး၍ ပဲခွပ်တို့ဖြင့်ရွေရာ၏၊ ပဲခွပ်တို့ဖြင့် ရွေပြီး၍ (တစည်း) ကျားလျှာဖြင့် တိုက်ရာ၏၊ ကျားလျှာ(တစည်း)ဖြင့် တိုက်ပြီး၍ ကျောက်လုံးဖြင့် ပွတ်တိုက်ရာ၏၊ ကျောက်လုံးဖြင့် ပွတ်တိုက်ပြီး၍ မြစ်ကို ကူးရာ၏။

သာဠှ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် မြစ်ကို ကူးရန် ထိုက်ပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မကူးထိုက်ပါ။ ထိုသို့ မကူးထိုက်ခြင်းသည် အဘယ့်ကြောင့်ပါ နည်းဟူမူ—အသျှင်ဘုရား ဤ အင်ကြင်းတုံးကို အပ၌ ကောင်းစွာ အပြေအပြစ် ပြုအပ်၏၊ အတွင်း၌ကား မစင်ကြယ်၊ "ထိုအင်ကြင်းသစ်တုံးကြီးသည် နစ်မြုပ်လတ္တံ့၊ ယောကျ်ားသည်လည်း အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်လတ္တံ့" ဟု ထိုသူအား ဤအပြစ်ကို (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်အပ်သောကြောင့်တည်းဟု (လျှောက်၏)။

သာဠှ ဤအတူသာလျှင် အကြင် သမဏ ဗြာဟ္မဏတို့သည် ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း တည်းဟူသော အယူရှိကုန်၏၊ ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း အကျင့်ကို အနှစ် ဟု မှတ်ထင်ကုန်၏၊ ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်းအကျင့်၌

http://www.dhammadownload.com



ကပ်ငြိကုန်သည် ဖြစ်၍ နေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် သြဃလေးပါးမှ ထွက်မြောက်ခြင်းငှါ မထိုက်ကုန်။ သာဠှ အကြင် သမဏဗြာဟ္မဏတို့သည် မစင်ကြယ်သော ကိုယ်အကျင့်ရှိကုန်၏၊ မစင်ကြယ်သော နှုတ်အကျင့်ရှိကုန်၏၊ မစင်ကြယ်သော စိတ်အကျင့်ရှိကုန်၏၊ မစင်ကြယ်သော အသက်မွေးခြင်း ရှိကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် အတုမရှိသော သစ္စာလေးပါးကို ကောင်းစွာ သိတတ်သော ဉာဏ်အမြင်အလို့ငှါ မထိုက်ကုန်။

သာဠှ အကြင် သမဏဗြာဟ္မဏတို့သည် ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း ဟူသော အယူ မရှိကုန်သည် ဖြစ်၍ ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း၌ အနှစ် ဟု မမှတ်ထင်ကုန်သည် ဖြစ်၍ ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း အကျင့်၌ မကပ်ငြိကုန်သည်ဖြစ်၍ နေကုန်၏ ထိုသမဏဗြာဟ္မဏတို့သည် သြဃလေးပါးမှ ထွက်မြောက်ရန် ထိုက်ကုန်၏။ သာဠှ အကြင် သမဏဗြာဟ္မဏတို့သည် စင်ကြယ်သော ကိုယ် အကျင့်ရှိကုန်၏၊ စင်ကြယ်သော နှုတ်အကျင့်ရှိကုန်၏၊ စင်ကြယ်သော စိတ်အကျင့်ရှိကုန်၏၊ စင်ကြယ်သော အသက်မွေးခြင်း ရှိကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် အတုမရှိသော သစ္စာလေးပါးကို ကောင်းစွာ သိတတ်သော ဉာဏ်အမြင် အလို့ငှါ ထိုက်ကုန်၏။

သာဠှ ဥပမာသော်ကား မြစ်ကို ကူးလိုသော ယောကျ်ားသည် ထက်လှစွာသော ဓားမကို ကိုင်စွဲ၍ တောအုပ်သို့ ဝင်ရာ၏၊ ထိုသူသည် ထိုတောအုပ်၌ ဖြောင့်စွာသော ပျိုနုသော (ဖြစ်အံ့လော မဖြစ်အံ့လော ဟု) တွေးတောဖွယ် မရှိသော ကြီးစွာသော အင်ကြင်းပင်ကို မြင်ရာ၏၊ ထိုအင်ကြင်းပင်ကို အရင်း၌ ဖြတ်ရာ၏၊ အရင်းကို ဖြတ်ပြီး၍ အဖျားကို ဖြတ်ရာ၏၊ အဖျားကို ဖြတ်ပြီး၍ အခက် အရွက်တို့ကို ကောင်းစွာ သုတ်သင်ရာ၏၊ အခက် အရွက်တို့ကို ကောင်းစွာ သုတ်သင်ပြီး၍ ဓားမဖြင့် ရွေရာ၏၊ ဓားမဖြင့် ရွေပြီး၍ ပဲခွပ်ဖြင့် ရွေရာ၏၊ ပဲခွပ်ဖြင့် ရွေပြီး၍ ဆောက်ကို ယူပြီးလျှင် အတွင်း၌ ကောင်းမွန် စင်ကြယ်စွာ ထွင်းရာ၏၊ အတွင်း၌ ကောင်းမွန် စင်ကြယ်စွာ ထွင်းပြီး၍ ကျားလျှာ (တစည်း)ဖြင့် တိုက်ရာ၏၊ ကျားလျှာ (တစည်း)ဖြင့် တိုက်ပြီး၍ ကျောက်လုံးဖြင့် ပွတ်တိုက်ရာ၏၊ ကျောက်လုံးဖြင့် ပွတ်တိုက်ပြီး၍ လှေကို ပြုရာ၏၊ လှေကိုပြုပြီး၍ တက်မ ထိုးဝါးကို ဖွဲ့ရာ၏၊ တက်မ ထိုးဝါးကို ဖွဲ့ပြီး၍ မြစ်ကို ကူးရာ၏။

သာဠှ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် မြစ်ကို ကူးရန် ထိုက်ပါ သလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကူးထိုက်ပါ၏။ ထိုသို့ ကူးထိုက်ခြင်းသည် အဘယ့် ကြောင့်နည်း၊ အသျှင်ဘုရား အင်ကြင်းပင်ကို အပ၌ ကောင်းစွာ အပြေအပြစ် ပြုအပ်၏၊ အတွင်း၌ လည်း ကောင်းစွာ စင်ကြယ် အောင် ပြု၏၊ "တက်မ ထိုးဝါးကို ဖွဲ့ထားသော လှေသည် မနစ်လတ္တံ့၊ ယောကျ်ားသည် ချမ်းသာစွာ ကမ်းတဖက်သို့ ရောက်လတ္တံ့" ဟု ထိုသူအား ဤအကျိုးကို (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်အပ်သောကြောင့်တည်း ဟု (လျှောက်၏)။

သာဠှ ဤအတူပင်လျှင် အကြင် သမဏဗြာဟ္မဏတို့သည် ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း တည်းဟူသော အကျင့်မရှိကုန်သည်ဖြစ်၍ ခြိုးခြံသော အကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း အကျင့်၌ အနှစ်ဟု မမှတ်ထင်ကုန်သည်ဖြစ်၍ ခြိုးခြံသောအကျင့်ဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်း အကျင့်၌ မကပ်ငြိကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် သြဃ လေးပါးမှ ထွက်မြောက်ရန် ထိုက်ကုန်၏။ သာဠှ အကြင် သမဏဗြာဟ္မဏတို့သည် စင်ကြယ်သော ကိုယ်အကျင့် ရှိကုန်၏၊ စင်ကြယ်သော နှုတ်အကျင့် ရှိကုန်၏၊ စင်ကြယ်သော စိတ်အကျင့်ရှိကုန်၏၊

http://www.dhammadownload.com



စင်ကြယ်သော အသက်မွေးခြင်းရှိကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် အတုမရှိသော သစ္စာ လေးပါးကို ကောင်းစွာ သိတတ်သော ဉာဏ်အမြင်အလို့ငှါ ထိုက်ကုန်၏။

သာဠှ ဥပမာသော်ကား သူရဲကောင်း (စစ်သား)သည် များစွာကုန်သော မြားဖြင့် ပြုအပ်သော ဆန်းကြယ်သော အမှုတို့ကို အကယ်၍ ပြုတတ်သည်ဖြစ်အံ့၊ ထိုအခါ၌ သူရဲကောင်းသည် အကြောင်းသုံးမျိုးတို့ဖြင့် မင်းအား ထိုက်၏၊ မင်း၏ အသုံးတော်ခံ ဖြစ်၏၊ မင်း၏ လက်ရုံး ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ဝေးသော အရပ်၌ မြားကို ကျစေနိုင်၏၊ မချွတ်မယွင်း စူးဝင်အောင် ပစ်နိုင်၏၊ ကြီးစွာသော အထည် ကိုယ်ကို ဖောက်ခွဲနိုင်၏။

သာဠှ သူရဲကောင်း(စစ်သား)သည် ဝေးသော အရပ်၌ မြားကို ကျစေနိုင်သကဲ့သို့ သာဠှ ဤ အတူသာလျှင် အရိယာ တပည့်သည် ကောင်းသော တည်ကြည်ခြင်း (မဂ် ဖိုလ် သမာဓိ) ရှိ၏၊ သာဠှ ကောင်းသော တည်ကြည်ခြင်း (သမာဓိ)ရှိသော အရိယာတပည့်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော ရုန့်ရင်းသည် သိမ်မွေ့သည်လည်း ဖြစ်သော ယုတ်သည် မြတ်သည်လည်း ဖြစ်သော ဝေးသည် နီးသည်လည်း ဖြစ်သော ရုပ်ဟူသမျှအလုံးစုံကို "ဤအလုံးစုံသော ရုပ်သည် ငါ့ ဥစ္စာ မဟုတ်၊ ဤအလုံးစုံသော ရုပ်သည် ငါမဟုတ်၊ ဤအလုံးစုံသော ရုပ်သည် ငါ၏အတ္တမဟုတ်"ဟု ဤသို့ ရုပ်ကို ဟုတ်မှန်သော အတိုင်း ကောင်းသော (ဝိပဿနာ)ပညာဖြင့် ရှု၏။ အလုံးစုံသော ဝေဒနာကို။ အလုံးစုံသော သညာကို။ အလုံးစုံသော သင်္ခါရတို့ကို။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော ရုန့်ရင်းသည် သိမ်မွေ့သည်လည်း ဖြစ်သော ယုတ်သည် မြတ်သည်လည်း ဖြစ်သော ဝေးသည် နီးသည်လည်း ဖြစ်သော ဝိညာဉ်ဟူသမျှအားလုံးကို "ဤအလုံးစုံသော ဝိညာဉ်သည် ငါ့ဥစ္စာမဟုတ်၊ ဤအလုံးစုံသော ဝိညာဉ်သည် ငါမဟုတ်၊ ဤအလုံးစုံသော ဝိညာဉ်သည် ငါ၏ အတ္တမဟုတ်"ဟု ဤသို့ ဝိညာဉ်ကို ဟုတ်မှန်သော အတိုင်းကောင်းသော(ဝိပဿနာ)ပညာဖြင့် ရှု၏။

သာဠှ သူရဲကောင်း (စစ်သား)သည် မချွတ်မယွင်း စူးဝင်အောင် ပစ်နိုင်သကဲ့သို့ သာဠှ ဤ အတူသာလျှင် အရိယာ တပည့်သည် မှန်ကန်သော မြင်ခြင်း 'သမ္မာဒိဋ္ဌိ'ရှိ၏၊ သာဠှ မှန်ကန်သောမြင်ခြင်းရှိသော အရိယာ တပည့်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်မှန်သော အတိုင်းသိ၏။ ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်းဟု" ဟုတ်မှန်သော အတိုင်း သိ၏။

သာဠှ သူရဲကောင်း(စစ်သား)သည် ကြီးစွာသော အထည်ကိုယ်ကို ဖောက်ခွဲနိုင်သကဲ့သို့ သာဠှ ဤအတူသာလျှင် အရိယာတပည့်သည် ကိလေသာမှကောင်းစွာလွတ်မြောက်မှု အရဟတ္တဖိုလ်'ဝိမုတ္တိ' ရှိ၏၊ သာဠှ ကိလေသာမှ ကောင်းစွာ လွတ်မြောက်မှု အရဟတ္တဖိုလ်'ဝိမုတ္တိ'ရှိသော အရိယာတပည့်သည် ကြီးစွာသော မသိခြင်း 'အဝိဇ္ဇာ'အထုကို ဖောက်ခွဲနိုင်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-မလ္လိကာဒေဝီသုတ်

၁၉၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မလ္လိကာမိဖုရားသည် မြတ်စွာဘုရားအထံသို့

http://www.dhammadownload.com



ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား ဤလောက၌ အချို့သော မာတုဂါမသည် အဆင်းလည်း မလှ၊ အသွင်လည်း မကောင်း၊ ရှုချင်ဖွယ်လည်း မရှိ၊ ဆင်းရဲလည်း ဆင်းရဲ၏၊ ကိုယ်ပိုင်ဥစ္စာလည်း မရှိ၊ အသုံးအဆောင် လည်း နည်း၏၊ တန်ခိုးလည်း နည်း၏။ ထိုအဆင်းမလှခြင်း စသည်၏ အကြောင်း အထောက်အပံ့ ကား အဘယ်ပါနည်း။

အသျှင်ဘုရား ဤလောက၌ အချို့သော မာတုဂါမသည် အဆင်းလည်း မလှ၊ အသွင်လည်း မကောင်း၊ ရှုချင်ဖွယ်လည်း မရှိ၊ သို့သော်လည်း ကြွယ်ဝ၏၊ များသော ဥစ္စာလည်း ရှိ၏၊ များသော အသုံးအဆောင်လည်း ရှိ၏၊ တန်ခိုးလည်း ကြီး၏။ ထိုအဆင်းမလှခြင်းစသည်၏ အကြောင်း အထောက် အပံ့ကား အဘယ်ပါနည်း။

အသျှင်ဘုရား ဤလောက၌ အချို့သော မာတုဂါမသည် အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်လည်း ရှိ၏၊ကြည်သင်ဖွယ်လည်းဖြစ်၏၊လွန်မြတ်သော အဆင်းအသွင်နှင့် ပြည့်စုံ၏၊သို့သော်လည်း ဆင်းရဲ၏၊ ကိုယ်ပိုင်ဥစ္စာမရှိ၊ အသုံးအဆောင်လည်း မရှိ၊ တန်ခိုးလည်း နည်း၏။ ထိုအဆင်းလှခြင်း စသည်၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း။

အသျှင်ဘုရား ဤလောက၌ အချို့သော မာတုဂါမသည် အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်လည်း ရှိ၏၊ ကြည်သင်ဖွယ်လည်း ဖြစ်၏၊လွန်မြတ်သော အဆင်းအသွင်နှင့် ပြည့်စုံ၏၊ ကြွယ်လည်း ကြွယ်ဝ၏၊ များသော ဥစ္စာလည်း ရှိ၏၊ များသော အသုံးအဆောင်လည်း ရှိ၏၊တန်ခိုးလည်း ကြီး၏။ ထိုအဆင်း လှခြင်းစသည်၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း ဟု (လျှောက်၏)။

မလ္လိကာ ဤလောက၌ အချို့သော မာတုဂါမသည် အမျက်ဒေါသကြီး၏၊ စိတ်ပင်ပန်းခြင်း များ၏၊ အနည်းငယ်မျှ ကို ပြောဆိုကာမျှ ဖြစ်လျက်လည်း ကပ်ငြိတတ်၏၊အမျက်ထွက်တတ်၏၊ ဖောက် ပြန်တတ်၏၊ ရန်ငြိုးထားတတ်၏၊ စိတ်ဆိုးခြင်းကိုင်း အမျက်ထွက်ခြင်းကိုင်း မနှစ်သက်ခြင်းကိုင်း ထင်စွာပြု၏၊ ထိုမာတုဂါမသည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုင်း အဖျော်ကိုင်း အဝတ်သင်္ကန်းကိုင်း ယာဉ်ကိုင်း ပန်းကိုင်း နံ့သာကိုင်း နံ့သာပျောင်းကိုင်း အိပ်ရာနေရာကိုင်း ဆီမီးအဆောက်အဦကိုင်း မပေးလှူတတ်၊ ငြူစူခြင်း ကူးသော နှင့် ယှဉ်သောစိတ်ရှိ၏၊ သူတပါးတို့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း အပူဇော်ခံရခြင်း တို့၌ ငြူစူ၏၊ ပြစ်မှား၏၊ ငြူစူခြင်းကို ဖွဲ့၏။ ထိုမာတုဂါမသည် ထိုဘဝမှ စုတေ၍ ဤလူ့ ဘဝသို့ အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ထိုမာတုဂါမသည် ဖြစ်လေရာရာဘဝ၌ အဆင်းလည်း မလှ၊ အသွင်လည်း မကောင်း၊ ရှုချင်ဖွယ်လည်း မရှိ၊ ဆင်းရဲလည်း ဆင်းရဲ၏၊ ကိုယ်ပိုင်ဥစ္စာလည်းမရှိ၊ အသုံးအဆောင်လည်း မရှိ၊ တန်ခိုးလည်း နည်း၏။

မလ္လိကာ ဤလောက၌ အချို့သော မာတုဂါမသည် အမျက်ဒေါသကြီး၏၊ စိတ်ပင်ပန်းခြင်း များ၏၊ အနည်းငယ်မျှကို ပြောဆိုကာမျှဖြစ်လျက်လည်း ကပ်ငြိတတ်၏၊ အမျက်ထွက်တတ်၏၊ ဖောက်ပြန်တတ်၏၊ ရန်ငြိုးထားတတ်၏၊စိတ်ဆိုးခြင်းကိုင်း အမျက်ထွက်ခြင်းကိုင်းမနှစ်သက်ခြင်းကို င်း ထင်စွာပြုတတ်၏၊ ထိုမာတုဂါမသည်သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုင်း အဖျော်ကိုင်း အဝတ်သင်္ကန်းကိုင်း ယာဉ်ကိုင်း ပန်းကိုင်း နံ့သာပျောင်းကိုင်း အိပ်ရာနေရာ

http://www.dhammadownload.com



ကိုရင်း ဆီမီး အဆောက်အဦကိုရင်း ပေးလှူတတ်၏၊ ငြူစူခြင်းနှင့်ယှဉ်သော စိတ်မရှိ၊ သူတပါးတို့ လာဘ်ရခြင်း အရိုအသေပြုခံရခြင်း အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း အပူဇော်ခံရခြင်း တို့၌ မငြူစူ၊ မပြစ်မှား၊ ငြူစူခြင်းဖြင့် မဖွဲ့။ ထိုမာတုဂါမသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘဝသို့ အကယ်၍ ရောက်လာသည် ဖြစ်အံ့၊ ထိုမာတုဂါမသည် ဖြစ်လေရာရာဘဝ၌ အဆင်းလည်း မလှ၊ အသွင်လည်း မကောင်း၊ ရှုချင်ဖွယ်လည်း မရှိ၊ သို့သော်လည်း ကြွယ်ဝ၏၊ များသော ဥစ္စာလည်း ရှိ၏၊ များသော အသုံးအဆောင်လည်း ရှိ၏၊ တန်ခိုးလည်း ကြီး၏။

မလ္လိကာ ဤလောက၌ အချို့သော မာတုဂါမသည် အမျက်ဒေါသ မကြီး၊ စိတ်ပင်ပန်းခြင်းမများ၊များစွာပြောဆိုသော်လည်း မကပ်ငြိတတ်၊ အမျက်မထွက်တတ်၊မဖောက်ပြန်တတ်၊ ရန်ငြိုးမထားတတ်၊ စိတ်ဆိုးခြင်းကိုရင်း အမျက်ထွက်ခြင်းကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာမပြုတတ်၊ထိုမာတုဂါမသည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုရင်း အဖျော်ကိုရင်း အဝတ်သက်န်းကိုရင်း ယာဉ်ကိုရင်း ပန်းကိုရင်း နံ့သာကိုရင်း နံ့သာပျောင်းကိုရင်း အိပ်ရာနေရာကိုရင်း ဆီမီး အဆောက်အဦကိုရင်း မပေးလှူတတ်၊ငြူစူခြင်းနှင့်ယှဉ်သော စိတ်ရှိသည်ဖြစ်၍ သူတပါးတို့ လာဘ်ရခြင်း အရိုအသေပြုခံရခြင်း အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း အပူဇော်ခံရခြင်း တို့၌ ငြူစူတတ်၏၊ ပြစ်မှားတတ်၏၊ ငြူစူခြင်းဖြင့် ဖွဲ့တတ်၏။ ထိုမာတုဂါမသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘဝသို့ အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ထိုမာတုဂါမသည် ဖြစ်လေရာရာဘဝ၌ အဆင်းလည်း လှ၏၊ ရှုချင်ဖွယ်လည်း ရှိ၏၊ ကြည်လင်ဖွယ်လည်း ဖြစ်၏၊ မြတ်သော အဆင်းအသွင်နှင့်လည်း ပြည့်စုံ၏၊ သို့သော်လည်း ဆင်းရဲ၏၊ ကိုယ်ပိုင် ဥစ္စာလည်း မရှိ၊ အသုံးအဆောင်လည်း မရှိ၊ တန်ခိုးလည်း နည်း၏။

မလ္လိကာ ဤလောက၌ အချို့သော မာတုဂါမသည် အမျက်ဒေါသ မကြီး၊ စိတ်ပင်ပန်းခြင်းမများ၊ များစွာ ပြောဆိုသော်လည်း မကပ်ငြိတတ်၊ အမျက်မထွက်တတ်၊ မဖောက်ပြန်တတ်၊ ရန်ငြိုးမထားတတ်၊ စိတ်ဆိုးခြင်းကိုရင်း အမျက်ထွက်ခြင်းကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာ မပြုတတ်၊ ထိုမာတုဂါမသည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုရင်း အဖျော်ကိုရင်း အဝတ်သက်န်းကိုရင်း ယာဉ်ကိုရင်း ပန်းကိုရင်း နံ့သာကိုရင်း နံ့သာပျောင်းကိုရင်း အိပ်ရာ နေရာကိုရင်း ဆီမီး အဆောက်အဦကိုရင်း ပေးလှူတတ်၏၊ ငြူစူခြင်းနှင့် ယှဉ်သောစိတ်မရှိ၊ သူတပါး လာဘ်ရခြင်း အရိုအသေခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့၌ မငြူစူ၊ မပြစ်မှား၊ ငြူစူခြင်းဖြင့် မဖွဲ့။ ထိုမာတုဂါမသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘဝသို့ အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ထိုမာတုဂါမသည် ဖြစ်လေရာရာဘဝ၌ အဆင်းလည်းလှ၏၊ ရှုချင်ဖွယ်လည်း ရှိ၏၊ ကြည်လင်ဖွယ်လည်းဖြစ်၏၊ လွန်မြတ်သော အဆင်းအသွင်နှင့်လည်း ပြည့်စုံ၏၊ ကြွယ်ဝလည်း ကြွယ်ဝ၏၊ များသော ဥစ္စာလည်း ရှိ၏၊ များသော အသုံးအဆောင်လည်း ရှိ၏၊ တန်ခိုးလည်း ကြီး၏။

မလ္လိကာ အကြင့်ကြောင့် ဤလောက၌ အချို့သော မာတုဂါမသည် အဆင်းလည်း မလှ၊ အသွင်လည်း မကောင်း၊ ရှုချင်ဖွယ်လည်း မရှိ၊ ဆင်းရဲလည်း ဆင်းရဲ၏၊ ကိုယ်ပိုင် ဥစ္စာလည်း မရှိ၊ အသုံးအဆောင်လည်း မရှိ၊တန်ခိုးလည်း နည်း၏၊ မလ္လိကာ ဤဆိုခဲ့ပြီးသည်ကား (ထိုသို့ဖြစ်ခြင်း၏) အကြောင်း အထောက်အပံ့ ပေတည်း။မလ္လိကာ အကြင့်ကြောင့် ဤလောက၌ အချို့သော မာတုဂါမသည် အဆင်းလည်း မလှ၊ အသွင်လည်း မကောင်း၊ ရှုချင်ဖွယ်လည်း မရှိ၊ သို့သော်လည်း ကြွယ်ဝ

http://www.dhammadownload.com



၏၊ များသော ဥစ္စာလည်း ရှိ၏၊ များသော အသုံး အဆောင်လည်း ရှိ၏၊ တန်ခိုးလည်း **ကြီး၏**။ မလ္လိကာ ဤဆိုခဲ့ပြီးသည်ကား (ထိုသို့ဖြစ်ခြင်း၏)အကြောင်း အထောက်အပံ့ပေတည်း။ **မလ္လိကာ** အကြင့်ကြောင့် ဤလောက၌ အချို့သော မာတုဂါမသည် အဆင်းလည်း လှ၏၊ **ရှုချင်ဖွယ်လည်း** ရှိ၏၊ ကြည်လင်ဖွယ်လည်း ဖြစ်၏၊ မြတ်သော အဆင်းအသွင်နှင့်လည်း ပြည့်စုံ၏၊ **သို့သော်လည်း** ဆင်းရဲ၏၊ ကိုယ်ပိုင်ဥစ္စာလည်း မရှိ၊အသုံးအဆောင်လည်း မရှိ၊ တန်ခိုးလည်း နည်း၏၊ မလ္လိကာ ဤဆိုခဲ့ပြီးသည်ကား (ထိုသို့ ဖြစ်ခြင်း၏) အကြောင်း အထောက်အပံ့ ပေတည်း။ မလ္လိကာ အကြင့်ကြောင့် ဤလောက၌ အချို့သော မာတုဂါမသည် အဆင်းလည်း လှ၏၊ ရှုချင်ဖွယ်လည်း ရှိ၏၊ကြည်လင်ဖွယ်လည်း ဖြစ်၏၊ လွန်မြတ်သော အဆင်းအသွင်နှင့်လည်း ပြည့်စုံ၏၊ ကြွယ်ဝလည်း ကြွယ်ဝ၏၊ များသော ဥစ္စာလည်း ရှိ၏၊ များသော အသုံးအဆောင်လည်း ရှိ၏၊ တန်ခိုးလည်း ကြီး၏၊ မလ္လိကာ ဤဆိုခဲ့ပြီးသည်ကား (ထိုသို့ဖြစ်ခြင်း၏) အကြောင်း အထောက်အပံ့ပေတည်း ဟု (မိန့်တော်မူ၏)။

ဤသို့ ဟောတော်မူသော် မလ္လိကာမိဖုရားသည် မြတ်စွာဘုရားအား ဤစကားကို **လျှောက်၏—** အသျှင်ဘုရား အကျွန်ုပ်သည် တပါးသော ဘဝ၌ **အမျက်ကြီးဘူးခဲ့လေယောင်တကား၊ စိတ်ပင်ပန်း ခြင်း** များခဲ့လေယောင်တကား၊ အနည်းငယ် ပြောဆိုကာမျှဖြင့်လည်း ငြိုကပ်တတ်ခဲ့လေယောင် တကား၊ အမျက်ထွက်ခဲ့လေယောင်တကား၊ ဖောက်ပြန်ခဲ့လေယောင်တကား၊ ရန်ငြိုးထားခဲ့လေ **ယောင် တကား**၊ စိတ်ဆိုးခြင်းကိုရင်း အမျက်ထွက်ခြင်းကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာပြုဘူး **ခဲ့လေယောင်တကား**၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ယခုဘဝ၌ အဆင်းမလှ၊ အသွင်မကောင်း၊ **ရှုချင်ဖွယ် မရှိ**။

အသျှင်ဘုရား အကျွန်ုပ်သည် တပါးသော ဘဝ၌ သမဏအားဖြစ်စေ ပြာဟ္မဏအားဖြစ်စေ ဆွမ်းကိုရင်း အဖျော်ကိုရင်း အဝတ်သက်နန်းကိုရင်း ယာဉ်ကိုရင်း ပန်းကိုရင်း နံ့သာကိုရင်း နံ့သာ ပျောင်းကိုရင်း အိပ်ရာ နေရာကိုရင်း **ဆီမီးအဆောက်အဦကိုရင်း** လှူဘူးခဲ့လေယောင်တကား၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ဤယခုဘဝ၌ ကြွယ်ဝပါ၏၊ များသော ဥစ္စာရှိပါ၏၊ များသော **အသုံးအဆောင်ရှိပါ၏**။

အသျှင်ဘုရား အကျွန်ုပ်သည် တပါးသော ဘဝ၌ ငြူစူစိတ် မရှိယောင်တကား၊ သူတပါး**တို့** လာဘ်ရခြင်း အရိုအသေပြုခံရခြင်း အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း အပူဇော်ခံရခြင်း တို့၌ မငြူစူဘဲ မပြစ်မှားတတ် ငြူစူခြင်းဖြင့် မနှောင်ဖွဲ့တတ်သည် ဖြစ်ခဲ့ဘူးယောင်တကား၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ဤဘဝ၌ တန်ခိုးကြီးပါ၏။ အသျှင်ဘုရား ဤမင်း၏ နန်းတော်၌ အကြင် မင်းသမီးတို့သည်ရင်း ပုဏ္ဏားသတို့သမီးတို့သည်ရင်း သူကြွယ်သတို့သမီးတို့သည်ရင်း ရှိပါကုန် ၏၊ အသျှင်ဘုရား **ထိုအကျွန်ုပ်သည် ထိုသတို့သမီးအပေါင်းတို့ကို အစိုးရခြင်းဖြင့် အကြီးအမှူးအဖြစ်** ကို ပြုရပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ယနေ့မှစ၍ အမျက်မကြီးတော့ပါအံ့၊များသော စိတ်ပင် ပန်းခြင်း မရှိတော့ပါအံ့၊ များစွာ ဆိုပါသော်လည်း မကပ်ငြိပါအံ့၊ အမျက်မထွက်ပါအံ့၊ မဖောက်ပြန်ပါ အံ့၊ရန်ငြိုး မထားပါအံ့၊ စိတ်ဆိုးခြင်းကိုရင်း အမျက်ထွက်ခြင်း**ကိုရင်း** မနှစ်သက်ခြင်းကိုရင်း ထင်စွာမပြု ပါအံ့။ သမဏအားဖြစ်စေ ပြာဟ္မဏအားဖြစ်စေ ဆွမ်းကိုရင်း အဖျော်ကိုရင်း အဝတ်သက်နန်းကိုရင်း ယာဉ်ကိုရင်း ပန်းကိုရင်း နံ့သာကိုရင်း နံ့သာပျောင်းကိုရင်း အိပ်ရာနေရာကိုရင်း ဆီမီးအဆောက်အဦ **ကိုရင်** ပေးလှူပါအံ့၊ ငြူစူစိတ် မဖြစ်တော့ပါအံ့၊သူတပါးတို့ လာဘ်ရခြင်း အရိုအသေပြုခံရခြင်း အလေးပြုခံရခြင်း မြတ်နိုးခံရခြင်း ရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့၌ မငြူစူပါအံ့ မပြစ်မှားပါအံ့၊

http://www.dhammadownload.com



ငြူစူခြင်းဖြင့် မဖွဲ့ပါအံ့။ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသိကာဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

သတ္တမသုတ်။

## ၈-အတ္တန္တပသုတ်

၁၉၈။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးယောက်တို့သည် ထင်ရှား ရှိကုန်၏။ အဘယ် လေးယောက်တို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန် စေတတ်၏၊ မိမိကိုယ်ကို ပူပန်စေခြင်း၌ အားထုတ်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ် သည် သူတပါးတို့ကို ပူပန်စေတတ်၏၊ သူတပါးတို့ကို ပူပန်စေခြင်း၌ အားထုတ်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း ပူပန်စေတတ်၏၊ မိမိကိုယ်ကို ပူပန်စေ ခြင်း၌လည်း အားထုတ်၏။ သူတပါးကိုလည်း ပူပန်စေတတ်၏၊ သူတပါးကို ပူပန်စေခြင်း၌လည်း အားထုတ်၏။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန်စေတတ်၊ မိမိကိုယ်ကို ပူပန်စေခြင်း၌လည်း အားမထုတ်၊ သူတပါးကိုလည်း မပူပန်စေတတ်၊ သူတပါးကို ပူပန် စေခြင်း၌လည်း အားမထုတ်၊ မိမိကိုယ်ကို မပူပန်စေတတ်သော သူတပါးကိုလည်း မပူပန်စေတတ် သော ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌သာလျှင် ဆာလောင်ခြင်း တဏှာမရှိသည် (ကိလေသာမှ) ငြိမ်းအေးသည် အေးချမ်းသည်ဖြစ်၍ (စျာန် မဂ် ဖိုလ် နိဗ္ဗာန်)ချမ်းသာကို ခံစားလျက် မြတ်သော အတ္တဘောဖြင့် နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်စေတတ်သူ မိမိကိုယ်ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အဝတ်မဝတ်ပဲ နေ၏။ လွတ်လပ်စွာ ကျင့်၏၊ လက်ဖြင့် မစင်ကို သုတ်လေ့ရှိ၏၊ အသျှင် လာပါလော့ ဆိုသူ၏ ဆွမ်းကို မခံ၊ အသျှင် ရပ်ပါဦးလော့ဆိုသူ၏ ဆွမ်းကို မခံ၊ မိမိ မကပ်ရောက်မီ ယူဆောင်လာသော ဆွမ်းကို မခံ၊ ရည်စူး၍ ပြုသော ဆွမ်းကို မခံ၊ ပင့်ဖိတ်သော ဆွမ်းကို မခံ၊ အိုးဝမှ (ကော်၍ လောင်းသော) ဆွမ်းကို မခံ၊ တောင်းဝမှ (ကော်၍ လောင်းသော)ဆွမ်းကို မခံ၊ တခါးခုံခြား၍ (လောင်းသော) ဆွမ်းကို မခံ၊ တုတ်ခြား၍ (လောင်းသော) ဆွမ်းကို မခံ၊ ကျည်ပွေ့ခြား၍ (လောင်းသော) ဆွမ်းကို မခံ၊ နှစ်ယောက်စားနေစဉ်(ထ၍လောင်းသော)ဆွမ်းကို မခံ၊ ကိုယ်ဝန်ဆောင်မိန်းမ(လောင်းသော) ဆွမ်းကိုမခံ၊ နို့တိုက်ဆဲမိန်းမ(လောင်းသော) ဆွမ်းကို မခံ၊ ယောကျ်ားနှင့် နီးနှောနေသော မိန်းမ (လောင်းသော) ဆွမ်းကိုမခံ၊ ဆော်အောစုပေါင်း၍ လောင်းသော ဆွမ်းတို့ကို မခံ၊ ခွေးမျှော် နေရာမှ ဆွမ်းကို မခံ၊ ယင်အုံရာမှ ဆွမ်းကို မခံ၊ ငါး မစား အမဲ မစား၊ သေမသောက် အရက် မသောက်၊ ဖွဲ့၌မြုပ်သော ဆေးရည်ကိုမသောက်၊ တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာ စား၏၊ နှစ်အိမ် ၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာ စား၏။ပ။ ခုနစ်အိမ်၌သာ ဆွမ်းခံ၏။ ခုနစ်လုပ်သာ စား၏၊ ဆွမ်းလောင်း ခွက်ငယ် တခုအစာဖြင့်လည်း ရောင့်ရဲ၏၊ ဆွမ်းလောင်းခွက်ငယ် နှစ်ခုအစာဖြင့်လည်း ရောင့်ရဲ၏။ပ။ ဆွမ်းလောင်းခွက်ငယ် ခုနစ်ခု အစာဖြင့်လည်း ရောင့်ရဲ၏၊ တရက်ခြားလည်း အစာ စား၏၊ နှစ်ရက်ခြားလည်း အစာစား၏။ပ။ ခုနစ်ရက်ခြားလည်း အစာစား၏၊ ဤနည်းဖြင့် လခွဲ

http://www.dhammadownload.com



တကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်းအကျင့်ကို ကျင့်လျက် နေ၏။

ထိုပုဂ္ဂိုလ်သည် ဟင်းရွက်စိမ်းကိုသော်လည်း စားနေ၏၊ ပြောင်းဆန်ကိုသော်လည်း စားနေ၏၊ ကျိတ်သီးအန်ကိုသော်လည်း စားနေ၏၊ သားရေဖတ် အစအနကိုသော်လည်း စားနေ၏၊ မှော်ကိုသော်လည်း စားနေ၏၊ ဖွဲနုကိုသော်လည်း စားနေ၏၊ ထမင်းချည်းကို သော်လည်း သောက်နေ၏၊ နှမ်းမှုန့်ညက်ကိုသော်လည်း စားနေ၏၊ မြက်ကိုသော်လည်း စားနေ၏၊ နွားချေးကိုသော်လည်း စားနေ၏၊ တောသစ်မြစ် သစ်သီးကို စားသျက်မျှတ၏၊ ကြွေကျသော သစ်သီးကို စားလျက် မျှတ၏။

ထိုပုဂ္ဂိုလ်သည် ပိုက်ဆံလျှော်အဝတ်တို့ကိုလည်း ဝတ်၏၊ ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်တို့ကိုလည်း ဝတ်၏၊ လူသေကောင်မှ အဝတ်တို့ကိုလည်း ဝတ်၏၊ ပံ့သုကူအဝတ်တို့ကိုလည်း ဝတ်၏၊ သစ်ခေါက်အဝတ်တို့ကိုလည်း ဝတ်၏၊ သစ်နက်ရေကိုလည်း ဝတ်၏၊ သစ်နက်ရေမျှင် အဝတ်ကိုလည်း ဝတ်၏၊ သမန်းမြက်အဝတ်ကိုလည်း ဝတ်၏၊ လျှော်တေအဝတ်ကိုလည်း ဝတ်၏၊ ပျဉ်ချပ်အဝတ်ကိုလည်း ဝတ်၏၊ ဆံခြည်ကမ္ဗလာကိုလည်း ဝတ်၏၊ သားမြီးကမ္ဗလာကိုလည်း ဝတ်၏၊ ခင်ပုပ်ငှက်တောင် အဝတ်ကိုလည်း ဝတ်၏၊ ဆံမုတ်ဆိတ်ကိုလည်း နုတ်၏၊ ဆံမုတ်ဆိတ်နုတ်ခြင်း အမှုကိုလည်း အားထုတ်၏၊ ထိုင်ရန် နေရာကိုပယ်၍ ရပ်လျက်လည်း နေ၏၊ ဆောင့်ကြောင့်လည်း ထိုင်၏၊ ဆောင့်ကြောင့်ထိုင်နေခြင်း အမှုကိုလည်း အားထုတ်၏၊ ဆူးအခင်းအပေါ်၌လည်း နေ၏၊ ဆူးအခင်းပေါ်၌ အိပ်၏၊ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကို အားထုတ်နေ၏။ ဤနည်းဖြင့် ဤသို့သဘောရှိသော များပြားသောကိုယ်ကို လွန်စွာ ပူပန်စေခြင်း အဖန်တလဲလဲ ပူပန်စေခြင်း၌ အားထုတ်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူ မိမိကိုယ်ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် သူတပါးတို့ကို ပူပန်စေတတ်သူ သူတပါးတို့ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ ဖြစ်သနည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သိုးကို သတ်၏၊ ဝက်ကို သတ်၏၊ ငှက်ကို သတ်၏၊ သားကို သတ်၏၊ ကြမ်းကြုတ်၏၊ ငါးကို သတ်၏၊ ခိုးတတ်၏၊ ခိုးသူကို သတ်တတ်၏၊ နွားကိုသတ်တတ်၏၊ နှောင်အိမ် အချုပ်(ထောင်)ကို စောင့်ဟတ်၏၊ ထိုမှ တပါးကုန်သော ခပ်သိမ်း ကုန်သော ကြမ်းကြုတ်သော အမှုတို့ကို ပြု၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် သူတပါးတို့ကို ပူပန်စေတတ်သူ သူတပါးတို့ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်စေတတ် မိမိကိုယ်ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူဖြစ်၍ သူတပါးကို ပူပန်စေတတ်သူ သူတပါးကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ ဖြစ်သနည်း၊ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ရေမြေကို အစိုးရသော ဦးထိပ်၌ အဘိသိက်သွန်းလောင်းအပ်ပြီးသော မင်းသော်လည်း ဖြစ်၏၊ များစွာ ဥစ္စာနှစ်ရှိသော ပုဏ္ဏားသော်လည်း ဖြစ်၏၊ ထိုသူသည် မြို့၏ အရှေ့အရပ်၌ ယဇ်တင်းကုပ်အသစ်ကို ပြုစေ၍ ဆံမုတ်ဆိတ်ကို ပယ်စေ၍ ခွါနှင့်တကွသော သစ်နက်ရေကို ဝတ်၍ ထောပတ်ဆီဖြင့် ကိုယ်ကို သုတ်လိမ်း၍ သားချိုဖြင့် ကျောက်ကုန်းကို အယားဖျောက်လျက် ယဇ်တင်းကုပ်သို့ မိဖုရား ပုရောဟိတ်ပုဏ္ဏားနှင့် အတူဝင်၏။ ထိုသူသည် ထို ယဇ်တင်းကုပ်၌ အခင်းမရှိသော နွားချေးစိုဖြင့် လိမ်းကျံအပ်သော မြေ၌ အိပ်၏၊ အမိနှင့်အဆင်းတူသော နွားငယ်ရှိသော တကောင်သော နွားမ၏ တခုသော နို့၌ အကြင်နို့ရည်သည် ရှိ၏၊ ယင်းနို့ရည်ဖြင့် မင်းသည် မျှတ၏၊နှစ်ခုမြောက်သော နို့၌ အကြင်နို့ရည်သည် ရှိ၏၊

http://www.dhammadownload.com



ယင်းနို့ရည်ဖြင့် မိဖုရားသည် မျှတ၏၊ သုံးခုမြောက်သော နို့၌ အကြွင်နို့ရည်သည် ရှိ၏၊ ယင်းနို့ရည်ဖြင့် ပုရောဟိတ်ပုဏ္ဏားသည် မျှတ၏၊ လေးခုမြောက်သော နို့၌ အကြွင်နို့ရည်သည် ရှိ၏၊ ယင်းနို့ရည်ဖြင့် မီးပူဇော်၏၊ ကြွင်းသော နို့ရည်ဖြင့် နွားငယ်သည် မျှတ၏။ ထိုမင်းသည် ဤသို့ဆို၏ "ဤမျှလောက်ကုန်သော နွားလားတို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော့၊ ဤမျှလောက်ကုန်သော နွားငယ်တို့ ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော့၊ ဤမျှလောက်ကုန်သော နွားမငယ်တို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော့၊ ဤမျှလောက်ကုန်သော ဆိတ်တို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော့၊ဤမျှလောက်ကုန်သော သိုးတို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော့၊ဤမျှလောက်ကုန်သော မြင်းတို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော့၊ ဤမျှလောက်ကုန်သော သစ်ပင်တို့ကို ယဇ်တိုင်အလို့ငှါ ဖြတ်ကြကုန်လော့၊ ဤမျှလောက်ကုန်သော နေဇာမြက်တို့ကို ယဇ်ပူဇော်ရန် အကာအရံနှင့် ယဇ်ပူဇော်ရာ မြေအခင်းပြုရန်အလို့ငှါ ရိတ်ဖြတ်ကြကုန်လော့" ဟု (ဆို၏)။ ထိုမင်းအား ကျွန် အစေ အပါး အမှုလုပ်တို့သည်လည်း မင်းဒဏ်ဖြင့် ခြိမ်းချောက်အပ် ဘေးဖြင့် ခြိမ်းချောက်အပ်ကုန်သည် ဖြစ်၍ မျက်ရည်ရွှဲစို ငိုယိုကုန်လျက် ယဇ်ပူဇော်ရန် အသိုင်းအဝိုင်းတို့ကို ပြုကုန်၏။ ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်စေတတ် မိမိကိုယ်ကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ ဖြစ်၍ သူတပါးကို ပူပန်စေတတ် သူတပါးကို ပူပန်စေခြင်း၌ အားထုတ်တတ်သူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန်စေတတ် မိမိကိုယ်ကို ပူပန်စေခြင်း၌လည်း အားမထုတ်တတ်သူဖြစ်၍ သူတပါးကိုလည်း မပူပန်စေတတ် သူတပါးကို ပူပန်စေခြင်း၌လည်း အားမထုတ်တတ်သူ ဖြစ်သနည်း၊မိမိကိုယ်ကို မပူပန်စေတတ် သူတပါးကိုလည်း မပူပန်စေတတ်သော ထိုပုဂ္ဂိုလ်သည် မျက်မှောက် ဘဝ၌သာလျှင် ဆာလောင်ခြင်း တဏှာမရှိသည် (ကိလေသာတို့မှ) ငြိမ်းအေးသည် ချမ်းသာသည်ဖြစ်၍ ချမ်းသာကို ခံစားလျက် မြတ်သော အတ္တဘောဖြင့် နေသနည်း ဟူမူ—ရဟန်းတို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်နှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော(သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူလာ၏။ ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ် လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူလောကကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုတရားတော်ကို သူကြွယ်သည်ငှင်း သူကြွယ်သားသည်ငှင်း အခြားဇာတ်တမျိုးမျိုး၌ ဖြစ်သော သူသည်ငှင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရသောကြောင့် မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ထိုယုံကြည်မှုကို ရခြင်းနှင့် ပြည့်စုံသည် ဖြစ်၍ ဤသို့ ဆင်ခြင်၏—"လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ) မြူ ထရာ လမ်းကြောင်း ဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့် တူ၏၊ လူ့ဘောင်၌ နေရသူသည် ဤမြတ်သော အကျင့်ကို စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်း ပွတ်သစ်နှင့် တူစွာ ကျင့်ခြင်းငှါ မလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု)ရမူ ကောင်းလေစွ"

http://www.dhammadownload.com



(ဟုဆင်ခြင်၏)။ ထိုသူသည် နောင်အခါ၌ နည်းသော ဉစ္စာစုကို စွန့်၍ဖြစ်စေ များသော ဉစ္စာစုကို စွန့်၍ဖြစ်စေ နည်းသော ဆွေမျိုးကို စွန့်၍ဖြစ်စေ များသော ဆွေမျိုးစဉ်ဆက်ကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်ဘို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု)၏။

ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ရဟန်းတို့၏ အဓိသီလသိက္ခာ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ် (သာဇီဝ)သို့ ရောက်သည် ဖြစ်၍ အသက်သတ်ခြင်းကို ပယ်လျက် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီးဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။ မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သော ကိုယ်ဖြင့် နေ၏။ မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်၏၊ ယုတ်သော အကျင့်ကို ကျင့်လေ့ မရှိ၊ ရွာသူတို့၏အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။ မမှန်ပြောခြင်းကိုပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သော စကားချင်း ဆက်စပ်စေ၏၊ တည်သောစကား ရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်။ ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ ကွဲပြားခြင်းငှါ ဤသူ့ထံမှ နားထောင်၍ ထိုသူ့ထံ၌ မပြောတတ်၊ ထိုသူတို့ ကွဲပြားခြင်းငှါ ထိုသူ့ထံမှ နားထောင်၍ ဤသူ့ထံ၌ မပြောတတ်၊ ဤသို့ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုလေ့ရှိ၏။ ကြမ်းထမ်းသောစကားကို ပယ်၍ ကြမ်းထမ်းသော စကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့ သက်ဝင်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့သဘောရှိသော စကားကိုသာ ဆို၏။ ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော) အခါ၌ အကြောင်းနှင့် တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့် စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

ထိုသူသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲသောအခါစားခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်း လိမ်းခြင်းမှ ရှောင်ကြဉ်၏၊ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆိတ်နှင့် သိုးတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကြက် ဝက်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆင် နွား မြင်း မြည်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ လယ်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ချိန်တွယ်ဘိုင်းတာစဉ်းလဲခြင်းမှ ရှောင်ကြဉ်၏၊ တံစိုးယူခြင်း လှည့်ဖြား ခြင်း အတုပြုခြင်း ဟူသော ကောက်ကျစ်ခြင်းတို့မှ ရှောင်ကြဉ်၏၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း

http://www.dhammadownload.com



ခရီးသွားတို့ကို လုယက်ခြင်း ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း ဖေးပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။ ထိုရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်း ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာမျှသာရှိသဖြင့်)တပါတည်း ယူပြီးဖြစ်၍ သာလျှင် သွား၏၊ ဥပမာသော်ကား အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံ၏။ ဤအတူ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာ မျှသာ ရှိသဖြင့်) တပါတည်း ယူပြီးဖြစ်၍ သာလျှင် သွား၏၊ မြတ်သော ဤသီလအစုနှင့် ပြည့်စုံသော ထိုရဟန်းသည် မိမိသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစားရ၏။

ထိုရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ'ကိုမြင်သော် (ယောကျ်ား မိန်းမစသော)သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်းစက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ ထို့ကြောင့် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းသော်။ပ။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သိသော်။ပ။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ' ကို သိသော် (ယောကျ်ား မိန်းမစသော) အမှတ်နိမိတ်ကို စွဲယူလေ့ မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ)အမှတ်သက္ခဏာကို စွဲယူလေ့ မရှိ၊ အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း မနိန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ'နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို မစောင့်စည်းသူကို လိုက်၍ နှိပ်စက် ကုန်ရာ၏။ ထို့ကြောင့် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည် ဖြစ်၍ မိမိသန္တာန်၌ ကိလေသာနှင့် မရောသော ချမ်းသာကို ခံစားရ၏။

ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ် နေရာ ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။

ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည် ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည် ဤမြတ်သော အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။ ထိုရဟန်းသည် ဆွမ်းခံရာမှပြန်ခဲ့၍ ဆွမ်းစားပြီး

http://www.dhammadownload.com



နောက် ထက်ဝယ်ဖွဲ့ ခွေပြီးလျှင်ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့် နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာမှ' စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုခြင်း 'ဒေါသ'ကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီအပွါးကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုခြင်း 'ဒေါသ'မှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အောက်မေ့မှုသတိ ဆင်ခြင်ဉာဏ်သမ္ပဇဉ်ရှိသည် အလင်းရောင်ကို မှတ်ခြင်းရှိသည် ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည် မပျံ့လွင့်သည် ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တဖန် ပူပန်ချခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည် ကုသိုလ်တရားတို့၌ ဘယ်သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။ ထိုရဟန်းသည် စိတ်၏ ညစ်ညူးကြောင်း ဖြစ်ကုန်သော ပညာ၏ အားနည်း ခြင်းကို ပြုတတ်ကုန်သော ဤအပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်၍ ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် အညစ်အကြေး မရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ် အလို့ငှါ။ပ။ သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတဉာဏ်' အလို့ငှါ။ပ။ အာသဝေါတရားတို့ကို ကုန်စေသော အာသဝက္ခယဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ "ဤကား ဆင်းရဲဖြစ်ခြင်း၏ အကြောင်းတည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း"ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤသည်တို့ကား အာသဝေါတရားတို့တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား အာသဝေါတရားတို့ဖြစ်ခြင်း၏ အကြောင်းတည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား အာသဝေါတရားတို့ချုပ်ရာ (နိဗ္ဗာန်) တည်း"ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ "ဤကား အာသဝေါတရားတို့ ချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်မှန်သော အတိုင်း သိ၏။

ဤသို့ သိသော ဤသို့မြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ"ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏။ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို မပူပန်စေတတ် မိမိ ကိုယ်ကို မပူပန်စေခြင်း၌ အားမထုတ်တတ်သူ ဖြစ်၍ သူတပါးကို မပူပန်စေတတ် သူတပါးကို ပူပန်စေခြင်း၌ အားမထုတ်တတ်သူဖြစ်၏၊ မိမိကိုယ်ကို မပူပန်စေတတ် သူတပါးကို မပူပန်စေတတ်သော ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင်လျှင်

http://www.dhammadownload.com



ဆာလောင်ခြင်း တဏှာမရှိသည် (ကိလေသာတို့မှ) ငြိမ်းအေးသည် အေးချမ်းသည် ဖြစ်၍ နိဗ္ဗာန်ချမ်းသာကို ခံစားလျက် မြတ်သော အတ္တဘောဖြင့် နေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်လေးယောက်တို့သည် လောက၌ ထင်ရှား ရှိကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-တဏှာသုတ်

၁၉၉။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏— "ရဟန်းတို့ အကြင်တဏှာသည် လှမ်းမိုး ဖျက်ဆီးအပ် ထက်ဝန်းကျင် မြေ့ယှက်အပ်သောကြောင့် ရက်ကန်းချည်ထွေးကဲ့သို့ရှင်း စာပေါင်းသိုက်ကဲ့သို့ရှင်း ဖြူဆံမြက် ပြိန်းမြက်ကဲ့သို့ရှင်း ဖြစ်နေသော ဤသတ္တလောကသည် ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော သံသရာကို မလွန်မြောက်နိုင်၊ ကွန်ရက်နှင့်တူသော ရွှေပြောင်း လှည့်လည်တတ် ပျံ့နှံ့တတ် ကပ်ငြိတတ်သော ထိုတဏှာကို သင်တို့အား ဟောကြားမည်၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့"ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏—

ရဟန်းတို့ အကြင်တဏှာသည် လှမ်းမိုးဖျက်ဆီးအပ် ထက်ဝန်းကျင် မြေ့ယှက်အပ်သောကြောင့် ရက်ကန်းချည်ထွေးကဲ့သို့ရှင်း စာပေါင်းသိုက်ကဲ့သို့ရှင်း ဖြူဆံမြက် ပြိန်းမြက်ကဲ့သို့ရှင်း ဖြစ်နေသော ဤသတ္တလောကသည် ချမ်းသာကင်းသော မကောင်းသော လားရာပျက်စီး၍ ကျရာဖြစ်သော သံသရာကို မလွန်မြောက်နိုင်၊ ကွန်ရက်နှင့်တူသော ရွှေပြောင်း လှည့်လည်တတ် ပျံ့နှံ့တတ် ကပ်ငြိတတ်သော ထိုတဏှာဟူသည် အဘယ်နည်း၊ ရဟန်းတို့ တဆယ့်ရှစ်ပါးကုန်သော ဤတဏှာဝိစရိုက်တို့သည် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ခန္ဓာငါးပါးကို စွဲ၍ ဖြစ်ကုန်၏၊ တဆယ့်ရှစ်ပါးကုန်သော ဤတဏှာဝိစရိုက်တို့သည် အပသန္တာန်၌ ဖြစ်သော ခန္ဓာငါးပါးကို စွဲ၍ ဖြစ်ကုန်၏။

အတွင်းသန္တာန်၌ ဖြစ်သော ခန္ဓာငါးပါးကို စွဲ၍ ဖြစ်ကုန်သော တဆယ့်ရှစ်ပါးကုန်သော တဏှာဝိစရိုက်တို့သည် အဘယ်နည်း။ ရဟန်းတို့ (အတွင်း သန္တာန်၌ ခန္ဓာရှိလတ်သော်) "ငါသည် ဖြစ်၏"ဟု (တဏှာ မာန ဒိဋ္ဌိ၏အစွမ်းအားဖြင့်) စွဲယူ၏၊ (ဤသို့ ခန္ဓာငါးပါးကို ငါဟူ၍ စွဲယူလတ်သော်) "ငါသည် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်၏"ဟု စွဲယူ၏၊ ဤသို့ (ခန္ဓာငါးပါးကို စွဲယူလတ်သော်) "ငါသည် ဤသူတို့နှင့် တူ၏" ဟု စွဲယူ၏၊ (ဤသို့ ခန္ဓာငါးပါးကို ငါဟူ၍ စွဲယူလတ်သော်) "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏"ဟု စွဲယူ၏။ "ငါသည် အမြဲတည်၏"ဟု စွဲယူ၏၊ "ငါသည် အမြဲ မတည်"ဟု စွဲယူ၏၊ (အဇ္ဈတ္တ ခန္ဓာငါးပါး ရှိလတ်သော်) "ငါသည် ဖြစ်လေသလော"ဟု စွဲယူ၏၊ "ငါသည် ဤသို့သော အခြင်းအရာရှိသည် ဖြစ်လေသလော"ဟု စွဲယူ၏၊ "ငါသည် ဤသူတို့နှင့် တူလေသလော"ဟု စွဲယူ၏၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေသလော"ဟု စွဲယူ၏။ (အတွင်းသန္တာန်၌ ခန္ဓာငါးပါး ရှိလတ်သော်) "ငါသည် ဖြစ်ပါမူကား ကောင်းလေစွ"ဟု စွဲယူ၏၊ "ငါသည် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ"ဟု စွဲယူ၏၊ "ငါသည် ဤသူတို့နှင့် တူပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည် တပါးသော

http://www.dhammadownload.com



အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ”ဟု စွဲယူ၏။ (အတွင်းသန္တာန်၌ ခန္ဓာငါးပါးရှိလတ်သော်) “ငါသည် ဖြစ်လတ္တံ့”ဟု စွဲယူ၏၊ “ငါသည် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့” ဟု စွဲယူ၏၊ “ငါသည် ဤသူတို့နှင့် တူသည်ဖြစ်လတ္တံ့”ဟု စွဲယူ၏၊ “ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့”ဟု စွဲယူ၏။ အတွင်းသန္တာန်၌ ခန္ဓာငါးပါးကို စွဲ၍ တဆယ့်ရှစ်ပါးသော ဤတဏှာဝိစရိုက်တို့သည် ဖြစ်ကုန်၏။

အပသန္တာန် ဖြစ်သော ခန္ဓာငါးပါးကို စွဲ၍ ဖြစ်သော တဆယ့်ရှစ်ပါးသော တဏှာ ဝိစရိုက်တို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ (အပသန္တာန်၌ ဖြစ်သော ခန္ဓာငါးပါးရှိလတ်သော်) “ငါသည် ဤခန္ဓာဖြင့် ဖြစ်၏”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်၏” ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဤသူဘို့နှင့် တူ၏” ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏”ဟုစွဲယူ၏။ “ငါသည် ဤခန္ဓာဖြင့် အမြဲတည်၏”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် အမြဲ မတည်” ဟု စွဲယူ၏။ “ငါသည် ဤခန္ဓာဖြင့် ဖြစ်လေသလော”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာရှိသည် ဖြစ်လေသလော”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူလေသလော” ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေသလော” ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဖြစ်ပါမူကား ကောင်းလေစွ”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာ ရှိပါမူကား ကောင်းလေစွ”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူပါမူကား ကောင်းလေစွ”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ” ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဖြစ်လတ္တံ့” ဟု စွဲယူ၏၊ “ငါသည်ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာရှိသည် ဖြစ်လတ္တံ့”ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူလတ္တံ့” ဟု စွဲယူ၏၊ “ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့” ဟု စွဲယူ၏။ အပသန္တာန်၌ ခန္ဓာငါးပါးကို စွဲ၍ တဆယ့်ရှစ်ပါးကုန်သော ဤတဏှာဝိစရိုက်တို့သည် ဖြစ်ကုန်၏။

ဤသို့ အတွင်းသန္တာန်၌ ခန္ဓာငါးပါးကို စွဲ၍ တဆယ့်ရှစ်ပါးသော တဏှာဝိစရိုက်တို့သည် ဖြစ်ကုန်၏။ အပသန္တာန်၌ ခန္ဓာငါးပါးကို စွဲ၍ တဆယ့်ရှစ်ပါးသော တဏှာဝိစရိုက်တို့သည် ဖြစ်ကုန်၏။ ရဟန်းတို့ ဤတဏှာဝိစရိုက်တို့ကို သုံးဆယ့်ခြောက်ပါးသော တဏှာ ဝိစရိုက်တို့ ဟူ၍ ဆိုအပ်ကုန်၏၊ ဤအတူပင် ဤသို့သဘော ရှိကုန်သော အတိတ်ကာလ၌ဖြစ်ကုန်သော သုံးဆယ့်ခြောက်ပါးကုန်သော တဏှာဝိစရိုက်တို့ရင်း အနာဂတ်ကာလ၌ ဖြစ်ကုန်သော သုံးဆယ့်ခြောက်ပါးကုန်သော တဏှာဝိစရိုက်တို့ရင်း ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သော သုံးဆယ့်ခြောက်ပါးကုန်သော တဏှာဝိစရိုက်တို့ရင်း ဤသို့ တရာ့ရှစ်ပါးကုန်သော တဏှာဝိစရိုက်တို့သည် ဖြစ်ကုန်၏။

ရဟန်းတို့ အကြင်တဏှာသည် လွှမ်းမိုး ဖျက်ဆီးအပ် ထက်ဝန်းကျင် မြေးယှက်အပ်သည် ဖြစ်သောကြောင့် ရက်ကန်းချည်ခွေးကဲ့သို့ရင်း စာပေါင်းသိုက်ကဲ့သို့ရင်း ဖြူဆံမြက် ဗြိန်းမြက်ကဲ့သို့ရင်း ဖြစ်နေသော ဤသတ္တလောကသည် ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော သံသရာကို မလွန်မြောက်နိုင်၊ ကွန်ရက်နှင့်တူသော ရွေ့ပြောင်း လှည့်လည်တတ်သော ပျံ့နှံ့တတ် ကပ်ငြိတတ်သော တဏှာဟူသည် ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ပေမသုတ်

၂၀၀။ ရဟန်းတို့ ဤချစ်မြတ်နိုးခြင်းလေးမျိုးတို့သည် ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ချစ်မြတ်နိုးခြင်း 'ပေမ'ကြောင့် ချစ်မြတ်နိုးခြင်း 'ပေမ'သည် ဖြစ်၏။ ချစ်မြတ်နိုးခြင်း 'ပေမ' ကြောင့် အမျက်ထွက်ခြင်း 'ဒေါသ'သည် ဖြစ်၏။ အမျက်ထွက်ခြင်း 'ဒေါသ'ကြောင့် ချစ်မြတ်နိုးခြင်း 'ပေမ'သည် ဖြစ်၏။ အမျက်ထွက်ခြင်း 'ဒေါသ'ကြောင့် အမျက်ထွက်ခြင်း 'ဒေါသ'သည် ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ချစ်မြတ်နိုးခြင်းကြောင့် ချစ်မြတ်နိုးခြင်း ဖြစ်သနည်း။ ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်(တယောက်)သည် ပုဂ္ဂိုလ်(တယောက်)ကို အလိုရှိအပ်၏၊ နှစ်သက်အပ်၏၊ မြတ်နိုးအပ်၏၊ ထို(ပုဂ္ဂိုလ် ချစ်နှစ်သက်အပ်)သူကို တပါးသူတို့သည် အလိုရှိအပ်သော နှစ်သက်အပ်သော မြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏၊ ထိုပုဂ္ဂိုလ်အား ဤသို့သော အကြံသည် ဖြစ်၏၊ "ငါသည် အကြင်ပုဂ္ဂိုလ်ကို အလိုရှိအပ်၏၊ နှစ်သက်အပ်၏၊ မြတ်နိုးအပ်၏၊ ထိုပုဂ္ဂိုလ်ကို တပါးသူတို့သည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏"ဟု (အကြံသည် ဖြစ်၏)။ ထို(ချစ်နှစ်သက်သော)ပုဂ္ဂိုလ်သည် ထိုပြောဆိုသူတို့၌ ချစ်မြတ်နိုးခြင်းကို ဖြစ်စေ၏။ ရဟန်းတို့ ဤသို့လျှင် ချစ်မြတ်နိုးခြင်းကြောင့် ချစ်မြတ်နိုးခြင်းသည် ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ချစ်မြတ်နိုးခြင်းကြောင့် အမျက်ထွက်ခြင်း ဖြစ်သနည်း။ ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်(တယောက်)သည် ပုဂ္ဂိုလ်(တယောက်)ကို အလိုရှိအပ်၏၊ နှစ်သက်အပ်၏၊ မြတ်နိုးအပ်၏၊ ထို(ပုဂ္ဂိုလ် ချစ်နှစ်သက်အပ်)သူကို တပါးသူတို့သည် အလိုမရှိအပ်သော မနှစ်သက်အပ်သော မမြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏၊ ထိုပုဂ္ဂိုလ်အား ဤသို့သော အကြံသည် ဖြစ်၏၊ "ငါသည် အကြင်ပုဂ္ဂိုလ်ကို အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်၏၊ ထိုပုဂ္ဂိုလ်ကို တပါးသူတို့သည် အလိုမရှိအပ်သော မနှစ်သက်အပ်သော မမြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏"ဟု (အကြံသည် ဖြစ်၏)။ ထို(ချစ်နှစ်သက်သော) ပုဂ္ဂိုလ်သည် ထိုပြောဆိုသူတို့၌ အမျက်ထွက်ခြင်းကို ဖြစ်စေ၏။ ရဟန်းတို့ ဤသို့လျှင် ချစ်မြတ်နိုးခြင်းကြောင့် အမျက်ထွက်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် အမျက်ထွက်ခြင်းကြောင့် ချစ်မြတ်နိုးခြင်း ဖြစ်သနည်း။ ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်(တယောက်သည်) ပုဂ္ဂိုလ်(တယောက်)ကို အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်၊ ထို(ပုဂ္ဂိုလ် မနှစ်သက်အပ်)သူကို တပါးသူတို့သည် အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏၊ ထိုပုဂ္ဂိုလ်အား ဤသို့သော အကြံသည် ဖြစ်၏၊ "ငါသည် အကြင်ပုဂ္ဂိုလ်ကို အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်၊ ထိုပုဂ္ဂိုလ်ကို တပါးသူတို့သည် အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏"ဟု (အကြံသည် ဖြစ်၏)။ ထို(မနှစ်သက်သော)ပုဂ္ဂိုလ်သည် ထိုပြောဆိုသူတို့၌ ချစ်မြတ်နိုးခြင်းသည် ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် အမျက်ထွက်ခြင်းကြောင့် ချစ်မြတ်နိုးခြင်းသည် ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် အမျက်ထွက်ခြင်းကြောင့် အမျက်ထွက်ခြင်းသည် ဖြစ်သနည်း။ ရဟန်းတို့ ဤလောက၌ ပုဂ္ဂိုလ်(တယောက်)သည် ပုဂ္ဂိုလ်(တယောက်)ကို အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်၊ ထို(ပုဂ္ဂိုလ် မနှစ်သက်အပ်)သူကို တပါးသူတို့သည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏၊ ထိုပုဂ္ဂိုလ်အား ဤသို့သော အကြံသည် ဖြစ်၏၊ "ငါသည် အကြင်ပုဂ္ဂိုလ်ကို အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်၊ ထိုပုဂ္ဂိုလ်ကို တပါးသူတို့သည်

http://www.dhammadownload.com



အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော စကားဖြင့် ပြောဆိုကုန်၏”ဟု (အကြံသည် ဖြစ်၏)။ ထို (မနှစ်သက်သော) ပုဂ္ဂိုလ်သည် ထိုပြောဆိုသူတို့၌ အမျက်ထွက်ခြင်းကို ဖြစ်စေ၏။ ရဟန်းတို့ ဤသို့လျှင် အမျက်ထွက်ခြင်းကြောင့် အမျက်ထွက်ခြင်းသည် ဖြစ်၏။ ရဟန်းတို့ ဤချစ်မြတ်နိုးခြင်း လေးမျိုးတို့သည် ဖြစ်ကုန်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုပုဂ္ဂိုလ်အား ချစ်မြတ်နိုးခြင်းကြောင့် အကြင် ချစ်မြတ်နိုးခြင်းသည် ဖြစ်၏၊ ထိုချစ်မြတ်နိုးခြင်းသည်လည်း ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်၊ ထိုပုဂ္ဂိုလ်အား ချစ်မြတ်နိုးခြင်းကြောင့် အကြင် အမျက်ထွက်ခြင်းသည် ဖြစ်၏၊ ထိုအမျက်ထွက်ခြင်းသည်လည်း ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်၊ ထိုပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းကြောင့် အကြင် ချစ်မြတ်နိုးခြင်းသည် ဖြစ်၏၊ ထိုချစ်မြတ်နိုးခြင်းသည်လည်း ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်၊ ထိုပုဂ္ဂိုလ်အား အမျက်ထွက်ခြင်း‘ဒေါသ’ကြောင့် အကြင် အမျက်ထွက်ခြင်းသည် ဖြစ်၏၊ ထိုအမျက်ထွက်ခြင်းသည်လည်း ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ကြံစည်ခြင်း ‘ဝိတက်’သုံးသပ်ခြင်း‘ဝိစာရ’တို့၏ ချုပ်ခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍ နေ၏။ပ။ တတိယဈာန်သို့ ရောက်၍နေ၏။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ပ။ ထိုပုဂ္ဂိုလ်အား ချစ်မြတ်နိုးခြင်းကြောင့် အကြင် ချစ်မြတ်နိုးခြင်းသည် ဖြစ်၏၊ ထိုချစ်မြတ်နိုးခြင်းသည် ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်၊ ထိုပုဂ္ဂိုလ်အား ချစ်မြတ်နိုးခြင်းကြောင့် အကြင် အမျက်ထွက်ခြင်းသည် ဖြစ်၏၊ ထိုအမျက်ထွက်ခြင်းသည်လည်း ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်။ ထိုပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းကြောင့် အကြင် ချစ်မြတ်နိုးခြင်းသည် ဖြစ်၏၊ ထိုချစ်မြတ်နိုးခြင်းသည်လည်း ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်၊ ထိုပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းကြောင့် အကြင် အမျက်ထွက်ခြင်းသည် ဖြစ်၏၊ ထို အမျက်ထွက်ခြင်းသည်လည်း ထိုပုဂ္ဂိုလ်အား ထိုအခါ၌ မဖြစ်။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော ‘အရဟတ္တဖိုလ်’စိတ်နှင့် လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ပြုလျက် ရောက်၍ နေ၏၊ ထိုပုဂ္ဂိုလ်အား ချစ်မြတ်နိုးခြင်းကြောင့် အကြင်ချစ်မြတ်နိုးခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ထိုချစ်မြတ်နိုးခြင်းကိုလည်း ပယ်အပ်၏၊ အမြစ်ရင်းကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန်မဖြစ်ခြင်းကို ပြုအပ်၏၊ နောင်အခါ မဖြစ်ခြင်းသဘော ရှိ၏။ ထိုပုဂ္ဂိုလ်အား ချစ်မြတ်နိုးခြင်းကြောင့် အကြင်အမျက်ထွက်ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ထိုအမျက်ထွက်ခြင်းကိုလည်း ပယ်အပ်၏၊ အမြစ်ရင်းကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန်မဖြစ်ခြင်းကို ပြုအပ်၏၊ နောင်အခါ မဖြစ်ခြင်းသဘောရှိ၏။ ထိုပုဂ္ဂိုလ်သည် အမျက်ထွက်ခြင်းကြောင့် အကြင် ချစ်မြတ်နိုးခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်အား ထိုချစ်မြတ်နိုးခြင်းကိုလည်း ပယ်အပ်၏၊ အမြစ်ရင်းကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန်မဖြစ်ခြင်းကို ပြုအပ်၏၊ နောင်အခါ၌ မဖြစ်ခြင်း သဘောရှိ၏။ ထိုပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းကြောင့် အကြင်အမျက်ထွက်ခြင်းသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်အား ထိုအမျက်ထွက်ခြင်းကိုလည်း ပယ်အပ်၏၊ အမြစ်ရင်းကို ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်၏၊ တဖန်မဖြစ်ခြင်းကို ပြုအပ်၏၊ နောင်အခါ မဖြစ်ခြင်း သဘောရှိ၏။ ရဟန်းတို့ ဤရဟန်းကို (ဒိဋ္ဌိ၏အစွမ်းအားဖြင့်)မိမိကိုယ်ကို မချီးမြှောက်သော ရဟန်း

http://www.dhammadownload.com



ဟူ၍ ဆန့်ကျင်သဖြင့် မိမိကိုယ်ကို မချီးမြှောက်သော ရဟန်းဟူ၍ (တဏှာဝိစရိုက်၏အစွမ်းဖြင့်) အခိုး မလွှတ်သော ရဟန်းဟူ၍ အလျှံမလွှတ်သော ရဟန်းဟူ၍ (ငါဟူသော မာန၏ အစွမ်းအားဖြင့်) မကြံနိုင်သော ရဟန်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည်(ဒိဋ္ဌိအစွမ်းဖြင့်)မိမိကိုယ်ကို ချီးမြှောက်သနည်း ဟူမူ— ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်ကို အတ္တအားဖြင့် အဖန်ဖန် ရှု၏၊ ရုပ်ရှိသော အတ္တကိုလည်း အဖန်ဖန် ရှု၏၊ အတ္တ၌ ရုပ်ကိုလည်း အဖန်ဖန် ရှု၏၊ ရုပ်၌ အတ္တကိုလည်း အဖန်ဖန် ရှု၏။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန် ရှု၏၊ ဝေဒနာရှိသော အတ္တကိုလည်း အဖန်ဖန် ရှု၏၊ အတ္တ၌ ဝေဒနာကိုလည်း အဖန်ဖန် ရှု၏၊ ဝေဒနာ၌ အတ္တကိုလည်း အဖန်ဖန် ရှု၏။ သညာကို အတ္တအားဖြင့် အဖန်ဖန် ရှု၏၊ သညာရှိသော အတ္တကိုလည်း အဖန်ဖန် ရှု၏၊အတ္တ၌ သညာကိုလည်း အဖန်ဖန် ရှု၏၊ သညာ၌ အတ္တကိုလည်း အဖန်ဖန် ရှု၏။ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန် ရှု၏၊ သင်္ခါရရှိသော အတ္တကိုလည်း အဖန်ဖန် ရှု၏၊ အတ္တ၌ သင်္ခါရတို့ကိုလည်း အဖန်ဖန် ရှု၏၊ သင်္ခါရတို့၌ အတ္တကိုလည်း အဖန်ဖန် ရှု၏။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန် ရှု၏၊ ဝိညာဏ် ရှိသော အတ္တကိုလည်း အဖန်ဖန် ရှု၏၊ အတ္တ၌ ဝိညာဏ်ကိုလည်း အဖန်ဖန် ရှု၏၊ ဝိညာဏ်၌ အတ္တကိုလည်း အဖန်ဖန် ရှု၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ဒိဋ္ဌိ၏အစွမ်းဖြင့်) မိမိကိုယ်ကို ချီးမြှောက်၏။

ရဟန်းတို့ အဘယ်သို့လျှင် မိမိကိုယ်ကို မချီးမြှောက်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်ကို အတ္တအားဖြင့် အဖန်ဖန် မရှု၊ ရုပ်ရှိသော အတ္တကိုလည်း အဖန်ဖန် မရှု၊ အတ္တ၌ ရုပ်ကိုလည်း အဖန်ဖန် မရှု၊ ရုပ်၌ အတ္တကိုလည်း အဖန်ဖန် မရှု။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန် မရှု၊ ဝေဒနာရှိသော အတ္တကိုလည်း အဖန်ဖန် မရှု၊ အတ္တ၌ ဝေဒနာကိုလည်း အဖန်ဖန် မရှု၊ ဝေဒနာ၌ အတ္တကိုလည်း အဖန်ဖန် မရှု။ သညာကို အတ္တအားဖြင့် အဖန်ဖန် မရှု၊ သညာရှိသော အတ္တကိုလည်း အဖန်ဖန် မရှု၊ အတ္တ၌ သညာကိုလည်း အဖန်ဖန် မရှု၊ သညာ၌ အတ္တကိုလည်း အဖန်ဖန် မရှု။ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန် မရှု၊ သင်္ခါရရှိသော အတ္တကိုလည်း အဖန်ဖန် မရှု၊ အတ္တ၌ သင်္ခါရတို့ကိုလည်း အဖန်ဖန် မရှု၊ သင်္ခါရတို့၌ အတ္တကိုလည်း အဖန်ဖန် မရှု။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန် မရှု၊ ဝိညာဏ်ရှိသော အတ္တကိုလည်း အဖန်ဖန် မရှု၊ အတ္တ၌ ဝိညာဏ်ကိုလည်း အဖန်ဖန် မရှု၊ ဝိညာဏ်၌ အတ္တကိုလည်း အဖန်ဖန် မရှု။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ဒိဋ္ဌိအစွမ်းဖြင့်) မိမိကိုယ်ကို မချီးမြှောက်။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဆန့်ကျင်သဖြင့် မိမိကိုယ်ကို ချီးမြှောက်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆဲရေးသူကို ပြန်၍ ဆဲရေး၏၊ ချုတ်ချယ်သူကိုပြန်၍ ချုတ်ချယ်၏၊ ပုတ်ခတ်သူကို ပြန်၍ ပုတ်ခတ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆန့်ကျင်သဖြင့် မိမိကိုယ်ကို ချီးမြှောက်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဆန့်ကျင်သဖြင့် မိမိကိုယ်ကို မချီးမြှောက်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆဲရေးသူကို ပြန်၍ မဆဲရေး၊ ချုတ်ချယ်သူကိုပြန်၍ မချုတ်ချယ်၊ ပုတ်ခတ်သူကို ပြန်၍ မပုတ်ခတ်။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆန့်ကျင်သဖြင့် မိမိကိုယ်ကို မချီးမြှောက်။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (တဏှာဝိစရိုက်၏ အစွမ်းအားဖြင့်)အခိုးလွှတ်သနည်း။ ရဟန်းတို့ "ငါသည် ဖြစ်၏"ဟု စွဲယူ၏၊ "ငါသည် ဤသို့သော အခြင်းအရာ အားဖြင့် ဖြစ်၏" ဟု စွဲယူ၏၊ "ငါသည် ဤသူတို့နှင့် တူ၏" ဟု စွဲယူ၏၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏" ဟု စွဲယူ၏၊ "ငါသည် အမြဲတည်၏"ဟု စွဲယူ၏၊ "ငါသည် အမြဲမတည်"ဟု စွဲယူ၏။ "ငါသည် ဖြစ်လေသလော" ဟု စွဲယူ၏၊ "ငါသည် ဤသို့ သော အခြင်းအရာ ရှိသည်ဖြစ်လေသလော" ဟု စွဲယူ၏၊ "ငါသည် ဤသူတို့နှင့် တူလေသလော" ဟု စွဲယူ၏၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေသလော" ဟု စွဲယူ၏၊ "ငါသည် ဖြစ်ပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည် ဤသို့သော အခြင်းအရာ အားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည် ဤသူတို့နှင့် တူပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည် ဖြစ်လတ္တံ့" ဟု စွဲယူ၏၊ "ငါသည် ဤသို့သော အခြင်းအရာ အားဖြင့် ဖြစ်လတ္တံ့" ဟု စွဲယူ၏၊ "ငါသည် ဤသူတို့နှင့် တူသည်ဖြစ်လတ္တံ့" ဟု စွဲယူ၏၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့" ဟု စွဲယူ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (တဏှာဝိစရိုက်အားဖြင့်) အခိုးလွှတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (တဏှာဝိစရိုက်၏ အစွမ်းအားဖြင့်) အခိုး မလွှတ်သနည်း။ ရဟန်းတို့ "ငါသည်ဖြစ်၏"ဟု မစွဲယူ၊ "ငါသည် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်၏" ဟု မစွဲယူ၊ "ငါသည် ဤသူတို့နှင့် တူ၏" ဟု မစွဲယူ၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏" ဟု မစွဲယူ၊ "ငါသည် အမြဲတည်၏" ဟု မစွဲယူ၊ "ငါသည် အမြဲမတည်"ဟု မစွဲယူ၊ "ငါသည် ဖြစ်လေသလော"ဟု မစွဲယူ၊ "ငါသည် ဤသို့သော အခြင်းအရာရှိသည် ဖြစ်လေသလော"ဟု မစွဲယူ၊ "ငါသည် ဤသူတို့နှင့် တူလေသလော" ဟု မစွဲယူ၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေသလော" ဟု မစွဲယူ၊ "ငါသည် ဖြစ်ပါမူကား ကောင်းလေစွ" ဟု မစွဲယူ၊ "ငါသည် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ" ဟု မစွဲယူ၊ "ငါသည် ဤသူတို့နှင့် တူပါမူကား ကောင်းလေစွ"ဟု မစွဲယူ၊ "ငါသည် တပါးသော အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ"ဟု မစွဲယူ၊ "ငါသည် ဖြစ်လတ္တံ့"ဟု မစွဲယူ၊ "ငါသည် ဤသို့သော အခြင်းအရာ အားဖြင့် ဖြစ်လတ္တံ့"ဟု မစွဲယူ၊ "ငါသည် ဤသူတို့နှင့် တူသည် ဖြစ်လတ္တံ့" ဟု မစွဲယူ၊ "ငါသည် တပါးသော အခြင်းအရာ အားဖြင့် ဖြစ်လတ္တံ့" ဟု မစွဲယူ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (တဏှာဝိစရိုက်၏ အစွမ်းအားဖြင့်) အခိုးမလွှတ်။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (ဗာဟိရသန္တာန်၌ ဖြစ်သော ခန္ဓာငါးပါးကို စွဲ၍ တဏှာဝိစရိုက်၏ အစွမ်းအားဖြင့်)အလျှံလွှတ်သနည်း။ ရဟန်းတို့ "ငါသည် ဤခန္ဓာဖြင့် ဖြစ်၏" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်၏" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူ၏" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာ အားဖြင့် ဖြစ်၏" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် အမြဲတည်၏" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် အမြဲမတည်" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဖြစ်လေသလော" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာရှိသည် ဖြစ်လေသလော" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူလေသလော" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေသလော" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဖြစ်ပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာ ရှိပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည်

http://www.dhammadownload.com



ဤခန္ဓာဖြင့် ဤသူတို့နှင့် တူပါမူကား ကောင်းလေစွ ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဖြစ်လတ္တံ့" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာ ရှိသည် ဖြစ်လတ္တံ့" ဟု စွဲယူ၏၊ "ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူလတ္တံ့" ဟု စွဲယူ၏။ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့" ဟု စွဲယူ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ဗာဟိရ ခန္ဓာကို စွဲ၍ တဏှာဝိစရိုက်၏ အစွမ်းအားဖြင့်)အလျှံလွှတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည်(ဗာဟိရခန္ဓာကို စွဲ၍ တဏှာဝိစရိုက်၏ အစွမ်းအားဖြင့်) အလျှံမလွှတ်သနည်း။ "ငါသည် ဤခန္ဓာဖြင့် ဖြစ်၏" ဟု မစွဲယူ။ "ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်၏"ဟု မစွဲယူ။ "ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူ၏"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်၏"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် အမြဲတည်၏" ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် အမြဲမတည်" ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဖြစ်လေသလော"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာရှိသည် ဖြစ်လေသလော"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူလေသလော"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လေသလော"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဖြစ်ပါမူကား ကောင်းလေစွ" ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာ ရှိပါမူကား ကောင်းလေစွ"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူပါမူကား ကောင်းလေစွ"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်ပါမူကား ကောင်းလေစွ"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဖြစ်လတ္တံ့" ဟု မစွဲယူ၊ ငါသည် ဤခန္ဓာဖြင့် ဤသို့သော အခြင်းအရာရှိသည် ဖြစ်လတ္တံ့"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် ဤသူတို့နှင့် တူလတ္တံ့"ဟု မစွဲယူ၊ "ငါသည် ဤခန္ဓာဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့"ဟု မစွဲယူ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ဗဟိဒ္ဓခန္ဓာကို စွဲ၍ တဏှာဝိစရိုက်၏ အစွမ်းအားဖြင့်) အလျှံမလွှတ်။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (ငါ ဟူသော မာန၏ အစွမ်းအားဖြင့်)ကြုံမှိုင်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငါ ဟူသော မာနကို ပယ်အပ်ပြီး မဟုတ်၊ အမြစ်ရင်းကို ဖြတ်အပ်ပြီး မဟုတ်၊ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး မဟုတ်၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီး မဟုတ်၊ နောင်အခါ မဖြစ်ခြင်း သဘောရှိသည် မဟုတ်။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ငါ ဟူသော မာန၏ အစွမ်းအားဖြင့်) ကြုံမှိုင်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (ငါဟူသော မာန၏ အစွမ်းအားဖြင့်) မကြုံမှိုင်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငါဟူသော မာနကို ပယ်အပ်ပြီး ဖြစ်၏၊ အမြစ်ရင်းကို ဖြတ်အပ်ပြီး ဖြစ်၏၊ နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီး ဖြစ်၏၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီး ဖြစ်၏၊ နောင်အခါ မဖြစ်ခြင်း သဘောရှိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ငါဟူသော မာန၏ အစွမ်းအားဖြင့်) မကြုံမှိုင် ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် မဟာဝဂ် ပြီး၏။

စတုတ္ထ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၅-ပဉ္စမပဏ္ဏာသက

## ပဉ္စမ သုတ်ငါးဆယ်

### (၂၁) ၁-သပ္ပုရိသဝဂ်  ၁-သိက္ခာပဒသုတ်

၂၀၁။ ရဟန်းတို့ သူယုတ်မာကိုငှင်း သူယုတ်မာထက် သူယုတ်မာကိုငှင်း သူတော်ကောင်းကိုငှင်း သူတော်ကောင်းထက် သူတော်ကောင်းကိုငှင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သတ်၏၊ မပေးသည်ကို ယူ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်၏၊ မဟုတ်မမှန်သည်ကို ပြောဆို၏၊ မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်၏။ ရဟန်းတို့ ဤသူကို သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်မာထက် သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း သူ့အသက်ကို သတ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မပေးသည်ကို ယူ၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မဟုတ်မမှန်သည်ကို ပြောဆို၏၊ သူတပါးကိုလည်း မဟုတ်မမှန်သည်ကို ပြောဆိုခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်၏၊ သူတပါးကိုလည်း မေ့လျော့ကြောင်း ဖြစ်သော သေအရက် သောက်ခြင်း၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူယုတ်မာထက် သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ မေ့လျော့ကြောင်း ဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤ သူကို သူတော်ကောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းထက် သူတော်ကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိလည်း သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ဆောက်တည်စေ၏၊ မိမိလည်း မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မေ့လျော့

http://www.dhammadownload.com



ကြောင်း ဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မေ့လျော့ကြောင်း ဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်းထက် သူတော်ကောင်း ဟု ဆိုအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၂-အဿဒ္ဓသုတ်

၂၀၂။ ရဟန်းတို့ သူယုတ်မာကိုရင်း သူယုတ်မာထက် သူယုတ်မာကိုရင်း သူတော်ကောင်းကို ရင်း သူတော်ကောင်းထက် သူတော်ကောင်းကိုရင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြကုန်လော့။ပ။

ရဟန်းတို့ သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သဒ္ဓါတရားမရှိ၊ ရှက်ခြင်းမရှိ၊ ထိတ်လန့်ခြင်းမရှိ၊ အကြားအမြင် နည်း၏၊ ပျင်းရိ၏၊ သတိ လွတ်ကင်း၏၊ ပညာမရှိ။ ရဟန်းတို့ ဤသူကို သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်မာထက် သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း သဒ္ဓါတရား မရှိ၊ သူတပါးကိုလည်း သဒ္ဓါတရား မရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ရှက်ခြင်းမရှိ၊ သူတပါးကိုလည်း ရှက်ခြင်းမရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ထိတ်လန့်ခြင်းမရှိ၊ သူတပါးကိုလည်း ထိတ်လန့်ခြင်းမရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း အကြားအမြင်နည်း၏၊ သူတပါးကိုလည်း အကြားအမြင် နည်းခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပျင်းရိ၏၊ သူတပါးကိုလည်း ပျင်းရိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း သတိလွတ်ကင်း၏၊ သူတပါးကိုလည်း သတိလွတ်ကင်းခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပညာမရှိ၊ သူတပါးကိုလည်း ပညာမရှိခြင်း၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူယုတ်မာထက် သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သဒ္ဓါတရားရှိ၏၊ ရှက်ခြင်းရှိ၏၊ ထိတ်လန့်ခြင်းရှိ၏၊ အကြားအမြင် များ၏၊ ထက်သန်သော လုံ့လရှိ၏၊ သတိရှိ၏၊ ပညာရှိ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းထက် သူတော်ကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ရှက်ခြင်းရှိ၏၊ သူတပါးကိုလည်း ရှက်ခြင်းရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ထိတ်လန့်ခြင်းရှိ၏၊ သူတပါးကိုလည်း ထိတ်လန့်ခြင်းရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း အကြားအမြင်များ၏၊ သူတပါးကိုလည်း အကြားအမြင်များခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ထက်သန်သော လုံ့လရှိ၏၊ သူတပါးကိုလည်း ထက်သန်သော လုံ့လ ရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ထင်သော သတိရှိ၏၊ သူတပါးကိုလည်း ထင်သော သတိ ရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပညာနှင့် ပြည့်စုံ၏၊ သူတပါးကိုလည်း ပညာနှင့် ပြည့်စုံခြင်း၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်းထက် သူတော်ကောင်း ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-သတ္တကမ္မသုတ်

၂၀၃။ ရဟန်းတို့ သူယုတ်မာကိုရင်း သူယုတ်မာထက် သူယုတ်မာကိုရင်း သူတော်ကောင်းကိုရင်း သူတော်ကောင်းထက် သူတော်ကောင်းကိုရင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြကုန်လော့။ပ။

ရဟန်းတို့ သူယုတ်မာဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်၏၊ မပေးသည်ကို ယူ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်၏၊ မဟုတ်မမှန်သည်ကို ပြောဆို၏၊ ကုန်းစကားကို ပြောဆို၏၊ ကြမ်းထမ်းသောစကားကို ပြောဆို၏၊ ပြိန်ဖျင်းသောစကားကို ပြောဆို၏။ ရဟန်းတို့ ဤသူကို သူယုတ်မာဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်မာထက် သူယုတ်မာဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မိမိလည်း သူ့အသက်ကို သတ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မပေးသည်ကို ယူ၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မဟုတ်မမှန်သည်ကို ပြောဆို၏၊ သူတပါးကိုလည်း မဟုတ်မမှန်ပြောဆိုခြင်း၌ ဆောက်တည်စေ၏၊ မိမိလည်း ကုန်းစကားကို ပြောဆို၏၊ သူတပါးကိုလည်း ကုန်းစကားကို ပြောဆိုခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ကြမ်းထမ်းသော စကားကို ပြောဆို၏၊ သူတပါးကိုလည်း ကြမ်းထမ်းသော စကားကို ပြောဆိုခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပြိန်ဖျင်းသောစကားကို ပြောဆို၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူယုတ်မာထက် သူယုတ်မာဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်သည်ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်းဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းထက် သူတော်ကောင်းဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မိမိလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မိမိလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မဟုတ်မမှန်သည်ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန်သည်ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း

http://www.dhammadownload.com



ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်းထက် သူတော်ကောင်းဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒသကမ္မသုတ်

၂၀၄။ ရဟန်းတို့ သူယုတ်မာကိုရင်း သူယုတ်မာထက် သူယုတ်မာကိုရင်း သူတော်ကောင်းကို ရင်း သူတော်ကောင်းထက် သူတော်ကောင်းကိုရင်း သင်တို့အား ဟောပေအံ့၊ ထို(တရား)ကို နာကြ ကုန်လော့။ပ။

ရဟန်းတို့ သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သတ်၏၊ မပေးသည်ကို ယူ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်၏၊ မဟုတ် မမှန်သည်ကို ပြောဆို၏၊ ကြမ်းထမ်းသော စကားကို ပြောဆို၏၊ ပြိန်ဖျင်းသော စကားကို ပြောဆို၏၊ မက်မောခြင်း 'အဘိဇ္ဈာ' များ၏၊ ပျက်စီးစေလိုစိတ် ရှိ၏၊ မှားသောအယူရှိ၏။ ရဟန်းတို့ ဤ သူကို သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်မာထက် သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း သူ့အသက်ကို သတ်၏၊ သူတပါးကိုလည်း သူ့အသက်ကို သတ်ခြင်း၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မက်မောခြင်း 'အဘိဇ္ဈာ'များ၏၊ သူတပါးကိုလည်း မက်မောခြင်း 'အဘိဇ္ဈာ'များခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပျက်စီးစေလိုစိတ်ရှိ၏၊ သူတပါးကိုလည်း ပျက် စီးစေလိုစိတ် ရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မှားသောအယူရှိ၏၊ သူတပါးကိုလည်း မှား သောအယူ၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤ သူကို သူယုတ်မာထက် သူယုတ်မာဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မက်မောခြင်း 'အဘိဇ္ဈာ'မများ၊ ပျက်စီးစေလိုစိတ် မရှိ၊ မှန်သော အယူရှိ၏။ ရဟန်းတို့ ဤ သူကို သူတော်ကောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းထက် သူတော်ကောင်းဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက ၌ အချို့သော သူသည် မိမိလည်း သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မက်မောခြင်း 'အဘိဇ္ဈာ' မများ၊ သူတပါးကိုလည်း မက်မောခြင်း 'အဘိဇ္ဈာ'မရှိခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း ပျက်စီး စေလိုစိတ် မရှိ၊ သူတပါးကိုလည်း မပျက်စီးစေခြင်း၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော အယူရှိ၏၊ သူတပါးကိုလည်း မှန်သောအယူ၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူတော် ကောင်းထက် သူတော်ကောင်း ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-အဋ္ဌင်္ဂိကသုတ်

၂၀၅။ ရဟန်းတို့ သူယုတ်မာကိုရင်း သူယုတ်မာထက် သူယုတ်မာကိုရင်း သူတော်ကောင်းကိုရင်း သူတော်ကောင်းထက် သူတော်ကောင်းကိုရင်း သင်တို့အား ဟောကြားပေအံ့၊ထို(တရား)ကို နာကြကုန်လော့။ပ။

ရဟန်းတို့ သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှားသော အယူရှိ၏၊ မှားသော အကြံရှိ၏၊ မှားသော စကားရှိ၏၊မှားသော အလုပ်ရှိ၏၊မှားသော အသက်မွေးမှု ရှိ၏၊မှားသော အားထုတ်မှု ရှိ၏၊မှားသော အောက်မေ့မှု ရှိ၏၊မှားသော တည်ကြည်မှု ရှိ၏။ ရဟန်းတို့ ဤသူကို သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်မာထက် သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှားသော အယူရှိ၏၊ သူတပါးကိုလည်း မှားသော အယူ၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော အကြံရှိ၏၊ သူတပါးကိုလည်း မှားသော အကြံ၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော စကားရှိ၏၊ သူတပါးကိုလည်း မှားသော စကား၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော အလုပ်ရှိ၏၊ သူတပါးကိုလည်း မှားသော အလုပ်၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော အသက်မွေးမှု ရှိ၏၊သူတပါးကိုလည်း မှားသော အသက်မွေးမှု၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော အားထုတ်မှု ရှိ၏၊ သူတပါးကိုလည်း မှားသော အားထုတ်မှု၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော အောက်မေ့မှုရှိ၏၊ သူတပါးကိုလည်း မှားသော အောက်မေ့မှု၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော တည်ကြည်မှု ရှိ၏၊ သူတပါးကိုလည်း မှားသော တည်ကြည်မှု၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူယုတ်မာထက် သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှန်သော အယူရှိ၏၊ မှန်သော အကြံရှိ၏၊ မှန်သော စကားရှိ၏၊ မှန်သော အလုပ်ရှိ၏၊ မှန်သော အသက်မွေးမှု ရှိ၏၊ မှန်သော အားထုတ်မှု ရှိ၏၊ မှန်သော အောက်မေ့မှုရှိ၏၊ မှန်သော တည်ကြည်မှု ရှိ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းထက် သူတော်ကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှန်သော အယူရှိ၏၊ သူတပါးကိုလည်း မှန်သော အယူ၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော အကြံရှိ၏၊ သူတပါးကိုလည်း မှန်သောအကြံ၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော စကားရှိ၏၊ သူတပါးကိုလည်း မှန်သော စကား၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော အလုပ်ရှိ၏၊ သူတပါးကိုလည်း မှန်သော အလုပ်၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော အသက်မွေးမှု ရှိ၏၊ သူတပါးကိုလည်း မှန်သော အသက်မွေးမှု၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော အားထုတ်မှု ရှိ၏၊ သူတပါးကိုလည်း မှန်သော အားထုတ်မှု၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော အောက်မေ့မှု ရှိ၏၊ သူတပါးကိုလည်း မှန်သော အောက်မေ့မှု၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော တည်ကြည်မှု ရှိ၏၊ သူတပါးကိုလည်း မှန်သော တည်ကြည်မှု၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်းထက် သူတော်ကောင်း ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒသမဂ္ဂသုတ်

၂၀၆။ ရဟန်းတို့ သူယုတ်မာကိုရင်း သူယုတ်မာထက် သူယုတ်မာကိုရင်း သူတော်ကောင်းကိုရင်း သူတော်ကောင်းထက် သူတော်ကောင်းကိုရင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြားကုန်လော့။ပ။

ရဟန်းတို့ သူယုတ်မာဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှားသော အယူရှိ၏။ပ။ မှားသော အသိဉာဏ်ရှိ၏၊ မှားသော လွတ်မြောက်မှုရှိ၏။ ရဟန်းတို့ ဤသူကို သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်မာထက် သူယုတ်မာ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှားသော အယူရှိ၏၊သူတပါးကိုလည်း မှားသောအယူ၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မှားသော အသိဉာဏ် ရှိ၏၊ သူတပါးကိုလည်း မှားသော အသိဉာဏ်၌ ဆောက်တည်စေ၏။ မိမိလည်း မှားသော လွတ်မြောက်မှု ရှိ၏၊ သူတပါးကိုလည်း မှားသော လွတ်မြောက်မှု၌ ဆောက်တည်စေ၏။ရဟန်းတို့ ဤသူကို သူယုတ်မာထက် သူယုတ်မာ ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်း ဟူသည် အဘယ်နည်း။ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှန်သော အယူရှိ၏။ပ။ မှန်သော အသိဉာဏ်ရှိ၏၊ မှန်သော လွတ်မြောက်မှုရှိ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းထက် သူတော်ကောင်းဟူသည် အဘယ်နည်း။ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှန်သော အယူရှိ၏၊ သူတပါးကိုလည်း မှန်သော အယူ၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မှန်သော အသိဉာဏ် ရှိ၏၊ သူတပါးကိုလည်း မှန်သော အသိဉာဏ်၌ ဆောက်တည်စေ၏။ မိမိလည်း မှန်သော လွတ်မြောက်မှု၌ ရှိ၏၊ သူတပါးကိုလည်း မှန်သော လွတ်မြောက်မှု၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူတော်ကောင်းထက် သူတော်ကောင်း ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ ပါပဓမ္မသုတ်

၂၀၇။ ရဟန်းတို့ သူယုတ်ကိုရင်း သူယုတ်ထက် သူယုတ်ကိုရင်း သူကောင်းကိုရင်း သူကောင်းထက် သူကောင်းကိုရင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြားကုန်လော့။ပ။

ရဟန်းတို့ သူယုတ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သတ်လေ့ရှိ၏။ပ။ မှားသောအယူ ရှိ၏။ ရဟန်းတို့ ဤသူကို သူယုတ်ဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်ထက် သူယုတ် ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း သူ့အသက်ကို သတ်၏၊ သူတပါးကိုလည်း သူ့အသက်ကို သတ်ခြင်း၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မှားသော အယူရှိ၏၊ သူတပါးကိုလည်း မှားသောအယူ၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူယုတ်ထက် သူယုတ် ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ သူကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်သော အယူရှိ၏။ရဟန်းတို့ ဤသူကို သူကောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ သူကောင်းထက် သူကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မှန်သောအယူရှိ၏၊ သူတပါးကိုလည်း မှန်သောအယူ၌ ဆောက်တည်စေ၏။ရဟန်းတို့ ဤသူကို သူကောင်းထက် သူကောင်း ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ ပါပဓမ္မသုတ်

၂၀၈။ ရဟန်းတို့ သူယုတ်ကိုငင်း သူယုတ်ထက် သူယုတ်ကိုငင်း သူကောင်းကိုငင်း သူကောင်းထက် သူကောင်းကိုငင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြကုန်လော့။ပ။

ရဟန်းတို့ သူယုတ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှားသော အယူရှိ၏။ပ။ မှားသော အသိဉာဏ်ရှိ၏၊ မှားသော လွတ်မြောက်မှုရှိ၏၊ ရဟန်းတို့ ဤသူကို သူယုတ် ဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်ထက် သူယုတ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှားသော အယူရှိ၏၊ သူတပါးကိုလည်း မှားသောအယူ၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မှားသော အသိဉာဏ်ရှိ၏၊ သူတပါးကိုလည်း မှားသောအသိဉာဏ်၌ ဆောက်တည်စေ၏၊မိမိလည်း မှားသောလွတ်မြောက်မှုရှိ၏။ သူတပါးကိုလည်း မှားသော လွတ်မြောက်မှု၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူယုတ်ထက် သူယုတ် ဟု ဆိုအပ်၏။

ရဟန်းတို့ သူကောင်း ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှန်သော အယူရှိ၏။ပ။ မှန်သော အသိဉာဏ်ရှိ၏။ မှန်သော လွတ်မြောက်မှု ရှိ၏။ ရဟန်းတို့ ဤသူကို သူကောင်း ဟု ဆိုအပ်၏။

ရဟန်းတို့ သူကောင်းထက် သူကောင်းဟူသည် အဘယ်နည်း။ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှန်သောအယူရှိ၏၊ သူတပါးကိုလည်း မှန်သောအယူ၌ ဆောက်တည်စေ၏။ပ။မိမိလည်း မှန်သောအသိဉာဏ်ရှိ၏၊သူတပါးကိုလည်း မှန်သောအသိဉာဏ်၌ ဆောက်တည်စေ၏၊ မိမိလည်း မှန်သော လွတ်မြောက်မှုရှိ၏၊ သူတပါးကိုလည်း မှန်သောလွတ်မြောက်မှု၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို သူကောင်းထက် သူကောင်း ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-တတိယ ပါပဓမ္မသုတ်

၂၀၉။ ရဟန်းတို့ ယုတ်ညံ့သောတရားရှိသူကိုငင်း ယုတ်ညံ့သောတရားရှိသူထက် ယုတ်ညံ့သော တရားရှိသူကိုငင်း ကောင်းမြတ်သောတရားရှိသူကိုငင်း ကောင်းမြတ်သောတရားရှိသူထက် ကောင်းမြတ်သောတရားရှိသူကိုငင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြကုန်လော့။ပ။

http://www.dhammadownload.com



ရဟန်းတို့ ယုတ်ညံ့သောတရားရှိသူ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်၏။ပ။ မှားသော အယူရှိ၏။ ရဟန်းတို့ ဤသူကို ယုတ်ညံ့သော တရားရှိသူ ဟု ဆိုအပ်၏။

ရဟန်းတို့ ယုတ်ညံ့သောတရားရှိသူထက် ယုတ်ညံ့သောတရားရှိသူ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း သူ့အသက်ကို သတ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မှားသော အယူရှိ၏၊ သူတပါးကိုလည်း မှားသောအယူ၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို ယုတ်ညံ့သောတရားရှိသူထက် ယုတ်ညံ့သောတရားရှိသူဟု ဆိုအပ်၏။

ရဟန်းတို့ ကောင်းမြတ်သောတရားရှိသူ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။မှန်သောအယူရှိ၏။ ရဟန်းတို့ ဤသူကို ကောင်းမြတ်သောတရားရှိသူ ဟု ဆိုအပ်၏။

ရဟန်းတို့ ကောင်းမြတ်သောတရားရှိသူထက် ကောင်းမြတ်သောတရားရှိသူ ဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မိမိလည်း သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ပ။မိမိလည်း မှန်သောအယူရှိ၏၊ သူတပါးကိုလည်း မှန်သော အယူ၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို ကောင်းမြတ်သောတရားရှိသူထက် ကောင်းမြတ်သောတရားရှိသူ ဟု ဆိုအပ်၏ ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀–စတုတ္ထ ပါပဓမ္မသုတ်

၂၁၀။ ရဟန်းတို့ ယုတ်ညံ့သောတရားရှိသူကိုင်း ယုတ်ညံ့သောတရားရှိသူထက် ယုတ်ညံ့သောတရားရှိသူကိုင်း ကောင်းမြတ်သောတရားရှိသူကိုင်း ကောင်းမြတ်သော တရားရှိသူထက် ကောင်းမြတ်သောတရားရှိသူကိုင်း သင်တို့အား ဟောကြားပေအံ့၊ ထို(တရား)ကို နာကြကုန်လော့။ပ။

ရဟန်းတို့ ယုတ်ညံ့သောတရားရှိသူ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မှားသောအယူရှိ၏။ပ။ မှားသော အသိဉာဏ်ရှိ၏၊ မှားသော လွတ်မြောက်မှုရှိ၏။ ရဟန်းတို့ ဤသူကို ယုတ်ညံ့သောတရားရှိသူဟု ဆိုအပ်၏။

ရဟန်းတို့ ယုတ်ညံ့သောတရားရှိသူထက် ယုတ်ညံ့သောတရားရှိသူ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှားသော အယူရှိ၏၊ သူတပါးကိုလည်း မှားသောအယူ၌ ဆောက်တည်စေ၏။ပ။မိမိလည်း မှားသော အသိဉာဏ်ရှိ၏၊ သူတပါးကိုလည်း မှားသောအသိဉာဏ်၌ ဆောက်တည်စေ၏၊ မိမိလည်း မှားသော လွတ်မြောက်မှု ရှိ၏၊ သူတပါးကိုလည်း မှားသော လွတ်မြောက်မှု၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤသူကို ယုတ်ညံ့သောတရားရှိသူထက် ယုတ်ညံ့သောတရားရှိသူ ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ကောင်းမြတ်သောတရားရှိသူ ဟူသည် အဘယ်နည်း။ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မှန်သော အယူရှိ၏။ပ။မှန်သော အသိဉာဏ်ရှိ၏၊ မှန်သော လွတ်မြောက်မှုရှိ၏။ ရဟန်းတို့ ဤသူကို ကောင်းမြတ်သောတရားရှိသူဟု ဆိုအပ်၏။

ရဟန်းတို့ ကောင်းမြတ်သောတရားရှိသူထက် ကောင်းမြတ်သောတရားရှိသူဟူသည် အဘယ နည်း။ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိလည်း မှန်သော အယူရှိ၏၊သူတပါးကိုလည်း မှန်သောအယူ၌ ဆောက်တည်စေ၏။ပ။ မိမိလည်း မှန်သော အသိဉာဏ်ရှိ၏၊ သူတပါးကိုလည်း မှန်သော အသိဉာဏ်၌ ဆောက်တည်စေ၏၊ မိမိလည်း မှန်သော လွတ်မြောက်မှု ရှိ၏၊ သူတပါးကိုလည်း မှန်သောလွတ်မြောက်မှု၌ ဆောက်တည်စေ၏။ရဟန်းတို့ ဤသူကို ကောင်းမြတ်သောတရားရှိသူထက် ကောင်းမြတ်သောတရားရှိသူဟု ဆိုအပ်၏ ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော သပ္ပုရိသဝဂ် ပြီး၏။

---

## (၂၂) ၂-ပရိသာဝဂ် ၁-ပရိသာသုတ်

၂၁၁။ ရဟန်းတို့ ပရိသတ်ကို ဖျက်ဆီးတတ်သူတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလရဟန်းသည် ပရိသတ်ကို ဖျက်ဆီးတတ်၏။ ရဟန်းတို့ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလရဟန်းမိန်းမသည် ပရိသတ်ကို ဖျက်ဆီးတတ်၏။ ရဟန်းတို့ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလဥပါသကာသည် ပရိသတ်ကို ဖျက်ဆီးတတ်၏။ ရဟန်းတို့ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလဥပါသိကာမသည် ပရိသတ်ကို ဖျက်ဆီးတတ်၏။ ရဟန်းတို့ ပရိသတ်ကို ဖျက်ဆီးတတ်သူတို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ ပရိသတ်ကို တင့်တယ်စေတတ်သူတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တရဟန်းသည် ပရိသတ်ကို တင့်တယ်စေတတ်၏။ ရဟန်းတို့ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တရဟန်းမိန်းမသည် ပရိသတ်ကို တင့်တယ်စေတတ်၏။ ရဟန်းတို့ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တဥပါသကာသည် ပရိသတ်ကို တင့်တယ်စေတတ်၏။ ရဟန်းတို့ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တဥပါသိကာမသည် ပရိသတ်ကို တင့်တယ်စေတတ်၏။ ရဟန်းတို့ ပရိသတ်ကို တင့်တယ်စေတတ်သူတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒိဋ္ဌိသုတ်

၂၁၂။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲသို့ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် မိစ္ဆာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲသို့ ရောက်ရ၏။

http://www.dhammadownload.com



ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်လေးမျိုးဘို့ နည်းဟူမူ—ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် သမ္မာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးဘို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အကတညုတာသုတ်

၂၁၃။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် သူ့ကျေးဇူးကို မသိမူ၍ ထင်စွာ မပြုခြင်းတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။အဘယ်လေးမျိုးတို့ နည်းဟူမူ—ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် သူ့ကျေးဇူးကိုသိ၍ ထင်စွာပြုခြင်းတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပါဏာတိပါတီသုတ်

၂၁၄။ ။ပ။သူ့အသက်ကို သတ်၏၊မပေးသည်ကို ယူ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်၏၊ မဟုတ်မမှန်သည်ကို ပြော၏။ပ။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် သည်ကို ပြောခြင်းမှ ရှောင်ကြဉ်၏။ပ။

စတုတ္ထသုတ်။

---

## ၅-ပဌမ မဂ္ဂသုတ်

၂၁၅။ ။ပ။ မှားသော အယူရှိ၏၊ မှားသော အကြံရှိ၏၊ မှားသော စကားရှိ၏၊ မှားသော အလုပ်ရှိ၏။ပ။ မှန်သော အယူရှိ၏၊ မှန်သော အကြံရှိ၏၊ မှန်သော စကားရှိ၏၊ မှန်သော အလုပ်ရှိ၏။ပ။

ပဥ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ မဂ္ဂသုတ်

၂၁၆။ ။ပ။ မှားသော အသက်မွေးမှုရှိ၏၊ မှားသော အားထုတ်မှုရှိ၏၊ မှားသော အောက်မေ့မှု ရှိ၏၊ မှားသော တည်ကြည်မှု ရှိ၏။ပ။ မှန်သော အသက်မွေးမှု ရှိ၏၊ မှန်သော အားထုတ်မှုရှိ၏၊ မှန်သော အောက်မေ့မှုရှိ၏၊ မှန်သော တည်ကြည်မှုရှိ၏။ပ။

ဆဋ္ဌသုတ်။

## ၇-ပဌမ ဝေါဟာရပထသုတ်

၂၁၇။ ။ပ။ မမြင်သည်၌ မြင်၏ဟု ဆို၏၊ မကြားသည်၌ ကြား၏ဟု ဆို၏၊ မတွေ့သည်၌ တွေ့၏ ဟုဆို၏၊ မသိသည်၌ သိ၏ ဟု ဆို၏။ပ။ မမြင်သည်၌ မမြင် ဟု ဆို၏၊ မကြားသည်၌ မကြားဟု ဆို၏၊ မတွေ့သည်၌ မတွေ့ဟု ဆို၏၊ မသိသည်၌ မသိ ဟု ဆို၏။ပ။

သတ္တမသုတ်။

## ၈-ဒုတိယ ဝေါဟာရပထသုတ်

၂၁၈။ ။ပ။ မြင်သည်၌ မမြင် ဟု ဆို၏၊ ကြားသည်၌ မကြား ဟု ဆို၏၊ တွေ့သည်၌ မတွေ့ဟု ဆို၏၊ သိသည်၌ မသိ ဟု ဆို၏။ပ။ မြင်သည်၌ မြင်၏ ဟု ဆို၏၊ ကြားသည်၌ ကြား၏ဟု ဆို၏၊ တွေ့သည်၌ တွေ့၏ဟု ဆို၏၊ သိသည်၌ သိသည် ဟု ဆို၏။ပ။

အဋ္ဌမသုတ်။

## ၉-အဟိရိကသုတ်

၂၁၉။ ။ပ။ သဒ္ဓါတရား မရှိ၊ သီလ မရှိ၊ ရှက်ခြင်းမရှိ၊ ထိတ်လန့်ခြင်း မရှိ။ပ။သဒ္ဓါတရား ရှိ၏၊ သီလရှိ၏၊ ရှက်ခြင်းရှိ၏၊ ထိတ်လန့်ခြင်းရှိ၏။ပ။

နဝမသုတ်။

## ၁၀-ဒုဿီလသုတ်

၂၂၀။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ရောက်ရ၏။ အဘယ် လေးမျိုးတို့နည်း ဟူမူ—သဒ္ဓါတရားမရှိ၊ သီလမရှိ၊ ပျင်းရိ၏၊ ပညာမရှိ။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—သဒ္ဓါတရားရှိ၏၊ သီလရှိ၏၊ ထက်သန်သော လုံ့လရှိ၏၊ ပညာရှိ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ် သကဲ့သို့ ဤအတူ နတ်ပြည်သို့ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ပရိသာဝဂ် ပြီး၏။

http://www.dhammadownload.com



## (၂၃) ၃-ဒုစ္စရိတဝဂ် ၁-ဒုစ္စရိတသုတ်

၂၂၁။ ရဟန်းတို့ ဝစီဒုစရိုက်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— မဟုတ်မမှန် ပြောဆိုခြင်း၊ ကုန်းစကားကို ပြောဆိုခြင်း၊ ကြမ်းထမ်းသော စကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းတို့တည်း။ ရဟန်းတို့ ဝစီဒုစရိုက်တို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ ဝစီသုစရိုက်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— မှန်သည်ကိုပြောဆိုခြင်း၊ ကုန်းစကားကို မဆိုခြင်း၊ သိမ်မွေ့သော စကားကို ဆိုခြင်း၊ ပညာဖြင့် ချင့်ချိန်၍ ပြောဆိုခြင်းတို့တည်း။ ရဟန်းတို့ ဝစီသုစရိုက်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒိဋ္ဌိသုတ်

၂၂၂။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မိုက်သော မလိမ္မာသော သူယုတ်မာသည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို ရွက်ဆောင်၏၊ အပြစ်လည်းရှိ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် မိစ္ဆာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော မိုက်သော မလိမ္မာသော သူယုတ်မာသည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို ရွက်ဆောင်၏၊ အပြစ်လည်းရှိ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြိုအပ် မဖျက်ဆီးအပ်သော မိမိကိုယ်ကို ရွက်ဆောင်၏၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်၊ များစွာသော ကုသိုလ်ကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် သမ္မာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် ဂုဏ်ကျေးဇူးကို မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို ရွက်ဆောင်၏၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အကတညုတာသုတ်

၂၂၃။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မိုက်သော မလိမ္မာသော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို ရွက်ဆောင်၏၊ အပြစ်လည်းရှိ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် သူ့ကျေးဇူးကို မသိမူ၍ ထင်စွာ မပြုခြင်းတို့တည်း။ ဤလေးမျိုးတို့နှင့်။ပ။ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် သူ့ကျေးဇူးကို သိ၍ ထင်စွာ ပြုခြင်း။ပ။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ပါဏာတိပါတီသုတ်

၂၂၄။ သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကိုယူ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်၏၊ မဟုတ်မမှန် ပြောဆို၏။ပ။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်သည်ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ပ။

စတုတ္ထသုတ်။

---

## ၅-ပဌမ မဂ္ဂသုတ်

၂၂၅။ မှားသော အယူရှိ၏၊ မှားသော အကြံရှိ၏၊ မှားသော စကားရှိ၏၊ မှားသော အလုပ်ရှိ၏။ပ။ မှန်သော အယူရှိ၏၊ မှန်သော အကြံရှိ၏၊ မှန်သော စကားရှိ၏၊ မှန်သော အလုပ်ရှိ၏။ပ။

ပဥ္စမသုတ်။

---

## ၆-ဒုတိယ မဂ္ဂသုတ်

၂၂၆။ မှားသော အသက်မွေးမှုရှိ၏၊ မှားသော လုံ့လရှိ၏၊ မှားသော အောက်မေ့မှု ရှိ၏၊ မှားသော တည်ကြည်မှု ရှိ၏။ပ။မှန်သော အသက်မွေးမှု ရှိ၏၊ မှန်သော လုံ့လရှိ၏၊ မှန်သော အောက်မေ့မှု ရှိ၏၊ မှန်သော တည်ကြည်မှု ရှိ၏။ပ။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ ဝေါဟာရပထသုတ်

၂၂၇။ မမြင်သည်၌ မြင်၏ ဟု ဆို၏၊ မကြားသည်၌ ကြား၏ ဟု ဆို၏၊ မတွေ့သည်၌ တွေ့၏ ဟု ဆို၏၊ မသိသည်၌ သိ၏ဟု ဆို၏။ပ။ မမြင်သည်၌ မမြင် ဟု ဆို၏၊ မကြားသည်၌ မကြား ဟု ဆို၏၊ မတွေ့သည်၌ မတွေ့ဟု ဆို၏၊ မသိသည်၌ မသိဟု ဆို၏။ပ။

သတ္တမသုတ်။

---

## ၈-ဒုတိယ ဝေါဟာရပထသုတ်

၂၂၈။ မြင်သည်၌ မမြင် ဟု ဆို၏၊ ကြားသည်၌ မကြား ဟု ဆို၏၊ တွေ့သည်၌ မတွေ့ ဟု ဆို၏၊ သိသည်၌ မသိ ဟု ဆို၏။ပ။ မြင်သည်၌ မြင်၏ ဟု ဆို၏၊ ကြားသည်၌ ကြား၏ ဟု ဆို၏၊ တွေ့သည်၌ တွေ့၏ ဟု ဆို၏၊ သိသည်၌ သိ၏ ဟု ဆို၏။ပ။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-အဟိရိကသုတ်

၂၂၉။ သဒ္ဓါတရား မရှိ၊ သီလ မရှိ၊ ရှက်ခြင်းမရှိ၊ ထိတ်လန့်ခြင်း မရှိ။ပ။ သဒ္ဓါတရား ရှိ၏၊ သီလရှိ၏၊ ရှက်ခြင်းရှိ၏၊ ထိတ်လန့်ခြင်းရှိ၏။ပ။

နဝမသုတ်။

## ၁၀-ဒုပ္ပညသုတ်

၂၃၀။ သဒ္ဓါတရား မရှိ၊ သီလ မရှိ၊ ပျင်းရိ၏၊ ပညာ မရှိ။ပ။ သဒ္ဓါတရားရှိ၏၊ သီလရှိ၏၊ ထက်သန်သော လုံ့လရှိ၏၊ ပညာရှိ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိသော လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သော မိမိကိုယ်ကို ရွက်ဆောင်၏၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-ကဝိသုတ်

၂၃၁။ ရဟန်းတို့ ပညာရှိ 'ကဝိ' ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ကြံ၍ ပြုစီရင်နိုင်သော ပညာရှိ 'စိန္တာကဝိ'၊ ကြား၍ ပြုစီရင်နိုင်သော ပညာရှိ 'သုတကဝိ'၊ တစုံတခု အနက်ကို မှီ၍ ပြုစီရင်နိုင်သော ပညာရှိ 'အတ္ထကဝိ'၊ တခဏချင်း မိမိဉာဏ်ဖြင့် ပြုစီရင်နိုင်သော ပညာရှိ 'ပဋိဘာနကဝိ' တို့တည်း။ ရဟန်းတို့ ပညာရှိ 'ကဝိ' ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

သုံးခုမြောက် ဒုစရိတဝဂ် ပြီး၏။

## (၂၄) ၄-ကမ္မဝဂ် ၁-သံခိတ္တသုတ်

၂၃၂။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မည်းညစ်၍ မည်းညစ်သည့် အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ ဖြူစင်၍ ဖြူစင်သည့် အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သည့် အကျိုးရှိသော ကံသည်ရှိ၏၊ ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံ ကုန်ဆုံးရန် ဖြစ်သော ကံသည် ရှိ၏။ ရဟန်းတို့ ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဝိတ္ထာရသုတ်

၂၃၃။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ရဟန်းတို့ မည်းညစ်၍မည်းညစ်သော အကျိုးရှိသည့် ကံသည်ရှိ၏၊ ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ရဟန်းတို့ မည်းညစ် ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံသည် ရှိ၏။

ရဟန်းတို့ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အပြစ်ရှိသော ကာယသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိသော ဝစီသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်ရှိသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိသော လောက၌ ဖြစ်၏၊ အပြစ်ရှိသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ်ရှိသော တွေ့ထိခြင်း'ဖဿ'တို့သည် တွေ့ထိကုန်၏၊ အပြစ်ရှိသော တွေ့ထိခြင်း'ဖဿ'တို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် ငရဲ၌ ဖြစ်သော သတ္တဝါတို့ကဲ့သို့ အပြစ်ရှိသော စင်စစ် ဆင်းရဲသည့် ဝေဒနာကို ခံစားရ၏။ရဟန်းတို့ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့်ကံ ဟု ဆိုအပ်၏။

ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်မရှိသော ကာယသင်္ခါရကို ပြုစီရင်၏။ အပြစ်မရှိသော ဝစီသင်္ခါရကို ပြုစီရင်၏၊ အပြစ်မရှိသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်မရှိသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်မရှိသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်မရှိသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်မရှိသော လောက၌ ဖြစ်၏၊ အပြစ်မရှိသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ်မရှိသော တွေ့ထိခြင်း 'ဖဿ'တို့သည် တွေ့ထိကုန်၏၊ အပြစ်မရှိသော တွေ့ထိခြင်း'ဖဿ'တို့ဖြင့် တွေ့ထိသော် ထိုသူသည် သုဘကိဏှဗြဟ္မာတို့ကဲ့သို့ အပြစ်မရှိသော စင်စစ် ချမ်းသာသည့် ဝေဒနာကို ခံစားရ၏။ ရဟန်းတို့ ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံဟု ဆိုအပ်၏။

ရဟန်းတို့ မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အပြစ်ရှိမရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိမရှိ ရောနှောသော ဝစီသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိမရှိ ရောနှောသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်ရှိမရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိမရှိ ရောနှောသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိမရှိ ရောနှောသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိမရှိ ရောနှောသော လောက၌ ဖြစ်ရ၏၊ အပြစ်ရှိမရှိ ရောနှောသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ်ရှိမရှိ ရောနှောသော တွေ့ထိခြင်း 'ဖဿ'တို့သည် တွေ့ထိကုန်၏၊ အပြစ်ရှိမရှိ ရောနှောသော တွေ့ထိမှု 'ဖဿ'တို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် လူ အချို့သောနတ် အချို့သောဝေမာနိကပြိတ္တာတို့ကဲ့သို့ အပြစ်ရှိမရှိ ရောနှောသော ချမ်းသာ ဆင်းရဲ

http://www.dhammadownload.com



ပြိုးပြွမ်းသည့် ဝေဒနာကို ခံစားရ၏။ ရဟန်းတို့ ဤကံကို မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် ကံ ဟု ဆိုအပ်၏။

ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ထိုကံလေးပါးတို့တွင် မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့်ကံကို ပယ်ရန် လုံ့လဆော်ခြင်း ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့်ကံကို ပယ်ရန် လုံ့လဆော်ခြင်း မည်းညစ်ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသည့်ကံကို ပယ်ရန် လုံ့လဆော်ခြင်း မဂ်စေတနာကို မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက် ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သောဏကာယနသုတ်

၂၃၄။ ထိုအခါ သိခါမောဂ္ဂလာန်ပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား နှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

အသျှင်ဂေါတမ ယခင့် ယခင်နေ့တို့၌ သောဏကာယနလုလင်သည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ "ရဟန်းဂေါတမသည် ကံအားလုံးတို့ကို မပြုရ ဟု ပညတ်၏၊ ကံအားလုံးတို့ကို မပြုရဟု ပညတ်သူသည် သတ္တလောက၏ ပြတ်ခြင်းကို ဆိုရာရောက်၏၊ အသျှင် ဤသတ္တလောကသည် ကံသဘောရှိ၏၊ ကံကို အားထုတ်ခြင်းကြောင့် တည်၏" ဟု အကျွန်ုပ်အား ဤစကားကို ဆိုပါသည် ဟု လျှောက်၏။

ပုဏ္ဏား သောဏကာယနလုလင်ကို မြင်ဘူးသည်ကိုမျှလည်း ငါမသိစဘူး၊ ဤသို့ သဘော ရှိသော စကားကို ပြောဟောသည် ဟူသည်ကား အဘယ်မှာ ဖြစ်နိုင်အံ့နည်း။ ပုဏ္ဏား ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ပုဏ္ဏား မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ပုဏ္ဏား ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ပုဏ္ဏား မည်းညစ်ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ပုဏ္ဏား မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံသည် ရှိ၏။

ပုဏ္ဏား မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ပုဏ္ဏား ဤလောက၌ အချို့သော သူသည် အပြစ်ရှိသော ကာယသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိသော ဝစီသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်ရှိသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ် ရှိသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိသော လောက၌ ဖြစ်ရ၏၊ အပြစ်ရှိသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ်ရှိသော တွေ့ထိခြင်း'ဖဿ'တို့သည် တွေ့ထိကုန်၏၊ အပြစ်

http://www.dhammadownload.com



ရှိသော တွေ့ထိခြင်း 'ဖဿ'တို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် ငရဲ၌ ဖြစ်သော သတ္တဝါတို့ကဲ့သို့ အပြစ်ရှိသော စင်စစ် ဆင်းရဲသည့် ဝေဒနာကို ခံစားရ၏။ ပုဏ္ဏား ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံ ဟု ဆိုအပ်၏။

ပုဏ္ဏား ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့်ကံ ဟူသည် အဘယ်နည်း။ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အပြစ် မရှိသော ကာယသင်္ခါရကို ပြုစီရင်၏၊ အပြစ် မရှိသော ဝစီသင်္ခါရကို ပြုစီရင်၏၊ အပြစ်မရှိသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်မရှိသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ် မရှိသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ် မရှိသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ် မရှိသော လောက၌ ဖြစ်ရ၏၊ အပြစ် မရှိသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ် မရှိသော တွေ့ထိခြင်း 'ဖဿ' တို့သည် တွေ့ထိကုန်၏၊ အပြစ် မရှိသော တွေ့ထိခြင်း 'ဖဿ'တို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် သုဘကိဏှဗြဟ္မာတို့ကဲ့သို့ အပြစ် မရှိသော စင်စစ်ချမ်းသာသည့် ဝေဒနာကို ခံစားရ၏။ ပုဏ္ဏား ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည်ကံ ဟု ဆိုအပ်၏၊

ပုဏ္ဏား မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ပုဏ္ဏား ဤလောက၌ အချို့သော သူသည် အပြစ် ရှိမရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိမရှိ ရောနှောသော ဝစီသင်္ခါရကို ပြုစီရင်၏၊ အပြစ် ရှိမရှိ ရောနှောသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ် ရှိမရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ် ရှိမရှိ ရောနှောသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ် ရှိမရှိ ရောနှောသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ် ရှိမရှိ ရောနှောသော လောက၌ ဖြစ်ရ၏၊ အပြစ် ရှိမရှိ ရောနှောသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ် ရှိမရှိ ရောနှောသော တွေ့ထိခြင်း 'ဖဿ' တို့သည် တွေ့ထိကုန်၏၊ အပြစ် ရှိမရှိ ရောနှောသော 'ဖဿ'တို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် လူ အချို့သောနတ် အချို့သောဝေမာနိက ပြိတ္တာတို့ကဲ့သို့ ချမ်းသာ ဆင်းရဲ ပြိုးပြွမ်းသော ဝေဒနာကို ခံစားရ၏။ ပုဏ္ဏား ဤကံကို မည်းညစ် ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသော ကံဟု ဆိုအပ်၏။

ပုဏ္ဏား မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟူသည် အဘယ်နည်း။ ပုဏ္ဏား ထိုကံတို့တွင် မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံကို ပယ်ရန်လုံ့ လဆော်ခြင်း ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံကို ပယ်ရန် လုံ့ လဆော်ခြင်း မည်းညစ် ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသော ကံကို ပယ်ရန် လုံ့ လဆော်ခြင်း မဂ်စေတနာကို မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟု ဆိုအပ်၏။ ပုဏ္ဏား ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဌမ သိက္ခာပဒသုတ်

၂၃၅။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြား အပ်သော ကံဘို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မည်းညစ်၍ မည်းညစ်

http://www.dhammadownload.com



သော အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ မည်းညစ်ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန်ဖြစ်သော ကံသည် ရှိ၏။

ရဟန်းတို့ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်၏၊ မပေးသည်ကို ယူ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်၏၊ မဟုတ်မမှန် ပြောဆို၏၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်၏။ ရဟန်းတို့ ဤသည်ကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံဟု ဆိုအပ်၏။

ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံ ဟုဆိုအပ်၏။

ရဟန်းတို့ မည်းညစ် ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဆင်းရဲ ရှိမရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤသည်ကို မည်းညစ်ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသော ကံဟုဆိုအပ်၏။

ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသော ကံကုန်ဆုံးရန်ဖြစ်သော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ထိုကံတို့တွင် မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံကို။ပ။ ရဟန်းတို့ ဤသည်ကို မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသော ကံကုန်ဆုံးရန် ဖြစ်သော ကံဟု ဆိုအပ်၏။ ရဟန်းတို့ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ 'ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ သိက္ခာပဒသုတ်

၂၃၆။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ မည်းညစ် ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသော ကံသည် ရှိ၏၊ ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသော ကံကုန်ဆုံးရန် ဖြစ်သောကံသည်ရှိ၏။

ရဟန်းတို့ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အမိကို သတ်၏၊ အဖကို သတ်၏၊ ရဟန္တာကို သတ်၏၊ မြတ်စွာဘုရားကို ပြစ်မှားလိုသော စိတ်ဖြင့် သွေးစိမ်း တည်စေ၏၊ သံဃာကို သင်းခွဲ၏။ ရဟန်းတို့ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဖြူစင်၍ ဖြူစင်သောအကျိုးရှိသော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မများ၊ ပျက်စီးစေလိုစိတ် မရှိ၊ မှန်ကန်သော အယူရှိ၏။ ရဟန်းတို့ ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံဟု ဆိုအပ်၏။

ရဟန်းတို့ မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အပြစ် ရှိမရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤကံကို မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသော ကံဟု ဆိုအပ်၏။

ရဟန်းတို့ မမည်းညစ်မဖြူစင်၍ မမည်းညစ်မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံသည် ရှိ၏။ပ။ ရဟန်းတို့ ဤကံကို မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟု ဆိုအပ်၏။ ရဟန်းတို့ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-အရိယမဂ္ဂသုတ်

၂၃၇။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြားအပ်သောကံတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ရဟန်းတို့ မည်းညစ် ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသည့် ကံသည် ရှိ၏၊ ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံသည် ရှိ၏။

ရဟန်းတို့ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အပြစ်ရှိသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံဟု ဆိုအပ်၏။

ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အပြစ်မရှိသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံ ဟု ဆိုအပ်၏။

ရဟန်းတို့ မည်းညစ် ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အပြစ်ရှိ မရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤကံကို မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် ကံဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ မမည်းညစ်မဖြူစင်၍ မမည်းညစ်မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန်ဖြစ်သော ကံဟူသည် အဘယ်နည်း။ မှန်ကန်သော အယူ 'သမ္မာဒိဋ္ဌိ' ၎င်း။ပ။ မှန်ကန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ' ၎င်းတည်း။ ရဟန်းတို့ ဤကံကို မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟု ဆိုအပ်၏။ ရဟန်းတို့ ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဗောဇ္ဈင်္ဂသုတ်

၂၃၈။ ရဟန်းတို့ ကံတို့သည် ဤလေးမျိုးတို့တည်း။ပ။ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့်။ပ။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အပြစ်ရှိသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် ကံဟု ဆိုအပ်၏။

ရဟန်းတို့ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အပြစ်မရှိသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့်ကံ ဟု ဆိုအပ်၏။

ရဟန်းတို့ မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် ကံဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် အပြစ် ရှိ မရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်၏။ပ။ ရဟန်းတို့ ဤကံကို မည်းညစ်ဖြူစင်၍ မည်းညစ် ဖြူစင်သော အကျိုးရှိသည့် ကံဟု ဆိုအပ်၏။

ရဟန်းတို့ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန်ဖြစ်သော ကံဟူသည် အဘယ်နည်း။ သစ္စာလေးပါးကို သိကြောင်း အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သစ္စာလေးပါးကို သိကြောင်း ပညာ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' သစ္စာလေးပါးကို သိကြောင်း လုံ့လ 'ဝီရိယသမ္ဗောဇ္ဈင်' သစ္စာလေးပါးကို သိကြောင်း နှစ်သိမ့်မှု 'ပီတိသမ္ဗောဇ္ဈင်' သစ္စာလေးပါးကို သိကြောင်း ငြိမ်းချမ်းမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်' သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သစ္စာလေးပါးကို သိကြောင်း လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' တို့တည်း။ ရဟန်းတို့ ဤသည်ကို မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန် ဖြစ်သော ကံဟု ဆိုအပ်၏။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ငါဟောကြားအပ်သော ကံတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သာဝဇ္ဇသုတ်

၂၃၉။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲ၌ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အပြစ်ရှိသော ကာယကံ အပြစ်ရှိသော ဝစီကံ အပြစ်ရှိသော မနောကံ အပြစ်ရှိသော မိစ္ဆာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲ၌ ရောက်ရ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အပြစ်မရှိသော ကာယကံ အပြစ်မရှိသော ဝစီကံ အပြစ်မရှိသော မနောကံ အပြစ်မရှိသော သမ္မာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုး တို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အဗျာဗဇ္ဈသုတ်

၂၄၀။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—အပြစ်ရှိသော ကာယကံ အပြစ်ရှိသော ဝစီကံ အပြစ်ရှိသော မနောကံ အပြစ်ရှိသော မိစ္ဆာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အပြစ်မရှိသော ကာယကံ အပြစ်မရှိသော ဝစီကံ အပြစ်မရှိသော မနောကံ အပြစ်မရှိသော သမ္မာဒိဋ္ဌိတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-သမဏသုတ်

၂၄၁။ ရဟန်းတို့ ဤသာသနာတော်၌ သာလျှင် ပဌမ သမဏမျိုး ဤသာသနာတော်၌ သာလျှင် ဒုတိယသမဏမျိုး ဤသာသနာတော်၌သာလျှင် တတိယသမဏမျိုး ဤသာသနာတော်၌ သာလျှင်စတုတ္ထသမဏမျိုးကို ရနိုင်ကုန်၏၊ သာသနာပြင်ပ အယူဝါဒတို့သည် ထိုဆိုပြီးသမဏလေးမျိုးတို့မှ ဆိတ်သုဉ်းကုန်၏။ ရဟန်းတို့ ဤသို့ ရဲရင့်သော စကားကို ကြုံးဝါးကြကုန်လော့။

ရဟန်းတို့ ပဌမသမဏမျိုးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံယောဇဉ်သုံးမျိုးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏။ ရဟန်းတို့ ဤသည်ကား ပဌမ သမဏမျိုးတည်း။

ရဟန်းတို့ ဒုတိယ သမဏမျိုး ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံယောဇဉ်သုံးမျိုးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်၎င်း တပ်မက်ခြင်း 'ရာဂ' ပြစ်မှားခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ'တို့၏ ခေါင်းပါးခြင်းကြောင့်၎င်း ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုသော သကဒါဂါမ် ဖြစ်၏။ ရဟန်းတို့ ဤသည်ကား ဒုတိယ သမဏမျိုးတည်း။

http://www.dhammadownload.com



ရဟန်းတို့ တတိယ သမဏမျိုးဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်(ဗြဟ္မာ့ဘုံ၌)ဥပပတ် ပဋိသန္ဓေနေ၍ ထို(ဘုံ)၌ သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့ ဖြစ်၍ ထိုဘုံမှ ပြန်လည်ခြင်း သဘော မရှိသော (အနာဂါမ် ဖြစ်၏)။ ရဟန်းတို့ ဤသည်ကား တတိယ သမဏမျိုးတည်း။

ရဟန်းတို့ စတုတ္ထ သမဏမျိုး ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤသည်ကား စတုတ္ထသမဏ မျိုးတည်း။

ရဟန်းတို့ ဤသာသနာတော်၌သာလျှင် ပဌမ သမဏမျိုး၊ ဤသာသနာတော်၌သာလျှင် ဒုတိယ သမဏမျိုး၊ဤ သာသနာတော်၌သာ လျှင် တတိယ သမဏမျိုး၊ဤသာသနာတော်၌သာလျှင် စတုတ္ထသမဏမျိုးကို ရအပ်၏၊ သာသနာပြင်ပ အယူဝါဒတို့သည် ဤဆိုခဲ့ပြီး သမဏလေးမျိုး တို့မှ ဆိတ်သုဉ်းကုန်၏။ ရဟန်းတို့ ဤသို့ ရဲရင့်သော စကားကို ကြုံးဝါးကြကုန်လော့ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-သပ္ပုရိသာနိသံသသုတ်

၂၄၂။ ရဟန်းတို့ သူတော်ကောင်းကို အမှီပြု၍ အာနိသင်လေးမျိုးတို့ကို(မချွတ်ရလိမ့်မည် ဟု) မြော်လင့်အပ်ကုန်၏။အဘယ်လေးမျိုးတို့နည်းဟူမူ—မြတ်သောသီလဖြင့် တိုးပွါး၏။မြတ်သောသမာဓိ ဖြင့် တိုးပွါး၏၊ မြတ်သောပညာဖြင့် တိုးပွါး၏၊ မြတ်သော ဝိမုတ္တိဖြင့် တိုးပွါး၏။ ရဟန်းတို့ သူတော် ကောင်းကို အမှီပြု၍ ဤအာနိသင်လေးမျိုးတို့ကို (မချွတ်ရလိမ့်မည်)ဟု မြော်လင့်အပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

လေးခုမြောက် ကမ္မဝဂ် ပြီး၏။

## (၂၅) ၅-အာပတ္တိဘယဝဂ် ၁-သံဃဘေဒကသုတ်

၂၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်း သုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင် နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည်— "အာနန္ဒာ ထိုအဓိကရုဏ်းသည် ငြိမ်းပြီ လော" ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ထိုအဓိကရုဏ်းသည် အဘယ်မှာ ငြိမ်းပါအံ့နည်း၊အသျှင် အနုရုဒ္ဓါ၏ အတူနေတပည့် ဗာဟိယမည်သော ရဟန်းသည် သံဃာကွဲပြားရန် နည်းမျိုးစုံ အားထုတ် လျက် ရပ်တည်နေပါ၏၊ ထိုသို့ ဖြစ်ရာ၌ အသျှင်အနုရုဒ္ဓါသည် စကား တခွန်းမျှ ပြောစကောင်း၏ ဟူ၍ မအောက်မေ့ပါ ဟု (လျှောက်၏)။

http://www.dhammadownload.com



အာနန္ဒာ အနုရုဒ္ဓါသည် သံဃာ့အလယ်ဝယ် အဓိကရုဏ်းတို့၌ အဘယ်အခါက မေးစိစစ်ဘူး သနည်း၊ အာနန္ဒာ ဖြစ်ပေါ်သမျှ အဓိကရုဏ်း အားလုံးတို့ကို သင်ကိုသော်လည်း ငြိမ်းစေရမည် မဟုတ်ပါလော၊ သာရိပုတြာ မောဂ္ဂလာန်ဘို့သော်လည်း ငြိမ်းစေကြရမည် မဟုတ်ပါလော။

အာနန္ဒာ ဤအကျိုးထူး လေးမျိုးတို့ကို မြင်သော ရဟန်းယုတ်သည် သံဃာကွဲပြားခြင်းကို နှစ်သက် လိုလား၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အာနန္ဒာ ဤသာသနာတော်၌ ရဟန်းယုတ် သည် သီလမရှိ ယုတ်ညံ့သော သဘောရှိ၏၊ မစင်ကြယ် ယုံမှားဖွယ် အကျင့်ရှိ၏၊ ဖုံးလွှမ်းအပ်သော အမှုရှိ၏၊ ရဟန်းမဟုတ်ပဲလျက် ရဟန်းဟု ဝန်ခံ၏၊ မြတ်သောအကျင့် မရှိပဲလျက် မြတ်သော အကျင့် ရှိ၏ ဟု ဝန်ခံ၏၊ အတွင်းပုပ်၏၊ (ကိလေသာ)မိုး စွတ်၏၊ ယောက်သွားပုပ်ကဲ့သို့ ဖြစ်၏။ ထိုရဟန်း အား—“ဤရဟန်းသည် ‘သီလမရှိ ယုတ်ညံ့သော သဘောရှိ၏၊ မစင်ကြယ် ယုံမှားဖွယ် အကျင့် ရှိ၏၊ ဖုံးလွှမ်းအပ်သော အမှု ရှိ၏၊ ရဟန်း မဟုတ်ပဲလျက် ရဟန်းဟု ဝန်ခံ၏၊ မြတ်သောအကျင့် မရှိပဲလျက် မြတ်သော အကျင့် ရှိ၏ဟု ဝန်ခံ၏၊ အတွင်း ပုပ်၏၊ (ကိလေသာ)မိုးစွတ်၏၊ ယောက်သွားပုပ်ကဲ့သို့ ဖြစ်၏’ဟု ငါ့ကို ရဟန်းဘို့ အကယ်၍ သိကုန်မူ ညီညွတ်လျှင် ငါ့ကို ဖျက်ဆီးကြလိမ့်မည်၊ မညီညွတ် လျှင်မူကား ငါ့ကို ဖျက်ဆီးနိုင်ကြလိမ့်မည် မဟုတ်” ဟု အကြံဖြစ်၏။ အာနန္ဒာ ဤ ပဌမ အကျိုး ထူးကို မြင်သော ရဟန်းယုတ်သည် သံဃာကွဲပြားခြင်းကို နှစ်သက်လိုလား၏။

အာနန္ဒာ နောက်တမျိုးကား ရဟန်းယုတ်သည် မှားသော အယူရှိ၏၊ အပိုင်းအခြားကို ယူ တတ်သော မိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံ၏။ ထိုရဟန်းအား—“ဤရဟန်းသည် ‘မှားသော အယူရှိ၏၊ အပိုင်း အခြားကို ယူတတ်သော မိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံ၏’ဟု ငါ့ကို ရဟန်းတို့ အကယ်၍ သိကုန်မူ ညီညွတ်လျှင် ငါ့ကို ဖျက်ဆီးကြလိမ့်မည်၊ မညီညွတ်လျှင်မူကား ငါ့ကို ဖျက်ဆီးနိုင်ကြလိမ့်မည် မဟုတ်”ဟု အကြံ ဖြစ်၏။ အာနန္ဒာ ဤ ဒုတိယ အကျိုးထူးကို မြင်သော ရဟန်းယုတ်သည် သံဃာ ကွဲပြားခြင်းကို နှစ်သက်လိုလား၏။

အာနန္ဒာ နောက်တမျိုးကား ရဟန်းယုတ်သည် မှားသော အသက်မွေးမှုရှိ၏၊ မှားသော အသက်မွေးမှုဖြင့် အသက်မွေး၏၊ ထိုရဟန်းအား—“ဤရဟန်းသည် ‘မှားသော အသက်မွေးမှုရှိ၏၊ မှားသော အသက်မွေးမှုဖြင့် အသက်မွေး၏’ ဟု ငါ့ကို ရဟန်းတို့ အကယ်၍ သိကုန်မူ ညီညွတ်လျှင် ငါ့ကို ဖျက်ဆီးကြလိမ့်မည်၊ မညီညွတ်လျှင်မူကား ငါ့ကို ဖျက်ဆီးနိုင်ကြလိမ့်မည် မဟုတ်”ဟု အကြံ ဖြစ်၏။ အာနန္ဒာ ဤ တတိယအကျိုးထူးကို မြင်၍ ရဟန်းယုတ်သည် သံဃာကွဲပြားခြင်းကို နှစ်သက် လိုလား၏။

အာနန္ဒာ နောက်တမျိုးကား ရဟန်းယုတ်သည် လာဘ်ကိုအလိုရှိ၏၊အရိုအသေပြုမှုကိုအလိုရှိ၏၊ မထိမဲ့မြင် မပြုမှုကို အလိုရှိ၏။ ထိုရဟန်းအား—“ဤရဟန်းသည် ‘လာဘ်ကို အလိုရှိ၏၊ အရိုအသေ ပြုမှုကို အလိုရှိ၏၊ မထိမဲ့မြင် မပြုမှုကို အလိုရှိ၏’ ဟု ငါ့ကို ရဟန်းတို့ အကယ်၍ သိကုန်မူ ညီညွတ် လျှင် ငါ့ကို အရိုအသေ ပြုကြလိမ့်မည် မဟုတ်၊ အလေးပြုကြလိမ့်မည် မဟုတ်၊ မြတ်နိုးကြလိမ့်မည် မဟုတ်၊ ပူဇော်ကြလိမ့်မည် မဟုတ်၊ မညီညွတ်လျှင်ကား ငါ့ကို အရိုအသေ ပြုကြလိမ့်မည်၊ အလေး ပြုကြလိမ့်မည်၊ မြတ်နိုးကြလိမ့်မည်၊ ပူဇော်ကြလိမ့်မည်” ဟု အကြံ ဖြစ်၏။ အာနန္ဒာ ဤ စတုတ္ထ အကျိုးထူးကို မြင်၍ ရဟန်းယုတ်သည် သံဃာ ကွဲပြားခြင်းကို နှစ်သက်လိုလား၏။ အာနန္ဒာ ဤ အကျိုးထူး လေးမျိုးတို့ကို မြင်သော ရဟန်းယုတ်သည် သံဃာကွဲပြားခြင်းကို နှစ်သက် လိုလား၏ ဟု (မိန့်တော်မူ၏)။

**ပဌမသုတ်။**

http://www.dhammadownload.com



## ၂-အာပတ္တိဘယသုတ်

၂၄၄။ ရဟန်းတို့ အာပတ်ကို အကြောင်းပြု၍ ဖြစ်သော ဘေးတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အပြစ်ကို လွန်ကျူးသော ခိုးသူကို ဖမ်း၍ "မင်းမြတ် ဤသူသည် အပြစ်ကို လွန်ကျူးသော ခိုးသူပါတည်း၊ ဤခိုးသူအား မင်းမြတ်သည် ဒဏ်ထားတော်မူပါလော့" ဟု ဆို၍ မင်းအား ပြကုန်ရာ၏။ ထိုခိုးသူကို မင်းသည် "အချင်းတို့ သွားကြလော့၊ ဤယောကျ်ားကို ခိုင်မြဲသော ကြိုးဖြင့် တင်းကြပ်စွာ လက်ပြန် တုပ်နှောင်လျက် ခေါင်းတုံးရိတ်၍ အသံပြည်ဟီးသော ထက်စည် တီးကာ လမ်းဘိုင်း လမ်းတိုင်း လမ်းဆုံတိုင်း လမ်းဆုံတိုင်းသို့ လှည့်လည်ခေါ်ဆောင်၍ တောင်တံခါးမှ ထုတ်ပြီးလျှင် မြို့၏တောင်အရပ်(သူသတ်ကုန်း)၌ ဦးခေါင်းကို ဖြတ်ကုန်လော့" ဟု ဆိုရာ၏။ ထိုခိုးသူကို မင်းချင်း ယောကျ်ားတို့သည် ခိုင်မြဲသော ကြိုးဖြင့် တင်းကြပ်စွာ လက်ပြန် တုပ်နှောင်လျက် ခေါင်းတုံးရိတ်၍ အသံပြည်ဟီးသော ထက်စည်တီးကာ လမ်းတိုင်း လမ်းတိုင်း လမ်းဆုံဘိုင်း လမ်းဆုံတိုင်းသို့ လှည့်လည်ခေါ်ဆောင်၍ တောင်ဘံခါးမှ ထုတ်ပြီးလျှင် မြို့တောင်အရပ် (သူသတ်ကုန်း)၌ ဦးခေါင်းကို ဖြတ်ကုန်ရာ၏။ ထိုသို့ ဖြစ်ရာဝယ် တနေရာ၌ ရပ်တည်နေသော ယောကျ်ား တယောက်အား—"အချင်းတို့ ဤယောကျ်ားသည် ယုတ်ညံ့၍ ဦးခေါင်း ဖြတ်ထိုက်သည့် ကဲ့ရဲ့ဖွယ်အမှုကို ပြုခဲ့၏တကား၊ ယင်းအကြောင်းကြောင့် မင်းချင်း ယောကျ်ားဘို့သည် ခိုင်မြဲသော ကြိုးဖြင့် တင်းကြပ်စွာ လက်ပြန်တုပ်နှောင်လျက် ခေါင်းတုံးရိတ်၍ အသံပြည်ဟီးသော ထက်စည်တီးကာ လမ်းတိုင်း လမ်းဘိုင်း လမ်းဆုံတိုင်း လမ်းဆုံတိုင်းသို့ လှည့်လည် ခေါ်ဆောင်၍ တောင်တံခါးမှ ထုတ်ပြီးလျှင် မြို့တောင်အရပ် (သူသတ်ကုန်း)၌ ဦးခေါင်းကို ဖြတ်ကြကုန်ဘိ၏၊ ထိုငါသည် ဦးခေါင်းကို ဖြတ်ထိုက်သည့် ဤသို့ သဘောရှိသော ကဲ့ရဲ့ဖွယ်ရာ ထိုသူ၏ မကောင်းမှုကံမျိုးကို စင်စစ် မပြုအံ့" ဟု အကြံဖြစ်ရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် တစုံတယောက်သော ရဟန်းအားသော်၎င်း ရဟန်းမိန်းမအားသော်၎င်း ပါရာဇိကအာပတ်တို့၌ ဤသို့ ပြင်းပြသော ကြောက်လန့်ဖွယ် ဘေးဟူသော အမှတ်သညာ ရှေးရှုထင်လာခဲ့မူ ထိုပုဂ္ဂိုလ်အား "ပါရာဇိက အာပတ် မသင့်သေးလျှင်လည်း သင့်တော့မည် မဟုတ်၊ ပါရာဇိကအာပတ် သင့်ပြီးဖြစ်လျှင်လည်း တရားအားလျော်စွာ ကုစားလိမ့်မည်" ဟူသော ထိုအကျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ ယောကျ်ားသည် အဝတ်နက်ကို ဝတ်၍ ဆံပင်တို့ကို ဖြန့်ကြဲလျက် ကျည်ပွေ့ပခုံးထမ်းကာ လူများအပေါင်းသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်တို့ အကျွန်ုပ်သည် ကျည်ပွေ့ဖြင့် ရိုက်ပုတ်ထိုက်သည့် ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုမိပြီ၊ အကျွန်ုပ်အတွက် အသျှင်တို့ နှစ်သက်သည့် အမှုကို ပြုပါအံ့" ဟု ဆိုရာ၏။ ထိုသို့ ပြောဆိုရာဝယ် တနေရာ၌ ရပ်တည်နေသော ယောကျ်ား တယောက်အား— "အချင်းဘို့ ဤယောကျ်ားသည် ယုတ်ညံ့၍ ကျည်ပွေ့ဖြင့် ပုတ်ခတ်ထိုက်သည့် ကဲ့ရဲ့ဖွယ် အမှုကိုပြုခဲ့၏ တကား၊ ယင်းအကြောင်းကြောင့် အဝတ်နက်ကို ဝတ်၍ ဆံပင်တို့ကို ဖြန့်ကြဲလျက် ကျည်ပွေ့ ပခုံးထမ်းကာ လူများ အပေါင်းသို့ ချဉ်းကပ်ပြီးလျှင် 'အသျှင်ဘို့ အကျွန်ုပ်သည် ကျည်ပွေ့ဖြင့် ပတ်ခတ်ထိုက်သည့် ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုမိပြီ၊ အကျွန်ုပ်အတွက် အသျှင်တို့ နှစ်သက်သည့် အမှုကို ပြုပါအံ့' ဟု ဆိုရတုံဘိ၏။ ထိုငါသည် ကျည်ပွေ့ဖြင့် ပုတ်ခတ်ထိုက်သည့် ဤသို့ သဘောရှိသော ကဲ့ရဲ့ဖွယ်ရာ ထိုသူ၏ မကောင်းမှု ကံမျိုးကို စင်စစ် မပြုအံ့" ဟု အကြံ ဖြစ်ရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် တစုံတယောက်သော ရဟန်းအားသော်၎င်း ရဟန်းမိန်းမအားသော်၎င်း သံဃာ

http://www.dhammadownload.com



ဒိသိသ် အာပတ်တို့၌ ဤသို့ ပြင်းပြသော ကြောက်လန့်ဖွယ် ဘေးဟူသော အမှတ်သည် ရှေးရှု ထင်လာခဲ့မူ ထိုပုဂ္ဂိုလ်အား "သံဃာဒိသိသ်အာပတ် မသင့်သေးလျှင်လည်း သင့်တော့မည် မဟုတ်၊ သံဃာဒိသိသ်အာပတ် သင့်ပြီးဖြစ်လျှင်လည်း တရားအားလျော်စွာ ကုစားလိမ့်မည်" ဟူသော ထိုအကျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ ယောကျ်ားသည် အဝတ်နက်ကို ဝတ်၍ ဆံပင်တို့ကို ဖြန့်ကြဲလျက် ပြာထုပ်ပခုံးတင်ကာ လူများအပေါင်းသို့ ချဉ်းကပ်ပြီးလျှင်—"အသျှင်တို့ အကျွန်ုပ်သည် ပြာထုပ်ဖြင့်(ဦးခေါင်းကို) ပုတ်ခတ်ထိုက်သည့် ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုမိပြီ၊ အကျွန်ုပ်အတွက် အသျှင်တို့ နှစ်သက်သည့် အမှုကို ပြုပါအံ့"ဟု ဆိုရာ၏။ ထိုသို့ပြောဆိုရာဝယ် တနေရာ၌ ရပ်တည်နေသော ယောကျ်ားတယောက်အား— "အချင်းတို့ ဤယောကျ်ားသည် ယုတ်ညံ့၍ ပြာထုပ်ဖြင့် (ဦးခေါင်းကို)ပုတ်ခတ်ထိုက်သည့် ကဲ့ရဲ့ဖွယ် အမှုကို ပြုခဲ့၏တကား၊ ယင်းအကြောင်းကြောင့် အဝတ်နက်ကို ဝတ်၍ ဆံပင်တို့ကို ဖြန့်ကြဲလျက် ပြာထုပ်ပခုံးတင်ကာ လူများအပေါင်းသို့ ချဉ်းကပ်ပြီးလျှင် 'အသျှင်တို့ အကျွန်ုပ်သည် ပြာထုပ်ဖြင့် ပုတ်ခတ်ထိုက်သည့် ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုမိပြီ၊ အကျွန်ုပ်အတွက် အသျှင်တို့ နှစ်သက်သည့် အမှုကို ပြုပါအံ့'ဟု ဆိုရဘိ၏။ ထိုငါသည် ပြာထုပ်ဖြင့် ပုတ်ခတ်ထိုက်သည့် ဤသို့ သဘော ရှိသော ကဲ့ရဲ့ဖွယ်ရာ မကောင်းမှု ကံမျိုးကို စင်စစ် မပြုအံ့" ဟု အကြံဖြစ်ရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် တစုံတယောက်သော ရဟန်းအားသော်၎င်း ရဟန်းမိန်းမအားသော်၎င်း ပါစိတ် အာပတ်တို့၌ ဤသို့ ပြင်းပြသော ကြောက်လန့်ဖွယ် ဘေးဟူသော အမှတ်သည် ရှေးရှုထင်လာ ခဲ့မူ ထိုပုဂ္ဂိုလ်အား "ပါစိတ်အာပတ် မသင့်သေးလျှင်လည်း သင့်တော့မည် မဟုတ်၊ ပါစိတ်အာပတ် သင့်ပြီးဖြစ်လျှင်လည်း တရားအားလျော်စွာ ကုစားလိမ့်မည်" ဟူသော ထိုအကျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

ရဟန်းတို့ ယောကျ်ားသည် အဝတ်နက်ကို ဝတ်၍ ဆံပင်တို့ကို ဖြန့်ကြဲလျက် လူများအပေါင်းသို့ ချဉ်းကပ်ပြီးလျှင်—"အသျှင်တို့ အကျွန်ုပ်သည် စွပ်စွဲထိုက်သည့် ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုမိပြီ၊ အကျွန်ုပ်အတွက် အသျှင်တို့ နှစ်သက်သည့် အမှုကို ပြုပါအံ့"ဟု ဆိုရာ၏။ ထိုသို့ ပြောဆိုရာဝယ် တနေရာ၌ ရပ်တည်နေသော ယောကျ်ားတယောက်အား— "အချင်းတို့ ဤယောကျ်ားသည် စွပ်စွဲ ထိုက်သည့် ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုခဲ့၏ တကား၊ ယင်းအကြောင်းကြောင့် အဝတ်နက်ကို ဝတ်၍ ဆံပင်တို့ကို ဖြန့်ကြဲလျက် လူများအပေါင်းသို့ ချဉ်းကပ်ပြီးလျှင် 'အသျှင်တို့ အကျွန်ုပ်သည် စွပ်စွဲ ထိုက်သည့် ကဲ့ရဲ့ဖွယ် မကောင်းမှုကို ပြုမိပြီ၊အကျွန်ုပ်အတွက် အသျှင်တို့ နှစ်သက်သည့် အမှုကို ပြုပါ အံ့'ဟု ဆိုရဘိ၏။ထိုငါသည် စွပ်စွဲထိုက်သည့် ဤသို့သဘောရှိသော ကဲ့ရဲ့ဖွယ်ရာ ထိုသူ၏ မကောင်းမှု ကံမျိုးကို မပြုအံ့" ဟု အကြံဖြစ်ရာသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် တစုံတယောက်သော ရဟန်းအားသော်၎င်း ရဟန်းမိန်းမအားသော်၎င်း ပါဋိဒေသနီ အာပတ်တို့၌ ဤသို့ ပြင်းပြသော ကြောက်လန့်ဖွယ် ဘေးဟူသော အမှတ်သည် ရှေးရှုထင်လာခဲ့မူ ထိုပုဂ္ဂိုလ်အား "ပါဋိဒေသနီ အာပတ် မသင့်သေးလျှင်လည်း သင့်တော့မည် မဟုတ်၊ ပါဋိဒေသနီအာပတ်သင့်ပြီးဖြစ်လျှင်လည်း တရားအား လျော်စွာ ကုစားလိမ့်မတို့" ဟူသော ထိုအကျိုးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ အာပတ်ကို အကြောင်း ပြု၍ ဖြစ်သော ဘေးတို့သည် ဤလေးမျိုး တို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-သိက္ခာနိသံသသုတ်

၂၄၅။ ရဟန်းတို့ အကျင့်သိက္ခာဟူသော အကျိုးအာနိသင်၊ လွန်ကဲသော ပညာ၊ ဝိမုတ္တိ 'အရဟတ္တဖိုလ်'ဟူသော အနှစ်၊ သတိဟူသော အကြီးအမှူးရှိသည့် ဤမြတ်သော အကျင့်ကို ကျင့်သုံးရ၏။ ရဟန်းတို့ အဘယ်သို့လျှင် အကျင့်သိက္ခာဟူသော အကျိုးရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ မကြည်ညိုကုန်သေးသူတို့ ကြည်ညိုရန် ကြည်ညိုပြီးသူတို့ အကြည်ညို တိုးပွါးရန် တပည့်တို့အား လွန်မြတ်သော အကျင့်ဝတ် 'အဘိသမာစာရိက' သိက္ခာကို ငါ ပညတ် အပ်ပြီ၊ ရဟန်းတို့ မကြည်ညိုသေးသူတို့ ကြည်ညိုရန် ကြည်ညိုပြီးသူတို့ အကြည်ညို တိုးပွါးရန် တပည့်တို့အား ငါပညတ်ထားတိုင်းသော လွန်မြတ်သည့် ကျင့်ဝတ် 'အဘိသမာစာရိက' သိက္ခာကို ထိုရဟန်းသည် မကျိုး မပေါက် မပြောက် မကျားသည်ကို ပြုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။

ရဟန်းတို့ နောက်တမျိုးကား ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် တပည့်တို့အား (မဂ်ဟူသော)မြတ်သော အကျင့်၏ အစဦးဖြစ်သော 'အာဒိဗြဟ္မစရိယက' သိက္ခာကို ငါပညတ်အပ်ပြီ၊ ရဟန်းတို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် တပည့်တို့အား ငါပညတ်ထားတိုင်းသော မြတ်သော အကျင့်၏ အစဦး'အာဒိဗြဟ္မစရိယက'သိက္ခာကို ထိုရဟန်းသည် မကျိုး မပေါက် မပြောက် မကျားသည်ကို ပြုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် အကျင့်သိက္ခာဟူသော အကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် လွန်ကဲသော ပညာရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် တပည့်တို့အား (သစ္စာလေးပါး) တရားတို့ကို ငါဟောကြားအပ်ပြီ၊ ရဟန်းတို့ တပည့်တို့အား ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် ငါဟောကြားထားတိုင်းသော တရားတို့ကို ထိုပုဂ္ဂိုလ်သည် (မဂ်) ပညာဖြင့် ကောင်းစွာ ရှုမြင်အပ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် လွန်ကဲသော ပညာရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဝိမုတ္တိ 'အရဟတ္တဖိုလ်' ဟူသော အနှစ် ရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် တပည့်တို့အား(သစ္စာလေးပါး)တရားတို့ကို ငါ ဟောကြား အပ်ပြီ၊ ရဟန်းတို့ တပည့်တို့အား ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် ငါဟောကြားထားတိုင်းသော တရားတို့ကို ထိုပုဂ္ဂိုလ်သည် ဝိမုတ္တိ 'အရဟတ္တဖိုလ်'ဖြင့် တွေ့ထိအပ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ဝိမုတ္တိ 'အရဟတ္တဖိုလ်' ဟူသော အနှစ်ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် သတိဟူသော အကြီးအမှူး ရှိသနည်း၊ "ဤသို့ ပညတ်တော်မူတိုင်းသော မပြည့်စုံသေးသော လွန်မြတ်သည့် ကျင့်ဝတ်'အဘိသမာစာရိကသိက္ခာ'ကို မူလည်း ပြည့်စေအံ့၊ ပြည့်စုံပြီးသော လွန်မြတ်သည့် ကျင့်ဝတ်သိက္ခာကိုမူလည်း ထိုထိုအရာ၌ ပညာဖြင့် မြင့်တင်အံ့"ဟု မိမိသန္တာန်၌သာလျှင် သတိသည် ကောင်းစွာထင်၏၊ "ဤသို့ ပညတ်တော်မူတိုင်းသော မပြည့်စုံသေးသော (မဂ်တည်းဟူသော)အကျင့်မြတ်၏ အစဦး'အာဒိဗြဟ္မစရိယက'သိက္ခာကိုမူလည်း ပြည့်စေအံ့၊ ပြည့်စုံပြီးသော အကျင့်မြတ်၏ အစဦး သိက္ခာကိုမူလည်း ထိုထိုအရာ၌ ပညာဖြင့် မြင့်တင်အံ့"ဟု မိမိသန္တာန်၌သာလျှင် သတိသည် ကောင်းစွာ ထင်၏၊ "ဤသို့ ပညတ်တော်မူတိုင်းသော ကောင်းစွာ မရှုဆင်ခြင်အပ်သေးသော တရားကိုမူလည်း ပညာဖြင့် ကောင်းစွာ ရှုဆင်ခြင်အံ့၊

http://www.dhammadownload.com



ကောင်းစွာ ရှုဆင်ခြင်ပြီးသော တရားကိုမူလည်း ထိုထို အရာ၌ ပညာဖြင့် မြင့်တင်အံ့"ဟု မိမိ သန္တာန်၌ သာလျှင် သတိသည် ကောင်းစွာ ထင်၏၊ "ဤသို့ ပညတ်တော်မူတိုင်းသော မတွေ့ထိအပ် သေးသော တရားကိုမူလည်း ဝိမုတ္တိ 'အရဟတ္တဖိုလ်'ဖြင့် တွေ့ထိစေအံ့၊ တွေ့ထိပြီးသော တရားကိုမူ လည်း ထိုထိုအရာ၌ ပညာဖြင့် မြှင့်တင်အံ့"ဟု မိမိသန္တာန်၌သာလျှင် သတိသည် ကောင်းစွာထင်၏။ ရဟန်းတို့ ဤသို့လျှင် သတိဟူသော အကြီးအမှူးရှိ၏။ "ရဟန်းတို့ သိက္ခာဟူသော အကျိုး 'အာနိသင်'၊ လွန်ကဲသော ပညာ၊ ဝိမုတ္တိ 'အရဟတ္တဖိုလ်'ဟူသော အနှစ်၊ သတိ ဟူသော အကြီးအမှူး ရှိသည့် မြတ်သော အကျင့်ကို ကျင့်သုံးရ၏"ဟူသော စကားသည် ဤသည်ကို စွဲ၍ဆိုခဲ့သော စကား ဖြစ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သေယျာသုတ်

၂၄၆။ ရဟန်းတို့ အိပ်ခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ပြိတ္တာတို့၏ အိပ်ခြင်း ကာမဂုဏ်ခံစားသူတို့၏ အိပ်ခြင်း ခြင်္သေ့တို့၏ အိပ်ခြင်း မြတ်စွာဘုရားတို့၏ အိပ်ခြင်း တို့တည်း။ ရဟန်းတို့ ပြိတ္တာတို့၏ အိပ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပြိတ္တာတို့သည် များသောအားဖြင့် ပက်လက် အိပ်ကုန်၏။ ရဟန်းတို့ ဤသည်ကို ပြိတ္တာတို့၏ အိပ်ခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ ကာမဂုဏ် ခံစားသူတို့၏ အိပ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကာမဂုဏ် ခံစားသူတို့သည် များသော အားဖြင့် လက်ဝဲနံပါးဖြင့် အိပ်ကုန်၏။ ရဟန်းတို့ ဤသည်ကို ကာမဂုဏ် ခံစားသူတို့၏ အိပ်ခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ ခြင်္သေ့တို့၏ အိပ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်း သည် ခြေတဖက်ဖြင့် ခြေတဖက်ကို စဉ်းငယ်လွန်ကာ တင်ထား၍ ပေါင်အတွင်း၌ အမြီးကို ထည့်သွင်းလျက် လက်ျာနံပါးဖြင့် အိပ်၏၊ ထို ခြင်္သေ့သည် အိပ်ရာမှ နိုးလတ်သော် ရှေ့ပိုင်းကိုယ်ကို စဉ်းငယ်ညွတ်စေ၍ နောက်ပိုင်း ကိုယ်ကို စောင်းလှည့်၍ ကြည့်၏။ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် ခန္ဓာကိုယ်၏ တစုံတရာ ဖောက်ပြန်နေသည်ကိုငြင်း ရွေ့ရှားနေသည်ကိုငြင်း အကယ်၍ မြင်ရအံ့၊ ရဟန်းတို့ ထိုသို့ မြင်ခြင်းကြောင့် သားတို့သနင်း ခြင်္သေ့မင်းသည် မနှစ်မြို့ ခြင်း ဖြစ်၏။ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် ခန္ဓာကိုယ်၏ တစုံတရာဖောက်ပြန်နေသည် ကိုငြင်း ရွေ့ရှားနေသည်ကိုငြင်း အကယ်၍ မမြင်အံ့၊ ရဟန်းတို့ ထိုသို့မမြင်ခြင်းကြောင့် သားတို့ သနင်း ခြင်္သေ့မင်းသည် နှစ်မြို့၏။ ရဟန်းတို့ ဤသည်ကို ခြင်္သေ့တို့၏အိပ်ခြင်း ဟု ဆိုအပ်၏။

ရဟန်းတို့ မြတ်စွာဘုရားတို့၏ အိပ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ မြတ်စွာဘုရားသည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသည်ကို မြတ်စွာဘုရားတို့၏ အိပ်ခြင်း ဟု ဆိုအပ်၏။ ရဟန်းတို့ အိပ်ခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ထူပါရဟသုတ်

၂၄၇။ ရဟန်းတို့ စေတီထိုက်သော ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် စေတီထိုက်၏၊ ပစ္စေကဗုဒ္ဓါသည် စေတီထိုက်၏၊ မြတ်စွာဘုရား၏ တပည့်သာဝကသည် စေတီထိုက်၏၊ စကြဝတေးမင်းသည် စေတီ ထိုက်၏။ ရဟန်းတို့ စေတီထိုက်သောပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ပညာဝုဒ္ဓိသုတ်

၂၄၈။ ရဟန်းတို့ ဤတရား လေးမျိုးတို့သည် ပညာတိုးပွါးရန် ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း သူတော်ကောင်းတရားကို ကြားနာခြင်း အသင့်အားဖြင့် နှလုံးသွင်းခြင်း (လောကုတ္တရာ)တရားအားလျော်သော အကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ ဤတရား လေးမျိုးတို့သည် ပညာတိုးပွါးရန် ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဗဟုကာရသုတ်

၂၄၉။ ရဟန်းတို့ ဤတရားလေးမျိုးတို့သည် လူပုဂ္ဂိုလ်အား ကျေးဇူးများကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း သူတော်ကောင်းတရားကို ကြားနာခြင်း အသင့်အားဖြင့် နှလုံးသွင်းခြင်း (လောကုတ္တရာ) တရားအား လျော်သော အကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ ဤတရား လေးမျိုးတို့သည် လူပုဂ္ဂိုလ်အား ကျေးဇူးများကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပဌမ ဝေါဟာရသုတ်

၂၅၀။ ရဟန်းတို့ အရိယာ မဟုတ်သူတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မမြင်သည်၌ မြင်၏ ဟု ပြောဆိုခြင်း မကြားသည်၌ ကြား၏ ဟု ပြောဆိုခြင်း မတွေ့သည်၌ တွေ့၏ဟု ပြောဆိုခြင်း မသိသည်၌ သိ၏ဟု ပြောဆိုခြင်းတို့တည်း။ ရဟန်းတို့ အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယ ဝေါဟာရသုတ်

၂၅၁။ ရဟန်းတို့ အရိယာတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မမြင်သည်၌ မမြင်ဟု ပြောဆိုခြင်း မကြားသည်၌ မကြားဟု ပြောဆိုခြင်း မတွေ့

http://www.dhammadownload.com



သည်၌ မတွေ့ဟု ပြောဆိုခြင်း မသိသည်၌ မသိဟု ပြောဆိုခြင်းတို့တည်း။ ရဟန်းတို့ အရိယာတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-တတိယ ဝေါဟာရသုတ်

၂၅၂။ ရဟန်းတို့ အရိယာ မဟုတ်သူတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မြင်သည်၌ မမြင်ဟု ပြောဆိုခြင်း ကြားသည်၌ မကြားဟု ပြောဆိုခြင်း တွေ့သည်၌ မတွေ့ဟု ပြောဆိုခြင်း သိသည်၌ မသိဟု ပြောဆိုခြင်းတို့တည်း။ ရဟန်းတို့ အရိယာ မဟုတ်သူတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-စတုတ္ထ ဝေါဟာရသုတ်

၂၅၃။ ရဟန်းတို့ အရိယာတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မြင်သည်၌ မြင်၏ဟု ပြောဆိုခြင်း ကြားသည်၌ ကြား၏ဟု ပြောဆိုခြင်း တွေ့သည်၌ တွေ့၏ဟု ပြောဆိုခြင်း သိသည်၌ သိ၏ဟု ပြောဆိုခြင်း တို့တည်း။ ရဟန်းတို့ အရိယာတို့၏ ပြောဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

ငါးခုမြောက် အာပတ္တိဘယဝဂ် ပြီး၏။

ပဉ္စမ သုတ်ငါးဆယ် ပြီး၏။

---

## (၂၆) ၆-အဘိညာဝဂ် ၁-အဘိညာသုတ်

၂၅၄။ ရဟန်းတို့ တရားဘို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဉာဏ်ဖြင့်သိ၍ပိုင်းခြားသိထိုက်သော တရားတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဉာဏ်ဖြင့် သိ၍ ပယ်ထိုက်သော တရားတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဉာဏ်ဖြင့် သိ၍ပွါးများထိုက်သော တရားတို့သည် ရှိကုန်၏။ ရဟန်းတို့ ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုထိုက်သောတရားတို့သည် ရှိကုန်၏။

ရဟန်းတို့ ဉာဏ်ဖြင့် သိ၍ပိုင်းခြားသိထိုက်သော တရားတို့ဟူသည် အဘယ်နည်း၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့တည်း။ ရဟန်းတို့ ဤတရားတို့ကို ဉာဏ်ဖြင့် သိ၍ ပိုင်းခြားသိထိုက်သော တရားတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ ဉာဏ်ဖြင့်သိ၍ ပယ်ထိုက်သော တရားတို့ဟူသည် အဘယ်နည်း၊ မသိမှု 'အဝိဇ္ဇာ နှင့် ဘဝကို တပ်မက်ခြင်း 'ဘဝတဏှာ' တို့တည်း။ ရဟန်းတို့ ဤတရားတို့ကို ဉာဏ်ဖြင့် သိ၍ ပယ်ထိုက်သော တရားတို့ဟူ၍ ဆိုအပ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဉာဏ်ဖြင့် သိ၍ပွါးများထိုက်သော တရားတို့ဟူသည် အဘယ်နည်း၊ ကိလေသာ ငြိမ်းစေမှု 'သမထ'နှင့် အထူးထူး ရှုမှု 'ဝိပဿနာ'တို့တည်း။ ရဟန်းတို့ ဤတရားတို့ကို ဉာဏ်ဖြင့်သိ၍ ပွါးများထိုက်သော တရားတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုထိုက်သော တရားတို့ဟူသည် အဘယ်နည်း၊ အသိဉာဏ် 'ဝိဇ္ဇာ'နှင့် ကိလေသာမှ လွတ်မြောက်မှု 'ဝိမုတ္တိ'တို့တည်း။ ရဟန်းတို့ ဤတရားတို့ကို ဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုထိုက်သော တရားတို့ ဟူ၍ ဆိုအပ်ကုန်၏။ ရဟန်းတို့ တရားတို့သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပရိယေသနသုတ်

၂၅၅။ ရဟန်းတို့ အရိယာ မဟုတ်သူတို့၏ ရှာမှီးခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မိမိက အိုခြင်းသဘော ရှိသူဖြစ်လျက် အိုခြင်းသဘောကို သာလျှင် ရှာမှီး၏၊ မိမိက နာခြင်းသဘော ရှိသူဖြစ်လျက် နာခြင်းသဘောကိုသာလျှင် ရှာမှီး၏၊ မိမိက သေခြင်းသဘောရှိသူဖြစ်လျက် သေခြင်း သဘောကို သာလျှင် ရှာမှီး၏၊ မိမိက ပူပန်စေတတ် နှိပ်စက်တတ်သော သဘောရှိသူဖြစ်လျက် ပူပန်စေတတ် နှိပ်စက်တတ်သော သဘောကိုသာလျှင် ရှာမှီး၏။ ရဟန်းတို့ အရိယာမဟုတ်သူတို့၏ ရှာမှီးခြင်း တို့သည် ဤလေးမျိုးတို့တည်း။

ရဟန်းတို့ အရိယာပုဂ္ဂိုလ်တို့၏ ရှာမှီးခြင်းတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့ နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မိမိက အိုခြင်းသဘော ရှိသူဖြစ်၍ အိုခြင်း သဘော၌ အပြစ်ကို သိရကား အိုခြင်း မရှိသော အတုမဲ့သော ယောဂ၏ကုန်ရာ နိဗ္ဗာန်ကို ရှာမှီး၏၊ မိမိက နာခြင်းသဘောရှိသူဖြစ်၍ နာခြင်းသဘော၌ အပြစ်ကို သိရကား နာခြင်းမရှိသော အတုမဲ့ သော ယောဂ၏ ကုန်ရာ နိဗ္ဗာန်ကို ရှာမှီး၏၊ မိမိက သေခြင်းသဘော ရှိသူဖြစ်၍ သေခြင်းသဘော၌ အပြစ်ကို သိရကား သေခြင်း မရှိသော အတုမဲ့သော ယောဂ၏ ကုန်ရာ နိဗ္ဗာန်ကို ရှာမှီး၏၊ မိမိက ပူပန်စေတတ် နှိပ်စက်တတ်သော သဘောရှိသူဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော သဘော၌ အပြစ်ကို သိရကား မပူပန်စေတတ် မနှိပ်စက်တတ်သော အတုမဲ့သော ယောဂ၏ ကုန်ရာ နိဗ္ဗာန်ကို ရှာမှီး၏။ ရဟန်းတို့ အရိယာတို့၏ ရှာမှီးခြင်းတို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော် မူ၏)။

ဒုတိယ သုတ်။

## ၃-သင်္ဂဟဝတ္ထုသုတ်

၂၅၆။ ရဟန်းတို့ ချီးမြှောက်ကြောင်း 'သင်္ဂဟဝတ္ထု' တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ပေးကမ်း စွန့်ကြဲခြင်း ချစ်ဖွယ်သောစကားကို ဆိုခြင်း အကျိုး စီးပွါးကို ကျင့်ခြင်း ကိုယ်တူထားခြင်းတို့တည်း။ ရဟန်းတို့ ချီးမြှောက်ကြောင်း'သင်္ဂဟဝတ္ထု'တို့ သည် ဤလေးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-မာလုကျပုတ္တသုတ်

၂၅၇။ ထိုအခါ အသျှင်မာလုကျပုတ္တသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်လျက် ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

အသျှင်ဘုရား အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားတော်ကို ဟောတော်မူရန် တောင်းပန်ပါ၏၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရပြီးနောက် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းထန်စွာ အားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည် ဖြစ်၍ နေပါအံ့ ဟု လျှောက်၏။ မာလုကျပုတ္တ ဤအရာ၌ သင်ကဲ့သို့ အိုမင်း၍ ကြီးမားရင့်ရော်နေသူက ငါဘုရားအား အကျဉ်းအားဖြင့် အဆုံးအမကို တောင်းဘိမူ ယခုအခါ ငယ်ရွယ်သူ ရဟန်းတို့ကို အဘယ်သို့ ဆိုရကုန်အံ့နည်း ဟု(မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါလော့၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရား အနက်ကို သိကောင်းတန်ရာပါ၏၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်၏ အမွေခံဖြစ်နိုင်ကောင်းတန်ရာပါ၏ ဟု(လျှောက်၏)။ မာလုကျပုတ္တ တဏှာဖြစ်ကြောင်းတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းအား တဏှာဖြစ်ပေါ်ခဲ့သော် ယင်းလေးမျိုးတို့၌ ဖြစ်ပေါ်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—မာလုကျပုတ္တ ရဟန်းအား တဏှာဖြစ်ပေါ်ခဲ့သော် သင်္ကန်း ဟူသော အကြောင်းကြောင့်မူလည်း ဖြစ်ပေါ်၏၊ မာလုကျပုတ္တ ရဟန်းအားတဏှာဖြစ်ပေါ်ခဲ့သော် ဆွမ်း ဟူသော အကြောင်းကြောင့်မူလည်း ဖြစ်ပေါ်၏။ မာလုကျပုတ္တ ရဟန်းအားတဏှာဖြစ်ပေါ်ခဲ့သော် ကျောင်း အိပ်ရာ နေရာ ဟူသော အကြောင်းကြောင့်မူလည်း ဖြစ်ပေါ်၏၊ မာလုကျပုတ္တ ရဟန်းအား တဏှာဖြစ်ပေါ်ခဲ့သော် ဆေးပစ္စည်းဟူသော အကြောင်းကြောင့် မူလည်း ဖြစ်ပေါ်၏၊ မာလုကျပုတ္တ တဏှာဖြစ်ကြောင်းတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းအား တဏှာဖြစ်ပေါ်ခဲ့သော် ယင်းလေးမျိုးတို့၌ ဖြစ်ပေါ်၏။ မာလုကျပုတ္တ အကြင်အခါ၌ ရဟန်းသည် တဏှာကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိ။ မာလုကျပုတ္တ (ထိုအခါ) ဤရဟန်းကို တဏှာ ဖြတ်ပြီးသော ရဟန်း သံယောဇဉ်ကို လွန်မြောက်ပြီးသော ရဟန်းဟူ၍ ဆိုအပ်၏၊ ကောင်းစွာ မာနကို နုတ်ပယ်ခြင်း ဟူသော အကြောင်းကြောင့် ဒုက္ခအဆုံးကို ပြုပြီးသော ရဟန်းဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားက ဤအဆုံးအမဖြင့် ဆုံးမအပ်သော အသျှင်မာလုကျပုတ္တသည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေ ပြုကာ ဖဲသွားလေ၏။ ထိုအခါ အသျှင် မာလုကျပုတ္တသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းထန်စွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု)ကြသော အမျိုးသားတို့ လိုလားအပ်သည့် အတုမဲ့မြတ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ် အကျိုးကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စ အလို့ငှါ အခြား ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။ အသျှင် မာလုကျပုတ္တသည် ရဟန္တာတို့တွင် တပါး အပါအဝင်ဖြစ်လေသတည်း။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ကုလသုတ်

၂၅၈။ ရဟန်းတို့ စည်းစိမ်ဥစ္စာတို့၌ များပြားခြင်းသို့ ရောက်ကုန်ကြပြီး၍ ကြာမြင့်စွာ မတည်ကုန်သော အမျိုးသားအားလုံးတို့သည် အကြောင်း လေးမျိုးလုံးတို့ကြောင့် သော်၎င်း ယင်းလေးမျိုးတို့တွင် တမျိုးမျိုးသော အကြောင်းကြောင့် သော်၎င်း ဖြစ်ကုန်၏။ အဘယ်အကြောင်း လေးမျိုးတို့နည်း ဟူမူ—ပျောက်သော စည်းစိမ်ဥစ္စာကို မရှာမှီးကုန်၊ ဆွေးမြေ့ဟောင်းနွမ်းသော စည်းစိမ်ဥစ္စာကို ထပ်မံ၍ မပြုပြင်ကုန်၊ အတိုင်းအရှည်မရှိ စားသောက်ကုန်၏၊ အကျင့်သီလမရှိသော မိန်းမကိုဖြစ်စေ ယောကျ်ားကို ဖြစ်စေ အကြီးအမှူး (ဘဏ္ဍာစိုး) အရာ၌ ထားကုန်၏။ ရဟန်းတို့ စည်းစိမ်ဥစ္စာများပြားခြင်းသို့ ရောက်ကုန်ကြပြီး၍ ကြာမြင့်စွာ မတည်ကုန်သော အမျိုးသားအားလုံးတို့သည် ဤအကြောင်း လေးမျိုးလုံးတို့ကြောင့်သော်၎င်း ယင်းလေးမျိုးတို့တွင် တမျိုးမျိုးသော အကြောင်းကြောင့်သော်၎င်း ဖြစ်ကုန်၏။

ရဟန်းတို့ စည်းစိမ်ဥစ္စာ များပြားခြင်းသို့ ရောက်ကုန်ကြပြီး၍ ကြာမြင့်စွာတည်ကုန်သော အမျိုးသား အားလုံးတို့သည် အကြောင်းလေးမျိုးလုံးတို့ကြောင့်သော်၎င်း ယင်းလေးမျိုးတို့တွင် တမျိုးမျိုးသော အကြောင်းကြောင့်သော်၎င်း ဖြစ်ကုန်၏။ အဘယ်အကြောင်း လေးမျိုးတို့နည်း ဟူမူ—ပျောက်သော စည်းစိမ်ဥစ္စာကို ရှာမှီးကုန်၏၊ ဆွေးမြေ့ဟောင်းနွမ်းသော စည်းစိမ်ဥစ္စာကို ထပ်မံ၍ ပြုပြင်ကုန်၏၊ အတိုင်း အရှည်ရှိသဖြင့် စားသောက်ကုန်၏၊ အကျင့်သီလရှိသော မိန်းမကို ဖြစ်စေ ယောကျ်ားကို ဖြစ်စေ အကြီးအမှူး (ဘဏ္ဍာစိုး)အရာ၌ ထားကုန်၏။ ရဟန်းတို့ စည်းစိမ်ဥစ္စာ များပြားခြင်းသို့ ရောက်ကုန်ကြပြီး၍ ကြာမြင့်စွာ တည်ကုန်သော အမျိုးသားအားလုံးတို့သည် ဤအကြောင်းလေးမျိုးလုံးတို့ကြောင့်သော်၎င်း ယင်းအကြောင်း လေးမျိုးတို့တွင် တမျိုးမျိုးသော အကြောင်းကြောင့်သော်၎င်း ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ပဌမ အာဇာနီယသုတ်

၂၅၉။ ရဟန်းတို့ အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ် လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အာဇာနည်မြင်းကောင်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏။ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤအင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ် အပိုင်းဟူ၍ ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း၊ ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ခွန်အားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိလျက်နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံသော အားထုတ်ခြင်းရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခွန်အားနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အလုံးအရပ်နှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကို ရ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အလုံးအရပ်နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်းတို့၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဒုတိယ အာဇာနီယသုတ်

၂၆၀။ ရဟန်းတို့ အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်း ဟူ၍ ရေတွက်ခြင်းသို့ ရောက်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အာဇာနည်မြင်းကောင်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်း ဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဆင်းနှင့်လည်း ပြည့်စုံ၏၊ ခွန်အားနှင့်လည်း ပြည့်စုံ၏၊ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အဆင်းနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ခွန်အားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိလျက် နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံသော အားထုတ်ခြင်းရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခွန်အားနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အလုံးအရပ်နှင့် ပြည့်စုံသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကိုရ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အလုံးအရပ်နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤအင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဂေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဗလသုတ်

၂၆၁။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ်တို့တည်း။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အရညသုတ်

၂၆၂။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အစွန်အဖျားကျသော တောကျောင်းတို့ကို မမှီဝဲထိုက်။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ကာမဝိတက်နှင့် (ပြည့်စုံသူ)၊ ဗျာပါဒဝိတက်နှင့် (ပြည့်စုံသူ)၊ ဝိဟိံသာဝိတက်နှင့် (ပြည့်စုံသူ)၊ပညာမရှိ မိုက်၍ မသန့်ရှင်းသော နှုတ်ရှိသူတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အစွန်အဖျားကျသော တောကျောင်းတို့ကို မမှီဝဲထိုက်။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲထိုက်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—နေက္ခမ္မဝိတက်နှင့် (ပြည့်စုံသူ)၊ အဗျာပါဒဝိတက်နှင့် (ပြည့်စုံသူ)၊ အဝိဟိံသာဝိတက်နှင့်(ပြည့်စုံသူ)၊ ပညာရှိ၍ မမိုက်သည့်ပြင်

http://www.dhammadownload.com



သန့်ရှင်းသော နှုတ်ရှိသူတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲထိုက်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ကမ္မသုတ်

၂၆၃။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မလိမ္မာ မိုက်မဲသော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း ရှိ၏၊ ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏၊ များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ— အပြစ်ရှိသောကာယကံ အပြစ်ရှိသော ဝစီကံ အပြစ်ရှိသော မနောကံ အပြစ်ရှိသော အယူတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော မလိမ္မာ မိုက်မဲသော သူယုတ်သည် တူးဖြို ဖျက်ဆီး အပ်သည့် မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း ရှိ၏၊ပညာရှိတို့လည်း ကဲ့ရဲ့အပ်၏၊များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေ၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိ၍ လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့ အပ်၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အပြစ်မရှိသော ကာယကံ အပြစ်မရှိသော ဝစီကံ အပြစ်မရှိသော မနောကံ အပြစ်မရှိသော အယူတို့တည်း။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ပညာရှိ၍ လိမ္မာသော သူတော်ကောင်းသည် မတူးဖြို မဖျက်ဆီးအပ်သည့် မိမိကိုယ်ကို စောင့်ရှောက်၏၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်၊ များစွာသော ကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ခြောက်ခုမြောက် အဘိညာဝဂ် ပြီး၏။

---

## (၂၇) ၇-ကမ္မပထဝဂ် ၁-ပါဏာတိပါတီသုတ်

၂၆၄။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မိမိကိုယ်တိုင်လည်း သူ့အသက်ကို သတ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏၊ သူ့အသက်သတ်ခြင်း၌ နှစ်သက် သဘောတူ၏၊ သူ့အသက်သတ်ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏။အဘယ်လေးမျိုးတို့နည်း ဟူမူ—မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ နှစ်သက် သဘောတူ၏၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်

http://www.dhammadownload.com



ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းဘို့ ဤဘရားလေးမျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-အဒိန္နာဒါယီသုတ်

၂၆၅။ ရဟန်းတို့ တရားလေးမျိုးဘို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ ငရဲသို့ ရောက်ရ၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—မိမိကိုယ်တိုင်လည်း မပေးသည်ကို ယူ၏၊ သူတပါးကိုလည်း မပေးသည် ကို ယူခြင်း၌ ဆောက်တည်စေ၏၊ မပေးသည်ကို ယူခြင်း၌ နှစ်သက် သဘောတူ၏၊ မပေးသည်ကို ယူခြင်း၏ ကျေးဇူးကို ပြောဆို၏။ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ နှစ်သက် သဘောတူ၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤ တရားလေးမျိုးတို့နှင့်။ပ။

ဒုတိယသုတ်။

## ၃-မိစ္ဆာစာရီသုတ်

၂၆၆။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာ ကျင့်၏၊ သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ဆောက်တည်စေ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ နှစ်သက် သဘောတူ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ နှစ်သက် သဘောတူ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့်။ပ။

တတိယသုတ်။

## ၄-မုသာဝါဒီသုတ်

၂၆၇။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်သည်ကို ပြောဆို၏၊ သူတပါးကိုလည်း မဟုတ်မမှန် ပြောဆိုခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန် ပြောဆိုခြင်း၌ နှစ်သက် သဘောတူ၏၊ မဟုတ်မမှန် ပြောဆိုခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌

http://www.dhammadownload.com



နှစ်သက် သဘောတူ၏၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

စတုတ္ထသုတ်။

---

## ၅-ပိသုဏဝါစာသုတ်

၂၆၇။ မိမိကိုယ်တိုင်လည်း ကုန်းစကားကို ပြောဆို၏၊ သူတပါးကိုလည်း ကုန်းစကား ပြောဆိုခြင်း၌ ဆောက်တည်စေ၏၊ ကုန်းစကား ပြောဆိုခြင်း၌ နှစ်သက် သဘောတူ၏၊ ကုန်းစကား ပြောဆိုခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း ကုန်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကုန်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကုန်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ နှစ်သက် သဘောတူ၏၊ ကုန်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

ပဉ္စမသုတ်။

---

## ၆-ဖရုသဝါစာသုတ်

၂၆၉။ မိမိကိုယ်တိုင်လည်း ကြမ်းထမ်းသော စကားကို ပြောဆို၏၊ သူတပါးကိုလည်း ကြမ်းထမ်းသော စကားကို ဆိုခြင်း၌ ဆောက်တည်စေ၏၊ ကြမ်းထမ်းသော စကားကို ဆိုခြင်း၌ နှစ်သက် သဘောတူ၏၊ ကြမ်းထမ်းသော စကားကို ဆိုခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း ကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ နှစ်သက် သဘောတူ၏၊ ကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

ဆဋ္ဌမသုတ်။

---

## ၇-သမ္ဖပ္ပလာပသုတ်

၂၇၀။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားကို ပြောဆို၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားကို ဆိုခြင်း၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသော စကားကို ဆိုခြင်း၌ နှစ်သက် သဘောတူ၏၊ ပြိန်ဖျင်းသော စကားကို ဆိုခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသော စကားကို

http://www.dhammadownload.com



ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ နှစ်သက် သဘောတူ၏၊ ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

သတ္တမသုတ်။

## ၈-အဘိဇ္ဈာလုသုတ်

၂၇၁။ မိမိကိုယ်တိုင်လည်း မက်မောခြင်း 'အဘိဇ္ဈာ' များ၏၊ သူတပါးကိုလည်း မက်မောခြင်း 'အဘိဇ္ဈာ'၌ ဆောက်တည်စေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'၌ နှစ်သက်သဘောတူ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း မက်မောခြင်း 'အဘိဇ္ဈာ'မများ၊ သူတပါးကိုလည်း မမက်မောခြင်း 'အနဘိဇ္ဈာ'၌ ဆောက်တည်စေ၏၊ မမက်မောခြင်း'အနဘိဇ္ဈာ'၌ နှစ်သက် သဘောတူ၏၊ မမက်မောခြင်း 'အနဘိဇ္ဈာ'၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

အဋ္ဌမသုတ်။

## ၉-ဗျာပန္နစိတ္တသုတ်

၂၇၂။ မိမိကိုယ်တိုင်လည်း ပျက်စီးစေလိုသော 'ဗျာပါဒ'စိတ်ရှိ၏၊ သူတပါးကိုလည်း ပျက်စီးစေလိုခြင်း 'ဗျာပါဒ'၌ ဆောက်တည်စေ၏၊ ပျက်စီးစေလိုခြင်း'ဗျာပါဒ'၌ နှစ်သက် သဘောတူ၏၊ ပျက်စီးစေလိုခြင်း 'ဗျာပါဒ'၏ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း မပျက်စီးစေလိုသော 'အဗျာပါဒ'စိတ် ရှိ၏၊ သူတပါးကိုလည်း မပျက်စီးစေလိုသော 'အဗျာပါဒ'၌ ဆောက်တည်စေ၏၊ မပျက်စီးစေလိုသော 'အဗျာပါဒ'၌ နှစ်သက် သဘောတူ၏၊ မပျက်စီးစေလိုသော 'အဗျာပါဒ'၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

နဝမသုတ်။

## ၁၀-မိစ္ဆာဒိဋ္ဌိသုတ်

၂၇၃။ မိမိကိုယ်တိုင်လည်း မှားသော အယူရှိ၏၊ သူတပါးကိုလည်း မှားသော အယူ၌ ဆောက်တည်စေ၏၊ မှားသော အယူ၌ နှစ်သက် သဘောတူ၏၊ မှားသော အယူ၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်။ပ။

မိမိကိုယ်တိုင်လည်း မှန်သော အယူရှိ၏၊ သူတပါးကိုလည်း မှန်သော အယူ၌ ဆောက်တည်စေ၏၊ မှန်သော အယူ၌ နှစ်သက် သဘောတူ၏၊ မှန်သော အယူ၏ ကျေးဇူးကို ပြောဆို၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ဤအတူ နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရုနှစ်ခုမြောက် ကမ္မပထဝဂ် ပြီး၏။

http://www.dhammadownload.com



## (၂၈) ဂ-ရာဂပေယျာလ ၁-သတိပဋ္ဌာနသုတ်

၂၇၄။ ရဟန်းတို့ စွဲမက်ခြင်း'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားလေးမျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့ခြင်း 'သတိ'ရှိလျက် လောက၌ မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက် နေ၏။ပ။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရား ဟု ရှုလေ့ရှိသည် ဖြစ်၍ ပြင်းစွာ အားထုတ်သည် ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့ခြင်း 'သတိ'ရှိလျက် လောက၌ မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘော တရားတို့ ဟု အဖန်ဖန် ရှုလျက် နေ၏။ ရဟန်းတို့ စွဲမက်ခြင်း'ရာဂကို' ထူးသော ဉာဏ်ဖြင့် သိရန် ဤတရားလေးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သမ္မပ္ပဓာနသုတ်

၂၇၅။ ရဟန်းတို့ ရာဂကို ထူးသော ဉာဏ်ဖြင့်သိရန် တရားလေးမျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ပေါ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်ပေါ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို တင်းထား၏၊ဆောက်တည်ထား၏။ဖြစ်ကုန်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန်။ပ။ မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ တည်တံ့စေရန် မမေ့ပျောက်စေရန် လွန်စွာ ဖြစ်စေရန် ပြန့်ပြောစေရန် ပွါးများရန် ပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကိုတင်းထား၏၊ ဆောက်တည်ထား၏။ ရဟန်းတို့ ရာဂကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရား လေးမျိုးတို့ကိုပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဣဒ္ဓိပါဒသုတ်

၂၇၆။ ရဟန်းတို့ ရာဂကို ထူးသော ဉာဏ်ဖြင့် သိရန် တရားလေးမျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှု'သမာဓိ' ပြုပြင်တတ်သော အားထုတ်မှု 'ပဓာနသင်္ခါရ'နှင့် ပြည့်စုံသော ပြည့်စုံမှု အခြေခံ 'ဣဒ္ဓိပါဒ်'တို့ကို ပွါးများ၏၊ အားထုတ်ခြင်း'ဝီရိယ'လျှင် အကြီးအမှူးရှိသော တည်ကြည်ခြင်း 'သမာဓိ'။ပ။ စိတ်လျှင် အကြီးအမှူးရှိသော တည်ကြည်ခြင်း 'သမာဓိ'။ပ။ ပညာ 'ဝီမံသ'လျှင် အကြီးအမှူးရှိသော တည်ကြည်မှု 'သမာဓိ' ပြုပြင်တတ်သော အားထုတ်မှု 'ပဓာန သင်္ခါရ'နှင့်ပြည့်သော ပြည့်စုံမှုအခြေခံ 'ဣဒ္ဓိပါဒ်'တို့ကို ပွါးများ၏။ရဟန်းတို့ ရာဂကို ထူးသောဉာဏ် ဖြင့် သိရန် ဤတရားလေးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-၃၀-ပရိညာဒိသုတ်

၂၇၇-၃၀၃။ ရဟန်းတို့ ရာဂကို ပိုင်းခြား၍ သိရန်။ပ။ ထက်ဝန် ကျင် ကုန်စေရန်။ ပယ်ရန်။ ကုန်ခန်းရန်။ ပျက်စေရန်။ ကင်းပြတ်စေရန်။ ချုပ်ငြိမ်းရန်။ စွန့်ရန်။ တဖန် စွန့်ရန် တရားလေးမျိုးတို့ကို ပွါးများအပ်ကုန်၏။ပ။

တိံသတိမသုတ်။

---

## ၃၁-၅၁၀-ဒေါသအဘိညာဒိသုတ်

၃၀၄-၇၈၃။ ပြစ်မှားမှု 'ဒေါသ'ကို။ပ။ တွေဝေမှု 'မောဟ'ကို။ အမျက်ထွက်မှု 'ကောဓ'ကို။ ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'ကို။ ကျေးဇူး ချေဖျက်မှု 'မက္ခ'ကို။ ဂုဏ်ပြိုင်မှု 'ပဠာသ'ကို။ ငြူစူမှု 'ဣဿာ'ကို။ ဝန်တိုမှု'မစ္ဆရိယ'ကို။ လှည့်ပတ်မှု 'မာယာ'ကို။ စဉ်းလဲမှု 'သာဌေယျ'ကို။ ခက်ထန်မှု 'ထမ္ဘ'ကို။ ချုတ်ချယ်မှု 'သာရမ္ဘ'ကို။ ထောင်လွှားမှု 'မာန'ကို။ အလွန် ထောင်လွှားမှု'အတိမာန' ကို။ မာန်ယစ်မှု 'မဒ'ကို။ မေ့လျော့မှု 'ပမာဒကို' ထူးသော ဉာဏ်ဖြင့် သိရန် ပိုင်းခြား၍ သိရန် ထက်ဝန်းကျင်ကုန်စေရန် ပယ်ရန် ကုန်ခန်းရန် ပျက်စေရန် ကင်းပြတ်စေရန် ချုပ်ငြိမ်းစေရန် စွန့်ရန် တဖန် စွန့်ရန် ဤတရားလေးမျိုးတို့ကို ပွါးအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသုတ္တရ ပဥ္စသတိမသုတ်။

ရာဂပေယျာလ ပြီး၏။

# စတုက္ကနိပါတ် ပြီး၏။

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်

( ပဥ္စမအုပ် )


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကိရိယဝါဒနှင့် ကိရိယဝါဒ | ၇၆ |
| အကုသလကမ္မပထနှင့် ကုသလကမ္မပထ တရားများ | ၅၈၉ |
| အကုသိုလ်၏ အကြောင်းရင်းသုံးမျိုး အကျယ် | ၂၂၀ |
| အကျင့်မြတ်ကို ကျင့်သုံးခြင်း၏ မလိုလားအပ်သောအကျိုးများ | ၃၄၉၊၅၈၀ |
| အကျင့်သုံးမျိုး | ၃၁၅ |
| အကြီးအမှူးဖြစ်သော တရားသုံးမျိုး | ၁၆၄ |
| အကြီးအကဲကိုမှီ၍ ကြီးပွါးခြင်းသုံးမျိုး | ၁၆၉ |
| အကြားအမြင်နည်း၍တရားနှင့် မပြည့်စုံသူစသည် | ၃၂၈ |
| အကြောင်းလေးမျိုးကိုခွဲခြားဝေဖန်၍ ဟောပုံ | ၄၄၆ |
| အကြောင်းလေးမျိုးကို အကြောင်း လေးမျိုးတို့ဖြင့် သိနိုင်ပုံ | ၅၂၂ |
| အကြောင်းနိမိတ်ရှိမှဖြစ်သော တရားနှစ်မျိုး | ၉၅ |
| အကျိုးမဲ့ကြောင်းနှင့် အကျိုးရှိကြောင်း ဖြစ်သောစိတ် တရား | ၆၊၁၉ |
| အခါခပ်သိမ်းသဘောအားဖြင့် တည်နေသောတရားသုံးမျိုး | ၃၀၇ |
| အခါအားလျော်စွာ နှလုံးသွင်းအပ်သော အကြောင်းနိမိတ်သုံးမျိုး | ၂၁၅ |
| အခါလေးမျိုး | ၄၆၉ |
| အဂတိလိုက်စားမှုလေးမျိုး | ၃၄၂ |
| အင်္ဂါလေးပါးရှိသောလုလ | ၆၄ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အစလသဒ္ဓါရှိသူအား ညွှန်ပြအပ်သော အဘူတပရိကပ္ပေါပမာ | ၂၄၀ |
| အစိန္တေယျလေးမျိုး | ၄၀၆ |
| အဆက်အသွယ်ပြုခြင်းနှစ်မျိုး | ၁၀၇ |
| အဆင်း လှ မလှ ဆင်းရဲချမ်းသာ ဖြစ်ရပုံ အကြောင်းရင်း | ၅၃၉ |
| အဆွေခင်ပွန်းတို့အား ဆောက်တည် စေအပ်သောတရားသုံးမျိုး | ၂၄၀ |
| အဇ္ဈတ္တ သံယောဇဉ်နှင့် ဗဟိဒ္ဓ သံယောဇဉ်ရှိ ပုဂ္ဂိုလ် | ၇၇ |
| အန္တရာယ်သုံးမျိုးကိုပြုတတ်သူ | ၁၇၉ |
| အတ္တဘောရခြင်းလေးမျိုးနှင့် အသျှင်သာရိပုတြာဝေဖန်ချက် | ၄၉၁ |
| အဓိကရုဏ်းကြီးပွါးကြောင်းနှင့် ဆုတ်ယုတ်ကြောင်း | ၆၈ |
| အနာထပိဏ်သူဌေး | ၂၈၁၊၃၉၁ |
| အနုရုဒ္ဓါထေရ်အားဟောသော တရားများ | ၃၀၂၊၃၀၃၊၅၇၆ |
| အနုဿတိဆယ်ပါး | ၄၀ |
| အနက်ကုန်၍ သဒ္ဓါမကုန်နိုင်သော ပြောဟောသူ ပုဂ္ဂိုလ်လေးမျိုး | ၄၆၈ |
| အနှစ်လေးမျိုး | ၄၇၁ |
| အပဏ္ဏကအကျင့်သုံးမျိုး | ၁၂၉ |
| အပြစ်နှစ်မျိုး | ၅၉ |
| အပြစ်ရှိသူမရှိသူနှင့်အပြစ်များသူနည်းသူ | ၄၆၅ |
| အဘယလိစ္ဆဝီမင်း | ၂၃၈၊၅၃၆ |
| အဘိဣေယျစသောတရားလေးမျိုး | ၅၈၃ |

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

## [ အ ]


- အဘိဘူရဟန်း(သိခီဘုရား၏သာဝက) ၂၄၅
- အမိုက်သွားပုဂ္ဂိုလ်နှင့်အလင်းသွား ပုဂ္ဂိုလ်များ ၄၁၁
- အမြတ်တရားများ ၄၀၅
- အမြတ်ဆုံးလေးမျိုးတို့၌ ကြည်ညိုသူတို့၏ အကျိုးတရားများ ၃၅၉
- အမြတ်ဆုံးဖြစ်သော ကြီးပွါးခြင်း ၁၉
- အမှန်ကိုအမှန်ဟုပြောရာ၌ အပြစ် ရှိမရှိ (ဝဿကာရပုဏ္ဏား၏အယူနှင့် မြတ်စွာဘုရား၏ အယူ) ၅၀၇
- အရိယာဝံသတရားလေးမျိုး ၃၅၁
- အရိယာနှင့်ပုထုဇဉ်တို့၏ သမာပတ် ရောက်ပုံချင်း တူမျှသော်လည်း လားရာဂတိ ထူးခြားပုံ ၂၉၁
- အရိယာနှင့်အရိယာမဟုတ်သူတို့ ပြောဆိုခြင်း ၅၀၃
- အရိယာနှင့်အရိယာမဟုတ်သူတို့၏ ရှာမှီးခြင်းလေးမျိုး ၅၀၄
- အရောင်လေးမျိုး ၄၆၈
- အလွန်အကဲဟုပညတ်ထိုက်သူ ပုဂ္ဂိုလ်လေးမျိုး ၃၄၀
- အလွန်အလွန်ဝေးကွာသော အရာလေးမျိုး ၃၃၄
- အလှူနှစ်မျိုး ၁၀၅
- အလှူခံပုဂ္ဂိုလ်နှစ်မျိုး ၇၆
- အလှူစင်ကြယ်ကြောင်းလေးမျိုး ၄၀၆
- အသုရာခြံရံသူနှင့် နတ်ခြံရံသူ ပုဂ္ဂိုလ်လေးမျိုး ၄၁၇
- အသက်ဆံဖျားအားထုတ်အပ်သော တရားတို့၏အကျိုး ရှိ မရှိ ၂၄၃
- အသက်ထက်ဆုံးအောက်မေ့အပ်သော အရပ်များ ၁၂၃
- အသင်္ချေယျကပ်လေးမျိုး ၄၃၃


## [ အာ ]


- အာဇာနည်မြင်းဥပမာရဟန်းသုံးမျိုး ၂၆၆၊၅၈၆
- အာဇာနည်မြင်းကောင်းသုံးမျိုးနှင့် ယောကျ်ားအာဇာနည်သုံးမျိုး ၃၁၀၊၃၁၁
- အာဇာနည်မြင်းကောင်းဥပမာ ၄၄၂
- အာနန္ဒာထေရ်၏ အံ့ဩဖွယ် အစ္ဆရိယ ဂုဏ်လေးမျိုး ၄၆၁
- အာနန္ဒာအမေးနှင့်မဟာကောဋ္ဌိကအဖြေ ၄၉၅
- အာပတ်ကိုအကြောင်းပြု၍ ဖြစ်သောကေးလေးမျိုး ၅၇၈
- အာရာမဒဏ္ဍ ပုဏ္ဏားနှင့် အသျှင်မဟာ ကစ္စည်း တရားဆွေးနွေးပုံ ၇၉
- အာဝဋ္ဋနီမာယာ(တိတ္ထိတို့စွပ်စွဲချက်ကို ဖြေပုံ) ၅၂၅


## [ ဣ ]


- ဣန္ဒြေလေးမျိုး ၄၇၂
- ဣရိယာပုထ်လေးပါးတို့၌ ပျင်းရိသူနှင့် လုံ့လရှိသူ ၃၄၅


## [ ဥ ]


- ဥက္ကဋ္ဌမြို့ ၃၆၁
- ဥဂ္ဃဋိတညူစသော ပုဂ္ဂိုလ်လေးမျိုး ၄၆၄
- ဥဇ္ဇယပုဏ္ဏား ၃၆၅
- ဥဒကရသေ့ ၅၁၄
- ဥဒါယီပုဏ္ဏား ၃၆၆
- ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် ၈၇
- ဥပက(မလ္လိကာ၏သား) ၅၁၆
- ဥပဝါဏထေရ် ၄၉၆
- ဥပုသ်သုံးမျိုးအကျယ် ၂၂၄


## [ ဧ ]


- ဧတဒဂ်ရ ပုဂ္ဂိုလ်များ ၃၀၊၃၇
- ဧဋ္ဌေယျမင်းနှင့်အခြံအရံတပည့်များ ၅၁၄

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ အား ]


အားထုတ်ခြင်းလေးမျိုး ၃၃၈၊၄၀၂၊၅၃၀
အားထုတ်မှုပြုခြင်း၏အကြောင်းသုံးမျိုး ၁၇၀
အားနှစ်မျိုး ၆၆


[ အိပ် ]


အိပ်ခြင်းလေးမျိုး ၅၈၁


[အောက်]


အောက်ပိုင်းသံယောဇဉ်,ပဋိသန္ဓေ ရကြောင်း သံယောဇဉ် ဘဝရကြောင်း သံယောဇဉ်နှင့်ပုဂ္ဂိုလ်လေးမျိုး ၄၆၃


[ အိုး ]


အိုးခွက်ဆေးရေတို့ စွန့်ပစ်ရာ၌ပင် ဒါနဖြစ်ပုံ ၁၇၉
အိုးလေးမျိုးဥပမာ ၄၃၁


[က]


ကဏှတရား ၆၅
ကပိလေးမျိုး ၅၆၀
ကဿပဂေါတ္တရဟန်း၏နောင်တပူပန်မှု ၂၅၆
ကာမဂုဏ်ခံစားသူ လူပုဂ္ဂိုလ်တို့ရအပ်သော ချမ်းသာလေးမျိုး ၃၉၅
ကာယ,သတိ,မျက်စိ,ပညာ ဤလေးဖြာဖြင့် မျက်မှောက်ပြုအပ်သောတရားလေးမျိုး ၅၁၇
ကာယသက္ခိပုဂ္ဂိုလ် ၈၆
ကာယဂတာသတိ ၅၄
ကာဠကာရာမ သူကြွယ် ၃၄၀
ကာလာမ မင်းများ ၂၀၆
ကုသိုလ်အကုသိုလ်ဖြစ်ကြောင်းတရား ၄၁
ကုသိုလ် အကုသိုလ် ဖြစ်ကြောင်း ဆုတ်ယုတ်ကြောင်းတရား ၁၄
ကုသိုလ်အကုသိုလ်တို့၏ ရှေ့သွားဖြစ်သောတရား ၁၃


အက္ခရာစဉ် စာမျက်နှာ

[ က ]


ကေသမုတ္တနိဂုံး ၂၀၆
ကေသီမြင်းဆရာ ၄၃၉
ကံဖြစ်ပေါ်ကြောင်းတရားသုံးမျိုး ၁၅၁၊၂၈၄
ကံကြမ္မာမျိုးများ ၅၉
ကံလေးမျိုး ၅၆၉
ကုန်သွယ်မှုချင်းတူသော်လည်းကြီးပွါးမှု မတူခြင်းအကြောင်း လေးမျိုး ၄၀၇
ကောင်းမှု မကောင်းမှုတို့ကို တိုးပွါးစေတတ်သောတရားများ ၃၂၅
ကောင်းမှုပွါးများကြောင်းတရားသုံးမျိုး ၁၉၇
ကိုယ်သာကင်းဆိတ်၍ စိတ်မကင်းဆိတ်သော ပုဂ္ဂိုလ်စသည် ၄၆၆
ကျေးဇူးများသောပုဂ္ဂိုလ်သုံးမျိုး ၁၃၉
ကျေးဇူးတုံ့ပြုနိုင်ခဲသော ပုဂ္ဂိုလ်နှစ်မျိုး ၇၅
ကျောက်,မြေ,ရေတို့၌ရေးသားသော အက္ခရာနှင့်တူသည့် ပုဂ္ဂိုလ်သုံးမျိုး ၃၀၄
ကျွန်းကြီးလေးကျွန်း ၂၄၅
ကြီးသူအဖြစ်ကိုပြုတတ်သောတရားများ ၃၄၅
ကြီးပွါးခြင်းသုံးမျိုး ၃၀၀
ကြည်ညိုပုံလေးမျိုး ၃၉၇
ကြည်းနေသတ္တဝါ ရေနေသတ္တဝါစသည် ၄၆
ကြွက်လေးမျိုး ၄၃၅


[ ခ ]


ခိုးသူအားနှင့် ရှင်ဘုရင့်အား ၈၁
ခိုးသူကြီး၏ မှီရာသုံးမျိုး ဥပမာ ၁၇၁
ချီးမြှောက်ခြင်းနှစ်မျိုး ၁၀၇
ချစ်ခြင်း မုန်းခြင်းတို့ အချင်းချင်း အကြောင်းဖြစ်ပုံ ၅၂၂
ချမ်းသာနှစ်မျိုး ၉၃
ချမ်းသာကိုဆောင်တတ်သည့်ကောင်းမှု အထု ကုသိုလ်အယဉ်လေးမျိုး ၃၈၀
ချမ်းသာစွာအိပ်ရကြောင်းတရားသုံးမျိုး ၁၅၃

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ ခ ]

ခြင်္သေ့မင်းအသံ ဥပမာ
သံဝေဂရဖွယ်တရားများ ၃၅၇
ခြောက်လလုပ်လှည်းဘီးနှင့် ခြောက်ရက်
လုပ် လှည်းဘီးတို့ ထူးခြားချက်ဥပမာ ၁၂၇
ခွဲခြမ်းဝေဖန်ခြင်းနှစ်မျိုး ၁၀၆

[ ဂ ]

ဂိလာနပုဂ္ဂိုလ်သုံးမျိုး ၁၃၆
ဂုန္ဒာဝတော ၈၁
ဂုဏ်မဲ့သူကိုကဲ့ရဲ့၍ဂုဏ်ထိုက်သူကိုချီးမွမ်း
ဝတ်သူစသည်၌ ပေါတလိယပရိဗိုဇ်
အယူနှင့် ဘုရားအယူ ၄၂၆
ဂေါတမကစေတီ ၂၉၈

[ င ]

ငရဲသို့ကျရောက်ကြောင်း
တရားလေးမျိုး ၃၉၇၊၄၁၀
ငရဲကျစေတတ်သောတရားနှင့်နတ်ပြည်
ရောက်စေတတ်သောတရားများ ၁၂၁၊၅၆၄
ငရဲရောက်ကြောင်း အကျင့်နှစ်မျိုး ၆၉
ငရဲကျရောက်စေနိုင်သော အယုတ်
တရားများ ၂၀၉
ငါ-မသိဟုဆိုက အမှားဖြစ်မည့်
မြတ်စွာဘုရားစကားတော်များ ၃၄၈
ငြင်းခုံခြင်းအကြောင်း ၇၉

[ စ ]

စကားသုံးမျိုးနှင့် ပုဂ္ဂိုလ်သုံးမျိုး ၁၄၃
စကားဖြစ်ပေါ်ခြင်း အကြောင်းသုံးမျိုး ၁၆၈
စတုမဟာရာဇ်နတ်မင်းကြီးလေးယောက် ၁၅၉
စေတီထိုက်သော ပုဂ္ဂိုလ် ၄၀၊၅၈၂
စံထားထိုက်သောပုဂ္ဂိုလ်များ ၁၀၂၊၄၉၇
စက်လေးမျိုး ၃၅၆

အက္ခရာစဉ် စာမျက်နှာ

[ စ ]

စကြာရတနာကိုလည်စေနိုင်သော
ကျင့်ဝတ် ၁၂၆
စကြဝတေးမင်း၏ အံ့သြဖွယ်
အစ္ဆရိယဂုဏ်လေးမျိုး ၄၆၂
စင်ကြယ်ခြင်းသုံးမျိုး ၂၉၃
စင်စစ်ပြီးဆုံးခြင်းရှိသူ ပုဂ္ဂိုလ်များ ၃၁၂
စစ်သူရဲကောင်း ဥပမာ ရဟန်းသုံးမျိုး ၃၀၅
စည်ကားသော ရွာနိဂုံးတို့
ပျက်စီးကြောင်းတရားသုံးမျိုး ၁၇၈
စိတ်ကြည်လင်မှုရသူနှင့်
လွန်မြတ်သောပညာကို ရသူများ ၄၂၀
စိတ်၏ အစောင့်အရှောက်ပြုအပ်သော
တရားလေးမျိုး ၄၄၇
စိတ်ကိုသိမ်းကျုံးယူငင်၍
တည်သောအာရုံငါးမျိုး ၁
စိတ်ကိုစောင့်ရှောက်နိုင်ရန်အရေးကြီးပုံ ၂၈၁
စိတ်ညစ်ညူးကြောင်းနှင့်
စိတ်ဖြူစင်ကြောင်းတရားများ ၁၂
စိတ်ပျက်စီးမှု မပျက်စီးမှု၏အပြစ်အကျိုး ၂၈၃
စိတ်ကူးရုံမျှဖြင့်
မချမ်းမြေ့နိုင်သောအရပ် ၂၉၇
စွန့်နိုင်ခဲသော ကပ်မက်မှု ၁၀၁
စွန့်ကြဲခြင်းနှစ်မျိုး ၁၀၆

[ ဆ ]

ဆရာသုံးမျိုးတို့ပြီးဆုံးရာဂတိ တူ-မတူ
ဘုရားလျှင်အမေး ၂၉၈
ဆင်းရဲသောအကျင့်နှင့် နုန့်နှေးသော
အသိဉာဏ်စသည်လေးမျိုး ၄၇၉
ဆန္ဒပရိဗိုဇ် ၂၃၃
ဆုတ်ယုတ်ကြောင်းနှင့်
မဆုတ်ယုတ်ကြောင်းတရားလေးမျိုး ၄၇၄
ဆွမ်းအကျိုးလေးပါး ၃၈၈
ဆွေးနွေးသင့်မဆွေးနွေးသင့်သောပုဂ္ဂိုလ် ၂၁၆

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ဇ ]** | |
| ဇာဏုသောဏိပုဏ္ဏား | ၁၀၅၊၅၀၇ |
| **[ ဈ ]** | |
| ဈေးသည်၏အင်္ဂါသုံးမျိုး | ၁၃၂ |
| ဈာန်ရပုထုဇဉ် အရိယာတို့၏ လားရာဂတိ ထူးခြားပုံ | ၄၅၃ |
| **[ တ ]** | |
| တဦးတည်းသောပုဂ္ဂိုလ် | ၂၉ |
| တဏှာဖြစ်ပေါ်ကြောင်း လေးမျိုး | ၃၃၂၊၅၀၅ |
| တဏှာဝိစရိုက် ၁၀၈-ပါး | ၅၄၀ |
| တမျိုးတည်းသောအကုသိုလ်ကံသည် ပုဂ္ဂိုလ်သို့လိုက်၍ ငရဲသို့ဆောင်ပုံနှင့် မဆောင်ပုံ ဥပမာနှစ်မျိုး | ၂၆၉ |
| တမလွန်ပြောင်းသွားရသူ၏ မှီရာတရား | ၁၃၄ |
| တယောက်တည်း ကိန်းအောင်းသူဟု ဆိုထိုက်သောရဟန်း | ၃၆၄ |
| တရားတော်ဂုဏ် | ၁၇၆ |
| တရားနှစ်မျိုး | ၉၆ |
| တရား ဟောခြင်းနှစ်မျိုး | ၆၀ |
| တရားစောင့်သောမင်းနှင့် တရား မစောင့်သောမင်းများ | ၄၀၁ |
| တာဝန်နည်း၍ ရလွယ်သောပစ္စည်းများ | ၃၅၀ |
| တိကဏ္ဏကပုဏ္ဏား | ၁၁၁ |
| တောကျောင်းကို မှီဝဲထိုက်သောရဟန်း နှင့် မမှီဝဲထိုက်သော ရဟန်း | ၅၀၀ |
| တောဒေယျပုဏ္ဏား | ၅၁၄ |
| တောင့်တခြင်း ရှိ မရှိနှင့် တောင့်တ ကင်းသော ပုဂ္ဂိုလ်များ | ၁၂၄ |
| တိုင်းကြီးတဆဲ့ခြောက်တိုင်း | ၂၃၁ |
| **[ ထ ]** | |
| ထင်းကုလားတုံး ဥပမာ ပုဂ္ဂိုလ်လေးမျိုး | ၄၂၁ |
| ထောက်ပံ့ခြင်းနှစ်မျိုး | ၁၀၇ |
| **[ ထ ]** | |
| ထွေးအံဖတ်, သားစိမ်းနံ့,ယင်ကောင် ဥပမာ တရားများ | ၃၈၁ |
| **[ ဒ ]** | |
| ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ် | ၈၇ |
| ဒိဋ္ဌိသုံးမျိုး | ၁၉၂ |
| ဒေဝဒတ် | ၃၉၉ |
| ဒေါဏပုဏ္ဏား | ၃၆၀ |
| **[ ဓ ]** | |
| ဓမ္မကထိကပုဂ္ဂိုလ်လေးမျိုး | ၄၆၇ |
| ဓာတ်သုံးပါးနှင့် ကံ,ဝိညာဉ်, တဏှာ တို့၏ ဥပမာ | ၂၄၁ |
| **[ န ]** | |
| နကုလပိတာ နကုလမာတာတို့၏ အကျင့်နှင့် စိတ်နေ သဘောထား | ၃၀၆ |
| နန္ဒကထေရ် | ၂၁၁ |
| နာဠပုတ္တ၏ သန္ဒိဋ္ဌိကအကျင့်နှင့် မြတ်စွာ ဘုရား၏ သန္ဒိဋ္ဌိကအကျင့် | ၂၃၀ |
| နိဝရဏ ဖြစ်ကြောင်း တရားများ | ၃ |
| နတ်လူတို့ သိသမျှအာရုံအားလုံးကို သိ၍ တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်ပုံ | ၃၄၇ |
| နတ်မင်းကြီး လေးယောက်တို့ လောကကို လှည့်လည် စုံစမ်းပုံ | ၁၅၉ |
| နှစ်မျိုးစုံ တရားမျိုး | ၁၀၉ |
| နှိုင်းရှည့်ရန်လွယ်ကူသောပုဂ္ဂိုလ်,ခက်ခဲ သောပုဂ္ဂိုလ်နှင့် မနှိုင်းရှည့်နိုင်သော ပုဂ္ဂိုလ် | ၂၀၇ |
| နွားလေးမျိုး ဥပမာ | ၄၃၆ |
| **[ ပ ]** | |
| ပဇ္ဇုန္နိကနိဂုံး | ၃၀၀ |
| ပညာတိုးပွါးကြောင်း လေးမျိုး | ၅၈၂ |
| ပညာဝိမုတ္တပုဂ္ဂိုလ် | ၈၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပညာရှိ နှစ်မျိုး | ၉၈ |
| ပညာရှိ သုံးမျိုး | ၁၄၅ |
| ပညာရှိ သူတော်ကောင်းတို့ ပညတ် အပ်သော တရား သုံးမျိုး | ၁၆၈ |
| ပညာ့အရာဝယ် အသျှင်အာနန္ဒာအား မြတ်စွာဘုရား ချီးမွမ်းပုံ | ၂၄၃ |
| ပဏ္ဍိတ ကုမာရက လိစ္ဆဝီ | ၂၃၈ |
| ပရိနိဗ္ဗာန် စံဝင်ခါနီး မြတ်စွာဘုရား၏ ခွင့်ပြုချက် | ၄၀၅ |
| ပရိဗိုဇ်တို့၏ ကင်းဆိတ်မှုနှင့် ရဟန်းတို့၏ ကင်းဆိတ်မှု | ၂၆၀ |
| ပရိယတ်ကို သင်ယူရခြင်း၏ အကျိုး လေးမျိုး | ၅၁၉ |
| ပရိသတ်ကို ဖျက်ဆီးသူနှင့်တင့်တယ်စေသူ | ၅၆၃ |
| ပရိသတ် နှစ်မျိုး | ၈၃ |
| ပရိသတ် သုံးမျိုး | ၂၆၃၊၃၀၆ |
| ပါတိမောက် ပြခြင်းစသည်ကို ပညတ်ခြင်း အကျိုး | ၁၁၄ |
| ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးမျိုးနှင့် အရိယ ဝိဇ္ဇာ သုံးမျိုး | ၁၈၁ |
| ပုဂ္ဂိုလ် နှစ်မျိုး | ၉၀၊၉၉ |
| ပုဂ္ဂိုလ်လေးမျိုးတို့၏ အလေးပြုပုံ လေးမျိုး | ၃၆၉ |
| ပုထုဇဉ်တို့နှင့် မဆက်ဆံသော သုဒ္ဓါဝါသဘုံ | ၄၅၈ |
| ပူဇော်ခြင်း နှစ်မျိုး | ၁၀၆၊၁၀၈ |
| ပူပန်စေတတ်သော တရားနှစ်မျိုး | ၆၃ |
| ပေးလှူကျိုး မကြီးစေနိုင်သော ရဟန်းများ | ၂၉၅ |
| ပေါတလိယ ပရိဗိုဇ် | ၄၂၆ |
| ပေါင်းသင်းနေထိုင်ပုံ လေးမျိုး | ၃၈၂ |
| ပယ်ထိုက် ပွါးထိုက်သော တရား | ၇၂ |
| ပြဿနာ ဖြေဆိုခြင်းလေးမျိုး | ၃၆၉ |
| ပြာဋိဟာ သုံးမျိုး | ၁၈၉ |
| ပျက်စီးခြင်းသုံးမျိုးနှင့် ပြည့်စုံခြင်းသုံးမျိုး | ၂၈၉ |
| ပြည်သူတို့ ဆွမ်းကို အချည်းနှီး မဖြစ်စေသော ရဟန်း | ၅၀ |
| ပြည့်စုံခြင်း သုံးမျိုး | ၃၀၈ |
| ပြည့်စုံခြင်း နှစ်မျိုး | ၁၀၈ |
| ပြန့်ပြောခြင်း နှစ်မျိုး | ၁၀၉ |
| ပွါးစီးခြင်း နှစ်မျိုး | ၁၀၉ |
| [ ဖ ] | |
| ဖြစ်စေနိုင်ခဲ့သော အားထုတ်ခြင်း နှစ်မျိုး | ၆၂ |
| [ ဗ ] | |
| ဗလိဟာရဏ တောအုပ် | ၂၉၅ |
| ဗာလလက္ခဏာနှင့် ပဏ္ဍိတလက္ခဏာ | ၁၁၈ |
| ဗာလ နှင့် ပဏ္ဍိတ | ၇၃ |
| ဗိုလ်လေးမျိုး | ၄၇၂၊၅၈၈ |
| ဗြာဟ္မဏ သစ္စာလေးမျိုး | ၅၁၀ |
| [ ဘ ] | |
| ဘဒ္ဒိယလိစ္ဆဝီ | ၅၂၅ |
| ဘဏ္ဍုရွာ | ၃၂၃ |
| ဘရဏ္ဍုကာလာမ ရသေ့ | ၂၉၈ |
| ဘေးလေးမျိုး | ၄၄၉ |
| ဘေးကြီးများ | ၁၉၇ |
| ဘောဂမြို့ | ၅၀၁ |
| [ မ ] | |
| မကျန်းမာယောင်ဆောင်သော ဘိက္ခုနီမ အား အသျှင်အာနန္ဒာတရားဟောပုံ | ၄၇၅ |
| မက္ခလိဂေါသာလ၏ အယူဝါဒ အယုတ်ဆုံး ဖြစ်ပုံ | ၃၀၇ |
| မချွတ်ယွင်းသော အကျင့် | ၄၀၂ |
| မဆုတ်ယုတ်ကြောင်း တရားလေးမျိုး | ၃၆၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မတုန်လှုပ်သော ရဟန်းစသည် ရဟန်းလေးမျိုး | ၄၁၃ |
| မခုရမ္မို | ၃၀၂ |
| မန္ဒာတ်မင်း | ၃၄၀ |
| မပူပန်စေတတ်သော တရားနှစ်မျိုး | ၆၃ |
| မရောင့်ရဲနိုင်သော တရားသုံးမျိုး | ၂၈၁ |
| မလ္လိကာ မိဖုရား | ၅၃၈ |
| မဟာနာဂ သာကီဝင်မင်း | ၂၃၇ |
| မဟာကောဋ္ဌိကထေရ်အမေး အသျှင်သာရိပုတြာအဖြေ | ၄၉၄ |
| မဟာပဒေသ တရားလေးပါး | ၅၀၂ |
| မာတုဂါမတို့ အပါယ်အရောက်များရခြင်း အကြောင်းတရားများ | ၃၀၂ |
| မာတုဂါမတို့ တိုင်းတပါး မသွားရခြင်း အကြောင်းလေးမျိုး | ၄၀၉ |
| မာတုဂါမတို့ မရောင့်ရဲနိုင်သော တရားနှစ်မျိုး | ၉၁ |
| မာနသုံးမျိုးကို ပယ်နိုင်သူ | ၁၄၀ |
| မာလုကျပုတ္တထေရ် | ၅၀၅ |
| မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ | ၄၁ |
| မိဖတို့ကျေးဇူးရည် | ၁၄၇၊၃၉၆ |
| မိမိအကျိုးကျင့်သူနှင့် သူတပါးအကျိုးကျင့်သူများ | ၄၂၅ |
| မိမိတို့ ပိဋကတ်စာပေနှင့် ညီညွတ်သည်ဟု အစွဲအမြဲ မယူသင့်ပုံ | ၂၀၆ |
| မိမိသူတပါး နှစ်ပါးစုံဆင်းရဲစေတတ်သောတရား | ၁၃၁ |
| မိမိကိုယ်ကို ပူပန်စေတတ်သော အကျင့်စသည်လေးမျိုး | ၅၄၂ |
| မှုချပြုထိုက်သောတရား မှုချမပြုထိုက်သောတရား | ၇၁ |
| မေတ္တာစိတ်ကို ပွါးများခြင်း၏အကျိုး | ၁၂ |
| မောနေယျအကျင့်သုံးမျိုး | ၂၆၅ |
| [ မ ] | |
| မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သော စိတ်နှင့် မျက်မှောက်ပြုနိုင်သောစိတ် | ၉ |
| မင်းစီးဆင် ဥပမာ | ၄၄၄ |
| မည်သူမျှ တာဝန် မယူနိုင်သော တရားကြီးလေးမျိုး | ၅၀၆ |
| မာန်ယစ်ခြင်း သုံးမျိုး | ၁၆၂ |
| မိုးကြိုး ပစ်သော်လည်း မထိတ်လန့်သောပုဂ္ဂိုလ် | ၉၁ |
| မိုးလေးမျိုး ဥပမာ | ၄၃၀ |
| မျက်ကန်း ဥပမာ ပုဂ္ဂိုလ်သုံးမျိုး | ၁၄၄ |
| မျက်မှောက်ဘဝ၌ ကိလေသာငြိမ်းကြောင်း မငြိမ်းကြောင်း | ၅၀၁ |
| မြင့်မြတ်သော အရာသုံးမျိုး | ၂၁၁ |
| မြင်းငယ်သုံးမျိုးနှင့်ယောကျ်ားငယ်သုံးမျိုး | ၃၀၉ |
| မြင်းရိုင်းကို ဆုံးမနည်း လေးမျိုး ဥပမာ | ၄၄၀ |
| မြည်းဥပမာ ရဟန်းကိုစွဲသုံးမျိုး | ၂၄၇ |
| မြတ်စွာဘုရား ချီးမွမ်းအပ်သော ယင်ပူဇော်မှုများ | ၃၆၇ |
| မြတ်စွာဘုရားကို မမြတ်နိုးသူ (ဓမ္မဝိနယမှကင်းကွာသူ) ရဟန်းများ | ၃၅၀ |
| မြတ်စွာဘုရား၏ တထာဂတ အမည်ရခြင်း အကြောင်းများ | ၃၄၇ |
| မြတ်စွာဘုရား၌ သီလ သမာဓိ ပညာဝိမုတ္တိ တိုးပွါးရန် မှိုခိုအားထားထိုက်သည့် ပုဂ္ဂိုလ် မရှိပုံ | ၃၄၃ |
| မြတ်စွာဘုရား၏သီဟနာဒ စကားတော်များ | ၂၀၅ |
| မြတ်စွာဘုရားကို စွပ်စွဲသူ နှစ်မျိုး | ၇၃ |
| မြတ်စွာဘုရား၏ အံ့ဩဖွယ်အစ္ဆရိယ ဂုဏ်လေးမျိုး | ၄၅၀ |
| မှီဝဲထိုက် မမှီဝဲထိုက်နှင့် လျစ်လျူရှုထိုက်သော ပုဂ္ဂိုလ်များ | ၁၄၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မှိုဝဲထိုက်သော အဆွေခင်ပွန်း၏ အင်္ဂါများ | ၃၀၆ |
| မြွေလေးမျိုး (ခန္ဓသုတ်) | ၃၉၈ |
| မြွေလေးမျိုး ဥပမာ | ၄၃၈ |
| **[ ယ ]** | |
| ယမမင်း | ၁၅၅၊၁၅၈ |
| ယမမင်း စစ်ဆေးမျက် သေမင်းတမန် သုံးမျိုး | ၁၅၅ |
| ယုတ္တပဋိဘာန်နှင့် မုတ္တပဋိဘာန် | ၄၆၄ |
| ယူဇနာ အရာအထောင်ဝေးသော်လည်း စားနပ်ရိက္ခာဖြင့်သွား၍ ဖူးသင့်သော ပရိသတ် | ၅၁၈ |
| ယောဂလေးပါး အကျယ် | ၃၃၂ |
| ယုတ်ညံ့သော တရားရှိသူနှင့် ကောင်းမြတ်သော တရားရှိသူ | ၅၆၁ |
| ယုတ်နိမ့်မည့် ပုဂ္ဂိုလ်နှင့် မြင့်မြတ်မည့် ပုဂ္ဂိုလ် | ၄၁၃ |
| **[ ရ ]** | |
| ရတနာနှစ်မျိုး | ၁၀၉ |
| ရနိုင်ခဲသော ပုဂ္ဂိုလ် | ၁၀၁ |
| ရနိုင်ခဲသော အကျိုးလေးမျိုး အကြောင်းလေးမျိုးနှင့် လျော်ကပ်သော အမှုလေးမျိုး | ၃၉၁ |
| ရရှိပြီး စည်းစိမ်ဥစ္စာတို့ ကြာမြင့်စွာ တည်ကြောင်း မတည်ကြောင်း | ၅၈၆ |
| ရဟန်းပြုခြင်းသည် တကိုယ်ကောင်း အတွက်ဟုတ် မဟုတ်ကို မြတ်စွာဘုရား စိစစ်ဝေဖန်ပုံ | ၁၈၇ |
| ရဟန်းကိစ္စသုံးမျိုး | ၂၄၇ |
| ရာဂစသည်ဖြစ်ကြောင်း တရားများ | ၁၀၁ |
| ရာဂစသည်ကို ပယ်ကြောင်း တရားများ | ၁၁၅ |
| ရာဂ ဒေါသ မောဟတို့၏ ထူးခြားချက် | ၂၁၈ |
| ရာဂ ဒေါသ မောဟတို့ကို ပယ်ခြင်း မပယ်ခြင်း၌ အကျိုးအပြစ်နှင့် ပယ်ရန် လမ်းစဉ် | ၂၃၃ |
| ရာဟုလာအား ဟောသော ဓာတ်ကြီး လေးပါး | ၄၉၈ |
| ရာဟုအသုရိန် | ၃၄၀ |
| ရေအိုင်လေးမျိုး | ၄၃၂ |
| ရေစုန်မျော,ရေဆန်တက်,ရပ်တည်သူနှင့် ကမ်းရောက်သူများ | ၃၂၇ |
| ရေ၌ တွေ့ကြုံရမည့်ဘေးလေးမျိုးနှင့် ရဟန်းဘောင်၌ တွေ့ကြုံရမည့်ဘေး လေးမျိုး | ၄၅၁ |
| ရောဂါလေးမျိုး | ၄၇၃ |
| ရောဟိတဿနတ်သား | ၃၇၁၊၃၇၂ |
| ရောင့်ရဲစေနိုင်ခဲသော ပုဂ္ဂိုလ်နှင့် ရောင့်ရဲ စေနိုင်လွယ်သော ပုဂ္ဂိုလ် | ၁၀၁ |
| ရှာမှီးခြင်းနှစ်မျိုး | ၁၀၇ |
| ရှေးကျ၍ အရိယအနွယ်ဟု သိအပ်သော အမြတ်တရားများ | ၃၅၁ |
| ရွှေ၏အညစ်အကြေး ဥပမာ | ၂၇၃ |
| **[ လ ]** | |
| လနေတို့၏ ညစ်နွမ်းကြောင်း လေးမျိုးနှင့် သမဏဗြာဟ္မဏတို့၏ ညစ်နွမ်းကြောင်း လေးမျိုး | ၃၇၆ |
| လူတို့အားလျော်သောကျင့်ဝတ်လေးမျိုး | ၃၉၀ |
| လူပုဂ္ဂိုလ်အား ကျေးဇူးများသော တရားလေးမျိုး | ၅၈၂ |
| လူ့ဘာသာဖြင့် စကားမပြောသူ | ၉၁ |
| လူကြီးအဆင့်အတန်းနှင့် လူငယ်အဆင့် အတန်း | ၈၁ |
| လူတို့ အကျိုးမဲ့ကြောင်းနှင့် အကျိုး များကြောင်း ပုဂ္ဂိုလ် | ၁၂၂ |
| လေအောက် လေညာလှိုင်သော ရနံ့များ | ၂၄၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လောကပါလ တရားနှစ်မျိုး | ၆၅ |
| လောကဥ္စဖြစ်ပေါ်လာနိုင်ခဲ့သောပုဂ္ဂိုလ် | ၂၉ |
| လောကကို သွဲ့ဆောင်တတ်သော တရားများ | ၅၁၂ |
| လောကဥ္စ ရခဲသော ပုဂ္ဂိုလ် | ၂၉ |
| လောကဓာတ်တခုတည်း၌ စကြဝတေးမင်း နှစ်ဦး မဖြစ်နိုင်ပုံ | ၃၀ |
| လောကဓာတ်တခုတည်း၌ ဘုရားနှစ်ဆူ မပွင့်နိုင်ပုံ | ၃၀ |
| လောကဓာတ်သုံးမျိုး | ၂၄၅ |
| လင်နှင့်မယားနှစ်ဦးသားတို့ ဘဝအဆက်ဆက် မကွဲပျက်ကြောင်း တရားလေးမျိုး | ၃၀၇ |
| လှံ့လအကျိုးနှင့် ကံ၏အကျိုးကို မှီ၍ အသက်မွေးသူ လေးမျိုး | ၄၆၅ |
| လာဘ်ပူဇော်သကာ၏ အပြစ် (ငှက်ပျော, ဝါး,ကျူ, မြင်းမ ဥပမာ) | ၃၉၉ |
| လာဘ်ရခြင်းတို့၏ မုချအကြောင်း | ၄၉ |
| လယ်သမား ဥပမာ ရဟန်းကိစ္စသုံးမျိုး | ၂၄၀ |
| လယ်သမား၏ အဆောတလျင် ပြုဖွယ်သုံးမျိုး ဥပမာ | ၂၆၀ |
| လွှန်ကဲသော မြင်းသုံးမျိုးနှင့် လွှန်ကဲသော ယောကျ်ားသုံးမျိုး | ၃၁၀ |
| လျှော်မျှင်ပုဆိုးကြမ်းနှင့် ကာသိကတိုင်း ဖြစ် ပုဆိုး ဥပမာ | ၂၆၇ |
| လျို့ဝှက်စွာဆောင်ရွက်ရသော အရာနှင့် ပွင့်လင်းစွာ ဆောင်ရွက်ရသော အရာများ | ၃၀၃ |
| **[ ဝ ]** | |
| ဝစီဒုစရိုက်လေးမျိုး | ၅၆၆ |
| ဝစ္ဆဂေါတ္တပရိဗိုဇ် | ၁၇၉ |
| ဝဇီရစိန်နှင့် တူသောစိတ်ရှိသူစသည် | ၁၄၀ |
| ဝပ္ပသာကီဝင် | ၅၃၂ |
| **[ ဝ ]** | |
| ဝဿကာရပုဏ္ဏား၏ အလိုနှင့် မြတ်စွာ ဘုရားအလို ပညာရှိ ယောကျ်ား မြတ်တို့ ကွဲပြားပုံ | ၃၆၀ |
| ဝါကပ်ခြင်းနှစ်မျိုး | ၆၆ |
| ဝိပလ္လာသ တရားလေးမျိုး | ၃၇၅ |
| ဝိသာခသူကြွယ်(ပဥ္စာလပုဏ္ဏေးမ၏ သား) | ၃၇၄ |
| ဝိသာခါ | ၂၂၄ |
| ဝေနာဂပုရ ပုဏ္ဏားရွာ | ၁၉၉ |
| ဝေသာရဇ္ဇဉာဏ်လေးမျိုး | ၃၃၁ |
| **[ သ ]** | |
| သက္ကာယချုပ်ရာ နိဗ္ဗာန်၌ သက်ဝင်နိုင် မသက်ဝင်နိုင်ပုံ | ၄၉၉ |
| သက္ကာယဒိဋ္ဌိ နှစ်ဆယ် | ၅၅၂ |
| သက်ဝါနိဂုံး | ၂၅၆ |
| သခ်တ-အသခ်တလက္ခဏာသုံးမျိုး | ၁၆၉ |
| သခ်ါရသုံးမျိုးတို့ အကျိုးပေးရာ လောကသုံးမျိုး | ၁၃၀ |
| သင်္ဂဟဝတ္ထုလေးမျိုး | ၃၅၆၊၅၀၄ |
| သင်္ဂါရဝပုဏ္ဏား | ၁၀၇ |
| သစေတနမင်းကြီးအကြောင်း | ၁၂၇ |
| သတိပဋ္ဌာန်စသော တရားများ | ၅၉၃ |
| သဒ္ဓါတရားရှိသူဟု သိကြောင်း တရားသုံးမျိုး | ၁၆၇ |
| သဒ္ဓါနုသာရီပုဂ္ဂိုလ် | ၀၇ |
| သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် | ၀၆ |
| သနားခြင်းနှစ်မျိုး | ၁၀၇ |
| သမဏလေးမျိုး | ၅၇၅ |
| သမဏရှေးသွားရှိသော ဝိပဿနာနှင့် ဝိပဿနာရှေ့သွားရှိသောသမထ | ၄၀၉ |
| သမ္မပ္ပဓာန်လေးမျိုး | ၃၃၀ |
| သမာဓိပွါးများမှု၏ အကျိုးလေးမျိုး | ၃၆၇ |

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

[ သ ]


သမိဒ္ဓထေရ်, မဟာကောဋ္ဌိကထေရ်နှင့် အသျှင်သာရိပုတြာတို့၏ဆွေးနွေးပွဲ ၁၃၄
သမိဒ္ဓထေရ်နှင့် အသျှင်မဟာကောဋ္ဌိက တရားဆွေးနွေးပုံ ၁၃၆
သရဘပရိဗိုဇ် ၂၀၃
သရက်သီးလေးမျိုး ဥပမာ ၄၃၃
သသင်္ခါရပရိနိဗ္ဗာယီနှင့် အသင်္ခါရ ပရိနိဗ္ဗာယီပုဂ္ဂိုလ် ၄၇၇
သာဏ (သေခုနိယ၏မြေး) ၂၁၁
သာမုဂိယနိဂုံး ၅၃၀
သာယာဖွယ်,အပြစ်,ထွက်မြောက်ရာ တရားသုံးမျိုး ၂၇၉
သာရိပုတြာ,မောဂ္ဂလာန်ထေရ်တို့၏ အသိဉာဏ်ဖြစ်ပုံ ၄၇၆
သာရိပုတြာထေရ်နှင့် ပဋိသမ္ဘိဒါဉာဏ် ၄၉၃
သာဠှလိစ္ဆဝီ ၅၃၆
သာဠှ(မိဂါရသူဌေး၏မြေး) ၂၁၁
သာသနာတော်မှ လျောကျသူနှင့် မလျောကျသူတို့၏ တရားများ ၃၂၄
သာသနာကွယ်ကြောင်း ၂၄၊၇၂၊၈၂
သာသနာတည်ကြောင်း ၂၄
သိခါမောဂ္ဂလာနပုဏ္ဏား ၅၇၀
သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်း နှစ်ပါး ၁၁၃
သိက္ခာများစွာ မကျင့်နိုင်သော်လည်း သိက္ခာသုံးပါးကိုကျင့်က အကျိုးဖြစ်ပုံ ၂၄၉
သိက္ခာသုံးပါး အကျင့်တရားတို့၏ မင်္ဂရောက်ပုံအထူး ၂၅၀
သိဒ္ဓတ္ထမင်းသားနှင့်ပြာသာဒ်သုံးဆောင် ၁၆၂
သိပ္ပိနိကာမြစ် ၃၅၄၊၅၁၀
သီချင်းဆိုခြင်း ကခြင်း ပြင်းစွာရယ်ခြင်း တို့၏ အပြစ် ၂၈၁
သီလကိုသာ ဖြည့်ကျင့်သူ စသော ပုဂ္ဂိုလ် လေးမျိုး ၄၆၆
သီလဝိသုဒ္ဓိ တပေါဇိဂုစ္ဆဝါဒကို ပြတ်စွာ ဘုရား ရှင်းလင်းချက် ၅၃၆
သီလဝန္တပုဂ္ဂိုလ်ကိုမှီ၍ ကောင်းမှု ပွါးကြောင်းတရားသုံးမျိုး ၁၈၀
သီလဝန္တအလှူခံတို့၏ ပယ်အပ်ပြည့်စုံ စေအပ်သည့် အင်္ဂါများ ၁၈၀
သုက္ကတရား ၆၅
သုခမှာဉာဏ်လေးမျိုး ၃၄၁
သုစရိုက်ကြောင့် မရောက်နိုင်သောဘုံ ၇၉
သုသုမာရဂိရိမြို့ ၃၈၆
သုပ္ပဝါသာမင်းသမီး ၃၈၈
သူတပါးတို့အား တရားဟောရန် လျောက်ပတ်သောအမြင် ၁၆၈
သူတပါအား ကဲ့ရဲ့ ရှုတ်ချသူတိုင်း ကုသိုလ်မဖြစ်နိုင်ဟူသောဝါဒ ၅၁၆
သူတော်ကောင်းတရား ကွယ်ပျောက် ကြောင်းလေးမျိုး ၄၇၇
သူတော်ကောင်းတို့ကိုမှီ၍ ရသော အာနိသင်လေးမျိုး ၅၇၆
သူမိုက်နှစ်မျိုး ၉၈
သူမိုက်ကြောင့်ဖြစ်ပေါ်သော တရားသုံးမျိုး ၁၁၇
သူယုတ်မာနှင့် သူတော်ကောင်းတို့၏ အခြေခံသဘော ၇၅
သူယုတ်မာနှင့် သူတော်ကောင်း ၅၅၅
သူယုတ်ကို သူယုတ်ဟု သိသူနှင့် မသိသူ ၅၁၃
သူယုတ် သူတော်ကောင်းဟု သိကြောင်းတရားများ ၄၀၃
သူရဲကောင်း ဥပမာ အင်္ဂါလေးမျိုး ၅၀၅
သေက္ခ အမည်ရကြောင်း ၂၄၉
သေက္ခ အသေက္ခပုဂ္ဂိုလ်တို့၏ သီလ-သမာဓိ-ပညာ ၂၃၇
သေခြင်းသဘောရှိလျက် သေခြင်းမှ ကြောက်သူနှင့် မကြောက်သူ ၅၀၈

http://www.dhammadownload.com



| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သေတမျှမြို့ | ၃၆၁ |
| သောဏကာယန လုလင် | ၅၇၀ |
| သောတာပန်နှင့် ပုထုဇဉ်အထူး | ၃၇ |
| သောတာပန် ပုဂ္ဂိုလ်၏ ဈာနအနာဂါမိဖြစ်ပုံ | ၂၆၂ |
| သံဃာ ကွဲပြားခြင်းကို လိုလားနှစ်သက်သူ၏ အမြင်လေးမျိုး | ၅၇၇ |
| သံဃာကို တင့်တယ်စေတတ်သော ပရိသတ်လေးမျိုး | ၃၃၀ |
| သံယောဇဉ်၏ အာရုံတို့၌ သာယာမှု ငြီးငွေ့မှု | ၆၄ |
| **[ သ ]** | |
| သံဝေဂဉာဏ်ဖြစ်စေတတ်သော အရပ်လေးမျိုး | ၄၄၈ |
| သံသရာဝယ် ကြာရှည်စွာ ပြေးသွားရကြောင်းတရားများ | ၃၂၃ |
| သစ်ပင်လေးမျိုး ဥပမာ | ၄၃၇ |
| သုံးဆောင်ခြင်းနှစ်မျိုး | ၁၀၆ |
| **[ ဟ ]** | |
| ဟတ္ထကနတ်သား (ပြကတေ့ကိုယ်ဖြင့် မြေ၌ မရပ်တည်နိုင်ပုံ) | ၃၀၀ |
| ဟတ္ထက အာဠဝကမင်းသား | ၁၅၃ |

http://www.dhammadownload.com

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်